## ဒို့တာဝန်အရေးသုံးပါး

| | | | |
|---|---|---|---|
| * | ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| * | တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | – | ဒို့အရေး |
| * | အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌
တည်စေမင်း။ ။

(လောကသာရပျို့)

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်<br>မြဝတီစာပေတိုက်(၀၀၈၁၇)<br>အမှတ်(၁၅)၊ မိုးကောင်းလမ်း၊<br>၁၅ ရပ်ကွက်၊ ဘောက်ထော်၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်<br>မြဝတီပုံနှိပ်တိုက်(၀၀၆၅၆)<br>အမှတ်(၁၅)၊ မိုးကောင်းလမ်း၊<br>၁၅ ရပ်ကွက်၊ ဘောက်ထော်၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| မျက်နှာဖုံးဒီဇိုင်း | – | အောင်ကျော် |
| အတွင်းအပြင်အဆင် | – | မြဝတီစာပေတိုက်ကွန်ပျူတာအဖွဲ့ |
| စာပြင် | – | မြဝတီစာပေတိုက်စာပြင်အဖွဲ့ |
| စီစဉ်သူ | – | ဗိုလ်ကြီးဒေါ်အိဖြူခိုင် |
| ထုတ်ဝေသည့်အကြိမ် | – | **တတိယအကြိမ်**<br>**၂၀၂၁ ခုနှစ်၊ လ** |
| တန်ဖိုး | – | |
| အုပ်ရေ | – | |

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း(CIP)

၂၉၄.၃၀၉၅၄၉၆

**ကျော်အောင်**

အရေးကြီးပြီ သွေးစည်းကြစို့/ကျော်အောင် – ရန်ကုန်၊
မြဝတီစာပေတိုက်၊ ၂၀၂၀။
၅၈၆ စာ၊ ၂၃ စင်တီ။
(၁) အရေးကြီးပြီ သွေးစည်းကြစို့

# အရေးကြီးပြီ သေွးစည်းကြစို့

ကျော်အောင်

ခရီးသွားအချို့တို့ ရှိကြပါသည်။

ထိုခရီးသွားတို့သည် သူတို့လျှောက်သည့် လမ်းခရီးကို ပိုင်ပိုင်နိုင်နိုင်သိသောသူများ ဖြစ်ကြပါသည်။ မိုးကြီး မုန်တိုင်းထန်သည်ဖြစ်စေ၊ နေဆယ်စင်းမက ပူသည်ဖြစ်စေ သူတို့ အရေးမထားပါ။ လမ်းတွင်တွေ့သည့် တောကို နင်းပါသည်။ တောင်ကို ကျော်ပါသည်။ တစ်ခါ တစ်ရံ သူတို့ကိုယ်တိုင်ဆောက်သည့် တံတားကို ဖြတ်ပါသည်။

သူတို့သည်လည်း ခရီးကြမ်းကို သွားရသဖြင့် အားအင်ကုန်ခန်းပါသည်။ အနာတရ ဖြစ်ကြရပါသည်။ ယိုင်သည့်အခါ ယိုင်သည်။ မြေသို့ ဗုန်းဗုန်းလဲသည့်အခါ လဲပါသည်။ သို့သော် သူတို့၏ အပြုံးများကို နေမင်းကြီးက အသိအမှတ်ပြုပါသည်။ သူတို့၏ မျက်ရည်များကို လေနတ်သားက ခန်းခြောက်စေပါသည်။

သို့ရာတွင် ထိုခရီးသွားတို့သည် ပန်းတိုင် ဘယ်မှာရှိသည်ကို သိကြပါသည်။ ဘာကြောင့် ထိုခရီးကြမ်းကို လျှောက်ကြရသည်ကိုလည်း နားလည်ကြပါသည်။ ထိုခရီးကိုလျှောက်ရင်း သူတို့၌ အတွေ့အကြုံ ကြွယ်ဝလာပါသည်။ အမြင်ကျယ်လာပါသည်။ ဘဝအသိ တိုးလာပါသည်။

... ဤသို့ဖြင့် –

---

"ဘာပဲဖြစ်ဖြစ်ဗျာ၊ အရေးကတော့ ကြီးနေပြီ၊ ကျွန်တော်တို့ သွေးစည်းကြဖို့ပဲ"

---

**မြဝတီစာပေတိုက်**

## ကျော်အောင် (၁၉၂၇-၂၀၀၀)

ပခုက္ကူမြို့၊ ပေါင်းလောင်းရှင်ရပ် အဖ ဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့က ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် မွေးဖွားသည်။ ငယ်မည်မှာ အောင်ကြည်။ အမည်ရင်း ဦးကျော်အောင်ဖြစ်သည်။

ငါးနှစ်အရွယ်မှ ရှစ်တန်းအောင်သည်အထိ ပခုက္ကူမြို့၊ ဝက်စလီကျောင်းတွင် ပညာသင်ကြားသည်။ ရှစ်တန်းအောင်သည့်နှစ်တွင် စစ်ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်သည်။ သို့သော် နောက်ပိုင်းတွင် ဝိဇ္ဇာပညာရပ်သို့ ပြောင်းလဲသင်ကြားသည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၄၄ ခုနှစ်တွင် ဗမာ့တပ်မတော်သို့ဝင်သည်။ ပဋ္ဌမပတ် ဗိုလ်သင်တန်းတက်သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း(၁) (၁၀၃)တပ်ရင်း၌ ပါဝင်တိုက်ခိုက်ခဲ့သည်။ ပခုက္ကူခရိုင်၊ ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအမှုဆောင် (၁၉၄၇–၄၉)၊ စာပေသစ်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ–ဆိုဗီယက်ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂–၅၃)၊ တက္ကသိုလ်ဘာသာပြန်ဌာန (၁၉၅၅–၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆–၅၇)၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန(၁၉၅၇–၈၇) တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူဦးအုံးဖေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသား

စာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၂၂–၆–၉၈ မှ ၁၃–၂–၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာစတင်ရေးသည်။ ပင်ကိုရေးဝတ္ထုများတွင် **နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း၊ အနီထဲက ကြယ်ဖြူပွင့်နှင့် သမဂ္ဂအလံတော်အောက်ဝယ်**တို့သည်လည်းကောင်း၊ ဘာသာပြန်ဝတ္ထုများတွင် **ကူလီ၊ မြစ်ကမ်းပေါ်က စက်ရုံကလေး၊ အမှောင်ခေတ်က ချစ်သူများ၊ နှလုံးလှဆရာဝန်၊ ချုံကင်း၊ မာကိုပိုလို၊ အကောင်းမြင်သမား** တို့သည်လည်းကောင်း၊ ခရီးသွားမှတ်တမ်းအဖြစ် **ဓားလွတ်ကိုင် ဆာမူရိုင်း၏ ကိုကာကိုလာယဉ်ကျေးမှု** နှင့် **ဟောင်ကောင်နွေဦးညများ**သည်လည်းကောင်း၊ ကျမ်းစာအုပ်များတွင် **မာတ်စ်ဝါဒလမ်းညွှန်၊ လူ့သမိုင်း၊ ကမ္ဘာ့ဂန္ထဝင် တစ်ဆယ်**နှင့် **ကမ္ဘာကျော်စာအုပ် ၁၀၀** (ညွှန့်ကြူး၊ မင်းကျော်တို့နှင့်ပူးတွဲရေး)တို့သည်လည်းကောင်း ထင်ရှားသည်။ **တောရိုင်းမြေ** (၁၉၆၇ အမျိုးသားစာပေဆု–ဘာသာပြန်)၊ **အရေးကြီးပြီ သွေးစည်းကြစို့** (၁၉၇၁ အမျိုးသားစာပေဆု–ဝတ္ထုရှည်)၊ **အို ဂျေရုဆလင်** (၁၉၉၅ အမျိုးသားစာပေဆု–ဘာသာပြန်၊ သုတ)၊ **နေဝင်ဘုရင်များ** (၁၉၉၈ အမျိုးသားစာပေဆု–ဘာသာပြန်၊ သုတ) ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် အရှေ့တောင်အာရှ စာပေဆု (S. E. A Writers Award) ချီးမြှင့်ခံရသည်။

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ။

# အရေးကြီးရသည့်အကြောင်း

'အရေးကြီးပြီ သွေးစည်းကြစို့'ကိုရေးရန် လွန်ခဲ့သော တစ်နှစ်ခန့်က ကြော်ငြာထားခဲ့ပါသည်။ စစ်ပြီးခေတ်မှ ၁၉၅၄–၅၅ ခုနှစ်ကာလအထိ ရန်ကုန် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ၏ လှုပ်ရှားမှု အထွေထွေကို နောက်ခံ ပြုသော ဇာတ်လမ်းဟု ကြော်ငြာတွင် ဖော်ပြခဲ့ပါသည်။ ယင်းအတွက် ဧပြီလ ဆန်းစကပင် အချက်အလက်များ စုဆောင်းပါသည်။ တက္ကသိုလ် စာကြည့် တိုက်တွင်ရှိသော သတင်းစာဟောင်းများ၊ ဂျာနယ်များကို ဖတ်ပါသည်။ မှတ်ပါသည်။ တစ်ဖန် မိတ်ဆွေများ၊ ရဲဘော်များ၊ သူငယ်ချင်းများထံ သွား၍တွေ့ကာ ရေးဖြစ်ဟောင်းတို့ကို ပြန်လည်စားမြုံ့ပြန် ကြပါသည်။ မှတ်မိသမျှ စာအုပ်တွင် ရေးမှတ်ရပါသည်။

ထိုကာလကား မြန်မာပြည်၏ နိုင်ငံရေးလှုပ်ရှားမှု အပြင်းထန်ဆုံး ကာလဖြစ်ပါသည်။ လွတ်လပ်ရေးတိုက်ပွဲလှုပ်ရှားမှုများ၊ ပြည်တွင်းစစ်၊ ကရင် အရေး၊ အမှုထမ်းသပိတ်၊ ကျောင်းသားသပိတ်၊ ပါလီမန်ဒီမိုကရေစီတိုက်ပွဲ။

ထိုကာလတွင် ကျွန်တော်သည် ပွဲကြည့်ပရိသတ်မဟုတ်။ ကိုယ်တိုင် ပါဝင်ကပြခဲ့ပါသည်။ ထိုအရေးအခင်းတို့သည် တက္ကသိုလ်ကျောင်းသား သမဂ္ဂလောကသို့ လာ၍ အရောင်ရိုက်ပါသည်။ ဥပမာ– တောင်ငူကို ကရင် သိမ်းသည့်အခါ ဗဟိုထမင်းစားခန်း၌ ကျောင်းသားထုက အစည်းအဝေး ခေါ်ခိုင်းကာ ကျောင်းပိတ်ပေးစေခြင်း၊ တကသကဦးစီး၍ ကျောင်းသားတပ်

ဖွဲ့ကာ အင်းစိန်၌ ကရင်ကို တိုက်ခြင်း စသည်. . .စသည်တို့။

ရှာရင်းဖွေရင်း၊ တွေ့ရင်း မေးရင်းနှင့်ပင် အကြောင်းအရာ အချက်အလက်တို့သည် ဟိုက ထွက်လာ၊ သည်က ထွက်လာ။ ဟိုလူ တွေ့ဖို့ လိုလာ၊ သည်လူ တွေ့ဖို့လိုလာ ဖြစ်လာပါသည်။

တစ်ဖန် ရသည့်အချက်အလက်တို့ကို စာရေးသူ ဝေဖန်ပိုင်းခြားကာ ဝတ္ထုဇာတ်လမ်းတွင် ထင်ဟပ်ပြနိုင်ဖို့ ကြိုးစားရသည်။ သို့နှင့် တွေ့ရင်း မေးရင်းနှင့်ပင် ဘဝင်မကျ ဖြစ်လာသည်။ ထို့ကြောင့် စာရေးသူ လက်မှိုင်ချကာ ထိုဝတ္ထုကို ရေးရန် လောလောဆယ် အားမထုတ်တော့ပါဟု ဆုံးဖြတ်လိုက်ပါသည်။ စာရေးသူ၏ အာရုံ၌ အနီးအဝေး၊ အမှောင်အလင်းတို့သည် ကြည်လင်ပြတ်သားသလိုရှိရာမှ မှုန်ဝါးလာသလို၊ မပြတ်သားသလိုလို ထင်လာသည်။ ကြည်လင်ပြတ်သားအောင် စောင့်ရပါဦးမည်။ ထိုဝတ္ထုကိုကား ရေးဖြစ်အောင်ရေးမည်ဟု တေးထားလိုက်ပါသည်။ မရေးတော့ဟု လုံးလုံး စွန့်လွှတ်လိုက်သည် မဟုတ်ပါ။

ယခုကား အရေးကြီးပြန်ပြီ၊ သွေးစည်းကြဖို့ပင် ရှိပါတော့သည်ဟု သာ. . .။ ။

၁၈–၇–၇၀ **ကျော်အောင်**

## ပုဂံသို့ ပေးစာ

**ကိုမောင်ကိုဦး**

'ဝတ္ထုနာမည် ပြင်ချင်တယ်။ **'အရေးကြီးပြီ သွေးစည်းကြစို့'** ဆိုတာက တက္ကသိုလ်လှုပ်ရှားမှု ဓာတ်အိမ်။ အခု ကျွန်တော်ရေးတာက **စင်ရော်တံတား** တည်ဆောက်ခြင်း။ ဒါလဲ အရေးတော့ကြီးတာပါပဲ။ သွေးစည်းမှ ဖြစ်မှာပဲ။ သွေးစည်းမှလဲ တည်ဆောက်နိုင်မှာပဲ'

'ဒီတော့ **အရေးကြီးပြီ** အစား **တည်ဆောက်သူများ** လို့ ဝတ္ထုနာမည် ပြောင်းရင် မကောင်းဘူးလား။ ဒါမှမဟုတ် **စင်ရော်တံတား** ဆိုရင်ကော မကောင်းဘူးလား။ ခင်ဗျား သဘောပါပဲလေ။ ကျွန်တော့်တာဝန် ကျေပါပြီ။ ရင်ထဲလဲ ပေါ့သွားပါပြီ။ ခင်ဗျားတို့ တာဝန်ပဲ ကျန်ပါတော့တယ်'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ အရေးကတော့ ကြီးနေပြီ။ ကျွန်တော်တို့ သွေးစည်းကြဖို့' ပဲ။ ။

၁၈–၇–၇၀ **ကျော်အောင်**

အတတ်ပညာ အမျိုးမျိုးတို့ရှိသည့်အနက် အင်ဂျင်နီယာအတတ်သည်လည်း တီထွင်ဖန်တီးမှုဖြင့်ပြီးသည့် အတတ်ပညာတစ်ခု ဖြစ်လေသည်။ ထိုသဘောကို လူတို့ မေ့လျော့နေကြသည်။ သိပ္ပံပညာတစ်ခုဖြစ်သော အင်ဂျင်နီယာပညာ၌ တီထွင်ဖန်တီးမှုမရှိသယောင်ထင်နေကြသည်။ ထင်စရာပင်။ အကြောင်းမှာ အင်ဂျင်နီယာတို့ ဖန်တီးလိုက်သည့် လူသုံးပစ္စည်းများ၊ လမ်းများ၊ အဆောက်အအုံများ၊ တံတားများ စသည်တို့သည် လူတို့နှင့် နီးနီးကပ်ကပ် ရှိနေကြသောကြောင့်ပင် ဖြစ်သည်။ အင်ဂျင်နီယာတို့ ဖောက်သည့် လမ်းများပေါ်တွင် လျှောက်ကြသည်။ ကားများဖြင့် မောင်းနှင်ကာ လိုရာခရီးသို့ ချောမောစွာ ရောက်ရှိသွားကြသည်။ လမ်းတွင် မြစ်ချောင်းဆီးနေလျှင် အင်ဂျင်နီယာတို့ ဆောက်သည့် တံတားပေါ် ဖြတ်ကျော်ခြင်းဖြင့် တစ်ဖက်ကမ်းသို့ အလွယ်တကူ ရောက်သွားနိုင်သည်။ ရေချိုးချင်လျှင် ရေပိုက်ကို ဖွင့်လိုက်ရုံဖြင့် ရေတဝေါဝေါ ပန်းထွက်လာသည်။ ခန္ဓာကိုယ်မှ စွန့်ထုတ်လိုက်သည့် ကျင်ကြီး၊ ကျင်ငယ် အညစ်အကြေးတို့ကို မိလ္လာပိုက်များက သိမ်းဆည်းသွားကြသည်။ မိုင်တစ်ထောင်ခရီးတွင် ရှိနေသူနှင့် စကားပြောချင်လျှင် တယ်လီဖုန်းကို ကောက်၍ ကိုင်လိုက်ရုံဖြင့် ချက်ချင်း အဆက်အသွယ်ရနိုင်သည်။ သို့ဖြစ်ရာ ၂၀ ရာစုခေတ်သစ်တွင် ထိုထိုသော ခေတ်မီပစ္စည်းကိရိယာများ၊ လူ့အသုံးအဆောင်များသည် ခေတ်သစ်လူတို့နှင့် လက်ပွန်းတတီး ရှိနေကြပြီ။ သွေးရင်းသားရင်းပမာ ရင်းနှီးနေကြပြီ။ သို့ငြားလည်း ပေါ့ပေါ့နေ ပေါ့ပေါ့တွေးတတ်သော သူတို့အဖို့ ထိုထိုသော လူသုံးပစ္စည်း

တို့သည် သူ့အလိုအလျောက် ခွန်အား၊ ဉာဏ်အား မစိုက်ထုတ်ရဘဲ ပေါ်လာကြသည်။ မိုးပေါ်က အလိုလိုကျလာကြသည်ဟု ခပ်ပေါ့ပေါ့ပင် ထင်နေတတ်ကြသည်။

ဤသို့ကား မဟုတ်။ လူသုံးပစ္စည်းတစ်ခု ထုတ်လုပ်ရန် အင်ဂျင်နီယာတစ်ယောက်၌ စိတ်ကူးစိတ်သန်း ကြွယ်ဝရမည်။ ကြွယ်ဝသည့် စိတ်ကူးစိတ်သန်းကို ကျွမ်းကျင်သည့် အတွက်အချက်ပညာ (ဝါ) သင်္ချာ၊ တစ်ဖန်ကျယ်ပြန့်သည့် အခြေခံသိပ္ပံပညာ ဗဟုသုတတို့နှင့် ပေါင်းစပ်လိုက်သည့်အခါတွင်မှ လူသုံးပစ္စည်းကောင်းတစ်ခု ဖြစ်ပေါ်လာရသည်။ ပစ္စည်းတစ်ခုဖြစ်မြောက်ရေးအတွက် အသေးအမွှား အစိတ်အပိုင်းကလေးများကို ညီညွတ်သင့်တင့်စွာ ပေါင်းစပ်ပေးရသည်။

ဤသည်တို့မှာ အတတ်ပညာရှင်တို့၌ ရှိသင့်ရှိထိုက်သည့် အရည်အသွေးများ ဖြစ်လေသည်။

ထို့ထက်သော်ကား အတတ်ပညာရှင်ဖြစ်သည့် အင်ဂျင်နီယာတစ်ယောက်အဖို့ ရဲရဲဝံ့ဝံ့ အဆုံးအဖြတ်ပေးနိုင်သည့် သတ္တိ၊ ပြတ်ပြတ်သားသားတိတိကျကျ အဆုံးအဖြတ်ပေးနိုင်သည့် အရည်အချင်း၊ အချုပ်အားဖြင့်လူ့သဘောကို နားလည်နိုင်သည့် သတ္တိထူးတို့ရှိရန် အမှန်ပင် လိုအပ်လေသည်။ အကြောင်းမှာ အင်ဂျင်နီယာသည် လူသုံးပစ္စည်းတို့ကို တည်ဆောက်ထုတ်လုပ်ရာ၌ သူတစ်ယောက်တည်း မတည်ဆောက်နိုင်၊ သူတစ်ယောက်တည်း မထုတ်လုပ်နိုင်။ လူအများ ပေါင်းရုံးသွေးစည်းကာ ထုတ်လုပ်တည်ဆောက်ရသောကြောင့် ဖြစ်သတည်း။ ။

# ၁

# တောင်တွေ့ လမ်းဖောက်၊ ချောင်းတွေ့ တံတားဆောက်

ဇင်ယော် (စင်ရော်) ချောင်းတံတား ဆောက်လုပ်ရေးအတွက် တာဝန်ပေးရန် အင်ဂျင်နီယာ ရှာနေကြသည်။ တံတားဆောက်ဖူးသူ၊ အတွေ့အကြုံရှိသူကို ရှာသည်။ တာဝန်ရှိသူတို့ ခေါင်းကိုက်သည်။ လူ မတွေ့နိုင်။ ရှည်ရှည်ဝေးဝေး စဉ်းစားလေလေ ဦးနှောက်ခြောက်လေလေ ဖြစ်နေသည်။

စိမ့်မြိုင်မြို့မှသည် ရေပြာမြို့အထိ မော်တော်ကားလမ်း ရှိသည်။ သို့သော်လည်း လမ်းကောင်းမဟုတ်။ ဆယ့်နှစ်ရာသီ မသွားနိုင်။ ကျောက်လမ်း၊ မြေနီလမ်းသာ ဖြစ်သည်။ စိမ့်မြိုင်မှ ရေပြာအထိ မိုင် ၃၅၀ ခန့် ရှိသည်။ စိမ့်မြိုင်နှင့် ရေပြာအကြားတွင် စခန်းသစ်၊ စင်ရော်၊ သောင်ဦးတို့ ရှိသည်။ စိမ့်မြိုင်မှ စခန်းသစ် မိုင် ၄၀၊ စခန်းသစ်မှ စင်ရော် ၅၇ မိုင်၊ စင်ရော်မှ သောင်ဦး မိုင် ၁၀၀၊ သောင်ဦးမှ ရေပြာ ၁၅၅ မိုင်၊ ပေါင်း ၃၅၂ မိုင်။

ရေပြာ၊ သောင်ဦး နှစ်မြို့စလုံးသည် ပင်လယ်ကူး သင်္ဘောဆိုက်သည့် ဆိပ်ကမ်းမြို့များ ဖြစ်သည်။ စင်ရော်ကား သင်္ဘောဆိပ်ကမ်းမြို့မဟုတ်။ သို့သော် စက်လှေ အဝင်အထွက်ရှိသည်။ စင်ရော်မြို့သည် ငါးလုပ်ငန်း အကြီးအကျယ်လုပ်ရာ ဒေသတစ်ခု ဖြစ်သည်။ စင်ရော်ပင်လယ်ပြင်တွင် အစိုးရ ငါးလုပ်ငန်းများ၊ ပုဂ္ဂလိက ငါးလုပ်ငန်းများ အများအပြားရှိသည်။ ထို့အတူ ရေပြာနှင့် သောင်ဦးဒေသ ပတ်ဝန်းကျင်သည်လည်း ငါးလုပ်ငန်းနှင့် ကြီးပွား

နေကြသည်။ ရေပြာတွင်ကား သတ္တုတွင်းများ ရှိသေးသည်။ ရေပြာ၊ သောင်ဦး တို့မှ ထွက်ကုန်များသည် ရန်ကုန်မြို့တော်သို့ ပင်လယ်ခရီးဖြင့် ပို့ကြရသည်။ အများအစား မပို့နိုင်။ အားကိုးနိုင်သည်မှာ ရေလမ်းတစ်ခုသာ ရှိသည်။ ပင်လယ်ကူးသင်္ဘောကလည်း နည်းပါးသေးရာ ထွက်သမျှကုန်များကို ရန်ကုန်သို့ အကုန်ရောက်အောင် မပို့နိုင်။ သားငါးများမှာ လေလွင့်ပျက်စီးရသည်။ သားငါး၊ အသီးအနှံတို့ကို ရန်ကုန်သို့ လတ်လတ်ဆတ်ဆတ် ပို့နိုင်မည်ဆိုလျှင် ထိုဒေသရှိ လုပ်သားပြည်သူတို့လည်း စည်ပင်ဖွံ့ဖြိုးမည်။ ရန်ကုန်တွင်လည်း ဈေးနှုန်း သက်သက်သာသာနှင့် စားသုံးကြရမည်။

ရေပြာ၊ သောင်ဦး၊ စင်ရော်တို့မှ ငါးများကို ရေခဲသင်္ဘောနှင့် ရန်ကုန် သို့ ပို့နိုင်မည်ဆိုလျှင် . . . ။

တစ်နေ့တွင်ကား ဤအခြေအနေသို့ မုချရောက်ရမည် ဖြစ်သည်။ ယခု နေတွင်မူ စိတ်ကူးမျှသာ။

အရေးကြီးသည်မှာ လမ်းပန်းဆက်သွယ်ရေးပင် ဖြစ်သည်။

စိမ့်မြိုင်၊ စင်ရော်၊ သောင်ဦး၊ ရေပြာတို့သည် စင်ရော် ပင်လယ် ကမ်းမြောင်ဒေသတွင် တည်ရှိကြသည့်မြို့များ ဖြစ်သည်။ စိမ့်မြိုင်နှင့် ရန်ကုန် ကား အဆက်အသွယ် ကောင်းသည်။ မီးရထားလမ်း၊ ကားလမ်း၊ ရေလမ်း၊ အားလုံးလိုလို အဆက်အသွယ် ကောင်းသည်။

စင်ရော် ကမ်းမြောင်ဒေသသည် စင်ရော်တောင်တန်းကို အမှီပြု၍ ပထဝီဝင်ဆရာတို့ ခေါ်ဝေါ် သတ်မှတ်ကြသည့်နာမည် ဖြစ်သည်။ စင်ရော် ကမ်းမြောင်ဒေသတစ်လျှောက်လုံး၏ အရှေ့ဘက်တွင် စင်ရော်တောင်တန်း ကြီးသည် စိမ့်မြိုင်မှသည် အစွန်ဆုံးဂူထွတ်မြို့အထိ ကာဆီးအုပ်မိုးလျက်ရှိသည်။ စင်ရော်တောင်တန်းကိုကျော်၍ အရှေ့ဘက်သို့ ကူးလိုက်လျှင်ကား နယ်ခြားဒေသသို့ ရောက်သွားသည်။ နယ်ခြားကို တစ်ညအိပ်နှင့် ရောက်နိုင် သည်။

စင်ရော်တောင်တန်းသည် ဆင်ဖြူများပေါများရာ အောင်နိုင်ပြည်နှင့်

စေတီပုထိုးပေါများရာ မြန်မာပြည်တို့ကို ခြားထားသည့် သဘာဝ အပိုင်း အခြားတစ်ခု ဖြစ်သည်။ အောင်နိုင်ပြည်နှင့် မြန်မာပြည်ကား ယခုအခါ မိတ်ဆွေနိုင်ငံများ ဖြစ်ကြသည်။ ရှေးကမူ မြန်မာမင်းတို့သည် အောင်နိုင်ပြည် ကို သွားရောက်တိုက်ခိုက်ခဲ့ကြသည်။ အောင်နိုင်ပြည်၏မြို့တော် အောင်ဇေ ပူရမြို့အထိ မြန်မာစစ်သည်တို့ ရောက်ခဲ့သည်မှာ အကြိမ်ကြိမ်။ အောင်ဇေ ပူရမြို့ကို တစ်နှစ်ကိုးသီတင်း ဝိုင်းရံထားကာ အောင်နိုင်မင်းကို အညံ့ခံစေ သည်။ အောင်နိုင်မင်းက ဆင်ဖြူတော်၊ သမီးကညာနှင့် လက်ဆောင်ပဏ္ဏာတို့ နှစ်စဉ်နှစ်တိုင်း ဆက်သည်။ အောင်နိုင်စစ် မြန်မာပြည်သို့ တစ်ကြိမ်မျှ မရောက်။ နယ်စား ပယ်စားတို့ ထောင်ထားခြားနားသည်တို့လောက်သာ ရှိသည်။ သို့ဖြစ်ရာ အမြော်အမြင်ကြီးသော မြန်မာမင်းတို့သည် စင်ရော် တောင်တန်းတစ်လျှောက် အရံအတားမြို့များကို တည်ဆောက်သည်။ ရပ်ရွာ ကို စုစည်းသည်။ မြို့စောင့်တပ်များ ဖွဲ့သည်။ မြို့ရိုးများ၊ ကျုံးတံတားများ ဆောက်သည်။ ဤသည်တို့အနက် ရေပြာ၊ သောင်ဦး၊ စင်ရော်မြို့တို့သည် ရှေးမင်းများ တည်ထားခဲ့သော ရှေးမြို့ဟောင်းများ ဖြစ်ကြလေသည်။

ယခုမူ အောင်နိုင် ပင်လယ်ဓားပြတို့သည် စင်ရော်ပင်လယ်ပြင်၊ သောင်ဦးပင်လယ်ပြင်၊ ရေပြာပင်လယ်ပြင်တို့အထိ လာရောက်သောင်းကျန်း ကြသည်။ ငါးခိုးကြသည်။ မြန်မာစက်လှေများကို လုယူ တိုက်ခိုက်ကြ သည်။ စင်ရော်ပင်လယ်ပြင်မှ ငါးတို့သည် ရန်ကုန်သို့ မရောက်။ အောင်နိုင် ပြည်ဘက်သို့သာ ရောက်ကြသည်။ အောင်နိုင်သားတို့ အလွန်ကြိုက်သည့် ပလာတူးငါးသည် စင်ရော်ပင်လယ်ပြင်တွင် အလျှံပယ် ပေါလှသည်။ စင်ရော် ကမ်းမြောင်ဒေသရှိ ငါးလုပ်ငန်းသမားတို့သည် အောင်နိုင်သားများ လို ခေတ်မီပစ္စည်းကိရိယာ မစုံလင်။ သို့ဖြစ်ရာ ပင်လယ်ငါးဖမ်းလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် မလုပ်နိုင်။ တွင်တွင်ကျယ်ကျယ် လုပ်နိုင်ပြန်လျှင်လည်း လမ်းပန်း အဆက်အသွယ်ကြောင့် ရသမျှငါးတို့ကို ရန်ကုန်သို့ မပို့နိုင်။ ရှိသမျှ ပစ္စည်းကိရိယာတို့နှင့် ဖမ်း၍ရသည့်ငါးကိုပင် ရန်ကုန်သို့ မပို့နိုင်။ အရေးကြီးသည်မှာ လမ်းပန်းဆက်သွယ်ရေးပင် ဖြစ်သည်။ ကုန်းလမ်း၊

ရေလမ်း၊ လေလမ်းတို့ ဖွံ့ဖြိုးရန် လိုသည်။ ရန်ကုန်သို့ ဒေသထွက်ပစ္စည်းများ လှိုင်လှိုင်ရောက်လျှင် ကုန်ဈေးနှုန်း ကျလာမည်။ စားသုံးသူတို့ သက်သာမည်။

မိုးဦးကျလာပြီဆိုလျှင် စင်ရော်ကမ်းရိုးတန်းဒေသတွင် အသီးအနှံတို့ လှိုင်လှိုင်ပေါလာသည်။ ကွမ်းသီး၊ အုန်းသီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ နာနတ်သီး စသည်တို့သည် စင်ရော်ဒေသ၏ ထွက်ကုန်များ ဖြစ်ကြသည်။ စင်ရော်တွင် ဒူးရင်းသီး ကောင်းကောင်းတစ်လုံး တစ်ကျပ်ပေးရလျှင် ရန်ကုန်တွင် သုံးကျပ်ခွဲ၊ လေးကျပ် ပေးရသည်။ လမ်းပန်း အဆက်အသွယ်ကောင်း၍ ရန်ကုန်သို့ ဒူးရင်းသီး လှိုင်လှိုင်ရောက်မည်ဆိုလျှင် ဈေးကျသွားစရာ အကြောင်းရှိသည်။

"ဒူးရင်းသီး လှိုင်လှိုင်စားရတော့မယ်ပေါ့၊ နေစမ်းပါအုံး၊ ဒူးရင်းသီး မစားရတော့ ကျွန်တော်တို့ ဘာဖြစ်သွားမှာလဲ၊ မင်းကွတ်သီး မစားရတော့ ဘာဖြစ်သွားမှာလဲ" အစည်းအဝေးတွင် တစ်ယောက်က မေးသည်။

ဘယ်သူမျှ မဖြေကြ။

"ဒီလမ်း ဖောက်ဖို့၊ ဒီတံတား ဆောက်ဖို့ တခြား ခိုင်လုံတဲ့အကြောင်းတွေ ပြောစမ်းပါအုံး" နောက်တစ်ယောက်က မေးသည်။

"ရေပြာက ခဲတွေကို များများသယ်နိုင်မယ်ဗျာ" တစ်ယောက်က ဖြေသည်။ သူက ဆက်တိုက်ပင် "အခု ရေပြာ သတ္တုတွင်းဘက်က ခဲတွေ၊ သောင်ဦး သတ္တုတွင်းဘက်က ခဲတွေကို အောင်နိုင်ဘက် ခိုးထုတ်ကြတယ်၊ အောင်နိုင်ဘက်မှာ ခဲ တစ်အိတ်ကို မြန်မာငွေ တစ်ထောင်လောက် ရတယ်၊ အပြန်ကျတော့ နိုင်ငံခြားပစ္စည်းတွေ ခိုးသွင်းလာတယ်၊ အသွားမှာလဲ မြတ်တယ်၊ အပြန်မှာလဲ မြတ်တယ်"

"ဒီလိုဆိုရင် ဒီမှာ ဘာလို့ ရောင်းမလဲဗျ၊ ခဲတွေကို အောင်နိုင်ဘက် ချည်း သွားရောင်းနေမှာပေါ့၊ အဲ . . . အပြန်မှာ တက်ထရွန်တို့၊ လှိုင်းကြီးတို့၊ သမုဒ္ဒရာလှိုင်းတို့ ပြန်ပါလာတော့ ကျွန်တော်တို့တစ်တွေ ကောင်းကောင်း ဝတ်ရတာပေါ့၊ ဟဲ . . .ဟဲ . . .ဟဲ"

အားလုံးက ထိုသူ့ဘက်သို့ လှည့်၍ကြည့်ကြသည်။ အတည်ပြော

နေသည့် စကားလား၊ အထေ့အငေါ့ စကားလား၊ အပြောင်အပြက် စကားလား၊ ဟဲ . . .ဟဲ . . .ဟဲ ရယ်သံမှာ ခြောက်ကပ်ကပ် ရှိလှသည်။ သို့သော်လည်း ထိုစကားပြောသူ၏မျက်နှာမှာ ပြုံးဖြီးဖြီးဖြစ်နေသည့်အခါ အားလုံးက ဝိုင်း၍ ရယ်ကြလေသည်။

"စင်ရော် ကမ်းရိုးတန်းဒေသဘက်က အများပြည်သူသုံးတဲ့ ထွက်ကုန်များများစားစား ဘယ်လောက်ရှိလို့လဲ၊ ဘာတွေရှိလို့လဲ၊ ဆန်ဆိုရင် သူတို့ကို အားကိုးရတာ မဟုတ်ဘူး၊ တစ်ခါတလေ ပြည်မကတောင် ပို့နေရသေးတယ်၊ အခု ဘယ်ကဆန်တွေ ပို့နေသလဲ၊ သူတို့ဘာသာသူတို့ လုံလောက်သလားဆိုတာတော့ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ဆန်အတွက် သူတို့ဒေသကို အားမကိုးရတာတော့ အမှန်ပဲ"

"ငါးပိလေဗျာ"

"ဟုတ်တယ်၊ ငါးပိကို အားကိုးနိုင်တယ်၊ ငါးပိ၊ ငါးခြောက်ပေါ့၊ ဒါပေမဲ့ အခု များများစားစား ထွက်သေးသလား၊ များများစားစား လုပ်နိုင်ကြသေးသလား၊ လုပ်ကြသေးသလား၊ ဒါတွေ စုံစမ်းကြည့်ဖို့ ကောင်းတယ်"

"များများစားစား ထွက်သလား၊ မထွက်ဘူးလားတော့ မသိဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ကုန်ပို့နေတဲ့စက်လှေတွေ အဲဒီ စင်ရော်ဘက်က ပြန်လာတဲ့အခါ အခွံချည်း ပြန်လာကြတာတော့ ကျွန်တော် တွေ့နေရတာပဲ၊ စက်လှေအခွံချည်း ပြန်ရတော့ စက်လှေသမားတွေ ညည်းကြတယ်၊ အထူးသဖြင့် မိုးရာသီမှာ ပိုဆိုးတာပေါ့ဗျာ၊ အနည်းဆုံး ကျောက်တုံးတွေ တင်ပြန်ရရင် တော်သေးတယ်၊ ဒါမှ စက်လှေ မလူးမှာကိုးဗျ"

"စိမ့်မြိုင်ဘက်က လယ်သမားတွေလို နေမှာပေါ့ဗျာ၊ စိမ့်မြိုင်ဘက်မှာ အခု လယ်လုပ်မဲ့သူ မရှိတော့ဘူး၊ အောင်နိုင်ဘက် တစ်ခေါက်မှောင်ခိုပစ္စည်း သယ်ပေးရင် တစ်ရာလဲ ဟုတ်တယ်၊ သုံးရာလဲ ဟုတ်တယ်၊ တစ်နှစ်လုံး လယ်လုပ်လို့မှ လယ်သမားတစ်ယောက်အဖို့ ငွေသုံးရာ မပိုတာ၊ အခု တစ်ပတ်လောက်အတွင်း သုံးရာရတယ်ဆိုတော့ ဘယ်သူ လယ်လုပ်ကြတော့မလဲဗျ၊ အကုန်လုံး မှောင်ခိုပစ္စည်း အထမ်းလိုက်နေကြတာပေါ့၊ အခုလဲ

စင်ရော်ဒေသတစ်လျှောက်က လယ်သမားတွေ၊ ခြံသမားတွေ အလုပ်သမားတွေ၊ ငါးထမ်းသမားတွေအကုန်လုံး မှောင်ခိုပစ္စည်း အထမ်းလိုက်နေကြတော့ ဘယ်မှာ ငါးပိထွက်မလဲဗျ၊ ဘယ်မှာ ခဲထွက်မလဲဗျ"

မည်သို့ပင်ဖြစ်စေ စင်ရော်ဒေသတစ်လျှောက်တွင် မဖွံ့ဖြိုးသည်က အမှန်ဖြစ်သည်။ ခရီးလမ်းပန်းအဆက်အသွယ်ကြောင့် မဖွံ့ဖြိုးသည်မှာလည်း အကြောင်းတစ်ခု ဖြစ်သည်။ မိုးရာသီရောက်ပြီဆိုလျှင် စင်ရော်ပင်လယ်ပြင်ကြီးသည် လှိုင်းခေါင်းဖြူကြီးများ ကြွတက်လာကာ စက်လှေများ၊ သင်္ဘောများ၊ ငါးဖမ်းလှေများကို ခြောက်လှန့်ကြသည်။ ဒီလိုရာသီဥတုဆိုးရွားသည့် အန္တရာယ်ကိုရင်ဆိုင်ကာ ကူးသန်းသွားလာသူတို့ နည်းပါးလာသည်။ ရေလမ်းတစ်ခုတည်းသာ အားကိုးနေရသည့်အခါ ထွက်သမျှ ငါးပိ၊ ငါးခြောက်၊ သစ်သီးသစ်နှံတို့သည် နေပြည်တော်သို့ မရောက်။ အလဟဿ ဖြစ်ကုန်ကြရသည်။ ယခုကား စင်ရော်ဒေသသို့ ပြည်မနှင့်ဆက်သွယ်သည့် တစ်ခုတည်းသောလမ်းမှာ ရေလမ်းသာဖြစ်သည်။

စင်ရော်ဒေသ၏ ထွက်ပေါက်မှာ စိမ့်မြိုင်မြို့ဖြစ်သည်။ စိမ့်မြိုင်သည် စိမ့်မြစ်ဝ၌ တည်ရှိသည်။ ရန်ကုန်မှ စိမ့်မြိုင်သို့ ဥဒဟို ကူးသန်းသွားလာနိုင်သည်။ မီးရထားသည် စိမ့်မြိုင်တစ်ဖက်ကမ်း သိမ်တော်မြို့၌ ဆုံးသည်။ ရန်ကုန်–စိမ့်မြိုင် ကားလမ်းအဆုံးသည်လည်း သိမ်တော်မြို့ပင် ဖြစ်သည်။ သိမ်တော်မှ စိမ့်မြိုင်သို့ ကူးတို့ ဖြတ်ကူးထားသည်။ မော်တော်ကားများကိုမူ ဖောင်ပေါ်တင်ကာ ကူးနိုင်သည်။

စိမ့်မြိုင်မှစင်ရော် ကမ်းရိုးတန်းတစ်လျှောက်ခရီးမှာ ယခုအခါ အများအားဖြင့် စက်လှေကိုသာ အားကိုးကြရသည်။ စက်လှေကလည်း ရာသီမရွေးသွားနိုင်သည် မဟုတ်။ စိမ့်မြိုင်မှ စင်ရော်မြို့အထိ မီးရထားလမ်းရှိသည်။ စင်ရော်မြို့တွင် မြန်မာပြည်မီးရထားလမ်း ဆုံးလေသည်။ ကြားတွင် စခန်းသစ်မြို့ရှိသည်။ စိမ့်မြိုင်မှ စခန်းသစ်အထိ မော်တော်ကားလမ်းသည် မိုင် ၄၀ ဝေးသည်။ ကတ္တရာလမ်းဖြစ်၍ ခရီးတွင်သည်။ သို့သော် ယခုအခါ ဓားပြရန်စိုးရိမ်ရသည်။ တစ်လတွင် သုံးလေးခါလောက် ဓားပြတိုက်သည်။ စခန်းသစ်မှ

လွန်လျှင်ကား မြေနီလမ်းဖုန်ဖုန်သည် စင်ရော်မြို့ဆီသို့ ပြေးနေသည်။ စင်ရော်မှ သောင်ဦးအထိ မိုင် ၁၀၀ ရှိသည်။ ထိုလမ်း၏ တစ်ဝက်သည်လည်း မြေလမ်းသာဖြစ်သည်။ သောင်ဦးနှင့်ရေပြာမှာ ၁၅၅ မိုင်ဝေးသည်။ ထိုလမ်းသည်လည်း မြေနီလမ်းပင် ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားတို့သည် စိမ့်မြိုင်မှထွက်လျှင် များသောအားဖြင့် မီးရထားကိုသာ အားကိုးနေကြရသည်။ မီးရထားကလည်း မိုင် ၁၀၀ ခရီးကို တစ်နေကုန် ခုတ်မောင်းသည်။ ဘယ်မှာလျှင် ခရီးတွင်နိုင်ပါအံ့နည်း။ တစ်ဖန် ထိုဒေသသည် ရေရှားသောဒေသဖြစ်သည်။ မီးရထားစက်ခေါင်းအတွက်ပင် နွေအခါ၌ ရေလုံလောက်အောင် မရှိ။ ထိုအခါမျိုးတွင် ရထားကိုရပ်၍ ရွာထဲမှ ရေအိုးကိုယ်စီရွက်ကာ စက်ခေါင်း ရေဖြည့်ပေးရသည်။

"အဲဒီ စိမ့်မြိုင်–စင်ရော် ရထားကို 'န' သုံးလုံး ရထားလို့ ခေါ်ကြသဗျ"

"ဆိုစမ်းပါအုံး"

"နေပူတယ်ဗျာ၊ နားငြီးတယ်ဗျာ၊ နံတယ်ဗျာ၊ နားငြီးတာက အဲဒီလမ်းတစ်လျှောက် ခရီးသွားတွေဟာ များသောအားဖြင့် ဗမာတွေ မဟုတ်ဘူး၊ သူတို့ဒေသက ဘာသာစကားကို ကလောက် . . .ကလောက်နဲ့ ပြောကြတာ နားငြီးတာပဲ၊ နောက် နံတာကတော့ အဲဒီ ရထားမှာ ငါးခြောက် မစို့တစို့ရော၊ ငါးပိရော အားလုံးတင်တာပဲ၊ သူတို့ကလဲ ရေရှားတော့ ရေမချိုးကြဘူးထင်ပါရဲ့၊ နွေဆိုရင် သိပ်ပူတာပဲ၊ ဒါပေမဲ့ ဒီရထားကိုပဲ စီးကြရတာပဲ၊ ရွေးစရာ တခြားလမ်းမရှိဘူး၊ မီးရထားကိုမှမစီးရင် စိမ့်မြိုင်နဲ့ စင်ရော်ကို မော်တော်ကားနဲ့ သွားရလိမ့်မယ်၊ စခန်းသစ်ဆိုတာ စိမ့်မြိုင်နဲ့ မိုင် ၄၀ ပဲ ဝေးတယ်၊ စိမ့်မြိုင်မှာ စစ်တပ်လဲ ရှိတယ်၊ ရဲမင်းကြီးတွေလဲ ရုံးစိုက်တယ်၊ ဒါပေမဲ့ စိမ့်မြိုင်နဲ့ စခန်းသစ်ကြားတောင် စိတ်မချရသေးဘူး၊ စခန်းသစ်ကနေ စင်ရော်ဆိုတာတော့ ဝေးရော၊ ဓားပြတွေ့နိုင်မယ်၊ သောင်းကျန်းသူ တွေ့နိုင်မယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ အဆင်သင့်သလို သွားကြရတာပဲ၊ ခုနေတော့ ကားလမ်းကမကောင်းတော့ မီးရထားမှာ ပြွတ်သိပ်နေတယ်၊ ငါးပိသိပ်၊ ငါးချဉ်သိပ်ပဲ၊ ကားလမ်းကောင်းသွားမယ်ဆိုရင် မီးရထားနဲ့ကား မျှပြီးစီးကြတော့

ချောင်ချောင်ချိချိ ရှိမယ်”

“လမ်းတွေကောင်းလာတော့ ဘယ်က မော်တော်ကားတွေ ပြေးမှာလဲဗျ၊ ပြေးစရာကားတွေ ဘယ်မှာရှိလို့လဲ”

“အို . . .ဒါက ကျွန်တော်တို့ အလုပ်မဟုတ်ပါဘူး၊ ဒီလိုပဲ ရန်ကုန်မြို့ထဲမှာ ဖွတ်ချက် ဖွတ်ချက်နဲ့ ပြေးနေတဲ့ကားတွေ အများကြီးပါ၊ ခင်ဗျားနယ်တွေမှာ သွားကြည့် ၊ ခရီးသည်တင်တဲ့ ဘတ်စကားတွေ မှန်သမျှ ဘိုးတော်ကြီး နန်းတက်စက ကားတွေချည်းပဲ၊ ကျွန်တော်တို့တိုင်းပြည်မပြောနဲ့၊ အင်မတန်ဖွံ့ဖြိုးလို့ ထိပ်တန်းကပြေးနေတဲ့ အမေရိကန်ပြည်နဲ့ ဘာမှမဝေးတဲ့ တောင်အမေရိကတိုက်မှာ ဘိုးတော်ကြီး နန်းတက်စက ကားတွေ တစ်ပုံကြီးပဲ၊ တစ်ခါက မဂ္ဂဇင်းတစ်ခုမှာ တွေ့လိုက်တယ်၊ ဒီတော့ ကျွန်တော်တို့အလုပ်က လမ်းဖောက်ဖို့၊ တံတားဆောက်ဖို့ပဲ၊ အဲဒီလမ်းပေါ်မာစီးဒီးကားပဲ ပြေးပြေး၊ ဖွတ်ချက် ကားကြီးတွေပဲ ပြေးပြေး၊ မြင်းလှည်းပဲ မောင်းမောင်း၊ ဆိုက်ကားပဲ နင်းနင်းပေါ့”

“ဟုတ်ပါပြီ . . . ဟုတ်ပါပြီ”

“ပြီးတော့ စိမ့်မြိုင်ဆိုတာက စင်ရော်တိုင်းရဲ့ မြို့တော်၊ စင်ရော်ဒေသတစ်ခုလုံး စိမ့်မြိုင်နဲ့ ဆက်သွယ်ရတယ်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အားလုံးပဲ စိမ့်မြိုင်နဲ့ ဆက်သွယ်ကြရတယ်၊ ဒီတော့ စိမ့်မြိုင်–ရေပြာ လမ်းမကြီးဟာ ဖြူးနေရင် မကောင်းဘူးလား၊ စင်ရော် လမ်းမကြီးဟာ ဖြူးနေရင် မကောင်းဘူးလား၊ အခုတော့ ရှိတဲ့လမ်းမှာ ဖြစ်သလိုသွားလာနေကြရတယ်၊ ဆောက်ထားတဲ့ တံတားလေးတွေကို သောင်းကျန်းသူကဖျက်ဆီးတယ်၊ ဘယ်ကားမှ သွားလို့မရဘူး၊ သောင်းကျန်းသူ ဖျက်သွားတဲ့ တံတားကို ကျွန်တော်တို့အဖွဲ့က ထပ်ပြီးဆောက်တယ်၊ ဘာမှ မကြာဘူး၊ တစ်ခါလာပြီး ဖျက်ပြန်တယ်၊ ကျွန်တော်တို့ ဘာမှ အကာအကွယ် မပေးနိုင်ဘူး၊ ကျွန်တော်တို့ တပ်တွေက မီးရထားနဲ့ လိုက်ကြရတယ်၊ သောင်းကျန်းသူတွေက ထွက်ပြေးတာ မိုင် ၂၀ လောက် ရောက်နေပြီ၊ ဒီကြားထဲမယ် ချောင်းတွေ့လို့ တံတားမဆောက်ရသေးတဲ့ နေရာတွေ အများကြီးကျန်သေး

တယ်၊ သောင်ဦးနဲ့ရေပြာအကြားမှာ မော်တော်ကားလမ်းဟောင်းဟာ ပင်လယ်ကမ်းခြေနား ကပ်ပြီး ဖောက်ထားတယ်၊ အဲဒီတော့ ချောင်းဝကျယ်ကြီးတွေရှိတဲ့နေရာမှာ ကား တောက်လျှောက်မသွားနိုင်ဘူး၊ ကားကို ဖောင်ပေါ်တင်ပြီး ကူးရတယ်၊ အဲဒီနေရာတွေမှာ လမ်းသစ်တွေ ထပ်ပြီး ဖောက်ရမယ်၊ ဒီတော့ အရေးကြီးတာက လမ်းဖောက်ဖို့ပဲ၊ စင်ရော်လမ်းမကြီးမှာ အလယ်ကဆီးနေတဲ့ စင်ရော်ချောင်းကို ဖြတ်တဲ့ တံတားတစ်ခုဆောက်ရမယ်၊ ဒါမှ စင်ရော်နဲ့ရေပြာ ကားတောက်လျှောက်မောင်းနိုင်မယ်၊ ကျွန်တော်တို့ဆောင်ပုဒ်က တောင်တွေ့ လမ်းဖောက်၊ ချောင်းတွေ့ တံတားဆောက်"

"ကျွန်တော် ပြောပါရစေ"

နောက်ဆုံး ပြောသူမှာ တပ်မတော် အရာရှိတစ်ဦး ဖြစ်သည်။

"ရေပြာက ခဲတွေ ရန်ကုန် ရောက်သလား၊ မရောက်ဘူးလား ကျွန်တော် မသိဘူး၊ ရန်ကုန်မှာ ဒူးရင်းသီးတစ်လုံး လေးကျပ်ဖြစ်နေတာတော့ ကျွန်တော် မကြိုက်ဘူး၊ ပေါ်စတုန်းကဆိုရင် ဆယ့်နှစ်ကျပ်တဲ့၊ ကျွန်တော် သိပ်စိတ်တိုသွားတယ်၊ ကျွန်တော် ဒူးရင်းသီး သိပ်ကြိုက်တယ်၊ ကျွန်တော်တို့တစ်အိမ်သားလုံး ကြိုက်တယ်"

အများက သူ့ကို ပြုံးစစ မျက်နှာပေးဖြင့် ကြည့်နေကြသည်။

ထိုအထဲတွင် ဒူးရင်းသီးကြိုက်သူများက သူ့စကားကို စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ထောက်ခံကြသည်။

"ဒါတွေ ဖယ်ထား၊ စင်ရော်လမ်းမကြီးကတော့ စစ်ရေးအရ အရေးကြီးတာ အမှန်ပဲ၊ စင်ရော်ကမ်းရိုးတန်း တစ်လျှောက်ရဲ့ အရှေ့ဘက်မှာ စင်ရော်တောင်တန်းကြီး ရှိတယ်၊ မြို့တွေ၊ ရွာတွေက မြစ်နား၊ ချောင်းနား၊ ပင်လယ်နားမှာ ရှိတယ်၊ စင်ရော်ဒေသမှာ ရှိနေတဲ့ သောင်းကျန်းသူတွေက တောင်ရိုးပေါ်က ဆင်းလာပြီး မြို့တွေ၊ ရွာတွေမှာ လုယက်တိုက်ခိုက်တယ်၊ အလစ်ဝင်တိုက်ပြီး ထွက်ပြေးသွားကြတယ်၊ ပြီးတော့ စင်ရော်တောင်တန်းပေါ်ကို တက်သွားကြတယ်၊ အဲဒီ မြို့ရွာတွေမှာ ဆက်ကြေးတွေ တောင်းတယ်၊ ကျေနပ်လဲ ပေး၊ မကျေနပ်လဲ ပေးနေကြရတာပဲ" ဆက်၍ ပြောပြန်သည်။

စင်ရော်ရိုးမသည်လည်း အရှေ့ရိုးမ၊ အနောက်ရိုးမတို့ကဲ့သို့ပင် တောတောင်ထူထပ်သည်။ စိမ့်စမ်း ပေါသည်။ ပုန်းစရာ၊ လျှိုးစရာ၊ အောင်းစရာ နေရာများသည်။ တပ်မတော်စစ်ဆင်ရေးကား ခရီးလမ်းပန်းကြောင့် သူတို့ကို အဆုံးတိုင် မချေမှုန်းနိုင်သေး။ စင်ရော် ကမ်းရိုးတန်းတစ်လျှောက်တွင် တပ်များကို အနှံ့အပြား ချမထားနိုင်သေး။ စင်ရော်နှင့်သောင်ဦးအကြားရှိ ဖားလွယ်ရွာကြီးကို သောင်းကျန်းသူတို့က ဝင်စီးကာ ဂါတ်တဲကို မီးရှို့သွားသည်။ ဂါတ်တဲမှ သေနတ် ဆယ်လက်ကို သိမ်းသွားသည်။ လလ သသ ဆိုင်မှ ပစ္စည်းများကိုလည်း သိမ်းသွားသည်။ ခုခံသော ရဲတစ်ယောက် ကျဆုံးခဲ့သည်။ ဖားလွယ်ကိုစီးသော အချိန်သည် ည ၁၁ နာရီခန့်တွင် ဖြစ်သည်။ စခန်းသစ်၌ တပ်ရှိသည်။ ဖားလွယ်ကို ဝင်စီးကြောင်း တယ်လီဖုန်း သတင်းရသည်။ စစ်ကူလွှတ်ဖို့ လိုပြီ။ သို့သော် ထိုအချိန်တွင် မလွှတ်နိုင်။ အဆင်ပြေသော ခရီးလမ်းပန်း ဆက်သွယ်ရေးမှာ မီးရထားလမ်း တစ်ခုတည်းသာ ရှိသည်။ မီးရထားက တစ်နေ့ ၂ စီးသာ ပြေးသည်။ မနက်တစ်စီး၊ နေ့လယ် တစ်စီး။ ကားနှင့် လိုက်ရန်ကလည်း မဖြစ်နိုင်။ အလွန်ဆုံး ဖားလွယ်မှ လေးငါးခြောက်မိုင်ခန့်အထိသာ လိုက်နိုင်မည်။ လေးငါးခြောက်မိုင်ခန့်တွင် တံတားကျိုးနေပြီ။

"ကဲ . . .ဒီတော့ ကျွန်တော်တို့ ဘာတတ်နိုင်သလဲ၊ မနက်မိုးလင်းအထိ ထိုင်စောင့်နေရုံပဲ၊ ပြီးမှ မီရာရထားနဲ့ လိုက်ဖို့ပဲရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ မစောင့်ပါဘူး၊ ရောက်နိုင်တဲ့ နေရာအထိ ညတွင်းချင်း လိုက်ကြတာပဲ၊ တံတားကျိုးတဲ့ နေရာရောက်တော့ ချောင်းကိုဖြတ်၊ ခြေကျင်ဆက်ပြီးလိုက်၊ ဟော . . .သူတို့က ကျွန်တော်တို့ရှေ့ မိုင် ၂၀ လောက် ရောက်သွားပြီ၊ ဒီနည်းနဲ့ သူတို့နဲ့ ကျွန်တော်တို့ လိုက်တမ်းပြေးတမ်း ကစားနေကြတာပဲ၊ တော်ကြာ မေ့လောက်ပြီဆိုရင် တစ်နေရာမှာ အလစ်ဝင်တွယ်သွားကြပြန်ရော၊ ဒီမှာ အရေးကြီးတာက လမ်းပန်းဆက်သွယ်ရေးပဲ၊ တကယ်လို့ စင်ရော်လမ်းမကြီးသာ တဖြောင့်တည်း ဖြူးနေမယ်ဆိုရင် ကျွန်တော်တို့အဖို့ ဘယ်လောက်လွယ်မလဲ၊ သွားရလာရလဲ လွယ်မယ်၊ စခန်းချရလို့လဲ လွယ်မယ်၊ တပ်

အပြောင်းအရွှေ့လဲ လွယ်မယ်၊ ဥပမာ – စင်ရော်နဲ့ သောင်ဦးကြားမှာ သောင်းကျန်းသူတွေ ထင်တိုင်းခြယ်လှယ်နေကြတယ်၊ တပ် မချလို့မဖြစ်ဘူး၊ အရင်က တပ်စိတ်တစ်စိတ်နဲ့ ထားခဲ့တဲ့နေရာတွေမှာ တပ်ခွဲတစ်ခွဲပို့မှဖြစ်တော့မယ်၊ အဲဒီတော့ ကျွန်တော်တို့ စင်ရော်ချောင်းကိုဖြတ်ပြီး ပို့ရတယ်၊ တပ်ခွဲတစ်ခွဲ ချောင်းဖြတ်ဖို့ လေးနာရီတိတိကြာတယ်၊ ဒါဟာ အရေးတကြီး အချိန်အခါ မဟုတ်သေးလို့ပေါ့၊ ဒါ ကျွန်တော်တို့ ကိုယ်တွေ့ပြောတာပါ၊ ပြီးတော့ ကားလမ်းရှိတဲ့ နေရာတွေမှာ ကျွန်တော်တို့တပ်တွေဟာ အချိန်မှန်တဲ့မီးရထားကို ဘယ်တော့မှ အားမကိုးဘူး၊ မီးရထားက အချိန်မှန်တယ်၊ ကျွန်တော်တို့ အရေးကိစ္စတွေက အချိန်မမှန်ဘူး၊ ဘူတာရုံက ရုံပိုင်ကို သွားနှိုးပြီး စင်ရော်အရောက် မီးရထားနဲ့ ပို့ပေးပါလို့ ပြောလို့ရတာမှ မဟုတ်ဘဲ”

“နောက်တစ်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နယ်နိမိတ်ဟာ စင်ရော်ရိုးမရဲ့အရှေ့ဘက်မှာ ရှိတယ်၊ စင်ရော်ရိုးမကျော်လိုက်ရင် အောင်နိုင်ပြည်ကို ရောက်မယ်၊ တချို့သောင်းကျန်းသူတွေဟာ ရိုးမကျော်ပြီး အောင်နိုင်ဘက်ကို သွားခိုလှုံနေကြတယ်၊ အဲဒီဘက်အထိ ကျွန်တော်တို့ မလိုက်နိုင်သေးဘူး၊ တောတောင်ရေမြေအခြေအနေကြောင့် စင်ရော်ရိုးမကိုကျော်ပြီး အစောင့်အနေ မထားနိုင်သေးဘူး၊ တကယ်ဆိုတော့ နယ်စပ်မှာကို ကျွန်တော်တို့ နယ်ခြားစောင့်တပ်တွေ ချထားနိုင်ရမယ်၊ အရေးအကြောင်းတဲ့ဆိုရင် အခုလို လမ်းပန်းဆက်သွယ်ရေး အခြေအနေမကောင်းတာနဲ့ မခက်ပါလား”

“အခုဆိုရင် ကျွန်တော်တို့ဆီက ပစ္စည်းအမျိုးမျိုး ခိုးထုတ်နေတဲ့ ဂိုဏ်းတွေ အများအပြားပဲ ရှိလာပြီ၊ နွားခိုးဂိုဏ်း၊ သစ်ခိုးဂိုဏ်း၊ ငါးခိုးဂိုဏ်း၊ ခဲခိုးဂိုဏ်း. . .အစုံပဲ၊ ဟိုဘက်ကလဲ ကျွန်တော်တို့ဆီကို ရွှေချောင်းကအစ ရော်ဘာဖိနပ်အထိ ပစ္စည်းအမျိုးမျိုး ခိုးသွင်းနေကြတယ်၊ ဒါတွေကို တားဆီးရမယ်၊ ကာကွယ်ရမယ်၊ ပြီးတော့ အဲဒီ ပစ္စည်းခိုးဂိုဏ်းတွေနဲ့ သောင်းကျန်းသူတွေဟာလဲ အဆက်အသွယ်အမျိုးမျိုး၊ နားလည်မှုအမျိုးမျိုးနဲ့ ဆက်သွယ်နေကြတယ်၊ ပြီးတော့ . . .”

ဂျပန်ခေတ်တွင် အောင်နိုင်–မြန်မာ မီးရထားလမ်းတစ်ခုကို ဂျပန်

စစ်တပ်က ဖောက်သည်။ ထိုလမ်းသည် စခန်းသစ်မှ စ သည်။ ယင်းကို ငရဲလမ်းဟု ခေါ်ကြသည်။ ယင်းအတွက် ချွေးတပ်ဆွဲသည်။ အလုပ်သမားတွေ သေကြ၊ ကျေကြသည်။ အနာရောဂါ ရကြသည်။ ထိုမီးရထားလမ်းအတွက် ရန်ကုန်–မန္တလေး ဒွေးလမ်းမှ သံလမ်းများကို ဖြုတ်ယူသွားသည်။ ယခုကား အောင်နိုင်–မြန်မာ နယ်စပ်တွင် ထိုငရဲလမ်းဟောင်း နေရာ၌ သံလမ်းများ မရှိတော့ပြီ။ ဖြုတ်၍ အောင်နိုင်ဘက်ကို ရောင်းကြသည်။ မီးရထားသံလမ်းနေရာတွင် တောကြီးဖြစ်နေသည်။ အောင်နိုင်ဘက်မှ ကားများ ဥဒဟိုဝင်ထွက်သွားလာကာ အဖိုးတန်သစ်များကို ခိုး၍ခုတ်ကြသည်။ ခိုး၍ ထုတ်ကြသည်။

"ပြီးတော့ အောင်နိုင်ဆိုတာကလဲ ပွဲတိုင်းကျော်ငပွကြီးနဲ့ လင်မယားလို ဖြစ်နေတာ၊ ဒီတော့ အောင်နိုင်ဟာ ငပွကြီးနဲ့ပေါင်းမိရင် . . ."

အစည်းအဝေး တက်သူအချို့က ထိုစကားကို ကြားလျှင် နှာခေါင်းရှုံ့ကြသည်။ သို့သော် သိသိသာသာ နှာခေါင်းမရှုံ့ရဲကြ။ သူတို့အနက် အချို့သည် အနောက်တိုင်းကို အထင်ကြီးသူများ ဖြစ်ကြသည်။ ငပွကြီးကို ပို၍ အထင်ကြီးကြသည်။ ငပွကြီးကား ချမ်းသာသော နိုင်ငံဖြစ်သည်။ မြန်မာလို တိုင်းငယ် ပြည်ငယ်ကလေးကို ဒေါ်လာနှင့် ချိန်စက်၍ ဝယ်နိုင်သည်။ ကမ္ဘာတွင် အချမ်းသာဆုံး ချစ်တီးကြီး ဖြစ်သည်။ ငပွကြီးက ထောက်ပံ့သော် မြန်မာနိုင်ငံကြီးသည် နေ့ချင်းညချင်း ပဒေသာပင် ပေါက်လာလိမ့်မည်ဟု အထင်ရှိနေသူအချို့ ထိုပရိသတ်ထဲတွင် ရှိနေသည်။ ဟိုတုန်းက ဦးနုက လက်ဝဲသမားများအား အမေကျော် ထွေးတော်လွမ်းသူများဟု ကင်ပွန်းတပ်ခဲ့သည်။ ယခု မြန်မာနိုင်ငံတွင် အမေကျော် ထွေးတော်လွမ်းချင်သည့် လက်ယာသမားများ ခေါင်းပြူနေကြသည်။

"ဒီတော့ အောင်နိုင်ဟာ ငပွကြီးနဲ့ ပေါင်းမိရင် အနည်းဆုံး ဘဝင်တော့ ကိုင်မှာပဲ" အရာရှိသည် စိတ်ထဲရှိသမျှကို မပြော။ 'အနည်းဆုံး ဘဝင်တော့ ကိုင်မှာပဲ' ဟူ၍သာ လျှော့ချလိုက်သည်။ သူ့တွင် နိုင်ငံခြားတိုင်းပြည်တစ်ပြည်နှင့် ဆက်စပ်နေသော အရေးအခင်း တစ်စုံတစ်ခုအတွက် ပြောဆို

ပိုင်ခွင့်မရှိမှန်း သူ နားလည်သည်။

"တိုတိုပြောရမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အလွန် အရေးကြီးပါတယ်၊ စင်ရော်လမ်းမကြီးမှာ တားဆီးနေတဲ့ စင်ရော်ချောင်းကို ဖြတ်ပြီး တံတားဆောက်ဖို့ အရေးကြီးပါတယ်၊ ဒါဟာလဲ မရှိမဖြစ်၊ မလုပ်မဖြစ်တဲ့ လုပ်ငန်းတစ်ခုပါ၊ ဒီတော့ ဒူးရင်းသီး လှိုင်လှိုင်စားရအောင် စင်ရော်ချောင်း တံတားဆောက်ကြပါစို့လို့ ကျွန်တော် တိုက်တွန်းချင်ပါတယ်"

အားလုံးက စင်ရော်ချောင်း တံတားဆောက်ရေးကို သဘောတူလိုက်ကြသည်။ စီးပွားရေး အကွက်အကွင်းအရ တွက်ကြည့်မည်ဆိုလျှင်ကား ယခု လောလောဆယ် မဆောက်သေးဘဲ စောင့်နေချင်လျှင် စောင့်နေနိုင်သေးသည်။ အခြား ဦးစားပေးလုပ်ငန်းများ အများအပြား ရှိနေသေးသည်။ စင်ရော်ကမ်းရိုးတန်းတစ်ခုလုံး၏ လမ်းပန်းဆက်သွယ်ရေးကို စက်လှေများက အထိုက်အလျောက် တာဝန်ယူနေသည်။ စိမ့်မြိုင်နှင့် ခရီးလမ်း၊ အဆက်အသွယ် မချောမောသဖြင့် စက်လှေလုပ်ငန်းလည်း တစ်စတစ်စကြီးထွားလာရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ မည်သို့ရှိစေ စစ်ရေးအရ ကြည့်မည်ဆိုလျှင်ကား ထိုစင်ရော်ချောင်းတံတားသည် မဖြစ်မနေ ဆောက်ရမည့်တံတားဖြစ်သည်။ စင်ရော်လမ်းမကြီးသည် မဖြစ်မနေ ပြုပြင်မွမ်းမံရမည့် လမ်းမကြီးဖြစ်သည်။ စင်ရော်လမ်းမကြီး တောက်လျှောက်ပေါက်ခဲ့သော် စင်ရော်ကမ်းရိုးတန်းဒေသသည် ယခုထက်ပို၍ ဖွံ့ဖြိုးလာမည် အမှန်ဖြစ်လေသည်။

အစိုးရအဖွဲ့ကလည်း စင်ရော်တံတားဆောက်လုပ်ရေးကို အတည်ပြုလိုက်သည်။ ကုန်ကျမည့်ငွေ ခန့်မှန်းခြေ သိန်း ၃၀။

"ကဲ . . .တာဝန်ခံ ဆောက်မဲ့လူရှာဖို့ပဲ လိုတယ်၊ ဘယ်သူ ဒီတံတားကို ဆောက်မလဲ၊ ပြီးတော့ နေရာရွေးကြမယ်"

× × × × ×

## ၂

**သောင်းဒန်**

ချောင်းတွေ့လျှင် တံတားဆောက်မည့်သူကား သောင်းဒန် ဖြစ်လေသည်။

သောင်းဒန်ကို လူကြီးပိုင်းက မျက်စိကျနေကြသည်။ လူကြီးပိုင်းတွင် သောင်းဒန်၏ အတွေ့အကြုံကို ရေရေလည်လည် သိသူလည်း ရှိသည်။ မသိသူလည်း ရှိသည်။ သို့သော်လည်း ယခုအခိုက်အတန့်တွင် သောင်းဒန်သည် တံတားဆောက်နေသူ ဖြစ်သည်။ ယင်းကိုကား မငြင်းနိုင်။

သောင်းဒန်သည် အညာသား။ အင်းစိန် အစိုးရစက်မှုသင်တန်းကျောင်းဆင်း ဖြစ်သည်။ ယခု အင်ဂျင်နီယာ (တ) ဖြစ်နေပြီ။ ယခင် အခေါ် အဝေါ်အတိုင်းဆိုလျှင် လမ်းဝန်ထောက် ဖြစ်သည်။

သောင်းဒန်သည် စစ်ပြီးစတွင် တက္ကသိုလ်ဝင်သင်တန်း အောင်သည်။ ထို့နောက် မမျှော်လင့်ဘဲ အင်းစိန် အစိုးရစက်မှုသင်တန်းကျောင်းသို့ ရောက်သွားသည်။ သူ သွားချင်သည်မှာ ရန်ကုန်တက္ကသိုလ်။ သို့သော် ရောက်သွားသည်မှာ အင်းစိန် ဂျီတီအိုင် ခေါ် အစိုးရစက်မှုသင်တန်းကျောင်း။

တက္ကသိုလ်ဝင်နှစ်တွင် သောင်းဒန်သည် ဆေးပွဲစားသမီး စိန်စိန်နှင့် ကြိုက်သည်။ အလွန်စိတ်ကူးယဉ်၍ ကောင်းသည့်အချိန် ဖြစ်သည်။ စာမေးပွဲအောင်လျှင် နှစ်ယောက်စလုံး တက္ကသိုလ်သွားမည်။ စိန်စိန်က ဆရာမ

လုပ်မည်။ သူက အင်ဂျင်နီယာ လုပ်မည်။ သူငယ်ချင်း အပေါင်းအသင်းတို့ကလည်း အင်ဂျင်နီယာ လုပ်ကြမည်ဟု ဆိုသည်။ သူတို့ရှေ့က တက္ကသိုလ်သို့ သွားနှင့်ကြသည့် နောင်တော်ကြီးများ၏ တက္ကသိုလ် အတွေ့အကြုံသည် သူတို့ကို ဖမ်းစားနေသည်။ ခေတ်ကြီးကား ဗရုတ်ဗရက်။ သူပုန်သူကန်သောင်းကျန်းနေသည့်ခေတ်မှာပင် သောင်းဒန်သည် တစ်ရပ်တစ်ကျေးက သူတို့မြို့သို့ ကျောင်းလာနေသူ၊ စာမေးပွဲ လာဖြေသူများနှင့် အပေါင်းအဖော်ဖြစ်သည်။ အရင်းနှီးဆုံး သူငယ်ချင်းများတွင် သော်ကောင်း၊ ကျော်ဆွေ၊ တင်ဦးတို့ ပါသည်။

သော်ကောင်း၊ ကျော်ဆွေ၊ တင်ဦးတို့သည် ချစ်ရကြိုက်ရ၊ ပိုးရပန်းရမှန်း သိသေးသူများ မဟုတ်။ သောင်းဒန်တစ်ယောက်သာ စိန်စိန်၏ ရီဝေဝေ မျက်လုံးဒဏ်ကိုမခံနိုင်ဘဲ အချစ်ပင်လယ်ပြင်ကြီးကို လက်ပစ်ကူးသူဖြစ်လာသည်။

"မောင်တို့ နှစ်ယောက်စလုံး ပြိုင်တူအောင်ကြရင် သိပ်ကောင်းမှာပဲ စိန်ရယ်"

"မောင်ကတော့ အောင်မှာ သေချာပါတယ်"

"စိန်လဲ အောင်ရမှာပေါ့"

စိန်စိန်ကား သူ့အကြောင်းသူ သိသည်။ သူ အောင်နိုင်မည် မထင်။ သောင်းဒန်သည် စိန်စိန့်ကို ရန်ကုန်သို့ အပါခေါ်ချင်သည်။

စိန်စိန်တို့ ညီအစ်မသည် သူတို့ခေတ်တွင် မြို့၏ အလှဧကရီများဖြစ်ကြသည်။ စိန်စိန်၏ညီမ သွယ်သွယ်က စိန်စိန်ထက် ကိုယ်လုံးကိုယ်ပေါက်လှသည်။ အရုပ်အမောင်း ကောင်းသည်။ နာမည်နှင့်လိုက်အောင် သွယ်သွယ်လျလျ ဖြစ်သည်။ ဆင်မယဉ်သာ လှမ်းနည်းအတိုင်း ငြိမ့်ငြိမ့်အေးအေးနှင့် တစ်လှမ်းချင်း လျှောက်သည့်အခါ တင်နှစ်ခုသည် အိပွဲ့အိပွဲ့နှင့် မြင်မြင်သမျှလူအပေါင်းကို ဘဝင်ခိုက်စေသည်။ သွယ်သွယ်၏ ဖြောင့်ရှူးသော ဆင်နှာမောင်းပေါင်တံနှင့် တင်နှစ်လုံး၏ အညို့ဒဏ်ကို ခံနိုင်သူ ရှားသည်။ သူတို့အောက်ငယ်သော အောင်ဖေဆိုသည့် ကောင်လေးတစ်ယောက်သည်

သွယ်သွယ်သခင်မ၏ ဖမ်းစားခြင်းကို ခံရသည်။

“အစ်ကိုရာ လုပ်စမ်းပါအုံးဗျ”ဟူ၍ သောင်းဒန်ဆီလာကာ လူနာ အမဲခြောက်ဖုတ် တောင်းသလို အပူကပ်လေ့ရှိသည်။ သောင်းဒန်နှင့် စိန်စိန်ချစ်နေကြမှန်းသိ၍ အပူကပ်ခြင်း ဖြစ်သည်။

“ဟ. . .ကောင်လေးရ၊ ငါ ဘာတတ်နိုင်မှာလဲကွ၊ သွယ်သွယ် နင်အောင်ဖေကို ကြိုက်လိုက်လို့ ပြောလို့ရတာမှ မဟုတ်ဘဲ”

“အေးပါဗျာ၊ ခင်ဗျားကြီးတို့ကတော့ ဖိမ်ကျနေတာပေါ့”

“နည်းနည်းပါးပါးတော့ ငါပြောပေးပါ့မယ်ကွာ၊ ဒါပေမဲ့ မင်း ညည အိမ်ရှေ့မှာ လာလာပြီး ဟိုသီချင်းဆို ဒီသီချင်းဆို မဆိုနဲ့၊ ပြီးတော့ မင်းလာတာကလဲ တစ်ယောက်တည်းမဟုတ်ဘူး၊ အပေါင်းအသင်းတွေနဲ့ ဆိုတော့. . .”

“ဘာဆိုင်လဲဗျ၊ ဘာလဲ၊ သွယ်သွယ်က မဆိုစေချင်ဘူးတဲ့လား၊ ဒီလိုဆိုရင် ကျွန်တော် မဆိုဘူးဗျာ”

“ငါ့ပါ ထိခိုက်တယ်ကွ”

ဟုတ်သည်။ သောင်းဒန်သည် ညတိုင်းလိုလို စိန်စိန်တို့အိမ်သွားကာ စိန်စိန့်အား စာပြပေးသည်။ ဂဏန်းတွက်ပေးသည်။ အိမ်ရှေ့က အောင်ဖေတို့ သီချင်းသံကြားလျှင် သောင်းဒန် စိတ်မလုံမလဲ ဖြစ်လာသည်။ သူတို့ဆိုသည့် သီချင်းမှာလည်း ထိုအချိန်က အလွန်ခေတ်စားသော တက္ကသိုလ်ဖေညွန့်၏ ‘ရွှေစံပယ်ရုံ’သီချင်း ဖြစ်သည်။ “ညချမ်းချိန်ခါလေးမယ် . . . တေးသံပေးကာ လျှောက်ခဲ့ပေါ့ကွယ်၊ ပန်းစံပယ်အလှ မာလာပျိုရယ်၊ ချစ်တင်းစကားကိုတဲ့ မောင်ပြောမယ်” ထိုသီချင်းသံ ကြားသည့်အခါ စိန်စိန်က သောင်းဒန်ကို ချစ်ရည်လဲ့နေသော မျက်လုံးဝိုင်းကြီးဖြင့် သူငယ်အိမ်ထောင့်ကပ်၍ ကြည့်သည်။ ထိုအခါ အခန်းတစ်နေရာတွင် ဖက်ဖြူလိပ်ကြီးနှင့် မှိန်းနေသော စိန်စိန်၏ အမေသည် သမီးအရိပ်အကဲကိုကြည့်ကာ အိမ်ရှေ့သို့ ထွက်၍ “ဟဲ့ . . .ခွေး၊ တယ် ဆူတာပဲ”ဟု ခွေးခြောက်လေတော့သည်။

ဤသို့ဖြင့် သောင်းဒန်နှင့်စိန်စိန်တို့ တက္ကသိုလ်ဝင် စာမေးပွဲ

ဖြေသည့်ရက် ရောက်လာသည်။ ထိုနေ့ကား သင်္ချာဖြေသည့်နေ့ ဖြစ်သည်။ သင်္ချာပြီးလျှင် နောက်တစ်ရက် သမိုင်းဖြေဖို့သာ ကျန်တော့သည်။ စာမေးပွဲခန်းတွင် စိန်စိန်သည် သောင်းဒန်နောက်ခုံတွင် ထိုင်ရသည်။ စိန်စိန် ခေါင်းကုတ်နေသည်။ သုံးနာရီဖြေရမည့်သင်္ချာကို သောင်းဒန်သည် နှစ်နာရီနှင့်အပြီး တွက်ပြီးပြီ။ နောက်လှည့်ကြည့်လိုက်သည့်အခါ စိန်စိန်မှိုင်တွေ ချနေသည်ကို မြင်ရသဖြင့် စိတ်မကောင်း။ သူ ဖြေပြီးလျှင် ရှေ့မှနေ၍ အဖြေစာရွက်ကို ထောင်ပြသည်။ စိန်စိန် မမြင်ရဟု ဆိုသည်။ ကဲ . . . မထူးတော့ပါဘူး 'ရော့' ဟုဆိုကာ အဖြေစာရွက် တစ်အုပ်လုံး စိန်စိန့်ဆီသို့ လှမ်းပေးလိုက်သည်။ သောင်းဒန်သည် အချစ်အတွက်ဖြင့် အသက်ပင်သေသေဆိုသည့် စိတ်ဓာတ်မျိုး ဝင်နေသည်။ သူ လုပ်ပုံကိုင်ပုံ အင်မတန် ရဲသည်။ စာမေးပွဲခန်းစောင့်သူ တစ်ယောက်မှာ သူနှင့် မျက်မှန်းတန်းမိသူ ဖြစ်သည်။ သို့သော် နောက်ဆုံးရက် သမိုင်းဖြေရမည့်အချိန်တွင် ဒုက္ခတွေ့ရလေသည်။ စာမေးပွဲအခန်းစောင့် တစ်ယောက်ဖြစ်သော ပညာအုပ် ဦးဘသန်းက သူ့ကိုခေါ်ကြိမ်းသည်။ "မင်း တစ်သက်လုံး လူစဉ်မမီ ဖြစ်သွားမယ်၊ ဒီကောင် ဘာမှလဲ မကြောက်ဘူး၊ နောက် ဒါမျိုး ဘယ်တော့မှမလုပ်နဲ့၊ မင်း ဒီဗားထိမှာ မကြောက်ဘူးလား၊ သွား . . . မင်းကို တစ်နေရာ ပို့မယ်၊ ဒီခုံမှာ မဖြေရဘူး" ဟု ဦးဘသန်းက ကြိမ်းမောင်းကာ သောင်းဒန်ကို နောက်ဆုံးတန်းတစ်နေရာ သို့ ပို့လိုက်သည်။

ထိုအခါကျမှ သောင်းဒန် အချောက်ချားကြီး ချောက်ချားလေသည်။

စာမေးပွဲဖြေပြီးပြီ။ ကျောင်းလည်း ပိတ်ပြီ။ သောင်းဒန်၏သူငယ်ချင်း တစ်ယောက်ဖြစ်သည့် တင်ဦးသည် အင်းစိန်ဂျီတီအိုင်ကျောင်းမှ ပြန်လာသည်။ သူတို့ခေတ်တွင် ကျောင်းထွက်လက်မှတ်စာမေးပွဲ တစ်ဆင့်ဖြေရသည်။ ယခုစနစ်နှင့် အတူတူပင် ဖြစ်သည်။ ယင်းမှာ ကိုးတန်းကို ကျောင်းထွက် လက်မှတ်ရစာမေးပွဲ ပြုလုပ်ထားခြင်း ဖြစ်သည်။ ကိုးတန်းအောင်လျှင် သင်တန်းတစ်ခုခု တက်နိုင်သည်။ အလုပ်တစ်ခုခု ဝင်၍လုပ်နိုင်သည်။ တင်ဦး သည် ကိုးတန်းအောင်သည့်အခါ အင်းစိန်ဂျီတီအိုင်ကျောင်းသို့ သွားသည်။

"လာပါကွာ၊ မင်း ငါနဲ့အတူသာ ဂျီတီအိုင် တက်လှည့်ပါ၊ နှစ်နှစ်

တည်းရယ်ကွ၊ ပြီးရင် အလုပ်ရ၊ မိန်းမယူ၊ ကဲ . . .မကောင်းဘူးလား၊ မင်းက သိပ်မိန်းမလိုချင်တဲ့ကောင်”

သောင်းဒန်၏ ခေါင်းထဲတွင် ဆရာဦးဘသန်း ပြောသွားသည့် ဒီဗား ဆိုသည့် စကားလုံးကြီး ဝင်နေသည်။ ဒီဗားက သူ့ကို ခြောက်နေသည်။ တစ်နေ့လုံး ဒီဗားတစ္ဆေ၏ အနှိပ်အစက်ကို ခံနေရသည်။ သော်ကောင်းနှင့် ကျော်ဆွေတို့သည် စာမေးပွဲအောင်မည်မှာ သေချာသည်။ တက္ကသိုလ်သွား ဖို့ပင် ပြင်ဆင်နေကြသည်။ သူ ဘာလုပ်ရမလဲ။ သူ့မိဘများက သောင်းဒန်ကို တက္ကသိုလ် သွားစေချင်သည်။ သောင်းဒန်အောက် နှမလေးတစ်ယောက်သာ ရှိသည်။ မိန်းကလေးဖြစ်၍ နှမလေး ညိုညိုအတွက် မိဘများက မပူလှ။ အချိန်တန်အရွယ်ရောက်လျှင် နေရာချထားလိုက်ရုံသာရှိသည်။ စာမေးပွဲအောင်ဖို့ မလို။ တက္ကသိုလ်ရောက်ဖို့ မလို။ သူတို့မိဘများသည် ရှေးရိုးအယူအဆကို မဖျောက်နိုင်ကြ။ သို့သော်လည်း သောင်းဒန်တစ်ယောက်ကိုကား ထွန်းထွန်း ပေါက်ပေါက် ဖြစ်စေချင်သည်။ “ကုန်သည်ပွဲစား ဖြစ်ပေမဲ့ တစ်လတစ်ရာ ကျော် တို့ထောက်ပံ့မယ်၊ မင်း တက္ကသိုလ်ကို သွားရမယ်” သူ့မိဘများကား မဖွံ့ဖြိုးလှ။ သို့သော် သားတစ်ယောက် တက္ကသိုလ်ပညာ ဆုံးခန်းတိုင်သည် အထိတော့ သူတို့ တတ်နိုင်သည်။

တင်ဦးကလည်း သူနှင့်အတူ ဂျီတီအိုင်တက်ရန် တကျည်ကျည် နားပူ နေသည်။

“မင်းကို ဆရာဦးဘသန်းက ခေါ်ပြောတယ် မဟုတ်လား၊ မင်း စိန်စိန့် ကို အဖြေစာရွက်ပေးလိုက်တာ လူတိုင်းမြင်တယ်၊ အေး. . .ဒီဗားထိမှာကတော့ သေချာတယ်” ဤသို့လည်း သူငယ်ချင်းများက ပြောကြသည်။

သူ့စိတ်သည် အတည်မကျ ဖြစ်နေသည်။ စိတ်အားတက်ဖို့ ရေးရေးမျှ မမြင်။ စိတ်အားငယ်စရာချည်းသာ မြင်နေသည်။ ဒီဗား တစ်နှစ်ထိလျှင် တော်သေးသည်။ နှစ်နှစ်၊ သုံးနှစ်ဆိုလျှင် အခက်။ ဒီဗားဆိုသည်မှာ စာမေးပွဲ ဖြေခွင့် မပြုခြင်းပင် ဖြစ်သည်။ ဒီဗား မထိသည်ထား၊ အနည်းဆုံး စာမေးပွဲ အောင်စာရင်းတွင် သူ့နာမည် ပါလာမည်မဟုတ်။ ဦးဘသန်းတို့က သူတို့

ဝတ္တုရားအတိုင်း အထက်သို့ အစီရင်ခံလိမ့်မည်။ ထိုအခါ သူ့ကို အအောင် ပေးမည် မဟုတ်။ ရိုးရိုးတန်းတန်းဆိုလျှင်ကား သူ အောင်ဖို့သေချာသည်။ သချ်ာဂုဏ်ထူး ရရမည်။ ယခုမူ သူနှင့်တက္ကသိုလ် ပြတ်ပြီ။ တက္ကသိုလ် ကျောင်းဝင်းနားပင် ရစ်နိုင်၊ သီနိုင်ဖို့ အကြောင်းမမြင်။

စိန်စိန်လေး ချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင်းမိုရ်တစ်တောင်လုံး တုံးမှတ်လို့ ခုန်။

စိန်စိန့်အတွက်ဖြင့် အသက်ပင်သေသေ၊ အသွေးကိုယူယူ၊ အသားကို ယူယူ၊ စိတ်တူတယ် ရယ်ရယ်ပြုံးပြုံး။

ယခုကား သည်မောင်ဖုန်း မပြုံးနိုင်တော့ပြီ။

"ခွေးကောင် သိပ်မိုက်တာပဲ၊ ဟိုကောင်မလေးကလဲ မင်းကို ဒီအထိ ဒုက္ခပေးရသတဲ့လား၊ မင်းကိုက ပတ်ကလားပါကွာ"

သူငယ်ချင်းများက သူ့ကို ဝိုင်း၍ ကျိန်ဆဲကြသည်။ စိန်စိန့်ကိုလည်း အပြစ်တင်သည်။ သူ့ကို ကျိန်ဆဲချင် ကျိန်ဆဲကြပါ။ စိန်စိန့်ကိုတော့ မထိခိုက်ကြပါနှင့်။ စိန်စိန်သည် အပြစ်မဲ့သူ။ သူသည်သာ အပြစ်ရှိသူ ဖြစ်ပါသည်။ ကျသမျှဒဏ် သူခံမည်။

သို့နှင့် စာမေးပွဲအောင်စာရင်း ထွက်ခါနီးလာသည့်အခါ သောင်းဒန် သည် မြို့တွင် မနေရဲတော့ဘဲ တင်ဦးနှင့်အတူ ရန်ကုန်သို့ဆင်းခဲ့လေသည်။ အိမ်ကိုကား တက္ကသိုလ်သွားမည်၊ အောင်စာရင်းထွက်လျှင် ကျောင်းဝင်ရန် အသင့်လုပ်ရမည်၊ ထို့ကြောင့် ရန်ကုန်စောစောသွားမည်ဟု အကြောင်းပြခဲ့ သည်။ ရန်ကုန်ရောက်သည့်အခါ တင်ဦးနှင့်အတူ အင်းစိန် ဂျိတီအိုင်ကျောင်း တွင် ကပ်၍နေသည်။ ဤရက်အတွင်း သောင်းဒန်သည် စိတ်ဆင်းရဲခြင်း ကြီးစွာဖြစ်မိလေသည်။ စိန်စိန်က အင်းစိန်ဂျိတီအိုင် သွားလျှင်လည်း သဘောတူပါသည်။ သူလည်း စိတ်မကောင်းပါဟု ဆိုသည်။ နောက်ဆုံး တွင် သူ့အိမ်က အဖေနှင့်အမေကိုပင် အသိမခံရဲတော့ဘဲ အင်းစိန်ဂျိတီအိုင် ကျောင်းသို့ဝင်ရန် စာမေးပွဲဖြေသည်။ အားလုံး ၁၅၀ ကျော် ဖြေကြသည့် အနက် ကျောင်းသား ၃၀ သာ ရွေးသည်။ သောင်းဒန်သည် လူ ၃၀ ထဲတွင်

နံပါတ် (၄) ချိတ်သဖြင့် ဂျီတီအိုင်သို့ ဝင်ခွင့်ရလေသည်။ ကျောင်းဆင်းလျှင် အစိုးရဆီတွင် နှစ်နှစ်လုပ်ပါမည်ဟူသော ဝန်ခံချုပ်ကိုလည်း လက်မှတ်ထိုးပြီးပြီ။

ကျောင်းတက်၍ ဘာမျှမကြာသေးမီ တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထွက်လာသည်။ အင်္ဂလိပ်ပိုင်း အသံလွှင့်ချက်တွင် အောင်စာရင်း ကြေညာသည်။ ထိုအချိန်ကား ည ၈ နာရီ ကျော်နေပြီ။ ဘတ်စကားကလည်း မရှိတော့။ သောင်းဒန်သည် တစ်ယောက်တည်း အင်းစိန်မှ ရန်ကုန် ခြေကျင်လာခဲ့သည်။ ကမာရွတ် ဂါတ်တဲရှေ့တွင် အသိများနှင့်တွေ့သည်။

"ဟေ့. . .သောင်းဒန်၊ မင်း အောင်တယ်"

"ဟုတ်ကဲ့လားဗျ"

"ဟုတ်ပါတယ်ကွာ၊ တို့တောင် မင်းနာမည်ကို ခြစ်ပစ်ခဲ့သေးတယ်"

"ကျွန်တော့်ဘာသာ သွားကြည့်ရမှ ယုံမယ်ဗျာ"

ဘွဲ့နှင်းသဘင်တွင် အောင်စာရင်းကပ်သည်။ တကယ်ပင် သူ့နာမည် တွေ့ရသည်။ သောင်းဒန် သင်္ချာဂုဏ်ထူး၊ သော်ကောင်း သင်္ချာဂုဏ်ထူး၊ ကျော်ဆွေ သင်္ချာဂုဏ်ထူး၊ စိန်စိန့်နာမည် ရှာ၍မတွေ့ရ။ ဝမ်းသာလွန်းသဖြင့် သောင်းဒန် ဆွေ့ဆွေ့ခုန်နေသည်။ ချက်ချင်းပင် ကျောင်းသို့ ပြန်ပြေးသည်။

"သူငယ်ချင်း ငါ ဘာလုပ်ရမလဲ၊ ငါ တက္ကသိုလ် သွားမယ်ကွာ"

"မထူးပါဘူးကွာ၊ ဒီမှာ တို့လဲ ရှိနေသားပဲ၊ နှစ်နှစ်တည်းဟာ တက်လိုက်ပေါ့ကွ၊ ပြီးမှ မင်း တက္ကသိုလ် နေချင်နေ"

သောင်းဒန် စိတ်ညစ်သည်။ ဝန်ခံချက်တွင်လည်း လက်မှတ်ထိုးပြီးပြီ၊ ဆရာကြီးကလည်း သူ့ကို မထွက်စေချင်။ ဘာလုပ်ရမလဲ။ သောင်းဒန် ခေါင်းရှုပ်နေသည်။ ဒီအထဲတွင် စိန်စိန်၏ မျက်နှာကလည်း တရေးရေး ပေါ်လာသည်။ စိန်စိန် မအောင်သဖြင့်လည်း သူ စိတ်မကောင်း။ တက္ကသိုလ်သို့ သူ ဝင်သည့်တိုင် စိန်စိန်နှင့် အတူယှဉ်၍ ကျောင်းတက်နိုင်စရာအကြောင်း မရှိတော့ပြီ။ သို့ဖြစ်ရာ မထူးတော့ပါဘူးဟုတွက်ကာ အင်းစိန်စက်မှုသင်တန်း ကျောင်း၌ပင် ကုပ်၍ နေလိုက်သည်။ စိန်စိန် မွေးလိုက်သည့်မီးသည်

တငွေ့ငွေ့ လောင်နေပြီ။ သို့သော် စိန်စိန်ကား သူ့ကို မေ့လေပြီ။ သူကမူ မေ့၍မရ။ ထိုကာလကား သောင်းဒန် တစ်သက်တွင် စိတ်အဆင်းရဲဆုံး ကာလ တစ်ခု ဖြစ်လေသည်။ သောင်းဒန် ထွက်လာသည့်အခါ စိန်စိန်တွင် သောင်းဒန် ကိုယ်စား ချစ်သူတစ်ယောက်ရနေပြီဟု သတင်းကြားရသည်။ စိန်စိန်၏ ချစ်သူမှာ မျက်နှာကြီး သူဌေးသားတစ်ယောက်ဖြစ်သည်ဟု ဆိုသည်။ သောင်းဒန်သည် စိန်စိန့်ကို မေ့နိုင်အောင် ကြိုးစားသည်။ တင်ဦးက သူ့ကို ဖျောင်းဖျသည်။ စိတ်ပျော်အောင် ချော့သည်။ ထိုအချိန်တွင် သောင်းဒန် အရက်သောက်တတ်လာသည်။ စိန်စိန့်အတွက်ကား မသောက်။ အပေါင်း အသင်းတို့နှင့် ပျော်၍သောက်ခြင်း ဖြစ်သည်။ စိန်စိန့်အတွက် စိတ်ညစ်၍ ချည်း နေလို့မဖြစ်။ နှစ်နှစ်တာ သင်တန်းပြီးဆုံးအောင် ကြိုးစားဖို့ လိုသေး သည်။

နှစ်နှစ်ကာလသည် လွန့်ကာလူးကာနှင့် ကုန်ဆုံးသွားလေသည်။ ဂီတအိုင်သင်တန်းပြီးဆုံးလျှင် အလုပ်အတွက် စဉ်းစားလာရသည်။ သောင်းဒန်စိတ်ထဲကမူ တက္ကသိုလ်သို့ သွားချင်သေးသည်။ ဂီတအိုင်နှင့် အားမရ။ တက္ကသိုလ်ကပေးသည့် အင်ဂျင်နီယာဘွဲ့ လိုချင်သည်။ သူငယ် ချင်းများ ဖြစ်ကြသော သော်ကောင်း၊ ကျော်ဆွေတို့လည်း သူနှင့်အတူပင် တက္ကသိုလ်ဝင်သင်တန်း အောင်သည်။ ယခု နှစ်နှစ်ပြီးသော် အင်ဂျင်နီယာ ပထမနှစ်သင်တန်းသို့ တက်ကြရတော့မည်။ သူလည်း တက်ချင်သည်။

သူ့မှာ အဖေ၏ အငြိုအငြင် ခံရသေးသည်။ အဖေနှင့်အမေတို့က သောင်းဒန်ဂီတအိုင်၌ ကျောင်းတက်နေသည်ဟု သိမထား။ သူတို့သား ရန်ကုန်တက္ကသိုလ်၌ ကျောင်းတက်နေသည်ဟုသာ သိထားကြသည်။ သောင်းဒန်က မိဘများကို လိမ်ထားရသည်။ စိန်စိန်မွေးသည့်မီးကြောင့် ဒီဖားတစ္ဆေ အခြောက်ခံရကာ သူ့ဘာသာသူ ဆတ်ဆော့ပြီး အင်းစိန်ဂီတအိုင် သို့ တက်ခြင်းဖြစ်သည်။ တကယ်တော့ စာမေးပွဲတွင် စိန်စိန့်ကို သင်္ချာခိုးပြ ပေးသည့်အတွက် ဘာမျှအပြစ်မရောက်။ ဆရာဦးဘသန်းကလည်း အထက် သို့ မတိုင်ကြား။ တွေးမိတိုင်း ဆရာဦးဘသန်းကို ကျေးဇူးတင်မိသည်။

သို့ဖြစ်ရာ ရန်ကုန်ရောက်ပြီး ခြောက်လလောက်အထိ တက္ကသိုလ်တွင် ကျောင်းဆောင် အခန်းမရ၍ သူငယ်ချင်း တင်ညွန့်အခန်းတွင် ကပ်နေရသည်ဟု အိမ်ကို ညာထားသည်။ အိမ်က ငွေနှင့်စာတို့သည် တကောင်းကျောင်းဆောင် တင်ညွန့်အခန်းမှတစ်ဆင့် သူရှိရာသို့ ရောက်လာကြသည်။ ခြောက်လကျော်လျှင်ကား လိမ်၍ မရတော့ပြီ။ ရန်ကုန်သို့ ရောက်လာကြသည့် ဒေသကလူများက ပြောပြသဖြင့် သူ ဂျီတီအိုင်တက်နေသည့်အကြောင်းကို အိမ်က သိသွားသည်။ အဖေက သောင်းဒန်ကို တစ်နှစ်လောက် စကားမပြော။ နောက်မှ စိတ်ဆိုးပြေသွားသည်။ သို့ဖြစ်ရာ သောင်းဒန်သည် တက္ကသိုလ်သို့ ဝင်ချင်သည့်စိတ် မကုန်သေး။ အစိုးရအလုပ်ကို နှစ်နှစ်လုပ်ပါမည်ဟု ဝန်ခံစာချုပ်တွင်လည်း လက်မှတ်ထိုးထားပြီးဖြစ်ရာ နှစ်နှစ်လောက် အောင့်အည်းလုပ်လိုက်မည်ဟု စိတ်ကူးမိသည်နှင့် အလုပ်လျှောက်လိုက်သည်။

လူတွေ့မေးသည့်အခါ သူ့ကို ဘယ်အရပ်သွားချင်သလဲဟု မေးသည်။ သူက မြေလတ်ပိုင်းတစ်နေရာကို သွားချင်သည်ဟု ဖြေသည်။

"အစိုးရအလုပ် လုပ်မယ်ဆိုရင် နေရာရွေးနေလို့ မဖြစ်ဘူး"

"ဒါတော့ ဦးတို့က ဘယ်နေရာ သွားချင်သလဲလို့ မေးတာကိုး"

"အဲဒီကိုတော့ မပို့နိုင်ဘူး၊ လူရှိနေပြီ"

"ဒါဖြင့် ကျွန်တော်လဲ မလုပ်နိုင်ဘူး ခင်ဗျာ"

နောက်တစ်နေ့တွင် ရုံးမှ ရုံးလုလင်လေးတစ်ယောက် သူ့ဆီလိုက်လာသည်။ ရုံးလိုက်သွားလျှင် သူ့ကို လိုချင်သည့်နေရာတွင် ခန့်လိုက်ကြောင်း သိစေလိုက်သည်။

ထိုအရပ်တွင် သောင်းဒန်၏ဘဝကို ဖန်တီးမည့်သူ နှစ်ယောက်တွေ့ရသည်။ တစ်ယောက်မှာ သူ့ကို အလုပ်တွင် သင်ကြားပြသသည့် ဆရာသမားတစ်ယောက် ဖြစ်ပြီးလျှင် နောက်တစ်ယောက်မှာ သူ့ဘဝကြင်ဖော်ဖြစ်လာမည့် တက္ကသိုလ်ဝင်တန်း ကျောင်းသူတစ်ယောက် ဖြစ်လေသည်။

ဆရာသမားက သူ့ကို စာဖတ်ခိုင်းသည်။ အထူးသဖြင့် အလုပ်နှင့်

ဆိုင်သည့် စာတို့ကို ဖတ်ခိုင်းသည်။ ယင်းမှာ တံတားဆောက်နည်းများ ဖြစ်သည်။ သူ့ကို စာအုပ်တစ်အုပ်ပေးကာ ဘယ်စာမျက်နှာမှ ဘယ်စာမျက်နှာ အထိ ဖတ်ခဲ့ရမည်၊ တွက်စရာရှိသည်တို့ တွက်ရမည်၊ နားမလည်သည် တို့ကိုမေးရမည်ဟုဆိုကာ စာဖတ်ခိုင်းသည်။ သောင်းဒန်သည် ပေးသမျှ စာကို ကုန်အောင်ဖတ်သည်။ မသိနားမလည်သည်တို့ကို မေးသည်။ ထိုဆရာသမားသည် သောင်းဒန်အား တပည့်တစ်ယောက်ကို ကျောင်းဆရာ တစ်ယောက်က သင်ကြားပေးသကဲ့သို့ စိတ်ရှည်လက်ရှည် သင်ကြားပေး သည်။ လက်တွေ့နှင့်လည်း ယှဉ်၍ ပြသည်။ ထိုအချိန်တွင် ခေတ်စားသည် မှာ သံပေါင်တံတားများသာ ဖြစ်သည်။ လက်တွေ့နှင့်စာသော် သူ ဖတ်ထား ရသမျှမှာ ရေးရေးမျှသာ ရှိသည်။ အတွေ့အကြုံကလည်း မရှိသေး။ ကျောင်း ထွက်ခါစရှိသေးရာ အခြေခံသဘောတို့ကို ရေးရေးမျှသာ နားလည်သည်။ သို့သော်လည်း သင်ကြားပြသပေးသူ ဆရာသမားကိုကား သောင်းဒန်များစွာ ကျေးဇူးတင်သည်။ ဘယ်ဘဝက ရေစက်ဟူ၍ မသိ။ ထိုဆရာသမားသည် သောင်းဒန်ကို များစွာခင်သည်။ သံယောဇဉ်လည်း ကြီးသည်။ နောင်အခါ ထိုဆရာသမားနှင့်ပင် သောင်းဒန်ပြန်၍ တွေ့ရလေသည်။

သူ့ဘဝကို ဖန်တီးပေးမည့် ဘဝကြင်ဖော်လောင်းကိုကား သောင်းဒန် က ဆရာ၊ မြင့်မြင့်သန်းက တပည့်မအဖြစ် တွေ့ရသည်။ ဒီတစ်ကြိမ်တွင် သူက ဆရာ ဖြစ်လေသည်။

မြင့်မြင့်သန်းနှင့် အဖော်တစ်သိုက်သည် သူနေသည့် ရပ်ကွက်မှ ကျောင်းသူများ ဖြစ်ကြသည်။ ညပိုင်းတွင် သောင်းဒန်က သင်္ချာသင်တန်း ဖွင့်သည်။ မြင့်မြင့်သန်းအပါအဝင် စုစုပေါင်း ကျောင်းသားနှစ်ဆယ်ခန့် သူ့သင်္ချာသင်တန်းတွင် တက်ကြသည်။ ဤသင်တန်းမှာပင် မြင့်မြင့်သန်းနှင့် သောင်းဒန်တို့ မျက်လုံးချင်း စကားပြောကြသည်။ ထို့နောက် စာချင်းစကား ပြောကြသည်။ မြင့်မြင့်သန်းသည် တက္ကသိုလ်ဝင် စာမေးပွဲတွင် သင်္ချာဂုဏ်ထူးနှင့် အောင်လေသည်။

သို့သော်လည်း ချစ်လိုက်၊ ကွဲလိုက်၊ တွေ့လိုက်၊ ကွာလိုက် အတည်

တကျမရှိသော လောကသဘောအရ သောင်းဒန်နှင့် မြင့်မြင့်သန်းတို့ ကွဲသွားကြလေသည်။ မြင့်မြင့်သန်းက ရန်ကုန်တက္ကသိုလ်သို့ ရောက်သွားသည်။ သောင်းဒန်တစ်ယောက်သာ အလုပ်တွင် ကျန်ရစ်ခဲ့သည်။ သောင်းဒန် သည် ထိုအလုပ်တွင် နှစ်နှစ်ပြည့်အောင် အောင့်အည်းနေရသည်။ နှစ်နှစ် စေ့လျှင်ကား မြင်မြင့်သန်း နောက်သို့လိုက်ရန် ပြင်ဆင်လေသည်။ ရန်ကုန်ရုံးသို့ စာသင်ခွင့် နှစ်နှစ်ပေးရန် လျှောက်လွှာတင်လိုက်သည်။ ရုံးက ခွင့်ပြုလိုက်သည်တွင် သောင်းဒန်သည် တက္ကသိုလ်ကျောင်းသား ဖြစ်လေပြီ။ သူ လိုချင်သော အင်ဂျင်နီယာဘွဲ့ကို ယူနိုင်တော့မည်။ တက္ကသိုလ်ရောက်လျှင် မြင့်မြင့်သန်းနှင့် ပြန်၍တွေ့သည်။ သို့သော်လည်း အရင်ကလောက် ခံခုံမင်မင် မရှိတော့ပြီ။ ကျောင်းတွင် မြင့်မြင့်သန်းထက် ချစ်စရာကောင်းသည့် ကျောင်းသူလေးများ ဒုနဲ့ဒေး ရှိသည်မဟုတ်လား။ မြင့်မြင့်သန်းကလည်း သူ့ကို အရင်ကလို စွဲစွဲမြဲမြဲ ချစ်ဟန်မရှိတော့။ နှစ်ယောက်စလုံး သွေးအေးသွားကြသည်။

သို့နှင့် သောင်းဒန်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် စာကိုကြိုးစား၍ သင်အံလေ့ကျက်သည်။ ဒုတိယနှစ်အလယ်ပိုင်းတွင်မူ အောက်တိုဘာကျောင်းတစ်လပိတ်အရေးတော်ပုံနှင့် ကြုံရလေသည်။ ထိုအချိန်တွင် သူ့အဖေလည်း ဆုံးသွားသည်။ သူ့ဆရာသမားလည်း နယ်မှ ရန်ကုန်ရုံးကြီးသို့ရောက်လာသည်။ ရုံးကြီးတွင် မြေစမ်းဌာနခွဲလည်း လူလိုနေသည်။ သို့ဖြစ်ရာ သောင်းဒန်သည် ရုံးကြီးသို့ ပြန်လာရသည်။ သူ လိုချင်သော တက္ကသိုလ်ဘွဲ့ကိုလည်း စွန့်လွှတ်လိုက်ရသည်။ မတတ်နိုင်တော့ပြီ။ ကံပစ်ချရာနေရတော့မည်။ သို့သော်လည်း အလုပ်လုပ်ချင်စိတ်ကား ပြင်းထန်လာသည်။ သူနှင့်အတူ ကျောင်းနေဖက်အချို့ အလုပ်ကိုယ်စီ၊ မိန်းမကိုယ်စီနှင့် ရှိနေကြပြီ။ သော်ကောင်းနှင့် ကျော်ဆွေတို့ အင်ဂျင်နီယာဘွဲ့ ရကြတော့မည်။ တင်ဦးတစ်ယောက် ဆည်မြောင်းရုံးကြီး၌ ပုံဆွဲဆရာဖြစ်နေပြီ။ အသားကျနေပြီ။ မိန်းမယူချင်သလိုလို ရောဂါထနေပြီဟု ကြားရသည်။ သူလည်း မြေစမ်းဌာနတွင် နစ်မြုပ်ရတော့သည်။

ထိုကာလတွင် သူ၏ဆရာဟောင်းသည် သောင်းဒန်အား အင်ဂျင်နီယာ သဘောတရားများကို ပြန်၍ နှုးသည်။ တံတားဆောက် အတတ်

ပညာစာအုပ်များကို ပြန်၍ဖတ်စေသည်။ နောင် နှစ်နှစ်ကြာသည့်အခါ အခွင့်အလမ်းတစ်ခု ပေါ်လာသည်။ ယင်းမှာ ရန်ကုန်ဆင်ခြေဖုံးတွင် ရွှေပြည်ကြီး တံတားဆောက်လုပ်ရေး စီမံကိန်းတစ်ခုပေါ်လာခြင်းပင် ဖြစ်သည်။ ရွှေပြည်ကြီးချောင်းကို ဖြတ်၍ဆောက်ရမည့် တံတားဖြစ်သည်။ ထိုတံတားကို တာဝန်ယူဆောက်လုပ်မည့်သူမှာ အမေရိကမှ အမ်အက်စ်စီ အင်ဂျင်နီယာတွဲ့ယူလာသော ဝန်ထောက်ကလေး ဦးလှစိုး ဖြစ်သည်။

သူတို့သည် ရွှေပြည်ကြီးတံတားကို သုံးနှစ်နှင့်အပြီး ဆောက်ကြသည်။ အတွေ့အကြုံကား ကြီးမားလှသည်။ ကျောင်းက ထွက်ပြီးနောက် ဤသို့ ကြီးကြီးမားမား လုပ်ငန်းကို မလုပ်ဖူးခဲ့။ အခွင့်အလမ်းလည်း မကြုံခဲ့။ ယခုကား အခွင့်အလမ်းကြုံပြီဖြစ်၍ သောင်းဒန် ကြိုးစားသည်။ ဦးလှစိုးထံတွင် ပညာဆည်းပူးသည်။ မသိသည်တို့ကို မေးသည်။ ဒါ ဘယ်လိုလုပ်ရတာလဲ၊ ဒီအဖြေကိုရအောင် ဘယ်လိုတွက်သလဲ။ ဦးလှစိုးကလည်း သူ့ကို စိတ်ရှည်လက်ရှည် ပြပေးသည်။ မသိ၍မေးလာသည်ကို စေတနာနှင့် နားလည်အောင် ရှင်းပြသည်။ မသိလျှင် မေးရမည်။ မတတ်လျှင် သင်ရမည်။ မေးရဖို့ သူ မရှက်။ သင်ကြားရဖို့လည်း သူ စိတ်အားထက်သန်သည်။ သို့မှ ပညာရမည်။ ပညာရမှ သူ့လုပ်ငန်းတွင် အထောက်အကူ ဖြစ်မည်။

ရွှေပြည်ကြီးတံတားသည် ပေတစ်ထောင်ခန့်ကျယ်သည်။ ရေထဲတွင် တိုင်ကြီးများ စိုက်၊ သံပေါင်ကြီးများ တင် အခက်အခဲ မရှိလှ။ သို့သော် ကြီးကြီးမားမား လုပ်ငန်းကြီးများတွင် လုပ်ဖူးကိုင်ဖူးသည့် အတွေ့အကြုံ ကြွယ်ဝလာသည်။ သောင်းဒန် အလုပ်ဝင်စက မြေလတ်ဒေသတွင် ပြည်တော်သာတံတားများ ဆောက်ခဲ့ဖူးသည်။ ယင်းတို့မှာ ပေ ၄၀၊ ပေ ၅၀ ကျယ်သော မြောင်းကျော်တံတားလေးများ၊ သစ်သားတံတားလေးများသာ ဖြစ်သည်။ လူလေးငါးခြောက်ယောက်နှင့် ဆောက်လိုက်လျှင် ပစ္စည်းပြည့်စုံသော် တစ်လလောက်နှင့်ပြီးသည့် တံတားများဖြစ်သည်။ ယခု ရွှေပြည်ကြီးတံတားကား သုံးနှစ်ကျော် ဆောက်ရသည်။ လူအင်အား၊ ပစ္စည်းအင်အား အများအပြားသုံးရသည့် တံတားဖြစ်သည်။ အင်ဂျင်နီယာ

သင်တန်းက သင်ကြားပေးလိုက်သည့် သဘောတရားတို့ကို ဤတွင် အသုံးပြုရသည်။ ဟိုတုန်းကမူ သင်သည့်ဆရာကလည်း လိပ်ပတ်လည်အောင် မသင်နိုင်။ တို့တိတို့တိသာ သင်လိုက်သည်။ သူ့တွင် ရေးရေးမျှသော အသိသာရခဲ့သည်။ ယခု လက်တွေ့နှင့် ယှဉ်လိုက်သည့်အခါ အသိတရားတို့ ကျယ်ပြန့်လာသည်။ လာဘ်မြင်လာသည်။ ချိန်ဆတတ်လာသည်။ အမှားများလည်း တွေ့ရသည်။ အမှားများလေ အမှန်မြင်လေ မဟုတ်လား။ သူ့ဆရာဦးလှစိုးကိုလည်း သောင်းဒန်များစွာ ကျေးဇူးတင်မိသည်။

ထိုအချိန်တွင် သောင်းဒန် ၂၇ နှစ်ခန့် ရှိနေပြီ။ အရွယ်ကောင်းချိန်ဖြစ်သည်။ အလုပ်လုပ်၍ ကောင်းချိန်ဖြစ်သည်။ မိန်းမယူမည်ဆိုလျှင် ယူနိုင်ပြီ။ သို့သော် လုပ်စရာတွေ အများကြီးရှိသေးသည်။ မိန်းမယူဖို့ မစဉ်းစားနိုင်သေး။ မြင့်မြင့်သန်းနှင့်ကား မီးဝေးချိပ်ဖြစ်သွားသည်။ သူရော မြင့်မြင့်သန်းပါ နှစ်ယောက်စလုံး သွေးအေးသွားကြသည်။

ရွှေပြည်ကြီးတံတားပြီးလျှင် သောင်းဒန်သည် မြေစမ်းဌာနတွင် သောင်တင်ပြန်သည်။ ထိုအချိန်တွင် နိုင်ငံခြား ပညာတော်သင်သွားရန် အခွင့်အလမ်းတစ်ခု ပေါ်လာသည်။ သွားရမည့်လူ နှစ်ယောက်ဖြစ်သည်။ သောင်းဒန်သည် နှစ်ယောက်အနက် တစ်ယောက်ဖြစ်သည်။ လူငယ်လည်းဖြစ်၊ အလုပ်လည်း လုပ်သူဖြစ်လေရာ သူ့ကို ဌာနကြီးမှူးများက သဘောကျကြသည်။ နောက်တစ်ယောက်ကား အထက်က နိုင်ငံရေးသမားတို့ အရှိန်အဝါနှင့် လျှာထားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ သွားရဖို့ သေချာနေပြီ။ နှစ်နှစ်ပညာတော်သင်သွားပြီး ပြန်လာလျှင် မိန်းမယူတော့မည်။ သောင်းဒန်သည် စိတ်ကူးယဉ်၍ ကောင်းနေသည်။

ထိုအချိန်တွင် သူ့ဆီသို့ တင်ဦးရောက်လာသည်။ တင်ဦးသည် ဆည်မြောင်းဌာနမှ ပညာတော်သင်အဖြစ် အင်္ဂလန်သို့ သွားမည်ဖြစ်သည်။

"သူငယ်ချင်း၊ ငါ့ကို ပြောစမ်းကွာ၊ မင်းနဲ့ စိန်စိန် ဘယ်လောက်အထိ ဖြစ်ခဲ့ကြသလဲ၊ အခု အဆက်အသွယ် ရှိသေးသလား"

သောင်းဒန် အံ့ဩသွားသည်။ ကျောင်းတုန်းက စိန်စိန့်ကို ကြိုက်

ကြသည့်အထဲတွင် တင်ဦးတစ်ယောက် ပါမှန်းသိသည်။ တင်ဦးသာ မဟုတ်။ ထိုအချိန်က အရွယ်ရောက်သူ လူပျိုပေါက်မှန်လျှင် စိန်စိန့်ကို မပိုးဖူးသူ မရှိ။ စိန်စိန်၏ မျက်လုံးဒဏ်ကို မခံနိုင်သူတို့တွင် တင်ဦးလည်း တစ်ယောက်အပါ ဖြစ်သည်။ သို့သော် တင်ဦးသည် ထိထိရောက်ရောက် ပိုးသူ မဟုတ်။ ချောင်းကြည့် ပြုံးပြန်၊ လ သာ တုတ်ခြစ်၊ ထရံခွာ သံစူးမျှသာ ဖြစ်သည်။ သောင်းဒန်နှင့်စိန်စိန် တပူးတွဲတွဲနေမှန်း သိသည်။ ချစ်ကြိုက်နေကြမှန်း သိသည်။ သို့သော် ခရီးမလွန်ကြသေးဟု အများကပင် ယုံကြသည်။ အကြောင်းမူ သောင်းဒန်သည် စိန်စိန်နှင့်ချစ်ကြိုက်ပြီး ဘာမျှမကြာသေးမီအတွင်းမှာပင် ရန်ကုန်သို့ ဆင်းသွားသောကြောင့် ဖြစ်သည်။ ဒီနောက် သောင်းဒန်နှင့်စိန်စိန်တို့ အဆက်ပြတ်သွားသည်မှာ ယခုထိတိုင် ဖြစ်သည်။ ယခု စိန်စိန် လွတ်နေပြီ။

"နေစမ်းပါအုံး၊ အခု မင်း ဘာဖြစ်လာတာလဲ၊ မင်း အင်္ဂလန်သွားတော့ မလို့ မဟုတ်လား၊ စိန်စိန့် ခေါ်သွားမလို့လား"

ဘာမျှမေး၍ မရ။ တင်ဦးသည် တဟဲဟဲသာ ရယ်နေသည်။

"ငါနဲ့ ဘာမှမဖြစ်ဘူး သူငယ်ချင်း၊ မင်းလဲ အသိပဲ"

"ဒါတော့ မညာနဲ့ သောင်းဒန်၊ မင်းတို့ ချစ်နေကြတာ ငါ သိတယ်"

"အေး ဟုတ်ပါတယ် တင်ဦး၊ တို့ချစ်ကြတယ်၊ နောက် ကွဲသွား ကြတယ်"

"အခု စိန်စိန် ရန်ကုန်ရောက်နေပြီပဲဟာ၊ မင်းတို့ ပြန်ဆက်မိကြမှာ ပေါ့"

"မဆက်မိပါဘူးကွာ၊ ငါ့မှာ စိန်စိန့်ထက်သာတဲ့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ ပြီးတော့ စိန်စိန်ကလဲ ..."

သောင်းဒန် ဆက်၍မပြော။

"စိန်စိန်က ဘာဖြစ်သလဲ၊ ဆက်လေကွာ၊ စိန်စိန် အခု ဘာဖြစ်သလဲ၊ စိန်စိန် နေတာထိုင်တာအားလုံး ငါသိတယ်၊ စိန်စိန့်ဆီ နေ့တိုင်းလိုလို ငါ ရောက်နေတာ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ကဲ. . .တင်ဦး ဒါတွေ မပြောနဲ့၊ အခု စိန်စိန်နဲ့

ငါနဲ့ ဘာမှမဖြစ်ဘူး၊ ဆက်လဲ မဆက်မိကြဘူး၊ ဒါပဲ”

“ငါတော့ မယုံဘူး”

“မယုံလဲ ငါ ဘာမှမတတ်နိုင်ဘူး”

“ပေးစမ်းကွာ မင့်သေ့ာ၊ မင့်သေတ္တာ ငါ ရှာကြည့်မယ်”

သောင်းဒန်သည် တင်ဦးကိုကြည့်ကာ တဟားဟား ရယ်မိသည်။ တင်ဦးဆိုတဲ့ကောင် အုံ့ပုန်းပဲဟူ၍လည်း စိတ်ထဲက မှတ်ချက်ချမိသည်။ ယခုကား တင်ဦးသည် မမျိုသိပ်နိုင်တော့ပြီ။ သူ နိုင်ငံခြား သုံးနှစ်သွားမည်။ တစ်နေ့တွင် ဗိုလ်ချုပ်ဈေးရှေ့၌ စိန်စိန်နှင့်တွေ့လာရာမှ ငယ်ငယ်က ကျိတ်ပိုးပိုးခဲ့ရသည်တို့ ပေါ်လာသည်။ ထိုစဥ်ကမူ သူငယ်ချင်းအားလုံး သောင်းဒန်ကို မပြိုင်နိုင်။ ထို့ကြောင့် လက်လျှော့ထားခဲ့ရသည်။ ယခုကား စိန်စိန်လွတ်နေပြီ။ ပြန်၍ဆက်ရသော် သူကလည်း နိုင်ငံခြားသွားတော့မည်။ နိုင်ငံခြားက ပြန်လာလျှင် ရာထူးကောင်းကောင်း၊ နေရာကောင်းကောင်း ရနိုင်မည်။ သူ့ကို စိန်စိန် ငြင်းစရာမရှိ။ သို့ကြောင့် စိန်စိန့်ဆီမှ ကတိစကား တစ်ခုရဖို့ အရေးကြီးနေသည်။ သို့သော်လည်း စိန်စိန့်အကြောင်း တွေးလိုက်လျှင်၊ စိန်စိန့်မျက်နှာ မြင်လိုက်လျှင် စိန်စိန်နှင့် ဆက်စပ်နေသော သူ့သူငယ်ချင်း သောင်းဒန်၏ မျက်နှာသည် အလိုလို ပေါ်လာသည်။ စိန်စိန့်ကို စာမေးပွဲခန်းတွင် အဖြေစာအုပ်ပေးမိသဖြင့် သောင်းဒန် ဂျီတီအိုင်ကျောင်း ရောက်လာပုံတို့ တရေးရေး ပေါ်လာသည်။ စိန်စိန်နှင့် သောင်းဒန်၊ သောင်းဒန်နှင့် စိန်စိန်၊ တင်ဦး ကြာကြာစိတ်ရှုပ်မခံတော့ဘဲ သောင်းဒန်ရှိရာ ပြေးလာခဲ့သည်။

“ရော့ပါဗျာ၊ မင်း မယုံရင် ရှာကြည့်ပါ”

သောင်းဒန်၏ သေတ္တာထဲတွင် ဘာမျှမရှိ။ စိန်စိန်၏ စာအားလုံးကို စိန်စိန် ပြန်တောင်းသဖြင့် ပြန်ပေးလိုက်ပြီး ဖြစ်သည်။

“ဒီဓာတ်ပုံကကောကွ၊ ဘယ်တုံးက ပေးတာလဲ”

စိန်စိန့်ဓာတ်ပုံကို သောင်းဒန် မေ့နေသည်။

“ဒါလား . . ဟိုတုန်းက ပေးထားတာပါကွာ၊ သူ ပြန်မတောင်းလို့ ငါ မပေးဘဲထားတာ၊ ပြန်တောင်းရင်တော့ ပေးလိုက်မှာပါ”

"ပေးမနေနဲ့၊ ဒီဓာတ်ပုံ ငါ့ပေးလိုက်"

"ယူပါဗျာ၊ ယူသွားပါ"

တင်ဦး ကျေနပ်သွားသည်။

တင်ဦးသည် စိန်စိန့်ဓာတ်ပုံကိုပိုက်ကာ အင်္ဂလန်သို့ သွားလေပြီ။ သူတို့နှစ်ယောက် ဘယ်လိုနားလည်မှုရှိကြသည်ကို သောင်းဒန်မသိ။ ယခုနေအခါတွင် သောင်းဒန်အဖို့ စိန်စိန့်ကိုလည်း မစဉ်းစားအား။ စိန်စိန်နှင့် တင်ဦး၏ ဆက်ဆံရေးသစ်ကိုလည်း စိတ်မဝင်စား။ သူ့အတွက် အရေးကြီးသည်မှာ ပညာတော်သင်သွားရေးပင် ဖြစ်သည်။ သွားရေးမှာလည်း သေချာနေပြီ။ သို့သော် သူမပိုင်သည့် အကြောင်းအချက်တို့ ရှိနေသည်ကို သူမသိ။ သွားရခါနီးတော့မှ သူ့ကိုမရွေးဘဲ နိုင်ငံရေးအရှိန်အဝါနှင့် သူ့အစား တစ်ယောက်ကို သူ့နေရာတွင် ရွေးလိုက်သည်။ ဌာနအကြီးအကဲတို့လည်း မတတ်နိုင်။ မူလက ရွေးထားသူနှစ်ယောက်တွင် သောင်းဒန်သာ နေရာဖယ်ပေးလိုက်ရသည်။ နောက်တစ်ယောက်ကိုမူ မတို့ရဲ။ ထိုတစ်ယောက်သည်လည်း နိုင်ငံရေးအရှိန်အဝါ အကပ်အရပ်နှင့် ရွေးချယ်ခြင်းခံရသူ ဖြစ်သည်။

သောင်းဒန်အဖို့ မျှော်လင့်ချက် ဆုံးပါးသွားပြီ။ သောင်းဒန် အကြီးအကျယ် စိတ်ညစ်သွားသည်။ သို့သော် မတတ်နိုင်။ သူ့တွင် အားကိုးမရှိ။ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးသည်။ ကိုယ့်ပညာကိုယ် အားကိုးသည်။ ဒီနေရာတွင် သူ မဆိုထားနှင့်၊ သူ့ကို စောင်မကြည့်ရှုသည့် ဆရာသမားတို့ပင် မတတ်နိုင်။ သောင်းဒန်ကား အညာသား။ အငယ်တန်း အင်ဂျင်နီယာလေး တစ်ယောက်မျှသာ ဖြစ်သည်မဟုတ်လား။ သို့နှင့် သူ စိတ်လေခဲ့သည်။ ထိုအချိန်တွင် ကမ္ဘောဇတိုင်းနှင့် မြန်မာပြည်မကိုဆက်သည့် လမ်းသစ်တစ်ခုတွင် တံတားဆောက်ရန် လုပ်ငန်းတစ်ခုပေါ်လာသည်။ ထိုမတိုင်မီလေးမှာပင် မြင့်မြင့်သန်းနှင့် ပြန်၍ဆက်မိသည်။ မြင့်မြင့်သန်းသည် ရန်ကုန်တက္ကသိုလ် သင်္ချာဌာနတွင် နည်းပြဆရာမ ဖြစ်နေပြီ။ မဟာသိပ္ပံတန်း ဆက်၍တက်နေသည်။ ဒီတစ်ခါတွင်မူ မြင့်မြင့်သန်း၏ အညှုအတောတို့သည် စိန်စိန်၏ ရီဝေဝေမျက်လုံးအစုံထက် ပိုခရီးရောက်သွားသည်။ မြင့်မြင့်သန်းဆီ နေ့တိုင်းသွား

သည်။ တစ်ခါစကားပြောလျှင် နှစ်နာရီခန့် ကြာသည်။ ညနေ ၄ နာရီမှ ၆ နာရီ အထိ နေ့တိုင်းလိုလိုပင် အင်းလျားဆောင်၌ အချိန်ကုန်လေ့ရှိသည်။

သို့နှင့် ကမ္ဘောဇတံတားငယ်တစ်ခု ဆောက်အပြီးတွင် သောင်းဒန်သည် မြင့်မြင့်သန်းနှင့် လက်ထပ်လိုက်လေသည်။ စိတ်ဓာတ်ပျက်ခြင်း၊ စိတ်အားငယ်ခြင်းတို့သည် မြင့်မြင့်သန်း၏ အပြုအစု၊ အယုအယတွင် ကြေလွင့်ပျက်ပြုန်းကြရလေသည်။

ထို့နောက် သောင်းဒန်သည် ရန်ကုန်နှင့်ပဲခူးတို့တွင် တစ်လှည့်စီလိုလို တာဝန်ထမ်းရသည်။ ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရတက်သည့်အခါတွင်ကား ဥက္ကလာပမြို့သစ်တည်သည့်အဖွဲ့တွင် တာဝန်ကျလေသည်။ ထို့နောက် ရန်ကုန်ခရိုင်ရုံးတွင် တာဝန်ကျသည်။ ထိုအချိန်တွင် တော်လှန်ရေးအစိုးရတက်လာသည်။ သောင်းဒန်နှင့် မြင့်မြင့်သန်းတို့တွင် သားသမီးသုံးယောက်ပင် ထွန်းကားလာပြီ။ မြင့်မြင့်သန်းကား မဟာသိပ္ပံအောင်ကာ ရန်ကုန်တက္ကသိုလ်မှာပင် နည်းပြဆရာမအဖြစ် မြဲနေသည်။ သူတို့သည် ထိုအချိန်အထိ အိုးမကွာ အိမ်မကွာ နေကြရသည်။ ပဲခူးပြောင်းရစဉ်ကမူ မြင့်မြင့်သန်းနှင့် ကလေးနှစ်ယောက် ရန်ကုန်တွင် နေရစ်ခဲ့သည်။ ပဲခူးတွင် မကြာလှ။ ဥက္ကလာပမြို့သစ်အဆောက်တွင် ရန်ကုန်သို့ ပြန်ရောက်လာသည်။

တော်လှန်ရေးအစိုးရတက်လာပြီးနောက် တံတားဆောက်ရန် အခွင့်အလမ်းတစ်ခု ပေါ်လာပြန်သည်။ ယင်းမှာ ရန်ကုန်ဆင်ခြေဖုံးတွင် ရွှေပြည်ကြီးချောင်းကိုဖြတ်ကူးမည့် သီရိကျက်သရေတံတား ဆောက်လုပ်ရေးပင်ဖြစ်သည်။ သီရိကျက်သရေတံတားကို ကိုလံဘိုစီမံကိန်းအကူအညီအရ အင်္ဂလိပ်အစိုးရက သိန်း ၁၆၀ အကုန်အကျခံကာ ဆောက်လုပ်ပေးမည်။ ဆောက်လုပ်မည့်သူမှာ အင်္ဂလန်ပြည်မှ မက်ကောကန်ထရိုက်များ ဖြစ်သည်။ ထိုအချိန်တွင် သောင်းဒန်၏သူငယ်ချင်းများဖြစ်ကြသော သော်ကောင်းနှင့် ကျော်ဆွေတို့ ရန်ကုန်သို့ရောက်နေကြပြီ။ သော်ကောင်းသည် ဥက္ကလာပမြို့သစ်ဆောက်လုပ်ရေးမှာ တာဝန်ယူအပြီး ရုံးချုပ်တွင် စားပွဲထိုင်ရသော အလုပ်တစ်ခု၌ မြဲနေသည်။ ကျော်ဆွေကား ဟံသာဝတီခရိုင်တွင် တာဝန်ထမ်းရသည်။ သူငယ်ချင်း

တစ်သိုက် ရန်ကုန်တွင် ပြန်ပေါင်းထုပ်ကြသည့်အချိန်ဖြစ်သည်။ အတွေ့အကြုံလည်း စုံနေကြပြီ။ ရာထူးအားဖြင့်မူ သူတို့တစ်သိုက်တွင် သောင်းဒန် အငယ်ဆုံးဖြစ်သည်။ သော်ကောင်းရော ကျော်ဆွေပါ လမ်းဝန်ထောက်များဖြစ်ကြသည်။ သောင်းဒန်သာလျှင် လမ်းဗိုလ်ဘဝ၌ ရှိနေသေးသည်။

သီရိကျက်သရေ တံတားဆောက်လုပ်ရေးတွင် မက်ကောကန်ထရိုက်များနှင့်တွဲလျက် အလုပ်လုပ်ရမည့် မြန်မာအင်ဂျင်နီယာတစ်ယောက် လိုနေသည်။ တံတားဆောက် အတွေ့အကြုံရှိသူကို ပို၍လိုချင်သည်။ သောင်းဒန်လည်း ထိုအချိန်တွင် ရာထူးတက်ဖို့ နီးနေသည်။ ရာထူးတက်လျှင် နယ်သွားရမည်။ မြင့်မြင့်သန်းက ရန်ကုန်တွင် မြဲနေသည်။ သူက နယ်သွားရလျှင် အဆင်မပြေ။ အဆင်ပြေမည့်နည်းမှာ တစ်ခုသာ ရှိသည်။ သီရိကျက်သရေ တံတားဆောက်လုပ်ရေးသို့ ဝင်လိုက်ရန်ပင် ဖြစ်သည်။

သောင်းဒန်ကား ရန်ကုန်တွင် မနေချင်တော့။ ရန်ကုန်ကို ငြီးငွေ့လာပြီ။ ရာထူးတက်ကာ နယ်သို့ ပြောင်းချင်သည်။ မြင့်မြင့်သန်းကို အလုပ်မှ ထွက်ခိုင်းမည်။ နယ်တွင် ကျောင်းဆရာမဝင်၍ လုပ်ခိုင်းမည်။ မဟာသိပ္ပံရင့်မာကြီးတစ်ယောက်လုံးဖြစ်နေရာ အထက်တန်းပြဆရာမ တစ်နေရာတော့ ရကောင်းရဲ့ဟု သောင်းဒန် တွက်ထားသည်။ သို့သော်လည်း မြင့်မြင့်သန်းက ရန်ကုန်မှ မခွာချင်။ ထို့ကြောင့် "သီရိကျက်သရေမှာပဲ လုပ်လိုက်ပါမောင်ရဲ့" ဟု တိုက်တွန်းသည်။

"မောင်လဲ အတွေ့အကြုံရတာပေါ့"

ဟုတ်ပါသည်။ အတွေ့အကြုံကို သူ လိုချင်ပါသည်။ သို့သော်လည်း ရခဲ့သည့်အတွေ့အကြုံများကို သောင်းဒန် စိတ်နာနေသည်။ အလုပ်ကို ဖိဖိစီးစီးလုပ်သည်။ စေတနာထား၍ လုပ်သည်။ နေ့မအား ညမအားလုပ်သည်။ သို့ရာတွင် အခွင့်အလမ်းပေါ်၍ ချီးမြှင့်စရာရှိသည့်အခါ သောင်းဒန်တို့ ဘေးဖယ်ခံရသည်။ နိုင်ငံခြားသို့ ပညာတော်သင်သွားရန် အရွေးခံရပြီးလျက် ကျန်ခဲ့ရသည်။ ထိုအချိန်ကား နိုင်ငံရေးအစိုးရလက်ထက် ဖြစ်လေသည်။

"မောင်တို့ဟာ အင်ဂျင်နီယာတွေ၊ ဆောက်လုပ်ရေးသမားတွေ၊ အတွေ့

အကြံကို ရှာရမယ်၊ ရတဲ့အတွေ့အကြုံတွေနဲ့ လမ်းသစ်တွေ ဖောက်ရမယ်၊ တံတားသစ်တွေ ဆောက်ရမယ်၊ တိုက်တာအိမ်ခြေ အဆောက်အအုံသစ်တွေ ဆောက်ရမယ်၊ လုပ်ရင်းကိုင်ရင်းနဲ့ ပညာပြည့်လာမယ်၊ ဒါမှ တိုင်းပြည်ကို အကျိုးပြုရာရောက်မယ်၊ တိုင်းပြည်က ပေးတဲ့လခယူ၊ စားပွဲကုလားထိုင်ပေါ် ရောက်ရင် ပင်ပင်ပန်းပန်း မလုပ်ချင်၊ ရေသာခိုနေ၊ မောင်တို့ ဒီလိုလူစားမျိုး မဟုတ်ဘူး၊ အင်ဂျင်နီယာရဲ့အလုပ်ဟာ ရုံးပေါ်မှာမရှိဘူး၊ အပြင်မှာရှိတယ်၊ တိုက်တာအဆောက်အအုံတွေ၊ လမ်းတွေ၊ တံတားတွေမှာရှိတယ်၊ အင်ဂျင်နီယာဟာ အုပ်ချုပ်ရေးသမား မဟုတ်ဘူး၊ တည်ဆောက်ရေးသမား၊ ဒီတော့”

“ကဲ . . . တော်ပါတော့၊ မြင့်ကို တရားဟောမနေပါနဲ့၊ မောင့်လုပ်ဖော်ကိုင်ဖက်တွေ သွားပြီးဟောပါ၊ မြင့်တော့ ရန်ကုန်မှာ မောင်နဲ့ မခွဲမခွာနေချင်တာပဲ၊ ဒါ့ကြောင့် မောင့်ကို သီရိကျက်သရေတံတားမှာ လုပ်ခိုင်းတာပဲ”

“ဟိုကောင် ကြည့်ပါလား၊ သိုက်ထွန်းလေ၊ နယ်ကနေ ရန်ကုန်ရုံးကြီးလဲရောက်ရော ဗိုက်ရွှဲလာပြီး အရာရှိဆန်လာတာပဲ၊ ဒီကောင် ရန်ကုန်ကို လာချင်တာ မဟုတ်ဘူး၊ နယ်မှာနေချင်တာ၊ ပြည်တော်သာခေတ်တုန်းက သိပ်ပွတာပေါ့၊ ပြည်နယ်တစ်ခုမှာ လမ်းတွေဖောက်လိုက်တာ သောင်းချီသိန်းချီပြီး ရတယ်လို့ ပြောကြတာပဲ၊ အဲဒီမှာ လမ်းတွေ ဘယ်လိုပဲဖောက်ပေမဲ့ မိုးတွင်းရောက်တော့ တောင်ပြိုပြန်ရော၊ လမ်းတွေ ဖုံးသွားပြန်ရော၊ နောက်တစ်နှစ်ထပ်ပြီး ဖောက်ပြန်ရော၊ ကန်ထရိုက်လဲ ပွ၊ အင်ဂျင်နီယာလဲ ပွလို့ ဆိုကြတာပဲ”

“ဒါတွေက ပြည်တော်သာခေတ်ကပါ မောင်ရယ်၊ အခုခေတ်မှာ ဒါမျိုးတွေ မရှိတော့ပါဘူး၊ ကန်ထရိုက်စနစ်တွေတောင် ဖြုတ်ပစ်ပြီပဲဟာ”

“ကန်ထရိုက် အငယ်လေးတွေတော့ ရှိပါသေးတယ်ကွာ၊ ဟား. . .ဟား၊ ငါ မှတ်မိသေးတယ်၊ ကန်ထရိုက်အသေးစားကလေးကလဲ အင်ဂျင်နီယာကို အရက်တော့ တိုက်ရသေးတာပဲ၊ တို့ရဲဘော် ကိုအုန်းဖေပေါ့ အိမ်စောင့်အစိုးရလက်ထက်မှာ ကိုအုန်းဖေ ထောင်ကျတယ်၊ ထောင်က လွတ်လာတော့ ဦးနုအစိုးရနဲ့ ဗိုလ်ချုပ်ကြီးရဲ့တော်လှန်ရေးအစိုးရအကူးမှာ ကိုအုန်းဖေက

ကန်ထရိုက်လုပ်တယ်လေ၊ အင်းစိန်ဘက်မှာ အစိုးရအိမ်ကလေး နှစ်လုံး ဆောက်စရာရှိတယ်၊ မောင်နဲ့သော်ကောင်းတို့တစ်တွေ ဝိုင်းပြီး ဈေးအနည်း ဆုံး တင်ဒါတွက်ပေးလိုက်တယ်၊ ရနိုင်အောင်ကို တွက်ပေးလိုက်တာ၊ ရပါလေ ရောဗျာ၊ ခင်ဗျား ဒီတစ်ခါတော့ နည်းနည်းပဲ မြတ်မယ်၊ ကိစ္စမရှိဘူး၊ ဆက်လုပ်၊ ဒါမှ ကန်ထရိုက်စာရင်းဝင် ဖြစ်သွားမယ်၊ တခြား အိမ်သာဆောက်၊ ဆေးသုတ်၊ အဟောင်းပြင်ဆိုတဲ့ဟာလေးတွေ ရမှာပဲ၊ အဲဒါတွေက ကျန်တာနဲ့ ထေရမှာပေါ့၊ နောက်တော့ မြတ်လိမ့်မယ်လို့ မြှောက်ပေးရတာပေါ့၊ အဲဒါ အိမ်ကလေးနှစ်လုံးဆောက်ပြီး ငွေတောင်း၊ ငွေတောင်းတော့ တစ်ရစ်စီ တစ်ရစ်စီတောင်းရတယ်၊ အင်ဂျင်နီယာဘက်ကတိုင်းတာပြီး ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ပစ္စည်းများ ကောင်းပါတယ်၊ အမျိုးမှန်ပါတယ်ဆိုမှ တာဝန်ခံ အင်ဂျင်နီယာက လက်မှတ်ထိုးပေးတာကိုး၊ အဲဒါ လက်မှတ်ထိုးမဲ့ အင်ဂျင်နီယာ ဦးသောင်းစိန်ဆိုတာက အင်တင်တင်လုပ်နေလို့ တို့တစ်တွေ ကိုအုန်းဖေကို ဝီစကီပုလင်း အဝယ်ခိုင်း၊ ဦးသောင်းစိန်ဆီ သွား၊ ဦးသောင်းစိန်နဲ့ ဝီစကီ သောက်ကြ၊ ဦးသောင်းစိန်လဲ တို့တစ်တွေပါလာတော့ ခပ်လန့်လန့်ဖြစ်နေ တာပေါ့၊ သူ့မှာလဲ တာဝန်ဝတ္တရားအရသာ အင်တင်တင်လုပ်ရတာ တူပါရဲ့၊ တို့က ဒါ ကျွန်တော်တို့သူငယ်ချင်း ကိုအုန်းဖေပဲ၊ ခေတ်ကောင်းရင် ဝန်ကြီး တောင် ဖြစ်နိုင်တယ်၊ ခုခေတ်မကောင်းလို့ ကန်ထရိုက်လုပ်နေရတာ ဘာညာနဲ့ လုပ်ရတာပေါ့၊ ဦးသောင်းစိန်က ခင်ဗျားတို့ လူသိုက်တော့ ကြောက်ပါပြီဗျာ ဆိုပြီး ရှောရှောရှူရှူ လက်မှတ်ထိုးပေးလိုက်တယ်၊ ကိုအုန်းဖေခမျာ မမြတ်ရှာ ပါဘူးကွာ၊ အရင်းသာသာပဲ ရသွားရှာတယ်”

“အခု အဲဒီ ကိုအုန်းဖေ ဘယ်ရောက်နေလဲ”

“ကုန်သွယ်ရေးမှာလေ၊ လခ ရှစ်ရာလောက်ရနေတယ်၊ တစ်နေ့ ကတောင် ဦးသောင်းစိန်တစ်ယောက် သူ့အကူအညီနဲ့ ရှားပါးတဲ့ပစ္စည်း တွေ ထုတ်လာသေးတယ်၊ ဟား . . . ဟား . . . ဟား၊ တို့လူ မခေဘူးဆိုတာ တော့ ဦးသောင်းစိန် ကောင်းကောင်းသိနေပြီကွ”

“ကဲပါ . . . ဒါတွေ အသာထားစမ်းပါအုံး၊ ဘယ်လိုလဲ၊ သီရိကျက်သရေ

မှာ လုပ်မယ်မဟုတ်လား”

“အင်း . . . မြင့်က လုပ်စေချင်တယ်ဆိုတော့ လုပ်ရတော့မှာပေါ့ကွာ”

“တော်ပါ၊ ပိုမနေပါနဲ့”

ဤသို့ဖြင့် သောင်းဒန်သည် သီရိကျက်သရေတံတား ဆောက်လုပ်ရေးတွင် မက်ကောကန်ထရိုက်များနှင့် တွဲ၍လုပ်ရသည်။ ထိုအချိန်တွင် သူ၏ ရာထူးသည်လည်း လမ်းဗိုလ်မှ လမ်းဝန်ထောက်အဆင့်သို့ တက်သွားလေပြီ။ သို့သော်လည်း သူ့ကိုမူ မြန်မာအစိုးရလမ်းလုပ်ငန်းဌာနက မက်ကောကန်ထရိုက်သို့ ငှားလိုက်ရသည်။ မက်ကောက သောင်းဒန်ကို တစ်လ ၆၀၀ ပေးသည်။ သူနှင့်အတူ လမ်းလုပ်ငန်းဌာနမှ အင်ဂျင်နီယာများလည်း သီရိကျက်သရေတံတားဆောက်လုပ်ရေးတွင် တွဲဖက်လုပ်ကိုင်ကြသည်။ ထိုအထဲတွင် သော်ကောင်းပါလာသည်။

သောင်းဒန်သည် မစ္စတာဟန့်တား၊ မစ္စတာဒေးဗီးဟုခေါ်သော အင်္ဂလိပ်အင်ဂျင်နီယာနှစ်ယောက် အောက်၌ လုပ်ရသည်။ ဒီအခါတွင်မှ နိုင်ငံခြားကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းကို သူတို့ နီးနီးကပ်ကပ် လေ့လာရသည်။ ဟန့်တားနှင့် ဒေးဗီးတို့ အုပ်ချုပ်သည်မှာ အင်ဂျင်နီယာဌာနဖြစ်သည်။ အခြားဌာနတစ်ခုမှာ ဆောက်လုပ်ရေးဌာန ဖြစ်သည်။ အင်ဂျင်နီယာဌာနက ဆောက်လုပ်ရေးအတွက် တွက်ချက် တိုင်းတာကာ ပုံစံထုတ်ပေးရသည်။ လုပ်ထုံးလုပ်နည်း ညွှန်ကြားပေးရသည်။ ဆောက်လုပ်ရေးဌာနက အင်ဂျင်နီယာဌာနမှ ထုတ်ပေးသော ပုံစံအတိုင်း၊ ညွှန်ကြားချက်အတိုင်း ဆောက်လုပ်သည်။ ဆောက်လုပ်ရေးတွင်လည်း ဘရိုက်၊ ကောလင်း၊ မက်ဟီး စသော အင်ဂျင်နီယာများက ဦးစီးသည်။ မြန်မာအစိုးရ လမ်းလုပ်ငန်းဌာနက ကျွမ်းကျင်သော အလုပ်သမားများ ခန့်ထားပေးရသည်။ အတွေ့အကြုံကောင်းများစွာ ရလေသည်။

ထိုအတွင်း အခွင့်အရေးတစ်ခု ပေါ်ပြန်သည်။ ယင်းမှာ အင်ဂျင်နီယာဌာန၏ လက်ထောက်အင်ဂျင်နီယာဖြစ်သော ဒေးဗီးသည် ကိုယ်ရေးကိုယ်တာကိစ္စနှင့် အင်္ဂလန်သို့ ပြန်သွားသည်။ ထိုအခါ မက်ကောကန်ထရိုက်ကုမ္ပဏီ

က လူသစ်ထပ်မပို့တော့။ အင်ဂျင်နီယာချုပ် ဟန့်တားက သောင်းဒန်ကို လက်ထောက်အင်ဂျင်နီယာနေရာ၌ လုပ်ကိုင်စေသည်။ ဟန့်တားသည် သောင်းဒန်နှင့် သက်တူရွယ်တူပင် ဖြစ်သည်။ လန်ဒန်က အမ်အက်စ်စီ အင်ဂျင်နီယာဘွဲ့ကို ရသည်။ သောင်းဒန်ကို သင်ကြားပြသပေးသည်။ သောင်းဒန်နှင့် ဆွေးနွေးဝေဖန်သည်။ သောင်းဒန်လက်အောက်တွင် ကျောင်းဆင်းစ ဘီအက်စ်စီအင်ဂျင်နီယာ ၆ ယောက်ရှိသည်။ သောင်းဒန်သာမဟုတ်၊ ဦးခင်မောင်ရင်၊ ဦးခင်မောင်ရီ၊ ဦးသော်ကောင်း၊ ဦးဇော်ဝင်း စသူတို့လည်း အတွေ့အကြုံရကြသည်။ သူတို့အားလုံး တိုင်တိုင်ပင်ပင် လုပ်ကြသည်။ သူတို့သည် နိုင်ငံခြားသားများနှင့် တွဲဖက်လုပ်ကိုင်နေရသည်ဖြစ်ရာ မြန်မာ့ဂုဏ်မပျက်စေရအောင်၊ မြန်မာ့နာမည်မပျက်စေရအောင် အလုပ်ကိုလေးလေးစားစားလုပ်ကြသည်။ အလုပ်ချိန်ကိုလည်း လေးစားကြသည်။

သီရိကျက်သရေတံတားတွင် ထူးခြားချက်တစ်ခုရှိသည်။ ယင်းကား မြန်မာအင်ဂျင်နီယာသမိုင်းတွင် ပထမဆုံးအကြိမ် ကြိုတင်အားဖြည့်ကွန်ကရစ်ပေါင် အသုံးပြုခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံခြားတိုင်းပြည်များတွင် ကြိုတင်အားဖြည့်ကွန်ကရစ်ကို အများအပြားအသုံးပြုနေကြသည်။ ယင်းသို့ အသုံးပြုခြင်းဖြင့် စရိတ်သက်သာသည်။ မြန်မာနိုင်ငံတွင်ကား တံတားမှန်သမျှကို သံမဏိပေါင်များ၊ သံမဏိရက်မများဖြင့်အသုံးပြုကာ ဆောက်လုပ်ကြသည်။ ယင်းသံမဏိဘောင်များကို တစ်ကမ္ဘာလုံးသို့ အင်္ဂလန်ပြည်ရှိ အာရ်ပီတီကော်ပိုရေးရှင်းက ဖြန့်ချိသည်။ ရင်ဒယ်ပါလမာနှင့် ထရစ်ဒွန်ကော်ပိုရေးရှင်းမှာ ယင်း၏ နာမည်အရှည်ဖြစ်သည်။ အာရ်ပီတီထရတ်တံတားဆိုလျှင် အင်ဂျင်နီယာတိုင်း နားလည်ကြသည်။ ဤသံမဏိပေါင်၊ သံမဏိရက်မခေတ်ကား ကုန်ခဲ့ပြီ။ ယခုအခါ အင်ဂျင်နီယာလောကတွင် ကြိုတင်အားဖြည့်ကွန်ကရစ် ခေတ်စားလာသည်။ အကြောင်းမှာလည်း ယင်းသည် သံမဏိပေါင်ထက် ငွေကုန်ကြေးကျ ပို၍သက်သာသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံလို မဖွံ့ဖြိုးသေးသည့် တိုင်းပြည်များ၊ နိုင်ငံခြားငွေ မသုံးနိုင်သည့် တိုင်းပြည်များ၊ သံမဏိမထွက်သည့် တိုင်းပြည်များအတွက်

အလွန်သင့်လျော်သည့် ပစ္စည်းများဖြစ်သည်။ တံတားတစ်ခုကို သံမဏိပေါင် ဖြင့် ဆောက်မည်ဆိုလျှင် နိုင်ငံခြားငွေ ၆၀ ရာခိုင်နှုန်း သုံးရမည်။ ကြိုတင် အားဖြည့်ကွန်ကရစ်ပေါင်နှင့်ဆောက်လျှင်ကား နိုင်ငံခြားငွေ ၄ ရာခိုင်နှုန်းသာ သုံးရမည်။ သို့ရာတွင် လိုချင်သော အတိုင်းအတာရအောင် ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင်တစ်ခုဆောက်ဖို့ အတွေ့အကြုံလိုသည်။ အတွက်အချက်၊ အချိန်အဆ လိုသည်။

အင်္ဂလိပ်အင်ဂျင်နီယာများက သီရိကျက်သရေတံတားတွင် ကြိုတင် အားဖြည့်ကွန်ကရစ်ပေါင်ကို အသုံးပြုသွားသည်။ သီရိတံတားသည် အလျား ၈၈၉ ပေရှိ၍ အကျယ် ပေ ၄၀၊ အမြင့် ပေ ၄၀ ရှိသည်။ တိုင် ၈ လုံးပေါ်တွင် တင်ထားသည်။ တိုင်များကို ရွှံ့ပြည်ကြီးချောင်းတွင် စိုက်ရသည်။ အခန်း တစ်ခန်းတွင် ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင် ၆ ခု တင်သည်။

ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင်ဆိုသည်မှာ အင်္ဂလိပ်အက္ခရာ အိုင်ပုံသဏ္ဍာန်ရှိ ကွန်ကရစ်ရက်မကြီးပင်ဖြစ်သည်။ အလျား ပေ ၁၀၀၊ အမြင့် ၅ ပေ ရှိသည်။ ယင်းမှာ ကြိုတင်အားဖြည့်ကွန်ကရစ်နည်းဖြင့် ပုံသွန်းထား ခြင်းကြောင့် ဤမျှ သေးငယ်နေရခြင်း ဖြစ်သည်။ တံတားပေါ်တွင် တန် ၄၀ အလေးချိန်ရှိသည့် မော်တော်ကားဖြတ်လျှင် ခံနိုင်ရည်ရှိသည်။ ဤနည်းဖြင့် မဟုတ်ဘဲ ရိုးရိုးနည်းဖြင့် ကွန်ကရစ်ပေါင်တစ်ခုပုံလောင်းမည်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ သို့သော် ဝန်ကျယ်လာမည်။ ပို၍ လေးလာမည်။ အကိုင်ရ၊ အတွယ်ရ ခက်ခဲလာမည်။ အလျား ပေ ၁၀၀၊ အမြင့် ၅ ပေရှိသော ကြိုတင် အားဖြည့်ကွန်ကရစ်ရက်မ၏ ခံနိုင်ရည်အားနှင့်တူညီသော ရိုးရိုးကွန်ကရစ် ရက်မတစ်ခု ပုံလောင်းမည်ဆိုလျှင် အမြင့် ၁၀ ပေမျှ ရှိရလိမ့်မည်။ ဤတွင် ကွန်ကရစ်အကုန်အကျလည်း သက်သာသည်။ အရေးကြီးသည့် အစိတ် အပိုင်းမှာ အားဖြည့်သံကြိုးဖြစ်သည်။ ယင်းသည် တစ်မတ်လုံးအရွယ်ရှိ သည်။ ပေ ၁၀၀ ရှည်သော ပေါင်တစ်ခုတွင် တစ်မတ်လုံး အားဖြည့်သံမဏိ ကြိုး ၁၂ ခုပူး တစ်ချောင်းစီ ၈ ချောင်းထည့်ရသည်။ ပထမ ကွန်ကရစ်ပုံ လောင်းလိုက်သည်။ အားဖြည့်သံမဏိကြိုးများထည့်ရန် နေရာချန်ထားသည်။

ပုံလောင်း၍ ၂၈ ရက်ရှိသည့်အခါ အားဖြည့်သံမဏိကြိုးများကို ဆွဲဆန့်သည့် ကိရိယာဖြင့် နှစ်ဖက်ဆွဲဆန့်ကာ ညှပ်ထားလိုက်သည်။

ဤသည်မှာ ဈေးလည်းသက်သာ၊ ဝန်လည်းကျဉ်းသော ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ သဘောပင်ဖြစ်သည်။ ပုံလောင်းရာတွင်၊ သံမဏိကြိုးများ ထည့်ရာတွင် တွက်နည်း၊ ချက်နည်းများ ရှိသည်။

သောင်းဒန်တို့ လူသိုက်သည် အင်္ဂလိပ် အင်ဂျင်နီယာများထံမှ တွက်နည်း ချက်နည်းရော၊ လုပ်ထုံးလုပ်ဟန်ပါ ရအောင်ယူလိုက်သည်။

သီရိတံတားပြီးခါနီးတွင် သောင်းဒန်သည် သီရိချဉ်းကပ်လမ်းကိုလည်းကောင်း၊ သရက်သီးဈေး တံတားကိုလည်းကောင်း ဆောက်လုပ်ရန် တာဝန်ကျသည်။ သရက်သီးဈေး ခုံးတံတားကို ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင်များဖြင့် ပထမဆုံး တီထွင်ဆောက်လုပ်ခဲ့သည်။ ထိုတံတား၏အလျားမှာ ပေ ၇၀ သာ ရှိသည်။ ထိုတံတားသည် အောင်မြင်သည်။ သောင်းဒန်ကို လူကြီးများ မျက်မှန်းတန်းမိနေပြီ။ သောင်းဒန်၏လုပ်ရည်ကိုင်ရည်ကို လူကြီးများ လေးစားစ ပြုလာသည်။

ထိုအချိန်တွင် စင်ရော်ချောင်းတံတား ဆောက်လုပ်ရေးအတွက် အင်ဂျင်နီယာ ရှာနေကြသည်။ ရှည်ရှည်ဝေးဝေး စဉ်းစားလေလေ ဦးနှောက်ခြောက်လေလေ ဖြစ်နေကြသည်။ နီးနီးနားနားတွင် သောင်းဒန် ရှိနေသည်။ သောင်းဒန်ကမူ စင်ရော်ချောင်းတံတားကို သူပဲ ဆောက်ရမည်ဟု နားလည်ထားသည်။ မကြာပါ။ နီးနီးနားနားတွင် ရှိနေသော သောင်းဒန်ကိုပင် စင်ရော်တံတား ဆောက်လုပ်ရေးအတွက် တာဝန်ပေးလိုက်လေသည်။ သောင်းဒန်ဝမ်းသာသည်။ တံတားဆောက်နိုင်သူတွေ အများအပြားရှိသည့်အနက် သူ့ကိုမှရွေး၍ စင်ရော်တံတား ဆောက်ခိုင်းသည့်အတွက် သူ ကြိုးစားရတော့မည်။ အတွေ့အကြုံတစ်ခု တိုးလာတော့မည်ဟု ယုံကြည်ကာ ဝမ်းသာသည်။ သူရခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်တို့နှင့်ဆိုလျှင် စင်ရော်တံတားကို သူ ဆောက်နိုင်မည်ဟု ယုံကြည်သည်။ တစ်ဖက်တွင်မူ သူတို့တွင် အတွေ့အကြုံ လိုသေးသည်။ လေ့လာဆည်းပူးစရာများ လိုသေးသည်။ ရုံးတွင်

ထိုင်ရသည့် ရုံးအလုပ်ကို သောင်းဒန်မကြိုက်။ တလှုပ်လှုပ် တရှားရှားနှင့် လုပ်နေကိုင်နေချင်သည်။ သို့သော် အိမ်သူသက်ထားကိုကား နားလည်အောင် ပြောပြရလိမ့်မည်။ ခွင့်ပြုအောင် မနည်းပင် ဖျောင်းဖျရလိမ့်မည်။ ယခုအတိုင်းဆိုလျှင်ကား စင်ရော်တံတားဆောက်မည့်သူသည် သောင်းဒန်။

× × × × ×

၃

သူတို့အဖွဲ့တွင် လူခြောက်ယောက် ပါသည်။ သောင်းဒန်နှင့် သော်ကောင်းမှာ ထိုအဖွဲ့တွင် လက်တွေ့အကောင်အထည်ဖော်မည့်သူများ ဖြစ်သည်။ သူတို့အဖွဲ့သည် လေ့လာရေးအဖွဲ့လည်း ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်လေးယောက်မှာ သူတို့အထက်မှ တာဝန်အဆင့်ဆင့်ရှိသူများ ဖြစ်ကြသည်။ သူတို့သည် ရန်ကုန်မှ စိမ့်မြိုင်သို့ ရောက်လာကြသည်။ စိမ့်မြိုင်တွင် တာဝန်ရှိသူတို့နှင့် တွေ့ရသည်။ နယ်ဘက်၊ စစ်ဘက် အစုံအညီပင် ဖြစ်သည်။ သူတို့အဖွဲ့ကား စင်ရော်တံတားဆောက်လုပ်ရေး၏ ပဏာမလေ့လာရေးအဖွဲ့ဖြစ်သည်။ တံတားဆောက်မည်ကို သဘောတူပြီးသည့်နောက် နေရာရွေးချယ်ရေးသည် ပထမအဆင့် အရေးကြီးသည့်လုပ်ငန်း ဖြစ်သည်။

စင်ရော်သည် စိမ့်မြိုင်၏ လက်အောက်ခံ ဖြစ်သည်။ စိမ့်မြိုင်၌ ခရိုင်ဝန်ရှိသည်။ စင်ရော်ကား မြို့ပိုင်အုပ်ချုပ်သော မြို့လေးတစ်မြို့မျှသာ ဖြစ်သည်။ အကြောင်းကြီးငယ်တို့သည် လည်းကောင်း၊ အမှုကိစ္စ အဝဝတို့သည် လည်းကောင်း စိမ့်မြိုင်က ပြီးမှ ပြီးရသည်။ စိမ့်မြိုင်က အားလုံးကို ချုပ်ကိုင်ထားသည်။ ထို့ကြောင့် စိမ့်မြိုင်တွင် ပဏာမဆွေးနွေးပွဲလုပ်ရသည်။ စိမ့်မြိုင်မှ တာဝန်ရှိသူအသီးသီးကလည်း အားတက်သရော အကူအညီပေးကြမည် ကတိစကား ပြောကြားကြသည်။ ဝမ်းသာစရာပင်။ ဒီအတိုင်းသာဆိုလျှင် လုပ်ငန်းမြန်မြန် အကောင်အထည်ဖော်ရန်သာ လိုတော့သည်။ အရေး

အကြီးဆုံးမှာ လုံခြုံရေးပင်ဖြစ်သည်။ ယင်းအတွက် တာဝန်ရှိသူစင်ရော်ဒေသ စစ်ဆင်ရေးမှူးက အတတ်နိုင်ဆုံးကူညီမည်ဟု ဆိုသည်။ ဒီလိုဆိုလျှင်ကား ဘာမျှခက်ခဲစရာ မရှိ။

လှေလှော်ရေးအဖွဲ့သည် စိမ့်မြိုင်မှစင်ရော်သို့ ရောက်လာကြသည်။ မူလက ခြောက်ယောက်သာပါသော အဖွဲ့တွင် နောက်ထပ် လူ သုံးလေးယောက် တိုးလာသည်။ စိမ့်မြိုင်မှ တာဝန်ရှိသူတို့ ပါလာခြင်းပင် ဖြစ်သည်။ စင်ရော်ရောက်လျှင် တာဝန်ရှိသူတို့နှင့် ဆက်လက်ဆွေးနွေးပြန်သည်။ အားလုံးကပင် လိုသည့်အကူအညီကို အားတက်သရောပေးပါမည်ဟု ဆိုကြလေသည်။

သောင်းဒန်တို့အဖွဲ့သည် စင်ရော်တွင် တစ်ထောက်နားကာ နေ့လယ်ပိုင်းတွင် မော်တော်ကလေးများနှင့် စင်ရော်ချောင်းကို ဆန်တက်ခဲ့ကြသည်။ ကွေ့ကောက်စီးဆင်းနေသော ချောင်းအတိုင်းအထက်သို့ ဆန်သည်။ သူတို့တူရူတွင် စင်ရော်တောင်တန်းကြီးကို မြင်ရသည်။ ညို့ညို့မှိုင်းမှိုင်း လွမ်းစရာပင်။ တစ်တောင်ပြီးတစ်တောင် ထပ်နေသည်။ တောင်ပေါင်း ဆယ့်လေးငါးလုံး ကျော်မိလျှင် အောင်နိုင်ပြည်ဘက်သို့ ရောက်သွားမည်။ စင်ရော်ချောင်းကား စင်ရော်တောင်တန်းတွင် အဖျားခံသည်။ ရေစီး မပြင်းထန်လှ။ သူတို့ မော်တော်လေး အထက်သို့ဆန်နေစဉ်မှာပင် ချောင်းညာမှ လှေကလေးများ၊ ပွဲချိတ်တပ် လောင်းလှေလေးများ စင်ရော်မြို့ဆီသို့ စုန်ဆင်းလာသည်ကို တွေ့ရသည်။ ချောင်း၏ တစ်ဖက်တစ်ချက်တွင်ကား ဓနိခြုံများကို ထွက်စတွင် တွေ့ရသည်။ အထက်သို့ ရောက်လာသည့်အခါ ကွမ်းသီးခြံ၊ အုန်းခြံ၊ ဒူးရင်းခြံတို့ကို တွေ့ရသည်။

"ကျွန်တော်တို့အဖို့တော့ မူလက သတ်မှတ်ထားတဲ့ နေရာကိုပဲ ရွေးကြရဖို့ ရှိတယ်"

"ကြည့်သေးတာပေါ့ ခင်ဗျာ"ဟု သောင်းဒန်က မယုတ်မလွန် ပြောသည်။

"ဟေး . . .ဘယ်လိုလဲ သော်ကောင်း၊ မင်း ဘယ်လိုသဘောရသလဲ"

သောင်းဒန်က သော်ကောင်းကို တိုင်ပင်သည်။

"ကြည့်သေးတာပေါ့ကွာ" သော်ကောင်းလည်း ဘာမျှမပြောတတ်သေး။ မပြောချင်သေး။ သောင်းဒန်လိုပင် အခြေအနေကို စောင့်ကြည့်ချင်သည်။

စင်ရော်ချောင်းသည် ပေ ၄၀၀ မှသည် ၅၀၀ အထိ ကျယ်သည်။ ယင်းမှာ ယခု သူတို့ဆန်တက်နေသည့် ချောင်းဆုံးပိုင်း ဖြစ်သည်။ ပင်လယ်သို့ စီးဝင်သည်အထိ ဒီအတိုင်းပင် ကျယ်သည်ဟု ပြောကြသည်။

"ဟောဒီ ခြံထိပ်မှာ စိုက်မယ်ဗျို့၊ အဲဒီခြံရဲ့နောက်က တောင်ကုန်းဟာ ခင်ဗျားတို့နေရာရဲ့ ထင်ရှားတဲ့ အမှတ်အသားတစ်ခု ဖြစ်မှာပဲ"

"ဘာတောင်ခေါ်သလဲဗျ"

"ဒီအရပ်ကတော့ ပြန်ပေးတောင်လို့ ခေါ်ကြတာပဲ" စင်ရော် နလက ဥက္ကဋ္ဌ၏အဖြေ ဖြစ်သည်။

သောင်းဒန်သည် သော်ကောင်းကို လှည့်၍ ကြည့်လိုက်သည်။ မျက်လုံးလည်း ပြူးသွားသည်။ သော်ကောင်းလည်း မျက်လုံးပြူးသွားသည်။

"မဟုတ်ပါဘူးဗျာ၊ အရပ်က အလကား အပြောင်အပြက် နာမည်မှည့်ကြတာပါ၊ အင်ကြင်းတောင်လို့ ခေါ်တာဗျ၊ တွေ့လား၊ ဘုရားလေးတစ်ဆူ၊ အဲဒါက အင်ကြင်းစေတီပေါ့"

တောင်ကုန်းတွေ့လျှင် ဘုရားတည်သော မြန်မာ့ဓလေ့သည် ဤအရပ်အထိ ပျံ့နှံ့နေလေသည်။ တောင်ကုန်းကား ပေ ၃၀၀ ခန့်သာ မြင့်သည်။ ထိုတောင်ကုန်းမျိုး၊ ဒီထက်မြင့်သော တောင်ကုန်းမျိုး အထပ်ထပ် ရှိသည်။ အရှေ့ဘက်ကြည့်လိုက်လျှင် တောင်ကုန်း အထပ်ထပ်သည် တစ်တောင်ပြီး တစ်တောင် ဆင့်နေသည်။

"အစကတော့ အင်ကြင်းတောင်ခေါ်တာပေါ့ ခင်ဗျာ၊ နောက်တော့ ပြန်ပေးတောင် ဖြစ်လာတာပေါ့၊ ဒီအရပ်က လူတွေကတော့ ပြန်ပေးတောင်ခေါ်ကြတာပဲ၊ ဘယ်သူ့ မေးလိုက် မေးလိုက် ပြန်ပေးတောင်လို့ ပြောတာပဲ" နလက ဥက္ကဋ္ဌ ဗိုလ်ဘကြိုင်က ထပ်၍ ဖြည့်စွက်လိုက်သည်။

လူကြီးများက ထိုစကားကို မကြားချင်ယောင်ဆောင်နေကြသည်။ သောင်းဒန်သည် ဗိုလ်ဘကြိုင်ကိုကြည့်ကာ ပြုံးလိုက်သည်။ ဗိုလ်ဘကြိုင်၏ စကားကို အသိအမှတ်ပြုလိုက်သည့် အပြုံးပင်ဖြစ်သည်။ သူနှင့် ဗိုလ်ဘကြိုင်တို့ မျက်မှန်းတန်းမိသွားကြသည်။

မော်တော်မှဆင်းကာ ကွမ်းသီးခြံတွင် နားကြသည်။ ကွမ်းသီးခြံပိုင်ရှင် အဘွားကြီးက စကားဝဲဝဲနှင့် ဧည့်ခံသည်။ ထို့နောက် သူတို့အဖွဲ့သည် တစ်ဖက်ကမ်းသို့ ကူးကြသည်။ သောင်းဒန်ကား မြေနေရာ အကွက်အကွင်းများ ကြည့်ရှုမှတ်သားနေသည်။ သူ့စိတ်ကူးထဲတွင် လျာထားကြည့်နေသည်။

"ဒီနေရာမှာ မြေစမ်းဖို့ပဲ လိုတော့တယ်၊ မြေစမ်းပြီးရင် ဆောက်ဖို့ပဲ၊ ချောင်းအကျယ်က ပေ ၄၀၀ ကျော် ရှိတယ်"

"နေစမ်းပါအုံး သောင်းဒန်ရ၊ ဒီနေရာ ဘယ်သူက ကြိုက်တာလဲ"

သော်ကောင်းက ရိုးရိုးမေးသည်။ သောင်းဒန်သည် သော်ကောင်းကို လက်ကုတ်ခေါ်ခဲ့သည်။ သူတို့နှစ်ယောက်သည် ကွမ်းသီးခြံတစ်နေရာတွင်ရပ်ကာ ကွမ်းသီးပင် အကြိုအကြားမှ အင်ကြင်းတောင်ကို မော့၍ကြည့်နေကြသည်။

"ဒီလိုကွ၊ အဲဒီနေရာမှာ တံတားဆောက်ဖို့ စစ်မဖြစ်ခင်တုန်းက စိမ့်မြိုင်ကမ်း အရေးပိုင် မစ္စတာတေလာက ရွေးသွားတယ်ဆိုတာပဲ၊ တေလာရွေးသွားတယ်ဆိုတာကို သူ့တပည့်ဖြစ်ဖူးတဲ့ လမ်းဗိုလ်တစ်ယောက်က ပြောတာပဲ၊ အဲဒီလမ်းဗိုလ်က ဟိုတုန်းက တေလာရဲ့လက်အောက်မှာ အလုပ်လုပ်ဖူးတယ်၊ သံကြိုးကိုင် အလုပ်ကြပ်တို့ကနေ လမ်းဗိုလ်ဖြစ်တဲ့လူနေမှာပေါ့၊ မြေပုံလေးဘာလေးလဲ ဆွဲတတ်တယ်နဲ့ တူပါတယ်၊ အခုထက်ထိ တို့ဌာနမှာ ရှိနေသေးတယ်၊ မြေပုံလေး ဘာလေး ဆွဲပြီးတော့ အစီရင်ခံဆိုပဲ"

"တေလာ ရွေးသွားတယ် ဆိုတာ ဘယ်သူပြောတာလဲ"

"သူပဲ ပြောတာပေါ့ကွာ၊ စာနဲ့ ပေနဲ့ အထောက်အထားတော့ ဘယ်ကျန်ရစ်မလဲ၊ သူက တေလာနဲ့အတူ အလုပ်လုပ်ခဲ့တဲ့သူဆိုတော့ သူတစ်

ယောက်ပဲ ပြောနိုင်တာပေါ့၊ တေလာ ဘယ်လိုစိတ်ကူးနဲ့ ရွေးခဲ့သလဲတော့ မသိဘူး၊ ငါတော့ တယ်မကြိုက်လှဘူး”

“နေရာလေးကတော့ မဆိုးပါဘူးကွာ၊ သိပ်သာယာတာပဲ”

သောင်းဒန်သည် သော်ကောင်းကို မျက်လုံးပြူးကြည့်လိုက်သည်။

“သာယာတာက တခြားပဲကွာ၊ တို့လုပ်ရမှာက သာယာတဲ့ရှုခင်း ထိုင်ကြည့်နေလို့ ပြီးမှာမဟုတ်ဘူး၊ အဆက်အသွယ်အဆင်ပြေဖို့ အရေးကြီးတယ်”

“ဟော . . . ဟိုနားမှာ ဖွေးဖွေး ဖွေးဖွေးနဲ့ ဘာလဲဟေ့ သောင်းဒန်၊ ကျောက်ဆောင်တွေနဲ့ တူတယ်ကွ”

“ဘယ်နားမှာလဲ”သော်ကောင်း ညွှန်ပြသည့် ချောင်းညာဘက်ဆီသို့ သောင်းဒန် လှမ်း၍ ကြည့်သည်။ ဖြူဖြူဖွေးဖွေးတို့ကို ရေလယ်တွင် မြင်ရသည်။ ဘာမှန်းမသိ။ သဲသဲကွဲကွဲ မမြင်ရ။

“နေရောင်ကြောင့် ရေပြင်မှာ လက်နေတာပါကွာ၊ ဘာမှမဟုတ်ပါဘူး”

ညို့မှိုင်းသော တောင်တန်းဆီမှ ဝေ့ကာဝိုက်ကာ စီးဆင်းလာသော စင်ရော်ချောင်းလေးသည် အရှိန်မပျက်ပင် စီးဆင်းနေသည်။ ချောင်းဖျားသို့ တက်သွားသော ပဲ့ချိတ်တပ် လောင်းလှေကလေးသည် ချောင်းကောက် တစ်နေရာတွင် ပျောက်သွားသည်။ တစ်ချက်တစ်ချက်မြည်သော စက်သံ သာလျှင် ပဲ့တင်ထပ်၍ ကျန်ရစ်သည်။ ခဏကြာလျှင် စက်သံသည်လည်း တိမ်၍ တိမ်၍ သွားလေသည်။ တစ်ဖန် စက်သံတစ်ခုသည် တိမ်ရာမှ ကျယ်ကျယ် လာသည်။ ချောင်းဖျားမှ ပဲ့ချိတ်ကလေး တစ်စင်းစုန်ဆင်းလာပြန်ပြီ။ ဤချောင်းကို အမှီပြု၍ ကူးသန်းသွားလာနေသူတို့ကား မနည်းပင်ရှိသည်။ ယခု သူတို့ ရောက်နေသောနေရာသည် လူသူဝေးရာလည်း မဟုတ်။ လူသူနီးရာလည်း မဟုတ်။

“အခုတော့ ငါ သူတို့ကို မပြောသေးဘူး၊ ရန်ကုန်ပြန်ရောက်တော့ ပြောကြည့်အုံးမယ်၊ တခြား ဘာမှမဟုတ်ပါဘူးကွာ၊ အဆက်အသွယ်ဝေးတာ ပါပဲ၊ တို့မှာ ပစ္စည်းတွေ အများကြီးသယ်ရမယ်၊ စက်တွေ အများကြီးသယ်

ရမယ်၊ အဲဒါက တာဝန် အင်မတန်ကြီးတာပဲ၊ ပြီးတော့ အဲဒီ လမ်းအရေးပိုင် တေလာ နေရာရွေးခဲ့တယ်ဆိုတာ အသေအချာ တိုင်းတာတွက်ချက်ပြီး ရွေးခဲ့တာလား၊ သူ ရွေးခဲ့တဲ့နေရာမို့ တို့ကဆက်ပြီး ရွေးရမယ်ဆိုတာတော့ မဟုတ်သေးဘူး၊ သူ့စိတ်ကူးနဲ့ တို့စိတ်ကူးက တခြားစီပဲ၊ ဟိုတုန်းက သူတို့ အခြေအနေနဲ့ အခု တို့အခြေအနေက တခြားစီပဲ"

"အေးကွာ၊ အင်္ဂလိပ်ဆိုရင် တယ်အထင်ကြီးတာပဲ၊ အထင်မကြီးရဘူး လို့ ငါ မပြောပါဘူး၊ မင်း ပြောသလိုပဲ အသေအချာတိုင်းတာမှတ်သား တွက်ချက်ပြီး ရွေးခဲ့တယ်ဆိုရင်တော့ ဟုတ်တာပေါ့"

"အေး . . . ရန်ကုန်ရောက်တော့ ပြောကြည့်အုံးမယ်၊ မရကာမှ နေရော ပေါ့ကွာ"

"အခု ပြောကြည့်ပါလားကွ"

"မရဘူးထင်တယ် သော်ကောင်း၊ အခု ပြောလို့ မကောင်းသေးဘူး၊ သူတို့က ဒီနေရာကို သိပ်ကြိုက်နေကြတာ၊ အစွဲအလမ်း ရှိနေတယ်၊ ပြီးတော့ တို့ကလဲ နေရာရွေးတာမှာ ဘာမှပြောပိုင်ခွင့်ရှိတာ မဟုတ်ဘူး၊ ရွေးပေးတဲ့ နေရာမှာ တံတားဖြစ်အောင်ဆောက်ကြဖို့ဟာ တို့တာဝန်မဟုတ်လား"

"မပြောနိုင်ဘူးတော့ ဘယ်ဟုတ်မလဲကွာ၊ ကိုယ့်အကျိုး ကိုယ့်ကိစ္စ အတွက်ပြောတာမှမဟုတ်ဘဲ အားလုံးအဆင်ပြေအောင် ပြောရတာပဲဟာ"

"အေးလေကွာ၊ ကြည့်ကြသေးတာပေါ့၊ အခုတော့ မလိုလဲ လိုလဲ နေရာ အကွက်အကွင်းကို သေသေချာချာကြည့်ခဲ့ဖို့ လိုတယ်၊ ငါတော့ ဟောဒီ စင်ရော်ဘက်ကမ်းမှာ တို့စခန်း ဆောက်ရမလားလို့ စိတ်ကူးတာပဲ"

"ကောင်းသားပဲကွ၊ ဒါမှ စင်ရော်နဲ့ ချောင်းမဖြတ်ရဘဲ သွားနိုင်လာနိုင် မှာပေါ့၊ စင်ရော်နဲ့ ချောင်းဖျား ဥဩရွာသွားတဲ့ လှည်းလမ်းရှိတယ်ပြောတယ် ကွ"

"အေးကွာ၊ နောက်မှ စဉ်းစားကြတာပေါ့ "

"ကဲ ကဲ ဟုတ်ပြီနော်၊ သွားကြမယ်၊ ဦးသောင်းဒန်တို့လဲ စခန်းအတွက် နေရာအကွက်အကွင်းလေးများ ကြည့်ထားကြ"

"ဟုတ်ကဲ့ခင်ဗျ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် နောက်တစ်ခေါက် ထပ်ပြီး လာရအုံးမှာပါ၊ ဒီတစ်ခေါက်တည်းနဲ့ မပြီးသေးပါဘူး၊ ကျွန်တော်တော့ နလက ဥက္ကဋ္ဌကြီးပဲ အားကိုးရမှာပဲ ခင်ဗျ"

"ဟာ . . . သူ့အားကိုးလို့တော့ 'ဘိုင်ကျ' သွားမှာပေါ့ဗျာ၊ သူကိုယ်တိုင်ကပဲ ဗိုလ်ဘကြိုင်၊ 'ဗိုလ်ဘိုင်ကျ' ဖြစ်နေတာ"

"ဟဲ . . . ဟဲ၊ အားကိုးနိုင်ပါတယ်၊ ဟုတ်ပါ့ခင်ဗျာ၊ မေမေက ဘာလို့ ဒီနာမည်များ မှည့်ထားတယ် မသိပါဘူး"

သူတို့အဖွဲ့ စင်ရော်မှ ပြန်ခဲ့ကြသည်။ ထိုအချိန်သည် ဆောင်းအကုန် နွေဦးပေါက် ဖြစ်သည်။ ရန်ကုန် ပြန်ရောက်ကြပြီးနောက် စင်ရော်ချောင်း တံတားဆောက်မည့်နေရာသို့ မြေစမ်းအဖွဲ့ လွှတ်လိုက်သည်။ အားလုံး အဆင်ပြေသည်။ ဘာမှအခက်အခဲ တွေ့စရာမရှိ။ ထိုနေရာတွင် သဲနှင့် ကျောက်စရစ်သာရှိသည်ဟု အစီရင်ခံသည်။ သက်ဆိုင်ရာ ပုံစံထုတ်အဖွဲ့က တံတားပုံစံ ထုတ်သည်။ ပြီးလျှင် ပုံဆွဲကြသည်။

"ဟော့ . . . ဘယ်လိုလဲ၊ မင်း ဘာမှ မပြောဘူးလား"

တစ်ညနေတွင် သော်ကောင်းသည် သောင်းဒန် အိမ်သို့ရောက်လာသည်။ မထိုင်ရသေးမီပင် တံတားအကြောင်း မေးသည်။

"ငါလဲ ပြောတာပဲ သော်ကောင်း၊ ပြောလို့ မရဘူး၊ ဒီနေရာပဲ ကြိုက်နေကြတယ်၊ အခုတော့ မြေစမ်းအဖွဲ့လဲ လွှတ်ပြီးပြီ၊ ပုံစံတွေတောင် ထုတ်နေပြီ၊ ဘာမှမတတ်နိုင်တော့ဘူး၊ သူတို့ ဆောက်ခိုင်းတဲ့နေရာ ဆောက်ရတော့မှာပဲ"

အင်ကြင်းတောင်ခြေတွင် တံတားမဆောက်ဘဲ စင်ရော်မြို့နား ဖြတ်၍ ဆောက်နိုင်သည်။ စိမ့်မြိုင်မှလာသော မော်တော်ကားလမ်းသည် စင်ရော်မြို့ကို မီးရထားလမ်းနှင့် ယှဉ်၍ ဝင်သည်။ သောင်ဦးသွားလိုလျှင် စင်ရော်မြို့တွင် ကူးတို့ကူးကာ တစ်ဖက်ကမ်း ကျိုးဖြူရွာသို့ ဖြတ်ရသည်။ ထိုလမ်းကား မြို့၏ အနောက်ဘက်မှ ဖြတ်သည်။ သောင်းဒန်က မြို့အရှေ့နားတွင်ကပ်၍ တံတား ဆောက်ရန် နေရာသစ်တစ်ခု တင်ပြသည်။

"ငါပြောတာက မြို့နားဆိုရင်တို့ဆောက်လုပ်ရေးစခန်းအတွက်လဲ အဆင်ပြေမယ်၊ ပါလာတဲ့ အလုပ်သမားတွေ နေရေးထိုင်ရေး၊ စားရေး သောက်ရေး အားလုံး အဆင်ပြေမယ်၊ ပြီးတော့ ပစ္စည်းတွေသယ်ဖို့လဲ ရှိသေး တယ်၊ အဲဒါက ပိုပြီးအရေးကြီးတယ်၊ ရန်ကုန်ကနေ စင်ရော်ကို စက်လှေနဲ့ တစ်ခါတည်းပို့၊ တံတားဆောက်မဲ့နေရာအထိ စက်လှေ ဝင်နိုင်တယ်၊ ပြီးတော့ တံတားဆောက်နေတုန်းလဲ ပစ္စည်းတွေ တဖွဲဖွဲ ရောက်နေမယ်၊ စိမ့်မြိုင်ကနေ သစ်တွေ၊ ပျဉ်တွေယူရမယ်၊ ဒါတွေအတွက်လဲ မြို့နားမှာတင်ဆိုတော့ လွယ် တာပေါ့၊ ဘူတာကချ၊ စခန်းကို တစ်ခါတည်းပို့၊ ဒီထက် ပိုအရေးကြီးတာ ရှိသေးတယ်၊ အဲဒါက လုံခြုံရေးပဲ၊ အခုဆိုရင် စိမ့်မြိုင်တိုင်းမှူးဆီမှာ လုံခြုံ ရေးအတွက် တပ်စုတစ်စုတောင်းရမယ်၊ အမြဲတမ်းကို အစောင့်ချထားမှ ဖြစ်မယ်၊ တို့တံတားဆောက်မဲ့ပတ်ဝန်းကျင်မှာ သူပုန်ကို ဆက်ကြေးပေးနေ ရတဲ့ ရွာချည်းပဲ၊ သူပုန်ကို သတင်းပေးနေတဲ့ ရွာချည်းပဲ၊ အဲဒါတွေ ငါ အကုန် တင်ပြတာပဲ၊ ဒါပေမဲ့ မရဘူး"

"အေးကွာ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ်က ပြောပြီးရင်တော့ ကိုယ့် တာဝန်ကျေပြီပေါ့"

"ဒါ့ထက် မင်းကော ဘယ်လိုလဲ"

"ငါလား၊ အခုအထိတော့ ဘာမှမပြောသေးဘူးကွ၊ မင်းပဲ သွားနှင့်ပေါ့ ကွာ၊ ငါ နောက်မှ လိုက်လာခဲ့ပါ့မယ်"

သော်ကောင်းသည် ရာထူးတက်ဖို့ နီးနေပြီ။ ရာထူးတက်မည်ဆိုလျှင် ရန်ကုန်တွင် နေရဖို့မရှိ။ နယ်တစ်နေရာသို့ ပြောင်းရမည်။ အထက်လူကြီး များကလည်း တံတားဆောက်လုပ်ရေးအဖွဲ့တစ်ခုဖွဲ့စည်းမည်ဟု ဆိုသည်။ "ခင်ဗျားတို့ ဖွဲ့စည်းပုံရေးဆွဲတင်ပြကြပါ" ဆိုသဖြင့် သော်ကောင်းနှင့်တိုင်ပင် ကာ သောင်းဒန်က တံတားဆောက်လုပ်ရေးဖွဲ့စည်းပုံတစ်ခု ရေးဆွဲပြီး တင်ပြထားသည်။ အကောင်အထည်ပေါ်မည်ဆိုလျှင် သော်ကောင်းကို ဦးစီး အရာထားကာ တွဲ၍လုပ်ချင်သည်။ သော်ကောင်းတွင်လည်း သောင်းဒန်နည်းတူ တံတားဆောက် အတွေ့အကြုံရှိသည်။ နောက်တစ်ချက် ရှိသေးသည်။ ယင်း

မှာ သော်ကောင်းသည် တံတားဆောက်သဘောတရားများကို လေ့လာ တွက်ချက်နေခြင်းပင်ဖြစ်သည်။ သို့ကြောင့်ပင် သောင်းဒန်က သော်ကောင်းကို အားကိုးခြင်းဖြစ်သည်။ သော်ကောင်းကိုမှ လက်ညှိုးထိုး၍ ကြိုက်နေရသတဲ့လား၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များ မရှိဘူးလားဟုမေးလျှင် သောင်းဒန် အဖြေမပေးနိုင်။ အဖြေမပေးချင်။ အဖြေမပေးတတ်။ သူနှင့် သော်ကောင်းသည် ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်သည်။ သူတို့အတွဲတွင် ကျော်ဆွေ တစ်ယောက်လည်း ရှိသေးသည်။ ကျော်ဆွေနှင့်လည်းတွဲ၍ လုပ်ချင်သည်။ အားလုံး တစ်ယောက်ကိုတစ်ယောက်ကူညီရင်း အစ်ကိုကဲ့သို့ ဆက်ဆံကြသည်။ တစ်ယောက် သည်းညည်းကို တစ်ယောက်က ခံသည်။ လုပ်စရာရှိလျှင် တိုင်တိုင်ပင်ပင် လုပ်ကိုင်ကြသည်။

သော်ကောင်း အောင်မြင်လျှင် သောင်းဒန် ဝမ်းသာသည်။ သော်ကောင်း ရာထူးတက်လျှင် သောင်းဒန်ဝမ်းသာသည်။ ထို့အတူ သောင်းဒန် တံတားဆောက်တော်သည် ချီးကျူးခံရလျှင် သော်ကောင်းဝမ်းသာသည်။ ကျော်ဆွေဝမ်းသာသည်။ သူတို့သည် အလုပ်ကို စိတ်ဝင်စားကြသည်။ အလုပ်လုပ်၍ သူတို့ ထမင်းစားဖို့ ပိုက်ဆံရသည်။ သို့ဖြစ်ရာ စားသည့် ထမင်းမျိုးကျအောင် အလုပ်တွင် မခိုမကတတ် လုပ်ချင်သည်။ လုပ်လည်း လုပ်ကြသည်။

သူတို့ သူငယ်ချင်း အပေါင်းအသင်းများအနက် သောင်းဒန် တစ်ယောက်သာ အိမ်ထောင်ကျသေးသည်။ "ဒီကောင် ကိုးတန်း ဆယ်တန်းလောက်ကတည်းက မိန်းမ ပိုးတတ်နေပြီ" ဟု သောင်းဒန်အကြောင်း ပြောလျှင် သော်ကောင်း၊ ကျော်ဆွေတို့ မှတ်ချက်ချတတ်သည်။ သော်ကောင်းနှင့် ကျော်ဆွေတို့ကား မိန်းမ မရကြသေး။ သူတို့လည်း သွေးနှင့်ကိုယ်၊ သားနှင့် ကိုယ်များ ဖြစ်ကြသည်။ မိန်းမ လိုချင်စိတ်တော့ ရှိသည်။ သို့သော်လည်း အသက် ၃၅ နှစ် ကျော်နေကြပြီဖြစ်ရာ ပိုးပန်း၍ ရည်းစားသနာထားကာ မိန်းမယူဖို့ ဆိုသည်မှာ မဖြစ်နိုင်။ ပိုးပန်းဖို့ဆိုသည်မှာပင် သူတို့ အရွယ်နှင့် ယှဉ်သော် တင့်တယ်လှသည့်အလုပ်မဟုတ်။ အချိန်တန်တော့ရလိမ့်မပေါ့ကွာဟု ပြောရင်း ပြောရင်းနှင့် ၃၅ နှစ် ကျော်လာကြပြီ။ ယခုတိုင် မိန်းမဆို၍

မူးလို့ ရှူစရာပင် မရှိ။ သို့ဖြစ်ရာ သူတို့သည် သားကိစ္စ၊ မယားကိစ္စ အပူအပင် မရှိဘဲ အလုပ်တွင် ဇောက်ချ၍ လုပ်နိုင်ကြသည်။ ဤသည်က အခြားသူတို့ထက် ထူးကဲသော အရည်အချင်း ဖြစ်နေလေသည်။ အပေါင်းအသင်းချင်းလည်း သင့်တင့်ညီညွတ်သည်။ အလုပ်လုပ်နိုင်သည့် အရည်အချင်းလည်း ရှိသည်။ အလုပ်လုပ်ချင်စိတ်လည်း ရှိသည်။ ပင်ပင်ပန်းပန်းလုပ်ရပါစေ မညည်းမညူ လုပ်မည့်စိတ်ရှိသည်။ သည်လိုဆိုလျှင် လုပ်ငန်းမအောင်မြင်စရာ ဘာမျှအကြောင်းမရှိ။

"အေးကွာ၊ ငါလဲ ကြိုးစားပြီး တိုက်တွန်းပေးပါအုံးမယ်၊ တို့တစ်တွေသာ တွဲပြီး ဆောက်လိုက်ရရင်တော့ ဒီတံတား ခဏလေးနဲ့ ပြီးမှာပဲ"

ဟုတ်သည်။ ပေကိုးရာနီးပါး ကျယ်သည့် ရွှေပြည်ကြီးချောင်းကို ဖြတ်ကာ ရွှေပြည်ကြီးတံတား၊ သီရိကျက်သရေတံတား နှစ်ခု ဆောက်ခဲ့ပြီးသူတစ်ယောက်အဖို့ ပေလေးရာကျော်တံတားမှာ ခက်ခဲစရာ အကြောင်းမရှိ။ အရေးကြီးသည်မှာ အဖွဲ့အစည်းပင် ဖြစ်သည်။ တစ်သွေးတည်း၊ တစ်သားတည်းရှိသည့် အဖွဲ့အစည်း၊ တစ်မိန့်တည်း နာခံမည့်အဖွဲ့အစည်း၊ ကျွမ်းကျင်တတ်မြောက်သည့် အဖွဲ့အစည်း။

× × × × ×

၄

"ဘာလဲကွ၊ မင်း မလိုက်ချင်တော့ဘူးဆို ဟုတ်လား၊ ဟိုကောင်တွေပြော နေကြတယ်"

လှမင်းသည် မျက်စိမျက်နှာ ပျက်ပျက်နှင့် သောင်းဒန်ရှေ့တွင် ရပ်နေသည်။

"အကြောင်းက ဆိုစမ်းပါအုံး၊ ဧကန္တ မင်းမိန်းမ ခင်ခင် ဖျက်တာ ဖြစ်မှာပဲ"

လှမင်း ဘာမျှ ပြန်မပြော။

သောင်းဒန် စိတ်ထဲတွင် အနည်းငယ် ကသိကအောက် ဖြစ်သွားသည်။ သို့သော် စိတ်မပျက်။ လှမင်း မိန်းမ ခင်ခင်ကို သူ စည်းရုံးမည်။

"မင်းကို အစောကြီးကတည်းက ပြောထားတာပဲကွာ၊ သိပ်ညံ့တဲ့ ကောင်ပဲ၊ ကိုယ့်မိန်းမကိုယ် ဒီလောက်မှ မစည်းရုံးနိုင်ဘူးတဲ့လား၊ မင်း လိုက်မယ်လို့ ငါ စာရင်းထဲ ထည့်ထားပြီ၊ ရုံးကိုလဲ တင်ပြီးပြီ၊ ရုံးကတော့ မင်းလဲ အသိ၊ ငါ ခေါ်ချင်တဲ့လူ ခေါ်နိုင်တယ်"

လှမင်းကို သောင်းဒန် လွန်ခဲ့သည့် ရှစ်နှစ်လောက်က သိခဲ့သည်။ ထိုစဉ်က လှမင်းမှာ အင်းစိန်စက်မှုကျောင်း ဆင်းစ ဖြစ်သည်။ သူနှင့်အတူ ဥက္ကလာပမြို့သစ်တည်ရာတွင် အတူတွဲလုပ်ခဲ့ရသည်။ သူတို့ထံတွင် ပညာ ယူစ ဖြစ်သည်။ အလုပ်ကို မညည်းမညူ လုပ်သည်။ အေးသည်။ သဘော

ကောင်းသည်။ အမြဲတမ်း ပြုံးနေသည်။ ဥက္ကလာပမြို့သစ် တည်ပြီးလျှင် နှစ်ယောက်စလုံး ရုံးထိုင်ကြရသည့်အခါ ခဏကွဲသွားသည်။ သည့်နောက် သီရိတံတား ဆောက်သည့်အခါတွင် သူနှင့် အတူ တွဲရသည်။

"အေးကွာ၊ မင်းအိမ် ငါ လာခဲ့ပါအုံးမယ်၊ လာဆို အခုညနေပဲ လာခဲ့မယ်ကွာ၊ အချိန်မရှိဘူး"

လှမင်းက ပြုံးဖြဲဖြဲ မျက်နှာထားနှင့် သောင်းဒန်ကို ကြည့်နေသည်။ ပါးစပ်ကြီးဖြဲနေသည့်အခါ ပါးစပ်တစ်ခုလုံး နီရဲနေသည်။ လှမင်း ပါးစပ်တွင် ကွမ်းပြတ်သည် မရှိ။ ပါးစပ်ကလည်း တဗျစ်ဗျစ် ကွမ်းတံတွေး ထွေးသည်။

"ခင်ဗျား ပြောကြည့်အုံးလေ ကိုသောင်းဒန်၊ ကျွန်တော်ကတော့ လိုက်ချင်ပါတယ်"

ဒါပဲ ပြောသည်။ လှမင်းသည် စကားများများ မပြောတတ်။ စကား နည်းသည်။

သောင်းဒန်သည် အချိန်ကို ဆိုင်းမနေဘဲ ညနေရုံးဆင်းလျှင် လှမင်း ရှိရာ အင်းစိန်သို့ လိုက်သည်။ လှမင်းတို့လင်မယားမှာ အင်းစိန်လမ်း ဝန်ထောက်ရုံးထဲက ဂိုဒေါင်ပျက်တစ်ခုတွင် မှီခိုနေသည်။ ရသည့်လခနှင့် မလောက်မငနေရရာ အိမ်လခ စရိတ်သက်သာလျှင် မနည်းဟု တွက်ကာ ထိုဂိုဒေါင်ပျက်ကိုပင် ဖြစ်သလို ပြင်ဆင်၍နေသည်။

လှမင်း မိန်းမ ခင်ခင်သည် သောင်းဒန်တို့မြို့နှင့် တစ်ဖက်ကမ်းမှ ဖြစ်သည်။ လှမင်းကလည်း အညာသား။ ခင်ခင်ကလည်း အညာသူ။ နှစ်ယောက်စလုံး ရိုးသည်။ သောင်းဒန်သည် ခင်ခင်ကို စည်းရုံးသည်။

"ကျွန်မတို့ ရန်ကုန် လိုက်လာတာကိုကပဲ အင်မတန် စွန့်စားရတာ ဦးသောင်းဒန်၊ အညာမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစားနဲ့ ဆိုရင် ဒီလခလေးနဲ့ လောက်တယ်၊ ကျွန်မက သီရိတံတားပြီးရင် အညာကို ပြောင်းဖို့၊ ရွှေ့ဖို့ ကြံစည်ပေးပါလို့ ဦးသောင်းဒန်ကို ပြောမလို့"

"ခင်ဗျားတို့ အညာသူတွေ တယ်အရပ်ခင်တာကိုးဗျ၊ ဒီတစ်ခါ ကျွန်တော့်အတွက် ပြောတာပါ ခင်ခင်၊ အခုအလုပ်က ကျွန်တော် ဦးစီးပြီး

လုပ်ရမဲ့ အလုပ်ပါ၊ ခေါ်သွားမဲ့လူတွေထဲမှာဆိုရင် လှမင်းဟာ အရင်းနှီးဆုံးပဲ၊ ပြီးတော့ ကျွန်တော်နဲ့ တစ်ရပ်တည်းသားလို လူတွေ၊ လှမင်းကို ခင်လဲ ခင်တယ်၊ သူ့ဆိုရင် ဆဲမနာ ဆိုမနာမို့ အားကိုးတယ်"

"စဉ်းစားပါရစေအုံး ဦးသောင်းဒန်ရယ်၊ ဒီလခလေးနဲ့ နှစ်အိုး ခွဲနေရမယ်ဆိုတော့ ဘယ်မှာ လောက်နိုင်ပါ့မလဲ"

"အေးလေဗျာ၊ စဉ်းစားအုံးပေါ့၊ သိပ်လဲ စဉ်းစားမနေနဲ့လေ၊ နှစ်အိုး ခွဲမနေရအောင် ခင်ဗျားတို့ သားအမိတစ်တွေပါ လိုက်ခဲ့ပေါ့၊ အဲဒီက လုပ်ငန်း ပြီးမှ အညာကို ပြောင်းချင်ပြောင်းရအောင် ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပေးမယ်၊ အခုတော့ ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ခင်ဗျားတို့ ဒီလခလေးနဲ့ မလောက်ဘူးဆိုတာတော့ ဟုတ်ပါတယ်၊ ဒါကိုတော့ ကျွန်တော်လဲ ဘာမှ မပြောချင်ဘူး၊ ကိုယ်ချင်းစာပါတယ်၊ ကဲ ဘယ့်နှယ်လဲ၊ လိုက်ဖို့သာ စီစဉ်ပေတော့ဗျာ"

သောင်းဒန်သည် ခင်ခင့် မျက်နှာရိပ် မျက်နှာကဲ ကြည့်လိုက်သည်။ ခင်ခင့်မျက်နှာ ပြုံးနေသည်ကို တွေ့ရသည်။ စင်ရော်သို့လိုက်ဖို့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း သေချာပြီဟု သူ တွက်လိုက်သည်။

သီရိတံတားတုန်းက လုပ်ဖော်ကိုင်ဖက်များကို သူစည်းရုံးရသည်။ ဘယ်သူမှ အိုးပစ်အိမ်ပစ် မလိုက်နိုင်ကြ။ ရန်ကုန်တွင် အခြေတည်မိကြသူမှာ အများစု ဖြစ်သည်။ သို့ဖြစ်ရာ သားမယားပါ အိမ်ထောင်လိုက် ခေါ်ရမည်။

စင်ရော်တံတား ဆောက်လုပ်ရေးအတွက် စုစုပေါင်း လုပ်သား ၁၅၀ ကျော်လိုသည်။ ယင်းတို့အနက် အင်ဂျင်နီယာ၊ ဖိုမင်၊ လက်သမား၊ ပန်းရန်၊ စက်မောင်း၊ စက်ပြင်၊ သံချိသံကွေး၊ ဂဟေဆက်၊ ပန်းပဲ၊ သံထည် အလုပ်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ပစ္စည်းထိန်း၊ ယာဉ်မောင်း၊ ရေငုပ်သမားတို့မှာ ကျွမ်းကျင်သည့် အလုပ်သမားများ ဖြစ်ကြသည်။ ယင်းတို့အပြင် သုံးကျပ်ဆယ့်ငါးပြားစား အလုပ်သမားများလည်း လိုသည်။

သီရိတံတားဆောက်စဉ်က လုပ်ဖော်ကိုင်ဖက်တို့ကို သောင်းဒန်စည်းရုံးသည်။ လှမင်း နည်းတူ အခက်အခဲရှိကြသူများသာ များသည်။ အချို့က

ရန်ကုန်တွင် လင်ရောမယားပါ အလုပ်လုပ်နေကြသည်။ အချို့ကား တစ်ယောက်တည်းသာ အလုပ်လုပ်သည်။ ယင်းတို့ထံသို့ အိမ်တိုင်ရာရောက် လိုက်တန်လိုက်ရသည်။ အချို့ကား အိမ်ကမိန်းမကို တိုင်ပင်နေစရာ မလို။ မိန်းမ အင်တင်တင်လုပ်နေလျှင် မိန်းမဆီ လိုက်သွားပြီး စည်းရုံးရသည်။ သောင်းဒန်နှင့်သာ အလုပ်လုပ်ရမည်ဆိုလျှင် ဘယ်နေရာမှာ လုပ်ရလုပ်ရ လုပ်မည်ဆိုသည့်သူလည်း ရှိသည်။ သောင်းဒန်လို အဖော်ကောင်းနှင့်ဆိုလျှင် ငရဲသို့ပင် တစ်ခေါက်လောက် လိုက်ချင်သူလည်း ရှိသည်။ သို့သော် စိတ်မချရသေး။ ဒီအထဲတွင် လှမင်းလို ကပ်၍ ပျက်မည့်သူများ အများအပြားရှိသည်။ သူတို့ကို တစ်ယောက်ချင်းသာ စည်းရုံးရသေးသည်။ အားလုံးအဖွဲ့နှင့်အစည်းနှင့် စည်းရုံးရဦးမည်။ သောင်းဒန် အလုပ်များနေ၍ မလုပ်အားသေး။ သူတို့နှင့် ဆက်ဆံရေးကား ပြေပြစ်သည်သာများသည်။

လုပ်ဖော်ကိုင်ဖက်များသည် သောင်းဒန်ကို ခင်ကြသည်။ သောင်းဒန်ကလည်း သူတို့၏ အခွင့်အရေးအတွက် လုပ်ကိုင်ပေးသည်။ ရစရာရှိလျှင် သူများနည်းတူသာမက သူများထက်ပင် ပို၍ရအောင် လုပ်ပေးသည်။ ဘယ်သူနှင့်ဖြစ်ဖြစ် တည့်အောင်ပေါင်းနိုင်သည်။ လူကြီးများကလည်း ဖင်ပေါ့သဖြင့် သောင်းဒန်ကို အားကိုးသည်။ သဘောကျသည်။ သောင်းဒန်ကို ခိုင်းလိုက်လျှင် မဖြစ်နိုင်တာ မရှိ။ အားလုံး ဖြစ်သည်သာချည်းပင်။

"လှမင်းကွာ၊ ဂျီကျနေလို့ လိုက်ပြီး ပြောရသေးတယ်၊ ဒီကောင့်မိန်းမက လှမင်းကို တော်တော်နိုင်ပုံရတယ်"တစ်ညတွင် စကားစပ်မိသဖြင့် အိမ်က မိန်းမ မြင့်မြင့်သန်းကို ပြောမိသည်။

"အင်း . . . ခုမှပဲ ရေရေလည်လည် စကားပြောဖော် ရတော့တယ်၊ ဒီကလဲ မောင်နဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ၊ ပြောချိန်ကို မရဘူး၊ အခုတလော မောင့်ကြည့်လိုက်ရရင် အလုပ်ရှုပ်နေတာချည်းပဲ၊ မြင့်နဲ့ တစ်မိနစ်လေးမှ မျက်နှာချင်းဆိုင်ချိန် မရဘူး၊ ဘာများ ကိုလှမင်းက ဂျီကျလို့လဲ၊ မိန်းမ ဆိုတာ ယောကျ်ားကို နိုင်မှာပေါ့ တော်ရဲ့၊ သူများမိန်းမသွားပြီး အပြစ်တင်မနေပါနဲ့၊ အထိန်းအကျောင်း ဆိုတာတော့ ရှိရအုံးမှာပေါ့၊ ဂျီတိုက်

ချင်း တိုက်ရင် မောင်ကသာ ဂျီတိုက်မှာပါ”

“မြင့် နားမလည်ပါဘူးကွာ၊ စင်ရော် လိုက်ဖို့ကိစ္စ ပြောနေတာကွ၊ အစက လိုက်မယ်ဆိုပြီး အခု မလိုက်ဘူးလို ဖြစ်နေလို့ အိမ်က မိန်းမကိုလိုက်ပြီး ပြောရတယ်၊ မလိုက်ဘူး ဆိုတာလဲ မောင့်ကို တိုက်ရိုက်ပြောတာ မဟုတ်ဘူး၊ ရုံးက တခြားလူတွေကို ပြောတယ်၊ မောင့်နား ရောက်လာလို့ ဒီကောင့်ကို ခေါ်မေးရတာ”

“မလိုက်ချင်တဲ့လူ အတင်းခေါ်မနေပါနဲ့ မောင်ရယ်၊ ဟိုရောက်မှ စိတ်မပါတာနဲ့ အလုပ်မတွင်ဘဲ ဖြစ်နေပါအုံးမယ်၊ မောင်တို့တံတားက ဘယ်လောက် ဆောက်ရမှာလဲ၊ မြင့်လဲ သေသေချာချာ မေးမယ် မေးမယ်နဲ့ မမေးမိသေးဘူး”

“အခု လျာထားထားတဲ့အတိုင်း ဆိုရင် သုံးနှစ်ခွဲနဲ့ ပြီးမယ်၊ အလွန်ဆုံး လေးနှစ်ပေါ့”

မြင့်မြင့်သန်း မျက်နှာ ညှိုးသွားသည်။ မြင့်မြင့်သန်းသည် သူများတွေလို အထုပ်ပိုက်၍ သောင်းဒန်နောက် မလိုက်နိုင်။ သူ့မှာ အလုပ်တစ်ဖက်နှင့် ဖြစ်သည်။ သူတို့အိမ်ထောင်သည် နှစ်ယောက် လုပ်စာနှင့် စားသောက်နေရသည့် အိမ်ထောင်ဖြစ်သည်။ သောင်းဒန်က မြင့်မြင့်သန်းကို အလုပ်မလုပ်စေချင်။ သို့သော်လည်း မဟာသိပ္ပံအထိပင် တတ်ထားသည့် ပညာများကို အသုံးမချရတော့ဘူးလားဟု မေးသည့်အခါ သောင်းဒန်ဘာမျှပြန်မပြောနိုင်။ နှစ်ယောက်လုပ်စာနှင့်မှ လောက်ငရုံသာ ရှိသည်။ အပိုအမို၊ အကြွားအဝါများ မရှိနိုင်။ ဟော့ဟော့ရမ်းရမ်း မသုံးနိုင်၊ မဖြုန်းနိုင်။ သို့သော် တစ်ခုတော့ ရှိသည်။ ယင်းမှာ သောင်းဒန် အရက်ကြိုက်ခြင်းပင်ဖြစ်သည်။ သောင်းဒန်၏ အရက်ဖိုးသည် တစ်လ တစ်ရာကျော် ကုန်သည်။ အစကတော့ မြင့်မြင့်သန်းက တားမြစ်သေးသည်။ နောက်တော့ မတားမြစ်တော့။ တစ်နေကုန် ပင်ပန်းလာသည့်အခါ အရက်နှင့် အပန်းဖြေရင်းက သောင်းဒန်သည် အရက်ကြိုက်တတ်လာသည်။

“လေးနှစ် ဆိုပေမဲ့ ကြာချင်မှ ကြာမှာပါ၊ ဒီကြားထဲ ရန်ကုန်ကို တစ်လ တစ်ခေါက်တော့ လာရမှာပါကွာ”

"အင်းလေ" ခေါင်းဆတ်ရုံကလွဲ၍ မြင့်မြင့်သန်း ဘာမျှမတတ်နိုင်။ သူယူထားသည့် ယောက်ျားမှာ ရုံးထိုင်အလုပ်သမား မဟုတ်။ ကွင်းဆင်းနေရသည့် အင်ဂျင်နီယာ ဖြစ်သည်။ သူများတွေက မနက် ၉ နာရီခွဲ ရုံးသွား၊ ညနေ ၄ နာရီ ရုံးဆင်းကြသည်။ သူ့ယောက်ျား အလုပ်ကား မနက် ၈ နာရီမှ စသည်။ ညနေ သူများတွေ အိမ်ပြန်ရောက်ချိန်တွင် သောင်းဒန် မရောက်လာ။ ၆ နာရီခန့် ရှိမှ ပြန်ရောက်လာသည်။ တစ်ခါတစ်ရံ အပေါင်းအသင်းနှင့်တွေ့လျှင် သောင်းဒန်သည် ည၉နက်သန်းခေါင်မှ အိမ်ပြန်ရောက်လာတတ်သည်။

ယခုကား သောင်းဒန်၏ လုပ်ငန်းသည် အောင်မြင်နေသည်။ သီရိတံတားဆောက်အပြီးတွင် သောင်းဒန်ကို အထက်လူကြီးများက မျက်စိကျသွားသည်။ သောင်းဒန်၏သတင်းမွှေးလာသည်။ ဒါကိုပင် မြင့်မြင့်သန်း ဝမ်းသာရသည်။ "မင်းခယောက်ျား ကမ်းနားသစ်ပင်" ဆိုသည့် စကားသည် မြင့်မြင့်သန်းတို့ လူဖြစ်လာရသည့် ခေတ်ကြီးတွင် ပို၍ မှန်နေသည်။ နေ့ချင်းညချင်း ကြီးပွားလာသူတို့သည် ကံဆိုးမိုးမှောင်ကျသည့်အခါ အလုပ်မှ ဖြုတ်ခနဲ၊ ဖြုတ်ခနဲ ပြုတ်သွားကြသည်။ သို့ဖြစ်ရာ အချီးမြှင့် မခံရချင်ရှိစေ၊ သောင်းဒန် မကောင်းသတင်း မကြားလို။ ယခုရက် အတောအတွင်း သောင်းဒန် ပင်ပန်းနေသည်။ သို့သော်လည်း သောင်းဒန်၏မျက်နှာသည် ရွှင်ရွှင်ပျပျ ရှိသည်။ ဤသို့ မြင်ရသဖြင့် ဝမ်းသာသည်။

စင်ရော်တံတားဆောက်ရန် သောင်းဒန်ကို တာဝန်ပေးမည်ဟု စောစောကပင် သိရသည်။ လုပ်ရမည်လား၊ မလုပ်ရဘူးလား ဟူ၍ပင် ဆွေးနွေးနေချိန်မရ။ တစ်ရက်ထက်တစ်ရက် အလုပ်ရှုပ်လာသည်ကိုသာ မြင့်မြင့်သန်း မြင်နေရသည်။ တကယ်ဆိုတော့ မြင့်မြင့်သန်းဘက်က ကန့်ကွက်စရာ အကြောင်းမခိုင်လုံ။ သုံးလေးနှစ် ခွဲနေရမည်ကို မနှစ်သက်။ ကလေးများကလည်း ကြီးလာကြပြီ။ မိဘနှစ်ပါးစလုံး၏ အပြုအစု၊ အသွန်အသင် လိုလာပြီ။ ယင်းတို့မှာ အိမ်ထောင်သည် တစ်ယောက်ဘက်မှ ကြည့်သည့်အမြင်မျှသာ ဖြစ်သည်။

သောင်းဒန်ကမူ –

"မောင်တို့ဟာ လူငယ်တွေ မြင့်၊ အခု အသက် သုံးဆယ့်ငါးနှစ် ကျော်ကျော် ရှိကြသေးတယ်၊ ဒီအချိန်ဟာ အလုပ်လုပ်လို့ ကောင်းချိန်ပဲ၊ ဒီအချိန်မှာ အတွေ့အကြုံစုံအောင် ရှာကြရမယ်၊ ဒီထက် ကြီးလာလို့ လေးဆယ်ကျော်လာပြီဆိုရင် သိပ်ပြီး လှုပ်လှုပ်ရှားရှားလုပ်နိုင်တော့မှာ မဟုတ်ဘူး၊ ရုံးထိုင်ပြီး အလုပ်လုပ်ကြရတော့မှာပဲ၊ ဒါက သဘောပြောတာပါ၊ တကယ်ဆိုတော့ ငါးဆယ်အထိ တက်တက်ကြွကြွနဲ့ ကွင်းဆင်းပြီး အလုပ်လုပ်နေကြတဲ့လူတွေ တစ်ပုံချည်းပဲ၊ ဒီတော့ ဒီအချိန်မှာ အလုပ်လုပ်ကြရမယ်၊ မခိုမကတ် လုပ်ရမယ်၊ ပြီးတော့ တိုင်းပြည်အခြေအနေ ကြည့်လိုက်စမ်း၊ မြင့်လဲ တက္ကသိုလ်ကျောင်းက ဆရာမကြီး တစ်ယောက်ပဲ"

"ဟင်း . . . လူကို လာပြီး မထိခိုက်နဲ့"

"အကောင်းပြောတာပါကွ၊ တို့ဆီမှာ တက်တက်ကြွကြွ အလုပ်လုပ်မဲ့ လူငယ်တွေ အများကြီး လိုနေတယ်၊ ကုလားထိုင်နဲ့ စားပွဲနဲ့ လုပ်မှအလုပ်လို့ ထင်နေတဲ့လူတွေ အများကြီး ရှိနေသေးတယ်၊ ဒီခေတ်က တည်ဆောက်ရေး ခေတ်ကွ"

ဟုတ်သည်။ အရာရာ တည်ဆောက်နေကြရသည်။ ခေတ်နောက်ကျသည်ကို ရှေ့သို့ ရောက်လာအောင် အားနှင့် မာန်နှင့်၊ ဇွဲနှင့် သတ္တိနှင့် တည်ဆောက်နေကြရသည်။ ပေါ့ပေါ့စား ပေါ့ပေါ့နေချင်သူတွေနှင့် တိုင်းသစ်ပြည်သစ် တည်ဆောက်၍ မရနိုင်။ သောင်းဒန်သည် အင်ဂျင်နီယာ ဖြစ်သည်။ သူ့ အမြင်သည် အင်ဂျင်နီယာတစ်ယောက်၏ အမြင်သာ ဖြစ်သည်ဆိုလျှင် ရှိစေတော့။ သူ့ အမြင်တွင်ကား စားပွဲ၊ ကုလားထိုင် အလုပ်သည် ခပ်ပေါ့ပေါ့ အလုပ် ဖြစ်သည်။ စားပွဲ၊ ကုလားထိုင်တွင်ထိုင်ကာ အောက်ကလူတွေကို အမိန့်နာနာပေး။ ကိုယ်ကတော့ ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင်၊ ချွေးတစ်ပေါက်မထွက် ခပ်ပေါ့ပေါ့လေးနေ၊ ခပ်ပေါ့ပေါ့ပြော သည်လိုလူတွေနှင့် တိုင်းပြည် မတိုးတက်နိုင်။ သည်လိုလူတွေကို ကြည့်ကာ စားပွဲ၊ ကုလားထိုင် အလုပ်ကို မက်မောလာသူတွေ ပေါ်နေသည်။ အထူးသဖြင့် လူငယ်လေးများသည် တက္ကသိုလ်ကထွက်လျှင် စားပွဲ၊ ကုလားထိုင်အလုပ်ကိုသာ ရှာကြ

သည်။ မိမိလည်း ဝမ်းဝ၊ တိုင်းပြည်လည်း ကြီးပွားသည့်အလုပ်သည် စားပွဲ၊ ကုလားထိုင်တွင် မရှိ။ ကွင်းပြင်တွင် ရှိသည်။ ဤသည်ကား သူ့အမြင် ဖြစ်သည်။ သူ့အမြင်သည် တစ်ဖက်သတ် ဖြစ်ချင်ဖြစ်နေမည်။

"တို့ဟာ တည်ဆောက်ရေးသမားတွေပဲ မြင့်"

မြင့်မြင့်သန်း ဘာမှ ပြောစရာမရှိတော့ပေ။ ကန့်ကွက်၍ရမည့် အခြေအနေလည်း မဟုတ်။ သူ့ထက်ဆိုးသည့် မိန်းမတွေ အများကြီး ရှိသည် မဟုတ်လား။ အချို့ဆိုလျှင် တိုင်းပြည်အတွက် အသက်စွန့်ကြရသည် မဟုတ်လား။ မုဆိုးမဖြစ် ကျန်ရစ်ခဲ့ကြရသည် မဟုတ်လား။ သူတို့နှင့်စာလျှင် မြင့်မြင့်သန်းဘဝက အများကြီး ခံသာသေးသည်။ မြင့်မြင့်သန်းသည် စစ်ထွက်ယောက်ျား၏ မိန်းမမဟုတ်။ မြင့်မြင့်သန်းသည် အင်ဂျင်နီယာ၏ မိန်းမသာ ဖြစ်သည်။ တည်ဆောက်ရေးခေတ်တွင် အင်ဂျင်နီယာတို့ အလုပ်များမည်။ သို့ဖြစ်ရာ မြင့်မြင့်သန်းအဖို့ လင်နှင့်အတူ အမြဲနေရဖို့ မျှော်လင့်ချက် မထားနိုင်။

"မောင့်ကို နားလည်တယ် မဟုတ်လား မြင့်၊ မောင့်ကို နားလည်ရင် မောင် ဘာလုပ်လုပ် မြင့် ခွင့်လွှတ်ရမှာပဲ၊ မောင့်ကို နားလည်ရင် မောင့်အလုပ်ကို နားလည်ရမှာပဲ၊ မောင့်ကို ချစ်တယ် မဟုတ်လားဟင် မြင့်၊ မောင့်ကို ချစ်တယ် မဟုတ်လား"

"တော်ပါတော့၊ ကလေးသုံးယောက်တောင် ရနေပြီ"

အိမ်က မိန်းမအတွက်တော့ စိတ်ချရပြီ။ သို့သော် သောင်းဒန်သည် ထိုရက်အတွင်း စိတ်မအား၊ လူမအား ဖြစ်နေသည်။ လူစုရ၊ ပစ္စည်းစုရနှင့် နားနေရသည်ပင် မရှိ။ ပစ္စည်းစုရသဖြင့် ရုံးတွင် ထိုင်မနေနိုင်။ သီရိတံတား လုပ်ငန်းများကား လက်စသတ်နေပြီ။ လူစုကား မကွဲသေး။ လက်သမား၊ ပန်းရန်၊ စက်ပြင်စက်မောင်း၊ သံချိသံကွေး စသည့် အလုပ်သမားတို့သည် သုံးနှစ်အတွင်း ဟိုမှ သည်မှ တစ်စုစီ တစ်ယောက်စီ ရောက်လာကြသော အလုပ်သမားများ ဖြစ်ကြသည်။ သူတို့ကား လခစားများမဟုတ်ကြ။ နေ့စားသမားများသာ ဖြစ်ကြသည်။ သီရိတံတားတွင်မူ အခကြေးငွေ ကောင်းကောင်း ရသည်။ သူတို့သည် တစ်နေ့လျှင် ၆ ကျပ်မှ ၁၀ ကျပ်အထိ ရကြသည်။

ပျဉ်ထမ်း၊ သဲထမ်းသမားများသာလျှင် သုံးကျပ်ဆယ့်ငါးပြားစားများ ဖြစ်သည်။ သူတို့ကား စက်ပြင်၊ စက်မောင်းတို့လို ကျွမ်းကျင်သည့် အလုပ်သမားများ မဟုတ်ကြ။ မည်သို့ဖြစ်စေ သုံးကျပ်ဆယ့်ငါးပြားစား မဟုတ်သူတို့သည် လခစား ဖြစ်လိုကြသည်။ သို့မှ သူတို့ဘဝသည် အာမခံချက်ရှိမည်။ အစိုးရက လည်း သူတို့အားလုံးကို မခန့်နိုင်။ လုပ်ငန်းရှိလျှင် နေ့စားပေး၍ ခိုင်းသည်။ သူတို့အထဲတွင် စက်ကြီးမောင်းတို့သာ လခစားများ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့ကို စည်းရုံးရာ၌ မက်လုံးပေးရတော့မည်။ လုပ်ငန်းပြီးဆုံးလျှင် လခစား ဖြစ်စေရမည်ဟူသော မက်လုံးပင် ဖြစ်သည်။ ဖြစ်လည်းဖြစ်ရမည်ဟု သောင်းဒန် မျှော်လင့်ထားသည်။

သို့နှင့် သောင်းဒန် ပစ္စည်းစုနေစဉ် အင်ဂျင်နီယာလေး စောသာအေးက တစ်နေ့လယ်ခင်းတွင် သတင်းစကားတစ်ခု ပါးသည်။ စက်ကြီးမောင်းနှစ် ယောက်ဖြစ်သည့် ဘလှနှင့် အေးသန်း မလိုက်နိုင်ဘူး ဟူသော သတင်းပင် ဖြစ်သည်။

"မလိုက်နဲ့ကွာ၊ အားလုံးမလိုက်ကြနဲ့ ကောင်းတယ်၊ ငါချည်း သွားမယ်၊ ငါတစ်ယောက်တည်း ဆောက်မယ်"

သောင်းဒန် စိတ်ရှုပ်လာသည်။

"နေစမ်းပါအုံး စောသာအေး၊ မင်းကော ပျက်အုံးမှာလား"

"မပျက်ပါဘူး ကိုသောင်းဒန်၊ ကျွန်တော်လဲ လိုက်မယ်၊ ကျွန်တော့် မိန်းမလဲ လိုက်မယ်၊ တစ်အိမ်ထောင်လုံး လိုက်မယ်၊ တံတားပြီးမှ ပြန်မယ်"

စောသာအေးစကား ကြားလိုက်ရသည့်အတွက် အားတက်သလိုလို ရှိလာသည်။

"ဒီလိုလုပ် စောသာအေး၊ ဒီကောင်တွေ ညနေ အလုပ်ဆင်းရင် မပြန်စေ နဲ့၊ တံတားပေါ်မှာ တန်းစီခိုင်းထား၊ ငါ လာခဲ့မယ်၊ သူတို့အားလုံးကို စကား ပြောမယ်၊ စပြီး ခေါ်တုန်းကတော့ မိုးလားကဲလားနဲ့၊ ဘယ်လိုကောင်တွေမှန်း မသိဘူး"

ညနေတွင် သီရိတံတားသစ်ပေါ်၌ အလုပ်သမား တစ်ရာကျော်

သောင်းဒန်ကို စောင့်နေကြသည်။ တံတား မဖွင့်သေးသည့်အတွက် စည်းဝေးစရာ နေရာတစ်ခု ရနေသည်။ သောင်းဒန် ရောက်လာပြီး သူတို့အားလုံးကို စကားပြောသည်။

"ကဲ . . . ဘယ်လိုလဲ၊ ဟော့ ဘလှနဲ့ အေးသန်း ဘယ်လိုလဲကွ၊ မင်းတို့ မလိုက်တော့ဘူးဆို၊ မင်းတို့က လခစားသမားတွေဆိုတော့ ဘယ်နေနေ ပိုက်ဆံကတော့ ရနေမှာကိုးကွ၊ ဟုတ်လား၊ မင်းတို့ ငါ့ကို မကူညီချင်ဘူးလား၊ တို့တိုင်းပြည်ရဲ့တည်ဆောက်ရေးမှာ တစ်လက်တစ်ကမ်း မပါချင်ဘူးလား၊ အေးကွာ ဒီအထိ ကြီးကြီးကျယ်ကျယ် စကားလဲ ငါ မပြောချင်ပါဘူး၊ ငါနဲ့ အတူ အလုပ်မလုပ်ချင်ဘူးလား၊ ငါ့ကို မကူညီချင်ဘူးလား၊ ဒါပဲ မေးချင်တယ်၊ ဟော့ ဘလှနဲ့ အေးသန်း၊ မင်းတို့ ငါ့ကို မကူညီချင်ဘူးလား"

အဖြေမရ။

"ပြောလေကွာ၊ ငါ မေးနေတယ်"

"ကူ ကူ ကူညီချင်ပါတယ် ခင်ဗျာ"

"အေး . . . ကူညီချင်တယ်ဆိုရင် ငါနဲ့ လိုက်ခဲ့ကြဖို့ပဲ၊ ခင်ဗျားတို့အားလုံး လခစား ဖြစ်ချင်ကြတယ် မဟုတ်လား၊ အဲဒါ ဖြစ်နိုင်အောင် ကျွန်တော်တို့ ကြိုးစားနေကြတယ်၊ အခု စင်ရော်တံတားဆောက်လို့ပြီးရင် ကျွန်တော်တို့အဖွဲ့ ဟာ မြန်မာအင်ဂျင်နီယာများ တံတားဆောက်အဖွဲ့ ဖြစ်လာမယ်၊ ခင်ဗျားတို့ တစ်တွေဟာ တံတားဆောက် ကျွမ်းကျင်သူတွေဖြစ်လာမယ်၊ တံတားဆောက် အဖွဲ့ဖြစ်လာရင် အားလုံး လခစားတွေဖြစ်လာမှာပဲ၊ ကျွန်တော်နဲ့ဦးသော်ကောင်း တို့ တိုင်ပင်ပြီး တံတားဆောက်အဖွဲ့ ဖွဲ့စည်းပုံတစ်ခု အထက်ကိုတင်ပြထား တယ်၊ ခင်ဗျားတို့ မယုံရင် မေးကြည့်၊ ဟောဒီက ဦးလှမင်းတို့ ၊ ဦးစောသာ အေးတို့ မေးကြည့်၊ ဟုတ်လား၊ ခင်ဗျားတို့သာ အနာခံပြီး လိုက်ခဲ့ကြမယ် ဆိုရင် ခင်ဗျားတို့အကြောင်း အကောင်းပြောလို့ဖြစ်တယ်၊ ခင်ဗျားတို့က အနစ်နာမခံဘူးဆိုရင် ကျွန်တော် ဘာမှပြောမပေးနိုင်ဘူး၊ ခင်ဗျားတို့အတွက် ဘဝအာမခံချက် ဘာမှရှိတော့မှာ မဟုတ်ဘူး၊ ကဲ သဘောပေါက်ကြရဲ့လား၊ မေးချင်တာရှိရင် မေးကြဗျာ"

"ဆရာ ဦးသောင်းဒန် ခင်ဗျား၊ ကျွန်တော် တစ်ခုမေးပါရစေ၊ အဲဒီစခန်းမှာ ကျွန်တော်တို့ ဘယ်လိုနေရမှာလဲ"

"အားလုံး စုပြီး နေကြရမှာပေါ့ဗျ"

"ဝင်းခြံတို့ ဘာတို့ကော လုံလုံခြုံခြုံ ရှိရဲ့လား"

"လုံလုံခြုံခြုံရှိအောင် လုပ်ရမှာပေါ့"

"အဲဒီမှာ ကျားတို့၊ ဆင်တို့ ရှိမှာပေါ့ ခင်ဗျာ"

"ဟာ . . .ဒီလူတွေ ဘာတွေ မေးနေတာလဲ၊ ခင်ဗျားတို့ တော်တော်အ,သေးတာပဲ၊ တောကြီးမျက်မည်း မဟုတ်ဘူးဗျ၊ အဲဒီမှာ လူသူ ရှိတယ်၊ အနားပတ်ဝန်းကျင်မှာ ကွမ်းသီးခြံတွေ၊ ရော်ဘာခြံတွေ၊ ဒူးရင်းခြံတွေ ရှိတယ်၊ ချောင်းထဲမှာ လှေတွေ ပဲ့ချိတ်တွေ သွားလာနေကြတယ်"

သူတို့ နားမလည်ကြ။ သူတို့အားလုံးသည် ရန်ကုန်ဇာတိ မဟုတ်ကြ။ အလုပ်အကိုင်ပေါသော မြို့ကြီးပြကြီးသို့ တက်လာကြသည့် တောသူတောင်သားများသာ ဖြစ်ကြသည်။ များသောအားဖြင့် ရန်ကုန်မှလွဲလျှင် တခြားတစ်ရပ်တစ်ကျေး ရောက်ဖူးသူများ မဟုတ်ကြ။ သူတို့တွင် ဗဟုသုတမရှိ။ အတွေ့အကြုံမရှိ။ ရန်ကုန်တွင်ကား သားရဲစားသည့် ကျား မရှိ။ လူသားစားကျားများသာ ရှိသည်။ လူသားစား ကျားများကို သူတို့ တွေ့ဖူးကြုံဖူးကြလိမ့်မည်။ သို့သော် တောကြီးမျက်မည်းထဲက သားငါးစားကျားထက် မြို့ကြီးပြကြီးက လူသားစားကျားသည် ပို၍ ကြောက်စရာကောင်းသည်ကို သူတို့နားမလည်ကြ။ ရန်ကုန်တွင် သားရဲစားကျားဆို၍ တိရစ္ဆာန်ရုံတွင်သာရှိသည်။ တောဆိုလျှင် ကျားရှိမည်ဟု သူတို့အထဲက တချို့တလေ အတွေးခေါင်နေကြသည်။ အချင်းချင်း ပြောဆိုဆွေးနွေးကြရာမှ တစ်ယောက်ယောက်က တောထဲနေရမယ်တဲ့၊ ကျားတော့ ကြောက်ရမှာပေါ့ကွာဟု ပြောလိမ့်မည်။ ထိုမှ ဤမေးခွန်း ထွက်လာခြင်း ဖြစ်သည်။

သောင်းဒန်၏ အဖြေကြောင့် အားလုံး ငြိမ်သွားသည်။ ခဏကြာလျှင် တီးတိုးတီးတိုး ပြောကြပြန်သည်။

"အစားအသောက်ကော ပေါရဲ့လား ခင်ဗျာ"

"ဟာ . . . ရန်ကုန်ထက်တော့ ပေါတာပေါ့ဗျာ၊ တောပဲဟာ ပေါရမှာ ပေါ့၊ ငါးတစ်ပိဿာဆိုရင် တစ်ကျပ် နှစ်ကျပ်တဲ့"

သောင်းဒန် ကိုယ်တွေ့ မဟုတ်။ တစ်ဆင့်ကြားနှင့် ပြောရခြင်းပင် ဖြစ်သည်။ သူ့ကို သတင်းပေးသူမှာ စင်ရော်ဒေသသားတစ်ယောက်ပင် ဖြစ်သည်။ ယခု သောင်းဒန်တို့အကြီးအကဲထဲတွင် တစ်ယောက် ဖြစ်သည်။ ယခု မေးခွန်းကို သောင်းဒန်က ထိုပုဂ္ဂိုလ်အား မေးဖူးသည်။ ထိုပုဂ္ဂိုလ်က "ဟာ ပေါတာပေါ့ ဗျာ၊ ငါး တစ်ပိဿာမှ ငါးမူး တစ်ကျပ်ရယ်" ဟု ဖြေသည်။ ယခု သောင်းဒန်က အလုပ်သမားများအား မယုတ်မလွန် တစ်ကျပ်၊ နှစ်ကျပ်ဟု ပြောလိုက်သည်။

"ကဲ . . . ကဲ၊ အမာခံတွေ လိုတယ်၊ ဒေါင်ဒေါင်မြည်တွေ လိုတယ်၊ တံတားပြီးမှ ပြန်မယ် ဆိုတဲ့လူတွေ လိုတယ်၊ ကဲ . . . ဘယ်လိုလဲ၊ စောသာအေး စာရင်းကောက်စမ်းကွာ"

"ကျွန်တော် လိုက်မယ် ဆရာ"

"ကျွန်တော်လဲ လိုက်မယ် ဆရာ"

"ဘယ်လောက် ရသလဲဟေ့"

"အားလုံး လေးဆယ်"

"မဖြစ်သေးဘူး၊ လေးဆယ်နဲ့ မဖြစ်သေးဘူး၊ တစ်ရာကျော် လိုတယ်"

"ကျွန်တော့်မိန်းမက ကိုယ်ဝန် လေးလ ရှိနေပြီခင်ဗျ၊ သူ့ကိုလဲ မထားခဲ့နိုင်ဘူး၊ ကိုယ်ခွဲလဲ မရှိဘူး၊ သာကေတမှာရှိတဲ့ သူ့ အစ်မကလဲ တာဝန်မယူနိုင်ဘူး၊ ကျွန်တော့်မိန်းမမှာ မွေးချင်းက နည်းတယ်၊ ကျွန်တော်တို့က ဟိုး ရွှေဘိုက ခင်ဗျ" လက်သမား ညွန့်ရွှေက တစ်လုံးချင်းပြောနေသည်။ ရာဇဝင် ခင်းနေသည်။

"ဟေ့ . . . တော်ပြီ တော်ပြီ၊ ငါ နားလည်တယ်၊ မင်းမိန်းမ ခေါ်ခဲ့၊ စင်ရော်မှာ ဆေးရုံရှိတယ်၊ ဆရာဝန်နဲ့ မွေးပေးမယ်ကွာ၊ မင်း ဆိုချင်တာက ဒီမှာထားခဲ့လို့ မဖြစ်ဘူး ပြောတာ မဟုတ်လား၊ ကဲ နောက် ဘာမေးချင်သေးသလဲ၊ ဒီထက် လူများမှ ဖြစ်မယ်၊ အခုမှ လေးဆယ် ရှိသေးတယ်၊ မဖြစ်

သေးဘူး၊ တစ်ရာကျော် လိုတယ်၊ ကဲ ဘာမေးချင်ကြသေးသလဲ"

"ကလေးတွေ ခေါ်ခဲ့ရင် ကျောင်းထားဖို့ ကော"

"တောက် ဟုတ်တယ်၊ အဲဒါ ငါ မေ့သွားတယ်၊ အိမ်ထောင်တစ်ခုလုံး လိုက်ကြမယ်ဆိုရင် ကလေးတွေ ပါလာမယ်၊ ကျောင်းသားတွေ ပါလာမယ်၊ သူတို့အတွက် ကျောင်းရှာရမယ်၊ ကျောင်းထားပေးရမယ်၊ အဲဒါကြောင့် ငါပြောတာပေါ့၊ စင်ရော်မြို့နားမှာ ဆောက်မယ်ဆိုရင် ဒီကိစ္စတွေ အားလုံး အဆင်ပြေမယ်၊ ကလေးတွေကို စင်ရော်မြို့က ကျောင်းမှာ ထားလိုက်ရုံပဲ"

"ကလေးတွေကို စင်ရော်မြို့က ကျောင်းကို ပို့ပေးမယ်ကွာ၊ တို့ တံတား ဆောက်မဲ့ စခန်းနဲ့ စင်ရော် ဆိုတာက သုံးမိုင်သာသာပဲ ဝေးတယ်"

ဘာနဲ့ သွားမလဲ၊ နေ့တိုင်းအမှု တာဝန်ယူရမယ်။ အို ဖြစ်သလိုပဲ စီစဉ်ရမှာပဲ၊ အရေးကြီးတာက သူတို့အားလုံး ငါတို့နဲ့ အတူ ပါလာဖို့ပဲ။

"ကဲ . . .ကဲ စဉ်းစားကြအုံး၊ နောက်တစ်ခါ စာရင်းထပ်ကောက်မယ် ဟုတ်လား"

သူတို့ လူစုခွဲလိုက်ကြသည်။

ထိုအတောအတွင်းမှာပင် သော်ကောင်းလည်း ရာထူးတက်သွားသည်။ ဂျိန်ဖော့တိုင်း တစ်နေရာတွင် အကြီးတန်း အင်ဂျင်နီယာ ရာထူးတစ်နေရာ လစ်လပ်သည်။ အထက်က သော်ကောင်းကို လွှတ်သည်။ သော်ကောင်းနှင့် တွဲ၍ လုပ်ခဲ့ဖူးသည့် တိုင်းအင်ဂျင်နီယာ ဦးသန်းမောင်ကလည်း မြန်မာပြည် အလယ်ပိုင်းတစ်နေရာ သူ့လက်အောက်တွင် သော်ကောင်းကို ခေါ်ယူချင်သည်။ သော်ကောင်း၏လုပ်ရည်ကိုင်ရည်ကို သိသဖြင့် ဦးသန်းမောင်က ကြိုးစား သေးသည်။ သို့သော် ဂျိန်ဖော့တိုင်းက အင်ဂျင်နီယာပညာတော်သင်သွားသဖြင့် သူ့နေရာတွင် အရေးတကြီး လူလိုနေရာ သော်ကောင်း သွားရမည် ဖြစ်သည်။

"သွားပေတော့ သူငယ်ချင်း၊ နောက်မှပဲ မင်းကို ခေါ်ယူရမှာပဲ၊ ငါလဲ မင်းအတွက် ကြိုးစားလျက်ပဲ၊ ဒါပေမဲ့ အခုနေတော့ လူကြီးတွေ အလုပ်ရှုပ်နေ သေးလို့ မင်းကိစ္စ ထည့်မစဉ်းစားနိုင်သေးဘူးနဲ့ တူတယ်"

အကောင်အထည်ပေါ်ဖို့ လိုသေးသည်။ သူတို့ ဖွဲ့ချင်သည်မှာ

တံတားဆောက်အဖွဲ့ ဖြစ်သည်။ တစ်ပြည်လုံး နှစ်ဖွဲ့လောက်ဖွဲ့နိုင်မည်ဆိုလျှင် ကောင်းမည်။ မဖြစ်နိုင်ရန်ကား အကြောင်းမရှိ။ သူတို့ ဆောက်ရမည့်တံတား ကြီးများ အများအပြားရှိသေးသည်။ အဖွဲ့အစည်းတစ်ခုက တာဝန်ခံဆောက် ရသော် ပို၍ လုပ်ငန်းတွင်ကျယ်မည်။ အရေးကြီးသည်မှာ ပစ္စည်းနှင့်ငွေပင် ဖြစ်သည်။ သို့သော်လည်း သူတို့၏ဆောက်လုပ်ရေးလုပ်ငန်းသည် ဦးစားပေး လုပ်ငန်းဖြစ်သည်။ တောင်တွေ့လျှင် လမ်းဖောက်၊ ချောင်းတွေ့လျှင် တံတား ဆောက်ရမည် မဟုတ်လား။

"နည်းနည်းတော့ လှုပ်လှုပ်ရွရွ ဖြစ်သွားတယ် ကိုသောင်းဒန်၊ အဲဒါ နောက်ထပ် နှစ်ခါလောက်ဆိုရင် ဟန်မှာပဲ"

လှမင်း၏စကား ဖြစ်သည်။ လှမင်းသည် စကားကို အလယ်ကဖောက် ၍ ပြောတတ်သည်။ မနည်းပင် ဆက်စပ်နားထောင်ယူရသည်။ ဤသည်မှာ သူ့အကျင့်တစ်ခု ဖြစ်သည်။ ရေရေလည်လည် ပြောသည့်အခါတွင်မူ သီရိ တံတားမှ အလုပ်သမားများ စင်ရော်စခန်းသို့ လိုက်ပါရေးအတွက် လှုပ်လှုပ်ရွရွ ဖြစ်နေသည်ဟူ၍ပင် ဖြစ်သည်။ အလုပ်သမားများကို နောက်ထပ် နှစ်ခါလောက် စကားပြောပါဦးဟု လှမင်းက တိုက်တွန်းသည်။

ယခုကား အမာခံ လေးဆယ်လောက် ရနေပြီ။ တစ်ရာကျော်အောင် ဆက်လက် စည်းရုံးရဦးမည်။ သည်တစ်ကြိမ်တွင်မူ သောင်းဒန်သည် အလုပ်သမားများကို သီရိတံတားထိပ်ရှိ အလုပ်ရုံထဲတွင် စုဝေးခိုင်းသည်။

"ကဲ ဘယ်လိုလဲ၊ စဉ်းစားပြီးကြပြီလား၊ နောက်ထပ် လိုက်မဲ့လူ ဘယ်နှယောက်ရှိသလဲ၊ လှမင်းရေ စာရင်းယူစမ်းဟေ့"

လှမင်းက စာရင်းယူသည်။ လူနှစ်ဆယ်လောက်သာ နောက်ထပ်တိုး လာသည်။

"မဖြစ်သေးဘူးကွာ၊ ဒီအတိုင်းတော့ မှန်းခြေမပေါက်သေးဘူး"

လှမင်းတို့၊ စောသာအေးတို့က အခြားဌာနမှ အလုပ်သမားများကို လက်ညှိုးထိုး ခေါ်ခဲ့လို့ မရဘူးလားဟု မေးဖူးသည်။ အကြံပေးဖူးသည်။

"ရတယ် လှမင်း၊ စင်ရော်တံတား ဆောက်လုပ်ရေးအတွက် ငါ့ကို

အထက်က အာဏာကုန်ပေးထားတယ်၊ ခေါ်ချင်တဲ့လူ ခေါ်လို့ရတယ်၊ ဒါပေမဲ့ ဒီလူတွေက ငါနဲ့ အလုပ်တူ လုပ်ဖူးကြတဲ့လူတွေ မဟုတ်ဘူး၊ သူတို့အကျင့်၊ သူတို့စရိုက်ကို ငါ မသိဘူး၊ သူတို့အလုပ်ဆိုတာလဲ မသိဘူး၊ အလုပ်ဆိုတာကတော့ သင်ရင် တတ်ရမှာပေါ့ကွာ၊ တို့လဲ ဒီလိုပဲ သင်ကြား တတ်မြောက်လာရတာပဲ၊ ဒီက အလုပ်သမားတွေကိုမှ တမ်းတမ်းစွဲရတဲ့ အကြောင်းက တခြား မဟုတ်ဘူးဟေ့၊ သူတို့စရိုက်၊ သူတို့အကျင့်ကို တခြား လူတွေထက်စာရင် ငါနည်းနည်းသိတယ်၊ ဒါ့ကြောင့်ပဲ၊ ခုဟာက အလုပ်မှာသာ အတူလုပ်ကြရမှာ မဟုတ်ဘူး၊ နေတော့ ထိုင်တော့ရော သူတို့နဲ့အတူနေကြ ထိုင်ကြရမှာ" ဟု သောင်းဒန် ပြန်ဖြေခဲ့ဖူးသည်။ ယခုလည်းသူတို့နှင့် မျက်နှာချင်းဆိုင်တွေ့သည့်အခါ လှမင်း၏မေးခွန်းသည် သူ့ခေါင်းထဲတွင် ပေါ်လာသည်။ ထိုစကားကို သောင်းဒန် ပြန်၍ အစဖော်ချင်သည်။

"ခင်ဗျားတို့ကို အာဏာနဲ့ မစည်းရုံးချင်ဘူး၊ အကျပ်မကိုင်ချင်ဘူး၊ အာဏာနဲ့ စည်းရုံးရင် ခင်ဗျားတို့ထက် ကျွမ်းကျင်တဲ့ အလုပ်သမားတွေ ရနိုင်တယ်၊ ခင်ဗျားတို့ကိုလဲ ကျွန်တော် အကျပ်ကိုင်နိုင်တဲ့ နည်းတွေရှိတယ်၊ ဒါပေမဲ့ ကျွန်တော် အရင်းခံတာက ရင်းနှီးမှုပဲ၊ ရင်းနှီးမှ ပြောရဆိုရတာ ကောင်းတယ်၊ ခိုင်းရတာကောင်းတယ်၊ ခင်ဗျားတို့ကလဲ ကျွန်တော့်ကိုပြန်ပြီး မေးနိုင် မြန်းနိုင်တယ်၊ ဝေဖန်ပြောဆိုနိုင်တယ်၊ အခုလဲ ခင်ဗျားတို့ မေးမြန်း ပြောဆိုနေကြတာပဲ၊ ခင်ဗျားတို့ကို ရှည်ရှည်ဝေးဝေးပြောနေစရာ မလိုပါဘူး ဗျာ၊ ခင်ဗျားတို့လဲ ငယ်ကြတဲ့ အရွယ်တွေမှမဟုတ်ဘဲ၊ ခင်ဗျားတို့ အလုပ် လုပ်ခဲ့ကြတဲ့အထဲမယ် ကျွန်တော့်လို ရင်းရင်းနှီးနှီးပေါင်းတဲ့ပုဂ္ဂိုလ် တွေ့ဖူး သလား၊ အေး ကျွန်တော်ကတော့ အပြောအဆို ကြမ်းတယ်၊ ဆဲတယ်၊ ဆိုတယ်၊ အဲဒါ ဆဲချင်လို့ ဆိုချင်လို့ ကြိမ်းချင်လို့ မဟုတ်ဘူး၊ လုပ်ငန်းတွင်ကျယ်အောင် ဆဲရ ဆိုရ ကြိမ်းရ မောင်းရတာ၊ ပြီးတော့ ရင်းနှီးလို့ ဆဲတာဆိုတာပဲ၊ အပြောအဆို ကြမ်းတာကတော့ ကျွန်တော့်ဝသီပဲ၊ ဒါကိုတော့ သည်းသာခံကြ၊ ကျွန်တော် ပြောတာနားလည်ကြတယ် မဟုတ်လား"

"အစားအသောက် ဆင်းရဲမှာ ကျွန်တော်တို့ စိုးတယ် ဆရာ၊ အိမ်က

မိန်းမတွေမပါဘဲ တစ်ယောက်တည်း လိုက်လာရင် ဘယ်လိုစားမလဲ၊ စားဖို့လဲ ချက်ရပြုတ်ရအုံးမယ်၊ အလုပ်လဲ လုပ်ရအုံးမယ်”တစ်ယောက်ကမေးသည်။

“အခုနေ အစတော့ ဘယ်သူမှ အိမ်ထောင်ကို ခေါ်လို့ မဖြစ်သေးဘူး၊ အတူတူစုပြီး နေ၊ အတူတူစုပြီး စားကြရမှာပဲ၊ ကျွန်တော်လဲ အိမ်ကမိန်းမ မခေါ်ခဲ့ဘူး၊ ခင်ဗျားတို့လဲ မခေါ်ခဲ့နဲ့၊ ကျွန်တော်လဲ ခင်ဗျားတို့နဲ့အတူနေမယ်၊ အတူစားမယ်၊ သေအတူ ရှင်အတူပဲဗျာ၊ အဲဒါ စကားကုန်ပြောတာပဲ၊ သေစရာလဲ မရှိပါဘူး၊ လူသူမရှိတဲ့ တောခေါင်ခေါင်မှာ သွားပြီး လုပ်ကြရမှာမှ မဟုတ်ဘဲ”

သို့နှင့် တဖြည်းဖြည်း လိုက်ချင်သူ များလာသည်။ နောက်ထပ်နှစ်ခါလောက် စည်းရုံးသည့်အခါ သူလိုချင်သည့် လူဦးရေအပြည့်ရလာသည်။ ထိုရက်အတွင်း သောင်းဒန် အိမ်မကပ်နိုင်လောက်အောင် အလုပ်ရှုပ်သည်။ ပစ္စည်းတင်ဖို့ စက်လှေ ရှာရသည်။ ပစ္စည်း ရသမျှ စုရသည်။ လိုလေသေးမရှိအောင် အသေးအဖွဲပစ္စည်းကစ၍ စုရသည်။ အချို့ပစ္စည်းတို့ကို ပုံစံပေးကာ အင်းစိန်အလုပ်ရုံ၌ အလုပ်ခိုင်းရသည်။ အပိုပစ္စည်းများလည်း စုဆောင်းရသည်။ အားလုံးပြီးစီးသည့်အခါ စင်ရော်သို့ ထွက်ရန် ပြင်ဆင်ရလေသည်။ ထိုအချိန်အထိ သော်ကောင်းသည် ဂျိန်ဖော့တိုင်းသို့ မပြောင်းဖြစ်သေး။ သူနှင့် တံတားဆောက်အဖွဲ့သာ စင်ရော်သို့ ထွက်လာခဲ့ကြလေသည်။

× × × × ×

၅

စင်ရော်တံတားဆောက်အဖွဲ့သည် ရန်ကုန်မှ မနက် ၄ နာရီ ရထားနှင့် စိမ့်မြိုင်သို့ ထွက်ခဲ့ကြသည်။ စုစုပေါင်း လူ ၈၃ ယောက် ဖြစ်သည်။ စတုတ္ထတန်း အင်ဂျင်နီယာ ၅ ယောက် ပါသည်။ ဖိုမင် ၆၊ လက်သမား ၂၅၊ ပန်းရန် ၃၊ စက်မောင်း စက်ပြင် ၈၊ သံထည်ကိုင် ၁၀၊ ပစ္စည်းထိန်း ၂၊ ယာဉ်မောင်း ၃၊ ရေငုပ် ၃ နှင့် အလုပ်သမားများ ဖြစ်သည်။ မိန်းမသားတစ်ယောက်မှ မပါ။ နောက်တစ်လခန့်ရှိမှ ခေါ်မည်ဟု စီစဉ်ထားသည်။ နောက်ထပ်လိုက်လာမည့် သူများလည်း ကျန်သေးသည်။

သောင်းဒန်ကား အဖွဲ့ခေါင်းဆောင်။ သူ့လက်အောက်ရှိ အင်ဂျင်နီယာလေးများကို အဖွဲ့ငယ်ခေါင်းဆောင်များခန့်ကာ လမ်းခရီးတွင် အုပ်ထိန်းစေသည်။ ရထားထွက်၍မှ တစ်နာရီသာသာရှိသေးသည့်အချိန်တွင် ငိုင်တိုင်တိုင် မှိုင်တွေတွေ ဖြစ်သူ ဖြစ်နေကြပြီ။

"ကျွန်တော် ညအိပ်ညနေ ခရီးဆိုလို့ ဘယ်မှ မထွက်ဖူးဘူး ဆရာ၊ အခု ပထမဆုံးအကြိမ်ပဲ၊ ကျွန်တော်တို့အိမ်က သားမယားတွေကို နောက်တစ်လလောက် ရှိရင်တော့ ခေါ်လို့ ဖြစ်မှာပါနော် ဆရာ"

လက်သမားဆရာ ဘချစ်က လှမင်းကို ကပ်၍ မေးနေသည်။ သောင်းဒန်သည် စာအုပ်တစ်အုပ် ဖတ်ရင်း ကြားလိုက်သည်။ သို့သော် မသိချင်ယောင်ဆောင်နေသည်။

"ရမှာပေါ့ဗျာ၊ ကျွန်တော်လဲ အိမ်သားတွေကို ခေါ်ရမှာပဲ၊ ခင်ဗျား တို့ ဆရာကြီးကို မေးကြည့်ပါလားဗျ၊ သူ စီစဉ်ပါလိမ့်မယ်၊ ခင်ဗျားတို့ ဘာမှ မပူနဲ့"

သောင်းဒန်ကို လှမင်းက ဆရာကြီး ဘွဲ့ပေးလိုက်သည်။ သူတို့ကို ဆရာ ခေါ်လျှင် သူ့ကို ဆရာကြီး ခေါ်ရမှာပဲ။ ဒါမှ သဘာဝကျမယ်။

"ဟော့ . . . ဘာလဲကွ ဘချစ်၊ မင်း အိမ်က မိန်းမလွမ်းနေပြီလား" သောင်းဒန် အောင့်မနေနိုင်တော့။

"မဟုတ်ပါဘူး ဆရာကြီး"

"ဘာမဟုတ်ရမှာလဲကွ၊ ရန်ကုန်က ထွက်တာမှ တစ်နာရီကျော်ကျော် ရှိသေးတယ်၊ မင်းက မိန်းမခေါ်ဖို့ စကားပြောနေပြီ၊ မင်း ဘယ်တုံးက မိန်းမ ရတာလဲ"

"နှစ်နှစ် ရှိပြီ ဆရာကြီး၊ ဆရာကြီးပဲ ကျွန်တော့် မင်္ဂလာဆောင်တုန်း က သာကေတကို လာသေးတယ်"

"အေး . . . ဟုတ်သားပဲ၊ ကလေး ရနေပြီပေါ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ခြောက်လသမီး ရှိနေပြီ၊ မအေတူလေး ဆရာ ကြီးရဲ့၊ သိပ်ချစ်စရာ ကောင်းတာပဲ"

သောင်းဒန် ငေးနေသည်။ ဘချစ် ပြောသည်ကို သူ မကြားတော့။ သူ့ စိတ်ကလည်း အိမ်သို့ ရောက်နေသည်။ သူ့သမီးငယ် မိတာသည် ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သည်။ ချစ်စရာကောင်းသည်။ တီတီတာတာ စကားပြောတတ်သည်။ "ပေပေဂျီး ဘယ်တော့ ကျန်လာမာလဲ" ဟု ခရီးထွက်ခါနီးမေးသည်ကို နားထဲ တွင် ကြားနေသည်။ ဘချစ်ကို သူ ကိုယ်ချင်းစာမိသည်။

"သြော် . . . ငါ့နှယ် အသည်းငယ်လိုက်တာ"

"ဟော့ ဟော့၊ အားလုံး ငေးတိငိုင်တိုင်နဲ့ ချည်းပဲ၊ စကားပြောကြလေ ကွာ၊ ဟိုအကြောင်း ဒီအကြောင်း ပြောကြ၊ ခင်ဗျားတို့ အထဲမှာ စိမ့်မြိုင်သား တွေ ပါသလား၊ စိမ့်မြိုင်ဆိုတာ ဟိုတုန်းကတော့ အင်မတန် ပျော်စရာ ကောင်းတာပဲ၊ အခုလို လူနေအိမ်ခြေလဲ မထူထပ်သေးဘူး၊ မြို့ကွင်းမြို့ကွက် ကလဲ သိပ်လှတယ်၊ အနီးပတ်ဝန်းကျင်ကလဲ လည်စရာနေရာတွေအများကြီးပဲ"

သောင်းဒန်လည်း စုံအောင်စေ့အောင် မရောက်ဖူးသေး။ အချိန်ရလျှင် လည်ရ ပတ်ရဦးမည်။ အချိန်ရလျှင် ကျောင်းပိတ်ရက်တွင် မြင့်မြင့်သန်းနှင့် မိမာ၊ ဖိုးတုတ်၊ မိတာတို့ကို စိမ့်မြိုင်သို့ အလည်အပတ်ခေါ်ရမည်။ စိမ့်မြိုင်မှ ၅၄ မိုင်ဝေးသော စခန်းသာတွင် ကျိုက်ဒေးရုံ ရေလယ်ဘုရား ရှိသည်။ ပင်လယ်ကမ်းစပ်ကျောက်ဆောင်ထက်တွင်တည်ထားသည့် ဘုရားဖြစ်သည်။ မြင့်မြင့်သန်းနှင့် ကလေးများကို ပို့ရမည်။

အဲ . . . ဟုတ်ပြီ၊ ဒီည စိမ့်မြိုင်မှာ စခန်းချမဲ့အစား စခန်းသာမှာ စခန်းချမယ်၊ ငါ့လူတွေလည်း ရောက်ဖူးရော၊ နောက်မှ သွားမယ်ဆိုရင် သူတို့အဖို့ မလွယ်ဘူး။

"ကဲ . . . ကျွန်တော်တို့ ဒီည စိမ့်မြိုင်မှာ မအိပ်ဘူး၊ စခန်းသာမှာ အိပ်မယ်၊ အဲဒီမှာ ကျိုက်ဒေးရုံ ရေလယ်ဘုရား ရှိတယ်၊ သိပ်ကြည်ညိုစရာ ကောင်းတယ်၊ ဘုရားဖူး ဝင်ကြမယ်ဗျာ၊ ဟုတ်လား၊ လှမင်းတို့၊ စောသာအေး တို့၊ မင်းတို့ အဖွဲ့တွေကို ပြောလိုက်ကြဟေ့"

အားလုံး ဝမ်းသာသွားကြသည်။ လှုပ်လှုပ်ရွရွလည်း ဖြစ်သွားသည်။ သူတို့မျက်နှာများသည် ကြည်လင်လာကြသည်။

"ကဲ ကဲ သီချင်းဆိုကြစမ်းဗျာ၊ ပျော်ပျော်ရွှင်ရွှင် သွားကြရအောင်"

စက်မောင်းဆရာ သိန်းတင်က မာမာအေး၏ 'မေ့ကွက်ကိုရှာ'သီချင်း ကို ဆိုသည်။

"မေ့ကွက်ကို ရှာသူရေ၊ နေ့ရက်တွေ ကြာသာကြာပေါ့၊ ဆွေးပါတယ်လေ၊ မေ့အသည်း လွမ်းသူရဲ့ပွဲ"

သိန်းတင်၏ အသံသည် လည်ချောင်းကြားမှ အစ်တစ်တစ်ကြီး ထွက်လာသည်။ မာမာအေးနှင့်တူအောင် မျက်နှာကိုရှုံ့ကာ တုန်တုန်ယင်ယင် နှင့် ညှစ်ထုတ်သည်။ သောင်းဒန်သည် ကျိုက်ကလဲတောင်တန်းကြီးကို ကြည့်နေရာမှ သိန်းတင်၏သီချင်းကြောင့် လွမ်းသလိုလို ဖြစ်လာသဖြင့် သိန်းတင်ကို ကြည့်လိုက်သည်။ သိန်းတင်ကား မှိုင်းနေသော ကျိုက်ကလဲ တောင်တန်းကြီးကို မျက်နှာမူရင်း ဆွဲကာငင်ကာ သီဆိုနေသည်။ သူ့မျက်နှာ

တွင် ဆွေးရိပ်သန်းနေသည်။ အခုတော့ မေ ဘယ်သူ့ကိုမှ အပြစ်လည်း မတင်ချင်ပေ။

"ဒီကောင်တွေ မဖြစ်သေးပါဘူး၊ ဟော့ သိန်းတင် အဲဒီသီချင်း မဆိုစမ်းနဲ့ကွာ၊ မင်းသီချင်းက တက်တက်ကြွကြွ မရှိဘူး၊ ကြားရတာနဲ့ ငိုချင်စိတ်ပေါက်လာတာပဲ၊ တခြားသီချင်း ဆိုကွာ"

အားလုံးက ဝိုင်းရယ်ကြသည်။ သိန်းတင်၏ သီချင်းသံ ရပ်သွားသည်။ ထို့နောက် သူ့အပေါင်းအဖော်များကို လှည့်ကြည့်ရင်း ရှက်သလိုလိုဖြစ်ကာ မျက်နှာကို အောက်ငုံ့ထားသည်။ သိန်းတင်သည် ကျိုက်ကလဲတောင်တန်းကြီးကို မြင်ရသည့်အခါ လွမ်းလာဆွေးလာသည်။ ထိုဓာတ်ခံကြောင့် မာမာအေး၏ မေ့ကွက်ကိုရှာသည် သူ့ပါးစပ်ထဲသို့ အလိုလို ရောက်လာခြင်း ဖြစ်လေသည်။

သောင်းဒန်သည် သူတို့ကို ကြည့်ကာ သီချင်းတစ်ပုဒ်ကို တစ်ယောက်တည်း ညည်းနေမိသည်။ ငယ်ငယ်တုန်းက သူ့ဦးကြီးဆိုသည့် သီချင်းတစ်ပုဒ်ကို အမှတ်ရလာသည်။ သူ့ဦးကြီးတို့ ခေတ်ကား ကျွန်ခေတ်။ မြန်မာတို့ အသရေမညှိုးအောင်၊ မြန်မာတို့ ဇာတိသွေး ဇာတိမာန် တက်အောင် မြန်မာ့ဂုဏ်ကို ဖော်ထုတ်နေရသည့် ခေတ်ပင် ဖြစ်သည်။ ထိုခေတ်က ဗန္ဓုလ သီချင်း၊ ဘုရင့်နောင် သီချင်းတို့သည် ဇာတိသွေး ဇာတိမာန်ကို နှိုးဆွပေးသည့် သီချင်းများ ဖြစ်ကြသည်။ ပဲခူးရွှေမော်ဓောဘုရားသို့ ရန်သူတွေဝိုင်းနေသည့် အကြားမှသွားကာ နားထွင်းခဲ့သူ မြန်မာသူရဲကောင်း တပင်ရွှေထီးအကြောင်းကို သီချင်းရေးဆရာတို့က သီချင်းစပ်ကြသည်။

"ကေတုမတီ တောင်ငူဘုရင် တပင်ရွှေထီး ရွှေဖုန်းသမ္ဘာ တေဇာတော် နေတန့်နန်းသို့ အညီ၊ ဦးသျှောင်ထုံးကာ နားတော်ထွင်းတဲ့ ရှေးမင်း အစဉ်အလာ မင်္ဂလာကိုတည်၊ စိတ်မှာကြံယူ ရန်သူတော် တိုင်းပြည်၊ ရွှေမော်ဓောရင်ပြင် ဆင်ယင်ချင်သည်၊ တိုင်းပြည်ရှင် ဘုရင်ကြငှန်းက အစွမ်းကိုယုံကြည်၊ ယောက်ျားအာဇာနည်၊ ရှင်ရဲထွတ်ကို တိုင်ပင်တော်မူသည်"

ထိုသီချင်းမျိုးနှင့်အတူ မြန်မာတို့ဂုဏ်ကို ဖော်ကျူးသည့် သီချင်းများ အများအပြား ရှိသည်။ နှစ်ဆယ်ရာစုခေတ်သည် သိပ္ပံပညာ တိုးတက်လာ

သောခေတ် ဖြစ်သည်။ မြန်မာတို့လည်း မညံ့ခဲ့ပါ၊ အောက်တန်းမကျခဲ့ပါ။

"လေပါတီ ဆိုသော တပေါင် သီချင်းကိုတဲ့ မဟာပထဝီမြေအတွင်းက ခရသင်း မှုတ်လိုက်ပြန်ပါသည်၊ မြန်မာဂုဏ်ရည် မျိုးမြန်မာတွေ ဂုဏ်ရည်ပါရှင်၊ မြတ်မုနိ ဘဂဝါသခင်၊ ဗုဒ္ဓမြတ်ရှင်ပင်၊ အင်ဂျင်နီယာ ဝန်ချီစက်တို့ မပေါ်သေးခင်၊ ဆွဲလို့တင်ပုံတွေ၊ အံ့လောက်ပေသည်၊ ရာဇဝင်များစွာ ထင်ရှား မြန်မာ့ဂုဏ်ရည်။

မင်းကွန်း ခေါင်းလောင်းကြီးကို ရောက်အောင် ဘယ်လိုချီ၊ ခွေးတိုး စက်ကယ် ဘယ်မှရလေမည်၊ လက်နဲ့ ကြိုးနဲ့ ဆွဲကာ လွဲကာ မြဲရှုရာလေသည်"

ရခိုင်ပြည်က ပင့်ခဲ့သည့် မြတ်မုနိဘုရားကြီးသည် ရှေးခေတ် မြန်မာ အင်ဂျင်နီယာများ၏ စွမ်းရည်တစ်ခုပင် ဖြစ်သည်မဟုတ်လား။ ကမ္ဘာတွင် ဒုတိယအကြီးဆုံးခေါင်းလောင်းကြီးသည် မင်းကွန်းခေါင်းလောင်းကြီးဖြစ်သည်။ အလေးချိန်မှာ 'မင်းဖြူမှန်မှန်ပြော' ဆိုသော ဆောင်ပုဒ်အရ ငါးသောင်း ငါးထောင့် ငါးရာ ငါးဆယ့်ငါးပိဿာ ရှိသည်။ ဤခေါင်းလောင်းကြီးကို ခေါင်းလောင်းစင်ထက်ရောက်အောင် ဘယ်သို့ဆွဲ၍တင်သနည်း။ ဤသည် မှာလည်း မြန်မာအင်ဂျင်နီယာတို့၏ စွမ်းရည်ပင်ဖြစ်သည်။

"ဟော့ ဟော့၊ မင်းတို့အားလုံး လိုက်ဆိုကြ၊ ငါ ရှေ့က ဆိုပြသွားမယ်"

"ဟုတ်ကဲ့ ဆရာ"

"ဆိုပါ ဆရာ"

"ကောင်းကင်ယံ အာကာဆီ၊ မိုးသားညွှန့် မြူးကွန့်လို့ချီ၊ အေးချမ်းတဲ့ အရဏ်ဆီ၊ ကြယ်နီ ထွက်ပေါ် လင်းကြက်က ဆော်ပြီ၊ အရေးကို ဆိုကြသည်၊ တေးစုံဖိုမညီ၊ ဝမ်းရေးကို ရှာဖွေလို့သာ မြူးကာပျော်မည်၊ ယောက်ျားဘသား အလုပ်သမားများသည်၊ အချိန်တန်ပြီ၊ အလုပ်ခွင်ကို ဆင်းကြစို့ညီညီ"

အားလုံး မြူးကြွလာသည်။ သောင်းဒန်လည်း တက်ကြွရွှင်မြူးလာကာ ရှေ့မှ နှစ်ခေါက်၊ သုံးခေါက် ထပ်၍ ဆိုသည်။

"တို့အလုပ်သမား ခေတ်ရောက်ပြီ၊

တို့ အလုပ်သမား ခေတ်ရောက်ပြီ၊ တူ၊ ပုဆိန်၊ လွှ စုံညီ၊

အားခွန်လဲ စိုက်ရမည်၊

အားခွန်လဲ စိုက်ရမည်၊ တာဝန် တို့ကျေပြီ၊

လမ်းပြင်ရာလဲ တိုက်ဆောက်ရာလဲ တို့ မပါရင်လဲ မပြီးဘူး ယုံဟော့ လက်တွေ့ပြအုံးမည်၊ အင်းဝ ဂုတ်ထိပ် စစ်တောင်း တံတားတို့သည်၊ တို့ ဆောက်ခဲ့သည်။ ဒီလောက်ထူးတဲ့ အဆောက်အအုံ မှန်သမျှသည် လုပ်ကိုင် လာသည်”

“တို့ အခုဆောက်မဲ့ စင်ရော် တံတားဆိုတာ အခု စစ်ကိုင်းတံတားလို့ ခေါ်တဲ့ အင်းဝတံတားတို့၊ ဂုတ်ထိပ်တံတားတို့၊ စစ်တောင်းတံတားတို့နဲ့စာရင် အများကြီး ငယ်ပါသေးတယ်ကွာ၊ အဲဒီ တံတားတွေတောင် တို့ဆောက် လာသေးတာ၊ စင်ရော် တံတားလောက်တော့ အပျော့ပေါ့”

သောင်းဒန်၏သီချင်း၊ သောင်းဒန်၏ အားပေးစကားကြောင့် အားလုံး သည် ပျော်မြူးတက်ကြွနေကြသည်။ စောစောက ငေးမှိုင်နေသည့် သိန်းတင်ပင် မြူးကြွလာကာ သောင်းဒန်၏ သီချင်းကို တစ်ကျော့ထပ်၍ ဆိုနေသည်။

စိမ့်မြိုင်ရောက်လျှင် တိုင်းရုံးက သူတို့ကို လာ၍ ကြိုသည်။ သိမ်တော် မှ စိမ့်မြိုင်သို့ သင်္ဘောဖြင့် ကူးကာ သောင်းဒန်တို့အဖွဲ့သည် စခန်းသာသို့ ခရီးဆက်ခဲ့ကြလေသည်။ အလုပ်သမားများသည် မရောက်ဖူးသည့်ဒေသ၊ မမြင်ဖူးသည့် ရှုခင်းများကြောင့် စိတ်လှုပ်ရှားကာ ပျော်မြူးတက်ကြွနေကြသည်။ စခန်းသာတွင် ကျိုက်ဒေးရုံ ဘုရားတန်ဆောင်းများ၊ ဇရပ်များ၌ တည်းခိုကြ သည်။ တပျော်တပါး ပျော်ပွဲစား ထွက်လာကြသည်နှင့် တူနေသည်။ စခန်းသာ အင်ဂျင်နီယာရုံး၏ အကူအညီနှင့် ဟင်း၊ ထမင်းများ စီစဉ်ချက်ပြုတ်ကြသည်။ ဘုရားပေါ်တက်ကာ ပင်လယ်ကို ငေးသူကငေးကြသည်။ လွမ်းသူက လွမ်းကြ သည်။ အိမ်သူကို သတိရသူတို့က ဘုရားတွင် ဘဝဆက်တိုင်း ဒီလင် ဒီမယား၊ ဒီမိ ဒီဖ၊ ဒီဘိုး ဒီဘွား၊ ဒီသား ဒီသမီးနှင့် အိုအောင်မင်းအောင် ပေါင်းရပါစေဟု ဆုတောင်းကြသည်။

ထိုညက ဘုရားအာရုံခံ တန်ဆောင်းထဲတွင် စိပ်ပုတီး စိပ်သူ အတော် များသည်။ သောင်းဒန်သည် သူတို့ကို မြင်ချင်ယောင်ဆောင်နေသည်။ အာရုံ

မပျက်ပါစေနှင့်ဟု ရောင်ထွက်လာခဲ့သည်။ ည ၈ နာရီလောက်တွင် စောသာအေး တစ်ယောက်တည်း သူ့ အိပ်ရာသို့ ရောက်လာသည်။

"ဘုရားတန်ဆောင်းထိပ်မှာ သိန်းတင် တစ်ယောက် ငိုနေတယ် ဆရာ၊ မျက်ရည်တွေ ဝိုင်းလို့တဲ့"

"အေး . . .အေး၊ နေပါစေကွာ၊ ငိုပါစေ၊ နောက်တော့ တိတ်သွားလိမ့်မယ်၊ ငါ့လခွေးတဲ့၊ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ၊ ဒီကောင် သိပ်လွမ်းတတ် ဆွေးတတ်တဲ့ကောင်ပဲ"

ပတ်ဝန်းကျင် တစ်ခုလုံးကား တိတ်ဆိတ်နေသည်။ သူတို့ရောက်သွားသည့်အချိန်မှာ ဘုရားဖူးများသည့်အချိန်မဟုတ်။ ပွဲတော်ချိန်လည်း မဟုတ်။ သို့ဖြစ်ရာ ဘုရားပတ်ဝန်းကျင်တွင် သူတို့သာ ရှိသည်။ ခရီးကလည်း ပန်းလာပြီဖြစ်ရာ အိပ်ရာကိုယ်စီ ဝင်ကြသည့်အချိန် ဖြစ်သည်။

ထိုအချိန်တွင် ဒီရေတက်ချိန်ဖြစ်သဖြင့် ပင်လယ်ပြင်မှ လှိုင်းလုံးများသည် ဘုရားပတ်လည်ရှိ ကျောက်ဆောင်များကို တဝုန်းဝုန်း ရိုက်ခတ်သည်။ တိတ်ဆိတ်သည့် ပတ်ဝန်းကျင်တွင် မှန်မှန်ရိုက်ခတ်နေသော လှိုင်းပုတ်သံက သူတို့ကို ချောက်ချားစေသည်။ ထိုအသံသည် သူတို့ နားယဉ်သော အသံ မဟုတ်။ သို့ဖြစ်ရာ အားငယ်သူတို့ အားငယ်ကြသည်။ သိန်းတင်ကား သူတို့ အထဲတွင် စိတ်ဓာတ်အပျော့ဆုံးမို့ မျက်ရည်တစမ်းစမ်း ဖြစ်နေဟန်တူသည်။

"အင်း . . . စကတည်းက တို့လုပ်ငန်းက မျက်ရည်နဲ့ မျက်ခွက်နဲ့ စတဲ့ လုပ်ငန်းပဲ၊ ဘုရား သိကြားမလို့ တံတားလုပ်ငန်း ချောမောအောင်မြင်ပါစေဗျာ"

သောင်းဒန် ဘုရားကို အာရုံပြု ဆုတောင်းမိသည်။ သို့သော် ဘုရားချည်း အားကိုးနေ၍ မဖြစ်။ သူတို့သည် အင်ဂျင်နီယာများ ဖြစ်ကြသည်။ အလုပ် လုပ်လျှင် လုပ်ငန်း ပြီးမြောက်မည်။ လုပ်ငန်းကြီး ဟူသမျှ အခက်အခဲရှိစမြဲပင်။ ယခုလို ပစ္စည်းရှားပါးသည့် ခေတ်အခါတွင် ပို၍ အခက်အခဲတွေ့စရာ ရှိသည်။ လုပ်ငန်း ဖင့်နွှေးစရာအကြောင်းများ မမျှော်လင့်ဘဲ ပေါ်နိုင်သည်။ သီရိတံတားဆောက်စဉ်က အင်္ဂလန်မှ ထိပ်သီးအင်ဂျင်နီယာများနှင့်

ဆောက်ခဲ့သည်။ သို့ရာတွင် တံတားတိုင်ကြီးများဆောက်နေစဉ် တိုင်တစ်တိုင် လဲကျသွားခဲ့သည်။ မြေဝင် နည်းနေသေးစဉ် အထက်သို့တက်ကာဆောက် သည့် အလေးချိန်က များသွားသဖြင့် ကမ္ဘာ့ဆွဲအားနှင့်မမျှဖြစ်ကာ မဟန်နိုင် ဘဲ လဲကျသွားခြင်းဖြစ်သည်။ ထိုစဉ်က သောင်းဒန်တို့အတော်ပင် ဦးနှောက် ခြောက်ခဲ့ရသည်။ သတင်းစာများတွင် ထိုသတင်းပါသဖြင့် သောင်းဒန်ကို သွားလေရာတွင် အသိမိတ်ဆွေများကမေးမြန်းကြသည်။ ဤသည်မှာ ထိပ်သီး အင်ဂျင်နီယာများနှင့်ဆောက်သည့် တံတားဖြစ်သည်။ ယခုကား သူတို့ဘာသာ နွှဲရမည့်ပွဲ ဖြစ်သည်။ အခက်အခဲများတွေ့မည်မှာ သေချာသည်။ သို့သော် ဖွဲ့ကောင်းကောင်းနှင့် ရင်ဆိုင်ဖို့သာရှိလေသည်။

သို့နှင့် တံတားဆောက်အဖွဲ့သည် စခန်းသာမှ စင်ရော်မြို့သို့ထွက်ခဲ့ ကြသည်။ "အင်းဝ ဂုတ်ထိပ် စစ်တောင်းတံတားတို့သည် တို့ဆောက်ခဲ့သည်" ဟူသော သီချင်းသည် အလုပ်သမားများ ပါးစပ်ထဲသို့ ရောက်သွားကြပြီး တစ်လမ်းလုံး "တို့အလုပ်သမား ခေတ်ရောက်ပြီ" သီချင်းသံသည် လေထဲတွင် ပျံ့ဝဲနေသည်။ သို့နှင့် စင်ရော်သို့ ရောက်ကြသည်။ စင်ရော်သည် သူတို့အဖို့ နောက်ဆုံးစခန်း မဟုတ်သေး။ တံတားစခန်းသို့ ဆက်ရဦးမည်။

စင်ရော်တွင် နလက ဥက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင်နှင့် ခရလ (၃၁၀) တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးသိန်းအောင်တို့က သောင်းဒန်တို့အဖွဲ့ကို ကြိုဆိုနေကြသည်။

"မနေ့ကတည်းက ရောက်နေတာဗျ၊ ခင်ဗျားတို့အတွက် ဒီမှာ စားဖို့ သောက်ဖို့ ဗိုလ်ကြီးဘကြိုင်နဲ့ စီစဉ်ထားတယ်၊ ဒီမှာ စားသောက်ပြီးမှ အင်ကြင်းတောင်စခန်း သွားကြမယ် မဟုတ်လား၊ ကျွန်တော်တော့ ဒီလိုပဲ စီစဉ်ထားတယ်" ဗိုလ်သိန်းအောင်က သူ့အစီအစဉ်ကို ပြောသည်။

"တပ်ကော ဗိုလ်မှူး" သောင်းဒန်အဖို့ ယခုအခိုက်အတန့်တွင် အရေး ကြီးသည်မှာ လုံခြုံရေးအစီအစဉ်ပင် ဖြစ်သည်။ မနေ့ညကတည်းကစခန်းသာ ရေလယ်ဘုရားတွင် သူ့ အဖွဲ့နှင့်အတူ သူလည်း အနည်းငယ်ချောက်ချား ခဲ့သည်။ လုံခြုံရေးအတွက် အများကြီး စိတ်ပူသည်။

"ပါပါတယ်ဗျာ၊ အားလုံး စီစဉ်ပြီးပါပြီ၊ ဦးသောင်းဒန် ဘာမှ မပူပါနဲ့၊ ဒီက အခြေအနေအားလုံး ကျွန်တော်တို့ သိပါတယ်"

"ကျွန်တော်တို့ အရင်နေရာမှာပဲ စခန်းချကြရမယ်နော်"

"ဦးသောင်းဒန်က ဘယ်နေရာ ပြောတာလဲ"

"ချောင်းရဲ့မြောက်ဘက်က ကွမ်းသီးခြံထဲမှာ ခင်ဗျ၊ အဲဒီနေရာမှာပဲ စခန်းဆောက်ဖို့ စိတ်ကူးထားတယ်၊ သြော် . . . ဟုတ်သားပဲ၊ အရင်တစ်ခေါက် ကျွန်တော်တို့ လာကြည့်ကြတုန်းက ဗိုလ်မှူးမပါဘဲကိုး၊ ဗိုလ်မှူးကြီးတော့ ပါတယ်၊ ချောင်းရဲ့မြောက်ဘက်ဆိုတော့ စင်ရော်နဲ့လဲ အသွားအလာ လွယ်ကူတာပေါ့၊ ချောင်းကူးနေရဖို့ မရှိတော့ဘူး"

"ကျွန်တော်က ချောင်းရဲ့တောင်ဘက်က ပြန်ပေးတောင်ကုန်းစောင်းမှာ စီစဉ်ထားတယ်"

"ခင်ဗျာ အင်ကြင်းတောင်ကုန်းစောင်းပြောတာမဟုတ်လား ဗိုလ်မှူး၊ တစ်ခု တောင်းပန်ပါရစေ ဗိုလ်မှူး၊ ကျွန်တော့်အဖွဲ့ ရှေ့မှာ အဲဒီတောင်ကို အင်ကြင်းတောင်လို့ပဲပြောပါ ဗိုလ်မှူး၊ ကျွန်တော့်ကောင်တွေက နဂိုကမှ စိတ်ဓာတ်ချောက်ချားနေတာ၊ ပြန်ပေးတောင်လို့သာ ကြားရင်တော့ မနက်ဖြန် အကုန် ပြန်ပြေးကြမှာပဲ"

"ဟား . . . ဟား . . . ဟား၊ ကောင်းပါပြီ ခင်ဗျာ၊ အင်ကြင်းတောင်ပါပဲ၊ ဒါက ကျွန်တော်ရွေးတဲ့နေရာပဲ ဦးသောင်းဒန်၊ ချောင်းရဲ့မြောက်ဘက်မှာ စခန်းနေရာရွေးသွားတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော်တို့က စစ်ရေးအရ ကြည့်ရတာကိုး၊ ချောင်းရဲ့ဒီဘက်မှာ ဆိုရင် တကယ်လို့ ခင်ဗျားတို့စခန်းကို ရန်သူဝင်စီးမယ်ဆိုပါတော့၊ ပြေးပေါက် ဘယ်မလဲ၊ ခင်ဗျားတို့နောက်မှာ ချောင်းပဲ ရှိတယ်၊ အဲဒီနေရာက အားလုံး မြေပြန့်၊ ရန်သူ ခဏခဏ ဖြတ်နေတာ၊ ဝင်လို့လွယ်တယ်၊ ချောင်းရဲ့တောင် ဘက်မှာဆိုရင် အင်ကြင်းတောင်ကုန်း ရှိတယ်၊ ဒီတောင်ကုန်းကို တက်ဖို့ မလွယ်ဘူး၊ တောင်ကုန်းထိပ်မှာ အစောင့် ရှိမယ်၊ ဒီတော့ ဝင်ရတာ မလွယ်ဘူး၊ ဒါက ကျွန်တော်တို့ စစ်ရေးအရ ကြည့်ရတာပါ"

သောင်းဒန် ပြောပိုင်ခွင့် မရှိတော့။

"ဟုတ်ပါပြီ ခင်ဗျာ၊ ဗိုလ်မှူးတို့ တော်သလိုသာ စီစဉ်ပါ၊ ကျွန်တော်တို့ကတော့ ဒါတွေ ဘာတွေ ဘာမှ သိတာ မဟုတ်ဘူး"

ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ကို အရင်က နာမည်သာ ကြားဖူးသည်။ ယခုမှ လူချင်းတွေ့ရသည်။ သဘောကောင်းသည်။ စစ်သားပီသသည်။ တစ်ဖွတ်ထိုး လုပ်တတ်သည့်အကျင့် ရှိမည်ဟု သောင်းဒန် အကဲခတ်မိသည်။ စင်ရော်တိုင်းမှူးက လုံခြုံရေးကိစ္စနှင့် အခြား လိုအပ်သည့် အကူအညီတို့ကို ဒုတိယဗိုလ်မှူးကြီး သိန်းအောင်နှင့်သာ စီစဉ်ပါ၊ လိုသည့် အကူအညီအားလုံးကို ပေးပါလိမ့်မည်ဟု ပြောလိုက်သည်။ အခြား စားရေးသောက်ရေး ကိစ္စ၊ စင်ရော်မြို့နှင့် အဆက်အသွယ် ကိစ္စတို့ကိုကား နလက ဥက္ကဋ္ဌ ဗိုလ်ကြီး ဘကြိုင်နှင့် တိုင်ပင်ပါ၊ အကူအညီတောင်းပါဟု မှာထားသည်။ နှစ်ယောက်စလုံး သဘောကောင်းသူများ ဖြစ်သည်။ လိုသည့် အကူအညီပေးနိုင်မည့်ပုဂ္ဂိုလ်များ ဖြစ်သည်ဟု ခန့်မှန်းမိသဖြင့် သောင်းဒန် စိတ်အေးသွားသည်။

"ကဲ . . . ကဲ သွားကြမယ်၊ ပြီးရင် စခန်းကို သွားကြမယ်၊ ဒီမှာ အိပ်စရာ"

"မဟုတ်ဘူး ဗိုလ်မှူး၊ ကျွန်တော်တို့ ဒီမှာ အိပ်ဖို့ စီစဉ်ထားတယ်၊ ဖောင်တော်ဦးဘုရား တန်ဆောင်းထဲမှာ အိပ်စရာနေရာတွေအများကြီးပါ"

နလက ဥက္ကဋ္ဌက ပြောသည်။ သောင်းဒန် စိတ်ကူးတွင် ဘာမှမရှိ။ စခန်းသို့ ရောက်ချင်ဇောအားကြီး၍သာ နေသည်။ ညနေသွားလျှင် ဖြစ်နိုင်သည်။ အချိန်ရှိသေးသည်။ သို့သော်လည်း စားရသောက်ရဦးမည်။ စင်ရော်မြို့သို့ ရောက်လျှင် လည်ချင်ပတ်ချင်ကြဦးမည်။ သူတို့ကား အထိန်းအကွပ်မရှိ။ ဓားင်းမှ လွတ်လာသော မြင်းများ ဖြစ်ကြသည်။ သူတို့အိမ်တွင်မူ သားမယားက ထိန်းသည်။ ယခုကား ထိန်းမည့်သူ မရှိ။ လေ့ကားသုံးထစ် ဆင်းလာခဲ့ကြသော လူပျိုများ ဖြစ်နေကြသည်။ သူတို့အဖွဲ့ထဲတွင် လူပျိုစစ်စစ်များလည်း ပါသည်။

"အင်းလေ ခင်ဗျားတို့ ကောင်းသလိုသာ စီစဉ်ကြပါ၊ ကျွန်တော့်

ပစ္စည်းတွေလဲ စက်လှေနဲ့ ရောက်လာကြမယ် ခင်ဗျ၊ ဘယ်နေ့လောက် ရောက်မယ်မသိဘူး၊ အဲဒါတွေလဲ စခန်းကို သယ်ရ၊ ရွှေ့ရအုံးမယ်”

“ဖြစ်ပါတယ်ဗျာ၊ ပူမနေပါနဲ့၊ ဟောဒီက ဗိုလ်ကြီးဘကြိုင် အားလုံး စီစဉ်ပေးလိမ့်မယ်၊ ခင်ဗျား စက်လှေတွေက ဘယ်တုံးက ထွက်လာတာလဲ”

“ကျွန်တော်တို့ ထွက်တဲ့နေ့ပဲ ခင်ဗျ”

“စိတ်ချ၊ မရောက်သေးဘူး၊ နောက် နှစ်ရက်လောက် ရှိမှ ရောက်မှာ”

ဒီပစ္စည်းတွေကို အင်ကြင်းတောင်စခန်း ပို့ရဦးမယ်။ စက်လှေက တောက်လျှောက်ဝင်နိုင်ပါ့မလား မသိဘူး။ ပစ္စည်းတွေက အလေးကြီးတွေ။ ဒါ့ကြောင့် အစက တို့ပြောသလို မြို့နားမှာ တံတားဆောက်ရင် အားလုံး အဆင်ပြေမှာ။ ခက်တာပဲ။ ခုမှတော့ ဖြစ်သလို စီစဉ်ရတော့မှာပဲ။

စိတ်ပူနေ၍ မပြီး။ စီစဉ်စရာ ရှိသည်တို့ကို စီစဉ်ရမည်။ ညအိပ်ဖို့ အတွက် သူ့လူများကို နေရာချထားရမည်။

“ကဲ . . . သွားကြမယ်၊ ကျွန်တော်တို့ ရှေ့က သွားနှင့်ကြမယ် ဗိုလ်ကြီး၊ ဟော့ စောသာအေးနဲ့ လှမင်း၊ မင်းတို့ အဖွဲ့ကို ကြည့်ပြီး ခေါ်ခဲ့ကြ၊ တို့ ဒီည ဒီမှာ အိပ်မယ်၊ ဖောင်တော်ဦးဘုရားမှာ စခန်းချမယ်၊ အဲဒီမှာ စားကြသောက်ကြ မယ်၊ မနက်ဖြန်ကျမှ တံတားစခန်းကို သွားမယ်”

သူတို့သည် ဖောင်တော်ဦးဘုရား တန်ဆောင်းထဲတွင် ထိုည စခန်း ချကြသည်။

“ရဲဘော်တို့၊ ဘယ်မှ မထွက်ကြပါနဲ့၊ တတ်နိုင်သမျှ စခန်းထဲမှာ နေကြ ပါ၊ ဟိုနား ဒီနား ထွက်ချင်ရင် စခန်းမှူး ဦးစောသာအေးကို ပြောပြီးထွက် ကြပါ၊ ညနေ ၅ နာရီခွဲမှာ ထမင်းစားမယ်”

လက်သမား ညွန့်ကြည်သည် အသံချဲ့စက်ငယ်လေးနှင့် အော်နေ သည်။ လိုရမည်ရဆိုကာ ဓာတ်ခဲသုံး စကားပြော အော်လန်ငယ်လေးတစ်ခုကို သောင်းဒန် ယူခဲ့သည်။ ထိုအော်လန်ငယ်ကို လက်သမား ညွန့်ကြည်လက် သို့ အပ်ထားလိုက်သည်။ ညွန့်ကြည်သည် အင်မတန် တရားဟောချင်သူဖြစ် သည်။ ဟိုတုန်းက အလုပ်သမားခေါင်းဆောင် လုပ်ခဲ့ဖူးသည်။ ပထစအစိုးရ

လက်ထက်တွင် ယူအယ်လ်အိုမှာ တက်တက်ကြွကြွ ခေါင်းဆောင်ငယ် တစ်ဦးဖြစ်လာသည်။ နောက်မှ မနည်းပင် ဘရိတ်အုပ် ကိုယ်ရှိန်သတ်ကာ နောက်ဆုတ် နေလိုက်ရသူ ဖြစ်သည်။ "ဆက်လုပ်ရင်တော့ ကွဲမှာပဲဆရာ၊ ကျွန်တော်တို့က ဘာမှနားလည်တာ မဟုတ်ဘူး၊ နိုင်ငံရေးဆိုတာ နကန်း တစ်လုံး သိတာမဟုတ်ဘူး၊ တော်လှန်ရေးအစိုးရ တက်လာတော့ စွတ်ပြီး အော်တာပဲ၊ အာဏာသိမ်းတာ မတရားဘူး၊ ဘာညာပေါ့ခင်ဗျာ၊ နောက်တော့ မနည်း ကိုယ်ရှိန်သတ်ယူရတယ်" ဤသို့ ပြောဖူးသည်။ ယခုကား သူ့လက် ထဲတွင် စကားပြော အော်လန်လေး ရောက်သွားသည့်အခါ ဟိုတုန်းက အမူ အကျင့်တို့ ပြန်ပေါ်လာဟန်တူသည်။ "ရဲဘော်တို့၊ စည်းကမ်းသေဝပ်ကြပါ၊ တစ်မြို့တစ်ရွာမှာ စည်းကမ်းရှိကြဖို့ အရေးကြီးပါတယ်" ညွှန့်ကြည် နှစ်ခါ လောက် ဟစ်လိုက်လျှင် သူ့ကို မျက်စောင်းထိုးသူက ထိုးသည်။ ပြုံးသူက ပြုံးသည်။ ညွှန့်ကြည်ကလည်း အကင်းပါးသည်။

"ဆရာကြီးရဲ့ညွှန်ကြားချက်အရ သတိပေး တောင်းပန်ရတာပါခင်ဗျာ" ဟု သောင်းဒန်နှင့် ကိုင်ပေါက်သည်။

ထိုညတွင် သောင်းဒန်သည် လအက ရုံးသို့ လိုက်သွားကာ ဗိုလ်ကြီး ဘကြိုင်၊ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်တို့နှင့် အစီအစဉ်များ ရေးဆွဲတိုင်ပင် သည်။ အထူးသဖြင့် လုံခြုံရေးကိစ္စသည် အရေးကြီးသည်။ ထို့နောက် စားရေး သောက်ရေးကိစ္စများ နှစ်ဦးစလုံးက အတတ်နိုင်ဆုံး အကူအညီ ပေးပါမည်။

ထို့ထက်ပို၍ အစစအရာရာ ဦးစားပေး၍ ကူညီပါမည်ဟု ကတိပေးကြ သည်။

ပြန်လာလျှင် ဘုရားတန်ဆောင်းထဲတွင် အားလုံး ငြိမ်နေသည်ကို တွေ့ရသည်။ အချိန်ကား ည ၁၁ နာရီခန့် ရှိနေပြီ။ အင်ဂျင်နီယာလေး ကိုအောင်ကြီးတစ်ယောက် မအိပ်သေးဘဲ အလုပ်သမား လေးငါးယောက်နှင့် ဝိုင်းဖွဲ့စကားပြောနေသည်ကို တွေ့ရသည်။

"ဘယ်လိုလဲဟေ့၊ မင်းကောင်တွေ"

"ဒီညတော့ အေးအေးချမ်းချမ်းပဲ ကိုသောင်းဒန်၊ တချို့ မြို့ထဲ ရုပ်ရှင်

ကြည့်သွားကြလေရဲ့၊ ပြန်မလာကြသေးဘူး”

“အေး . . . ဒီလို ဖြစ်ရမှာပေါ့ကွ၊ ကောင်းတယ်၊ မနေ့ညကတော့ လိုင်းပုတ်သံကြောင့် ချောက်ချားကုန်တာကွ၊ ဒီမှာတော့ မြို့ မဟုတ်လား၊ လူသူတွေရှိတယ်၊ လည်စရာ ပတ်စရာ ကြည့်စရာ ရှုစရာတွေလဲ ရှိတယ်၊ ဒီကောင်တွေ ခဏ ခဏ ရုပ်ရှင်ပြပေးရမလို ဖြစ်နေပြီ”

× × × × ×

## ၆

"ဟောဒီနေရာက တံတားဖြတ်မဲ့နေရာ၊ တို့က ဟောဒီ တောင်ကုန်းမှာ စခန်းဆောက်မယ်၊ စင်ရော်ကနေပြီး ဒီစခန်းကို ချောင်းအတိုင်း မော်တော်နဲ့လာရင် ၄၅ မိနစ် ကြာတယ်"

ကွမ်းသီးခြံထဲတွင် စင်ရော်အဖွဲ့ ခေတ္တ စခန်းချကြသည်။ သူတို့နှင့်အတူ ဗိုလ်ဘကြိုင်နှင့် ဗိုလ်သိန်းအောင်တို့ ပါလာသည်။ တပ်ရင်းမှူး ဗိုလ်သိန်းအောင်တွင် ရဲဘော် ရှစ်ယောက်ပါသည်။ ယင်းတို့မှာ သောင်းဒန်တို့၏ တံတားစခန်းလုံခြုံရေးအတွက် တပ်ရင်း (၃၁၀) မှ ပေးသည့် ကင်းစောင့်တပ်စိတ် ဖြစ်သည်။

"ဘယ်လိုလဲ၊ ကွမ်းသီးပင်တွေ ခုတ်တော့မှာလား"

ကွမ်းသီးခြံရှင် အဘွားကြီးက ဗိုလ်သိန်းအောင်ကို ကပ်၍ မေးနေသည်။

"ဘာမေးတာလဲ ဗိုလ်မှူး"

သောင်းဒန် ကောင်းကောင်း နားမလည်။ အဘွားကြီး၏ စကားသည် ဝဲသည်။

"ဟောဒီက ဦးသောင်းဒန်ကိုမေး၊ ကျွန်တော် မသိဘူး၊ သူက ကွမ်းသီးခြံရှင်ပဲဗျ၊ နာမည်က . . ."

"ဒေါ်စောရွှေ"

"အဲ . . . ဒေါ်စောရွှေတဲ့၊ ခင်ဗျားတို့ တံတားဆောက်မဲ့ နေရာမှာ သူ့

ကွမ်းသီးခြံပါတယ် မဟုတ်လား၊ အဲဒါ ခုတ်တော့မှာလားတဲ့"

"အင်း . . . တစ်ရက် နှစ်ရက်အတွင်း ခုတ်ရမှာပဲ၊ ဒီဘက်က ပေ ၅၀၀ လောက် ခုတ်ရမယ်၊ ဟိုဘက်မှာလဲ ပေ ၅၀၀ လောက် ခုတ်ရမှာပဲ၊ ဟော့ ဟော့ အောင်ကြီး၊ မင်းကောင်တွေ ထိန်းစမ်း၊ ဟိုကောင်တစ်သိုက် တောင်ပေါ် တက်သွားပြန်ပြီ၊ ဒီကောင်တွေ တယ် အငြိမ်မနေနိုင်တဲ့ ကောင်တွေပဲ"

သောင်းဒန်သည် သူ့အဖွဲ့ကို ထိန်းခိုင်းနေသည်။ တစ်ဖက်ကလည်း ခြံရှင် ဒေါ်စောရွှေကို ခြံကိစ္စအတွက် ရှင်းပြနေရသည်။ ကိုအောင်ကြီးက ညွန့်ကြည်ကို တစ်ဆင့် တာဝန်ပေးလိုက်သည်။ အော်လန်သမား ညွန့်ကြည်က "ရဲဘော်တို့ . . ." ဟူ၍ အော်နေသည်။

"လာ ကျွန်တော်တို့ တောင်ကုန်းပေါ် တက်ကြမယ်"

ဗိုလ်သိန်းအောင်က သောင်းဒန်နှင့် အဖွဲ့ကို ခေါ်သွားသည်။

"လာဟော့ စောသာအေး၊ လှမင်း၊ အောင်ကြီး၊ လာ မစ္စတာ ဒေးဗစ်၊ ဟော့ ညွန့်ကြည် မင်းကောင်တွေ ထိန်းထား၊ ခြံထဲလဲ မသွားစေနဲ့၊ ဘယ်မှ မသွားစေနဲ့ကွာ၊ ထမင်းဟင်းချက်ဖို့ စီစဉ်နှင့်"

တောင်ကုန်းလေးမှာ ပေ ၃၀၀ ခန့်သာ မြင့်သည်။ သို့သော်လည်း နှစ်ခါလောက် နား၍ တက်ရသည်။ တောင်ကုန်းပေါ်သို့ တက်သည့် လမ်း ဖုန်ဖုန်လေးကိုတွေ့ရသည်။ တောင်ကုန်းပေါ်တွင် စေတီကလေးတစ်ဆူရှိသည်။

"ကဲ . . . ဒီကနေ ကြည့်လိုက်စမ်း၊ အဘက်ဘက်ကို ဆီးပြီး မြင်နေရတယ်၊ ကျွန်တော်တို့ စစ်ရေးအရဆိုရင် ဒီတောင်ခြေဖြစ်ဖြစ်၊ ဒီတောင်စောင်း မှာဖြစ်ဖြစ် စခန်းဆောက်မှာပဲ၊ ရန်သူဟာ မြောက်ဘက်ကလာရင် ချောင်းကို ကူးပြီးလာမယ်၊ တောင်ဘက်ကဆိုရင် တောင်ကုန်းကြီးတစ်ခုလုံး ခံနေတယ်၊ ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား ဦးသောင်းဒန်"

"သဘောပေါက်ပါတယ် ဗိုလ်မှူး"

"ဒီနားရှိတဲ့ ရွာတွေ တစ်ရွာမှ စိတ်မချရဘူး၊ အားလုံးလိုလို သူပုန်ဘက် က ရွာတွေချည်းပဲ၊ ဒါကလဲ အခြေအနေအရ ဖြစ်ရတာပဲ၊ သူတို့ဆီကို ကျွန်တော်တို့က ရောက်နိုင်တာမှ မဟုတ်ဘဲ၊ အမြဲရောက်နေတာက သူပုန်

တွေပဲ၊ ဒီတော့ သူတို့ဟာ နီးရာဓားကို ကြောက်ရတာပဲ၊ သူပုန်ကို သူတို့က ဆက်ကြေးမှန်မှန် ပေးရတယ်၊ ကျွန်တော်တို့ တပ်တွေရဲ့သတင်း မှန်မှန်ပေးရ တယ်၊ အခုဆိုရင် ဒီမှာ ကျွန်တော်တို့ ရောက်လာပြီ၊ နောက်ဆိုရင် စခန်းချဖို့ပဲ ရှိတော့တယ်”

အင်ကြင်းတောင်ကုန်း၏ အနောက်တောင်ဘက် ယွန်းယွန်း ၂ မိုင် ခန့်တွင် ရွာကလေးတစ်ရွာ ရှိသည်။ ကုန်းကြီးဟု ခေါ်သည်။ အိမ်ခြေ ၅၀ ခန့်သာ ရှိသည်။ အနောက်ယွန်းယွန်း လေးမိုင်ခန့်တွင် ရွာဆိုးဟု ခေါ်သော ရွာတစ်ရွာ ရှိသည်။ ယင်း၌ အိမ်ခြေ ၅၀ ခန့်စင်ရော်ချောင်းအတိုင်း အရှေ့ ဘက်သို့ ဆန်တက်မည်ဆိုလျှင် နှစ်မိုင်ခန့်တွင် မြောက်ဘက်ကမ်း၌ အိမ်ခြေ ၃၀ ခန့်ရှိ ကျောက်ရဲရွာ။ နှစ်မိုင်ခွဲခန့်တွင် တောင်ဘက်ကမ်း၌ အိမ်ခြေ သုံးဆယ်ခန့်ရှိ ငှက်ပျောတောရွာ။ ၃ မိုင်ခန့်တွင် တောင်ဘက်ကမ်း၌ ဒူးရင်းခြံ ရွာတို့ရှိသည်။ ချောင်းတစ်လျှောက်ကား ကွမ်းသီးခြံ၊ မင်းကွတ်ခြံ၊ အုန်းခြံ၊ ဒူးရင်းခြံတို့ ကမ်းပါးတစ်လျှောက်တည်ရှိသည်။ တောင်စောင်းများတွင် နာနတ်ခင်းများ ရှိသည်။ ခြံတိုင်း၌ အစောင့်တဲလေးများ ရှိသည်။ များသော အားဖြင့်ကား ဆယ့်နှစ်ရာသီပတ်လုံးလိုလို ခြံများ၌ အစောင့်ရှိတတ်သည် ဟု သိရသည်။ စင်ရော်မြို့တွင် သူတို့ အတည်တကျနေသော အိမ်များရှိသည်။ ရသမျှ သီးနှံတို့ကို စင်ရော်သို့ပို့ကာ ရောင်းချကြသည်။

“အဲဒီတော့ ခင်ဗျားတို့ ဘယ်သူ့မှ ယုံလို့ မဖြစ်ဘူး၊ ဘာမှမပြောနဲ့၊ ခင်ဗျားတို့ လုပ်စရာရှိတာသာ လုပ်ကြ”

“လွမ်းစရာလေးပဲ ဆရာကြီး၊ ကျွန်တော်တို့ ဒီဘုရားကို ထီးတင်မယ်၊ ဘုရားမှာ ထီးမရှိဘူး၊ ပြီးတော့ ထုံးသုတ်မယ်၊ ပွဲလေး ဘာလေး လုပ်တာပေါ့ ဆရာကြီး” အောင်ကြီးက စိတ်ကူးယဉ်နေသည်။

“လာပြန်ပြီ တစ်ယောက်၊ မင်းတို့က စိတ်ကူးယဉ်နေ၊ လုပ်စရာတွေ အများကြီး ရှိသေးတယ်ကွ”

“လုပ်စရာ ရှိတာလဲ လုပ်တာပေါ့ ဆရာကြီးရယ်၊ ပျော်စရာလဲ ရှာရတာပေါ့၊ ပြီးတော့ ကုသိုလ်ရဖို့ ကြုံလာတော့ ဘုရားလဲ ထီးလေးဘာလေး

တင်ရတာပေါ့”

“အေး . . . အေး . . . ကောင်းတယ်၊ ဒီမှာ ကြည့်စမ်း စောသာအေး၊ မစ္စတာဒေးဗစ်၊ သစ်ပင်ကြီးတွေတွေ့တယ် မဟုတ်လား၊ အင်ကြင်းပင်တွေ ဖြစ်မှာပဲ၊ ဝါးရုံတွေလဲရှိတယ်၊ အဲဒီတောင်ခါးပန်းမှာ ကျွန်တော်တို့ စခန်း ဆောက်မယ်၊ အဲဒါအတွက် ခင်ဗျားတို့ သစ်ပင်တွေလှဲရမယ်၊ ဝါးရုံတွေခုတ် ရမယ်၊ အဲဒါ ပထမဆုံး စီစဉ်ပေတော့၊ ပထမဆုံးလူနေဖို့အတွက် စီစဉ်ရမယ်၊ ဒါ အရေးကြီးတယ်၊ ဟုတ်လား”

လှမင်းနှင့် အောင်ကြီးတို့သည် အင်ကြင်းစေတီသို့ ဦးခိုက်နေကြ သည်။ ထို့နောက် ချောင်းညာဘက်သို့ မျှော်ကြည့်ကြသည်။

“ကြည့်စမ်းပါအုံးဗျာ၊ ချောင်းကိုတောင် ကောင်းကောင်း မမြင်ရဘူး၊ ကွမ်းသီးခြံတွေချည်းပဲ၊ ဒူးရင်းပင်ဆိုတာ ဒီရောက်မှ ကောင်းကောင်း မြင်ဖူးတာ၊ မင်းကွတ်ပင်ဆိုတာတော့ ပြတယ်ဗျ၊ သေသေချာချာ မကြည့်ရသေးဘူး၊ ဒူးရင်းပေါ်တဲ့ အချိန်ကျရင် ဒီမှာ တစ်လုံးမှ ငါးမူး သုံးမတ်ဆိုပဲ၊ အဝတွယ်လိုက် အုံးမယ်ဗျာ၊ ကလေးတွေလဲ တဝကျွေးလိုက်အုံးမယ်၊ ရန်ကုန်မှာ မြင်ရုံသာ မြင်ရ မကြင်ရ မောင့်ကိုယ် ဖြစ်နေတာ”

“ကျွန်တော်တော့ ကွမ်းသီးခြံစိုက်မလားတောင် စိတ်ကူးမိတယ်၊ ကွမ်းသီးခြံလေး စိုက်၊ ဒီမှာ အေးအေးဆေးဆေး လာနေ၊ အပူအပင် မရှိပေါ့ ဗျာ၊ ရန်ကုန်မှာ နေရတာ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ ပိုက်ဆံရှိမှ ရန်ကုန်မှာ နေလို့ ကောင်းတာဗျ၊ သူများတွေ ကားစီးကြ၊ တိုက်ဆောက်ကြ၊ ပျော်ကြ ပါးကြ၊ ကျွန်တော်တို့တော့ ဒီအတိုင်း ကြည့်နေရတာပဲ၊ တို့ အလုပ်သမားခေတ် ရောက်ပြီဆိုတာ ဘယ်တော့ ရောက်မှာလဲဗျာ” အောင်ကြီးစကားမဆုံးမီ –

“ဟေ့ကောင်တွေ စကားများမနေနဲ့” ဟူသော ဆရာကြီး သောင်းဒန်၏ အော်သံကို ကြားရသည်။

ကွမ်းသီးခြံတစ်နေရာတွင် ထမင်းချက်သူက ချက်၊ ထင်းခွေသူကခွေ၊ ရေခပ်သူကခပ် အလုပ်များနေကြသည်။ သောင်းဒန်နှင့် ဗိုလ်သိန်းအောင် တို့သည် ချောင်း၏မြောက်ဘက်ကမ်းသို့ ကူးကြသည်။ သောင်းဒန်က သူ့တွင်

ပါလာသော မြေပုံကိုထုတ်ကာ တံတားအတွက် နေရာ အကွက်အကွင်းများကို စိတ်ကူးတွင် လျာထားကြည့်သည်။

"ဒီဘက်ကမ်းက နေပြီး စင်ရော်ကို လမ်းဖောက်ရအုံးမယ်၊ လမ်းမှာ ရော်ဘာခြံတွေ ရှိတယ် ပြောတယ်"

"ဟုတ်တယ် ဦးသောင်းဒန်၊ စင်ရော်ကနေပြီး ၁၂ မိုင် ဝေးတဲ့ ဥသြကို သွားတဲ့ လှည်းလမ်းတစ်ခု ရှိတယ်၊ ကျွန်တော်တို့ တပ်နဲ့ ကင်းလှည့်တုန်းက ဥသြကို အဲဒီလမ်းက ရောက်ဖူးတယ်၊ နည်းနည်း အလှမ်းဝေးတော့ တပ်ချ မထားနိုင်သေးဘူး၊ အဲဒီဘက်မှာလဲ သူပုန်ရှိတာပဲ၊ ဒါပေမဲ့ မဖြစ်လောက် ပါဘူးဗျာ၊ ဒီတစ်ဝိုက်မှာ လေးငါးဆယ်ယောက်လောက်ရှိတာပါ၊ တိုင်းကျော် ဆိုတဲ့ကောင် ဗိုလ်ကျနေတာပဲ၊ နိုင်ငံရေး ခံယူချက်ဆိုလို့ ဘာမှ ရေရေရာရာ ရှိလှတာ မဟုတ်ပါဘူး၊ ဒီလိုပဲ ဆက်ကြေးတောင်းပြီး စားသောက်နေကြတာပဲ"

"လမ်းနှစ်ခု ကျွန်တော်တို့ ဖောက်ရမယ် ဗိုလ်မှူး၊ တစ်လမ်းက ချောင်း ရဲ့ တောင်ဘက် တံတားဆောက်မဲ့ နေရာကနေပြီး စင်ရော်–သောင်ဦး ကားလမ်းဟောင်းကို သွားပြီးဆုံမဲ့လမ်းပေါ့၊ နောက်တစ်ခုက စောစောက ကျွန်တော် ပြောတဲ့လမ်းပဲ၊ စင်ရော်ဘက်ကို ဖောက်ရမယ်၊ ဒါပေမဲ့ စင်ရော်ကို မဝင်ဘူး၊ စင်ရော်– စိမ့်မြိုင်လမ်းမှာ သွားပြီး ဆုံမယ်"

"စင်ရော်ကို မဝင်ဘူး"

"ဟုတ်တယ်၊ ဌာနချုပ်က စီစဉ်လျာထားတဲ့အတိုင်းပဲ ဗိုလ်မှူး၊ ဒါပေမဲ့ ကျွန်တော်တော့ မကြိုက်လှဘူး၊ စင်ရော်ကို ဝင်မှ ဖြစ်မယ်၊ ဒါမှမဟုတ်ရင် စင်ရော်မြို့ ကောသွားလိမ့်မယ်၊ အဲဒါ ပြောကြည့်ရအုံးမှာပဲ"

"ဟုတ်တယ်၊ ဒီလောက်တော့ ခင်ဗျားတို့ ဌာနချုပ်ပြောမနေပါနဲ့ဗျာ၊ ကျွန်တော်တို့ တိုင်းမှူးနဲ့ပဲ ပြီးနိုင်ပါတယ်၊ ဒီဟာက သူ့နယ် မဟုတ်လား၊ နယ်ဖွံ့ဖြိုးမှုဟာ သူ့တာဝန်ပဲ၊ ကျွန်တော်လဲ ကြုံရင် ပြောထားလိုက်အုံးမယ်"

အောင်ကြီးသည် ချောင်းမြောက်ဘက်တွင် ကွမ်းသီးခြံရှင် လူရွယ် တစ်ယောက်နှင့် စကားပြောနေသည်။ ကွမ်းသီးခြံအခြေအနေနှင့် ဈေးနာများ စနည်းနာနေဟန် တူသည်။ ကွမ်းသီးခြံဆိုသော်လည်း ကွမ်းသီးခြံထဲတွင်

အုန်းပင်လည်း ရှိသည်။ ဒူးရင်းပင်လည်း ရှိသည်။ ဒူးရင်းခြံဟူ၍သက်သက် မရှိ။ ဒူးရင်းသည် ဆယ့်နှစ်ရာသီ သီးနှံ မဟုတ်။ နွေပေါက်မှစားရသည့် သီးနှံ ဖြစ်သည်။ လမ်းပန်းအဆက်အသွယ် မကောင်းသဖြင့် ထွက်သမျှ ဒူးရင်းသီး ကို တစ်ပြည်လုံးသို့ အနှံ့မပို့နိုင်၊ မန္တလေးလို မြို့သို့ ဒူးရင်းသီးတစ်လုံး ရောက်ဖို့ ယခုအတိုင်းဆိုလျှင် သုံးလေးရက်ခန့်ကြာမည်။ မန္တလေးရောက်လျှင် ဒူးရင်းသီး များ အမှည့်လွန်ကုန်မည်။ ဧရာဝတီ မြစ်ရိုးဆိုလျှင်ကား ဝေလာဝေး။ နောက်ဆုံး တွင် ဒူးရင်းသီးတို့ကို ယိုထိုးရသည်။ ယိုအဖြစ် ရောက်တော့မှ မြန်မာပြည်ရှိ မြို့နယ် အနှံ့အပြားသို့ ရောက်သည်။ သို့ဖြစ်ရာ ခြံစိုက်သူတို့သည် ဒူးရင်းချည်း မစိုက်။ အုန်း၊ ကွမ်း၊ မင်းကွတ်၊ ကြက်မောက်တို့နှင့် ရော၍ စိုက်သည်။

"လာ . . .လာ သွားကြမယ်၊ ထမင်းဆာပြီ၊ ဒီကောင် တယ် လေကောင်း နေပါလား၊ ဟေ့ အောင်ကြီး၊ လာ သွားမယ်၊ ဘာတွေများ ပြောနေတာလဲ"

"ဒီလိုပေါ့ ဆရာကြီးရယ်၊ မိတ်ဖွဲ့ရတာပေါ့၊ နောက် သူတို့နဲ့အတူ နေကြရမှာ မဟုတ်လား ခင်ဗျ"

သူတို့သည် မောမောပန်းပန်းနှင့် ထမင်းစား၍ ကောင်းကြသည်။

ငါးရံ့လုံးဟင်း၊ ချဉ်ပေါင်ရွက် ဟင်းချိုတို့နှင့် စားရသည်။

"ဒီငါး ဘယ်ဈေးလဲကွ၊ အရည်သောက်ဆိုတော့ တယ်ချိုတာပဲ"

"မနက်က စင်ရော်ဈေးက ဝယ်ခဲ့တာ ဆရာကြီး၊ တစ်ပိဿာ ၆ ကျပ် တဲ့၊ ဆရာကြီး ပြောတဲ့ ငါးတစ်ပိဿာ တစ်ကျပ်၊ နှစ်ကျပ် ဆိုတာ အမှတ် ရပြီး ကျွန်တော်တို့တောင် ရယ်ကြသေးတယ်"

"ဟုတ်လား၊ ကောင်းရောကွာ၊ ငါ့ပြောတုန်းကတော့ အသေအချာပဲကွ၊ တို့ရုံးချုပ်က အင်ဂျင်နီယာ ဦးစီးတစ်ယောက်ပါကွာ၊ ရန်ကုန်ရောက်ရင် မင်းတို့ မေးကြည့်ကြ၊ သူက ဒီအရပ်သား၊ ဒါပေမဲ့ မရောက်တာကြာပြီနဲ့ တူပါတယ် ကွာ၊ သူပြောတာ စစ်ပြီးစက ဈေးနဲ့တူပါတယ်"

အားလုံး ရယ်ကြသည်။ ဗိုလ်သိန်းအောင်ပင် ထမင်းသီးသွားသည်။

"နေစမ်းပါအုံး၊ မင်းတို့ ရေ ဘယ်က ရသလဲ၊ ငါ မမှာခဲ့မိဘူး"

"ဆရာကြီး တပည့်ကျော်တွေပဲ ခင်ဗျာ၊ ဘယ်ခေပါ့မလဲ၊ ဒေါ်စောရွှေ

မေးတာပေါ့ ခင်ဗျ၊ သူ့ကွမ်းသီးခြံထဲမှာ ရေတွင်းတစ်ခု ရှိတယ်၊ အဲဒါက သောက်ရေအတွက်ပဲတဲ့၊ သုံးတော့ ချောင်းရေပဲ သုံးတယ်တဲ့၊ အခုနေ မိုး မကျခင်တော့ ချောင်းရေက ဒီရေတက်လို့ ငန်တယ်၊ မိုးတွင်းမှာတော့ ချိုတယ်"

"အေးကွာ၊ အဲဒါတော့ ငါ မေ့နေတယ်၊ နောက် တို့လူသိုက်နဲ့ ဆိုရင် ဒီရေတွင်း တစ်ခုတည်းနဲ့ မလောက်ဘူး၊ အဘွားကြီးနဲ့လဲ ရောရောနှောနှော သုံးနေရမယ်၊ ဒီတော့ ချိုးဖို့ ရေတွင်းတစ်တွင်း တူးရမယ်၊ သောက်ဖို့ ရေတွင်း တစ်တွင်း တူးရမယ်"

သောင်းဒန်သည် ထမင်းစားရင်းပင် အရှည်သဖြင့် စားရေးသောက်ရေး အတွက် ပူပင်လာသည်။ ယခုအတိုင်းဆိုလျှင် စားရေးသောက်ရေး မလွယ်ကူလှ။ ရန်ကုန်ဈေးနှုန်း အတိုင်းပင် ဖြစ်နေသည်။ အလုပ်သမားများ ခေါ်ခဲ့စဉ်က စင်ရော်ဒေသသည် အလွန်ပေါသည့်ဒေသဖြစ်သည်ဟု ပြော၍ ခေါ်ခဲ့သည်။ ရန်ကုန်ထက် အစစအရာရာ ပေါရမည်ဟုလည်း မျှော်လင့်ထားသည်။ သို့သော် ထင်သည့်အတိုင်း မဟုတ်မှန်း ခန့်မှန်းမိလာသည်။ လမ်းပန်း အဆက်အသွယ်ကြောင့်ပဲလား၊ ဒေသမဖွံ့ဖြိုး၍ပဲလား။ များသောအားဖြင့်ကား တောင်ပိုင်းတွင် စိုက်ပျိုးရေးသမားများသည် ဒူးရင်းခြံ၊ မင်းကွတ်ခြံ၊ ကွမ်းသီးခြံ၊ ရော်ဘာခြံ၊ အုန်းခြံတို့ပင် ဖြစ်သည်။

လယ်ကောင်းကောင်း မရှိ။ စိမ့်မြိုင်ဒေသ တစ်ဝိုက်တွင်ကား လယ်ကောင်းကောင်းရှိသည်။ စခန်းကြီးသည်ဘက်လွန်လာလျှင် လယ်မတွေ့ရ။ မြေရိုင်းများ အများကြီးရှိသည်။ ခနိတောများရှိသည်။ မီးရထားလမ်းဘေး တစ်လျှောက်တွင်မူ စခန်းကြီး သည်ဘက်၌ ဆားကျင်းများ တွေ့ရသည်။ ပင်လယ်ရေငန်ကို ဆားချက်ကြသည်။ ဆားချက်သဖြင့် ထင်းရှားရသည်။ ထင်းခုတ်သဖြင့် သစ်ပင်များ ပြုန်းတီးကုန်သည်။ တောင်ကတုံးများ ဖြစ်ကုန်သည်။ ထို့ကြောင့် ထင်းနှင့်မချက်ဘဲ နေလှန်းဆားချက်ရန် အစိုးရက ဆော်ဩနေသည်။

"စင်ရော်မှာ ကျွန်တော် တွေ့ရသလောက်ကတော့ အိမ်ကြီးအိမ်ကောင်း မှန်သရွေ့ တရုတ် ကုလားချည်းပဲ ခင်ဗျ"

"ထမင်းစားနေတုန်း ဘာတွေများ စိတ်ကူးနေသလဲ ဦးသောင်းဒန်၊ ဒါများ အထူးအဆန်း မှတ်လို့ဗျာ၊ ဘယ်နေရာမှာ ဗမာတွေ တိုက်ကြီး အိမ်ကောင်း ဆောက်နိုင်ကြလို့လဲ၊ ဦးသောင်းဒန် ဘယ်အရပ်သားလဲ၊ အညာက ထင်တယ်၊ ခင်ဗျား စကားပြောတာ နားထောင်ရတာ အညာလေးပဲ၊ ကျွန်တော် မြောင်းမြသား ဦးသောင်းဒန်၊ အောက်အရပ် ချောင်းထဲ မြောင်းထဲကပေါ့၊ ကျွန်တော်တို့ဆီမှာလဲ တရုတ်၊ ကုလား ကြီးပွားတာပဲ၊ တိုက်ကြီးအိမ်ကောင်းမှန်သရွေ့ သူတို့ချည်းပဲ၊ ကျွန်တော်တို့ မြောင်းမြမှာ ကမ်းနားလမ်းဆိုတာ ရှိတယ်၊ ဦးသောင်းဒန် ရောက်ဖူးသလားတော့ မသိဘူး၊ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ် မြို့ကလေးတွေက လှေနဲ့ တက်နဲ့ ကူးသန်းသွားလာနေရတဲ့ မြို့ကလေးတွေ၊ ဒီတော့ လူစည်ကားတဲ့ ရပ်ကွက်ဟာ ကမ်းနားလမ်းပဲ၊ ဈေးဆိုတာကလဲ ကမ်းနားလမ်းမှာ ရှိတာပဲ၊ ဆိုင်ကြီးဆိုင်ကောင်း မှန်သမျှ၊ ကုန်ရုံပွဲရုံ မှန်သမျှ ကမ်းနားလမ်းမှာချည်းပဲ၊ အဲဒီကမ်းနားလမ်းမှာ ဘယ်သူတွေ ကြီးစိုးတယ် ထင်သလဲ၊ တရုတ် ကုလားပဲကြီးစိုးကြတာပဲ"

"ကျွန်တော်တို့ အညာမှာလဲ ဒီအတိုင်းပဲ ဗိုလ်မှူး၊ သူတို့တစ်တွေပဲ အရောင်းအဝယ်ကို ချုပ်ကိုင်ထားတာပဲ၊ ပဲ၊ ထန်းလျက်၊ ဆီ အဲဒီကုန်တွေကို သူတို့ပဲ ချုပ်ကိုင်ထားတာပဲ ဗိုလ်မှူး"

"ကျွန်တော်တို့ဆီက ဆန်စက်တွေ ကြည့်အုံးမလားဗျာ၊ သူတို့ချည်းပဲ၊ ဗမာပိုင် နည်းတယ်၊ အခု ဟောဒီ စင်ရော်ဒေသမှာရော သူတို့ချည်းပဲ၊ ခင်ဗျား စိမ့်မြိုင်မှာ ကြည့်ပါ၊ ကမ်းနားလမ်းက တိုက်ကြီး အိမ်ကောင်းတွေဟာ စီးပွား ရေး အကွက်အကွင်းဒေသပဲ၊ အားလုံးလိုလို တရုတ် ကုလားပိုင်တွေ များတယ်၊ စိမ့်မြိုင်ဆိုတာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ လောက်ကတည်းက ကုလားတွေ လာပြီးနေကြပြီ၊ အောက်မြန်မာပြည်ကို အင်္ဂလိပ်မသိမ်းခင် ကတည်းကပေါ့၊ ပထမဆုံး အင်္ဂလိပ်သိမ်းတဲ့အထဲမှာ စင်ရော်ဒေသ ပါသွားတယ်၊ မြေတွေကို စိုက်ဖို့ ပျိုးဖို့ ပေးတယ်၊ နေဖို့ ထိုင်ဖို့ ဂရန်မြေတွေ ထုတ်ပေးတယ်၊ အဲဒီကတည်း က ကုလားတွေ ရောက်လာကြတယ်၊ မြို့ထဲမှာ မြန်မာပိုင် တိုက်ကြီး အိမ်ကောင်းတွေ တွေ့လိမ့်မယ်၊ အဲဒါက နည်းနည်းပဲ၊ များသောအားဖြင့် တိုက်ကြီး

အိမ်ကောင်း ဆိုရင် ဆရာဝန် ဆိုင်းဘုတ်ကလေး၊ ရှေ့နေဆိုင်းဘုတ်ကလေးတွေ ချိတ်ထားတာ တွေ့လိမ့်မယ်၊ အဲ . . . ဗမာထဲဆိုရင် ဆရာဝန်တောင် နည်းသေးတယ်၊ အထက်တန်းရှေ့နေ၊ အောက်တန်းရှေ့နေတွေလောက်ပဲ ရှိတယ်၊ ဆရာဝန်ကတော့ နောက်ပိုင်းကျမှ အယ်လ်အမ်ပီ ဆေးကျောင်းလေး ဘာလေး ဖွင့်ပေးလို့ ဗမာ ဆရာဝန်ရယ်လို့ ရှိလာတယ်၊ ရှေးတုန်းကတော့ ကုလားတွေချည်းပေါ့ဗျာ၊ ဒီတော့ စင်ရော်လဲ ဘာထူးလဲဗျ၊ သူတို့ချည်း ကြီးပွားနေကြတာပဲ၊ ဒီမှာက စက်လှေကို အားကိုးရတယ်၊ ပြည်မက ကုန်ဟာ စက်လှေနဲ့ ရောက်တာများတယ်၊ စက်လှေမှန်သမျှ တရုတ်ပိုင်ချည်းပဲ၊ ခင်ဗျား ဟိုဘက် ရောက်ရင် တွေ့ရလိမ့်မယ်၊ သောင်ဦးဘက်၊ ရန်လုံဘက်မှာ မိုင်းတွေ မှန်သမျှ တရုတ် ကုလားပိုင်ချည်းပဲ”

ဗိုလ်မှူးသည် နား၊ မျက်စိကို ဖွင့်ထားသူ ဖြစ်သည်။ စစ်ဗိုလ် စစ်သားဆိုသော်လည်း စစ်ရေးစစ်ရာသာ မဟုတ်။ စီးပွားရေးမျက်စိ၊ လူမှုရေးမျက်စိ ပွင့်လင်းသူဖြစ်သည်ဟု သောင်းဒန် မှတ်ချက်ချမိသည်။

“ကျွန်တော်က အစားအသောက် ဈေးကြီးတာနဲ့ပတ်သက်လို့ ဆက်ပြီး တွေးမိလို့ပါ၊ ကျွန်တော် ခေါ်လာတဲ့ အဖွဲ့က အလုပ်သမားတွေ ခင်ဗျ၊ အများဆုံး ရလှမှ တစ်နေ့ တစ်ဆယ်စားပဲ၊ အနည်းဆုံးက သုံးကျပ် ဆယ့်ငါးပြား၊ တစ်ရပ် တစ်ကျေးမှာလဲ လာပြီး နေရသေးတယ်၊ နောက်ဆိုရင် အိမ်ထောင်ကိုလဲ ခေါ်ကြရအုံးမယ်၊ ခဏတစ်ဖြုတ်နေရမှာ မဟုတ်ဘူး၊ အနည်းဆုံး သုံးနှစ်တော့ နေကြရမှာချည်းပဲ၊ အဲဒီက ဈေးနှုန်းတွေနဲ့ ဆိုရင် အရှည်တွေးပြီး ရင်လေး လို့ပါ”

“ဒါတော့ ဘယ်တတ်နိုင်မလဲ ဦးသောင်းဒန်၊ တစ်တိုင်းပြည်လုံးနဲ့အနှံ့ ကုန်ဈေးတွေကကြီးနေတာပဲ၊ ကျွန်တော်တို့ကိုလဲ အိမ်ကမိန်းမတွေက နားတပူပူပဲ၊ အေး . . .တို့လဲ မတတ်နိုင်ဘူး၊ ဒါက စီးပွားရေးပါရဂူတွေရဲ့ အလုပ်ပဲ၊ တို့က စစ်တိုက်ဖို့ပဲ တတ်တယ်၊ မင်းတို့ မလောက်လို့ တို့တိုက်ခိုက်ပေးနိုင်တာ မဟုတ်ဘူး၊ ခိုးဝှက်ပေးနိုင်တာ မဟုတ်ဘူး၊ တို့က စစ်တိုက်နေရတာ၊ အဲဒါပဲ ပြောနိုင်တယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော်တို့ အတတ်

နိုင်ဆုံး အကူအညီပေးပါ့မယ်၊ နလက ဗိုလ်ကြီးဘကြိုင်ကလဲ တတ်နိုင်သမျှ ကူညီပါလိမ့်မယ်၊ ဒီလူက နည်းနည်းတော့ အေးတယ်ဗျ၊ ခင်ဗျားက နားပူနားဆာ လုပ်ပေးရလိမ့်မယ်"

"အေးဗျာ၊ အဆင်ပြေအောင် မနည်းစီစဉ်ရမှာပဲ၊ အရေးကြီးတာက ဒီကောင်တွေ စိတ်ဓာတ်မကျဖို့ဘဲ ဗိုလ်မှူး၊ ဒီကောင်တွေက ကျွမ်းကျင်တဲ့ အလုပ်သမားတွေ၊ သူတို့ ပြန်သွားရင် အစားထိုးဖို့ မလွယ်လှဘူး၊ သုံးကျပ်ဆယ့်ငါးပြားက ဘယ်နေရာမှာဖြစ်ဖြစ် ရနိုင်တယ်၊ စက်ပြင် စက်မောင်းက စင်ရော်မှာလဲ မရနိုင်ဘူး၊ စိမ့်မြိုင်မှာလဲ မရနိုင်ဘူး"

အလုပ်သမားများကား နေရာသစ်၊ အတွေ့အကြုံသစ်တို့ကြောင့် တစ်မျိုးတစ်ဖုံ အသစ်အဆန်းဖြစ်ကာ အာရုံများနေကြသည်။ သည်လို တစ်ကြိမ်တစ်ခါမျှ စုစုဝေးဝေးသွားလာစားသောက်ရသည့် အတွေ့အကြုံလည်းမရှိခဲ့။ ဇာတိမှ ရေကြည်ရာ မြက်နုရာ ရန်ကုန်သို့ ရောက်လာကြသည်။ ရရာအလုပ်ကို လုပ်ကြရသည်။ အခွင့်အလမ်းသင့်သည့်အခါ သာမန်အလုပ်သမားအဖြစ်မှ ကျွမ်းကျင်သော အလုပ်သမားဘဝသို့ ရောက်ကြရသည်။ ခေတ်အမျိုးမျိုးလည်း ပြောင်းခဲ့ပြီ။ အစိုးရ အမျိုးမျိုးလည်း ပြောင်းခဲ့ပြီ။ သူတို့လည်း တိုက်တာ အိမ်ခြေ အမျိုးမျိုး ဆောက်လုပ်ခဲ့ကြသည်။ တံတားအမျိုးမျိုး ဆောက်လုပ်ခဲ့ကြသည်။ လမ်းအမျိုးမျိုး ဖောက်ခဲ့ကြသည်။ မြို့သစ်များပင် တည်ခဲ့သည်။ သူတို့ တည်သော မြို့သစ်တွင် သူတို့ပင် နေထိုင်ခဲ့ကြရသည်။ သို့သော် ဘဝအခြေအနေ မတိုးတက်သေး။ တို့အလုပ်သမားခေတ်ရောက်ပြီဆိုငြားလည်း ပြောင်ပြောင်လက်လက် မရှိသေး။ ချောင်ချောင်လည်လည် မရှိသေး။ သူတို့ ဘဝကို သောင်းဒန် ကိုယ်ချင်းစာမိသည်။ ယခုလည်း သူ့ကိုခင်၍ လိုက်ပါလာကြသူများ ဖြစ်သည်။ သူတို့၏အနေအထိုင် သက်သာချောင်ချိရန် စီစဉ်ပေးရမည်။ အစားအသောက် ချောင်လည်ရန် စီစဉ်ပေးရမည်။ သောင်းဒန်တွင် တံတားဆောက်လုပ်ရေး၌လည်း တာဝန်ရှိသည်။ ထို့အတူ သူတို့၏ နေရေးထိုင်ရေး အဆင်ပြေဖို့အတွက်လည်း တာဝန်ရှိသည်။ ယင်းအတွက် သောင်းဒန် များစွာရင်လေးမိလေသည်။

"ကဲ . . .ဗိုလ်မှူး ပြန်မယ် မဟုတ်လား၊ ကျွန်တော်လဲ စင်ရော်ကို လိုက်ခဲ့အုံးမယ်၊ စက်လှေတွေနဲ့ စက်ပစ္စည်းတွေ ရောက်လိမ့်မယ်၊ ပြီးတော့ ဗိုလ်ကြီးဘကြိုင်နဲ့ ဆွေးနွေးစရာလေးတွေလဲ ရှိသေးတယ်၊ ပစ္စည်းတောင်းဖို့ ပါပဲ"

"သွားမယ်လေ၊ ကျွန်တော့်ရဲဘော် ရှစ်ယောက် ထားခဲ့မယ်နော်၊ သူတို့မှာလဲ ရိက္ခာအပြည့်အစုံ မပါသေးဘူး၊ သူတို့ကိုတော့ နှစ်ရက်၊ သုံးရက်လောက် ကျွေးလိုက်ပါ၊ ပြီးမှ စင်ရော်က တပ်နဲ့ သူတို့ရိက္ခာအတွက် ကျွန်တော် စီစဉ်ပေးမယ်"

"စိတ်ချပါ ဗိုလ်မှူး၊ ကျွန်တော်တို့ စားရသမျှတော့ ဗိုလ်မှူးရဲဘော်တွေ မငတ်စေရပါဘူး"

"သူတို့က လူလည်တွေပါဗျာ၊ ရှာကြံလဲ စားတတ်ပါတယ်၊ တောင်းရမ်းလဲ စားတတ်ပါတယ်၊ ပစ်ခတ်လဲ စားတတ်တယ်၊ ချောင်းတွေ့ရင် အိုင်တွေ့ရင် မိုင်းခွဲပြီးတော့လဲ ငါးရှာတတ်တယ်"

"နေအုံး ဗိုလ်မှူး၊ ကျွန်တော့်အဖွဲ့ကို မှာခဲ့အုံးမယ်"

သောင်းဒန်သည် တစ်နေရာတွင် စကားဝိုင်းဖွဲ့နေသော လှမင်း၊ စောသာအေး၊ အောင်ကြီး၊ ဒေးဗစ်တို့ ရှိရာသို့ လာခဲ့သည်။ ဗိုလ်သိန်းအောင်ကလည်း သူ့ ရဲဘော်များ ရှိရာသို့ သွားသည်။

"လှမင်း၊ မင်းတို့ လူစုံပဲနော်၊ ဗစ်တာတို့၊ ခင်မောင်စိန်တို့လဲ မမြင်ပါလား၊ ခေါ်လိုက်ကြ၊ ကိုသန်းမောင်ပါ ခေါ်လိုက်"

အားလုံး စတုတ္ထတန်း အင်ဂျင်နီယာများ ဖြစ်ကြသည်။ ကိုသန်းမောင်မှာ ဖိုမင် ဖြစ်သည်။ ဉပဓိရုပ် ကောင်းသည်။ အသောက်အစား ကင်းသည်။ ဥက္ကလာပမြို့သစ် ဆောက်ကတည်းက သောင်းဒန်တို့နှင့် အတူတွဲ၍ လုပ်ခဲ့သည်။ ကလေး ဖ ယောက် အဖေ ဖြစ်သည်။ သောင်းဒန်ကို သံယောဇဉ်ကြီးသဖြင့် စင်ရော်သို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။ အားလုံး လူကြီးများဖြစ်ကြသည်။ အလုပ်အားဖြင့်လည်း ကြီးသည်။ အသက်အားဖြင့်ကား မစ္စတာဒေးဗစ်တစ်ယောက်ကလွဲလျှင် အားလုံး သုံးဆယ်ကျော် ဖြစ်ကြသည်။

"ခင်ဗျားတို့ လူကြီးတွေနော်၊ အစစအရာရာ ထိန်းသိမ်းအုပ်ချုပ်နိုင်ကြရမယ်၊ မရရင် ကျွန်တော့်ကိုပြော၊ ဒါ ရန်ကုန် မဟုတ်ဘူး၊ ကိုယ်မကျွမ်းကျင်တဲ့ဒေသ၊ ရွာနီးပတ်လည်မှာ သူပုန်သူကန်တွေချည်းပဲ၊ ဘယ်မှမသွားစေနဲ့၊ ခင်ဗျားတို့က အုပ်ချုပ်ရမယ်၊ ကျွန်တော် ဒီနေ့ည စင်ရော်မှာအိပ်မယ်၊ ဟိုမှာ နလက ဥက္ကဋ္ဌနဲ့ ခင်ဗျားတို့စားရေးသောက်ရေးအတွက်စီစဉ်ရမယ်၊ သွားရေးလာရေးအတွက် စီစဉ်ရမယ်၊ ရန်ကုန်က စက်တွေ စက်လှေနဲ့ ရောက်မယ်၊ အဲဒါတွေ ဒီကိုသယ်ဖို့ စီစဉ်ရမယ်၊ ဒီတော့ မနက်ဖြန် မနက်ကျမှပြန်လာမယ်၊ ဒီညအိပ်ဖို့ကတော့ ဖြစ်သလိုပဲ၊ တောင်ကုန်းတောင်စောင်းမှာ သစ်ပင်တွေအောက် ရှင်းလင်းပြီးဖြစ်သလို အိပ်ကြ၊ မနက်ဖြန်၊ သန်ဘက်ဆိုရင် ဝါးတွေ သစ်တွေရမှာပဲ၊ ကျွန်တော်တို့နေဖို့ တဲတွေထိုးမယ်၊ ဟုတ်လား၊ ကဲ . . . ဘာမေးစရာ ရှိသလဲ၊ ဘာမှာချင်ကြသလဲ"

"လက်သမားချစ်စိန်တစ်ယောက် ဗိုက်နာနေတယ် ဆရာကြီး၊ ခေါင်းလဲ နည်းနည်းကိုက်တယ် ပြောတယ်၊ သူ့ဖို့ ဆေးလေးဘာလေး ရရင်ဝယ်ခဲ့ပါဆရာကြီး၊ အခုတော့ ကျွန်တော်တို့မှာ ဘာမှမပါဘူး"

"ကျွန်တော့်ဆီမှာ ဆာလဖာ ပါတယ်၊ တေဇောဘမ်းလဲ ပါတယ်၊ ယူထားလိုက်၊ အခုမှ အမှတ်ရတယ်၊ ဆေးပစ္စည်းတွေလဲ ရသလောက်ဝယ်ခဲ့ရအုံးမယ်၊ ကျွန်တော် သွားမယ်၊ အားလုံး စိတ်ချပါရစေနော်"

× × × × ×

၇

"ရန်ကုန်ဆိုရင် ဘယ်ဘက်မှာလောက် ရှိမလဲ ဦးလှမင်း"

ဖိုမင် သန်းမောင်သည် မယ်ဒလင်လေးကို ကိုင်ကာ တောင်ကုန်းထက်သို့ တက်လာသည်။

အချိန်ကား ညနေစောင်း နေဝင်ချိန် ဖြစ်သည်။ သူတို့ အားလုံး ထမင်းစားပြီးကြပြီ။ ထမင်းစားအပြီး ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့၍ စကား ပြောနေကြသည်။ နောက်ဖေးနောက်ဖီသွားရန် အပြင်သို့ ထွက်သူကလွဲ၍ ဝေးဝေးလံလံ သွားခွင့်မပြု။ ပါလာသည့် လူပေါင်း ရှစ်ဆယ့်သုံးယောက်ကို တန်းစီကာ အုပ်စုဖွဲ့ပေးထားသည်။ အုပ်စုခေါင်းဆောင်တို့က ကိုယ့်အစုမှ လူကို ထိန်းသိမ်းရသည်။

"တွေ့လား၊ ဟိုမှာ နေဝင်နေတယ် မဟုတ်လား"

နေလုံးနီနီကြီးသည် တောင်တန်းကြီးထိပ်၌ တင်နေသည်။ တောင်ကြီး ပေါ်တွင် ဘောလုံးနီကြီး တင်ထားသလို ဖြစ်နေသည်။ လိမ့်သွားတော့လေ မလားဟုပင် ထင်ရသည်။ သို့သော်လည်း တအိအိအောက်သို့ ငုပ်ဆင်းနေ သည်။ ကြည့်ရင်း ကြည့်ရင်းပင် အောက်နှုတ်ခမ်းသည် ဝိုင်းစက်မနေတော့။ တောင်ကြောက နေလုံးနီကြီးကို အနားသတ်ပေးထားသည်။ အနောက် တစ်ခွင်လုံး နီရဲနေသည်။

"အဲဒါ အနောက်ဘက်၊ အဲဒီ တောင်တန်းကြီးရဲ့ဟိုဘက်မှာ ပင်လယ်

ရှိတယ်၊ ကျွန်တော်တို့ရောက်နေတာက ရန်ကုန်ရဲ့အရှေ့တောင်ယွန်းယွန်း ဆိုတော့ ဟောဟို နေရာလောက်ဆီမှာ ရန်ကုန် ရှိမှာပေါ့”

သန်းမောင်သည် ဝါးရုံပင်အောက်၌ထိုင်ကာ လှမင်း ညွှန်ပြသည့် ရန်ကုန်ရှိရာဘက်သို့ မျက်နှာမူလိုက်သည်။ အကြာကြီး စကားမပြောဘဲ အနောက်မြောက် ယွန်းယွန်းဆီသို့စိုက်ကြည့်နေသည်။ လှမင်းသည် သန်းမောင်ကို အနှောင့်အယှက်မပေးလိုတော့ဘဲ မစ္စတာဒေးဗစ်ရှိရာ အင်ကြင်းပင်အောက်သို့ ထွက်သွားသည်။ ဒေးဗစ်နှင့်တွေ့လျှင် သန်းမောင်ကို မေးထိုး၍ ပြသည်။ ဒေးဗစ်က ပြုံးသည်။ ထို့နောက် လှမင်းကို လက်ကာပြသည်။ လှမင်းကလည်း ပြုံးကာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကွမ်းတပစ်ထွေးကာ သစ်တုံးတစ်ခုကို ခေါင်းအုံး၍ ပက်လက်လှန်လျက် မိုးယံထက်သို့ ကြည့်နေလေသည်။ မိုးယံထက်တွင်ကား ကြယ်မလက်သေး။ ပြာနှမ်းရာမှ မှိုင်းညို့သည့် အရောင်သို့ပြောင်းနေသော မိုးကောင်းကင်ကြီးတစ်ပြင်လုံးကို လှမင်းကြည့်နေသည်။ သန်းမောင်ရှိရာမှ မယ်ဒလင်သံလေးတဒေါင်ဒေါင် ကြားရသည်။ လာတော့မယ်၊ လွမ်းသံ ဆွေးသံတွေ ကြားရတော့မယ်။ လှမင်းသည် မယ်ဒလင်သံကို မကြားအောင် အာရုံကို ဖျောက်သည်။ တောင်ကို ကြည့်သည်။ တောကို ကြည့်သည်။ မိုးကို ကြည့်သည်။ သို့သော် သူ့အာရုံကား မပျံ့လွင့်။ မယ်ဒလင်သံဆီသို့သာ ရောက်နေသည်။ ထို့ကြောင့် နားတစ်ဖက်ကို လက်တစ်ဖက်ဖြင့် တံတောင်ကွေးပိတ်ကာ တစ်ဖက်သို့ စောင်းပြီး ကျန်နားတစ်ဖက်ကို သစ်တုံးနှင့် အပ်လိုက်သည်။ လှမင်း စိတ်မခိုင်။ လွမ်းချင်ဆွေးချင်လာသည်။ ပတ်ဝန်းကျင် တောတောင်ရေမြေက သူ့စိတ်ကို မျက်ရည်ကျအောင် ကလိနေသည်။

သန်းမောင်သည် ရန်ကုန်ရှိရာ အရပ်တူရူသို့ မျက်နှာမူလျက် တွေတွေကြီး ကြည့်နေရာမှ စိတ်လှုပ်ရှားလာကာ လက်က မယ်ဒလင်ကို ကလိနေသည်။

ဘယ်တော ဘယ်မြိုင် မသိနိုင်ခဲ့၊

မခိုင်စိတ်ဝမ်း နေ့တိုင်းလွမ်းရှင့်၊

သန်းမောင်၏ ခေါင်းထဲသို့ အလွမ်းတေးသည် အလိုလိုရောက်လာ

သည်။ အဆွေးဓာတ်ခံရှိသူဆီသို့ အလွမ်းတေးရောက်လာသည်မှာ မဆန်း။

"အို ဘယ့်နှယ် ဖော်မပါ သွားရှာရော့ ဝေးမြေတာ"

သန်းမောင်သည် မဲဇာရောက် လက်ဝဲသုန္ဒရ အမတ်ကို မြင်လာသည်။ ပန်းဝါဘက်တွင် ကုလားဖြူတပ်ကို နှိမ်နင်းနေသော မြဝတီမင်းကြီးကို မြင်လာသည်။ သူ့မယ်ဒလင်သံသည် တိုးရာမှ ကျယ်လာသည်။ လက်ချောင်းတို့သည် အသံထွက်သည့် ကြိုးများကို ကလိသည်။ ကြိုးများကို တို့ကစားသည်။ ကြိုးခြောက်ချောင်းပေါ်ဖြတ်ကာ လက်ချောင်းများ တို့ကနန်းဆိတ်ကနန်းလုပ်ရင်း ပြေးလွှားကြသည်။

အောင်ကြီးသည် ခင်မောင်စိန်နှင့် စကားလက်ဆုံကျနေရာမှ မယ်ဒလင်သံကို ကြားရသဖြင့် ခေါင်းမော့ကြည့်သည်။ ခင်မောင်စိန်လည်း လှုပ်ရှားလာသည်။ ပြောလက်စစကားကို ဖြတ်ကာ ခေါင်းမော့ရာမှ နားစွင့်ပြန်သည်။ ခင်မောင်စိန်သည် မြူးလာသည်။ ကြွလာသည်။ သူကား လူပျိုဖြစ်သည်။ ဂျီတီအိုင် ကျောင်းဆင်းသည်မှာ မကြာသေး။ ကျောင်းဆင်းလျှင် ဆင်းချင်း စင်ရော်တံတား ဆောက်လုပ်ရေးအဖွဲ့နှင့် လိုက်လာခြင်း ဖြစ်သည်။

သူ့တွင် ခင်တွယ်ရမည့် သံယောဇဉ်တစ်မျှင် ရှိနေသည်။ ယင်းမှာ ငယ်ရည်းစားဟု ခေါ်နိုင်မည့် စောခင်ဖြစ်သည်။ စောခင်ကား သူနှင့်တစ်ဇာတိတည်းဖြစ်သော သံပရာအိုင်သူဖြစ်သည်။ ရုပ်ချောသည်။ စကားပြော ချက်ချာသည်။ သူနေခဲ့သည့် သံပရာအိုင် အလယ်တန်း ကျောင်းအုပ်ကြီးဦးစော၏ သမီးထွေး ဖြစ်သည်။ စောခင်နှင့် ခင်မောင်စိန်တို့မှာ သမီးရည်းစားဟု မဆိုနိုင်သေး။ သို့သော် လူကြီးချင်းပြောဆိုရည်မှန်းထားကြပြီးဖြစ်သည်။ ခင်မောင်စိန် ကျောင်းဆင်းလျှင် စေ့စပ်ကြောင်းလမ်းကာ လက်ထပ်ရန် စိတ်ကူးထားကြသည်။ ခင်မောင်စိန်ကို သံပရာအိုင်နှင့်နီးသည့် ဘားအံလို ကရင်မြို့တော်တွင် အလုပ်လုပ်ရစေချင်ကြသည်။ သို့မဟုတ် စိမ့်မြိုင်တွင် ရစေချင်သည်။ ခင်မောင်စိန်တွင် အကပ်အရပ်မရှိ။ ပို့ရာ သွားရမည့်သူဖြစ်သည်။ ရန်ကုန်တွင် အနေကြာသည့်အခါ ခင်တွယ်ရမည့် သံယောဇဉ်ကြိုးတစ်မျှင်သည် သေး၍ သေး၍ သွားသည်။ စောခင်ကို ခင်မောင်စိန် သတိမရချင်တော့။ သို့ဖြစ်ရာ ရောက်လေ

ရာဘဝတွင် ပျော်ပျော်နေရေးသာ စိတ်ကူးသည်။ ထို့ကြောင့်ပင် ဤအဖွဲ့နှင့် သူ လိုက်လာခဲ့ခြင်း ဖြစ်သည်။ နောက်တစ်ကြောင်းလည်း ရှိသေးသည်။ သူသည် စိမ့်မြိုင်အထက်နားမှ သံပရာအိုင်ဇာတိဖြစ်သည်။ ဤဒေသသည် သူနှင့် သူစိမ်းတစ်ရံဆံ မဟုတ်။ အတန်အသင့် ရင်းနှီးပြီးသား ဖြစ်သည်။

အောင်ကြီးနှင့် ခင်မောင်စိန်တို့ နှစ်ယောက် မတိုင်ပင်ရဘဲနှင့် ထိုင်ရာမှ ထလာကာ သန်းမောင်အနားသို့ ရောက်သွားကြသည်။ သန်းမောင်သည် တစ်ကိုယ်တည်း အလွမ်းစိတ်ကို ဖြေနေရာမှ သူ့ဘေး၌ ပရိသတ်ဝိုင်းလာသည့်အခါ ဖြေဖျော်သူ ဖြစ်လာသည်။

ထိုအခါတွင်မှ လှမင်းလည်း ခွေအိပ်နေရာမှ ခေါင်းထောင်ထကာ သန်းမောင်တို့ရှိရာသို့ ကြည့်မိသည်။ သန်းမောင်၏တေးသံသည် အလွမ်းတေး မဟုတ်တော့ပြီ။ ပျော်စရာ ရွှင်စရာ၊ မြူးစရာ ကြွစရာ တေးများကို တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုနေသည်။

သို့နှင့် တောင်စောင်းတွင် နေကွယ်သွားရာ အမှောင်ထုက လောကကြီး တစ်ခုလုံးကို လွှမ်းခြုံလိုက်သည်။ ပင်လယ်ပြင်က တိုက်ခတ်လာသည့်လေသည် လန်းဆန်းသည်။ အေးမြသည်။ ကြာသည့်အခါ စိမ့်လာသည်။ မိုးကောင်းကင်ထက်တွင် လ မရှိ။ လဆုတ်ရက် ရောက်နေပြီ။ သန်းခေါင်ကျော်မှ လထွက်မည်။ ထွက်ပြန်ပါကလည်း လသည် တော်တော်နှင့် သူတို့ ခေါင်းပေါ်ရောက်နိုင်ဖွယ်မရှိ။ အကြောင်းမှာ သူတို့၏အရှေ့ဘက်တွင် အင်ကြင်းတောင်ကုန်းကြီးခံနေသောကြောင့် ဖြစ်သည်။ ယခု သူတို့ရောက်နေကြသည်မှာ တောင်ခါးပန်းတစ်နေရာ ဖြစ်သည်။

ပန်းပဲဆရာကြီး ဦးခင်သည် အင်ကြင်းတောင်ထိပ်သို့ မျက်နှာမူကာ စေတီရှိရာသို့ အာရုံပြုရင်း စိပ်ပုတီးစိပ်နေသည်။ ဒေးဗစ်သည် ဦးခင်ရှိရာသို့ ရောက်လာသည်။ သည်အထဲတွင် သူ အသက်အကြီးဆုံး ဖြစ်သည်။ ဦးခင်ကား ငါးဆယ်ကျော်နေပြီ။ ဒေးဗစ်မှာ လေးဆယ့်ငါးနှစ်သာသာရှိပြီ။ ဒေးဗစ်သည် ဦးခင် ဘုရားအာရုံပြုနေသည်ကို အဝေးမှလှမ်းကြည့်ကာ ကြည်နူးနေသည်။ သူလည်း ယေရှုသခင်ထံဆုတောင်းသည်။ တရားစာရွတ်ဖတ်သည်။

ပြီးမှ ဦးခင်နှင့် စကားစမြည်ပြောရန်သွားသည်။ သည်အတိုင်းဆိုလျှင် သည်ည အိပ်ကြဖွယ် မရှိ။ ထမင်းစားပြီးကတည်းက တောင်စောင်းတွင် အိပ်စရာ နေရာလေးများ ခုတ်ထွင် ရှင်းလင်းကြသည်။ ကွမ်းသီးခြံထဲတွင် မအိပ်ဝံ့ကြ။ နေရောင်မရသဖြင့် မြေကြီးသည် စိမ့်နေသည်။ မြွေကင်းလည်း ကြောက်ရ သေးသည်။ ထို့ကြောင့် တောင်စောင်းထက်တွင် ရှင်းလင်းခုတ်ထွင်ကာ အိပ်စရာနေရာ စီမံကြရသည်။

အလင်းရောင်ရှိနေစဉ်ကတော့ မြင်မြင်ထင်ထင်မို့ ကြောက်စရာ မကောင်း။ တဖြည်းဖြည်းမှောင်လာသည့်အခါ ကြောက်စရာကောင်းလာသည်။ ဦးခင် အားငယ်လာသည်။ ဦးခင်သည် ဘုရား၊ တရားနှင့် အစဉ်နေသူမဟုတ်။ အရက်ကလေး တမြမြနှင့်နေသူဖြစ်သည်။ စင်ရော်ချောင်းအတိုင်း အင်ကြင်း တောင်စခန်းသို့ မော်တော်နှင့်ဆန်တက်လာစဉ်က ကွမ်းသီးခြံများ၏ တစ်ဖက် ကုန်းမို့မို့ထက်တွင် ထိုးတက်နေသော ထန်းပင်တို့ကိုမြင်ရသဖြင့် ကျေနပ်နေ သည်။ ဦးခင်သည် ပခုက္ကူခရိုင်၊ ရေစကြိုနယ်သားဖြစ်သည်။ ထန်းပင်ဖက်ကာ ကြီးလာသူဖြစ်သည်။ ငယ်ငယ်ကပင် ထန်းရည်သောက်တတ်သည်။ ကြီးသော် ထန်းတက်သည်။ ရေစကြို လင်းကတောတစ်ဝိုက်တွင် သူမတက်ဖူးသည့် ထန်းတောမရှိသလောက်ပင် ရှားသည်။ မိန်းမရသည့်အခါ သူ အလုပ် ပြောင်းရသည်။ မိန်းမကား တစ်ရွာတည်းမှ ပန်းပဲဆရာ၏သမီးဖြစ်သည်။ သို့ဖြစ်ရာ ဦးခင်သည် မိန်းမရပြီးနောက် ယောက္ခမ ပန်းပဲဖိုသို့ဝင်ရသည်။ ထို့နောက် တဖြည်းဖြည်း ဦးစီးဦးကိုင်ဖြစ်လာသည်။ သူပုန်သူကန်တို့ ဆူပူကြ သည့်အခါ ဦးခင်တို့ ရွာ၌ မနေနိုင်။ ပခုက္ကူသို့ တက်သည်။ ပခုက္ကူတွင်လည်း စားရေးသောက်ရေး မပြေလည်။ ထို့ကြောင့် မကွေးသို့ ယောက်ဖတစ်ယောက် နှင့် ပြောင်းခဲ့သည်။ မကွေးမှတစ်ဆင့် ရေနံမြေ၊ ရေနံမြေမှတစ်ဆင့် ရန်ကုန် သာကေတသို့ ရောက်လာသည်။ ရန်ကုန်တွင် အလုပ်မျိုးစုံ လုပ်ဖူးသည်။ အလုပ်မရနိုင်သည့်အဆုံး ဦးရှင်ကြီးတင်သည့်ဆရာပင် လုပ်ဖူးသည်။ အညာ သားများနှင့်တွေ့လျှင် ဘုရားကိုးဆူ တင်ပေးသည်။ အသံနေအသံထားနှင့် ဂြိုဟ်ပင့်သည့်အခါ ဓမ္မကထိကပင် ရှုံးသည်။ သူ့အသံသည် ကြည်လင်

သည်။ စူးရှသည်။ ကြားရသူအပေါင်းကို ကြည်နူးစေသည်။ "ကြွတော်မူပါ့ ရှင်ဂြိုဟ်မင်း"ဟူသော အဆွဲကလေးကို ကြားရသူတို့ စွဲသွားကြသည်။ သို့နှင့် အဆက်အသွယ်ကောင်းနှင့်တွေ့ကာ သီရိတံတားစ၍ဆောက်သည့်အခါ ပန်းပဲဆရာအလုပ်ကို ရလေသည်။ ယခုကား တစ်နေ့ ၆ ကျပ်စား ဖြစ်နေပြီ။ သူတို့လင်မယားတွင် သားသမီးမထွန်းကား။ ထို့ကြောင့် အတန်အသင့် နေလောက် စားလောက်သည်။ ထန်းပင်အောက်ရောက်သည့်အခါတွင်မူ ဦးခင် ထန်းပင်ကို မော့မကြည့်ဘဲမနေနိုင်။ ထန်းပင်တွေ့ခဲ့သဖြင့် ကြည်နူးစိတ်ကလေးသည် ယခု ပျောက်ကွယ်စ ပြုလေပြီ။

"ဒီကလေးတွေ ဘာမှ မစိုးရိမ်ကြဘူးလား ဆရာဒေးဗစ်၊ ကျွန်တော်တို့ ကျိုက်ဒေးရုံမှာတုန်းက ဘယ်လောက်ချောက်ချားစရာ ကောင်းသလဲ၊ ဒါပေမဲ့ ဘုရားကိုယ်တော်မြတ်ကြီးရဲ့တန်ခိုးတော်ကြောင့် ဘာမှမဖြစ်ဘူး၊ အဲဒီနေရာက ခားပြ အလွန်တိုက်တဲ့နေရာတဲ့ ဆရာဒေးဗစ်ရဲ့"

"ဟုတ်တယ်၊ ကျွန်တော်လဲ ကြားဖူးတယ်"

"မနေ့ညကတော့ အေးအေးချမ်းချမ်း ရှိပါရဲ့"

ဒေးဗစ်သည် ရန်ကုန်မှထွက်လာသည့်ရက်ကို လက်ချိုး၍ တွက်ကြည့်သည်။ ကျိုက်ဒေးရုံတွင် တစ်ည၊ စင်ရော်တွင် တစ်ည၊ နှစ်ညအိပ် သုံးရက်ရှိနေပြီ။ ဆူဆူညံညံမြို့တော်ကြီးမှ တဖြည်းဖြည်း လူသူဝေးရာ တောတောင်စိမ့်စမ်းအလယ်ရောက်နေပြီ။ ခပ်လှမ်းလှမ်းတွင် မီးရောင်တလက်လက်ရှိနေသော စင်ရော်မြို့ကို မြင်နေရသေးသဖြင့်သာ စိတ်အားတက်စရာရှိနေသည်။ သို့သော် စင်ရော်နှင့် သူတို့ရောက်နေသည့်နေရာကား ဘာအဆက်အသွယ်မျှ မရှိ။ အရေးအကြောင်းရှိလျှင် လှေနှင့်စုန်ပြေးရန်သာရှိသည်။ တစ်ယောက်နှစ်ယောက်ဆိုလျှင် အကြောင်းမရှိ။ ယခု လူရှစ်ဆယ်ကျော် ဘယ်လိုပြေးရပါ့မလဲ။ ဘယ်သွားနေရမလဲ။ နယ်မြေလည်း ကျွမ်းကျင်သည် မဟုတ်။ တောင်စောင်းမှ အောက်ကိုကြည့်လိုက်လျှင် စင်ရော်ချောင်းကိုပင် မမြင်ရ။ တောင်စောင်းနှင့်အညီ ဘေးပတ်ဝန်းကျင်တွင် အရိပ်မည်းမည်းတို့ လှုပ်ရှားနေကြသည်ကိုသာ မြင်ရသည်။ စိတ်အားငယ်လာသည့်အခါ ထိုအရိပ်

မည်းမည်းတို့သည် သူတို့ဆီသို့ တရွေ့ရွေ့တက်လာကြသည်ဟု ထင်မိသည်။ အမှန်စင်စစ် ယင်းတို့မှာ ကွမ်းသီးခြံမှ ကွမ်းသီးပင်၏အရွက်များနှင့် အုန်းပင်မှ အုန်းလက်များသာဖြစ်သည်။ တစ်ဖန် တစ်ဖက်သို့မော့ကြည့်လိုက်လျှင်လည်း ညိုမည်းမည်း တောင်ကုန်းကြီးသည် သူတို့ခေါင်းထက်တွင် မိုးနေသည်။ လေအဝေ့တွင် တောင်ထိပ်က သစ်ပင်တို့ လှုပ်ရှားဝေ့ယမ်းသည်။ ယင်းကိုပင် သူပုန်တွေများလား၊ တောင်ကုန်းအရှေ့ဘက်က တက်လာတာလားဟု ဇဝေဇဝါ ဖြစ်လာသည်။ မယ်ဒလင်သံ၊ သီချင်းသံကား မစဲသေး။

"သက်တံပေါ်မှာ ကစားမယ်၊ တူတူပုန်းမယ်၊ တိမ်တိုက်တွေကြားမယ် ပြေးဆော့ကာရယ်၊ သက်တံဝင်ရိုးစွန်းမိုး၊ ကစားမယ်၊ ကစားမယ် သက်တံပေါ်မှာ ကစားမယ် "

"ဘာတွေ ကစားနေကြသလဲ မသိဘူး၊ တော်ကြာ သူပုန်နဲ့ လိုက်တမ်းပြေးတမ်းကစားနေကြရလိမ့်မယ် ဆရာဒေးဗစ်၊ ဒီကောင်တွေ အစိုးရိမ်တစ်စက်ကလေးမှ မရှိဘူး၊ လူငယ်တွေကိုး"

မစ္စတာဒေးဗစ်သည် ဦးခင်၏လေသံကြောင့် စိုးရိမ်လာသည်။ ရင်ထဲတွင် လေးလာသည်။ သူသည်လည်း ရန်ကုန်က ခွာဖူးသူ မဟုတ်။ ပဲခူး၊ အင်းစိန်တို့၌ လမ်းရုံးများတွင်ကျင်လည်ခဲ့ရာမှ လုပ်သက်အရ စတုတ္ထတန်းအင်ဂျင်နီယာ ဖြစ်လာရသူ ဖြစ်သည်။ အင်းစိန်တွင် ကရင်သူပုန်ထစဉ်က ပြေးလွှားခဲ့ရဖူးသည်တို့ကို ပြန်၍ အမှတ်ရလာသည်။ သို့သော် ကြာကြာကြောက်လန့်မနေရ။ တစ်နေ့ပဲ သက်စွန့်ဆံဖျားပြေးခဲ့ရသည်။ သမိုင်းရောက်လျှင် စိတ်အေးရပြီ။ ယခုကား –

"စောစောကပဲ ရဲဘော်လေးတစ်ယောက် လာပြီးပြောသွားတယ် ဆရာဒေးဗစ်ရဲ့၊ ဒီတောင်က ပြန်ပေးတောင်တဲ့ ခင်ဗျ၊ စင်ရော်ဘက်က တရုတ်သူဌေးတွေ၊ ရော်ဘာခြံပိုင်ရှင်တွေကို ပြန်ပေးဆွဲလာပြီး ဟောဒီတောင်ထိပ်မှာ ထားတာဆိုပဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပဲ ရော်ဘာခြံပိုင်ရှင်တစ်ယောက်ကို တောင်းတဲ့ငွေ မပေးလို့ သတ်ပစ်လိုက်သတဲ့၊ တောင်ပေါ်က ဘုရားလေးနားမှာ ပစ်သတ်လိုက်တာဆိုပဲ"

"ဟုတ်လား"

"ပြီးတော့ သူတို့မှာ အခု ရဲဘော်ရှစ်ယောက်တည်းရယ်တဲ့၊ သူတို့မှာ ရိုင်ဖယ်ပဲ ပါတယ်တဲ့၊ ဘရင်းဂန်း၊ စတင်းဂန်း ဆိုတာတွေ ဘာမှ မပါဘူးတဲ့၊ သူတို့လဲ ကြောက်လန့်နေကြထင်ပါရဲ့ဗျာ"

"ဟုတ်လား"

အဘိုးကြီးနှစ်ယောက် တီးတိုးပြောနေကြသည်ကို ကြားရသည့် ပန်းရန်သမား တစ်ယောက်က အပေါင်းအဖော် တစ်သိုက်ကို လက်ကုတ်လိုက်သည်။

"ဘာလဲ ဘကြီးခင်"

"ဘာဖြစ်လို့လဲ ဆရာဒေးဗစ်"

"ဘာမှ မဟုတ်ပါဘူးကွာ၊ အေး . . . မင်းတို့တော့ ဒီည သတိဝီရိယ နဲ့နေကြ"

"အကြောင်းထူးလို့လား ဘကြီးခင်"

"အကြောင်းထူးဆို စောစောက ရဲဘော်လေးတစ်ယောက်က ပြော သွားတယ်၊ ဒီတောင်ဟာ ပြန်ပေးတောင်တဲ့၊ ပြန်ပေးဆွဲ ဆွဲပြီး ဒီမှာ သတ်ပစ်တယ်တဲ့"

"ဒီတောင်ဟာ ပြန်ပေးတောင်တဲ့" ထိုသတင်းစကားကို တစ်ယောက် ပါးစပ်မှ တစ်ယောက်နားသို့ တစ်ဆင့်စီ ပါးလိုက်သည်။ နောက်ဆုံးတွင် လူရှစ်ဆယ်စလုံးဆီသို့ ရောက်သွားသည်။ သန်းမောင်တို့ မယ်ဒလင်ဝိုင်းသည်လည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကာ ဝိုင်းပျက်သွားသည်။ လှမင်းသည် ပြုံးပြုံးပြပြ မျက်နှာနှင့် ဦးခင်တို့ ဝိုင်းသို့ ရောက်လာသည်။ စောစောက လှမင်းသည် သန်းမောင်၏ မယ်ဒလင်သံကြောင့် ရန်ကုန်ကို လွမ်းသည်။ သမီးငယ်ကို လွမ်းသည်။ ခင်ခင်ကို အမှတ်ရသည်။ မြန်မြန်ခေါ်ချင်သည်။ ခင်ခင့်မျက်နှာသည် မိုးယံထက်တွင် ကြယ်ပြောက်ကလေးများ အကြား၌ ပေါ်လာသည်။ ထို့နောက် သန်းမောင်၏ မယ်ဒလင်သံက အမြူးအကြွဘက်သို့ တွန်းပို့လိုက်သဖြင့် သူသည် ခင်ခင်နှင့်တွဲကာ သက်တံပေါ်တွင် လေသင်တိုင်း

စီးချင်စိတ် ပေါ်လာသည်။ တိမ်လွှာများအကြား ခင်ခင်နှင့် ပြေးလွှားဆော့ကစားချင်သည်။ ယခုကား ထိုစိတ်တို့ ပျောက်ကုန်ပြီ။ "ပြန်ပေးတောင်တဲ့" ဆိုသောအသိက သူ့စိတ်ကို ခြောက်လှန့်နေသည်။ သီရိတံတားတွင် လုပ်စဉ်တိုင်ကြီးတစ်ခု ပြိုလဲသွားစဉ်က ဤမျှ ထိတ်ထိတ်ပျာပျာမဖြစ်မိ။ ယခု တံတားတိုင် ပြိုလဲသည်ထက် ပို၍ အစိုးရိမ်စိတ် ကြီးလာသည်။ "ပြန်ပေးတောင်" ဆိုသော သတင်းကိုကြားလျှင် ထပ်၍ နားထောင်ချင်လာသည်။ အကြောင်းစုံ သိချင်လာသည်။

"လာဗျို့ စောသာအေး၊ ဦးခင်တို့ဆီ သွားကြမယ်၊ ဟိုမှာ လူစုစုနဲ့သူတို့ ဖြစ်မှာပဲ" စောသာအေးလည်း အိပ်ရာမှ လူးလဲထကာ လူအုပ်အုပ်ရှိရာသို့ လှမင်းနှင့်အတူ ရောက်လာသည်။ အချိန်ကား ၉ နာရီခန့် ရှိနေပြီ။ ဘယ်သူမှ မအိပ်ကြသေး။ အိမ်က သားမယားများ အကြောင်း၊ လုပ်ငန်းအကြောင်း၊ လာခဲ့သည့် ခရီးလမ်းပန်း အကြောင်းတို့ကို ပြောဆိုနေကြသည်။ ဦးခင်က စလိုက်သည်နှင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကာ ဦးခင်ဆီတွင်ဝိုင်းဖွဲ့ကြသည်။

"ဘာတဲ့လဲ၊ ပြန်ပေးတောင်တဲ့၊ မဟုတ်ပါဘူး၊ အင်ကြင်းတောင်ပါကွာ၊ ဆရာကြီးတို့ ပြောနေကြတာ ငါ ကြားသားပဲ၊ ဒါကို အင်ကြင်းတောင်လို့ ခေါ်တာတဲ့"

"မယုံရင် ဘကြီးခင်ကို မေးကြည့်ပါလားကွ၊ ငါက ဘာလို့ အလကား လုပ်ကြံပြီး ပြောရမှာလဲ"

"ဘကြီးခင်ကို ဘယ်သူ ပြောသလဲ"

"မသိဘူး၊ သွားပြီး မေးပေါ့"

"ဒါ ပြန်ပေးတောင်ဆို ဘကြီးခင်၊ ဘကြီးခင်ကို ဘယ်သူ ပြောသလဲ၊ ဘကြီးခင် အရက်မသောက်သေးပါဘူး"

"မင်းအမေလင် ဘယ်က အရက်သောက်ရမှာလဲ၊ ဒီ မဲဇာမှာ ဘယ်က အရက်လာပြီး ရမှာလဲကွ"

ဦးခင် ဒေါပွသွားသည်။ ခတ်သိသူများ ဖြစ်သဖြင့် သူ အရက်သောက်တတ်မှန်း လူတိုင်း သိနေသည်။ သီရိတံတား ဖွင့်ပွဲတုန်းက ဆရာကြီး

ဦးသောင်းဒန်ကပင် နိုင်ငံခြားအရက် ခေါ်၍ တိုက်သေးသည်။ အလွန် အဝင်ကောင်းသည့်အရက် ဖြစ်သည်။ မနက်မိုးလင်းတော့ ခေါင်းအုံ ခေါင်းကိုက်ခြင်း မရှိ။ မီးခိုးနံ့လည်း ကင်းသည်။ ဟုတ်သည်။ သူ အရက် သောက်သည်။ သို့သော်လည်း သူ အရက်သမားမဟုတ်။ သူ့ကို အရက်သမား ခေါ်လျှင် မကြိုက်။

"မမူးသေးရင် ဘကြီးခင် အခုပြောတာ စကားကောင်းပေါ့နော်"

ဦးခင် ဘာမှ ပြန်မပြော။ ထိုင်ရာမှ ထပြီး တောင်စောင်းတွင် မှိုင်တွေ ချကာ ထိုင်နေသော ရဲဘော်ကို လှမ်း၍ ခေါ်လိုက်သည်။

"လာစမ်းပါအုံးကိုရဲဘော်ရယ်၊ ခင်ဗျားတို့ပဲ လာပြီး ရှင်းလှည့်ပါအုံး"

ရဲဘော်လည်း ပျာပျာသလဲနှင့် ဦးခင်တို့ ရှိရာသို့ ပြေးလာသည်။

"ဘာလဲ၊ ဘာဖြစ်သလဲ၊ ဟေး . . . စိန်သောင်း၊ လှတင်၊ အုန်းမြင့်၊ ထွန်းလှအောင်"

သူ့ရဲဘော်များကို လှမ်းခေါ်ပြီး ရောက်လာသည်။ သူကား စောစောက ဦးခင်ကို သည်တောင် "ပြန်ပေးတောင်" ဖြစ်သည်ဟု သတင်းပေးသွားသော တပ်စိတ်မှူးတပ်ကြပ်ကျော်ခင် ဖြစ်လေသည်။

"ဘာမှမဖြစ်ပါဘူးရဲဘော်ရယ်၊ ဒီတောင် ဘာတောင်ခေါ်သလဲလို့ ဟောဒီကသိချင်ကြလို့တဲ့"

"ပြန်ပေးတောင်ခေါ်တာပေါ့ဗျ၊ ပြန်ပေးဆွဲလို့ ပြန်ပေးတောင်ခေါ်တာ ပဲ၊ အရင်ကတော့ နာမည်ရှိမှာပေါ့"

"အင်ကြင်းတောင်တဲ့"

"အခုတော့ ပြန်ပေးတောင်ပဲ၊ ဒီတစ်ဝိုက်မှာ ပင်လယ်ဗိုလ် တိုင်းကျော် အဖွဲ့ သောင်းကျန်းနေတယ်၊ ဓားပြလဲတိုက်တယ်၊ ပြန်ပေးလဲဆွဲတယ်၊ လစ်ရင် လစ်သလို ဝင်တိုက်တယ်၊ သူ့ကို စင်ရော်တိုင်းကျော်လို့လဲခေါ်ကြတယ်"

"အခု သူဘယ်မှာလဲ"

"ဘယ်သိမလဲဗျ၊ ဘယ်မှာလဲသိရင် ကျုပ်တို့လိုက်ပြီးတိုက်လိုက်ရုံ ရှိတာပေါ့၊ မသိလို့ခက်နေတာပေါ့၊ ဒီနေရာတစ်ဝိုက်က သိပ်ပြီးတောကောင်း

တယ်၊ တိုင်းကျော်ကို ကျုပ်တို့တွေ့ချင်နေတာကြာပြီ”

တပ်ကြပ်ကျော်ခင် စကားကြားလိုက်ရလျှင် အားတက်သွားကြသည်။

“နို့ မောင်ရင်ပြောတော့ ...”

“ဟုတ်တယ် ဦးလေး၊ အခု ကျွန်တော်တို့မှာက ရဲဘော်ရှစ်ယောက်တည်းရယ်၊ ဒီနေရာမှာလဲ ကျွန်တော်တို့မကျွမ်းသေးဘူး၊ လက်နက်ကလဲ မပြည့်စုံဘူး၊ ရိုင်ဖယ်ချည်းပါတယ်၊ ဒီကောင်တွေက ဂျီသရီးတို့ ဘာတို့ကိုင်တာဗျ”

အားလုံး တပ်ကြပ်ကျော်ခင်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြသည်။ ဘယ်သူမှစကားမပြောကြ။ ဦးခင်သည် နဖူးကြောကိုရှုံ့၍ အကြံထုတ်နေသည်။ လှမင်း၊ စောသာအေး၊ အောင်ကြီး၊ ခင်မောင်စိန်တို့မျက်နှာများကို ကြည့်သည်။ သူတို့အားလုံးလဲ မျက်နှာသေလေးများနှင့် ငိုင်နေကြဟန်တူသည်။ ညဈ၏အမှောင်ကြောင့် မျက်နှာများကိုကား သဲသဲကွဲကွဲမမြင်ရ။ အောင်ကြီးသည် လည်ချောင်းထဲကတံတွေးကို ဂွပ်ခနဲမျိုချလိုက်သည်။ ပြီးလျှင် ဆေးလိပ်သောက်ရန် မီးခြစ်ကို အိတ်ထဲမှထုတ်လိုက်သည်။ မီးခြစ်ဆံထုတ်ကာ ရှဲခနဲခြစ်လိုက်လျှင် လှမင်းက “ဟေ့လူ . . . မီးမြင်သွားလိမ့်မယ်”ဟု ဟန့်လိုက်သည်။ လှမင်း၏အသံသည် ခြောက်ကပ်ကပ်ရှိလှသည်။ သူ့အသံကြားလျှင် ဆေးလိပ်ကိုင်ထားသူတို့ ယောင်ယမ်းကာ ဆေးလိပ်တိုများကို ပစ်ချလိုက်ကြသည်။

အားလုံးချောက်ချားနေကြပြီး အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်နေသည်။ ပင်လယ်က တိုက်ခတ်လာသောလေအေးသည် သူတို့ကို စိမ့်ခနဲပက်ဖျန်းလိုက်သည်။ သို့ရာတွင် သူတို့စိတ်လှုပ်ရှားနေသဖြင့် မအေး။ ပူနွေးနေသော သူတို့ကိုယ်ကို လေအေးက မလွှမ်းမိုးနိုင်။ သူတို့၏နှလုံးများသည် မြန်မြန်ခုန်နေကြသည်။ သွေးသည် ပို၍မြန်မြန်လှည့်နေသည်။ ငှက်ဆိုးတစ်ကောင်သည် သူတို့ခေါင်းထက်တွင် စူးစူးရှရှအော်မြည်ကာ တောင်ထိပ်ဆီသို့ ပျံတက်သွားသည်။ အားလုံးပင် ဖြန်းခနဲ ကြက်သီးထသွားကြသည်။ တစ်ယောက်အနားသို့တစ်ယောက် တိုးလာကြသည်။ ထိုအချိန်တွင် ဦးခင်က

တိတ်ဆိတ်ခြင်းကို ဖောက်ခွဲလိုက်သည်။

"နို့ ဒီညတော့ကော ရဲဘော်ကြီးရဲ့"

"ဒီညလား၊ ဒီအတိုင်း နေရမှာပေါ့၊ သတိဝီရိယနဲ့နေရမှာပဲ၊ ကျွန်တော်တို့လဲ တကယ်လို့ဖြစ်လာရင် ရှစ်ယောက်တည်းနဲ့ ဘာမှမတတ်နိုင်ဘူး"

ဦးခင်သည် တောအရက်ကောင်းကောင်းကို ချက်ချင်းအမှတ်ရလာသည်။ ယခုလိုအခိုက်အတန့်တွင် သွေးဆူသွားအောင် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်စီလောက် တိုက်လိုက်ချင်သည်။

"ကျွန်တော်တို့ ကွမ်းသီးခြံထဲဆင်းအိပ်ရ မကောင်းဘူးလား"

"ချောင်းဟိုဘက်ကူးပြီး အိပ်ကြရင် ကောင်းမယ်ထင်တယ်"

"ချောင်းဟိုဘက် ဘယ့်နှယ်ကူးမလဲ၊ လှေမှမရှိဘဲနဲ့"

ဦးခင် ခေါင်းကုတ်နေသည်။

"နေအုံး နေအုံး၊ ကျုပ်စီစဉ်မယ်၊ ဘာမှစိုးရိမ်စရာမရှိဘူး"

အားလုံးခေါင်းမော့လာကြသည်။

"ကျုပ်တို့ အခုနေတော့ ဘုရားမှတစ်ပါး ဘာမှကိုးကွယ်ရာမရှိဘူး၊ ကျုပ်တို့အထဲမှာ လူမျိုးစုံပါတယ်၊ ဆရာဦးဒေးဗစ်တို့၊ ဦးစောသာအေးတို့က ခရစ်ယာန်လိုဆုတောင်း၊ ကျုပ်တို့က မြတ်စွာဘုရားဆီမှာ ဆုတောင်းမယ်၊ စိပ်ပုတီး စိပ်ကြရမယ်၊ ဂုဏ်တော်ကိုးပါးကို အာရုံပြုပြီး စိပ်ကြရမယ်၊ ဣတိပိသော ရကြတယ်မဟုတ်လား၊ ပြီးတော့ သမ္ဗုဒ္ဓေလဲရကြတယ်မဟုတ်လား၊ နှစ်ဆယ့်လေးပစ္စည်းနဲ့ ကျုပ်စည်းချမယ်၊ စည်းချပြီးအိပ်ကြရမယ်"

"အိပ်ဖို့စိတ်မကူးနဲ့ဘကြီးခင်၊ ကျွန်တော်တို့တော့ မအိပ်ဘူး"

"အိပ်ချင်တဲ့လူအိပ်ဖို့ ပြောတာပါ၊ ကျုပ်တို့လဲ မအိပ်ပါဘူး၊ တစ်ညလုံးထိုင်ပြီး ပုတီးစိပ်မယ်၊ ပရိတ်ရွတ်မယ်၊ စည်းချမယ်၊ ဆရာဦးဒေးဗစ်တို့၊ ဦးစောသာအေးတို့လဲ ဘုရားရှိခိုးကြပေါ့"

မစ္စတာဒေးဗစ်သည် စောသာအေးကိုခေါ်ကာ ဝါးရုံပင်အောက်တစ်နေရာသို့သွားသည်။

"ကျွန်တော်တို့တော့ ကွမ်းသီးခြံထဲ ဆင်းအိပ်မှာပဲ" စက်မောင်း

သိန်းတင်၏ အသံဖြစ်သည်။ သူ့အသံသည် တုန်နေသည်။ ကျိုက်ဒေးရုံ ရေလယ်ဘုရားတွင် သိန်းတင်သည် တစ်ယောက်တည်းကျိတ်၍ငိုသည်။ ယခု ထိတ်ထိတ်ပျာပျာဖြစ်နေပြီ။ နေစရာထိုင်စရာမရှိဖြစ်နေပြီ။

"ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားသခင်၊ ကျွန်ုပ်တို့သည် ယခု တောကြီးတောင်ကြီးအလယ်၌ ဒုက္ခနှင့်တွေ့ကြုံနေကြရပါသည်၊ ဤဘေး ဒုက္ခအပေါင်းတို့မှလွတ်မြောက်အောင် အဖယေရှုသခင် ကူညီစောင်မတော် မူပါ၊ အဖယေရှုသခင်၏ နာမတော်ကိုအမှီပြု၍ အသနားခံပါသည် အဖ ဘုရားသခင်၊ အာမင်"

ဒေးဗစ်၊ စောသာအေးနှင့် ဗစ်တာတို့ ဆုတောင်းနေကြသည်။ ဆူဆူသံ ကြားသည်နှင့် ဖြောင့်အောင်ပင်ဆုမတောင်းရဘဲ လူအုပ်ရှိရာသို့ ပြန်လာရ သည်။

"မသွားရဘူး၊ ဘယ်မှသွားပြီးမအိပ်ရဘူး၊ ခင်ဗျား ယောက်ျားမဟုတ် ဘူးလား ကိုသိန်းတင်"

လှမင်း၏အသံဖြစ်သည်။ သူ့အသံသည် မာသည်။ မထိန်းလျှင်မဖြစ် တော့သည့် အခြေအနေသို့ရောက်နေပြီဟု သူနားလည်လာသည်။

"ဘယ်သူမှ ဒီနေရာကခွာဖို့ စိတ်မကူးကြနဲ့၊ ကွမ်းသီးခြံထဲပြေးတော့ ကော လွတ်မယ်ထင်သလား၊ လာရင် ကွမ်းသီးခြံကလူကို အရင်တွေ့မှာပဲ၊ ချောင်းထဲက လှေနဲ့လာပြီးတက်လာမှာ၊ ကျွန်တော်တို့တောင်ကုန်းပေါ်က အလွတ်ကြီး၊ ကွမ်းသီးခြံဖြတ်ရအုံးမယ်၊ ပြီးမှ ကျွန်တော်တို့ဆီရောက်မယ်"

"ကျွန်တော်တော့ သွားမှာပဲဆရာ၊ ကျွန်တော်ပြန်မယ်ဆရာ၊ ဒီညကို ပြန်မယ်၊ ဒီမှာမနေဘူး၊ စင်ရော်ကို ချောင်းဘေးကနေလျှောက်သွားမယ်" သိန်းတင်သည် အလျှော့မပေး။ သူ့စိတ်သည် ပို၍ချောက်ချားလာသည်။

"မသွားရဘူး၊ ခင်ဗျား ဘယ်မှမသွားရဘူး၊ ကျွန်တော့်အမိန့်ဗျာ၊ အားလုံး ကိုသိန်းတင်ကို ဂရုစိုက်ပြီး ကြည့်နေကြ၊ ဘယ်မှမသွားစေနဲ့၊ မရရင် ဖမ်းချုပ်ထားကွာ၊ ဒါပဲ"

လှမင်း ဒေါသထွက်လာသည်။

"ခင်ဗျားကြောင့် အားလုံး စိတ်ဓာတ်ပျက်ကုန်လိမ့်မယ်၊ ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား၊ ဒီမှာ ကျုပ်တို့လူ ရှစ်ဆယ်ရှိတယ်၊ ရဲဘော် ရှစ်ယောက်ရှိတယ်၊ သေနတ်ရှစ်လက်ရှိတယ်၊ လာရင် အသေခံချမယ်ဗျာ၊ ကျည်ဆန်မကုန်မချင်း ခံပစ်မယ်၊ ခင်ဗျားတို့အားလုံးသာ စိတ်ဓာတ်မပျက် ကြနဲ့"

"ကဲ . . . အိပ်ချင်တဲ့လူအိပ်ကြ၊ ကျွန်တော်တို့ တစ်ညလုံးမအိပ်ဘူး၊ ကျွန်တော်ရယ်၊ စောသာအေးရယ်၊ ကိုလှမင်းရယ်၊ ဗစ်တာရယ်၊ ခင်မောင်စိန် ရယ်၊ မစ္စတာဒေးဗစ်ရယ် စောင့်ကြမယ်၊ ခင်ဗျားတို့အိပ်ကြ" အောင်ကြီးက အသံမာမာနှင့်ပြောသည်။

"ကိုလှမင်းပြောတာဟုတ်တယ်၊ ကျွန်တော်တို့နေရာက ဘာမှစိုးရိမ် စရာမရှိဘူး၊ ဆူဆူညံညံသာမလုပ်နဲ့၊ မယ်ဒလင်မတီးနဲ့၊ ဆေးလိပ်မသောက် နဲ့၊ ဒီတောင်ကုန်းပေါ်မှာ ကျွန်တော်တို့ရှိတယ်ဆိုတာ ဘယ်သူသိမှာလဲ" အောင်ကြီးက ဆက်၍အားပေးသည်။ အားပေးမည့်သာ အားပေးရသော်လည်း သူ့စကားကိုသူမယုံလှ။ သို့သော် အရေးမကြီး။ သူများယုံဖို့ အရေးကြီးသည်။ တကယ်တမ်းဆိုလျှင် သူတို့ကို ရန်မူရန်စောင်နေသည့် ရန်သူသည် မနက် ကတည်းက ဘယ်မှာစခန်းချသည်ကိုသိနေမည်။ သူတို့တွင်လည်း သတင်း ပေးရှိသည်။ ရွာသားယောင်ဆောင်၍ ချောင်းထဲတွင် ကူးသန်းစုန်ဆန်နေကြ သူတို့သည် သူတို့အဖွဲ့ရောက်လာသည်ကို မြင်ပြီး၊ တွေ့ပြီးဖြစ်သည်။ ယခုနေ တွင်ကား ဖြစ်နိုင်တာတွေ စဉ်းစားနေလျှင် မိုးပြုံဖို့သာရှိသည်။ ယခုအခိုက် အတန့်တွင် အားပေးစကားလိုသည်။ ကျနေသောစိတ်ဓာတ်ကို မြှင့်ပေးရမည်။ ပျော့နေသည့်စိတ်ကို မာလာအောင်လုပ်ပေးရမည်။ ထို့ကြောင့် လူအုပ်များ ဆီသို့သွားကာ အားပေးစကားပြောသည်။ စည်းရုံးစကားပြောသည်။ လှမင်း၊ စောသာအေး၊ ဒေးဗစ်တို့လည်း အောင်ကြီးလိုပင် အားပေးစကား၊ စည်းရုံး စကားများ ပြောနေကြသည်။ ခင်မောင်စိန်ကား လူအပေါင်း လှုပ်လှုပ်ရှားရှား ဖြစ်နေကြသဖြင့် စိတ်ထဲတွင် တစ်မျိုးဖြစ်လာသည်။ သူသည် အသက် နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ဖြစ်သည်။ အပူအပင်ကင်းသည်။ ဘဝကြီး

တစ်ခုလုံး လှုပ်ရှားနေသည်ကို မြင်ချင်သည်။ ထုံထုံထိုင်းထိုင်းမနေချင်။

မလှုပ်ရှားရင် လောကကြီးဟာ ဘာအသုံးကျမှာလဲ။ တစ်ခုခုတော့ လှုပ်ရှားနေမှကောင်းမယ်။ တိုက်ပွဲဖြစ်ရင်ကောင်းမှာပဲ။ သူပုန်တွေလာရင် ကောင်းမှာပဲ။ ဒါမှ ဆူဆူညံညံဖြစ်မယ်။ တို့က ရှိသမျှအင်အားနဲ့ သူပုန်တွေကို ခံတိုက်။ ခံတိုက် ခံတိုက်။ ဟင် . . . တို့မှာ ခံတိုက်စရာဘာရှိလို့လဲ။ သေနတ်က ရှစ်လက်တည်း။ ရဲဘော်က ရှစ်ယောက်တည်း။

"ဟေ့ . . . ဟိုဘက်ကမ်းက ဘာသံလဲ၊ ကြားလား"

ခင်မောင်စိန်၏စိတ်ထဲတွင် သူတို့ဆီသို့ တက်လာကြသော သူပုန်များကို မြင်နေသည်။ သူတို့ချင်းစကားပြောသံကို ကြားနေသည်။ ထို့ကြောင့် သူ့ဘေးတွင်ရှိနေသော အေးသန်းကိုမေးလိုက်သည်။ အေးသန်းနားစွင့်သည်။ တွတ်တွတ်သံကြားရသည်ဟုထင်သည်။ သို့သော် မသဲကွဲ။ ထိုစကားကိုကြားရသဖြင့် လှမင်း တောင်ကုန်းအောက်နားသို့ ဆင်းသွားသည်။ ခဏကြာလျှင် ပြန်တက်လာသည်။

"ခြံထဲက အဘိုးကြီးနဲ့အဘွားကြီး စကားပြောနေကြတာပါဗျာ"

ထိုအခါတွင်မှ 'ဟင်း'ချနိုင်သည်။ တစ်နေရာတွင် အိပ်နေသော လက်သမားဘချစ်သည် ထွေရာလေးပါးစိတ်ကူးရင်း ဒလတွင်ကျန်ရစ်ခဲ့သည့် မိန်းမမျက်နှာကို ပြေးမြင်သည်။ "ည ညကျရင် ဘုရားရှိခိုးအိပ်နော် ကိုဘချစ်" ဟု တတွတ်တွတ်မှာသည်ကို ကြားယောင်လာသည်။ "ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ မမေ့နဲ့၊ ဆရာ၊ မိဘ၊ ဆရာ၊ ဆရာကြီးဘယ်မှာလဲ၊ ဆရာကြီး ဦးသောင်းဒန် ဘယ်မှာလဲ"

"ဆရာဦးစောသာအေး၊ ဆရာဦးစောသာအေး" ခပ်လှမ်းလှမ်းတွင် ရပ်နေသော စောသာအေးကို တိုးတိုးခေါ်သည်။ စောသာအေး သူ့ဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။

"ဘာလဲ၊ ကိုဘချစ်လား"

"ဆရာကြီးကော ဆရာကြီးဦးသောင်းဒန် ဘယ်မှာလဲ"

"စင်ရော်ကိုသွားတယ်"

"ပြန်မလာဘူးလား"

"ဘယ်ပြန်လာမလဲဗျ၊ ည ဟိုမှာ စီစဉ်စရာတွေရှိတယ်၊ စက်တွေရောက်မယ်၊ ပြီးတော့ ခင်ဗျားတို့၊ ကျွန်တော်တို့ စားဖို့သောက်ဖို့အတွက်နလကတို့၊ ကုန်သွယ်ရေးတို့နဲ့ စီစဉ်ရမယ်၊ ဘာဖြစ်လို့လဲ၊ ကျွန်တော်တို့ရှိသားပဲဗျ၊ ကျွန်တော်တို့ကို အုပ်ချုပ်စောင့်ရှောက်ဖို့ ဦးသောင်းဒန်မှာခဲ့တာပဲ"

"ဘာမှမဖြစ်ပါဘူးဆရာ၊ ဆရာကြီးကိုအမှတ်ရလို့ပါ၊ ဟိုတုန်းကတော့ကျွန်တော်တို့နဲ့ အတူစားမယ်၊ အတူနေမယ်၊ အတူအိပ်မယ်လို့ပြောပြီးခုတော့ . . ."

"ခုတော့ ဘာဖြစ်လဲ"

"ခုတော့ ကျွန်တော်တို့၊ ကျွန်တော်တို့ကို ပစ် . . . ပစ်ထွက်သွားတယ်"

ဘချစ်သည် ပြောရင်း ငိုသံပါလာသည်။ ဘချစ် စိတ်အားငယ်နေပြီ။

"ဘယ်ကပစ်ထွက်သွားရမှာလဲ၊ ခင်ဗျားအရမ်းမပြောနဲ့၊ တခြားလူတွေကြားကုန်မယ်၊ ပစ်ထွက်သွားတာမဟုတ်ဘူး၊ အရေးကြီးတဲ့ အစီအစဉ်တွေလုပ်ဖို့ ပြောပြီးထွက်သွားတာ၊ ခင်ဗျားပြောတာနဲ့ အားလုံးက ဦးသောင်းဒန်ကျွန်တော်တို့ကို ပစ်ထွက်သွားတယ် ထင်နေလိမ့်မယ်"

"ပစ်ထွက်သွားတာပါဆရာရယ်၊ ကျွန်တော်တို့ အခုဒုက္ခတွေ့နေပြီ"

"ဘယ်က ဒုက္ခတွေ့ရမှာလဲ၊ ခင်ဗျားအတော်ပျော့တဲ့လူပဲ၊ အခုဘာဖြစ်လို့လဲ၊ ဘာဒုက္ခတွေ့နေလို့လဲ၊ ခင်ဗျား ယောက်ျားမဟုတ်ဘူးလား"

"မဟုတ်ဘူးဆရာ၊ ဆရာကြီး ကျွန်တော်တို့ကိုပစ်သွားတာပဲ၊ ဆရာကြီးပစ်သွားတာပဲ"

"တော်ဗျာ၊ ဒီစကားမပြောနဲ့"

စောသာအေး ဒေါ်သထွက်လာသဖြင့် လှမင်းဆီသို့သွားသည်။ ဒေးဗစ်ကိုလည်းခေါ်သည်။ အကျိုးအကြောင်းပြောပြသည်။ လှမင်းသည် ဘချစ်ဆီသို့သွားကာ ချွေးသိပ်ရပြန်သည်။ သို့သော် မရ။ ဘချစ် တုန်တုန်ယင်ယင်ဖြစ်နေသည်။ မတတ်နိုင်။ လှမင်းထွက်လာခဲ့သည်။ ဘချစ်၏ရောဂါသည်ကူးစက်သွားသည်။ စောစောက ငိုငိုရယ်ရယ်ဖြစ်နေသည့် သိန်းတင်ဆီသို့

ရောက်သွားသည်။ သိန်းတင်က "ဟုတ်တယ်၊ ဆရာကြီး တို့ကိုပစ်သွားတာပဲ" ဟု ယုံသွားသည်။ သိန်းတင်ကတစ်ဆင့် ထိုစကားကို စက်မောင်းအေးသန်းအား ပြောသည်။ အေးသန်းက သူ့အဖော် စက်မောင်းဘလှကို တစ်ဆင့်ဖြန့်သည်။ ဘလှက သူတို့စကားကိုလက်မခံ။

"မဟုတ်ဘူး၊ ခင်ဗျားတို့ အလကားအားငယ်နေတာ၊ ဆရာကြီး သူ့ကိစ္စနဲ့သူ သွားတာ၊ ဦးစောသာအေးတို့၊ ဦးလှမင်းတို့ကိုမှာနေတာ ကျွန်တော်ကြားသားပဲ"ဟုပြောသည်။

အေးသန်းက "မနက်ဖြန်မှသွားတော့ကော မဖြစ်ဘူးတဲ့လား"ဟု ကွန့်သည်။

"အခုည အရေးတကြီးစီစဉ်စရာရှိလို့ အခုညသွားတာပေါ့ဗျ" ဘလှ စိတ်တိုလာသည်။

ဦးခင်သည် အင်ကြင်းစေတီသို့မျက်နှာမူကာ ပရိတ်ရွတ်နေသည်။ တွတ်တွတ်သံသာ ထွက်လာသည်။ ဘာရွတ်နေမှန်းမသဲကွဲ။ တစ်ချက်တစ်ချက် ချောင်းဟန့်သံ၊ ချောင်းဆိုးသံတို့နှင့် ရောသွားသည်။ တစ်ယောက်က ချောင်းဟန့်လိုက်လျှင် နောက်တစ်ယောက်က လိုက်၍ ချောင်းဟန့်သည်။ တစ်ယောက်ကသမ်းလိုက်လျှင် နောက်တစ်ယောက်က လိုက်ပြီးသမ်းသကဲ့ သို့ ချောင်းဟန့်ခြင်းသည်လည်း အမြန်ကူးစက်သွားသည်။ 'တို့မအိပ်သေးဘူး၊ တို့အိပ်လို့မပျော်ဘူး၊ တို့အိပ်လို့မရဘူး'ဆိုသည့်သဘောကို ဖော်ပြနေကြသည်။

ဦးခင်သည် ပရိတ်ရွတ်ပြီးလျှင် မေတ္တာပို့သည်။ အရပ်ဆယ်မျက်နှာရည်မှန်း၍ မေတ္တာပို့သည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ချောင်းစောင့်နတ်၊ မြစ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်မကျန်စေရ။

ဩဓိသမေတ္တာ၊ အနောဓိသမေတ္တာ။ ထို့နောက် တောင်ကုန်းပတ်ပတ်လည် မျက်နှာမူကာ စည်းချလေသည်။

"ဟေတုပစ္စယော၊ အဓိပတိပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ ပစ္စယောဟောတု"

အရှေ့ဘက်ပြီးလျှင် တောင်ဘက်လှည့်ကာ လက်ညှိုးညွှန်လျက်

စည်းချပြန်သည်။

ပစ္စယောဟောတု။

ပစ္စယောဟောတု။

ပစ္စယောဟောတု။

× × × × ×

## ၈

ကွမ်းသီးခြံထဲမှ မားမားမားမားနှင့် လူတစ်ယောက်ထွက်လာသည်။

"ဟော . . . ဦးသောင်းဒန်လာပြီ" လှမင်းက အော်လိုက်ပြီးလျှင် တောင်ကုန်းကို အပြေးဆင်းကာ သောင်းဒန်ကို သွား၍ကြိုသည်။

သောင်းဒန်သည် ခြေလှမ်းကျဲကျဲနှင့် တောင်ကုန်းကိုတက်လာသည်။

"ဘယ့်နှယ်လဲဟေ့ လှမင်း၊ ညက ကောင်းကောင်းအိပ်ကြရရဲ့လား၊ လေတဟူးဟူးနေမှာပေါ့ကွာ"

လှမင်းက အဖြစ်အပျက်အစုံအလင်ကို အကျဉ်းရုံးပြောပြသည်။ 'ဆရာကြီးပစ်သွားတယ်'ဟူသောစကားကိုပါ မထိမ်မချန်ဘဲပြောလိုက်သည်။ သောင်းဒန် အတော်လေးစိတ်မကောင်းဖြစ်သွားသည်။ သူ့လူတွေ ကြည့်လိုက်လျှင် အားလုံးလိုလို မျက်တွင်းဟောက်ပက်ကလေးများနှင့် တွေ့ရသည်။ ရွှင်ရွှင်လန်းလန်း မရှိ။ မှိုင်တွေတွေ ဖြစ်နေကြသည်။

"တစ်ညလုံး တစ်ရေးမှမအိပ်ကြရဘူးဆရာကြီး"

"ဟုတ်တယ်ဦးသောင်းဒန်၊ မိုးသာစင်စင်လင်းရော ဘယ်သူမှအိပ်မပျော်ကြဘူး၊ ငုတ်တုတ်ထိုင်ပြီး မိုးမြန်မြန်လင်းပါစေ ဆုတောင်းနေကြရတာပဲ၊ သန်းခေါင်ကျော်လောက်ကျမှ လထွက်လာလို့ နည်းနည်းအလင်းရောင်ရလာတယ်၊ လမထွက်ခင်တုန်းက မှောင်လိုက်တာလဲ ပိန်းပိတ်နေတာပဲ"

စင်ရော်သို့ထွက်သွားမိသည်ကို သောင်းဒန် နောင်တရနေသည်။

စိတ်မကောင်းဖြစ်နေသည်။

"ဟုတ်တယ်၊ ပြောကြမှာပဲ၊ သူတို့ကိုပစ်ထွက်သွားတယ်လို့ ပြောကြမှာပဲ၊ ငါကိုက သတိနည်းနည်းလိုသွားတယ်၊ ကျိုက်ဒေးရုံမှာ တစ်ခါကြုံခဲ့ရပြီပဲ"

ထိုအခါ သောင်းဒန်စိတ်ထဲတွင် ဒီနေရာ၌ တံတားဆောက်ဖို့ရွေးသည်ကို အခဲမကျေဖြစ်လာသည်။ သို့သော် စိတ်မကောင်းဖြစ်နေ၍မပြီး။ ရွေးပြီးနေပြီ။ ဖြစ်ပြီးနေပြီ။ နောင်မဖြစ်ရအောင်သာ သတိထားဖို့ရှိသည်။

"ဘယ်မှာလဲကွ ရဲဘော်တွေ၊ ခင်ဗျားတို့ တပ်ကြပ် ကိုကျော်ခင်ခေါ် စမ်းပါအုံး၊ ကဲ . . . ကဲ ခင်ဗျားတို့သွားကြအုံး၊ ပြီးမှ ခင်ဗျားတို့ကို စကားပြောမယ်"

သူ့ဘေးပတ်လည်တွင် ဝိုင်းနေကြသော အလုပ်သမားများကို နှင်ထုတ်လိုက်သည်။ တပ်ကြပ်ကိုကျော်ခင် ရောက်လာသည်။

"ခင်ဗျား တော်တော်အာချောင်တဲ့လူပဲ . . . ခင်ဗျားတို့ဗိုလ်မှူးကို ကျွန်တော်ပြောထားတယ်၊ ဒီတောင်ကို ပြန်ပေးတောင်လို့ မခေါ်ပါနဲ့လို့၊ ခင်ဗျားတို့ကို မပြောဘူးလား၊ ကျွန်တော့်လူတွေက ခင်ဗျားတို့လို စစ်တိုက်လာတဲ့ စစ်သားတွေမဟုတ်ဘူးဗျ၊ တံတားဆောက်ဖို့လာကြတဲ့ အလုပ်သမားတွေ၊ အားရှိအောင် ပြောမှပေ့ါ၊ ခုတော့ နဂိုကကြောက်နေတဲ့လူတွေကို ခင်ဗျားတို့က ဖြဲခြောက်တယ်"

"ကျွန်တော်တို့မှာ အားလုံးမှ ရဲဘော်ရှစ်ယောက်ပဲပါလာတယ်ဆရာ၊ ဒီဒေသက ကျွန်တော်တို့ကျွမ်းကျင်တာမဟုတ်ဘူး"

"ရှစ်ယောက်တည်းပါလာတော့ကော ဒီစကားမျိုးပြောရမှာတဲ့လားဗျ၊ နေအုံးဗျာ၊ ကျွန်တော်လူထပ်တောင်းမယ်၊ ဗိုလ်မှူးသိန်းအောင်ဆီမှာ တပ်စုတစ်စုပို့ပေးဖို့ ထပ်ပြီးပြောမယ်၊ အဲ . . . နောက်တော့ခင်ဗျား ဒီစကားမျိုးဘယ်တော့မှ မပြောနဲ့၊ ပြောရင် ခင်ဗျားတို့တပ်ရင်းမှူးကို ကျွန်တော်တိုင်ရလိမ့်မယ်၊ ဘာလဲ၊ ခင်ဗျားတို့ကြောက်သလား၊ ခင်ဗျားတို့ဟာ စစ်တိုက်နေတဲ့ စစ်သားတွေပဲဗျ၊ ကဲ . . . ဒီနေ့ညကစလို့ နောက်ထပ်တပ်စု ရောက်မလာ

မချင်း ခင်ဗျားတို့ရဲဘော်ရှစ်ယောက်နဲ့တွဲပြီး ကျွန်တော်တို့ဆီကလူတွေလဲ ကင်းစောင့်မယ်၊ ကျွန်တော်စီစဉ်မယ်”

“ဟုတ်ကဲ့ဆရာ”

သောင်းဒန်စိတ်မောလာသည်။ သူ့တာဝန်မသေးမှန်း တဖြည်းဖြည်း နားလည်လာသည်။ တံတားလည်းဆောက်ရမည်။ လမ်းလည်းဖောက်ရမည်။ ကင်းလည်းစောင့်ရမည်။ သူတို့ကိုလည်း မိဘဆရာသမားသဖွယ်အုပ်ချုပ် ရမည်။

“ကဲ . . . ခေါ်စမ်းဟေ့ လှမင်း၊ မင်းလူတွေအားလုံးခေါ်စမ်း၊ ငါစကား ပြောမယ်”

အင်ကြင်းပင်လေးတစ်ခု၏အခြေကုန်းမြင့်ထက်တွင် သောင်းဒန် ရပ်နေသည်။ သူ့အရပ်သည် နဂိုကပင် ၆ ပေရှိရာ ကုန်းမြင့်ထက်တွင် ကျောက်ရုပ်ကြီးတစ်ခု စိုက်ထားသလိုဖြစ်နေသည်။

“မနေ့ညက စင်ရော်ကို ကျွန်တော်လိုက်သွားတာနဲ့ပတ်သက်လို့ ခင်ဗျားတို့ကို နည်းနည်းပြောချင်တယ်၊ ကျွန်တော်မရှိလို့ ခင်ဗျားတို့အားငယ် နေမှာပဲ၊ ဒါပေမဲ့ ဒီလောက်အထိ ဖြစ်လိမ့်မယ်မထင်ဘူး၊ ခင်ဗျားတို့ကိုပစ်ပြီး ထွက်သွားတယ်လို့ ခင်ဗျားတို့အထဲက ပြောသံဆိုသံ ကျွန်တော်ကြားရတယ်၊ ဟုတ်တယ် ထင်စရာပဲ၊ ကျွန်တော်ကလဲ ပစ်ထွက်သွားသလိုဖြစ်နေတာကိုး၊ ဒါပေမဲ့ ဟိုမှာက စီစဉ်စရာတွေရှိတယ်၊ တိုင်ပင်စရာတွေရှိတယ်၊ အခုထက်ထိ အောင် ကိစ္စတွေကမပြတ်သေးဘူး၊ နောင်လဲ အမြဲပဲ စင်ရော်နဲ့ဆက်သွယ်နေ ရမှာပဲ၊ စင်ရော်ကိုသွားနေရမှာပဲ၊ စင်ရော်သာမဟုတ်ဘူး၊ စိမ့်မြိုင်ကိုလဲ သွား ရမယ်၊ ရန်ကုန်ကိုလဲ သွားရမယ်၊ ဒါပေမဲ့ ခုရက်အတွင်းမှာတော့ ညဥ့်အိပ် ညဥ့်နေသွားဖို့ စိတ်မကူးတော့ဘူး၊ ဒီမှာပဲအိပ်မယ်၊ ပြီးတော့ ကင်းစောင့် ရဲဘော်ရှစ်ယောက်နဲ့ မလုံလောက်ဘူးထင်လို့ နောက်ထပ် တပ်စုတစ်စုချပေး ဖို့ ဗိုလ်မှူးသိန်းအောင်ဆီပြောမယ်၊ ဒီညကစပြီးတော့ ကျွန်တော်တို့တစ်တွေ ရဲဘော်တွေနဲ့တွဲပြီး အလှည့်ကျကင်းစောင့်ကြရမယ်၊ ကျွန်တော်ပါ ကင်းစောင့် မယ်၊ ဟုတ်လား”

အားလုံးက ကျေနပ်ကြသည်။

"ပြီးတော့ တစ်ခုရှိသေးတယ်၊ အဲဒါက ခင်ဗျားတို့စိတ်ဓာတ်ပဲ၊ အခု နေရမှာက တစ်လမဟုတ်ဘူး၊ နှစ်လမဟုတ်ဘူး၊ တစ်နှစ်မဟုတ်ဘူး၊ သုံးနှစ်တောင် ဒီနေရာမှာနေကြရမယ်၊ ဒီလိုစိတ်ဓာတ်မျိုးနဲ့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီအလုပ်က တိုင်းပြည်ရဲ့အလုပ်၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အလုပ်မဟုတ်ဘူး၊ တိုင်းပြည်အတွက်လုပ်ကြရတာ၊ ဒါတွေလဲ ခင်ဗျားတို့နားလည်ပါတယ်ဗျာ၊ ဟိုတုန်းကတော့ ကျွန်တော့်ကိုခင်ရင် လိုက်ခဲ့ကြပါလို့ခေါ်ခဲ့တယ်၊ ဟုတ်တယ်၊ ခင်မင်မှုအပေါ် အရင်းခံကြတာပဲ၊ ကျွန်တော်လဲ ဘာထူးသလဲ၊ ခင်ဗျားတို့လိုပဲ၊ အတူတူပဲ၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လမ်းဖောက်ရတယ်၊ တံတားဆောက်ရတယ်၊ ထမင်းစားရအောင် အလုပ်တစ်ခုတည်းအနေနဲ့တော့ ဒီလိုအလုပ်မျိုး ဘယ်လုပ်မလဲဗျာ၊ ရုံးထိုင်နေရတဲ့ အင်ဂျင်နီယာအလုပ်မျိုး ကျွန်တော်လုပ်မှာပေါ့၊ ကဲဗျာ . . . ရှည်ရှည်ဝေးဝေးလဲ မပြောချင်ပါဘူး၊ အခုပဲ စင်ရော်ကိုပြန်သွားရအုံးမယ်၊ တချို့စက်တွေရောက်ကုန်ပြီ၊ ဒီညနေ ကရိန်းကြီးရောက်မယ်၊ ကရိန်းကြီးကို ဒီအထိသယ်ဖို့စီစဉ်ရမယ်၊ ဒီည ကျွန်တော် စခန်းမှာ ပြန်အိပ်မယ်၊ ဒါပဲ"

"သြော် . . . တစ်ခုပြောစရာကျန်သေးတယ်၊ အခုလောလောဆယ်တော့ စင်ရော်နဲ့စခန်း ကူးဖို့သန်းဖို့အတွက် မော်တော်တစ်စင်းငှားလာတယ်၊ တစ်နေ့ အစိတ်ပေးရတယ်၊ တစ်နေ့ နှစ်ခေါက်ကူးမယ်၊ ဒါက ပုံမှန် အရေးရှိရင်ရှိသလို သွားရမယ်၊ ခင်ဗျားတို့တစ်တွေလဲ ဒီမော်တော်ကိုပဲအသုံးပြုရမှာပါ၊ နောက် ဟိုဘက်က ချဉ်းကပ်လမ်းဖောက်ပြီးရင် မော်တော်ကားစီစဉ်မယ်၊ ကဲ . . . ဘာပြောစရာရှိကြသေးသလဲ၊ ဒါပဲနော်၊ ဘယ်သူမှ ပြန်စကားမပြောကြနဲ့၊ နောက်မှ ကီလေး ကာလေးမလုပ်နဲ့"

သူတို့အားလုံး ရယ်နိုင်၊ ပြုံးနိုင်ရှိနေကြပြီ။ အလင်းရောင်က သူတို့ကိုအားတက်စေသည်။ အမိုက်မှောင်က သူတို့ကိုအားပျော့စေသည်။ သူတို့တွင် အကာအကွယ်မရှိ။ သစ်ပင်အောက် အိပ်ကြရသည်။ မိုးကောင်းကင်က ကြယ်ပြောက်များကိုသာ အဖော်ပြုကြရသည်။ သို့သော် ဒီအတိုင်း မပြောင်းမလဲ

နေရမည်မဟုတ်။ မိုးလေအကာအကွယ်အတွက် တဲများ၊ အိမ်များဆောက်ကြရမည်။ ရန်သူအကာအကွယ်အတွက် ကင်းစောင့်ကြရမည်။ အရံအတားများ ပြုလုပ်ကြရမည်။

သောင်းဒန်သည် နေ့လယ်တွင် စင်ရော်သို့ မော်တော်နှင့်ပြန်သွားသည်။ သူနှင့်အတူ အောင်ကြီးနှင့်လှမင်းတို့ ပါသွားသည်။ ထို့ပြင် အလုပ်သမား လေးယောက်ခန့်ကိုလည်း ခေါ်သွားသည်။ ညနေဘက်တွင် အလုပ်သမားများသည် သမ္ဗန်ကြီးနှစ်စင်းနှင့်ရောက်လာကြသည်။ ဝါးများ၊ သစ်များပါလာသည်။ သောင်းဒန်တို့ကား ညနေစောင်းမှ မော်တော်နှင့်ပြန်လာသည်။

"မနက်ဖြန် နှစ်ဆိုင်းခွဲမယ်၊ တစ်ဆိုင်းက စင်ရော်ကို ပစ္စည်းသယ်လိုက်ရမယ်၊ တစ်ဆိုင်းက ဒီမှာ တဲနှစ်လုံးထိုးရမယ်၊ စင်ရော်မှာ ပစ္စည်းတွေအားလုံးလိုလို ရောက်လာပြီ၊ ပစ္စည်းတွေကို ဖြုတ်ပြီးသယ်ရမလား၊ ဒီအတိုင်းပဲ စက်လှေကြီးကြီးနဲ့သယ်ရမလားမသိဘူး၊ တော်သလိုကြည့်လုပ်ရမှာပဲ၊ ကျန်တစ်ဆိုင်းက စခန်းစောင့်ကြရမယ်၊ သုံးလေးရက်ကြာမှာပေါ့၊ လူလေးဆယ်စီဆံ့တဲ့တဲကြီး နှစ်လုံးထိုးရမယ်၊ မြေစိုက်မဟုတ်ဘူး၊ ကြမ်းခင်းနဲ့ဆောက်ရမယ်"

ထိုညတွင် ဆရာကြီးရှိသဖြင့် အားလုံးအားတက်ကြသည်။ သောင်းဒန်သန်းမောင်ကိုခေါ်ကာ မယ်ဒလင်တီးခိုင်းသည်။ ရှင်မြူးတက်ကြွစရာသီချင်းများကို ဆိုစေတီးစေသည်။ စနေနေ့ညက အိပ်ရေးပျက်သဖြင့် အိပ်ချင်နေကြသည်။ ထိုနေ့ညက စောစောအိပ်ရာဝင်ကြသည်။ ကင်းသမားများမှာ တစ်လှည့်လျှင် တစ်နာရီခွဲသာစောင့်ရသည်။ ထိုညတွင် သောင်းဒန်လည်း ညည့်ဦးပိုင်း၌ ကင်းစောင့်တာဝန်ယူလိုက်သည်။ သူနှင့်အတူ ကင်းစောင့်တာဝန်ကျသည့်ရဲဘော်မှာ စိန်သောင်းဆိုသူဖြစ်သည်။

"နောင်ကြီး ဘယ်အရပ်ကလဲ"

ရဲဘော်စိန်သောင်းကစ၍ သူ့ကိုမိတ်ဖွဲ့သည်။ သောင်းဒန်က သူ့ဇာတိကို ပြောပြသည်။ အလုပ်အကိုင်အကြောင်းပြောပြသည်။

"ကျွန်တော်က မိတ္ထီလာကခင်ဗျ၊ မိတ္ထီလာနယ်ထဲက သိမ်ကုန်းရွာထဲကပဲ"

"တပ်ထဲဝင်တာ ဘယ်လောက်ကြာပြီလဲ"

"၆ နှစ်လောက်ရှိပြီ၊ ကျွန်တော်တို့ မိတ္ထီလာဘက်က ရဲဘော်တွေ အများကြီးပဲဗျ၊ ကျွန်တော်ရောက်တာလဲ နေရာအနှံ့ပဲ၊ အခု မြစ်ကြီးနား ဘက်က ပြောင်းလာတာ၊ မြစ်ကြီးနားဘက်မှာ သိပ်ဆိုးတာပဲခင်ဗျ၊ ကေအိုင် အေရော၊ နာဂသူပုန်ရော ရှုပ်နေတာပဲ"

"နာဂသူပုန်က ဘယ်လိုရောက်လာတာလဲ"

"ကျွန်တော်တို့မြန်မာနိုင်ငံကိုဖြတ်ပြီး သူတို့တိုင်းပြည်ကိုပြန်တာဆိုပဲ ခင်ဗျ၊ တရုတ်ပြည်က သင်တန်းဆင်းပြီးပြန်လာတာတဲ့၊ တိုက်တော့ မတိုက်ရ ပါဘူး၊ ကေအိုင်အေနဲ့တော့ ခဏခဏတိုက်ပွဲဖြစ်တယ်၊ သူတို့ထောင်တဲ့မိုင်းဗုံး က သိပ်ကြောက်စရာကောင်းတယ်၊ ကျွန်တော်တို့တပ်စုက ရဲဘော်ရွှေမြို့ရယ် ပွဲချင်းပြီးသေတာပဲ၊ ဗိုလ်ကြီးသောင်းကြည်က ဟော့ . . . ဟော့၊ ဗုံး . . . ဗုံးလို့ သတိပေးနေရင်း တက်နင်းမိတာပဲ၊ တောင်စောင်း၊ တောင်ကမ်းပါးယံတွေမှာ လူသွားလမ်းဆိုလို့ တစ်လမ်းတည်းရှိတာခင်ဗျ၊ ဘယ်လိုမှရှောင်မလွတ်ဘူး၊ အဲဒီတောင်စောင်းက လမ်းအတိုင်း တက်ရဆင်းရတာပဲ"

"ဒီဘက်ကတော့ ဟိုလောက်ဆိုးမယ်မထင်ပါဘူး"

"တစ်မျိုးစီဆိုးတာပဲခင်ဗျ၊ ဒီကကောင်တွေက လက်နက်ကောင်းတယ်၊ နယ်ခြားမှာ လက်နက်ကောင်းရတယ်၊ သူတို့ထောင်တဲ့ ဗုံးကလဲကောင်းတယ်၊ ဒါပေမဲ့ ဗုံးထောင်တာတော့ သိပ်မစုံလှဘူးပြောတာပဲ"

သောင်းဒန်က တံတားဆောက်လုပ်ရေးနှင့်ပတ်သက်၍ အရေးကြီး ကြောင်း၊ နောင် လမ်းပန်းဆက်သွယ်ရေးကောင်းသွားလျှင် တိုက်ရခိုက်ရ လွယ်မည်၊ ရွှေ့ရပြောင်းရလွယ်မည်ဆိုသည်တို့ကို ပြောပြသည်။

"ပြီးတော့ ကျွန်တော်တို့ကိုလဲကူညီပါဗျာ၊ ဒီတံတားဆောက်တဲ့ လုပ်အားထဲမယ် ရဲဘော်တို့ရဲ့လုပ်အားလဲ ပါမှာအမှန်ပဲ၊ ရဲဘော်တို့ကို ကျွန်တော်တို့မမေ့ပါဘူး"

ရဲဘော်စိန်သောင်းက ခေါင်းညိတ်သည်။ သောင်းဒန်ပြောပြသဖြင့် သူလည်း သဘောပေါက်သွားဟန်တူသည်။ သူ့အလှည့်ပြီးလျှင် သောင်းဒန်

အိပ်ရာသို့ဝင်သည်။ သူနှင့်လဲသူမှာ မစ္စတာဒေးဗစ်ဖြစ်သည်။ သူ အိပ်ရာသို့ ဝင်သည့်အချိန်တွင် အားလုံးလိုလိုအိပ်နေကြပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။ မိုးသားအနည်းငယ်ရှိသဖြင့် ကြယ်ပြောက်များပင် မမြင်ရ။ လောကတစ်ခုလုံး အမှောင်အတိလွှမ်းနေချိန်ဖြစ်သည်။ အလင်းနှင့် အမှောင်ကို သောင်းဒန် ကောင်းကောင်းသဘောပေါက်လာသည်။ သူကိုယ်တိုင်ပင် တောင်တွေးမြောက်တွေးနှင့် စိတ်ချောက်ချားချင်လာသည်။ တုန်တုန်လှုပ်လှုပ် ဖြစ်ချင်လာသည်။

"ဒီချောင်းမှာ တံတားဆောက်လို့ ဘယ်တော့မှမဖြစ်ဘူးတဲ့ခင်ဗျ၊ အဲဒါ စင်ရော်သားတွေရဲ့အယူအဆပဲ"နလကဉက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင်ပြောသည်ကို နားထဲတွင် ကြားနေသည်။

"ဆောက်လို့ဖြစ်ရင် အင်္ဂလိပ်လက်ထက်ကတည်းက ဆောက်မှာပေါ့ တဲ့"

"ဟုတ်မယ်မထင်ပါဘူးဗျာ၊ အင်္ဂလိပ်လက်ထက်က သောင်ဦးနဲ့ ရေပြာအထိ မီးရထားလမ်းဖောက်ဖို့ စီမံကိန်းရှိသေးတာပဲ၊ စစ်ဖြစ်သွားလို့ကိုးဗျ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ အင်္ဂလိပ်လက်ထက်က မီးရထားဌာနက အစိုးရဌာနမဟုတ်ဘူး၊ ဒီတော့ ကားလမ်းအတွက် တံတားဆောက်တာတို့၊ လမ်းဖောက်တာတို့ဆိုရင် မီးရထားဌာနရဲ့ဝင်ငွေကို မထိခိုက်အောင် စဉ်းစားမှာပေါ့"

သောင်းဒန်က သူကြားဖူးနားဝရှိသမျှ ပြန်ပြောသည်။

"ဒါတွေတော့ ကျွန်တော်မကြားဖူးဘူး၊ ဒါပေမဲ့ သူတို့နယ်တွေရဲ့ အယူအဆတစ်ခုကတော့ စင်ရော်ချောင်းကို တံတားဖြတ်လို့မရတာ သေချာတယ်တဲ့၊ စင်ရော်ဟာ လမ်းဆုံပဲတဲ့၊ စင်ရော်ကနေဆက်ပြီး လမ်းပေါက်တယ်ဆိုရင် စင်ရော်မြို့ပျက်ပြီးမှ ဖြစ်မြောက်အောင်မြင်မယ်တဲ့"

အင်း . . . ဒီအကြောင်းတွေကို အလုပ်သမားတွေပြောပြလို့မဖြစ်ဘူး။ သူတို့သိသွားရင် အလကားစိတ်ဓာတ်ပျက်ကုန်မယ်။ အယူသီးတာတွေပေါ့။ အခုထက်ထိ ဒီအယူသီးမှုတွေရှိနေသေးတယ်။

တောင်တွေးမြောက်တွေးနှင့် သုံးနာရီခန့်တွင်မှ အိပ်ပျော်သွားလေသည်။ နောက်တစ်နေ့တွင် လှမင်းနှင့် စောသာအေးတို့ စခန်းတဲများဆောက်လုပ်ရာတွင် ကြီးကြပ်စေသည်။ အောင်ကြီးနှင့်အဖွဲ့ကို စင်ရော်သို့ ခေါ်သွားသည်။

စက်ပစ္စည်းများ တဖွဲဖွဲရောက်နေသည်။ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ ဘိလပ်မြေဖျော်စက်၊ ကွန်ကရစ်ထုံစက်၊ သံမဏိအားဖြည့်ကိရိယာ၊ ရေစုပ်စက်၊ ကျောက်ခွဲစက်၊ လွှစက်၊ သံဂဟေဆော်စက်၊ မီးစက်၊ ပွဲချိတ်စက်၊ ဝန်ချီစက် စသည်တို့ဖြစ်သည်။

ဝန်ချီစက်ကိုသယ်ရသည်မှာ အခက်ဆုံးဖြစ်သည်။ စက်မောင်းသမားဘလှကို ပစ္စည်းကိရိယာအစုံနှင့်ခေါ်ခဲ့ကာ တစ်ခုချင်းဖြုတ်ခိုင်းရသည်။ ပြီးမှ သမ္ဗန်သုံးခုကိုဆက်ကာ ဖောင်သဖွယ်လုပ်၍ သံချပ်ကားအခြေစက်အုံကို တင်ရသည်။ မောင်းတံများသည့်အပေါ်က စက်အုံများကို တစ်ခုချင်းဖြုတ်၍ တင်ရသည်။ ထိုသမ္ဗန်များကို ဒီရေအတက်နှင့်အတူ တံတားစခန်းဆီသို့ ဆန်တက်စေရသည်။ သောင်းဒန်သည် ဖောင်ဖွဲ့သမ္ဗန်များ ဆန်တက်သည့်အခါ ရင်တထိတ်ထိတ်နှင့်လိုက်သွားရသည်။ မဟန်နိုင်၍ မြုပ်သွားမည်ဆိုလျှင် ဆုံးဖွယ်ရာသာရှိသည်။ ၁၆ တန်လေးသည့်ဝန်ချီစက်ကို ရေထဲမှ ပြန်၍ဆယ်ရန်မလွယ်လှ။

"သမ္ဗန်နဲ့သယ်ရတာ မတတ်နိုင်ဘူးဗိုလ်ကြီး၊ ကျွန်တော်တို့စခန်းအထိ စက်လှေမဝင်နိုင်ဘူးလား"

"အေးဗျ၊ ကျွန်တော်မေးကြည့်အုံးမယ်၊ ဒီစက်တွေတင်လာတဲ့ အကြီးကြီးကတော့ ဝင်နိုင်မှာမဟုတ်ဘူး၊ ဒီမှာတောင် ကမ်းကို ကပ်မှမကပ်ဘဲ၊ အသေးစားလေးနဲ့ဆိုရင် ဝင်နိုင်မယ်ထင်တာပဲ"

"လုပ်စမ်းပါအုံးဗျာ"

"ခင်ဗျားဟာကလဲ တင်လာလိုက်တဲ့စက်တွေ နည်းတာမှမဟုတ်ဘဲ၊ စက်ပစ္စည်းတွေကလဲ ပါသေးတယ်၊ သံချောင်းသံထည်တွေကလဲ ပါသေးတယ်"ဗိုလ်ကြီးဘကြိုင်က ဆိုသည်။

"လုပ်ငန်းကအကြီးကြီးဗျ၊ ပစ္စည်းစုံအောင် သယ်ခဲ့ရတာပဲ၊ ဌာနချုပ်

မှာ ပစ္စည်းစုရတာက တစ်ရန်ပဲ၊ သီရိတံတားပြီးတော့ ဒီစက်တွေကို ယန္တရား ပြန်မအပ်ဘဲ သီရိတံတားမှာပဲ စုထားတယ်၊ တခြားလိုတဲ့ပစ္စည်းတွေ တောင်း ရတယ်၊ အဲဒါ ဌာနချုပ်ကကိုယ်တော်ချောတွေက သောင်းဒန်တစ်ယောက် အင်္ဂလိပ်အင်ဂျင်နီယာနဲ့တွဲပြီး သီရိတံတားဆောက်လိုက်တာ အခု အင်္ဂလိပ် အင်ဂျင်နီယာစိတ်ပေါက်နေပြီ၊ ပစ္စည်းမစုံရင် တံတားမဆောက်နိုင်ဘူး ဖြစ်နေတယ်နဲ့ ပြောကြသေးတယ်၊ ကျွန်တော်တော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး၊ ကိုယ့်လုပ်ငန်းအကြောင်း ကိုယ်သာသိတယ်၊ ပစ္စည်းစုံလူစုံနဲ့ လုပ်လိုက်ရရင် ဘယ်အလုပ်ဖြစ်ဖြစ် မကြာလှဘူးဗျ"

"ကိုယ့်ဆရာကတော့ တံတားဖြင့်မဆောက်ရသေးဘူး၊ ပြီးဖို့နဲ့ ပြန်ဖို့ လောက် စိတ်ကူးနေတယ်နဲ့တူတယ်"

ဗိုလ်ကြီးဘကြိုင်က စက်လှေများဖြင့် ပစ္စည်းသယ်ရန် စုံစမ်းသည်။

"အထဲကို သူတို့မဝင်ဖူးဘူးတဲ့၊ ရေအတိမ်အနက် သူတို့မသိဘူးတဲ့"

"ဒီလိုဆိုရင် ကျွန်တော်ရေစမ်းပေးမယ်ဗျာ"

သောင်းဒန်သည် တံတားစခန်းနှင့် စင်ရော်မြို့အကြား ရေကြောင်း တိုင်းပေးသည်။ ထိုအခါတွင်မှ စက်လှေလေးများဖြင့် ပစ္စည်းများကို သယ်ရ သည်။ ပို၍လွယ်ကူလာသည်။

"မီးစက်ကတော့ ရတာယူလာခဲ့တာပဲ စောသာအေးရေ၊ ခင်ဗျား မီးစက်မောင်းသမား လှဖေကို ခေါ်ပြီးသာအပ်လိုက်ပေတော့၊ ဒီနေ့ည စမ်းကြည့်နိုင်ရင် စမ်းကြည့်ရအောင်"

"ဘာစက်လဲ ဦးသောင်းဒန်"

"ချက်ကိုဆလိုဗက်စက်တဲ့၊ ဓာတ်ဆီနဲ့စက်ဆီရောပြီး မောင်းရတယ် ဆိုတာပဲ၊ ကျွန်တော်လဲ ဒါမျိုးတစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဒီစက်မျိုး နှစ်ခု လိုတယ်၊ တံတားတိုင်တွေချပြီဆိုရင် နေ့ရောညရောလုပ်ရမှာ၊ ဒီတော့ မီး လိုမယ်၊ အခုမပါလာသေးဘူး" လှဖေက စက်ကို ဖင်ကြည့် ခေါင်းကြည့် ကြည့်ကာ ခေါင်းခါနေသည်။ မတတ်နိုင်၊ ရှိတာပဲသုံးရမှာပဲ၊ မီးလိုတယ်၊ မီး မရှိရင် မှောင်တယ်၊ လူတွေစိတ်ဓာတ်ကျတယ်၊ စိတ်ဓာတ်ကျသည့်အထဲတွင်

သူလည်းအပါအဝင်ဖြစ်သည်။

"ဘယ့်နှယ်လဲဟေ့ . . . တဲတွေထိုးတာ ဘယ်အခြေရောက်နေပြီလဲ"

"နှစ်လုံးပြိုင်ဆောက်နေတာပဲဆရာကြီး၊ မနက်ဖြန် သန်ဘက်ခါဆို ပြီးသွားမှာပဲ"

"ဒါ အစပဲရှိသေးတယ်၊ နောက် အများကြီးဆောက်ရအုံးမယ်၊ လူနေဖို့တဲ၊ အိမ်၊ ပစ္စည်းဂိုဒေါင်၊ အလုပ်ရုံ၊ ရုံး၊ ရဲဘော်တွေအတွက် ကင်းတဲက တောင်ပေါ်မှာ နှစ်တဲ၊ သူတို့နေဖို့တဲက တစ်လုံး၊ ချောင်းဟိုဘက်မှာလဲ နောက်တော့ သူတို့အတွက် တဲထိုးပေးရအုံးမယ်၊ လုပ်စရာတွေအများကြီးပဲ၊ မင်းတို့ ညည်းသာမညည်းကြနဲ့"

တက်ညီလက်ညီဆောက်လိုက်ကြရာ နှစ်ရက်နှင့် တဲကြီးနှစ်လုံး ပြီးသွားသည်။ သူတို့အားလုံး တဲကြီးထဲသို့ ပြောင်းရွှေ့နေကြသည်။ ရဲဘော် များအတွက် မလှမ်းမကမ်းတွင် တဲငယ်တစ်လုံး ထိုးပေးထားသည်။ ကင်းတဲ ကား မဆောက်ရသေး။ ရဲဘော်များက တောင်ပေါ်တွင်မလို၊ သူတို့တွင်လည်း လူရှစ်ယောက်သာရှိသေးရာ နေရာခွဲ၍မစောင့်နိုင်ဟုဆိုသည်။ သောင်းဒန် စိတ်ထဲတွင်မူ တပ်စုရောက်လာပြီး လူများလာပြီဆိုလျှင် တောင်ပေါ်၌ ကင်းတဲဆောက်မှဖြစ်မည်ဟု ယူဆထားသည်။ ယခုကား ဘာမျှမပြောသေး။ နောင်တွင် အိမ်ထောင်သည်တို့ ရောက်လာကြလိမ့်ဦးမည်။ စင်ရော်တွင် လိုသော ပျဉ်၊ ဝါး၊ သစ်တို့ရသည်။ ယခုလိုသည်မှာ တဲအိမ်ဆောက်ရေး အတွက်သာဖြစ်သည်။ နောင် တံတားစဆောက်ပြီဆိုလျှင် သစ်ကြီးဝါးကြီး အများအပြားလိုသည်။ စင်ရော်မှာမရနိုင်။ စင်ရော်တစ်ဖက်ကမ်းတွင်ရှိသည့် သစ်စက်သည် စက်ကလေးဖြစ်သည်။ စိမ့်မြိုင်မှသယ်ရမည်။

တဲကြီးနှစ်လုံးထိုးပြီးသည့်အခါ အနည်းငယ်နေသားကျသွားသည်။ တဲနှစ်လုံးကို စင်ရော်ဆောင်နှင့် စိမ့်မြိုင်ဆောင်ဟု နာမည်ပေးလိုက်သည်။ သောင်းဒန်သည် စင်ရော်ဆောင်တွင်နေသည်။ သူနှင့်အတူ စောသာအေး၊ အောင်ကြီး၊ မစ္စတာဒေးဗစ်တို့နေကြသည်။ စိမ့်မြိုင်ဆောင်တွင် လှမင်း၊ ခင်မောင်စိန်၊ ဗစ်တာတို့နေကြသည်။ ယခုကား စင်ရော်တွင် အဆောင်မှူးသည်

စောသာအေးဖြစ်သည်။ စိမ့်မြိုင်အဆောင်မှူးကား လှမင်းဖြစ်လေသည်။

"ဘာပဲဖြစ်ဖြစ် အဆောင်မှူးတွေကို အသိပေးရမယ်၊ မင်းတို့ကိစ္စတွေကို အားလုံးဝိုင်းပြီးဖြေရှင်းပေးမယ်၊ အလုပ်ကိစ္စသာမဟုတ်ဘူး၊ လူမှုရေးကိစ္စတွေလဲ ငါ့ကိုတိုင်ပင်ကြ၊ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် သဘောထားကြ၊ ငါဟာ မင်းတို့ရဲ့မိဘပဲ"

ဒီကြားထဲတွင် ကွမ်းသီးခြံရှင် ဒေါ်စောရွှေက အတိုင်အတောထူလာသည်။ သူ့ခြံထဲတွင် အသီးအနှံ အမျိုးစုံရှိသည်။ လောလောဆယ်ကား အုန်းသီးတို့သည် ထိပ်ဖျားတွင် ပြွတ်သိပ်နေသည်။ ဆယ့်နှစ်ရာသီ ပြတ်လပ်သည်မရှိ။ အဘွားကြီးက သူ့အပင်များကို နှမြောသည်။ တံတားဆောက်မည့်နေရာထဲတွင် အဘွားကြီးခြံပါနေသည်။ နှစ်ဧက၊ သုံးဧကလောက် အကျယ်အဝန်းရှိသည့်နေရာမှ အုန်းပင်၊ ကွမ်းသီးပင်၊ ဒူးရင်းပင်တို့ကို ခုတ်ပစ်ရမည်။ အုန်းပင်တစ်ပင် ငါးဆယ်၊ ဒူးရင်းတစ်ပင် ငါးဆယ်၊ ကွမ်းသီးတစ်ပင် ဆယ့်ငါးကျပ်ဟု ဈေးဆိုနေသည်။ လျော်ကြေးက ချက်ချင်းပေးမှာလား၊ မြေအတွက် ဘယ်လောက်ပေးမှာလဲ။ ယင်းတို့ကို သောင်းဒန်မသိ။ အဘွားကြီးကျေနပ်လောက်အောင် အဖြေမပေးနိုင်။ သို့သော် သူတတ်နိုင်သည်မှာ ချွေးသိပ်စကားပင်ဖြစ်သည်။ အဘွားကြီးက သူ့ကိုမြင်လျှင် လျော်ကြေးစကားတွင်တွင်ပြောတော့သည်။

"အမေဆင်းရဲတယ်၊ စင်ရော်မှာ အိမ်တစ်လုံးရှိသေးတယ်၊ ဟိုမှာလဲ စားရသောက်ရ၊ ဒီမှာလဲ စားရသောက်ရ"

ဒေါ်စောရွှေ၏စကားကို မနည်းပင်နားထောင်ယူရသည်။ လေးငါးခြောက်ခါလောက် စကားပြောမိလျှင် ကျင့်သားရသွားသည်။ စင်ရော်နှင့် ခြံနှစ်အိမ်ခွဲနေရသဖြင့် စရိတ်ကုန်သည်ဟု ဆိုခြင်းပင်ဖြစ်သည်။ ခုတ်ထွင်ရှင်းလင်းရမည့် သီးနှံပင်တို့မှာ နှမြောစရာကောင်းသည်။ သို့သော် မတတ်နိုင်၊ လျော်ကြေးအတွက် ဈေးကို သူမဖြတ်နိုင်။ စင်ရော်မှ ဗိုလ်ကြီးဘကြိုင်၊ စိမ့်မြိုင်အင်ဂျင်နီယာဌာနမှ ဦးရွှေသိန်း၊ လက်ထောက်ဦးကျော်ညွန့်၊ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်းတို့နှင့် တိုင်ပင်ရမည်။

"ကျွန်တော်က တစ်ယောက်တည်းမပြီးဘူးအဘွား၊ အားလုံးနဲ့တိုင်ပင်ရမှာ"

"အခု အုန်းသီးတွေ ခဏခဏပျောက်၊ အုန်းပင်ကို ငါရေထားတယ်၊ မနက်ကျရင် တစ်လုံး နှစ်လုံးမရှိ၊ အရင်က ဒီလိုမဟုတ်"

"ဟုတ်သလားအဘွား၊ ကျွန်တော်ပြောပါအုံးမယ်၊ စိတ်ချအဘွား"

အုန်းသီးတွေကိုကြည့်ကာ သောင်းဒန်လည်း စိတ်ထဲတွင် မရိုးမရွဖြစ်မိသည်။ ဖွန်းခြစ်ကလေးများ စားချင်လာသည်။ နောက်မှဝယ်စားမည်ဟုတေးထားသည်။ ဒူးရင်းသီးအနုအကင်းလေးများကိုလည်း တွေ့ရသည်။ ရှေ့တစ်လနှစ်လရှိလျှင် မှည့်လာတော့မည်။ လှိုင်လှိုင်ပေါ်လာတော့မည်။ ထိုအခါတွင်လည်း ထိန်းရသိမ်းရလိမ့်မည်။

"မင်းတို့စားချင်ရင် ဝယ်စားကြပေါ့ကွာ၊ တို့တစ်တွေ ဒီအရပ်မှာ သူတို့ကို အမှီပြုပြီးနေရတာ၊ သူတို့စိတ်ကွက်သွားရင် မကောင်းဘူး၊ စားချင်ရင်တောင်းစား၊ ဝယ်စား"

"ဝယ်တယ်ဆရာကြီး၊ မရောင်းဘူး"

"ဘာလို့မရောင်းတာလဲ၊ လက်လီမို့လား၊ ဒါတော့လဲ ဟုတ်မှာပေါ့ကွာ၊ ဒီတော့ ရောင်းချင်အောင် အဘွားကြီးကိုချော့ပေါ့ကွ"

"ချော့လို့လဲမရဘူးဆရာကြီး၊ တစ်လုံးနှစ်လုံးခူးလိုက်ရင် အုန်းပင်ပေါ့သွားပြီး ကျန်တဲ့အုန်းတွေ အရည်မရတော့ဘူး၊ အဆန်မထူတော့ဘူးတဲ့၊ အသီးလဲနည်းသွားတယ်တဲ့"

"အေး . . . ဒါတော့လဲ မတတ်နိုင်ဘူးပေါ့ကွာ၊ နေစမ်းပါအုံး၊ မင်းတို့အထဲ မျောက်တွေပါသလား၊ အုန်းပင်ကအမြင့်ကြီးတွေကွ၊ ဘယ်အချိန်တက်ကြသလဲ"

"ညမှာ ရဲဘော်တွေနဲ့ အချိတ်အဆက်လုပ်ထားပြီး တက်ရတာပေါ့ဆရာကြီး၊ ကျွန်တော်တို့ထဲမှာ အုန်းရွှေဆိုတဲ့ကောင်က ရွှေတောင်သားဆရာရဲ့၊ ရွှေတောင်ဘက်က ထန်းလေးပင်မှာ ဒီကောင်ထန်းတက်လာတာ၊ အုန်းပင်လောက်တော့ အပျော့ပေါ့ဆရာကြီးရာ၊ အဘွားကြီးက နေ့လယ်မှာဆိုရင်

နားစွင့်နေတာ၊ သူ့အလိုလိုကြွေကျတဲ့အုန်းသီးတောင် ကျွန်တော်တို့မစားရဘူး၊ သိပ်နားပါးတယ်ဆရာကြီး၊ အုန်းခနဲ အသံကြားလိုက်ရင် သူရောက်လာတာပဲ၊ ကြွေကျတဲ့အုန်းသီးပင်အောက် သူရောက်လာပြီ၊ အုန်းသီးပိုက်ပြီး တဲထဲပြန်ဝင်သွားတယ်"

"သူ့ဆီကဝယ်စားပေါ့ကွာ"

"ဈေးကြီးတယ်ဆရာကြီး၊ တစ်ကျပ်တဲ့၊ ငါးမတ်တဲ့"

"ဝယ်စားရတာ အရသာမရှိဘူး၊ ခိုးစားရတာမှ အရသာရှိတာဗျ" လှမင်းက ဝင်၍ပြောသည်။

"ဟာ . . . အုန်းသီးကလဲ ဈေးကြီးလှချေရဲ့ကွ၊ အုန်းသီးပင်အောက် အုန်းသီးရှားနေလိုက်တာ၊ ဘာပဲဖြစ်ဖြစ် မင်းတို့ခိုးမစားနဲ့၊ ဝယ်စား၊ လှမင်းရေ . . . အဲဒါတော့ တင်းတင်းကြပ်ကြပ်အမိန့်ထုတ်ရမယ်၊ အုန်းသီးကအစ တခြားအသီးအနှံတွေခိုးရင် တို့စခန်းမနေနဲ့၊ ရန်ကုန်ပြန်၊ ဒါပဲ"

ထိုအမိန့်ကို သောင်းဒန်၏နာမည်နှင့် လှမင်းကထုတ်ပြန်လိုက်သည်။

ချက်ကိုဆလိုဗက် မီးစက်ကြီးကို စက်ဆရာလှဖေက စမ်းသည်။ ဖွတ်ချက်၊ ဖွတ်ချက်နှင့် လင်းလာသည်။ အလုပ်သမားအားလုံး ထခုန်ကြသည်။ 'သခင်လိုခေတ်မှာ အလင်းရောင်ပေးတာလှဖေ'ဟုအော်ကြသည်။ ရောက်စတွင် သစ်ပင်အောက်၌ ခုတ်ထွင်ရှင်းလင်း၍ အိပ်ရသည်။ ထို့နောက် နေစရာတဲများရသည်။ ဖယောင်းတိုင်မီး၊ မှန်အိမ်မီးနှင့် နေကြရသည်။ ယခု တိုးတက်လာပြီ။ သောင်းဒန်သည် စာရေးစက္ကူကုတ်ကိုထုတ်ကာ မြင့်မြင့်သန်းဆီသို့ စာရေးလိုက်လေသည်။

***စင်ရော်တံတားစခန်း***

***ဧပြီလ ၆ ရက်။***

***မြင့်***

*'မောင်တို့ စင်ရော်စခန်းကိုရောက်တာ တစ်လကျော်ပြီ။ လုပ်ငန်းတွေ သိပ်မစရသေးဘူး။ နေရေးထိုင်ရေးအတွက်ပဲ စီစဉ်နေကြရသေးတယ်။ ရောက်စဆိုတော့ ဘာမှအသားမကျသေးဘူး။ တဲကြီးနှစ်လုံးထိုးပြီးနေတယ်။*

*စင်ရော်ဆောင်နဲ့ စိမ့်မြိုင်ဆောင်လို့ နာမည်ပေးထားတယ်။ နောက် အိမ်ထောင်သည်တွေ ရောက်လာကြရင် တဲတွေထပ်ထိုးရမယ်။ အိမ်တွေ ထပ်ဆောက်ရမယ်။ ရုံးဆောက်ရမယ်။ အခုတော့ စင်ရော်ဆောင်မှာပဲ ရုံးခန်း လုပ်ထားရတယ်။ ရုံးဆိုလို့ ဦးဇော်ဖေ ရောက်မလာသေးဘူးလား။ မြင့်ဆီ လာပြီး စရိတ်တောင်းလိမ့်မယ်။ ပေးလိုက်ပါ။ မောင့်ဖို့ လက်ဖက်နဲ့အကြော်စုံ ပေးလိုက်ပါ။ ဝက်အူချောင်းလဲ ဝယ်ပေးလိုက်ပါ။ တရုတ်တန်း၊ စဥ့်အိုးတန်း ထိပ်က ဝယ်နေကျဆိုင်ကပဲဝယ်ပေးလိုက်'*

*'သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ကလေးတွေနဲ့ မြင့်လိုက်လာခဲ့ပါ လား။ တစ်ပတ်လောက်ပေါ့။ ခုနေတော့ မောင် လာနိုင်အုံးမယ်မဟုတ်သေး ဘူး။ မေလကုန် ဇွန်လဆန်းလောက်ဆိုရင် တံတားတိုင်တွေချရတော့မယ်။ အခု ချောင်းရဲ့တောင်ဘက်ကမ်းမှာ မြေကာဘဲတောင်ကြီးလောင်းရမယ်။ မြေကာဘဲတောင်ဆိုတာ ကွန်ကရစ်တိုင်ကြီးပါပဲ။ တံတားအစွန်ဆုံးတိုင်ပေါ့။ အို . . . ဒါတွေ မြင့် နားလည်မှာမဟုတ်ပါဘူး၊ တိုင်ပဲထားပါတော့။ အဲဒီ လုပ်ငန်းကလဲ တစ်လခွဲ၊ နှစ်လလောက်ကြာမယ်။ ပြီးရင် မြောက်ဘက်ကမ်း မှာ မြေကာဘဲတောင်တစ်ခု ထပ်ပြီးထူရမယ်'*

စာရေးနေစဉ် မီးစက်သမား လှဖေ လာ၍ခေါ်သဖြင့် တစ်ပိုင်းတစ်စ နှင့် ရပ်ထားလိုက်ရသည်။

"ဘာဖြစ်လို့လဲကွ"

"ပူလာပြီဆရာ၊ စက်က ပူလာပြီဆရာ၊ စမောင်းတာမှ နှစ်နာရီ လောက်ပဲရှိသေးတယ်"

"ဒါဖြင့်ရင်ရပ်ထားလိုက်ကွာ"

သောင်းဒန်လိုက်သွားသည်။ မီးစက်အခြေအနေကိုကြည့်သည်။

"ကဲ . . .ကဲ ရပ်လိုက်တော့"

"မီးပေးပါဗျို့၊ အခုမှ ရှစ်နာရီခွဲပဲရှိသေးတယ်"

စင်ရော်နှင့် စိမ့်မြိုင်ဆောင်တို့မှ အော်သံကြားရသည်။

"နေ . . . နေ လှဖေ၊ ပြီးမှ ငါပြောလိုက်မယ်၊ ဒီကောင်တွေမသိသေးဘူး၊

မင်းစက်ကအရေးကြီးတယ်၊ နောက်တစ်လုံးအစားမရခင် ဒါနဲ့စခန်းသွားနေရအုံးမှာ၊ ကဲ . . . ရပ်တော့”

သောင်းဒန် အဆောင်သို့ပြန်သွားသည်။ အလုပ်သမားများကို ရှင်းပြရသည်။ မကြာမီ မီးခွက်ကလေးများ လင်းလာသည်။ ဖယောင်းတိုင်ကလေးများ လင်းလာသည်။

“ပေးကြပါအုံးကွာ၊ ငါ့လဲ ဖယောင်းတိုင်ပေးကြပါအုံး၊ စာရေးနေတုန်းရှိသေးတယ်ကွာ”

“ဘယ်ကိုစာရေးနေတာလဲဆရာကြီး”

လှမင်းကမေးသည်။

“အိမ်ကိုပါကွာ၊ ဟေ့ . . . လှမင်း၊ မင်းအဆောင်ပြန်လေ၊ မီးပိတ်ရင် မင်းကောင်တွေကို ထိန်းဖို့လိုလိမ့်မယ်”

“ကလေးတွေမှမဟုတ်ဘဲ၊ ကျွန်တော် ကိုအောင်ကြီးတို့နဲ့ စကားကောင်းနေလို့ပါ”

အောင်ကြီးသည် သောင်းဒန်အနားသို့ ကပ်လာသည်။ လှမင်းပြန်သွားပြီ။

“ဆရာကြီး ဘယ်စာရေးတာလဲ”

“အိမ်ကိုပေါ့ကွာ”

“ဆရာကြီးဇနီးခေါ်မလို့လား၊ ကျွန်တော်လဲခေါ်ချင်တယ်ဆရာကြီး၊ ဒါပေမဲ့ သူကလိုက်မှာမဟုတ်ဘူး”

“မင်းမိန်းမ ဒီခေါ်လိုက်ရင် အလုပ်တောင်ပေးနိုင်သေးဗျား”

“ဟာ ...မဟုတ်တာ ဆရာကြီးကလဲ၊ သူက ဝမ်းဆွဲသူနာပြုခင်ဗျ၊ အခု ဒပ်ဖရင်မှာလုပ်နေတာ”

“အေးပေါ့ကွာ၊ ဝမ်းဆွဲသူနာပြုပေမဲ့လဲ ရှေးဦးသူနာပြုတော့ တတ်ရမှာပေါ့ကွာ၊ ဖျားတာ နာတာလဲ ဆေးမြီးတိုလောက်တော့ ပေးတတ်မှာပေါ့၊ ဆာလဖာရယ်၊ ချောင်းဆိုးပျောက်ဆေးရယ်၊ အဖျားကျဆေးရယ်၊ ဗိုက်နာပျောက်ဆေးရယ်၊ ဒါလောက်ပါပဲကွာ”

"မဖြစ်ပါဘူးဆရာ၊ သူက လာမှာမဟုတ်ဘူး၊ ရန်ကုန်ကလွဲလို့ ဘယ်မှ သွားချင်တာမဟုတ်ဘူး၊ စောသာအေးမိန်းမသာ ခေါ်ပါဆရာ၊ စောသာအေး ကလဲ သူ့မိန်းမခေါ်မယ်၊ ဆရာတို့အလိုရှိရင် သူ့မိန်းမကို သူနာပြုဆရာမ အလုပ်ခိုင်းမယ်တဲ့၊ အခု ရန်ကုန်မှာ စပယ်ရှယ်နာ့စ်ပဲလုပ်နေတယ်၊ ဆေးရုံမှာ မလုပ်တော့ဘူး"

"အေး . . . ဟုတ်သားပဲ၊ ငါမေ့နေလိုက်တာ၊ စောသာအေးက ငါ့ကို မပြောဘူး၊ ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကဲ . . . ငါစာဆက်ရေးလိုက်အုံးမယ်"

"ဆရာကြီး ဇနီးခေါ်မလို့လားဆရာ"

"မခေါ်ပါဘူးကွာ၊ အစကတည်းက ခေါ်ဖို့မစဉ်းစားပါဘူး၊ ခေါ်ရင် အလုပ်ထွက်ပြီး လိုက်ခဲ့ဖို့ရှိတာပဲ၊ အလုပ်ကလဲမထွက်နိုင်သေးဘူးကွ၊ ဒီတံတား က သုံးနှစ်ကြာမှာ၊ အောင်ကြီး . . . မင်းကောင်တွေပြောလိုက်၊ မီးစက်ကို တစ်ည နှစ်နာရီပဲမောင်းမယ်၊ စက်သစ်ရမှ ဆယ်နာရီအထိမောင်းမယ်၊ ဒီစက် က မကောင်းဘူး၊ ဟုတ်လား၊ လှမင်းလဲပြောလိုက်"

သောင်းဒန်သည် စာကိုအဆုံးသတ်သည်။ မီးမရှိဘဲ မှောင်လာသည့် အခါ အနေရအထိုင်ရခက်လာသည်။ စောစောစီးစီး အိပ်လိုက်ဖို့သာရှိသည်။ ဖယောင်းတိုင်ကိုယ်စီထွန်းကာ စကားဝိုင်းဖွဲ့နေကြသူတို့လည်း သမ်းဝေလာ ကာ အိပ်ရာသို့ဝင်ကြသည်။ အရိပ်မည်းမည်းတို့သာလျှင် စခန်းပတ်ဝန်းကျင် ၌ မင်းမူနေသည်။ စကားပြောသံများ တိတ်သွားလျှင် ငှက်အော်သံ၊ မြွေတွန် သံတို့ကို ကြားရသည်။ ကျားဟိန်းသံမကြားရလျှင် တော်သေးသည်။ အမှောင် ထုသည် ကြောက်စိတ်ကို အားပေးသည်။ မကောင်းမှုကိုလည်း အားပေးသည်။

ဒီကောင်တွေ ခြံထဲဆင်းပြီး အုန်းသီးခိုးကြမှာလား၊ အဘွားကြီးကတော့ အရင်ကလို အတိုင်အတောမထူတော့ဘူး။ အခုတော်သေးတယ်။ နောက် မိန်းမတွေ၊ ကလေးတွေရောက်ရင် ပိုပြီးဆိုးမယ်။ ပိုပြီးထိန်းရမယ်။ အေးလေ၊ ဒါတွေသာပူနေမယ်ဆိုရင်တော့ စိတ်အေးစရာ တစ်ကွက်မှရှိတော့မှာမဟုတ် ဘူး။ တံတားပြီးအောင်ဆောက်ဖို့ပဲ ငါအာရုံစိုက်တော့မယ်။

× × × × ×

တောင်ဘက် မြေကာဘဲတောင်ကြီးကို စ၍ရိုက်ရတော့မည်။ သူတို့ အင်ဂျင်နီယာ အခေါ်အဝေါ်အရ ကားတိုင်ရိုက်သည်ဟုဆိုသည်။ မြေကြီးထဲသို့ ကွန်ကရစ်တိုင်များ ရိုက်သွင်းခြင်းပင်ဖြစ်သည်။ ထို့နောက် ခိုင်မာအောင် အားထပ်ဖြည့်။ ကွန်ကရစ်နှင့်ချုပ်။ ပြီးမှထိပ်အုပ်တင်။ ထိပ်အုပ်ပေါ်တွင်မှ ဘဲတောင်တက်ရမည်ဖြစ်သည်။

သဲလိုသည်။ ကျောက်လိုသည်။ ဘိလပ်မြေအိတ်များကား တဖွဲဖွဲ ရောက်နေကြပြီ။ စတိုတစ်လုံး မဆံ့တော့သည်နှင့် နောက်ထပ်စတိုကြီးတစ်ခု ထပ်၍ဆောက်ရသည်။

စင်ရော်ကလူတွေကို အားကိုးရမည်။ သောင်းဒန်သည် စင်ရော်မှ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်း၊ နလကဥက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင်တို့နှင့် ဆွေးနွေးသည်။ အဆင်သင့်ပင်၊ ထိုအချိန်တွင် (၃၁၀)တပ်ရင်းမှူး ဗိုလ်မှူးသိန်းအောင်လည်း ရောက်လာသည်။

"အဆင်သင့်ပဲ ဗိုလ်မှူး၊ ကျွန်တော်လဲ တွေ့ချင်နေတာကြာပြီ၊ ဗိုလ်မှူး ရန်ကုန်သွားနေတယ်ဆိုလို့"

"ဆိုဗျား . . . ကိစ္စက"

"ပထမ ကိစ္စကတော့ တပ်ကိစ္စပါ"

သောင်းဒန်က ရောက်စည်က အဖြစ်အပျက်ကို ပြောပြသည်။

"ဟား . . . ဟား . . . ဟား၊ ဒီကောင်တွေ ခင်ဗျားကိုပတ်တာပဲ၊ ကျွန်တော့်တပ်က အပွဲပွဲနွှဲလာတဲ့ သတ္တိခဲတွေပါဗျ၊ မြစ်ကြီးနားဘက်မှာ ဒီထက်ဆိုးသေးတယ်"

ရဲဘော်စိန်သောင်းပြောပြသည်ကို အမှတ်ရမိသည်။ သို့သော်လည်း သောင်းဒန် တစ်ခွန်းတစ်ပါဒမျှ ဝင်၍မပြော။

"တပ်စိတ်တစ်စိတ်တည်းရှိလို့ အင်အားနည်းတယ်ဆိုတာ ခင်ဗျားကို သက်သက်လိုမ့်တာ၊ ဒီကောင်တွေ ကြာကြာမနေရအောင်လုပ်တာ၊ သူတို့ကို ပြန်ပို့ပြီး နောက်ထပ်တပ်စု ရောက်လာအောင်ပေါ့ဗျာ၊ နေပါစေ ကိုသောင်းဒန်၊ ဒီကောင်တွေ ကျွန်တော်ပြန်မခေါ်ဘူး၊ ဖြည့်ပေးမယ်၊ ဒီတစ်ခါ တပ်ကြပ်ကြီး အိမ်ကောင်း ထည့်ပေးလိုက်မယ်၊ တပ်စုတစ်စုဖြစ်အောင် ဖြည့်ပေးမယ်၊ တစ်ခါတလေ ဗိုလ်တစ်ယောက် အုပ်ချုပ်ဖို့ ပါချင်ပါမယ်၊ ဂျီသရီးရော၊ ဘရင်းရော၊ မော်တာရော အားလုံး လက်နက်စုံပေးလိုက်မယ်ဗျာ၊ ဒီနေရာတွေ ကလဲ ကျွန်တော်တို့ စပြီးခြေကုပ်ယူရမဲ့နေရာတွေပါ၊ အိမ်ကောင်းဆိုရင် ဒီကောင်တွေ ဖင်တုန်အောင်ကြောက်တယ်၊ လက်သံကသိပ်ပြောင်တယ်ဗျ"

"အိမ်ကောင်းတဲ့၊ ဟုတ်လား ဗိုလ်မှူး၊ အိမ်မှာပဲကောင်းပြီး အပြင် ကျတော့ မကောင်းဖြစ်နေပါအုံးမယ်ခင်ဗျာ"

"အမယ် . . . ခင်ဗျားအထင်မသေးလိုက်ပါနဲ့၊ ဘားအံဘက်မှာ နာမည် အော်ပြီးတိုက်တာဗျ၊ သူ့ဘက်က တစ်ယောက်မှမကျဘူး၊ ဟိုကောင်တွေ အလောင်းတောင် မကောက်နိုင်ဘူး၊ ထွက်ပြေးရတယ်"

သောင်းဒန်ကျေနပ်သွားသည်။

"ကဲ . . . ဒုတိယကိစ္စက ဆိုစမ်းပါအုံး"

"ဒါတော့ အားလုံးနဲ့ဆိုင်တယ် ဗိုလ်မှူး၊ ဗိုလ်မှူးလဲ တတ်နိုင်သမျှ အကူအညီပေးပါလို့ ကျွန်တော်တောင်းပန်ချင်ပါတယ်"

"တောင်းပန်ချင်တာတွေ ဘာတွေလုပ်မနေပါနဲ့ဗျ၊ ကူညီပါပေ့၊ ကျွန်တော်တို့ ကူညီရမှာပေ့၊ ခင်ဗျားတို့ကို ကျွန်တော်တို့က ကူ၊ ကျွန်တော် တို့ကို ခင်ဗျားတို့က ကူ၊ အပြန်အလှန်ပေ့"

"ကျွန်တော်တို့က ဗိုလ်မှူးတို့ကို ဘာအကူအညီပေးနိုင်မှာလဲခင်ဗျာ"

"အမယ်လေး . . . နောက်တော့ တောင်းလွန်းလို့ ညည်းမနေနဲ့ဗျို့"

"ဆိုပါအုံးဗိုလ်မှူး"

"ကားလေဗျာ . . . ကား၊ ခင်ဗျားတို့မှာ ကားတွေရှိတယ်မဟုတ်လား၊ ကားလိုချင်ရင် ခင်ဗျားတို့ဆီတောင်းရမှာပဲ"

"ရပါတယ်ဗိုလ်မှူး၊ ကျွန်တော်တို့ အတတ်နိုင်ဆုံးကူညီပါ့မယ်"

"ကဲ . . . ကဲ ခင်ဗျားကိစ္စပြောပါအုံး"

"သဲလိုချင်တယ်၊ ကျွန်တော်တို့မှာ အလုပ်သမားအင်အားက နည်းနေသေးတယ်၊ စင်ရော်က သဲသွင်းမဲ့လူရှိရင်ကောင်းမှာပဲ"

"ချောင်းဝမှာ သဲချည်းပေါ့ဗျာ၊ သောင်ပြာတစ်ခုလုံး သဲချည်းပဲ၊ ကမ်းနီနားမှာလဲ သဲရနိုင်တယ်၊ ခက်တာက ဒီကလူတွေက အဲဒီအလုပ်မလုပ်ဘူး၊ ဖြစ်နိုင်အောင် စီစဉ်ပေးရမှာပေါ့လေ"

ဗိုလ်မှူးသိန်းအောင်၊ ဗိုလ်ကြီးဘကြိုင်၊ ပါတီယူနစ်ဗိုလ်ကြီး ဇော်သန်းတို့ ခေါင်းချင်းရိုက်ကြသည်။

"သဲ ပြီးတော့ ကျောက်၊ ဒီအနီးအနားမှာ ကျောက်ရှာဖို့လိုတယ်"

"ကျောက်တော့ အထွေအထူးရှာနေစရာ မလိုပါဘူးခင်ဗျာ၊ သောင်ဦးသွားတဲ့လမ်း၊ တိမ်ဦးတောင်အတက်မှာ ကျောက်ချည်းပါပဲ" ဗိုလ်ဘကြိုင်က ဝင်၍ပြောသည်။

"ကဲ . . . ကဲ၊ သဲကိစ္စစဉ်းစားကြမယ်ဗိုလ်မှူး" ဗိုလ်ကြီးဇော်သန်းက ကြားဝင်သည်။

"အခုနေတော့ ကျောင်းသားတွေအားနေကြတယ်၊ လုပ်အားပေးခေါ်မယ်၊ တံတားစခန်းနဲ့အနီးဆုံး စင်ရော်ချောင်းထဲက သဲကို သမ္ဗန်နဲ့သယ်မယ်၊ စင်ရော်၊ ကမ်းနီ၊ သောင်ပြာက ကျောင်းသားတွေစုလိုက်ရင် တစ်ရာလောက်တော့ ရနိုင်မှာပဲ"

"အေးဗျာ . . . သောင်ပြာနဲ့ဝေးလို့သာပေါ့၊ ကုန်းလမ်းဆိုရင်လဲလွယ်ရဲ့၊ အခုတော့ ရေလမ်းဆိုတော့ သိပ်ခရီးဖင့်တယ်၊ သယ်ရမှာကလဲ သမ္ဗန်နဲ့

ဆိုတော့ လက်ဝင်တယ်”

“မတတ်နိုင်ဘူး ဗိုလ်မှူး၊ အခုနေတော့ ဒီလိုပဲလုပ်ရမှာပဲ”

“ဟုတ်တယ် . . . ကိုသောင်းဒန်၊ သောင်ပြာဆိုရင် ဟောဒီက ဗိုလ်မှူး ပိုင်တယ်”

ဗိုလ်မှူးသိန်းအောင်သည် သောင်ပြာ ငါးဖမ်းသမဝါယမကို စတင် တည်ထောင်သူဖြစ်သည်။ ယင်းလုပ်ငန်းကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်သည်။ အစိုးရက ငွေ ၁၅ သိန်း မတည်ပေးသည်။ ထို ၁၅ သိန်း ဖြင့် ငါးဖမ်းလုပ်ငန်း၊ ငါးပုပ်ခြောက်လုပ်ငန်းလုပ်သည်။ ယခင်က ထိုနေရာ တွင် ပုဂ္ဂလိကများဖြစ်ကြသည့် တရုတ်ကုန်သည်တို့ဝင်သည်။ မြစ်ဝကျွန်း ပေါ်တွင် စပါးပေးပေးသကဲ့သို့ သောင်ပြာတွင်လည်း တရုတ်တို့က ငါးပေး ပေးကြသည်။ ယခုကား သောင်ပြာငါးဖမ်းသမဝါယမပေါ်လာသည်နှင့် တရုတ်ကုန်သည်တို့ ခြေကုပ်လွတ်သွားသည်။ ဗိုလ်သိန်းအောင်သည် သောင်ပြာ ဖွံ့ဖြိုးရေးကို စိတ်ဝင်စားသည်။ လူမှုရေး၊ ပညာရေးမှအစ ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်စေသည်။

“ကဲဗျာ ...သောင်ပြာကို ကျွန်တော်စာရေးပေးလိုက်မယ်၊ ဒီတစ်ခေါက် ကျွန်တော်ရောက်နိုင်အုံးမှာမဟုတ်ဘူး၊ သောင်ဦးဘက် တက်ရအုံးမယ်နဲ့ တူတယ်၊ သောင်ဦးဘက်မှာ နယ်ခြားနဲ့ အကူးအသန်းရှုပ်နေပြန်ပြီ၊ အခြေ အနေ နည်းနည်းလှုပ်ရှားနေတယ်၊ ကျွန်တော်သွားရလိမ့်မယ်”

“ကျွန်တော်သွားပါ့မယ်ဗိုလ်မှူး၊ ဒီကိစ္စကို ကျွန်တော်ပဲစည်းရုံးလိုက်ပါ့ မယ်၊ သောင်ပြာတော့ ဗိုလ်မှူးစာနဲ့ ဗိုလ်မှူးနာမည်နဲ့ပဲ စည်းရုံးလိုက်မယ်” ဗိုလ်ကြီးဇော်သန်းကဆိုသည်။

“အမယ် . . . ခင်ဗျား ကျွန်တော့်နာမည်အလွဲသုံးစားလုပ်ပြီး ငါးပုပ် ခြောက်တွေလဲ သယ်မလာနဲ့အုံးနော်”

သဲကိစ္စအတွက် အဆင်ပြေနိုင်စရာအကြောင်းရှိသည်။ သမ္ဗန်နှင့် သယ်၍မရနိုင်လျှင် ဖောင်ဖွဲ့၍သယ်မည်။ ကျောက်ကိစ္စကျန်သေးသည်။

“လောလောဆယ်လိုတာလား”

"လောလောဆယ်ပဲဥက္ကဋ္ဌကြီး"

"လောလောဆယ်ဆိုရင်တော့ ဒီမှာရှိတဲ့ကျောက်ကိုသုံးရမှာပဲ၊ အဲဒါတော့ မီးရထားနဲ့သယ်ရလိမ့်မယ်၊ မီးရထားဘက်ကသုံးတဲ့ ကျောက်တွေရှိတယ်၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့သုံးမှာကလဲ လိပ်သည်းကျောက်ပဲ၊ သူတို့လဲ အဲဒီကျောက်ကိုသုံးတာပဲ"

"ဟန်တာပေါ့ဗျာ၊ ပြီးတော့ ကျောင်းသားတွေလဲ နွေရာသီမှာ အလုပ်ရသွားတာပေါ့၊ ကျွန်တော်တို့ဆီမှာ လုပ်အားပေးစခန်းတွေ ဖွင့်မလို့ဟာ လုပ်ငန်းက နည်းနေသေးတယ်၊ ခုနေတော့ သောင်ပြာ ငါးဖမ်းသမဝါယမကိုပဲ လေ့လာရေးထွက်ရတယ်၊ အဲဒါလဲ တကယ်တော့ ပျော်ပွဲစားသာသာပါပဲခင်ဗျာ၊ အခုတော့ စင်ရော်တံတားဆောက်တဲ့ဆီကို လေ့လာရေးလွှတ်ရမယ်၊ တံတားစခန်းနားမှာ နွေရာသီလုပ်အားပေးစခန်း ဖွင့်ထားရရင် ကောင်းမှာပဲနော် ဗိုလ်ကြီးဘကြိုင်"

ဗိုလ်ကြီးဘကြိုင်က တွေ၍ စဉ်းစားနေသည်။

"ဟာ . . . မလုပ်ပါနဲ့ခင်ဗျာ၊ ကျွန်တော့်ကောင်တွေတောင်မှ ကျွန်တော်မနည်းထိန်းနေရတာ၊ ကျောင်းသားနဲ့ဆိုရင်တော့ ပြီးရော၊ ကျောင်းသူပါလာရင် မပြောနဲ့တော့၊ စခန်းကကောင်တွေ အလုပ်လုပ်တော့မှာမဟုတ်ဘူး၊ ကျွန်တော်တို့လုပ်ငန်း တော်တော်လေးပြီးတဲ့အချိန်ကျရင်တော့ လေ့လာရေး ပျော်ပွဲစားခရီး ထွက်ချင်ရင်ထွက်ခဲ့ကြပါ" အားလုံးရယ်ကြသည်။

သောင်းဒန်သည် လုပ်စရာရှိသည်တို့ကို ချိန်ဆနေသည်။ ကျောက်ခွဲစက်ကို အမြန်ဆုံးဆင်ရမည်။ ၁၃ မိုင်ကျောက်ခွဲစခန်းကို သွားကြည့်ရမည်။ မီးရထားကသုံးသည့်ကျောက်ကိုကား ကြိုက်သည်။

နောက်တစ်နေ့မှာပင် သောင်းဒန်သည် ဗိုလ်ကြီးဘကြိုင်နှင့် ချိန်းကာ တိမ်ဦးတောင်အတက် ကျောက်မိုင်းကို သွားကြည့်သည်။ ထိုစခန်းတွင် လမ်းအလုပ်သမားများ ကျောက်ခွဲနေသည်ကိုတွေ့ရသည်။ အဆက်အသွယ်များကို မေးမြန်းစုံစမ်းသည့်အခါ စခန်းကြီးဘက်မှ အလုပ်သမားများဟုသိရ

သည်။ သူတို့သည် တောင်ကမ်းပါးယံ လမ်းဘေးတွင်တဲထိုးကာ အဖွဲ့လိုက် နေကြသည်။

"အစားအသောက်များ ဘယ်လိုစားသောက်နေကြသလဲဗျာ"

"သူတို့စားတာက ပဲနဲ့ငါးပိပဲ ကိုသောင်းဒန်၊ အဲဒီရိက္ခာကို စင်ရော် ဆင်းဝယ်တာပဲ၊ ဒါကလွဲလို့ ဘာမှမစားနိုင်ဘူး၊ တစ်ခါတလေ တောကောင် လေးဘာလေး ထောင်လို့ရတယ်ပေါ့၊ မိုးတွင်းဆိုရင်တော့ တောင်ကျချောင်းမှာ ငါးလေးဘာလေး ပေါတယ်"

တိမ်ဦးတောင်သည် ကျောက်တောင်ကြီးဖြစ်သည်။ တောင်မကြီးသည် စင်ရော်–သောင်ဦး ကားလမ်းအလယ်တွင်ရှိသည်။ တောင်မကြီးမှ ဖြာ၍ တောင်နှာမောင်းများ အရှေ့၊အနောက်၊ တောင်၊ မြောက် သွယ်တန်းနေကြ သည်။ စင်ရော်–သောင်ဦးကားလမ်းသည် ထိုတိမ်ဦးတောင်ကိုဖြတ်သည်။ တောင်နှာမောင်းတစ်ခု၏ တောင်နံရံကိုဖြတ်ကာ အခြားတောင်နှာမောင်း တစ်ခုဘက်သို့ ကူးသွားသည်။ ထိုတောင်နှာမောင်းတို့သည် အနောက်ဘက် တွင် ပင်လယ်ကမ်းအထိ ဖြာဆင်းသွားသည်။ ကားလမ်းကားမရှိ။ လူသွား လမ်းတို့သာရှိသည်။ အရှေ့ဘက်ဆိုလျှင် အောင်နိုင်နယ်စပ်အထိ တောင်ကြော အတိုင်း သွားနိုင်သည်။ တောင်ကြောတွင် ကားလမ်းမရှိ။ တောင်ကြောမှ စီးဆင်းသည့် ချောင်းငယ်၊ မြောင်းငယ်လေးများအတိုင်း သွားနိုင်သည်။

"အဲဒီနေရာကစပြီး တိမ်ဦးတောင်တက်တာပဲ ကိုသောင်းဒန်"

ထိုစခန်းကား ၁၃ မိုင်စခန်းဖြစ်သည်။ ကျောက်မိုင်းဆိုသော်လည်း ထူးထူးခြားခြား မိုင်းကြီးမဟုတ်။ တောင်နံရံမှ ကျောက်သားများကို တူးပေါက် ယူကာ ခွဲခြင်းပင်ဖြစ်သည်။ အရွယ်အစားအားဖြင့်ကား သောင်းဒန်လိုချင် သော အရွယ်အစားအထိမရနိုင်။ လက်ဝင်သည်။ လက်သီးဆုပ်ခန့်ရှိ လမ်းခင်း ကျောက်အရွယ်သာရနိုင်မည်။ ပြီးမှ ကျောက်ခွဲစက်ဖြင့် လိုချင်သည့်အရွယ် အစားရအောင် ခွဲယူရမည်။ စင်ရော်လမ်းဌာနမှ အင်ဂျင်နီယာ ဦးတင်မောင် နှင့် ဆက်သွယ်ရမည်။

"အဲ . . . သယ်ဖို့က နှစ်ဆင့်ဖြစ်နေပြီ၊ စင်ရော်တစ်ဖက်ကမ်း ကျီးဖြူ

အထိ ကားနဲ့သယ်ရမယ်၊ ပြီးမှ လှေနဲ့၊ သမ္ပန်နဲ့ စခန်းကိုရောက်အောင် ယူရမယ်၊ ဒီလိုဆိုရင် စရိတ်ကုန်မယ်ဗျာ၊ ကျွန်တော်စိတ်ကူးတစ်မျိုးရလာပြီ၊ မဖြစ်တော့ဘူး၊ လုပ်ငန်းတွင်ကျယ်အောင် တံတားချဉ်းကပ်လမ်းတွေ အမြန်ဖောက်မှပဲ၊ ဒီဘက်ကဆိုရင် တံတားကနေ ငါးမိုင်ခွဲအထိ လမ်းဖောက်ရမယ်၊ ပြီးတော့ စင်ရော်နဲ့စခန်းကိုလဲ ချဉ်းကပ်လမ်းအမြန်ဖောက်မှပဲ၊ ဒီဘက်လမ်းကတော့ ဟုတ်ပြီဗျ၊ ဌာနချုပ်ကပေးတဲ့ လျာထားချက်အတိုင်း ဖောက်မှာပဲ၊ ဒါပေမဲ့ စင်ရော်ဘက်ကမ်းက သူတို့ပေးတဲ့လမ်းအကြောင်းနဲ့ ကျွန်တော် စိတ်ကူးထားတဲ့ လမ်းအကြောင်းမတူဘူး၊ ကျွန်တော်က စင်ရော်မြို့ကောသွားမှာစိုးလို့"

"ခင်ဗျား ဗိုလ်မှူးသိန်းအောင်ကို ပြောနေသံကြားပါတယ်၊ လုပ်ဗျာ၊ ကျွန်တော်တို့ဘက်ကလဲ ထောက်ခံမယ်၊ ဗိုလ်ကြီးဇော်သန်းရယ်၊ ကျွန်တော်ရယ် ထောက်ခံမယ်၊ ဗိုလ်မှူးသိန်းအောင်ကလဲ သဘောတူမှာပဲ၊ ဘာပဲဖြစ်ဖြစ် စင်ရော်နဲ့တံတားစခန်းကတော့ လမ်းဖောက်ရမှာပဲ၊ ဒါမှ ခင်ဗျားပစ္စည်းတွေ သယ်ဖို့၊ လူသွားဖို့လွယ်မယ်မဟုတ်လား၊ ခုတော့ ရေလမ်းတစ်ခုတည်း အားကိုးနေရတယ်"

သူတို့နှစ်ယောက် ၁၃ မိုင်ကျောက်မိုင်းမှ ပြန်လာကြသည်။ ရှစ်မိုင်တွင် တစ်ထောက်နားကြသည်။ ထိုရွာလေးကား လမ်းလုပ်သားများတည်သည့်ရွာဖြစ်သည်။ ယခုမူ စည်စည်ပင်ပင်ရှိနေပြီ။ အစက အိမ်ခြေနှစ်ဆယ်ခန့်သာရှိသည်။ ယခု တစ်ရာခန့်ရှိနေပြီဟုဆိုသည်။ သူတို့အဖွဲ့ရောက်လာသဖြင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဘယ်လိုလဲဗျို့ . . . ဗိုလ်ဘကြိုင်၊ သူတို့ကြည့်ရတာ မျက်နှာမကောင်းကြဘူးဗျ"

"နေအုံး၊ ကျွန်တော် စနည်းနာလိုက်အုံးမယ်"

ဗိုလ်ကြီးဘကြိုင်သည် သူကြီးကိုခေါ်၍တွေ့သည်။ ဤဒေသကား စင်ရော်မြို့နယ်အပိုင်ဖြစ်သည်။ တိမ်ဦးတောင်အတက် မိုင်တိုင် ၁၈ တွင် စင်ရော်မြို့နယ်ဆုံးသည်။ ဟိုဘက်ကား သောင်ဦးနယ်ဘက်ဖြစ်သည်။

"အခြေအနေသိပ်မကောင်းဘူး ကိုသောင်းဒန်၊ သူပုန်တွေ နည်းနည်းကူးသန်းသွားလာနေကြတယ်၊ မနေ့ကပဲ ဗိုလ်မှူးသိန်းအောင်ပြောတယ်မဟုတ်လား၊ ကျွန်တော်တို့ ကျောက်မိုင်းတူးမယ်ဆိုရင် အစောင့်အကြပ်လိုလိမ့်မယ်၊ ဒါမှစိတ်ချရမယ်"

"ခုတွေ့ခဲ့တဲ့ ကျောက်တူးသမားတွေကောဗျာ"

"သူတို့က လက်စနဲ့မို့တဲ့၊ ကနေ့ မနက်ဖြန်သိမ်းလာတော့မှာတဲ့၊ သူတို့လဲ မနေရဲဘူးတဲ့၊ ခုဟာက စင်ရော်လမ်းမကြီးဖောက်ဖြူးဖို့အတွက် လမ်းဌာနက အစပျိုးတာကိုးဗျ၊ ဒီအတိုင်းဆိုရင်တော့ တပ်ပါမှဖြစ်မယ်၊ ရဲနဲ့ချည်းမဖြစ်ဘူး"

လှုပ်ရှားနေသည်ပဲပြောသည်။ တခြားဘာမှမပြော။ သောင်းဒန် ကလည်း မမေးချင်။ ယင်းတို့မှာ သူ့ကိစ္စမဟုတ်။

သူ့ကိစ္စကား ကျောက်ရရေးပင်ဖြစ်သည်။ ဗိုလ်မှူးသိန်းအောင်နှင့် တိုင်ပင်ရမည်။ အစောင့်အကြပ်ကို သူ့ဆီကတောင်းရမည်။ ဒီဒေသတွင် ခြေကုပ်ယူရမည်ဟု ဗိုလ်မှူးသိန်းအောင် ပြောသွားသည်။ ကျောက်မိုင်းတူးရင်းနှင့် တပ်စခန်းစိုက်နိုင်သည်။ အလယ်တွင် တစ်ထောက်စခန်းတစ်ခုချရမည်။ လမ်းဖောက်ပြီးလျှင် သယ်ရလွယ်မည်။

သူကြီးက သူတို့နှစ်ယောက်ကို နာနတ်သီးကျွေးသည်။

"စား . . . ကိုသောင်းဒန်၊ ခင်ဗျား လျှာလည်သွားမယ်၊ ခင်ဗျားတို့ ရန်ကုန်ရောက်လာတဲ့ ဒါးပိန်နာနတ်နဲ့ ဆီနဲ့ရေကွာတယ်၊ ဒီက နာနတ်က အလုံးလဲကြီးတယ်၊ အရသာလဲရှိတယ်၊ ဟောဒီ ၈ မိုင်ရွာကနေပြီး သိန်းရဲချောင်းအတိုင်း အနောက်ဘက်တက်သွားမယ်ဆိုရင် တောင်ခြေမှာ သိန်းရဲရွာလေးရှိတယ်၊ အဲဒီကဒူးရင်းသီးက သိပ်နာမည်ကြီးတာပဲ၊ အခုမပေါ်သေးဘူး၊ ပေါ်မှ ကျွေးရအုံးမယ်"

ဗိုလ်ကြီးဘကြိုင်ပြောသည့်အတိုင်း ၈ မိုင်နာနတ်သည် လေးလေးပင်ပင်ချိုသည်။

"ဒီနယ်မှာ သီးနှံဆိုလို့ ဒူးရင်း၊ မင်းကွတ်၊ နာနတ်ပေါတယ်၊ အဲ . . . အသီးအရွက်ကျတော့ရှားတယ်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ မုန်လာ

အဲဒါတွေမရှိဘူး၊ သူတို့က လယ်လဲသိပ်မစိုက်ဘူးဗျ၊ သူတို့စိုက်တာက တောင်ယာစပါးပဲ၊ သိပ်ပြီးခွန်အားမစိုက်ရဘူးပေါ့ဗျာ၊ တောင်စောင်းမှာ သစ်ပင်ကြီးတွေခုတ်၊ ဝါးရုံတောတွေမီးရှို့ပြီးတော့ တောင်ယာစပါးကြဲလိုက်တာပဲ၊ ခြံဆိုတာကတော့ သိပ်ကရိကထများတာမှမဟုတ်ဘဲ၊ သူတို့စားတာက တောင်ယာစပါးပဲ၊ ဆန်စက်လဲ ဒီဘက်မှာမရှိဘူး၊ မောင်းထောင်းဆန်ပဲစားတယ်၊ ဒီက ဟိုဘက်သောင်ဦးနယ်မှာဆိုရင် မိုင်းအလုပ်နဲ့ ခြံအလုပ်ပဲလုပ်တယ်၊ ဒီတော့ တခြားကုန်တွေရှားတာပေါ့ဗျာ၊ တစ်လောက ဟောဒီမှာ ရေနံဆီတစ်ပုလင်း ၂ ကျပ်တောင်ဖြစ်သွားတယ်၊ ဆားတစ်ပိဿာ ၂ ကျပ်အထိဖြစ်သွားတယ်"

"ဟာ . . . လွန်လွန်မင်းမင်းဗျာ"

"စစ်တပ်က စင်ရော်–သောင်ဦးလမ်းကို ပိတ်ပစ်လိုက်တယ်ဗျ၊ မပိတ်လို့လဲ မဖြစ်ဘူး၊ ကူးသန်းသွားနေတာက မှောင်ခိုချည်းပဲ၊ မှောင်ခိုဆိုတာကလဲ တောထဲရောက်တော့ သူပုန်နဲ့အဆက်အသွယ်လုပ်ရတာပဲ၊ ရိက္ခာက အစ သတင်းပလင်းအစုံ သူပုန်ကိုဆက်ရတယ်၊ လမ်းပိတ်ပေမဲ့ မရပါဘူး၊ ကားလမ်းမဟုတ်တဲ့ တောလမ်းတွေအများကြီးပဲ၊ ခုတော့ လမ်းပြန်ဖွင့်ရတော့မယ်၊ နယ်မြေမှာ ပစ္စည်းရှားပါးသွားတယ်၊ အခြားလူသုံးကုန်တွေက မိုးတွင်းမှာရှိတဲ့လမ်းကပဲ လာတာကိုးဗျ၊ လမ်းပိတ်လိုက်တော့ ဈေးတက်ကုန်တာပေါ့"

သောင်းဒန်သည် စင်ရော်တံတားအမြန်ပြီးရန် ပို၍ထက်သန်လာသည်။ စင်ရော်တံတားသည် နယ်မြေဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုလိမ့်မည်ဟု ပို၍ယုံကြည်လာလေသည်။

၁၃ မိုင်မှပြန်လာလျှင် ဗိုလ်မှူးသိန်းအောင်နှင့်တွေ့သည်။ ကျောက်မိုင်းလုံခြုံရေးအတွက်တင်ပြသည်။ ဗိုလ်မှူးသိန်းအောင်ကလည်း အစောင့်ချပေးမည်ဟုဆိုသည်။

"ဒါပေမဲ့ အခြေအနေအရပဲ ကိုသောင်းဒန်၊ အခြေအနေအရဆိုတာက ခင်ဗျားရဲ့တံတားစခန်းမှာလဲ တပ်စုတစ်စုချပေးရအုံးမယ်၊ ကျောက်မိုင်းမှာလဲ တပ်စိတ်တစ်စိတ်ပေးရမယ်ဆိုရင် ကျွန်တော့်မှာလူမရှိတော့ဘူး၊ တခြား

စခန်းတွေလဲ ရှိသေးတယ်၊ ဒီတော့ လူပိုရင် တပ်စိတ်တစ်စိတ် ကျောက်မိုင်းမှာ ချပေးမယ်၊ မပိုရင် ခင်ဗျားတံတားမှာချထားမဲ့တပ်စုထဲက ခွဲပြီးပေးရလိမ့်မယ်”

သောင်းဒန်သဘောတူသည်။ အလုပ်ဖြစ်ဖို့အရေးကြီးသည်။ ဘယ်လိုပဲပေးပေး ရတာပဓာနသာဖြစ်သည်။ အမှန်စင်စစ် စခန်းတွင် တပ်စုတစ်စုဆိုသည်မှာ များလှသည်။ ယခုအထိကား တံတားစခန်းတွင် ဘေးအန္တရာယ်မရှိသေး။ ကြို၍တော့ တွက်မထားတတ်။ သူလည်း စစ်ရေးစစ်ရာကျွမ်းကျင်သူမဟုတ်။

သို့နှင့် စခန်းသို့ရောက်သည်မှာ နှစ်လချဉ်းလာခဲ့ပြီ။ ဒီကြားထဲတွင် အမှုကိစ္စကလေးများ ပေါ်လာသည်။ ယင်းမှာ တပ်ကြပ်ကျော်ခင်၏ကိစ္စနှင့် စက်မောင်းသိန်းတင်၏ ကိစ္စဖြစ်သည်။

တစ်နေ့တွင် စင်ရော်သို့ ကုန်သွယ်ရေးပစ္စည်းကိစ္စ စနည်းနာရန် အရောက်တွင် နလကဉက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင်က တပ်ကြပ်ကျော်ခင် အကြောင်း ပြောသည်။

“တိုင်တာတော့မဟုတ်ပါဘူး ဦးသောင်းဒန်၊ ဒါပေမဲ့ ခင်ဗျားက သူ့ကို တော်တော်လေးဟောက်လိုက်တယ်ဆိုဗျ၊ ကျွန်တော်တို့ စင်ရော်လာပြီး တပ်ထဲမှာ ပြောနေတယ်”

“အေးဗျာ . . . စိတ်ပေါက်ပေါက်ရှိတာနဲ့ ပြောလိုက်တာပဲ၊ ဗိုလ်မှူးသိန်းအောင်ကိုတောင် မပြောရသေးဘူး၊ ကျွန်တော်လဲ ကြုံရင်ပြောလိုက်ပါ့မယ်၊ ဗိုလ်ကြီးလဲ ကြုံရင်ပြောလိုက်ပါ၊ ဖြစ်တာက ဒီလိုဗျ”

သောင်းဒန်က အဖြစ်အပျက်ကို ပြောပြသည်။

“ကျွန်တော်က ဗိုလ်မှူးကိုတောင်ပိတ်ထားတာ၊ ဟိုတုန်းက ဘယ်လိုပဲခေါ်ခေါ်၊ အရပ်က ဘယ်လိုပဲခေါ်ခေါ်ပေါ့ဗျာ၊ အခုလို စိတ်ဓာတ်ကျနေတုန်းမှာ မသိရင်ကောင်းတာပေါ့၊ အဲဒါ သူကအလုပ်သမားတွေကိုပြောသတဲ့၊ ဒါပြန်ပေးတောင်ပဲ၊ ဒီမှာပြန်ပေးဆွဲတဲ့လူကို သတ်ပစ်တယ်၊ ဘာညာပေါ့ဗျာ”

ဗိုလ်ဘကြိုင်ကရယ်သည်။

"ကျွန်တော်တောင် အဲဒီတုန်းကမရောက်သေးဘူး၊ ကျွန်တော်ပြော လိုက်ပါ့မယ်"

နောက် အမှုကိစ္စတစ်ခုက စက်မောင်းသိန်းတင် ရန်ကုန်သို့ ပြန်ပြေး ခြင်းပင်ဖြစ်သည်။ သူနှင့်အတူ ချစ်မောင်နှင့် မောင်ကြီးပါသွားသည်။ ရောက်စ က သိန်းတင်စိတ်ဓာတ်ပျက်သည်။ ငိုငိုရယ်ရယ်ဖြစ်သည်။ ဝိုင်း၍ စိတ်ဓာတ် မြှင့်ပေးကြသည်။ ကြိမ်းတစ်လှည့်၊ မောင်းတစ်လှည့်၊ ချော့တစ်လှည့် ပြောကြ၊ ဆိုကြ၊ ဖျောင်းဖျကြရသည်။ တဲများထိုးအပြီး နေသားကျသွားသည့်အခါ ဟန်လာသည်။ နေရေးထိုင်ရေးအဆင်ပြေသည့်အခါ စားရေးသောက်ရေး ဝင်ရှုပ်လာပြန်သည်။

ရောက်စတွင် သူတို့အားလုံးစုပေါင်း၍ ချက်ပြုတ်စားကြသည်။ သောင်းဒန်ကအစ သုံးကျပ်ဆယ့်ငါးပြား အလုပ်သမားအဆုံး စုပေါင်းရိပ်သာ တွင် ပါဝင်သည်။ သားဈေး၊ ငါးဈေးကြီးသည်ကိုအကြောင်းပြု၍ တစ်ယောက် လေးဆယ်ထက် စားစရိတ်မကုန်အောင်စားသည်။ လူတိုင်းပင် လေးဆယ် ထည့်ဝင်စေသည်။ တစ်ပတ်အသားဟင်း နှစ်ခါစားသည်။ ကျန်ရက်မှာ ဟင်းသီးဟင်းရွက်ဟင်းဖြစ်သည်။ တစ်ခါတစ်ရံ အရောအနှောနှင့်စားသည်။ ဒီအချိန်တွင် အများဆုံးအကူအညီပေးသူမှာ ဗိုလ်မှူးသိန်းအောင်ဖြစ်သည်။ ဗိုလ်မှူးသိန်းအောင်က "မပူနဲ့ကိုသောင်းဒန်၊ ကုန်သွယ်ရေးနဲ့ ပစ္စည်းရအောင် လဲ စီစဉ်ပေ့ါ ၊ ကျွန်တော်လဲကူညီပါ့မယ်"ဟုဆိုကာ ပဲအိတ်များနှင့် ဆန်အိတ် များ ပို့လိုက်သည်။ သူ့တပ်မှ ပိုလျှံနေသော ရိက္ခာများဖြစ်သည်ဟု သိရသည်။

ထိုအချိန်တွင် စင်ရော်၌ ဝက်သား ၁၀ ကျပ်၊ ကြက်သား ၁၂ ကျပ်၊ ငါး ၈ ကျပ်၊ ပုစွန် ၁၀ ကျပ်၊ ဆီ ၁၀ ကျပ်ဈေးဖြစ်နေသည်။ ငါးသလောက်၊ ငါးကြီး၊ ငါးရံ့မှာ ဈေးအချိုဆုံးဖြစ်သည်။ ၅ ကျပ်၊ ၆ ကျပ် ဈေးသာရှိသည်။ သို့ဖြစ်ရာ စုပေါင်းစားသောက်မှအဆင်ပြေမည်ဟု မျှော်လင့်ကာ စုပေါင်း ရိပ်သာဖွင့်ခြင်းဖြစ်သည်။ ထမင်းစားချိန်ကို အတိအကျသတ်မှတ်ထားသည်။ ရိပ်သာစည်းကမ်းကို သောင်းဒန်က တင်းတင်းကြပ်ကြပ် စောင့်ထိန်းစေသည်။ သူကိုယ်တိုင်လည်း အများနှင့်ဝင်၍စားသောက်သည်။ ဒီအထဲတွင် ဒီအသား

မစားဘူးဟု ရှောင်သူများရှိသည်။ သို့ဖြစ်ရာ အစားများသည့် ငါးနှင့် ကြက်ကိုသာ တစ်လှည့်စီလိုလို ချက်စေရသည်။ အိမ်သူများမရောက်သေးရာ ချက်ပြုတ်ရာ၌ ဟန်ကျပန်ကျမဖြစ်။ အိုးကြီးချက်လည်းဖြစ်သဖြင့် မြိုးမြိုးမြက်မြက်မရှိ။

သိန်းတင်သည် အစားအသောက်နှင့်ပတ်သက်၍ ကြေးထူလာသည်။ တောင်တောင်ဤဤ ပြောချင်လာသည်။ သောင်းဒန်သည် ထိုအကြောင်းကိုသိသည်။ ထို့ကြောင့် သိန်းတင်ကို အချော့ခိုင်းသည်။

"ကဲ . . . မိန်းမတွေပြန်ခေါ်ဖို့ စီစဉ်ကြတော့၊ စာရေးကြ၊ မိုးမကျခင်ရောက်ရင်ကောင်းမယ်၊ မိုးကျရင် အသွားရ၊ အလာရခက်မယ်"ဟု အမှာခိုင်းသည်။ စာရေးခိုင်းသည်။ တစုတဝေးတည်းလာကြဖို့လည်း တတ်နိုင်သမျှ ညှိနှိုင်းစေသည်။ တစုတဝေးတည်းလာကြမည်ဆိုလျှင် လူနှစ်ယောက်လောက်လွှတ်၍ အခေါ်ခိုင်းမည်ဟု သောင်းဒန်စိတ်ကူးထားသည်။ ထိုအချိန်တွင် စက်မောင်းသမားသိန်းတင် ပြန်စကားပြောသည်။

"မင်းတို့ပဲ တံတားပြီးမှပြန်ပို့မယ်ဆို၊ ဘယ့်နှယ်လဲကွ၊ ဒေါင်ဒေါင်မြည်တွေထဲမှာ မင်းပါတယ်မဟုတ်လား၊ ပထမဆုံးလေးဆယ်ထဲမှာ မင်းပါတယ်လေကွာ၊ မင်းတို့ပဲ လက်မှတ်ထိုးထားတယ်မဟုတ်လား၊ မင်းတို့ကတိမင်းတို့ဖျက်တော့မှာလား"

ဒီနည်းနှင့် ပြော၍လည်းမရ။

"မကြာခင် မိန်းမတွေရောက်လာတော့မယ်မဟုတ်လား၊ စားရေးသောက်ရေးအဆင်ပြေမှာပေါ့ကွာ၊ နေရေးထိုင်ရေးလဲ အဆင်ပြေမှာပါ"

ဒီနည်းနှင့်လည်း ပြော၍မရ။

သိန်းတင်သည် စက်မောင်းသမားဖြစ်သည်။ စက်ကြီး စက်ကလေးအားလုံးလိုလိုမောင်းနိုင်သည်။ စက်ပြင်လည်းတတ်သည်။ မြေထိုးစက်၊ မြေညှိစက်၊ မြေသယ်စက်၊ ဝန်ချီကရိန်းအားလုံး သူမောင်းတတ်သည်။ အလုပ်လုပ်ရာတွင်လည်း မညည်းမညူလုပ်သည်။ ဖင်နာတယ်၊ ခေါင်းနာတယ်ဟု ရေသာခိုတတ်သူမဟုတ်။ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း အဆင်ပြေသည်။

သို့ဖြစ်ရာ သိန်းတင်ကိုလက်မလွှတ်ချင်။ ရန်ကုန်တွင်ဆိုလျှင် သိန်းတင်လို ကျွမ်းကျင်သည့်အလုပ်သမား အရှာရလွယ်သည်။ ထို့အတူ ဦးခင်လို ပန်းပဲဆရာကိုလည်း သောင်းဒန် လက်မလွှတ်နိုင်။ လိုချင်သည်ကို ဖြစ်အောင် လုပ်ပေးတတ်သည့် ပန်းပဲဆရာဖြစ်သည်။ ညွှန့်အေးလို သံချိုသံကွေး အလုပ်သမားကိုလည်း သောင်းဒန်မရနိုင်။ သီရိတံတားတွင် အတွေ့အကြုံ ကောင်းကောင်းရသူဖြစ်သည်။

"ကဲ . . . ပြောလို့မရရင်ပြန်ပေါ့ကွာ"

သောင်းဒန်လက်လျှော့လိုက်သည်။ ခေါင်းကိုက်ချင်သလိုလိုဖြစ်လာသည်။

"မပူပါနဲ့ဆရာကြီး၊ ကျွန်တော်တို့ရအောင်ရှာပေးပါ့မယ်" စက်ကြီးမောင်း ဘလှကပြောသည်။

"သောင်ဦးမှာ အေးမောင်ဆိုတာရှိတယ်ဆရာကြီး၊ ကျွန်တော်တို့ သူငယ်ချင်းပဲ၊ ဟိုမှာက သူ့အလုပ်ဖြုတ်တော့မယ်၊ သောင်ဦး အစိုးရမိုင်းမှာ လုပ်နေတယ်၊ သိပ်အဆင်မပြေလှဘူးပြောတယ်၊ သူလာချင်တယ်လို့ ရန်ကုန်မှာတုန်းကပြောတယ်၊ ကျွန်တော်တို့စာရေးမှာပေးမယ်ဆရာကြီး"

"အေးကွာ မင်းတို့ပါဝိုင်းပြီးရှာမှပဲ၊ ဒါမှမဟုတ်ရင် လူသစ်မရသေးခင်အကြား မင်းကတော့သက်သာမှာမဟုတ်ဘူး၊ နှစ်ဆတိုးလုပ်ရလိမ့်မယ်"

"စိတ်ချဆရာကြီး၊ ကျွန်တော်အချိန်ပိုလုပ်ပေးမယ်ဆရာကြီး"

"မင့်ကောင်က သိန်းတင်တို့လို စက်အမျိုးမျိုးမောင်းနိုင်ရဲ့လား"

"ရတယ်ဆရာကြီး၊ ဒီကောင်က သိန်းတင်ထက်တောင် လုပ်သက်ရင့်သေးတယ်၊ ကလေး ၆ ယောက်နဲ့ မစားလောက်၊ မသောက်လောက်ဖြစ်နေလို့ သောင်ဦးမိုင်းမှာ လခကောင်းတာနဲ့သွားလုပ်တာ"

"အေးကွာ . . . ခေါ်ကြည့်အုံးပေါ့"

သိန်းတင်ပြန်မည့်အတွက် သောင်းဒန်ခေါင်းမခဲတော့။ သို့သော် နောက်ဆက်တွဲပြဿနာတို့ပေါ်လာသည်။ လက်သမားညွှန့်ရွှေနှင့် သံချိုသံကွေး ညွှန့်အေးတို့ပါ သိန်းတင်နှင့်ပြန်၍လိုက်မည်ဟု လေသံထွက်လာ

သည်။ လက်သမားညွှန့်ရွှေမှာ သူ့မိန်းမ ကိုယ်လေးလက်ဝန်နှင့်မို့ စင်ရော်သို့ မခေါ်ချင်။ မိန်းမကလည်းမလိုက်ချင်။ ထို့ကြောင့် ရန်ကုန်ပြန်တော့မည်။ ထို့အတူ သံချိသံကွေး ညွှန့်အေးကလည်း ကလေးများကျောင်းထားရေး အတွက် ရန်ကုန်မှာပဲ ရရာအလုပ်လုပ်တော့မည်ဟုဆိုသည်။ သိန်းတင်နှင့် ညွှန့် နှစ်ညွှန့် ပေါင်းမိနေပြီ။

"ကလေးတွေကျောင်းထားဖို့က အရေးကြီးတယ်ဘကြီးခင်၊ ဘကြီး ခင်မှာ ကလေးမရှိလို့ ဒီပြဿနာမပေါ်ဘူး၊ ကျွန်တော့်မှာ သားသုံးယောက် ရှိတယ်၊ ဒီကောင်တွေကို ကျောင်းကောင်းကောင်းထားရမယ်၊ ကျွန်တော် ခုနစ်တန်းနဲ့ထွက်ခဲ့ရတာ သိပ်နာတာပဲ"

ညွှန့်အေးက ရင်းနှီးသော ပန်းပဲဆရာဦးခင်ကိုပြောသည်။ ညွှန့်အေး သည် အမြတ်တော်ရုံးစာရေးကြီး၏ သားကြီးဖြစ်သည်။ သူ့အောက် နှမ နှစ်ယောက်ရှိသည်။ သူ့အဖေသည် ကျောက်ဆည်ဇာတိဖြစ်သည်။ ဆည်ရုံး တွင် စာရေးလုပ်နေရာမှ မန္တလေးအမြတ်တော်ဝန်ထောက်ရုံးသို့ စာရေးကြီး အဖြစ် ပြောင်းရွှေ့သည်။ အမြတ်တော်ဝန်ထောက်နှင့် ခင်မင်ရင်းနှီးသည်။ မိဘလက်ထက်ကတည်းက ရင်းနှီးသူများဖြစ်ရာ ညွှန့်အေးအဖေနှင့် အမြတ် တော်ဝန်ထောက်တို့သည် မန္တလေးတွင် ကြီးပွားကြသည်။ အမြတ်တော် ဝန်ထောက်၏ဝင်ငွေ ဆယ်ပုံတစ်ပုံခန့် ညွှန့်အေးအဖေလည်းရသည်။ သို့ဖြစ်ရာ ညွှန့်အေးအဖေသည် အသောက်အစားဖက်လာသည်။ အသောက်လွန်တော့ အသည်းရောဂါရလာသည်။

"အဖေဆုံးတော့ ကျွန်တော် ၇ တန်းရောက်နေပြီ ဘကြီးခင်၊ ကျွန်တော် ပညာကို ဆက်ပြီးသင်ချင်တယ်၊ ဒါပေမဲ့ သင်လို့မရတော့ဘူး၊ ဒါနဲ့ စစ်ထဲဝင်ဖို့ ကြိုးစားသေးတယ်၊ အသက်ငယ်တာနဲ့ လက်လျှော့လိုက်ရတယ်၊ အဲဒီတုန်းက ခေတ်ကလဲမကောင်းဘူး ဘကြီးခင်၊ ရန်ကုန်အစိုးရခေတ်ဖြစ်နေတယ်၊ အင်းစိန်သူပုန်တွေ ဆူတုန်းပူတုန်းပေါ့၊ စသုံးလုံးဆိုတာတောင် မပေါ်သေးဘူး၊ အမြတ်တော်ဝန်ထောက်လဲပွ၊ ကျွန်တော်တို့အဖေလဲပွတာပဲ၊ ဒါပေမဲ့ သူ သောက်စားပစ်တာနဲ့ကုန်တာပဲ၊ အဖေသေတော့ ကျွန်တော်တို့ ချွတ်ခြုံကျ

ဖြစ်တာပဲ၊ လူကလဲ မလောက်လေး မလောက်စားအရွယ်၊ နှမလေး နှစ်ယောက်နဲ့၊ ဒီတော့ ကျွန်တော်ကခေါင်းဆောင်ပြီး အိမ်ထောင်ကိုဦးစီး ရမလို ဖြစ်လာတယ်၊ ချက်ချင်းပဲ ကျောင်းထွက်ပြီး ကျွန်တော်တို့မိသားစု ကျောက်ဆည်ကို ပြန်ပြောင်းလာတယ်၊ ကျောက်ဆည်ဝန်ထောက်ရုံးမှာ အကူစာရေးဝင်လုပ်တယ်၊ နေရာမကျဘူး၊ အလုပ်ရဖို့မလွယ်ဘူး၊ ဒါနဲ့ သူငယ်ချင်းတစ်ယောက်နဲ့တိုင်ပင်ပြီး ရန်ကုန်ဆင်းလာတယ်၊ ရန်ကုန်မှာ အလုပ်မျိုးစုံလုပ်ဖူးတယ်၊ နောက်တော့ ဗိုလ်ချုပ်ကြီးရဲ့အိမ်စောင့်အစိုးရ လက်ထက်မှာ သာကေတကိုအရွှေ့ မိန်းမရတာပဲ၊ မိန်းမရတော့ ကျွန်တော် လမ်း၄၁နရောက်နေပြီ၊ အင်းစိန်မှာ ဆရာဦးလှမင်း တို့နဲ့တွေ့တယ်၊ အဲဒီ ကတည်းက လမ်း၄၁နမှာ မြဲတော့တာပဲ၊ သီရိတံတား အထိဆိုပါတော့၊ အညာမှာ နှမနှစ်ယောက်လဲ ယောကျ်ားရပြီ၊ အမေလဲ ဆုံးပြီ၊ နှမနှစ်ယောက် စလုံးပဲ ပညာတတ်တွေနဲ့ရတယ်၊ တစ်ယောက်က ဆန်ဝန်ထောက်ကလေးနဲ့ ရတယ်၊ ဟန်ကျပန်ကျဖြစ်နေပြီ၊ တစ်ယောက်က ရွှေဘိုဘက်က ဆည် အင်ဂျင်နီယာလေးနဲ့ရတယ်၊ သူလဲ ချောင်ချောင်လည်လည်ပဲ၊ ကျွန်တော် တစ်ယောက်သာ ဒုက္ခရောက်ကျန်ရစ်တာ ဘကြီးခင်"

"ဒီလိုပေါ့ကွာ၊ ကံအကြောင်းတရားက ဒီလိုဖန်တီးလာတာကိုး"

"ကျွန်တော်လဲ ကံကိုယုံးမယ်ဖွဲ့ရတာပဲ ဘကြီးခင်၊ ဒါပေမဲ့ ကျွန်တော့် သားတွေ ကျွန်တော့်လိုမဖြစ်စေချင်ဘူး၊ သူတို့ကို ပညာတတ်စေချင်တယ်၊ အခု တံတားဆောက်တဲ့ ဆရာကြီးတို့လို အင်ဂျင်နီယာဖြစ်စေချင်တယ်၊ ကျွန်တော့် အဖေရဲ့ဆရာလို အမြတ်တော်ဝန်ထောက် ဖြစ်စေချင်တယ်၊ ဆရာဝန်ဖြစ်စေ ချင်တယ်"

"ဒါတွေဟာ မင်းတို့၊ ငါတို့ လက်လှမ်းမမီဘူး မောင်ညွှန့်အေး"

"ဘာလို့မမီရမှာလဲ ဘကြီးခင်၊ ကျွန်တော်သာ ကျောင်းဆက်မနေနိုင်လို့ ဒုက္ခရောက်တာ၊ ကျွန်တော့်သားတွေကို ကျွန်တော်ပညာသင်ပေး ချင်တယ်၊ အလတ်ကောင်က ချွန်မဲ့ပုံပဲ ဘကြီးခင်၊ အခုပဲ 'က' ကန်စွန်းပင် ရေမှာရှင်၊ 'ခ' ခရမ်းသီး ခါးနဲ့လှီး၊ 'ဂ' ဂဏန်းကောင် လက်မထောင်ကို အစအဆုံး အလွတ်

ရနေပြီ”

ထိုအကြောင်းတို့အားလုံး သောင်းဒန်၏နားသို့ ရောက်လာသည်။ သောင်းဒန်စိတ်မကောင်း။ သို့သော်လည်း မတတ်နိုင်။ သူလက်လှမ်းမီသရွေ့ကား ပြုစုပျိုးထောင်ပေးနိုင်သည်။ အားပေးစကားပြောနိုင်သည်။ အားပေးရုံပဲတတ်နိုင်သည်။ တစ်ဖန် သောင်းဒန်သည် ညွှန့်အေးကို ကိုယ်ချင်းစာသည်။ သူကိုယ်တိုင် တက္ကသိုလ်ကိုရောက်နိုင်လျက်နှင့် မရောက်ခဲ့ရ။ ရောက်ပြန်တော့လည်း ဘွဲ့ရအောင်မနေခဲ့ရ။ သူလိုချင်သည်မှာ တက္ကသိုလ်ကပေးသည့် အင်ဂျင်နီယာဘွဲ့။ ရသည်မှာ အင်းစိန်စက်မှုကျောင်းဆင်းလက်မှတ်။

“မင်းတို့ကလေးတွေအတွက် ကျောင်းဖွင့်ပေးဖို့ ငါစီစဉ်မယ်ကွာ၊ ဖြစ်စေရမယ်”

သောင်းဒန်က ကြေညာလိုက်သည်။ စောစောကမူ အိမ်ထောင်သည်များ ရောက်လာလျှင် ကျောင်းသားများကို စင်ရော်သို့ မော်တော်နှင့်ပို့ကာ ကျောင်းတက်စေမည်ဟု သောင်းဒန်စိတ်ကူးထားသည်။ ငါးတန်း၊ ခြောက်တန်းအရွယ်များအတွက် လွယ်သည်။ ‘က’ ကန်စွန်းပင်ရေမှာရှင် အတန်းအတွက် သွားရေး၊ လာရေး မလွယ်ကူလှ။ မူလတန်းကျောင်းတစ်ခုဖွင့်မှဖြစ်မည်ဟု သောင်းဒန်စိတ်ထဲတွင် တေးထားလိုက်သည်။

ညွှန့်အေး နောင်တရသည့်အတွက် သောင်းဒန်ဝမ်းသာသည်။ သို့သော် ညွှန့်အေးကိုကား လက်မလွှတ်ချင်။ သိန်းတင်နှင့် ညွှန့်နှစ်ညွှန့် တပူးပူးတတွဲတွဲလုပ်နေသည်။ သိန်းတင်ကဦးဆောင်ကာ အဖော်ညှိနေခြင်းပင်ဖြစ်ရမည်ဟု သောင်းဒန်တွက်သည်။ ထို့ကြောင့် ဘလှနှင့်ဦးခင်တို့ကို စနည်းနာခိုင်းသည်။

“သိန်းတင်ဆိုတဲ့ကောင် ရန်ကုန်မှာ အားကိုးရှိရမယ်ဦးခင်၊ အဲဒါ စုံစမ်းပေးစမ်းပါ”

ဟုတ်သည်။ သိန်းတင်တွင် အားကိုးရှိသည်။ သိန်းတင်မိန်းမနှင့် ညွှန့်ရွှေမိန်းမတို့ အဆက်အသွယ်ရှိကြသည်။ ညွှန့်ရွှေမိန်းမ တင်မေသည် ဗိုက်ကြီးတစ်ခွဲသားနှင့် သာကေတ စေတနာဝေဖြာ ဆေးကုခန်းသို့အလာတွင်

အင်ဂျင်နီယာ ဦးသိန်းဖေနှင့်တွေ့သည်။ ဦးသိန်းဖေကား ရန်ကုန်ဖောင်ကြီး လမ်းတွင် တံတားဆောက်လမ်းပြင်နေသည့် အင်ဂျင်နီယာဖြစ်သည်။ သီရိ တံတားတွင် ခဏလုပ်ဖူးသည်။ သောင်းဒန်၏အလုပ်သမားများ ကျွမ်းကျင် သည်ကိုသိသည်။ ထိုစဉ်က ညွှန့်ရွှေသည် ဦးသိန်းဖေနှင့် ခဏတွဲလုပ်ရသည်။

ညွှန့်ရွှေဆီသို့ ထမင်းပို့ ခဏခဏလာသဖြင့် ဦးသိန်းဖေသည် တင်မေ ကို မျက်မှန်းတန်းမိနေသည်။ တင်မေကို သူ့ယောက်ျားအကြောင်းမေးသည်။

"စင်ရော်ကိုပါသွားတယ်ဆရာ၊ ဦးသောင်းဒန်ခေါ်သွားတာပဲ"

"ဟုတ်လား . . . အလကားလိုက်သွားတယ်၊ ဒီမှာလဲ နင်က ဗိုက်ကြီး တစ်ခွဲသားနဲ့"

"မလိုက်စေချင်ဘူးဆရာ၊ ဒါပေမဲ့ ဦးသောင်းဒန်ကျေးဇူးရှိတယ်ဆိုပြီး လိုက်သွားတာပဲ၊ ကျွန်မလဲ မကြာခင် သူ့ဆီလိုက်ရမယ်"

"ဒီကောင်တွေ လူမိုက်တွေပဲ၊ အစားအသောက်ကရှားပါဘိသနဲ့၊ အလကား တောထဲလိုက်ပြီး အငတ်ခံကြတယ်၊ နင်လိုက်သွားလဲ ငတ်မှာပဲ၊ တောကြီးမျက်မည်းထဲ ဘယ်ကလာ စားစရာရမလဲ၊ ပြီးတော့ သူပုန်လဲ ကြောက်ရသေး၊ သူတို့ တံတားဆောက်တဲ့နေရာက အလွန်ဆိုးတဲ့နေရာ"

တင်မေ မျက်လုံးပြူးသွားသည်။ ရောက်ကတည်းက သူ့ယောက်ျား ထံမှ စာတစ်စောင်မျှမရ။ နေကောင်းရဲ့လား၊ ငှက်တော၊ ခွေးတောမှာ နာဖျား မကျန်းဖြစ်နေသလား။ ဤသို့စိုးရိမ်ပူပန်နေရသည့်အထဲ ဦးသိန်းဖေ နှင့်တွေ့လိုက်သည့်အခါ ပို၍ပူပန်လာသည်။

"ငါ့ဆီမှာ အလုပ်တွေတစ်ပုံကြီးပဲ၊ နင့်ယောက်ျားဘာလုပ်သလဲ"

"လက်သမားဆရာ"

"အေး . . . အတော်ပဲ၊ ငါ့မှာ လက်သမားလဲလိုတယ်၊ ပန်းရန်လဲ လိုတယ်၊ စက်မောင်းလဲလိုတယ်"

တင်မေ ဉာဏ်ပွင့်သွားသည်။ သူ့ယောက်ျားထံ စာရေးသည်။ ညွှန့်ရွှေ က ထိုသတင်းကို သိန်းတင်၊ ညွှန့်အေး၊ ဦးခင်တို့ထံသို့ ပါးလိုက်သည်။ သို့သော်လည်း ညွှန့်ရွှေသည် ဆရာကြီးဦးသောင်းဒန်၏မျက်နှာကို ကွက်ခနဲ

ပြေး၍မြင်သည်။ သူ့ကိုစိတ်ဆိုးမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် တိုးတိုးတိတ်တိတ် ပြောဆိုဆွေးနွေးသည်။ သူတို့အထဲတွင် အကဲဆုံးမှာ သိန်းတင်ဖြစ်သည်။ သိန်းတင်သည် နဂိုကမှ စိတ်ဓာတ်ပျက်နေရာ ထိုသတင်းရသည်နှင့် ရန်ကုန်ပြန်ဖို့ပြင်တော့သည်။ သူ့ရောဂါသည် ညွန့်ရွှေ၊ ညွန့်အေးတို့ဆီသို့ ကူးစက်သွားသည်။ အိမ်ကမိန်းမများကပါ စာရေးခေါ်ကြသည်။ ရန်ကုန်တွင် တင်မေသည် သူတို့သားမယားများနှင့်တွေ့သည့်အခါ ဦးသိန်းဖေထံမှကြားရသည့်သတင်းကို အလကားမတ်တင်း ဈေးနှင့်ဖြန့်လိုက်သည်။ အိမ်ကမိန်းမများသည် သူတို့ယောကျ်ားများကို ရန်ကုန်သို့ပြန်ခေါ်ကြသည်။

သောင်းဒန်သည် သိန်းတင်ကို လက်လျှော့လိုက်သည်။ သို့သော်ကျန်သည့်အလုပ်သမားများကိုမူ တတ်နိုင်သမျှထိန်းထားသည်။ သိန်းတင်ပြန်ချင်ပြန်နိုင်သည်ဟု ခွင့်ပေးလိုက်သည်။ သိန်းတင်ပြန်တော့မည့်သတင်းသည် တစ်စခန်းလုံးကို လှုပ်လှုပ်ရှားရှားဖြစ်စေသည်။ ညွန့်ရွှေနှင့် ညွန့်အေးတို့ကား သိန်းတင်နောက်သို့ မလိုက်ဖြစ်တော့။ သို့သော်လည်း သိန်းတင်သည် သုံးကျပ်ဆယ့်ငါးပြားစား အလုပ်သမားနှစ်ယောက်ကို မ,သွားသည်။ တစ်ယောက်မှာ ရုံးစောင့်ချစ်မောင်ဖြစ်ပြီးလျှင် ကျန်တစ်ယောက်မှာ လက်သမား လက်သင်မောင်ကြီးဖြစ်သည်။ ကိစ္စမရှိ။ သူတို့သည် ကျွမ်းကျင်သည့် အလုပ်သမားများမဟုတ်ကြ။ သို့သော်လည်း နောက်ထပ်လူမလျော့အောင် ထိန်းရမည်။

ငိုချင်လျက် လက်တို့သူမှာ ဦးသိန်းဖေဖြစ်သည်။ ဦးသိန်းဖေ၏လုပ်နည်းလုပ်ဟန်ကို တားမြစ်ရမည်။ ယင်းအတွက် သောင်းဒန်သည် ဌာနချုပ်သို့စာရေးသည်။ ဦးသိန်းဖေ၏လူစုနည်းကို တားမြစ်ပေးပါဟု ဌာနချုပ်သို့ တောင်းပန်သည်။ ဦးသိန်းဖေကိုကား သောင်းဒန်အပြစ်မတင်ချင်။ သူလည်း သူ့လုပ်ငန်းအောင်မြင်ရေးအတွက် လူကောင်းရှာခြင်းဖြစ်သည်။ သောင်းဒန်၏လူများ အလုပ်တော်ကြောင်း ဦးသိန်းဖေကောင်းကောင်းသိသည်။ သို့သော် မလုပ်သင့်၊ မလုပ်ထိုက်ဟု သောင်းဒန်ထင်သည်။ ဦးသိန်းဖေသာ ဆက်လက်စည်းရုံးမည်ဆိုလျှင် စင်ရော်တံတားစခန်းတစ်ခုလုံး ပြုတ်ဖွယ်

ရာသာရှိတော့သည်။ ဌာနချုပ်သို့ စာရေးအကြောင်းကြားပြီးနောက် ရန်ကုန်ပြန်ချင်ကြောင်း ပြောသည့်သူနည်းသွားသည်။ မတတ်နိုင်သည့်အဆုံး နိုင်ရာနှင့် ကိုင်ရတော့သည်။

"အေး . . . မင်းတို့ ငါ့ဆီကထွက်ပြီး ဦးသိန်းဖေဆီမှာ လုပ်မယ်ဆိုရင်တော့ မလွယ်ဘူးသာမှတ်၊ မင်းတို့ကို တို့ဌာနမှာ ဘယ်အရပ်မှာဖြစ်ဖြစ် အလုပ်မရနိုင်အောင် ငါစာရေးမယ်၊ ဌာနချုပ်ကိုလဲ ဒီအကြောင်း အသိပေးထားပြီးပြီ၊ ဒါပဲ"

× × × × ×

## ၁၀

**စင်ရော်တံတား**

**မေလ ၆ ရက်**

**ကျော်ဆွေ**

*'မင်းတို့ကို အမှတ်ရလို့ စာရေးလိုက်တယ်သူငယ်ချင်း။ သော်ကောင်း ကမ္ဘောဇတိုင်းကိုသွားပြီလား။ ငါလဲ ရန်ကုန်မလာနိုင်သေးဘူးသူငယ်ချင်း။ အခုမှလုပ်ငန်းစရတယ်။ တောင်ဘက်က မြေကာဘဲတောင်အတွက် တိုင်တွေ ရိုက်ရတော့မယ်။ ပြီးရင် မြောက်ဘက်က မြေကာဘဲတောင်လုပ်မယ်။ ဒါတွေ ပြီးမှ ရေလယ်တိုင်တွေချရမှာပဲ။ မင်းကော ဘယ်လိုလဲ၊ အခုထိ မိန်းမမရနိုင် သေးဘူးလား။ ရုံးမှာ စာရေးမလေးတွေနဲ့ ရှန်းရှန်း ရှန်းရှန်းဖြစ်နေတယ်လို့ ကြားတာပဲ။ မြင့်မြင့်သန်း စာရေးတဲ့အထဲမှာ မင်းအကြောင်းပါလာတယ်'*

*'တံတားဆောက်လုပ်ရေးအဖွဲ့ ခုထက်ထိ မဖွဲ့ရသေးဘူးနဲ့တူတယ်။ မင်းကိုပါခေါ်ဖို့ရည်ရွယ်တာပဲ။ မင်းလာမလား။ လာခဲ့ပါကွာ။ တို့နဲ့အတူ တွဲလုပ်ရတာပေါ့ ။ ခု ငါ့မှာ တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိဘူး။ သော်ကောင်း ရယ်၊ မင်းရယ် ရောက်လာရင်ကောင်းမှာပဲ'*

*'ဒီမှာ သိပ်သာယာတယ်သူငယ်ချင်း။ ဒါပေမဲ့ ငါတော့မကြည်နူးအား ဘူး။ အလုပ်များတယ်၊ စိတ်မအားရဘူး။ ခက်တာက တံတားဆောက်တဲ့ အလုပ်တစ်ခုတင်မကဘူး၊ သူကြီးအလုပ်ပါလုပ်နေရတယ်။ ခုပဲ ကလေးတွေ အတွက် ကျောင်းဆောက်ပေးဖို့ စီစဉ်နေရပြီ။ ပြီးတော့ သူနာပြုဆေးခန်းတစ်ခု*

*ဖွင့်ပေးရအုံးမယ်။ နောက် ငါ့လူတွေမပျင်းအောင် ဖြေဖျော်ဖို့ ရုပ်ရှင်တို့၊ အငြိမ့်တို့ စီစဉ်ရအုံးမယ်။ ခုတော့ ရုပ်ရှင်ကြည့်ဖို့ စင်ရော်ကို နှစ်ပတ်တစ်ခါ လွှတ်ပေးရတယ်။ အလှည့်နဲ့ပေါ့ကွာ။ လူငယ်တွေဆိုတော့ ဒါလေးတွေလဲ ရှိမှကွ'*

*'စာရေးပါအုံး ကျော်ဆွေ၊ သော်ကောင်းဆီက စာရရင် ငါ့ဆီကိုလဲ စာရေးဖို့ မင်းကတစ်ဆင့်မှာပါ။ တင်ဦးတစ်ယောက် တွေ့သေးသလား။ ငါ့အိမ်ကို ခဏခဏသွားပါ။ လှမင်း မိန်းမလိုက်လာလိမ့်မယ်။ ငါ့ဖို့ 'ရမ်' တစ်ပုလင်းလဲ ပို့လိုက်ပါသူငယ်ချင်း'*

**သောင်းဒန်**

အလုပ်ရှုပ်လာသည့်အခါ တိုင်ပင်ဖော်တိုင်ပင်ဖက် လိုလာသည်။ သော်ကောင်းနှင့် ကျော်ဆွေကို အမှတ်ရသည်။ သူငယ်ချင်းထဲတွင် သူတို့နှစ်ယောက်ကို အခင်ဆုံးဖြစ်သည်။ အလုပ်ချင်းတူသဖြင့် ပို၍ခင်သည်။ ကျောင်းနေစဉ်က တက္ကသိုလ်တွင်တွေ့သည့် ပခုက္ကူသား ဖေညွန့်တစ်ယောက်ကိုလည်း အမှတ်ရသည်။ ဖေညွန့်သည် ကျောင်းဆရာလုပ်နေရာမှ ဘီအယ်လ်စာမေးပွဲဖြေကာ ပခုက္ကူတွင် ရှေ့နေလုပ်နေပြီ။ ယခုတော့ သူဌေးသမီးတစ်ယောက်နှင့်ရကာ ဆူဖြိုးနေသည်ဟု ကြားရသည်။ ခင်မောင်သိန်းကား ရေနံချောင်းတွင် ကျောင်းအုပ်ကြီးဖြစ်နေပြီဟု သိရသည်။ တက္ကသိုလ်ကျောင်း၊ သထုံဆောင်တွင် သူတို့သုံးယောက် တစ်ခန်းတည်းနေခဲ့သည်။ တစ်ခန်းနှစ်ယောက်နေရသော်လည်း သူတို့ကား တစ်ခန်းသုံးယောက်နေကြသည်။ သောင်းဒန်သည် သူ့အခန်းတွင် အဝတ်သေတ္တာထားရုံသာထားသည်။ အိပ်တော့ ဖေညွန့်နှင့် ခင်မောင်သိန်းအခန်းကို သွား၍အိပ်သည်။ သုံးယောက်ပေါင်း ပိုးလုံချည် ၆ ထည်ရှိသည်။ ထိုလုံချည် ၆ ထည်ကို တစ်လှည့်စီ ဝတ်ကြသည်။ ဖေညွန့်ကား အလွန်နှမြောသူဖြစ်သည်။ သူ့ဘန်ကောက်လုံချည်လေး ထုတ်မည်ကြံလျှင် တဆူဆူဖြစ်နေသည်။ နေရောင်ထောင်ကြည့်လိုက်၊ ခေါက်ထားလိုက်နှင့် တွန့်တွန့် တွန့်တွန့်ဖြစ်နေသည်။ အင်းလျားသူတွေက သူတို့သုံးယောက်ကို အဝတ်အစားကြည့်ကာ အမှတ်ရနေကြသည်။

ဒီနေ့ သောင်းဒန်ဝတ်သည့် မြောက်ပြင်ပုဆိုးသည် နောက်တစ်နေ့ ဖေညွန့် ခါးသို့ရောက်သွားသည်။ ဖေညွန့်၏ ရွှေဖလားရောင် ဘန်ကောက်လုံချည် သည် သောင်းဒန်ခါးသို့ရောက်လာသည်။ ဒီအထိချစ်ကြသည်။ ယခုမူ သူတို့ နှင့်မတွဲရဘဲ သော်ကောင်း၊ ကျော်ဆွေတို့နှင့်တွဲရသည်။ သော်ကောင်းနှင့် ကျော်ဆွေသည် တွဲဖက်ဖြစ်သည်။

သော်ကောင်းက အင်ဂျင်နီယာဘွဲ့ တစ်နှစ်စော၍ရသည်။ ကျော်ဆွေ အလုပ်သင်ဝန်ထောက်ဖြစ်သည့်အခါ ကျောက်ဆည်တွင် သော်ကောင်းနှင့် တွဲ၍လုပ်ရသည်။ ထို့နောက် သော်ကောင်းက မုံရွာသို့ပြောင်းသွားသည်။

ကျော်ဆွေက ပြည်သို့ပြောင်းရသည်။ ပြီးမှ နှစ်ယောက်စလုံး ရန်ကုန် ရောက်လာကြသည်။ ရန်ကုန်တွင် သောင်းဒန်နှင့်ဆုံမိကြလေသည် ။ သူတို့ နှစ်ယောက်သည် သောင်းဒန်ကို အရက်သောက်သည့်နေရာတွင် အလိုလိုက် သည်။ ထိန်းလည်းထိန်းသည်။ သောင်းဒန်ကား လူကောင်ကလည်းကြီးကြီး၊ အရက်သောက်ပြန်လျှင်လည်း တော်တော်နှင့်မဝ။ အရက်မူးလာပြီဆိုလျှင် သောင်းဒန်သည် အိမ်သို့ တစ်ယောက်တည်းမပြန်။ သော်ကောင်းနှင့်ကျော်ဆွေ တို့ကိုတွဲ၍ ခေါ်လေ့ရှိသည်။ သို့မှသာ မြင့်မြင့်သန်း ဆူဆူပူပူလုပ်မည့်ရန်မှ ကာကွယ်နိုင်မည်။ သို့သော် ကြာတော့ မြင့်မြင့်သန်းလည်း ရိုးသွားကာ သော်ကောင်းနှင့် ကျော်ဆွေရှေ့တွင် ဆူသည်။ ထိုအခါ သော်ကောင်းနှင့် ကျော်ဆွေတို့နှစ်ယောက် လစ်ပြေးကြသည်။ သောင်းဒန်လည်း ထမင်းမစား တော့ဘဲ အိပ်ရာထဲဝင်၍ ခွေနေလိုက်သည်။ “ဒီကောင်ကြီး နောက်အရက် မူးရင် တို့ကို အိမ်မခေါ်နဲ့ကွာ”ဟု ကျော်ဆွေက ပြော တတ်သည်။

သောင်းဒန်သည် ထိုအကြောင်းတို့ကို ညညတွင် လှမင်းနှင့် စောသာအေးတို့အား စားမြုံ့ပြန်တတ်သည်။

“တစ်နေ့တော့ သော်ကောင်းအိမ်မှာ အရက်ကသောက်လို့ကောင်း တာနဲ့ ပုလင်းလေးတစ်ပုလင်းလောက်ကုန်အောင် သောက်နေတယ်၊ အဲဒီတုန်း အမြတ်တော်မင်းကြီး ဦးချိန်ဆိုတာ ရောက်လာတယ်၊ ဦးချိန်က ကျွန်တော်တို့ အင်္ဂလိပ်–မြန်မာသံအမတ်ကြီး ဦးစိန်ရဲ့ညီဗျ၊ ဦးစိန်မှာ သမီးတစ်ယောက်

ရှိတယ်၊ ဒီသမီးက အင်္ဂလန်ကို ပညာတော်သင်လာတဲ့ ဆရာဝန်တစ်ယောက်နဲ့ရတယ်၊ ဆရာဝန်က တော်လဲတော်ပါတယ်၊ ဒေါက်တာမြင့်စိန်တဲ့၊ အမ်အာရ်စီပီ နှစ်ထပ်ကွမ်းရတယ်၊ သူ့ကို ဦးစိန်မျက်နှာနဲ့ ဒဗလျူအိပ်ချ်အိုဆိုတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရာထူးခန့်တယ်၊ သူက မြန်မာနိုင်ငံပြန်လာချင်တယ်၊ ဦးစိန်သမီးကလဲ လန်ဒန်မှာ ကျောင်းတက်နေတုန်းရှိသေးတယ်၊ အဲဒီအကြောင်း ဦးစိန်ညီ ဦးချိန်ကပြောနေတာပေါ့၊ ဦးချိန်က မြင့်စိန်ဆိုတဲ့ကောင်တော်တော်မိုက်တဲ့အကောင်၊ အလကား မြန်မာနိုင်ငံလာချင်တယ်၊ ဒီမှာဘာအသုံးကျလို့လဲ၊ ဒဗလျူအိပ်ချ်အိုမှာဆိုရင် လခ ၈၀၀၀ လောက်ရမယ်၊ ကားလဲရတယ်၊ အိမ်လခထောက်ပံ့ကြေးလဲရတယ်၊ အလကားဗျာ၊ သူ့ပညာတွေကို မြန်မာနိုင်ငံမှာ အသုံးချချင်တယ်တဲ့၊ ဒီတော့ ကျွန်တော်ကလဲ ဒေါက်တာမြင့်စိန်ကို ကြည်ညိုလာတယ်၊ မူးကလဲ မူးမူးနဲ့ ဒါ . . . ဒါ ကောင်းတယ်၊ ဒေါက်တာမြင့်စိန်မှန်တယ်၊ မျိုးချစ်စိတ်ရှိတယ်၊ ဦးစိန်သမက်ပီသတယ်နဲ့ ပြောလိုက်တာ ဦးချိန် တစ်ခါတည်းစကားမပြောတော့ဘူး၊ မကြာပါဘူး၊ ထပြီး ပြန်ပြေးတော့တာပဲ၊ အဲဒါ သော်ကောင်းနဲ့ ကျော်ဆွေ ပြောလို့မပြီးဘူး”

“ဟုတ်တယ် ကိုသောင်းဒန်၊ ဦးသော်ကောင်းတို့၊ ဦးကျော်ဆွေတို့ ရောက်လာရင်ကောင်းမှာပဲ”

“ဟိုကောင်ကလဲလာမယ်၊ လာချင်တယ်၊ ကျော်ဆွေလေ၊ ဒီကောင်က ရွှတ်တွတ်တွတ်ရယ်၊ ရန်ကုန်မှာ မနေချင်ဘူး၊ နယ်ကိုပြောင်းချင်တယ်၊ ချင်းတောင်ဖြစ်ဖြစ်၊ ကချင်ပြည်နယ်ဖြစ်ဖြစ် ပြောင်းပေးပါလို့ စာတင်တယ် ပြောတာပဲ”

“ဟုတ်လား၊ ဒီလူဘာဖြစ်လို့လဲ”

“ရုံးမှာ လုပ်ရကိုင်ရတာ စိတ်ညစ်လို့နဲ့တူပါတယ်၊ ရုံးမှာက ဆရာတွေသိပ်များတာပဲ၊ လူတွေလဲ သိပ်များတယ်၊ ဘယ်လောက်တော်ပေမဲ့ နာမည်မပေါ်ဘူး၊ ဘယ်လောက်အလုပ်လုပ်ပေမဲ့ နာမည်မပေါ်ဘူး၊ အချောင်ခိုနေလို့လဲရတယ်၊ လူမသိဘူး၊ အထက်လူကြီးတစ်ယောက်ပဲသိမယ်၊ အထက်လူကြီးနဲ့ လေပေးဖြောင့်နေရင်ပြီးတာပဲ၊ ဒါတွေ စိတ်ညစ်တယ်နဲ့တူပါတယ်”

"ဒီမှာ ဦးသောင်းဒန်တစ်ယောက်တည်း မဖြစ်တာတော့အမှန်ပဲ"

"အဲဒါ လူကြီးတွေသိဖို့ကောင်းတာပေါ့ကွာ၊ ကဲ . . . ဒါတွေထား၊ မနက်ဖြန်အစီအစဉ်ဘယ်လိုလဲ လှမင်း၊ စင်ရော်သွားပြီး ကျောက်တွေယူဖို့ စီစဉ်၊ သဲတွေကတော့ ရောက်သင့်သလောက်ရောက်လာပြီ၊ ကျောင်းသားတွေကလဲ ကျောင်းပြန်ဖွင့်ရင် လုပ်နိုင်တော့မှာမဟုတ်ဘူး၊ ဒီတော့ စင်ရော်က သဲကန်ထရိုက်နဲ့ စီစဉ်ရမယ်၊ ဒါတော့ ငါပဲလုပ်ပါ့မယ်ကွာ၊ ဗိုလ်ကြီးဘကြိုင်နဲ့ ဆွေးနွေးရမှာပဲ"

"ရန်ကုန် ဘယ်တော့သွားရမလဲ ကိုသောင်းဒန်"

"အေး . . . လှမင်း၊ မင်းသတိပေးမှ ငါအမှတ်ရတယ်၊ မေ့နေလိုက်တာ၊ မင်းတို့ကတော့ အမြဲသတိရနေတာကိုးကွ"

လှမင်း သွားဖုံးနီနီများပေါ်အောင်ရယ်ကာ ကွမ်းတပစ်ကို ထွေးလိုက်သည်။

"ခင်ခင့်ကိုလွမ်းလှပြီလားကွ၊ မင်းရယ် ဘယ်သူရယ် သွားကြမလဲ"

"ဖိုမင်ကိုသန်းမောင် ခေါ်သွားမယ်စိတ်ကူးတယ်"

"အေး . . . ဒါဖြင့် ဒီနေ့သောကြာနော်၊ တနင်္လာနေ့သွားကြ၊ ဟိုမှာ အားလုံးစုစည်းပြီးသားနော်၊ မစုစည်းရသေးလဲ မင်းပဲစုစည်းပြီးခေါ်ခဲ့ရမှာပဲ၊ သာကေတမှာ နေကြတာများပါတယ်"

လှမင်းနှင့် သန်းမောင်တို့နှစ်ယောက် အိမ်ထောင်သည်များကိုခေါ်ရန် ရန်ကုန်သို့သွားကြမည်။ အလုပ်သမားတို့ကား စိတ်အားထက်သန်လာကြသည်။ သူတို့သားမယားများ ရောက်ကြတော့မည်။ သောင်းဒန်လည်း ရန်ကုန်သို့ တစ်ခေါက်လောက် ပြန်ချင်သေးသည်။ သို့သော် လောလောဆယ်အားဖြင့် မဖြစ်နိုင်သေး။

အလုပ်သမားအိမ်ထောင်သည်များအတွက် တဲတန်းလျားများဆောက်၍ပြီးပြီ။ မူလရှိသော စိမ့်မြိုင်ဆောင်နှင့် စင်ရော်ဆောင်တို့အပြင် သောင်ဦးဆောင်၊ ရေပြာဆောင်၊ ဂူထွတ်ဆောင်ဟူ၍ အဆောင်သုံးခု တိုးချဲ့ဆောက်သည်။ တစ်ဖန် စင်ရော်၊ စိမ့်မြိုင်၊ ဂူထွတ်တို့နှင့်ယှဉ်လျက် အရှေ့ဘက်တွင်

အင်ဂျင်နီယာအိမ်ထောင်သည်များအတွက် အိမ်ငယ်ကလေး ၅ လုံးဆောက်သည်။ တံတားထိပ်တည့်တည့် ကုန်းထက်တွင်ကား ရုံးအဆောက်အအုံတစ်ခု၊ ရုံး၏တောင်ဘက်တွင် စတိုကြီးတစ်ခု၊ ဒီတောင်ဘက်တွင် ဘိလပ်မြေထားရန် သွပ်ဂိုဒေါင်တစ်ခု၊ လူနေတန်းလျားများနှင့် သွပ်ဂိုဒေါင်အကြားတွင် ဆေးပေးခန်းတစ်ခု၊ ရဲဘော်များအတွက် တောင်ခြေနှင့်ကပ်လျက် တဲတန်းလျားတစ်ခု၊ တောင်ဘက်ကုန်းထိပ်တွင် မီးစက်ထားရန် အဆောက်အအုံတစ်ခု၊ ရုံးဘေးတောင်ကုန်းခြေရင်းတွင် အလုပ်ရုံနှင့် ပန်းပဲဖိုအတွက် တန်းလျားကြီးတစ်ခု ဆောက်နေသည်။

ယင်းတို့ကို တစ်ပြိုင်တည်းဆောက်နိုင်သည်မဟုတ်။ တစ်ခုပြီးတစ်ခု ဆောက်ခြင်းဖြစ်သည်။ ဤအဆောက်အအုံများအနက် လူနေတန်းလျားနှင့် အိမ်များကိုမူ ဦးစားပေး၍ ဆောက်လုပ်ကြသည်။ သောင်းဒန်၏ရုံးကိုမူ ယာယီရုံးအဖြစ် အဆောက်အအုံသစ်တစ်ခုပြီးလျှင် တက်၍ ရုံးဖွင့်သည်။ ထိုအဆောက်အအုံတွင် နေမည့်သူရောက်လာလျှင် နောက်ထပ်တစ်နေရာသို့ ရွှေ့ပြန်သည်။

သောင်းဒန်သည် သဲကိစ္စ၊ ကျောက်ကိစ္စတို့အတွက် စင်ရော်သို့သွားကာ ဖြေရှင်းရသည်။ စင်ရော်တွင် သဲကန်ထရိုက်လုပ်မည့်သူမရှိ။ ထိုအလုပ်မျိုးကို ယခုမလုပ်ကြတော့။ စင်ရော်မှ ကျောက်နှင့်သဲသယ်ရသည့်စရိတ်မှာ ကြီးလှသည်။ နလကနှင့် ပါတီယူနစ်တို့မှ ကူညီဖြေရှင်းပေးသဖြင့် သဲသွင်းမည့်သူ တွေ့လာသည်။ ကျောက်ခွဲစက်ကိုလည်း ဆင်ပြီးပြီ။ ရလာသည့် ကျောက်များကို လက်သည်းခွံလောက်ရှိသည့် အတုံးကလေးများဖြစ်အောင် ခွဲရမည်။ သူတို့တွင်ပါလာသည့် ကျောက်ခွဲစက်သည် မြင်းကောင်ရေ ၃၃ ကောင်အားရှိသည့် အင်္ဂလန်လုပ်စက်ဖြစ်သည်။ လိုချင်သည့် ကျောက်အရွယ်ရွယ်အစားစားကို ရအောင်ခွဲနိုင်သည်။ ကျောက်တုံးကြီးများကို ခွက်ထဲ လောင်းထည့်လိုက်ရုံဖြင့် အရွယ်ရွယ်အစားစား ကျောက်ကလေးများ သူ့အကန့်နှင့်သူ ထွက်လာသည်။

"အင်း . . . တို့အလုပ်ဝင်စတုန်းက နယ်မှာဆိုရင် ကျောက်ခွဲ၊

ကျောက်ထုဖို့ အလုပ်သမားရှာရတာအမောပဲ၊ တစ်နေကုန် တစ်နေခန်း ထုမှ၊ ခွဲမှ ကျောက်သုံးလေးကျင်း အနိုင်နိုင်ပြီးတယ်၊ အခု ဒီစက်ကြီးတွေကတော့ မိုးပုံနေတာပဲ၊ လေးငါးဆယ်ကျင်း ခဏလေးနဲ့ရတယ်"

သောင်းဒန်သည် စက်ပစ္စည်းများတိုးတက်လာသည်ကို သဘောကျနေသည်။ လူ၏လုပ်အားနေရာတွင် စက်ကအစားဝင်ယူသည်။ လူသည် သဘာဝနိယာမတရားများကိုချုပ်ကိုင်ကာ လူ့လောကကောင်းကျိုးအတွက် အသုံးချသည်။ စေခိုင်းသည်။ ဆန့်ကျင်ဘက်တို့ ပေါင်းစပ်သည့်အခါ အကျိုးတရားတစ်ခု ဖြစ်ထွန်းလာသည်။ ဤစက်၊ ဤစက်များသည် ဆန့်ကျင်ဘက်တို့ပေါင်းစပ်ကာ တည်ဆောက်ထားခြင်းဖြစ်သည်။ မီးနှင့်ရေသည် ဆန့်ကျင်ဘက်ဖြစ်သည်။ သို့သော် မီးအားနှင့် ရေအားကိုပေါင်းစပ်လိုက်သည့်အခါ စွမ်းအင်တစ်ခုဖြစ်ပေါ်လာသည်။ ထိုစွမ်းအင်ကို လူကစေခိုင်းသည်။ စက်၏စွမ်းရည်ကြောင့် အလုပ်တို့ မြန်မြန်ဆန်ဆန်ပြီးစီးသည်။ လူ၏ခွန်အားကို များများစားစားမစိုက်ထုတ်ရ။ နောက်ဆုံးတစ်နေ့တွင် သိပ္ပံပညာ အစွမ်းကုန်ထွန်းကားသည့်ခေတ်သို့ ရောက်လာမည်။ ထိုအခါတွင် လူပေါင်း အထောင်အသောင်း လုပ်ရမည့်အလုပ်ကို ခလုတ်တစ်ချက်နှိပ်လိုက်ရုံဖြင့် တစ်နာရီအတွင်း ပြီးစီးစေလိမ့်မည်။ သောင်းဒန်သည် ရောက်လာမည့်အနာဂတ်ကို မျှော်မှန်းကြည့်ကာ အားတက်လာသည်။

စင်ရော်တံတားစခန်းတွင် ပထမဆုံးကြားရသည့်စက်သံသည် ကျောက်ခွဲစက်၏အသံဖြစ်သည်။ ကျောက်ခွဲစက် စ၍အလုပ်လုပ်သည့်နေ့သည် တံတားဆောက်လုပ်ရေးစသည့်နေ့ဟု သောင်းဒန်မှတ်သားထားလိုက်သည်။

ထိုနေ့မှာပင် ရန်ကုန်မှ အိမ်ထောင်သည်များ ရောက်လာကြသည်။ စခန်းတစ်ခုလုံး ဆူညံသွားသည်။ ရယ်မောသံ၊ အော်ဟစ်သံ၊ တွတ်ထိုးသံတို့ မိုးမွှန်နေသည်။ ယခုမှပင် စခန်းသည် အသက်ဝင်လာသည်။

လှမင်းသည် ၅ နှစ်သားရှိပြီဖြစ်သော သားကြီးကိုချီကာ စခန်းပေါ်သို့ တက်လာသည်။ သားမယားများနှင့်တွေ့သဖြင့် လှမင်း၏ပါးစပ်ကြီးသည် ဖြဲနေသည်။ ကွမ်းစားထားသဖြင့် နီရဲနေသော သွား ၃၂ ချောင်းစလုံးပေါ်နေ

သည်။ နှုတ်ခမ်းပါးနားတွင် ပေရေနေသော ကွမ်းတံတွေးတို့ကိုပင် မသုတ်နိုင်။ လှမင်းနောက်မှ ခင်ခင်သည် ကြည်လဲ့သောအပြုံးနှင့်လိုက်လာသည်။

“အမယ်လေး . . . သူတို့တောင်ကုန်းတက်ရတာ မောလိုက်တာ” ခင်ခင် အသက်ပြင်းပြင်းရှူနေသည်။

“မမောပါဘူးဟာ . . . နင် အလကားပိုမနေပါနဲ့၊ လှမင်းနောက်လိုက် လာရလို့ အကြည်ဆိုက်နေတာ ငါမသိတာလိုက်လို့” ရုံးထိပ်မှ ဆီး၍ သောင်းဒန်က ခင်ခင့်ကိုနောက်လိုက်သည်။

“ဟော . . . ဦးသောင်းဒန်ပါလား၊ ကျွန်မဖြင့် မြင်တောင်မမြင်ဘူး”

“ဘယ်မြင်ပါ့မလဲ၊ ယောကျ်ားကိုအပျောက်မခံနိုင် ကြည့်နေရတာကိုး”

“အို . . . ဦးသောင်းဒန်ကလဲ မဟုတ်တာပြောပြီ”

“ခင်ဗျားတို့ မြန်မြန်လိုက်လာကြမှပဲ ခင်ဗျားတို့ယောကျ်ားတွေ အလုပ် ဖြောင့်ဖြောင့်လုပ်နိုင်ကြမှာပဲဗျာ၊ ဒါ့ကြောင့် မြန်မြန် အခေါ်လွှတ်လိုက်ရတာ ပဲ”

ပန်းပဲဆရာဦးခင်သည် သူ့မိန်းမ မပါလာသဖြင့် တဆူဆူဖြစ်နေ သည်။ သူ့ကို အလုပ်သမားများက ဝိုင်းစနေကြသည်။

“ခင်ဗျားနဲ့ကျွန်တော် ကံတူအကျိုးပေးပဲဦးခင်”

သောင်းဒန်ကပါ ဝင်၍စလိုက်သည်။

“မဟုတ်တာ ဆရာကြီးကလဲ၊ ကျွန်တော့်ကောင်မကြီးက လိုက်လာ မှာ ဆရာကြီးရဲ့၊ သူ့တူမသမီးလေး နေမကောင်းနေလို့တဲ့၊ သံယောဇဉ်က တော့ တွယ်စရာမရှိ တွယ်နေတော့တာပဲ”

“အင်း . . . ဒါတော့ဟုတ်တယ်၊ ကျွန်တော့်မိန်းမက လိုက်လာဖို့ လမ်း မရှိဘူး”

စောသာအေးသည် အိမ်ထောင်သည်များကို နေရာချထားနေသည်။ လှမင်းနှင့်အောင်ကြီးတို့က သူ့ကိုကူ၍ နေရာချထားပေးသည်။ တန်းလျားကြီး တစ်လုံးတွင် အလယ်အူကြောင်း၍ လူသွားလမ်းရှိသည်။ တစ်ဖက်တစ်ချက်၌ ၁၂ ပေပတ်လည် အခန်း ၈ ခန်းဖွဲ့ထားသည်။ နောက်ဘက်တွင် ဇောင်းများ

ချထားကာ မီးဖို၊ ရေချိုးခြံတို့ပြုလုပ်ပေးထားသည်။ ကလေးများ၍ အိမ်ထောင်ကြီးလျှင် ၁၂ ပေပတ်လည် နှစ်ခန်းချထားပေးသည်။

"အခန်းတွေက မှောင်လိုက်တာတော်"

"ဒီဘက်ထောင့်ခန်းမှာ တို့နေမယ်ဟေ့"

"မဟုတ်ဘူး၊ နေချင်တိုင်းမနေရဘူး၊ အားလုံးမဲချဝေထားပြီးသား၊ ဒါမှ အသာအနာမရှိမှာ"

လူပျိုလူလွတ်များအတွက် အဆောင်တစ်ခု သီးသန့်ထားသည်။ ဂူထွတ်ကား လူပျိုဆောင်ဖြစ်သည်။ မိန်းမခေါ်မလာသူတို့လည်း လူပျိုဆောင်တွင် နေကြရသည်။

စောသာအေး၊ လှမင်း၊ ဒေးဗစ်တို့ကား အထက်လိုင်းတွင် အိမ်ခန်းကိုယ်စီရကြသည်။ ဆရာကြီးသောင်းဒန်သည် ထိပ်ဆုံးအိမ်တွင်နေသည်။ သူ့ရိပ်သာမှာ ဧည့်ရိပ်သာဖြစ်သည်။ ရန်ကုန်၊ စိမ့်မြိုင်၊ စင်ရော်တို့မှ လုပ်ငန်းနှင့်ပတ်သက်၍ ရောက်လာကြသည့် ပုဂ္ဂိုလ်များ သူ့ရိပ်သာတွင် တည်းခိုကြသည်။ အင်ဂျင်နီယာ(စ)များကိုမူ အိမ်တစ်လုံးကို နှစ်ခြမ်းပိုင်းကာ တစ်ပိုင်းလျှင် တစ်အိမ်ထောင်နေစေသည်။

စောသာအေးနှင့် ဒေးဗစ်တို့ ကပ်လျက်နေရသည်။ ခင်မောင်စိန်ကား ဒေးဗစ်အိမ်တွင် ထမင်းလခပေးစားတော့မည်ဟုရည်ရွယ်သည်။ အောက်လိုင်းတွင် ရောရောနှောနှောမနေချင်။ သူ့တွင် တာဝန်လည်းမရှိ။ အောင်ကြီးကား လူပျိုဆောင်ကို ကြီးကြပ်အုပ်ချုပ်ရသည်။ သူနှင့်အတူ သန်းမောင်၊ ဗစ်တာတို့နေကြသည်။

တစ်အိမ်ထောင်လျှင် ကလေးနှစ်ယောက်၊ သုံးယောက်ပါလာသည်။ အချို့ကား မှီခိုသူ တူသားနောင်မယ်များပါ ပါလာသည်။ အဆင်သင့်လျှင် နေ့စားဝင်၍လုပ်ကြမည်ဟု ရည်ရွယ်လာကြသည်။ မီးစက်မောင်းသမားလှဖေတွင် နှမလေးတစ်ယောက်၊ လက်သမားညွှန့်ရွှေတွင် တူလေး တစ်ယောက်၊ သံချိသံကွေးအေးမောင်တွင် ခယ်မလေးတစ်ယောက် စသည်ဖြင့် အသီးသီးပါလာကြသည်။ အစောင့်ဦးဘိုးသွယ်တွင် တူမတစ်ယောက်နှင့် သမီးပျို

တစ်ယောက်ပါလာသည်။ အစောင့်နောက်တစ်ယောက်ကား မုဆိုးဖို ဦးဇော်ဖေဖြစ်သည်။ သူသည် သောင်းဒန်ကိုမခွဲနိုင်။ သောင်းဒန်ကလည်း ဦးဇော်ဖေကို သံယောဇဉ်ရှိသည်။ သီရိတံတားတွင် အလုပ်လုပ်စဉ်က ဦးဇော်ဖေ သည် ရုံးစောင့်ဖြစ်သည်။ တစ်ညနေတွင် သောင်းဒန်သည် အလုပ်သမားများ အား လခထုတ်ပေးရန် ငွေတစ်သိန်းခန့်ထုတ်လာပြီး ရေတွက်နေစဉ် ရုံးချုပ်မှ အရေးကြီးသော အစည်းအဝေးတစ်ခုရှိသဖြင့် တယ်လီဖုန်းနှင့် လှမ်းခေါ်သည်။ သောင်းဒန်လည်း ငွေများကို မီးခံသေတ္တာထဲတွင်ထည့်ကာ ကမန်းကတန်း ထ၍ပြေးသည်။ အစည်းအဝေးခန်းထဲရောက်မှ မီးခံသေတ္တာ မပိတ်ခဲ့မှန်း သတိရလာသည်။ စေ့ရုံကား စေ့ပစ်ခဲ့သည်ဟုထင်သည်။ ငွေတစ်သိန်းနီးပါး ခန့်ဖြစ်သည်။ အစည်းအဝေးတွင် သောင်းဒန်စိတ်မဝင်စားနိုင်။ သူ့စိတ်တွင် ငွေတစ်သိန်းဆီသို့သာ ရောက်နေသည်။ အစည်းအဝေးပြီးသည့်အခါ ၇ နာရီ ခွဲနေပြီ။ သောင်းဒန် ဂျက်လေယာဉ်အဟုန်ဖြင့်ပြန်လာသည်။ ရုံးရောက်လျှင် ကား ဦးဇော်ဖေကို မီးခံသေတ္တာနားတွင် မခွာဘဲ ထိုင်စောင့်နေသည်ကိုတွေ့ရ သည်။ သောင်းဒန်သည် ကပျာကယာ ငွေများကို ရေတွက်သည်။ တစ်ဆယ်တန် တစ်ချပ်ပင်မလျော့။ ထိုကတည်းက ဦးဇော်ဖေ၏သစ္စာရှိပုံကိုတွေးမိတိုင်း ကျေးဇူးတင်မိသည်။ သစ္စာရှိမည့်သာရှိသည်၊ ဦးဇော်ဖေကား ခြူးတစ်ပြား ချမ်းသာသူမဟုတ်။ ညနေတိုင်လျှင် အရက်သောက်စရာမရှိသဖြင့် ဟိုလူ့ဆီ ဒီလူ့ဆီ လက်ဝါးဖြန့်ကာ အရက်ဖိုးတောင်းရသည်။ ချေးငှားရသည်။ ထို့ ကြောင့်ပင် သောင်းဒန်သည် ဦးဇော်ဖေကို စင်ရော်သို့ ခေါ်လာခဲ့ခြင်းဖြစ် သည်။ ဦးဇော်ဖေနှင့် ဦးခင်ကား သီရိတွင်လည်း တွဲဖက်၊ ယခုလည်း တွဲဖက် ဖြစ်တော့မည်။ ဦးခင်သည် ထန်းတောကို စနည်းနာနေသည်။ ထန်းလျက် ကောင်းကောင်းရလျှင် ကိုယ်တိုင်လည်း အရက်ချက်တတ်သည်။ သို့သော် လည်း သောင်းဒန်က ဦးခင်ကို အရက်ချက်မသောက်ရန် တင်းတင်းကြပ်ကြပ် တားမြစ်ထားသည်။ ယခု ဦးဇော်ဖေနှင့်လုံးမိလျှင် ဘယ်လိုနေကြလေမည်မသိ။

သောင်းဒန်အိမ်က လက်ဖက်၊ ကြက်သွန်ကြော်၊ ပုံးရည်တို့ပေးလိုက် သည်။ ကျော်ဆွေကလည်း သောင်းဒန်အတွက် ရမ်တစ်ပုလင်းပေးလိုက်

သည်။ မြင့်မြင့်သန်း၏စာထဲတွင် ကိုကျော်ဆွေက မြင့်ကို သူ့အကြောင်း သွားပုပ်လေလွင့်ပြောရမလားလို့ လာကြိမ်းနေတယ်ဟု ပါလာသဖြင့် သောင်းဒန်က တဟားဟားရယ်မိသေးသည်။

ယခင်က ခြောက်ကပ်ကပ်ဖြစ်နေသော တံတားစခန်းမှာ ယခုစိုပြည်လာပြီ။ စင်ရော်၊ စိမ့်မြိုင်၊ ဂူထွတ်၊ သောင်ဦး၊ ရေပြာတို့တွင် ကလေးငိုသံ၊ ဆူဆူညံညံရယ်သံ၊ အော်ဟစ်သံတို့ကိုကြားရသည်။

ညနေအခါများတွင် တန်းလျားခေါင်မိုးထိပ်၌ မီးခိုးကလေးများ တလူလူတက်လာသည်ကို တွေ့ရသည်။ ဟင်းနံ့ကျွေးနံ့လေးများ သင်းလာသည်။ သောင်းဒန်တို့အိမ်ပေါ်မှ ကြည့်လိုက်လျှင် တန်းလျားများ၏ ခေါင်မိုးများကို ဆီး၍မြင်ရသည်။ သောင်းဒန်တို့က အရှေ့ဘက်စွန် အမြင့်ဆုံးကုန်းတွင်ရှိပြီး အဆောင်သုံးခုသည် အလယ်အဆင့်တွင်ရှိကာ၊ ကျန်အဆောင်နှစ်ခုသည် အောက်ဆုံးဆင့်တွင်ရှိသည်။ သူတို့အားလုံးအထက်တွင် အင်ကြင်းတောင်စေတီသည် မိုးလျက်ရှိနေလေသည်။ ထိုနေ့ညတွင် ရုံးခန်း၌ အစည်းအဝေးကျင်းပသည်။ သောင်းဒန် သဘာပတိ၊ လှမင်း အတွင်းရေးမှူးဖြစ်သည်။ အင်ဂျင်နီယာ(စ)များ၊ အလုပ်ကြပ်များ၊ ဖိုမင်များပါသည်။ သောင်းဒန်က စခန်းစည်းကမ်းများကို ရေးဆွဲစေသည်။

“အထူးတင်းကြပ်ဖို့ကတော့ မူးယစ်သောက်စားပြီး ရမ်းကားတာ၊ ဆဲရေးကြိမ်းမောင်းတာ ဒါက နံပါတ်တစ်၊ နံပါတ်နှစ်က ယောကျ်ားမိန်းမဆက်ဆံရေး၊ လူပျိုတွေ ည ၇ နာရီကျော်ရင် အိမ်ထောင်သည်ဆောင်ကို မသွားရဘူး၊ ဖိုမဆက်ဆံရေးကိစ္စမှာ အပြစ်ကျူးလွန်ရင် သည်းမခံနိုင်ဘူး၊ အလုပ်ထုတ်ပစ်မယ်၊ တို့ဌာနမှာ အလုပ်မရနိုင်အောင် စာရေးတင်မယ်၊ အပျိုလူပျို လွတ်လွတ်လပ်လပ်ချစ်ကြိုက်တာ အကြောင်းမဟုတ်ဘူး၊ မလွတ်မလပ်သူများသားမယားကျူးလွန်တာမျိုး သည်းမခံနိုင်ဘူး”

“နောက်တစ်ချက်က စားရေးသောက်ရေး၊ ဒါလဲ အရေးကြီးတယ်၊ အခု စင်ရော်ကုန်သွယ်ရေးနဲ့ဆက်သွယ်ပြီး ပစ္စည်းထုတ်နေရတယ်၊ အားလုံး စေ့ငအောင်ကြိုးစားတာပဲ”

သောင်းဒန်က တံတားစခန်းတွင် ကုန်သွယ်ရေးမှ အခြေခံစားသောက်ကုန်ဆိုင်တစ်ခု၊ အထည်အဝတ်နှင့် လူသုံးပစ္စည်းဆိုင်တစ်ခု စုပေါင်း၍ဆိုင်တစ်ခုဖွင့်ပေးရန် စိမ့်မြိုင်တွင်ကြိုးစားသည်။ သက်ဆိုင်ရာတို့က ခွင့်မပြု။ ဆိုင်ဖွင့်လျှင် မန်နေဂျာ၊ စာရင်းကိုင်၊ ဆိုင်ထိုင် စသည်တို့လိုလာမည်။

ယင်းအတွက် အခက်အခဲရှိသည်။ သို့ဖြစ်ရာ စင်ရော်ကုန်သွယ်ရေးနှင့်ဆက်သွယ်၍ စားကုန်သောက်ကုန်၊ အထည်အဝတ်၊ လူသုံးပစ္စည်းတို့ကိုတံတားစခန်းအတွက် ရပ်ကွက်ကြီးတစ်ခုအနေဖြင့် ခွဲတမ်းချပေးစေသည်။ ရိုးရိုးထက်ပို၍ ဦးစားပေးစေသည်။ ယခုစာရင်းအရဆိုလျှင်ကား အိမ်ထောင်ပေါင်း ၈၃၊ လူပျိုလူလွတ် ၄၉ ရှိသည်။

"ဒါတောင် တပ်အတွက် သူ့တာဝန်နဲ့သူမို့ တော်သေးတယ်၊ မနေ့တစ်နေ့ကပဲ တပ်စုတစ်စုရောက်လာတယ်၊ သူတို့က သူတို့ရိက္ခာနဲ့သူတို့၊ တို့နဲ့မရောဘူး၊ ဒီတော့ အစစအရာရာ အဆင်ပြေအောင် တို့ စီမံပေးမယ်၊ အခုကုန်သွယ်ရေးကတောင်းလို့ ပစ္စည်းတော်တော်လေးရတယ်၊ ခင်ဗျားတို့စိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ ဒီတော့ စခန်းမှာဆိုင်ဖွင့်ရမှာပဲ၊ ကိုယ့်ဘာသာကိုယ်ဖွင့်ရမယ်၊ ကိုယ့်ဘာသာကိုယ် ပစ္စည်းသွားထုတ်ရမယ်၊ စရိတ်ကို ဈေးတင်လိုက်ပေါ့၊ ဒါတွေဟာ အပိုအလုပ်တွေပဲ၊ တစ်ခါတလေ အလုပ်ချိန်မှာလုပ်ရမယ်၊ တစ်ခါတလေ ညနေပိုင်း၊ ညပိုင်းမှာ ပစ္စည်းဝေခြမ်းတာ၊ ရောင်းတာလုပ်ရမယ်၊ ဝိုင်းလုပ်ကြရမှာပဲ၊ တာဝန်ခွဲဝေပြီး ယူကြရမှာပဲ"

ထိုနေ့ညတွင် အဆောင်မှူးများ ထပ်မံခန့်သည်။ စခန်းကော်မတီဖွဲ့သည်။ စားသောက်ဆိုင်တာဝန်ခံများ၊ ငွေထိန်းများ ရွေးသည်။ စင်ရော်ဆောင်မှူး အလုပ်ကြပ်ကိုသန်းမြိုင်၊ စိမ့်မြိုင်ဆောင်မှူး လက်သမားဦးဖိုးကျင်၊ ဂူထွတ်လူပျိုဆောင်မှူး ဦးအောင်ကြီး အင်ဂျင်နီယာ(စ)၊ သောင်ဦးနှင့်ရေပြာနှစ်ဆောင်ပေါင်း၏ အဆောင်မှူး ဖိုမင်ဦးအောင်သန်းတို့ဖြစ်သည်။ စခန်းကော်မတီဥက္ကဋ္ဌ ဦးသောင်းဒန်၊ အတွင်းရေးမှူး လှမင်းနှင့် ကော်မတီဝင်များမှာ စောသာအေး၊ ဒေးဗစ်၊ လက်သမားဆရာကြီး ဦးအေး၊ ဦးဘရင်၊ စားသောက်ဆိုင်တာဝန်ခံ ဦးအောင်ကြီး၊ ငွေထိန်းမစ္စတာဒေးဗစ် စသည်တို့ဖြစ်ကြသည်။

လှမင်းနှင့် စောသာအေးတို့က သောင်းဒန်အား အစွမ်းကုန် အကူအညီပေးပါမည်ဟု အာမခံကြသည်။

"တစ်ယောက်တည်းလုပ်လို့ရတဲ့ အလုပ်တွေမဟုတ်ဘူး၊ အားလုံးဝိုင်းလုပ်ရမှာပဲ လှမင်း၊ ငါတစ်ယောက်တည်းလဲမတတ်နိုင်ဘူး၊ မင်းက အလုပ်သမားတွေရဲ့စည်းကမ်းထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး တာဝန်ယူစေချင်တယ်၊ စောသာအေးက ရုံးကိစ္စနဲ့ ငွေရေးကြေးရေး တာဝန်ယူစေချင်တယ်၊ အခု တို့မှာက စိမ့်မြိုင် တိုင်းရုံးနဲ့ ငွေရေးကြေးရေး ဆက်သွယ်ရမယ်၊ အဲဒီတာဝန်တွေက မသေးလှဘူး၊ ပစ္စည်းစုဖို့ လိုက်ဖို့ရှိသေးတယ်၊ သစ်၊ ဝါး၊ သံ၊ သဲ၊ ကျောက်၊ စက်ပစ္စည်း၊ ဒါတွေကို ငါလဲလိုက်မယ်၊ မင်းတို့လဲ ဝိုင်းပြီးလုပ်ကြ၊ သန်းမောင်ကိုလဲ စင်ရော်နဲ့ သစ်ကိစ္စ၊ ဝါးကိစ္စ၊ ကုန်သွယ်ရေးကိစ္စတွေအတွက် တာဝန်ပေးချင်တယ်"

သူတို့ကို စိတ်ချရမည်ဟု သောင်းဒန်မျှော်လင့်သည်။ စိတ်ချရမှုဖြစ်မည်။ ကိုယ်ခွဲမရှိ။

"တို့ တံတားဆောက်ရတာက ဆောက်လုပ်ရေးရော၊ အုပ်ချုပ်ရေးရော နှစ်ပိုင်း တစ်ခါတည်းကိုင်နေရတယ်၊ သဲအသင့်၊ ဘိလပ်မြေအသင့်၊ သစ်ဝါးအသင့်၊ ကျောက်အသင့်မဟုတ်ဘူး၊ ဒါတွေအတွက်လဲ လိုက်ရမယ်၊ ဆောက်လုပ်ရေးဘက်ကလဲ မလစ်ဟင်းစေရဘူး၊ အဲဒါအပြင် ခေါင်းခြောက်စရာတစ်ခုက ဟောဒီအိမ်ထောင်တွေထိန်းရမဲ့ သူကြီးအလုပ်ပဲ၊ အားလုံးစေတနာထားကြမှ၊ အားလုံးကူညီကြမှ၊ အားလုံးလုပ်အားကို မခိုမကတ်ဘဲပေးကြမှ ပြီးမြောက်မှာပဲ"

သောင်းဒန် ရင်လေးသည်။ သို့သော် လှမင်း၊ စောသာအေး၊ အောင်ကြီး၊ သန်းမောင်၊ ဒေးဗစ် စသူတို့ သူ့အပါးတွင်ရှိနေသဖြင့် စိတ်အားမပျက်။ သောင်းဒန်တွင် မျက်စိဆယ်လုံးမရှိ။ နှစ်လုံးသာရှိသည်။ သောင်းဒန်တွင် လက်ဆယ်ချောင်းမရှိ။ နှစ်ချောင်းသာရှိသည်။ သို့သော်လည်း သူသည် မျက်လုံးအစုံကိုဖွင့်ထားသည်။ နားအစုံကို စွင့်ထားသည်။

× × × × ×

## ၁၁

စင်ရော်တံတားပုံစံကို ရုံးချုပ်က ဆွဲပေးသည်။ စင်ရော်ချောင်းသည် ပေ ၄၀၀ ကျော်ကျယ်သည်။ သို့ဖြစ်ရာ တောင်ဘက်မြေကာဘဲတောင်နှင့် မြောက်ဘက် မြေကာဘဲတောင်အကြားတွင် တိုင်လေးလုံးစိုက်ထူရမည်။ တံတားခန်းဖွင့်မှာ ပေ ၁၀၀ ဖြစ်သည်။ စုစုပေါင်း တိုင်ခြောက်လုံးပေါ်၌ ပေ ၁၀၀ အခန်း ၅ ခန်း တင်ရမည်။ အားလုံး ကွန်ကရစ်လုပ်ငန်းချည်းသာ ဖြစ်သည်။

လှမင်း၊ အောင်ကြီးတို့သည် တောင်ဘက်ကမ်းတွင် ဘဲတောင်ရိုက်ရန် ကွန်ကရစ်တိုင်များ လောင်းနေကြသည်။ တိုင်ရိုက်စက်ကြီးကိုလည်း အပိုင်းပိုင်း ပြုတ်နေသော ပစ္စည်းများကို ပြန်လည်စုရုံးကာ တပ်ဆင်ရသည်။ တံတား တစ်ခုလုံးခြုံကြည့်မည်ဆိုလျှင် ကွန်ကရစ်လုပ်ငန်းသာ ဖြစ်သည်။ ကွန်ကရစ် တိုင်၊ ကွန်ကရစ်ပေါင်၊ ကွန်ကရစ်အခင်းချည်းသာ ဖြစ်သည်။ သို့သော်လည်း လုပ်ငန်းအဆင့်တိုင်း၌ လက်သမား၊ ပန်းရန်၊ ပန်းပဲ၊ သံချိသံကွေး အားလုံး သူ့နေရာနှင့်သူ ပါဝင်ရသည်။ သူ့အလုပ်သမားများသည် သီရိတွင် တက်ညီ လက်ညီတွဲ၍ လုပ်ကိုင်ဖူးခဲ့ကြပြီမို့ အထူးမှာကြားသွန်သင်နေစရာမလို။ ကျောက်ခွဲသူက ခွဲ၊ သဲထမ်းသူက ထမ်း၊ ကွန်ကရစ်လောင်းသူက လောင်း နှင့် မခိုမကတ်လုပ်ကိုင်ကြသည်။

တောင်ဘက် မြေကာဘဲတောင်အတွက် တိုင် ၂၄ လုံး လိုသည်။ အလျား ပေ ၄၀ နှင့် ၁၄ လက်မပတ်လည် တိုင်များဖြစ်သည်။ လက်သမား

များက ယင်းတို့အတွက် သစ်သားပုံစံများဆောက်သည်။ ပြီးလျှင် အလယ်၌ သံချောင်းများ ယှက်ချည်ကာ ကွန်ကရစ်လောင်းရမည်။ ဤတွင် သံချီ သံကွေးလုပ်ငန်း၊ ပန်းပဲလုပ်ငန်းက နေရာဝင်ယူသည်။ သူတို့တွင် ဘိလပ်မြေ ဖျော်စက် ၅ လုံး ပါလာသည်။ အကြီးတစ်လုံး၊ အငယ်လေးလုံးဖြစ်သည်။ ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ ကျောက်စရစ်မရသည့်အခါ လိပ်သည်း ကျောက်ပထမတန်းစားကို လက်သည်းခွံလောက်အထိခွဲ၍ ရောစပ်ရသည်။ ယင်းအလုပ်ကို ဘိလပ်မြေဖျော်စက်က လုပ်သွားသည်။ စက်နှင့် မွှေနှောက် သဖြင့် ပတ်ပတ်နပ်နပ်ရှိသည်။ သဲထမ်းသူ၊ ကျောက်ထမ်းသူ၊ ဘိလပ်မြေထမ်း သူတို့ တက်ညီလက်ညီလုပ်ကြသည်။ အစကောင်းမှ အနှောင်းသေချာမည်။ သောင်းဒန်သည် အစကောင်းစေရန်၊ မလစ်မလပ်ရှိစေရန် လုပ်ငန်းတိုင်းသို့ ကြီးကြပ်စစ်ဆေးသည်။ အလုပ်သမားများနားမှ သူလည်း နားသည်။

၁၄ လက်မပတ်လည် တိုင်ပုံစံများလုပ်ရန်အတွက် လက်သမား နှစ်ဆိုင်းကို တာဝန်ပေးသည်။ အောင်ကြီးအား အုပ်ချုပ်စေသည်။ တိုင်လောင်းခါနီးတွင် သောင်းဒန်ကိုယ်တိုင်ဆင်း၍ ကြည့်သည်။ ကွန်ကရစ် စပ်သည့် အချိုးအစားကို စစ်ဆေးသည်။ သံချီသံကွေးတို့ သံချောင်းထည့်ပုံ၊ ခွေပုံတို့ကို စစ်ဆေးရသည်။ အလစ်ပေး၍မရ။

"မြသိန်း တစ်ယောက် ဘယ်ရောက်နေသလဲကွ"

"ဗိုက်နာလို့ ခဏပြန်သွားတယ် ဆရာကြီး"

"သူ့အစား ဘယ်သူ ဝင်သလဲ"

"ကျွန်တော်တို့ပဲ ဝိုင်းလုပ်ကြတယ် ဆရာကြီး"

"အေး . . . ကောင်းတယ်၊ ဗိုက်နာတာ ဒီအတိုင်းနေလို့ ဘယ်ဖြစ် မလဲကွ၊ ဆေးရုံသွားမှပေါ့၊ စောသာအေး မိန်းမ နော်ဖောလာဆီသွား၊ သူက သူနာပြု ဆရာမကွ၊ သူ့မှာ ဆေးတွေပါလာလိမ့်မယ်၊ အောင်ကြီး ဒီကောင် မင်းကိုပြောသွားတယ်နော်"

"ဟုတ်ကဲ့၊ ပြောသွားပါတယ်"

"အေး . . . ငါက မင်းတို့ကိုစံပြဖြစ်စေချင်တယ်၊ တို့ တံတားဆောက်

အဖွဲ့ဟာ စံပြအဖွဲ့ဖြစ်ရမယ်၊ ခိုတာကတ်တာ မရှိစေချင်ဘူး၊ ကဲ . . . အောင်ကြီး၊ မင်းတို့ဆီမှာ ဘာလိုသေးသလဲ၊ သဲတို့ ကျောက်တို့ အသင့်ရှိရဲ့လား၊ တိုင်တွေက ဆက်တိုက် လောင်းသွားရမှာ၊ လုံလုံလောက်လောက်ရှိနေမှ ကောင်းမယ်"

"ကျောက် ရောက်တာနည်းတယ် ဆရာကြီး၊ သဲကလဲ နည်းသေးတယ်၊ ဒါပေမဲ့ ကျောက်ကပိုနည်းတယ်"

"အဲဒါ သယ်ရပို့ရ နှစ်ဆင့်ဖြစ်နေလို့ပေါ့ကွ၊ မဖြစ်ပါဘူးကွာ၊ ဒီဘက်က လမ်းမြန်မြန်ဖောက်မှပါ"

"ကျောက်က မှန်မှန်မရောက်တော့ ကျောက်ခွဲစက်လဲ နှစ်ရက်ခြားမှ တစ်ခါလောက်ခွဲနေရတယ်"

"ဒီတိုင်းတော့ မဖြစ်သေးပါဘူးကွာ၊ ဒီချောင်းမှာ ကျောက်စရစ်ရှာအုံးမှပဲ၊ ရေလယ်တိုင်ကြီးတွေလောင်းတော့ ကျောက်စရစ်မှဖြစ်မယ်၊ မရှိရင်သာ ရှိတဲ့ ကျောက်နဲ့ သုံးရမှာကိုးကွ"

သောင်းဒန်သည် ၁၃ မိုင် ကျောက်မိုင်းသို့ လိုက်သွားသည်။ အလုပ်သမားများ မှန်မှန်အလုပ်မဆင်းကြ။ အချို့မှာ စိမ့်မြိုင်သို့ပြန်သွားကြသည်ဟု သိရသည်။

"ဒီလိုလုပ်လို့ မဖြစ်ဘူး၊ ကျောက်အများကြီးလိုတယ်"

"ဆန်မရှိဘူး ဆရာကြီး၊ စင်ရော်မှာ ဆန်ရှာရတာ မလွယ်ဘူး၊ စိမ့်မြိုင်အထိ ဆန်သွားယူရတယ်"

ဆန်ကိုကား သောင်းဒန် ရှာမပေးနိုင်။ သို့သော်လည်း စင်ရော်ကုန်သွယ်ရေးနှင့် ဆွေးနွေးကြည့်ဦးမည်ဟု စိတ်ကူးမိသည်။

"အေးဗျာ မြန်မြန်လေးပြီးအောင်၊ များများရအောင်လုပ်ကြပါ၊ ခင်ဗျားတို့ ဆန်ရဖို့ ကျွန်တော် ကြိုးစားကြည့်ပါအုံးမယ်"

မယုတ်မလွန်ပြောခဲ့ကာ ပြန်လာခဲ့သည်။ စင်ရော်ရောက်လျှင် နလက ဥက္ကဋ္ဌကိုရှာသည်။ မတွေ့။ စိမ့်မြိုင်သွားနေသည်ဟု သိရသည်။ ထို့ကြောင့် ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်းနှင့်ပင် ထိုကိစ္စကို ဆွေးနွေးကြည့်သည်။

"ဖြစ်နိုင်ဖို့တော့မလွယ်ဘူး ကိုသောင်းဒန်၊ ဒါပေမဲ့ ပြောကြည့်သေးတာပေါ့၊ ကုန်သွယ်ရေးကို သွားပါလား၊ သွားလဲ အပိုနေမှာပဲ၊ ခင်ဗျား ကျောက်တူးသမားတွေက စခန်းသစ်ဘက်ကဆိုတော့ သူတို့အတွက် ဆန်က ဟိုမှာပဲ ထုတ်ရမှာပေါ့၊ ဒီမယ် ကိုသောင်းဒန်၊ ခင်ဗျား ဒါတွေပူမနေနဲ့၊ ဒါတွေလျှောက်လုပ်နေရင် ခင်ဗျား တံတား ဘယ်တော့ဆောက်ရမှာလဲ၊ တစ်ခါတလေ ကျွန်တော်တို့တောင် မပူနိုင်ဘူး"

"ဒါတွေပူပေးမှ တံတားမြန်မြန်ဆောက်နိုင်မှာဗျ၊ တံတားဆောက်ဖို့၊ ပြီးဖို့က ဒါတွေနဲ့ ဆက်နေတယ်၊ သဲရမှ၊ ကျောက်ရမှ၊ သစ်ရမှ"

"ခင်ဗျားတို့ တံတား ဖြစ်ကိုဖြစ်မှာ မဟုတ်ဘူး၊ စင်ရော်သားတွေက ဒီတံတား မပြီးစေရဘူးလို့ ပြောနေကြတယ်"

ဗိုလ်ကြီးဇော်သန်းသည် သောင်းဒန်နှင့် အတော်လေးရင်းနှီးလာပြီဖြစ်၍ သောင်းဒန်ကို စနေသည်။

"ဟာ . . . ခင်ဗျားကလဲ ဒါပဲပြောနေတယ်၊ ဒါတွေကို ကျွန်တော် မယုံဘူး၊ သိုက်တို့ တဘောင်တို့ဆိုတာတွေ အလကားစကားတွေပါဗျ၊ တံတားကတော့ မပြီးလို့ ဖြစ်ကိုမဖြစ်ဘူးဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် ပြီးအောင်ဆောက်ရမှာပဲ၊ နောက်တစ်ခုက ခင်ဗျားစနည်းနာစမ်းပါ၊ ချောင်းတစ်လျှောက် ဘယ်နေရာမှာ ကျောက်စရစ်ရနိုင်မလဲလို့"

ဗိုလ်ကြီးဇော်သန်းက ကျောက်စရစ်ကျင်းရှာမည်ဟု ဆိုသည်။ သို့သော် စိတ်မချရ။ သူ့တွင်လည်း တာဝန်အများကြီးနှင့်မို့ မအားမလပ်ဖြစ်နေသည်။ သောင်းဒန်သည် ရွာနီးဝန်းကျင်တွင် စနည်းနာခိုင်းသည်။ စင်ရော်ချောင်း ရေစပ်တွင်ကား ကျောက်စရစ်မရှိ။ ကမ်းပါးတွင်လည်း မတွေ့ရ။ သို့ဖြစ်ရာ ကျောက်ကိုသာ များများရနိုင်သမျှရအောင် လောဆော်ပေးရမည်။ ယခုနှုန်း အတိုင်းဆိုလျှင်ကား ဘဲတောင်တိုင်များအတွက် လောက်သေသည်။ နောင်လုပ်ငန်းများ ဆက်တိုက်ဝင်လာလျှင် အလျဉ်မီဖွယ်မမြင်။ ဘဲတောင်တိုင်ပြီးလျှင် တိုင်ကို ချုပ်မည့် ကွန်ကရစ်အုတ်မြစ်ကိုချရမည်။ ယင်းအပေါ်၌ ထိပ်အုပ်လောင်းရမည်။ ထိပ်အုပ်ပေါ်တွင် တံတားပေါင်တင်မည့် ကွန်ကရစ်တိုင်များ လောင်းရမည်။

အားလုံး ကွန်ကရစ်လုပ်ငန်းချည်း ဖြစ်သည်။ သို့ဖြစ်ရာ ယခုအရေးကြီးသည်မှာ ကျောက်မြန်မြန်ဆန်ဆန်ရရေးပင် ဖြစ်သည်။

လှမင်းနဲ့ စောသာအေးကို တာဝန်ပေးရမှာပဲ။ ချဉ်းကပ်လမ်းတွေ အမြန်ဖောက်ရမယ်။ ကိုယ်ခွဲလိုတယ်။ တိုင်ပင်ဖော်တိုင်ပင်ဖက် လိုတယ်။ သော်ကောင်း မြန်မြန်ရောက်ရင်ကောင်းမယ်။ ကျော်ဆွေပါ လိုက်လာရင်ပိုပြီး ကောင်းမယ်။

ထိုအချိန်တွင် စင်ရော်တိုင်းကျော်၏ဂိုဏ်းသည် လှုပ်ရှားလာသည်။ ဟိုရွာဝင်၊ သည်ရွာထွက်လုပ်နေသည်။ နယ်ခြားတွင် စုနေသောအင်အားကို တောင်ရိုးအနောက်ဘက်သို့ ရွှေ့ပြောင်းလာကြပြီဟု သတင်းကြားရသည်။

"ကျွန်တော်တို့ဆီမှာ အလုပ်သမားလိုတယ် ဆရာကြီး၊ အခုနှုန်းအတိုင်းဆိုရင် တိုင်တွေ မြန်မြန်ပြီးမှာမဟုတ်ဘူး" အောင်ကြီးက သောင်းဒန်အားအခြေအနေကို တင်ပြသည်။

"လိုရင် ရှာရမှာပေါ့ကွ၊ ရှာပြီးမှ ငါ့ကိုလာပြော၊ မင်းတို့ အလုပ်ကို လာဘ်မြင်မှပေါ့"

"ရှာပြီးပြီ ဆရာကြီး၊ ဒီနားပတ်ဝန်းကျင်က လုပ်ချင်တဲ့လူတွေရှိတယ်၊ ဒါပေမဲ့ လုပ်ခစကားပြောနေကြတယ်၊ တစ်နေ့ ငါးကျပ်ရမှတဲ့"

"ငါးကျပ်တော့ မပေးနိုင်ဘူး၊ ဒီလူတွေက ခြံအလုပ်သမားတွေ မဟုတ်လားကွ၊ ဒါ့ကြောင့် ငါးကျပ်စကားပြောနေတာ၊ တို့ အစိုးရနှုန်းထားအတိုင်း သုံးကျပ်ဆယ့်ငါးပြားပဲ ပေးနိုင်မယ်၊ မင်းတို့ နားလည်အောင်ပြောပြပေါ့၊ ခြံအလုပ်က ဆယ့်နှစ်ရာသီ အလုပ်မှမဟုတ်ဘဲ၊ မိုးကျလာလို့ ပေါင်းတွေထူလာရင် ခုတ်ရှင်းရတာပဲ မဟုတ်လား၊ တို့အလုပ်က ဆယ့်နှစ်ရာသီအလုပ်"

ကုန်းကြီး၊ ရွာဆိုး၊ ဒူးရင်းခြံ၊ ကျောက်ရဲတို့မှ အလုပ်သမားများရောက်လာကြသည်။ စင်ရော်၊ စံပယ်ချောင်းတို့မှလည်း အများအပြားလာကြသည်။ သည်အထဲတွင် မိန်းမဦးရေက ပို၍များသည်။ သောင်းဒန်သည် မိန်းမကို မခန့်ချင်။ နောင် ပြဿနာပေါ်မှာ စိုးရသည်။ သူ့အလုပ်သမားများသည် မည်မျှထိန်းချုပ် ထားသည်ဆိုရငြားလည်း ပုထုဇဉ်များသာ ဖြစ်ကြသည်။ အရိယာများမဟုတ်ကြ။ တစ်ဖန် သူတို့သည် ပညာမဲ့သူများဖြစ်ကြသည်။

စည်းကမ်းတွေ ဘယ်မျှပင် တင်းကြပ်စေကာမူ ဖောက်မည့်သူရှိမည်။ သို့သော်လည်း သောင်းဒန် ကြေးများမနေနိုင်။ ရရာကိုသာယူရမည်ဖြစ်သည်။

"အေး . . . အောင်ကြီး၊ မင်းတာဝန်ကြီးလာပြီနော်၊ ရွာခံတွေနဲ့ ရောရောယှက်ယှက်တွေဖြစ်လာပြီ၊ မင်း အများကြီးဂရုစိုက်ရမယ်၊ ဆက်ဆံရေး၊ အလုပ်ဝတ္တရားကအစ လူမှုရေးအဆုံး သတိထားပြီး အဆင်ပြေအောင် ဦးစီးကွပ်ကဲနိုင်ရမယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်နားလည်ပါတယ်"

အောင်ကြီးသည် နောက်ဝင်လာသည့် အလုပ်သမားအသစ်များကို တာဝန်ယူအုပ်ချုပ်သည်။ တချို့က အောင်ကြီးကို ဤတာဝန်မပေးစေချင်။ မပေးစေချင်သည့်အကြောင်းကို သောင်းဒန်အား အရိပ်အမြွက်ပြောကြသည်။ သောင်းဒန်က မသိချင်ယောင်ဆောင်နေသည်။

"သီရိတံတားမှာတုန်းကလဲ သူပဲအုပ်ချုပ်လာတာပဲကွ၊ ဘာပြဿနာပေါ်လို့လဲ၊ မီးကို သေနေတာပဲ၊ တခြားအတွေ့အကြုံတွေ မရှိချင်ရင်နေ၊ အလုပ်သမားတွေနဲ့ လက်ပွန်းတတီးနေပြီး အလုပ်သမားအကြောင်း ရေရေလည်လည်သိတဲ့ အတွေ့အကြုံတော့ အောင်ကြီးမှာရှိတယ်"

ပြောလာသူတို့ ရှေ့နှုတ်ပိတ် ဖြစ်သွားကြသည်။ သူတို့ပြောသည့် အကြောင်းကို သောင်းဒန်နားလည်သည်။ သဘောပေါက်သည်။ သို့သော် သောင်းဒန်၌ အတွေးတစ်မျိုးဝင်ကာ အောင်ကြီးအား ဤတာဝန်သစ်ကို ပူးတွဲ၍ ပေးခြင်းဖြစ်သည်။

"အောင်ကြီး၊ မင်းဟာ ခေါင်းဆောင်နော်၊ မင်းတာဝန်ကြီးတယ်၊ မင်းထိန်းသိမ်းရမယ်၊ ခေါင်းဆောင်ဆိုတာ ငါမှမဟုတ်ဘူး၊ မင်းလဲ ခေါင်းဆောင်ပဲ၊ စောသာအေးလဲ ခေါင်းဆောင်ပဲ၊ လှမင်းလဲ ခေါင်းဆောင်ပဲ၊ မီးစက်မောင်းတဲ့ လှဖေလဲ သူ့မီးစက်ရဲ့ ခေါင်းဆောင်ပဲ၊ လူတိုင်း ခေါင်းဆောင်ပဲကွာ"

သောင်းဒန်က ခေါင်းဆောင်တရားကို နာနာဟောသည်။ အောင်ကြီးကိုသာမဟုတ်၊ လူတိုင်းကိုဟောသည်။ သောင်းဒန်သည် စပိန်တော်လှန်ရေး၊ တရုတ်တော်လှန်ရေးတို့တွင် ဝင်ရောက်ကူညီကာ ရှေ့တန်းစစ်မျက်နှာ

အထိလိုက်၍ ဆေးရုံဖွင့်၊ ခွဲစိတ်ကုသပေးသော ကနေဒါဆရာဝန် နော်မန် ဗက်သွန်းအကြောင်း ဖတ်ပြီးကတည်းက ဗက်သွန်း၏ ခေါင်းဆောင်တရားကို သဘောကျ နှစ်ခြိုက်နေခဲ့သည်။ သို့ဖြစ်ရာ လူတိုင်း ခေါင်းဆောင်ဖြစ်သည် ဆိုသည့် ဗက်သွန်း၏တရားကို အခါအခွင့်ကြုံတိုင်း ဟောပြောလေ့ရှိသည်။ သူတို့ရင်ထဲသို့ စိမ့်၍ဝင်စေချင်သည်။

"ခေါင်းဆောင်ဆိုတာ စံနမူနာဖြစ်ရမယ်၊ ရှေ့ဆောင်လမ်းပြဖြစ်ရမယ်၊ ဘယ်သူပဲဖြစ်ဖြစ် ပုထုဇဉ်တွေချည်း မဟုတ်လား၊ လောဘ၊ ဒေါသ၊ မောဟ တွေ ကင်းကြတာမဟုတ်ဘူး၊ လှတာတွေ့ရင် ကြိုက်တာပဲ၊ မိန်းမတွေ့ရင် ဖောက်ပြားချင်တာပဲ၊ ဒါပေမဲ့ အသိတရားနဲ့ထိန်းရမယ်၊ အခြေအနေကြောင့် ထိန်းရမယ်၊ ပတ်ဝန်းကျင်ကြောင့် ထိန်းရမယ်၊ ဒီလောက်ပြောရင် မင်း နားလည်ပါတယ် အောင်ကြီး"

ပြောမည့်သာ ပြောရသည်။ အောင်ကြီးဂိုဏ်းသို့ ရောက်လာကြသည့် စံပယ်ချောင်းသူ၊ ကုန်းကြီးသူတို့မှာ အချောအလှများ ဖြစ်ကြသည်။ သူတို့သည် ယောကျ်ားတစ်ယောက်ကို ပက်ခနဲယူလိုက်ဖို့ ဝန်လေးသူများ မဟုတ်ကြဟု ဆိုသည်။ ထို့အတူ ယောကျ်ားတစ်ယောက်ကို ပက်ခနဲကွာလိုက်ဖို့လည်း ဝန်မလေးကြ။ နောက်တစ်ယောက် ထပ်၍ယူဖို့လည်း ဝန်မလေးကြဟုဆို သည်။ ထိုစကားသည် ကားချင်ကားမည်။ သို့သော် လူပြောများသည်ကား အမှန်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အောင်ကြီးသာမဟုတ်၊ လူတိုင်း ကိုယ့်ကိုယ်ကိုယ်ထိန်းကြရမည်။

အောင်ကြီးသည် မိန်းမပိုးချင်သူဖြစ်သည်ဟု ဆိုကြသည်။ သောင်းဒန် သူ့အကြောင်းနားလည်သည်။ အများကဆိုကြသော်လည်း အောင်ကြီးသည် ပြောစမှတ်ဖြစ်ကျန်ရစ်လောက်အောင် ရမ်းကားသူမဟုတ်။ မထိခလုတ် ထိခလုတ် လုပ်သူသာ ဖြစ်သည်။ မိန်းမနှင့် တို့ကနန်း ဆိတ်ကနန်းကစားနေ ချင်သူ ဖြစ်သည်။ အများသူငါလိုပင် မိန်းမမြင်လျှင် သာယာသူဖြစ်သည်။ သို့သော် တစ်ခုပိုသည်မှာ အောင်ကြီးက မထိတထိလုပ်တတ်သည်။ မိန်းမ များအကြိုက် လိုက်ကာပြောသည်။ ဆိုသည်။ ရည်းစားစကားမဟုတ်စေ

ကာမှု သွယ်ဝိုက်ကာ ရည်းစားစကားမျိုး ပြောတတ်သည်။ ရေးတတ်သည်။

"စာရေးသိပ်ကောင်းတာ ဆရာကြီး၊ သူရေးတဲ့စာဖတ်ရတဲ့ ကြားထဲက မဆိုင်တဲ့မိန်းမတစ်ယောက်ကတောင် စာရေးတဲ့လူကို ချစ်ချင်လာတာပဲတဲ့"

"နေစမ်းပါအုံး၊ ဒီကောင် ဘယ်သူ့စာပေးလို့လဲ"

"သူက ပေးတာမဟုတ်ပါဘူးဆရာကြီး၊ သူများအတွက် ရေးပေးတာပါ"

သောင်းဒန် တဟားဟားရယ်မိသည်။ ဤသည်ကား အကြောင်းမဟုတ်။ အောင်ကြီးသည် ထိန်းသိမ်းရမည့်ခေါင်းဆောင် ဖြစ်သည်။ ထိန်းသိမ်းဖို့တာဝန် ပေးလိုက်သည့်အခါ အောင်ကြီးတွင် ပို၍တာဝန်ကြီးလာသည်။ နဂိုက ဖိုမင်မှ နေ၍ လုပ်သက်ရင့်လာသည့်အခါ သီရိတံတားပြီးစတွင် အင်ဂျင်နီယာ (စ) ရာထူးသို့ တက်လာသူဖြစ်သည်။ အပြစ်ရှိလျှင် အလုပ်ပါထိခိုက်လိမ့်မည်။ ယင်းကို အောင်ကြီးသိသည်။ ထို့ကြောင့် သောင်းဒန်မပူခြင်းပင် ဖြစ်သည်။

တစ်ညနေတွင် အောင်ကြီးသည် သောင်းဒန်ကို အပူတပြင်းလိုက်ရှာနေသည်။ သောင်းဒန်ကား စင်ရော်တွင် ဘိလပ်မြေအိတ်ရောက်လာသည်နှင့် တံတားသို့သယ်ရန် သွားရောက်စီစဉ်နေရသည်။ ထို့ကြောင့် ည ၇ နာရီ သာသာခန့်တွင်မှ ရောက်လာသည်။

"ဘာဖြစ်သလဲကွ၊ ပြူးတူးပျာတာနဲ့"

"ဘအောင်နဲ့ ကျော်ညွန့်တို့နှစ်ယောက် သူပုန်နဲ့တွေ့လာလို့ ဆရာ"

"ဘယ်သွားလို့ တွေ့လာရတာလဲ"

"ကျောက်ရဲဘက်ကို ကျောက်စရစ်ရှာခိုင်းလိုက်တာ ဆရာ"

ထိုနေ့ကား အလုပ်ပိတ်သည့် တနင်္ဂနွေနေ့ ဖြစ်သည်။

"မင်းတို့တစ်တွေ သိပ်ခက်တာပဲ၊ တွေ့တော့ ဘာဖြစ်သလဲ၊ ဘာလုပ်လိုက်လို့လဲ"

"ဘာမှတော့မလုပ်ပါဘူး၊ ရွာထဲ သူပုန်တွေရောက်နေတယ်လို့သိတာနဲ့ အူယားဖားယား ထွက်ပြေးလာကြတာပဲ၊ စင်ရော် တိုင်းကျော်အဖွဲ့ကတဲ့၊ ကျောက်ရဲမှာ မနေ့ညကတည်းက အိပ်နေတယ်တဲ့၊ ပြီးတော့ မနေ့ညက ထွန်းမောင် မော်တော်ထဲမှာ အရက်မူးပြီးလဲနေတယ်၊ ညနေက စင်ရော်က

သောက်လာတာ ဆရာကြီး”

“ထွန်းမောင်မူးတာက အရေးမကြီးပါဘူးကွာ၊ သူပုန်နဲ့တွေ့တယ်ဆို တာက အရေးကြီးတယ်”

တံတားဆောက်ရန်အတွက် ကွမ်းသီးခြံသုံးခြံတွင် နေရာယူရသည်။ ကွမ်းသီးပင်များ ခုတ်ရသည်။ ချောင်းကမ်းပါးနှစ်ဖက်စလုံးဆိုလျှင် ကွမ်းသီးပင် တစ်ထောင်ခန့်ခုတ်ရမည်။ တစ်ဖန် စင်ရော်နှင့် တံတားချဉ်းကပ်လမ်းဖောက် မည့်လမ်းတွင် ရော်ဘာခြံများ၊ ကွမ်းသီးခြံများရှိသေးသည်။ ယင်းတို့ကိုလည်း ခုတ်ထွင်ရှင်းလင်းရမည် ဖြစ်သည်။ ပြီးလျှင်လျော်ကြေးပေးရမည်။ လျော်ကြေး သည် အကြောင်းမဟုတ်။ သူတို့ ပြုစုပျိုးထောင်သည့် အသီးအနှံပင်များ ခုတ်ခံ ရသဖြင့် ခြံရှင်တို့ မကျေနပ်ကြ။ ခြံရှင်များသည် သူပုန်ကို ဆက်ကြေးပေးနေ ကြရသူများ၊ သူပုန်များနှင့်အဆက်အသွယ် မကင်းနိုင်ကြသူများ ဖြစ်သည်။ သူတို့က သူပုန်ကိုသတင်းပေးသော် သောင်းဒန်တို့ ခွေးပြေးဝက်ပြေးပြေးရဖွယ် ရှိသည်။ ယခုပင် တံတားအဆောက်မခံနိုင်၊ နှောင့်ယှက်မည်ဟု တိုင်းကျော် တို့အဖွဲ့က လေသံပစ်နေသည်။

သောင်းဒန်သည် ထိုနေ့ညမှာပင် အစည်းအဝေးခေါ်သည်။ သည်အခါ တွင်မူ စခန်းရှိလူကုန် အစည်းအဝေးတက်စေသည်။ တပ်ကြပ်ကြီး အိမ်ကောင်း ကိုလည်း ခေါ်သည်။ သောင်းဒန်က ပတ်ဝန်းကျင်အခြေအနေမကောင်း၊ ထို့ကြောင့် စခန်းအပြင်သို့မလည်ကြရန် သတိပေးစကားပြောသည်။ ဘအောင် နှင့် ကျော်ညွန့်တို့နှစ်ယောက် ကျောက်ရဲရွာတွင် သူပုန်များနှင့်တွေ့လာ ကြောင်းလည်း ပြောလိုက်သည်။

“အိမ်က မိန်းမတွေ၊ ကလေးတွေကို ဘာမှမပြောကြနဲ့၊ အားလုံး ပြူးတူးပျာတာ ဖြစ်ကုန်မယ်၊ သိပ်လဲ မလန့်ကြနဲ့၊ ဒါပေမဲ့ သတိဝီရိယနဲ့နေကြ၊ ကျောက်ရဲဆိုတာ နှစ်မိုင်ပဲဝေးတယ်၊ ဒီအနီးအနားမှာတော့ သူတို့ဖြတ်သန်း နေကြတာပဲ၊ ဒီတော့ မပြောနိုင်ဘူး၊ သူတို့လာပြီး ရန်ရှာချင်ရှာမှာ”

အားလုံး မျက်စိမျက်နှာ မကောင်းကြ။ သူတို့ချည်းဆိုလျှင် ကြောက်စရာ မလို။ လာမည့်ဘေး ပြေးတွေ့ရုံသာရှိသည်။ ယခုကား သားမယားအိမ်ထောင်

အစုံနှင့်မို့ စိုးရိမ်ကြသည်။ အချို့က လိုက်ပြီးတိုက်ပါလား တပ်ရှိသားပဲဟု ဆိုကြသည်။

"ရှိတဲ့တပ်က တစ်စုပဲ၊ စခန်းကိုကာကွယ်ဖို့သာ သူတို့မှာ တာဝန်ရှိတယ်၊ ထွက်ပြီးတိုက်ဖို့ တာဝန်မရှိဘူး၊ ထွက်တိုက်ဖို့ဆိုတာက အထက်က စီစဉ်တာ၊ စစ်ဆင်ရေးက တသီးတခြား၊ ဒီတော့ အဲဒါတွေက တို့ကိစ္စမဟုတ်ဘူး၊ သူတို့ကိစ္စ၊ မဟုတ်ဘူးလား ရဲဘော်အိမ်ကောင်း"

တပ်ကြပ်ကြီး အိမ်ကောင်းက ရယ်သည်။

"တိုက်မိန့် မရှိလို့သာပေါ့ ဆရာကြီးရယ်၊ အိမ်ကောင်းထွက်ပြီး တိုက်လိုက်စမ်းချင်တယ်"

နောက်တစ်နေ့ညတွင် မီးပိတ်ပြီးနောက် ၉ နာရီခန့် ရှိသည့်အခါ တောင်ကုန်းတပ်ကင်းဆီမှ ဝီစီမှုတ်သံနှစ်ချက် ကြားရသည်။ စခန်းရှိ ကင်းတဲကလည်း ဝီစီနှစ်ချက်ပြန်မှုတ်သည်။ ဘာဖြစ်မှန်းမသိ။ မနေ့ညက အစည်းအဝေးအရှိန်ကြောင့် ရတ်ရတ်သဲသဲဖြစ်သွားသည်။ သောင်းဒန်လည်း တပ်ကင်းဆီသို့ ပြေးသွားရသည်။

"ဘာမှမဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော်တို့ချင်း အချိန်းအချက်လုပ်ကြတာပါ၊ လေ့ကျင့်နေကြတာပါ"

သည်အခါတွင်မှ ရင်အေးသွားကာ သူ့လူများကို ပြောပြရသည်။

အလုပ်ကား တွင်ကျယ်နေသည်။ အောင်ကြီး၏ အအုပ်အထိန်းကြောင့် စံပယ်ချောင်းသူ အပျိုချောတို့နှင့် ပြဿနာမပေါ်သေး။ သို့သော် ရှိသဲ့သဲ့လုပ်သူတို့ လုပ်နေကြပြီဟု သောင်းဒန်သတင်းကြားရသည်။ မသိချင်ယောင်ဆောင်၍သာ နေလိုက်သည်။ အလုပ်ဖြစ်မြောက်ရေးကိုသာ သောင်းဒန် အာရုံစိုက်သည်။ နောက်တစ်ပတ်တွင် ကျောက်တိုင်စ၍ရိုက်တော့မည်ဟု ရက်ချိန်းပေးလိုက်သည်။ တောင်ဘက်ဘဲတောင်ပြီးလျှင် မြောက်ဘက်ကမ်းကို ကူးရမည်။ တစ်ပြိုင်နက်တည်းပင် နံပါတ်(၁)တိုင်ကိုလောင်းမည်ဟု သောင်းဒန် စိတ်ကူးထားသည်။

"ကွန်ကရစ် လောင်းပြီးတဲ့ ကျောက်တိုင်တွေကို တစ်နေရာတည်းမှာ

စုပုံထားရမယ်၊ အဲဒီကမှ ဝန်ချီစက်နဲ့သယ်မယ်၊ ပြီးတော့ တိုင်ရိုက်စက်နဲ့ရိုက်မယ်၊ တို့မှာ စက်ပစ္စည်းတွေ အများကြီးရှိတယ်၊ အဲဒီစက်ပစ္စည်းတွေကို တတ်နိုင်သမျှအသုံးချရမယ်”

သီရိတံတားကို အင်္ဂလိပ်အင်ဂျင်နီယာများ ဆောက်သွားသည်။ ထိုအခါတွင် သောင်းဒန်အစရှိသော မြန်မာအင်ဂျင်နီယာများ အတွေ့အကြုံတစ်ခုရလိုက်သည်။ ယင်းမှာ အင်ဂျင်နီယာသမိုင်းတွင် မကြုံဖူးသည့်အတွေ့အကြုံတစ်ခုပင်ဖြစ်သည်။ သီရိတံတားတွင် လူ့လုပ်အားထက် စက်လုပ်အားကို အများအပြား စေခိုင်းအသုံးချသွားသည်ကို သောင်းဒန်တို့ မျက်မြင်ကြုံတွေ့ရသည်။ သီရိတံတားဆောက်နေစဉ် တိုင်ကြီးတစ်ခု ကွန်ကရစ်လောင်းရင်းလဲသွားသည့်အခါ အားလုံးမျက်ကလူးဆန်ပျာ ဖြစ်ကုန်သည်။ တာဝန်ခံဆောက်သည့် အင်္ဂလိပ်အင်ဂျင်နီယာသည် တိုင်ကြီးနှင့်အတူ ရေထဲဆင်းသေတော့မည် တကဲကဲဖြစ်နေသဖြင့် သောင်းဒန်တို့က ဝိုင်း၍ဖျောင်းဖျကာနှစ်သိမ့်ထားရသည်။ မြေထဲကို ကွန်ကရစ်တိုင်လောင်းချသည်။ တိုင်ကြီးမှာ ကြီးမားလွန်းရကား မထိန်းနိုင်ဖြစ်လာသည်။ တစ်ဖက်သို့ စောင်းလာသည်။

တိုင်ကြီးမှာ ရေတွင်းပေါင်ကြီးမျိုး ဖြစ်သည်။ တိုင်အလယ်မှ မြေကြီးကို ကရိန်းကြီးနှင့် နှိုက်၍သယ်သည့်အခါ တိုင်ကြီးသည် အောက်သို့နိမ့်ကျသွားသည်။ ထိုအခါ ရေပေါ်ပေါ်နေသောတိုင်ထိပ်တွင် ကွန်ကရစ်ထပ်လောင်းရသည်။ မြေကြီးနှိုက်သည်မှာ တစ်ဖက်စောင်း နှိုက်မိသဖြင့် မဟန်နိုင်တော့ဘဲလဲကျသွားခြင်း ဖြစ်သည်။ ထိုအခါ အင်္ဂလိပ်အင်ဂျင်နီယာတို့ ခေါင်းချင်းရိုက်ကြကာ အင်္ဂလန်ရှိ ကန်ထရိုက်ကုမ္ပဏီသို့ အကြံဉာဏ်တောင်းသည်။ တိုင်သေးလျှင် မိုင်းနှင့်ခွဲ၍ ဖျက်ဆီးပစ်နိုင်သည်။ ယခုကား မလွယ်ကူ။ ဖျက်ဆီး၍ မရနိုင်။ ထို့ကြောင့် တိုင်ကြီးကိုထူရန် အကြံပေးသည်။ ထိုအကြံအတိုင်း ဆွဲထူကြသည်။ အင်္ဂလန်မှ အလွန်အားကောင်းသည့် မော်တာများရောက်လာသည်။ အလွန်ခိုင်သည့် သံမဏိကြိုးများရောက်လာသည်။ ယင်းကြိုးတို့ဖြင့် ချည်ကာ တစ်ဖက်ကမ်းမှ အားကောင်းသည့် မော်တာ ၄ လုံးနှင့်ဆွဲ၍ထူသည်။ ကြည့်ရသည်မှာပင် အားရစရာကောင်းလှသည်။ စက်၏စွမ်းရည်ကို

လူတို့နဖားကြိုးတပ်ကာ စေခိုင်းလိုက်ခြင်းဖြစ်သည်။ ယခုလည်း စက်ကို မည်သို့နဖားကြိုးတပ်၍ စေခိုင်းရမည်နည်းဟု သောင်းဒန်စဉ်းစားသည်။ အကြံထုတ်သည်။

နောက်တစ်ပတ်ဆိုလျှင် တိုင်များ အသားသေတော့မည်။ ကွန်ကရစ် တို့မည်သည် ၂၄ နာရီ စေ့လျှင်ခဲသည်။ အသားသေအောင် ၂၈ ရက်စောင့် ရသည်။

"တိုင်တွေကို တစ်နေရာတည်းမှာ စုပုံထားရမယ်၊ သယ်တဲ့ရွှေ့တဲ့ နေရာမှာ အရေးကြီးတယ်၊ စက်နဲ့သယ်မယ်၊ လူနဲ့သယ်ရင် လူတစ်ရာလောက် ဝိုင်းမ,ရလိမ့်မယ်၊ မဖြစ်နိုင်ဘူး"

စက်နှင့်သယ်ရန် တွက်ရချက်ရသေးသည်။ ကွန်ကရစ်တိုင်များသည် ပေ ၄၀ ရှည်သည်။ ဆယ့်လေးလက်မပတ်လည် ရှိသည်။ ယင်းတို့အလယ်၌ သံချောင်းများခွေ၍ ထည့်ထားသည်။ သို့ဖြစ်ရာ ပေ ၄၀ ရှည်သည့် ဝန်အလေး ကို ချက်ကျကျတွင် မချိမှ လိုရာသို့သယ်နိုင်မည်ဖြစ်သည်။ ချက်မကျလျှင် တစ်ပိုင်းကျိုး၍ကျနိုင်သည်။ ထိုနေရာတွင် အတွက်အချက်ပါလာသည်။ သောင်းဒန်၊ စောသာအေး၊ လှမင်းတို့ တကုန်းကုန်း တွက်ကြရသည်။ ဦးဆောင် သူမှာကား သောင်းဒန်ပင် ဖြစ်သည်။

"မသိရင် မေးကြ၊ ငါပြတာကို သေသေချာချာမှတ်ထား၊ ငါလဲ ဒီလိုပဲ ပညာသင်ခဲ့ရတာပဲ၊ ရွှေပြည်ကြီးတံတားတုန်းက ဦးလှစိုးဆီက ပညာတွေကို မေးမြန်းပြီး ရလိုက်တာပဲ၊ ဦးလှစိုးဆိုတာက အမ်အက်စ်စီအင်ဂျင်နီယာ၊ ဂဏန်းတွက်တာလဲ တော်တယ်၊ ဦးနှောက်ကလဲ ထက်တယ်"

"အခု အဲဒီဦးလှစိုး ဘယ်ရောက်နေသလဲ"

"နိုင်ငံခြားသွားပြီး အလုပ်လုပ်နေတယ်"

"နှမြောစရာကောင်းလိုက်တာ ဆရာကြီးရယ်" စောသာအေးသည် ဦးလှစိုးလိုလူ လက်လွှတ်ရသဖြင့် နှမြောနေသည်။ သူသည် တိုင်းရင်းသား စည်းလုံးရေးကိုလိုလားသည့် ကရင်လူငယ်တစ်ယောက် ဖြစ်သည်။ နိုင်ငံရေး ကိုကား သူနားမလည်။ သို့သော် အမျိုးသားစည်းလုံးရေးရှိမှ တိုင်းပြည်

ထူထောင်နိုင်မည်ကိုကား နားလည်သည်။

"ဘယ်တတ်နိုင်မလဲကွာ၊ ပညာတတ်လွန်းတဲ့ လူတွေကလဲ ကိုယ်ကျိုးချည်းမကြည့်ဘဲ တိုင်းပြည်အတွက် အနစ်နာခံကြဖို့ စိတ်ကူးထဲထည့်ရမယ်၊ ကိုယ့်တွက်ချည်းကြည့်ရင်တော့ သူတို့လိုလူမျိုးအဖို့ တို့တိုင်းပြည်ဟာ နေချင်စရာ မကောင်းတာအမှန်ပဲ"

ပြောရင်းပင် သောင်းဒန်သည် သံအမတ်ကြီး ဦးစိန်၏သမက် ဒေါက်တာမြင့်စိန်ကို အမှတ်ရလာသည်။ သော်ကောင်းအိမ်တွင် အရက်မူးကာ ဦးစိန်အား ဘုတောခဲ့မိသည်ကိုပါ သတိရသဖြင့် ပြုံးမိသည်။

လှမင်းသည် မှတ်မိလွယ်သည်။ နောက် မေ့သွားတတ်သည်။ စောသာအေးသည် ချက်ချင်းနားမလည်။ ပြောသမျှ၊ ပြသမျှတို့ကိုရေးသားကာ မှတ်သည်။ သဘောကို နားလည်သွားပြီဆိုလျှင်ကား မမေ့တော့။

တွက်ချက်ပြီးလျှင် ကွန်ကရစ်တိုင်များကို ရွှေ့ပြောင်းကာ တစ်နေရာတွင် စုပုံ၍ထားသည်။ တိုင်များထားသည့်နေရာကို ရှင်းလင်းရသည်။ တိုင်တစ်လုံးအပေါ်တစ်လုံး ပေါင်ခွေကာဆင့်သည်။ ရေတွင်းပေါင်ခွေသည့်အတိုင်းပင် ဆင့်၍ချသည်။ အလုပ်သမားအားလုံး သူ့တာဝန်နှင့်သူ မအားလပ်ကြ။ အကျညီအောင်၊ အဆင့်ညီအောင် တစ်လုံးအပေါ်တစ်လုံးဆင့်ရာ အလေးဒဏ်ကို ခံနိုင်ရည်ရှိအောင် တွက်ချက်ရပြန်သည်။ မည်သူမျှ အထိအခိုက်မရှိကြ။ အားလုံးအဆင်ပြေသည်။ သောင်းဒန်သည် စိတ်အားတက်ကြွလာသည်။ သူ့မျက်နှာသည် လန်းဆန်းနေသည်။ ပါးစပ်မှလည်း သီချင်းသံလေး တညည်းညည်းထွက်နေသည်။

"အင်း၀၊ ဂုတ်ထိပ်၊ စစ်တောင်း တံတားတို့သည် တို့ဆောက်ခဲ့သည်"

"ကဲ . . . သန်ဘက်ခါဆို တိုင်စပြီးရိုက်မယ်၊ အားလုံးအဆင်သင့်ဖြစ်နေကြပါစေ၊ စောသာအေးနဲ့အဖွဲ့က တိုင်ရိုက်စက်မှာ တာဝန်ယူကြီးကြပ်ရမယ်၊ အောင်ကြီးက စောသာအေးနဲ့တွဲပြီး လုပ်ရမယ်၊ လှမင်းနဲ့ မစ္စတာဒေးဗစ်၊ ဗစ်တာတို့က အထွေထွေတာဝန်ယူရမယ်၊ ဟော့ . . . စက်ကြီးမောင်းဘယ်သူလဲ၊ ဘလှလား၊ ဘယ်လိုလဲကွ၊ မင်းသူငယ်ချင်း မလာသေးဘူးလား၊

သိန်းတင်နေရာမှာ အစားလာမယ်ဆို”

“အေးမောင် ပြောတာလားဆရာကြီး၊ မနက်ဖြန် သန်ဘက်ခါရောက်မှာပဲ၊ စိတ်ချပါဆရာကြီး၊ လာမှာသေချာပါတယ် ဆရာကြီး၊ မနေ့ကပဲ စာရပါသေးတယ်”

“အေး . . . တိုင်ရိုက်စက် မင်း ကိုင်တတ်တယ်နော်၊ မင်း နှစ်ရက်အနားယူထား၊ မင်းကို ဂလူးကို့စ်နဲ့ ဗီပလက်ဆေး ထိုးခိုင်းပေးမယ်”

“ဟာ . . . ဆရာကြီးကလဲ၊ ကျွန်တော် နေကောင်းသားပဲ”

ဘလှ ပခုံးတွန့်သွားသည်။ ဘလှသည် ဆေးထိုးရမည်ကို ကြောက်သည်။ မလွဲသာမှ ဆေးရုံဆရာဝန်တို့နှင့် ဆက်ဆံသည်။ တော်တော် ရောဂါဆေးမြီးတိုနှင့် ပျောက်သည်ချည်းဖြစ်သည်။

“မဟုတ်ဘူး၊ မင်း အားရှိအောင်လို့ကွ”

“ကျန်းမာရေးမှူး မရောက်လာဘူး ဆရာကြီး”

“ဟုတ်လား၊ ခက်တာပဲကွာ၊ ကျန်းမာရေးမှူးတွေကလဲ တို့ဆီမလာချင်၊ ဥသြမှာပဲ စတည်းချချင်၊ တို့မှာကလဲ ဖျားကြနာကြနဲ့၊ ဒါဖြင့် စောသာအေးမိန်းမ နော်ဖောလာနဲ့ထိုးမယ်ကွာ”

သောင်းဒန်သည် တတ်သမျှ၊ မှတ်သမျှပညာနှင့် သူ့အလုပ်သမားများကို ဆေးဝါးကုသခိုင်းစေသည်။ အလုပ်ပင်ပန်းမည့်အရေးကိုမြင်၍ ကြိုတင်အားဖြည့် ခိုင်းထားလျှင်ကောင်းမည်ဟု သူသဘောပေါက်နေသည်။

“ကဲ . . . အောင်ဘွင့်၊ ဟောဒီအမိန့်တွေ လက်နှိပ်စက်ရိုက်၊ ပြီးတော့ ရုံးက ကြော်ငြာသင်ပုန်းမှာ ကပ်ထား”

ဦးစောသာအေးနှင့်အဖွဲ့ တိုင်ရိုက်စက်တွင် ကြီးကြပ်ရမည်။ ဦးလှမင်း၊ ဦးဒေးဗစ်၊ ဦးဗစ်တာတို့၏ တာဝန်များမှာ . . .

**သောင်းဒန်**

**အင်ဂျင်နီယာ(တ)**

**စင်ရော်တံတား ဆောက်လုပ်ရေး**

× × × × ×

## ၁၂

ခင်မောင်စိန်သည် ဒေးဗစ်အိမ်သို့ ထမင်းစားတက်လာသည်။ ဒေးဗစ်အိမ်ရှေ့ ဝရန်တာတွင် အသားဖြူဖြူမိန်းကလေးတစ်ယောက် ကလေးချီကာ ရပ်နေသည်ကို တွေ့ရသည်။ အိမ်နားသို့ သူရောက်သွားသည့်အခါ တစ်ဖက်အခန်းသို့ လှစ်ခနဲပြေးဝင်သွားသည်ကို တွေ့လိုက်ရသည်။

ဇကေ့ဒ္ဒ ဦးစောသာအေး ခယ်မဖြစ်ရမယ်။

စောသာအေးတွင် ခယ်မတစ်ယောက်ပါလာသည်ဟု သတင်းကြားသည်။ နော်မူအေးဟု ခေါ်သည်။ ချစ်စရာနာမည်လေးပဲ။ ယင်း နော်မူအေး မည်သော အမျိုးသမီးသည် ခေသူမဟုတ်။ ဧရာဝတီတိုင်း အပြေးချန်ပီယံ ဟောင်းတစ်ယောက် ဖြစ်သည်။ တစ်ချိန်က အမျိုးသားပြေးခုန်ပစ် စံချိန်တင်ခဲ့သူ တစ်ယောက်ဖြစ်သည်ဟုလည်း ခင်မောင်စိန်သိရသည်။ ထိုသို့သတင်းကြီးသည့်အတွက် ခင်မောင်စိန်စိတ်ဝင်စားနေသည်။ ရုတ်တရက်မို့မျက်နှာကို သေသေချာချာ မမြင်လိုက်ရ။ အသားဖြူသည်။ ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းသည်။ အရပ်အမောင်း ကောင်းသည်။

"အင်း . . . ငါ့ဆိုရင် ကိုင်ပေါက်မလားမသိဘူး၊ ဒါပေမဲ့ အပြေးချန်ပီယံဆိုတော့ မြန်အောင် ပြေးမှာကတော့ သေချာတယ်၊ သူကပဲ ပြေးနိုင်မလား၊ ငါကပဲ လိုက်နိုင်မလား"

"စိန်ခေါ်ပါလို့ ပြေးလေသလားကွယ်၊ လွတ်အောင်သာ ရှောင်စမ်းပါ့

မောင်ဖမ်းယူ လှမ်းချုကာပွေ့မယ်”

ခင်မောင်စိန်၏စိတ်သည် နော်မူအေးနောက်သို့ ပြေးလိုက်သွားသည်။ ပြီးမှ မနည်းပင်ထိန်းလိုက်ရသည်။ မစ္စတာဒေးဗစ် မရောက်လာသေး။ ရုံးတွင် သောင်းဒန်နှင့် စကားပြောနေကြသည်ကို တွေ့ခဲ့သည်။ ခင်မောင်စိန်သည် စင်ရော်မှတစ်ဆင့် ၁၃ မိုင် ကျောက်မိုင်းသို့ လိုက်သွားရသည်။ သောင်းဒန်က သူ့ကို ကျောက်မိုင်းတာဝန်တစ်ဝက် ခွဲပေးထားသည်။

သူသည် ကျောင်းဆင်းစမို့ ပညာကိုရအောင်ယူနေသည်။ ကျောင်းတွင် သင်ခဲ့ရသည်တို့နှင့် လက်တွေ့မှာ ဝေးနေသည်။ သဘောတရားများသင်ခဲ့ရပြီး လက်တွေ့တွင် လိုသေးသည်။ သဘောတရားဆိုသည်ကလည်း နိုင်ငံတကာ နှင့် ရင်ပေါင်တန်းလိုက်နိုင်အောင်ဟုဆိုကာ တိုး၍ချဲ့၍သင်သည်။ လက်တွေ့ နှင့်ကား ကွာလှမ်းလှသည်။ တိုင်းပြည်တွင်ရှိသည့် ပစ္စည်း၊ တိုင်းပြည်တွင် ရှိသည့် စက်ကိရိယာတို့နှင့် ကြံဖန်ကာ ဖန်တီးတည်ဆောက်နေရသည့်ခေတ် ဖြစ်ရာ၊ ခင်မောင်စိန်ကြားနာခဲ့ရသည့် သဘောတရားတို့သည် ကျောင်းတွင် ကျန်ရစ်ခဲ့ကြကုန်သည်။ ယခုကား လက်တွေ့သည်သာလျှင် အရေးအကြီးဆုံး ဟု ခင်မောင်စိန် ခံယူထားသည်။

“ကျောင်းဆင်းစလူတွေလဲ လက်တွေ့သင်တန်းပေးဖို့လိုတယ်၊ ဒီတော့ ဦးခင်မောင်စိန်ဆိုတာ မနေ့တစ်နေ့ကမှ အလုပ်ဝင်တယ်၊ စင်ရော်ကိုထည့် လိုက်မယ်”

သောင်းဒန်သည် ဘာဘာညာညာ ပြောမနေချင်။ သူလိုသည်မှာ ကျွမ်းကျင်သည့် အင်ဂျင်နီယာဖြစ်သည်။ သို့သော် ရသမျှခေါ်ခဲ့ရမည်ဟု သဘောပိုက်ထားသည်။ ကျောင်းဆင်းစဆိုလျှင် အော်ငေါက်ခိုင်းနိုင်သည်။ ပြန်ပြောမည့် သူမျိုးမဟုတ်။ ဤသို့လည်း တွေးမိသည်။ ခင်မောင်စိန်ကား စင်ရော်သို့ သိပ်မလိုက်ချင်လှ။ ရန်ကုန်လိုနေရာတွင် လုပ်ချင်သည်။ သို့သော် မရ။ အိမ်ကမူ ကရင်မြို့တော် ဘားအံတွင်ဖြစ်စေ၊ စိမ့်မြိုင်တွင်ဖြစ်စေ လုပ်စေချင်သည်။ သို့မှ သူတို့နှင့်နီးမည်။ တစ်နှစ်လောက်ရှိလျှင် မိန်းမပေးစား မည်။ တခြားသူမဟုတ်။ ဆရာကြီးသမီးထွေး စောခင်ပင်ဖြစ်သည်။ သို့မဟုတ်

လျှင် သူတို့သားသည် တစ်ရပ်တစ်ရွာတွင် မိန်းမရသော် မခက်ပါလား။ တစ်ရွာသူက အမိဖမ်းသော် မခက်ပါလား။ နဖူးစာရွာလည်သော် မခက်ပါလား။ ဒါတွေကို ခင်မောင်စိန် မစဉ်းစား။ လောကကြီးတွင် ပျော်ပျော်နေချင်သည်။ အသက်ကလည်း ငယ်သေးရာ အတွေ့အကြုံစုံချင်သည်။ ကျောင်းသားဘဝသည် လွတ်လပ်သည်ဟုဆိုသော်လည်း ကျောင်းစာနှင့်မို့ မိန်းမစိတ်မဝင်စားခဲ့ရ။ ယခု အလုပ်နှင့် အကိုင်နှင့်ဖြစ်လာတော့မှ လောကကြီးတွင် အရသာရှိသည့် အရာမှန်သမျှ မြည်းစမ်းကြည့်ချင်သည်။ အိုင်တွေ့လျှင်လည်း ခြေဆေးလိုက်ချင်သည်။ အရက်ဆိုတာကိုလည်း သောက်စမ်းကြည့်ချင်သည်။ ပန်းပဲဆရာ ဦးခင်နှင့်ပင် ထန်းတောသို့သွားရန် အချိန်းအချက်လုပ်ထားပြီးပြီ။ ယခု အတွေ့အကြုံစုံဖို့ နော်မူအေးဆိုသည့် ကရင်မလေးတစ်ယောက်နှင့် ပက်ပင်းပါတွေ့နေပြီ။ အစမ်းသဘော ရည်းစားထားကြည့်လိုက်ချင်သည်။

နော်မူအေးသည် ကရင်သံဝဲဝဲနှင့် သီချင်းဆိုရင်း တူမငယ်ကို ချော့နေသည်။ ဝါးထရံတစ်ခုသာခြားရာ နော်မူအေး၏အသံကို ခင်မောင်စိန် ကောင်းကောင်းကြားနေရသည်။ ဒေးဗစ်အိမ်တွင် ကလေးများသာရှိသည်။ ဒေးဗစ်မိန်းမ မေဗယ်သည် အင်ကြင်းတောင်ကုန်းထက်သို့ ဟင်းရွက်ခူးသွားနေသည်။ နော်မူအေးဆိုနေသည်မှာ အင်္ဂလိပ်သီချင်းဖြစ်သည်။ ခင်မောင်စိန် ကောင်းကောင်းနားမလည်။ တေးသွားကိုတော့ ကြားဖူးသလိုရှိသည်။ အချစ်စစ်ဆိုတာလည်း ပါသလိုလို ကြားလိုက်သည်။ ထို့ကြောင့် ခင်မောင်စိန်သည် အိမ်ရှေ့ဝရန်တာသို့ထွက်ကာ စောသာအေးအိမ်ထဲသို့ တစေ့တစောင်းကြည့်သည်။ နော်မူအေးကလည်း လူသံကြားသည်နှင့် ကလေးချီရင်း အိမ်ရှေ့သို့ ထွက်အလာ တံခါးပေါက်အရောက်တွင် ခင်မောင်စိန်ကို မြင်လိုက်သည်နှင့် တန့်ခနဲ ရပ်လိုက်သည်။ ခင်မောင်စိန်နှင့် မျက်လုံးချင်းဆုံကြသည်။ နော်မူအေးရှိန်းတိန်းဖိန်းတိန်းဖြစ်ကာ မျက်လွှာချလိုက်ပြီး အိမ်ခန်းထဲသို့ လှည့်ဝင်ပြေးသည်။ အဖျားတက်ချင်သလိုလို ဖြစ်လာသည်။ ကြက်သီးများလည်း ထလာသည်။ ခင်မောင်စိန်သည် ဣန္ဒြေဆောင်ကာ ဒေးဗစ်အိမ်ထဲသို့ လှည့်ဝင်မည်အလုပ်တွင် တောင်ကုန်းထက်သို့တက်လာသော လူတစ်ယောက်

ကိုမြင်လိုက်ရသည်နှင့် တန့်ခနဲရပ်ကာ တက်လာသူကို ကြည့်လိုက်သည်။ မားမားမားမားနှင့် ခြေလှမ်းကျဲကျဲ လှမ်းလာသူကား အခြားသူမဟုတ် သောင်းဒန်ပင် ဖြစ်ချေသည်။ ခင်မောင်စိန် လန့်သွားသည်။ ခိုးစားမည် အလုပ်တွင် ဆရာကြီးနှင့်ပင် တွေ့နေရသဖြင့် ခွကျနေသည်။ ဟန်ကိုယ့်ဖို့ ဟု သဘောထားကာ ဟန်မပျက်ရပ်နေလိုက်သည်။ သောင်းဒန် နောက်မှ စောသာအေးနှင့် သူ့မိန်းမ နော်ဖောလာတို့ လိုက်လာကြသည်။

"ဟော့ . . . ခင်မောင်စိန်၊ လာစမ်း"

သောင်းဒန်၏အသံသည် အနည်းငယ်မာသည်။ မျက်နှာကလည်း ရှုတင်းနေသည်။ သူ့နောက်တွင် လိုက်လာကြသည့် စောသာအေးနှင့် နော်ဖောလာတို့၏ မျက်နှာများကလည်း မကောင်းကြ။ ခင်မောင်စိန် ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ဣန္ဒြေဆောင်လိုက်ပြီးလျှင် သောင်းဒန် နောက်သို့ လိုက်ရန် လှေကားမှဆင်း၍ စောင့်သည်။ သောင်းဒန်သည် သူ့အိမ်သို့မသွား ဘဲ စောသာအေး အိမ်ပေါ်သို့တက်သည်။ ခင်မောင်စိန် မျက်လုံးပြူးသွား သည်။ သူ့စိတ်ထဲတွင် မလုံမလဲဖြစ်သွားသည်။ နောက်မှ ခပ်ကုပ်ကုပ်တက် လိုက်သွားသည်။ ရှေ့ဆင့်နောက်ဆင့်ပင် စောသာအေးနှင့် နော်ဖောလာတို့ လည်း အိမ်ပေါ်သို့ ရောက်လာကြလေသည်။

"ဘာကိစ္စလဲ၊ ဘာပြောမလို့လဲ" ခင်မောင်စိန် မျက်နှာသေလေးနှင့် စောင့်၍ နားထောင်နေသည်။

"လက်သမား ဘချစ် မင်းအဖွဲ့က မဟုတ်လားကွ"

"ဟုတ်ပါတယ် ဆရာကြီး" တော်သေးသည်။ တခြားကိစ္စဖြစ်သဖြင့် အသက်ရှုချောင်သွားသည်။

"တော်တော်စောက်စကားများတဲ့ ကောင်တွေကွာ၊ အလုပ်ဖြင့် မလုပ် ရသေးဘူး ပူညံပူညံနဲ့"

"ဘာဖြစ်လို့လဲ ခင်ဗျ"

"ဘာဖြစ်ရမလဲကွ၊ ကျန်းမာရေးမှူး ဦးသောင်းထွန်းနဲ့ စကားများတယ်၊ မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ပါတယ်၊ ဦးသောင်းထွန်း ဘယ်မှာလဲ၊ ဆေးခန်းမှာ

မနေဘူးလား၊ နေ့တိုင်းမလာဘူးလား၊ ဉာဏ်မှာပဲ နေတော့မှာလားနဲ့ တောင်ပြော မြောက်ပြော ပြောတာတွေအကုန်လုံး ဦးသောင်းထွန်းနားကို ရောက်ကုန်တာပေါ့”

“ကျွန်တော် ပြောလိုက်ပါအုံးမယ် ဆရာကြီး”

“အေး . . . အဲဒါ မင်း ပြောလိုက်၊ နောက် မဆိုင်တဲ့အလုပ်ဝင်ရှုပ်ရင်၊ စောက်စကားများရင် ငါနဲ့အတွေ့ပဲ၊ မင်းနားလည်အောင်ပြောလိုက်၊ ကျန်းမာရေးမှူးဆိုတာ တို့နဲ့ဘာမှမဆိုင်ဘူး၊ ဒီအနီးအနားပတ်ဝန်းကျင် ရွာတွေအတွက် ထားတာ၊ စင်ရော်တောင်ပိုင်းအတွက် တစ်ယောက်၊ စင်ရော်မြောက်ပိုင်းအတွက် တစ်ယောက်၊ အမျိုးသမီးကျန်းမာရေးမှူးက တစ်ယောက်၊ အခု တောင်ပိုင်းက ရွာတွေကို မသွားနိုင်ဘူး၊ အဲဒါ ကြိုးကြားကြိုးကြား တို့ဆီလာပါလို့ မနည်းတောင်းပန်ထားရတာ၊ စင်ရော်က နလကတို့၊ ပါတီယူနစ်တို့နဲ့ မနည်းဆွေးနွေးပြီး ခေါ်ထားရတာ၊ အဲဒါ ဒီကျန်းမာရေးမှူးနဲ့ သွားပြီးရန်ဖြစ်နေတယ်၊ ဦးသောင်းထွန်းဆိုတာ လင်ရောမယားရော အင်မတန်သဘောကောင်းတာ၊ လူတစ်ဖက်သားကို သိပ်ကူညီချင်တာ၊ ငါက ဒီစခန်းမှာပြောင်းနေလှည့်ပါ၊ ဒီစခန်းကမှ ဉာဏ်တို့၊ ကျောက်ရဲတို့၊ ငှက်ပျောတောတို့ သွားပါလို့ပြောမလို့၊ ဒါတွေကို ဒီကောင်တွေ ဘာမှမသိဘူး၊ သိအောင်လဲ ငါလုပ်သမျှအကုန်လုံး အိတ်သွန်ဖာမှောက် ပြောမထားနိုင်ဘူးကွ၊ ကိုယ့်အလုပ်ပဲ ကိုယ်တာဝန်ကျေကျေလုပ်ကြဖို့ရှိတာပဲ၊ မဆိုင်တာဘာလို့ ဝင်ပြောရတာလဲ”

“အရင်တစ်ပတ်တုန်းကလဲ အဲဒီ ကိုဘချစ်ပဲပေါ့၊ ကျွန်တော့်ကို ဆေးတစ်လုံးထိုးပေးပါတဲ့၊ ဆရာက ခင်ဗျားဘာဖြစ်လို့လဲ၊ ခင်ဗျား ဆရာလား၊ ဒီလိုဆိုရင် ကျွန်တော့်နေရာ ဝင်ထိုင်ပါတဲ့၊ အဲဒါနဲ့ ဒီဆရာ မကောင်းဘူး၊ မတတ်ဘူး၊ ပိုက်ဆံပဲလိုချင်တယ်လို့ ကျွန်မကိုပြောတယ်”

နော်ဖောလာက ဝဲဝဲနှင့်ဝင်၍ ပြောသည်။ သူ့အသံသည် မကျေနပ်သံပါသဖြင့် ဝဲသည့်သူ့စကားသံကို မနည်းနားထောင်ယူရသည်။

“ဟုတ်တယ်၊ ဒီလိုပဲပြောမှာပဲ၊ ဆရာဝန်တွေ ဒီအတိုင်းပြောတာပဲ၊ လူတွေက ဘာမဆိုဆေးထိုးမှကောင်းတယ်ချည်း ထင်နေကြတာ၊ ဆေးထိုး

ချင်ရင် စင်ရော်သွားပေါ့ကွ၊ ဟိုမှာ ဒေါက်တာမြင့်မြင့်မေဆီ ဆေးတစ်လုံး ငါးကျပ်နဲ့ ထိုးပေါ့၊ အဖြူငါးကျပ်၊ အနီတစ်ဆယ်တဲ့"

စောသာအေးသည် သောင်းဒန်ကို ကြောင်၍ကြည့်နေသည်။ အဖြူ ငါးကျပ်၊ အနီတစ်ဆယ်ဆိုသောစကားကို သူနားမလည်။

"အဖြူငါးကျပ်ဆိုတာ ပင်နီဆီလင်တစ်လုံးထိုး ငါးကျပ်၊ အနီဆိုတာ ဗီကွမ်ပလက် တစ်လုံးထိုးရင် တစ်ဆယ်၊ အနီဆိုတာက အားဆေးပေါ့ကွာ၊ လူတွေ နားလည်နေကြတာက အားဆေးပဲ၊ ဗီကွမ်ပလက်တွေ၊ ဗီတွဲတွေ မသိ ဘူး၊ အားဆေးပဲ"

နော်ဖောလာ တဟင်းဟင်း ရယ်လိုက်သည်။

"ပြီးတော့ ဟောဒီ စောသာအေးမိန်းမ နော်ဖောလာအကြောင်း မဟုတ်တာတွေ လျှောက်ပြော၊ နော်ဖောလာတံတားကို လိုက်လာတာကိုပဲ နှာစ်မလုပ်ချင်လို့တဲ့၊ လင်က လခလေးရာနီးပါး၊ မိန်းမက တစ်ရာကျော်ဆိုရင် နှစ်ယောက်ပေါင်း ငါးရာကျော် တိန်တိန်မည်ရောတဲ့၊ အဲဒါလဲ ဘချစ်တို့ နေတဲ့လိုင်းက ထွက်လာတဲ့စကားပဲ၊ ဒီမှာ ခင်မောင်စိန်"

ထိုစဉ်တွင် ခင်မောင်စိန်သည် အိမ်ခန်းဘက်ဆီမှ လူရိပ်မြင်လိုက်သဖြင့် ခေါင်းငဲ့ကာ ကြည့်လိုက်ရာ နော်မူအေးကို ဒုတိယမွိတွေ့လိုက်ရသည်။ နော်မူအေးသည် ကလေးကိုချီကာ နောက်ဖေးမီးဖိုဘက်သို့ ဖြတ်ဝင်သွားသည် ကို ခင်မောင်စိန် မျက်စိတစ်ဆုံးလိုက်၍ ကြည့်နေသည်။

"ဒီမှာ ခင်မောင်စိန်"

"ခင်ဗျာ၊ ဟုတ်ကဲ့ ဆရာကြီး"

"မသိတဲ့ လူတွေကို မင်း ပြောလိုက်စမ်းကွာ၊ ငါ အများနဲ့တိုင်ပင်ပြီးမှ နော်ဖောလာကို နှာစ်မခန့်ဖို့ စိတ်ကူးတာ၊ တို့ဆီလိုက်လာတဲ့လူထဲမှာ သူနာပြု ဆရာမဆိုလို့ နော်ဖောလာတစ်ယောက်ပဲပါတာကွ၊ အဲဒါအထက်ကို အမိန့် တောင်းပြီး နေ့စားနှုန်းနဲ့ တို့တံတားဆောက်တဲ့ ငွေထဲက ခန့်ရမှာကွ၊ အဲဒါ ဘယ်သူ့အတွက်မှတ်သလဲ၊ အားလုံးအတွက်၊ ဒါတောင်အထက်က အင်တင်တင် ဖြစ်နေတယ်၊ အခုထက်ထိ မခန့်ရသေးဘူး"

ခင်မောင်စိန်သည် သောင်းဒန် ပြောသည်တို့ကိုမကြား။ စိန်ခေါ်၍ ပြေးသူကလေး နော်မူအေးဆီသို့သာ စိတ်ရောက်နေသည်။ ဇရာဝတီတိုင်း ချန်ပီယံ မကလေးသည် ယခုစင်ရော်တိုင်းသို့ရောက်လာပြီး လိုက်တမ်းပြေးတမ်း ကစားနေပြီလား။

နော်ဖောလာသည် နောက်ဖေးသို့ဝင်သွားသည်။ သူ့ညီမနှင့် ကရင်လို အချီအချ ပြောနေကြသည်။ နော်မူအေး၏ ရယ်သံကိုလည်း ကြားရသည်။ နော်ဖောလာ၏ရယ်သံကိုလည်း ကြားရသည်။ ထို့ကြောင့် ခင်မောင်စိန် ရှက်သွားသည်။ ခေါ်တောင်နဲ ခင်မောင်စိန်အကြောင်းများ ပြောနေကြသလား။ သို့သော် ချက်ချင်းပင် အာရုံပြောင်းကာ သောင်းဒန်ဆီသို့ လှည့်လိုက်သည်။

"အေး . . . ဒါပဲ၊ ငါကတော့ ဘယ်သူဘာပြောပြော နော်ဖောလာကို သူနာပြုဆရာမခန့်မှာပဲ၊ နော်ဖောလာ ဒီကိုလိုက်လာဖြစ်အောင် ငါပဲ မှာတာပဲကွ၊ ဒီအလုပ် လုပ်ပါလို့လဲ ငါပဲ တိုက်တွန်းတာပဲကွ၊ ကျန်းမာရေးမှူးမရှိရင် သူ့ကို အားကိုးရမှာ၊ ဘာပဲဖြစ်ဖြစ် ဖျားတာနာတာ၊ ကျိုးတာပဲ့တာ၊ ချောင်းဆိုးတာ၊ ဖင်နာခေါင်းနာ၊ မီးဖွားအားလုံးသူတတ်တယ်၊ ရန်ကုန်မှာ စပယ်ရှယ် နှစ်မလုပ်နေတာကွ၊ မဟုတ်တဲ့လူ ခန့်မှာမဟုတ်ဘူး"

ဒေါသဖြစ်ဖြစ်နှင့် သောင်းဒန်၏အသံသည် ကျယ်လာသည်။

"ဒီလိုဆိုရင် ကျွန်မ မလုပ်ချင်တော့ဘူး ဆရာ"

ဘယ်အချိန်တွင် နော်ဖောလာ ပြန်ထွက်လာသည်မသိ။

"မဟုတ်ဘူး၊ လုပ်ရမယ်၊ လုပ်ကိုလုပ်ရမယ်၊ ဘာမှ အရေးစိုက်စရာ မလိုဘူး၊ ဒီကောင်တွေ နောက်တော့ နော်ဖောလာကျေးဇူး သိလာပါလိမ့်မယ်၊ သူနာပြုဆရာမဆိုတာ စေတနာထားမှပေါ့ဗျာ၊ သည်းညည်းခံမှပေါ့"

"ကျွန်မလဲ လူပဲ ဆရာကြီး"

ဟုတ်သည်။ ထိုစကားသည် မှန်သောစကား ဖြစ်သည်။ ခင်မောင်စိန်သည် နော်ဖောလာအတွက် နာချင်သလိုလို ဖြစ်လာသည်။ သောင်းဒန်ပြောသည့် စကားမှာလည်း နည်းလမ်းကျသည့်စကားဖြစ်သည်ဟု ထင်သည်။

အိမ်ထောင်သည်များရောက်လာပြီးနောက် စခန်း၌ ဆေးခန်းထောင်ရန်

သောင်းဒန် အပူတပြင်းကြိုးစားသည်။ ခေါင်းကိုက်ဖင်နာပင်ဖြစ်စေ သုံးမိုင် ဝေးသော စင်ရော်သို့သွားရသည်မှာ မလွယ်ကူ။ စင်ရော်ဆေးရုံနှင့် စင်ရော် ဆရာဝန်ကိုချည်း အားကိုးနေ၍မဖြစ်။ ယနေ့ မနက်ဖြန်ပင် မိုးကျတော့မည်။ လက်မ ၂၀၀ ရွာသော စင်ရော်မိုးကို ရန်ကုန်သားတို့ခံနိုင်မည်လား။ အထူး သဖြင့် ကလေးငယ်များခံနိုင်မည်လား။ ကလေးနေမကောင်းလျှင် မိဘများ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ အလုပ်ကိုဖြောင့်အောင်မလုပ်နိုင်။ သို့ဖြစ်ရာ စခန်းတွင် ဆေးခန်းတစ်ခုဖြစ်မြောက်ရေးသည် အရေးကြီးသောလုပ်ငန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် သောင်းဒန်သည် စိမ့်မြိုင်ကျန်းမာရေးဌာနကိုအသိပေး ကာ စင်ရော် နလက၊ စင်ရော် ပါတီယူနစ်တို့နှင့် ကြိုးစားခြင်းဖြစ်သည်။ သက်ဆိုင်ရာတို့ကလည်း အစွမ်းကုန်လိုက်လျောကြသဖြင့် သောင်းဒန် ကျေးဇူး တင်မိသည်။ သောင်းဒန်၏စေတနာကို အားလုံးနားလည်ကြသည်။ သို့သော် လည်း မသိသူတို့ရှိသည်။ သို့ကြောင့်ပင် နော်ဖောလာကို သူနာပြုဆရာမ ခန့်ရန် လျာထားကြောင်း သိသည့်အခါ စကားစာရင်းရှုပ်ကြခြင်းဖြစ်သည်။ သောင်းဒန်သည် ထိုစကား စာရင်းကိုရှင်းလိုက်ရသဖြင့် ရင်ပေါ့သွားကာ စောသာအေးအိမ်မှထွက်ပြီး အိမ်သို့ပြန်သည်။ ခင်မောင်စိန်လည်း ဒေးဗစ် ရောက်လာသည်နှင့် ထမင်းစားရန်ထသည်။ သူ့စိတ်ကား နော်မူအေးဆီ တွင် တဝဲလည်လည် ကျန်ရစ်ခဲ့လေသည်။

သောင်းဒန်သည် အိမ်ပြန်ရောက်လျှင် ကျော်ဆွေပို့လိုက်သော ရမ် လက်ကျန်ကိုရှင်းရန် ဟန်ပြင်သည်။ မဲဇာတွင် ရမ် မှန်မှန်မရနိုင်။ တစ်ခါတစ်ရံ အရက်ဖြူနှင့် အပန်းဖြေရသည်။ အရက်ဖြူကို သောင်းဒန်က ဝှိုက်စကီဟု နာမည်ပေးထားသည်။ သောင်းဒန်၏ဝေါဟာရတို့တွင် အေ ဆိုသည်မှာ အောင်သပြေ၊ ဘီ ဆိုသည်မှာ ဘီအီးဒီစီ အရက်ဖြူတို့ ဖြစ်သည်။

ညနေတိုင်လျှင် သောင်းဒန်သည် အေ၊ ဘီ တို့နှင့် အပန်းဖြေလေ့ ရှိသည်။ တစ်ခါက သောင်းဒန်သည် အရက်ပြတ်သွားဖူးသည်။ မိတ်ဆွေ တစ်ယောက်က ဆရာတော်တစ်ပါးထံ အရက်လှူပါလားဟု ဆိုသည်။

“ဒါမျိုးတွေ ကျွန်တော် အယုံအကြည်မရှိဘူး၊ ကိုယ့်စိတ်က ပြတ်မှ

ပြတ်တာ၊ ဘုရားလှူတယ်၊ ဘာညာဆိုတာ နောက်မနေနိုင်လို့ ပြန်သောက်ရင် ဘုရားကို ညာရာရောက်တယ်၊ ကျွန်တော့်ဘာသာ ကျွန်တော်ဖြတ်မယ်”ဟု ဆိုကာ ဖြတ်လိုက်ခြင်း ဖြစ်သည်။

ထိုအချိန်ကား သီရိတံတားတွင် လုပ်နေချိန် ဖြစ်သည်။ သို့သော် ကြာကြာမခံ။ ဆရာဝန်တစ်ယောက်က သောင်းဒန်အား သွေးဖိအားလျော့သည့်ရောဂါရှိသည်။ ကြက်ဥနှင့်ဘရန်ဒီ သောက်ပေးရမည်ဟု ညွှန်းသည်။ သွေးဖိအားလျော့ရောဂါသည် သွေးတိုးရောဂါနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဘရန်ဒီသည် သွေးတိုးစေသည်ဟု ဆရာဝန်တို့က ဆိုသည်။ ကြက်ဥနှင့် ဘရန်ဒီကို ဆေးအဖြစ်သောက်ရင်းက သောင်းဒန်သည် အရက်ကို ပြန်၍ သောက်ဖြစ်သည်။

အရက်သောက်လျှင် သောင်းဒန်သည် အမြည်းကောင်းကောင်းစားသည်။ ထမင်းကောင်းကောင်းစားသည်။ အရက်က သူ့ကိုမနိုင်အောင် ကြိုးစားသည်။ အမြည်းရှာနေစဉ်မှာပင် လှမင်းရောက်လာလေသည်။

“ဟော့ . . . လုပ်အုံးမလား”

“ကျွန်တော် ထမင်းစားပြီးခဲ့ပြီ ခင်ဗျ”

“အကြောင်းထူးရှိသလားကွ”

ညစာစားပြီးချိန်တွင် သောင်းဒန်၏ရိပ်သာ၌ အင်ဂျင်နီယာများ၊ ဖိုမင်များ၊ အလုပ်သမားများ တဖွဲဖွဲရောက်လာလေ့ရှိသည်။ တစ်နေ့တာ အလုပ်ကိစ္စတို့ကို စားမြုံ့ပြန်ကြသည်။ နောက်တစ်နေ့အတွက် မေးမြန်းပြောဆိုကြသည်။ စီစဉ်စရာရှိသည်တို့ကို သောင်းဒန်က စီစဉ်ပေးသည်။ အမိန့်ပေးစရာတို့ကို သောင်းဒန်က အမိန့်ပေးသည်။ လူမှုကိစ္စပြဿနာများကိုလည်း စုပေါင်းတိုင်ပင်ကာ ဖြေရှင်းလေ့ရှိသည်။ လှမင်းတွင် ပြဿနာတစ်ခုပါလာသည်။ လှမင်းသည် ကွမ်းတပစ်ထွေးကာ သူ့ကိစ္စကို တင်ပြသည်။

လက်သမားဆရာကြီး ဦးအေး၏မိန်းမသည် အပျော်တမ်းနတ်ကတော်ဖြစ်သည်။ ဦးမင်းကျော်၊ ရွှေဖျဉ်းညီနောင်၊ မယ်တော်ကြီး၊ မနဲ့လေး၊ သုံးဆယ့်ခုနစ်မင်းနတ်စုံအောင်ပူးသည်။ မနေ့ညက ဦးအေးမိန်းမ ဒေါ်ဖွားခက်ကို

ဦးမင်းကျော်ပူးသည်။ တံတားဆောက်သည့်အတွက် ပွဲပေးရမည်ဟု ဦးမင်းကျော်က ဆိုသည်။ ပွဲမပေးလျှင် တံတားချောချောမောမောပြီးမြောက်မည်မဟုတ်ဟု ဆိုသည်။

"ကျွန်တော်လဲ တော်တော်လေးစိတ်ရှုပ်သွားတယ် ဦးသောင်းဒန်" လှမင်းက ပါးစပ်မှထွက်လာသော ကွမ်းတံတွေးများကို စုပ်ယူလိုက်ရင်း ပြောသည်။

"မဖြစ်ဘူး လှမင်း၊ လုံးလုံးကို မဖြစ်နိုင်ဘူး၊ လုံးဝခွင့်မပြုနိုင်ဘူး၊ ဒါတွေကို အစကတည်းက ငါစဉ်းစားပြီးသား၊ မင်း ဘာလဲ လှမင်း၊ မင်း တံတားဆောက်တဲ့ အင်ဂျင်နီယာ၊ ငါလဲ တံတားဆောက်တဲ့ အင်ဂျင်နီယာပဲ၊ တို့တတ်တာက သိပ္ပံပညာ၊ အေး . . . ဝိညာဉ်လောကမှာ ဒီ စုန်းတို့၊ ကဝေတို့၊ နတ်တို့ရှိသလား၊ ရှိချင်ရှိမယ်၊ မရှိချင်မရှိဘူး၊ ဒါ တို့နဲ့မဆိုင်ဘူး၊ မင်း သီရိတံတားအတွေ့အကြုံရှိခဲ့တာပဲ၊ ရှည်ရှည်ဝေးဝေးပြောနေစရာ မလိုပါဘူး၊ သီရိတံတားတုန်းက လက်သမားတွေ၊ ပန်းရန်ဆရာတွေ ကန်တော့ပွဲပေးကြတယ်၊ အုန်းပွဲ၊ ငှက်ပျောပွဲပေါ့၊ ဒါလောက်တော့ ငါခွင့်ပြုနိုင်တယ်၊ လုပ်ချင်တာလုပ်ကြပေါ့၊ ဒါပေမဲ့ ငါက ခေါင်းဆောင်ပြီးတော့ဖြင့် နတ်ပွဲမပေးချင်ဘူး၊ မပေးနိုင်ဘူး၊ ငါ ပြောတာပဲ၊ အစကတည်းက ဒီကိစ္စတွေ စဉ်းစားပြီးသားပါလို့"

"အခုဟာက ရပ်ရွာကလဲ ပြောနေကြတယ် ဦးသောင်းဒန်၊ စင်ရော်မြို့ပျက်မှ"

"ငါ ကြားပြီးပါပြီကွာ၊ သိုက်လား၊ တဘောင်လား၊ ငါ မသိဘူး၊ ရှေးတုန်းက ကန်တူးရင် လူစတေးရတယ်၊ တံတားဆောက်ရင် လူစတေးရတယ်ဆိုတာ အယူရှိခဲ့ကြတယ်၊ အလောင်းစည်သူမင်းကြီး ကန်တွေတူးတုန်းက လူစတေးခဲ့ရတယ်ဆိုတာပဲ၊ ရာဇဝင်မှာပါတာလား၊ ဘေးကပြောကြတာလားတော့မသိဘူး၊ ဒီယုံကြည်မှုဟာ တို့ဆီမှာသာ မဟုတ်ဘူး၊ အနောက်နိုင်ငံမှာလဲရှိတာပဲ၊ အရှေ့တိုင်းက တခြားနိုင်ငံတွေမှာလဲရှိတာပဲ၊ တရုတ်ပြည်မှာ မဟာရံတံတိုင်းကြီးဆောက်တုန်းက လူစတေးရတယ်လို့ဆိုတယ်၊ လွန်ခဲ့

တဲ့ လေးငါးခြောက်နှစ်လောက်က တော်လှန်ရေးအစိုးရတက်စကနဲ့ တူပါရဲ့၊ မဟာရံတံတိုင်းကြီးဆိုတဲ့ ရုပ်ရှင်ကားတစ်ခုမှာ ကြည့်လိုက်ရတယ်၊ တံတား တစ်ခုဆောက်ရင် လူစတေးရတယ်ဆိုတဲ့အယူအဆဟာ ရောမအင်ပါယာ မပေါ်ခင်ကတည်းက ရှိတယ်၊ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ်တို့ကို ပူဇော် ပသရတာပေါ့ကွာ၊ ဥရောပတိုက်မှာ ဒီအယူအဆဟာ ရှေးပဝေသဏီကတည်း က ထွန်းကားခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ ခရစ်ယာန်အယူဝါဒထွန်းကား လာတဲ့အခါ နတ်မိစ္ဆာတွေကို ဘုရားသခင်က နိုင်လိုက်တာပဲတဲ့"

"အေး . . . ဒါနဲ့ လိုရင်း မရောက်တော့ဘူး၊ ရှည်နေပြီ၊ ရှင်းရှင်းပဲ လှမင်း၊ ငါလဲ ဗုဒ္ဓဘာသာ၊ မင်းလဲ ဗုဒ္ဓဘာသာ၊ ဒီတော့ နတ်ကိုတော့ဖြင့် မကိုးကွယ်ချင်ဘူး၊ ပြီးတော့ တို့မှာက သိပ္ပံပညာအခံရှိတဲ့ လူတွေ၊ ဒီတော့ တို့လုပ်မပေးနိုင်ဘူး"

"မနက်ဖြန် ဘဲတောင်တိုင်ရိုက်တော့မယ် ဦးသောင်းဒန်၊ အဲဒါအတွက် ရည်ရွယ်ပြီး ပြောကြတာဖြစ်မှာပေ့ါ၊ ဒေါ်ဖွားခက် နတ်ပူးတဲ့အကြောင်းက အလုပ်သမားလိုင်းမှာ နံ့နေပြီ၊ အားလုံးသိကုန်ကြပြီ၊ ကျွန်တော်တို့ ယုံတာ၊ မယုံတာ အပထား၊ သူတို့ စိတ်ကျေနပ်အောင်တော့ လုပ်ပေးလိုက်ဖို့ကောင်း တယ် ဦးသောင်းဒန်"

လှမင်းက ဇွတ်အတင်းတိုက်တွန်းနေသည်။

"အခုလုပ်မှာက လုပ်ငန်းကြီး ဦးသောင်းဒန်"

"အေးကွာ၊ စိတ်ရှုပ်စရာကြီးပဲ၊ ငါကလဲ ဒါတွေကို မယုံကြည်စေချင် ဘူး၊ သူတို့မှာလဲ မိရိုးဖလာ အစွဲအလမ်းတွေနဲ့၊ ခက်တာပဲ၊ သီရိတံတားမှာ တုန်းက သူတို့ဘာလုပ်ကြသလဲ၊ အင်္ဂလိပ်အင်ဂျင်နီယာတွေကို နတ်ပွဲပေးဖို့ ပြောနိုင်ကြရဲ့လား"

"သီရိတံတားမှာတုန်းကတော့ သူတို့ဘာသာ တင်ကြ၊ ပွဲပေးကြ၊ ကိုး ကြတာပဲ"

"အေး . . . ဟုတ်ပြီ၊ ဒါဖြင့် အခုလဲ အဲဒီလိုပဲလုပ်ပါစေ၊ နောင် အကျင့် ဖြစ်သွားမှာ ငါစိုးတယ်၊ တို့ အခုဆောက်မှာက တို့ပညာကို တို့ယုံကြည်ပြီး

ဆောက်မှာ၊ အဲဒီတော့ သူတို့ဘာသာ အုန်းပွဲ၊ ငှက်ပျောပွဲ ပေးပါစေပေါ့၊ ကြီးကြီးကျယ်ကျယ်တော့ မလုပ်စေနဲ့၊ ငါ မသိချင်ယောင်ဆောင်နေမယ်”

“သူတို့လဲ ခင်ဗျားကိုကြောက်လို့ မပြောရဲကြပါဘူး”

ဤမျှနှင့် ပြေရှင်းသွားသဖြင့် တော်သေးသည်ဟု သောင်းဒန် ဝမ်းသာမိသည်။

“ပြီးတော့ နောက်တစ်ခု ငါစိုးရိမ်တာ ရှိသေးတယ်၊ အဲဒါက ဒီအရပ်ရဲ့ ထင်မြင်ချက်ပဲ၊ တို့က နတ်ပွဲပေးပြီး တံတားဆောက်တယ်ဆိုရင် ပြီးရော၊ တစ်သက်လုံးပြောလို့ပြီးမှာ မဟုတ်တော့ဘူး၊ နတ်မတင်လဲ သူ့ဘာသာသူ အခက်အခဲတွေ့ချင်တွေ့မှာပဲ၊ နတ်တင်လဲ အခက်အခဲတွေ့ချင်တွေ့မှာပဲ၊ ထိခိုက်ဒဏ်ရာရတယ်ဆိုတာကတော့ ဒီလောက်အဆောက်အအုံကြီးတွေကို စက်ကြီးတွေနဲ့လုပ်နေရတာ အနည်းအကျဉ်းတော့ ထိခိုက်တာ၊ ဒဏ်ရာရတာ ရှိမှာပေါ့”

လှမင်းသည် ကျေနပ်သွားကာ အလုပ်သမားအဆောင်ဘက်သို့ ဆင်းသွားလေသည်။ လှမင်းပြန်သွားလျှင် သောင်းဒန်သည် ရမ်လက်ကျန်ကို ဆက်၍ ရှင်းသည်။ နေသာထိုင်သာရှိသွားမှ ထမင်းစားလေသည်။ ထမင်းစားရသည်မှာ တစ်ယောက်တည်းမို့ ခြောက်ကပ်ကပ်ရှိသည်။ မြင့်မြင့်သန်းနှင့် မိမာ၊ ဖိုးတုတ်၊ မိတာတို့ကို အမှတ်ရသည်။ ရောက်စကမူ အားလုံးစုပေါင်း၍ စားကြသဖြင့် ထမင်းမြိန်သည်။ မနေ့တစ်နေ့ကမှ အိမ်ထောင်သည်များရောက်လာသဖြင့် အိုးခွဲစားကြသည်။ သောင်းဒန်သည် လူပျိုဆောင်စားသောက်ရိပ်သာတွင် ကျန်ခဲ့သည်။ ယခုကား သူ့ဘာသာသူ အိုးခွဲ၍ ချက်စားသည်။ သောင်းဒန်၏ စားချိန်သည် မမှန်။ သူတို့က အချိန်နှင့်စားသည်။ ညနေစောင်းလျှင် အရက်သောက်ချင်သေးသဖြင့် နောက်ကျမှစားသည်။ သို့ဖြစ်ရာ အလုပ်သမားထဲမှ လူလွတ်သမား ထမင်းချက်တတ်သူတစ်ယောက်ကိုခေါ်ထားကာ နှစ်ယောက်အတူစားကြသည်။ သူ့တပည့်ကျော် ထမင်းချက်ကား စံဖေဖြစ်လေသည်။ ကျော်ဆွေက ရန်ကုန်မှ ထည့်လွှတ်လိုက်သူဖြစ်သည်။ စံဖေသည် အညာကျောက်ပန်းတောင်းကျေးလက်မှဖြစ်ရာ အညာကျေးတော

ဟင်းအချက်ကောင်းလှသည်။ အထူးသဖြင့် ဘူးရွက် ဟင်းချို၊ ဖရုံရွက်ဟင်းချို တို့ အချက်ကောင်းသည်။ စားခါနီးမှ ဘူးရွက်ကို ရေဆေးခတ်ပြီးလျှင် ကြက်သွန်ဖြူအခွံမန္တာဘဲ ဓားပြားရိုက်ခတ်လိုက်သည်။ ပြီးလျှင် မှုဆိုးမ ဆီခတ်သည့်အတိုင်း ဆီပုလင်းဝကို လက်ညှိုးထိုးပိတ်ကာ ဆီတစ်စက်ကို သုံးလေးခါလောက် အိုးပေါ်တွင် ဝေ့လိုက်သည်၊ ထိုဘူးရွက်ဟင်းချိုကား သောင်းဒန်၏အကြိုက် ဟင်းတစ်ခွက်ဖြစ်လေသည်။ ယခုလည်း သောင်းဒန် သည် ဘူးရွက်ဟင်းချိုကို ထမင်းစားပြီးသည့်တိုင် အားရပါးရ တရှူးရှူး သောက်နေသည်။ ဟင်းချိုသောက်ရင်း မြင့်မြင့်သန်း၏မျက်နှာကို တရေး ရေးမြင်နေသည်။ သို့ရာတွင် အိမ်သူသက်ထားကို ကြာကြာသတိမရနိုင်။ လက်ဆေးနေစဉ်ပင် အောင်ကြီးရောက်လာသဖြင့် ကပျာကယာလက်သုတ် ကာ အိမ်ရှေ့သို့ ထွက်ခဲ့ရသည်။

"မနက်ဖြန်အတွက် အားလုံးအဆင်သင့်နော် အောင်ကြီး"

"ဟုတ်ကဲ့ ခင်ဗျ၊ စောစောက လက်သမားနှစ်ယောက် ပြန်မလာကြလို့ စိတ်ပူနေတာ၊ အခုမှ ပြန်ရောက်ကြတယ်"

သောင်းဒန် နားမလည်။ ဘာတွေ ပြောနေမှန်းမသိ။

"ဘယ်သူတွေလဲကွ၊ ဘယ်သွားနေကြတာလဲ"

"အောင်သိန်းနဲ့အေးဖေ ဆရာကြီး၊ တပ်ကြပ်ကြီး အိမ်ကောင်းက ကျောက်ရဲဘက်ကို ထောက်လှမ်းရေးလွှတ်လိုက်လို့တဲ့၊ သူတို့မိန်းမတွေက တမျှော်မျှော်နဲ့ စောင့်နေကြတယ်၊ ချောင်းကမ်းပါးဆင်းလိုက်၊ အခန်းပြန်လာ လိုက်နဲ့၊ ကျွန်တော်လဲ မသင်္ကာတာနဲ့ ခေါ်ပြီးမေးတာ"

"ဟာကွာ၊ ဒီလူ မဟုတ်တာလုပ်ရော့မယ်၊ ငါ့တောင် မတိုင်ပင်ဘူး၊ ဒါစစ်သားအလုပ်ကွ၊ သူတို့မလုပ်ချင်လို့ အရပ်သားခိုင်းချင်ရင်လဲ ဒီနယ်သား တွေလွှတ်မှပေါ့ကွာ"

ထိုသတင်းကို စခန်းတစ်ခုလုံးလိုလို သိသွားကြသည်။ အားလုံးက မကျေနပ်ကြ။ သို့သော်လည်း မပြောရဲသဖြင့် ကြည့်နေလိုက်ကြရသည်။

"ဒီကောင်နှစ်ယောက်ကကော ဘာလို့သွားရတာလဲ၊ ဘယ်သူ့ပြော

သွားသလဲ၊ မင်းကို ပြောသွားသလား”

“မပြောဘူး ဆရာကြီး၊ ဒါပေမဲ့ ကျွန်တော်တော့ ရိပ်မိတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲလို့ ထင်နေတယ်၊ မမေးကောင်းတာနဲ့ မမေးလိုက်ဘူး၊ မနက်ကတည်းက ရဲဘော်အိမ်ကောင်းနဲ့ ပူးတွဲပူးတွဲလုပ်နေလို့ ကျွန်တော် တယ်မသင်္ကာချင်ဘူး၊ ဒါပေမဲ့ ဘာကိစ္စမှန်းမသိဘူး၊ ဒီကောင်နှစ်ကောင်က စင်ရော်နဲ့ အဆက်အသွယ်ကောင်းတယ်၊ အရက် ဘယ်နေရာရနိုင်တယ်ဆိုတာ သိတယ်၊ စင်ရော်မှာရှိတဲ့ မိန်းမပျက်တွေကိုလဲ သိတယ်၊ ဒီတော့”

“အေးပေါ့ကွာ၊ ဒါပဲ ဖြစ်ရမှာပေါ့လို့ ထင်မှာပဲ၊ နေနေ၊ မင်းတို့ဘာမှ မပြောနဲ့၊ ဒီကိစ္စကို တပ်နဲ့ဖြေရှင်းမယ်၊ သူ့ပြောလဲ ဘာမှထိရောက်မှာမဟုတ်ဘူး”

“ပြီးတော့လဲ ဆရာကြီး၊ ကျွန်တော်တို့ရုံးစောင့် ဦးဇော်ဖေနဲ့ သူ့တပ်က ရဲဘော်တွေနဲ့ မပြေလည်ကြဘူး၊ အဘိုးကြီးက ဘောက်ဆတ်ဆတ်နဲ့တဲ့၊ ပညာပေးရအုံးမယ်တဲ့”

“ဟုတ်လား၊ နေပါစေကွာ၊ မသိချင်ယောင်ဆောင်နေလိုက်၊ ဟိုအဘိုးကြီးလဲ သတ္တိခဲပဲ၊ တို့လို အညာသားကွ”

အောင်ကြီး မရယ်မိအောင် မနည်းချုပ်တည်းနေလိုက်ရသည်။ တို့လို အညာသားသတ္တိခဲတဲ့။

တပ်နှင့်ဆက်ဆံရသည်မှာ ခက်သည်။ သူတို့ မရှိ၍လည်းမဖြစ်။ တပ်ဆိုသည်မှာလည်း သောင်းဒန်တို့ဆောက်လုပ်ရေးအဖွဲ့ကဲ့သို့ပင် လူပေါင်းသောင်းပြောင်းစုံလှသည်။ အသိဉာဏ် နည်းသူလည်းပါသည်။ ထက်သူလည်းပါသည်။ လူထုနှင့်အဆင်ပြေအောင် ဆက်ဆံတတ်သူလည်း ပါသည်။ လူထုကို သေနတ်ပြကာ ခြိမ်းခြောက်ချင်သူတို့လည်း ပါသည်။ အဖြေရှင်းရခက်သည်မှာ မိန်းမကိစ္စဖြစ်သည်။ သူတို့စခန်းတွင်ရှိနေသောတပ်သည် အိမ်ထောင်ကို ရိပ်သာတွင်ချန်ခဲ့ကာ ရှေ့တန်းသို့ထွက်လာရသူများဖြစ်သည်။ သူတို့လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဖြစ်ရာ မိန်းမကိစ္စတွင် အမှုပွေတတ်ကြသည်။ အလုပ်သမားအိမ်ထောင်သည်များနှင့် ရောရောထွေးထွေးမဖြစ်ရအောင်

စောစောကပင် တားမြစ်ထားရသည်။ ရဲဘော်များ အိမ်ထောင်သည်အဆောင်များသို့ ကူးသန်းသွားလာခြင်းမပြုရန် တောင်းပန်ထားရသည်။ သောင်းဒန်ခေါင်းအေးအေးထားကာ ဖြေရှင်းမည်ဟုစိတ်ကူးပြီး အောင်ကြီးကို ပြန်လွှတ်လိုက်သည်။ အောင်ကြီးပြန်လျှင် သောင်းဒန်လည်း စောစောအိပ်ရာဝင်လေသည်။ မနက်ဖြန် မနက်စောစောထရမည်။ တောင်ဘက် ဘဲတောင်တွင် တိုင်စရိုက်တော့မည်။

နောက်တစ်နေ့မနက်တွင် သောင်းဒန် စောစောအိပ်ရာမှထသည်။ မျက်နှာသစ်၊ ကော်ဖီသောက်ကာ၊ ကိုယ်လက်သုတ်သင်ကာ ကမ်းပါးသို့ဆင်းသွားသည်။ လက်သမားဆရာကြီး ဦးအေးသည် အုန်းပွဲ၊ ငှက်ပျောပွဲကို တိုင်ရိုက် စက်ကြီးထိပ်၌ ချည်နေသည်။ သောင်းဒန်ကိုမြင်လျှင် ပြုံး၍ကြည့်သည်။ သောင်းဒန်က အသိအမှတ်ပြုကြောင်း ခေါင်းညိတ်ပြလိုက်သည်။ အလေးအပင် လုပ်ငန်းကြီးများ စတော့မည်ဆိုလျှင် ထိခိုက်ဒဏ်ရာရမည်ကို ကြောက်ကြသဖြင့် ဤသို့ အုန်းပွဲ၊ ငှက်ပျောပွဲတင်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ သူတို့စိတ်ချမ်းသာပါစေ၊ သံသယကင်းပါစေဟု သဘောထားကာ ဤမျှကိုကား ခွင့်ပြုထားလိုက်သည်။

သောင်းဒန်၊ စောသာအေး၊ ဒေးဗစ်တို့သည် ကမ်းပါးတွင် မနေ့ညနေက မှတ်သားထားခဲ့သောနေရာများကို ပြန်လည်စစ်ဆေးကြည့်ရှုကြသည်။ မနေ့ညနေကပင် လမ်းအူကြောင်းနှင့် ချိန်ခဲ့ကြသည်။

စက်ကြီးမောင်း ဘလှသည် တိုင်ရိုက်စက်ပေါ်တွင် ရောက်နေပြီ။ အနီးဝန်းကျင်ရှိ ကွမ်းသီးခြံ၊ ဒူးရင်းခြံမှ လူများသည် တိုင်ရိုက်စက်ကြီးရှိရာသို့ စူးစိုက်ကြည့်နေကြသည်။ ထိုနေရာကား ပွဲတော်လေးတမျှ စည်ကားနေသည်။ ပေ ၄၀ ရှည်သည့်တိုင်ကြီးကို ဝန်ချီစက်ကြီးဖြင့်မကာ တိုင်ရိုက်စက်တွင်တပ်၍ ချည်နှောင်ပြီးနောက် အံဝင်ခွင်ကျ ရှိ၊ မရှိ စစ်ဆေးသည်။

"ကဲ . . . စတော့ဟေ့"ဟု သောင်းဒန်က အမိန့်ပေးလိုက်သည့်အခါ တဒိန်းဒိန်းရိုက်လေသည်။ ထိုအသံကိုကြားရသည့်အခါ သောင်းဒန်ရင်ထဲတွင် ကြည်နူးကာ ပီတိဖြစ်လာသည်။ ကြက်သီးမွေးညင်းတို့လည်း ထလာသည်။

“အောင်ကြီး ဂရပ်ကို သေသေချာချာကြည့်၊ နားလည်အောင်မှတ်ထား၊ မြေဝင်သွားသမျှဟာ အားလုံးမဟုတ်ဘူး၊ မြေကြီးမှာကျပြီး ဆောင့်တက်လာတာရှိသေးတယ်၊ တိုင်ရဲ့အလေးချိန်က ဘယ်လောက်ရှိသလဲ၊ တူရဲ့အလေးချိန်က ဘယ်လောက်ရှိသလဲ၊ ရိုက်တဲ့အားက ဘယ်လောက်လဲ၊ အဲဒါတွေ သေသေချာချာမှတ်ထားကြ” သောင်းဒန်က လက်တွေ့သင်တန်းပေးနေသည်။

“ဒီဘက်တိုင်တွေက အတည့်ရိုက်မယ်၊ သူတို့နဲ့ ယှဉ်နေတဲ့ တိုင်ဆယ့်နှစ်လုံးက တစောင်းရိုက်မယ်၊ အစောင်းတိုင်တွေက ဘဲတောင်ကိုကန်ထားမယ်၊ သဘောကတော့ ဘဲတောင်လဲကျမသွားအောင် ကျားကန်ထားတဲ့သဘောပဲ၊ မြေကာဘဲတောင်ကြီးက ဟောဒီလိုမတ်မတ်ရပ်နေမယ်၊ ဟိုဘက်က ရေစပ်မှာ တံတားတိုင်တစ်ခုရှိမယ်၊ ဘဲတောင်နဲ့ တံတားတိုင်ပေါ်မှာ ကွန်ကရစ်ရက်မကြီး ကူးမယ်၊ အဲဒီအပေါ်မှာ ကွန်ကရစ်ထပ်လောင်းလိုက်တော့ လမ်းဖြစ်သွားရော၊ ဒီတော့ တံတားပေါ်ကားဖြတ်မောင်းတဲ့အခါ အပေါ်တည့်တည့်က အလေးချိန်နဲ့ ဖိတဲ့အားဟာ အောက်တည့်တည့်ကို ဦးတည်သက်ရောက်နေမယ်၊ အဲဒီဖိအားကို တည့်တည့်ရိုက်ထားတဲ့တိုင်က ထမ်းထားမယ်၊ နောက်တစ်ခါ အားတစ်ခုက ဘဲတောင်ပေါ်မှာ စပြီးသက်ရောက်လာမယ်၊ ဒီအားက အလေးချိန်ကြီးတဲ့ ဝန်တင်ယာဉ်တစ်ခုတံတားကိုစဖြတ်တဲ့အခါ တက်တဲ့အားနဲ့ ဘဲတောင် တစ်ဖက်က မြေကြီးဖို့ထားလို့ ပိနေတဲ့အားတွေပဲ၊ အဲဒီအားတွေက တစောင်းသက်ရောက်နေတယ်၊ ဒီတော့ တစောင်းရိုက်ထားတဲ့တိုင်တွေက တစောင်းသက်ရောက်လာတဲ့အားတွေကို ထမ်းထားမယ်၊ ဒါပဲ”

သောင်းဒန်သည် မမောမပန်းရှင်းပြနေသည်။ ရှင်းပြရသည်ကိုလည်း ကြည်နူးနေသည်။ အောင်ကြီး၊ ခင်မောင်စိန် စသော အင်ဂျင်နီယာငယ်ကလေးတို့ နားစိုက်ကာ မှတ်သားနေကြသည်။ လှမင်းနှင့်စောသာအေးတို့ကား အတွေ့အကြုံရှိနေကြပြီ။

တိုင်ပေါင်း ၂၄ လုံးကို တစ်လခန့်ရိုက်ရမည်။ ပြီးလျှင် ယင်းတို့ကို

တုပ်နှောင်ရန် ပတ်ပတ်လည်တွင် တူး၍ ကွန်ကရစ်လောင်းရမည်။ တိုင်နှစ်တန်း အလယ်၌လည်း ကွန်ကရစ်လောင်းရမည်။ အားလုံး သုံးလခန့်ကြာမည်။

"ဘလှ ဘယ့်နှယ်လဲဟေ့၊ အားရှိတယ်နော်၊ ဆေးထိုးခဲ့ရရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီးဆေးက သိပ်သိသာတာပဲ၊ လူကိုလန်းဆန်းပြီး မြူးကြွနေတာပဲ ခင်ဗျ"

"ဒါ့ကြောင့် အစက ငါ စီစဉ်ထားတာပေါ့ကွာ"

စက်ကြီးမောင်း ဘလှ၏မျက်နှာသည် ပြည့်ဖြိုးနေသည်။ သောင်းဒန်သည် ဘလှကိုမေးမြန်းပြီးလျှင် ရုံးပေါ်သို့တက်ကာ မှတ်တမ်းရေးလေသည်။ တံတားပထမဆုံးလုပ်ငန်းစပြီ။ မှတ်တမ်းရေးရင်းလည်း ကမ်းစပ်ဆီသို့ လှမ်းမျှော်ကြည့်မိသည်။ သူ့နားတွင် အဆက်မပြတ်ကြားနေရသော တိုင်ရိုက်သံသည် စည်းချက်မှန်သော ဂီတသံတစ်ခု ဖြစ်နေသည်။

"အခုအထိတော့ ချောမောနေတာပဲဟေ့၊ ဒေါ်ဖွားခက်ရဲ့အုန်းပွဲ၊ ငှက်ပျောပွဲ ကျေးဇူးကြောင့်လား မသိဘူး၊ အောင်ဘွင့်ရေ . . . ဟောဒီမှာ လုပ်ငန်းအစီရင်ခံစာရေးထားတယ်၊ ဌာနချုပ်ကို ပို့ရမယ်၊ အဲဒါ လက်နှိပ်စက်ရိုက်လိုက်ပေတော့"

စာရေးအောင်ဘွင့်သည် သောင်းဒန်၏အစီရင်ခံစာကို ဖတ်ကြည့်နေလေသည်။

× × × × ×

၁၃

မောင်

ရန်ကုန်

'မြင့် စာရေးလိုက်ပါတယ်။ မောင်မှာတဲ့ပစ္စည်းတွေ ကိုလှမင်းတို့နဲ့ပေးလိုက်တယ်။ ရရဲ့လား၊ စာပြန်ပါအုံး။ မောင်အလုပ်များနေသလား။ ရန်ကုန်လာဖို့မရှိဘူးလား။ မြင့်တို့အားလုံး နေကောင်းကြပါတယ်။ ဖိုးတုတ်တစ်ယောက်တော့ မိုးထဲထွက်ပြီးဘောလုံးကန်တာ အအေးမိသွားလို့ ကိုယ်နည်းနည်းပူနေတယ်။ တစ်ရက်နှစ်ရက်ရှိရင် ပျောက်သွားမှာပါ။ သားကတော့ ကိုကျော်ဆွေနဲ့တွဲနေပြီ။ ကိုကျော်ဆွေက သားကို ရုပ်ရှင်ခေါ်သွားတယ်။ ဘောလုံးပွဲခေါ်သွားတယ်။ ကိုကျော်ဆွေလဲ ပျင်းတယ်နဲ့တူပါတယ်။ သော်ကောင်းလဲမလာဘူး၊ သောင်းဒန်လဲ မလာဘူးနဲ့ချည်း ညည်းနေတာပဲ။ သမီးကြီး လစဉ်စာမေးပွဲမှာ အတန်းထဲမှာ ပထမရတယ်။ ဖေဖေကြီး ဘာဆုချမှာလဲတဲ့'

'မောင်ဘယ်တော့ လာမှာလဲ။ စာရေးပါအုံး။ မြင့်တို့သားအမိတော့ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ စင်ရော်ကိုလိုက်လာခဲ့မယ်။ အဲဒီအချိန်ကျရင် ရာသီဥတုကောင်း၊ ကောင်းပါရဲ့'

'ဩော် တစ်ခုပြောရအုံးမယ်။ မောင့်နှမညီညိုလဲ သမီးလေးတစ်ယောက်နောက်ထပ်မွေးပြန်ပြီတဲ့။ စာရေးလိုက်ပါအုံး'

**အချစ်များစွာနဲ့**

**မြင့်**

စာကိုဖတ်ပြီး သောင်းဒန်နေမထိထိုင်မသာ ဖြစ်လာသည်။ ဖိုးတုတ် နေမကောင်းဆိုသဖြင့် သောင်းဒန်စိတ်မအေးဖြစ်လာသည်။

"ဘယ်ဆရာဝန်ဆီသွားသလဲ၊ ဘယ်သူနဲ့ကုပြီး ဘာဆေးတွေ ကျွေးသလဲ၊ တောက် . . . ဒီမိန်းမတော်တော်ခက်တယ်၊ အိမ်နားမှာ ဆရာဝန် ဒေါက်တာညွန့်ဝင်းရှိတယ်၊ သူနဲ့ပြပါလား၊ ဟာ . . . ဒီဆရာဝန်က မျက်စိကု ဆရာဝန်ပဲ"

သောင်းဒန်သည် နော်ဖောလာဆီသို့ ပြေးသွားသည်။

"ဘာဆေးတွေ ပါလာသလဲ နော်ဖောလာ၊ အိမ်ကဖိုးတုတ် ဖျားနေလို့ တဲ့၊ ဆေးပို့လိုက်ရကောင်းမလားလို့"

"ဩော် . . . ဦးသောင်းဒန်ကလဲ၊ ရန်ကုန်မှာ ဆေးတွေပေါပါတယ်ရှင်၊ ပို့စရာမလိုပါဘူး၊ အအေးမိလို့ဖျားတာ ခဏနေမှာပါပဲ"

သောင်းဒန် ပြန်လာခဲ့သည်။ အိမ်ရောက်လျှင် မြင့်မြင့်သန်းထံသို့ စာ ပြန်ရေးသည်။

ကလေးတွေ နေမကောင်းရင် မောင့်ဆီကို ဘယ်တော့မှစာမရေးနဲ့။ နည်းနည်းပါးပါး ဖြစ်တာလောက်တော့ ကိုယ့်ဘာသာကိုယ် ဆရာဝန်နဲ့ပြပြီး ကုပေတော့။ ကြီးကြီးကျယ်ကျယ်ဆိုရင်သာ အကြောင်းကြား။ ဒီမှာ တစ်ယောက်တည်းနေရတော့ ဘာဖြစ်မှန်းလဲမသိ၊ အလကားတွေးပူနေရ တယ်။ နောက် ကြပ်ကြပ်သတိထား။

သောင်းဒန် ရန်ကုန်သို့ မသွားနိုင်သေး။ အချိန်ရှိခိုက် ဘဲတောင်များ ကို အပြီးတိုင်ရိုက်ရမည်။ ဘဲတောင်နှစ်ခုပြီးလျှင် ရေလယ်တိုင်လေးလုံးချရဖို့ စီစဉ်ရမည်။ ယခုအတိုင်းဆိုလျှင် မိုးသိပ်မကောင်းသေး။ ဘဲတောင်နှစ်ခု အပြီးရိုက်နိုင်မည်။ စင်ရော်ဘက်ကမ်း ဘဲတောင်နှင့်အတူ တိုင်နံပါတ်(၁)ကို စ၍လောင်းမည်ဟု သောင်းဒန်စိတ်ကူးထားသည်။ တံတားလုပ်ငန်း အစစ ချောမောနေပြီ။ နောင်လည်း ချောမောလိမ့်မည်။ အရေးကြီးသည်မှာ လိုသည့် ပစ္စည်းများ မြန်မြန်ရဖို့ပင်ဖြစ်သည်။ တံတားသုံးပစ္စည်း၊ လူသုံးပစ္စည်း။

ထိုအခိုက်အတန့်တွင် လူသုံးပစ္စည်းရှားပါးသည့်ပြဿနာ ပေါ်လာ

သည်။ အရေးအကြီးဆုံးမှာ ဆန်ဖြစ်သည်။ ထိုနှစ်ကား ဆန်ထွက်နည်းသော နှစ်ဖြစ်သဖြင့် မြန်မာတစ်ပြည်လုံး ဆန်ရှားပါးသည့်အရေးအခင်းနှင့် ကြုံကြိုက်လာသည်။ နိုင်ငံခြားငွေရရန် ဆန်ကို နိုင်ငံခြားပို့ရမည်။ တိုင်းပြည်ထဲတွင်လည်း လုံလောက်သည်ဟု သက်ဆိုင်ရာကဆိုသည်။ သို့သော် ပွဲလန့်တုန်း ဖျာခင်းချင်သူတို့ ထ၍လက်ခမောင်းခတ်ကြသည်။ ပစ္စည်းများ မှောင်ခိုကြသည်။ လူသုံးကုန်ပစ္စည်း ဈေးထိုးတက်လာသည်။

သောင်းဒန်တွင် သီရိတံတားဆောက်စဉ်က မြင့်မြင့်သန်းမသိအောင် အပိုအလျှံစုဆောင်းထားခဲ့သည့် ငွေတစ်ထောင်ခန့်ရှိသည်။ ထိုငွေတစ်ထောင် အနက် ငါးရာကို စခန်းဆိုင်ထဲသို့ ထည့်ထားလိုက်သည်။ လှမင်း၊ စောသာအေး၊ ဒေးဗစ်၊ အောင်ကြီးတို့ဆီမှလည်း တစ်ရာနှစ်ရာဆွဲကာ ထည့်ရသည်။ စင်ရော်ကုန်သွယ်ရေးသို့ ပစ္စည်းတစ်ခါသွားထုတ်လျှင် ငွေနှစ်ထောင်ခန့် လိုသည်။ စားကုန်၊ သောက်ကုန်၊ အထည်အလိပ်တို့ကို နှစ်ပတ် တစ်ခါဆိုသလို အလှည့်ကျထုတ်နေရသည်။ ယခု ပစ္စည်းရှားပါးလာပြီ။ ပစ္စည်း စုရမည်။ တံတားအတွက် ပစ္စည်းစုသလို သူတို့ ပါးစပ်ပေါက်များ ဖြည့်တင်းရေးအတွက် ရိက္ခာစုရမည်။ ထိုအရေးကိစ္စများဖြေရှင်းရန် အောင်ကြီးအား အစည်းအဝေး ခေါ်ခိုင်းရသည်။

"တစ်ယောက်တည်း ခေါင်းကိုက်တယ် အောင်ကြီး၊ သူတို့အားလုံး ကိစ္စကို အားလုံးနဲ့ဖြေရှင်းမှဖြစ်မယ်၊ သူတို့အတွက် ဘာလုပ်ပေးနေတယ်ဆိုတာ သိစေချင်တယ်၊ တော်ကြာ စောက်စကားသိပ်များတယ်၊ ဩော် . . . ဒါနဲ့ တစ်နေ့က ရဲဘော်ကိုအိမ်ကောင်းကိုခေါ်ပြီး ဆွေးနွေးတယ်၊ ဗိုလ်မှူးသိန်းအောင်ကိုလဲ ပြောပြလိုက်ပြီလို့ ငါပြောလိုက်တယ်၊ တကယ်တော့ မပြောရသေးဘူးကွ၊ ဒါပေမဲ့ ဒီလိုပဲပြောရမှာပဲ၊ အိမ်ကောင်းက နောင်မဖြစ်စေရပါဘူးလို့ အာမခံတယ်၊ ခုတလော ဥသြဘက်မှာ တိုင်းကျော်တို့အဖွဲ့ လှုပ်ရှားနေတယ်တဲ့၊ တို့စခန်းမှာ လုံခြုံအောင် အရံအတားအနေနဲ့ သံဆူးကြိုးကာထားရင်ကောင်းမယ်တဲ့၊ အဲဒါ မင်းတို့လုပ်အားပေးတွေနဲ့ စီစဉ်ကြကွာ၊ ရန်ကုန်က လိုရမည်ရ သံဆူးကြိုးတွေ သယ်လာခဲ့တာ စတိုထဲမှာရှိတယ်၊

ပစ္စည်းထိန်း ဦးဖေမောင်ကို မေး"

"ဟုတ်ကဲ့ ဆရာကြီး"

"ပြီးတော့ ဒီည အစည်းအဝေးကြာမယ်၊ စတိုထဲက အောက်လင်း မီးအိမ်တွေ ပြင်ဆင်ထားပါစေ၊ သုံးလုံးရှိတယ်၊ ဦးဖေမောင်ကို ပြောလိုက်၊ မီးစက်က အခုထိပြင်လို့ မရသေးဘူး၊ နောက်ထပ် မီးစက်တစ်လုံးတောင်း ထားတယ်၊ ရပါလိမ့်မယ်ကွာ"

ထိုညတွင် စခန်းကော်မတီက စခန်းလုံးကျွတ်အစည်းအဝေးခေါ်သည်။ ငွေစု ငွေချေးအသင်းတစ်ခု တည်ထောင်မည်ဖြစ်ကြောင်း အောင်ကြီးကရှင်းပြသည်။ အောင်ကြီးရှင်းသည်မှာ ဝေ့ဝေ့လည်လည် ဖြစ်နေသည်။ ထို့ကြောင့် သောင်းဒန် ထရသည်။

"ဒါက ငါ့စိတ်ကူးပဲ၊ မင်းတို့ ဒီမှာ အလုပ်လုပ်ကြတယ်၊ အရေး အကြောင်းရှိရင် ရန်ကုန်လို ငွေရှာရမလွယ်ဘူး၊ ဒီတော့ တစ်လတစ်ဆယ် စုမယ်၊ မင်းတို့လဲ ဒီငွေထဲက ပြန်ချေးနိုင်မယ်၊ ဒါပေမဲ့ လောလောဆယ်တော့ မချေးနိုင်သေးဘူး၊ နောင် ငွေလည်သွားတဲ့အခါ ချေးမယ်၊ အဲဒါလဲ အကန့် အသတ်နဲ့ချေးမယ်၊ မင်းတို့ငွေကို အသင်းဆိုင်မှာ သုံးမယ်၊ ဒါက အကြမ်း သဘောပဲ၊ သဘောတူရင် ကော်မတီဖွဲ့ပြီး စည်းမျဉ်းတွေ၊ စည်းကမ်းတွေ ရေးဆွဲမယ်"

တစ်ယောက်တစ်ပေါက် ပြောကြသည်။ မဆိုင်တာလည်း ပါသည်။ ဆိုင်တာလည်း ပါသည်။ အစိုးရကို အသားလွတ်ခွပ်တာလည်း ပါသည်။ အစိုးရလုပ်ပုံမကြိုက်ဟု ဖြောင်ဝေဖန်သည်လည်း ပါသည်။ ကုန်သွယ်ရေး အကြောင်းကို ပြောသူလည်း ရှိသည်။

လက်သမား ညွန့်ကြည်သည် အလုပ်သမားသွေးစည်းရေး တရား ထ၍ဟောသည်။ သူ့လက်ထဲ အသံချဲ့စက် အော်လန်လေးထည့်ပေးလိုက်ရ လျှင် ပို၍နားထောင်ကောင်းမည်ဟု ထင်သည်။ သူ့တရားကို အလုပ်သမား များက လက်ခုပ်တီး ဩဘာပေးကြသည်။

"ကျွန်တော်တို့ကို ဦးစားပေးဖို့ကောင်းတယ်၊ ကျွန်တော်တို့ဟာ ဒီစင်ရော်

တံတားကို ချွေးနဲ့သွေးနဲ့ရင်းပြီး ဆောက်ကြမဲ့အလုပ်သမားတွေပါ၊ ဒီတော့ ကျွန်တော်တို့ စားဝတ်နေရေးအတွက် အစိုးရက ကြည့်မနေသင့်ဘူး၊ အခု အလုပ်သမားခေတ်ရောက်နေပြီ မဟုတ်လား၊ ဗိုလ်ချုပ်ကြီးအစိုးရဟာ အလုပ်သမား၊ လယ်သမားတွေရဲ့ အစိုးရမဟုတ်လား”

မဖြစ်ချေတော့ဟု သဘောရကာ သောင်းဒန်ကြားဝင်ရသည်။ လွှတ်ထားလျှင် ညွန့်ကြည်သည် တစ်ညလုံးတရားဟောမည့်သူ ဖြစ်သည်။ လက်ခုပ်သံ၊ ဩဘာသံနှင့် အရှိန်ရနေလေသည်။

“အခုလဲ အစိုးရကရော ကုန်သွယ်ရေးကပါ တို့ကို ဦးစားပေးပါတယ်၊ ဒါပေမဲ့ သူတို့ချည်းအားကိုးနေလို့ မဖြစ်သေးဘူး၊ ကုန်ဈေးတွေကတက်နေတော့ တို့မှာ စားကုန်၊ သောက်ကုန်ဝယ်ပြီး လျှောင်ရမယ်၊ ဒါတွေပြောနေမယ်ဆိုရင်တော့ ပြီးမှာ မဟုတ်ဘူး၊ တို့အလုပ်က တံတားဆောက်ဖို့ပဲ၊ အစိုးရက အများသက်သာ ချောင်ချိအောင် လုပ်ပေးမှာပဲ၊ ဒီတော့ ကိုယ်နဲ့ဆိုင်တာပဲ ဆွေးနွေးကြပေါ့”

သောင်းဒန်သည် တိုတိုနှင့် ဖြတ်လိုက်ရသည်။ နောက်တစ်ပတ် အစည်းအဝေးခေါ်မည်။ ထိုအစည်းအဝေးတွင် ငွေစုငွေချေးအသင်းတည်ထောင်မည်ဟု သောင်းဒန်အဆုံးအဖြတ်ပေးလိုက်သည်။

“သဘောတူကြရဲ့လားလို့ မမေးတော့ဘူးလား ဆရာကြီး”

အောင်ကြီးက တိုးတိုးမေးသည်။ သောင်းဒန်က အောင်ကြီးကို ခေါင်းယမ်းပြလိုက်သည်။ “မလိုပါဘူး”ဟုလည်း တိုးတိုးပြောလိုက်သည်။ ဤကိစ္စမျိုးတွင် အများဆန္ဒကို မေးနေစရာမလိုဟု သောင်းဒန်ယူဆသည်။ ကောင်းသည်ထင်လျှင်၊ အကျိုးရှိမည်ထင်လျှင် ဦးဆောင်လုပ်ပေးဖို့သာရှိသည်။ သဘောထားရည်ရွယ်ချက်ကို ရှင်းပြပြီးပြီမဟုတ်လား။ သို့မဟုတ်လျှင် တစ်ယောက်တစ်ပေါက် စကားများကာ လုပ်ငန်းပျက်စီးနိုင်သည်။ သို့သော်လည်း အများအကျိုးအတွက် တတ်နိုင်သူများက အနစ်နာခံကာ ရှေ့ဆောင်ထားသည်ကိုတော့ သူတို့အား အသိပေးလိုက်သည်။ အသိပေးရမည်ဟု သောင်းဒန် ယူဆသည်။

"အခု မင်းတို့စားသောက်ဆိုင်ကို တို့ပိုက်ဆံနဲ့မတည်ထားရတာ၊ ဆန်၊ ဆီ၊ ဆား၊ သကြား၊ နို့ဆီ၊ အေး . . . နို့ဆီဆိုလို့ မင်းတို့ကိုအကြံပေးမလို့ ငါတစ်ခုစဉ်းစားထားတယ်၊ အခု လူတိုင်းကို အချိုးကျ နို့ဆီနဲ့ သကြား ထုတ်ပေးနေတယ်၊ သောက်တဲ့လူက သောက်တယ်၊ ကလေးတိုက်တဲ့သူက တိုက်တယ်၊ ရောင်းစားတဲ့ သူက ရောင်းစားတယ်၊ ဒါတွေကို မင်းတို့ကို ထုတ်မပေးတော့ဘူး၊ တို့ကင်န်တင်း ဆိုင်တစ်ခုဖွင့်မယ်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်ရောင်းမယ်၊ ကော်ဖီသောက်ချင်ရင် အိမ်မှာမသောက်နဲ့၊ ဆိုင်မှာသောက်၊ တစ်ခွက်တစ်မတ်၊ အခု ဒေါ်ညွှန့် ကော်ဖီဆိုင်လဲ မရှိတော့ဘူး"

"ဟုတ်တယ် ဆရာကြီး၊ ဒါ ကောင်းတယ် ဆရာကြီး"

အေးဖေက ထ၍ထောက်ခံသည်။ အေးဖေသည် လက်ဖက်ရည်ကြိုက်သည်။ ဒေါ်ညွှန့် ဆိုင်တွင် တစ်နေ့ လေးငါးခြောက်ခွက် ဝယ်သောက်သည်။ ယခု ဒေါ်ညွှန့်ဆိုင်ဖြုတ်ပြေးပြီဖြစ်သဖြင့် လက်ဖက်ရည်ငတ်နေသည်။ သူ့မိန်းမ မိသောင်းကလည်း လက်ဖက်ရည်ကောင်းကောင်း မဖျော်တတ်။ နို့ဆီတစ်ဘူး ဖောက်လိုက်လျှင် တော်တော်နှင့်မကုန်။ သူတစ်ယောက်တည်း လက်ဖက်ရည် သောက်သူရှိသဖြင့် တွက်သားမကိုက်။

စခန်းဖွင့်ပြီဆိုကတည်းက စင်ရော်မှ မုဆိုးမတစ်ယောက်သည် ပါတီဥက္ကဋ္ဌကြီး၏ အဆက်အသွယ်နှင့် လက်ဖက်ရည်ဆိုင်ဖွင့်ရန် စခန်းသို့ရောက်လာသည်။

"သဘောပဲ၊ ကျွန်တော်တို့က သာပြီးကြိုက်တာပေါ့၊ ဒါပေမဲ့ အကြွေးတော့မပေးနဲ့၊ နောက်မှ အကြွေးတောင်းလို့မရဘူး၊ အကြွေးတောင်းပေးပါလို့ ကျွန်တော့်ကိုလာပြီး မပူနဲ့၊ ဒါရှင်းရှင်းပဲ" သောင်းဒန်က ဤသို့ပြောကာ ခွင့်ပေးလိုက်သည်။ ပထမလတွင် အခြေအနေကောင်းနေသေးသည်။ နောက်လကုန်တွင်ကား အကြွေးကျကာ တောင်းမရဖြစ်ပြီး ဒေါ်ညွှန့်ဆိုင်ဖြုတ်သွားသည်။

"အဲဒါလဲ စဉ်းစားခဲ့ကြ၊ ဟုတ်လား"

သောင်းဒန်က အစည်းအဝေးကို ခပ်မြန်မြန်သိမ်းလိုက်သည်။ ယခုပင်

၁၂ နာရီနီးပါးရှိနေပြီ။ အိမ်ပြန်ရောက်လျှင် မိုးခပ်သည်းသည်း ရွာချလိုက်သည်။

နောက်တစ်နေ့ တစ်နေ့လုံး မိုးရွာသည်။ စင်ရော်ချောင်းသည် မြင့်တက်လာသည်။ တောင်ပေါ်တွင် မိုးသည်းသဖြင့် တောင်ရေကျလာကာ ချောင်းသည် တစ်ရှိန်ထိုးစီးဆင်းလာသည်။ ပင်လယ်မှဝင်သော ဒီရေပင်မတက်လာတော့။ ယခုကား မိုးဖြိုင်ဖြိုင်ကျနေပြီဖြစ်သဖြင့် ရေအတွက်မပူပင်ရတော့ပြီ။ မိုးရေကို တံစက်မြိတ်မှခံကာ သုံးစေသည်။ အောက်ဘက်ကွမ်းသီးခြံထဲရှိ သောက်ရေတွင်းမှရေသယ်ကာ အဆောင်များသို့ပေးသည်။ အောက်ပိုင်း သောင်ဦးနှင့် ရေပြာဆောင်တို့အကြားတွင် ရေလှောင်ကန်တစ်ခုတူးပေးထားသည်။ တစ်ပါး (ခေါ်) ပဲ့နင်းဦးထောင်ကားကြီးပေါ်တွင် ရေတိုင်ကီတင်ကာ သောက်ရေတွင်းမှ ရေစုပ်စက်တစ်လုံးဖြင့် ရေစုပ်ယူရသည်။ ထို့နောက် ရေလှောင်ကန်များသို့ ရေထည့်ပေးသည်။ ထိုတာဝန်ကို မလစ်ဟင်းစေရအောင် ကားသမား ကိုဖြူအား အမြဲသတိပေးနေရသည်။ မိုးကုန်လျှင် ရေပြဿနာပေါ်တော့မည်။ စိမ့်မြိုင်မှ အဝီစိတွင်းတူးအဖွဲ့ကိုခေါ်ကာ ရေတွင်းသုံးလေးတွင်းတူးမည်ဟု သောင်းဒန် စိတ်ကူးထားသည်။

နောက် နှစ်ရက်ခန့်ရှိလျှင် သန်းမောင်သည် စင်ရော်မှ ဆန်အိတ် ၅ လုံးကိုသယ်ကာ ပြန်လာပြီး သောင်းဒန်ထံ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ရောက်လာသည်။

“စင်ရော်မှာ ဆန်မရှိတော့ဘူး ဆရာကြီး၊ အခု ဆန်တစ်ပြည် ငါးကျပ်ဖြစ်နေပြီ၊ ကျွန်တော့်မှာ ဒီငါးအိတ်ကိုတောင် ကုန်သွယ်ရေးက မနည်းတောင်းပန်ပြီးယူခဲ့ရတာ၊ မနက်ဖြန် တစ်ခါသွားရအုံးမယ်၊ ကျွန်တော်တို့အတွက်တော့ တတ်နိုင်သမျှ ရအောင်ပေးပါ့မယ်ပြောတာပဲ ဆရာကြီး”

ထိုနေ့ညတွင် သောင်းဒန်သည် အောင်ကြီး၊ ဒေးဗစ်၊ လှမင်း၊ စောသာအေးတို့နှင့်တိုင်ပင်သည်။ အားလုံးကပင် သောင်းဒန်ကို စင်ရော်ကုန်သွယ်ရေးသို့ သွားဖို့အကြောင်း၊ စင်ရော်နှင့်မပြီးလျှင် စိမ့်မြိုင်တိုင်းကုန်သွယ်ရေးသို့ လိုက်သွားဖို့အကြောင်း ပြောကြသည်။ ယခု သူတို့တွင်

ဆန်လက်ကျန် တစ်ပတ်စာရှိသည်။ တစ်ပတ်အတွင်း အခြေအနေတိုးတက်အောင် ကြိုးစားရလိမ့်မည်။

"စင်ရော်လောက်တော့ သွားနိုင်တယ်၊ စိမ့်မြိုင်အထိတော့ မသွားချင်ဘူး၊ ဒီမှာ တိုင်ရိုက်နေတာတွေ ငါပစ်မသွားနိုင်ဘူး၊ ငါမရှိတုန်း တစ်ခုခုဖြစ်ရင် မကောင်းဘူး၊ ကဲ . . . ဘာမှပူမနေကြနဲ့၊ မင်းတို့ ထမင်းမငတ်စေရဘူး၊ ငါ စီစဉ်မယ်၊ ဒီတော့ ဒီဆန်ပြဿနာကို အဆောင်တွေမှာ ရေးကြီးခွင့်ကျယ်လုပ်ပြီး မဆွေးနွေးစေနဲ့၊ ဪ . . . ငါ တစ်ခုမေ့နေတယ် လှမင်း၊ မနက်ဖြန်ညနေမှာ လုပ်အားပေးနဲ့ သံဆူးကြိုးကာကြ၊ မနက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား"

"စင်ရော်မှာ ဆန်မရှိတော့ဘူး၊ မြန်မာနိုင်ငံမှာ ဆန်မရှိတော့ဘူးလား" သောင်းဒန် ခေါင်းကိုက်လာသည်။ ဆက်၍ မစဉ်းစားချင်။ သည်မျှအထိ မျက်ကလူးဆန်ပျာ ဖြစ်နိုင်စရာအကြောင်းမရှိဟု သောင်းဒန်တွေးမိသည်။ အားလုံးကလည်း သူ တွေးသလိုပင်တွေးကြမည်ဖြစ်သည်။ သို့သော် လက်တွေ့တွင်ကား အကျပ်ရိုက်နေသည်။ အခက်အခဲတွေ့နေသည်။ လယ်သမားက စပါးစိုက်သည်။ သူတို့က တံတားဆောက်သည်။ လယ်သမားစိုက်သည့်စပါးကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနိုင်သေးလျှင် တံတားဆောက်သူများ ထမင်းငတ်နိုင်စရာအကြောင်းမရှိ။ သောင်းဒန် ရန်ကုန်အထိ ဆင်းပြေးချင်သည်။ တံတားဆောက်သူများကို ဆန်လုံလုံလောက်လောက်ပေးပါဟု တောင်းချင်သည်။ ထိုရက်အတွင်း ရန်ကုန်တွင် ဆန်ကိစ္စကြောင့် ရုတ်ရုတ်ရုတ်ရုတ်ဖြစ်နေသည်ကို သောင်းဒန်မသိ။ သတင်းစာလည်း မဖတ်အား။ သူ့အလုပ်နှင့်သူ စိတ်မအား၊ လူမအား ဖြစ်နေသည်။ သည်အထဲ ဆန်ပြဿနာက ဝင်၍ရှုပ်နေရာ သောင်းဒန် စိတ်ညစ်လာသည်။ ထို့ကြောင့် ပိုက်စကီကို နာနာဖိ သောက်လိုက်သည်။

နောက်တစ်နေ့တွင်လည်း စင်ရော်သို့မသွားဖြစ်။ တနင်္ဂနွေနေ့ဖြစ်၍ ကုန်သွယ်ရေးဖွင့်မည်မဟုတ်။ ညနေပိုင်းတွင်မှ သောင်းဒန်သည် စခန်းရှိ အလုပ်သမားများနှင့်အတူ သံဆူးကြိုးကာသည်။ တောင်ကုန်းခြေရင်းတွင်

ကွမ်းသီးခြံအစပ်၌ မြေပြန့်ကလေးတစ်ခုရှိသည်။ နောင်တွင်ကား ထိုနေရာသည် တံတားမှ သောင်ဦးသို့သွားသော ကားလမ်းနေရာဖြစ်သွားလိမ့်မည်။ ထိုမြေပြန့်အလွန် ကွမ်းသီးခြံစပ်တွင် အလုပ်သမားများအတွက် ဆောက်ပေးထားသည့် အိမ်သာများရှိသည်။ အိမ်သာများကို ဟိုဘက်တွင် သံဆူးကြိုးကာရသည်။ တောင်ဘက် တောင်ခြေအထိ။ ထိုမှတစ်ဖန် တောင်ကုန်းပြေပြေကိုတက်ကာ အတန်ငယ်မြင့်သည့်နေရာအထိ သံဆူးကြိုးချလိုက်သည်။ ယင်းမှာ အနောက်ဘက်နှင့် တောင်ဘက်တို့မှ အရံအတားများဖြစ်သည်။ အရှေ့ဘက်တွင်ကား အင်ကြင်းတောင်ကုန်းကြီးရှိနေသဖြင့် မလို။ ထို့အတူ မြောက်ဘက်တံတားဦးတွင်လည်း မလို။ ကင်းပုန်းသည် တံတားဦးတွင် ရှိနေသည်။ သူတို့၏တောင်ဘက် တောင်ကမူထိပ်တွင် ကင်းတဲတစ်ခုရှိသည်။ နေ့ချင်းမပြီးသဖြင့် နောက်တစ်နေ့ညနေ ဆက်၍လုပ်အားပေးကြရန် စီစဉ်ရသည်။

ကံအားလျော်စွာပင် တနင်္လာနေ့ ဆန်အိတ် ၁၅ အိတ် ထပ်၍ရလာသည်။ သောင်းဒန် သွားစရာမလိုတော့ပြီ။ စင်ရော်မြို့တွင်ကား ယောက်ယက်ခတ်နေသည်ဟုဆိုသည်။ ကမ္ဘာပျက်သလားပင် အောက်မေ့ရသည်ဟုကား၍လည်း ပြောကြသည်။ ထိုသတင်းတို့ကို မကြားချင်။ ထိုအကြောင်းကိုပြောလည်း မပြောချင်။ စခန်းတွင်မူ ထိုကိစ္စ မဆွေးနွေးစေရဟု ပိတ်ပင်ထားသည်။ ကျောက်တိုင်တစ်တိုင်ပြီးတစ်တိုင် ဆက်၍ရိုက်ရမည်။ ဘဲတောင်ကြီးတက်လာသည်အထိ ကွန်ကရစ်လောင်းရမည်။ သံချိသံကွေးတို့၊ လက်သမားတို့ မပေါ့လျော့ကြစေနှင့်။ မခိုမကတ်ကြနှင့်။ တံတား မြန်မြန်ပြီးဖို့ အရေးကြီးသည်။

"မြင့်တို့အတွက်တော့ မပူနဲ့ ကိုကျော်ဆွေက ပဲခူးသွားပြီး ဆန် ၅ အိတ်ဝယ်ပေးထားတယ်၊ မောင်တို့ကော ဘယ်လိုလဲ၊ ရန်ကုန်မှာတော့ ရုံးတွေမှာ အလုပ်မလုပ်ကြတော့ဘူး၊ ဆန်ဝယ်ထွက်နေကြလေရဲ့ ကလေးတွေအားလုံး ဒေါင်ဒေါင်မြည်နေတာပဲ၊ ဆန်ရှားတယ်ဆိုမှ ထမင်းပိုစားလာကြတယ်"

"ဒီမိန်းမ၊ ဒါတမင်အရွဲ့တိုက်ရေးလိုက်တာနေမှာ၊ ငါက ကလေးတွေ နေမကောင်းရင် စာမရေးနဲ့ဆိုတာနဲ့ ဒေါင်ဒေါင်မြည်နေတာပဲ၊ ထမင်းတောင် ပိုစားလာသေးတယ်တဲ့၊ ကောင်းကွာ"

ပြောမည့်သာ ပြောရသည်။ ထိုစာကား စိတ်ချမ်းသာစရာ စာတစ်စောင် ဖြစ်သည်။ ထို့ကြောင့် သောင်းဒန်ဝမ်းသာသည်။ သို့ရာတွင် စင်ရော် တိုင်းတစ်ခုလုံး၌ ဆန်ပြတ်နေပြီဆိုသည့်သတင်းကို လက်သမား ညွှန့်ကြည် သယ်လာသည့်အခါ သောင်းဒန် စိတ်ဓာတ်ကျသွားသည်။

"စိမ့်မြိုင်ဘက် စခန်းသစ်ဘက်မှာ လယ်တွေချည်းပါကွာ၊ အလကား ပြောတာ၊ အေး . . . စိမ့်မြိုင်ကဆန်တွေ ရန်ကုန်သယ်ရင်တော့ မပြောတတ် ဘူး၊ သွားသွားညွှန့်ကြည်၊ မဟုတ်တဲ့သတင်းတွေယူမလာနဲ့၊ အဆောင်တွေ ထဲ လျှောက်ပြောမနေနဲ့၊ အလုပ်သမားတွေ စိတ်ဓာတ်ကျကုန်မယ်"

ထိုရက်များအတွင်း သောင်းဒန်သည် စိတ်ဓာတ်ကျလိုက်၊ တက်လိုက် နှင့် ပိုက်စကီကို ဖိ၍သောက်လာသည်။ အရင်က စိတ်ညစ်လျှင် အရက် မသောက်သည့် သောင်းဒန်သည် ယခုစိတ်ဓာတ်ကျသည့်အခါ အရက်သောက် တတ်လာချေပြီ။

× × × × ×

## ၁၄

သောင်းဒန်နှင့် အောင်ကြီးတို့နှစ်ယောက် ချောင်းကို ကူးချည်သန်းချည်ဖြစ်နေကြသည်။ မြောက်ဘက်ကမ်းတွင် ကွန်ကရစ်တိုင်များ လောင်းမည်။ ဘဲတောင်အတွက်နေရာကား ရှင်းပြီးပြီ။ ထိုနေ့မှာပင် သစ်ဖောင်တစ်ခု စင်ရော်မှ ရောက်လာသည်။ မော်တော်နှစ်စင်းနှင့် ဘိလပ်မြေအိတ်များ ရောက်လာသည်။ စင်ရော်နှင့်စခန်းသို့ ပစ္စည်းတင်မော်တော်များ ကူးချည်သန်းချည်သွားနေသည်။ ပါလာသည့်ပစ္စည်းများ နေရာချထားရေး၊ သစ်များ၊ ဝါးများနေရာချထားရေးအတွက် စီစဉ်ရသည်။ တောင်ဘက်ကမ်းတွင် ဘဲတောင်ရိုက်နေသည်ကိုလည်း မလစ်ဟင်းအောင် စောင့်ကြပ်ကြည့်ရှုရသည်။ တစ်နေကုန်စိတ်ရောကိုယ်ရော မအား။ မောလှသည်။ ထို့ကြောင့် သောင်းဒန်သည် ညနေစောင်းလျှင် ဂိုက်စကီကို လေးခွက်လောက်သောက်လိုက်ကာ ထမင်းစောစောစား၍ အိပ်ရာစောစောဝင်သည်။ ဆယ့်နှစ်နာရီခွဲခန့်တွင် အိပ်ရာမှနိုးလာသည်။ နောက်ဖေးသို့ဆင်းကာ ကိုယ်လက်သုတ်သင်ပြီးလျှင် ရေတစ်ခွက်အပြည့်သောက်၍ အိပ်ရာထဲသို့ ပြန်ဝင်သည်။ စောစောကသောက်ထားသည့်အရှိန်ကြောင့် ရေငတ်သည်။ လေကလည်း မတိုက်သဖြင့် အိုက်စပ်စပ်ဖြစ်လာသည်။ ရေတစ်ခွက်သောက်ပြီးသည့်အခါ ချွေးပြန်လာသည်။ အခန်းထဲတွင် မနေနိုင်။ ထို့ကြောင့် အိမ်ရှေ့သို့ထွက်သည်။ တစ်မိုးလုံးမှောင်နေသည်။ မိုးသားများရှိသည်။ လဆုတ်ရက်ဖြစ်သဖြင့် လကား မသာ။

ကြယ်ပြောက်တို့ကိုလည်း မမြင်ရ။ အနောက်ဘက်ဆီတွင် မီးရောင်လက်လက် မြင်ရသည်။ စင်ရော်မြို့မှ ဖောင်တော်ဦးဘုရားမီးများဖြစ်သည်။ စင်ရော်မြို့လေးသည် အိပ်မောကျနေဟန်တူသည်။ တံတားစခန်းတစ်ခုလုံးကား အိပ်မောကျနေသည်။ ကင်းတဲဆီမှ ကင်းစောင့်ရဲဘော်၏ ချောင်းဟန့်သံကိုသာ တစ်ချက်တစ်ချက်ကြားရသည်။ သောင်းဒန်တို့အိမ်၏ နောက်ဘက်တွင် မိုးနေသည့် အင်ကြင်းတောင်ကြီးသည် မည်းမည်းညို့ညို့ဖြစ်နေသည်။ လရောင်မရှိသဖြင့် တောင်နှင့် မိုးသားမည်းမည်းတို့ တစ်ဆက်တည်း ဖြစ်နေသည်။ သို့ဖြစ်ရာ တောင်ကိုပင် သဲသဲကွဲကွဲမမြင်ရ။

တိတ်ဆိတ်ခြင်းနှင့် အမှောင်တို့ ကြီးစိုးနေသဖြင့် သောင်းဒန်သည် အပြင်ဘက်တွင် ကြာကြာမနေတော့ဘဲ အိမ်ထဲသို့ပြန်ဝင်ကာ အိပ်ရာပေါ်တွင် လှဲလိုက်သည်။ မှေးခနဲပျော်သွားသည်။ တစ်အောင့်လောက်အကြာတွင် ဒိုင်း . . . ဒိုင်း . . . ဒိုင်းဟူသော သေနတ်သံသုံးချက်ကြောင့် သောင်းဒန် အိပ်ရာမှ လန့်နိုးလာသည်။ ထို့နောက် ဝုန်းခနဲထခုန်ကာ အခန်းထောင့်တစ်နေရာတွင်ထောင်ထားသော ရိုင်ဖယ်ကိုဆွဲပြီး အိမ်ရှေ့သို့ အပြေးဆင်းသွားသည်။

သေနတ်သံ ဘယ်က လာသလဲ။ မမှန်းဆနိုင်သေး။ တောင်ခြေ အနောက်ဘက် ကွမ်းသီးခြံစပ်မှဟု ထင်သည်။ သေနတ်သံကြားပြီးနောက် ဆက်တိုက်ဆိုသလိုပင် တောင်ကုန်းပေါ်ရှိ ကင်းတဲမှ ဘရင်းဂန်းတစ်ကပ်ခန့် ဝရော ဝရော ဝရောချင်း ထပ်အောင်ဆွဲလိုက်သည်။ ရဲဘော်များ ပစ်သည့်ဘက်သည် ရန်သူရှိရာဘက်ဖြစ်ရမည်။ သူထင်သည့် ကွမ်းသီးခြံအနောက်ဘက်ဆီသို့ လှမ်း၍ ပစ်နေခြင်းဖြစ်သည်။

သောင်းဒန်သည် သေနတ်ကိုဆွဲကာ လှမင်းတို့အိမ်ဘက်သို့ အပြေးဆင်းလာသည်။ မိုးရေများကြောင့် လမ်းသည်ချော်နေသည်။ ထို့ကြောင့် မနည်းပင်ထိန်းကာ လျှောက်ရသည်။ သူ့ဒူးများကား တဆတ်ဆတ်တုန်နေသည်။

လှမင်းသည် ကလေးနှစ်ယောက်ကိုချီကာ အိမ်ပေါ်မှ ကပျာကယာ

ဆင်းလာသည်။

"ဟော့ . . . လှမင်း အိမ်အောက်ဝင်၊ အိမ်အောက်ဝင်၊ ခင်ခင်ကော"

"လာပါဟ၊ ဒီမိန်းမကလဲ"

ခင်ခင်သည် တုန်တုန်ယင်ယင်နှင့် လှေကားထစ်များကို စမ်း၍ဆင်းနေသည်။

"ခင်ဗျား သေနတ်ကြီးက ဘယ်ကရလာတာလဲ"

"တစ်နေ့က လိုရမည်ရ ကိုအိမ်ကောင်းဆီက တောင်းထားတာပါကွာ၊ ကဲ . . . လာပါကွာ၊ ကလေးတွေ ခင်ခင့်ဆီထားခဲ့၊ အောက်လိုင်းဆင်းမယ်၊ ငါနဲ့လိုက်ခဲ့"

"ကိုလှမင်းရဲ့ ဘယ်သွားမလို့လဲ၊ ကျွန်မတို့ချည်းရယ်"

"ဟ . . . ခင်ခင်၊ တိုးတိုးပြောပါဟ၊ မင်းမိန်းမ တယ်အသံကျယ်တာပဲ"

"သူ ကြောက်နေတယ် ကိုသောင်းဒန်" လှမင်း၏အသံပါတုန်နေသည်။

သူတို့နှစ်ယောက်ရပ်နေရာ အင်ကြင်းပင်အောက်သို့ စောသာအေး၊ အောင်ကြီး၊ သန်းမောင်၊ ဒေးဗစ်တို့ ရောက်လာကြသည်။ ခင်မောင်စိန်သည် စိုးရိမ်တကြီးနှင့် စောသာအေးတို့အိမ်ဘက်ဆီသို့ ပြေးသွားသည်။

"ဘယ်သူမှ အသံမထွက်စေနဲ့ ၊ ကလေးတွေကို ပါးစပ်ပိတ်ထားကြ၊ အားလုံးအိမ်အောက်ဆင်းပြီး ဝပ်နေကြလို့လိုက်ပြော"

အဆောင်များကို မြေစိုက်မဆောက်ဘဲ ကြမ်းနှင့်ဆောက်မိသဖြင့် ဝပ်စရာ၊ ခိုစရာနေရာရကြသည်။ သောင်းဒန်သည် ဂျပန်ခေတ်ကို ပြန်၍ အမှတ်ရလာသည်။ ညကြီးသန်းခေါင် လေယာဉ်ပျံလာသည့်အခါ အိပ်ရာမှ အိပ်ချင်မူးတူးနှင့် ထ၍ ကျင်းထဲသို့ဆင်းရသည်။ နောင် ဆင်းရဖန်များသည့်အခါ အိပ်ရာမှမထတော့။

ချက်ချင်းပင် သောင်းဒန်သည် စခန်းရှိကလေးများကို သတိရလာသည်။ သို့သော်လည်း ကလေးများကား တစ်ယောက်မျှမငိုကြ။ အချို့ကား အိပ်ရာမှ နိုးကြဟန်မတူ။ လူကြီးများ၏ အသံကိုလည်းမကြားရ။ အဆောင်များဆီ၌

မည်းမည်းရိပ်ရိပ်များ လှုပ်ရှားနေသည်ကိုသာ မြင်ရသည်။

သောင်းဒန်သည် အိမ်ဆီသို့ ပြန်၍တက်သည်။ ကင်းတဲသို့ သွားရမည်လားဟု စဉ်းစားမိသေးသည်။ သို့သော် မဖြစ်။ ပစ်နေခတ်နေသည့် ကျည်ဆန်တောထဲ ဖြတ်လျှောက်သည်နှင့် တူနေလိမ့်မည်။

အပေါ်က ဘရင်းနစ်ချက်လောက်ထပ်၍ ဆွဲလိုက်သည့်အခါ ကွမ်းသီးခြံဘက်ဆီမှ စတင်းဂန်းနှင့် သုံးချက်ခန့်လှမ်း၍ပစ်လိုက်သည်။ တံတားထိပ်တွင် ကင်းချနေသော တပ်စိတ်တစ်စိတ်သည် ရုံးရှေ့ရှိ ကုန်းမြင့်ပေါ်သို့တက်လာကာ မော်တာနှစ်ချက်ဆွဲလိုက်သည်။ လူသံမကြားရ။ စခန်းတစ်ခုလုံးကား ငြိမ်နေသည်။ အပြန်အလှန်ပစ်ခတ်ကြသည့် သေနတ်သံသာ ကြားနေရသည်။

သောင်းဒန်သည် သေနတ်ကိုဆွဲကာ သူ့အိမ်ဆီသို့ သွားသည်။ ပြီးမှအောက်လိုင်းသို့ဆင်းမည် စိတ်ကူးသည်။ သူ့နောက်သို့ လှည့်ကြည့်လိုက်သည့်အခါ ဘယ်သူမှမပါလာ။

"ဟေ့ လှမင်း၊ မလိုက်ခဲ့ချင်လဲနေခဲ့၊ ဘယ်မှမထွက်စေနဲ့၊ အသံမထွက်ကြစေနဲ့နော်"

လှမင်းသည် ဒူးတဆတ်ဆတ် တုန်နေသည်။ ကြောက်ဒူးတုန်သည်ဆိုသည့်စကားကို ကြားဖူးနေသော်လည်း ယခုကိုယ်တွေ့ကြုံရပြီမို့ ရှင်းရှင်းလင်းလင်း နားလည်သွားပြီ။ အိမ်ရှေ့က အင်ကြင်းပင်ခြေ၌ ဝပ်နေရာမှသောင်းဒန်ရှိရာသို့ ခေါင်းထောင်ကြည့်လိုက်သည်။ သောင်းဒန်တစ်ယောက်မားမားမားမားနှင့် သူ့အိမ်ဆီသို့တက်နေသည်ကိုမြင်ရသည့်အခါ သူ့အတွက်စိုးရိမ်သွားသည်။

"ကိုလှမင်း၊ ကိုလှမင်း၊ ဘယ်သွားနေလဲ"

အရေးထဲတွင် ခင်ခင်ကတကြော်ကြော် အော်ခေါ်နေသည်။ ခင်ခင့်လေသံကို အတိုင်းသားကြားရသည်။ လေသံသည် သေနတ်သံများအကြားတွင် ဖောက်ထွင်း၍ ထွက်လာသည်။ ထိုလေသံကို ကျယ်သည်ဟု လှမင်းထင်နေသည်။

“နေစမ်းပါအုံးဟ၊ ငါ ဘယ်မှမသွားပါဘူး၊ အသာနေ၊ ငါလာခဲ့မယ်”

မိန်းမကို လှမ်းပြောပြီးနောက် သောင်းဒန်ကို အော်၍ သတိပေးရသည်။

“ကိုသောင်းဒန် ဝပ်နေပါ၊ ဘယ်မှ မသွားပါနဲ့၊ ဝပ်နေပါ”

သောင်းဒန်၏ အရပ်မားမားကြီးသည် ပစ်မလွဲပစ်ကွင်းကြီး ဖြစ်နေသည်ဟု လှမင်းထင်နေသည်။ သောင်းဒန်ကား လှမင်း၏အော်သံကိုမကြား တောင်ကုန်းကင်းတဲမှ ဘရင်းသုံးကပ်လောက် ထပ်၍ဆွဲသည်။ တစ်ဖက်က လည်း စတင်းနှင့်ပြန်၍ပစ်သည်။ သေနတ်စွဲကိုင်ထားသော သောင်းဒန်၏ လက်များ တဆတ်ဆတ်တုန်နေသည်။ အစက သူ့လက်တုန်နေသည်ကို သတိ မထားမိ။ ယခုမှ သတိထားမိသည်။ သောင်းဒန်သည် အောက်လိုင်းဘက်ရှိ အလုပ်သမားများဆီသို့ စိတ်ရောက်နေသည်။ ပူမည့်သာပူရသည်။ အောက် လိုင်းကား မြေနိမ့်ပိုင်းဖြစ်သည်။ တစ်ဖက်ကပစ်လိုက်သော ကျည်ဆန်သည် တောင်ကုန်းဆီသို့သာ ဦးတည်ပြေးသွားသည်။ သောင်းဒန် အစိုးရိမ်ဆုံးမှာ ကလေးများ ဖြစ်သည်။ အော်ဟစ်ငိုယိုကြမည်လား။ အရေးထဲတွင် တဆတ် ဆတ်တုန်နေသည့်လက်သည် ရပ်မသွား။ အဆက်မပြတ် တုန်၍လာနေသည်။

“ကဲကွာ”

တုန်သောလက်ကို ဖျစ်ညှစ်၍ဆုပ်ကာ အိမ်တိုင်တစ်ခုကို လက်သီး နှင့် ထိုးလိုက်သည်။ ထိုအခါတွင်မှ တုန်နေသောလက်သည် ငြိမ်သွားသည်။ ထို့နောက် သောင်းဒန်သည် အောက်လိုင်းဆီသို့ အပြေးဆင်းသွားလေသည်။ တစ်နေရာတွင် တောင်ကုန်းစောင်း၌ ထစ်ထားသောလှေကားထစ်ကို သုံးထစ် ကျော်ခန့် ခုန်ဆင်းမိသည်။ အောက်သို့ရောက်လျှင် တစ်ယောက်နှင့်တိုက်မိ သည်။

“ဘယ်သူလဲ” သောင်းဒန် အသံပြုလိုက်သည်။

“ဦးခင်ပါ၊ ဆရာကြီးလား”

ဦးခင်သည် စိမ့်မြိုင်ဆောင်နှင့် စင်ရော်ဆောင်အကြားတွင် ကုန်းကုန်း ကွကွကြီး ဖြစ်နေသည်။ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်နေသည်။ ပရိတ် ရွတ်သည်ဟုထင်သည်။ မဟုတ်။ “သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ”

"ဦးခင် ဘယ်မှမသွားနဲ့၊ ကျွန်တော်ရေပြာဆောင်ဘက်ဆင်းမလို့"

ထိုခဏတွင် တောင်ကုန်းနှင့် ဝါးနှစ်ရိုက်လောက်အကွာ ကွမ်းသီးခြံ ထိပ်၌ မီးကျည်တစ်ခုလင်းနေသည်ကို တွေ့လိုက်ရသည်။ သေနတ်သံတို့ကား မစဲသေး။ ရန်သူကို အသေအချာမြင်ရအောင် မီးကျည်ပစ်ဖောက်ခြင်းဖြစ်ဟန် တူသည်။ မီးကျည်သည် လေထဲတွင်တွဲလဲခိုကာ တအိအိဆင်းလာပြီးလျှင် ကွမ်းသီးခြံထိပ်၌ ထိန်လင်းနေသည်။ ထိုအလင်းရောင်သည် စခန်းကို ရောင်ပြန် ဟပ်သည်။ ထိုအခါ စောစောက တဲတန်းလျားဘေးတွင် ဝပ်နေကြသူတို့သည် တန်းလျားအောက်သို့ တွားဝင်ကြသည်။

ထို့နောက် ဖောင်းဖောင်းဖောင်း ဟူသော ဂျီသရီးဆွဲသံ ကြားလိုက်ရ သည်။ စတင်းဂန်းသံကား ဝေး၍ဝေး၍ သွားသည်။ ရန်သူတို့ အားမမျှ၍ ဆုတ်ပြေးကြဟန်တူသည်။ ခဏကြာလျှင် သေနတ်သံတိတ်သွားသည်။ လူသံ သူသံမကြားရသေး။ အားလုံးငြိမ်သက်နေကြသည်။ တုတ်တုတ်မျှမလှုပ်ကြ။ တောင်ကုန်းဆီမှ ဘရင်းဂန်းမွှေ့သံတစ်ချက် ထပ်၍ကြားလိုက်သည့်အခါ ထောင်နေသော ခေါင်းတို့သည် ပုဝင်သွားကြသည်။ ထို့နောက် အကြာကြီး ငြိမ်သက်သွားလေသည်။ ထို့နောက်တွင်မှ စခန်းတစ်ခုလုံး အသက်ဝင်လှုပ်ရှား လာသည်။

သောင်းဒန်သည် အိမ်ဆီသို့ပြန်တက်လာပြီးလျှင် စံဖေကိုခေါ်သည်။ စံဖေ၏အသံမကြားရ။

"ဒီကောင် မီးစက်နားက ကားရုံထဲအိပ်တာပဲ"

သောင်းဒန်အိမ်သို့ လှမင်း၊ စောသာအေး၊ ဒေးဗစ်၊ ခင်မောင်စိန်၊ အောင်ကြီးတို့ ရောက်လာကြသည်။

"စံဖေကော၊ စံဖေ တစ်ယောက် မြင်မိကြသလား"

"ကျွန်တော် ဒီမှာဆရာ"

စံဖေသည် တုန်တုန်ယင်ယင်နှင့် အိမ်အောက်မှ လှမ်း၍ထူးသည်။ အားလုံးရယ်ကြသည်။

"လာခဲ့တော့ကွ၊ တက်ခဲ့၊ မင်း ဖအေတွေပြေးပြီ၊ ဖယောင်းတိုင်ရှာခဲ့

စမ်း”

“ဘာလုပ်မလို့လဲ၊ မီးထွန်းမလို့လား၊ မလုပ်ပါနဲ့ ဦးသောင်းဒန်ရယ်” လှမင်းက တားသည်။

“မရှိတော့ပါဘူးကွာ၊ သွားကြပါပြီ၊ အေးလေ၊ မထွန်းနဲ့ ငါ့လခွမ်း၊ အိပ်လို့လဲ ရတော့မှာမဟုတ်ပါဘူးကွာ၊ ဘယ်နှနာရီရှိပြီလဲ”

တစ်ယောက်မှ နာရီမပါလာကြ။ စံဖေနာရီဝင်ယူပြီး မီးခြစ်ပြသည်။

“ဟာ . . . ခုမှ သုံးနာရီသာသာ ရှိသေးတယ်”

“ဟုတ်ရဲ့လား ဆရာကြီး”

“ဟုတ်ပါ့ဗျာ”

သူတို့အားလုံးစိတ်ထဲတွင် သုံးနာရီခန့်ကြာသည်ဟု ထင်မိသည်။ သေနတ်သံစကြားသည့်အချိန်မှာ တစ်နာရီခွဲခန့်ရှိပြီဟု သောင်းဒန်ခန့်မှန်းသည်။ စဖြစ်သည်မှ ယခုအထိ တစ်နာရီခွဲသာသာကြာသည်။ သူတို့ စုရုံးနေသည့် သောင်းဒန်အိမ်သို့ တပ်ကြပ်ကြီးအိမ်ကောင်း ရောက်လာသည်။

“ခွေးမသားတွေ ထွက်ပြေးကြပြီ ဆရာကြီး”

“အေးဗျာ၊ ထွက်ပြေးကြလို့ တော်သေးတာပေါ့၊ ကျွန်တော်ဖြင့် ကလေးတွေအတွက် ပူလိုက်တာ၊ ဒီကောင်လေးတွေ ငြိမ်လို့ဗျာ၊ တုတ်တုတ်လေး မလှုပ်ကြဘူး၊ ဒါနဲ့ ဘယ်ကကောင်တွေလဲဗျ”

“တိုင်းကျော်တို့အဖွဲ့နေမှာပေါ့ ဆရာ၊ မနက်ဖြန်မှစုံစမ်းကြည့်ရမှာပဲ”

“ကဲ . . . မင်းတို့ အိပ်ချင်ကြပြီလား၊ အိပ်ချင်ရင်လဲ ပြန်ကြလေ၊ မနက်အလုပ်ဆင်းရအုံးမှာ ဒါပေမဲ့ သတိဝီရိယနဲ့တော့ နေကြပေါ့၊ မနက်ဖြန်ကျမှပဲ အကြောင်းစုံ သိရမှာပဲ၊ အခြေအနေအရပေါ့ကွာ၊ ငါလဲ တိုင်းမှူးနဲ့တွေ့ပြီး အခြေအနေတွေ စနည်းနာပါအုံးမယ်”

“ဒီကောင်တွေ ဒီလိုလာနှောင့်ယှက်နေလို့ကတော့ မလွယ်လှဘူး ဆရာကြီး၊ အိမ်ကသားမယားတွေ စိတ်ဓာတ်ကျကုန်မယ်”

စောသာအေးက ဆိုသည်။

“အိမ်က သားမယားတွေမပြောနဲ့၊ ငါတောင် စိတ်ဓာတ်ကျချင်လာ

တယ် စောသာအေး၊ အရေးထဲကွာ လက်ကတဆတ်ဆတ်တုန်လိုက်တာ၊ ကြောက်တာတော့ မဟုတ်ဘူးကွ၊ စိတ်လှုပ်ရှားသွားပြီး ဘယ်လိုမထိန်းနိုင်ဖြစ်သွားတယ် မသိဘူး၊ သူ့အလိုလို တုန်လာတာပဲ၊ ဒါနဲ့ တိုင်စောင်းကို လက်သီးဆုပ်ပြီး ထိုးလိုက်မှ ငြိမ်ကျသွားတာ၊ အခုမှနာလာတယ်"

သောင်းဒန်သည် လက်ကို စမ်းကြည့်နေသည်။ လက်ဖမိုးတွင် စေးကပ်ကပ်စမ်းမိသဖြင့် မီးခြစ်ကြည့်ရာ လက်တစ်လုံးခန့် ပြဲသွားသည်ကို တွေ့ရသည်။

"နေ . . . နေ ကိုသောင်းဒန်၊ ကျွန်တော် တင်ချာယူပေးမယ်"

စောသာအေး အိမ်သို့ပြန်ကာ နော်ဖောလာကို ခေါ်လာသည်။ နော်ဖောလာက တင်ချာဗင်ဖွိုင်းကို ဂွမ်းတွင်ဆွတ်ကာ ကပ်ပေးလိုက်သည်။

"ဟား . . . ဟား စံဖေဆိုတဲ့ကောင် အိမ်အောက်ဝင်ပုန်းနေတာ မနည်းဆွဲထုတ်ယူရတယ်၊ ဒီကောင် ကြောက်သေးများပါနေသလားမသိဘူး"

"မကြောက်ပါဘူး ဆရာကြီး"

အောက်လိုင်းများမှ အဆောင်မှူးများ တက်လာကြသည်။ သောင်းဒန်အိမ်တွင်စုကာ အဖြစ်အပျက်ကို ပြန်ပြောင်းပြောဆိုနေကြသည်။

"အရေးကျတော့ ကလေးတွေလဲ အပါးသားခင်ဗျ၊ သူတို့မအေတွေကဟဲ့ . . . မအော်နဲ့၊ မငိုနဲ့ပြောမနေကြရဘူး၊ အားလုံးတိတ်နေတာပဲ"

သောင်းဒန်က အားလုံးကို စိတ်ဓာတ်တက်အောင်ပြောဖို့ တိုက်တွန်းသည်။ ပန်းပဲဆရာ ဦးခင်သည် ရန်ကုန်ကိုပြန်တော့မည်ဟု ပြောနေကြောင်း သတင်းကြားရသည်။

"ဒီအရပ်မျိုး ရွှေပေးတောင်မနေဘူးတဲ့ ဆရာကြီးရဲ့"

"အိုကွာ ခဏပါ၊ နောက် ငါပြောပါ့မယ်၊ ဒေါင်ဒေါင်မြည်ထဲမှာ ဦးခင်လဲပါတာပဲ၊ တံတားပြီးမှ ပြန်ရမှာပေါ့၊ သူ့မှာ သားထောက်သမီးခံမှ ရှိတာ မဟုတ်ဘဲ၊ ကဲ . . . ကဲ အိပ်ချေကြတော့"

နောက်တစ်နေ့မနက်တွင် သောင်းဒန်သည် ရှစ်နာရီခန့်တွင်မှ အိပ်ရာ

မှ နိုးသည်။ နိုးလျှင်ပင် ကော်ဖီပင်မသောက်တော့ဘဲ ရုံးသို့ ဆင်းခဲ့သည်။ မှာစရာရှိသည်တို့ကိုမှာကြားပြီးလျှင် သောင်းဒန်သည် လိုင်းထဲသို့သွားသည်။ ပထမဆုံး ဦးခင်မိန်းမကို တွေ့ရသည်။

"ခင်ဗျားယောက်ျား ပြန်မလို့ဆို"

"အို အလကား ပြောချင်တာတွေ လျှောက်ပြောနေတာပါ ဆရာကြီး ရယ်၊ အခုနေ ရန်ကုန်ပြန်လို့ အလုပ်ဘယ်မှာရနိုင်မှာလဲ၊ သူလဲ သိပါတယ်၊ ကျွန်မတို့တော့ မကြောက်ပါဘူး၊ သူပဲ အသည်းငယ်တာပါ"

"ဒါဖြင့်လဲ ကြည့်ရှုပြောပါအုံးဗျာ၊ ခင်ဗျားယောက်ျားလုပ်လိုက်တာနဲ့ တစ်စခန်းလုံး ပြန်စကားပြောလာလိမ့်မယ်"

"စိတ်ချ ဆရာကြီး၊ မပြန်စေရဘူး၊ ကျွန်မတာဝန်ထား"

"အခု ဒီမှာထန်းတောတွေ့ပြီ"

စင်ရော်နှင့်စိမ့်မြိုင် နှစ်ဆောင်စလုံးသို့ဝင်ကာ သောင်းဒန်က သား မယားများအား အားပေးစကားပြောသည်။ အားလုံး မျက်စိမျက်နှာပျက်နေ ကြသည်။ အိပ်ရေးပျက်ထားသဖြင့် မျက်တွင်းလေးများ ချိုင့်နေကြသည်။

"ဒီကောင်တွေ ထွက်ပြေးသွားတာကြည့်၊ အားမတန်လို့ မာန်လျှော့ သွားကြတာပေါ့၊ သူတို့က အားကောင်းရင် ဒီစခန်းကိုလာတိုက်မှာပေါ့၊ မုန့်မုန့် ညက်ညက်ခြေပစ်မှာပေါ့၊ အလကား၊ သုံးလေးယောက်နေမှာပဲ၊ သေနတ်သံ ကြည့်ပါလား၊ ရိုင်ဖယ်သံ လေးငါးဆယ်ချက်နဲ့ စတင်းသံ လေးငါးခြောက် ချက်ကြားရတာပဲ"

သောင်းဒန်သည် ဇွတ်အားပေးစကား ပြောရသည်။ စင်ရော်တံတား ဆောက်မည်ကို သူပုန်ကမလိုလားသည်မှာ အမှန်ဖြစ်သည်။ တံတားပြီးသွား လျှင် စစ်ရေးအရ သူတို့တစ်ပန်းရှုံးမည်။ မနေ့ညကလာခြင်းသည် သွေးတိုး စမ်းခြင်းလား၊ အင်အားသိချင်၍လား။ အင်အားကိုကား မသိစရာမရှိ။ တံတား စခန်းကို ရွာသားများ ဥဒဟို ဝင်ထွက်သွားလာနေကြသည် မဟုတ်လား။ ရွာသားများမှတစ်ဆင့် သူတို့သတင်းရနိုင်သည် မဟုတ်လား။ သို့ဖြစ်လျှင် တစ်ခုရှိသည်။ တမင်သက်သက်စခန်းရှိ အိမ်ထောင်သည်တို့ကို စိတ်ဓာတ်

ချောက်ချားအောင် ခြောက်လှန့်ခြင်းပင် ဖြစ်ရမည်။

ရုံးသို့ သောင်းဒန် ပြန်ရောက်သည့်အခါ တပ်ကြပ်ကြီးအိမ်ကောင်း စောင့်နေသည်ကို တွေ့ရသည်။

"ရှင်းသွားပြီ ဆရာကြီးရေ၊ ဒီကောင်တွေ လမ်းမှားပြီး ရောက်လာတာ၊ ဟိုဘက်နားက ကွမ်းသီးခြံမှာ သူတို့အထဲက လူနှစ်ယောက်ရောက်နေတယ်၊ သူတို့ဆီကထွက်လာပြီး အစိုးရဆီလက်နက်ချမလို့၊ ညီအစ်ကိုနှစ်ယောက်တဲ့ ခင်ဗျ၊ အဲဒီကောင်နှစ်ယောက်ကို လာပြီးဖမ်းကြတာ"

"အငယ်ကောင်ကတော့ လွတ်ထွက်သွားတယ်၊ အကြီးကောင်ကို ဖမ်းသွားပြီး သူတို့ဆရာ တိုင်းကျော်လက်အပ်မလို့နဲ့တူပါတယ်၊ လမ်းမှာ ကလန်ကဆန်လုပ်တာနဲ့ ပစ်သတ်လိုက်တယ်၊ ပထမဆုံးသေနတ်သံ သုံးချက် ကြားတယ်မဟုတ်လား၊ အဲဒါ ဒီကောင့်ကိုပစ်သတ်တဲ့ သေနတ်သံပဲ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အခုမှ ရှင်းသွားတယ်"

သောင်းဒန် ဝမ်းသာသွားသည်။ အလုပ်သမားများအား ရှင်းပြစရာ ခိုင်ခိုင်လုံလုံ အကြောင်းရှိလာသည်။

"တို့ကို ရန်မူတယ်ဆိုတာ နည်းနည်းမှအဓိပ္ပာယ်မရှိဘူး လှမင်း၊ တို့က တံတားဆောက်တဲ့လူ၊ သူတို့ကို တို့ရန်မမူဘူး၊ တစ်နည်းပြောရရင် သူတို့ကို အကျိုးတောင်ပြုသေးတယ်၊ ဒီတံတားပြီးသွားရင် အနှစ်နှစ်ဆယ်လောက် မဖွံ့ဖြိုးတဲ့ သူတို့ဒေသဟာ ဖွံ့ဖြိုးလာမယ်၊ ခရီးလမ်းပန်းကောင်းလာလို့ ကုန်တွေ ပိုရောက်လာမယ်၊ သူတို့ကယ်တင်ချင်ပါတယ်ဆိုတဲ့ဒေသမှာ စားကုန် သောက်ကုန် ပိုရောက်လာရင် သူတို့လဲ စားရသောက်ရမယ်မဟုတ်လား"

"ဟာ . . . ခင်ဗျားက တခြားနေရာတွေနဲ့ နှိုင်းပြောနေတာကိုးဗျ၊ ခင်ဗျားပြောတာ ကချင်ပြည်နယ်လို နေရာမှာဆိုရင် ဟုတ်တယ်၊ တောင် ပေါ်တက်ပြီး ခိုနေလို့ စားစရာမရှိဘူး၊ မြေပြန့်ဆင်းလာပြီး ရွာတွေမှာ တောင်းရမ်းမှ စားစရာ ရမယ်၊ ဒါပေမဲ့ အခုဒေသမှာက တောင်ပေါ်တက်ပြီး ဟိုဘက်ကူးလိုက်ရင် နယ်ခြားရောက်တာပဲ၊ နယ်ခြားမှာ စားစရာတွေတစ်ပုံ ကြီးပဲ"

လှမင်း ပြောသည်မှာလည်း မှန်သလိုလိုရှိသည်။ မည်သို့ပင်ဖြစ်စေ သူတို့ကား ဤတံတားကို ပြီးအောင်ဆောက်ရမည်။ နောက်ထပ် ဤဒေသတွင် သုံးနှစ်နေရဦးမည်။ ထို့ကြောင့် မနေ့ညကအဖြစ်အပျက်မျိုး ထပ်မံမကြုံတွေ့ရအောင် ကြိုတင်ကာကွယ်ဖို့လိုသည်။ ဤဒေသပတ်ဝန်းကျင်တွင် ရှင်းလင်းပေးခိုင်းရမည်။ စစ်ဆင်ရေးကို ဤကိစ္စတင်ပြရမည်ဟု သောင်းဒန် စိတ်ကူးထားသည်။

"ကဲကွာ၊ အခုကြားလာတဲ့သတင်းကို အလုပ်သမားတွေ ရှင်းပြလိုက်"

ရှင်းပြစရာပင်မလို။ အလုပ်သမားတို့သည် မနက်မိုးလင်းလျှင် မိုးလင်းချင်း အကြောင်းစုံသိပြီးနေကြပြီ ဖြစ်သည်။ သူတို့ဆီသို့ ရွာဆိုး၊ ကုန်းကြီးတို့မှ နေ့စားများရောက်လာသည့်အခါ ညကအဖြစ်အပျက်တို့သည် လိပ်ပတ်လည်အောင် ရှင်းသွားသည်။ သို့သော် အားပေးစကားပြောဖို့ကား လိုသည်။ စိတ်ဓာတ်ကျနေသည်ကို တက်လာအောင်လုပ်ပေးရမည်။

နောက်ရက်များ အတွင်း၌ကား သူတို့သည် စခန်းကို ပို၍လုံခြုံစိတ်ချရအောင် သံဆူးကြိုးများ ထပ်မံကာရံကြသည်။ ခလုတ်တံသင်းများလုပ်ကြသည်။ ရန်သူဝင်နိုင်မည့်နေရာတို့၌ ဆူးများ၊ ကြောင့်များ ထောင်ကြသည်။ မီးစက်အသစ်တစ်ခုရောက်လာလျှင် တစ်ညလုံးမီးပေးမည်။ တောင်စောင်း၌ ဓာတ်မီးကြိုးများချထားကာ လျှပ်စစ်ဓာတ်လွှတ်ထားမည်စသည်ဖြင့် သောင်းဒန်အစီအစဉ်များကို စိတ်ကူးကြည့်သည်။

တစ်ဖန် ဘုရားရှိသော အင်ကြင်းတောင်ထိပ်၌ ကင်းတစ်ခုထပ်၍ချရန် တပ်နှင့်ဆွေးနွေးသည်။ လူပို၍တောင်းသည်။ (၃၁၀) တပ်ရင်းမှူး ဗိုလ်မှူး သိန်းအောင်က သောင်းဒန် စိတ်ကြိုက်လိုက်၍ လုပ်ပေးသည်။ သို့သော် စစ်ရေးဘက်က စစ်ရေးအမြင်တို့လည်း ရှိသေးသည်။

"ဒီကောင်တွေ ဒီအနားမှာ ကြာကြာမနေနိုင်ပါဘူးဗျာ၊ အရင်တုန်းက ကျွန်တော်တို့တပ်တွေ ဒီဒေသမှာမရှိဘူး၊ အခုရှိလာပြီ၊ ခင်ဗျားတို့ စခန်းမှာဆိုရင်ပဲ တပ်စုတစ်စု ချထားပြီ၊ သူတို့က လာပြီးရန်မူဖို့ဆိုတာ နည်းနည်းလေးမှ စိတ်မကူးနဲ့၊ ဟိုညက ဒီကောင်တွေဖမ်းလာတဲ့ကောင်ကို ပစ်သတ်လိုက်တဲ့

သေနတ်သံကြောင့် ဒုက္ခရောက်သွားတာ”

“ကျွန်တော်တို့ ကင်းကလဲ သေနတ်သံကြားရော ရှိသမျှကျည်ဆန် အကုန် ဝရော ဝရောနဲ့ ဆော်ထည့်လိုက်တာပဲ”

ဗိုလ်မှူးသိန်းအောင်က ပြုံးနေသည်။

“ခင်ဗျားနားလည်အောင် တိုတိုပဲပြောမယ် ကိုသောင်းဒန်၊ ကျွန်တော်တို့ ကိစ္စ ကျွန်တော်တို့နားလည်ပါတယ်၊ ကျွန်တော်တို့မှာလဲ ထောက်လှမ်းရေးနဲ့ပဲ၊ သတင်းအစုံရတယ်၊ ဒီတော့ နောက်ထပ် ထပ်တောင်းမနေနဲ့၊ ရှိတာလေးထဲက တောင် နုတ်ယူချင်သေးတယ်၊ ပိုဆိုးတဲ့နေရာတွေ လွှတ်ရအုံးမယ်၊ ဘာမှမပူပါနဲ့ဗျာ”

“ရှိတာလေးထဲကတော့ မနုတ်ပါနဲ့ဗိုလ်မှူး၊ စခန်းကကောင်တွေ သွေးပျက်သွားလိမ့်မယ်၊ မပူနဲ့ မကြောက်နဲ့ဆိုပေမဲ့ စဉ်းစားဉာဏ်နည်းတဲ့လူကတော့ တွေးပူတာပဲ ဗိုလ်မှူး၊ မိုးပြိုမှာကို ကြောက်နေတာပဲ”

နောက်ထပ် အစီအစဉ်တစ်ခုမှာ တန်းလျားများအောက်၌ ကျင်းများ တူးခြင်းပင် ဖြစ်သည်။ သောင်းဒန်သည် အိပ်ခန်းထဲတွင် ကြမ်းကိုဖောက်လိုက်သည်။ အရေးအကြောင်းရှိလျှင် ကြမ်းကိုဖောက်၍ အိမ်အောက်သို့ဆင်းရန် ဖြစ်သည်။ အောက်၌ကား သစ်တုံးကြီး နှစ်တုံးကို မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ချထားသည်။

ထိုသို့ အစီအစဉ်များ ပြုလုပ်နေစဉ်မှာပင် တစ်နေ့တွင် သူပုန်များက ရုံးရှေ့၌ စာတစ်စောင်ချသွားသည်ကို တွေ့ရသည်။

“ရွာဆိုးက လူစိမ်းတစ်ယောက် အလုပ်သမားတွေနဲ့ပါလာတယ် ဆရာကြီး၊ ဒီကောင့်လက်ချက်ဖြစ်မှာပဲ”

“အေးပေါ့ကွ၊ ဘယ်သူ့လက်ချက်ဆိုတာ သိရင်ကောင်းတာပေါ့၊ သူနဲ့ အကြောင်းပြန်လို့လဲရတယ်”

“ဘာတဲ့လဲ ဆရာကြီး”

“မင်းတို့အိမ်ကမိန်းမတွေ မသိစေနဲ့နော်၊ ဆက်ကြေးတောင်းတာကွ၊ အလုပ်သမားတစ်အိမ်ထောင် တစ်လတစ်ဆယ်၊ တို့အင်ဂျင်နီယာတွေက

တစ်လအစိတ်တဲ့”

“မဆိုးဘူး ဆရာကြီး၊ ကျွန်တော်တို့က အိမ်ထောင် ၈၀ ကျော်ဆိုတော့ တစ်လ ငွေရှစ်ရာကျော်၊ ဆရာကြီးတို့ဆီက နှစ်ရာ့ငါးဆယ် ပေါင်းလိုက်ရင် တစ်လ ထောင့်တစ်ရာလောက်ရတာပဲ၊ ဘယ်အဖွဲ့လဲ ဆရာကြီး”

“တိုင်းကျော်ပေါ့ကွာ၊ မင်းတို့ အဲဒီကောင်သိတယ်မဟုတ်လား၊ နောက် ပါလာရင် ငါ့ဆီခေါ်ခဲ့၊ ငါ အကြောင်းပြန်လိုက်မယ်”

“စာချုသွားတာ သူလို့ သေချာရဲ့လား ဆရာကြီး”

“အိုကွာ မဟုတ်လဲ သူက တစ်ဆင့်ပေါ့၊ ရှုပ်တယ်ကွာ၊ ဒီကောင်တွေကို ရေးကြီးခွင့်ကျယ် လုပ်မနေနိုင်ဘူး၊ ခေါ်လဲ မခေါ်ခဲ့နဲ့၊ တစ်ပြားမှမပေးနိုင်ဘူး လို့ ပြောလိုက်၊ ငါလဲ ရွာဆိုးတို့၊ ကုန်းကြီးတို့ကို သတင်းလွှင့်လိုက်မယ်”

သောင်းဒန်သည် ဒိုင်ယာရီတွင် ဩဂုတ်လ ၆ ရက် ကွက်လပ်၌ “ကျည်ဆန်မိုး ရွာသောည”ဟု ရေးထားလိုက်သည်။

× × × × ×

## ၁၅

နောက် နှစ်ရက်ရှိလျှင် စိမ့်မြိုင်သို့ သောင်းဒန်လိုက်သွားသည်။ တိုင်းအင်ဂျင်နီယာနှင့် တွေ့သည်။ ကျန်းမာရေးဌာနနှင့် တွေ့သည်။ ကုန်သွယ်ရေးနှင့်တွေ့သည်။ ထို့နောက် တိုင်းမှူးနှင့် တွေ့သည်။ တံတားအခြေအနေကို ရှင်းပြသည်။ ဆန်လိုသည်။ ဆီလိုသည်။ ဆားလိုသည်။ ဆေးဝါးလိုသည်။ ဆရာဝန်လိုသည်။ လိုအပ်ချက်များကား တောင်း၍မကုန်နိုင်။ ပေးနိုင်တာလည်း ရခဲ့သည်။ မပေးနိုင်တာလည်း မရခဲ့။ ရန်ကုန်သွားပါဟုဆိုသူက ဆိုသည်။ မသွားနိုင်။ စိမ့်မြိုင်၌ ဆန်ပြဿနာကြောင့် ရှုပ်ယှက်ခတ်နေသည်။ ရန်ကုန်လောက်ကား အခြေအနေမဆိုး။ သူ့နည်းသူ့ဟန်နှင့် ဖြေရှင်းနေကြဟန်တူသည်။ စခန်းလုံခြုံရေးကိစ္စကား (၃၁၀) တပ်ရင်းမှူး ပြောသကဲ့သို့ပင် အဖြေရခဲ့သည်။ သို့ရာတွင် တံတားစခန်းဘက်ကို ပို၍ အာရုံစိုက်ပေးပါမည်ဟု တိုင်းမှူးက ကတိပေးလိုက်သည်။ သူတို့မှာလည်း အခက်အခဲတွေ တစ်ပုံကြီးရှိသည်။

စိမ့်မြိုင်လာရသဖြင့် သောင်းဒန် အမြတ်တစ်ခုရလာသည်။ ယင်းမှာ မီးစက်အသစ်တစ်ခုရလာခြင်းပင် ဖြစ်သည်။ ကော်သူးလေပြည်နယ်က မှာထားသည့် အင်္ဂလန်လုပ် မီးစက်ကြီးတစ်ခု စိမ့်မြိုင်၌ရောက်နေသည်။ သို့သော် ပစ္စည်းတစ်ခုမပါလာ။ ထို့ကြောင့် လိုနေသည့်ပစ္စည်းကို ထပ်မှာထားသည်။ ပစ္စည်းက တော်တော်နှင့်မရောက်။

"ခင်ဗျား ယူလို့ဖြစ်မလား"

"ဖြစ်ပါတယ် တိုင်းမှူး ကျွန်တော်ကြံဖန်ပြီး လိုတဲ့ပစ္စည်းလုပ်ထည့်ပါမယ်"

"ဒီလိုဆို ယူသွားဗျာ"

စိမ့်မြိုင်တွင် သောင်းဒန် ကြာကြာမနေ။ ကြာကြာနေလျှင် ဆန်ပြဿနာအတွက် ခေါင်းရှုပ်သည့်ရောဂါ သူ့ဆီကူးစက်လာမည် ကြောက်သည်။ ထို့ကြောင့် တစ်ရက်သာနေကာ မီးစက်သစ်ကြီးကို သယ်၍ ပြန်လာခဲ့သည်။ အပြန်တွင် မီးရထားလမ်းတစ်လျှောက် ဆန်အိတ်ကလေးများ ကိုယ်စီသယ်ကာ တောင်မှ မြောက်၊ မြောက်မှတောင် ဥဒဟို ကူးသန်းသွားလာနေကြသည့်သူများကို တွေ့ရသည်။ တချို့က စခန်းသစ်မှဆန်ကို စိမ့်မြိုင်သို့ သယ်သည်။ တချို့က စိမ့်မြိုင်မှ ဆန်ကို စခန်းသစ်သို့သယ်သည်။ ဆန်အိတ်ထမ်းလာသူ၏ မျက်နှာသည် မှိုရသည့်မျက်နှာမျိုး ဖြစ်သည်။

စိမ့်မြိုင်မှ စခန်းသစ်အထိ လမ်းတစ်လျှောက်တွင် လယ်ကွင်းများ စိမ်းစိုရှင်သန်နေသည်ကို တွေ့ရသည်။ စခန်းသစ်လွန်လျှင်ကား လယ်ကွင်းများသည် ဆားကျင်းများ ဖြစ်နေသည်။ ထိုဒေသတွင် လယ်မစိုက်ကြ။ နည်းသည်။ နေလှန်းဆားကိုသာ လုပ်ကြသည်။ ယခုရာသီမှာ မိုးဖြိုင်ဖြိုင်ကျနေပြီဖြစ်သဖြင့် ဆားဖိုများတွင် လူမရှိ။ သူတို့လည်း ဆန်ဝယ်၊ ဆန်လှောင်နှင့် အလုပ်များနေကြ ဟန်တူသည်။

မြေရိုင်းတွေ အများကြီးပဲ။ ဘာစိုက်ပျိုးရေးမှ မလုပ်ကြဘူး။ တို့တိုင်းပြည်မှာ မြေအင်မတန်ပေါတယ်။ မြေကို အမှီပြုပြီး လုပ်ကိုင်စားသောက်ဖို့ အများကြီး ဖြစ်နိုင်တယ်။

အချို့နေရာတွင်ပင် ရော်ဘာပင်ပေါက်များ လူတစ်ရပ်ခန့် မြင့်တက်နေကြသည်။ အပင်ပေါင်း သုံးလေးထောင်ခန့်ရှိသည့် ခြံများ ဖြစ်သည်။ ပုဂ္ဂလိကလား၊ စုပေါင်းလား၊ အစိုးရခြံလား။ စုပေါင်းလုပ်ရမည်။ အစိုးရက ဦးစီးလုပ်ရမည်။ ယင်းလုပ်ငန်းသည် တိုင်းပြည်ဝင်ငွေကို တိုးတက်စေသည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ မလေးရှားသည် ရော်ဘာလုပ်ငန်းတစ်ခုတည်းနှင့်

အသက်ရှုချောင်နေသည်။ ဒုတိယကမ္ဘာစစ်ပြီးစ ကိုရီးယားစစ်ပွဲ စလိုက်သည်တွင် ကမ္ဘာ့ရော်ဘာဈေးသည် တစ်ဟုန်ထိုး ခုန်တက်သွားသည်။ တစ်ပေါင် တစ်ကျပ်ခန့်မှ သုံးကျပ်ခွဲခန့်အထိ ခုန်တက်သွားသည်။ ရေပြာ၊ သောင်ဦးဘက်က ရော်ဘာခြံသူဌေးများ မာစီးဒီးကား ဝယ်ကြသည်။ ရန်ကုန်တွင်တိုက်သစ်ကြီးများ ဆောက်ကြသည်။ စစ်ပစ္စည်း ပို၍ထုတ်လုပ်နေရသည်ဖြစ်ရာ မြန်မာပြည်မှ ရော်ဘာ၊ ဂွဖရန်၊ ခဲ စသည်တို့သည် စစ်သုံးပစ္စည်းဖြစ်လာကြသည်။ လူတွေ ကောင်းကျိုးအတွက် လူသုံးကုန်ပစ္စည်း မဖြစ်လာ။ လူတွေသတ်မည့် စစ်ပွဲများအတွက် စစ်သုံးပစ္စည်း ဖြစ်လာကြသည်။ စစ်ကိုအမှီပြု၍ အမေရိကန်ပြည်တွင် ကုမ္ပဏီကြီးတို့ စီးပွားရေး စန်းထလာကြပြန်သည်။

ထိုပစ္စည်းတို့သည် မြန်မာ့သယံဇာတများ ဖြစ်ကြသည်။ သို့သော် ကုန်ရိုင်းအခြေက မတက်။ ယင်းတို့ကို ကုန်ချော မလုပ်နိုင်သေး။ ယခုအထိ အစွမ်းကုန် လုပ်နိုင်သည်မှာ ရော်ဘာအရပ်၊ ရော်ဘာဖိနပ်သာ ဖြစ်သည်။ သဲကြိုးခဏခဏပြတ်သည့် ရော်ဘာဖိနပ်။ ဂျပန်ဖိနပ်ကို ခြေဖျားပင်မမီသည့် ရော်ဘာ ဖိနပ်။ စင်ရော်တိုင်းတွင် ခေတ်မီမော်တော်ကားတာယာ စက်ရုံကြီးများ ဆောက်လိုက်ရလျှင် နိုင်ငံခြားငွေ မည်မျှသက်သာမည်နည်း။

အဲဒါတွေအတွက် ငါတို့ဆောက်နေတဲ့ စင်ရော်တံတားဟာ အထောက်အကူ ဖြစ်ရမယ်။ အရေးကြီးတယ်။ တို့တံတား မြန်မြန်ပြီးရမယ်။ စိမ့်မြိုင်က ဆန်ကို ရေပြာအထိပို့နိုင်ဖို့ တံတားပြီးမှ ဖြစ်မယ်။ အခု သူတို့တစ်တွေ ဆန်စုဆောင်းနေကြတယ်။ တို့လည်း ဆန်လှောင်ရမယ်။ စခန်းအတွက် ဆန်လှောင်ရမယ်။

"ဟော့ ဘယ်လိုလဲ၊ မင်းကောင်တွေ ငွေစုဖို့ ဘာမှ မဟကြသေးဘူးလား"

စိမ့်မြိုင်မှ ပြန်ရောက်လျှင်ရောက်ချင်း အောင်ကြီးကို မေးသည်။ အောင်ကြီးက ပြုံးနေသည်။ ဘာမျှ ပြန်မပြော။

ဒီကောင် ဒီလိုပဲ၊ လူကို ပြုံးပြဖို့ပဲ တတ်တယ်။ မေးနိုင်မှ ပြောတယ်။ မဖြစ်ဘူး၊ မြန်မြန် အကောင်အထည်ဖော်ရမယ်။

“ည အစည်းအဝေးခေါ်ကွာ၊ ကင်န်တင်းဖွင့်ဖို့ရယ်၊ ငွေစုငွေချေးအသင်း ထောင်ဖို့ရယ်၊ ပြီးတော့ ကျန်တဲ့ လူမှုရေးပြဿနာတွေပေါ့၊ စောသာအေး ပြောလိုက်၊ ငါ့မှာ မီးစက်အသစ် ပါလာတယ်၊ လှဖေလက် အပ်လိုက်လို့ ဒီကောင် လျှပ်စစ်အင်ဂျင်နီယာ မဟုတ်လား၊ လိုတဲ့ပစ္စည်းကို တို့အလုပ်ရုံမှာ ကြံဖန် လုပ်ပါစေ၊ နေ နေ၊ ပြီးမှ လှဖေနဲ့ တွေ့မယ်”

လှဖေသည် စင်ရော်သို့သွားကာ မီးစက်ကို ဖောင်နှင့် တင်လာသည်။ ထိုနေ့တစ်နေ့လုံး လှဖေ အလုပ်များနေသည်။ သူ့ဆီသို့ သောင်းဒန်လာမလား ဟု မျှော်နေသည်။ သောင်းဒန်ကား သူ့ကို လှည့်မကြည့်နိုင်သေး။ ဆန်လှောင် ရေး၊ ငွေစုရေးအတွက် ရုံးတွင် စောသာအေး၊ ဒေးဗစ်၊ လှမင်း၊ အောင်ကြီး၊ သန်းမောင်တို့နှင့် တိုင်ပင်ဆွေးနွေးနေသည်။

“အခုအတိုင်းဆိုရင် ငွေတစ်သောင်းလောက် လိုမယ်၊ ဒါမှ ငွေလည် မယ်၊ တို့ စုလို့ရှိရင် ပထမလ တစ်ထောင်ပေါ့ကွာ၊ နောက်လ တစ်ထောင်၊ ဒါအစွမ်းကုန်ပဲ၊ တစ်နှစ်ရှိမှ ငွေတစ်သောင်းလောက် ဖြစ်လာမယ်၊ လောလော ဆယ် အရေးတကြီးငွေလိုနေတယ်၊ ဘယ်လိုလုပ်ကြမလဲ”

သန်းအောင်သည် ရန်ကုန်မှ ငွေတိုးချေးစားသော သူ့အဒေါ်ကြီးကို ပြေး၍ မြင်မိသည်။ သူ တာဝန်ခံလျှင် ရနိုင်မည်ဟု ထင်သည်။ သို့သော် မဖြစ်နိုင်၊ သောင်းကိုးထောင် ငွေကို လက်လွတ် ဘယ်သူချေးမည်လဲ။ သူ တာဝန်ခံမည်ဆိုရအောင်လည်း သူ့မှာ အခြေအနေဘာရှိလို့လဲ။ ဆွေမျိုးက တခြား၊ ငွေက တခြား။ သူသည် ကလေးခြောက်ယောက်ဗိုက်ကို မနည်းပင် ကြံဖန် ရှာကျွေးနေရသူ ဖြစ်သည်မဟုတ်လား။ ထို့ကြောင့် ဆိတ်ဆိတ်နေ လိုက်သည်။

“ငွေစုငွေချေးအသင်းအတွက်တော့ ကန့်ကွက်မဲ့လူ ရှိမှာမဟုတ်ဘူး ဆရာကြီး၊ သူတို့လဲ စိတ်ဝင်စားနေကြတယ်၊ လောလောဆယ်ငွေရှာဖို့ လိုတာပဲ”

အားလုံး ခေါင်းကိုက်နေကြသည်။ သောင်းဒန်တွင်လည်း ပါလာသည့် ငွေတစ်ထောင် ပျောက်ပျက်သွားပြီ။ အညာက အမေ့တိုက် ရောင်းလိုက်ရရင်

ကောင်းမှာပဲဟု တွေးမိသည်။ ရှစ်ထောင်၊ တစ်သောင်းတော့ရနိုင်မည်ဟု တွက်သည်။ သို့သော် ညီမလေးက သဘောတူနိုင်မည်လား။ ယခု ထိုတိုက်တွင် ညိုညို နေသည်။ ရောင်းလိုက်လျှင် ညိုညို နေစရာမရှိ ဖြစ်သွားမည်။ အမေကတော့ ရောင်းချင်သည်ဟု ပြောနေသည်။ ရောင်းပြီးလျှင် ရန်ကုန်သို့ လိုက်လာကာ သောင်းဒန်နှင့် နေမည်ဟု ဆိုသည်။ မဖြစ်နိုင်သေး။ သောင်းဒန် ရန်ကုန်သို့ ပြန်ရဖွယ်မရှိသေး။ ရန်ကုန်တိုက်ခန်းက ကျဉ်းကျဉ်း။ အမေ လာနေမည်ဆိုလျှင် ခေါင်းရှုပ်လိမ့်မည်။ အညာမှာပဲ အေးအေးဆေးဆေးနေတာ ကောင်းသည်။

"ငါ ကြံအုံးမယ်ကွာ"

ထိုနေ့ တစ်နေ့လုံး သောင်းဒန် အကြံထုတ်နေသည်။ ညနေစောင်းတွင် လှမင်း မိန်းမနှင့် ကလေးတစ်သိုက် ရေတွင်းသို့ ရေချိုးဆင်းလာကြသည်ကို ရုံးပေါ်မှ လှမ်း၍ မြင်လိုက်သည်။ ခင်ခင့်လက်တွင် ကြံဆစ်လက်ကောက်လေးကွင်း ဝတ်လာသည်။ လည်ပင်း၌လည်း ဆွဲကြိုးတစ်ကုံးတွေ့ရသည်။ ဟုတ်ပြီ။ ကြယ်သီးတို့၊ ရင်ထိုးတို့ ရှိဦးမှာပဲ။ ဒီအညာသူ ဘယ်လိုများစုဆောင်းထားတာလဲ။ ငါသိသလောက်တော့ ဒီကောင် ကန်ထရိုက်နဲ့ အဆက်အသွယ်မရှိခဲ့ဖူးပါဘူး။ ဥက္ကလာမြို့သစ် တည်၊ အင်းစိန်တွင် ခဏ၊ နောက် သီရိတံတားဆောက်။ ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းတွေ ဆွဲရမှာပဲ။ ခင်ခင့်လိုပဲ နော်ဖောလာမှာလည်း လက်ကောက်တို့၊ ဆွဲကြိုးတို့ ရှိတယ်။ သူ့ညီမ နော်မူအေးမှာလည်း ရှိရမယ်။ ဒါပေမဲ့ ကရင်မတွေဆိုတော့ လက်ဝတ်လက်စား သိပ်မက်ကြတာတွေ မဟုတ်ဘူး။ ရှိမှ ရှိပါ့မလား။ အို ရသမျှဆွဲမယ်။ ဒါတွေနဲ့ ငွေရှာမယ်။

ထိုညတွင် အစည်းအဝေး၌ လူစုံတက်စုံ စုဝေးရောက်ရှိလာကြသည်။ သောင်းဒန်က ဦးဆောင်၍ ပထမဆုံး လက်ဖက်ရည်ဆိုင်ဖွင့်ရန် တင်ပြသည်။ ကန့်ကွက်သူ မရှိ။ အားလုံး သဘောတူကြသည်။ လက်ဖက်ရည်ဖျော်မည့်သူနှင့် ငွေသိမ်းမည့်သူ နှစ်ယောက် ရှာရမည်။ ပန်းရန်ဆရာ ဦးသန်း၏မိန်းမ မအေးလှသည် သာကေတတွင် လက်ဖက်ရည်ဆိုင်ဖွင့်ဖူးသည်ဟု ဆိုသည်။ စမ်းကြည့်သေးတာပေါ့၊ တစ်နေ့ သုံးကျပ်ဆယ့်ငါးပြား ပေးမည်။ ငွေသိမ်း

မည့်သူ ဘယ်သူလုပ်မလဲ။

"စာရင်း မှတ်ရမယ်၊ ပေါင်းတတ် နုတ်တတ်ရင် ပြီးတာပါပဲ၊ ပိုက်ဆံနဲ့ ဝယ်သောက်နိုင်တယ်၊ ကူပွန်နဲ့လဲ ဝယ်သောက်နိုင်တယ်၊ ကူပွန်ကို အကြွေး ဝယ်ရမယ်၊ လကုန်တော့ လခထဲက ဖြတ်ယူမယ်၊ စခန်းကလူသာ မဟုတ် ဘူး၊ ဘယ်သူ့ကိုဖြစ်ဖြစ်ရောင်းမယ်"

"မိန်းကလေးဆိုရင် ပိုကောင်းမယ် ဆရာကြီး" အောင်ကြီးက တိုးတိုး ပြောသည်။

ဒီကောင် လုပ်ရောမယ်။ ဒါမျိုး သိပ်ဝါသနာပါတယ်။ အေး ဟုတ်တယ်။ သူပြောတာ မဆိုးဘူး။ ဒါမှ ဆိုင် လူစည်မယ်။ ဆိုင် လူစည်တာက အရေး မကြီးဘူး။ အလုပ်မလုပ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လေကန်နေကြရင် ခက်တယ်။ ဒါပေမဲ့ မိန်းကလေးပဲ ထားရမယ်။ ဒီကောင့် အကြံမဆိုးဘူး။

ချက်ချင်းပင် စိတ်ကူးထဲ၌ လူရှာသည်၊ မီးစက်မောင်း လှဖေ၏နှမလေး မြိုင်ကို မျက်စိထဲတွင် မြင်သည်။ ရုပ်ရည် သနားကမားဖြစ်သည်။ ဖြူဖြူ ပိန်ပိန်ပါးပါး၊ သနပ်ခါးရည်ကျဲကလေးနှင့် ချစ်စရာကောင်းသည်။ အပြစ် ကင်းသည့်မျက်နှာမျိုး ဖြစ်သည်။ နောက်မှ လှဖေနှင့် ဆွေးနွေးကြည့်မည်ဟု သဘောရကာ လက်ဖက်ရည်ဆိုင်ကိစ္စကို ဖြတ်လိုက်သည်။

"ကဲ သဘောတူကြတယ်နော်၊ မနက်ဖြန် သန်ဘက်ခါ ဖွင့်မှာပဲ၊ ကမ်းပါးထိပ် အဘွားကြီး ခြံထဲမှာ တဲထိုးမယ်၊ အောင်ကြီး မင်းလက်သမား တွေထဲက နှစ်ယောက်လောက် ဆိုင်ဆောက်ဖို့ခိုင်း၊ လိုတဲ့ သစ်တို့၊ ဝါးတို့ စောသာအေးနဲ့ စီစဉ်"

နောက် အစီအစဉ်မှာ ငွေစုငွေချေးအသင်း တည်ထောင်ရေးပင်ဖြစ် သည်။ အများက သဘောတူကြသည်။

"ဒါမျိုး ရန်ကုန်မှာ မင်းတို့ တွေ့ဖူးမှာပေါ့၊ ရုံးတွေမှာ လုပ်ကြတယ်၊ တချို့ အတိုးယူတယ်၊ တချို့ အတိုးမယူဘူး၊ တို့ကတော့ အတိုးမယူဘူး၊ မင်းတို့ ငွေနဲ့ ပစ္စည်းဝယ်ဖို့ အရေးကြီးတယ်၊ အခုဆိုရင် ဆန်ဝယ်ပြီး လှောင်ရမယ်၊ နှစ်လစာ၊ သုံးလစာ လှောင်ထားရမယ်၊ ဒီနှစ် စပါးပေါ်လာရင် ဒီဆန်ကိစ္စ

ပြေလည်သွားမှာပဲ၊ ဒီတော့ ငွေအများကြီးလိုတယ်၊ အဲဒါ တို့ ထပ်ပြီးရှာရမယ်”

တစ်လ ကိုးဆယ်၊ တစ်ရာ ရသူတို့က ငွေတစ်ဆယ်ကို နှမြောနေကြသည်။ သို့သော်လည်း ဆရာကြီးကို ကြောက်ကြသဖြင့် မပြောရဲကြ။ သူများတွေ ငွေ စုချင်စု၊ တို့ မစုဘူးဟု ပေကတ်နေချင်ကြသည်။ သို့သော် မရ။ အားလုံးပါရမည်ဟု ဆိုသည်။ ဤသို့ဖြင့် ငွေစုငွေချေးအသင်းကို အများသဘောတူ ဖွဲ့စည်းလိုက်ကြသည်။ ဒေးဗစ်ကို ငွေထိန်းခန့်လိုက်သည်။ အရေးအကြီးဆုံးမှာ ငွေထိန်းဖြစ်သည်။ စောသာအေးက ရုံးတွင် ငွေကိုင်၊ စာရင်းကိုင်ဖြစ်ရာ တာဝန်သစ်တစ်ခု ထပ်၍ပေးရန် မသင့်။ စောသာအေးကလည်း ငြင်းသည်။ ကော်မတီတွင်ကား လှမင်း၊ စောသာအေး၊ အောင်ကြီး၊ ဒေးဗစ် အားလုံးပါသည်။

လူမှုရေးကိစ္စတွင် ဖြေရှင်းစရာ ရှိသေးသည်။ သို့သော် အများနှင့်ကား မဆိုင်လှ။ တစ်ဦးချင်း ပြဿနာများသာ ဖြစ်သည်။ ကျန်းမာရေးမှူး မှန်မှန် မလာဟု အောင်ကြီးက တင်ပြသည်။

“ဟုတ်တယ်၊ မှန်မှန်လာဖို့ ငါကြိုးစားတာပဲ၊ ဒါပေမဲ့ သူနာပြုဆရာမ ခန့်ဖို့တော့ အမိန့်ရပြီ၊ ဆေးခန်းမှာ နေ့တိုင်း နော်ဖောလာ ထိုင်မယ်၊ ကဲ . . . နောက် ဘာရှိသေးသလဲ”

“မီးကို ည ဆယ်နာရီအထိ ပေးဖို့ ကောင်းတယ်”

“အခု မီးစက်အသစ် ရောက်လာပြီ၊ ညဆယ်နာရီအထိပေးဖို့ ကြိုးစားမယ်”

“ကျွန်တော့်မိန်းမ နေ့စေ့လစေ့ကြီးနဲ့ ဆရာ၊ နောက် တစ်လလောက် ဆိုရင် မွေးမှာပဲ၊ ဒီက ဆရာမ နော်ဖောလာနဲ့ပဲ မွေးဖို့ စီစဉ်ပြီးပြီ၊ အဲဒါ နေ့ဆိုရင် ဟုတ်ရဲ့၊ ညအချိန်မတော်ကြီး မွေးရင် မီးမရှိ ဘာမရှိနဲ့”

“အိုကွာ အဲဒီအခါကျတော့ မီးစက် ခုတ်ခိုင်းရမှာပေါ့၊ ည ဗိုက်နာတယ်ဆိုရင် ငါ့ပြော၊ အဲဒီတစ်ညလုံး မီးစက် ခုတ်ခိုင်းမယ်၊ ပူစရာမရှိ ပူနေလိုက်တာ ကြာညွန့်ရာ”

ကြာညွန့်သည် လက်သမားဖြစ်သည်။ အနိုပ်လည်း ကောင်းသည်။

လက်သန်သည်။ "ဟောဒါက ပထဝီကြော ဆရာ" ဟုပြောကာ ခြေဖနောင့် ကြောကို ဆွဲလိုက်လျှင် ပေါင်တစ်ခုလုံး ပါသွားသည်။ ခေါင်းခဲလျှင်၊ ဇက်ကြောထိုးလျှင် ကြာညွန့်ကို ခေါ်ရသည်။ စခန်းလိုက်လာသည့်အခါက သူ့ မိန်းမကိုယ်ဝန်ရှိစ ဖြစ်သည်။ ဟိုကျ မွေးတာပေါ့ကွာ၊ စင်ရော်ဆေးရုံ ငါ ပို့ပေးပါမယ်ဟု သောင်းဒန် တာဝန်ခံကာ ဇွတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

"ကလေးကျောင်းကော ဆရာကြီး"

"အေးကွာ၊ အဲဒါကို ငါ မေ့သွားတယ်၊ ဒီတစ်ခေါက် စိမ့်မြိုင်သွားတုန်းက တိုင်းပညာရေးနဲ့ မတွေ့ခဲ့ရဘူး၊ ဒီလို လုပ်ပါ၊ ကလေးတွေအတွက် ပညာရေး ဖင့်နွှေးမသွားရအောင် တို့ဘာသာတို့ ကျောင်းဖွင့်ထားမယ်၊ မင်းတို့ထဲက လုပ်အားပေးပြီး စာသင်ပေးကြပေါ့၊ ဆရာ၊ ဆရာမ လုပ်တတ်တဲ့သူလဲ ရှိမှာပါပဲ၊ နောက်မှ အသေအချာ ဆွေးနွေးကြတာပေါ့ကွာ၊ အခုစင်ရော်ကျောင်း သွားကြတဲ့ ကလေးတွေကော အဆင်ပြေရဲ့လား၊ အေး တစ်ခုတော့ ပြောရအုံးမယ်၊ အဲဒါက မော်တော်အချိန် ဂရုစိုက်ကြဖို့ပဲ၊ ကလေးတွေက အရေးမကြီးဘူး၊ လူကြီးတွေက ခက်တယ်၊ မော်တော် မမီလိုက်လို့ဆိုပြီး စင်ရော်မှာ အိပ်ကျန်ရစ်ခဲ့ကြတယ်၊ မော်တော်မမီတာက ကိုယ့်အပြစ်ပဲကွ၊ မော်တော်က စောထွက်တာ မဟုတ်ဘူး၊ သွားစရာကိစ္စများလို့ နောက်ကျမယ်ဆိုရင်လဲ အစကတည်းက မော်တော်သမားကို မှာထား၊ စင်ရော်က ငါးနာရီ နောက်ဆုံး ပြန်ထွက်မယ်၊ ဒါပဲ၊ နောက် စင်ရော်မှာ အိပ်တယ်ဆိုတာ မရှိစေနဲ့၊ စည်းကမ်းဟာ စည်းကမ်းပဲ၊ စည်းကမ်းရှိကြမှ ဖြစ်မှာပေါ့ကွ၊ အများနဲ့လုပ်ရတာ စည်းကမ်းထားရတာပဲ၊ မော်တော်အကြောင်း ပြောနေရတာနဲ့ ကျောင်းကိစ္စတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ဦးဖိုးသွယ်၊ ခင်ဗျားသမီးနဲ့ တူမ အဆင်ပြေရဲ့လား"

"ဟန်ပါတယ် ဆရာကြီး"

"အေးမောင့် ခယ်မကော"

"နေရာကျပါတယ် ဆရာကြီး"

အစောင့် ဦးဖိုးသွယ်၏သမီး ယဉ်ယဉ်သည် ၇ တန်း ကျောင်းသူ

ဖြစ်သည်။ သူ့တူမ မတင်အေးသည်လည်း ၇ တန်းကျောင်းသူ ဖြစ်သည်။ သံချိုသံကွေး အေးမောင်၏ခယ်မလေး မလှကြည်သည် ၆ တန်းကျောင်းသူ ဖြစ်သည်။ သူတို့အပြင် နောက်ထပ် လေးငါးယောက်ရှိသေးသည်။ သောင်းဒန် အားလုံး မမှတ်မိ။ ဘောလုံးကန် ကောင်းသည်ဆိုသော လက်သမားချစ်ဖေ ၏ညီ ချစ်ဆွေကား ၈ တန်းကျောင်းသား ဖြစ်သည်။ ချစ်ဆွေလည်း ဘောကန် ကောင်းသည်။ သူ့ကို တံတား ဘောသင်းတွင် ထည့်၍သုံးရမည်ဟု သောင်းဒန် စိတ်ကူးထားသည်။

ထို့နောက် ရုပ်ရှင်ကြည့်ရန် တစ်ပတ်တစ်ခါ ခွင့်ပြုဖို့ အရေးဆိုကြ သည်။ မဖြစ်နိုင်။ နှစ်ပတ်တစ်ခါသာ ခွင့်ပြုနိုင်မည်။ မော်တော်သမားကို အားနာရသည်။

"အခုလို အခြေအနေမကောင်းတဲ့အခါ သိပ်လှုပ်လှုပ် လှုပ်လှုပ် မလုပ် ကြရင် ကောင်းမယ်ကွာ၊ မင်းတို့ ရုပ်ရှင်က ည ၁၁ နာရီလောက်မှ ပြီးတာ၊ မော်တော်နဲ့ ၄၅ မိနစ်လောက်လာရမှာ၊ ဒီပြန်ရောက်တော့ ၁၂ နာရီရှိနေပြီ၊ မနက်ဈေးဝယ်သွားဖို့ မော်တော်သမားက ၅ နာရီမှာ ထရမယ်၊ ဘယ်အိပ်ချိန် ရှိတော့မလဲကွ၊ ရုပ်ရှင်ကြည့်ချင်ရင်တော့ စင်ရော်မှာ ညအိပ်ကြ၊ ဒီလောက်ပဲ ခွင့်ပြုနိုင်မယ်"

အခေါ်အပို့ တာဝန်ကြီးလှသည်။ မပို့ပြန်လျှင်လည်း မဖြစ်။ သူတို့ကို ပျော်အောင် ချော့နေရသည့်အချိန်ဖြစ်သည်။ အပျော်လွန်လျှင်လည်း အလုပ် တွင် ပေါ့သွားလိမ့်မည်။ တောကြီးမျက်မည်းတွင် သူတို့၌ ပျော်စရာမရှိ။ တောနှင့်တောင်နှင့်၊ ချောင်းရေနှင့်သာ နေ့စဉ်တွေ့နေရသည်။

"ကဲ အောင်ကြီး၊ အစည်းအဝေး သိမ်းလိုက်တော့ကွာ၊ ဒါနဲ့ ပြီးမှာ မဟုတ်ဘူး၊ နောက်တော့မှ ပြောစရာတွေ ပြောကြအုံးပေါ့၊ တို့ဆက်ပြီး လုပ်စရာတွေ ရှိသေးတယ်"

အစည်းအဝေးပြီး၍ အားလုံးပြန်သွားကြလျှင် ကော်မတီတို့ ခေါင်းချင်း ရိုက်ကြသည်။ လက်ဖက်ရည်ဆိုင်တာဝန်ကို လှမင်းအား လုံးလုံးလွှဲပေး လိုက်သည်။ ငွေစုငွေချေးအသင်းကို ဒေးဗစ်အား လွှဲပေးလိုက်သည်။

“မစ္စတာဒေးဗစ်၊ ခင်ဗျားမိန်းမမှာ ဘာပစ္စည်းတွေရှိသလဲ”

ဒေးဗစ် ကြောင်သွားသည်။ နားမလည်။

“လက်ဝတ်လက်စား ပြောတာ”

“ဘာလုပ်မလို့လဲ ဦးသောင်းဒန်၊ မရှိပါဘူး၊ ကလေးတွေက များတယ်၊ ဆွဲကြိုးတစ်ခုနဲ့ လက်စွပ်တစ်ကွင်းပဲရှိတယ်”

“အခု အပြင်မှာ ဆန်ဈေး တစ်ပြည် ငါးကျပ် ဖြစ်နေတယ်၊ ကျွန်တော်တို့ ဆန်ဝယ်လှောင်ရမယ် မစ္စတာဒေးဗစ်၊ အဲဒါ ငွေလိုတယ်”

“ဘယ်လောက် လိုသလဲ”

“အားလုံး တစ်သောင်းလောက် ရှိမှ လည်မယ်”

ဒေးဗစ် ခေါင်းကုတ်နေသည်။ သောင်းဒန်နှင့် စောသာအေးတို့ တဟင်းဟင်း ရယ်ကြသည်။ လှမင်းကား ဒေးဗစ်ကို ပြုံးကြည့်နေသည်။

“ကဲ လာကွာ လှမင်း၊ မင်းတို့အိမ် သွားကြမယ်၊ အလကား စိတ်ညစ်မနေနဲ့ ဒေးဗစ်၊ ခင်ဗျားမိန်းမလက်က လက်စွပ် အတင်းချွတ်မယူပါဘူး၊ လာဟေ့ စောသာအေး”

သူတို့အားလုံး လှမင်းအိမ်သို့ သွားကြသည်။ သောင်းဒန်က အကျိုးအကြောင်း ပြောပြသည်။ ခင်ခင်သည် မျက်စိလေး ပေကလတ်ပေကလတ်နှင့် လှမင်းကို ကြည့်သည်။

“တို့တော့ မခင်ခင်ဆီလာပြီး ဓားပြတိုက်တာပဲဗျာ၊ ရှိတဲ့ လက်ဝတ်လက်စား အကုန်ချွတ်လိုက်ဖို့ပဲရှိတယ်”

သောင်းဒန် ခပ်တည်တည် နောက်သည်။

“ဘာတွေလဲ၊ ဦးသောင်းဒန်တို့ဟာတွေက ကျွန်မဖြင့် နားမလည်ပါဘူး”

လှမင်း တစ်လှည့်၊ စောသာအေး တစ်လှည့် ရှင်းပြသည်။ နောက်ဆုံး လှမင်းက “ချွတ်ပေးလိုက်ပါကွာ”ဟု အမိန့်ပေးလိုက်သည်။ “ကောင်းမှ ကောင်းဟေ့၊ ဒီကောင် မိန်းမကြောက်ရတယ် ကြောက်ရတယ်နဲ့၊ အခုလို ဆိုတော့ အာဏာပြင်းတာပဲကွ”

“မနက်ဖြန်မနက်မှ လာယူမယ် ခင်ခင်၊ အဲဒါတွေယူပြီး စင်ရော်သွား

ပေါင်ရမယ်”

သူတို့သည် လှမင်းအိမ်မှဆင်းလျှင် နော်ဖောလာတို့အိမ်သို့ တက်ကြသည်။

“ဆွဲကြိုးပဲရှိတယ် ဆရာကြီး” နော်ဖောလာက ဖြေသည်။

“နင့်ညီမမှာကော”

“သူ့မှာလဲ ဆွဲကြိုးပဲရှိတယ်၊ လက်စွပ်တော့ရှိသေးတယ်၊ ကျွန်မတို့ဆွဲကြိုးက ‘ခရော့’ ကိုတော့ ဖြုတ်ထားခဲ့ရမယ်နော်”

“အို ဖြုတ်မနေပါနဲ့ဟာ၊ ခရော့ ပါမှ အလေးချိန် စီးမှာပေါ့၊ မဟုတ်ဘူးလား စောသာအေး”

“ပေးလိုက်ပါ” ဟု စောသာအေးက တစ်ချက်လွှတ်အမိန့် ထုတ်ပြန်လိုက်သည်။ သူတို့သည် ခရစ်ယာန်များ ဖြစ်ကြသည်။ လက်ဝါးကပ်တိုင်ကို မြတ်နိုး ကိုးကွယ်ကြသည်။ လည်ပင်း၌ ဆွဲကြိုးသီ၍ ဆွဲသည်။ နော်မူအေး၏ လက်စွပ်ကိုတော့ မယူတော့။ နော်မူအေးသည် အပျိုဖြစ်သည်။ ယောကျ်ားယူရန် စေ့စပ်မည်ဆိုလျှင် လက်စွပ်ချင်းလဲရမည်။

“ဟဲ့ ကောင်မလေး၊ နင် ဘယ်သူနဲ့ လက်စွပ်ချင်း လဲမလို့လဲ”

“အိုး . . . ဆရာကြီးကလဲ၊ မဟုတ်တာ”

နော်မူအေး ရှက်သွားသည်။

သောင်းဒန်တို့တစ်သိုက် တစ်အိမ်တက်ဆင်းသွားကာ ဓားပြတိုက်နေသည်ဆိုသည့်သတင်းသည် အလုပ်သမားဆောင်များသို့ ပျံ့နှံ့သွားသည်။ ထိုအခါတွင် အဆောင်များမှ အလုပ်သမားကြီးများက သူတို့တွင် ချမ်းသာသမျှ လက်ကောက်၊ ဆွဲကြိုး၊ နားကပ်၊ နားသန်သီးတို့ကို ဖြုတ်၍လာပေးကြသည်။ သောင်းဒန်သည် ဝမ်းသာလွန်းသဖြင့် ကြက်သီးများပင်ထကာ မျက်ရည်များ လည်လာသည်။ သူ့စိတ်တွင်လည်း အကြီးအကျယ်ထိခိုက်သွားသည်။ အေးအတူပူအမျှ အတူခံကြမည့် စိတ်ဓာတ်ကို သောင်းဒန်လေးစားသည်။ သို့သော်လည်း မယူရက်သဖြင့် ပြန်ပေးလိုက်သည်။

“လဆန်းရင် အမေ့ဆီပို့မလို့ စုထားတဲ့ ငွေနှစ်ရာရှိတယ် ဆရာကြီး၊

နောက်မှပဲ ပို့တော့မယ်၊ အဲဒါ ကျွန်တော်ထည့်ပါရစေ”

လက်သမားကလေး ရွှေကြည်က ငွေနှစ်ရာလာပေးသည်။ သောင်းဒန်မယူလိုက်။

နောက်တစ်နေ့တွင် သောင်းဒန်နှင့် လှမင်းတို့နှစ်ယောက် ရွှေထုပ်ကို ပိုက်ကာ စင်ရော်သို့သွားသည်။ ဗိုလ်ကြီးဘကြိုင်ရော ဗိုလ်ကြီးဇော်သန်းတို့က ပါ ခေါင်းခါကြသည်။ နောက်ဆုံးဆေးရုံတွင် ကျန်းမာရေးမှူး ဦးသောင်းထွန်းကို တွေ့သည်။ ဦးသောင်းထွန်းက အိမ်သို့ ခေါ်သွားသည်။ ရွှေထုပ်ကို ဦးသောင်းထွန်းဇနီး ဒေါ်သန်းတင်လက်သို့ အပ်လိုက်သည်။ ထို့နောက် သောင်းဒန်နှင့် စောသာအေးသည် ကုန်သွယ်ရေးသို့ သွားသည်။ အပြန်တွင် ဝင်လာမည်ဟု မှာခဲ့သည်။ ကုန်သွယ်ရေးတွင် ဆန်ကိစ္စ စုံစမ်းသည်။ ရသမျှ အထဲကတော့ တံတားစခန်းကို ဦးစားပေးပါမည်ဟု ကတိစကားရခဲ့သည်။ ကျေနပ်စရာ မဟုတ်လှ။ လက်ထဲ ဆန်အိတ်ရောက်မှ ယုံရမည်။ သူတို့လည်း အခုလိုကာလတွင် လူတိုင်းကို နှစ်သိမ့်စကားပြောနေရသည်သာ များသည်။ ထို့ကြောင့် ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်းဆီသို့သွားကာ စပါးဝယ်ယူရေးအတွက် စနည်းနာသည်။

“ခင်ဗျားတို့ ဘယ်လောက် လိုချင်တာလဲ”

“နှစ်လစာ သုံးလစာပေါ့ဗျာ”

“စပါး ရတော့ရော ဒီမှာရှိတဲ့ ဆန်စက်က ခွဲပေးနိုင်မှာ မဟုတ်ဘူး၊ အစိုးရ စပါးတွေတောင် မကြိတ်ရသေးတာ အများကြီးကျန်သေးတယ်၊ စိမ့်မြိုင်ကိုသွားပြီး ကြိတ်ရလိမ့်မယ်”

“ဒီအထိတော့ ဒုက္ခခံနိုင်မယ်မဟုတ်ဘူး ဗိုလ်ကြီးဇော်သန်း”

“ပင်လယ်ဘက်က ရွာတွေမှာ သွားပြီးဝယ်မယ်ဆိုရင်တော့ စပါးရနိုင်သေးတယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ သူတို့ဆီမှာပဲ မောင်းထောင်း၊ ကြိတ်ထိုးလုပ်ခိုင်းနိုင်တယ်”

“မောင်းထောင်းဆန်ဆိုတော့ ပိုပြီးကောင်းတာပေါ့ခင်ဗျာ၊ အားတောင်ရှိသေးတယ်၊ အာဟာရဓာတ် ပိုပါတာပေါ့”

ဗိုလ်ကြီးဇော်သန်းက မကြာမီ အကြောင်းပြန်မည်ဟု ပြောသည်။ အပြန်တွင် သူတို့သည် ကျန်းမာရေးမှူး ဦးသောင်းထွန်းအိမ်သို့ သွားကြသည်။ ဒေါ်သန်းတင်၏မျက်နှာကိုကြည့်ရခြင်းအားဖြင့် အဆင်ပြေသည်ဟု သောင်းဒန် စိတ်ချလိုက်သည်။

"အတိုးကတော့ နှစ်ကျပ်ခွဲတိုးပဲ ဦးသောင်းဒန်၊ အားလုံး သုံးထောင်ပဲ ရခဲ့တယ်၊ ကျွန်မ ဦးသောင်းဒန် ပြောတဲ့အတိုင်း လေးထောင့်ငါးရာ တောင်းတယ်မရဘူး၊ ဒါတောင် ကျွန်မတို့ကို အားနာပြီး ပေးလိုက်တာ"

"ဘယ်လိုပဲ ရရ၊ ဘယ်လောက်ပဲ ရရပေါ့ ခင်ဗျာ"

"နေစမ်းပါအုံး၊ ကိစ္စ ဘာလဲ၊ ဘာလို့ ဒီလောက် အရေးကြီးနေတာလဲ၊ တံတားဆောက်ဖို့ ငွေသုံးထောင်နဲ့ ဘာသွားသုံးမလို့လဲ" ဦးသောင်းထွန်းက မေးသည်။ သောင်းဒန်သည် ခွက်ထိုးခွက်လန်ရယ်ပြီး အကြောင်းစုံ ရှင်းပြသည်။

"အစိုးရပိုက်ဆံကို သုံးလို့မဖြစ်ဘူး ဆရာရေ့၊ အဲဒီတော့ ကြံဖန်ပြီး လုပ်ရတာပဲ၊ ဒီငွေရရင်တောင် အများကြီးလိုသေးတယ်၊ စုစုပေါင်း တစ်သောင်းလောက်မှ လည်မယ်၊ အထည်အဝတ်၊ စားကုန်သောက်ကုန်တွေကလဲ နှစ်ပတ် တစ်ခါလောက် ထုတ်နေရတယ်"

ဦးသောင်းထွန်း ခေါင်းကုတ်၍ အကြံယူနေဟန် တူသည်။ ဘာမှပြန်၍ မမေး၊ မပြော။

"ခင်ဗျားတို့ကိုကြည့်ပြီး ကျွန်တော် အများကြီးသနားသွားတယ် ဦးသောင်းဒန်၊ ဦးသောင်းဒန်တို့ လုပ်နေတဲ့အလုပ်ကိုလဲ ကျွန်တော် လေးစားတယ်၊ ကျွန်တော်တတ်နိုင်သမျှ အကူအညီပေးပါမယ်၊ ဦးသောင်းဒန်ကို ကျွန်တော် ယုံကြည်ပါတယ်၊ ကဲ ကဲ စိတ်ချလက်ချသာ ပြန်ကြပေတော့"

သောင်းဒန်နှင့် စောသာအေးတို့ နှစ်ယောက်သား ငွေထုပ်ကို ပိုက်ကာ ပြန်ခဲ့ကြသည်။ ဦးသောင်းထွန်း၏စကားကြောင့် သူတို့၏စိတ်သည် သက်သာရာ ရလာသည်။ မည်သို့ပင်ဖြစ်စေ သူတို့လုပ်ငန်းကို လေးစားဖော်ရသည့် လူတစ်ယောက်နှင့် တွေ့လာရသဖြင့် သောင်းဒန် ကြည်နူးနေသည်။

နောက်နှစ်ရက်ခန့်ရှိလျှင် ကျန်းမာရေးမှူးသည် ငွေထုပ်ပိုက်ကာ တံတားစခန်းသို့ ရောက်လာလေသည်။

"ကဲ ရော့ဗျာ၊ အားလုံး ငါးထောင်"

နှစ်ဆယ်တန်နှစ်အုပ်နှင့် ဆယ်တန်တစ်အုပ် သောင်းဒန် ရှေ့သို့ ပစ်ချလိုက်သည်။

"ဘယ်ကရလာတာလဲ ဆရာ"

သောင်းဒန် မျက်လုံးပြူးသွားသည်။ သူ့အနားတွင် ရှိနေသော စောသာအေးနှင့် ဒေးဗစ်တို့လည်း အံ့အားသင့်နေကြသည်။

"ခိုးဝှက်လာတဲ့ ငွေ မဟုတ်ဘူး ဦးသောင်းဒန်၊ ဓားပြတိုက်လာတာလဲ မဟုတ်၊ အနုကြမ်းစီးလာတယ်လို့ ပြောချင်ရင်တော့ ပြောနိုင်တယ်ပေါ့"

"ဆရာ့ပိုင် ငွေတွေလား"

"ဝေး . . . ဘယ်က ကျွန်တော့်ပိုင်ဟုတ်ရမှာလဲ ဦးသောင်းဒန်၊ ကျွန်တော့်ကို နည်းနည်း အထင်ကြီးသွားသလား၊ ဒါမှမဟုတ် အထင်သေးသွားသလား၊ တစ်ခုခုပဲ"

"အထင်မသေးပါဘူး ဆရာရယ်"

"ကျွန်တော် အဖြူ ငါးကျပ်၊ အနီ တစ်ဆယ်၊ ကျန်းမာရေးမှူး မဟုတ်ပါဘူး ဦးသောင်းဒန်ရယ်၊ ကျွန်တော် လူထုကျန်းမာရေးမှူးပါ၊ ကျွန်တော် မချမ်းသာပါဘူး၊ ဦးသောင်းဒန်ပြောပြတဲ့ နော်မန်ဗက်သွန်းလို ဆရာဝန်မျိုးဖြစ်အောင် ကျွန်တော်ကြိုးစားနေပါတယ်၊ ဦးသောင်းဒန်ပြောပြတော့ ဒေါက်တာဗက်သွန်းကို ကျွန်တော် ကြည်ညိုလာတယ်၊ ညတိုင်း ညတိုင်းအိပ်ရာဝင်မှာ ဒေါက်တာဗက်သွန်းကို ကျွန်တော် ရှိခိုးပြီးအိပ်တယ် ဦးသောင်းဒန်၊ ကျွန်တော့်ပညာနဲ့ သူ့လိုပဲ လူတွေကို ကူညီချင်တယ်၊ လူတွေ အနာရောဂါ ပျောက်ကင်းအောင် ကုသပေးချင်တယ်"

သောင်းဒန်၊ စောသာအေး၊ ဒေးဗစ်တို့သည် ဦးသောင်းထွန်း၏ စကားကိုစိုက်၍ နားထောင်နေကြသည်။

"ဒါပေမဲ့ ကျွန်တော့်ပညာက နုသေးတယ်၊ ကျွန်တော်က ကွန်ပေါင်ဒါ

သာသာပဲ တတ်တယ်၊ ဒါပေမဲ့ လက်တွေ့တော့ စုံခဲ့ပါပြီ ဦးသောင်းဒန်၊ ကျွန်တော်တို့ ကျန်းမာရေးမှူးသင်တန်းဆင်းတာ ဆယ့်ငါးနှစ်ကျော်ပါပြီ၊ အခု ပြည်ထောင်စုရိပ်သာလမ်းလို့ခေါ်တဲ့ ဟယ်လပင်လမ်း သင်တန်းကျောင်းက ဆင်းခဲ့တာပါ၊ ကျွန်တော်တို့ အပေါင်းအသင်းတွေထဲမယ် မုန်နီဆိုတဲ့ စာရေး ဆရာတစ်ယောက်ပါတယ်၊ သူ့နာမည်က မောင်မောင်ကြီးတဲ့၊ မုံရွာသားပေါ့၊ သူ့ကလောင်နာမည်က အလွန်နီတဲ့ မုံရွာသားတဲ့၊ နောက်တစ်နည်းက မုန်ယို နေတဲ့ ဆင်နီကြီးတဲ့၊ သူနဲ့ကျွန်တော် အပေါင်းအသင်း ဖြစ်ရာကနေပြီး လူထု ကျန်းမာရေးအတွက် ကိုယ်ကျိုးစွန့်ပြီး အမှုထမ်းကြဖို့ သစ္စာဆိုခဲ့ကြတယ်၊ ရွှေတိဂုံဘုရားတက်ပြီး သစ္စာဆိုကြတာပဲ၊ ငယ်ငယ်တုန်းကဆိုတော့ ရူးလို့ ကောင်းတုန်းအချိန်မှာ ဇာတ်လိုက်ဆန်ချင်လဲ ဆန်မှာပေါ့ခင်ဗျာ၊ မောင်မောင် ကြီးဆိုတဲ့ မုန်နီဟာ အခုအထိ ကချင်ပြည်နယ်က မထွက်ရသေးဘူး၊ သားပစ် မယားပစ် အလုပ်လုပ်တယ်၊ ရွှေတွင်းတူးတဲ့ ဆရာဝန်တွေကို သူ ခံပြီး တွယ်တယ်၊ အဲဒါတွေ ခံနေရသလား မသိဘူး ဦးသောင်းဒန်၊ သည်းခံပါ ခင်ဗျာ၊ ကျွန်တော့်စကားကြော ရှည်သွားတယ်”

“တိုတိုပဲ ပြောပါမယ် ဦးသောင်းဒန်၊ ကျွန်တော်တို့ ဝါဒက ပိုက်ဆံ မရှိလို့ ဆေးမကုရဘူးဆိုတဲ့ အဖြစ်ကို တိုက်ဖျက်ချင်တာပါပဲ၊ ပိုက်ဆံမရှိတဲ့ လူတွေ ဘယ်မှာရှိသလဲ၊ နေမကောင်းတဲ့လူတွေ ဘယ်မှာရှိသလဲ၊ အဲဒီ လူတွေဆီကို ကျွန်တော်တို့ သွားတယ်၊ ကျွန်တော်တို့ မြို့ကြီးပြကြီးမှာ မနေ ချင်ပါဘူး၊ ပိုက်ဆံမရှိသူတွေပေါတဲ့ တောရွာတွေမှာပဲ နေချင်ပါတယ်၊ အနာ ရောဂါထူပြောတဲ့တောရွာတွေမှာပဲ နေချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ပညာကနုသေးတယ်၊ ဆရာဝန်ကြီးတွေဆီမှာ ပညာယူချင်တယ်၊ ဒီကို ရောက်လာတဲ့ ဆရာဝန်တွေကတော့ ဆေးပညာကို မပေးဘူး၊ ပိုက်ဆံ ဘယ်လိုယူရမယ်ဆိုတဲ့ ပညာပဲပေးတယ်၊ အဖြူ ငါးကျပ်၊ အနီ တစ်ဆယ် ဆိုတဲ့ ပညာပဲပေးတယ်၊ ဒီအရပ်မှာ ကျွန်တော်တို့အချင်းချင်း စည်းရုံးတယ်၊ စခန်းသစ် ဒီဘက်က ဖားလွယ်မှာ အမျိုးသမီးကျန်းမာရေးမှူးတစ်ယောက် ရှိတယ်၊ မနှင်းဆီတဲ့၊ အသက်က ငယ်သေးတယ်၊ လှချင်ပချင်တဲ့ အရွယ်ပေါ့၊

အခု သူ့ကို ကျွန်တော် ချွတ်နေတယ်၊ တခြားဟာ မဟုတ်ပါဘူး၊ လှချင် ပချင်တာကို ချွတ်နေတာပါ၊ သူလဲ အိမ်ထောင်ရှင်ပဲ၊ အပျိုမဟုတ်ဘူး၊ ဆယ့်သုံးမိုင် ဆယ့်လေးမိုင်ဝေးတဲ့ နေရာတွေကို မိန်းမသားတန်မဲ့နဲ့လိုက်ပြီး ကလေးတွေ မွေးပေးတယ်၊ ဆေးကုပေးတယ်"

"ကဲ လိုရင်း မရောက်တော့ဘူး ရှည်သွားပြီ၊ ဒီငွေတွေအကြောင်း ဦးသောင်းဒန် သိချင်လိမ့်မယ်၊ ဒီငွေတွေဟာ ဥဩရွာ လလသသ အသင်းပိုင် ငွေတွေပဲ၊ ဥဩတစ်ရွာလုံးက ကျွန်တော့်ကို ဘုရားလို ကြည်ညိုတယ်၊ ကျွန်တော်အလိုရှိရင် ဘာမဆိုရအောင်ယူပေးတယ်၊ သူတို့ကို ကျွန်တော် ဆေးကုပေးတာကိုး၊ ကျွန်တော်တို့ လင်မယားမှာ ပိုက်ဆံမလိုတော့ဘူး ဦးသောင်းဒန်၊ ဒီနယ်မှာ ဘယ်နေရာသွားသွား ကျွန်တော်တို့ ထမင်းမငတ် ဘူး၊ လင်ကိုယ်မယား နှစ်ယောက်တည်းရယ်၊ ကျွန်တော့်ဆေးအိတ်က ကျွန်တော့်ကို ထမင်းကျွေးတယ်၊ ဒါပေမဲ့ အိမ်ကမိန်းမကိုတော့ ပိုက်ဆံ မမက်အောင် မနည်းတရားဟောထားရတယ်၊ အခုတော့ သူလဲ ကျင့်သား ရသွားပါပြီ၊ ကဲ အဲဒီငွေ ငါးထောင်ကို ခင်ဗျားတို့ ကြိုက်သလိုသုံး၊ ပေးနိုင် တဲ့အချိန်မှ ပြန်ပေး၊ အတိုး တစ်ပြားမှ မပေးရဘူး"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ ကျွန်တော်တို့စခန်း ပြောင်းခဲ့ပါ ဆရာ"

"ဟုတ်တယ်၊ အခုတော့ ခင်ဗျားတို့ဆီ တစ်လှည့်ပြောင်းနေဖို့ ကျွန်တော် စိတ်ကူးထားတယ်၊ ဥဩမှာလဲ ကျွန်တော့်ကို အလိုရှိတယ်၊ ခင်ဗျားတို့ စခန်းမှာလည်း ကျွန်တော် ရှိနေဖို့လိုတာပဲ၊ ဥဩမှာ နေမကောင်းတဲ့လူတွေ ရှိတယ်၊ ပိုက်ဆံမပေးနိုင်ကြဘူး၊ ဒီလိုပဲ၊ ခင်ဗျားတို့ဆီမှာလဲ ပိုက်ဆံမပေး နိုင်တဲ့ အလုပ်သမားတွေရှိတာပဲ၊ ကျွန်တော် တစ်လှည့်လာနေအုံးမယ်"

ထိုညက သောင်းဒန် အိပ်၍မပျော်။ စောသာအေး၊ ဒေးဗစ်တို့လည်း အိပ်၍ မပျော်ကြ။ သူတို့ မျက်စိထဲတွင် ဦးသောင်းထွန်းနှင့် ငွေငါးထောင် ကိုသာ မြင်နေကြလေသည်။

× × × × ×

မိုးမကုန်မီ တောင်ဘက်နှင့် မြောက်ဘက် ဘဲတောင်များ ပြီးမည်ဖြစ်သည်။ ယခု မြောက်ဘက်ကမ်းတွင် တိုင်များ လောင်းရန်အတွက် ပုံစံများ လုပ်နေသည်။ ဩဂုတ်လကုန်ခါနီးပြီဖြစ်ရာ၊ မိုးသည် အဆက်မပြတ်ရွာသွန်းသည်။ တောင်ကျချောင်းရေ ဒလဟောဆင်းသည့်အခါ ဆင်းသည်။ ချောင်း၏တောင်ဘက်နှင့် မြောက်ဘက်ကမ်းစပ်တို့တွင် ယာယီ သစ်သားတံတားများ ထိုးထားရသည်။ သစ်ဖောင်၊ ဝါးဖောင်များ ဆိုက်ရန်အတွက်လည်းကောင်း၊ မော်တော်ကားများ ကူးရန်အတွက်လည်းကောင်း၊ ဝန်ချီစက်များ မောင်းတက်၍ မြစ်ထဲမှပစ္စည်းများ သယ်နိုင်ရန်အတွက်လည်းကောင်း ဖြစ်သည်။

ရေလယ်တိုင် နံပါတ် (၁) ကို မိုးကုန်လျှင် ကွန်ကရစ်လောင်းမည်ဟု စိတ်ကူးထားသည်။ ယခုကား တောင်ဘက်ဆိပ်တွင် မြေကာဘဲတောင် တိုင်များရိုက်ပြီးပြီဖြစ်၍ ယင်းကိုတုပ်နှောင်ရန် ကွန်ကရစ်ဖိနပ်ထပ်လောင်းရမည်။ ထိုလုပ်ငန်းအတွက် ဘိလပ်မြေဖျော်စက်ကြီးကြီးတစ်ခု လိုသည်။ ရေလယ်တိုင် ကွန်ကရစ်လောင်းတော့မည်ဆိုလျှင် ဖော့သမ္ဗန်များ လိုသည်။

"ငါ ရန်ကုန်သွားမှ ဖြစ်မှာပါကွာ၊ ပစ္စည်းတွေ ဒီလောက် စုခဲ့တာတောင် လိုတာတွေ အများကြီးရှိသေးတယ်"

"ဘဲတောင်ပြီးအောင် စောင့်ပါအုံး ဆရာကြီး"

စောသာအေးနှင့် လှမင်းတို့က တားကြသည်။ ဤလုပ်ငန်းကိုကား

သူတို့နှင့် လွှဲထားခဲ့ချင်သည်။ သို့သော် သူတို့အားငယ်နေလိမ့်မည်ဟု တွေးကာ တောင်ဘက်ဘဲတောင်ထိပ်တက်လာသည်အထိ စောင့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

"ပစ္စည်းစာရင်းတွေ လုပ်ထားကွာ၊ ဟိုကျမှ အားလုံး ငှားရမှာပဲ၊ တို့ ဌာနချုပ်မှာ ရှိတာတွေတော့ အသုံးလိုမယ်ထင်တာအားလုံး ငါ ယူလာခဲ့ပြီးပြီ"

ဖော့သမ္ဘန်များ။ ယင်းတို့မှာ တွဲလျက် ဖြစ်သည်။ ယူနီဖလုတ်(ခေါ်) ပွန်တွန်းသမ္ဘန်နှစ်စင်း လိုသည်။ ယင်းမှာ ပစ္စည်းလည်း သယ်နိုင်သည်။ ရေလယ်တွင် ဖော့သမ္ဘန်အဖြစ်လည်း ကျောက်ချ၍ ရပ်ထားနိုင်သည်။ ထို့နောက် ဘိလပ်မြေဖျော်စက်ကြီးကြီး တစ်ခု။

"ဒီအသေးလေးတွေက လက်ဝင်တယ်၊ ဘယ်လောက်မှ မဆံ့ဘူး၊ ရွှေတိဂုံဘုရား တောင်ဘက်အဆင်း ရေလှောင်ကန်မှာ အမေရိကန်အင်ဂျင်နီယာတွေ ထားသွားတဲ့ ဂျာမန် ဘိလပ်မြေဖျော်စက်တစ်ခု တွေ့ခဲ့တယ်၊ အဲဒါ ဘယ်သူမှ အသုံးပြုရမှန်း မသိဘူး၊ ပျက်နေတယ် ပြောတယ်၊ ပြင်ပြီး တို့သုံးနိုင်တာပေါ့ကွာ၊ ရေစုပ်စက်တွေကတော့ ဆည်မြောင်းဌာနမှာ ငှားရမှာပဲ"

မီးရထားဌာနမှလည်း ဖော့သမ္ဘန်များ ငှားရမည်။ စစ်တောင်းတံတားဆောက်စဉ်က အသုံးပြုသည့် သမ္ဘန်များကို သောင်းဒန် မြင်နေသည်။ ပြီးတော့ သူတို့ဆီက ရေငုပ်ဝတ်စုံလည်း ငှားရမယ်။

သောင်းဒန်သည် ၂၄ နာရီလုံးလုံး စိတ်မအား၊ လူမအား ဖြစ်နေသည်။ နေ့တွင် လုပ်ငန်း၌ အာရုံစိုက်ရသည်။ ညတွင် စခန်းတွင်းရှိ ဖြစ်ပေါ်လာသည့် အရေးပေါ်ကိစ္စတို့ကို ခေါင်းဆောင်ကာ ဖြေရှင်းရသည်။ ချော့တန်သည့်သူကို ချော့ရသည်။ ငေါက်တန်သည့်သူကို ငေါက်ရသည်။ ဖျားသူကို ဆေးရုံပို့ရသည်။ အချင်းချင်း စကားများရန်ဖြစ်သည်တို့ကို ကျေရာကျေကြောင်း ဖျန်ဖြေစေ့စပ်ပေးရသည်။ သူ အကြောက်ဆုံးကား မိန်းမကိစ္စဖြစ်သည်။ ယခုအထိ ထိုကိစ္စမပေါ်သေးသည့်အတွက် ဝမ်းသာရသေးသည်။ မကြာခဏ ဖြေရှင်းပေးရသည်မှာ ပြည်သူ့ဆိုင်ကိစ္စ ဖြစ်သည်။ ထုံးစံအတိုင်းပစ္စည်း

ဝေခြမ်းရေးတွင် စကားများကြခြင်းဖြစ်သည်။ ကြာသော် ထိုကိစ္စတို့ကို မဖြေရှင်းတော့။ လှမင်း၊ အောင်ကြီးတို့နှင့် လွှဲထားသည်။ ရှားရှားပါးပါး ပစ္စည်းဖြစ်သည့် လက်တိုဂျင် နို့မှုန့်ဘူးနှစ်ဘူးသည် ခွဲတမ်းတစ်သုတ်တွင် ပါလာသည်။ တစ်စခန်းလုံးတွင် နို့စို့ကလေး၊ အခါလည် သားကလေးဒုနဲ့ဒေး ရှိသည်။ ခွဲခြမ်း၍လည်း မပေးနိုင်။ ထို့ကြောင့် ကော်မတီက မဲချပေးလိုက်သည် ။ တစ်ဘူးကို သံဂဟေဆော်သမား အုန်းတင် ရသွားသည်။ အုန်းတင် မိန်းမ မမြချစ်က စင်ရော်သို့သွားကာ ရောင်းစားလိုက်သည်။ ကျန်တစ်ဘူးကို လှမင်း မဲပေါက်သည်။ လှမင်း မဲပေါက်ရသလားဟု ပွစိပွစိပြောသည့်လူက ပြောသည်။ အုန်းတင်မိန်းမ မြချစ် ရောင်းစားသဖြင့် ဆူဆူညံညံ ပြောသည့်လူက ပြောသည်။ သောင်းဒန် မကြားချင်ယောင်ဆောင်နေလိုက်ရသည်။

မီးစက်သစ် လည်နေပြီ။ ည ၁၀ နာရီအထိ မီးပေးသည်။ မီးစက်မောင်း လှဖေသည် လျှပ်စစ်အင်ဂျင်နီယာနီးပါး ကျွမ်းကျင်သည်။ ကော်သူလေးမှ သယ်လာသည့် မီးစက်တွင် လိုသည့်ပစ္စည်းကို သောင်းဒန်နှင့်တိုင်ပင်ကာ ကြံဖန်လုပ်ကြသည်။ ဖြစ်မြောက်သွားသည်။ ဌာနချုပ်က စက်ပစ္စည်းများကို နားလည်သည့် စက်မှုအင်ဂျင်နီယာငယ်တစ်ယောက် ပို့ပေးမည်ဟု ဆိုသည်။ ယခုတိုင် မရောက်လာသေး။ မြေထိုးစက်၊ မြေညှိစက်၊ ဝန်ချီစက်၊ ရေစုပ်စက်၊ လွှစက်၊ ကျောက်ခွဲစက်၊ စက်အားလုံးကို မရပ်မနားအလုပ်လုပ်နိုင်အောင် ပြင်ဆင်ကြည့်ရှုရမည့်သူတစ်ယောက် အမှန်လိုသည်။ ထိုပစ္စည်းများမှာ နိုင်ငံခြားငွေနှင့် ဝယ်ရသည့်စက်ပစ္စည်းများဖြစ်သည်။ ပျက်လျှင် လွှင့်ပစ်၍ မဖြစ်။ ပြန်၍ သုံးရမည်။ ချွတ်ခြုံကျမှသာ လွှင့်ပစ်ရမည်။

မကြာမီပင် စက်မှုအင်ဂျင်နီယာ ဦးစန်း ရောက်လာသည်။ သူကား အင်းစိန်ကျောင်းထွက် ဖြစ်သည်။ အိမ်ထောင်ရှိသော်လည်း ရန်ကုန်တွင် ထားခဲ့သည်။ သူနှင့်အတူ ဘိလပ်မြေဖျော်စက်ကြီးတစ်လုံးနှင့် ပွန်တွန်း တစ်စင်းပါလာသည်။ သူ့ကို လူပျိုဆောင်၌ နေရာချထားပေးလိုက်သည်။ ဦးစန်းကား ရခိုင်မွတ်ဆလင် ဖြစ်သည်။ ဟန်ကျပြီ။ ယခုမှပင် ပြည်ထောင်စု

သားများ အစုံအညီ တံတားစခန်း၌ စုမိနေသည်။

"အဲဒီစက်ကြီးပေါ့ကွ၊ ငါ လက်ညှိုးထိုးပြခဲ့တာ၊ ဒါကြီးကို ပျက်နေပြီဆိုပြီး ယန္တရားကလဲ မသိမ်းဘူး၊ ဌာနချုပ်ကတော့ ဘယ်သိမလဲ၊ ဒါကြီးနဲ့ ဆိုရင်တော့ အလုပ်တွင်မှာပဲဟေ့၊ ဦးစန်း ခင်ဗျား ပြင်တတ်တယ်မဟုတ်လား"

"ကြည့်သေးတာပေါ့ ခင်ဗျ"

"ဖြစ်ပါတယ်ဗျာ၊ အဲ မော်တော်ကားတွေလဲ ခင်ဗျားလက် အပ်ရမှာပဲ၊ စက်တွေအားလုံး ခင်ဗျား တာဝန်ယူပေတော့"

တနင်္ဂနွေနေ့တွင်မူ အောင်ကြီးခေါင်းဆောင်သော လက်သမားအဖွဲ့သည် စာသင်ကျောင်းဆောက်ရန် မြေရှင်းကြသည်။ တစ်စခန်းလုံး လုပ်အားပေးကြသည်။ အင်ဂျင်နီယာများနေသည့် အိမ်တန်းအရှေ့ဘက်တွင် ချောက်တစ်ခုရှိသည်။ ချောက်အရှေ့ဘက် တောင်စောင်းသည် ခပ်ပြေပြေအနေအထားရှိသည်။ ထိုနေရာကို မြေထိုးစက်များ၊ မြေညှိစက်များနှင့်ဖြိုချကာ ညှိလိုက်သည့်အခါ တောင်စောင်းတွင် ပေ ၆၀၊ ပေ ၂၀ ကျောင်းတစ်နေရာအတွက် ချောင်ချောင်လည်လည် မြေပြန့်တစ်ခု ဖြစ်လာသည်။ အလယ်ရှိ ချောက်ကို အနည်းငယ်ဖို့ကာ အတက်အဆင်း လှေကားထစ်များ လုပ်ပေးသည်။ ညနေတိုင်း ၅ နာရီမှ ၇ နာရီအထိ ကလေးမိဘများ ကျောင်းဆောက်ရန် လုပ်အားပေးရမည်။ တစ်ဆက်တည်းပင် စတိုနှင့် ဆေးခန်းရှေ့တွင် ကလေးကစားကွင်းတစ်ခုဖြစ်အောင် မြေညှိလိုက်သည်။ ဒန်းများ၊ ဆီးဆောများ တပ်ဆင်ပေးမည်။ တစ်ဖန် လှမင်းတို့အိမ်ရှေ့တွင် စာဖတ်ခန်းတစ်ခု ဆောက်ရန်လည်း အစီအစဉ်သစ်တစ်ခု ပေါ်လာသည်။ စာဖတ်ခန်းဆောက်ရန် အကြံပေးသူမှာ နောက်ရောက်လာသည့် အင်ဂျင်နီယာလေး ဦးစန်းဖြစ်သည်။

တစ်ညနေတွင် စင်ရော်မှ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်း စခန်းသို့ အလည်ရောက်လာသည်။ သောင်းဒန်နှင့်အတူ ဂိုက်စကီ မော့ကြသည်။

"ဘယ်လိုလဲ ဆရာကြီး၊ စပါးဝယ် လာမယ်ဆို၊ ကျွန်တော်ဖြင့် မုနိန်တို့၊ အကိုင်းတို့ဘက်က လူတွေလာလို့ ပြောဆိုထားပြီးပြီ၊ ဆရာကြီးက

တော်တော်နဲ့ မပေါ်လာဘူး” ဗိုလ်ကြီးဇော်သန်းက သောင်းဒန်ကို အပြစ်တင်သည်။

“မအားဘူး ခင်ဗျာ၊ စင်ရော်လာချင်တာ ကြာလှပြီ၊ နည်းနည်းလေးမှ ဒီက မခွာနိုင်ဘူး ဖြစ်နေတယ်၊ ခွာလို့ မရဘူး ဖြစ်နေတယ်”

“ဘာတွေများ အလုပ်များနေလို့လဲဗျ၊ ခင်ဗျားတို့ တံတားက တိုင်တစ်လုံးတောင် ရေပေါ် မတက်လာသေးဘူး၊ ဖြစ်မှာ မဟုတ်ပါဘူးဗျာ ဟား . . . ဟား . . . ဟား”

“တော် . . . တော် ဗိုလ်ကြီး၊ အဲဒီစကား မပြောနဲ့၊ တစ်နေ့ကတောင် ကျွန်တော့်ဆီကကောင်တွေ တိုင်ရိုက်တာကို ကန်တော့ပွဲပေးချင်ပါတယ် လုပ်နေလို့ မနည်းတောင်းပန်ပြီး အုန်းပွဲ၊ ငှက်ပျောပွဲလေးလောက်နဲ့ ချွေးသိပ်လိုက်ရတယ်”

“အဲဒီတိုင် မတက်လာသေးပါလား”

“ကနေ့ မနက်ဖြန် တက်လာမှာပါဗျာ၊ စောင့်ကြည့်နေပါ၊ အခုဟာက တံတားလုပ်ငန်းထက် ကျောင်းဆောက်ရ၊ ကစားကွင်းလုပ်ရ၊ စာဖတ်ခန်း ဆောက်ရဆိုတဲ့ အလုပ်တွေကပိုလာတယ် ခင်ဗျာ”

“အမယ် ဟုတ်လှချေလား”

“ကျွန်တော့်စခန်းက မြို့လေးတစ်မြို့ပဲ ဗိုလ်ကြီး၊ ရုပ်ရှင်ရုံနဲ့ ဈေးပဲ လိုတော့တယ်”

“ဘောလုံးကွင်းကောဗျာ”

“ဟုတ်ပါ့ခင်ဗျာ၊ ဗိုလ်ကြီးပြောမှ သတိရတယ်၊ ဒီကောင်တွေ နေ့ ရှိသရွေ့ နားပူနေတာ၊ ခင်ဗျားတို့ဆီက ဘယ်အဖွဲ့တွေ ရှိသလဲ၊ ချိန်းပြီး ကန်ကြမယ်လေ”

“အင်း . . . အင်း၊ ကန်မယ်၊ ခင်ဗျားတို့ ဘောလုံးကွင်း ဆောက်ပြီးသာ ကျင့်ထားကြ၊ ကဲ ဒါတွေ ထားပါအုံး၊ ဘယ်တော့ စပါးဝယ် လွှတ်မှာလဲ”

“ဟုတ်တယ်၊ သန်းမောင်ကို လွှတ်လိုက်မယ်ဗျာ၊ ကျွန်တော်တော့ မလိုက်နိုင်ဘူး”

"မြန်မြန်လွတ် ဆရာကြီး၊ အခု ပိုပြီးရှားလာပြီ၊ ခင်ဗျားတို့က တစ်နေ့က ဆန်အိတ် ဆယ်လုံးလောက်ရလို့ အေးသွားတယ်နဲ့ တူတယ်"

"မဟုတ်ပါဘူးဗျာ၊ အခုတောင် ခြိုးခြံရေး စနေရပြီ"

ယခင်က လူကြီးတစ်ယောက် ဆန် နို့ဆီဘူးတစ်လုံးခွဲ၊ ကလေးနို့ဆီဘူး တစ်လုံးပေးသည်ကို လျှော့ချကာ လူကြီးတစ်ယောက် ဆန်နို့ဆီဘူးတစ်လုံး၊ ကလေးတစ်ယောက် နို့ဆီဘူး လေးပုံသုံးပုံ သတ်မှတ်လိုက်သည်။ အပိုအမို မချက်ရ။ အလေအလွင့် မရှိစေရ။ ထမင်းရည် သွန်မပစ်ရ။ ကလေးများအား တိုက်ရမည်။ တစ်ပတ်လျှင် နှစ်ရက် ဆန်ပြုတ်သောက်ရမည်ဟု စည်းကမ်း ထုတ်လိုက်သည်။

"ခင်ဗျားလဲ သာလွန်မင်းတရားကြီး ဖြစ်နေပြီ"

"မတတ်နိုင်ဘူးလေဗျာ၊ ဒီလိုမှမလုပ်ရင် ငတ်ပေါက်တိုးမှာကိုး၊ ဒီနေ့ည ခင်ဗျားလာတာ ဆန်ပြုတ်သောက်တဲ့နေ့ မဟုတ်လို့ အများကြီး ကံကောင်း တယ် မှတ်"

သူတို့နှစ်ယောက်ကား ရင်းနှီးနေကြပြီး ဗိုလ်ကြီး၊ ဦးသောင်းဒန် ဟူ၍ မခေါ်ကြတော့။ ခင်ဗျား၊ ကျွန်တော်နှင့်ပြောနေကြပြီး တစ်ခါတစ်ရံ ကိုသောင်းဒန်ဟုခေါ်၍ တစ်ခါတစ်ရံ ဆရာကြီးဟု ခေါ်သည်။

"ဆရာကြီးဆိုတာ ဘယ်သူပေးတဲ့ ဘွဲ့လဲဗျ"

"ဘွဲ့ မဟုတ်ပါဘူးဗျာ၊ လှမင်းပေ့ါ၊ လှမင်း စပြီး ခေါ်လိုက်တာ၊ အခု အားလုံးက ဆရာကြီး ဖြစ်နေကြပြီ"

ထိုနေ့ညမှာပင် သန်းမောင်ကိုခေါ်ကာ ဗိုလ်ကြီးဇော်သန်းနှင့် တွေ့ဆိုင် ပေးလိုက်သည်။ မုနိန်၊ အကိုင်းစသော ရွာတို့သည် ကျိုးဖြူ၏ အနောက်တောင် ဘက်ရှိ ပင်လယ်ကမ်းနားမှ ရွာများ ဖြစ်ကြသည်။ ထိုဒေသတွင် ယခုတိုင် စပါး ရနိုင်သေးသည်။ မောင်းထောင်းဆန် ကြိတ်ယူရမည်။ သို့သော်ငြား လည်း တစ်ခါတစ်ရံ သူပုန်များရောက်လာပြီး အစိုးရကို စပါးမရောင်းရဘူး ဟု အမိန့်များ ထုတ်သွားကြသေးသည်။ သို့သော် ဗိုလ်ကြီးဇော်သန်းနှင့် နလကဥက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင်တို့ စီမံပေးလျှင် ဖြစ်နိုင်လောက်စရာ အများ

ကြီးရှိသည်ဟု သောင်းဒန် ယုံကြည်သည်။

နောက်တစ်နေ့မနက်တွင် ဗိုလ်ကြီးဇော်သန်းနှင့်အတူ သန်းမောင်နှင့် ပစ္စည်းထိန်း ဦးဖေမောင်တို့ လိုက်သွားကြသည်။ ဦးဖေမောင်သည် စိမ့်မြိုင်တွင် အင်္ဂလိပ်ခေတ်က စတီးဘရားသားစပါးအဝယ်တော် လုပ်ဖူးသူဖြစ်သဖြင့် ထိုဒေသများသို့ ရောက်ဖူးသူဟု သိရသည်။ မိတ်ဟောင်းဆွေဟောင်းများရှိသေးသည်ဟုလည်း ဆိုသည်။

"ဟုတ်မှ လုပ်ပါဗျာ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က အသိအကျွမ်းတွေ ဘယ်ရှိပါတော့မလဲ"

သောင်းဒန်သည် မိုး ဒလဟော ရွာနေသည့်အကြားမှ တောင်ဘက်ဘဲတောင်ဆီသို့ ဆင်းလာသည်။ မြောက်ဘက်ကမ်းသို့ ကူးမည်စိတ်ကူးသည်။ သို့သော် မကူးနိုင်။ လေလည်း အနည်းငယ်ထန်သည်နှင့် ချောင်းရေပြင်သည် လှိုင်းတံပိုး ကြွလာသည်။ ချောင်းတစ်ဖက်ကူးရန် လှေတစ်စင်းထားသည်။ ထိုလှေကား ဝမ်းလုံးလောင်းလှေ ဖြစ်သည်။ သင်ဖြူးခင်းနေသည့် ရေပြင်မှာပင် လှေနံကို တစ်ဖက်စောင်းနင်းလျှင် လူးသည်။ ယခုလို လှိုင်းထန်နေလျှင်ကား ပြောဖွယ်မရှိတော့။ ထို့ကြောင့် တောင်ဘက် ဘဲတောင်တွင် မြေတူးနေကြသည်ကို စောင့်ကြည့်နေသည်။

"ဟော့ ဟော့ မဖြစ်ဘူး၊ ဒီလောက် မိုးသည်းနေတာ ရေတွေဝင်မှာပဲ၊ ခဏရပ်ထားလိုက်အုံး"

လေနှင့် မိုးနှင့် အလုပ်လုပ်ရသဖြင့် လုပ်ငန်းမတွင်ကျယ်။ သို့သော်လည်း စိတ်ပျက်နေ၍ မဖြစ်။ ညည်းနေ၍ မဖြစ်။ လေမိုး ကြားထဲမှာပင် ဖြစ်သလို လုပ်သွားရဖို့ ကြံစည်ရသည်။ မိုးရပ်မှ ဆက်၍တူးမည်။ သို့သော်လည်း ကွန်ကရစ်မလောင်းနိုင်မီ မိုးရွာခဲ့သော် ကျင်းထဲသို့ ရေများ ဝင်နိုင်သည်။ ဘဲတောင်တိုင် ရိုက်ထားသည့်နေရာကို အမိုးလုပ်ထားနိုင်သည်။ ကျင်းဘေးပတ်ပတ်လည်တွင် ရေစီးမဝင်နိုင်အောင် ကန်သင်းပေါင်များ လုပ်ထားနိုင်သည်။

"ဒါလဲ မဖြစ်သေးဘူး စောသာအေး၊ အမိုးလုပ်ထားတော့ မြေကြီး

တွေကို သယ်ဖို့ ကရိန်းမဝင်နိုင်တော့ဘူး”

“မိုးရေကလဲ စိမ့်ဝင်အုံးမှာပဲ ဆရာကြီး”

“အေးကွာ၊ ရေစုပ်စက် အားကိုးရမှာပဲ၊ ဒါပေမဲ့ အခုနေ မိုးသည်းနေတုန်းတော့ ဆက်မကူးနဲ့၊ အလကားပဲ”

သောင်းဒန်သည် တစ်စုံတစ်ခုကို တွေး၍ စဉ်းစားနေသည်။

“ငါတော့ မိုးကုန်အောင်တောင် စောင့်မနေချင်ဘူး၊ တိုင်နံပါတ် (၁) ကို စ ချင်ပြီ၊ မြောက်ဘက် ဘဲတောင် ရိုက်နေတုန်း ပြိုင်လုပ်ကြရင် မကောင်းဘူးလား”

စောသာအေး ဘာမျှ ပြန်မပြော။

“ဒါပေမဲ့ ဖောင်တွေ ဆင်ရဖို့က ရှိသေးတယ်ကွ၊ အခု ဩဂုတ်လ ကုန်ခါနီးပြီ၊ စက်တင်ဘာလပဲ ကျန်တော့တယ်၊ အောက်တိုဘာလဆိုရင် မိုးနည်းသွားပြီ၊ ဒီတော့ ငါ ရန်ကုန်လိုက်သွားမယ်၊ ဆည်မြောင်းနဲ့ မီးရထားက ဖောင်တွေ၊ သမ္ဗန်တွေ ငှားမယ်၊ တခြားလိုတာလေးတွေလဲ တောင်းရအုံးမယ်၊ ကျောင်းကိစ္စတော့ စိမ့်မြိုင်မှာ ဝင်ပြီးပြောရမှာပဲ၊ မူလတန်းကျောင်းဆိုတော့ လွယ်မှာပါပဲကွာ”

သောင်းဒန် စိတ်သည် အအားမနေ။ လုပ်စရာကိုင်စရာတို့ကို အကွက်စေ့အောင် စဉ်းစားနေသည်။ အောက်တိုဘာလဆန်းတွင် တိုင်နံပါတ်(၁)စ၍ လောင်းရန်အတွက် ယခုက ကြိုပြီးပြင်ဆင်ထားရမည်။ အရေးကြီးသည်မှာ မြေစမ်းခြင်းပင် ဖြစ်သည်။

× × × × ×

## ၁၇

သောင်းဒန်သည် ရုံးပေါ်တွင် အလုပ်များနေသည်။ စောသာအေး၊ လှမင်းတို့နှင့် တွက်ချက်နေရသည်။ ရန်ကုန်သို့ မသွား၍ မဖြစ်တော့။ မှာထားသည့်ဖောင်များ၊ သမ္ဘန်များ မရောက်လာသေး။ လူကိုယ်တိုင် လိုက်မှဖြစ်မည်။ သို့ဖြစ်ရာ မသွားခင် ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင်များလုပ်ရန်အတွက် ပုံစံများ လုပ်ခိုင်းရမည်။ အားလုံးကို အောင်ကြီးအား တာဝန်ပေးမည်ဟု စိတ်ကူးထားသည်။ အောင်ကြီးသည် ရာထူးတက်စမို့ တက်တက်ကြွကြွရှိသည်။ မနားမနေ မခိုမကတ် လုပ်သည်။ မိန်းမ မပါလာသည်မှာလည်း ကောင်းသည်။ အိမ်ထောင်အတွက် ဗာဟီရမများရဟု သောင်းဒန် ယူဆသည်။ သောင်းဒန်လည်း ထို့အတူပင်ဖြစ်သည်။ သို့ကြောင့်ပင် အချိန်ရှိသရွေ့ အလုပ်လုပ်နိုင်သည်။ အကြံထုတ်နိုင်သည်။ စဉ်းစားနိုင်သည်။

"ဒီဘက်ကမ်းမှာ ရက်မ ဆယ်ခုအတွက် ပုံလောင်းရမယ်၊ ဟိုဘက်ကမ်းမှာ ဆယ့်ငါးခု ပုံလောင်းမယ်"

မြောက်ဘက်ကမ်းသည် နေရာကျယ်သည်။ မြေပြန့်လည်း ဖြစ်သည်။ စခန်းရှိသော တောင်ဘက်ကမ်းကား မြေပြန့်မဟုတ်။ တောင်ကုန်း၊ တောင်စောင်းများ ပေါ်သည်။ သူတို့စခန်းကိုပင် တောင်စောင်း၌ ဆောက်ထားရသည်။ သို့ဖြစ်ရာ မလုည့်သာ၊ မစောင်းသာ ဖြစ်နေသည်။ အဆောက်အအုံများကလည်း ရှိနေရာ သည်ဘက်တွင် ရက်မ ဆယ်ခုသာလုပ်မည်ဟု

သောင်းဒန် စိတ်ကူးသည်။

"ရက်မတွေ တင်တဲ့အခါ ဘယ်ဘက်က တင်ရတာ လွယ်မလဲ၊ လွယ်တဲ့ဘက်မှာ များများတင်ရမယ်"

ဘဲတောင်နှစ်ခုနှင့် တိုင် ၄ လုံးပေါ်တွင် ပေ ၁၀၀ ခန်းဖွင့် ၅ ခုရှိသည်။ ခန်းဖွင့်တစ်ခုပေါ်တွင် ရက်မ ငါးချောင်း တင်မည်။ ယခုအတိုင်းဆိုလျှင် တောင်ဘက် နှစ်ခန်းအတွက် ရက်မ ဆယ်ချောင်း၊ မြောက်ဘက်သုံးခန်းအတွက် ရက်မ ဆယ့်ငါးချောင်း ဖြစ်သည်။

သောင်းဒန်သည် ရက်မ ပုံစံများအတွက် တွက်ချက်နေရင်း မဖြောင့်နိုင်ဘဲ ကမ်းစပ်ဆီသို့ ခေါင်းထောင်၍ ခဏခဏ ကြည့်နေသည်။ မိုးကလည်း မစဲသေး။ ၁၀ နာရီသာသာမှ မိုးစဲသွားသည်။ မိုးစဲလျှင်ပင် ဝန်ချီစက် မောင်းသံ၊ မြေတူးစက် မောင်းသံတို့ကို ကြားရသည် ။ သောင်းဒန် ပြုံးလာသည်။ ခဏကြာလျှင် ရုံးပေါ်သို့ ဒေးဗစ် တက်လာသည်။ မျက်စိမျက်နှာ မကောင်းလှ။

ဒေးဗစ်ကို ရေလယ်တိုင် နံပါတ် (၁) အတွက် မြေစမ်းခိုင်းထားသည်။ သူတို့တွင် ဌာနချုပ်က ပေးလိုက်သော မြေစမ်းအဖွဲ့၏တွေ့ရှိချက်များ လက်ဝယ်ရှိနေသည်။ သို့သော်လည်း လက်တွေ့လုပ်ရတော့မည့်အခါ သေချာသည်ထက် သေချာအောင် ထပ်၍ စမ်းရမည်။ ထို့ပြင် ရုံး၌လည်း စမ်းသပ်ခန်းကလေးတစ်ခု ဖန်တီးထားသေးသည်။ တွေ့ရှိသည့် သဲ၊ ကျောက်၊ နုန်းတို့၏ ပါဝင်ပုံများ၊ ဓာတ်ဖွဲ့စည်းပုံများ၊ ယင်းတို့၏သိပ်သည်းခြင်းများကို တိုင်းတာနိုင်သည့် စမ်းသပ်ခန်း အငယ်စားလေး ဖြစ်သည်။

"ဘာလဲ၊ မစ္စတာဒေးဗစ်"

"ကျောက်တွေ့နေတယ် ဆရာကြီး"

"ဟင်၊ ဘာပြောတယ် မစ္စတာဒေးဗစ်"

"ကျောက် ဆရာကြီး၊ ကျောက် တွေ့လို့"

"ဟုတ်ရဲ့လား ဒေးဗစ်ရယ်၊ သူတို့ စမ်းထားတဲ့ဟာပဲ၊ သဲကြမ်းနဲ့ နုန်းပဲ ရှိတယ်တဲ့၊ ကျောက်စရစ် နည်းနည်းပါးပါးလဲ ရှိတယ်တဲ့၊ သူတို့အဆိုပဲ"

“ဒါ ပေ ၂၀ မှာ တွေ့တဲ့ ကျောက်ပဲ ဆရာကြီး၊ အောက်ကို ဆက်ဖောက်လို့ မရဘူး”

“ဘယ်နေရာ စမ်းတာလဲ”

“အခုဟာ ပထမဆုံးတွင်းပဲ ဆရာကြီး၊ နောက် နှစ်ပေအကွာမှာ တစ်တွင်းထပ်ဖောက်နေတယ်”

“စောသာအေး လာဟေ့၊ လှမင်းလဲ လိုက်ခဲ့၊ ဘယ်သူ့မှ မပြောကြနဲ့အုံး”

သောင်းဒန်တို့သည် ဒေးဗစ်နှင့် ရေလယ်သို့ လိုက်သွားကြသည်။ သူတို့ရောက်သည့်အခါ ဒုတိယတွင်း ဖောက်နေဆဲ ဖြစ်သည်။ ရေလယ်တွင် ဖောင်တစ်ခုကို ယာယီကျောက်ချပြီးနောက် လွန်စက်နှင့် ရေအောက်သို့ ဖောက်နေကြသည်။

“တွေ့လား ဆရာကြီး၊ လွန် မတိုးတော့ဘူး၊ တောင့်ခံနေတယ်၊ အသံက ပိုပြီး မာလာတယ်”

သောင်းဒန်သည် မျက်နှာကြီး တစ်ခုလုံး အရေများ တင်းလာသည်အထိ အံကိုကြိတ်ထားသည်။ မကြာမီ လွန်ကို ပြန်၍နုတ်လိုက်သည်။ ကျောက်စကျောက်နများ ပါလာသည်။ သူတို့ မကျေနပ်ကြ။ နောက်ထပ် ၄ ပေအကွာတွင် တစ်ခါ ထပ်၍ ဖောက်ကြပြန်သည်။ ထိုအတိုင်းပင် လွန်တိုး၍ မပေါက်နိုင် ရှိနေသည်။ ကျောက်သည် အောက်ခံ၌ တစ်ပြင်လုံးလိုလို ရှိနေဟန် တူသည်။ ကျောက်ဖျာကြီးတစ်ခုလုံး ရှိနေဟန်တူသည်။

ဘာလုပ်ရမလဲ။ သောင်းဒန် စိတ်ရှုပ်သွားသည်။ စောသာအေး၊ လှမင်း၊ ဒေးဗစ်မှ အစ အလုပ်သမားအားလုံး သူ့မျက်နှာကို ကြည့်နေကြသည်။ လုပ်ငန်းက စမိလျက်သား ဖြစ်နေပြီ။ ဆုံးခန်းတိုင်အောင် လုပ်နိုင်ပါမည်လား။ ဒီတစ်နေရာမှာပဲ ကျောက်ရှိနေသလား၊ အခြား ရေလယ်တိုင်နေရာများမှာကော ဘယ်လိုလဲ။ ဒီလိုပဲ ကျောက်ဖျာကြီး ခံနေမှာလား။

“သူတို့ စမ်းသွားတယ် မဟုတ်လား ဆရာကြီး” လှမင်းက မကျေနပ်၍ မေးသည်။

"ဟုတ်တယ် လှမင်း၊ သူတို့ စမ်းသွားတာပဲ၊ ဘာမှ မတွေ့ဘူး၊ ဘယ်လို စမ်းသွားကြသလဲ မသိဘူး၊ သာမန်ကာလျှံကာ စမ်းသွားကြတာနေမှာပဲ၊ ငါအစကတည်းက ဒီနေရာကို မရွေးပါနဲ့လို့ ပြောတယ်၊ မရဘူး၊ ဒီနေရာမှ ဒီနေရာကိုပဲ တမ်းတမ်းစွဲဖြစ်နေတယ်"

သောင်းဒန်သည် ချက်ချင်းပင် စကားပြော ရပ်လိုက်သည်။ သူ့နဖူး ကြောကြီးများ ရှုံ့တက်လာသည်။ မျက်လုံးတို့သည်လည်း ရီဝေလာသည်။ ခေါင်းထဲတွင် ကြည်ကြည်လင်လင် မရှိ။ စိတ်ထဲရှိသမျှ စကားများကို အိတ်သွန်ဖာမှောက် ပြောလိုက်ချင်သည်။ သို့သော်လည်း အလုပ်သမား များကို ငဲ့နေရသည်။ အားလုံးက သူ့မျက်နှာကို ကြည့်နေကြသည်မဟုတ် လား။ သည်လို အခိုက်အတန့်မျိုးတွင် သူက စိတ်အားတက်ကြွနေမှဖြစ် မည်။ သူ့စိတ်ဓာတ်သည် ကျောက်တောင်ကိုဖောက်မည့် စိန်သွားလို မာကျော နေရမည်။ ဖောင်ပေါ်တွင် ရပ်နေရာမှ ချောင်းညာသို့ လှမ်းမျှော်ကြည့်လိုက် သည်။ ထို့နောက် လှမင်းနှင့် စောသာအေးကို အနားသို့ခေါ်ကာ ချောင်း ညာဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

"မင်းတို့ သတိထားမိမလား မသိဘူး၊ ဟောဟို ချောင်းအကွေ့နားမှာ ကျောက်ဆောင်တွေ ရှိတယ်၊ တစ်နေ့က မော်တော်နဲ့ အထက်နားကို ကျောက်စရစ်ရှာရအောင် ဆန်တက်သွားတုန်းက တွေ့ခဲ့တယ်၊ ဟောဒီ အောက်က ကျောက်တွေနဲ့ တစ်ဆက်တည်း နေမှာပဲကွ၊ ဘာမှ မဝေးဘူး၊ တစ်ဖာလုံလောက်ပဲ ရှိတယ်"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော့်ကို ဘချစ်က ပြောတယ်"

သောင်းဒန် စိတ်ထဲတွင် ထင့်ခနဲဖြစ်လာသည်။

"ငါကိုယ်က မှားတာကွာ၊ တို့ပထမဆုံးလာတုန်းက သော်ကောင်းက အဲဒီကျောက်ဆောင်ကို ပြတယ်၊ ငါက နေရောင်ကြောင့် ရေပြင်မှာ လက်နေ တာပါကွာလို့ ပြောခဲ့တယ်၊ အဲဒီတုန်းက သေသေချာချာသွားပြီး ကြည့်ဖို့ ကောင်းတယ်၊ နောက်တစ်ခါ မြေစမ်းအဖွဲ့လာတော့ ငါပါ လိုက်လာဖို့ ကောင်းတယ်၊ အေး၊ ပြီးပြီးသားတွေ ပြန်ပြောနေလို့ အလကားပဲ၊ အခု

ကျောက်တွေ့တာကို ဘယ်သူ့မှ အသိမပေးနဲ့၊ အလုပ်သမားတွေ ဘာမှသိတာ မဟုတ်ဘူး၊ ဒီကျောက်လောက်တော့ အပျော့ပေါ့ကွာလို့သာ ပြောထား ကြ၊ မသိသေးတဲ့ လူလဲ ဘာမှမပြောစေနဲ့၊ ပိတ်ထား၊ ရန်ကုန်ကို သံကြိုး ရိုက်ရမယ်”

ထိုနေ့မှာပင် ရန်ကုန်ဌာနချုပ်သို့ ရေအောက်၌ ကျောက်တွေ့နေ ကြောင်း သံကြိုးရိုက်လိုက်သည်။ လဆန်းတွင် ရန်ကုန်မှ လိုက်လာမည်ဟူ သော သံကြိုးတစ်စောင် ပြန်လာသည်။ စိမ့်မြိုင်တိုင်း အင်ဂျင်နီယာထံသို့ လည်း အစီရင်ခံလိုက်သည်။

မည်သို့ပင်ဖြစ်စေ တောင်ဘက် ဘဲတောင်ကား မြေပေါ်သို့ တက်လာ သည်။ အောက်ခြေကို တူးနှိုက်ကာ တိုင်များကို ကွန်ကရစ်နှင့် တုပ်လိုက် သည်။ ပြီးလျှင် တိုင်များထိပ်၌ ထိပ်အုပ်တစ်ခု လောင်းလိုက်သည်။ ထိပ်အုပ် ပေါ်တွင် ဘဲတောင်သည် တဖြည်းဖြည်း မြင့်တက်လာသည်။ သံချိသံကွေး၊ ပန်းရန်၊ လက်သမားအားလုံး သူ့အလုပ်နှင့်သူ မအားလပ်ရအောင် ရှိနေကြ သည်။ ရေလယ်တွင် ကျောက်တွေ့နေသည်ကို သူတို့ မသိ။

အောင်ကြီးနှင့်အဖွဲ့သည် မြောက်ဘက် ဘဲတောင်အတွက် သစ်သား ပုံစံများ ရိုက်နေကြသည်။ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ စခန်းတစ်ခုလုံး စက်သံများဖြင့် ဆူညံနေသည်။ နဂိုက ထိုချောင်းထိပ်တွင် အရံအတား မရှိ။ ဟာလာဟင်းလင်းကြီးသာ ဖြစ်သည်။ ယခုကား အုတ်ခုံဖြူဖြူကြီးတစ်ခုသည် မြေကြီးထဲမှ မျှစ်စို့ကြီး ပြူထွက်လာသလို တဖြည်းဖြည်း မြင့်တက်လာသည်။ ညနေတိုင်လျှင် ရေတွင်းသို့ ရေချိုးဆင်းကြသူတို့သည် ဖြူဖြူကြီး တစ်နေ့တခြား အထက်သို့ တိုးတက်လာသည်ကို မြင်ရသည့်အခါ အားရဝမ်းသာ ဖြစ်လာ ကြသည်။ လက်သမား၊ ပန်းရန်၊ ပန်းပဲဆရာ၊ သံချိသံကွေး အလုပ်သမားများ အားလုံးတို့သည် သူတို့လက်ရာကို ကြည့်ကာပီတိ ဖြစ်နေကြသည်။ နောက် သုံးလေးလဆိုလျှင် မြောက်ဘက်ချောင်းထိပ်၌ မျှစ်စို့ဖြူဖြူကြီးတစ်ခု ထိုးထွက် လာဦးမည်။ ယခုပင် တိုင်ရိုက်စက်ကြီးကို ဖောင်နှင့်တင်ကာ မြောက်ဘက် ကမ်းသို့ ပို့လိုက်ပြီးပြီ။ မြောက်ဘက်ကမ်းထိပ်တွင် တိုင်ရိုက်စက်ကြီးကို

အပိုင်းပိုင်းပြုတ်နေရာမှ ပြန်၍ ဆင်နေသည်။ ဝန်ချီစက်တစ်ခုကို မြောက်ဘက်ကမ်းသို့ ပို့ရန်ပင် ပြင်ဆင်နေကြသည်။

မြောက်ဘက်ကမ်းတွင် စက်များ၊ ကားများ ထားရတော့မည်ဆိုလျှင် ကင်းပုန်းထားရန် လိုလာပြီ။ ထို့ကြောင့် သောင်းဒန်သည် တပ်ကြပ်ကြီး အိမ်ကောင်းနှင့် ဆွေးနွေးသည်။ အိမ်ကောင်းက သူနှင့်မပြီး။ ဗိုလ်မှူးနှင့် ဆွေးနွေးပါဆိုသဖြင့် စခန်းသစ်သို့ လှမ်း၍ ချိန်းရသည်။

"ဒီလိုဆိုရင် စိမ့်မြိုင်ကိုပါ လိုက်သွားပါလား ကိုသောင်းဒန်" လှမင်းက အကြံပေးသည်။

"မသွားချင်ဘူးကွာ၊ ငါ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ စိမ့်မြိုင်သွားရင် တိုင်းမှူးနဲ့တွေ့နေလို့ အဖြေရခက်နေအုံးမယ်"

"ဘာအဖြေရ ခက်မှာလဲ၊ ဖြစ်တဲ့အတိုင်း ပြောလိုက်ရုံရှိတာပေါ့ ကိုသောင်းဒန်ရ၊ ကျွန်တော်တို့ တတ်နိုင်တာမှ မဟုတ်ဘဲ"

"အခုနေမှ နောက်ကြောင်းတွေ ပြန်ပြောနေရတော့ မကောင်းဘူး လှမင်း၊ အေးကွာ၊ တိုင်းအင်ဂျင်နီယာဆီ ဝင်တွေ့ပြီးတော့ အကျိုးအကြောင်းတော့ ပြောထားရင် ကောင်းမယ်ထင်တယ်၊ သူကတစ်ဆင့် တိုင်းမှူးကိုပြောလိမ့်မယ်၊ ငါ မပြောချင်ဘူးဆိုတာက အစက ဒီနေရာမှာ မရွေးပါနဲ့ဆိုတဲ့ ငါနဲ့ သော်ကောင်း ပြောထားတဲ့စကားကို ပြန်ပြီး ထွက်မိမှာစိုးလို့ပါ"

တကယ်တမ်း ပြောကြမည်ဆိုလျှင် ကနဦးအစီအစဉ်မှာ တစ်မျိုးဖြစ်သည်။ စင်ရော်တံတား ဆောက်တော့မည်ဟု ဆွေးနွေးကြစဉ်က စောစောပိုင်း အစည်းအဝေးများတွင် တံတားဆောက်လုပ်ရေး၌ နှစ်ပိုင်းခွဲသည်။ တစ်ပိုင်းမှာ မြေဝင်တိုင် လုပ်ငန်းဖြစ်သည်။ အောက်ခံထည်ဟု ခေါ်သည်။ ယင်းကို အင်ဂျင်နီယာတစ်ဦးက ဆောက်ရမည်။ အပေါ်ပိုင်း ကြိုတင်အားဖြည့်ကွန်ကရစ် ရက်မလောင်းရန်၊ တိုင်ပေါ်တင်ရန် အခြားအင်ဂျင်နီယာတစ်ဦးက တာဝန်ယူရမည်။ ဒုတိယအပိုင်းဖြစ်သော အပေါ်ထည်ကို သောင်းဒန်ဆောက်လုပ်ရမည်ဟု သဘောပေါက်ခဲ့သည်။ နောက်ပိုင်း အစည်းအဝေးများတွင်မူ တိုင်ဆောက်ချင်သည့်သူပင် မရှိ။ အားလုံး သောင်းဒန် တာဝန်ယူ

ရဖို့ ဖြစ်လာသည်။ သောင်းဒန် မငြင်းခဲ့၊ ယခုမှ သည်အကြောင်းများသည် သူ့ခေါင်းထဲတွင် အစီအရီ ပြန်ပေါ်လာသည်။

“ဒီတိုင်မှာ ကျောက်တွေ့ရင် တခြားတိုင်နေရာတွေလဲ ကျောက်တွေ့မှာပဲ” ထိုအတွေးသည် သူ့ကို ချောက်ချားစေသည်။

“ဒီလောက်နဲ့ စိတ်ပျက်စရာလား သောင်းဒန်၊ မင်း အင်ဂျင်နီယာ မဟုတ်ဘူးလား၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆောက်ရမှာပေါ့၊ ဖြစ်နိုင်တဲ့နည်းတွေ အများကြီးပဲ၊ မင်း ဒီလောက် စိတ်ဓာတ်မခိုင် ဖြစ်နေရသလား”

သူ့ကိုယ်သူ အားပေးရသည်၊ လုပ်ငန်းသည် ရပ်ထား၍ မဖြစ်။ အားလုံးဝိုင်း၍ ညှိနှိုင်းဆွေးနွေးကာ အဖြေကောင်း ထွက်လာအောင် ရှာကြရမည်။ သူ့ထက် သိနားလည်သူတွေ၊ သူ့ထက် တတ်သူတွေ ရှိသေးသည်။ သူတို့ကို အားကိုးရမည်။ သောင်းဒန်၏စိတ်သည် အတည်မကျ ဖြစ်နေသည်။ သီရိတံတားတိုင်ကြီး လဲကျသွားစဉ်က အင်္ဂလိပ် အင်ဂျင်နီယာဟန့်တားသည် တိုင်ကြီးနှင့်အတူ ရေထဲ ဆင်းသေမည်ဆိုသည်ကို အမှတ်ရလာသည်။ ထိုအဖြစ်အပျက်ကို သောင်းဒန် အမှတ်ရလျှင် သူ့စိတ်သည် ပို၍ ချောက်ချားလာသည်။ ထိုအကြောင်းကို လှမင်းအား ပြောပြသည့်အခါ လှမင်းက သူ့ကို ချွေးသိပ်သည်။ လှမင်း၏စကားသည် သက်သာရာရစေသည့်စကား ဖြစ်သည်။ ထိုအဖြစ်အပျက်ကို လှမင်းလည်း သူ့လိုပင် သိသည်။

“ဟာ ကိုသောင်းဒန်ကလဲ၊ သီရိမှာက ဟန့်တား ပေါ့သွားလို့ ဖြစ်တာကိုးဗျ၊ တိုင်ကြီးက စောင်းနေပြီ၊ အဲဒါ အလေးချိန်ကို ခံနိုင်ပါသေးတယ်၊ ခံနိုင်ပါသေးတယ်ဆိုပြီး အပေါ်ကသာ ကွန်ကရစ် ထပ်လောင်းနေတာပဲ၊ ကဆွန်းအလယ်က မြေကြီးနှိုက်ထုတ်ပြန်တော့ တိုင်စောင်းတဲ့ဘက်က မြေကြီးကိုမှ နှိုက်ထုတ်မိလျက်သား ဖြစ်နေတာ၊ အခုဟာက ကျွန်တော်တို့ ပေါ့တာမှ မဟုတ်တာ၊ သူတို့မြေစမ်းတဲ့ အစီရင်ခံစာအရ လုပ်ကြရတာကိုးဗျ”

“အေးကွာ၊ စိမ့်မြိုင်မှာ ငါပြောပြမယ်၊ ပြီးတော့ ကျောင်းဆရာကိစ္စလဲ ငါပြောခဲ့မယ်” ဟုဆိုကာ သောင်းဒန် စခန်းသစ်သို့ ထွက်လာခဲ့သည်။

စခန်းသစ်တွင် ဗိုလ်မှူးသိန်းအောင်နှင့် တွေ့သည်။ မြောက်ဘက်

ကမ်း၌ ကင်းပုန်းချဖို့ သဘောတူသည်။ သောင်းဒန်တို့က ကတုတ်နှင့် ကင်းတဲ တစ်ခု ဆောက်ပေးရမည်။

“ကျွန်တော် ပို့လိုက်တဲ့ ပဲနဲ့ဆန် ရရဲ့လား ကိုသောင်းဒန်”

“ရပါတယ် ဗိုလ်မှူး၊ သိပ်ကျေးဇူးတင်တာပဲ ခင်ဗျာ”

“ကျေးဇူးတင်တယ် လုပ်မနေနဲ့၊ ပိုက်ဆံပေးရမှာ ခင်ဗျ”

“ပေးပါတယ် ဗိုလ်မှူး၊ ကျွန်တော်က အလကားများရမလားလို့၊ ဟဲ ဟဲ၊ အခုတော့ ဟန်နေတယ် ဗိုလ်မှူး၊ ဗိုလ်ကြီးဇော်သန်းတို့ အကူအညီနဲ့ ကျွန်တော် စပါးဝယ်လွှတ်လိုက်တာ တော်တော်လေး ရလာတယ်၊ ဒါပေမဲ့ သူတို့ဆီမှာ ကြိတ်ယူခဲ့ရတယ်၊ သုံးလစာလောက်တော့ ဖူလုံနေပါပြီ”

သောင်းဒန်က ဆက်၍ ဆန်ပြဿနာ၊ စီးပွားရေးပြဿနာတို့ကို ဆွေးနွေးသည်။

“ကျွန်တော် ဒါတွေမသိဘူး ကိုသောင်းဒန်၊ ဒါတွေ ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် နားလည်တာက စစ်တိုက်ဖို့ပဲ”

သောင်းဒန်လည်း မပြောချင်လှပါ။

“ဟုတ်တယ် ဗိုလ်မှူး၊ ကျွန်တော်လဲ နားမလည်ပါဘူး၊ ဒါပေမဲ့ လက်တွေ့မှာက ကျွန်တော်တို့လို တောကြီးမျက်မည်းထဲမှာလာပြီး တံတား ဆောက်နေတဲ့ လူတွေကိုပါ ဒီဆန်ပြဿနာက လာပြီးမွှေနေလို့ ပြောရတာပဲ၊ ကျွန်တော်လဲ အင်ဂျင်နီယာပဲ၊ လမ်းဖောက်မယ်၊ တံတားဆောက်မယ်၊ ဒါတွေဟာ ကျွန်တော့် အလုပ်တွေပဲ၊ ကျွန်တော်တို့ ဗိုက်ဝဖို့တော့ ပြေလည် ရမယ်ပေါ့ခင်ဗျာ၊ တကယ်တော့ တစ်ခုနဲ့တစ်ခု ကတ္တားခြားလို့ မရဘူးခင်ဗျ၊ ဆက်နေတယ်”

“သြော် . . . ဒီလူ တော်တော် အပြောရခက်တဲ့လူပဲ၊ နေအုံးဗျာ၊ ကျွန်တော် နိုင်ငံရေးသင်တန်းတက်ပြီး ပြန်လာမှ ခင်ဗျားနဲ့ ဆွေးနွေးမယ်၊ နေစမ်းပါအုံး၊ ခင်ဗျားတို့ဆီ တစ်လောက ဝင်ပစ်သွားတာ ဘယ်လိုလဲ”

သည်မျှဆိုလျှင် သောင်းဒန် နားလည်သွားပြီ။ သို့သော်လည်း မပြောရ မနေနိုင်သဖြင့် ဇွတ်ပြောခြင်း ဖြစ်သည်။ ဗိုလ်မှူးသိန်းအောင်နှင့်မဆိုင်မှန်း သူ

သိသည်။ ဗိုလ်မှူးသိန်းအောင် ဘာမှမတတ်နိုင်မှန်း သူ သဘောပေါက်သည်။ ယခုကား စကားလမ်းလွှဲ ပေးလိုက်သည်။ ထိုအခါ သောင်းဒန်က တံတားစခန်း ဝင်၍ ပစ်သွားပုံ အကြောင်းစုံကို ဇာတ်လှန်မည် စလိုက်ပြီးမှ –

"ဟာ ဗိုလ်မှူးကို ကျွန်တော် အဲဒီနောက် ပြောပြီးပြီပဲ"

"ဟား . . . ဟား . . . ဟား . . . ဟုတ်သားပဲဗျာ၊ ကျွန်တော် မေ့သွားတယ်၊ ကျွန်တော်တို့လဲ အခု ဥသြဘက်မှာ တပ်ချမလို့ စီစဉ်နေတယ်၊ တစ်နေ့ကပဲ တိုင်းမှူးက ခင်ဗျားတို့စခန်း ဝင်ပစ်သွားတဲ့အကြောင်းနဲ့ဆက်ပြီး နယ်ခြားဘက် တစ်ခေါက် တပ်ခွဲတစ်ခွဲလောက်နဲ့ လှည့်ဖို့ ပြောသွားသေးတယ်၊ အခြေအနေကတော့ ဒီလို ဒီလိုပါပဲဗျာ၊ လိုက်တမ်းပြေးတမ်း ကစားနေကြတာပါ၊ ကဲ ခင်ဗျားတို့ တံတားကြီးကော ဘယ်အခြေအနေ ရောက်နေပြီလဲ၊ ဘယ်တော့ ပြီးမှာလဲ"

"အေးအေးဆေးဆေး ပြောမှဖြစ်မယ် ဗိုလ်မှူး၊ ဒီညနေ စိမ့်မြိုင် အရောက်သွားရလိမ့်မယ်"

"ရောက်ပါတယ်ဗျာ၊ ကျွန်တော်လဲ သွားမလို့ပါ၊ ကျွန်တော့်ကားနဲ့ လိုက်ခဲ့"

သောင်းဒန်က ကျောက်တွေ့သည့်အကြောင်းကိုချန်ကာ တံတား လုပ်ငန်းအခြေအနေကို ပြောပြသည်။

"နေစမ်းပါအုံးဗျ၊ ခင်ဗျားတို့ ရေအောက်မှာ ကျောက်ဖျာကြီး တွေ့နေလို့ဆို"

သောင်းဒန် မျက်လုံးပြူးသွားသည်။

"ကျွန်တော် ဗိုလ်ကြီးဇော်သန်းတို့ဆီက တစ်ဆင့်ကြားတာပါဗျာ၊ သူတို့လဲ အသေအချာ သိဟန်မတူပါဘူး၊ တွေ့မှ မေးကြည့်အုံးမယ်ဆိုပြီး . . ."

"သတင်းတွေကလဲ ပြန့်လှချေလား၊ တံတားမှာ ငါ အကုန်ပိတ်ထားတာပဲ၊ အေးလေ သူတို့လဲ စစ်တိုက်နေတဲ့ စစ်သားပဲ၊ ထောက်လှမ်းရေးတွေ ဘာတွေနဲ့ ဟာ၊ သိုးသိုးသန့်သန့်တော့ ကြားတော့မှာပေါ့"

သို့ဖြစ်ရာ သောင်းဒန်သည် ဗိုလ်မှူးသိန်းအောင်အား မယုတ်မလွန် ပြောပြလိုက်သည်။ သူလည်း မယုတ်မလွန် စကားကိုသာ ပြောနိုင်သည်။ ယခုမှ တိုင်တစ်ခုအတွက် စ၍ မြေထဲနှိုက်ကြည့်ရသေးသည် မဟုတ်လား။

“တိုင်တစ်ခု စမ်းကြည့်တာ ကျောက်တွေ့နေတယ် ဗိုလ်မှူး၊ အဲဒါ ဘယ်သူ့မှ အသိမပေးသေးဘူး၊ ဌာနချုပ်ကိုတော့ အကြောင်းကြားထားတယ်၊ ဘာပြောအုံးမလဲ မသိဘူး၊ သူတို့ လာကြလိမ့်မယ်နဲ့ တူတယ်”

ညနေ သုံးနာရီလောက်တွင် သောင်းဒန်သည် ဗိုလ်မှူး သိန်းအောင်နှင့်အတူ စိမ့်မြိုင်သို့ လိုက်သွားသည်။ ရောက်လျှင် တိုင်းအင်ဂျင်နီယာနှင့်တွေ့ကာ အကျိုးအကြောင်း ပြောပြသည်။ တိုင်းအင်ဂျင်နီယာက ဖြစ်နိုင်မည့် နည်းလမ်းများကို အကြံဉာဏ်ပေးသည်။ ဖြစ်နိုင်လျှင် ဌာနချုပ်အဖွဲ့မရောက်မီ တစ်ခေါက်တော့ လာကြည့်ဦးမည်ဟု ဆိုသည်။

ထိုနေ့ညမှာပင် တိုင်းပညာရေးကို တွေ့အောင်ရှာသည်။ တံတားတိုင်ထူဖြစ်သည် ဖြစ်စေ၊ မထူဖြစ်သည်ဖြစ်စေ ကလေးများအတွက် စာသင်ကျောင်းကား ဖွင့်ရမည်။

“ဆရာ မရှိဘူး ဦးသောင်းဒန်၊ ပြီးတော့ ဦးသောင်းဒန်တို့ဆီမှာ ကျောင်းသစ် ဖွင့်ပေးရမှာဆိုတော့ ခက်တယ်၊ ဆရာနှစ်ယောက်မှ ဖြစ်မယ်၊ ကျွန်တော်တို့မှာကလဲ ကျောင်းသစ်ဖွင့်ဖို့ လျာထားချက် မရှိဘူး၊ ဒီနှစ်ထဲမှာတော့ ခဲယဉ်းတယ်”

ဖြစ်နိုင်သည့် နည်းလမ်းများကို သောင်းဒန် စုံစမ်းမေးမြန်းပြီးဖြစ်သည်။ တိုင်းပညာရေး တစ်ခုတည်းနှင့် ပြီးနိုင်မည်လား။ ထိုအချက်ကို မသေချာသဖြင့် ပြောသင့်၊ မပြောသင့် ချိန်နေသည်။ မကြာသေးမီ သူတို့မရောက်ခင် တစ်လလောက်က စင်ရော်–သောင်ဦးလမ်း ရှစ်မိုင်တွင် သူပုန်ဝင်စီးသွားစဉ် စာသင်ကျောင်းတစ်ခုကို မီးရှို့သွားသည်။ ကျောင်းဆရာလည်း မနေရဲသဖြင့် စင်ရော်သို့ ထွက်ပြေးလာခဲ့ရသည်။ ယခု ထိုကျောင်းပျက်နေပြီ။ ထိုကျောင်းအတွက် လျာထားချက်ကို တံတားစခန်းသို့ရွှေ့ပြောင်းပေးလျှင် မဖြစ်နိုင်ဘူးလား။

သို့သော် သူ မပြောခဲ့။ သည်မျှတို့ကြည့်လျှင် တိုင်းပညာရေး မပိုင်မှန်း သူ နားလည်သည်။ သို့သော်လည်း ပညာရေးဌာနက အမှုထမ်းများနှင့် တွေ့တုန်းတွေ့ခိုက် သူ ပြောချင်သည်တို့ကိုတော့ ပြောခဲ့သေးသည်။ ထိုအခါ တိုင်းပညာရေးက သူ့ကို ပြန်၍ တွယ်လိုက်သည်။

"လူတွေက တစ်ဆိတ်ရှိ အစိုးရကိုချည်း အားကိုးနေကြတာပဲ၊ တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေက များတယ်၊ အစိုးရကလဲ ကျောင်းသစ်တွေ ဆောက်ပေး၊ ဆရာတွေ တိုးခန့်ပေး လုပ်နေတာပဲ၊ ဒါပေမဲ့ လိုတာကို အားလုံး မဖြည့်စွမ်းနိုင်ဘူး၊ ဒီတော့ တိုင်းသူပြည်သားတွေဘက်ကလဲ ကိုယ့်ကျောင်း ကိုယ်ဆောက်၊ ကိုယ့်ဆရာ ကိုယ်ရှာကြအုံးမှပေါ့ဗျာ"

သောင်းဒန် ခံလိုက်ရသည်။ သို့သော် ခံလိုက်ရသည်ဟု သူ အမှတ်မထား။ ပညာရလာခဲ့သည်ဟုသာ ယူဆသည်။ သူ့စခန်းတွင် အစိုးရကျောင်းဆရာ မပေးနိုင်သေးလျှင် စောင့်နေနိုင်သေးသည်။ ကိစ္စမရှိ။ ယခု သူ့ကျောင်း သူ ဆောက်ပြီးပြီ။ သူတို့တွင် သစ်၊ ဝါး ရှိသည်။ ဓနိသာ ဝယ်ရမည်။ တစ်ဖန် ကိုယ့်ဆရာ ကိုယ်ခန့်ဖို့လည်း စီစဉ်နေပြီ။ သူတို့တွင် တန်းစီဇယား၌ သုံးကျပ် ဆယ့်ငါးပြားစား အလုပ်သမားတစ်ယောက် တိုးခန့်လိုက်ရန်သာရှိသည်။ သူ့ကို စာသင်ခိုင်းမည်။ သို့သော် စာမေးပွဲကိစ္စရှိသေးသည်။ ၄ တန်း စာမေးပွဲကို အစိုးရစစ် လုပ်လာပြီ။ ယခုနှစ်ကား မထောင်းတာသေး။ ၄ တန်းကျောင်းသား ရှိလှမှ သုံးလေးယောက်သာ။ နောင်နှစ်ဆိုလျှင် ခက်မည်။ စင်ရော် သွားဖြေခိုင်းရမည်လား။ မဖြစ်နိုင်။ နောင်နှစ်တွင်ကား အစိုးရကျောင်းဖြစ်အောင်၊ အစိုးရခန့်ဆရာရအောင် အတတ်နိုင်ဆုံးနည်းများဖြင့် ကြိုးစားမည်ဟု အားခဲကာ စိမ့်မြိုင်မှ ပြန်လာခဲ့လေသည်။

"သူ လာလိမ့်မယ်၊ ဌာနချုပ်ကမလာခင် တစ်ခေါက် လာခဲ့အုံးမယ်တဲ့၊ ငါ ထင်တဲ့အတိုင်းပါပဲကွာ၊ သူလဲ ဘာမှ အကြံမပေးနိုင်ပါဘူး၊ မြေကြီးထဲမှာဆိုတော့ တို့နားမလည်တဲ့အပိုင်း ရောက်နေပြီ မဟုတ်လား"

"ကျောင်းဖွင့်ဖို့ ကိစ္စကော ဆရာကြီး"

"ဒါလဲ မဟန်ခဲ့ဘူး၊ ငါ့ကိုတောင် ပြန်ပြီး ပညာပေးလွှတ်လိုက်သေး

တယ်၊ ကိုယ့်ကျောင်း ကိုယ်ဆောက်၊ ကိုယ့်ဆရာ ကိုယ်ရှာတဲ့၊ အေး၊ တို့တော့ ဒီနည်းပဲ လုပ်ရမှာပဲ၊ ဗိုလ်မှူးသိန်းအောင်နဲ့တွေ့တော့ မြောက်ဘက်ကမ်းမှာ ကင်းပုန်းချဖို့ သဘောတူတယ်၊ သူလဲ လာလိမ့်အုံးမယ်"

လှမင်း စိတ်ပျက်သွားဟန် တူသည်။

"ဘာလဲ၊ ဒီကောင် စိတ်ပျက်နေသလား၊ မင်း ပြန်ပြေးမယ်တော့ စိတ်မကူးနဲ့နော်"

"မပြန်ပါဘူးဗျာ"

"ငါ သွားနေတုန်း ဘာများ ထူးသေးသလဲ"

"သြော် . . . မနေ့ညက လက်သမားတစ်ယောက် ပျဉ်ကျလို့ ခြေထောက်မှာ ဒဏ်ရာကြီးတာနဲ့ စင်ရော်ဆေးရုံကို ပို့လိုက်ရတယ်"

"ဘယ်သူလဲကွ၊ ဘယ့်နှယ်နေသေးလဲ"

"ကိုသန်းဖေပါ၊ အခုတော့ သက်သာသွားပြီ ပြောတာပဲ၊ စောသာအေးတို့လင်မယား လိုက်ပို့ကြတယ်၊ ပြီးတော့ မနေ့ညက တောင်ကျရေ ဒလဟော ဆင်းလာလို့ သစ်ဖောင်တစ်ခု ကြိုးပြတ်ပြီး မျောသွားတာနဲ့ မော်တော်နဲ့ လိုက်ဆွဲရတယ်၊ တော်ပါသေးရဲ့ဗျာ၊ တစ်ခုစီ တခြားစီ ဖြစ်မသွားလို့"

× × × × ×

## ၁၈

"ဘယ်လဲ ဦးအေး"

အောင်ကြီးသည် မြောက်ဘက်ကမ်းတွင် တိုင်များ လောင်းနေရာမှ လက်သမားဆရာ ဦးအေး တစ်ယောက်တည်း ကွမ်းသီးခြံထဲ ဝင်သွားသည်ကို မြင်လိုက်သဖြင့် လှမ်းပေးလိုက်သည်။

"ခြံထဲပါ မောင်အောင်ကြီး၊ ခြံရှင် ကိုဘဇော်က ခေါ်ထားလို့ပါ"

ကိုဘဇော်သည် အရက်ကလေး တမြမြနှင့် နေသူ ဖြစ်သည်။ များများလည်း သောက်သူမဟုတ်၊ စားကောင်းရုံ သောက်သူသာ ဖြစ်သည်။ အောင်ကြီးလည်း မြောက်ဘက်ကမ်းတွင် တာဝန်ကျကတည်းက ကိုဘဇော်နှင့် မိတ်ဆွေဖြစ်လာသည်။ ဧကန္တ ဦးအေးကို ဧည့်ဝတ်ပြုရန် ခေါ်ခြင်းဖြစ်ရမည်ဟု အောင်ကြီး တွက်လိုက်သည်။

"ညနေ စောစောပြန်ခဲ့ ဘကြီးအေး၊ ဒီည လက်ဖက်ခြောက်နဲ့ ဆပ်ပြာ ရောင်းမလို့"

"အေးပါဗျာ၊ အိမ်က မိန်းမရှိသားပဲဗျာ၊ ဒီညပဲ ဆရာ့အလှည့်လား"

သူတို့ကိုကြည့်ကာ အောင်ကြီး အားကျလာသည်။ သို့သော်လည်း ဦးအေးလို အရက် မသောက်တတ်သည်က ခက်သည်။ ဦးအေးကား ပျော်ပျော်နေ သေခဲဆိုသည့် လူစား ဖြစ်သည်။ သူ့လို နေချင်သည် ။ သူ့လို ဖြစ်ချင်သည်။ အောင်ကြီးသည် သူ့ဘဝကို သူ မကျေနပ်။ ပညာတစ်ပိုင်း

တစ်စနှင့် ကျောင်းထွက်ခဲ့ရပြီး အောက်တန်းစာရေးဝင်လုပ်ရာမှ အလုပ်ကြပ်၊ ဖိုမင်၊ ထိုမှတစ်ဆင့် အငယ်တန်းအင်ဂျင်နီယာ။ ယခုကား အင်ဂျင်နီယာ(စ) ဖြစ်နေပြီ။ အလုပ်နှင့်ပတ်သက်လျှင် သူသည် တာဝန်ကျေအောင် လုပ်သည်။ မညည်းမညူ လုပ်သည်။ သို့သော်လည်း တော်တော်နှင့် ရာထူးတက်နိုင်ဖွယ်မမြင်။ ဆရာကြီးသောင်းဒန်ကို အလုပ်နှင့်ပတ်သက်လျှင် အားကိုးသည်။ အလုပ်တွင် အောင်မြင်သည်ဟုယုံကြည်ကာ ဆရာကြီးကိုလည်း အားကျသည်။ ပျော်ပျော်နေ သေခဲဆိုသော အဘိဓမ္မာနှင့် ဦးအေးကို အားကျသည်က တစ်မျိုး၊ အလုပ်တွင် ဖိဖိစီးစီးလုပ်သည့် ဆရာကြီးသောင်းဒန်ကို အားကျသည်က တစ်မျိုးဖြစ်သည်။ အေးလေ၊ ဖြစ်ချင်တိုင်းသာ ဖြစ်နေရင် ခက်ရောပေါ့။ တို့ဘဝကိုက ဒီလို ဖန်တီးလာတာကိုး။

ညပိုင်းတွင် ပြည်သူ့ဆိုင်၌ ဆပ်ပြာနှင့်လက်ဖက်ခြောက် ရောင်းရန်တာဝန်ကျသဖြင့် စောစော အလုပ်သိမ်းရန် စိတ်ကူးသည်။ တောင်ဘက်ကမ်းသို့ကူးကာ စာသင်ကျောင်း ဆောက်နေသည်ကိုလည်း ကြည့်ချင်သေးသည်။ ဆရာကြီးက စာသင်ကျောင်း မြန်မြန်ပြီးဖို့ လောဆော်နေသည်။ ထို့ကြောင့် သူ့အဖွဲ့ကို လက်သမားဆရာကြီး ဦးမြစ်အား လွှဲထားရန် မှာသည်။ ဦးမြစ်ကို မတွေ့ရ။ ဦးမြစ်ကား နောက်မှ ရောက်လာသည့် လက်သမားဆရာဖြစ်သည်။ အသက် အတန်ကြီးပြီ။ လက်ရာ ကောင်းသည်။ စေ့စပ်သည်။ တရုတ် လက်သမားများနှင့် တွဲ၍ လုပ်ဖူးသည်။ မျက်နှာလွှဲရသည်။ သူရောက်လာမှ အောင်ကြီး အနည်းငယ် သက်သာလာသည်။

"ဦးမြစ်ကောဟေ့ ဘချစ်"

"သူ့အဘွားကြီး လာခေါ်သွားတယ် ခင်ဗျ"

"ငါ့လဲ ပြောမသွားပါလားကွာ"

"ဆရာ မြင်လိုက်သလားလို့၊ ဩော် ဆရာ အိမ်သာ တက်နေတုန်းနဲ့ တူတယ်"

"ကဲ ဒါဖြင့်လဲ မင်းတို့ ဆက်လုပ်ကြ၊ ငါ စခန်းဘက် ကူးတော့မယ်၊ ကျောင်းဆောက်နေတာ သွားကြည့်ရအုံးမယ်၊ လုပ်အားပေးနဲ့ ပြီးမှာမဟုတ်

ဘူး”

အောင်ကြီး စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်လာသည်။ သည်ဘက်ကမ်းကို ဘာကိစ္စ လိုက်၍ ခေါ်ရသလဲ။ အကြောင်းတစ်ခုခုတော့ရှိရမည်ဟု တွက်လိုက်သည်။ ယခုတလော ဦးမြစ် မျက်နှာမကောင်း။ ထို့ကြောင့် စခန်းသို့ လှေနှင့် ခပ်မြန်မြန် ကူးလာခဲ့သည်။ ကျောင်းဆောက်နေသည့်ဆီသို့ မသွားတော့ဘဲ ရေပြာဆောင်သို့ အရင်ဝင်ကာ ဦးမြစ်အခန်းသို့ သွားသည်။ တံခါး ပိတ်ထားသည်။ အထဲမှ တရှုပ်ရှုပ် ငိုသံကြားရသည်။ ကျင်ကျင့်အသံ ဖြစ်ရမည်ဟု ထင်သည်။

“ဗျို့ ဒေါ်သေးသေး တံခါးဖွင့်ပါအုံး၊ ကောင်မလေး ဘာဖြစ်လို့ ငိုနေတာလဲ”

ပြောပြောဆိုဆို အောင်ကြီး တံခါးဖွင့် ဝင်သွားသည်။

“ဦးမြစ်ကော”

“ဟင်းရွက်ခူး ထွက်သွားတယ် ဆရာ”

“ကျင်ကျင် ဘာလို့ ငိုတာလဲ”

“ပန်းကန်ကွဲလို့ ကျွန်မ ပေါင်တွင်းကြော ဆွဲလိုက်တာ ဆရာ”

“ဩော် . . . ကလေးတွေမှ မဟုတ်ဘဲဗျာ”

အောင်ကြီး ပြန်ထွက်လာခဲ့သည်။ ကျင်ကျင်သည် အပျိုပေါက်ဖြစ်နေပြီ။ အချစ်ကိစ္စပဲ ဖြစ်မည်ဟု အောင်ကြီး တွက်သည်။ နည်းနည်းလေး စနည်းနာလိုက်လျှင် အကြောင်းစုံ သိရမည်။ ထိုသတင်းမျိုးသည် ဖုံးဖိ၍မရ။ အလိုလို ပေါ်လာတတ်သည်။ ထိုသတင်းမျိုး ပြောချင်သူတွေ အများကြီး ရှိသည်။

အောင်ကြီးသည် ရေမိုးချိုးပြီးလျှင် ကျောင်းဆောက်ရာသို့ လိုက်သွားသည်။ သောင်းဒန် ရောက်နေသူကို တွေ့ရသည်။

“မင်းတို့ ကျောင်းမြန်မြန်ပြီးအောင် ဆောက်၊ ငါ ဆရာ တွေ့ထားပြီ၊ နော်မူအေးကို နေ့စားနဲ့ ဆရာမခန့်လိုက်မယ်ကွာ၊ လှမင်းတို့၊ စောသာအေး တို့နဲ့ တိုင်ပင်ပြီးပြီ၊ သံချိသံကွေး လှတင်လဲ လုပ်အားပေးနိုင်လိမ့်မယ်၊ ဒီကောင်

က စွယ်စုံကွ၊ ဆံပင်လဲ ညှပ်တယ်၊ မူလတန်းကျောင်းဆရာလဲ လုပ်ခဲ့ဖူး တယ်တဲ့”

သောင်းဒန်က ကျောင်းဆရာ ခန့်ထားရေးအတွက် စိမ့်မြိုင်တွင် ကြိုးစားရာ မဟန်သေးကြောင်း၊ အထက်နှင့် စီစဉ်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။

“ဒီည ဘာတွေ ရောင်းမလို့လဲကွ”

“လက်ဖက်ခြောက်နဲ့ ဆပ်ပြာ ဆရာကြီး”

“ဆန်အခြေအနေ ဘယ်လိုလဲ”

“အခုအထိတော့ ဟန်လို့ပဲ ဆရာကြီး၊ ကုန်သွယ်ရေးကလဲ မှန်မှန်ရနေသေးတယ်၊ ဒီအတိုင်းဆိုရင် ကိုသန်းမောင်ဝယ်လာတဲ့ ဆန်တွေပိုတောင် ပိုလိမ့်အုံးမယ်”

“အဲဒီကျမှ လျှောက်လျှားပေါ့ကွာ၊ ပိုလဲ အရေးမကြီးပါဘူး၊ တစ်လောက ဗိုလ်မှူးသိန်းအောင်ဆီက ကုလားပဲနဲ့ ဆန်အိတ်တွေအတွက် ပိုက်ဆံ ပေးရမတဲ့ဗျ၊ အဲဒါ မင်းတို့ စာရင်းလုပ်ပြီး ငွေချေလိုက်၊ အိမ်ကောင်း စခန်းသစ်ကို ခဏပြန်မယ် ပြောတယ်၊ သူနဲ့ ပေးလိုက်ပေါ့ကွာ၊ ဒါနဲ့ လက်ဖက်ရည် ဆိုင်ပိတ်ပြီလား အောင်ကြီး၊ စောစောပိတ်ခိုင်းကွာ၊ အဲဒီမှာ ရှန်းရှန်းရှန်းရှန်း ဖြစ်နေတာ နေ့လယ်က တွေ့တယ်”

လက်ဖက်ရည်ဆိုင်တွင် လှဖေနှမ မြိုင်ကို ငွေသိမ်းခန့်ထားသည်။ လက်ဖက်ရည်ဖျော်သူ မအေးလှက မြိုင်ကို ထောက်ခံသည်။ “ဒီကောင်မလေး သန္ဓေကောင်းတယ် ဆရာကြီး၊ အေးလဲ အေးတယ်” ဟု ဆိုသည်။ လှဖေကို ပြောရာ အင်တင်တင် လုပ်နေသည်။ မြိုင်က လုပ်ချင်ကြောင်း မအေးလှမှ တစ်ဆင့် ပြောသည်။ ထို့ကြောင့် လှမင်းနှင့် စောသာအေးတို့ကိုပါ ခေါ်ကာ လှဖေနှင့်တွေ့ပြီး တိုက်တွန်းရသည်။ လှဖေသည် ရိုးသည်။ သူတို့တွင် မိဘ မရှိ။ မောင်နှမ လေးယောက်ရှိသည်။ အားလုံး အိမ်ထောင်နှင့်ချည်းဖြစ်သည်။ အငယ်ဆုံး မြိုင်တစ်ယောက်သာ အိမ်ထောင်မကျသေးသဖြင့် လှဖေနှင့်လိုက် ၍ နေသည်။ မြိုင်သည် အသက် ၂၀ ကျော်နေပြီ။ အိမ်ထောင်ပြုမည်ဆိုလျှင်

ပြနိုင်ပြီ။ သောင်းဒန်က "တို့တာဝန် ထားပါကွာ၊ မတော်တာမဖြစ်စေရပါဘူး၊ ဒီကောင်တွေ မဟုတ်တာ လုပ်ရဲလုပ်ကြည့်စမ်း၊ ချက်ချင်းအလုပ်ဖြုတ်ပစ်မယ်"ဟုပြောမှ လှဖေက သဘောတူသည်။

လက်ဖက်ရည်ဆိုင်ကို လူစည်စေချင်သည်။ ထို့ကြောင့် အောင်ကြီးက ငွေသိမ်းအဖြစ် မိန်းကလေးတစ်ယောက်ခန့်ရန် တိုက်တွန်းသည်။ သောင်းဒန်က သဘောတူခဲ့သည်။ သောင်းဒန် သဘောကလည်း အောင်ကြီးနှင့် ထပ်တူပင်ဖြစ်သည်။ ယခုကား လူစည်လွန်းနေသဖြင့် ဆရာကြီးမျက်စိနောက်လာဟန် တူသည်။ မနက်ဖြန်ကျမှ လက်ဖက်ရည်ဆိုင်အခြေအနေကို အကဲခတ်ကာ ထိန်းထိန်းသိမ်းသိမ်း လုပ်ရဦးမည်ဟု အောင်ကြီးမှတ်ထားလိုက်သည်။

ညပိုင်း ပြည်သူ့ဆိုင်တွင် ပစ္စည်းရောင်းသည့်အခါ ဦးအေး မိန်းမ ဒေါ်ဖွားခက် ပစ္စည်းလာထုတ်သည်ကို တွေ့သဖြင့် ဆိုင်သိမ်းချိန်တွင် ဦးအေးနှင့် လာခဲ့ရန် အောင်ကြီး ချိန်းလိုက်သည်။ ဦးမြစ် သမီး ကျင်ကျင်ကိစ္စကို မေးမြန်းရန်ဖြစ်သည်။ အောင်ကြီး စိတ်ထဲတွင် ကျင်ကျင် မျက်ရည်ကျသည့်ကိစ္စသည် ခိုးလိုးခုလု ဖြစ်နေသည်။ တကယ်ဆိုတော့ သူနှင့် ဘာမှမဆိုင်ဟုလည်း ဆိုနိုင်သည်။ သို့သော်လည်း လူမှုရေးကိစ္စအဝဝပြေလည်အောင် တတ်နိုင်သမျှ ဖြေရှင်းပေးရမည်ဟု ဆရာကြီးက မှာထားသဖြင့် အောင်ကြီးခေါင်းရှုပ်နေရခြင်းဖြစ်သည်။ ၉ နာရီလောက်တွင် ဦးအေးနှင့် ဒေါ်ဖွားခက်တို့ ရောက်လာကြသည်။ ဆိုင်လည်း လူရှင်းသွားသည်။

"ဘာကိစ္စလဲ ဆရာ"

"ဦးမြစ် သမီးလေးအကြောင်း မေးချင်လို့ပါ၊ ညနေစောင်းက ဦးမြစ် မိန်းမ ဒေါ်သေးသေး သူ့ယောက်ျားကို လာပြီး ခေါ်သွားတယ်၊ အလုပ်ဆင်းလို့ သူတို့အခန်းကို ကျွန်တော် လိုက်သွားတော့ ကောင်မလေး ငိုနေတယ်၊ ဦးမြစ်တော့ မတွေ့ခဲ့ဘူး၊ ဘာဖြစ်ကြတာလဲ၊ ခင်ဗျားတို့ သိမလားလို့ပါ"

"မသေးသေး ပြောတာပဲ ဆရာ၊ ကျင်ကျင်က မြင့်သိန်းနဲ့ ကြိုက်နေသတဲ့"

"ဘယ်မြင့်သိန်းလဲ၊ မြင့်သိန်းက နှစ်ယောက်ရှိတယ်"

"ဆရာ ဦးလှမင်းတပည့် ချိန်းမင်း မြင့်သိန်းလေးပါ ဆရာ၊ အဲဒါ အဘိုးကြီးက သဘောမတူချင်သလိုလို လုပ်နေတယ်၊ သမီးတစ်ယောက် တည်းမို့ သိပ်ချစ်တာ၊ ကျောင်းတောင်မထားဘဲ နတ်ထားတာ၊ သူတို့ ဆွေထဲ မျိုးထဲက ကုန်သွယ်ရေးက စာရေးလေးတစ်ယောက်နဲ့ ပေးစားမလို့တဲ့" ဒေါ်ဖွားခက်သည် သတင်းစုံရပ်ကွက် ဖြစ်သည်။

နေ့လယ်ပိုင်းတွင် မြင့်သိန်းလေး ထမင်းစားပြန်လာသည့်အခါ ညနေ စောင်းတွင် အင်ကြင်းတောင်ကုန်း၌ တွေ့ရအောင် ချိန်းသည်။ ထိုအကြောင်း ကို ဒေါ်သေးသေးသိသွားကာ သူ့ယောက်ျား ဦးမြစ်အား စောစောလာခေါ် သွားခြင်း ဖြစ်သည်။

"ကောင်လေးတစ်ယောက်ကို စာပေးခိုင်းလိုက်တယ်ဆိုပဲ၊ အဲဒီစာကို မသေးသေး တွေ့သွားတယ်တဲ့"

"အေးဗျာ၊ သဘောမတူဘူးဆိုတော့လဲ ဘယ်တတ်နိုင်မလဲ၊ ချိန်းမင်း ဆိုတာလဲ ခေတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့လဲ ချိန်းမင်းကနေ အလုပ်ကြပ်ဖြစ်ပြီးတော့ အငယ်တန်းအင်ဂျင်နီယာဖြစ်၊ ဒီလိုတက်လာရတာပဲ၊ မြင့်သိန်း အသက်အငယ်လေး ရှိသေးတယ်"

"ဆရာတို့လဲ ကြည့်ပြောအုံးမှပေါ့ ဆရာရယ်၊ အခု သမီးကိစ္စကြောင့် ရန်ကုန်ပြန်တော့မယ်တောင် စိတ်ကူးနေကြတယ်"

အောင်ကြီး မျက်လုံးပြူးသွားသည်။ ဦးမြစ်ကို သူ လက်လွှတ်မခံနိုင်။ ဦးမြစ်သည် မျက်နှာလွှဲရသူ ဖြစ်သည်။

"ခင်ဗျားတို့ကပဲ ဦးမြစ်ကို ရန်ကုန်မပြန်အောင် ပြောပေအုံးတော့၊ ကလေးတွေ ကိစ္စတော့ ကျွန်တော်တို့ ဝင်မရှုပ်ချင်ဘူး၊ ဒါပေမဲ့ ဆရာကြီးကို တော့ အကျိုးအကြောင်း ပြောပြရလိမ့်မယ်"

နောက်တစ်နေ့တွင် အောင်ကြီးသည် တံတားဦး လက်ဖက်ရည်ဆိုင်သို့ နေ့လယ် အလုပ်ဆင်းချိန်၌ ဝင်သည်။ မြောက်ဘက်ကမ်းသို့ကူးရန် လှေ စောင့်ရင်း အခြေအနေကို အကဲခတ်သည်။ ဒေါ်အေးလှသည် သနပ်ခါး အဖွေးသားနှင့် ကြော့နေသည်။ မြိုင်ကား သနပ်ခါးရည်ကျဲလေးနှင့် တစ်မျိုး

ယဉ်သည်။ မြိုင်၏ မျက်နှာလေးသည် ကျက်သရေရှိလှသည်။ မျက်နှာထား တည်သည်။ ဖွတ်ရှုတင်းထားခြင်းမျိုး မဟုတ်။ ထို့ကြောင့် မြိုင့်ကို မစရဲကြ။ သို့သော်လည်း မကြားနိုးနား ရိသဲ့သဲ့ ပြောကြသည်။ လူပျိုလူအို အားလုံး လိုလိုပင် ဆိုင်ထဲ၌ တရုန်းရုန်း ဖြစ်နေကြသည်။

"ဒေါ်အေးလှ လက်ဖက်ရည်က ခါးလိုက်တာဗျာ၊ ချိုချိုလေးမှပေါ့ ခင်ဗျာ၊ ဘာမဆို ချိုမှ ကောင်းတာ ခင်ဗျ၊ မျက်နှာထားလဲ ချိုမှခင်ဗျ"

စက်ပြင်ထွန်းကြိုင်၏ အသံ ဖြစ်သည်။ လက်သမား ကျော်ညွှန့်နှင့် တတွဲတွဲလုပ်ကာ စင်ရော်သို့ မိန်းမပိုး သွားကြသည်ဟု သတင်းစကားကြား သဖြင့် အောင်ကြီးသည် ထွန်းကြိုင်ကို စောင့်ကြည့်နေသည်။ နှစ်ယောက် စလုံး လူပျိုများ ဖြစ်သည်။ ကျော်ညွှန့်ကိုကား သူ နိုင်သည်။ ကျော်ညွှန့်သည် ယခုအခါ တောင်ဘက် ဘဲတောင်တွင် ပုံစံဖော်နေသည့် ဦးဘရင်အဆိုင်းမှ လက်သမားဖြစ်သည်။ သို့သော်လည်း အောင်ကြီးနှင့် မကင်းနိုင်။ ထို့ကြောင့် "ဟေ့ ကျော်ညွှန့်၊ မြန်မြန်သောက်ပြီး မြန်မြန်အလုပ်ဆင်းကွာ" ဟု သတိပေး လိုက်သည်။ အောင်ကြီးမျက်နှာ အနည်းငယ်တင်းနေသဖြင့် ကျော်ညွှန့် ခေါင်းမဖော်ဘဲ "ဟုတ်ကဲ့ ခင်ဗျာ"ဟုပြောကာ လက်ဖက်ရည်ကို တစ်ကျိုက် တည်း မော့ချလိုက်ပြီး ကူပွန်ပေးကာ ထွက်သွားသည်။

"ဒီဆိုင်က အကြွေးမရောင်းဘူးနဲ့ တူတယ်၊ ပိုက်ဆံ မပါလာလို့ မြိုင်မြိုင်စိုက်ထားလိုက်ပါလား"

ထွန်းကြိုင် အရှိန်ရနေသည်။

"ပိုက်ဆံမပါရင် ကူပွန်နဲ့ သောက်ပေါ့ကွ၊ မင်း မသိဘူးလား" အောင်ကြီး ကြားဝင်ရသည်။ မြိုင်က သူ့ကို မျက်လုံးကလေး ကလယ် ကလယ်နှင့် ကြည့်နေသည်။ အောင်ကြီးပင် အသက်ရှူမှားသွားသည်။ ထွန်းကြိုင် ဘာမှပြန်မပြော။ သို့သော်လည်း အောင်ကြီးကို မျက်နှာထားနှင့် ကြည့်သည်။ အောင်ကြီးကလည်း မျက်နှာထားတင်းလိုက်သည်။ ထွန်းကြိုင် တစ်ဖက်လှည့်သွားသည်။ ထိုအခါတွင်မှ အောင်ကြီးလည်း စိတ်ကို မနည်း ထိန်းကာ ချောင်းမြောက်ဘက်သို့ ကူးသွားလေသည်။ လှေပေါ်တွင် လက်

သမား အုံးဖေလည်း ပါလာသည်။ အုံးဖေသည် ဦးမြင့်၏ဂိုဏ်းမှ ဖြစ်သည်။

အလုပ်သို့ရောက်လျှင် အောင်ကြီးသည် အုံးဖေကိုခေါ်ကာ လက်ဖက်ရည်ဆိုင်ကိစ္စ ပြောလိုက်သည်။

“မင်းတို့ အဲဒီဆိုင်မှာ အချိန်ဖြုန်းမနေကြနဲ့၊ အခုဟာက လူစုလူဝေး ကောင်းလွန်းနေတယ်၊ မနေ့ညကပဲ ဆရာကြီးက ငါ့ကို ပြောတယ်”

“အပျိုရှိရင် လူပျို လာမှာပေါ့ ဆရာရဲ့”

“ဒါပေမဲ့ကွာ ဣန္ဒြေရရပေါ့၊ မပိုးရ မပန်းရဘူး မပြောပါဘူး၊ မင်းတို့ကို တောင် ငါကိုယ်တိုင် ရည်းစားစာ ရေးပေးခဲ့သေးတာပဲ၊ ဒါပေမဲ့ အလုပ်ပျက် အကိုင်ပျက်ဆိုတော့ လူမြင်လို့မကောင်းဘူး၊ အလုပ်လုပ်တဲ့ လူတွေက လုပ်နေ တယ်၊ ကျန်တဲ့လူတွေက လက်ဖက်ရည်ဆိုင်မှာ စုပြီး လေပန်းနေကြတယ်၊ ဘယ်ကောင်းမလဲ၊ မကြာခင် ဌာနချုပ်က လူကြီးတွေ ရောက်လာမယ်၊ ဒါမျိုး တွေများ မြင်သွားရင် အခက်ပဲ”

အုံးဖေ ငြိမ်၍ နားထောင်နေသည်။

“နေစမ်းပါအုံး၊ ငါ မရောက်ခင် တဝါးဝါးနဲ့ ဘာဖြစ်နေကြတာလဲ”

“သြော် . . . ကျွန်တော်တို့ ဦးခင်မောင်စိန်တို့အကြောင်း ပြောနေကြ တာပါ ဆရာ”

“ဦးခင်မောင်စိန် ဘာဖြစ်လို့လဲကွ”

“ဆရာ မသိဘူးလား၊ ဆရာ ဦးစောသာအေး ခယ်မနဲ့ ဖြစ်နေကြတာ လေ၊ တစ်နေ့ညနေကပဲ ကွမ်းသီးခြံထဲမှာ စကားပြောနေကြတာကို ဟိုကောင် တွေ ချောင်းကြည့်ကြသေးတယ်၊ ဒါနဲ့ နောက်တစ်နေ့တော့ တောင်ပေါ် တက်ပြေးကြရော”

“ဟေ၊ ဟုတ်လား”

“ဒါလဲ လူပျိုနဲ့အပျိုဆိုတော့ မီးပွင့်ကြတာပဲ ဆရာ၊ ဆရာ စောသာအေး ခယ်မလေး သနားပါတယ် ဆရာ၊ တောင်ပေါ်က ဆင်းလာတော့ မျက်ရည် တွေသုတ်ပြီး ဆင်းလာတာ ကျွန်တော်ကိုယ်တိုင် တွေ့လိုက်ရတယ်၊ မျက်ခွံ ကြီးလဲ မို့လို့၊ ငိုထားတယ်နဲ့ တူပါတယ်၊ ဦးခင်မောင်စိန်က ကျွန်တော့်ကို

ပြောတော့ သူ့မှာ စေ့စပ်ထားပြီးသား ငယ်ရည်းစား ရှိတယ်တဲ့"

အောင်ကြီးသည် ဘာမျှမမေးတော့ဘဲ အံ့ဖေပြောသမျှကို နားထောင်နေသည်။ ခင်မောင်စိန် အခုတလော အူမြူးနေသည်ဟု အောင်ကြီး ထင်သည်။ နောက်ပိုင်း၌ ဂနာမငြိမ် ဖြစ်နေသည်။ ညတိုင်လည်း အခန်းသို့ စောစော ပြန်မအိပ်။ ဒေးဗစ်အိမ်တွင် စကားပြောနေသည်ဟု ဆိုသည်။ သူ့တွင် စေ့စပ်ပြီးသူရှိနေကြောင်းကိုကား စောစောကပင် သိသည်။ ရောက်စက လူတိုင်းကို ပြောသည်။ နောက်ငြိမ်သွားသည်။ ဆရာကြီးကို အသိပေးမှ ဖြစ်မည်ဟု အောင်ကြီး စိတ်ကူးမိသည် ။

ထိုနေ့ညမှာပင် အောင်ကြီးသည် သောင်းဒန်ဆီသို့သွားကာ ခင်မောင်စိန်တို့အကြောင်း ပြောပြလိုက်သည်။ သောင်းဒန် အကြာကြီး စဉ်းစားနေသည်။

"ဒါပဲလားကွ၊ တခြားဘာများ ကြားသေးသလဲ၊ ဒီကိစ္စမျိုး ပြောတာ တခြားတော့ မကြားပါဘူး ဆရာ"

မြင့်သိန်းလေးနှင့် ကျင်ကျင်တို့ အကြောင်းကို ပြောသင့်၊ မပြောသင့် ချိန်ဆနေသည်။ နောက်တော့ မထူးတော့ပါဘူးဟု တွေးမိကာ ထိုသတင်းကိုပါ သောင်းဒန်အား ပေးလိုက်သည်။

"အပျို၊ လူပျိုတွေပဲကွာ ကိစ္စမရှိပါဘူး၊ ကြိုက်ချင်ရင် ကြိုက်ကြပါစေ"

"ဒါပေမဲ့ နှစ်ခုစလုံးမှာ ပြဿနာက တစ်မျိုးစီ ဆရာ"

"ပြဿနာ၊ ပြဿနာ၊ ဘာပြဿနာလဲ"

သောင်းဒန်သည် ခေါင်းကုတ်ကာ စဉ်းစားသည်။ လောကဓမ္မတာ အပျိုလူပျို ချစ်ကြိုက်ကြသည်မှာ ပြဿနာလား။ တို့မှာ ပြဿနာ ဖြစ်နေရသတဲ့လား။ ရယ်စရာကောင်းလှသည်။

"အေးကွာ အောင်ကြီးရာ၊ တို့မှ ဒါတွေဟာ ပြဿနာ လာဖြစ်နေရတယ်၊ တို့က ရွာတည်ထားပြီး သူကြီး ဆယ်အိမ်ခေါင်း လုပ်မိလျက်သား ဖြစ်နေတာကိုးကွ၊ ဆိုစမ်းပါအုံး၊ မြင့်သိန်းလေး ကိစ္စ"

"ဦးမြစ်က ရန်ကုန်ပြန်တော့မယ် ပြောနေတယ် ဆရာကြီး၊ သမီးလေး တစ်ယောက်တည်းမို့ သိပ်ချစ်တာ၊ မြင့်သိန်းလေးနဲ့ ကျင်ကျင်ကို သဘောမတူ

နိုင်ဘူးတဲ့၊ သူတို့ ဆွေမျိုးထဲက ပေးစားမလို့တဲ့၊ ကုန်သွယ်ရေးက စာရေးလေး တစ်ယောက်ဆိုပဲ"

"ခတ်ပြဿနာကြီးပါကွာ၊ ဘယ်မိဘဖြစ်ဖြစ် သူတို့မသိဘဲ သမီး ရည်းစားထားရင် ဒီရည်းစားနဲ့ သူတို့သမီး ဘယ်တော့မှ သဘောမတူဘူး၊ အကြောင်းအမျိုးမျိုး ပြနေကြတာပဲ"

"ဒါပေမဲ့ ဦးမြစ်ကို ကျွန်တော်တို့ လက်မလွှတ်နိုင်ဘူး ဆရာကြီး၊ သိပ် စေ့စပ်သေချာတယ်၊ အလုပ်မှာ မခိုမကတ် လုပ်တယ်"

"ဒါဖြင့်လဲ မပြန်ဖြစ်အောင် လုပ်ပေါ့ကွ၊ မင်း မြင့်သိန်းလေးကကော အတည်ကြံတာတဲ့လား၊ ဒီကောင်လေးအကြောင်း မင်း ဘယ်လောက်သိသလဲ၊ သူ့မှာ မိန်းမရှိသလား၊ ရည်းစားဆိုတာကတော့ ရှိချင်လဲ ရှိခဲ့မှာပေါ့ကွာ၊ ဒါက အရေးမကြီးပါဘူး၊ နီးစပ်ရာ ပိုပြီးကြင်နာကြတာခမ္မတာပဲဟာ"

မြင့်သိန်းလေးအကြောင်းကိုကား အောင်ကြီး ကောင်းကောင်းသိသည်။ မိဘမရှိ၊ အစ်ကိုတစ်ယောက်နှင့် ရန်ကုန်တွင် နေသည်။ သူ့အစ်ကိုသည် မီးရထားစက်ခေါင်း အလုပ်သမားတစ်ယောက် ဖြစ်သည်။ မလွှကုန်း၌နေသည်။ တစ်ချိန်က အောင်ကြီးလည်း မလွှကုန်းတွင် နေခဲ့ဖူးရာ မြင့်သိန်းလေးအကြောင်း ကို လုံးဝဥဿုံ မဟုတ်သည့်တိုင် အတော်လေးတော့ သိသည်။ ရည်းစား မရှိ၊ ရည်းစားပင် မထားအား။ ကျောင်းဆက် မနေနိုင်သဖြင့် ရရာအလုပ် ဝင်လုပ် နေရသည်။ အလုပ်လုပ်ချင်စိတ် ရှိသည်။ လာဘ်မြင်သည်။ ကြိုးစားသည်။ ထူထူထိုင်းထိုင်း မဟုတ်။ သူနှင့်တွဲလုပ်သူမှန်သမျှ သူ့ကို သဘောကျကြ သည်။ သူများအလုပ်ကိုလည်း ယူ၍ လုပ်သည်။ စင်ရော်တံတားသို့ သွားမည် ဆိုသည့်အခါ လိုက်မည်ဟု အရင်ဆုံးစာရင်းပေးသူ ဖြစ်သည်။

"သူ့မရီးက သူ့ကို မကြည်ဖြူဘူး ဆရာကြီး၊ ဒါကြောင့် ရန်ကုန်က လွှင့်ချင်နေတာ၊ စင်ရော်တံတား ဆောက်တာနဲ့ အကိုက်ဖြစ်သွားတာပဲ"

"အေး . . . ဒါဖြင့်လဲ နီးစပ်အောင် လုပ်ပေးလိုက်ပေါ့ကွ၊ ဒါမှ ဦးမြစ်ကို ရော မြင့်သိန်းလေးကိုပါ လက်မလွှတ်ရမှာပေါ့၊ ငါ့ လာပြောမနေနဲ့၊ ဒါတွေ မင်း တတ်ပါတယ် အောင်ကြီးရာ၊ နေပါအုံးကွ၊ မင်းဟာတွေက လွန်လွန်ကျွံကျွံ

ဖြစ်နေကြပြီလား”

“အသေအချာတော့ မသိဘူး ဆရာကြီး၊ မဖြစ်သေးဘူးနဲ့တော့ တူတာပဲ၊ အဘိုးကြီးရော၊ အဘွားကြီးရော သူတို့သမီးကို တော်တော်ထိန်းတယ်၊ ပြီးတော့ မြင့်သိန်းလေးကလဲ ဒီကိစ္စမျိုးမှာ အ တတရယ်၊ သိပ် လက်ရဲဇက်ရဲရှိတဲ့ ကောင်မဟုတ်ဘူး”

“အေး . . . ဒါဖြင့် ပြီးရော၊ မလွန်သာ မလွန်စေနဲ့၊ ကောင်လေးကို ခြောက်ထား၊ ငါနဲ့ ခြောက်ထားပေါ့ကွာ၊ အေး ခင်မောင်စိန့်ကိစ္စကိုတော့ နည်းနည်း စဉ်းစားရမယ်၊ ဒီကောင် ကြည့်ရတာ လက်ရဲဇက်ရဲ သိပ်ရှိတယ်၊ အခု နော်မူအေးနဲ့ဖြစ်လို့ တော်သေးတာပေါ့၊ အလုပ်သမားတွေရဲ့ သားသမီး၊ နှမ၊ တူမတွေနဲ့များ ဖြစ်ရင် အခက်ပဲ၊ ငါကတော့ အတင်းပေးစားလိုက်မှာ ဗျား၊ ဒါ ပထမဆုံးကိစ္စကွ၊ စည်းကမ်း အဖောက်မခံနိုင်ဘူး၊ စောသာအေးနဲ့ နော်ဖောလာတို့ကိုလဲ မေးခိုင်းရမယ်၊ ဟို ကရင်မလေးကလဲ ငယ်ငယ်လေးရယ်၊ အားကစား ဝါသနာပါတာပဲရှိတယ်၊ ဒါမျိုး မတွေ့ဖူးဘူးနဲ့ တူပါရဲ့ကွာ၊ အလကား ငိုနေလို့ ပြီးမတဲ့လားကွ၊ ငိုနေပုံထောက်တော့ ဒါ ရည်းစားဦးဖြစ်ရမယ်၊ မင်း ခင်မောင်စိန်ကို အစ်အောက် မေးကြည့်စမ်း အောင်ကြီး၊ ဒီကောင် အူတူတူ လုပ်ရင်တော့ ငါနဲ့အတွေ့ပဲ”

“ဆရာကြီးကိုတော့ အသိပေးရမယ်” ဟူသော အောင်ကြီး၏ စကားကို ဒေါ်ဖွားခက်က ဒေါ်သေးသေးသို့ ဖောက်သည်ချလိုက်သည်။ ဒေါ်သေးသေး က သူ့ယောကျ်ား ဦးမြစ်ကို ပြောသည်။ လင်မယားနှစ်ယောက် ပြောနေကြ သည့်စကားကို ကျင်ကျင် ကြားသည်တွင် သူ့ရည်းစား မြင့်သိန်းလေးကို စာရေး ပြောလိုက်သည်။

မြင့်သိန်းလေးသည် အောင်ကြီးကို ရှောင်ဖယ်ဖယ်လုပ်နေသည်။ အတွေ့ မခံ။ တစ်ဆောင်တည်း အတူနေသော်လည်း မျက်နှာချင်း မဆိုင်ဖြစ်ကြ။ ထမင်းစားချိန်တွင်လည်း မတွေ့အောင် ရှောင်သည်။ ယင်းကို အောင်ကြီး မရိပ်မိ။ သူလည်း အလုပ်များနေသဖြင့် ဘာမှ မစဉ်းစားအား။ တစ်ညနေတွင် အလုပ်ဆင်းချိန်၌ သူ့ဆီသို့ ဦးအေးရောက်လာပြီး သူ့မိန်းမက တွေ့လိုကြောင်း

ပြောသည်။ အောင်ကြီး လိုက်သွားသည့်အခါ ဒေါ်ဖွားခက်အခန်းတွင် ကျင်ကျင့် အမေ ဒေါ်သေးသေးကိုပါ တွေ့ရသည်။ ထိုအခါတွင်မှ မြင့်သိန်းလေးနှင့် ကျင်ကျင်တို့ ကိစ္စမှန်း သူ ရိပ်မိတော့သည်။

"အဘွားကြီး၊ ခင်ဗျား သိပ်ရိုးတာပဲ၊ ဒါမျိုးဆိုတာ အဖေကို အသိပေး ရတာ မဟုတ်ဘူးဗျ၊ ကိုယ့်သမီးဆိုတော့ အဖေဆိုတာ သိပ်ရှက်တာ၊ ခင်ဗျား ဘာသာ ခင်ဗျား ကျိတ်ဆုံးမပေါ့၊ တားမြစ်ပေါ့"

အောင်ကြီးက စစချင်း ဒေါ်သေးသေးကို အပြစ်တင်လိုက်သည်။

"ကျွန်မတော့ ဒီတံတား မြန်မြန်သာပြီးစေချင်တာပဲ ဆရာရယ်၊ ဆရာတို့ တံတားက ဘယ်လောက် ဆောက်ရအုံးမှာလဲ၊ ဒီသမီးကို တစ်ယောက်တည်း ဆိုတော့ သူ့အဖေက သိပ်ချစ်တာ ဆရာ၊ လင်ပေးစားဖို့ စိတ်ကို မကူးသေး ဘူး"

"ခင်ဗျားတို့ပြောတော့ ကုန်သွယ်ရေးက စာရေးတစ်ယောက်နဲ့ ပေးစား မလို့ဆို"

"ဒါက ရေရာတာ မဟုတ်သေးပါဘူး ဆရာရယ်"

"ကဲ အခု ဘာလုပ်ပေးရမှာလဲ"

"သမီးက သူ့ကောင်လေးကို ဖြတ်မယ်ပြောပါတယ် ဆရာ၊ အဲဒါ ကောင်လေးကို ဆရာတို့က တားမြစ်ပေးပါ"

"ဒါမျိုး ကျွန်တော်တို့ မလုပ်ချင်ဘူး၊ ခင်ဗျားတို့က သံကြိုးဆွဲသမား ဆိုပြီး အထင်သေးတာပေါ့၊ တစ်နေ့ အင်ဂျင်နီယာ ဖြစ်မှာဗျ၊ ကျွန်တော်လဲ သံကြိုးဆွဲကနေ အင်ဂျင်နီယာ ဖြစ်လာတာပဲ"

အောင်ကြီးသည် ဒေါ်သေးသေးကို ချဉ်တင်တင် ဖြစ်သွားသည်။ အစက ရိုးသည်ဟု ထင်မိသည်ကိုပင် မှားပြီဟု ထင်သည်။ မြင့်သိန်းလေးဘက်က သူ နာနေသည်။

"ကျွန်တော့် မပြောနဲ့၊ ဆရာကြီး ပြော"

"အမယ်လေး၊ အဲဒါတော့ မလုပ်လိုက်ပါနဲ့ ဆရာရယ်၊ မပြောရဲပါဘူး၊ ဒါနဲ့ ရပ်သိရွာသိ ဖြစ်ကုန်တော့မှာပါပဲ"

"အခုလဲ မထူးပါဘူးတော်၊ သိတဲ့လူတွေ သိကုန်ကြပြီပဲ"

ဒေါ်ဖွားခက်က ဝင်၍ပြောသည်။ ဒေါ်ဖွားခက်သည် ကြားဝင်ချင်သည်။ အောင်သွယ် လုပ်ချင်နေသည်။ သားထောက် သမီးခံကလည်း မရှိလေရာ အလုပ်မရှိ ပျင်းနေသဖြင့် ဟိုကိစ္စ ဝင်စပ်စု၊ ဒီကိစ္စ ဝင်စပ်စု လုပ်ချင်သည်။ သို့သော်လည်း အချင်းချင်း အကူအညီပေးသည်။ သာရေးနာရေး၊ သားရေး သမီးရေးတို့တွင် တတ်နိုင်သမျှ ဝင်၍ ကူညီဆောင်ရွက်ပေးချင်သည်။ ယင်းမှာ သူ့ဝါသနာပင် ဖြစ်သည်။ နောက် ဝါသနာတစ်ခုမှာ အပျော်တမ်း နတ်ပူး ခြင်းပင်ဖြစ်သည်။ ဆရာကြီး သောင်းဒန်ကို ကြောက်သဖြင့် ယခုအခါ ဦးမင်းကျော်နှင့် ဝေးနေရသည်။

"ဆရာကြီး အခု သိပ်စိတ်ရှုပ်နေတယ်၊ ခင်ဗျားတို့ကိစ္စတွေ စဉ်းစား နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ သွားပြောမနေနဲ့၊ ကျွန်တော် အလကားပြောတာ"

ကာယကံရှင် ဦးအေးတို့ကား သောင်းဒန်ကို ပြောရဲမည်မဟုတ်။ သို့သော် ဒေါ်ဖွားခက်ကိုကား ကြောက်ရသေးသည်။ သောင်းဒန်ကို နားပူနားဆာလုပ် နေလျှင် ခက်ရချေရဲ့ဟု အောက်မေ့မိကာ အောင်ကြီး ပိတ်လိုက်ရသည်။

"ဒီတော့ ဒီအတိုင်းပဲ ထိန်းထားကြပေါ့၊ ကျွန်တော်လဲ ခေါင်းရှုပ်တယ်၊ သိပ် မစဉ်းစားချင်ဘူး"

အောင်ကြီး အဆောင်သို့ ပြန်လာကာ မြင့်သိန်းလေးကို တွေ့အောင် ရှာသည်။

"ဟေ့ကောင်၊ မင်းကို မေးစရာရှိတယ်၊ ဒီည ငါ့ဆီလာခဲ့"

ပြေးမလွတ်တော့ပြီမို့ ညတွင် မြင့်သိန်းလေး ရောက်လာသည်။ အောင်ကြီးက ဒေါ်သေးသေးနှင့် တွေ့ခဲ့ရာမှစ၍ အကြောင်းစုံ ပြောပြလိုက် သည်။ မြင့်သိန်းလေး မငြင်းသာတော့ပြီ။

"နေပါအုံးကွ၊ မင်း အတည်ကြံတာလား"

"ဟာ ဆရာကလဲ ကျွန်တော် ချစ်လို့ ကြံတာပေါ့ခင်ဗျာ၊ ကျွန်တော် ယူမှာပါ၊ ဆရာတို့ပဲ မိဘလုပ်ပြီး တောင်းရမ်းပေးပါလို့ ကျွန်တော်ပြောမလို့"

မြင့်သိန်းလေးကို အောင်ကြီး ယုံသည်။

"ဒါဖြင့် စောင့်အုံးကွာ၊ အဘိုးကြီးနဲ့ အဘွားကြီးအကြောင်း မင်းသိတယ် မဟုတ်လား၊ သဘောမတူဘူး ဖြစ်နေတယ်၊ သူတို့ကို ဘေးတီးခိုင်းရအုံးမယ်၊ အခုလဲ ဝါတွင်းဖြစ်နေတယ်၊ သီတင်းကျွတ်တော့ မင်းတို့ကိစ္စဖြစ်စေရမှာပေါ့"

ဤမျှနှင့် အခိုက်အတန့်အားဖြင့် တစ်ကိစ္စ ပြီးပြတ်သွားသည်။ ခင်မောင်စိန်၏ကိစ္စ ကျန်သေးသည်။ ခင်မောင်စိန်ကိုကား သူ မပြောချင်။ လှမင်းနှင့် လွှဲပေးချင်သည်။ လှမင်း၊ ဒေးဗစ်တို့နှင့်ဆိုလျှင် ပြောရဆိုရကောင်းမည်ဟု အောင်ကြီး သဘောရသည်။ နောက်ဆုံးတွင်ကား ဆရာကြီးဝင်လိမ့်မည်ဟု အောင်ကြီး ယုံကြည်နေသည်။ ထို့ကြောင့် လှမင်းနှင့်တွေ့ကာ အကျိုးအကြောင်း ပြောပြသည်။

"မစ္စတာဒေးဗစ်ဆိုတာ လူကြီး၊ ခင်ဗျားက ဂျီတီအိုင် ကျောင်းဆင်း၊ သူ့ထက် ရင့်တယ်၊ ကျွန်တော်ပြောရင် လေးစားမှာ မဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျားတို့ ပြောကြ"

"ကျွန်တော်က ဒါမျိုး ပြောတတ်တာ မဟုတ်ဘူး"

လှမင်းက ငြင်းနေသည်။ ဟုတ်သည်။ လှမင်းသည် အလုပ်သဘောအရ လူကြီးဖြစ်နေသော်လည်း ဤကိစ္စမျိုး၌ ပြောရေးဆိုရေး မကျွမ်းကျင်။

"ဘာပြောရမှာလဲ၊ ပြောဆို ကျွန်တော် တဲ့တိုးကြီး ပြောချလိုက်မှာ"

အောင်ကြီး ပြုံးနေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ မစ္စတာဒေးဗစ် ပြောပါလိမ့်မယ်၊ သူ့သာ ပြောလိုက်ပါ၊ ဦးစောသာအေးတော့ မဖြစ်ဘူးဗျ၊ သူက ပတ်သက်တဲ့လူ ဖြစ်နေတယ်"

"အင်းလေဗျာ၊ ပြောလိုက်မယ်၊ မနက်ကတောင် နော်မူအေးကို ကျောင်းဆရာမ လုပ်ခိုင်းမလို့ဆိုပြီး ဆရာကြီးက ကျွန်တော့်ကို ပြောသွားသေးတယ်၊ နေ့လယ်က တီးခေါက်ကြည့်တော့ အင်တင်တင်ပါဗျာ၊ ဆရာကြီးပြောကြည့်ပါစေပေါ့၊ ကျွန်တော်တော့ လုပ်မယ်လို့ တယ်မထင်လှဘူး၊ ကောင်မလေး ရည်းစားစိတ်နဲ့ မွန်ထူနေတယ်နဲ့ တူတယ်"

ထိုရက်အတွင်း အောင်ကြီးလည်း သူတို့ကိစ္စများကို စိတ်မဝင်စားအား။ အကြောင်းမှာ သူ့ဆီသို့ သူ့မိန်းမ မခင်ရီနှင့် သားလေး အလည်လိုက်လာကြသောကြောင့် ဖြစ်လေသည်။ မခင်ရီတို့ တစ်ပတ်ခန့် နေသွားကြသည်။ အပြန်တွင် အောင်ကြီး လိုက်မပို့နိုင်။ သို့သော်လည်း အဆင်သင့်ချင်တော့ သောင်းဒန်ကို ဌာနချုပ်မှ လှမ်းခေါ်သည်နှင့် ကြုံသဖြင့် မခင်ရီတို့သားအမိကို သောင်းဒန်နှင့် ထည့်လိုက်ရလေသည်။

သောင်းဒန် ရန်ကုန်သွားမည် ကြားလျှင် သန်းမောင်လည်း သူ့မိန်းမနှင့်တွေ့ရန် ခွင့်ယူ၍ လိုက်ချင်ကြောင်း ပြောလာသည်။

"ဒီလိုလုပ်ပါကွာ၊ မင်း ခွင့်ယူမနေနဲ့၊ အင်းစိန် ရွာမအလုပ်ရုံမှာ သံပေါင်တွေ လုပ်ဖို့ရှိတယ်၊ ပြီးတော့ ဂဟေဆော်တဲ့ အက်ဆီတလင်းအိုးတွေ ဓာတ်ငွေ့အသစ် ဖြည့်ရမယ်၊ အဲဒီ တာဝန်နဲ့လိုက်ခဲ့"

သန်းမောင်သည် သောင်းဒန်ကို ထိုင်၍ ရှိခိုးချင်စိတ် ပေါက်သွားသည်။

"ငါ သိပ်ကြာမယ် မထင်ဘူး၊ ကျောက်တွေ့တဲ့ ကိစ္စပါပဲ၊ ငါ မရှိတုန်း စောသာအေးနဲ့ လှမင်း သူကြီးပဲဟေ့" ဟု သောင်းဒန်က လွှဲသွားသည်။

× × × × ×

# ၃၉

သောင်းဒန် ဌာနချုပ်သို့ရောက်သွားချိန်တွင် ဌာနချုပ်၌ အထက်ပိုင်းရာထူး အပြောင်းအရွှေ့များရှိနေသည်။ နောက်ရောက်လာသည့် ဌာနမှူးအသစ်သည် သူများထက် ပို၍ စင်ရော်တံတားကို စိတ်ဝင်စားသည်။ ထက်သန်သည်။ သူသည် စင်ရော်ဒေသသားဖြစ်သည်ဟု သိရသည်။

"ကျုပ် ရေပြာသားဗျ၊ ကျုပ်အမေက ရေပြာသူ၊ ကျုပ်အဖေက သောင်ဦးသား၊ ကျုပ်တို့အရပ်က တောသူတောင်သားတွေဟာ သိပ်ဆင်းရဲကြတယ်၊ အဲဒါ လမ်းပန်းအဆက်အသွယ် မဖွံ့ဖြိုးတဲ့အကြောင်းတစ်ခုလဲ ပါတယ်၊ လူတွေမှာ စီးပွားရေးမဖွံ့ဖြိုးတော့ ယဉ်ကျေးမှုလဲ မဖွံ့ဖြိုးတော့ဘူး၊ သိပ်ခေတ်နောက်ကျတယ်"

သောင်းဒန်နှင့် ခဏသာ တွေ့ရသေးသော်လည်း ထိုဌာနမှူးသည် သူ့မျိုးရိုးဇာတိပါမကျန် ဖွင့်ပြောနေသည်။

"ခင်ဗျား ဘာလိုချင်သလဲ၊ လိုချင်တာပြော၊ ရအောင် ကျုပ်လုပ်ပေးမယ်"

သောင်းဒန်က ပြုံး၍သာ နေသည်။ ဘာမှ ပြန်၍မပြော။ ထိုပုဂ္ဂိုလ် တတ်နိုင်မှန်း သောင်းဒန် သိသည်။ သို့သော်လည်း သူ့အောက်ကလူများကို ကျော်ကာ ထိုပုဂ္ဂိုလ်နှင့် တိုက်ရိုက်ဆက်ဆံရမည်ကို သူ စိတ်မလုံ။ အောက်က လူများ နှာခေါင်းရှုံ့ကြမည်ကို သောင်းဒန် စိုးရိမ်သည်။ အလုပ်သဘောကား

အဆင့်ဆင့် အထက်သို့ သွားရမည်မဟုတ်လား။ သို့သော်လည်း တစ်ခါတစ်ရံ တိုက်ရိုက်ဆက်ဆံ ပြောဆိုနိုင်သည့် အခွင့်အရေးက လုပ်ငန်းကို မြန်မြန် ဖြစ်မြောက်စေသည်။ ယင်းကို သောင်းဒန် သဘောပေါက်သည်။ သို့သော်ငြား လည်း တိုက်ရိုက်မဆက်ဆံမိစေရန် တတ်နိုင်သမျှ ကြိုးစားမည်ဟု သောင်းဒန် မျိုသိပ်ထားလိုက်ရသည်။

သောင်းဒန် ရောက်လာလျှင် ဌာနချုပ်တွင် သက်ဆိုင်ရာတို့ အစည်း အဝေး လုပ်ကြသည်။ သောင်းဒန်လည်း ထိုအစည်းအဝေးသို့ တက်ရသည်။ စိမ့်မြိုင်မှ အင်ဂျင်နီယာ ဦးရွှေသိန်းလည်း ရောက်လာသည်။

"စင်ရော် တိုင်းမှူးလဲ ရန်ကုန် ရောက်နေတယ်၊ လိုတဲ့ အကူအညီကို အစွမ်းကုန်ပေးပါမယ်လို့ အာမခံတယ်၊ ဦးသောင်းဒန် တိုင်းမှူးနဲ့ ဆက်သွယ်ပါ၊ သူလဲ စင်ရော်တံတားကို အများကြီး စိတ်ဝင်စားပါတယ်၊ တစ်နေ့ကပဲ ပြဿနာ ပေါ်တော့ တိုင်းမှူးက စိမ့်မြိုင်ကနေပြီး ရေပြာအထိ လမ်းတောက်လျှောက် ပေါက်သွားရင် ကလသဖ ကားတွေနဲ့ ဆန်တွေ ပို့မယ်ဗျာ၊ ဒီလမ်းကြီး ပေါက်သွားဖို့ ကျွန်တော်လဲ တာဝန်တစ်ခုအနေနဲ့ ခေါင်းထဲ ထည့်ထားမှာပဲလို့ ပြောတယ်" တာဝန်ခံတစ်ယောက်က အစည်းအဝေး၌ ပြောသည်။

ထိုစကားကို ကြားရသည့်အခါ သောင်းဒန် ဝမ်းသာမိသည်။ သူတို့ လုပ်ငန်းကို ကူညီမည့်သူတစ်ယောက် ရှိလာပြီဟု အားတက်မိသည်။ ကူညီ မည့် ပုဂ္ဂိုလ်မှာလည်း များစွာ အကူအညီပေးနိုင်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သဖြင့် နောင် အဆင်ပြေလိမ့်မည်ဟု သောင်းဒန် မျှော်လင့်သည်။

အစည်းအဝေးတွင် သောင်းဒန်က တိုင်နံပါတ်(၁)နေရာ၌ ကျောက်ဖျာ ကြီးတစ်ခု တွေ့သည့်အကြောင်း အထောက်အထားများနှင့်တကွ တင်ပြသည်။ တွေ့ရသည့် ကျောက်မှာ ဂရက်နိုက်(ခေါ်) လိပ်သည်းကျောက် ဖြစ်သည်။

"ကျောက်ဖျာကြီးလားဗျာ၊ ဦးသောင်းဒန် ဘယ်နှနေရာ စမ်းပြီးပြီလဲ"

"နံပါတ် (၁) တိုင်နေရာမှာ စမ်းပြီးပါပြီ၊ ကျွန်တော်တော့ ကျောက်ဖျာ လို့ပဲ ဆိုချင်ပါတယ်၊ တိုင်နံပါတ် (၁) မှာ တိုင်နှစ်လုံးချဖို့ ရှိတယ်၊ ချောင်းညာ တိုင်နေရာမှာရော၊ ချောင်းအောက် တိုင်နေရာမှာရော ကျောက်သားပြင်ကြီး

တွေ့ရပါတယ်၊ ကျောက်ဖျာလို့ မပြောရင် ကျောက်အပျဉ်ကြီး၊ ကျောက်ပျဉ်ကြီးလို့ ပြောရမလား မသိဘူး”

“ကဲ ကဲ ဒီလိုလုပ်မယ်၊ မြေစမ်းအဖွဲ့ ထပ်ပြီး လွှတ်မယ်၊ ကျွန်တော်တို့အဖွဲ့လဲ လိုက်လာမယ်၊ တိုင်နံပါတ် (၂)၊ (၃)၊ (၄) အားလုံး ထပ်ပြီးစမ်းမယ်”

“တစ်နည်းတော့ရှိတယ်၊ တိုင်နံပါတ် (၁)ကို နေရာရွှေ့လိုက်ရင် ဘယ့်နှယ်နေမလဲ၊ အခု ပေ ၁၀၀ ခန်းဖွင့်အစား ပေ ၈၀၊ ပေ ၇၀ ခန်းဖွင့် လုပ်လိုက်တာပေါ့၊ နဂိုနေရာကနေပြီး တောင်ဘက်ကို ပေ ၂၀၊ ၃၀ လောက် ရွှေ့လိုက်လေ၊ ရွှေ့လိုက်ရင် ကမ်းပါးစောင်းပေါ်မှာ ရောက်သွားမယ် မဟုတ်လား”

တိုင်နေရာရွှေ့ရေးကို အားလုံးစိတ်ဝင်စားလာကြသည်။ သောင်းဒန်မကြိုက်။ တိုင် ၁ နေရာရွှေ့မည်ဆိုလျှင် ၂၊ ၃၊ ၄ တို့ကိုပါ နေရာရွှေ့ရမည်။ မြောက်ဘက် ဘဲတောင်ကိုလည်း ရွှေ့ရမည်။

“ဖြစ်ပါတယ်၊ ဖြစ်ပါတယ်” အားလုံးလိုလို ထောက်ခံကြသည်။ အင်ဂျင်နီယာများက ထောက်ခံသည်ဆိုလျှင် အင်ဂျင်နီယာမဟုတ်သူ အုပ်ချုပ်ရေးသမားက ကန့်ကွက်ရန် ဝန်လေးလာကြသည်။

“မြောက်ဘက် ဘဲတောင် တိုင်မရိုက်ရသေးဘူး မဟုတ်လား”

မရိုက်ရသေးပါ။ ယခု တိုင်များ ကန်ကရစ် လောင်းနေသည်။ ကနေ့မနက်ဖြန်ဆိုလျှင် တိုင်များ ရိုက်တော့မည်။

“ဒါဖြင့် လွယ်သားပဲ၊ မြောက်ဘက် ဘဲတောင်ကစပြီး တိုင်အားလုံးတောင်ဘက်ကို ပေ ၃၀ စီ ရွှေ့လိုက်တာပေါ့”

သောင်းဒန်သည် ရေငုံနှုတ်ပိတ်နေတော့မည်ဟု ဆုံးဖြတ်ထားရာမှ မနေနိုင် မထိုင်နိုင် ဖြစ်လာသည်။ ပါးစပ်က ရွစိရွစိ ဖြစ်လာသည်။

“ဦးသောင်းဒန်က ဘာပြောချင်သလဲ၊ ပြောစရာရှိတာ ပြောလေဗျာ”

စင်ရော်သား ဌာနမှူးက သောင်းဒန် မျက်နှာ ရှုံ့မဲ့မဲ့ ဖြစ်နေသည်ကို သတိထားမိသဖြင့် အပြောခိုင်းသည်။

“တခြား မဟုတ်ပါဘူးခင်ဗျာ၊ တံတား အလှပျက်သွားမှာ စိုးလို့ပါ၊ ပေ ၁၀၀ စီ ခန်းဖွင့်နဲ့ ၅ ခန်း တင်ထားဖို့ ရည်ရွယ်ထားတဲ့ တံတားအလှ

ပျက်သွားပါလိမ့်မယ်၊ တစ်ခန်းက ပေ ၇၀၊ ကျန်တဲ့ လေးခန်းက ပေ ၁၀၀ စီ ဆိုရင် လုမှာ မဟုတ်တော့ဘူး”

“လုတာတွေ ကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ အောက်မှာ ကျောက်တွေ့ နေတဲ့ဟာ၊ ကျောက်လွတ်တဲ့နေရာ ရွှေ့ပြီး လုပ်ရမှာပေါ့၊ ဒါမှ တံတားဖြစ် မှာပေါ့”

“ဟုတ်တယ်၊ လုတာ ကြည့်နေလို့ မဖြစ်ဘူး၊ ဖြစ်သလို လုပ်ကြမှာပဲ”

သောင်းဒန် စိတ်ပျက်သွားသည်။ လက်လျှော့ရမလို ဖြစ်နေပြီ။ နောက်ထပ် စောဒကတက်ရန် သောင်းဒန် ကြိုးစားသည်။

“တိုင်နေရာတွေ ရွှေ့လိုက်တော့ ရေစီးနဲ့ ဘယ်လိုနေပါ့မလဲ၊ အခု လျာထား ထားတာက ရေစီးသန်တဲ့ ချောင်းလယ်မှာ တိုင်ကြီး ခံမနေရ အောင် လုပ်ထားတာ”

“အို ဒါလဲ ဖြစ်ပါတယ်၊ စင်ရော်ချောင်းက ဘယ်လောက် ရေစီးသန်တဲ့ ချောင်းလဲ၊ ပေ ၃၀ ရွှေ့လိုက်တာနဲ့ ရေစီးတာနဲ့ မဆိုင်ပါဘူးဗျာ၊ ရေစီးကြောင်း ကို ပြောင်းပေးလိုက်ရင် ပြီးတာပဲဗျာ”

“ကျွန်တော်တော့ သိပ် . . .”

“နို့ ဦးသောင်းဒန်က ဘယ်လို အကြံပေးချင်သလဲ၊ ဘယ်လို လုပ်ရင် ကောင်းမလဲ၊ တင်ပြအုံးမှပေါ့”

“ကျွန်တော့်မှာ တင်ပြစရာ မရှိပါဘူး၊ အထက်က ချပေးတဲ့အတိုင်း လုပ်ရမှာပါပဲ၊ ဒါပေမဲ့ . . .”

သောင်းဒန် ပြော၍မထွက်၊ တံတားနေရာ ရွှေ့သည်ကိုသာ သောင်းဒန် မကျေမနပ် ဖြစ်နေသည်။ စင်ရော်မြို့နား ရွှေးလျှင် ဘယ်လောက် ကောင်း မည်လဲ။ ထိုစကားကို ပြန်၍ မကောက်ချင်။ ယခု အစီအစဉ်သစ်သည်လည်း ဖြစ်နိုင်လောက်စရာရှိသည်ဟု သောင်းဒန် မျှော်လင့်ယုံကြည်မိသည်။ တံတား အလုပျက်သွားမည်ကား အမှန် ဖြစ်သည်။ သို့သော် ဖြစ်သလို ဆောက်လုပ် ကြရမည်မို့ ဆင်ခြေမတက်သာ။

“ကဲလေ ဒါတွေက ယာယီအစီအစဉ်တွေပါ၊ ဒီကအဖွဲ့ စင်ရော်ကို

လာအုံးမှာပဲ၊ မြေစမ်းအဖွဲ့လဲ လာမှာပဲ၊ အဲဒီတော့မှ တွေ့ရှိချက်တွေ ကြည့်ပြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲကြတာပေါ့”

အစည်းအဝေးပြီးလျှင် သောင်းဒန်သည် စင်ရော်သား အုပ်ချုပ်ရေးမှူးကို ဝင်၍ တွေ့သည်။

“ခင်ဗျား ပြောစရာရှိတာသာ ပြော၊ ဘာမှ ကြောက်မနေနဲ့၊ ခင်ဗျားက လက်တွေ့လုပ်နေရတဲ့လူ၊ ဒီက လူတွေအကြောင်း ကျုပ် ကောင်းကောင်း သိတယ်၊ ကျုပ် အင်ဂျင်နီယာမဟုတ်ပေမဲ့ လူ့အကြောင်းတော့ သိပါတယ်ဗျာ၊ ကောင်းတဲ့လူတွေလဲ ရှိတယ်၊ မကောင်းတဲ့ လူတွေလဲ ရှိတယ်၊ ဒါပဲ”

သောင်းဒန်က လိုအပ်သည်တို့ကို တင်ပြသည်။ အုပ်ချုပ်ရေးမှူးက အားလုံး ကူညီသည်။ မီးရထားဌာနတွင် ဖော့သမ္ဗန် ငှားရေး၊ ဆည်မြောင်း ဌာနမှ ရေစုပ်စက် ငှားရေး၊ ကျောင်းဆရာကိစ္စ။

“မူလတန်းကျောင်း ဖွင့်တာလောက်များ ရန်ကုန်အထိ မလိုပါဘူးဗျာ၊ တိုင်းမှူးကို ကျွန်တော် ပြောလိုက်မယ်၊ တိုင်းနဲ့ပဲ ပြီးနိုင်ပါတယ်”

“နောက်တစ်ခုက ကျွန်တော်တို့ တံတားဆောက်အဖွဲ့ မဖွဲ့နိုင်သေး ဘူးလား”

“အဲဒါ မြန်မြန်ဖွဲ့ဖို့ ကြိုးစားနေတယ်၊ ပိုက်ဆံမရှိဘူးဗျ၊ ဘတ်ဂျက် မရှိဘူး၊ ကြံရဖန်ရအုံးမယ်၊ ဒါပဲ”

“ပြီးတော့ ဖွဲ့ဖြစ်ရင် လာမဲ့လူက”

“လူအကြောင်း ပြောမနေနဲ့ဗျာ၊ ခင်ဗျား ကြိုက်တဲ့လူ ရစေ့မယ်၊ ခင်ဗျား နဲ့တွဲလုပ်ရမှာ မဟုတ်လား၊ ဒါပဲ”

သောင်းဒန် ကျေနပ်လာခဲ့သည်။ သူ့ ရုံးခန်းထဲမှ ထွက်လာလျှင် ကျော်ဆွေကို ရှာသည်။ အချိန်ကား ၁၂ နာရီသာသာ ရှိနေပြီ။ ကျော်ဆွေကို ခေါ်ခဲ့ကာ တစ်နေရာရာသို့သွား၍ တစ်ခုခုစားကြမည်ဟု စိတ်ကူးသည်။

“ခင်ဗျားလူ ထမင်းစားနေတယ်၊ ဟောဟိုမှာ သူ့အဖွဲ့နဲ့” တစ်ယောက် က ညွှန်လိုက်သည်။

ကျော်ဆွေသည် စာရေးမလေးများ အင်ဂျင်နီယာလေးများနှင့် ဝိုင်းဖွဲ့

နေသည်။ စားပွဲပေါ်တွင် သူတစ်ယောက်တည်း တင်ပျဉ်ခွေထိုင်ကာ ထမင်းချိုင့် တစ်ခုပြီးတစ်ခု နှိုက်နေသည်။

"ဟော့ သူငယ်ချင်း လာလေကွာ၊ ကြုံတုန်း စားသွား၊ ဟင်းကတော့ သိပ် မကောင်းလှဘူးကွ၊ ဒီကောင်မတွေ တက်ထရွန်တို့၊ လှိုင်းကြီးတို့ ဝယ်ရတာနဲ့ ဟင်းကောင်းကောင်း မချက်နိုင်ကြဘူး"

"အို . . . ဆရာကလဲ မဟုတ်တာ"

"ဘာမဟုတ်တာလဲ၊ ညည်းပဲ တစ်နေ့တစ်မျိုး ထည်လဲဝတ်နေတာ၊ နေအုံးဟော့ သူငယ်ချင်း၊ ပြီးခါနီးပြီ"

"သူ့ချိုင့်ထဲမှာဖြင့် ပဲပြုတ်ပဲ နေ့တိုင်းပါတယ်"

"အညာသားကိုးအေ့၊ ပဲ ကြိုက်တာပေါ့"

စာရေးမလေးများ မကြားနိုးနား ပြောနေကြသည်။

အင်း . . . ဒီကောင် ဒါတွေနဲ့ ပျော်နေတာပဲ။ ဒါ့ကြောင့် မိန်းမ မရနိုင်တာပဲ။ မဖြစ်ဘူး၊ ဒီကောင့်ကို တို့ဆီခေါ်ရမယ်။ ကြာရင် ဒီကောင် ရုံးမှာထိုင်ပြီး သူ့ပညာတွေ မေ့ကုန်လိမ့်မယ်။

ရုံးအောက်ရှိ လက်ဖက်ရည်ဆိုင်သို့ ကျော်ဆွေကိုခေါ်ခဲ့သည်။ တွေ့ သမျှ မိတ်ဆွေအပေါင်းက "ဘယ့်နှယ်လဲ စင်ရော်တံတား"ဟု မေးကြသည်။ သောင်းဒန်က "အခု စ နေပြီဗျ"ဟူ၍ပဲ ပြောခဲ့သည်။ လက်ဖက်ရည်ဆိုင်၌ ထိုင်မိကြလျှင် သောင်းဒန်က သူ့အခြေအနေကို ပြောပြသည်။ သို့သော်လည်း ရေရေလည်လည် မပြောနိုင်။ လူရှုပ်သည်။ လက်ဖက်ရည်သောက်ကြပြီး နောက် –

"ညနေကျတော့ အိမ်လာခဲ့ကွာ"ဟု ခေါ်ကာ ရုံးမှ ပြန်ခဲ့သည်။

မီးရထားဌာန၊ ဆည်မြောင်းဌာနများသို့ သွားသည်။ တွေ့ချင်သူနှင့် မတွေ့ရ။ အစည်းအဝေး တက်နေကြသည်ဟု ဆိုသည်။ ရန်ကုန်ရုံးတွေမှာ အစည်းအဝေးတက်တဲ့ အလုပ်ပဲ ရှိတယ် ထင်ပါရဲ့၊ နောက်တစ်နေ့ ထပ်သွား ရဦးမည်။ လက်အောက်အရာရှိများကိုကား သူ လိုချင်သည်တို့ကို ပြောထား ခဲ့သည်။

ညနေ အိမ်ပြန်ရောက်လျှင် ကျော်ဆွေ ရောက်နေနှင့်သည်ကို တွေ့ရသည်။

"သူငယ်ချင်း၊ မင်းမိန်းမက ရုပ်ရှင်သွားမယ်လို့ ပြောနေပါလားကွ၊ မင်းမိန်းမ စိတ်ကျေနပ်အောင် လိုက်ပြလိုက်ပါကွာ" ကျော်ဆွေက စ၍ ပြောသည်။

"ဟုတ်လား၊ မနက်ဖြန်မှ သွားလဲ ရပါတယ်ကွာ၊ မင်းနဲ့ ပြောစရာတွေ အများကြီးရှိသေးတယ်"

"တော်ကြာ မင်းမိန်းမ စိတ်ကောက်နေပါမယ်ကွာ" ကျော်ဆွေက မြင့်မြင့်သန်း ကြားလောက်အောင် ကျယ်ကျယ် ပြောသည်။ မြင့်မြင့်သန်း မီးဖိုထဲမှ ထွက်လာသည်။

"ဘာလဲ၊ ဟောဒီ ကိုကျော်ဆွေကြီး တော်တော်ဆိုးတယ်၊ အလကား ရန်တိုက်ပေးနေတယ်၊ ကဲ မောင် ထမင်းစားမယ်"

"နေပါအုံးကွ၊ ရေမိုးချိုးပြီး . . ."

"အရက်လေး တစ်ခွက်လောက် သောက်လိုက်အုံးပေါ့ကွာ" ကျော်ဆွေက ဖြည့်လိုက်သည်။

ရေချိုး ထမင်းစားပြီးလျှင် စကားဝိုင်းထိုင်ကြသည်။ သောင်းဒန်က တံတား အခြေအနေကို အပြည့်အစုံ ရှင်းပြသည်။

"ဟင် . . . မင်းတို့ဟာ စိတ်မောစရာကြီးပါလား"

မြင့်မြင့်သန်းသည် ထိုစကားကို ကြားလျှင် စိတ်ထင့်လာသည်။ တံတား မြန်မြန်ဆောက်၊ မြန်မြန်ပြီးလျှင် သူ့မောင်တော် ရန်ကုန်သို့ မြန်မြန်ပြန်လာရမည် ဖြစ်သည်။ ယခုမူ အထစ်အငေါ့ စ၍ တွေ့နေပြီ။

"နောက်တစ်ယောက် ဆောက်ခိုင်းလိုက်ပေါ့ မောင်ရဲ့၊ မောင် မဆောက်တတ်ဘူးဆိုပြီး လွှဲပေးလိုက်"

"ဒီမိန်းမ သေတော့မှာပဲ၊ ဟုတ်တယ်၊ ကျုပ်က တစ်ပိုင်းတစ်စကြီးနဲ့ လွှဲပေးရမယ်၊ တစ်သက်လုံး လွှဲမပေးဘူးမှတ်၊ ဘာပဲဖြစ်နေနေ ဒီတံတားကို ငါ ပြီးအောင် ဆောက်မယ်၊ ဘယ်လောက်ကြီးတဲ့ တံတားလဲကွာ၊ ချောင်းကလဲ

ဘယ်လောက် ကျယ်လို့လဲ၊ ကျောက်သာမတွေ့ရင် သုံးနှစ်နဲ့ ပြီးတယ်”

မြင့်မြင့်သန်း ငြိမ်သွားသည်။ ဘာမှ ဝင်မပြောတော့ဘဲ နားထောင်၍သာ နေသည်။

“ငါ ပြောခဲ့ပြီးပြီ ကျော်ဆွေ၊ မင်းလဲ တို့ဆီ ပြောင်းလာခဲ့ရမှာပဲ၊ မင်းကြည့်ရတာ ဘာမှ စိတ်မပါသလိုပဲ၊ မြင့် ပြောတာ ဟုတ်နေတာပဲ၊ ရုံးမှာ ကောင်မလေးတွေနဲ့ . . .”

“ဟ ဒီလိုမနေလို့ ဘယ်လိုနေရမလဲကွ၊ ဒါ ငါ့ဝါသနာပဲ၊ ငါ ဒီလိုနေတတ်တာပဲ၊ ပျော်စေ ပြက်စေပေါ့ကွာ”

“ဒါနဲ့တောင် မင်း မိန်းမ မရနိုင်သေးဘူး”

“မောင့် ကိုကျော်ဆွေက ရွေးနေတာ၊ စိတ်ကြိုက် ရွေးနေတာနဲ့ ဖင်မွေးဖြူတော့မယ်”

“ဟုတ်တယ်၊ မင်းတို့ နှစ်ယောက်ကတော့ ဖင်မွေးသာ ဖြူမယ်၊ မိန်းမ ရဖို့တော့ မရှိတော့ပါဘူးကွာ၊ သော်ကောင်း ဆိုတဲ့ကောင်လဲ မင်းလိုပဲ၊ အားကြီးကြေးများတဲ့ကောင်၊ အသက်ကြီးပြန်ပြီ၊ ပညာမတတ်ပြန်ဘူး၊ ဒီကောင်လဲ တံတားဆောက်လုပ်ရေးနဲ့ ရောက်လာမှာပဲ”

“အေး . . . အဲဒါ ကောင်းတယ်၊ မင်းတို့ တောထဲ တို့နှစ်ယောက် လိုက်လာ မိန်းမရဖို့က ဝေလာဝေး၊ ကောင်းပေါ့ကွာ”

သောင်းဒန်က ဟက်ဟက်ပက်ပက် ရယ်သည်။

“မိန်းမကတော့ လိုချင်ရပ့ါဗျာ၊ စင်ရော်သူ အချောတွေ အများကြီးပဲ၊ ငါ လိုက်ပို့ပေးမယ်”

“တော်ပါ ငါ့လခွမ်းတဲ့၊ မရွှေမြင့်၊ ခင်ဗျားယောကျ်ား နည်းနည်းလေးမှ မကောင်းဘူး၊ ကျွန်တော်တို့ဖို့ ကျွန်တော်တို့ဖို့နဲ့ ကောင်မလေးတစ်ယောက်နဲ့တွေ့လို့ စကားပြောကြပြီဆိုရင် ဒီကောင် ရှေ့ဆုံးက ငမ်းနေတာပဲ၊ ပြီးတော့ မခွာတော့ဘူး”

“ဟုတ်မှာပဲ” မြင့်မြင့်သန်းက သောင်းဒန်ကို မျက်စောင်းချိတ်လိုက်သည်။ သောင်းဒန် တဟားဟား ရယ်ပြန်သည်။

ကျော်ဆွေသည် တစ်ခါတုန်းက အဖြစ်အပျက်ကို အမှတ်ရကာ သောင်းဒန်အား အခဲမကျေ ဖြစ်နေသည်။ တက္ကသိုလ်ကထိကကြီးတစ်ယောက်၌ သမီးပျိုသုံးယောက် ရှိသည်။ သောင်းဒန်က ကျော်ဆွေနှင့်သော်ကောင်းတို့အား ခေါ်သွားသည်။ အခန့်သင့်ချင်တော့ အိမ်၌ လူကြီးများမရှိကြ။ "အတွတ်တို့ အဖြူတို့၊ လာကြဟေ့"ဟုခေါ်ကာ သူတို့နှင့် မိတ်ဆက်ပေးပြီး သောင်းဒန်ချည်း စကားဒိုင်ခံပြောသည်။ ကျော်ဆွေနှင့် သော်ကောင်း ငေးပြန်လာခဲ့ရသည်။

"ငါတစ်ယောက်တည်း တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိဘူးကွာ၊ အရေးဟဲ့ဆိုရင် ဘယ်သူမှ မရှိဘူး၊ သော်ကောင်းကလဲ ငါတို့ဆီ ရောက်မလိုလိုနဲ့ အဝေးလွင့်သွားပြီ၊ ဒီကောင်တော့ မရ ရအောင် ခေါ်မှ ဖြစ်မယ်"

သောင်းဒန်ကို ကျော်ဆွေ သနားသွားသည်။ အလုပ်ကလည်း အဆင်မပြေ။ မိန်းမနှင့်လည်း အတူမနေရ။ မြင့်မြင့်သန်းကို စင်ရော်သို့ လိုက်သွားရန် သူ တိုက်တွန်းဖူးသည်။ သို့သော်လည်း သူတို့အကြောင်း သူတို့သာသိသည်။

"အခုလဲ ဘာထူးလဲ၊ နှစ်အိမ်ထောင် ခွဲနေရတော့ ကုန်တာပဲ"

"ဟုတ်တယ် ကိုကျော်ဆွေ၊ သူ့လခ ကျွန်မဆီ ရောက်တယ်မရှိဘူး၊ ကျွန်မဆီကတောင် လုမ်းလုမ်းပြီး ပိုက်ဆံဆွဲသေးတယ်၊ ဒါပေမဲ့ လိုက်မယ်ဆိုရင် ကျွန်မ အလုပ်ထွက်ရမယ် မဟုတ်လား၊ သုံးနှစ်ဆိုတာ ကြာတာ လိုက်လို့ဆိုပြီး မိုတ်ကြိတ်သည်းခံပြီး စောင့်ရတော့မှာပဲ"ဟု မြင့်မြင့်သန်းက ပြောဖူးသည်။

"မင်း လာခဲ့ဖို့ ကြိုးစားကွာ ကျော်ဆွေ၊ မင်းကသာ လာမယ်ပြော၊ ဖြစ်စေရမယ်"

"ဒီမှာ မခွဲနိုင် မခွာရက်ကလေးတွေ တွေ့နေတယ် မောင်ရေ၊ ကို ကျော်ဆွေကြီး ခုမှ စွံကာ နီးနေတာ၊ မောင်က ကဖျက်ယဖျက် ဝင်မလုပ်ပါနဲ့၊ တော်ကြာ ခွဲရမှာ သည်းမြည်ာ တဖေနာလှချေရဲ့ ဖြစ်နေပါအုံးမယ်"

အရှိုက်ထိုးမိသဖြင့် ကျော်ဆွေ ပြုံးဖြဲဖြဲ လုပ်နေလိုက်သည်။

"ဘယ်ကလဲကွ၊ ပြစမ်းပါအုံး၊ ငါ့ ပြစမ်းပါအုံး ကျော်ဆွေရ"

"မေး မေး၊ မောင့်လူကို ရအောင် မေး"

ကျော်ဆွေ့ထံမှ စကားပြန်မရ။

"မဟုတ်ပါဘူးကွာ၊ မင်းမိန်းမ နားစွန်နားဖျားကြားတာနဲ့ ပြောနေ တာပါ"

"အေး . . . မင်း မပြောချင်နေ၊ ငါ သိအောင် ငါ့ဘာသာငါ ကြိုးစား မယ်၊ အခုတော့ အချိန်မရှိသေးဘူး"

သောင်းဒန်သည် ကျော်ဆွေ၏အကျင့်ကို နှောကျေနေအောင် သိသည်။ အင်မတန် ဖုံးဖုံးဖိဖိ နေသည်။ စကားကိုလည်း မပွင့်တပွင့်သာ ပြောသည်။ ပြောပြန်လျှင်လည်း လေးလုံးကွဲအောင် မပြော။ အလယ်က ဖောက်ပြော သည့်အခါ ပြောသည်။ သူ့ဘာသာ တစ်ယောက်တည်း စိတ်ကူးနေရာမှ စိတ်ကူးရသည်အတိုင်း ပြောချင်ပြောတတ်သည်။ နားထောင်ရသည်မှာ ဘာမျှ နားမလည်။

"ဟော့ကောင် ဘယ့်နှယ်လဲ၊ တခြားဟာ ထားပါ၊ မင်း . . . တို့ဆီ လာ မလား၊ ဒါပဲပြောကွာ၊ ငါသုံးလေးရက်ရှိပြီ ပြန်မယ်"

"ငါကြိုးစားမယ် သူငယ်ချင်း"

× × × × ×

# ၂၀

သောင်းဒန်သည် စင်ရော်သို့ တထိတ်ထိတ်နှင့် ပြန်လာခဲ့သည်။ သူမရှိတုန်း ဘာအမှုများ ပွေနေမည်လဲဟု စိတ်ထဲတွင်မဖြောင့်။ သူထွက်လာပြီး နောက် တစ်နေ့မှာပင် စခန်းသစ်အရှေ့ဘက်၌ တိုက်ပွဲဖြစ်သည်။ သူပုန်တစ်ဦးကျကာ ဆုတ်ပြေးသွားသည်။

စာသင်ကျောင်း ပြီးသွားပြီ။ မြောက်ဘက်ကမ်း၌ ဘဲတောင်အတွက် တိုင်များ ပြီးသလောက် ဖြစ်နေပြီ။ မြောက်ဘက်ကမ်းတွင် ကွမ်းသီးခြံကိုရှင်းကာ မြေနေရာများများချဲ့နေသည်။ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများ လောင်းရန် နေရာအကျယ်ကြီးလိုသည်။ ထို့အတူ တောင်ဘက်ကမ်း၌ နေရာ များ ချဲ့နေရသည်။ တောင်စောင်းများကို ဖြိုချသည်။ ကွမ်းသီးပင်များ ခုတ်သည်။

အင်ကြင်းတောင်စွယ်တွင် အိမ်ကလေးများ နောက်ထပ်တိုးလာသည်။ ယခုကား အိမ်ခြေ ၃၀ ကျော်ခန့် ရှိနေပြီ။ ရွာကလေးတစ်ရွာ ဖြစ်ခါနီးနေသည်။ နေထိုင်ကြသူအားလုံးမှာ အနီးအနားရှိ ကွမ်းခြံ၊ အုန်းခြံတို့မှ ဖြစ်သည်။ စောစောပိုင်းကမူ သူတို့သည် ချောင်းကမ်းတစ်လျှောက်ရှိ ကွမ်းသီးခြံ၊ အုန်းခြံ တို့၌ နေကြသည်။ သူပုန်ကို ဆက်ကြေးပေးရသည်။ သူပုန်က သူတို့ဆီ ဝင်ထွက်သွားလာသည်။ တစ်ခါတစ်ရံ သမီးပျိုများ သူပုန်နှင့် ချစ်ကြိုက်ကာ သူပုန်နောက်ပါသွားသည်။ ကြာသော် မနေရဲကြတော့သဖြင့် စင်ရော်သို့

တက်နေကြသည်။ ယခုကား ဤအရပ်၌ တံတားစခန်းရှိလာသည်။ အစောင့် အကြပ်တပ်များ ရှိလာသည်။ ထို့ကြောင့် တောင်စောင်းတွင် ရွာကလေး တည်ကာ နေပါရစေဟု တဲရှင်တို့က ခွင့်ပန်သည်။ သက်ဆိုင်ရာကလည်း ခွင့်ပြုသည်။ သောင်းဒန်တို့ကလည်း ကန့်ကွက်စရာမရှိ။ ကွမ်းသီးခြံသို့ ထွက်သည့်လမ်းသည် တောင်စောင်းကိုကျော်ရသည်။ ထိုနေရာ၌ တံတားဦး ရွာကလေးတည်လိုက်ရာ စခန်းသို့ အပြင်မှဝင်သည့်လမ်းကို တံတားဦး ရွာကလေးမှ ပိတ်ခံထားသည်။ တံတားစခန်းသို့ အရှေ့ဘက်ချောင်းဖျားမှ လာမည်ဆိုလျှင် တံတားဦးရွာကလေးကို ဖြတ်ရမည်။ သူပုန်လာလျှင်လည်း ရွာကလေးကိုဝင်ပြီးမှ စခန်းသို့ရောက်မည်။ သို့ဖြစ်ရာ ရွာဝင်လမ်းကို စည်းရိုး ခတ်၊ တံခါးဆောက်ကာ ကင်းတာဝန်တစ်ခုကို ရွာအားပေးလိုက်သည်။ တစ်ဖန် ရွာကိုလည်း သောင်းဒန်တို့စခန်းမီးစက်မှ မီးပေးလိုက်သည်။ ရွာလယ်လမ်းတွင် မီးသုံးလေးပွင့် ထိန်နေသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသလို စခန်းနှင့် တံတားဦးရွာကလေးတို့သည် အပြန်အလှန် အမှီပြုနေကြသည်။

ယခင်က မဲဇာအရပ်သည် ယခု စိုပြည်လာသည်။ တောကြီးမျက်မည်း အလယ်၌ လူသံသူသံ ကြားလာရသည်။ လူသံသူသံသာမက စက်အမျိုးမျိုး ခုတ်မောင်းသံပင် ကြားလာရသည်။ ခေတ်နောက်ကျနေသော စင်ရော်ချောင်း တစ်လျှောက်ကို တံတားစခန်းက မျက်စိဖွင့်ပေးလိုက်သည်။ စူးထိုးတောင်ယာ ဒေသတွင် ဗရွမ်းဝိတ်လေမှုတ်စက်သံ လွှမ်းလာသည်။ အော့တိုကိုင်ဇာ ဘိလပ်မြေဖျော်စက်ကြီး၏မြည်သံလွှမ်းလာသည်။ ဤသို့ဖြင့် စက်ယဉ်ကျေး မှုသည် ပဒေသရာဇ်နယ်ပယ်တွင် ခြေကုပ်စယူလေပြီ။

"သူတို့ရွာက ကလေးတွေကို ကျွန်တော်တို့ ဖွင့်မဲ့ကျောင်းမှာ အပ်ချင် လို့တဲ့ ဆရာကြီး"

"ဘယ်နှယောက်လဲကွ"

"လေးငါးဆယ်ယောက်ပါ ဆရာကြီး"

"လက်ခံလိုက်ပေါ့ကွာ၊ နေပါအုံး၊ မင်းတို့ကျောင်းက ဖွင့်တော့မလို့ လား၊ ဆရာ၊ ဆရာမတွေ ရပြီလား"

"အချိန်ပြည့်တစ်ယောက် ရှာနေရတယ် ဆရာကြီး၊ လုပ်အားပေးတွေကတော့ ရှိပါတယ်၊ နော်မူအေးက မလုပ်ချင်ဘူးတဲ့"

ဟုတ်သည်။ နော်မူအေး စိတ်မပါ။ ယခု တက်တက်ကြွကြွ မရှိ။ သောင်းဒန်မရှိစဉ် ခင်မောင်စိန်ခွင့်ယူ၍ သံပရာအိုင်သို့ ပြန်သွားသည်။ သူ့အမေနေမကောင်းသဖြင့် စာရေးခေါ်သည်ဟု ဆိုသည်။ သောင်းဒန် အရင် သုံးလေးရက်ခန့်က ပြန်ရောက်သည်။ ထိုအခါမှစ၍ နော်မူအေးတစ်ယောက် တွေတွေဝေဝေ ဖြစ်လာသည်။ ငိုင်တိငိုင်တိုင် ဖြစ်လာသည်။ ခင်မောင်စိန် မရှိစဉ် ညနေတိုင်း အင်ကြင်းစေတီသို့ တက်သည်။ အဝေးသို့မျှော်၍ကြည့်ကာ မျက်ရည်များ လည်ရသည်။ ဆည်းလည်းသံတို့သည် သာယာလှသည်။ ငှက်သံ၊ ကျေးသံတို့က နော်မူအေး၏ လွမ်းစိတ်ကို နှိုးဆွသည်။ ပင်လယ်ဆီမှ မိုးသားများ ညို့တက်လာသည့်အခါ နော်မူအေး မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ မုတ်သုံမိုးသည် အငြိုးတကြီး ရွာချလိုက်သည့်အခါတွင်မှ နော်မူအေးတစ်ယောက် မိုးရေစက်လက်နှင့် တောင်ပေါ်မှ ဆင်းလာသည်။ သုံးလေးရက်ခန့် ဆက်တိုက် တောင်ပေါ်တက်သည့်အခါ အအေးမိကာ ဖျားသည်။ ခင်မောင်စိန် ပြန်ရောက်လာပြီး နောက်တစ်နေ့တွင် အဖျားပျောက်သွားသည်။

"ဆရာကြီးကို ကိုလှမင်း ပြောပြပါလိမ့်မယ်၊ သူနဲ့ ဒေးဗစ် ဆွေးနွေးကြတာပဲ"ဟု အောင်ကြီးက သတင်းပေးသည်။

"အေးလေကွာ၊ သူ မလုပ်ချင်လဲ နောက်တစ်ယောက် ရှာရမှာပေါ့၊ ခင်မောင်စိန့်ကိစ္စကတော့ တော်ကြာပြဿနာဖြစ်လာလိမ့်မယ်၊ ဒီကောင် ဘာသဘောလဲ၊ ခက်တယ်ကွာ၊ ဒီကိစ္စတွေက မဖြေရှင်းလို့လဲ မရ၊ ဖြေရှင်းရလဲ အခက်၊ ငါတော့ တခြား ဘာဘာညာညာ ကြည့်မနေနိုင်ဘူး၊ တို့စခန်း သာယာရေးအတွက် ကြည့်ရမှာပဲ၊ ခင်မောင်စိန်မရှိလဲ ဖြစ်ပါတယ်ကွာ၊ ခင်မောင်စိန့်လို ကျောင်းဆင်းတွေ တစ်ပုံကြီးပါ"

ညနေပိုင်းတွင် သောင်းဒန်အိမ်၌ ပရိသတ်စုံ ရောက်လာကြသည်။ လှမင်း၊ ဒေးဗစ်၊ စောသာအေး၊ အောင်ကြီးတို့ အစုံအညီ ရန်ကုန်သတင်း

မေးလာကြသည်။

"ဌာနချုပ်က လာကြမယ်၊ အကြီးအကဲတွေပါမယ်၊ လူစုံအောင် ရက်ညှိနေကြတယ်၊ တိုင် ၁ ကို ဒီဘက် ပေ ၃၀ ရွှေ့ဖြစ်ချင်ရွှေ့ဖြစ်မယ်၊ ရွှေ့ဖြစ်ရင် ကျောက်နဲ့လွတ်သွားတာပေါ့ကွာ"

"ဒါဖြင့် တိုင်တွေအားလုံး ဒီဘက်ကို ရွှေ့ရမှာပေါ့"

"အေး . . . အားလုံး ပေ ၃၀ စီ ဒီဘက်တိုးလာမှာပေါ့၊ မြောက်ဘက်က ဘဲတောင်တိုင် မရိုက်ရလို့ တော်သေးတာပေါ့ကွာ"

ထို့နောက် တံတားခန်းဖွင့်မှာ ပေ ၇၀ တစ်ခု၊ ပေ ၁၀၀ လေးခု ဖြစ်သွားမည့်အကြောင်းကိုလည်း ရှင်းပြသည်။ မည်သူမျှ မကြိုက်ကြ။ အလုပျက်သွားမည်ဟု ဆိုကြသည်။ သောင်းဒန်နှင့် တစ်သဘောတည်းပင် ဖြစ်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ တံတားပြီးဖို့က အရေးကြီးတာ၊ အခု အတိုင်းဆိုရင်တော့ အားလုံး ချောချောမောမောဖြစ်သွားမှာပဲ၊ ဒါ့ကြောင့် ငါလဲ အလုပျက်တာကို အကျောက်အကန် မပြောခဲ့တော့ဘူး"

သူတို့အားလုံး အနည်းငယ် အားတက်သွားကြသည်။ သို့သော်လည်း ရင်ထဲတွင်ကား လုံးလုံးပေါ့မသွား။ အလေးအလံတစ်ခု ကျန်ရစ်နေသေးသည်။ လုံးလုံးပြီးသွားမှပင် တံတားကြီး အောင်မြင်စွာပြီးဆုံးပြီဟု သက်မချနိုင်ကြမည်။ ယခုမူ မျှော်လင့်ချက်ရောင်ခြည်ကလေးကိုတော့ မြင်ရပြီ။

"ကျောက်တွေ့လဲ ကိစ္စမရှိဘူး၊ တိုင်နေရာရွှေ့မယ်၊ ဒီလိုဆိုရင်လဲ ဖြစ်တာပဲ"

ထိုအားတက်စကားသည် သူတို့ကို ကောင်းကောင်းအိပ်ပျော်စေသည့် စကားတစ်ခွန်းဖြစ်လေသည်။

ပစ္စည်းများအားလုံး ရသည်။ သန်းမောင် သယ်လာမည်။ ရန်ကုန် သတင်း မကျန်တော့။ စခန်းသတင်းထူးများ ရှိလျှင်သာ ကြားချင်နေသည်။ ထိုအခါ အောင်ကြီးက သတင်းတစ်ခုပေးသည်။ အထွေအထူးကား မဟုတ်လှ။ သူပုန်နှင့် တောစပ်၌ တိုက်ပွဲဆင်နွှဲရသည့် သတင်းပင်ဖြစ်သည်။ သောင်းဒန်

မျက်ခုံး ချီလိုက်သည်။ ဘယ်သူမှ မပြောကြ။ သူရောက်လာလာချင်း ကြားဖို့ ကောင်းသည့် သတင်းဖြစ်သည်။ ပြောဖို့ကောင်းသည့် ကိစ္စဖြစ်သည်။

"ဘာလဲဗျ၊ တညင်းသီး ကိစ္စလား" စောသာအေးက ပြုံး၍ အောင်ကြီး ကို မေးသည်။ အောင်ကြီးက ပြုံး၍ပြသည်။

"ဘာလဲ၊ ဒီကောင်တွေ ပဟေဠိ တယ်များတာပဲ၊ ကဲ . . . ဆိုစမ်း ပါအုံးကွာ"

"ကျွန်တော်တို့ဆီကကောင်တွေ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က တောင်ဘက် တောထဲကို ဇရစ်ချိုးသွားကြတယ်၊ အဲဒီမှာ တညင်းပင်တွေတွေ့တော့ ဒီကောင် တွေ မနေနိုင်တော့ဘူး၊ တက်ပြီး ခူးကြတာပေါ့၊ သူတို့ချည်းတောင် ခူးလို့ မကုန်နိုင်ဘူး၊ ပေါလိုက်တဲ့ တညင်းပင်တွေ ဆရာကြီးရယ်၊ ဒါနဲ့ စခန်းပြန်လာ ပြီး သတင်းပေးကြတာပေါ့၊ စခန်းက အားတဲ့လူတွေ လိုက်သွားပြီး ခူးကြ တာပဲ"

"မင်းတို့ကောင်တွေကတော့ စိတ်ချရပါတယ်ကွာ၊ ဒီနားတစ်ဝိုက် ဘယ်နေရာ ဘာရှိတယ်ဆိုတာ အားလုံးသိနေပြီ၊ အခု ဒီနားမှာ မှျစ်တူးလို့ မရတော့ဘူး ဟုတ်လား၊ ကဲ . . . ဆက်စမ်းပါအုံးကွာ"

"နောက်တစ်နေ့ညနေမှာ အဲဒီနေရာသွားကြတော့ တညင်းပင်တွေမှာ သူပုန်က စာကပ်ထားတယ်တဲ့၊ တညင်းပင်တွေဟာ သူတို့အပင်တွေ၊ ဒါ့ကြောင့် မခူးရဘူး၊ ခူးရင် သေဒဏ်တဲ့"

"ဟာ . . . အာဏာပြင်းလှချေလားကွ"

"ဘာရမလဲ ဆရာကြီးရယ်၊ ဒီကောင်တွေကလဲ ရဲဘော်အိမ်ကောင်း တို့အဖွဲ့ခေါ်သွားပြီး ရှိသမျှအသီးတွေ အကုန်ခူးခဲ့တာပဲ၊ တချို့များ အပင်က မြင့်လို့ မတက်နိုင်လို့ သစ်ပင်ကိုလှဲချပြီး ခူးကြသတဲ့"

"ကောင်းကွာ"

"အခုတော့ တညင်းသီးလဲ ကုန်ပြီ၊ သူတို့ဆီက ဘာသံမှလဲ မကြား တော့ဘူး"

"အင်း . . . မင်းတို့ကောင်တွေတော့ တညင်းသီးတစ်လုံးအတွက် ဒုက္ခ

မရောက်ခဲ့တာ ကံကောင်းပဲ”

အားလုံး တဟားဟား ရယ်ကြသည်။

“နောင် ဆင်ခြင်ကြဟေ့၊ အဲဒီဘက်မှာ တို့ချဉ်းကပ်လမ်းဖောက်ဖို့ ရှိသေးတယ်၊ သူတို့နဲ့ တွေ့ချင်တွေ့အုံးမှာ”

ဆင်ခြင်ကြဟုသာ သတိပေးရသော်လည်း တားမြစ်၍ကား ရနိုင်မည် မထင်။ စခန်းတည်ပြီးနောက် ထင်းခွေ၊ ရေခပ်၊ ဝါးခုတ်၊ မျှစ်တူး၊ ပုတတ်စာ ခူးနှင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ယခင်က ရိုင်းနေရာမှ ယဉ်လာသည်။ ယခင်က တောကြီးမျက်မည်းသည် ယခု လူသူနှင့် ထိတွေ့လာသဖြင့် ယဉ်ပါး လာသည်။ တောကလည်း သူတို့ကြောင့် ယဉ်လာသည်။ သူတို့ကလည်း တောကို ယဉ်ပါးလာသည်။ စခန်းထဲမှမထွက်ဘဲ ကုပ်နေမည်ဆိုလျှင် ပတ်ဝန်းကျင်တောတောင်သည် သူတို့ကို ခြောက်လှန့်နေမည်။ ယခုမူကား သူတို့ မကြောက်လန့်တော့ပြီ။ သို့သော်လည်း အချိန်မရွေးတွေ့နိုင်သည့် အန္တရာယ်တို့ရှိသည်။ ယင်းတို့ကို သတိထားရမည်။ သူပုန်သည် သူတို့အနား မှာပင် ရှိနေသည်။

“ထမင်းစားပြီး ဘာစားစရာမှလဲ မရှိဘူး ထင်တယ်၊ ဟေ့ . . . စံဖေ၊ ဒေါ်ခင်ခင့်ဆီ ဒူးရင်းယို သွားတောင်းချေဟေ့၊ များများတောင်းခဲ့၊ တို့ ပရိသတ်က မနည်းဘူး”

လှမင်း ကွမ်းဗရပျစ်နှင့် ရယ်နေသည်။

“မင်းမိန်းမက တယ်ဟန်တာပဲကွာ၊ ဒူးရင်းယိုတောင် ထိုးတတ်နေပြီ၊ ရှိမှရှိသေးရဲ့လားကွာ”

“ရှိပါသေးတယ် ဦးသောင်းဒန်၊ နောက်ဆုံးပိတ် အများကြီးထိုးထား တာ ခင်ဗျ”

ဒူးရင်းရာသီ ကုန်ပြီ။ ပေါ်စဦးက သောင်းဒန် အားရပါးရစားသည်။ တစ်လုံး ပြား ၇၀၊ ၈၀ သာ ပေးရသည်။ ရှစ်မိုင်ဘက် ကျောက်ကျင်း အကြည့်သွားသည့်အခါ စားရသည့် သိန်းရဲ ဒူးရင်းသည် အရသာအရှိဆုံး ဖြစ်သည်။ ကြာတော့ ဒူးရင်းသီးနံ့ပင် မခံချင်တော့။ စားလိုက်လျှင်

လည်ချောင်းယားလာသည်။ အပူ အားကြီးသည်။ ရေနာနာချိုးရမည်ဟု ဆိုကြသည်။ ရေကိုကား နာနာမချိုးဖြစ်။ ဝိုက်စက်ကီကိုသာ နာနာဖိ၍ သောက်ဖြစ်သည်။ ဒူးရင်းသီး လှိုင်လှိုင်ပေါ်လာသည့်အခါ တစ်စခန်းလုံး ဒူးရင်းယို ထိုးကြသည်။ ပထမဆုံး တံတားဦးရွာလေးတွင် ဒူးရင်းယိုထိုးနေသည်ကို ဒေါ်ဖွားခက်သွား၍ ကြည့်သည်။ တစ်ပိဿာ ဘယ်ဈေးလဲဟု မေးသည့်အခါ နှစ်ဆယ်ဟု ဆိုလိုက်သည်။ "အမယ်လေး နှစ်ဆယ်တော့ ပေးနိုင်ပေါင်တော်၊ များလှချေရဲ့"ဟုဆိုကာ ပြန်လာခဲ့ပြီးနောက် ရန်ကုန်သို့ လူကြုံနှင့် ဆနွင်းမကင်းအိုးတစ်လုံး မှာလိုက်သည်။ ထို့နောက် ဒူးရင်းယို ထိုးကာ သောင်းဒန်အား လာ၍ပေးသည်။

"သူတို့ထိုးတာမှ ဒူးရင်းယိုအစစ်တဲ့ ဆရာကြီးရဲ့၊ သောင်ဦးတို့၊ ရေပြာတို့က စုံပတတ်သီးထည့်ထိုးတာတဲ့၊ ဒါ့ကြောင့် နှစ်ဆယ် ဈေးမလျှော့နိုင်ဘူးတဲ့၊ ကျွန်မက တစ်အောင့်လောက် ထိုင်ကြည့်ပြီး ကိုယ့်ဟာကိုယ် ထိုးလိုက်တာပေါ့၊ မခက်ပါဘူး ဆရာကြီးရယ်"ဟု ဒေါ်ဖွားခက်က ဆိုသည်။ ယခုဆိုလျှင် အောက်လိုင်းတွင် ဖိုမင် ဦးအောင်သန်းမိန်းမ ဒေါ်ထွေးသည် ပေါ်စဦး၍ ဒူးရင်းသီးရောင်းသည်။ ရာသီလယ်တွင် ယိုထိုး၍ ရောင်းနေသည်။

"စုံပတတ်သီးဆိုတာ ဘာလဲဗျ"

"ပိန္နဲသီးလို အသီးရှည်မျောမျောဟာ ဆရာကြီးရယ်၊ နံက နံပါဘိသနဲ့၊ အနံ့က သိပ်ပြင်းတာ"

"ဟုတ်ပြီဗျို့ မီးရထားပေါ်မှာ အဲဒီအသီး ပါလာတာနေမှာပဲ၊ တစ်လမ်းလုံးကို ခေါင်းကိုက်လာတာပဲ၊ ဒူးရင်းသီးနံ့အတိုင်းပဲဗျာ၊ သူက ဒူးရင်းသီးထက်ပိုပြီး အနံ့ပြင်းတယ်"

သောင်းဒန် ပညာတစ်ခု တိုးလာသည်။

"မင်းမိန်းမထိုးတဲ့ ဒူးရင်းယိုကတော့ စုံပတတ်သီး ပါမယ်မထင်ပါဘူးကွာ" လှမင်းကို စလိုက်သည်။ မကြာမီ စံဖေ ဒူးရင်းယိုပန်းကန်တစ်ချပ်နှင့် ပြန်လာသည်။

"သိပ်မရှိတော့ဘူးတဲ့ ဆရာကြီး"

"ရှိသမျှပေါ့ကွာ၊ စားကြပေါ့၊ တယ်ကောင်းကိုကွ၊ ကောင်းမှကောင်း ပေါ့"

အချိန်ကား ည ၉ နာရီခန့် ရှိနေပြီ။ သို့ဖြစ်ရာ အားလုံးပြန်ဖို့ ပြင်ကြသည်။

"နေကြပါအုံးကွ၊ မပြီးပြတ်သေးတဲ့ ကိစ္စလေးတစ်ခု ကျန်သေးတယ်၊ မင်းတို့ကျောင်းအတွက် ဆရာ၊ ဆရာမ ရွေးဖို့လေ၊ နော်မူအေးက မလုပ်ချင်တော့ဘူး ပြောတယ်၊ ဟုတ်လား စောသာအေး"

"ဟုတ်တယ် ဆရာကြီး၊ သူ သိပ်နေမကောင်းဘူး၊ သိပ်လဲစိတ်အား မထက်သန်လှဘူးနဲ့ တူပါတယ်"

"စိတ်မပါရင် ဘယ်ဖြစ်မလဲကွာ၊ နောက်ထပ်တစ်ယောက် ရှာရမှာပေါ့"

လှမင်း လှုပ်ရှလှုပ်ရှ ဖြစ်နေသည်။ ကွမ်းတံတွေးထွေးလိုက်၊ ဖင်တကြွကြွလုပ်လိုက် လှုပ်ရှားနေသည်။ ဒီကောင် ပြန်ချင်နေပြီနဲ့တူတယ်။ နောက်မှ စဉ်းစားမိသည်။ "အောင်ကြီးက ခင်မောင်စိန်နှင့် နော်မူအေး သတင်းကို လှမင်းနှင့် ဒေးဗစ်တို့သာ မေးကြည့်ပါ ဆရာဟု" ပြောထားသည်ကို သတိရသည်။ ထိုအခါတွင်မှ စောသာအေးကို သတိထားမိသည်။ စောသာအေးရှေ့တွင် ထိုအကြောင်းကို ပြော၍မသင့်။ ထို့ကြောင့် ဖြောင်ပင် စောသာအေးကို နှင်လိုက်ရသည်။

"ကဲ . . . စောသာအေး၊ ပြန်ချင်ပြန်အုံး၊ တို့ တခြားကိစ္စတွေ ဆက်ပြီး ပြောကြအုံးမလို့"

"ဟုတ်ကဲ့ ဆရာကြီး"ဟုဆိုကာ စောသာအေး ပြုံးမဲ့မဲ့နှင့် ထပြန်သွားသည်။ ခင်မောင်စိန်နှင့် နော်မူအေးအကြောင်း ပြောကြမည်မှန်း သူလည်း ရိပ်မိသွားသည်။

စောသာအေးထသွားလျှင် လှမင်းက လက်ဟန်ခြေဟန်နှင့် သောင်းဒန်ကို အရိပ်အကဲပြသည်။ ပါးစပ်တွင် ကွမ်းဗရပျစ်နှင့်မို့ စကားသံမထွက်လာ။ ထပြီး ကွမ်းတံတွေးထွေးကာ –

"ကိုသောင်းဒန်တို့ကတော့ ဗြောင်များမေးလိုက်မလားလို့ ကျွန်တော် ဖြင့် တထိတ်ထိတ်နဲ့"

"ငါသိပါတယ်ကွာ၊ ဒါ့ကြောင့် စောသာအေးကို ပြန်လွှတ်လိုက်တာ ပေါ့ကွာ၊ ပြောလဲ ကိစ္စမရှိပါဘူး၊ သူနဲ့ ခယ်မတော်တာပဲ၊ သူ့နှမ မဟုတ်တာ၊ ကဲ . . . ဆိုစမ်းပါအုံး မစ္စတာဒေးဗစ်၊ ခင်မောင်စိန် ခင်ဗျားအိမ်မှာ ထမင်း မစားတော့ဘူးဆို"

"ဟုတ်တယ် ဦးသောင်းဒန်၊ သူ့မိဘဆီက ပြန်လာကတည်းက ကျွန်တော့်အိမ်ကို မလာတော့ဘူး၊ ထမင်းလဲ လာမစားတော့ဘူး၊ အောက် လိုင်းက ဦးသာအေးအိမ်မှာ ထမင်းလခပေးပြီး စားနေတယ် ပြောတယ်"

"သူ ဘာပြောသလဲ၊ ခင်ဗျားတို့ မမေးဘူးလား"

"မေးတယ် ဦးသောင်းဒန်၊ ဘာမှကောင်းကောင်း ပြန်မပြောဘူး၊ ဒါသူ့ကိုယ်ရေးကိုယ်တာ ကိစ္စတဲ့၊ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူးတဲ့"

"ဒီတော့ ကျွန်တော်က ပြောတယ်၊ ကိုသောင်းဒန်"လှမင်းက ဖြတ်၍ ပြောသည်။

"ဟုတ်ပါတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စ မှန်ပါတယ်၊ ဒါပေမဲ့ ခင်ဗျား ဟာ ဒီအလုပ်စခန်းမှာ လူကြီးတစ်ယောက် ဖြစ်နေတယ်၊ ရာထူးအရဆိုရင် ခင်ဗျားထက်ကြီးတာ ဦးသောင်းဒန်ပဲရှိတယ်၊ ဒီတော့ ခင်ဗျားဟာ စံနမူနာ ကောင်း ပြရမှာပေါ့လို့ ပြောတယ်၊ ဒီတော့ သူက 'အိုဗျာ ဒါ ဦးနှောက်နဲ့ စဉ်းစားရမဲ့ ကိစ္စဗျ၊ အသည်းနှလုံးနဲ့ စဉ်းစားလို့ချည်းမပြီးဘူးဗျ' တဲ့"

"အမယ်လေး ကြီးကျယ်လိုက်တာကွာ၊ ဒီကောင် ဘယ်ကဗျာဆရာ ဆီက စကားလုံးတွေရလာသလဲ မသိဘူး"

သောင်းဒန် ဒေါပွသွားသည်။

"ဦးနှောက်နဲ့ပဲ စဉ်းစားခိုင်းပေါ့ကွာ၊ ဦးနှောက်နဲ့ စဉ်းစားတော့ မင်း ပြောတဲ့သူဟာ လူကြီးတစ်ယောက် စံနမူနာဖြစ်ရမယ်ဆိုတာ ပေါ်လာရမှာ ပေါ့၊ ဒီကောင် စကားတတ်တိုင်း လျှောက်ပြောနေတာ၊ အလကား၊ ဒီကောင့် မှာ ဦးနှောက်မရှိဘူး၊ အသည်းနှလုံးဆိုတာလဲ မရှိဘူး၊ အသည်းနှလုံးဆိုတာ

ရှိရင် မိန်းကလေးတစ်ယောက်ကို စပြီးမှ နောက်ဆုတ်လို့ ရမတဲ့လားကွ"

"မဟုတ်ဘူးဆရာကြီး၊ သူ့ကို အိမ်က အကျပ်ကိုင်လိုက်တယ်နဲ့တူတယ်၊ အိမ်ကပြန်လာတော့ တည်ည်းည်း တည့ုည့ု ဖြစ်နေတယ်၊ သူ့ငယ်ရည်းစားရဲ့ဓာတ်ပုံကိုလဲ ကျွန်တော်တို့အဆောင်က ကောင်လေးတွေကို ထုတ်ပြတယ် ပြောတယ်၊ သိပ်လှတာပဲတဲ့၊ မွန်အမျိုးသမီးဆိုပဲ ခင်ဗျ၊ အဲဒီသူတို့သံပရာအိုင်ဆိုတဲ့အရပ်ဟာ အချောအလှအပေါဆုံးဆိုပဲ" အောင်ကြီးက သူကြားရသည့်သတင်းကို ဝင်၍ပြောသည်။

"တော်ပါကွာ၊ ဒီကောင် အဟုတ်မဟုတ်တာနဲ့ ဟိုက ကောင်မလေးလဲ သနားစရာ၊ ဒီက နော်မူအေးလဲ သနားစရာ၊ မင်းတို့ဓာတ်လမ်းက ဝတ္ထုရေးဖို့၊ ရုပ်ရှင်ရိုက်ဖို့တောင် ကောင်းနေပြီ၊ ငါတော့ ဒါတွေ ဘာမှမစဉ်းစားနိုင်ဘူး၊ တို့လူဘက်ပါအောင် ဆွဲရမှာပဲ၊ ဒီက နော်မူအေး တို့မျက်စိအောက်မှာတင် ဒုက္ခရောက်နေတာ၊ ဒီကရင်မက ရိုးတယ်ကွ၊ မျက်နှာမများဘူး၊ ဒါ့ကြောင့် ဒီကောင်လှည့်ချင်တိုင်း လှည့်လို့ရနေတာ"

"အချုပ်ကတော့ ဒါပဲဆရာကြီး၊ နော်မူအေးကို သူမယူနိုင်တော့ဘူးဆိုတဲ့ သဘောပဲ" ဒေးဗစ်က နိဂုံးချုပ်လိုက်သည်။

"အေးကွာ၊ ကြည့်ကြသေးတာပေါ့၊ မကောင်းပါဘူးကွာ၊ ငါတော့ မင်းတို့စခန်းမှာ အာဏာရှင်ဖြစ်အုံးတော့မှာပဲ"

သောင်းဒန်ညည်းလိုက်သည်။

"ကဲ . . . ဒီကိစ္စထားလိုက်ကွာ၊ မင်းတို့ အသာနေ၊ ငါဝင်မယ်၊ အခုဆရာတစ်ယောက်ရှာရမယ်၊ လှတင်လုပ်အားပေးမယ်ပြောတယ်၊ ညမှာ သူစာပြပေးမယ်တဲ့၊ တစ်နာရီပေါ့ကွာ၊ ပြီးတော့ ဘယ်သူတွေရှိသေးသလဲ၊ မင်းတို့ရှာကြ၊ အစိုးရကျောင်းမဖြစ်ခင် နေ့စားနဲ့ ဆရာတစ်ယောက် ခန့်ထားချင်တယ်၊ အဲဒါ တွေ့ရင်ပြော"

"ဖိုမင် ဦးဖိုးကျင်သမီး မမြသွေးလေးတော့ ရှိတယ်ဆရာ၊ ၉ တန်းအောင်ပြီးပြီ၊ ကျောင်းဆက်မနေတော့ဘူး ပြောတယ်၊ ဆယ်တန်းအလွတ်ဝင်ဖြေမလို့တဲ့" အောင်ကြီးက သတင်းပေးသည်။

"အေး . . . ငါတော့မသိဘူး၊ မင်းတို့မေးမြန်းပြီးတော့ ကောင်းတယ် ထင်ရင်၊ သင့်မယ်ထင်ရင် ခန့်လိုက်တာပေါ့ကွာ၊ နှစ်တန်း၊ သုံးတန်းပြရတာ မခက်ပါဘူး၊ ဂဏန်းနဲ့ မြန်မာစာပါပဲ"

"မြင့်သိန်းလေးလဲ လုပ်အားပေးမယ်ပြောတယ် ကိုသောင်းဒန်" လှမင်းက တစ်ယောက်တင်ပြသည်။

"ဟုတ်ပြီ၊ မမြသွေး၊ လှတင်၊ မြင့်သိန်းလေး၊ ဒါဖြင့် ကျောင်းဖွင့်ဖို့ စီစဉ်တော့ကွာ"

နောက်တစ်ပတ်ရှိလျှင် စင်ရော်တံတားစခန်း မူလတန်းကျောင်းကို အခမ်းအနားနှင့် ဖွင့်လှစ်လိုက်သည်။ တံတားဦးရွာကလေးမှ ကောက်ညှင်း ပေါင်းကျွေးသည်။ စခန်းဆိုင်မှ လက်ဖက်ရည်တိုက်သည်။ ဖွင့်ပွဲ၌ သောင်း ဒန်က မိန့်ခွန်းစကား ပြောကြားလေသည်။

× × × × ×

## ၂၁

စခန်းသို့ ဧည့်သည်များ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ စင်ရော်ချောင်းတံတားဆောက်လုပ်ရာတွင် ကျောက်ဖျာကြီးတွေ့သတဲ့ဟူသော သတင်းသည် စင်ရော်ဒေသတစ်ခုလုံးတွင် ပျံ့နှံ့နေသည်။

"အဲဒီသတင်းကို မင်းတို့ ဒိုင်ခံပြီး ဖြေရှင်းကြပေတော့၊ အကောင်းဆုံးကတော့ စင်ရော်ကို ဘယ်သူမှ မသွားကြနဲ့ကွာ၊ တာဝန်အရ ခိုင်းတဲ့လူ တစ်ယောက်ပဲ သွားရမယ်၊ မင်းတို့ သိပ်စကားကြောရှည်တဲ့ကောင်တွေ" သောင်းဒန် စိတ်ပေါက်ပေါက်နှင့် ဤအတိုင်း ပြောလိုက်သည်။ "ရောက်လာတဲ့ ဧည့်သည်တွေမှန်သမျှကို ဒီအကြောင်းပဲ ဖြေရှင်းနေရတာပဲ"

ပထမဆုံးရောက်လာသူမှာ စင်ရော် နလက ဥက္ကဋ္ဌ ဗိုလ်ကြီးဘကြိုင် ဖြစ်သည်။ သူ့နောက် ပါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်း ပေါက်လာသည်။ သူတို့နှစ်ယောက်စလုံးက မြို့ထဲတွင် တံတားဆောက်မည့်နေရာ၌ ကျောက်တောင်ကြီး တွေ့သတဲ့ဟူသော သတင်းဖြစ်နေသည်ဟု ဆိုသည်။

"ကျောက်ဆောင်လို့ ပြောတဲ့လူကပြောတာကို ကျောက်တောင်အထိ သတင်းက ဖြစ်သွားတာကိုးဗျ"

"အဲ . . . စင်ရော်မြို့ပျက်မှ ဒီတံတားဆောက်လို့ရမှာဆိုတဲ့ သိုက်စကားနဲ့တော့ ကိုက်နေပြီလားမသိဘူး" ဗိုလ်ကြီးဇော်သန်းက ယခင်စကား

“တော်စမ်းပါဗျာ၊ အခု ကျွန်တော်တို့ ကျောက်တွေ့တဲ့နေရာနဲ့လွတ်အောင် တိုင်ကို ပေ ၃၀ ရွှေ့မလို့၊ ခင်ဗျားကြည့်သွားပါလား၊ ဟောဒီ ကမ်းပါးစောင်းမှာ တုတ်ရိုက်ပြီး တိုင်ချဖို့ မြေစမ်းနေတယ်”

အကယ်၍ တိုင်နံပါတ် (၁) ကို တောင်ဘက်သို့ ပေ ၃၀ ရွှေ့မည်ဆိုကလည်း ကမ်းပါးစောင်းတွင် ကျမည်။ ထိုအခါ ရေတက် ရေကျနှင့်မို့ ရေဝင်မည်စိုးရသည်။ သို့ဖြစ်ရာ တမံတုတ်ကာ ရေမဝင်အောင် လုပ်ရမည်။

“အဲ . . . တစ်ခုတော့ သတိပေးလိုက်ပါရစေ ဗိုလ်ကြီးဇော်သန်း၊ ခင်ဗျားတို့ စင်ရော်က သတင်းထောက်တွေတော့ တားထားလိုက်ပါ၊ နလက ဉက္ကဋ္ဌကြီးကို အဲဒါ သတိပေးလိုက်ဖို့ မေ့သွားတယ်၊ ခင်ဗျားတို့နှစ်ယောက် သတင်းထောက်တွေခေါ်တွေ့ပြီး သတင်းမရေးကြဖို့ တားထားပါဗျာ”

“စိတ်ချ၊ ကျွန်တော်တို့ စင်ရော်သတင်းထောက်တွေအတွက်တော့ တာဝန်ခံတယ်၊ ကျွန်တော်တို့လဲ သူတို့ကို ကြောက်နေရတာပါ၊ ဒီတော့ ကြိမ်းတန်ကြိမ်း၊ မောင်းတန်မောင်း လုပ်နေရတယ်၊ တစ်ခါတလေလဲ ချော့ရတယ်”

“ခင်ဗျားတို့ဓာတ်ပုံတွေ ပါစေချင်တဲ့အခါ မဟုတ်လားဗျ”

ဗိုလ်ကြီး ဇော်သန်းသည် သဘောကျကာ ရယ်သည်။

သူတို့နောက် ရောက်လာသူများမှာ တိုင်းအင်ဂျင်နီယာ၊ တိုင်းလက်ထောက်အင်ဂျင်နီယာနှင့်အဖွဲ့ ဖြစ်သည်။ သောင်းဒန်အိမ်တွင် နှစ်ညအိပ်တည်းခိုသွားကြသည်။ သူတို့လည်း အလုပ်နှင့်ပတ်သက်သူများ ဖြစ်ကြသည်။ သောင်းဒန်၏ အထက်လူကြီးများလည်း ဖြစ်သည်။ စောစောပိုင်းက မအားလပ်၍ လှည့်ကြည့်နိုင်ဟန်မတူ။ ယခုမှ ကျောက်ဖျာကြီး သတင်းကြောင့် ဒရောသောပါး ရောက်လာကြသည်။

“တိုင်းမှူးက စခန်းသစ်နဲ့ စင်ရော်ကားလမ်းကိုလဲ ပြင်ရမယ် ပြောနေတယ် ဦးသောင်းဒန်”

“ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်တို့တော့ ဘာမှမသိရသေးဘူး၊ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူးနော်”

"ခင်ဗျားတို့ လုပ်ရမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ စိမ့်မြိုင်က လုပ်ရမှာ၊ စခန်းသစ်မှာ အင်ဂျင်နီယာ(တ)မရှိဘူး၊ စင်ရော်မှာပဲ အင်ဂျင်နီယာ(စ)ရှိတယ်၊ သူ့ကိုလဲ တိမ်ဦးတောင်လမ်းကို ပြင်ခိုင်းမလို့ စီစဉ်နေရတယ်" သောင်းဒန် ခပ်မဆိတ် နေလိုက်သည်။ သူနှင့်မဆိုင်လှဟု ထင်သည်။ သို့သော် ထိုသတင်း ကြားရသည့်အတွက် ဝမ်းသာသည်။ တိုင်းမှူး ရန်ကုန်ရောက်သည့်အခါ ဌာနချုပ်မှ အုပ်ချုပ်ရေးမှူးနှင့် တွေ့သည်။ စင်ရော်လမ်းမကြီးပေါ်တွင် ကလသဖ ကားများပြေးမည်ဟု ပြောသည်။ ထိုဂယက်ကြောင့် လမ်းအပြင်ခိုင်းခြင်း ဖြစ်ရမည်ဟု သောင်းဒန်တွက်မိသည်။

တိုင်းအင်ဂျင်နီယာအဖွဲ့ကို သောင်းဒန်ကပဲ တောင်ထိပ်သို့ ခေါ်သွားကာ ရှင်းပြသည်။

"ဟောဟိုနားမှာ ကျောက်ဆောင်တစ်ခုရှိတယ်ခင်ဗျ၊ အဲဒါနဲ့ တစ်ဆက်တည်းနေမှာပဲ"

အင်ဂျင်နီယာများ ခေါင်းတဆတ်ဆတ်ဖြစ်နေကြသည်။ သောင်းဒန်သည် ဦးရွှေသိန်း၊ ဦးကျော်ညွန့်တို့နှစ်ယောက်စလုံးနှင့် ယခုအကြိမ် ပထမဆုံးအကြိမ်အဖြစ် တွဲ၍လုပ်ဖူးခြင်းဖြစ်သည်။ နှစ်ယောက်စလုံး လူအေးများဖြစ်ကြသည်။ သဘောကောင်းကြသည်ဟု ထင်သည်။ သူတို့နှစ်ယောက်စလုံး မကြာမီအတွင်းမှာပင် စိမ့်မြိုင်မှ ပြောင်းရွှေ့ကြရတော့မည်ဟု သောင်းဒန် သတင်းကြားခဲ့သည်။

"ခင်ဗျားတို့ ကြိုတင်အားဖြည့်ကွန်ကရစ်တွေကကော မစသေးဘူးလားဗျ"

"အခု ပုံစံတွေလုပ်နေတယ်ခင်ဗျ၊ မိုးကုန်ရင် စမယ်လို့ အစီအစဉ်ရှိပါတယ်၊ ရန်ကုန်က ပုံစံတချို့ကိုလဲ သယ်လာတယ်၊ ဒါတွေက နောင်တံတားတွေအတွက် ဆက်ပြီးသုံးနိုင်ပါတယ်"

"အေးဗျာ၊ ကျွန်တော်တို့တော့ သီအိုရီပဲ ဖတ်ဖူးတာပဲ" ဦးရွှေသိန်းက ဆိုသည်။

"ပုံသွန်းပြီး အားဖြည့်တော့မှ လာကြည့်အုံးမယ်"

သောင်းဒန်သည် ဦးရွှေသိန်းကို ကြည့်ညိုသွားသည်။ ဦးရွှေသိန်းကား စစ်ပြီးစတွင် ဘီအက်စ်စီ အင်ဂျင်နီယာ အောင်လာသူဖြစ်သည်။ သူတို့ခေတ်က ထိုသဘောတရားတို့ ပေါ်စဖြစ်သည်။ လက်တွေ့ဆိုသည့်မှာပင် မနေ့တစ်နေ့က သီရိတံတားဆောက်မှ မြန်မာအင်ဂျင်နီယာများ မြင်ဖူး၊ တွေ့ဖူးကြခြင်းဖြစ်သည်။ သို့သော်ငြားလည်း များသောအားဖြင့်ကား မတတ်သည်ကို မတတ်ဟု ဝန်မခံကြ။ မသိသည်ကို မသိဟု ဝန်မခံကြ။ ဘာခက်တာလိုက်လို့ကွာ။ စာအုပ်ဖတ်ပြီး လုပ်ရင်ရတာပဲဟု ပြောကြသူသာများသည်။ ဦးရွှေသိန်းကား ထိုကဲ့သို့သော အင်ဂျင်နီယာမျိုး မဟုတ်။ မသိနားမလည်သည်ကို ဝန်ခံသည်။ ထို့ကြောင့် သောင်းဒန်ကြည့်ညိုခြင်းဖြစ်သည်။

"အဲဒီ ရက်မတွေကို စက်ရုံမှာပုံသွန်းလို့ မရဘူးလား ကိုသောင်းဒန်"

"ငယ်ငယ်လေးတွေတော့ ရပါတယ်၊ အခုလို ပေ ၁၀၀၊ ပေ ၇၀ လို ရက်မကြီးတွေကျတော့ သူများတိုင်းပြည်တွေမှာလဲ တံတားဆောက်တဲ့နေရာမှာပဲ ပုံလောင်းကြတာပဲ ခင်ဗျ၊ ငယ်ငယ်ဆိုတာက ပေ ၂၀၊ ၁၅ ပေ လောက်ပေါ့၊ မြောင်းကျော်တံတားလေးတွေအတွက် သုံးနိုင်တာပေါ့၊ ကျွန်တော်တို့တောင်နောက်ငွေပေါရင် အဲဒီစက်ရုံမျိုး ဆောက်ဖို့ကောင်းတယ်၊ မြောင်းကျော်တံတားလေးတွေ မြန်မာပြည်မှာ အများကြီးပဲ"

ဦးရွှေသိန်းက သောင်းဒန်ပြောသည်ကို ထောက်ခံသွားသည်။

သူတို့အဖွဲ့အား စခန်းရှိ အဆောက်အအုံအားလုံးကို လိုက်၍ပြသည်။ ဆေးခန်း၊ စာသင်ကျောင်း၊ လွှစက်၊ မီးစက်၊ ကျောက်ခွဲစက်၊ အလုပ်ရုံ၊ ပန်းပဲရုံ၊ ဂိုဒေါင်၊ ရုံး၊ ကင်းတဲပါမကျန် ပြသည်။

"ကလေးတွေ ကျောင်းအတွက်လဲ တိုင်းမှာ ကြိုးစားပေးပါခင်ဗျာ၊ အခုကျောင်းကတော့ ကျွန်တော်တို့ဘာသာ ထောင်ရတဲ့ကျောင်းပါ"

ဦးရွှေသိန်းက တိုင်းပညာရေးကို တိုက်တွန်းလိုက်မည်ဟု ကတိပေးသွားသည်။

ဦးရွှေသိန်းတို့အဖွဲ့ပြန်လျှင် ယန္တရားအဖွဲ့ရောက်လာကာ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ စက်မှုအင်ဂျင်နီယာလေးဦးနှင့်အတူ သူတို့ကို

ညှော့ခံသည်။ သောင်းဒန်က စက်များစွမ်းရည်ပိုလာအောင် သူတို့ မည်သို့ အသုံးချနေသည့်အကြောင်း ရှင်းပြလိုက်သည်။

ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်သည်။ ထိုနေ့တွင် ရုံးအဖွဲ့နှင့် လက်သမားအဖွဲ့ ဘောလုံးကန်ကြသည်။ စောသာအေး၊ လှမင်း၊ ဦးစန်း၊ ခင်မောင်စိန်၊ အောင်ကြီးတို့ ရုံးအဖွဲ့မှ ကစားကြသည်။

စခန်း၏ တောင်ဘက် တောင်ကုန်းတစ်ခုကို တောင်ကလပ်ဖြစ်အောင် ဖြိုချလိုက်သည်။ ပြီးလျှင် မြေညှိသည်။ ထိုနေရာတွင် ဘောလုံးကွင်းဆောက်သည်။ ထိုနေ့ပွဲကား ကွင်းဖွင့်ပွဲဖြစ်သည်။ ရုံးအဖွဲ့မှ စောသာအေး၊ လှမင်းတို့ ဒူးချောင်နေကြသည်။ သန်းမောင် ချော်လဲကာ ဒူးပြဲသွားလေသည်။ စခန်းရှိ ကလေး၊ လူကြီးအားလုံး စိတ်ဝင်စားကြသည်။ ပျော်ကြသည်။ သောင်းဒန်လည်း အပြောင်းအလဲကလေးများ ဖန်တီးခွင့်ရသဖြင့် တစ်စခန်းလုံးအတွက် ဝမ်းသာနေသည်။

ညပိုင်းတွင် အောင်ကြီးထော့နဲ့ထော့နဲ့နှင့် အိမ်သို့ရောက်လာသည်။ ညှော့သည်များရှိနေသဖြင့် ဘာမှမပြောသေးဘဲ ထိုင်နေသည်။ သောင်းဒန်က အိမ်ရှေ့သို့ ခေါ်သွားသည်။

"သူပုန်တွေ ကျောက်ရဲဘက်ရောက်နေတယ် သတင်းကြားတယ် ဆရာကြီး၊ တပ်ကလာပြောတယ်၊ ဆရာကြီးတို့ သတိဝီရိယနဲ့ အိပ်ကြဖို့ လာပြောတာပါ၊ ကျွန်တော်တို့တော့ ဒီည ကင်းလှည့်ဖို့၊ ကင်းစောင့်ဖို့ တာဝန်ခွဲပြီးပြီ"

တိုးတိုးပြောသည်။

သောင်းဒန် ထိုနေ့ညက အိပ်၍မပျော်။ သန်းခေါင်ကျော်မှ အိပ်ပျော်သွားသည်။ နောက်တစ်နေ့မှာပင် ယန္တရားအဖွဲ့ပြန်မည်ဖြစ်သည်။ မနက်တွင် စံဖေလာ၍နှိုးမှ နိုးသည်။ အိပ်ရေးမဝ။ ငါးနာရီတွင် ထ၍ ညှော့သည်များကို စင်ရော်သို့ လိုက်ပို့ရသည်။ ဘူတာရုံ ရောက်ပြီးနောက် ရထားပေါ်ရောက်မှ သောင်းဒန်က–

"မနေ့ညက ကောင်းကောင်းအိပ်ရတာ ဝမ်းသာစရာပဲ ခင်ဗျာ၊ ကျွန်တော်တို့စခန်းနဲ့ နှစ်မိုင်လောက်အကွာမှာ သူပုန် ၁၀ ယောက်လောက်

ရောက်နေတယ်ဆိုလို့ ကျွန်တော်ဖြင့် အိပ်လို့မပျော်ဘူး”ဟုပြောလိုက်သည်။ ထိုအခါတွင်မှ ဧည့်သည်များ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်သွားကြသည်။

နောက်နှစ်ရက်ခန့်အကြာတွင် ဥညြနှင့် မလှမ်းမကမ်း အထုန်ရွာတွင် သူပုန်နှင့် တပ်ရင်း (၁၁၀) မှ တပ်ခွဲ (၄)နှင့် တိုက်ပွဲဖြစ်သည်ဆိုသော သတင်းကို ကြားသည်။ သတင်းနှင့် ရှေ့ဆင့်နောက်ဆင့်ပင် စင်ရော်ချောင်းအတိုင်း ရဲဘော်များ မော်တော်နှင့် စုန်ဆင်းလာကြသည်။ တပ်စုမှူး ဗိုလ်လွန်းမောင် တိုက်ပွဲတွင် ကျသည်။ ရွာသားတစ်ယောက် ပေါင်ကို သေနတ်မှန်သည်။ စခန်းတစ်ခုလုံး ထိုသတင်းကြောင့် လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

“ကျွန်တော်တို့အတွက်တော့ မျှော်စင်တစ်ခု ဆောက်ပေးမှပဲ ဆရာကြီး” ရဲဘော်အိမ်ကောင်း အရေးဆိုလာသည်။

“ဆောက်ပေးမယ်ဗျာ၊ ကောင်းတယ်၊ သံဆူးကြိုးလဲ ထပ်ပြီးကာဖို့ လိုတယ်၊ ထင်းခွေသွားကြတဲ့လူတွေ ဖြုဖြုထွက်ကြတယ် ကိုအိမ်ကောင်း၊ အေးဗျာ၊ ကျွန်တော်တို့ဆီကို လူကြီးတွေလဲ လာကြလိမ့်မယ်၊ စခန်း လုံလုံခြုံခြုံဖြစ်နေတော့ ကောင်းတာပေါ့”

မည်သို့ပင်ဖြစ်စေ စခန်းကား အေးချမ်းလျက်ရှိသည်။ သန်းမောင်တို့အဖွဲ့သည် ဘောလုံးမှန်မှန်ကန်နေသည်။ စင်ရော်နှင့်ပင် ချိန်း၍ကန်မည်ဟု ကြုံးဝါးနေကြသည်။

က ကန်စွန်းပင် ရေမှာရှင်

ခရမ်းသီး ဓားနဲ့လှီး

ဂ ဂဏန်းကောင် လက်မထောင်

စာသင်ကျောင်းမှ စာအံသံကို နေ့ရောညပါ ကြားနေရသဖြင့် ကြည်နူးစရာကောင်းသည်။ ကလေးမိဘများလည်း အထိန်းရသက်သာသဖြင့် ဝမ်းသာနေကြသည်။ သောင်းဒန်သည် နော်ဖောလာနှင့် ခင်ခင်ကို ထို အကြောင်းနှင့်ပတ်သက်၍ ကြုံတိုင်းစလေ့ရှိသည်။

“လှမင်းတို့တော့ ကလေးထိန်းသက်သာသွားပြီဟေ့၊ ညနေတိုင်ရင် ခင်ခင်က ကလေးတွေကို လှမင်းလက်ထဲချည်း ထိုးထည့်နေတာပဲ”

"အမယ် ဦးသောင်းဒန်နှယ်၊ တစ်နေ့လုံး ကျွန်မချည်းထိန်းနေရတာ တော့ဖြင့် မသိဘူး"

"ခင်ဗျားတို့ အလကားထိန်းနေ၊ ဒီမှာ ဘာမှထိန်းစရာမလိုဘူး၊ ရန်ကုန်မှာလို ကားတိုက်မှာလဲ မစိုးရိမ်ရဘူး၊ ကားတစ်စီးမှ မရှိဘူး၊ ချွေးကိုက်မှာတောင် မစိုးရိမ်ရဘူး၊ ကျီးကန်းတစ်ကောင်တောင် မတွေ့ရဘူးဗျာ၊ အဲဒါ သိပ်ထူးဆန်းတာပဲ၊ ချွေးဆိုတာကတော့ ထားပါတော့၊ လူမွေးတာကနေ ပွားလာတာ၊ ကျီးကန်းမရှိတာ အံ့သြစရာပဲ"

ခင်ခင်ရယ်နေသည်။

လှမင်းနှင့် ခင်ခင်တို့၏ ကလေးများသည် စင်ရော်စခန်းရောက်မှ ပြောင်ပြောင်ရောင်ရောင်ဖြစ်ကာ ဝ လာကြသည်ဟု သောင်းဒန်ထင်သည်။ ရန်ကုန်တွင်ကား ယခုလို မိုးတွင်းဆိုလျှင် တစ်ယောက်တစ်လဲ လှည့်၍ဖျားနေကြသည်။ ဆေးခန်းမှ ပြန်ရသည်ပင်မရှိ။ တစ်လှည့်စီ ဆေးခန်းသွားနေကြရသည်။

ကလေးများ စာအံသံ ကြားရလျှင် သောင်းဒန်သည် ရန်ကုန်ရှိ သူ့သားသမီးများကို လွမ်းလာသည်။ မနည်းပင် မေ့ပျောက်သွားအောင် ကြိုးစားရသည်။ တီတီတာတာ ပြောတတ်သည့် ဖိုးတုတ်ကို အမှတ်အရဆုံးဖြစ်သည်။ သီတင်းကျွတ်၍ ရာသီဥတုကောင်းလာလျှင် သူတို့သားအမိ အလည်လာကြလိမ့်မည်။ အောင့်အည်းကာ စောင့်နေရမည်ဖြစ်သည်။ သချ်ာဆရာမကြီးကို စခန်းကျောင်းတွင် စာပြခိုင်းရသော် မကောင်းလားဟု စဉ်းစားကြည့်သည်။ မိရွှေမြင့် နှုတ်ခမ်းစူလိုက်မဲ့ဖြစ်ခြင်း။ တော်ပြီ၊ နောက် သည်အကြံမျိုး စိတ်ကူးထဲ ပင်မထည့်တော့ဟု ဆုံးဖြတ်လိုက်သည်။ ကျောင်းအကြောင်း စဉ်းစားမိရာမှ ကလေးများနှင့် ဆရာ၊ ဆရာမများ နေရာကျရဲ့လားဟု သတိရသဖြင့် လှမင်းနှင့် စောသာအေးကို ခေါ်၍မေးရသည်။

"ဟန်ပါတယ် ကိုသောင်းဒန်၊ လှတင်ရော မြင့်သိန်းလေးရော မမြသွေးရော အားလုံးအသင်အပြ ကောင်းကြတယ်၊ ကလေးတွေက မမြသွေးကို ပိုပြီး ကြောက်ကြတယ်၊ မျက်နှာထားက သိပ်တင်းတာပဲ၊ ခင်ဗျား သွားကြည့်ချေ

စမ်း ကိုသောင်းဒန်"

"ဟုတ်လားကွ၊ အေး . . . ဆရာမဆို အဲဒီလိုမှကွ၊ တို့မိန်းမများ အိမ်က ယောက်ျားကိုတောင် မျက်နှာထား သိပ်တင်းတာ မောင်ရေ့ . . .၊ ဒီလိုဆိုတော့ မင်းတို့ရွေးလာတာ မဆိုးပါဘူးကွ"

ထို့ကြောင့် သောင်းဒန်သည် အောင်ကြီးကိုခေါ်ကာ တစ်ညနေစောင်းတွင် ကျောင်းဘက်သို့ ကူးသွားသည်။ သောင်းဒန်နှင့် အောင်ကြီး စာသင်ခန်းထဲသို့ ဝင်သွားလျှင် ကျောင်းသားအားလုံး မတ်တတ်ရပ်ကာ 'မင်္ဂလာပါရှင်၊ မင်္ဂလာပါခင်ဗျာ' ဟု နှုတ်ခွန်းဆက်ကြသည်။ ဆရာမ မမြသွေးက အထိုင်ခိုင်းမှ ထိုင်သည်။

"ဟဲ့ . . . ဆက်သာသင်၊ တို့ အလကား လာကြည့်တာ၊ အောင်ကြီးဟိုဘက်က မိုးပက်မှာပေါ့ကွ၊ ကာပေးလိုက်အုံး၊ မမေ့နဲ့နော်၊ သေသေချာချာ မှတ်ထား၊ ကဲ . . . သွားမယ် ဆရာမ"

အပြန်လမ်းတွင် ညကျောင်းပြရန်လာသော လုပ်အားပေး ဆရာမြင့်သိန်းလေးနှင့် တွေ့သည်။

"မင်းတို့က ညတိုင်းလားကွ"

"မဟုတ်ဘူး ဆရာကြီး၊ ကိုလှတင်နဲ့ တစ်လှည့်စီ၊ ဒီနေ့ ကျွန်တော့်အလှည့်ခင်ဗျ"

အိမ်သို့ ရောက်ခါနီးတွင် အောင်ကြီးက "ဦးမြစ်တို့ ဒေါ်သေးသေးတို့ သိပ်ကေတိကာတိလုပ်နေတာ၊ ကျွန်တော်တော့ မြင့်သိန်းလေးကို မမြသွေးလေးနဲ့တောင် ပေးစားလိုက်ချင်ပြီ ဆရာကြီး"ဟု ဆိုသည်။

"ဟေ့ . . . ဟေ့ မလုပ်နဲ့၊ မင်းဘတ့်၊ ဆရာ၊ ဆရာမဆိုတာ ပိုပြီး စံနမူနာပြရတာကွ၊ တပည့်တွေက သူတို့ ဆရာ၊ ဆရာမဆို ဟီးရိုးလို သဘောထားတာကွ၊ မင်းပေးစားချင် နောက်မှပေးစား"

အောင်ကြီး ပြုံးမိသည်။ ချက်ချင်းပင် သူ့ခေါင်းထဲ၌ အကြံတစ်ခုဝင်လာသည်။ ဒေါ်ဖွားခက်ကြီးမှတစ်ဆင့် မြင့်သိန်းလေး၏ ရည်းစား ကျင်ကျင်ကို မမြသွေးအကြောင်း သတင်းစကားပါးလိုက်လျှင် သွေးအေးနေသူတို့ ပြန်၍

သွေးဆူလာကြမည်ဟု တွက်မိသည်။ ထိုအကြံအတိုင်းပင် အောင်ကြီးသည် တစ်နေ့တွင် ဒေါ်ဖွားခက်မှတစ်ဆင့် မြင့်သိန်းလေးနှင့် မမြသွေးတို့ ရင်းနှီးသလိုလို သတင်းလွှင့်လိုက်လေသည်။ သူ့တွက်ကိန်း ကိုက်၊ မကိုက် အဖြေကို စောင့်ကြည့်ရန်သာ ရှိတော့သည်။

ထိုရက်အတွင်းမှာပင် စိမ့်မြိုင်မှ တိုင်းကျန်းမာရေးအဖွဲ့ ရောက်လာသည်။ သူတို့အတွက် ပြစရာကား ထွေထွေထူးထူးမရှိ။ နော်ဖောလာ၏ ဆေးခန်းပင်ရှိသည်။ မကြာမီ ကျန်းမာရေးမှူး ဦးသောင်းထွန်းစခန်းသို့ ပြောင်းလာမည်ဟု ပြောသွားသည်။ နောက်နှစ်ရက်ခန့်ရှိလျှင် ဦးသောင်းထွန်းနှင့် ဒေါ်သန်းတင်တို့ ဥသြမှ စခန်းသို့ ပြောင်းလာလေသည်။ သူတို့ လင်မယားကို အင်ဂျင်နီယာလေးများနေသည့် အိမ်တစ်ခန်းလွတ်နေသဖြင့် နေရာချထားပေးရသည်။ ယခုကား ဖျားနာသူများကို စင်ရော်ဆေးရုံ မပို့ရတော့ပြီ။

"လာ ဆရာ၊ ကျွန်တော် လိုက်ပြမယ်၊ ဆရာတို့အလုပ်နဲ့ ကျွန်တော်တို့အလုပ်က တခြားစီမဟုတ်လား၊ ဒီတော့ ဒါတွေ ဆရာတို့နားလည်မှာမဟုတ်ဘူး"

"ကျွန်တော်တို့ ဆေးပညာမှာတော့ အခု လုပ်သားကျန်းမာရေးဆိုတာ ပေါ်နေပြီခင်ဗျ၊ အလုပ်ခွင်ကျန်းမာရေးပေါ့ခင်ဗျာ၊ ထိခိုက်ဒဏ်ရာရတာတို့ကို ကုသတာ၊ လျော်ကြေးပေးတာ၊ ထိခိုက်ဒဏ်ရာရတာနည်းအောင် ဘယ်လိုလုပ်ရမယ်ဆိုတာတွေ ပညာရပ်တစ်ခုအနေနဲ့ ပေါ်နေပြီပြောတာပဲ၊ ကျွန်တော်တို့နဲ့တော့ မဆိုင်လှပါဘူး ခင်ဗျာ"

"အခု ဆိုင်ပြီပေါ့ ဆရာရဲ့၊ ဆရာလဲ အခုကစပြီး အလုပ်ခွင်ကျန်းမာရေးကို လက်တွေ့နားလည်လာရတော့မှာပေါ့၊ ဒါပေမဲ့ အလုပ်ကြမ်းလုပ်တဲ့ လူဟာ တစ်နေ့ ကယ်လိုရီ ဘယ်လောက်လိုတယ်၊ ကြက်သားက ဘယ်လောက်သား စားရမယ်၊ ပန်းသီးနဲ့ လိမ္မော်သီးက ဘယ်နှလုံးစားရမယ်၊ ထောပတ်က ဘယ်လောက်စားရမယ်၊ နွားနို့က ဘယ်လောက်သောက်ရမယ်ဆိုတာတွေတော့ ကျွန်တော်တို့ဆေးခန်းမှာ မရွတ်လိုက်ပါနဲ့ ဆရာရယ်"

ဦးသောင်းထွန်း သဘောပေါက်သွားကာ ရယ်သည်။

"ကဲ . . . ဟောဒါက ဘဲတောင်တဲ့ ဆရာ၊ မြေကာဘဲတောင်ပေါ့၊

ဒါကို အုတ်ခုံကြီးလို့လဲ တချို့က ခေါ်ကြတယ်၊ အင်္ဂလိပ်လိုတော့ အဇတ် တမင့်တဲ့၊ အဲဒီဘဲတောင်မျိုး နှစ်ခုရှိတယ်၊ အခု ဒီဘက်ဘဲတောင်က ပြီးနေပြီ၊ ဟောဟိုဘက်ကမ်းမှာ ကနေ့ မနက်ဖြန် ဘဲတောင်ကြီးတစ်ခု တက်လာမယ်၊ ဒီကြားမှာ တိုင်လေးလုံးပြီးမှ အဲဒါတွေအပေါ် ကြိုတင်အားဖြည့် ကွန်ကရစ် ပေါင်ကြီးတွေ တင်ရမှာ”

“အခု အလုပ်သမားတွေ ဘာလုပ်နေကြသလဲ”

“အခုတော့ မြောက်ဘက်ကမ်းမှာ ကျောက်တိုင်လောင်းနေကြတဲ့ ဂိုဏ်းရှိတယ်၊ ပန်းရန်၊ လက်သမား၊ သံချီသံကွေး အစုံပဲ၊ ကျောက်ခွဲတဲ့လူက ခွဲနေတယ်၊ ကျွန်တော်တို့အိမ်နားက လှစက်ကလေးမှာ သစ်သားတွေ ခွဲတဲ့ လူက ခွဲတယ်၊ လှစက်က အငယ်လေးပါ၊ ခြောက်တစ်လက်မကို သုံးတစ် လက်မ နှစ်ချောင်း ခွဲတာမျိုး၊ သုံးတစ်လက်မကို သုံးငါးမူး ဇလီခွဲတာမျိုးမှာ သုံးတာပါ၊ တချို့ အလုပ်သမားတွေကတော့ သဲသယ်သွားနေကြတယ်၊ သဲကို ချောင်းအောက်ဘက်က သောင်စပ်မှာ ကျုံးယူရတယ်၊ တချို့အလုပ်သမား တွေက တိုင်နံပါတ်(၁)အတွက် သံချောင်းတွေ ကွေးနေကြတယ်၊ ဒီဘက်ကမ်း မှာ တချို့လက်သမားတွေက ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မအတွက် ပုံစံလုပ်နေကြတယ်၊ တချို့ကတော့ ဂိုဒေါင်အသစ်၊ လူနေအိမ်အသစ်တွေ ဆောက်နေတယ်၊ ဟိုဘက်တောင်စောင်း စာသင်ကျောင်းသွားတဲ့ ကုန်းအတက် မှာ ကျွန်တော်တို့ဌာနချုပ်က မြေစမ်းအဖွဲ့အတွက် တဲတစ်လုံး ထိုးနေတယ်”

“ရေကကော ကောင်းရဲ့လား ကိုသောင်းဒန်ရဲ့”

“ဆရာ မေးလိမ့်မယ်ဆိုတာ သိသားပဲ၊ ကျွန်တော်တို့ သောက်ရေတွင်း တစ်ခု၊ ချိုးရေတွင်းတစ်ခု တူးထားတယ်၊ ကွမ်းသီးခြံထဲမှာ ရှိတယ်၊ ဆရာ့ကို ကျွန်တော်လိုက်ပြမယ်လေ၊ ဒါပေမဲ့ အဲဒါက ယာယီပါ၊ စိမ့်မြိုင်ကို အဝီစိတွင်း တူးတဲ့အဖွဲ့ မှာထားတယ်၊ ဒီဘက်ကမ်းမှာ တစ်တွင်း၊ ဟိုဘက်ကမ်းမှာ တစ်တွင်းတူးမယ် စိတ်ကူးတယ်၊ အခုသောက်နေတဲ့ရေကိုတော့ စိတ်ချရတယ် ထင်တာပဲ ဆရာ၊ ဒီအရပ်က ကွမ်းသီးခြံရှင်တွေလဲ ဒီလိုပဲ ရေတွင်းတူးပြီး သောက်သုံးနေကြတာပဲ”

"အစစ ပြည့်စုံအောင် ဖန်တီးရတာပဲနော်၊ ဒါနဲ့ ဦးသောင်းဒန်တို့ ဆန်ကိစ္စ ပြေလည်ရဲ့လား၊ ကျွန်တော်မေးတာ ငွေပြန်လိုချင်လို့ မဟုတ်ဘူး နော်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်နားလည်ပါတယ်၊ ဆရာ့ငွေလဲ ပြန်ပေးရဖို့ နီးနေပါပြီ၊ ဆန်ကတော့ အခု တော်တော်လေး ပြေလည်နေပြီ၊ ကုန်သွယ်ရေးကလဲ ကျွန်တော်တို့ကို ဆန်မပြတ်စေရဘူး၊ အခုအပတ်ကစပြီး လူကြီးတစ်ယောက်ကို ဆန်နို့ဆီဘူးတစ်လုံးပေးနေရာက တိုးပြီးထုတ်ပေး လိုက်တယ်၊ မုနိန်တို့၊ အကိုင်းတို့က ဝယ်လာတဲ့ဆန်တွေလဲ ဂိုဒေါင်ထဲမှာ ရှိနေသေးတယ်"

"ကောင်းပေါ့ဗျာ၊ ကြားရတာ ဝမ်းသာစရာချည်းပဲ၊ ရန်ကုန်မှာ ဆန် တစ်အိတ် ခြောက်ဆယ်တောင် ဖြစ်သွားဆိုပဲဗျ"

"ကျွန်တော်တို့ အညာမှာ တစ်ရာ၊ တစ်ရာ့တစ်ဆယ် ဖြစ်နေတယ် ဆရာ"

"ခင်ဗျားတို့ အဆင်ပြေနေရင် ပြီးတာပဲဗျာ၊ အင်း . . . အဆင်ပြေမှပဲ၊ ခင်ဗျားတို့မှာ အစစအရာရာ ပြည့်စုံအောင် မနည်းဖန်တီးယူရတာပဲ၊ ဒီအထဲ သားချေးငါးချေးကလဲ တစ်နေ့တခြား ကြီးကြီးလာတယ်၊ ကဲဗျာ ဒါတွေ ပြောနေရင် စိတ်ရှုပ်စရာကြီး၊ ဦးသောင်းဒန် ဒီနေ့ည ကျွန်တော့်အိမ်လာ ထမင်းစား၊ အိမ်က မိန်းမလက်ရာ ပြရမှာပေါ့ဗျာ"

"ဟာ . . . မဟုတ်တာ ဆရာရယ်၊ ဆရာက ဧည့်သည်၊ ကျွန်တော် တို့က အိမ်ရှင်၊ ကျွန်တော်တို့က ကျွေးရမှာပါ၊ ကျွန်တော့်မှာ အိမ်ထောင် မပါလာလို့ သိပ်အားနာတာပဲ၊ ရောက်တဲ့ရက်မှာ ကျွန်တော်တို့က ကျွေးရမှာ ပေါ့ ဆရာရဲ့"

သို့သော် မရ။ ဦးသောင်းထွန်း အတင်းခေါ်သွားသဖြင့် သောင်းဒန် လိုက်၍ စားရသည်။ ထိုနေ့ည သောင်းဒန် ဂိုက်စကီ မသောက်လိုက်ရ။

× × × × ×

## ၂၂

အောက်တိုဘာလဆန်းလာသဖြင့် ရာသီဥတုကောင်းလာသည်။ မိုးကား မပြတ်သေး။ သို့သော် ဆက်တိုက်မရွာတော့။

စခန်းတစ်ခုလုံး အလုပ်ရှုပ်နေကြသည်။ ဌာနချုပ်မှလူကြီးများ ရောက်လာတော့မည် ဖြစ်သဖြင့် အစစအရာရာ ပြင်ဆင်နေကြသည်။ စခန်းသန့်ရှင်းရေးလုပ်သူက လုပ်သည်။ စက်များ၊ ပစ္စည်းများ၊ သစ်ဝါးများကို နေသားတကျဖြစ်အောင် ပြောင်းရွှေ့သူများက ပြောင်းရွှေ့သည်။

"စင်ရော်ဆောင်ထိပ်က ကိုဖေချစ်တို့ဆိုင်လေးကိုကော ရှင်းလိုက်ရမလား ဆရာကြီး"

"အေးကွာ သူတို့ရောက်လာမဲ့နေ့မှာ အသိမ်းခိုင်းထားလိုက်ပေါ့၊ သိပ်စိတ်ချရတာ မဟုတ်ဘူးဟေ့၊ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ချင်ကြည့်နေကြမှာ၊ နေပါအုံးကွာ၊ ငါလိုက်ကြည့်ပါအုံးမယ်၊ မင်းတို့မပြောနဲ့၊ ငါပြောမယ်"

သောင်းဒန်သည် ဦးစွာပထမ ပန်းရန်ဆရာ ကိုဖေချစ်တို့ အဆောင်သို့ဝင်သည်။ ကိုဖေချစ်သည် စင်ရော်ဆောင်မြောက်ဘက်ထိပ်တွင် အခန်းရသည်။ သူ့မိန်းမ မလေးတုတ်သည် ဈေးသည်ဖြစ်သည်။ ရန်ကုန်တွင်နေစဉ်က ဥက္ကလာပ၌ ဈေးရောင်းသည်။ ထိုစဉ်က ဇျပ်ထိုးခေါင်းရွက်သည်ဖြစ်သည်။ အကြော်ကအစ စားစရာ၊ သောက်စရာ အားလုံးရောင်းသည်။ ပြောင်းဖူး

ပေါ်သည့်ရာသီ၌ ပြောင်းဖူးပြုတ်ရောင်းသည်။ ပဲပြုတ်ကား ပုံမှန်ဖြစ်သည်။ သို့သော်လည်း သေကောင်ပေါင်းလဲ နေမကောင်းဖြစ်လိုက်သည့်နောက် အိပ်ရေးပျက်မခံနိုင်တော့သဖြင့် ပဲပြုတ်ကို ဖြတ်လိုက်သည်။ ထို့နောက် ကျပန်းရောင်းတော့သည်။ ဈေးထဲတွင် မတိုးနိုင်။ ဆိုင်ခန်းမရှိ။ ဗျပ်ထိုးခေါင်းရွက် ပီပီ ဈေးအေး၍သာ ကျက်စားနိုင်သည်။ ယခု စင်ရော်တံတားစခန်းသို့ လိုက်လာသည့်အခါ မလေးတုတ်သည် လက်ငုတ်ကို ပြန်၍ကိုင်ရန် စိတ်ကူးရသည်။ ယောက်ျားနှင့်အတူ စင်ရော်ဈေးသို့ တစ်ခေါက်လိုက်ပြီးနောက် စခန်း၌ အိမ်ဆိုင်ဖွင့်ရန် အကြံရလေသည်။ သူ့အကြံအစည်မှာလည်း နေရာအကွက်အကွင်းကြောင့် ဖြစ်မြောက်လာရခြင်းဖြစ်သည်။ အဆောင်တွင် ထောင့်ခန်းရသဖြင့်သာ အဆင်ပြေခြင်းဖြစ်သည်။ ဦးစွာပထမ ဆရာဦးအောင်ကြီးကို ပြောသည်။ ဦးအောင်ကြီးက ဆရာကြီးသောင်းဒန်ကို ပြောသည်။ "ကောင်းသားပဲကွ၊ လုပ်ပါစေပေ့၊ ဒါပေမဲ့ အမြတ်ကြီးစားတော့ မဖြစ်စေနဲ့ကွာ၊ အဲဒါသတိပေး၊ မင်းတို့လဲ အမြဲဂရုစိုက်၊ တို့အလုပ်သမားတွေအပေါ် နင်းကန်အမြတ်စားတာမျိုးဆိုရင်တော့ မကောင်းဘူး၊ တော်ကြာ ပြောစရာဖြစ်လာမယ်"ဟု သောင်းဒန်က ခွင့်ပြုလိုက်သည်။

"မလေးတုတ် ရှိလား၊ ဟဲ့ . . . နင့်အမေကော"

"ရှိပါတယ် ဆရာကြီး"

"တခြားမဟုတ်ပါဘူးကွာ၊ နင်တို့ဆိုင်ကို လူကြီးတွေ လာတဲ့နေ့ကျရင် ခဏသိမ်းထား၊ ဟုတ်လား၊ ဟိုဘက်က ဒေါ်ထွေးလဲ ပြောလိုက်၊ ငါလိုက်ပြောမနေတော့ဘူး"

အောက်ဆုံးလိုင်းတွင် ဖိုမင် ဦးအောင်သန်း၏မိန်းမ ဒေါ်ထွေးလည်း ဆိုင်တစ်ဆိုင်ဖွင့်သည်။ မလေးတုတ်ကို အားကျ၍ ဆိုင်တည်ခြင်းဖြစ်သည်။ ဒေါ်ထွေးက မလေးတုတ်လို ကုန်ချောက်မရောင်း။ ကုန်စိမ်းရောင်းသည်။ ဒေါ်ထွေးတို့ အဆောင်တစ်ဖက်အစွန်တွင် လှတင်၏မိန်းမ ကြော့ခင်သည် ကွမ်းယာဆိုင်ဖွင့်သည်။ ကွမ်းယာနှင့်အတူ ဆေးလိပ်၊ မီးခြစ်၊ ချိုချဉ် စသည်တို့ ရောင်းသည်။ သို့သော် ကွမ်းသီးခြမ်း၊ ကွမ်းခြံတို့ ပတ်ဝန်းကျင်တွင် ရှိနေသဖြင့်

ကွမ်းယာမရောင်းရ။ ဆေးလိပ်နှင့် မီးခြစ် စသည်တို့သာ ရောင်းရသည်။ ထို့ကြောင့် ကွမ်းယာကို ဖြုတ်လိုက်သည်။

နေ့လယ်နေ့ခင်းတွင် သောင်းဒန်တို့ အိမ်တန်းဆီသို့ တက်လာကာ မုန့်ဖက်ထုပ် ရောင်းသူရှိသေးသည်။

"မုန့်ဖက်ထုပ် ပူပူနွေးနွေး ကလေးရယ်၊ စားကြအုံးမလား" အသံဝဲဝဲလေးနှင့် စူးစူးရှရှ အော်သံကြားရသည့်အခါ သောင်းဒန်သည် ထမင်းစားပြီး ခဏမှိန်းနေရာမှ ခေါင်းထောင်၍ ကြည့်သည်။ သူ့ခေါင်းရင်းပြတင်းပေါက်မှ မိန်းကလေးတစ်ယောက် ဗန်းကိုရွက်၍ တက်လာသည်ကို အတိုင်းသား မြင်ရသည်။

ညနေစောင်းသွားလျှင် ထိုမိန်းကလေးပင် ဗန်းကလေးတစ်ချပ်နှင့် တက်လာပြန်သည်။ သည်တစ်ခါတွင်မူ –

"ဒီဘက်က ဆရာကတော်တို့၊ စံဖေတို့၊ ဝက်သားယူကြအုံးမလား၊ ငါးပိကောင်လဲပါတယ်"ဟု အော်သည်။

အောင်ကြီးကို စနည်းနာကြည့်သည့်အခါတွင်မှ နောက်ရောက်လာသည့် စက်ကြီးမောင်း အေးမောင်၏ မယားမှန်းသိရသည်။

"သူက အငယ် ဆရာကြီး၊ နံပါတ် (၂)၊ အေးမောင်မှာ နံပါတ် (၁) ရှိသေးတယ်၊ သူ့နာမည်က မခင်စန်းတဲ့၊ မယားကြီးက မခင်သန်းတဲ့"

"ဟေ . . . ဟုတ်လှချေလား၊ ညီအစ်မလားကွ"

"မဟုတ်ဘူး ဆရာကြီး၊ နာမည်ဆင်တူ ဖြစ်နေလို့"

အေးမောင်သည် သောင်ဦးမိုင်းသို့ မြေထိုးစက်မောင်း အလုပ်သမားအဖြစ် ရောက်သွားရာ ထိုအရပ်မှ မိန်းမတစ်ယောက်ရလာသည်။ သောင်ဦးသူဖြစ်သည်။ သူကား ယခု ဈေးရောင်းနေသူ မခင်စန်းပင် ဖြစ်လေသည်။ သူ့ကိုယ်သူ အစန်း၊ အစန်းဟု ပြောသည်။

"အံ့ရော ဆရာကြီး၊ အေးမောင်က နှစ်ယောက်စလုံးကို အတူထားတယ်၊ မယားကြီး မခင်သန်းနဲ့ ကလေးခြောက်ယောက်၊ အခု မခင်စန်းနဲ့ ကလေးနှစ်ယောက်၊ သူတို့ညီအစ်မ တည့်ကြတယ်ခင်ဗျား"

"ဒီကောင် အားကျလာပြီနဲ့ တူတယ်" အောင်ကြီးကို သောင်းဒန် ဟောက်လိုက်သည်။

ထိုသတင်းကြားသည်မှစ၍ သောင်းဒန်သည် အစန်းကို ဂရုစိုက်ကာ စောင့်ကြည့်သည်။ တစ်ဖန် အေးမောင်မိန်းမကြီး မခင်သန်းကိုလည်း မြင်ဖူးသည်ရှိအောင် အပြခိုင်းသည်။ တစ်ညနေတွင် ရေတွင်းသို့ ကလေးသုံးယောက်ကိုဆွဲကာ ဆင်းလာသည်တွင် စာရေးအောင်ဘွင့်ကပြသဖြင့် ရုံးပေါ်မှ မြင်လိုက်သည်။ မခင်သန်းသည် ရွက်ကြမ်းရေကျိုဖြစ်သည်။ ကလေးခြောက်ယောက် အမေဖြစ်ရာ သည်မျှပဲ အလှတင်၍ ကျန်ရစ်တော့မည်။ အေးမောင်သည် စက်ကြီးမောင်းသိမ်းတင် ရန်ကုန်သို့ ပြန်ပြေးသည်တွင် ဘလှက ခေါ်သဖြင့် သိန်းတင်နေရာသို့ ရောက်လာသူဖြစ်သည်။ ယခု တစ်နေ့ခြောက်ကျပ်စား။ နောင်တွင် ခုနစ်ကျပ်ခွဲအထိ တိုးပေးပြီးနောက် လုပ်သက်ရင့်လာသည့်အခါ ၁၈၅ ကျပ်စားအဖြစ် လခစား ခန့်နိုင်မည်ဖြစ်သည်။ သူတို့မိသားစု ဘယ်သို့စားနေကြသနည်း။ လူကြီး သုံးယောက်၊ ကလေး ရှစ်ယောက် စုစုပေါင်း ဆယ့်တစ်ယောက်။

တစ်ညနေတွင် အစန်း၏ အသံဝဲဝဲကို ကြားရသည့်အခါ စံဖေအား အခေါ်ခိုင်းလိုက်သည်။

"စံဖေ ဝက်သားဝယ်လိုက်ကွာ"

အစန်း၏ ရုပ်ရည်သည် တောနှင့်မတန်။ သန့်ပြန့်သည်။ မျက်လုံးဝိုင်းသည်။ ကြည်သည်။ အသားဖြူသည်။ လည်ပင်းတွင် ဆွဲကြိုးတစ်ကုံးဆွဲထားသည်။

"အစန်းတို့တော့ ချမ်းသာရောပေါ့ကွာ၊ နေ့လယ် မုန့်ရောင်း၊ ညနေ ဝက်သားရောင်း၊ ဒါက ဘာလဲ"

"မျှစ် ဆရာကြီး၊ တစ်စီး ဆယ်ပြား၊ နေ့လယ်ကမှ စင်ရော်ဈေးက ဝယ်လာတာ"

"အလကား ညာတာဆရာကြီး၊ တောင်ပေါ်က တက်ချိုးလာတာ" တပည့်ကျော် စံဖေက ဝင်ပြောသည်။ အစန်းက စံဖေကို မျက်စောင်းထိုး

လိုက်သည်။

"နေစမ်းပါအုံး၊ နင့်လည်ပင်းက ဆွဲကြိုးကြီးက ဘယ်လောက်သား ရှိလဲ၊ ဘယ်သူဝယ်ပေးတာလဲ"

"ငါးမူးသားပါ ဆရာကြီး၊ မမဝယ်ပေးတာ"

"ဘယ်ကမမလဲ"

"ကျွန်မတို့အိမ်က မမ ဆရာကြီး" အစန်း ခေါင်းငုံ့ကာ ပြုံးနေသည်။ မခင်သန်းကို ဆိုလိုခြင်းဖြစ်သည်။

"ဩော် . . . ဩော်၊ နင့်မမက နင့်ကိုချစ်တယ်ပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

"နင့်တော့ ဈေးရောင်းခိုင်းတယ်" သောင်းဒန်က အစန်းကို စလိုက် သည်။

"ကလေးတွေများတယ် ဆရာကြီး၊ မစားလောက်ဘူး"

"အလကား စတာပါဟာ၊ ဒီလိုပဲ ရောင်းရမှာပေါ့၊ အေး . . . အေး သွားတော့"

သောင်းဒန်သည် သူတို့မိသားစုကို သနားသွားသည်။ အေးမောင်ကို လည်း လေးစားသွားသည်။

"ကြည့်စမ်း အောင်ကြီး၊ အေးမောင်ဆိုတဲ့ကောင် သောင်ဦးက မိန်းမ လေး တစ်ယောက်ကောက်ယူလာပြီး ပစ်မထားခဲ့ဘူး၊ ခေါ်လာခဲ့တယ်၊ သူ့ မှာလဲ မိန်းမကြီးနဲ့၊ သူပစ်ထားခဲ့ရင် ရတာပေါ့ကွ၊ ယောက်ျားဆိုတာ ဒီလိုမှ ပေါ့"ဟု ပြောမိသေးသည်။

စင်ရော်တွင် အစန်း၏ အစ်မတစ်ယောက် ဝက်သားရောင်းနေသည်။ အစ်မထံမှ ဝက်သားယူကာ စခန်း၌ရောင်းခြင်းဖြစ်သည်။ တောင်ပေါ်သို့ တက်၍ မျှစ်ချိုးကာ ရောင်းလိုက်သေးသည်။

ဤသို့ဖြင့် စခန်းတွင် အကွက်ကွင်းကိုကြည့်ကာ ဈေးဆိုင်ခင်းသူ၊ ဈေးလည်ရောင်းသူတို့ ပေါ်လာသည်။ ယခု ဌာနချုပ်မှလူကြီးများ လာကြ မည့်အခါ သူတို့ဆိုင်များကို ခေတ္တသိမ်းထားခိုင်းလိုက်ရသည်။

လူကြီးများ ရောက်မည့်နေ့တွင် သောင်းဒန် စင်ရော်သို့ သွား၍ ကြို သည်။ အချို့ လေယာဉ်ပျံနှင့်၊ အချို့ မီးရထားနှင့်လာကြသည်။ စင်ရော်တွင် ဂျပန်လုပ်သွားသည့် လေယာဉ်ကွင်းဟောင်းတစ်ခုရှိသဖြင့် နေရာကျသေး သည်။ အစောင့်အကြပ်များနှင့်ဆိုလျှင် အားလုံး လူသုံးဆယ်ကျော် ပါလာ သည်။ စိမ့်မြိုင်မှ တိုင်းမှူး၊ စစ်ဆေးရေးမှူး၊ တိုင်းအင်ဂျင်နီယာအဖွဲ့တို့လည်း ရောက်လာကြသည်။

မနက်ပိုင်းတွင် ဌာနချုပ်အဖွဲ့သည် တံတားဘဲတောင်ထိပ်၌ ၂ နာရီခန့် ကြည့်ရှုသည်။ မေးစရာရှိသည်ကို မေးသည်။ အဖွဲ့ဝင် လူကြီးတစ်ယောက် သည် ကွမ်းသီးခြံထဲရှိ ခြံရှင် ဒေါ်စောရွှေ၏တဲ၌ထိုင်ကာ အာလာပသလ္လာပ ပြောဆိုနေသည်။ သောင်းဒန်သည် အဘွားကြီးကို စိတ်မချ။ ဘာတွေပြော လိုက်မည်လဲ တထင့်ထင့် ဖြစ်နေသည်။ အဘွားကြီး ပြောမည့်စကားကို သောင်းဒန် သိသည်။ လျော်ကြေးကိစ္စကလွဲလျှင် ဘာမှမဖြစ်နိုင်။ ပြန်သွားမှ မေးကြည့် ရဦးမည်။

ထို့နောက် သောင်းဒန်က စခန်းကို လိုက်၍ပြသည်။ သူ့တပည့်များ အားလုံး ပိပိရိရိဖြစ်နေကြသဖြင့် စိတ်အနှောင့်အယှက် မဖြစ်လိုက်ရ။ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုသည်ကိုလည်း သိသွားကြသည်။ ဆေးပေးခန်းကိုကြည့်ကာ ကျန်းမာရေးမှူးတစ်ယောက် အမြဲလိုသည်ကို လည်း နားလည်သွားကြသည်။ သူတို့ကြည့်နေစဉ်မှာပင် ဖင်နာ၊ ခေါင်းနာ၊ လေထိုး၊ လေအောင့် ကလေးလူကြီး လူနာပေါင်းစုံ ရောက်လာသဖြင့် နော်ဖောလာမှာ လက်မလည်ရအောင် ဆေးပေးနေရသည်။ ကျန်းမာရေး မှူးလည်း ခေါင်းမဖော်နိုင်အောင် ကြည့်ရှုစမ်းသပ်နေရသည်။

"တံတားအတွက် လိုတာတွေ တတ်နိုင်သမျှ ပေးမယ်၊ အရေးကြီး တာက တံတား ချောချောမောမော ပြီးဖို့ပဲ၊ အခု မြေစမ်းအဖွဲ့လာနေပြီ၊ တိုင် ၁ ကို ပေ ၃၀ ဒီဘက်ရွှေ့ဖို့ပဲ ကြိုးစားတော့" ဤသို့ ဌာနချုပ်အဖွဲ့က ပေးသည့်အမိန့် ဖြစ်သည်။

တိုင်းမှူးသည် စင်ရော်လမ်းမကြီးတောက်လျှောက်ပေါက်ရေးကို

စိတ်ဝင်စားနေသည်။

"အခုလာတဲ့ လမ်းတစ်လျှောက်မှာ ဘာမှမဖွံ့ဖြိုးဘူး၊ စခန်းသစ် ဒီမှာဆိုရင် ဆယ့်ကိုးရာစုခေတ်အတိုင်းပဲ၊ အချိန်ရရင် စင်ရော်ကနေ ရေပြာအထိ ကားနဲ့သွားအုံးမယ်၊ လမ်းပန်းအခြေအနေ လေ့လာရအုံးမယ်၊ ဒါပေမဲ့ နောင်သုံးနှစ်အတွင်းမှာတော့ စင်ရော်လမ်းမကြီးဟာ အကောင်အထည်ပေါ်မှ ဖြစ်မယ်"

စင်ရော်လမ်းမကြီးသည် စင်ရော်တံတားအပေါ် တည်နေသည်။ ယခုမှ စင်ရော်လမ်းမကြီး အရေးပါပုံ၊ စင်ရော်တံတားပြီးမြောက်ရေး အရေးကြီးပုံတို့ကို သူတို့ ထင်ထင်ရှားရှား မြင်လာကြသည်။

သောင်းဒန်သည် အခွင့်သင့်ခိုက် ချဉ်းကပ်လမ်းဖောက်ရေးကို တင်ပြသည်။ ချဉ်းကပ်လမ်းသည် စင်ရော်ကို မဝင်၍မဖြစ်။ မဝင်လျှင် စင်ရော်မြို့ ကောသွားနိုင်သည်။

သူ့တင်ပြချက်ကို အားလုံးက လက်ခံကြသည်။

မနက်စာကို စခန်းတွင် စားကြသည်။ နေ့လယ်တစ်နာရီတွင် ဌာနချုပ်အဖွဲ့ ပြန်သွားကြလေသည်။ သောင်းဒန်နှင့် သန်းမောင်တို့နှစ်ယောက် အဖွဲ့ကို စင်ရော်သို့ လိုက်၍ပို့သည်။ စခန်းသို့ ညနေစောင်းမှ ပြန်ရောက်လာသည်။

သူ့လုပ်ငန်းများကို ပြလိုက်ရသဖြင့် သောင်းဒန် ကျေနပ်နေသည်။ ဝမ်းသာနေသည်။ လူကြီးများနှင့် ဆက်ဆံရသည်ကို သောင်းဒန် ကြောက်သည်။ သူ့ကိုယ်သူ မနည်းထိန်းထားရသောကြောင့်ဖြစ်သည်။ ပြောစရာတွေ အများကြီးရှိသည်။ လုပ်စရာတွေ အများကြီးရှိသည်။ ထင်မြင်ချက်တွေ အများကြီးရှိသည်။ သူ၏ဗီဇမှာ ထိန်းထိန်းချုပ်ချုပ် ဗီဇမဟုတ်။ ယခု သူ လူကြီးဖြစ်နေပြီ။ အလုပ်သမားတစ်ရာကျော်၊ အိမ်ထောင်ပါဆိုလျှင် လူပေါင်းသုံးရာကျော် လေးရာနီးပါးကို အုပ်ချုပ်နေရသည့် အကြီးအကဲဖြစ်နေသည်။ သို့သော် သူ့တွင် လူငယ်စိတ်မပျောက်၊ တက်တက်ကြွကြွလုပ်ချင်သည်။ ရဲရဲဝံ့ဝံ့ ပြောချင်၊ ဆိုချင်သည်၊ တင်ပြချင်သည်။ သို့သော်ငြားလည်း ထိန်းသိမ်းရမည့်စကားများ၊ ထိန်းချုပ်ရမည့်ဝတ္တရားများ ရှိနေသည်။ သို့ကြောင့် စိတ်ထဲ

တွင် လေးလံနေသည်။ ပြောဆိုလိုက်ရလျှင် ပေါ့သွားမည်။ မပြောနိုင်။ အခြား လူများ၏မျက်နှာကို ကြည့်နေရသေးသည်။ သူ့အကြောက်ဆုံးမှာ အာဏာ ရှိသူကို ကပ်၍ ဖားသည်ဆိုသည့် အများထင်မြင်ချက်ပင်ဖြစ်သည်။ ရှိစေ တော့။ စကားများများ မပြောတော့ပြီ။ အလုပ်ကိုသာ များများလုပ်တော့ မည်ဟု သောင်းဒန် ဆုံးဖြတ်လိုက်လေသည်။

ထိုသို့ စဉ်းစားနေစဉ် အောင်ကြီးနှင့် လှမင်းတို့ အရေးတကြီး သူ့ဆီ ရောက်လာကြသည်။

"ဒီည စိုးရိမ်ရတယ် ဆရာကြီး၊ စခန်းကို သူပုန်စီးမယ်လို့ သတင်းရ တယ်"

သောင်းဒန် အနည်းငယ် ထိတ်သွားသည်။ သို့သော် မျက်လုံးပြူး မျက်ဆန်ပြူးကား မဖြစ်တော့။ ဌာနချုပ်အဖွဲ့လာသည်ကို သတင်းကြားသဖြင့် ဤသတင်းဖြစ်ပေါ်ရသည်ဟု တွေးသည်။ ယခု သူတို့ပြန်သွားကြပြီ။ စိုးရိမ် စရာမရှိတော့။ သို့သော်လည်း လိုရမည်ရ လိုင်းမှူးများကို သတိဝီရိယနှင့် နေကြရန် မှာခိုင်းလိုက်ရသည်။ သောင်းဒန်လည်း လိုရမည်ရ တပ်မှ ကာဘိုင် တစ်လက်ဆွဲထားလိုက်သည်။ မိုးသာလင်းသွားသည်။ သူပုန်အရိပ်အယောင် မတွေ့လိုက်ရ။

× × × × ×

## ၂၃

ဌာနချုပ်အဖွဲ့ ပြန်သွားပြီးနောက် သုံးရက်ရှိလျှင် မြေစမ်းအဖွဲ့ရောက်လာသည်။ အဖွဲ့၏ခေါင်းဆောင်မှာ ဦးဝင်းနိုင်ဖြစ်သည်။ သောင်းဒန်၊ စောသာအေး၊ လှမင်းတို့နှင့် ဆွေးနွေးသည်။ သူတို့အတွက် ရေလယ်တွင် ဖောင်ဆင်ပေးရပြန်သည်။

"ဒီတစ်ခါ သေသေချာချာ လုပ်ကြဗျို့၊ လုပ်ငန်းကတော့ မြင်တဲ့အတိုင်းပဲ၊ ရှေ့ကို အရှိန်ပြင်းပြင်းနဲ့ချီတက်ဖို့ ရှိတော့တယ်၊ မိုးကလဲ ပါးသွားပြီ၊ ကျွန်တော်တို့ အလုပ်ကောင်းကောင်းလုပ်ချိန် ၆ လလောက်ရှိတယ်"

ဦးဝင်းနိုင်သည် အလုပ်ကို လေးစားသူဖြစ်သည်။ ပေါ့ပေါ့ဆဆလုပ်၍ မဖြစ်သည်ကိုလည်း သူနားလည်ထားသည်။ သူသည် လက်တွေ့သမားဖြစ်သည်။ လုပ်သက် ဆယ့်ငါးနှစ်ကျော်ပြီ။ သဘောတရားကိုကား ပိုင်နိုင်အောင် မသင်ခဲ့ရ။ သူတို့ဌာနတွင် မြေစမ်းဌာနခွဲကို ယခုမှ ပြန်လည်ဖွဲ့စည်းနေရသည်။ ဦးစီးဦးဆောင်လုပ်သူတစ်ယောက်သည် ခေတ်မီလက်တွေ့စမ်းသပ်ခန်းတစ်ခု ဖွင့်ရန် နိုင်ငံခြားသို့ သွား၍လေ့လာနေသည်။ ပစ္စည်းကိရိယာလည်း ပြည့်ပြည့်စုံစုံ မရှိသေး။ သို့သော်လည်း ဤမပြည့်စုံမှုများအကြားမှာပင် တတ်နိုင်သမျှ ကြိုးစားကြရမည်ဟု နားလည်ထားသည်။ စင်ရော်တံတားအတွက် ပဏာမ မြေစမ်းခဲ့စဉ်က သူမပါ။ အဖွဲ့ငယ်ကလေးမျှသာ ဖြစ်သည်။ တောကြီးမျက်မည်းနေရာမို့ ကြာကြာလည်း နေဝံ့ကြဟန်မတူ။ ဖြစ်သလို တိုင်း၍ ပြန်လာကြဟန် တူသည်။

ထိုအကြောင်းကို သောင်းဒန်တို့အား မပြောချင်။ အစ ပြန်မဖော်ချင်။ သူ့အတူ သောင်းဒန်ကလည်း နောက်ကိုပြန်မတွေးချင်တော့။ ထို့ကြောင့် ရှေးဖြစ်ဟောင်းဟုသာ သဘောထားလိုက်တော့သည်။ ရှေ့အလားအလာ ကောင်းလိမ့်မည်ဟု မျှော်လင့်သည်။ ကောင်းပါစေဟုလည်း ဆုတောင်းသည်။

သီတင်းကျွတ်တော့မည်။ တပေါင်းလဆန်းစက ဤစခန်းသို့ သူတို့ ရောက်လာကြသည်။ ယခုဆိုလျှင် ခုနစ်လထဲသို့ ရောက်လာပြီ။ ယခုမှ အိမ်ထောင်များထူထောင်၍ အသားကျစ ရှိသေးသည်။

"သူတို့ကို ဒီမှာသုံးနှစ်ထက်ကျော်ပြီး မထားချင်ဘူး လှမင်း၊ ကြာရင် မကောင်းဘူး၊ အခုပဲ တံတား ဘယ်တော့ပြီးမှာလဲဆိုတာ မေးတဲ့လူက မေးနေပြီ၊ ဒီအထဲ အစားအသောက်က ဈေးကြီးသေးတယ်၊ ဆန်ရှားလို့ ဆန်ပြုတ်ပြုတ် သောက်ကြရသေးတယ်၊ အစားဆင်းရဲ အနေဆင်းရဲနဲ့ ဘယ်သူ ကြာကြာနေနိုင်မလဲကွ၊ ငါတော့ ဖြစ်သလိုဆောက်တော့မှာပဲ၊ အခုမှတော့ ဘာမှ ကြေးများမနေချင်တော့ဘူး"

သောင်းဒန်သဘောထားသည် အတည်အငြိမ်မရှိ။ အမျိုးမျိုးပြောင်းလဲ နေသည်။ သို့သော် မြေစမ်းအဖွဲ့ အလုပ်စပြီးနောက် သုံးလေးရက်ရှိလျှင် အားတက်စရာ သတင်းကောင်းများ ကြားရသည်။

"တိုင် ၁ ကို ပေ ၃၀ ရွေ့ရင် ဖြစ်နိုင်တယ်၊ အောက်မှာ ကျောက်တော့ ရှိတယ်၊ ဒါပေမဲ့ ထုထည်သိပ်မကြီးဘူး၊ ရေဝင်မြေနဲ့လွတ်လို့ အုတ်မြစ်ခိုင် မယ်"

ထိုသတင်းစကားသည် ကုန်သွယ်ရေးမှ ဆန်အိတ်ဆယ်လုံးရလာသည် ဆိုသော သတင်းစကားကဲ့သို့ပင် ချိုမြိန်သည့် စကားဖြစ်သည်။ ထို့ကြောင့် ဌာနချုပ်သို့ လှမ်း၍အကြောင်းကြားလိုက်သည်။

တိုင် ၁ ပေ ၃၀ ရွေ့မည်။ ကဆွန်းများ စ၍ ကွန်ကရစ်လောင်းတော့ မည်။ မြောက်ဘက် ဘဲတောင်တိုင်စ၍ ရိုက်တော့မည်။ တိုင် ၁ ကို ပေ ၃၀ ရွှေ့လျှင် မြောက်ဘက်ဘဲတောင်ကိုလည်း ပေ ၃၀ ရွှေ့လိုက်ရသည်။ ယခု အတိုင်းဆိုလျှင် ခန်းဖွင့် ပေ ၁၀၀ လေးခန်း နှင့် ပေ ၇၀ တစ်ခန်း ဖြစ်လာ

သည်။ မြေစမ်းအဖွဲ့ကား ရေလယ်တိုင် ၂၊ ၃၊ ၄ တို့ကို ဆက်၍ စမ်းနေကြသည်။

"မြောက်ဘက် ဘဲတောင်နဲ့ တိုင် ၁ ကို တစ်ပြိုင်နက်တည်း စမယ်၊ တိုင် ၁ ကို စောသာအေး ဦးစီး၊ မြောက်ဘက် ဘဲတောင်ကို လှမင်း ဦးစီး"

ဝန်ချီစက် မောင်းသည့်အသံ၊ ကျောက်ခွဲစက်အသံ၊ တိုင်ရိုက်စက်ကြီး၏ တဒိန်းဒိန်းရိုက်သံတို့ မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာသည်။ သောင်းဒန်၏ရဲဘော်အားလုံးသည် တက်တက်ကြွကြွဖြစ်လာကြသည်။

သောင်းဒန်လည်း တက်တက်ကြွကြွဖြစ်လာသည်။ မတက်ကြွလျှင် မခံနိုင်။ သီတင်းကျွတ်ကျောင်းပိတ်ရက် နီးလာပြီဖြစ်ရာ မြင့်မြင့်သန်းနှင့် ကလေးများ စင်ရော်တံတားသို့ အလည်လာမည့်ရက် မဝေးတော့ပြီ။

"သကြန် ဘယ်လိုကျသွားမှန်း ကျွန်တော်တို့မသိလိုက်ဘူး ဆရာကြီး၊ ဒီသီတင်းကျွတ်မှာတော့ ကျွန်တော်တို့ မီးထွန်းပွဲ လုပ်ချင်တယ်"

သန်းမောင်က ပူဆာသည်။

အောင်ကြီးနှင့် လက်သမားအဖွဲ့သည် စင်ရော်ဒေသ အစဉ်အလာအတိုင်း ဆွမ်းကြီးလောင်းပွဲတွင် ဆင်နွှဲရန် ကြိုးစားနေကြသည်။ ညတိုင်ကျပြီဆိုလျှင် ဒေါ်စောရွှေ၏ ခြံထဲ၌ ဒိုးပတ်ဝိုင်း တိုက်နေကြသည်။ သူတို့တစ်တွေ ပျော်ပျော်ပါးပါး ဖြစ်နေသည်ကို တွေ့ရလျှင် သောင်းဒန်ပါ ပျော်လာသည်။ သည်အတိုင်းဆိုလျှင် တံတား၌ လေးနှစ်ပင် နေနိုင်သည်။

မိုးလေကင်းရှင်းပြီဖြစ်ရာ တိုင်နံပါတ် (၁) ကို နေ့ရောညပါလုပ်ရန် အစီအစဉ်ဆွဲသည်။ ထိုအတောအတွင်း မီးစက်သစ်ကလေး တစ်လုံးလည်း ရောက်လာသည်။ ရေလယ်တိုင်များအတွက် အသင့်ဖြစ်စေရန် စောစောစီးစီး မှာထားရခြင်းဖြစ်သည်။

"နေ့ရောညရော လုပ်မယ်ဆိုရင် ငါ အောက်ဆင်းအိပ်မယ် လှမင်း၊ ဒီတော့ တို့ကမ်းနဖူးဆိပ်မှာ တဲကလေးတစ်လုံးထိုးမယ်၊ ရေလယ်တိုင်တွေ ချတော့လဲ ဒီမှာ နားနိုင်အိပ်နိုင်ကြတာပေါ့၊ မင်းတို့လဲ အိပ်ချင်အိပ်ကြ"

လှမင်းနှင့် စောသာအေးတို့ မလှုပ်ကြ။

"ငါ့လခွမ်းတဲ့၊ အိမ်က မိန်းမတွေနားက မခွာနိုင်ကြဘူးလားကွ၊ ကလေးပဲ သုံးယောက်စီလောက် ရနေကြပြီပဲဟာ"

နှစ်ယောက်စလုံး ပြုံးနေကြသည်။

"ကဲ . . . မင်းတို့မအိပ်ရပါဘူး၊ ငါပဲစောင့်အိပ်ပါမယ်"

"အဖော်ကောင်းရင် ကျွန်တော်တို့လဲ အိပ်တာပေါ့ဆရာကြီး၊ တော်ကြာ ဆရာကြီးမိန်းမ ရန်ကုန်ကရောက်လာတော့သာ ထွက်မပြေးနဲ့" လှမင်းက စိန်ခေါ်လိုက်သည်။

"မြင့်တို့လာပြီး ပြန်သွားမှ ပြောတာပါကွာ"ဟု ချက်ချင်းပင် သောင်းဒန် လျှော့ချလိုက်ရသည်။

ထိုရက်များကား မင်္ဂလာရှိသော ရက်များဖြစ်ကြလေသည်။ ထိုရက် အတွင်း လက်သမား ကြာညွန့်မိန်းမ ခင်ကြည်တွင် ဒုတိယသားယောက်ျား လေးကို နော်ဖောလာ မွေးပေးလိုက်ရလေသည်။

"မောင်စင်ရော်လို့ နာမည်ပေးရမယ် ဆရာကြီး" ဟု သန်းမောင်က အကြံပေးသည်။ သန်းမောင်သည် စိတ်ကူးစိတ်သန်း မဆိုးလှ။ ကြာညွန့် သားသည် တံတားစခန်း၏ ပထမဆုံး သားရတနာဖြစ်လေသည်။

မြောက်ဘက်ဘဲတောင်တွင် တိုင် စ၍ရိုက်သည်။ တိုင် ၁ ကို တစ်ပြိုင် နက်တည်းစမည်ဟု ကြံစည်ထားသော်လည်း ဘိလပ်မြေနည်းနေသေးသဖြင့် သီတင်းကျွတ်ပြီးမှ စတော့မည်ဟု ရွှေ့လိုက်သည်။ ၁၃ မိုင် ကျောက်ကျင်း၌ အလုပ်သမားများ မနေရဲကြဘဲ ထွက်ပြေးသွားကြရာ ကျောက်ခွဲမည့်သူ မရှိ ဖြစ်နေသည်။ ထို့ကြောင့် မီးရထားမှ ကျောက်များကို ဆွဲရန် စီစဉ်ရပြန်သည်။ အဆင်ကားမပြေနိုင်။ တစ်ယောက်တည်း၊ တစ်ဖွဲ့တည်း လုပ်ရသည့်အလုပ် မဟုတ်သဖြင့် ဤကဲ့သို့ မမျှော်လင့်ဘဲ ဆုတ်ဆိုင်းရသောကိစ္စများ ပေါ်လာ သည်မှာ ဓမ္မတာဖြစ်သည်။ အရင်ကလောက် သောင်းဒန် စိတ်ဆင်းရဲခြင်း မဖြစ်တော့။ တိုင် ၁ ကမ်းစတွင် တုတ်ရိုက်၍ကလည်း မပြီးသေး။ စောင့် လက်စနှင့် ပစ္စည်းပြည့်စုံအောင် ဆက်၍စောင့်ရန်သာ ရှိတော့သည်။

မြောက်ဘက် ဘဲတောင်ရိုက်သည့်အခါ ထုံးစံအတိုင်းပင် လက်သမား

ကျော်တို့က ငှက်ပျောပွဲ၊ အုန်းပွဲပေးလိုက်သေးသည်။ ဘဲတောင်တိုင် လေးလုံးခန့် ရိုက်အပြီးတွင် ရန်ကုန်မှ မြင့်မြင့်သန်းနှင့်ကလေးများ ရောက်လာကြလေသည်။

စခန်းတစ်ခုလုံးပင် "ဆရာကြီးမိန်းမ ကလေးတွေနဲ့ လိုက်လာသတဲ့" ဟူသော သတင်းစကားသည် ဆယ်မိနစ်အတွင်း ပြန့်သွားသည်။

ထိုနေ့ညတွင် သောင်းဒန်၏အိမ်၌ လူစည်နေလေသည်။ နော်ဖောလာ၊ ခင်ခင်တို့လည်း ရောက်လာကြသည်။ နော်မူအေးတစ်ယောက်လည်း အိမ်တွင်းပုန်းနေရာမှထွက်လာကာ မြင့်မြင့်သန်းကို လာ၍ကြည့်သည်။ လက်ဖက်ရည်ဆိုင်မှ မြိုင်၊ ကျောင်းဆရာမလေး မမြသွေးတို့လည်း ရောက်လာကြသည်။

မြိုင်နှင့် မမြသွေးတို့နှစ်ယောက် မြင့်မြင့်သန်းကိုကြည့်ကာ တိုးတိုးဝေဖန်နေကြသည်။ တို့ဆရာကြီး မိန်းမရွေးတာ မဆိုးဘူးဟူ၍လည်း စိတ်ထဲတွင် မှတ်ချက်ချကြသည်။ မြင့်မြင့်သန်း၏ခါးတွင် ဝတ်လာသောလုံချည်မှာ နောက်ဆုံးပေါ် ထီးပါတိတ်ဖြစ်သည်။ ဧကန္တ ဆရာကြီး စိမ့်မြိုင်က ဝယ်သွားတာ နေမှာပဲ။ နံ့သာရောင် လှိုင်းကြီးကရစ်အင်္ကျီသည်လည်း စိမ့်မြိုင်လမ့်တန်း မှောင်ခိုဈေးထွက်ပစ္စည်းပင်ဖြစ်သည်ဟု မြိုင်ထင်သည်။

"ခင်ဗျားတို့ဆရာမကြီးကို ကျောင်းမှာ ကလေးတွေကို သင်္ချာပြခိုင်းဗျ၊ သူက သင်္ချာဆရာမဗျ၊ သင်္ချာအတွက်ကောင်းတာနဲ့ ငါနဲ့ရလာတာ"

မြင့်မြင့်သန်းက သောင်းဒန်ကို မျက်စောင်းချိတ်လိုက်သည်။

ဖိုးတုတ်သည် သောင်းဒန်ကိုကပ်ကာ တောင်တက်ချင်သည်။ တောင်ဘယ်မှာလဲဟု ပူဆာသည်။

"အခု မမြင်ရတော့ဘူးသားရဲ့၊ မှောင်သွားပြီ၊ မနက်ဖြန် မနက်ကျတော့ ဖေဖေလိုက်ပို့ပေးမယ်"

"သန်ဘက်ခါ ကိုကြာညွန့်သား ကင်ပွန်းတပ်မယ် ဆရာကြီး" အောင်ကြီး လာ၍ အကြောင်းကြားသည်။

"ဘာမျိုး ကျွေးမှာလဲဟေ့"

"မသိသေးဘူး ဆရာကြီး အဲဒါ တို့စခန်းမှာ ပထမဆုံးမွေးတဲ့ကလေးပဲ

မြင့်ရ၊ မောင်စင်ရော်တဲ့၊ သန်းမောင်ပေးထားတဲ့ နာမည်ပဲ”မြင့်မြင့်သန်းကို ဖောက်သည်ချလိုက်သည်။

“ကိုကြာညွန့်ကလဲ အဲဒီနာမည်ပဲ ကြိုက်တယ်တဲ့ ဆရာကြီး၊ တိုက်တိုက် ဆိုင်ဆိုင် သူ့သားကလဲ အင်္ဂါသားတဲ့ ခင်ဗျ”အောင်ကြီးကဆိုသည်။

စင်ရော်တွင် လည်ပတ်စရာမရှိ။ ကလေးများက ဟိုဟိုဒီဒီ သွားချင် သည်။ အနီးအနားတွင်မူ သောင်ပြာသို့ သွား၍လည်ပတ်နိုင်သည်။ ဗိုလ်မှူး သိန်းအောင်၏ လက်ရာဖြစ်သည့် ငါးဖမ်းသမဝါယမတစ်ခုရှိသည်။ ယခု ရာသီတွင် ငါးပုပ်ခြောက် ရနိုင်ဦးမည်လား မသိ။ မိုးပြတ်သွားပြီ ဖြစ်သဖြင့် ပေါကောင်းပါရဲ့ဟု သောင်းဒန် မျှော်လင့်သည်။

“ပြန်ခါနီးမှ သွားတာပေါ့ မောင်ရယ်၊ အခု ဒီမှာပဲ အေးအေးဆေးဆေး နေပါအုံးမယ်”

“မြင့်သဘောပဲလေ”

လှမင်းနှင့် စောသာအေးတို့က ရယ်ကြသည်။ နော်ဖောလာနှင့် ခင်ခင် တို့က ပြုံးသည်။

“ကျွန်မတို့များတော့ နိုင်လိုက်တာ ဆရာမရယ်၊ ဦးသောင်းဒန် တစ်ယောက် ဆရာမလာမှပဲ နိုင်မဲ့သူပေါ်တော့တယ်”

သောင်းဒန် သွားဖြီးနေသည်။ မြင့်မြင့်သန်းသည် နော်ဖောလာ၊ ခင်ခင် တို့နှင့် စကားပြောသည်။ မြိုင်နှင့် မမြသွေးတို့ကို နှုတ်ဆက်ကာ ဘယ်သူ့သမီး လဲ၊ ဘာလုပ်နေကြသလဲ စသည်ဖြင့် အာလာပသလ္လာပ စကားပြောသည်။

နောက်တစ်နေ့တွင် ဦးစွာပထမ သားကြီးဖိုးတုတ်ကို အင်ကြင်း စေတီသို့ ပို့သည်။ ကလေးများ တောင်ပေါ်တက်ရသဖြင့် ပျော်နေကြသည်။

“အခု သီတင်းကျွတ်မှာ မီးထွန်းပွဲလုပ်မယ် မြင့်၊ အင်ကြင်းစေတီကိုလဲ မီးပူဇော်ဖို့ ကြိုးတွေ ဆွဲပြီးပြီ”

“မောင်တို့စခန်းမှာ ကလေးတွေ ဘယ်နှယောက်လောက်ရှိလဲ”

“ဘာလုပ်မလို့လဲ မြင့်၊ ကျောင်းမှာတော့ အခု သုံးဆယ်ကျော်ရှိနေပြီ၊ ကျောင်းက သီတင်းကျွတ်မို့ ပိတ်ထားတယ်”

"အားလုံး ငါးဆယ်ပေါ့ မောင်ရယ်၊ မြင့် သူတို့ကို တစ်ခုခုကျွေးချင်တယ်၊ မောင်တို့ဆီမှာ ဘာရသလဲ၊ သာဂူတို့၊ ကျောက်ကျောတို့ မရနိုင်ဘူးလား"

"ရပါတယ်ဗျာ၊ စင်ရော်ကိုလွှတ်ပြီး ဝယ်ခိုင်းရမှာပေါ့၊ ပွဲတော်ရက်နီးလို့ ကုန်သွယ်ရေးက သာဂူစေ့တွေ ထုတ်ပေးနေတယ် ကြားတယ်"

လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ အလုပ်ပိတ်လိုက်သည်။ လဆန်း ၁၄ ရက် မနက်တွင် ဒေါ်စောရွှေခြံဝ၌ ဘုန်းတော်ကြီး ၁၀ ပါးကို ဆွမ်းလောင်းပွဲကျင်းပသည်။ အောင်ကြီး၏ ဂူထွက်ဒိုးပတ်အဖွဲ့က စခန်းကိုလှည့်ကာ ဖြေဖျော်သည်။ နောက်တစ်နေ့တွင် မြင့်မြင့်သန်းက စခန်းရှိ ကလေးအားလုံးကို သာဂူတိုက်လေသည်။ သောင်းဒန်သည် မြင့်မြင့်သန်း၏ အလှူကို သာဓုခေါ်ရင်း ကြည်နူးခြင်းပီတိဖြစ်မိသည်။ "သိပ်အလိုက်သိတတ်တဲ့ မယားချောပဲ၊ ငါ့ပါရမီကို ဖြည့်ရှာတယ်၊ မရှိဆင်းရဲတဲ့လူတွေကို ကျွေးချင်မွေးချင်ရှိတယ်၊ ဒီစိတ်ဓာတ်မျိုး အစဉ်မွေးနိုင်ပါစေဗျာ"ဟု ဆုတောင်းမိသေးသည်။

စခန်းတစ်ခုလုံး မီးထိန်ထိန်လင်းနေသည်။ သီချင်းသံ၊ ဒိုးပတ်သံ၊ မယ်ဒလင်သံတို့ဖြင့် စည်စည်ကားကားဖြစ်နေသည်။

"ဝမ်းသာစရာ သတင်းတစ်ခု ဆရာကြီး" အောင်ကြီး၏ မျက်နှာသည် ဝင်းထိန်နေသည်။

"အခု သီတင်းကျွတ်ပြီ မဟုတ်လား ဆရာကြီးရဲ့၊ သီတင်းကျွတ်ပြီဆိုတော့ လူပျို၊ အပျိုတွေ မင်္ဂလာဆောင်ကြတော့မှာပေါ့ ခင်ဗျ"

"ဟေ . . . ဘယ်သူလဲကွ" သောင်းဒန် အံ့အားသင့်နေသည်။ မြင့်မြင့်သန်းတို့ ရောက်နေသဖြင့် စခန်းအကြောင်း သူမသိ ဖြစ်နေသည်။ သူ အငိုက်မိသွားပြီလား။

"မြင့်သိန်းလေးနဲ့ ကျင်ကျင်ပေါ့ ဆရာကြီးရယ်"

"ဟ သူတို့နှစ်ယောက် ချာပြဲနေကြတယ်ဆို၊ ဦးမြစ်တို့ ဒေါ်သေးသေးတို့က သဘောမတူဘူးဆို"

"အဲဒါ ဖေကြံတာပေါ့ ဆရာကြီးရယ်"

"ဘယ်လိုလဲကွ၊ ပြောစမ်းပါဦးကွာ"

"ကျွန်တော် မြင့်သိန်းလေးကို တော်တော်သနားလာတယ် ဆရာကြီး၊ ဒါနဲ့ အကြံအစည် ထုတ်ရတော့တာပေါ့၊ ပထမ ကိုသန်းမောင်နဲ့ တိုင်ပင်တယ်၊ ပူပုံပန်းပေါ့ ဆရာရယ်၊ ကျင်ကျင်မြင်လောက်မဲ့၊ ကျင်ကျင်ကြားလောက်တဲ့ နေရာမှာ ကိုသန်းမောင်က မယ်ဒလင်တီး၊ မြင့်သိန်းလေးက ပူပုံပန်းသီချင်းဆို"

"အို . . . အပျိုရယ် မင်းမိဘတွေ စိတ်တူတာကို ယူမယ်ကြံရော့ သလား"

"အထင်မှားလေတယ်၊ အထင်မှားလေရက်တယ်၊ မိကောင်းဖခင်သား မောင့်မှာတော့ တရားရှိတယ်၊ အို သတိုးဆွေ၊ မောင် ရိုးမြေကျ ပေါင်းပါ့မယ်၊ အကြောင်းက ဖန်လာတယ်"

လသည် မသာတစ်ချက် သာတစ်ချက်နှင့် တိမ်တိုက်ကြားတွင် ပြူထွက်နေသည်။ သန်းမောင်နှင့် မြင့်သိန်းလေးတို့နှစ်ယောက်သည် ကွမ်းသီး ခြံစပ်တွင်ထိုင်ကာ လမင်းကြီးကို ငေးကြည့်နေကြသည်။ သန်းမောင်ကား အိမ်က မိန်းမကို အမှတ်ရလာသည်။ သူ့လက်သည် မယ်ဒလင်ကြိုးပေါ်သို့ အလိုလို ရောက်သွားသည်။

"အို သတိုးဆွေ၊ မောင် ရိုးမြေကျ ပေါင်းပါ့မယ်"

"ဆိုဗျာ ကိုမြင့်သိန်း"

"မဆိုတတ်ဘူး ခင်ဗျ"

"ဆိုတတ်သလို ဆိုဗျာ"

မြင့်သိန်းလေး၏ အက်ကွဲနေသော အသံကွဲကြီးများသည် ကွမ်းသီး ခြံထိပ်ဆီသို့ ပျံတက်သွားသည်။

"အဲဒါနဲ့လဲ မရဘူးခင်ဗျ၊ အဲဒီတော့ ဆရာကြီးနဲ့ ကျောင်းကအပြန် အကြံတစ်ခု ခေါင်းထဲပေါ်လာတာနဲ့ မြင့်သိန်းလေးနဲ့ ဆရာမလေးမြသွေးတို့ ရင်းနှီးနေကြပြီလို့ ဒေါ်ဖွားခက်ကတစ်ဆင့် သတင်းစကားပါးလိုက်တယ်၊ ဒီကြားထဲ မြင့်သိန်းလေးကလဲ ကျောင်းမှာ ကလေးတွေ စာသင်ရေးအတွက်

မမြသွေးနဲ့ တပူးတွဲတွဲ ညှိနှိုင်းညှိနှိုင်းနေကြတာကိုး ခင်ဗျ၊ ကြာတော့ ဘယ်ခံနိုင်တော့မလဲ ဆရာကြီးရယ်၊ ကျင်ကျင်နဲ့ မမြသွေး ရေတွင်းမှာ စောင်ကြတော့တာပေါ့၊ ဒေါ်ဖွားခက်ကြီး မနည်းအုပ်ဆိုင်းပြီး ဖြေရှင်းယူရတယ်၊ အဲဒီမှာ မြင့်သိန်းလေးလဲ အကွက်ပေါ်သွားပြီး ပြန်ဆက်တယ်၊ ကျင်ကျင်က အဖေတို့ အမေတို့ကြောင့်ပါတဲ့၊ အခုတော့ မြင့်သိန်းလေးကလွဲရင် ဘယ်သူ့မှမယူနိုင်တော့ပါဘူးတဲ့၊ သူတို့ကို ပေးစားရင် ပေးစား၊ မပေးစားရင် ခိုးရာလိုက်ပြေးတော့မယ်ဆိုတာနဲ့ ဦးမြစ်နဲ့ ဒေါ်သေးသေးလဲ လက်လျှော့ပြီးပေးစားတော့မယ် ဖြစ်တော့တာပဲ ဆရာကြီး"

"အင်း . . . ကောင်းပါလေ့ကွာ၊ သာဓုပါပဲ မောင်မင်းကြီးသားရယ်၊ ဟော့ အဲဒါလဲ တို့စခန်းမှာ ပထမဆုံး မင်္ဂလာဆောင်ပဲကွ၊ မင်းတို့ ဘာလုပ်ကြမလို့ စီစဉ်ထားသလဲ"

"အခုတော့ ဘာမှမစီစဉ်ရသေးဘူး ဆရာကြီး၊ ငွေစုပြီး အသံချဲ့စက်လက်ဖွဲ့လိုက်မလို့ ကျွန်တော်စိတ်ကူးထားတယ်၊ တစ်နေ့လုံး ဗ၀ တဲ့ ဆရာကြီး"

"ကောင်းသားပဲကွ"

× × × × ×

## ၂၄

## စင်ရော်တံတား ကျောက်ဖျာကြီး တွေ့ခြင်း

**စင်ရော်မြို့ အရှေ့ဘက် သုံးမိုင်အကွာတွင် ဆောက်လုပ်နေသော စင်ရော်ချောင်းတံတားနှင့်ပတ်သက်၍ စုံစမ်းကြည့်ရာ ယခုအခါ မြေအောက်၌ ကျောက်ဖျာကြီးတွေ့နေသဖြင့် အခက်အခဲရှိနေသည်ဟု သိရသည်။ ဌာနချုပ်ဆောက်လုပ်ရေး အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုပြီးနောက် အခက်အခဲများဖြေရှင်းရန် နည်းလမ်းများရှာဖွေနေကြသည်ဟုဆိုသည်။ ယခုအထိ တံတားအတွက် ကုန်ကျစရိတ်မှာ ၅ သိန်းကျော်နေပြီဟု သိရသည်။ အကယ်၍ လုပ်ငန်းရပ်ဆိုင်းလိုက်ရမည်ဆိုလျှင် ပြည်သူ့ငွေ ၅ သိန်း ဆုံးရှုံးဖွယ်ရာရှိသည်။**

"ဘယ်က သတင်းထောက်လဲကွ"

သောင်းဒန်သည် ကြေးမုံသတင်းစာ မျက်နှာဖုံးသတင်းကို ဖတ်ကာ ဒေါသဖြစ်နေသည်။

"ဒါသက်သက်ကလိတာပဲ လှမင်း၊ စင်ရော်သတင်းထောက်တွေကို

ကျောက်တွေ့တဲ့သတင်းမရေးဖို့ ငါပိတ်ထားတယ်၊ နလကနဲ့ ပါတီက မရေးစေရပါဘူးလို့ တာဝန်ခံတယ်”

“သတင်းထောက်ဆိုတာ ဒီလိုပဲ ပုံကြီးချဲ့တတ်တာပဲဗျာ”

“ဟာ . . . ဘယ်ဟုတ်မလဲကွ၊ ရေးပုံရေးနည်း ဖော်ပြပုံဖော်ပြနည်း ရှိသေးတယ်၊ စေတနာကို သိရတာပေါ့ကွာ၊ တကယ်ဆိုရင် တံတားဆောက်လုပ်ရေးသတင်းရေးချင်ရင် တို့ဆီလာပြီး စုံစမ်းပါလားကွ၊ မေးမြန်းပြီး ရေးသင့်တာ၊ မရေးသင့်တာ တို့ပြောမှာပေါ့၊ အခုတော့ လေဖမ်းဒန်းစီးတာပဲကွ”

ထိုအချိန်တွင် ရေလယ်တိုင် သုံးလုံးအတွက် မြေစမ်းနေပြီ။ မြင့်မြင့်သန်းတို့ သားအမိတစ်တွေ ပြန်သွားပြီးနောက် သောင်းဒန်သည် ကင်းထိပ်တဲကလေးသို့ ဆင်းအိပ်သည်။ တိုင်နံပါတ် (၁) အောက်တိုင်သည် မြေကြီးထဲသို့ ၁၀ ပေခန့် ဝင်သွားပြီဖြစ်သည်။ တစ်နေ့ သုံးဆိုင်းခွဲကာ နေ့ရောညပါ ကွန်ကရစ်လောင်းသည်။ မနက် ၆ နာရီမှ နေ့လယ် ၂ နာရီ တစ်ဆိုင်း၊ နေ့လယ် ၂ နာရီမှ ည ၁၀ နာရီ တစ်ဆိုင်း၊ ည ၁၀ နာရီမှ နောက်တစ်နေ့မနက် ၆ နာရီ တစ်ဆိုင်း ပေါင်း သုံးဆိုင်းခွဲလိုက်သည်။ ဒေးဗစ်၊ လှမင်း၊ ခင်မောင်စိန်တို့က ခေါင်းဆောင်ကြီးကြပ်သူများဖြစ်သည်။ တိုင် စလောင်းပြီးနောက် နှစ်ရက်ရှိလျှင် စိမ့်မြိုင်မှ တိုင်းအင်ဂျင်နီယာ ဦးရွှေသိန်းလာ၍ ကြည့်သည်။ ကျေနပ်စရာကောင်းသည်ဟု မှတ်ချက်ချသွားသည်။

မြောက်ဘက် ဘဲတောင်တိုင် ရိုက်သည်ကို စောသာအေး၊ အောင်ကြီးတို့နှင့် လွှဲထားသည်။ ဘဲတောင်တိုင် အားလုံး ရိုက်ပြီးနေပြီ။ ထိပ်အုပ်လောင်းရန် ကျောက်တိုင်ထိပ်များကို ဖွဲ့နေကြသည်။ သံချောင်းများ ငေါထွက်နေကြပြီ။ ဘေးပတ်ပတ်လည်တူးကာ ထိပ်အုပ်လောင်းရန်သာ ကျန်တော့သည်။ ထို့ကြောင့် စောသာအေးနှင့် ခင်မောင်စိန်ကို လူချင်းလဲလိုက်သည်။ သည်အတိုင်းဆိုလျှင် နောက်ထပ် အင်ဂျင်နီယာ(စ)တစ်ယောက်ပင် လိုသေးသည်။ လုပ်ငန်းသည် တွင်ကျယ်လာပြီ။ သောင်းဒန်ကား အိမ်သို့ပင် ပြန်၍မအိပ်တော့။ တိုင်နံပါတ် (၁)မှာ အရေးကြီးသည်။ မြေအောက် ပေ ၂၀ ၌ ကျောက်

ရှိသည်ဟု မြေစမ်းအဖွဲ့က တွေ့ထားသည်။

"ငါ စင်ရော်သွားပြီး စုံစမ်းအုံးမယ်ကွာ"

"အသာနေလိုက်ပါ ဦးသောင်းဒန်ရယ်၊ သိတော့ ဘာထူးမှာလဲ"

"မဟုတ်ဘူးကွာ၊ နည်းနည်းဆင်ဆင်ခြင်ခြင်ရေးဖို့ ကောင်းတယ်၊ မေးပြီးမှ ရေးဖို့ကောင်းတယ်၊ တို့မှာ တာဝန်ကြီးတယ်ကွ၊ ဌာနချုပ်က ဘယ်လို ထင်မလဲ၊ တို့ပေးတဲ့သတင်းလို့ထင်ရင် မခက်ပေဘူးလား"

ဟုတ်သည်။ ဘာရည်ရွယ်ချက်နှင့်ပေးသလဲ၊ ဆက်မလုပ်ချင်တော့၍ လား၊ သက်သက် ဌာနချုပ်ကို ကလိခိုင်းတာလား၊ ဤမေးခွန်းများ ပေါ်လာ နိုင်သည်။

သောင်းဒန် တစ်ခုသတိရသဖြင့် အောင်ကြီးနှင့် နေ့စားအလုပ်သမား ထွန်းရှိန်ကို အခေါ်ခိုင်းလိုက်သည်။ ထွန်းရှိန်သည် အောင်ကြီးအဖွဲ့တွင် ကျောက်တိုင် ရိုက်ရာ၌ လုပ်နေသည်။ စင်ရော်သတင်းထောက်တစ်ယောက် နှင့် ခင်မင်သိကျွမ်းသည်ဟု သိရသည်။ ထွန်းရှိန်ကို စနည်းနာခိုင်းမည်။ သူ့ စိတ်ထဲတွင် ထိုသတင်းရေးသည့် သတင်းထောက်ကို တွေ့ချင်နေသည်။

အောင်ကြီး ရောက်လာသည်။ ထွန်းရှိန်မပါလာ။

"ဘယ်မလဲကွ မင်းဆီက ထွန်းရှိန်"

သောင်းဒန်က ခေါ်သည့် အကြောင်းကို ရှင်းပြသည်။

"မရှိတော့ဘူး ဆရာ၊ မနက်ကပဲ ရန်ကုန်ပြန်သွားပြီ"

"ဟုတ်လား၊ ဘာလို့ပြန်သွားတာလဲကွ၊ ငါလဲ မသိပါလား"

နေ့စားဖြစ်သဖြင့် အောင်ကြီးက အရေးမကြီး၊ နောက်မှပြောမည်ဟု အသိမပေးဘဲနေခြင်းဖြစ်သည်။ ထွန်းရှိန်သည် ကျွမ်းကျင်သော အလုပ် သမားမဟုတ်။ သို့သော် ယခု အတန်အသင့် တတ်ကျွမ်းလာပြီဖြစ်သည်။

"ဆရာကြီး အလုပ်များနေလို့ နောက်မှပြောမလို့ ဆရာ၊ အမှုက ရှုပ်တယ် ဆရာကြီး၊ ဒါပေမဲ့ ဒီကောင်ပြန်လာမှာပါ"

ထွန်းရှိန်တွင် မိန်းမနှင့် သမီးကလေးတစ်ယောက်ပါလာသည်။ သူ့ မိန်းမ ငြိမ်းရင်သည် သမီးအပျိုဖြစ်ခါနီးမှ အလှအပပြင်လာသည်။ ပါတိတ်

မိန်းမ ငြိမ်းရင်သည် သမီးအပျိုဖြစ်ခါနီးမှ အလှအပပြင်လာသည်။ ပါတိတ်လှိုင်းကြီးတို့ကို နေ့တိုင်းလိုလို ဝတ်လာသည်။ တစ်နေ့တွင် လက်သမားအောင်မြင့်အား အလုပ်အပြန်တွင် သူ့အိမ်ခန်းထဲ၌ စာဖတ်နေသည်ကိုတွေ့ရသည်။ ထိုအခါမှစ၍ သူ့မိန်းမကို အောင်မြင့်နှင့် မသင်္ကာဖြစ်လာသည်။ ငြိမ်းရင်ကလည်း အနေအထိုင်မဆင်ခြင်။ စင်ရော်သို့ အောင်မြင့်နှင့်တစ်ခေါက်လိုက်သွားသည်။ ထွန်းရှိန် အရက်မူးကာ ငြိမ်းရင်ကို ရိုက်သည်။ အကြောင်းပြသည်မှာ ထမင်းမနပ်ဟူ၍ ဖြစ်သည်။ သူ့အထုပ်ကိုလည်း မဖြေရဲ။ သို့ရာတွင် တစ်စခန်းလုံးက ရိပ်မိနေကြသည်ဟူ၍လည်း ထွန်းရှိန်ထင်နေသည်။ ထို့ကြောင့် ရှက်သည်။

"ဒီဘက်ခန်းက ရိုက်နေတာကို ဟိုဘက်က အတိုင်းသားကြားရတာဆရာရဲ့၊ သူ့တစ်ခန်းကျော်မှာ အောင်မြင့်အဒေါ်ရှိနေတယ်၊ အောင်မြင့်ကအဒေါ်ဆီ လာလာပြီး စားသောက်၊ စကားစမြည်ပြောရင်းက တွေ့သွားကြတာနဲ့ တူတယ်၊ ဒါပေမဲ့ ဘယ်သူမှ အသေအချာ မစွပ်စွဲရဲကြဘူး၊ လက်ပူးလက်ကြပ်လဲ မိတာမဟုတ်ဘူး"

"စင်ရော်လိုက်သွားတယ် ဆိုတာကကောကွာ"

"ဒါက အောင်မြင့်တင် မဟုတ်ဘူး၊ တခြားမိန်းမဖော်တွေလဲ ပါတာပဲ၊ ဘယ်မှလဲ မသွားကြဘူး၊ ဈေးဝယ်ပြီး အဖော်တွေနဲ့ အတူပြန်လာကြတာပဲ၊ ဒါပေမဲ့ ငြိမ်းရင် လှုပ်တုတ်တုတ်ဖြစ်တာတော့ အမှန်ပဲ၊ သိပ်အလှပြင်လွန်းအားကြီးတယ် ဆရာကြီး၊ သူဝတ်ပုံစားပုံနဲ့ ထွန်းရှိန် ဖင်ခံရမှာပဲ ဆရာကြီး"

"မင်းတို့ကောင်တွေ သိပ်ရှုပ်တာပဲကွာ၊ မဖြစ်ဘူး၊ မင်းတို့ လူပျိုလိုင်းကိုချောင်းဟိုဘက် မြောက်ဘက်ကမ်း ပြောင်းပစ်မှဖြစ်မယ်၊ ကြာရင် ငါရှုံးလိမ့်မယ်၊ ထွန်းရှိန်ဆိုချင်တာက သူ့မိန်းမ နောက်မီးလင်းတယ်ပေါ့"

"ဒီလိုလဲ အတိအလင်း မစွပ်စွဲရဲဘူး ဆရာကြီး"

"နောက်မီးလင်းတဲ့ကောင်နဲ့၊ မူးပြီး ဆဲတဲ့ကောင်နဲ့၊ ရန်ဖြစ်တဲ့ကောင်နဲ့၊ ဒီအထဲ အုန်းသီးခိုးတဲ့ကောင်က ရှိသေးတယ်၊ အံ့ပါကွာ၊ ငါဖြင့် လေးငါးဆယ်လုံး ခိုးတယ်မှတ်နေတယ်၊ ဘယ်ဟုတ်မလဲကွ၊ မင်းကောင်တွေ အလုံး

မဟုတ်လို့ ခြံရှင်တွေ မရိပ်မိတာပေါ့ကွ၊ သူတို့ကတော့ လေးငါးဆယ်လုံး ထင်နေမှာပဲ၊ တစ်နေ့ကလဲ အလုပ်ရုံက သန်းဆောင်နဲ့ ဒိုးကြီး အရက်မူးလို့ မော်တော်ထဲက ထမ်းတင်ရဆိုပဲ၊ အေး . . . ဒါတွေထဲ နောက်မီးလင်းတာ အဆိုးဆုံးကွ၊ သူတို့လို ဆင်းရဲသားအတန်းအစားက နောက်မီးလင်းတော့ ဖာ ဖြစ်ဖို့ လွယ်သွားတယ်ကွ၊ အထက်တန်းစားတွေလဲ နောက်မီးလင်းတာပဲ၊ ဒါပေမဲ့ သူတို့ကျတော့ အထက်တန်းစား ဖာဖြစ်လို့ ခံသာသေးတယ်ပေါ့ကွာ”

“အခုဟာက မလင်းသေးဘူး ဆရာကြီး၊ ထွန်းရှိန်က ထင်နေတာ”

“စောစောက မင်းပြောတော့ အောင်မြင့်နဲ့ လင်းနေတယ်ဆို၊ ရှုပ် တယ်ကွာ၊ လူပျိုလိုင်း မြောက်ဘက်ကမ်းမှာ မြန်မြန်ဆောက်၊ နှစ်ဆောင် ဆောက်၊ ကွမ်းသီးခြံထိပ်မှာ ငါလျာထားထားတယ်၊ မင်းလက်သမားတွေကို တို့ဘက်က အလုပ်တွေ ရပ်ထား၊ တိုင် ၁ က လက်သမားတွေတော့ မဆွဲနဲ့”

သောင်းဒန်ခေါင်းထဲတွင် ကျောက်ဖျာသတင်းပင် ပျောက်သွားလေ သည်။

သောင်းဒန်သည် မြေစမ်းအဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်ကို တွေ့၍ အခြေအနေ ထပ်မံစုံစမ်းသည်။ သတင်းစာပါ ကိစ္စသည် အေးမည်မဟုတ်။ ဌာနချုပ်မှ သူတို့ဆီ လှမ်း၍ မေးလိမ့်မည်ဟု မျှော်လင့်နေသည်။

“တိုင် ၂၊ ၃၊ ၄ ဘယ်လိုလဲ ဦးဝင်းနိုင်”

“၃ ကိုတော့ စမ်းလို့မပြီးသေးဘူး၊ မြောက်ဘက်ကမ်းနဲ့ ကပ်နေတဲ့ ၄ ကိုတော့ စမ်းပြီးပြီ၊ ဘာမှမရှိဘူးပြောတယ်၊ အခု ကျွန်တော်ထွက်လာ တော့ ၂ နေရာမှာ ကျောက်ဖျာကြီး တွေ့နေတယ်၊ ပေ ၃၀ လောက်မှာ တွေ့ ရတယ်၊ အပျဉ်ကြီးပဲ”

“ဦးဝင်းနိုင် သဘောက ဘယ်လိုလဲ”

“ကျွန်တော့်သဘောလား၊ ကျွန်တော့်သဘောကတော့ ဒီနေရာက ရွှေ့ရမယ်ဆိုရင် ရွှေ့စေချင်တာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ချည်း မပိုင်ဘူး ဦးသောင်းဒန်၊ ဘူမိအင်ဂျင်နီယာတွေနဲ့ တိုင်ပင်ရင်ကောင်းမယ်၊ ဓာတ်သတ္တု က လူတွေမှာ ပိုပြီးပစ္စည်းလဲ စုံတယ်၊ ဘူမိအင်ဂျင်နီယာက သူတို့ဆီမှာ

ရှိတယ်”

“နေစမ်းပါအုံး ဦးဝင်းနိုင်၊ ဌာနချုပ်မှာရှိနေတဲ့ ကျွန်တော်တို့သုတေသနက ဘာလုပ်နေသလဲ၊ ကျွန်တော်မသိလို့ မေးတာပါ”

ဦးဝင်းနိုင် ပြုံး၍သာနေသည်။ သူမသိလို့ပဲလား၊ ဘာမှမပြောချင်၍ပဲလား။ ထို့ကြောင့် သောင်းဒန် ထိုစကားကို မဆက်တော့။

“လှမင်းရေ၊ ငါတော့ အခု ဦးဝင်းနိုင်ပြောတဲ့အတိုင်းဆိုရင် ဒီနေရာကို စွန့်တောင် စွန့်လိုက်ချင်ပြီ၊ အခုမှ ကုန်လှရင် သုံးသောင်းကျော် လေးသောင်းပေါ့ကွာ၊ သတင်းစာထဲမှာပါတဲ့ ၅ သိန်းအထိတော့ မကုန်သေးပါဘူး၊ တော်ကြာ တို့ အရှက်ကွဲလိမ့်မယ်၊ တိုင်းပြည်ငွေလဲ ကုန်ရကျိုးနပ်မှာ မဟုတ်ဘူး၊ သိန်း ၃၀ ခန့်မှန်းထားတာ၊ သိန်း ၅၀ လောက်ကုန်မှ ပြီးမဲ့အခြေအနေ ရောက်နေမလားမသိဘူး”

သူတို့ မျှော်လင့်သည့်အတိုင်းပင် ဌာနချုပ်မှ သံကြိုးတစ်စောင်ရောက်လာသည်။ သောင်းဒန်အား ရန်ကုန်သို့အမြန်လာခဲ့ရန် ခေါ်ခြင်းပင်ဖြစ်လေသည်။

ရန်ကုန်ရောက်သည့်အခါ သတင်းစာပါ ကိစ္စကိုမေးသည်။ ဦးဝင်းနိုင်ထံမှ သိရသည့်အတိုင်းတင်ပြသည်။ ထို့နောက် မပွင့်တပွင့် သူ့သဘောထား။ တံတားနေရာ ပြောင်းရွှေ့ရေး သဘောထား။

“ခင်ဗျား အင်ဂျင်နီယာ မဟုတ်ဘူးလား ဦးသောင်းဒန်၊ နေရာရွှေ့ဖို့ မဖြစ်နိုင်ဘူး”

သက်ဆိုင်ရာမှ ဤအဖြေသာရခဲ့သည်။ သောင်းဒန်၏ စိတ်ထင်တွင် သတင်းစာပါ သတင်းကြောင့် ဤနေရာ၌ စင်ရော်တံတား ဖြစ်မြောက်ရေးသည် ပို၍ပင် ခိုင်မာလာသည်ဟု ထင်သည်။ မြင့်မြင့်သန်းနှင့် ဖင်ပူအောင် စကားမပြောခဲ့ရ။ သူ ခေါင်းရှုပ်နေသည်။ တိုင် ၁ ကွန်ကရစ်လောင်းနေသည်ကိုလည်း စိတ်မဖြောင့်။ ထို့ကြောင့် စင်ရော်သို့ အမြန်ပြန်လာခဲ့သည်။

သောင်းဒန်စခန်းသို့ ရောက်သည့်ညတွင် အင်ဂျင်နီယာလိုင်း၌ ကျော်မကောင်း ကြားမကောင်း ကိစ္စတစ်ခု ဖြစ်လေသည်။ ယင်းမှာ နော်မူအေး

ရေနံဆီသောက်ခြင်းပင် ဖြစ်လေသည်။

"အင်း . . . ဒါလဲ တစ်မျိုးတော့ကောင်းတာပဲ၊ ရေနံဆီသောက်တာနဲ့တော့ မသေနိုင်ပါဘူး ထင်ပါရဲ့၊ ဒါမှ ဒီကောင်မလေးနဲ့ ခင်မောင်စိန် နီးစပ်ဖို့ လမ်းစပေါ်တော့မှာပဲ၊ ဒီကောင်မလေး ရေနံဆီကို သွားစေ့သောက် သလား မသိတာ"

"အခုတော့ သက်သာသွားပါပြီ ဆရာကြီး၊ သိပ်မဝင်ဘူးနဲ့ တူတယ်၊ အိပ်ရာပေါ်မှာ မှိန်းနေတယ်၊ ကောင်မလေးက တော်တော်ဒေါသကြီးတယ် ဆရာကြီး၊ တက်တော့ ချက်တော့မလိုတောင် ဖြစ်သွားတယ်"

လှမင်းနှင့် ခင်ခင်တို့ ရောက်လာကာ သတင်းပေးသည်။

"ဟဲ့ . . . ခင်ခင်၊ နင် သွားနေမှပေါ့၊ အနားမှာ ဘယ်သူရှိနေသလဲ၊ ဆရာ ဦးသောင်းထွန်းကော ရှိတယ်မဟုတ်လား"

"ဆရာ ဦးသောင်းထွန်းမိန်းမ ရှိတယ် ဦးသောင်းဒန်၊ ကျွန်မကို ရှက်နေမှာစိုးလို့ ပြန်လာခဲ့တာ၊ အခု မှိန်းနေတယ်"

"ဟိုကောင်ကော"

"ခင်မောင်စိန်လား၊ အတင်းတွန်းထိုးပြီး လွှတ်လိုက်ရတာပေါ့၊ သူ့နာမည်ကို တစ်ခေါ်တည်း ခေါ်နေတာ၊ ခင်မောင်စိန် အခန်းထဲဝင်သွားပြီး ချော့တာပဲ ခင်ဗျ"

"အေး . . . ကောင်းတယ်၊ ပြန်ပေါင်းထုပ်ကြတော့မှာပေါ့ကွာ၊ ကဲ . . . ခင်ခင်၊ သွားကြည့်ချေစမ်း"

ခင်ခင့်ကို လွှတ်လိုက်သည်။

"မင်း မိန်းမရှေ့ ငါမပြောချင်လို့ကွ၊ နော်မူအေးကို နည်းပေးလိုက်တာ ငါပဲ၊ ဒီလို ရေနံဆီသောက်ဖို့ ဓာတ်ဆီသောက်ဖို့ အထိတော့ မဟုတ်ဘူးပေါ့ ကွာ၊ ဒီအတိုင်းကြည့်နေလို့တော့မဖြစ်ဘူးလို့ ငါသဘောရတယ်၊ ကောင်မ လေးကိုတွေ့ရတိုင်း ငါစိတ်မချမ်းသာဘူး၊ ဒါ ရည်းစားဦးကွ၊ ဒီတော့ သိပ် ခံရတယ်၊ ဒါနဲ့ သူ့အစ်မ နော်ဖောလာကိုခေါ်ပြီး နင့်ညီမ မိန်းမမဟုတ်ဘူး လား၊ မိန်းမဆိုတာ ပရိယာယ်မာယာတွေ တတ်မှပေါ့၊ နေမကောင်းချင်

ယောင်ဆောင်၊ ဆေးရုံတက်၊ ဒါမျိုးတွေ လုပ်မှပေါ့၊ နင်တို့မိန်းမချင်း သင်ပေးပေါ့လို့ ပြောလိုက်တယ်၊ နော်ဖောလာက ကျွန်မတို့ ဒါမျိုးမလုပ်တတ်ဘူး ဆရာကြီးတဲ့၊ အမိုးကတော့ ကျွန်မကို အပြစ်တင်တော့မှာပဲ၊ ကျွန်မ သိပ်စိတ်ညစ်တယ် ဆရာကြီး၊ အခု သူ့အခြေအနေက သိပ်မဟန်ဘူးလို့ ပြောတယ်"

"ဒီလောက်ဆိုရင် ငါသဘောပေါက်သွားပြီ၊ အေး . . . ဒီတော့ နင်တို့မပေါ့ကြနဲ့လို့ ငါပြောလိုက်တယ်၊ ကောင်မလေးကြည့်ရတာ ကိုယ်လေးလက်ဝန်ရှိနေပုံ ဟန် တူပါရဲ့ကွာ၊ ဒါ ငါထင်တာပဲလေ၊ သူ့အစ်မက သူ့အခြေအနေ သိပ်မဟန်ဘူးဆိုတာ ဒါကို ရည်ရွယ်ပြောတာနေမှာပဲ"

ခင်မောင်စိန်ကို အတင်းအကျပ်လုပ်ရတော့မည်ဟု သောင်းဒန်နားလည်ခဲ့သည်။ သို့သော်လည်း ခင်မောင်စိန်နှင့် နော်မူအေးတို့ကိစ္စကို စိတ်မဝင်စားအား။ နံပါတ်(၁)တိုင်ကြီး ချောမောစွာ မြေပေါ်တက်လာရေး၊ မြောက်ဘက်ဘဲတောင် မိုးသို့ မားမားမြင့်တက်ရေးတို့သာလျှင် သူ့အဖို့ အရေးအကြီးဆုံး ဖြစ်နေသည်။

"တစ်နေ့နေ့တော့ ခင်မောင်စိန်နဲ့တွေ့ပြီး မေးမြန်းမယ် စိတ်ကူးတယ်၊ ဒါဟာ ဖိုမကိစ္စမှာ လူကြီးလုပ်တဲ့လူထဲက ပထမဆုံးကိစ္စဆိုတာ ဟုတ်တယ်၊ လမ်းမှန်အောင် တည့်မတ်ပေးရမယ်လို့ ငါနားလည်တယ်၊ ဒါပေမဲ့ တကယ်ပြောကြစို့ဆိုတော့ တို့ ဘယ်လိုအကျပ်ကိုင်နိုင်မှာလဲ၊ ခင်မောင်စိန်က သူမကြိုက်ပါဘူး၊ ကျူးကျူးလွန်လွန် မဖြစ်ပါဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ နော်မူအေးကိုလဲ ဆရာဝန်နဲ့ စစ်ဆေးလို့ ဖြစ်တာမဟုတ်ဘူး၊ ဒီအထိ အရှည်ကြီးသွားနေရမဲ့အလုပ် ငါမလုပ်ချင်ဘူး၊ ဒီကြားထဲ စောသာအေးပါ အဆစ်ပါနေတယ်၊ စိတ်ရှုပ်နေရတယ်၊ စောသာအေး စိတ်ရှုပ်ရင် တို့လုပ်ငန်း မတွင်ကျယ်တော့ဘူး၊ ဒါနဲ့ ငါလဲ စောင့်ကြည့်နေတာပဲ၊ အခုတော့ ဟန်ကျသွားပြီကွ၊ အခု ချက်ပဲ၊ မနက်ဖြန် ခင်မောင်စိန်ကို ငါ ခေါ်တွေ့မယ်"

"မနက်ဖြန် စောင့်မနေပါနဲ့ ဆရာကြီးရာ၊ ဒီညပဲ ခေါ်တွေ့လိုက်ပါ၊ ဒါမှ ပူပူနွေးနွေးဆိုတော့ ပြောလို့ကောင်းတာပေါ့"ဟု လှမင်းက အတင်း

တိုက်တွန်းသည်။

"အေးလေကွာ၊ ဒါဖြင့်လဲ တော်တော်လေးကြာတော့ သွားခေါ်ချေပေ့၊ ဒေးဗစ်နဲ့ အောင်ကြီးလဲခေါ်ခဲ့၊ အားလုံး မျက်နှာစုံညီရှေ့ပြောရတော့ ကောင်းတယ်၊ နေစမ်းပါအုံးကွ၊ အခု ဘယ်လိုကစပြီး ဖြစ်တာလဲ"

"ထမင်းစားပွဲမှာ ညီအစ်မချင်း စကားများကြရာက စတယ်ပြောတာပဲ၊ မစ္စတာဒေးဗစ်မိန်းမ သူ့အခန်းဘက်က အတိုင်းသားကြားနေရတယ်၊ ဘာတွေပြောကြတယ်တော့ မသိဘူး၊ ကရင်လိုပြောနေကြတာတဲ့၊ တစ်ယောက်တစ်ခွန်း အပြန်အလှန်ပဲတဲ့၊ နောက် နော်မူအေးငိုသံကြားရပြီး ဘာမှမကြာဘူး၊ သူ့အစ်မက သူ့ကို လှမ်းခေါ်တာပဲ၊ နော်မူအေး ရေနံဆီသောက်လို့တဲ့"ဟုပြောပြီး လှမင်း ထွက်သွားသည်။

ခဏကြာလျှင် သောင်းဒန်အိမ်သို့ ဒေးဗစ်နှင့် အောင်ကြီးရောက်လာကြသည်။

"လာပြီလားကွ"

"ကိုလှမင်းနဲ့ နောက်ကလာနေပြီ ဆရာကြီး"

ခင်မောင်စိန်သည် ခေါင်းငိုက်စိုက်ချကာ သောင်းဒန်အိမ်ပေါ်သို့ တက်လာသည်။ သူ့နောက်မှ လှမင်းလိုက်လာသည်။ လှမင်းသည် အိမ်သို့ဝင်ကာ ကွမ်းတစ်ယာ ထပ်၍စားနေသေးသည်။

"ဘယ်လိုစိတ်ကူးလဲ ခင်မောင်စိန်၊ ကောင်မလေးဖိုက်ကြီးနေပြီတဲ့၊ မင်းတို့ဟာ ဖြစ်လိုက်ကြတာ လွန်လွန်ကျွံကျွံကိုးကွ"

သောင်းဒန် ခပ်တည်တည် ပြောလိုက်သည်။ နော်မူအေး ဗိုက်ကြီးနေပြီဆိုသည့်စကားသည် မုသားစကားလည်း ဖြစ်နိုင်သည်။ မုသားမပါ လင်္ကာမချောဆိုသည် မဟုတ်လား။

အားလုံး ငြိမ်နေကြသည်။

"တို့တော့ စိတ်အရှုပ်မခံနိုင်ဘူး ခင်မောင်စိန်၊ မင်းလဲ လူကြီးတစ်ယောက်ပဲ၊ နောင်ဆိုရင် တို့လိုပဲ အလုပ်သမားတွေကိုအုပ်ချုပ်ပြီး လုပ်ငန်းကြီးတွေကို ဆောက်ရမယ်၊ အဲဒီအခါကျတော့ မင်းတို့ခေါင်းဆောင်ဖြစ်လာ

မယ်၊ တို့လိုပဲ စိတ်ရှုပ်စရာတွေ တွေ့ရမယ်၊ ဒီတော့ အခု မင်း ငါ့နေရာကို ဝင်ကြည့်၊ အဲဒီအခါ မင်းဘယ်လို အဆုံးအဖြတ်ပေးမလဲ၊ နော်မူအေးဆိုတာ တခြားလူ မဟုတ်ဘူး၊ မင်းတို့ ငါတို့နဲ့အတူ ဒီတံတားဖြစ်မြောက်အောင် ဆောက်လုပ်တဲ့ စောသာအေးရဲ့ ခယ်မ၊ တို့ရဲဘော်တွေရဲ့ ကျန်းမာရေးကို နေ့ရောညပါ တာဝန်ယူဂရုစိုက်ရတဲ့ နော်ဖောလာရဲ့ ညီမ၊ မင်းဘယ်လို စိတ်ကူးသလဲ ခင်မောင်စိန်”

ခင်မောင်စိန် ခေါင်းငုံ့ကာ နှုတ်ဆိတ်နေသည်။

“အေးမောင်ကို မင်းသိသလား၊ တို့စက်ကြီးမောင်း အေးမောင်ကွာ၊ သိန်းတင်နေရာ နောက်ရောက်လာတဲ့ကောင်၊ သူ့မှာ မယားကြီးနဲ့ ဒါပေမဲ့ သောင်ဦးရောက်တော့ အစန်းဆိုတဲ့ ကောင်မလေးနဲ့ ကိုယ်ထိလက်ရောက် ဖြစ်လာခဲ့တယ်၊ သူပစ်မထားခဲ့ဘူး၊ အစန်းကို ယူလာတယ်၊ အခု နှစ်ယောက် စလုံး ပေါင်းနေတယ်၊ အေးမောင် ဘယ်လောက်ယောက်ျား ပီသသလဲ၊ ယောက်ျားကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စာအတိုင်း ကျင့်တဲ့ကောင်၊ သူ ကျူးလွန်ခဲ့တာကို ပစ်မထားခဲ့ဘူး၊ တာဝန်ယူတယ်၊ မင်းနဲ့ အေးမောင် ဘယ်သူက ပညာအဆင့်အတန်းမြင့်သလဲ၊ မင်းက ဂျီတီအိုင်ကျောင်းဆင်း၊ ဒီတော့ ယောက်ျားပီသပါကွာ”

“ကျွန်တော် နော်မူအေးကို ယူပါတော့မယ် ဆရာကြီး” မပွင့်တပွင့် အသံကို ခင်မောင်စိန်ထံမှ ကြားလိုက်ရသည်။

ဒေးဗစ်၊ အောင်ကြီး၊ လှမင်းတို့၏ မျက်နှာများသည် ဝင်းထိန်လာကြသည်။

“ဒါဖြင့် နေ့ကောင်းရက်သာ ရွေးပြီးတော့ လက်ထပ်ဖို့လုပ်ကြ၊ နော်မူအေးက ခရစ်ယာန်၊ ဒီတော့ သူတို့ထုံးတမ်းအစဉ်အလာအတိုင်းပဲ လက်ထပ်မလား၊ ဒါတွေတော့ မင်းတို့ဘာသာ စောသာအေးနဲ့ ဆွေးနွေးကြပေါ့၊ သူတို့ ကျေနပ်အောင်လုပ်ဖို့ မင်းတာဝန်ပဲ”

“ဟုတ်ကဲ့ ခင်ဗျ”

သောင်းဒန်စိတ်ထဲတွင် ပေါ့ပါးသွားသည်။ တစ်ကိစ္စတော့ အေးသွား

ပြီ။ ခရစ်ယာန်ထုံးတမ်းအစဉ်အလာအတိုင်း လက်ထပ်ဖို့စီစဉ်ကြဟုပြော လိုက်သော်လည်း စောသာအေးအား တွေ့သည့်အခါ “ရုံးတက်လက်ထပ်ဖို့သာ စီစဉ်ပါကွာ၊ တခြားဘာဘာညာညာ လုပ်မနေပါနဲ့၊ ပြီးတော့ ခင်မောင်စိန်က ဗုဒ္ဓဘာသာဆိုတော့ တို့ဗုဒ္ဓဘာသာ လက်ထပ်ရေးဥပဒေကလဲ ပျော့ပျောင်း ပါတယ်၊ အရေးကြီးတာက၊ ခုနေ အမိဆွဲထားလိုက်ဖို့ပဲကွ၊ အဲဒါကို မင်း မိန်းမကတစ်ဆင့် ကောင်မလေးကို နားလည်အောင်ပြော”ဟု ကျိတ်၍မှာရ သည်။

သို့နှင့် နေ့ကောင်းရက်သာ တစ်နေ့တွင် သောင်းဒန် ခေါင်းဆောင်ကာ စောသာအေးလင်မယား၊ လှမင်း၊ အောင်ကြီး၊ သန်းမောင်တို့နှင့်အတူ ခင်မောင်စိန်နှင့် နော်မူအေးတို့ စင်ရော်မြို့အုပ်ရုံးသို့သွားကာ လက်မှတ်ထိုး၍ လက်ထပ်လိုက်ကြလေသည်။ သူတို့ အကြင်လင်မယားဖြစ်သွားကြပြီ။ ခင်မောင်စိန်သည် သံပရာအိုင်သား၊ နော်မူအေးသည် ဟသ်ာတသူ။ သူတို့ နှစ်ယောက်သည် စင်ရော်ချောင်းနံဘေး၌ လာ၍ဆုံစည်းကြရသည်။ မေတ္တာ ဟူသည် အလျားအနံမရှိပါတကား။ သည်လိုနှင့် တွေ့ကြ၊ ဆုံကြသည်၊ ချစ်ကြ၊ ကြိုက်ကြသည်။ ပေါင်းကြ၊ သင်းကြသည်။ သံသရာကြီးတစ်ခု စလေပြီ။

ခင်မောင်စိန်နှင့် နော်မူအေးတို့ အိုးသစ်အိမ်သစ် ထူထောင်ကြပြီး နောက်နှစ်ရက်ခန့်အကြာတွင် လက်သမား ကိုရန်ဝေးမိန်းမ မမြတင် သွေးတိုး သဖြင့် စင်ရော်ဆေးရုံသို့ပို့ရန် ကျန်းမာရေးမှူးက ညွှန်ကြားသည်။ မနက် ၇ နာရီသာသာခန့်တွင် ပို့လိုက်သည်။ ၁၁ နာရီတွင် မမြတင် သေဆုံးသွား သည်။ ပေါင်းကြ သင်းကြသည်။ ကွေကွင်းကြပြီ။ ယခုကား သံသရာကြီး တစ်ခု ဆုံးလေပြီ။

တစ်စခန်းလုံးလိုလို ကိုရန်ဝေး၏ဇနီး မမြတင်၏အသုဘကို လိုက်၍ ပို့ကြသည်။ မမြတင်ကို စင်ရော်သုသာန်တွင် မြှုပ်နှံလိုက်သည်။

တစ်နေ့ကပင် သောင်းဒန်မျက်စိရှေ့၌ နော်မူအေးတစ်ယောက်၏ အပြုံးကို တွေ့ခဲ့ရသည်။ ထိုအပြုံးသည် မြင်ရသူအပေါင်း ဘဝင်ချမ်းမြေ့စရာ

အပြုံးဖြစ်သည်။ ယခုကား ကိုရန်ဝေး၏ မျက်ရည်စကို သောင်းဒန် ဆို့နင့်စွာ မြင်တွေ့ရသည်။

အပြုံးနှင့် မျက်ရည်သည် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ပြုံးသူသည် တစ်နေ့တွင် ငိုရမည်။ ငိုသူသည် ရယ်ခွင့်နှင့် ကြုံရမည်။ လောကဓံတရားသည် ဘယ်သူ့ကိုမှ ချမ်းသာမပေး။

မသာပို့ ပြန်အလာတွင် ဘယ်သူမှ စိတ်မကောင်းကြသဖြင့် စကားပင် ကောင်းကောင်းမပြောနိုင်ကြ။ စခန်းနားနီးလာမှ လှုပ်လှုပ်ရှရှ ဖြစ်လာကြကာ လုပ်ငန်းကို အမှတ်ရလာကြသည်။

"ဒီညတော့ အစည်းအဝေးခေါ်အုံးမှပါကွာ၊ အောင်ကြီး စီစဉ်ပေ့၊ ငါလဲ သူတို့နဲ့ မတွေ့ရတာကြာပြီ၊ လုပ်ငန်းအကြောင်း ပြန်ပြီးသုံးသပ်ရမယ်၊ ပြီးတော့ ဆိုင်အခြေအနေ ရှင်းပြရမယ်၊ ကျန်တာကတော့ လူမှုကိစ္စပဲ"

ထိုညတွင် သောင်းဒန်သည် မာရသွန်မိန့်ခွန်းကြီးတစ်ခုကို ပြောသည်။

"အခု တို့ရောက်တာ ရှစ်လကျော်လို့ ကိုးလထဲရောက်တော့မယ်၊ တစ်နှစ်ပြည့်ဖို့ ဘာမှမလိုတော့ဘူး၊ ဒီရောက်မှ ဝမ်းသာစရာ၊ ဝမ်းနည်းစရာ တွေ စုံပြီ၊ တစ်နေ့ကပဲ မြင့်သိန်းလေးနဲ့ ကျင်ကျင်တို့ လက်ထပ်လိုက်ကြ တယ်၊ အဲဒီနောက် ဦးခင်မောင်စိန်နဲ့ နော်မူအေးတို့ လက်ထပ်တယ်၊ ဝမ်းသာ စရာပဲ၊ ကြာညွှန့်ရဲ့ဇနီး သားကလေးတစ်ယောက် မွေးတယ်၊ မောင်စင်ရော် လို့ ကင်ပွန်းတပ်လိုက်တယ်၊ ဒီဝမ်းသာစရာသတင်းတွေဟာ တို့တံတား ဆောက်လုပ်ရေးနဲ့ ဆက်စပ်နေတယ်၊ ဒီတံတားဟာ မြင့်သိန်းလေး၊ ကျင်ကျင်၊ ဦးခင်မောင်စိန်၊ နော်မူအေးတို့အတွက် မေတ္တာပေါင်းကူးတံတားကြီးလို့ ခေါ်နိုင်တယ်၊ စင်ရော်ဒေသအတွက်လဲ မေတ္တာပေါင်းကူးတံတားကြီးပဲ၊ ဒါပေမဲ့ ဒီမှာ ဝမ်းနည်းစရာကြုံရပြန်တယ်၊ တစ်သက်မှာ နှစ်ခါမသေဘူး၊ တစ်ခါပဲ သေရမယ်ဆိုတဲ့ သေမျိုးတွေဟာ တွေ့ကြုံဆုံကွဲဆိုတဲ့တရားကို မလွန်ဆန်နိုင်ကြဘူး၊ မင်းတို့ ငါတို့လဲ တစ်နေ့ ကွဲကြရမှာပဲ၊ ဘဝဟာ မမြဲ ဘူး၊ ဒီတော့ တွေ့ခိုက်ကြုံခိုက် ချစ်ချစ်ခင်ခင်နဲ့ လုပ်ငန်းပြီးမြောက်အောင်

တစ်ယောက်ကိုတစ်ယောက် ကူညီ၊ တစ်ယောက်အမှားကို တစ်ယောက် သည်းခံပြီး ဆက်လုပ်သွားကြဖို့လိုတယ်”

“လုပ်ငန်းပိုင်းကို ပြန်လည်သုံးသပ်ပြမယ်၊ မင်းတို့ကို ဘာမှထိမ်ချန်ထားစရာ မလိုဘူး၊ အခု ကိုးလပိုင်းရောက်နေပြီ၊ အဲဒီအချိန်မှာ အခက်အခဲစတွေ့ရတယ်၊ သတင်းစာထဲပါတာ မင်းတို့ ဖတ်မိကြမလားမသိဘူး၊ ဒါပေမဲ့ အများတွေ့နေကြတဲ့အတိုင်းပဲ၊ တိုင် ၁ ကို နဂိုနေရာ မဟုတ်ဘဲ တောင်ဘက်ကို ပေ ၃၀ ရွှေ့လိုက်ကြရတယ်၊ ရေအောက်မှာ ကျောက်တွေ့တယ်၊ ကျောက်ဖျာကြီးဆိုတာကတော့ အလွန်အကျွံ ပြောတဲ့စကား၊ ကားတဲ့စကား၊ ဒါပေမဲ့ နေရာရွှေ့လိုက်တော့ တိုင် ၁ ဟာ ချောချောမောမောစိုက်လို့ရနေပြီ၊ တောင်ဘက် ဘဲတောင် လုံးလုံးလျားလျားပြီးပြီ၊ မြောက်ဘက် ဘဲတောင် ထိပ်အုပ်လောင်းနေတယ်၊ မကြာခင်ပြီးမယ်”

“အခု အစပိုင်းပဲရှိသေးတယ်၊ တိုင် ၂၊ ၃၊ ၄ ရေလယ်မှာ စိုက်ရမယ်၊ ခက်မယ်၊ အားစိုက်ရမယ်၊ လူအား စိတ်ဓာတ်အား လိုတယ်၊ စဉ်းစားရမယ်၊ စိတ်ကူးရမယ်၊ ကြံရည်ဖန်ရည်ရှိရမယ်၊ ထိုးထွင်းဉာဏ်သုံးရမယ်၊ ဌာနချုပ်ကတို့ကို တံတားဆောက်ဖို့ပုံစံပဲ ချပေးလိုက်တာပဲ၊ ဒီပုံစံကိုကြည့်ပြီး တွက်ရချက်ရတယ်၊ ပေါင်းရစပ်ရတယ်၊ သဲရယ် ကျောက်စရစ်ရယ် ဘိလပ်မြေရယ် ပေါင်းတာ စပ်တာကအစ တို့အချိုးနဲ့တို့ ဖော်ရစပ်ရတာ၊ တိုင်တွေပြီးရင် အပေါ်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မကြီးတွေ တင်ရမယ်၊ အခု ရက်မတွေ စပြီးလုပ်တော့မယ်၊ သစ်သားပုံစံတွေ လုပ်နေပြီ၊ အဲဒါလဲ အရေးကြီးတဲ့လုပ်ငန်းပဲ၊ အရေးအကြီးဆုံးလုပ်ငန်းလို့ ဆိုနိုင်တယ်၊ အဲဒီမှာ စေ့စပ်သေချာရမယ်၊ နောက်တစ်ခါ ချဉ်းကပ်လမ်းနှစ်ခု ဖောက်ရမယ်၊ အခုအတိုင်းဆိုရင် ချဉ်းကပ်လမ်းမှာလဲ တံတားလေးတွေ ဆောက်ရမယ်၊ စင်ရော်ကအထွက် စံပယ်ချောင်းကိုဖြတ်မဲ့ တံတားတစ်ခု ဆောက်ရမယ်၊ သူ့ကိုလဲ ကြိုတင်အားဖြည့်ကွန်ကရစ်နဲ့ ဆောက်ရမှာပဲ၊ ပေ ၇၀ ပဲ ရှိတယ်၊ ဒါလဲ လက်ဝင်တဲ့ တံတားတစ်ခုပဲ၊ အခုပြောနေတာတွေက ပြောတော့ လွယ်လွယ်ပဲ၊ လုပ်တဲ့အခါကျတော့ ဘာအခက်အခဲတွေ တွေ့လာအုံးမယ်

မသိဘူး၊ အခုပဲ ကျောက်တွေ့လို့ မြေစမ်းအဖွဲ့တစ်ဖွဲ့ ထပ်ရောက်လာရတယ်၊ တစ်ဖွဲ့ထပ်တိုးလာပြီ၊ စက်တွေ ထပ်တိုးလာပြီ၊ တို့မှာ စက်ကို နေရာတိုင်း အသုံးချနိုင်အောင် ကြံစည်ဖန်တီးတတ်တဲ့ စိတ်ကူးရှိရမယ်၊ ဒီစက်တစ်ခုဟာ လုပ်ငန်းတစ်ခုတည်းသုံးဖို့အတွက် ဖြစ်ပေမဲ့ အဲဒီစက်နဲ့ တခြားဘာလုပ်နိုင် သလဲဆိုတာ စဉ်းစားနေရမယ်၊ ဒါမှ လူ့လုပ်အား သက်သာမယ်၊ တို့လုပ်နေ ရတာတွေက ထုကြီးထည်ကြီးနဲ့ လုပ်ငန်းကြီးတွေ၊ လူဆယ်ယောက် ဝိုင်း ထမ်းလို့ပြီးတဲ့ ကိစ္စမဟုတ်ဘူး၊ ဒါပေမဲ့ တို့ဟာ အင်းဝတံတား၊ ဂုတ်ထိပ် တံတား၊ စစ်တောင်းတံတားဆောက်လာတဲ့ လုပ်သားတွေပဲ၊ ဒီ စင်ရော် ချောင်းဆိုတာ ပေ ၄၀၀ ကျော်ပဲရှိတာ၊ ဘာမှခက်ခဲစရာ မရှိဘူး၊ အခက်အခဲ တွေ့လဲ တို့ကျော်လွှားနိုင်ဖို့ စိတ်ဓာတ်ကြံ့ခိုင်ရမယ်၊ ကဲ . . . ပြောမယ်ဆိုရင် တော့ အရှည်ကြီးပဲ၊ ဒီညဆုံးမှာမဟုတ်တော့ဘူး၊ လုပ်ငန်းပိုင်းကို ဒီမှာပဲ ရပ်တော့မယ်”

“နောက်တစ်ပိုင်းက စခန်းသာရေးနာရေး၊ စားရေးသောက်ရေးအခြေ အနေကတော့ သိကြတဲ့အတိုင်းပဲ၊ ဆန်ရှားတယ်၊ ဆီရှားတယ်၊ အားလုံး ရှားတယ်၊ ပြည်သူ့ဆိုင် ထူထောင်ရတယ်၊ တို့ငွေနဲ့ တို့ဆိုင်ကို တို့ဘာသာ ထောင်တယ်၊ တို့ကို ကူညီသူတွေရှိတယ်၊ သူတို့ကျေးဇူးကို မမေ့ရဘူး၊ ငွေရေးကြေးရေး အခက်အခဲရှိတဲ့အခါ ကူညီတဲ့ကျန်းမာရေးမှူး ဆရာ ဦးသောင်းထွန်းနဲ့ သူ့ဇနီး ဒေါ်သန်းတင်တို့ကို ကျေးဇူးတင်ရမယ်၊ သူတို့ အကူအညီနဲ့ မတည်ငွေငါးထောင်ကို အတိုးမရှိယူထားရတယ်၊ တို့စုတာက ငွေတစ်ထောင်ကျော်ရတယ်၊ နောက် ဟောဒီက ဦးလှမင်း၊ ဦးစောသာအေး၊ ဦးဒေးဗစ်တို့ရဲ့ မိန်းမများက ရှိတဲ့လက်ဝတ်လက်စားတွေကို ထုတ်ပေးရ တယ်၊ အဲဒါတွေကို ပေါင်ထားရတယ်၊ စုစုပေါင်း ငွေသုံးထောင်ရတယ်၊ ဒါတွေ မင်းတို့သိအောင် မပြောရသေးဘူးနဲ့ တူတယ်၊ အချို့လဲ သိကြတယ်၊ မင်းတို့ ဆီက တစ်လ တစ်ဆယ်စုတယ်၊ ဒီငွေနဲ့ ဆက်ပြီး မတည်ရမှာပဲ၊ နောင် ငွေ များလာရင် ချေးတဲ့ငှားတဲ့ငွေတွေ ပြန်ဆပ်ရမယ်၊ အခြေအနေကောင်းလာ ရင် ဆန်တို့၊ ဆီတို့ လျောင်ဖို့ မလိုတော့ဘူး”

“ဒီမှာ အထူးပြောချင်တာ အလုပ်သမားထဲက ရွှေကြည်က သူ့ချွေးနဲ့ စာထဲက တို့အထဲကို ငွေနှစ်ရာထည့်လာတယ်၊ သူ့စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ တို့ သူ့ငွေကို မယူပါဘူး၊ အဲဒါကို မှတ်တမ်းတင်ထားပါတယ်၊ အလုပ်မှာရော ဒီလိုလုပ်အားအပို ထည့်ဝင်တဲ့ စိတ်ဓာတ်မျိုးရှိဖို့လိုတယ်”

“လူမှုရေးအပိုင်းမှာ ပြောစရာတွေ အများကြီးရှိတယ်၊ အဲဒါလဲ တစ်နေကုန်ထိုင်ပြောလို့ ကုန်မှာမဟုတ်ဘူး၊ မင်းတို့အားလုံးကို စံပြဖြစ်စေချင်တယ်၊ အလုပ်မှာသာ မဟုတ်ဘူး၊ စခန်းထဲမှာရော နေမှုထိုင်မှုက အစပဲ၊ ပျော်ရွှင်မှုအနေနဲ့ ဘောလုံးပွဲလုပ်ပေးထားတယ်၊ ရုပ်ရှင်ကြည့်ဖို့ ခွင့်ပြုထားတယ်၊ ဒီမှာ ရုပ်ရှင်ခေါ်ပြဖို့ စိတ်ကူးထားတယ်၊ စာဖတ်ခန်း မကြာခင်ပြီးတော့မယ်၊ အဲဒီမှာလဲ လေ့လာကြပါ၊ စာဖတ်ကြပါ၊ အားတဲ့အချိန်မှာ စာဖတ်ပြီး အချိန်ဖြုန်းကြပါ၊ ကလေးတွေအတွက် အစိုးရမူလတန်းကျောင်းဖြစ်ဖို့ အလားအလာရှိနေပြီ၊ ဆေးခန်းမှာ ကျန်းမာရေးမှူးလဲရှိနေပြီ၊ စိတ်ကူးရသမျှတော့ ပြည့်စုံအောင် လုပ်တာပဲ၊ ကလေးကစားကွင်း ဆောက်ပေးထားတယ်“

“အထူးပြောချင်တာက ဆက်ဆံရေးပဲ၊ ဖိုမ ဆက်ဆံရေးပေါ့၊ မတစ်ထောင်သားတွေ ထိန်းရတာမလွယ်ဘူး၊ ဒီစခန်းမှာ လူကြီးတွေလဲ ရှိတယ်၊ လူငယ်တွေလဲ ရှိတယ်၊ လူကြီးဆိုတာ ရာထူးအားဖြင့် ကြီးတဲ့လူရော၊ အသက်အားဖြင့် ကြီးတဲ့လူရော ရှိတယ်၊ လူကြီးက လူငယ်တွေကို ထိန်းရမယ်၊ မကြာခင် မြောက်ဘက်ကမ်းမှာ လူပျိုလိုင်းဖွင့်မယ်၊ လူပျိုလူလွတ်တွေ ဒီဘက်မှာ မနေရဘူး၊ ဖိုမဆက်ဆံရေးမှာတော့ စည်းကမ်းကြီးမှဖြစ်မယ်၊ စည်းကမ်း မကြီးရင် အများစိတ်မချမ်းသာစရာတွေ ဖြစ်ကုန်မယ်၊ အရင်ကလဲ ပြောခဲ့လှပါပြီ”

“ကဲ . . . နိဂုံးချုပ်တော့မယ်၊ တို့ဟာ တည်ဆောက်သူများဖြစ်တယ်၊ တိုက်တာ အိမ်ခြေ၊ လမ်း၊ တံတားတို့ ဆောက်တာပဲ၊ ဒါတွေဟာ နိုင်ငံတစ်ခု စည်ပင်ဝပြောရေးကို အထောက်အကူပြုတာပဲ၊ လမ်းဖောက်တာဟာ ယဉ်ကျေးမှုနယ်ပယ် တိုးချဲ့လိုက်တာပဲ၊ စီးပွားရေးနယ်ပယ်ကို တိုးချဲ့လိုက်

တာပဲ၊ သွားလာရေးလွယ်ကူရင် ယဉ်ကျေးမှုဟာ တောကြီးဖြတ်၊ တောင်ကြီးကျော်၊ ချောင်းကြီးမြစ်ကြီးကို ခုန်လွှားပြီး အစွန်အဖျားအထိ ရောက်မယ်၊ အစွန်အဖျားဟာလဲ ဖွံ့ဖြိုးလာမယ်၊ မျက်စိပွင့်လာမယ်၊ ဒါဟာ အမြတ်ပဲ၊ အဲဒီယဉ်ကျေးမှု နယ်ပယ်တိုးချဲ့ရေးအတွက် တို့အလုပ်လုပ်နေကြတယ်၊ လာဘ်လာဘကို မမျှော်လင့်နဲ့၊ တို့ဖောက်တဲ့လမ်းကို နင်း၊ တို့ဆောက်တဲ့ တံတားကိုကျော်ပြီး ယဉ်ကျေးမှုတိုးချဲ့သွားမယ်ဆိုရင် တို့ချွေးထွက်ရကျိုးနပ်ပြီလို့သာ ယူဆကြပေတော့၊ သမိုင်းမှာ တို့တည်ဆောက်ရေးဟာ စာတစ်ကြောင်းပဲ ပါချင်ပါမယ်၊ ဒါပေမဲ့ နောင်လာနောက်သားတွေထဲက တို့ကျေးဇူးကို သိတဲ့လူတွေတော့ ရှိမှာပဲ၊ တစ်ထောင်မှာ တစ်ယောက်သိရင် ကျေနပ်ကြပေတော့”

× × × × ×

တိုင် ၁ သည် မြောက်ဘက်ဘဲတောင်နှင့်အတူ ပြိုင်၍တက်လာသည်။ ကိုးပေ အချင်းရှိသည့် ကွန်ကရစ်တိုင်နှစ်လုံးကို ၁၀ ပေအကွာထား၍ ချရသည်။ လိုချင်သည့်အနက် မရောက်မီ ကျောက်တွေ့သည်။ အောက်က ကျောက်ကို ဒိုင်းနမိုင်းခွဲရသည်။ သူတို့ချည်း မတတ်နိုင်။ စိမ့်မြိုင်ရှိဘီအီးကို အကူအညီ ခေါ်ရသည်။ ထို့နောက် တိုင်ကြီးနှစ်လုံးကို အောက်သို့ ဆက်၍ချရန် ကျောက်ကွဲစများနှင့် မြေစာများကို နှိုက်ရသည်။ ဤအတိုင်းသာဆိုပါက တန် ၄၀ အလေးချိန်ရှိသည့် ယာဉ်တစ်စီး ဖြတ်အမောင်းခံနိုင်ရည်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြီးလျှင် ထိပ်အုပ်လောင်းကာ တိုင်ပြားကြီးတက်ရန်သာ ရှိသည်။ ထိပ်အုပ်လောင်းနိုင်မည့်အခြေတွင် နေ့ဆိုင်း ညဆိုင်းခွဲ၍ တာဝန်ပေးထားသည်ကို ရပ်လိုက်မည်။ ရက်ဆက်မနားမနေလုပ်ကြရသဖြင့် အလုပ်သမားများ ပင်ပန်းလာသည်။ သောင်းဒန်လည်း အိပ်ရေးပျက်၊ အစားအသောက်ပျက် ဖြစ်လာသည်။ ထိုနေ့ကား ၂၄ နာရီလုပ်ရမည့် နောက်ဆုံးနေ့ဖြစ်သည်။ သောင်းဒန်သည် ည ၁၁ နာရီသာသာခန့်တွင်မှ တိုင် ၁ မှ ခွာကာ ကင်းထိပ်ရှိ တဲကလေးသို့ အိပ်ရန်ပြန်သည်။ တော်တော်နှင့် အိပ်၍မပျော်။ ဟိုအကြောင်း၊ သည်အကြောင်း စဉ်းစားနေသည်။ ကလေးများပြန်သွားသည်မှာ မကြာသေး။ အမှတ်ရသည်။ မြင့်မြင့်သန်းကိုလည်း အမှတ်ရသည်။ ယခုတစ်ခေါက် ရန်ကုန်တွင် ဖင်ပူအောင် မနေခဲ့ရသဖြင့် စိတ်

မကောင်း။ မြင့်မြင့်သန်းလည်း မျက်စိမျက်နှာပျက် ကျန်ခဲ့သည်။

အပြန်တွင် မမျှော်လင့်ဘဲ ရထားပေါ်၌ ကျောင်းတုန်းက ရင်းနှီးခဲ့သူ တစ်ယောက်ကို တွေ့ရသည်။ သူက ကောင်းကောင်းမမှတ်မိ သူကား သောင်းဒန်၏ ဆရာမ ခင်သန်းစိန်ဖြစ်သည်။ ခင်သန်းစိန်၏မျက်နှာကို ထို ညက သောင်းဒန် အမှတ်ရလာသည်။ မျက်စိကို စုံမှိတ်ထားသော်လည်း ခင်သန်းစိန်၏ မျက်နှာသည် တရေးရေးပေါ်နေသည်။ သူနှင့် မည်သို့မျှ ပတ်သက်သူကား မဟုတ်။ သို့သော် ဆရာမသည် သူ့ကို သံယောဇဉ်ရှိသည်။

ခင်သန်းစိန်ကား ၁၉၅၀ ပြည့်နှစ်ကျော်ကာလတွင် အင်္ဂလိပ်စာ နည်းပြဆရာမဖြစ်သည်။ သောင်းဒန်သည် ဥပစာတန်းသားဖြစ်ရာ တစ်ပတ် နစ်ကြိမ်ခန့် ဆရာမနှင့်တွေ့ရသည်။ ဆရာမသည် ကြော့လွင်နေသည်။ အငြင်းအဆန်ကလည်း တတ်သည်။ အကောင်းစားမှုလည်း ဝတ်သည်။ အရပ်အမောင်း ကောင်းသည်။ မြန်မာအမျိုးသမီးထဲတွင် သူ့လိုအရပ်မျိုး ရှားသည်။ အသား ဖြူသည်။ မျက်ခုံး ကောင်းသည်။ မေး အနည်းငယ် ချွန်သည်။ သည်တစ်ခုသာ ပြောစရာရှိသည်။ မျက်နှာသွယ်သည်မှာ တစ်မျိုး ချစ်စရာကောင်းသည်ဟု ထင်မိသည်။ သောင်းဒန် အစွဲလမ်းဆုံးကား ဆရာမ ၏ ရေမွှေးနံ့ပင်ဖြစ်သည်။ ဆရာမ အခန်းထဲဝင်လာလျှင် တစ်ခန်းလုံး ကြိုင်သင်းသွားသည်။ စံပယ်ခြံထဲများ ရောက်နေသလားဟု အောက်မေ့ရ သည်။

သောင်းဒန်သည် နောက်ဆုံးတန်းတွင် အမြဲထိုင်သည်။ သူတို့၏ အင်္ဂလိပ်စာအက်ဆေးများကို စစ်ဆေးပြီးနောက် မှားသည်တို့ကို တစ်ယောက် ချင်း လိုက်၍ပြသည်။ သဒ္ဒါ၊ စာလုံးပေါင်း၊ ဝါကျဖွဲ့ထုံးအားလုံး အသေး စိတ်ရှင်းပြလေ့ရှိသည်။ သောင်းဒန်က "ဆရာမ ကျွန်တော့်ဆီလာပါအုံး ဆရာမ"ဟု အမြဲခေါ်သည်။ တစ်တန်းလုံးက သူ့ကို စကြသည်။ ဆရာမ ကြားအောင်ပင် "ကိုသောင်းဒန်ကြီးကျတော့ သိပ်မျက်နှာလိုက်တာပဲ"ဟု မကြားနိုးနား ပြောကြသည်။ ခင်သန်းစိန်သည် ဣန္ဒြေမပျက်ပင် သောင်းဒန် ဆီသို့ ရောက်မြဲရောက်လာသည်။ သောင်းဒန်ကို ကြာကြာရှင်းပြသည်။

သောင်းဒန်ကား ဆရာမ၏ရေမွှေးနံ့တွင် မိန်းမောနေတတ်လေသည်။ ကြာသော် ဆရာမကလည်း သောင်းဒန်ကိုခင်မင်လာကာ သူ့အိမ်သို့ ခေါ်သွားသည်။ ခင်သန်းစိန်ကား သူတို့မိသားစုတွင် သမီးလတ်ဖြစ်သည်။ သူ တစ်ယောက်သာ တက္ကသိုလ်ပညာတတ်ဖြစ်သည်။ အစ်မအပျိုကြီးတစ်ယောက်ရှိသည်။ မောင်တစ်ယောက်ရှိသည်။ အဒေါ်တစ်ယောက်ရှိသည်။ သူတို့သည် ရန်ကုန်အနောက်ပိုင်းဇာတိ ဖြစ်သည်။ တစ်အိမ်လုံးက ခင်သန်းစိန်နည်းတူ သောင်းဒန်ကို ခင်ကြသည်။ ကြာသော် ထိုအိမ်သည် သောင်းဒန်၏ စားရေးအိမ်၊ သောက်ရေးအိမ် ဖြစ်လာသည်။ ထိုအကြောင်းကို ဖေညွှန့်နှင့် ခင်မောင်သိန်းတို့ပင် မသိကြ။ ဆရာမနှင့် ခင်မင်သည်ဟူ၍လောက်သာ သိသည်။ တစ်နေ့တွင်မူ ခင်သန်းစိန်အိမ်သို့သွားသည့်အခါတွင် အစ်မကြီးနှင့် အဒေါ်တို့သာ တွေ့ရသည်။ အစ်မကြီးက သောင်းဒန်ကို ထမင်းခူးကျွေးသည်။ ထမင်းပွဲနားတွင်စောင့်ကာ သောင်းဒန်အား ခင်သန်းစိန်နှင့် ဆက်ဆံရေးကို မေးလေသည်။

"မင်းတို့ ချစ်နေကြသလား မောင်သောင်းဒန်၊ မမတို့ကို အမှန်ပြောကွယ်၊ မမတို့ သဘောတူပါတယ်၊ တစ်အိမ်လုံးကတော့ မင်းတို့ ချစ်နေကြပြီလို့ ထင်နေတာပဲ"

သောင်းဒန် မဖြေတတ်။ လည်ပင်းထဲက ထမင်းပင် မျို၍မကျတော့။

"ကျွန်တော်တို့ ဘာမှ မဖြစ်ကြပါဘူး မမ၊ ဆရာမက ဘာပြောသလဲ"

"ဟင့်အင်း၊ တို့ မမေးပါဘူး၊ မေးစရာလဲ မလိုပါဘူး၊ မင်းတို့ ဘယ်လောက်ငြင်းငြင်း တို့ကတော့ ဒီအတိုင်း ထင်နေတာပဲ၊ ချစ်လဲ ဘာဖြစ်သလဲကွယ်၊ မမတို့ မငြင်းပါဘူး၊ မင်းကိုလဲ သံယောဇဉ်ရှိနေပြီဟာ"

သောင်းဒန် စိတ်မကောင်း။ ထိုအချိန်အထိ ဘာမှ မဖြစ်ကြသေး။ သံယောဇဉ်တွယ်ရုံသာ ရှိသေးသည်။ ဆရာမကို သောင်းဒန် အစ်မလို ချစ်သည်။ သူ့တွင် ခင်တွယ်စရာ အစ်မတစ်ယောက် ရလာပြီ။ နွဲ့ဆိုး ဆိုးစရာ အစ်မတစ်ယောက် ရလာပြီ။ သူ ပူဆာချင်တိုင်း ပူဆာသည်တို့ကို ဆရာမက အလိုလိုက်ကာ ဝယ်ပေးသည်။ ရုပ်ရှင်ကြည့်ကြသည်။ အစက ရှိခဲ့သော

မရိုးသားစိတ်သည်ပင် ပျောက်ကွယ်သွားသလို ဖြစ်လာသည်။ သို့သော် သံယောဇဉ်ကား ကြီးလာသည်။ ဒါကို အချစ် ခေါ်ရမည်လား၊ ဒါကို မေတ္တာ နှောင်ကြိုးဟုပဲ ပြောရမည်လား။ ယခု မမက မေးသည့်အခါ အဖြေရခက် လှသည်။ ချစ်ခင်နေကြသည်ကား မဟုတ်။ ချစ်စကားလဲ မပြောကြ။ မေတ္တာစကားလဲ မပြောကြ။ သို့သော် တစ်ယောက်နှင့်တစ်ယောက် ခင်တွယ် သည်ကိုကား နှစ်ယောက်စလုံး နားလည်ကြသည်။ သို့သော် ထိုနှောင်ကြိုး သည် ကြာကြာမမြဲ။ ဥပစာသိပ္ပံ ဒုတိယနှစ် ကုန်ဆုံး၍ သောင်းဒန် အလုပ်သို့ ပြန်ဝင်သည့်အခါ အနေဝေးသွားကြပြီးနောက် တစ်စတစ်စ အဆက်ပြတ် သွားသည်။ ယခုမူ ခင်သန်းစိန်သည် ဘီအီးဒီတက်ကာ တောင်ငူ၌ ကျောင်း ဆရာမကြီးဖြစ်နေပြီဟု သိရသည်။

"တို့များ အိမ်ထောင်ကျနေပြီ မောင်သောင်းဒန်၊ သားတစ်ယောက်၊ သမီးနှစ်ယောက် ရနေပြီ၊ ကလေးတွေအဖေက ဗိုလ်မှူးကြည်ညွှန့်တဲ့"

"သြော် . . . သြော်" ဒါပဲ ပြောနိုင်ခဲ့သည်။

"မြင်စက မောင်သောင်းဒန်ကို ကောင်းကောင်း မမှတ်မိဘူး၊ အခု အတော်ကလေး ဝလာတယ်၊ ရုပ်ကတော့ မပြောင်းပါဘူး၊ တောင်ငူ ရောက် ရင် ဝင်ခဲ့နော်၊ ဆရာမ ပဲခူးမှာ ဆင်းမယ်၊ ကလေးတွေအဖေ ပဲခူးကို ကိစ္စနဲ့ ရောက်နေလို့ သူ့ကားနဲ့ပဲ တောင်ငူကို သွားတော့မယ်"

ပဲခူးရောက်ခါနီးလျှင် သောင်းဒန်သည် အထက်တန်းတွဲမှ သူ့နေရာ သို့ ပြန်လာခဲ့သည်။

ယနေ့ညမှ တောင်စဉ်းစား၊ မြောက်စဉ်းစားနှင့် ဆရာမ ခင်သန်းစိန် ၏မျက်နှာကို ဖျောက်၍မရ ဖြစ်နေသည်။ မျက်လုံးကြောင်နေသည်။ လူလဲ ပင်ပန်းလှပြီ။ သို့နှင့် မေ့ခနဲအိပ်ပျော်သွားရာ သူအိပ်နေသော ခုတင်ကို တစ်ယောက်ယောက်က လာ၍လှုပ်သဖြင့် ဗြုန်းခနဲနိုးလာသည်။ ခြင်ထောင် ကြိုးတစ်ချောင်းလည်း ပြုတ်နေသည်။ စံပယ်ရေမွှေးနံ့လည်း တစ်တဲလုံး ကြိုင်နေသည်။ တံခါးတစ်ပေါက် ပွင့်နေသည်ကို တွေ့ရသည်။ အပြင်ဘက် တွင် မိန်းမတစ်ယောက် ဆံပင်ဖားလျားချလျက် လျှောက်သွားသည်ကို

မြင်လိုက်ရသည်။ သောင်းဒန် ထပ်၍ကြည့်သည့်အခါ ဘဲတောင်နားတွင် ပျောက်သွားသည်။ သောင်းဒန်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာသည်။ သို့နှင့် စိတ်ထဲတွင် မသိုးမသန့်ဖြစ်လာကာ လက်နှိပ်ဓာတ်မီးကို ယူပြီး တိုင်ဆီသို့ ထလာခဲ့သည်။

"ဟေ့ ဘယ်သူတွေရှိသလဲ၊ အစောင့်ဘယ်သူလဲ၊ ဒီနား လူတစ်ယောက် ဖြတ်သွားတာ မတွေ့လိုက်ဘူးလား"

"ကျွန်တော် ရှိတယ် ဆရာကြီး၊ လှအေးပါ၊ ဘယ်သူမှ ဖြတ်မသွားပါဘူး ဆရာကြီး"

"အေးကွာ မြင်လိုက်မိသလားလို့၊ ငါ ကုန်းပေါ်ကအိမ် ပြန်အိပ်တော့မယ်၊ ဘယ်နနာရီလောက် ရှိပြီလဲကွ၊ မင်း လိုက်ခဲ့စမ်း"

"သုံးနာရီ ဆရာကြီး"

အိမ်သို့ရောက်သည့်အခါ တော်တော်နှင့် အိပ်၍မပျော်။ တစ်နာရီ သာသာလောက် မျက်လုံးကြောင်နေသည်။ လေးနာရီခွဲလောက်မှ အိပ်ပျော်သွားလေသည်။ မနက်တွင် ရှစ်နာရီသာသာတွင်မှ အိပ်ရာမှ နိုးလေသည်။

သူ့စိတ်ထဲတွင် ထင့်နေသည်။ တစ္ဆေလား၊ သရဲလား၊ ဥစ္စာစောင့်လား၊ နာနာဘာဝလား။ ဒီအနားမှာ တစ္ဆေသရဲ ရှိတယ်လို့ မကြားဖူးပါဘူး။ ဥစ္စာစောင့် ဖြစ်နိုင်တယ်။ ဆံပင်ဖားလျားချပြီး ထွက်ပြေးသွားပုံထောက်တော့ ဥစ္စာစောင့်မ ဖြစ်မှာပဲ။ ဒီနေရာဟာ သူတို့သိုက်နဲ့ တူတယ်။

"ဒီနားမှာ သိုက်တွေအများကြီးပဲ ဦးသောင်းဒန်၊ ကျွန်တော်တို့ ရန်ကုန်ကလာတော့ ဂျပန်ခေတ်က ဂျပန်တွေအပြေးမှာ မြှုပ်သွားတဲ့ ရွှေတွေ စိန်တွေ အများကြီးပဲတဲ့၊ စခန်းသစ်နားက တောင်တန်းမှာလို့လဲ ပြောတယ်၊ ဒီစင်ရော်ချောင်းဘက်မှာလဲ မြှုပ်သွားတယ်လို့ ပြောတယ်၊ ကျွန်တော်တို့ကို တောင် ဘူမိဗေဒမြေစမ်းအဖွဲ့နဲ့ပေါင်းပြီး တူးခိုင်းမလိုလို ကြားတယ်"

ဦးဝင်းနိုင်ပြောသောစကားကို သောင်းဒန် အမှတ်ရလာသည်။ ဟုတ်တယ်၊ ဒီနားမှာ သိုက်ရှိရမယ်။ ရေအောက်မှာလား၊ ဒီအင်ကြင်းတောင်ကုန်းမှာလား။ ရေအောက်မှာဆိုရင်တော့ ဒုက္ခပဲ။ သိုက်ဆိုတာ ခဏခဏရွှေ့

တတ်သတဲ့။ တောင်ပေါ်ကနေ ရေအောက်ရွှေ့လာတာ ဖြစ်မှာပေါ့။ အခု သူတို့သိုက်နေရာကို တို့ တံတားဆောက်လို့ စိတ်ဆိုးပြီး ငါ့ကို ကိုယ်ထင် လာပြတာ ဖြစ်မှာပဲ။

သောင်းဒန်၏စိတ် အနည်းငယ် ချောက်ချားလာသည်။ သို့သော် လည်း သူ့ရဲဘော်ရဲဘက်များအား ပြော၍မဖြစ်။ ပြောလိုက်လျှင် အားလုံး ကြောက်လန့်ကာ ပြန်ပြေးကြလိမ့်မည်။ ထို့ကြောင့် မျိုသိပ်ထားလိုက်သည်။ သို့ရာတွင် ကြာကြာမမျိုသိပ်နိုင်။ တစ်ယောက်ယောက်ကိုတော့ ပြောလိုက် ရမှ၊ ဖွင့်၍ တိုင်ပင်လိုက်ရမှ စိတ်ထဲ ပေါ့သွားမည်။ နီးစပ်သူကား အောင်ကြီး၊ သန်းမောင်နှင့် လှမင်းတို့သာ ရှိသည်။ ထို့ကြောင့် အရင်ဆုံးတွေ့သည့် လှမင်းကို ညက အဖြစ်အပျက် ဖွင့်ပြောလိုက်သည်။

"ဟုတ်လား ဦးသောင်းဒန်၊ ကျွန်တော်တို့တော့ မတွေ့ဖူးဘူး၊ ဖြစ်ရင် လဲ ဖြစ်နိုင်တာပဲ" လှမင်း မျက်လုံးပြူးသွားသည်။

"ကျွန်တော်တို့ ဘာလုပ်မလဲ ဦးသောင်းဒန်"

"ငါလဲ အဲဒါ စဉ်းစားနေတာပေါ့ကွ၊ လူသိခံလို့တော့ မဖြစ်ဘူး၊ တို့ကောင်တွေ လန့်နေကြလိမ့်မယ်၊ ဒေါ်ဖွားခက်ကြီးကို တိုင်ပင်ရရင် မကောင်းဘူးလား"

"သူက နတ်ကတော်ခင်ဗျ၊ ဆိုင်လို့လား" သူတို့ မသိ။

"ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ငါ လုပ်ချင်တယ်ကွာ၊ ဆွမ်းဖြစ်ဖြစ် ကျွေးချင်တယ်၊ ပရိတ်ကလေး ဘာလေး ရွတ်လိုက်တာပေါ့၊ ဒါမှ စိတ်ထဲ သန့်သွားမယ် မဟုတ်လား"

လှမင်းက ထိုအကြံကို သဘောတူသည်။ သို့နှင့် တနင်္ဂနွေနေ့တွင် အလုပ်အားရက်၌ တံတားဦးရွာလေးမှ ဘုန်းကြီးနှစ်ပါးပင့်ကာ ဆွမ်းကျွေး သည်။ ပရိတ်နာသည်။ တစ်စခန်းလုံး မဖိတ်နိုင်။ နီးစပ်ရာ လေး၊ ငါး၊ ဆယ် ယောက်ကိုသာ ဖိတ်လိုက်သည်။ ထိုအခါတွင်မှ စိတ်ထဲတွင် ပေါ့သွားလေ သည်။ ထိုနေ့ တစ်နေ့လုံး ခင်သန်းစိန်၏ မျက်နှာကို မြင်လိုက်၊ ဆံပင် ဖားလျားနှင့် ဥစ္စာစောင့်မလေးကိုမြင်လိုက် ဖြစ်နေသည်။ ထိုအခါတွင်မှ

သူ့ခေါင်းထဲတွင် အလင်းရောင်တစ်ခု ရလာသည်။ ထိုနေ့က ခင်သန်းစိန်ကို စွဲလမ်းသဖြင့် တစ်နေ့လုံး ပင်ပန်းနေခိုက် စိတ်ချောက်ချားကာ အိပ်မက်မက်ခြင်းဖြစ်ရမည်။ မည်သို့ပင်ဖြစ်စေ သောင်းဒန်သည် တံတားထိပ်ရှိ တဲကလေးသို့ သွား၍ မအိပ်တော့။

မြေစမ်းအဖွဲ့သည် ဆက်၍ စမ်းနေသည်။ ဆက်ရန် လုပ်ငန်းမှာ ကွန်ကရစ်ပေါင်သာ ရှိနေသည်။ ရေလယ်တိုင်များ မစနိုင်သေး။ သို့ဖြစ်ရာ ချဉ်းကပ်လမ်းများဖောက်ရန် စီစဉ်ရတော့သည်။ သို့မှသာ အလုပ်သမားများ စိတ်မလေမည်ဖြစ်သည်။ မူလက တံတားပြီးခါနီးမှလုပ်ရန် ရည်ရွယ်ထားသည်။ ယခုမူကား စ၍ လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

စောသာအေးနှင့် ဒေးဗစ်တို့ကို တောင်ဘက်လမ်း တာဝန်ပေးလိုက်သည်။ မြောက်ဘက်လမ်းကို လှမင်း၊ ခင်မောင်စိန်တို့အား တာဝန်ပေးလိုက်သည်။

စင်ရော်မှ သောင်ဦးသို့ ပြေးသောလမ်းသည် တိမ်ဦးတောင်ကို ဖြတ်သည်။ တောင်ခြေအစကား ၁၃ မိုင် ဖြစ်သည်။ စင်ရော်တစ်ဖက်ကမ်း ကျိုးဖြူမှ စသည်။ ထိုလမ်း ၅ မိုင်ခွဲတွင် ယခု သောင်းဒန်တို့ဆောက်နေသည့် တံတားမှဖောက်လာမည့် ချဉ်းကပ်လမ်းသစ်နှင့် ဆုံမည်ဖြစ်သည်။ ယင်းသည် တောင်ဘက် ချဉ်းကပ်လမ်းဖြစ်သည်။ ချောင်းသေးကလေးများသာရှိသည်။ ရေကျော်သစ်သားတံတားကလေးများ ၈ ခု ဆောက်ရမည် ဖြစ်သည်။ အရှည်ဆုံးမှာ ပေ ၄၀ သာ ရှိသည်။

စင်ရော်မှ တံတားသို့လာသည့် ချဉ်းကပ်လမ်းတွင် ချောင်းနှစ်ခုရှိသည်။ တစ်ခုမှာ စံပယ်ချောင်း၊ နောက်တစ်ခုမှာ စမ်းချောင်းဖြစ်သည်။ စံပယ်ချောင်းကို ပေ ၇၀ တံတားဖြတ်ရမည်။ စမ်းချောင်းကို ပေ ၄၀ တံတားဖြတ်ရမည်။ စံပယ်ချောင်းတံတားကို အားဖြည့်ကွန်ကရစ်ရက်မ တင်ချင်သည်။ ထိုအစီအစဉ်အားလုံးကို တိုင်းသို့လည်းကောင်း၊ ဌာနချုပ်သို့လည်းကောင်း အစီရင်ခံကာ အမိန့်တောင်းလိုက်သည်။ လုပ်ငန်းစရမည့်အမိန့်သာဖြစ်သည်။ လူကိုကား သောင်းဒန် စိတ်ကြိုက်ခိုင်းမည်ဖြစ်သည်။ သူ့အစီအစဉ်ကို

အထက်က ခွင့်ပြုလိုက်သည်။

စောသာအေး၊ ဒေးဗစ်တို့သည် လုပ်ငန်းအသစ်ကြောင့် စိတ်တက်ကြွနေကြသည်။

“မင်းတို့ဘက်မှာ တပ် လိုမယ်၊ တစ်စိတ်လောက်ဆိုရင် ဖြစ်ပါလိမ့်မယ်၊ ငါ ရဲဘော်အိမ်ကောင်းနဲ့ တိုင်ပင်အုံးမယ်၊ တို့စခန်းမှာလဲ လူချန်ခဲ့ရလိမ့်မယ်”

“နေ့ပဲ လိုတာပါ ဆရာကြီးရယ်၊ ကိစ္စမရှိပါဘူး”

“မြောက်ဘက်က ဘယ့်နှယ်နေမယ် မသိဘူး”

“အဲဒီမှာလဲ လိုမှာပဲ ဆရာကြီး၊ အဲဒီလမ်းက သူတို့ ဖြတ်လမ်း၊ ချောင်းကူးချင်ရင် အခု ဖောက်မဲ့လမ်းက ဖြတ်ကူးတယ် ပြောတယ်”

“အေးကွာ၊ အဲဒါ လှမင်း မသိစေနဲ့၊ ဒီကောင်က ဗန္ဓုလနဲ့ ဆွေမျိုးတော်တယ်၊ နှစ်ဖက်စလုံး တပ်စိတ် တစ်စိတ်စီ စောင့်ခိုင်းတာပေါ့ကွာ၊ ခုတော့ ကြောက်ရမဲ့လူတွေ များလာပြီဟေ့၊ သူပုန်သာ မဟုတ်ဘူး၊ တစ္ဆေလဲ ကြောက်ရ၊ ဥစ္စာစောင့်လဲ ကြောက်ရ”

သောင်းဒန် လွှတ်ခနဲ ထွက်သွားသည်။

“ဥစ္စာစောင့်၊ ဟုတ်လား ဆရာကြီး၊ ဘယ်က ဥစ္စာစောင့်လဲ”

“အလကား ပြောတာပါကွာ၊ မင်းတို့ ခရစ်ယာန်တွေပဲဟာ၊ တစ္ဆေတို့ သရဲတို့ ယုံသလား”

“ကျွန်တော်တို့မှာလဲ တစ္ဆေတို့ သရဲတို့ ရှိတာပဲ ဆရာကြီး၊ ဥစ္စာစောင့်ဆိုတာလဲ ရှိတာပဲ”

“ဟေ ဟုတ်မှာပေါ့ကွာ၊ တောထဲတောင်ထဲဆိုတော့ တစ္ဆေသရဲတို့၊ ဥစ္စာစောင့်တို့ ရှိမှာပေါ့ကွာ၊ လူအများကြီးနဲ့ဆိုရင် မတွေ့ပါဘူး၊ တို့မြန်မာအယူကတော့ ဘုန်းနိမ့်တဲ့လူ တွေ့တတ်တယ် ပြောတာပဲ” ဤသို့ သောင်းဒန် လျှောချလိုက်သည်။

ရန်ကုန်မှ မြေထိုးစက်၊ မြေညှိစက်များ ထပ်ရောက်လာသည်။ ပွဲနင်းဦးထောင် ကားကြီး ၂ စီး ထပ်ရောက်လာသည်။

"အခုနေတော့ မြေနီလမ်းပဲ၊ အပေါ်က ဂဝံကျောက် ခင်းမယ်၊ ဒီအနီး အနားမှာ ဂဝံကျောက်ကျင်း ရှာရမယ်၊ ဒီအရပ်ကတော့ ဂဝံကျောက် ပေါပါတယ်ကွာ"

ယခု သူတို့ တံတားဆောက်၊ လမ်းဖောက်နေသော အရပ်သည် ကျောက်တောင်ထူထပ်သည့်အရပ် ဖြစ်သည်။ ဂဝံကျောက်၊ လိပ်သည်းကျောက်တို့ ပေါသည်။ အောက်ခံမြေသည်လည်း မာသည်။ အောက်ခင်းအတွက် ပူစရာမလို။ ဂဝံကျောက်နှင့် ကိစ္စပြီးနိုင်သည်။

"တစ်မိုင် တစ်သိန်းဆိုတာ အခု တို့လက်သုံးစကားပဲ စောသာအေး၊ ဘယ်လမ်းဖြစ်ဖြစ် ဒီနှုန်းနဲ့ တွက်ကြတာပဲ၊ ရန်ကုန်မြို့ပေါ်မှာ နိုင်လွန်ကတ္တရာလမ်းခင်းတော့လဲ တစ်မိုင် တစ်သိန်း၊ အလွန် မိုးနည်းတဲ့အညာက မိုးခေါင်ရေရှားအရပ်မှာ ကျောက်လမ်းခင်းတော့လဲ တစ်မိုင် တစ်သိန်း၊ မိုးများတဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာလဲ တစ်မိုင် တစ်သိန်းပဲ"

"ဒီတော့ ကျွန်တော်တို့လဲ တစ်မိုင် တစ်သိန်းနှုန်းပေါ့ ဆရာကြီးရဲ့" စောသာအေး ရယ်သည်။

"အေး . . . တစ်မိုင် တစ်သိန်းသာဆိုရင်တော့ စင်ရော်ကနေ တံတားအထိ သုံးသိန်း၊ တံတားကနေ ငါးမိုင်ခွဲ လမ်းဆုံအထိ သုံးသိန်း၊ စုစုပေါင်း ၆ သိန်းပေါ့ကွာ၊ တို့ ခွင့်ပြုထားတဲ့ သိန်းသုံးဆယ်ထဲက ၆ သိန်း နုတ်လိုက်ရင် နှစ်ဆယ့်လေးသိန်းပဲ ကျန်တော့မယ်"

"ထပ်တောင်းရမှာပေါ့ ဆရာကြီးရဲ့၊ သူတို့နှုန်းထားအတိုင်း တွက်ပြီး တောင်းတာပဲဟာ"

"မဟုတ်သေးပါဘူးကွာ၊ တံတားအတွက်ကိုက သိန်းသုံးဆယ်သတ်သတ် ဖြစ်ရမယ်၊ တို့ ဖောက်မဲ့လမ်းကလဲ တစ်မိုင်တစ်သိန်း မကုန်ပါဘူး၊ တို့တိုင်းပြည်မှာတော့ ဒီနှုန်းဟာ စံဖြစ်နေပြီ၊ တို့ အခု စင်ရော်ဒေသမှာ လမ်းဖောက်မယ်၊ ဒီဒေသရဲ့ မိုးရေချိန် ဘယ်လောက်လဲ၊ မြေညီမှာ ဖောက်မှာလား၊ မိုးရေဝပ်တဲ့လွင်ပြင်မှာ ဖောက်မှာလား၊ တောင်ကုန်းတွေကျော်လွှားပြီး ဖောက်မှာလား၊ မြစ်ဝကျွန်းပေါ်လို ရွှံ့တောနွံတောမှာ တစ်မျိုး၊ မိုးခေါင်တဲ့ အညာမှာ

တစ်မျိုး ဖြစ်ရမှာပေါ့၊ ဒီတော့ ဒေသအလိုက် နှုန်းတစ်မျိုးစီ ဖြစ်ရမယ်၊ ဘယ်လမ်းဖြစ်ဖြစ်၊ ဘယ်ဒေသဖြစ်ဖြစ် အရင်တုန်းကလို အောက်အမာခံအဖြစ်နဲ့ ၁၂ လက်မလောက် ကျောက်ကြီးတွေ စီချ၊ ဒီကြားထဲ သိပ်အောင် ကျောက်ကလေးတွေ ထည့်၊ အပေါ်ကမှ သုံးမတ် တစ်ကျပ် ကျောက်တွေခင်း၊ လမ်းကြိတ်စက်နဲ့ ကြိတ်ပြီးတော့ ကတ္တရာလောင်း၊ ဒီလို ပုံသေကားကျလုပ်လို့ မဖြစ်ဘူး၊ အောက်ခံအမာ မလိုတဲ့နေရာရှိမယ်၊ လိုတဲ့နေရာရှိမယ်၊ ရေဝပ်တဲ့ဒေသရှိမယ်၊ ရေမဝပ်တဲ့ဒေသရှိမယ်၊ အရေးအကြီးဆုံးက လမ်းဖောက်တဲ့ ပတ်ဝန်းကျင်မှာ ဘာပစ္စည်းရှိသလဲ၊ ဘာကျောက်ရှိသလဲ၊ ဈေးချိုရဲ့လား၊ သုံးလို့ဖြစ်သလား၊ ဒါတွေ စုံစမ်းရမယ်၊ အဲဒီအရပ်က ပစ္စည်းနဲ့ အဲဒီအရပ်မှာသုံးရင် ဈေးလဲပေါတယ်၊ သယ်ရွှေ့ရလဲ လွယ်ကူတယ်၊ စရိတ်သက်သာတာပေါ့၊ ခုတော့ ဘယ်မှာဖြစ်ဖြစ် တစ်မိုင်တစ်သိန်းပဲ၊ တို့ ဒီလို မလုပ်ဘူး၊ ဒီအရပ်မှာပေါတဲ့ ဂဝံကျောက်နဲ့ပဲ လုပ်မယ်၊ တစ်မိုင်တစ်သိန်း မကုန်စေရဘူးကွာ”

လှမင်းမိန်းမ ခင်ခင်သည် ထမင်းစောစော ထချက်မည်၊ ထမင်းချိုင့်ထည့်ပေးလိုက်မည်ဟု စိတ်ကူးနေသည်။ အမှန်စင်စစ် ထမင်းသည် အရေးမကြီး။ ကွမ်းယာ သုံး၊ လေးယာ ပါဖို့လိုသည်။ လှမင်းသည် တစ်နေ့ ကွမ်းယာ ၁၂ ယာခန့် စားသည်။ အနည်းငယ်ရင်ပြည့်သလိုလို ဖြစ်လာသည်နှင့် လျှော့လိုက်သည်။ ယခုကား ၈ ယာ၊ ၉ ယာခန့်သာ စားသည်။

“ဒေါ်ခင်ခင်တို့တော့ မနက်စောစော ထမင်းထချက်မလို့တဲ့ ဆရာကြီး”

စံဖေက သတင်းပေးသည်။ ထိုသတင်းအရ သောင်းဒန်သည် ခင်ခင်တို့ အိမ်သို့ ရောက်သွားသည်။

“ဟော့ လှမင်း၊ ထမင်းချိုင့် ယူသွားမလို့လား၊ မလိုပါဘူးကွာ၊ အခုမှ အစပဲ၊ မြောက်ဘက်ကမ်း ကွမ်းသီးခြံ ဟိုဘက်အစပ် ရှိသေးတာ”

“ထမင်းပြန်မစားတော့ဘူး ဦးသောင်းဒန်၊ အချိန်ကုန်တယ်၊ ကျွန်တော်ပြန်စားရင် အားလုံးပြန်ကြမှာ၊ ဟိုမှာပဲ စခန်းလုပ်ပြီး စားကြသောက်ကြဖို့

အားလုံးကို မှာထားတယ်”

“မင်းသဘောပဲလေ၊ အလုပ်တော့ မဖင့်ဘူးပေါ့ကွာ”

ထိုအစီအစဉ်ကို သောင်းဒန် သဘောကျသလို ရှိသည်။ အားလုံး ထမင်းချိုင့်ကိုယ်စီနှင့် မြောက်ဘက်ကမ်းကူးကြရမည်။ စောသာအေးတို့အဖွဲ့ ကား ထမင်းပြန်စားနိုင်သည်။ ချောင်းကူးနေစရာ မလို။ သို့သော်လည်း တစ်စ တစ်စ ဝေးသွားသည့်အခါ ထမင်းချိုင့်ယူတာ ကောင်းသည်။ မကျက်လျှင် ကားနှင့် ထမင်းပို့ပေးရန် စီစဉ်မည်။

သို့နှင့် လုပ်ငန်းသည် တဖြည်းဖြည်းကြီးလာသည်။ တာဝန်လည်း ပို၍ ကြီးလာသည်။ သို့သော်လည်း တစ်စတစ်စ အကောင်အထည်ပေါ်လာသဖြင့် သောင်းဒန် ကျေနပ်နေသည်။

စင်ရော်ချောင်းသည် စင်ရော်မြို့သို့ ဝင်ခါနီးလျှင် ကွေ့သွားသည်။ စင်ရော်မှ ဥသြသို့သွားသော လှည်းလမ်းသည် ချောင်းနံဘေး ကပ်၍ သွား သည်။ ရွှံ့တောနွံတော ဖြစ်သည်။ မိုးရွာလျှင် ရေဝပ်မည်။ ထို့ကြောင့် လမ်းအူကြောင်းရွေးသည့်အခါ တောင်ကုန်းကလေး သုံးလေးခုကို ဖြတ်၍ အတည့် ရွေးလိုက်သည်။

“မင်းဘက်က နည်းနည်းခက်မလား မသိဘူး၊ ထူးတော့ မထူးပါဘူး ကွာ၊ စောသာအေး ဘက်မှာလဲ တောင်ကုန်းချည်းပဲ၊ တို့စက်တွေ အားကိုး ရမှာပဲ၊ ဒါလောက်တော့ အပျော့ပေါ့ကွာ၊ အဲ ဒါပေမဲ့ ရော်ဘာခြံတွေဖြတ်ဖို့ ရှိတယ်၊ မြေယာကော်မတီနဲ့ ပါတီယူနစ်တို့နဲ့ ဆွေးနွေးပြီး ခုတ်ရမှာပဲ”

စောသာအေးနှင့်လှမင်းတို့ နှစ်ဖွဲ့သည် နောက်တစ်နေ့မှာပင် ချဉ်းကပ် လမ်းကို စ၍ ဖောက်ကြလေသည်။ သူတို့ဆီသို့ အလုပ်သမားများ တော်တော် ပါသွားသည်။ စခန်းတွင် သိသိသာသာ လူနည်းသွားသည်။ နေ့စားသမား ပါသွားသဖြင့် မထောင်းတာလှ။ ဦးစီးဦးကိုင်များ ပါသွားသဖြင့် စခန်းတွင် ခေါင်းဆောင်ကြီးကြပ်မှု လစ်ဟင်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဒေးဗစ်တစ်ယောက်ကို စောသာအေးအဖွဲ့မှ ပြန်ခေါ်ကာ တိုင် ၁ တွင် ကြီးကြပ် စေသည်။

"လှမင်းဆီမှာလဲ ခင်မောင်စိန် ပိုနေတယ်၊ ဒီလိုလုပ်ကွာ၊ ခင်မောင်စိန်နဲ့ သန်းမောင်ကို တွဲပေးပြီး စင်ရော်ဘက်ကနေ ပြိုင်ဖောက်ခိုင်းမယ်၊ မင်းတို့နှစ်ဖွဲ့ တစ်နေရာမှာ ဆုံကြမှာပေ့ါ၊ ဒီကောင်နှစ်ယောက်ကို ဒီလိုခိုင်းမှ ပညာတတ်မယ်"

ထို့ကြောင့် ခင်မောင်စိန်နှင့် သန်းမောင်တို့ကို စင်ရော်သို့ ခေါ်သွားသည်။

"အလုပ်သမားကိုတော့ စခန်းက ခေါ်မနေနဲ့၊ ကျွမ်းကျင်တဲ့တစ်ယောက်နှစ်ယောက် ခေါ်ခဲ့၊ ဒီမှာရှိတဲ့ အလုပ်သမားနဲ့လုပ်၊ စံပယ်ချောင်းမှာရော၊ စင်ရော်မှာရော အသစ်ရှာပေ့ါကွာ"

စင်ရော် နလကအကူအညီနှင့် လိုသည့်အလုပ်သမားများ ရသည်။

"ဟောဒီ လှည်းလမ်းလေးအတိုင်း အရှေ့ဘက်လိုက်လာခဲ့၊ တစ်နေရာကျတော့ ရော်ဘာခြံတွေကြားကနေ ချောင်းဘက် ဆင်းသွားလိမ့်မယ်၊ ဆက်မလိုက်နဲ့၊ ရွံ့တောနွံတောချည်းပဲ၊ တို့လမ်းက ၁၂ ရာသီလမ်း၊ အဲဒီလှည်းလမ်းက နွေမှပဲ ကားသွားနိုင်မယ်၊ တို့ဖောက်ရမှာက လှည်းလမ်းနဲ့ယှဉ်ပြီး ဖောက်ရမယ်၊ နှစ်ပေအမြင့်လောက်အထိ မြေဖို့တင်ကွာ၊ ဟောဟိုက တောင်ကုန်းမှာ ဘုရားဖြူဖြူလေး မြင်တယ်မဟုတ်လား၊ အဲဒါ တို့စခန်းပဲ၊ အင်ကြင်းတောင်စေတီပေ့ါ၊ အဲဒီကို မှန်းပြီး ဖောက်လာခဲ့၊ မင်းတို့မှာ ပစ္စည်းကိရိယာတွေ စုံတယ်နော်"

"စိတ်ချပါ ဆရာကြီး" သန်းမောင်က ဖြေသည်။ ခင်မောင်စိန်ကား စကားတစ်ခွန်းမျှ မပြော။

"အခြေအနေထူးရင် ငါ့ဆီ အကြောင်းကြား၊ ထူးစရာလဲ ဘာမှမရှိပါဘူးကွာ၊ ငါလဲ နှစ်ရက်ခြား သုံးရက်ခြား ရောက်လာမှာပဲ၊ ပြီးတော့လဲ မင်းတို့နဲ့ ညတိုင်း တွေ့နေမှာပါကွာ"

ထိုအစီအစဉ်ကြောင့် အလုပ်ပိုလာသည်။ ယင်းမှာ နောက်ရောက်လာသည့် စက်သစ်များကို စင်ရော်သို့ ပြန်၍ ပို့ရခြင်းပင် ဖြစ်သည်။ မြောက်ဘက်ကမ်းတွင် ဘဲတောင်ရိုက်သည်မှစ၍ စက်များ၊ ကားများကို မြောက်ဘက်

ကမ်းသို့သာ ပို့ထားသည်။ ယင်းတို့အနက် မြေထိုးစက်တစ်လုံး၊ မြေညှိစက် တစ်လုံးနှင့် လမ်းကြိတ်စက်တစ်လုံးကို စင်ရော်သို့ ပြန်ပို့ရသည်။

သောင်းဒန်စိတ်ကူးတွင် စင်ရော်နှင့် တံတားချဉ်းကပ်လမ်းကို ကျကျ နန မြေညှိ၊ လမ်းကြိတ် လုပ်ထားလိုက်မည်။ စောသာအေး၏ လမ်းကိုကား နောက်မှပင် ကျကျနန လုပ်မည်ဟု စိတ်ကူးသည်။

ထိုရက်အတွင်း ဗဟိုရုပ်ရှင်မှ သတင်းကားများကို စခန်း၌ပြရန် စီစဉ် သည်။ သတင်းကားချည်းဆိုလျှင် ပျင်းစရာကြီး။ စိုစိုပြည်ပြည်ဖြစ်အောင် ဇာတ်ထုပ် ငှားပြချင်သည်။

"ကျွန်တော် လိုက်မယ်ဆရာ၊ ရပါတယ်" သန်းမောင်က တာဝန်ခံ သည်။

"ဘယ်လိုက်မှာလဲကွ၊ စင်ရော်လား၊ စင်ရော်ရောက်နေတဲ့ ကားတွေ ကတော့ ကချလာတွေပါကွာ"

"စင်ရော်မှ မရရင် စိမ့်မြိုင်ပေါ့ ဆရာကြီးရယ်"

သန်းမောင်သည် ကမ်းနီရုပ်ရှင်ရုံမှ ဇာတ်ထုပ်တစ်ခုငှား၍ ရလာ သည်။ တစ်ည ခြောက်ဆယ် ပေးရမည်။ ပေးနိုင်သည်။ ပျော်စရာ ရွှင်စရာ၊ စိတ်ညစ်ပြေစရာဆိုလျှင် တော်ပြီ။

ထိုညပြသော ဇာတ်ကားမှာ 'မုန်းပန်းကိုမှ ပန်ချင်သူ'။ သောင်းဒန် တော်တော် ရယ်လိုက်ရသည်။

သို့သော်လည်း ရုပ်ရှင်ကို ဖြောင့်အောင် မကြည့်နိုင်။ အောင်ကြီး၊ လှမင်း၊ စောသာအေးတို့ကိုခေါ်ကာ စခန်းပတ်လည် အခြေအနေများကို အကဲခတ်နေရသည်။ ရှေ့တွင် ရုပ်ရှင်ကြည့်နေခိုက် နောက်က အလစ်ဝင် တွယ်သွားမည်ကိုလည်း စိုးရိမ်ရသည်။

"ဟေ့ ဟိုက ထွက်လာတာ ဘယ်သူလဲ"

"ကျွန်တော်ပါ ဆရာကြီး၊ နောက်ဖေးသွားမလို့ပါ"

"အေး အေး၊ ပြီးရင် ပြန်ဝင်"

ရုပ်ရှင်ပြနေဆဲ အပြင်ထွက်ကာ ကိုယ်တိုင် ရုပ်ရှင်ပြမည့်အတွဲများ

ရှိလေသလားဟုလည်း စိုးရိမ်ရသေးသည်။

"အေးကွာ၊ ဌာနချုပ်က ဂီတအဖွဲ့မှာရရင် ကောင်းမှာပဲ"

သန်းမောင် စိတ်ကူးပေါ်လာသည်။

"ငါ စဉ်းစားပြီးပြီ သန်းမောင်၊ လူကြီးတွေ လာတုန်းကလဲ ပြော သွားတယ်၊ လွှတ်လိုက်ရမလားတဲ့၊ ငါက ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော် တို့ စင်ရော်နဲ့နီးလို့ ရုပ်ရှင်ကြည့်နေကြရပါတယ်၊ မလွှတ်ပါနဲ့လို့ တားထား လိုက်ရတယ်"

"ဘာလို့လဲ ဆရာကြီးရ"

"ဟ အရက်ဖိုး မတတ်နိုင်ဘူးကွ၊ ဧည့်ခံစရိတ်ကို တို့က ခံရမှာ၊ အဲဒီ က ထံတျာဝါးလားတွေက ခိုးချည်းပဲ"

"ဟုတ်တယ်ဆရာကြီး၊ ဒါတော့ အမှန်ပဲ၊ ရွှေဘိုသိန်းဖေဆိုတာ စန္ဒရား တီးရင်း အရက်ခွက်လေး တကိုင်ကိုင်နဲ့"

"ခုဟာလောက်ပဲ ကောင်းပါတယ်ကွာ၊ မင်းတို့ အပြောင်းအလဲလေး ရတယ် မဟုတ်လား၊ ရရင် ပြီးတာပဲ"

ထိုညက ခင်မောင်စိန်နှင့် နော်မူအေး ရန်ဖြစ်ကြသည်ဟု ကြားရ သည်။ နော်မူအေး အအေးမိမည်စိုးသဖြင့် ခင်မောင်စိန်က ရုပ်ရှင်ပြီးအောင် မကြည့်ဘဲ ပြန်ခေါ်ခဲ့သည်။ နော်မူအေး မပြန်၍ ခင်မောင်စိန်တစ်ယောက် တည်း ပြန်သွားသည်။

အပျော်ဆုံးကား ကလေးများ ဖြစ်သည်။ တံတားဦးရွာသားတို့လည်း ပိုက်ဆံမပေးဘဲ ရုပ်ရှင် အလကားကြည့်လိုက်ရသဖြင့် ဆရာကြီး သောင်းဒန် ကို များစွာကျေးဇူးတင်ကြလေသည်။

× × × × ×

## ၂၆

သောင်းဒန်

*ငါ ရန်ကုန်ရောက်နေတယ်။ အစည်းအဝေး လာတာပဲ။ ဒီရက်မှာ မင်း ရန်ကုန်လာရင် သိပ်ကောင်းမယ်။ မင်းတို့ တံတားအခြေအနေကို ကျော်ဆွေပြောလို့ သိရတယ်။ ငါ သိပ်လာချင်တာပဲ။ လူကြီးတွေနဲ့ တွေ့တော့ တံတားဆောက်လုပ်ရေးဖွဲ့ဖို့ စိုင်းပြင်းနေတယ်လို့ ပြောတယ်။ ငါလဲ မမေးပါဘူး။ ငါက စပြီးမေးတော့ မကောင်းဘူး။ မင်း ဆီသွားချင်လို့ မေးတယ် ဖြစ်မယ်။*

*အခုရောက်နေတဲ့ ဂျိန်ဖော့အရပ်ကတော့ တော်တော်ဆိုးတယ်။ အနီးအနားမှာရှိတဲ့ လမ်းတွေကိုပဲ ပြင်နေရသေးတယ်။ ရာသီဥတုက လဲ မကောင်းသေးဘူး။ နွေပေါက်ရင်တော့ လီဒိုလမ်းကို ပြင်မယ် စိတ်ကူးတာပဲ။ မင်းတို့အတွက် ငါ့ဆီက ပွန်တွန်းတစ်ခု တောင်းထားတယ်။ ခုနေတော့ ပို့နိုင်အုံးမယ် မဟုတ်ဘူး။ နွေဦးပေါက်မှာ တံတားတစ်ခု ပြင်စရာရှိသေးတယ်။ အဲဒီတံတား မပြင်မီစပ်ကြား ဒီပွန်တွန်းနဲ့ ကားတွေ ကူးနေရတယ်။ တပ်က စစ်ဆင်ရေးအတွက် အရေးကြီးနေတယ်။*

*ကျော်ဆွေတစ်ယောက်တော့ ထုံးစံအတိုင်း ခေါင်းကလေးယမ်းကာ ယမ်းကာနဲ့ ရုံးမှာ စာရေးမလေးတွေနဲ့ တရုန်းရုန်းပဲ။ ဒီကောင် အနံ့ပဲ*

*ခံနေတယ်နဲ့ တူတယ်။ ငါတော့ သူ မိန်းမယူမှပဲ ယူတော့မယ်လို့ ပြော လိုက်တယ်။ မင်းတို့ဆီမှာ စင်ရော်သူတွေ မချောဘူးလားကွ။*

*မြင့်မြင့်သန်းဆီလဲ ရောက်တယ်။ ကလေးတွေ နေကောင်းကြ တယ်။*

**သော်ကောင်း**

အင်း . . . ဒီကောင်တွေလဲ ဒုက္ခပဲ။ ခုထက်ထိ မိန်းမမရကြသေးဘူး။ အသက်တွေက ထောက်လာပြီ။ အလုပ်အတွက် ကြည့်ပြီးသာ ငါ့ဆီ ခေါ်ရ မှာ။ ငါ့ဆီရောက်ရင်တော့ မိန်းမရဖို့ ဝေးသွားမှာပဲ။ ကျော်ဆွေပြောတာလို ဒီအရပ်ကို ဘယ်က မိန်းမ လိုက်လာမှာလဲ။

ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများ လောင်းတော့မည်။ သို့ဖြစ်ရာ သော်ကောင်း ရောက်လာလျှင် ပို၍ကောင်းမည်ဟု သောင်းဒန်မျှော်မိသည်။ သည်တစ်ခေါက် ရန်ကုန်ရောက်လျှင် ထိထိရောက်ရောက် ပြောရမည်။ ကျော်ဆွေကိုလည်း လာစေချင်သည်။ အတွေ့အကြုံရစေချင်သည်။ သည်လို နှင့် ရုံးထိုင်နေလျှင် တတ်သည့်ပညာများပင် တုံးကုန်လိမ့်မည်။

လုပ်ငန်းကား အရှိန်ရနေသည်။ မြောက်ဘက် ဘဲတောင်အထက်သို့ တက်လာပြီ။ ထို့အတူ တိုင် ၁ လည်း ထိပ်အုပ်လောင်းပြီး၍ တိုင်ပြားတက် ရန်သာ ကျန်တော့သည်။

“တိုင်နံပါတ် ၄ အခြေအနေကောင်းတယ် ဦးသောင်းဒန်၊ အောက်မှာ ဘာမှမရှိဘူး၊ ကျောက်စရစ်နဲ့ သဲကြမ်းပဲ ရှိတယ်”

ဦးဝင်းနိုင်က သူ့စမ်းသပ်ချက်ကို တင်ပြသည်။ သတင်းကောင်းပင်ဖြစ် သည်။ ဒီလိုဆိုလျှင် နွေလောက်မှာ စပြီးလုပ်ဖို့ စီစဉ်မှပဲ။ ခုတော့ တိုင် ၁ ကို လက်စသတ်ရဦးမည်။

စောသာအေးသည် မှန်မှန်ပင် ချီတက်လျက် ရှိသည်။ တစ်နေ့တွင် သူနှင့်ရဲဘော်သုံးယောက် ရှေ့သို့တိုးရန် လမ်းရှာရင်း တောထဲတွင် မျက်စိ လည်နေကြသည်။ သောင်းဒန်ဆီသို့ အလုပ်သမားတစ်ယောက် ပြန်လာကာ

အကြောင်းကြားသဖြင့် တစ်ပါးကြီးနှင့် လိုက်သွားရသည်။ မိုးချုပ်ခါနီးမှ စောသာအေးတို့နှင့် ပြန်၍တွေ့ရသည်။

"အရေးထဲ အိမ်မြှောင်က ပျက်နေတယ် ဆရာကြီး၊ တောက သိပ်ထူတော့ မှန်းလို့ကို မရဘူး၊ တောင်ခြေကို ရောက်သွားတယ်၊ ဒါနဲ့ တောင်ပေါ်တက်ပြီး ကျွန်တော်တို့ အင်ကြင်းတောင်စေတီကို လှမ်းကြည့်ရတယ်၊ မြင်တော့ မြင်ပါရဲ့၊ ဒါပေမဲ့ လမ်းမတွေ့နိုင်ဘူး၊ အောက်ရောက်လာလို့ တောထဲရောက်ပြန်တော့ မျက်စိပြန်လည်နေတယ်"

သောင်းဒန်သည် ထိုလမ်းတွင် တောင်ကျချောင်းကလေးများကို တွေ့ခဲ့ရသဖြင့် စခန်းအတွက် သောက်ရေအခက်အခဲကို ဖြေရှင်းရန် မှတ်ထားလိုက်သည်။ ထိုအရပ်တွင် ငှက်ဖျားမရှိသည်မှာ ကံကောင်းခြင်းပင် ဖြစ်သည်။ ကွမ်းသီးခြံထဲရှိ ရေတွင်းနှစ်တွင်းအနက် သောက်ရေတွင်းသည် ရေနည်းစပြုလာသည်။ ချိုးရေတွင်းနှင့် ကပ်နေသဖြင့်လည်း အဆင်မပြေဖြစ်နေသည်။ ချိုးသမျှ ရေအားလုံး သောက်ရေတွင်းထဲသို့ စီးဝင်မည် စိုးရသည်။ စိမ့်ဝင်လျှင်ကား အန္တရာယ်ဖြစ်စရာအကြောင်းမရှိ။ ကြောက်စရာကောင်းသည်မှာ ဝမ်းရောဂါပင် ဖြစ်သည်။ ရေမကောင်းလျှင် ဝမ်းရောဂါ အလွယ်တကူဖြစ်နိုင်သည်။ တိုက်ဖွိုက်ခေါ်သည့် အူရောင်ငန်းဖျားကိုလည်း ကြောက်ရသည်။ ထိုရောဂါသည်လည်း သောက်ရေသုံးရေထဲမှ ကူးစက်နိုင်သည်။

မြောက်ဘက်ကမ်းတွင်မူ အဝီစိတွင်း တူးပြီးသွားပြီ။ စခန်း၌ ၃၊ ၄ နေရာတူးကြည့်သည်။ ရေကြော မတွေ့။ သို့ကြောင့် လက်လျှော့လိုက်ရသည်။ ဤအတိုင်းဆိုလျှင် နွေရောက်သည့်အခါ ရေရှားလာမည်။ စခန်း၌ လူဦးရေကလည်း တဖြည်းဖြည်း တိုးလာသည်။

စင်ရော်တိုင်းတွင် သစ်သီးဝလံပေါသည်။ နွေဦးပေါက်တွင် အမှည့်လွန်သစ်သီးများကြောင့် ဝမ်းရောဂါဖြစ်လေ့ရှိသည်။ အသေအပျောက်အများဆုံးဒေသ ဖြစ်သည်။

"ငါတော့ တစ်ပါးကြီးကိုပဲ အားကိုးတာပဲဟေ့၊ အဲဒီအပေါ် တိုင်ကီတင်၊ တောင်ကျစမ်းချောင်းလေးကို ရေသွားတိုက်"

မြောက်ဘက်ကမ်းတွင် လူပျိုလိုင်း တစ်ဆောင်ဆောက်၍ ပြီးသွားသည်။

"ကဲ အောင်ကြီး၊ မင်းလဲ အဲဒီဘက်ကို လိုက်ပြီး ပြောင်းပေတော့၊ မင်းကောင်တွေ ထိန်းနိုင်သမျှ ထိန်းနော်၊ ဒီမှာတော့ ငါတို့ရှိနေလို့ ငြိမ်နေတာ၊ ဟိုဘက်ရောက်ရင် စူဠလိပ် ရေထဲလွှတ်မိသလိုဖြစ်ပြီး စည်းကမ်းပျက်ကုန်မှာ စိုးရတယ်၊ ရှစ်နာရီကျော်ရင် ဒီဘက်ကမ်းကို မကူးစေနဲ့"

"အတော်ပဲ ဆရာကြီး၊ ကျွန်တော်လဲ ဒီမှာ မနေချင်တော့ဘူး၊ ကိုလှမင်းကိုပဲ အုပ်ချုပ်ဖို့ ဆက်ပြီး တာဝန်ပေးပါတော့လို့ ပြောမလို့"

"ဘာဖြစ်လို့လဲကွ"

"ဟာ . . . အတိုင်အတော သိပ်ထူတာပဲ ဆရာကြီးရာ၊ အခု လိုင်းတွေမှာ တစ်ယောက်က ကြက်မွေးတော့ အားလုံး လိုက်ပြီးကြက်မွေးကြတယ်၊ တော်ကြာကြက်ဥပျောက်လို့ တိုင်တာတောတာနဲ့၊ တော်ကြာ ကြက်ပျောက်သွားပြန်ပြီ၊ ကြာညွန့်တို့က ငရုတ်ပင်၊ ချဉ်ပေါင်ပင် စိုက်တယ်၊ ဘချစ်တို့က ကြက်မွေးတယ်၊ ဘချစ်ကြက်က ချဉ်ပေါင်ပင် ဝင်ဆိတ်တယ်၊ တော်ကြာတော့ ကြာညွန့်မိန်းမနဲ့ ဘချစ်မိန်းမ ရန်ဖြစ်ကြရော"

"ဟား . . . ဟား . . . ဟား" သောင်းဒန် သဘောကျသွားသည်။

"တစ်နေ့ကလဲ မြင့်သိန်းလေးတို့လင်မယားအိပ်တာကို ချောင်းကြည့်ကြလို့တဲ့"

"ဒါတော့ မကောင်းဘူးကွ၊ နေရတာက အခန်းချင်းကပ်လို့၊ ထရံတစ်ခုပဲ ခြားတာ၊ စောင့်စည်းကြမှပေါ့ကွာ"

"မြင့်သိန်းလေးက ဓားကြိမ်း ကြိမ်းတာပေါ့ ဆရာကြီး"

"ကြိမ်းမှာပဲကွ၊ ပြောရအခက်သားလားကွာ၊ ငါက သူတို့ကို စံပြဖြစ်စေချင်တယ်၊ သူတို့ကို ရွာတည်ပေးထားတာကွ၊ ဒါပေမဲ့ ဖြစ်သလို တည်ပေးထားရတာကိုး၊ ငါ တစ်နေ့က သောင်ပြာကို ရောက်သွားတယ်၊ ဗိုလ်မှူးသိန်းအောင် လုပ်ထားတဲ့သမဝါယမကို သိပ်သဘောကျတာပဲ"

သောင်ပြာ တစ်ရွာလုံးကို ဗိုလ်မှူးသိန်းအောင်က ခြံစည်းရိုး ကာလိုက်

သည်။ စာသင်ကျောင်း၊ ဆေးခန်း၊ စာဖတ်ခန်း ထောင်ပေးသည်။ လလသသ ဆိုင်ဖွင့်ပေးသည်။ ငါးဖမ်းလုပ်ငန်း ကြီးပွားလာပြီဖြစ်ရာ တစ်ရွာလုံးလိုလို မော်တော်ပိုင် ဖြစ်လာကြသည်။ နိုင်လွန်ပိုက်များကို လူတိုင်းလိုလို သုံးနိုင် လာကြသည်။

"ငါးဖမ်းတဲ့လူက တစ်ရာတန် နိုင်လွန်စပို့ရှပ်ကို ဝတ်တာကွ၊ တစ်လော က 'လွမ်းဖွယ့်သောင်ပြာ' ဇာတ်ကားရိုက်ဖို့ မင်းသား 'လွင်သိမ်း' တို့အဖွဲ့ ရောက်လာကြတယ်၊ ငါးဖမ်းတဲ့လူဝတ်တဲ့ နိုင်လွန်စပို့ရှပ်နဲ့ မင်းသားလွင်သိမ်း ဝတ်တဲ့စပို့ရှပ် အရောင်တူပဲတဲ့၊ နောက်တော့ လွင်သိမ်း အဲဒီစပို့ရှပ် မဝတ် တော့ဘူးဆိုပဲကွ၊ မိန်းမတွေဆိုတာ ပါတိတ်ကို ခါးက မချွတ်ဘူး၊ အဲဒီမှာ လောင်းကစား မရှိစေရဘူး၊ အရင်က တရုတ်ဂျင်ဝိုင်းဟာ သောင်ပြာအထိ ရောက်တယ်၊ ခုတော့ ပိတ်လိုက်ပြီ၊ ဒါပေမဲ့လဲ သူတို့မှာ ငွေက ပေါလွန်း တော့ ကြံဖန်ပြီး လောင်းကစား လုပ်ကြသေးတာပဲတဲ့၊ အဲဒီ သောင်ပြာမှာလို ဒီကောင်တွေကို စည်းရိုးကာလိုက်ချင်တယ်၊ ပြီးတော့မှ အတင်းရိုက်ပြီး စည်းရုံးမယ်"

"ဆရာကြီးက သူတို့ကို အိမ်တစ်လုံးစီမှ ဆောက်မပေးနိုင်တာ"

အောင်ကြီး အမှတ်မဲ့ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် ထိုစကား သည် မှန်သောစကားဖြစ်သည်။ သူတို့စခန်းသည် ယာယီစခန်းမျှသာဖြစ် သည်။ အိမ်တစ်လုံးစီ မဆိုထားနှင့်၊ တဲတစ်လုံးစီပင် ထိုးမပေးနိုင်။ သစ်ဝါး အတွက် အခက်အခဲမရှိ။ အနီးဝန်းကျင်တွင် တောသစ်သားများပေါသည်။ ဝါးလည်းပေါသည်။ သို့သော်လည်း နေရာအခက်အခဲရှိသည်။ အိမ်ထောင် တစ်ရာကျော်ဆိုလျှင် စခန်းကြီးသည် ကျယ်၍သွားမည်။ မျက်စိအောက်မှာ စု၍ ထားရာကပင် ပြဿနာအမျိုးမျိုးပေါ်နေခဲ့လျှင် အလှမ်းဝေးသွားသည့် အခါ ပို၍ ထိန်းကျောင်းရ ခက်လာမည်။ လုံခြုံရေးအတွက်လည်း တာဝန်ကြီး လာမည်။

"တစ်နေ့က ပန်းရန်ကြည်အေး အလုပ်မဆင်းဘူး ဆရာကြီး၊ စင်ရော်သွားစရာရှိလို့ဆိုပြီး ခွင့်တိုင်သွားတယ်၊ ညရှစ်နာရီမှ ပြန်လာတယ်၊

ကျွန်တော် မသက်ာတာနဲ့ စုံစမ်းကြည့်လိုက်တော့ ကျီးဖြူကနေ ရှစ်မိုင်ကို သွားတယ်၊ အပြန်မှာ သောင်ဦးသူ နှစ်ယောက်ပါလာတယ်၊ မြောက်ဘက် ကမ်းက ခြံတစ်ခြံမှာ စတည်းချကြတယ်၊ မိန်းမနှစ်ယောက်က အပျိုမဟုတ် ဘူး၊ လင်ရှိ မိန်းမတွေ၊ ဒီကောင် ဘယ်နေ့ ဓားထိုးမှုဖြစ်မယ် မသိဘူး ဆရာ ကြီး၊ နောက်သုံးရက်လောက်ရှိတော့ သူ့မိန်းမနဲ့ ရန်ဖြစ်သံ ကြားရတာပဲ၊ အဲဒါလဲ မလျှော့သေးဘူး၊ နောက်နှစ်ရက်လောက်ရှိတော့ လက်သမား ကျော်ငြိမ်းနဲ့ ကျီးဖြူကို ညအိပ်သွားတယ်လို့ သတင်းရတယ်၊ ကျွန်တော် စိတ်ကုန်တယ် ဆရာကြီး၊ မြောက်ဘက်ကမ်း ပြောင်းရတာပဲ ကောင်းတယ်"

"ဒီကောင် မှတ်ထားကွာ၊ နောက်တစ်ခါဆိုရင် ရန်ကုန်ပြန်ပို့လိုက် တော့မယ်"

"ဒီလိုလဲ မဖြစ်ဘူး ဆရာကြီး၊ သူက အထဲမှာ ပွေတာ မဟုတ်ဘူး၊ အပြင်ဘက်မှာ ပွေတာ"

"အေး . . . ဒါတော့ ဟုတ်တယ်၊ အလုပ်ထိခိုက်မှာ စိုးလို့ပါကွာ၊ တစ်ခုတော့ ရှိတယ်၊ အလုပ်မှာ ဘယ့်နှယ်နေသလဲ၊ အဲဒါ စောင့်ကြည့်၊ အလုပ် ပျက်ကွက်ရင်တော့ သည်းမခံနိုင်ဘူး၊ ဒီကောင့်ကို ခဏခဏ ခွင့်မပေးနဲ့၊ ဘယ်သူ့အဖွဲ့ကလဲကွ၊ ဒေးဗစ်အဖွဲ့ကနဲ့ တူတယ်၊ ငါ မှာထားမယ်"

အောင်ကြီးသည် လူပျိုဆောင်ရှိရာ မြောက်ဘက်ကမ်းသို့ ပြောင်း သွားသည်။ သူ့အစား လှမင်းအား စခန်းလူမှုရေးကို တာဝန်လွှဲပေးခဲ့သည်။ ခင်ခင် နှုတ်ခမ်းစူသည်။

"ဘာအလုပ်မှ မရှိပါဘူးဟာ၊ သတင်းပလင်း စနည်းနာဖို့ပါပဲ၊ လင် မယားရန်ဖြစ်တာ ဝင်ပြီးစေ့စပ်၊ အရက်မူးရမ်းရင် ခေါ်ပြီးကြိမ်း၊ မရရင် ငါ့ လာပြော၊ နင့်ယောက်ျား ဒါလောက်တော့ ထိန်းတတ်ပါတယ်"

ထိန်းသိမ်းရေးတာဝန်ကို လှမင်းယူပြီး နောက်နှစ်ရက်ခန့်ရှိလျှင် အလုပ်သမားကိုမြကြီး စင်ရော်၌ မူးရမ်းနေကြောင်း သတင်းရသည်။ ထို့ကြောင့် လှမင်းသည် သောင်းဒန်ထံသို့ ရောက်လာသည်။ သောင်းဒန်က အောင်ကြီးကို အခေါ်ခိုင်းလိုက်သဖြင့် အောင်ကြီးပါ ရောက်လာသည်။

"ကဲ၊ မြကြီးအကြောင်း မင်းသိသလောက် ပြောစမ်း၊ ဒီလို မူးပြီး ရမ်းတာ ဘယ်နှခါရှိပြီလဲ"

"ခဏ ခဏ မူးတယ် ဆရာကြီး၊ မော်တော်ပေါ်က ထမ်းတင်ရတဲ့ အကြိမ်ပေါင်းကို မရေနိုင်တော့ဘူး၊ တစ်နေ့ကလဲ လူပျိုလိုင်း အုန်းမောင် အခန်းထဲ ဝင်အိပ်တယ်၊ ငွေ ၂၁ ကျပ် ပျောက်သွားတယ်၊ သူ့ကိုပဲ စွပ်စွဲတာပဲ"

"ဒါဖြင့် ထုတ်ကွာ၊ ရန်ကုန် ပြန်ပါစေ"

နောက်တစ်နေ့တွင် ဒေးဗစ်နှင့်သန်းမောင်တို့ လာ၍ တောင်းပန်ကြသည်။ မြကြီးမိန်းမကလည်း လာ၍ တောင်းပန်သည်။

ဒီတစ်ခါ နောက်ဆုံး ဖြစ်ပါစေ။

လှမင်းသည် အလုပ် ပိုလုပ်လာရသည်။ လိုင်းများကို နှစ်ည တစ်ခါလို ဝင်၍ စစ်ဆေးရသည်။ တစ်ညတွင် ညစောင့် ဦးဘစန်းမိန်းမ မချို မီးဖွားခါ နီးပြီမို့ တစ်ညလုံးမီးပေးရန် ကြည်အေး လာ၍ပြောသည်။ ကြည်အေးနှင့် ဦးဘစန်းတို့သည် အောက်ဆုံးလိုင်း ရေပြာသောင်တွင် နေကြသည်။ ထိုည သုံးနာရီလောက်တွင် လှမင်း အိပ်ရာမှ နိုးသည်။ အောက်လိုင်းဆီက စကား ပြောသံကြားသဖြင့် မီးဖွားပြီလားဟု လက်နှိပ်ဓာတ်မီးဆွဲကာ ဆင်းကြည့်သည်။ ကြည်အေးအခန်းတွင် ဖဲဝိုင်းတွေ့ရလေသည်။ ဝိုင်းထဲ၌ ငွေ ၂၀၀ ခန့် ရှိနေသည်။ နှစ်ဆယ့်တစ်ပေါက်ကို ကြည်အေးက ဒိုင်ခံနေသည်။ ဦးဘစန်း၏မိန်းမ မချိုကား မီးမဖွားသေး။ ဗိုက်ပင်မနာ။ နောက်တစ်နေ့ နေ့လယ်တွင်မှ မချို မီးဖွားသည်။ ထိုအဖြစ်အပျက်ကို သောင်းဒန်အား တင်ပြလိုက်သည်။

"အတော်ဆိုးတဲ့ ကောင်တွေကွာ၊ အားလုံးကို ဒုက္ခပေးတယ်၊ လှဖေကို သနားဖို့ကောင်းတယ်၊ သူ့ခမျာ စေတနာနဲ့ တစ်ညလုံး မီးစက်မောင်း ပေးရတယ်၊ ကြည်အေး ဆရာလုပ်တာ နေမှာပဲ၊ ဦးဘစန်းကော ပါလားကွ"

"ပါဟန် မတူပါဘူး ဆရာကြီး"

"ဘာလုပ်ရင် ကောင်းမလဲ၊ အပြစ်တော့ ပေးရမယ်၊ ဒီတိုင်း ကြည့်နေလို့ မဖြစ်ဘူး"

"ဒဏ်တပ်လိုက်ပေါ့ ခင်ဗျာ"

"အေးကွာ ကောင်းတယ်၊ ဒိုင် သုံးဆယ်၊ ထိုးသား နှစ်ဆယ်ပေါ့၊ ဒီကောင်တွေ ဘယ်က ပိုက်ဆံရသလဲကွ၊ တယ်ဖြိုးပါလား"

"ငွေစုငွေချေးအသင်းက လာပြီး ပိုက်ဆံချေးသွားကြတာ ဆရာကြီး၊ ဒါကြောင့် ပေါနေတာပေါ့"

"အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ မိန်းမလိုက်တယ်၊ စုံရောကွာ၊ ဘိန်းခန်းထောင်ဖို့ပဲ ကျန်တော့တယ်"

သိကြားမင်းကြီး နားကင်းနဲ့ ဆင်းတားလျှင်တောင် မရနိုင်။ အလွန်အကျွံမဖြစ်စေဖို့သာ ထိန်းရခြင်း ဖြစ်သည်။ မဲဇာတွင် ရောက်နေရာ တတ်နိုင်သမျှ ပျော်ရာရှာနေကြခြင်းပင် ဖြစ်သည်။ သူတို့ကား တာဝန်ရှိသူများမဟုတ်။ သောင်းဒန်သာ တာဝန်ရှိသူ ဖြစ်သည် မဟုတ်လား။ သူတို့တစ်တွေ တံတားပြီးမြောက်ရေး စိတ်ဝင်စားလာအောင် ဘယ်လိုလုပ်ရမလဲ။ သောင်းဒန် စိတ်ကူးသည်။ အကြံထုတ်သည်။ အသိစိတ်ရှိမှ ဖြစ်မည်။ အသိစိတ်ဝင်အောင် ဟောရ ပြောရမည်။ သို့သော် အချိန်ရှိသရွေ့ ဟောနေပြောနေနိုင်သည် မဟုတ်။ အထူးသဖြင့် ယခုလို ခေတ်ပြောင်းတော်လှန်ရေးအချိန်အခါတွင် ဆိုရှယ်လစ်အသိစိတ်ဓာတ် သွင်းပေးရန် လိုသည်။ ထို့ကြောင့် တတ်နိုင်သမျှ ဟောပြောရန် ဆုံးဖြတ်လိုက်ရသည်။

စနေနေ့မနက် တန်းစီကာ နိုင်ငံတော်အလံ အလေးပြုသည့်အခါ သောင်းဒန်သည် သူတို့အားလုံးကို ဆိုရှယ်လစ်အသိစိတ်ဓာတ်ရှိရန် တတ်သမျှ၊ မှတ်သမျှ ပြောဟောရလေသည်။

ဆိုဗီယက်ရုရှားပြည်မှာ ၁၉၃၅ ခုနှစ်က စတာခါနိုဗိုက် လှုပ်ရှားမှုဆိုတာ ပေါ်ခဲ့တယ်။ ကျောက်မီးသွေးတွင်းတူးသမား အလက်ဆီစတာ ခါနော့ကိုအစွဲပြုပြီး ပေါ်လာရတဲ့လှုပ်ရှားမှုပဲ။ စတာခါနော့ဟာ ဆိုရှယ်လစ်လောကတည်ဆောက်ရေးအတွက် လုပ်အားအများကြီးပေးရမဲ့အချိန်မှာ တစ်နေ့တည်း ကျောက်မီးသွေး ၁၀၂ တန် တူးပြလိုက်တယ်။ စံချိန်ဟောင်းထက် ၁၄ ဆ ပိုလာတယ်။ အဲဒီအချိန်ကစပြီး ဆိုဗီယက်ယူနီယံမှာ အလုပ်သမား သူရဲကောင်းတွေ အများကြီးပေါ်ခဲ့တယ်။ စတာခါနိုဗိုက်လှုပ်ရှားမှုကြောင့် ဆိုရှယ်

လစ်လုပ်အားဟာ အံ့ဩစရာကောင်းလောက်အောင် တိုးတက်လာတယ်။ အဲဒီလှုပ်ရှားမှုဟာ ဆိုဗီယက်ယူနီယံမှာ ဆိုရှယ်လစ်စနစ်ကနေပြီး ကွန်မြူနစ်စနစ်ကို ကူးပြောင်းရေးအတွက် လမ်းခင်းပေးခဲ့တယ်လို့ဆိုကြတယ်။

"အခု တို့ဆီမှာလဲ လုပ်သားသူရဲကောင်းတွေပေါ်ဖို့ အချိန်တန်နေပြီ၊ ကိုယ်ကျိုးစွန့်ပြီး အများအတွက် အနစ်နာခံမဲ့လူတွေ လိုနေတယ်၊ ကြိုးစားကြဖို့ပဲ"သည်မျှသာ ပြောနိုင်သည်။ သည့်ထက်ပို၍ ဆိုရှယ်လစ်စနစ်အကြောင်းကို သူမပြောတတ်။ အလုပ်သည်သာ အရေးအကြီးဆုံးဖြစ်သည်ကိုကားနားလည်သည်။ အလုပ်လုပ်ကြရမည်။ ကုန်ထွက်ပိုအောင်လုပ်နိုင်မှ တန်ကာကျမည်။ စားသုံးသူက များပြီး ထုတ်လုပ်သူက နည်းနေသည်။ စက်မှုလုပ်ငန်းများ တစ်ခုပြီးတစ်ခု ထူထောင်ရမည်။ ယင်းမှာ ယေဘုယျသဘောဖြစ်သည်။ လုပ်နည်းလုပ်ဟန်ပိုင်းတွင် အောင်မြင်စွာ ခေါင်းဆောင်မှုပေးနိုင်ဖို့လိုသည်။ ဒါတွေ ထားတော့။ ယခု အရေးကြီးသည်မှာ စင်ရော်တံတား မြန်မြန်ပြီးရေးပင်ဖြစ်သည်။

အောင်ကြီးသည် ကွန်ကရစ်ရက်မများ လောင်းရန် သစ်သားပုံစံများ အသင့်ပြင်နေပြီး တောင်ဘက်ကမ်း၌ နဂိုက ပေ ၁၀၀ ရက်မ ၁၀ ချောင်း လုပ်ရန် ဖြစ်သော်လည်း ယခုမူ တိုင် ၁ ပေ ၃၀ ရွှေ့လိုက်သဖြင့် ပေ ၇၀ ရက်မ ၆ ချောင်း၊ ပေ ၁၀၀ ရက်မ ၅ ချောင်း၊ စုစုပေါင်း ၁၁ ချောင်း လုပ်ရမည်ဖြစ်သည်။ သောင်းဒန်သည် ကွန်ကရစ်လောင်းရန်အတွက် သဲ၊ ကျောက်၊ ဘိလပ်မြေတို့ လုံလောက်အောင် စုဆောင်းခဲ့ရာ ယခုအသင့်ဖြစ်နေသည်။ ထို့ကြောင့် ယနေ့ပင် စ၍လောင်းရန် ခိုင်းသည်။

အော်တိုကိုင်ဇာ ဘိလပ်မြေဖျော်စက်ကြီးသည် မညည်းမညူပင် တာဝန်ကို ထမ်းဆောင်လျက် ရှိသည်။ ပုံစံများ နေသားကျ၊ မကျ သောင်းဒန် စစ်ဆေးသည်။ အလယ်၌ သံမဏိကြိုးများသွင်းရန် ပိုက်လုံးများ ထည့်သည်ကိုလည်း စစ်ဆေးသည်။ ကျောက်ခွဲစက်ကြီးကလည်း ကျောက်စရစ် အရွယ်အစား ကျောက်တုံးကလေးများ ခွဲထုတ်ပေးနေသည်။ သဲပုံကြီးမှ သဲသယ်သူ၊ ကျောက်သယ်သူတို့ လက်မလည်နိုင်အောင် ဖြစ်နေကြသည်။ ဘိလပ်မြေ

ဖျော်စက်ကြီးထဲသို့ ရေတွင်းမှ ရေကို ရေစုပ်စက်ဖြင့်စုပ်ကာ တိုက်ရိုက် ပိုက်လုံးဖြင့် လောင်းထည့်သည်။ ရေသယ်မည့်သူများ မလိုတော့။ ပန်းပဲဖို၊ ဝန်ချီစက်ကြီး တစ်ခုကို ရက်မအလယ်တွင်ထားကာ ဘိလပ်မြေဖျော်စက်ကြီးထဲမှ ဖျော်ထုတ်သမျှ ကွန်ကရစ်တို့ကို ကရိန်းကြီးဖြင့်ချည်၍ ရက်မဟိုဘက်အစွန်း လောင်းလိုက်၊ သည်ဘက်အစွန်းလောင်းလိုက် တစ်လှည့်စီလောင်းသည်။ အပြတ်ခံ၍မရ။ တစ်နေကုန်လောင်းမှ ရက်မတစ်ခု အနိုင်နိုင်ပြီးသည်။ လုပ်ငန်းသည် အရှိန်ရလျက် ရှိသည်။ အလုပ်ရုံ၊ သံချိသံကွေးများ၊ ဂဟေဆက်သမားများ တက်ညီလက်ညီ သူ့လုပ်ငန်းနှင့်သူ မနားရအောင် ရှိနေသည်။ ရက်မပုံ လောင်းပြီးလျှင် ၂၄ နာရီရှိလျှင် ဘိလပ်မြေ သိပ်သွားမည် ဖြစ်သည်။ ကွန်ကရစ် အသားသေအောင် ၂၈ ရက် ထားရမည်။ ထို့နောက်တွင်မှ အားဖြည့်သံမဏိကြိုးများကို ပိုက်လုံးများ၌သွင်းကာ ဆွဲဆန့်ရမည်။ ဤလုပ်ငန်းတွင် အတွက်အချက်လိုသည်။ သဲ၊ ကျောက်၊ ဘိလပ်မြေ အရောအစပ်အတွက် ကြိုက်သည့်အချိုးအစားရအောင် စမ်းသပ်ရသေးသည်။

သို့နှင့် လွတ်လပ်ရေးပွဲ နီး၍လာခဲ့သည်။ လွတ်လပ်ရေးပွဲတွင် စင်ရော်၌ အရက်မူး၍ မရမ်းကားရန် ကြိုတင်သတိပေးထားရသည်။ စင်ရော်နှင့် တံတားစခန်းကား အိမ်ဦးကြမ်းပြင် ဖြစ်နေကြပြီ။

လက်သမားသန်းဖေသည် ရောက်စက ပျဉ်ထမ်းရာမှ ပျဉ်ကျသဖြင့် ခြေထောက်တွင် ဒဏ်ရာရရာ စင်ရော်ဆေးရုံသို့ တက်၍ ကုရသည်။ ဆေးရုံတက်ရင်းက စင်ရော်ဈေးထဲမှ ငါးသည်ခင်ဝေနှင့် မိတ်ဆွေဖြစ်သည်။ ခင်ဝေ၏အဖေလည်း ဆေးရုံသို့ တက်နေရသဖြင့် ညနေတိုင်း ထမင်းလာပို့သည်တွင် အိပ်ရာချင်းယှဉ်နေသော သန်းဖေနှင့် မျက်မှန်းတန်းမိသည်။ ခင်ဝေသည် အပျို မဟုတ်။ တစ်ခုလပ် ဖြစ်သည်။ သူ့ယောကျာ်းသည် တပ်ရင်း (၄၆၀) မှ ရဲဘော်တစ်ယောက် ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်ခန့်က စင်ရော်သို့ရောက်လာသော တပ်ရင်း (၄၆၀) တပ်ခွဲ (၂)မှ ရဲဘော်ဇော်မြင့်နှင့် အိမ်ထောင်ကျသည်။ တစ်နှစ်ခန့် ပေါင်းသင်းလိုက်ရသည်။ တပ်ပြောင်းသည့်အခါ ခင်ဝေ လိုက်မသွား။ မိဘများက မထည့်။ သားသမီးကလည်း

မရ။ ရဲဘော်ဇော်မြင့်နှင့် ကွဲသည်လဲ မဟုတ်။ ပြတ်စဲသည်လဲ မဟုတ်။ ဇော်မြင့်တပ်သည် လားရှိုးဘက်သို့ ပြောင်းရသည်။ ခင်ဝေ လိုက်မသွားနိုင်။ သို့နှင့် တစ်ခုလပ် ခင်ဝေသည် အလုပ်တိုးလာသည်။ သွားစကမူ ဇော်မြင့်ကို လွမ်းသေးသည်။ ကြာသော် အမှတ်မရတော့။ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်ရာ ဆေးရုံတက်လာသော သန်းဖေနှင့် တွေ့သည်။ ဆေးရုံမှ ဆင်းချိန် တန်ပြီဖြစ်သော်လည်း သန်းဖေ မဆင်းသေး။ ဆင်းလျှင် အနာအကင်း မသေသေးသဖြင့် ဆေးထိုးရန် လိုသည်ဆိုကာ စင်ရော်တွင် သောင်တင်နေသည်။ စောသာအေးနှင့် နော်ဖောလာတို့ လိုက်၍ခေါ်ရသည်။ ထို့နောက် သန်းဖေသည် စင်ရော်သို့ ခဏခဏသွားသည်။ လွတ်လပ်ရေးပွဲမစခင် တစ်ရက်ကမူ သန်းဖေသည် စင်ရော်သူ ခင်ဝေကို ခိုးလာသည်။ ခိုးလာသည်ကို သောင်းဒန်နှင့် ပက်ပင်းပါတွေ့သည်။

ထိုညက သောင်းဒန်သည် ထမင်းစားပြီး ရုံးဆီသို့ ဆင်းလာသည်။ အထွေအထူး အကြောင်းမရှိ။ အညောင်းပြေ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ ရုံးထိပ်မှ ကွမ်းသီးခြံဘေးဆီသို့ ပြန်လှည့်လာသည့်အခါ ရေပြာဆောင်ဆီသို့ တက်သွားသော လူတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်သည်။ ထို့ကြောင့် သောင်းဒန် အပြေးလိုက်သည်။ မမီလိုက်။

"ဟေ့ ဒီနား လူတစ်ယောက် တက်လာတာ မမြင်လိုက်ကြဘူးလား"

ဘယ်သူမှ မမြင်လိုက်ကြ။ မမြင်လိုက်ဆိုသည်နှင့် သောင်းဒန် ပို၍ ခေါင်းရှုပ်သွားသည်။ လရောင်ဖွေးဖွေးတွင် ရိပ်ခနဲမြင်လိုက်ရသည်မှာ အမှန်ဖြစ်သည်။ သူ့မျက်စိက သူ့ကို လှည့်စားလေသလား။ မဟုတ်နိုင်။ ဥစ္စာစောင့်များလား။ ငါ့ကို ကိုယ်ထင်ပြပြန်ပြီနဲ့ တူတယ်။

ထို့ကြောင့် အိမ်သို့ မြန်မြန်ပြန်လာပြီး လှမင်းကို အခေါ်ခိုင်းလိုက်သည်။ လှမင်းရောက်လာလျှင် သူ တွေ့ခဲ့သည့် လူရိပ်အကြောင်းကိုပြောပြီး စုံစမ်းခိုင်းလိုက်သည်။

"ရေပြာဆောင်နဲ့ သောင်ဦးဆောင် နှစ်ခုအကြား ဝင်သွားတာကွာ၊ ငါ စိုးရိမ်တာက ဟိုဘက်ကမ်းကကောင်တွေ ဒီဘက်လာပြီး ရှုပ်ရှုပ်ယှက်ယှက်

လုပ်မှာ ကြောက်တယ်"

မကြာမီ လှမင်း ပြန်လာသည်။ သူ့မျက်နှာသည် ပြုံးနေသည်။

"ဘာလဲကွ"

"သန်းဖေ စင်ရော်ကမိန်းမခိုးလာတာ ဆရာကြီး၊ အိပ်စရာနေရာ မရှိလို့ နေရာလာရှာတယ်"

"တယ်ရှုပ်တဲ့ ကောင်တွေပဲ၊ ဘယ်ကဟာတွေ ခေါ်လာမှန်း မသိဘူး၊ အလွတ်အလပ် ဟုတ်ရဲ့လားကွာ"

လှမင်းက အကြောင်းစုံ ရှင်းပြသည်။

"ခုညတော့ နေရာပေးစရာ မရှိသေးဘူး၊ ဘယ်လိုလုပ်မလဲ၊ သူ့မိန်းမက အခု ဘယ်မှာလဲ"

"လှေထဲမှာ ဆရာကြီး"

"ဒါဖြင့် လှေထဲ အိပ်ပေါ့ကွာ"

"ကျွန်တော် ကြည့်စီစဉ်လိုက်ပါမယ်"

သန်းဖေယူမည့်မိန်းမအကြောင်းကို ကြားရသည့်အခါ သူချမှတ်ထားသော စည်းကမ်းနှင့် ညီ၊ မညီ မေးမြန်းကြည့်ပြန်သည်။

"ရဲဘော်နဲ့ ပြတ်ပြီ ပြောတာပဲ ဆရာကြီး၊ သူတို့သဘောနဲ့ သူတို့ ကြိုက်ကြ၊ သူတို့သဘောနဲ့ သူတို့ယူလာကြတာပဲ ဆရာကြီးရယ်၊ ပူမနေပါနဲ့"

"ပူရတယ်ကွ၊ တော်ကြာ သူများမိန်းမ ခိုးလာလို့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်နေမယ်၊ အခု ဒီကောင် ခိုးလာတာက ရဲဘော်မိန်းမကွ၊ တော်ကြာ မပြတ်စဲသေးပါဘူးဆိုပြီး သွေးဆောင်ဖြားယောင်းမှုနဲ့ တရားစွဲနေမှ ဟုတ်ပေ့ဖြစ်နေမယ်"

"သူတို့ တာဝန်နဲ့ သူတို့ပေါ့ ဆရာကြီးရယ်"

"အေးလေကွာ၊ ဒါဖြင့်လဲ ပြီးတာပဲ"

သည်ကိစ္စများအတွက် သောင်းဒန် ခေါင်းရှုပ်မခံစေချင်ဟု လှမင်းနှင့် အောင်ကြီးတို့ သဘောပေါက်နေကြသည်။ ထို့ကြောင့် တချို့ကိစ္စများကို သောင်းဒန်အား အသိမပေးဘဲ သူတို့ဘာသာ ဖြေရှင်းပေးလိုက်ကြသည်။

ဆိုးဆိုးရွားရွားကိစ္စများ ဖြစ်လာမှ သောင်းဒန်ကို အသိပေးသည်။

သို့ရာတွင် စက်ပြင်ဘသန်းကိစ္စမျိုး၌ကား သောင်းဒန်ကို အသိပေးရသည်။ သောင်းဒန်၏အဆုံးအဖြတ်သည် မှန်သည်ဟု သူတို့အားလုံးထောက်ခံကြသည်။

ဘသန်းကိစ္စမှာ နောက်လာသည့် စက်ကြီးမောင်း အေးမောင်အဖြစ်နှင့် အတူတူပင် ဖြစ်သည်။ အေးမောင်သည် သောင်ဦးတွင် မယားငယ်လေး မခင်စန်းကို ယူခဲ့သည်။ ရန်ကုန်၌ မယားကြီး မခင်သန်း ရှိသည်။ မယားကြီး မခင်သန်းက ကြည်ကြည်ဖြူဖြူပင် မခင်စန်းကို လက်ခံသည်။ ညီမအရာထားသည်။ သူက ရာထူးကြီးသွားပြီ။ သူသည် နံပါတ်တစ် မယား။ မခင်စန်းသည် နံပါတ်နှစ်မယား။ သူတို့ အိုးအိမ်ထောင်တစ်ခုလုံး ရန်ကုန်မှပြောင်းလာကြသည်။ သောင်းဒန် လက်ခံလိုက်သည်။ သူတို့ကိစ္စ သူတို့ဖြေရှင်းခဲ့ပြီးဖြစ်သည်။

အကယ်၍ သူ့လက်ထက်၌ ထိုကိစ္စမျိုးပေါ်ခဲ့သော် ခွင့်ပြုချင်မှ ခွင့်ပြုမည်။ မယားကြီး မျက်စိရှေ့တွင် မယားငယ်ထားသည်မှာ အကြောင်းမဟုတ်လှ။ မယားကြီးကွယ်ရာတွင် မယားငယ်ထားသည်မှာ သူတို့နှင့်ဆိုင်သည့်ကိစ္စဖြစ်သည်ဟု သောင်းဒန် သဘောထားသည်။ "လူကြီးတွေရှိလျက်နှင့် မပြောကြဘူးလား၊ လူကြီးတွေကပါ မြှောက်ပေးတာလား"ဟု သောင်းဒန်တို့အားကဲ့ရဲ့ကြလိမ့်မည်။ အပြစ်တင်ကြလိမ့်မည်။ ထိုအဖြစ်မျိုး အရောက်မခံနိုင်။

စက်ပြင် ဘသန်းသည် စင်ရော်မှ မိန်းမတစ်ယောက် ခိုးလာသည်။ ထိုမိန်းမကား အလွတ်အလပ်မဟုတ်။ သမီးလေးတစ်ယောက်ပင် ပါလာသေးသည်။ ဘသန်းသည်လည်း အလွတ်အလပ်မဟုတ်။ ရန်ကုန်တွင် သားမယားထားခဲ့ကာ လူပျိုယောင်ဆောင်၍ စင်ရော်သို့ လိုက်လာသူဖြစ်သည်။

"ဒါတော့ ငါ လက်မခံနိုင်ဘူး၊ မင်း ရန်ကုန်ပြန်ပေတော့၊ ဒါမှမဟုတ်လည်း တို့စခန်းထဲ အဝင်မခံနိုင်ဘူး၊ မင်းဘာသာ စင်ရော်ကနေ အလုပ်ဆင်း၊ ဒါလဲ မဖြစ်နိုင်ဘူး၊ တို့အလုပ်က နှစ်ဆယ့်လေးနာရီ အလုပ်၊ ဒီတော့ ရန်ကုန်ပြန်ပေါ့ကွာ"

ဘသန်း ရန်ကုန်သို့ ပြန်သွားသည်။ မယားငယ်ကလေးကို ခေါ်သွားသည်ဟု သိရသည်။ ယခု ဘသန်း ပြန်လာချင်သည်။ ရန်ကုန်တွင် လွယ်လွယ်နှင့် အလုပ်မရ။ မယားငယ်လေးတွင် ပါသမျှ လက်ဝတ်လက်စားနှင့် ငွေတို့ကို သုံးစွဲပြီး၍ ခါလီကျနေပြီ။

“ဘယ်ဖြစ်မလဲကွာ၊ သူ့ကောင်မလေး ဘယ်ရောက်နေသလဲ၊ ရန်ကုန်မှာ သောင်တင်နေမှာပေါ့၊ ဒီကောင့်ကိုတော့ ငါ ခေါ်ချင်ပါတယ်၊ ဒီကောင့်အလုပ်ကို ငါ ကြိုက်တယ်၊ ဒါပေမဲ့ သူ ဒီပြန်လာတော့ စင်ရော်ကို သွားရဲမလားကွ၊ တို့က စင်ရော်နဲ့ကင်းလို့ ဖြစ်မလားကွ”

ခွင့်လွှတ်ရ အခက်။ ခွင့်မလွှတ်ရ အခက်။ အလုပ်နှင့် လူမှုရေးတို့ ရောထွေးနေသည်။

“ဒီကောင်တွေ လူစေ့တက်စေ့ အလုပ်နဲ့လက်နဲ့ မပြတ်အောင် ပေးထားမှဖြစ်မယ် လှမင်း”

× × × × ×

## ၂၇

လွတ်လပ်ရေးပွဲပြီးလျှင် သောင်းဒန် ရန်ကုန်သို့သွားသည်။ လိုက်ချင်သူများကို အလုပ်တာဝန်နှင့် ခေါ်လာခဲ့သည်။ အောင်ကြီးနှင့် မြင့်သိန်းလေး ပါလာသည်။

ကွန်ကရစ်ရက်မနှစ်ခု လောင်းခဲ့ပြီးပြီ။ ပြန်မှပင် ဆက်၍ လုပ်ကြမည်။ ထို့ကြောင့် အောင်ကြီး အနည်းငယ် တာဝန်ပေါ့နေသည်။ အောင်ကြီး တစ်ယောက်တည်းနှင့်လဲမဖြစ်။ ရက်မလောင်းသည့်နေရာတွင် အစအဆုံး သောင်းဒန် ဂရုစိုက်ရသည်။ အလစ်ဟင်းခံ၍ မရ။ တံတား၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့် အထူးဂရုစိုက်ရသည်။

"အောက်ဆီဂျင်အိုးတွေ ဖြည့်ရအုံးမယ်၊ တစ်လောက တစ်ခါဖြည့်ပြီးပြီ၊ ပြီးတော့ ပွန်တွန်းလိုတယ်ကွာ၊ တို့ ရေလယ်တိုင်အတွက် အဲဒါမရရင် မဖြစ်ဘူး၊ တာကောတံတားကတော့ တချို့ရောက်လာပြီ၊ တိုင်နံပါတ် ၄ အတွက် ပွန်တွန်းပြည့်စုံမှ ဖြစ်မယ်၊ မြင့်သိန်းလေးကို အောက်ဆီဂျင်အိုးတွေ အတွက် တာဝန်ပေးလိုက်၊ မင်းက ပွန်တွန်းရဖို့လိုက်၊ ငါတစ်ယောက်တည်း ဆိုတော့ မအားဘူး၊ ဌာနချုပ်ရောက်ရင် လူကြီးတွေကို တော်တော်နဲ့ တွေ့နိုင်တာ မဟုတ်ဘူး၊ တွေ့ပြန်တော့လဲ လူမစုံလို့ စကားမပြောရဘူး"

အောက်ဆီဂျင်အိုးများ၊ အက်ဆီတလင်းအိုးများမှာ သံဖြတ်ရာတွင် အသုံးပြုရသည့် ဓာတ်ငွေ့အိုးများ ဖြစ်သည်။ မကြာခဏ ဖြည့်နေရသည်။

အခွံပြန်ယူကာ စက်ရုံသို့ ပို့ပေးမှ မြန်မြန်ရသည်။ သို့မဟုတ်လျှင် ၃၊ ၄ လ စောင့်ရတတ်သည်။

ဌာနချုပ်တွင် သောင်းဒန်သည် နောက်ဆုံးအခြေအနေကို အစီရင်ခံသည်။ သူနှင့်အတူ မြေစမ်းအဖွဲ့ ခေါင်းဆောင် ဦးဝင်းနိုင်လည်း ပါလာသည်။ တိုင် ၁ အခက်အခဲ မရှိ။ တိုင် ၄ အခက်အခဲ ရှိမည် မထင်။ ပေ ၃၀ လောက်၌ ကျောက်စရစ်နှင့် သဲကြမ်းများ ရှိသည်။ နုန်း ရှိသည်။ သို့သော်လည်း တိုင် ၄ အတွက် အရေးကြီးသည်မှာ ပွန်တွန်းဖြစ်သည်။ ပွန်တွန်း ခေါ်ဖော့သမ္ဗန်ကြီးများရုံကာ ကွန်ကရစ်တိုင် လောင်းရမည်။ ပြီးမှ ရေထဲသို့ တဖြည်းဖြည်း ချရမည်။ ပွန်တွန်းသမ္ဗန်များများ လိုသည်။ ယင်းတို့အပေါ်၌ စက်အမျိုးမျိုး တင်မည်။ သံပေါင်များက မြေသို့ မထိသေးသည့် ကွန်ကရစ်တိုင်ကို ထိန်းထား၊ ဆိုင်းထားမည်။

"အခု လုပ်ငန်းကတော့ ချဉ်းကပ်လမ်း နှစ်ခု ဒီနှစ်ထဲ အကြမ်းပြီးသွားအောင် စလုပ်နေတယ်၊ မိုးမကျခင် ပေါက်သွားမယ်လို့ မျှော်လင့်တာပဲ၊ စင်ရော်နဲ့ တံတားချဉ်းကပ်လမ်းဆိုရင် နှစ်ဖက်ပြိုင်ပြီး ဖောက်နေတယ်၊ ပွန်တွန်း မြန်မြန်ရရင်တော့ တိုင် ၄ ကို စမယ် စိတ်ကူးတာပဲ"

သောင်းဒန်သည် ဌာနချုပ်၌ ဤအတိုင်း အစီရင်ခံသည်။

"တို့လဲ အဲဒီပစ္စည်းတွေ စုနေတာပဲ၊ မီးရထားကတော့ရှမှာ သေချာတယ်၊ ဂျိန်ဖော့တိုင်းမှာ တစ်ခု ရှိနေတယ်၊ ပို့လိုက်ဖို့ မှာထားတာကြာပြီ"

"ဦးသော်ကောင်းဆီက စာ ကျွန်တော် ရပါတယ်၊ ပွန်တွန်း မပို့နိုင်သေးဘူးတဲ့၊ လီဒိုလမ်းမှာ တံတားတစ်ခု မီးရှို့ခံရလို့ အဲဒီပွန်တွန်းနဲ့ပဲ ကားတွေကူးနေရတယ်တဲ့၊ စစ်တပ်က စစ်ဆင်ရေးအတွက် အရေးကြီးနေတယ်ပြောတယ်၊ ဒါ့ကြောင့် ဒီလမ်းမှာ ပွန်တွန်းရှိမှ ဖြစ်မယ်ဆိုတာပဲ"

"ဒါဖြင့်လဲ တခြားရတဲ့ဆီက ရှာရမှာပေါ့ကွာ၊ ပရသဖတို့ ဆည်မြောင်းတို့လဲ မေးကြည့်အုံးမယ်"

"အခုနေတော့ အလုပ်သမားတွေကို အလုပ်နဲ့လက်နဲ့မပြတ်အောင် ခိုင်းထားနိုင်သေးတယ်၊ ခိုင်းထားမှလဲ ဖြစ်မယ်၊ မခိုင်းရင် အလကား

လေလွင့်ကုန်မှာပဲ”

လူကြီးစုံရာ အခန်းထဲမှထွက်လာပြီးနောက် တာဝန်ရှိသူအကြီးအကဲ တစ်ယောက်နှင့် သောင်းဒန် ဝင်၍တွေ့သည်။

“အစည်းအဝေးခန်းထဲမှာ ပြောလို့ မကောင်းလို့ မပြောတာ၊ သော်ကောင်း ဘယ်တော့ ကျွန်တော့်ဆီရောက်မှာလဲ”

“မင်း ဘာလို့ သော်ကောင်းချည်း နာမည်တပ် ပြောနေရတာလဲ၊ တို့ စဉ်းစားနေပါတယ်ကွာ၊ မကြာခင် ဖြစ်ရမှာပေါ့၊ မင်းက လူကြားထဲ သော်ကောင်းမှလိုချင်တယ်၊ သော်ကောင်းမှ လိုချင်တယ်ဆိုတော့ ခက်တာ ပေါ့”

“သော်ကောင်းက ဒါတွေ တတ်တာကိုးခင်ဗျ၊ ကြိုတင်အားဖြည့် ကွန်ကရစ်သီအိုရီလဲ တတ်တယ်၊ အလုပ်လဲ လုပ်တယ်”

တခြားလူများရှေ့တွင်ဆိုလျှင် ဒီစကားမျိုးကို သောင်းဒန် မပြောရဲ။ တခြားလူတွေရော မတတ်ဘူးလား၊ တခြားလူတွေကော အလုပ်မလုပ်ကြ ဘူးလား။ ဤသို့ ပြန်မေးလျှင် အဖြေရ မခက်ပါလား။ တခြားလူများကို အသုံးမကျဟုန် ပြောရာမရောက်ပါလား။

သည်လိုတော့ ပြောလိုရင်း မဟုတ်။ သော်ကောင်းနှင့် သူ စိတ်တူ ကိုယ်တူဖြစ်သည်မို့ သံယောဇဉ် တွယ်နေခြင်းသာ ဖြစ်သည်။ ဌာနတစ်ခုသို့ အလုပ်လုပ်တော့မည်ဟုဝင်ကတည်းက ဘယ်သူနှင့်မှ တွဲလုပ်ချင်သည်။ ဘယ်သူနှင့် တွဲ၍မလုပ်ချင်ဟု ပြော၍မရ။ ကျရာသူနှင့် တွဲရမည်သာ ဖြစ်သည်။ ကောင်းသည့်လူပါမည်။ မကောင်းသည့်လူ ပါမည်။ ယင်းမှာ ယေဘုယျသဘောသာ ဖြစ်သည်။ လူကောင်းနှင့်တွဲရလျှင် စိတ်ချမ်းသာ မည်။ အလုပ်ပြီးမြောက်မည်။ မကောင်းသည့်လူနှင့် တွဲရလျှင် စိတ်ဆင်းရဲ ရမည်။ အလုပ်ဖင့်နှေးမည်။ ယင်းကား ဖြစ်တတ်သည့် ဓမ္မတာဖြစ်သည်။ သို့သော် ဘယ်သူနှင့်မှ တွဲမည်ဟု စာချုပ် ချုပ်ထား၍မရ။

“မင်း ဒီစကားကို ငါ့ရှေ့မှာပဲပြော သောင်းဒန်၊ တခြားလူတွေရှေ့ မပြောနဲ့၊ မင်းစကားက အနှောင့်အသွား မလွတ်ဘူး၊ မင်း မသိတာတွေ

အများကြီး ရှိသေးတယ် သောင်းဒန်”

သောင်းဒန် သိသည်။ နောကျေနေအောင် သိသည်။ ရာထူးတိုးရန်အတွက် ကုလားဖန်ထိုးနေကြသလား၊ နေရာအပြောင်းအရွှေ့အတွက် ကုလားဖန်ထိုးနေကြသလား။ သော်ကောင်းကား ရှင်းသည်။ ဘယ်နေရာပို့ပို့ သွားမည်။ ချင်းဝိသေသတိုင်း ပို့ချင်ပို့၊ နာဂတောင်တန်း ပို့ချင်ပို့၊ နယ်ခြားအထူးဒေသ ပို့ချင်ပို့ သွားမည်ဟု အထက်လူကြီးကို ပြောခဲ့ဖူးသည်။ သို့သော် နေရာတကာတွင် “အစားဆို လှည်းနဲ့တိုက်ခဲ့၊ အဝတ်ဆို ပိုးနဲ့ရက်ခဲ့၊ အလုပ်ဆို ကျားထက် ကြောက်ကဲ့” ဆိုသည့်လူများ ပေါ်နေသည်ဟု သောင်းဒန် ထင်သည်။

“တိုင်းပြည်တိုးတက်အောင် လုပ်တာလဲ ဒီပညာတတ် လူတန်းစားပဲ၊ တိုင်းပြည်ဆုတ်ယုတ်အောင် လုပ်တာလဲ ဒီပညာတတ် လူတန်းစားပဲ၊ မြန်မာပြည်ကို အင်္ဂလိပ်အုပ်စိုးကတည်းက ဒီပညာတတ်တွေ နေရာရလာတယ်၊ သူတို့ခေါင်းဆောင်လို့ တိုင်းပြည် မျက်စိပွင့်လာခဲ့တာတွေ ရှိတယ်၊ သူတို့ ရာထူးယူကြလို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေးတိုက်ပွဲ နှောင့်နှေးခဲ့တာတွေ ရှိတယ်၊ လွတ်လပ်ရေးရတော့လဲ ဒီလူတွေပဲ ခေါင်းဆောင်ရတာပဲ၊ သို့ပေမဲ့ ရာထူးမှာ ကြာလာ၊ တဖြည်းဖြည်း အထက်ရောက်လာတော့ ရာထူးက ပြုတ်မှာ ကြောက်ကြတယ်၊ ဘာမှ မပြောတော့ဘူး၊ အေးအေးပဲ နေတော့တယ်၊ တို့တော့ ငယ်သေးလို့လား မသိဘူး၊ ပြောစရာရှိ ပြောမှာပဲ၊ ဝေဖန်စရာရှိ ဝေဖန်မှာပဲ၊ ကိုယ်ကျိုးအတွက်ပြောတာ မဟုတ်ရင် ပြီးတာပဲ၊ ကိုယ့်စိတ်မှာ လိပ်ပြာသန့်ဖို့ အရေးကြီးတယ် သော်ကောင်း”

သော်ကောင်းကို ပြောခဲ့ဖူးသည့် သူ့စကားကို သူ ပြန်၍ အမှတ်ရသည်။ ယခုလည်း သောင်းဒန်သည် သူ့စကားအတိုင်း ကျင့်သည်။ နောင်လည်း သည်အတိုင်း ကျင့်နိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။

“လူရွေးနေတာလား ခင်ဗျ”

“မဟုတ်ပါဘူးကွာ၊ မင်းတို့အတွက် ဆောက်လုပ်ရေးအဖွဲ့တစ်ခု ထပ်ဖွဲ့ဖို့ ငွေမရှိဘူး၊ ဒီနှစ် ဘတ်ဂျက်ကျမှ ထည့်ပြီး တောင်းရမယ်၊ ရဖို့ များပါ

တယ်၊ အဲဒီကျတော့ မင်းတို့ စိတ်တိုင်းကျဖြစ်ရမှာပေါ့၊ တစ်ယောက်တည်း သဘောနဲ့ ပြီးတာမဟုတ်ဘူးကွ၊ အများနဲ့ လုပ်ရတာပဲ"

"ကျွန်တော်လဲ ပြောပါ့မယ်ခင်ဗျာ၊ လုပ်ငန်းအတွက် ပြောရတာပဲ၊ သင့်လျော်တဲ့လူကို သင့်လျော်တဲ့နေရာ ပို့တာပဲ၊ ခက်ခဲစရာ မရှိပါဘူး"

"လူကြီးဆိုတာ ချိန်ဆရတယ် သောင်းဒန်၊ အကြောင်းတစ်ခုတည်း ကြည့်လို့ မဖြစ်ဘူး၊ အေးပါကွာ၊ ဖြစ်အောင် ကြိုးစားကြတာပေါ့"

သည်တစ်ခေါက် ရန်ကုန်လာရသည်မှာ အနည်းငယ် စိတ်ချမ်းသာသည်။ ကျော်ဆွေနှင့်လည်း အေးအေးဆေးဆေး စကားပြောရသည်။ အိမ်က မိန်းမနှင့်ကလေးများ စိတ်ကျေနပ်အောင် ရပ်ရှင်လိုက်ပြသည်။ အသိမိတ်ဆွေများအိမ် လျှောက်လည်ရသည်။ မြင့်မြင့်သန်း သူငယ်ချင်း ဒဿနိကဗေဒ နည်းပြဆရာမ ရှယ်လီထံသို့ သွားသည့်အခါ သော်ကောင်းနှင့် ကျော်ဆွေကို အမှတ်ရသည်။

"အပျိုကြီးမစွံသေးဘဲကိုး၊ ကျွန်တော့်သူငယ်ချင်း လူပျိုကြီးနှစ်ယောက် ရှိတယ်ဗျား၊ ကြိုက်တာရွေးယူ လူပျိုတွေချည်းပဲ"

"လူပျိုသိုးတွေလား၊ ဒီအရွယ်ကျမှ အမြီးမပေါက်ရင် ဘာမျောက်လဲ ကိုသောင်းဒန်ရယ်"

ရှယ်လီကို တစ်ယောက်ယောက်နှင့် ပေးစားရရင် ကောင်းမှာပဲဟု သောင်းဒန် စိတ်ကူးကြည့်သည်။ ရှယ်လီသည် သွက်လက်သည်။ ခေတ်ဆန်သည်။ ဆွေကြီးမျိုးကြီး ဖြစ်သည်။ သို့သော် ဘာကြောင့် ယခုတိုင် ယောကျ်ား မရသေးသည် မသိ။ သော်ကောင်း၊ ကျော်ဆွေတို့နှင့်တွေ့မှ ပြောကြည့်ရဦးမည်ဟု တေးထားလိုက်သည်။

"ဒီကောင်တွေ ခက်ပါတယ်၊ မိဘ ပေးစားတာလဲ မယူ၊ ကိုယ့်ဘာသာ ကိုယ်လဲ မရှာတတ်၊ ငါနဲ့ လဲလိုက်ချင်တယ်"

"သူတို့ကြိုက်တာ မတွေ့သေးလို့ နေမှာပေါ့ မောင်ရဲ့၊ မောင့်လို ရည်းစား ဆယ်ယောက်လောက် ထားတတ်တဲ့ လူတွေမှ မဟုတ်တာ၊ တစ်ယောက်ကြိုက်ရင် တစ်ယောက် ယူလိုက်မဲ့ လူမျိုးတွေပါ"

"အမယ် . . . ဒီကောင်တွေအကြောင်း မင်းဘယ်လောက်သိလို့လဲ၊ သော်ကောင်းဆိုတဲ့ကောင်က ပိုးရ ပန်းရမှန်းကို သိတဲ့ကောင် မဟုတ်ဘူး၊ လောကကြီးမှာ အလုပ်ကလွဲရင် ဘာမှ စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူး၊ ကျော်ဆွေကမှ မိန်းကလေးနဲ့တွေ့ရင် ဗရွတ်ရွတ်တ ပြောတတ်သေးတယ်၊ သော်ကောင်းဆိုတဲ့ကောင် ရန်ကုန်မရှိတာ ကောင်းတယ်၊ ရှိရင် ဌာနချုပ်မှာ သမက်ဖမ်းချင်တဲ့လူတွေ တစ်ပုံချည်းပဲ၊ ပွဲလမ်းရှိရင် အိမ်က မင်းကြီးကတော် တွေက သမီးတွေကို ပွဲထုတ်တော့တာပဲ၊ ရာထူးတက်လမ်းရှိတဲ့ အင်ဂျင် နီယာလေးဆိုရင် သမက်ဖမ်းလိုက်တော့တာပဲ၊ ဒီကောင့် ရာထူးနဲ့ဆိုရင် သမက်ဖမ်းချင်တဲ့ ယောက္ခမလောင်းတွေ တစ်ပုံကြီးပဲ"

"နေပါအုံး၊ အလုပ်အကြောင်းတောင် မပြောရသေးဘူး၊ မောင်တို့ အလုပ်က ဘယ်တော့ ပြီးမှာလဲ"

"သုံးနှစ်လေကွာ၊ ခုမှ တစ်နှစ်တောင် မပြည့်သေးဘူး၊ သုံးနှစ်ပြည့်ရင် အညာက တံတားတွေ သွားဆောက်ရမယ်၊ ရန်ကုန်နားမှာ တံတားကြီးတစ်ခု ဆောက်ဖို့ရှိတယ်၊ ဘယ်လိုဖြစ်မလဲ မသိဘူး"

ထိုအကြောင်း မဆက်မိအောင် စကားကို မနည်းလွှဲပစ်လိုက်ရသည်။

သို့နှင့် ရန်ကုန်တွင် ပစ္စည်းစု၊ အစည်းအဝေးတက်၊ သားမယားများ အလိုကျ တစ်ရက်၊ နှစ်ရက်နေကာ ပြန်လာခဲ့သည်။ အပြန်တွင် စံပယ်ချောင်း ထိပ်သို့ ဝင်ကြည့်ခဲ့သေးသည်။

"ငါမရှိရင် တစ်ခုခု ဖြစ်တတ်လွန်းလို့ စိတ်ပူရတာ၊ အခု ဘာမှ မဖြစ်တာ တော်သေးတာပေါ့ကွ"

× × × × ×

## ၂၈

ရာသီဥတုကား အစွမ်းကုန် သာယာလာသည်။ တပေါင်းလ ရောက်ပြီမို့ တောပန်းများ အလုပြိုင်ကြသည့်အချိန် ဖြစ်သည်။ မကြာမီ နှစ်သစ်ဆန်း တော့မည်။

စောသာအေးသည် တစ်မိုင်ခန့် ခရီးပေါက်နေပြီ။ သူ ဖောက်သော ချဉ်းကပ်လမ်း၌ တံတားဆောက်ရန် နေရာအတော်များသည်။ သူက ရှေ့မှ ဖောက်သွားသည့်အခါ နောက်မှ တစ်ယောက်က လိုက်၍ တံတားဆောက် ရမည်။ ယာယီတံတားများ ထိုးလျှင်ကား လွယ်ကူမည်။ သို့သော် ဘေလီပေါင် အဆင်သင့် မရှိ။ ထိုဒေသတွင် ရနိုင်မည့် အင်ကြင်း၊ ပျဉ်ကတိုးတို့နှင့်သာ ဆောက်ရမည် ဖြစ်သည်။

တစ်နေ့ တစ်နေ့ တောထဲမှ ပြန်လာလျှင် စောသာအေးသည် နော်ဖော လာဖို့ တောပန်းများ ခူးလာတတ်သည်။ သူ့ကို အားကျမခံ လှမင်းကလည်း ပန်းများ ခူးလာပြန်သည်။ ပါးစပ်ကတော့ သမီးဖို့၊ သမီးဖို့ဟု ပြောသော်လည်း ခင်ခင့်ခေါင်း၌ ပန်းတွေ ဝေနေသည်ကို တွေ့ရတတ်သည်။ မြင့်မြင့်သန်းလည်း သူတို့လိုပင် ပန်းကြိုက်သည်။ မြင့်မြင့်သန်းသာ မဟုတ်၊ ဘယ်မိန်းမဖြစ်ဖြစ် ပန်းကြိုက်တာပါပဲလေ။ ကျောင်းတုန်းက ကံ့ကော်ပန်းများချိုးကာ ဆရာမ ခင်သန်းစိန်တို့အိမ်သို့ တစ်ပွေ့တစ်ပိုက်ကြီး ယူသွားသည့်အခါ အပျိုကြီး ညီအစ်မနှစ်ယောက် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာသွားသည်ကို အမှတ်ရ

လာသည်။

"လှမင်း၊ မင်းဘက်က အခြေအနေ ဘယ်လိုလဲကွ"

"သီအိုဒိုလိုက်က မမှန်ဘူးနဲ့ တူတယ် ဦးသောင်းဒန်၊ လမ်းက တောင်ဘက်ချည်း ကွေ့ကွေ့သွားတယ် ခင်ဗျ"

"ဟုတ်လား၊ သီအိုဒိုလိုက်နဲ့ ချိန်တာလဲ ချိန်ပေါ့ကွာ၊ ငါ့စိတ်ထင်တော့ ဒီဘက် အစမှာသာ ကွေ့တာပါ၊ နောက်တော့ စင်ရော်မြို့ အနောက်ဘက်က ငုတောင်ကို မှန်းပြီး ချိန်ပေါ့ကွ၊ နေပါအုံးကွာ၊ ငါ လိုက်ကြည့်ပါအုံးမယ်"

လှမင်း၏ လမ်းသည် ပထမတောင်ကုန်းတွင် ရောက်နေသည်။ ယင်းမှာ စမ်းချောင်းအတက် တောင်ကုန်း ဖြစ်သည်။ အဝေးတွင် ရော်ဘာခြံတစ်ခုကို ခပ်မှိုင်းမှိုင်းလှမ်း၍ မြင်ရသည်။ အချိန်မှာ နေ့လယ်နှစ်နာရီခန့်ဖြစ်သည်။ အလုပ်ပြန်ဆင်းပြီဖြစ်သော်လည်း အလုပ်သမား အစုံအညီ ရောက်သေးဟန် မတူ။ အချို့ ကားလမ်းဘေး သစ်ခက်တဲ၌ အိပ်နေကြသည်။

"မင်းတို့ သိပ်ညှာတာပဲ၊ အလုပ်ချိန်မှာ အိပ်နေတာကို ဒီတိုင်းကြည့်နေရသလားကွ၊ လုပ်စရာတွေ တစ်ပုံကြီး၊ ဒီအတိုင်းသာဆိုရင်တော့ ရန်ကုန်တော်တော်နဲ့ ပြန်ရောက်မှာ မဟုတ်ဘူးဗျာ"

"သူတို့ပြောရတာ ကျွန်တော် စိတ်အကုန်ဆုံးပဲ ဦးသောင်းဒန်၊ လုပ်ပြန်တော့လဲ မထိတထိနဲ့၊ ဆိုရှယ်လစ်အသိမရှိတဲ့အတိုင်းပဲ ပြောတာတဲ့ ခင်ဗျ"

လှမင်း စကားကြီး စကားကျယ်သုံးနေသည်။ အပြစ်မဆိုသာ။ သူကိုယ်တိုင်ပင် ဆိုရှယ်လစ်အသိကို တရားဟောခဲ့သေးလျှင် လှမင်းလည်း ထိုစကားနှင့်တစ်ဆင့် သူ့အလုပ်သမားများအား ဟောပြောလိမ့်မည်ထင်သည်။

"ဆိုရှယ်လစ်အသိဆိုတာ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးကွာ၊ ရေသာမခိုတဲ့စိတ်၊ အလုပ်ကို နာနာလုပ်ချင်တဲ့စိတ်၊ ကိုယ်ကျိုးစွန့်တဲ့စိတ်တွေ ပေါင်းစပ်ထားတာပါပဲ၊ အဲဒီစိတ် မွေးနိုင်ရင် တို့ခေတ်ရောက်ဖို့ နီးမှာပဲ၊ တစ်နေ့ တို့ခေတ်ရောက်ရမယ်ဆိုတာတော့ အားလုံး မျှော်လင့်ထားကြတာပဲ၊

အဲဒီမျှော်လင့်ချက်ရှိနေလို့လဲ တို့တစ်တွေ အသက်ရှင်နေကြတာပေါ့၊ အေး တို့ခေတ်ဆိုတာကတော့ အမျိုးမျိုးအဓိပ္ပာယ်ပြန်လို့ရတယ်၊ တို့တစ်သိုက် ကောင်းစားတဲ့ခေတ်လို့လဲ ပြောလို့ရတယ်၊ တို့တစ်တိုင်းပြည်လုံး ကောင်းစား တဲ့ခေတ်လို့လဲ ပြောလို့ဖြစ်တယ်၊ ပြောကွာ၊ နာနာသာပြောပေး၊ ဒီလို ရေသာ ခိုချင်တဲ့ စိတ်နဲ့တော့ တို့ခေတ်ရောက်ဖို့ ဝေးသေးတယ်"

"ညနေ လေးနာရီ မထိုးသေးဘူး၊ ထမင်းချိုင့် တပြင်ပြင် ဖြစ်နေကြပြီ၊ နာရီမေးတဲ့လူက မေးပြီ၊ ဒါထက် ဟိုဘက်ကော ဦးသောင်းဒန် ရောက်ပြီ လား"

"သန်းမောင်တို့ ခင်မောင်စိန်တို့ဆီလား၊ ရန်ကုန်ကအပြန် ဝင်ကြည့် ခဲ့တယ်၊ စံပယ်ချောင်းအလွန် ရော်ဘာခြံစပ်ရောက်နေပြီကွ၊ ဖားအင်းတောင် ကျော်လာပြီ ထင်တယ်၊ အင်းဆိုလို့ အကြီးအကျယ်မဟုတ်ပါဘူးကွာ၊ အိုင် ကလေးတစ်ခုပါပဲ၊ သူတို့လဲ မင်းလိုပဲ၊ တို့ အင်ကြင်းစေတီကြည့်ပြီး တွယ်နေ ကြတာပဲ၊ အခုအထိတော့ သူတို့ဘက်က မြေညီဆိုတော့ ခရီးတွင်တယ်ကွ၊ စံပယ်ချောင်းတံတားကိုတောင် စခိုင်းချင်ပြီ၊ လူက မရှိသေးတာ ခက်တယ်ကွ၊ ဒီက အောင်ကြီးကလဲ ရက်မပုံစံတွေ လုပ်နေသေးတယ်၊ အဲဒါက တော်တော် ကြာမယ်၊ အောင်ကြီးက လက်သမားအဖွဲ့ကို ဦးစီးနိုင်တယ်၊ သူနဲ့ အလွန်း သင့်တဲ့လူတွေ များတယ်၊ သူ့ကို မဆွဲချင်သေးဘူး"

"ခင်မောင်စိန်ပဲ ခိုင်းပေါ့၊ ကိုသန်းမောင်လဲ အတွေ့အကြုံရှိတာပဲ"

"မဖြစ်သေးဘူးကွ၊ ငါကိုယ်တိုင်လုပ်ရင် ရမလား စိတ်ကူးနေတယ်၊ ဒါလဲ စိတ်ကူးပါ၊ မဖြစ်သေးပါဘူး"

သောင်းဒန်သည် အလုပ်ရှိသမျှ သူကိုယ်တိုင် သွားလုပ်ချင်နေသည်။ စိတ်ထဲတွင် အားမလို အားမရဖြစ်နေသည်။ စိတ်မချတာလည်း မဟုတ်။ သို့သော် မဖြစ်နိုင်။ ကိုယ်ခွဲ မရှိ။ လူလိုသည်။ ဖြစ်သလို ခိုင်းရမှာပဲဟုသာ ဖြေရသည်။ စံပယ်ချောင်းကိုကား တံတား မဆောက်သေး။

"စောသာအေး ဘက်ကကော"

"သူ့ဘက်ကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ တောသိပ်ထူတယ်ကွ၊ ခရီး

မတွင်ဘူး၊ ပြီးတော့ ကျောက်တောင်တွေ များ၊ ချောင်းတွေလဲ များတယ်၊ တံတား ရှစ်ခုလောက် ထိုးရမယ်၊ ချောင်းတစ်ခုက ပေ ၄၀ လောက် ကျယ်တယ်၊ အရေးထဲ စောသာအေးအဖွဲ့က အလုပ်သမားနှစ်ယောက်က ရန်ကုန်ပြန်အုံးမလို့တဲ့"

"ဘယ်သူတွေလဲ ဦးသောင်းဒန်"

"မြသန်းနဲ့ တင်ညွန့်ပေါ့ကွာ၊ တစ်ယောက်က နှမ မင်္ဂလာဆောင်မှာတဲ့၊ တစ်ယောက်က အမေ နေမကောင်းလို့တဲ့၊ ဘာပဲဖြစ်ဖြစ် ခွင့်ပေးရမှာပဲကွာ၊ တစ်နှစ်လောက်ရှိပြီဆိုတော့ ဘယ်သူပဲဖြစ်ဖြစ် တစ်ခေါက်တလေပြန်ချင်ကြမှာပေါ့၊ စရိတ်ကုန်မှာစိုးလို့သာ ကြိတ်မှိတ်နေကြတာ၊ ခက်တာက သူတို့ကျပြန်တော့ အလုပ်နဲ့ခိုင်းလို့ မဖြစ်ပြန်ဘူးကွ၊ ပြီးတော့ ဒီကောင်တွေက ရန်ကုန်ရောက်ရင် ရွာလည်မှာ၊ ဌာနချုပ်နားနီးတဲ့ တစ်ယောက်ယောက်နဲ့တွေ့ရင် စင်ရော်တံတားက လူတွေ ရန်ကုန်ချည်း ပြန်နေကြတယ်လို့ အပြောခံရအုံးမယ်၊ တတ်နိုင်သမျှတော့ ငါလဲ ခွင့်ပေးတာပါပဲ"

"ဩော် . . . ဒါကြောင့်ကိုး၊ မနေ့ညက ဦးစောသာအေးဆီ ပိုက်ဆံလာချေးတာ ကျွန်တော် ကြားလိုက်တယ်"

"ပိုက်ဆံချေးတာဆိုလို့ စောသာအေး မေးရအုံးမယ်၊ အလွန်ဆုံး ငါးဆယ်ပဲ ချေးတာ ကောင်းတယ်၊ ငါလဲ အဲဒီစာရင်း ကြည့်မယ် ကြည့်မယ်နဲ့ မကြည့်ဖြစ်သေးပါဘူးကွာ၊ ပိုက်ဆံတွေ တော်တော်များလာပြီ ထင်တယ်၊ ဦးသောင်းထွန်းဆီက ယူတဲ့ ငွေငါးထောင် ပြန်ပေးနိုင်ရော့မယ်၊ အေး . . . အဲဒါ အမှတ်ရတုန်း စောသာအေး မေးမှပဲ"

လှမင်း၏လမ်းကို တည့်အောင်၊ ခင်မောင်စိန်တို့နှင့် ထိပ်တိုက်တွေ့အောင် သောင်းဒန် ညွှန်ကြားထားခဲ့သည်။

ထိုည စခန်းတွင် စောသာအေးနှင့်တွေ့ကာ အသင်းအခြေအနေမေးကြည့်သည်။ အောင်ကြီးကိုခေါ်ကာ ဆိုင်ရှိ ကုန်လက်ကျန်ကို စစ်ဆေးမေးမြန်းသည်။ ဆန်အခြေအနေ ကောင်းသည်။ မုန်နိက ဝယ်လာသော ဆန်များ တော်တော်လေးပိုနေသည်။ ထို့ကြောင့် အနီးအနားရှိ ရွာများသို့ အရင်း

အတိုင်း ပြန်၍ရောင်းရန် ညွှန်ကြားလိုက်သည်။ ခင်ခင်နှင့် နော်ဖောလာတို့ လက်ဝတ်လက်စားများလည်း ပြန်၍ ရွေးပေးပြီးပြီ။ ဆန်များရောင်းပြီးလျှင် ဦးသောင်းထွန်း၏ငွေ ငါးထောင်ကို ပြန်၍ ဆပ်နိုင်တော့မည်။

"စုငွေက အခြေအနေ မဆိုးလှဘူးကွ၊ သူတို့ ချေးတာနဲ့တော့ လည်နေတာပဲ၊ ငါ တစ်ခု စဉ်းစားမိတယ် စောသာအေး၊ တို့လက်ထဲ ငွေအများကြီး ရှိနေရင် မကောင်းဘူး၊ တစ်လ တစ်ဆယ်စုတာ တစ်နှစ်ပြည့်ရင် ရပ်ထားလိုက်တော့၊ တစ်ယောက် တစ်ရာ့နှစ်ဆယ်၊ လူတစ်ရာကျော်ဆိုတော့ သောင်းနှစ်ထောင်လောက် ဖြစ်နေပြီ"

တံတားဦး၊ ရွာဆိုးကုန်း၊ ရွာကြီး၊ ဥသြ စသည့် ရွာများသို့ ပို့နေသည့် ဆန်များကို ရောင်းလိုက်သည်။ ပြီးလျှင် ဦးသောင်းထွန်း၏ ငွေငါးထောင်ကို ပြန်၍ ဆပ်လိုက်သည်။

ဤသို့ဖြင့် –

*တံတားစခန်း*

*စင်ရော်*

*မြင့်*

*မောင်တို့ တံတားစခန်း ရောက်တာ ဒီနေ့ဆိုရင် တစ်နှစ်ပြည့်ခဲ့ပြီ။ အောင်ကြီးတို့ သန်းမောင်တို့က တစ်ခုခု အမှတ်တရလုပ်ချင်တယ်လို့ ပြောကြတယ်။ ကုသိုလ်လည်း ရ၊ အမှတ်တရလည်းဖြစ်အောင် တောင်ပေါ် အင်ကြင်းစေတီမှာ ဟသ်ာရုပ်နဲ့ တံခွန်တိုင် စိုက်လိုက်ကြတယ်။ တပျော်တပါးကြီးပဲ။ တံတားဦး ရွာကလေးက ဆန် ၈ ပြည်နဲ့ ကြံသကာ ၁၀ ပိဿာလှူလို့ မုန့်လုံးရေပေါ် လုပ်ပြီး ကျွေးတယ်။ တံခွန်တိုင်ထိပ်မှာ ဓာတ်မီးတစ်ပွင့် ပူဇော်လိုက်တယ်။ ရာသီဥတုကောင်းတော့ အနီးပတ်ဝန်းကျင်ဟာ သိပ်သာယာတယ်။ တောင်ပေါ်က တက်ကြည့်တဲ့အခါ ပင်လယ်ကို ရေးရေးမြင်ရတယ်။ မြင့်တို့ သားအမိကို သိပ်အမှတ်ရတာပဲ။ မောင်တို့ ကုသိုလ်ကို အမျှဝေလိုက်ပါတယ်။ မြင့်တို့ သာဓုခေါ်ကြပေတော့။*

*ဒီည မောင်တို့ စခန်းမှာ ဒိုးပတ်သံ တညံညံနဲ့ ပျော်စရာကြီးပဲ။ ဖိုမင် ကိုသိန်းအောင်က သူ့တူသုံးယောက်ကို နက်ဖြန် ရှင်ပြုမယ်။ သူ့ဘက်က တူတစ်ယောက်၊ မိန်းမဘက်က တူနှစ်ယောက်။ အသက်တွေကြီးလှပြီ။ ရှင်ပြုမဲ့လူမရှိလို့ ကိုသိန်းအောင်ကပဲ အလှူရှင် လုပ်လိုက်တယ်။ တို့လူမျိုးဟာ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ အလှူအတန်းမှာတော့ ထိပ်ဆုံးကပဲ။*

*သန်းမောင်တို့ အောင်ကြီးတို့ အလုပ်များနေကြတယ်။ ဒိုးပတ်တိုက်ရတာနဲ့၊ စင်ရော်သွားပြီး ရွှေထီးငှားကြရတာနဲ့ ရှုပ်ယှက်ခတ်နေတယ်။*

*သားကြီး ဖိုးတုတ်ကိုလဲ ရှင်ပြုချင်တယ်ကွာ။ အတော်ပါပဲ။ တံတားပြီးလို့ မောင် ရန်ကုန် ပြန်ရောက်ရင် ဒီကောင်လဲ သင်္ကန်းနိုင်တဲ့အရွယ် ရောက်နေပြီ။*

*ကဲ တော်သေးပြီ။ နောက်မှ စာရေးအုံးမယ်။ မြင့် သိပ်စာရေးပျင်းတာပဲ။ သမီးကြီးကို အရေးခိုင်းပါ။ မြင့်တို့ဆီက စာကို သိပ်မျှော်ရတာပဲ။*

*အချစ်များစွာနဲ့*
*သောင်းဒန်*

ထိုနေ့ည တစ်ညလုံး မီးအလင်းပေးသည်။ ကြည်အေးတို့လူတစ်သိုက်ပျောက်နေသည်။ ဒိုးပတ်တိုက်ရာတွင်လဲ မတွေ့ရ။ အလှူအိမ်၌လဲ မရှိ။ ဖဲချနေကြဟန် တူလေသည်။ သောင်းဒန် မသိလိုက် မသိဘာသာ နေလိုက်သည်။ မနက်လင်း၍ အလှူအိမ်ရောက်လျှင် ကြည်အေးကို မျက်တွင်းဟောက်ပက်ကလေးနှင့် တွေ့ရသည်။ ထိုနေ့ကား အလုပ်ပိတ်သော တနင်္ဂနွေနေ့ ဖြစ်လေသည်။

ပန်းပဲဆရာကြီး ဦးခင်သည် တံတားဦး ရွာကလေးမှ နွားသုံးကောင် ငှားလာသည်။

"ရှင်လောင်းလှည့်ဖို့ ဆရာကြီး"

"ကြံကြံဖန်ဖန်ဗျာ"

သီရိတံတား ဆောက်စဉ်က ရွာစောင့် ဦးကျော်အေး၏ သား နှစ်ယောက် ရှင်ပြုပွဲကို သောင်းဒန် အမှတ်ရမိသည်။ ဦးကျော်အေး အိမ်နှင့် အလှူလုပ်မည့် ဓမ္မာရုံသည် နှစ်ဖာလုံခန့်သာ ဝေးသည်။ ဦးကျော်အေးသည် သားရှင်လောင်း နှစ်ယောက်ကို စက်ဘီးပေါ်တင်ကာ အတွန်းခိုင်းသည်။ သားနှစ်ယောက်က စက်ဘီးကို နင်းလည်း မနင်းရ။ လက်ကိုင် ကိုင်ကာ လိုက်ရသဖြင့် မရိုးမရွ ဖြစ်နေသည်။ နင်းလည်း နင်းချင်သည်။ ရှင်လောင်းလှည့်သည်မို့ တရွှေ့ရွှေ့လည်း သွားနေရသည်။ "မတတ်နိုင်ဘူး ဆရာ၊ ဖြစ်တာနဲ့ပဲ လုပ်ရတာပဲ" ဟု ဦးကျော်အေးက ဆိုသည်။ ယခု ဦးကျော်အေး ပါလာလျှင် စက်ဘီးနှင့် ရှင်လောင်းလှည့်ရန် စီစဉ်လိမ့်မည်။ သို့သော် မဖြစ်။ တောင်ပေါ် အင်ကြင်းစေတီကို ရှင်လောင်းများ ဦးခိုက်ရဦးမည်။

"ဖြစ်ပါ့မလား ဦးခင်ရာ၊ တောင်ပေါ် တက်ရအုံးမှာ"

"ဖြစ်ပါတယ် ဆရာကြီး၊ မဖြစ်တော့လဲ လူက ကူပြီး ဆွဲပေး မောင်းပေးရမှာပေါ့၊ သူတို့နွားတွေ တောင်ပေါ်တက်နေကျလို့ ပြောတာပဲ ခင်ဗျ"

တကယ်လည်း ဖြစ်သည်။ ဒိုးပတ်သံကား တညံညံ။ ရွှေထီးရောင်ကား တလက်လက်။ နေခြည်တွင် ရွှေရည်ဝင်းနေသည်။ တောင်ပေါ်က အဆင်းတွင် အလှူထမင်းကို အဝတုတ်ကြသည်။ ဝက်သားဆီပြန်၊ ပဲကြီးဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ်။ မရိုးနိုင်သော အလှူထမင်းဟင်းတို့ဖြစ်သည်။ ရွာကလေးတွင်ပေါ်သည့် ဝက်သားသည် အဆီတစ်ထပ်၊ အသားတစ်ထပ်မို့ စား၍ ကောင်းလှသည်။

အလှူတွင် မျက်နှာစိမ်းတစ်ယောက်ကို တွေ့ရသည်။ စင်ရော်မှ ဖြစ်ဟန်တူသည်။ သို့သော် မဟုတ်။ စိမ့်မြိုင်မှ ဖြစ်သည်။

"ဆရာကြီး၊ ဒါ မနေ့ညက ရောက်လာတဲ့ ဆရာအုန်း ခင်ဗျ၊ ဟောဒါက ကျွန်တော်တို့ တံတားအင်ဂျင်နီယာ ဦးသောင်းဒန်" စောသာအေးက

မိတ်ဆက်ပေးသည်၊

"ဩော် ဟုတ်လား၊ ရောက်တယ် ဆိုတာတော့ ကြားတယ်၊ အခု ဘယ်မှာ နေသလဲ"

"လူပျိုလိုင်းမှာပဲ နေရာချပေးထားသေးတယ်၊ ဆရာကြီးနဲ့ တွေ့မှ စီစဉ်မယ် စိတ်ကူးတာပဲ"

"ကျွန်တော်တို့ ကျောင်းအကြောင်းတော့ ဆရာအုန်း သိပြီးရောပေါ့၊ မူလတန်းဆိုပေမဲ့ ၁ တန်းကနေ ၃ တန်းအထိ များပါတယ်၊ သူငယ်တန်း နည်းနည်းပေါ့၊ ရှေ့နှစ်ဆိုရင်တော့ ၄ တန်း ရှိလာမယ်၊ အစိုးရစစ်လဲ ဖြစ်ပြန်ဆိုတော့ ဂရုစိုက်ရလိမ့်မယ်"

"ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျ"

သောင်ဦးလမ်းရှိ ရှစ်မိုင်ရွာ ကျောင်းမဖွင့်နိုင်သေး။ ထိုကျောင်းအစား တံတားစခန်းရှိ မူလတန်းကျောင်းကို အစိုးရ အသိအမှတ်ပြုကျောင်းဖြစ် အောင် စိမ့်မြိုင် တိုင်းပညာရေးက ဖန်တီးပေးလိုက်သည်။ ဆရာ သုံးယောက် ခန့်နိုင်မည်။ ဆရာအုန်းမှာ ကျောင်းအုပ် ဖြစ်သည်။ သောင်းဒန်၏ စိတ်ကူး တွင် ယခု အချိန်ပြည့် စာပြနေသော မမြသွေးကို ဆက်၍ အမြဲတမ်း ခန့်ချင် သည်။ လှတင်နှင့် မြင့်သိန်းလေးတို့ကို အနားပေးလိုက်တော့မည်။

"ဆရာ့စိတ်ကူးရော ပြောပါအုံး"

"ဆရာကြီးတို့ သဘောအတိုင်းပါပဲ၊ နောက်တစ်ယောက် ကျွန်တော် ရှာရမှာပေါ့၊ စင်ရော်မှာပဲ ရှာကြည့်ပါအုံးမယ်၊ ဒီလိုနေရာကို ဘယ်သူမှ မလာချင်ပါဘူး ဦးသောင်းဒန်၊ ကျွန်တော်သာ ကလေးတွေရဲ့ ပညာရေးကို ငဲ့ပြီး ရောက်လာတာပါ၊ ဆရာတို့ အလုပ်သမားတွေရဲ့ သားသမီးတွေ တော ကြီး တောင်ကြီးအလယ်မှာ ပညာရေး မချို့တဲ့စေချင်ပါဘူး၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပါ့မယ်၊ မေးကြည့်ပါ ဦးသောင်းဒန်၊ ကျွန်တော် ဒီလိုပဲ သူများ မသွားချင်တဲ့၊ သူပုန်တွေ ဝင်ထွက်နေတဲ့ ရွာတွေမှာချည်း ကျောင်း ဆရာ လုပ်ခဲ့တာပါပဲ၊ စခန်းသစ်နားက အိုင်သပြုမှာလဲ လုပ်ခဲ့ဖူးပါတယ်၊ သူပုန်တွေ သောင်းကျန်းလွန်းလို့ ရွာပျက်တော့မှပဲ ကျွန်တော် အဲဒီက ခွာတာ

ပါ၊ ဘားအံဘက်က ဖွဲကပင်တောင်ခြေမှာလဲ လုပ်ဖူးပါတယ်၊ ကျွန်တော် နေရာမရွေးပါဘူး ဦးသောင်းဒန်”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီစိတ်ဓာတ်မျိုးကိုလဲ ကျွန်တော်ချီးကျူးပါတယ်၊ ဒါနဲ့ ဆရာအုန်း အိမ်ထောင်ခေါ်မယ် စိတ်ကူးသလား”

“နေရာထိုင်ခင်း အဆင်ပြေမယ်ဆိုရင်တော့ ခေါ်ချင်တာပဲ ဦးသောင်းဒန်၊ ကျွန်တော့်လခလေးနဲ့ နှစ်အိုးခွဲပြီး မနေနိုင်ပါဘူး”

“ဒါဖြင့် ဒီလိုလုပ်မယ်၊ အောင်ကြီး၊ ဆရာအုန်းကို ကျောင်းဘက်လိုက်ပြပါကွာ၊ ကျောင်းရဲ့တောင်ဘက်မှာ ဆရာအုန်းတို့ မိသားစုနေဖို့ ထပ်ပြီးချဲ့လိုက်ပေါ့၊ သားသမီး ဘယ်နှယောက်လဲ”

“နှစ်ယောက်ပါ ခင်ဗျ”

ဆရာအုန်းသည် သုံးဆယ်ကျော်အရွယ် ဖြစ်သည်။

“ဖြစ်ပါတယ်၊ ကြမ်းမြင့်မြင့် လုပ်ပေးလိုက်၊ ခြေခင်းလက်ခင်းတော့ သိပ်မကောင်းဘူး၊ ဂရုစိုက်ရလိမ့်မယ်၊ ညတိုင်ကျရင် အဲဒီဘက်က မြွေတွန်သံ အမြဲကြားရတယ်၊ မြွေဆိုးတော့ ခုအထိ မတွေ့သေးပါဘူး၊ ကြိုက်ရဲ့လား၊ မကြိုက်ရင်လဲ အဆောင်မှာ နေတာပေါ့”

“ဆရာတို့ အဆင်ပြေသလိုသာ စီစဉ်ပါ၊ ကျောင်းနဲ့ ကပ်နေရတော့ ပိုကောင်းတာပေါ့ ခင်ဗျာ”

“အဲ ရေအခက်အခဲတော့ ရှိလိမ့်မယ်၊ ချိုးဖို့က အောက်ဆင်းရမှာပဲ၊ သောက်ရေအတွက်လဲ အောက်ဆင်းယူရလိမ့်မယ်၊ ကားတက်နိုင်မယ်မထင်ဘူး၊ မသကာ ဆရာ့တပည့်တွေ ခပ်ခိုင်းပေါ့ခင်ဗျာ”

ရေအကြောင်းပြောသဖြင့် ကွမ်းသီးခြံထဲရှိ သောက်ရေတွင်း ရေခန်းစပြုနေသည်ကို သတိရလာသည်။

“စောသာအေးရေ၊ မင်းတို့ဘက် တောင်ကျချောင်းကို ငါ လိုက်ကြည့်အုံးမယ်၊ လိုက်ကြည့်ဆို ဒီညနေပဲ တို့သွားကြတာပေါ့ကွာ၊ ရဲဘော် ၄ ယောက်လောက် ခေါ်ခဲ့ပေါ့”

ထိုနေ့ညနေတွင် စောသာအေး၊ အောင်ကြီး၊ ရဲဘော် ၄ ယောက်တို့ကို

ခေါ်ကာ တောင်ကျချောင်းသို့ သွားသည်။ တစ်ပါးကြီးပေါ်တွင် ရေတိုင်ကီ ကြီး တင်စေသည်။ ဘေး၌ တန်းခိုင်ခိုင်ရိုက်ကာ ရေစုပ်စက်တစ်လုံးကို တင်ခိုင်းသည်။ ပြီးလျှင် ဒရိုင်ဘာ ကိုဖြူကိုခေါ်ကာ စောသာအေး ဖောက်နေ သော ချဉ်းကပ်လမ်းဘက်သို့ ထွက်ခဲ့ကြလေသည်။

တောင်ကျချောင်းသည် တဝေါဝေါဖြင့် စီးဆင်းနေသည်။ ထိုနေရာ၌ တံတားဖြတ်ရလိမ့်မည်။ အကျယ်မှာ ပေ ၃၀ ခန့်သာ ရှိသည်။ တစ်နွေလုံး ရေအတွက် ခက်ခဲတော့မည်မဟုတ်။ အလုပ်တစ်ခုကား ပိုလာသည်။ သို့သော် လည်း ဤနည်းနှင့် မဖြေရှင်းလျှင် မဖြစ်။ ထိုရက်မှစ၍ ညနေစောင်းလျှင် ကိုဖြူသည် ပဲ့နင်းဦးထောင် ကားကြီးပေါ်တွင် ရေတိုင်ကီနှင့် ရေစုပ်စက်တို့ကို တင်ကာ မှန်မှန် ရေတိုက်သည်။ စခန်းရှိ လူများပင် အဝတ်လျှော်ရန်လိုက်ကြ သည်။ ရဲဘော်များကလည်း အလုည့်ကျကင်းစောင့်ရန် လိုက်ပေးသည်။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် မဟုတ်လား။

× × × × ×

## ၂၉

ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မလောင်းသည့်နေရာတွင် သံမဏိကြိုးထည့်၍ အားသွင်းသည့် အလုပ်သည် အရေးအကြီးဆုံးဖြစ်သည်။ သစ်သားပုံစံ လုပ်၊ ပုံစံများကို တစ်ခုစီဆက်၊ အစွန်းနှစ်ဖက် ပုံစံလုပ်၍ဆက်။ ပြီးလျှင် သံမဏိကြိုးသွင်းရန် ပိုက်လုံးတပ်၊ ကွန်ကရစ်လောင်း၊ နောက်ဆုံး၌ သံမဏိကြိုးထည့်ကာ တင်းလာအောင် ဆွဲရသည်။ ယင်းကို အားသွင်းသည်ဟု ခေါ်သည်။ ကွန်ကရစ် အသားသေရန် ၂၈ ရက် ကြာသည်။ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ အထဲတွင် ထည့်ထားသော သံချောင်းများအားလုံး သိပ်သိပ်သည်းသည်းဖြစ်စေရန် ၂၈ ရက် စောင့်ရသည်။ ယင်းလုပ်ငန်းအစအဆုံးကို စာတမ်းတစ်စောင်တစ်ဖွဲ့ဖြစ်အောင် ပြုစုနိုင်သည်။ သီရိတံတားဆောက်စဉ်က အင်္ဂလိပ်အင်ဂျင်နီယာ ဟန့်တားနှင့် သောင်းဒန်တို့ ပေါင်းစပ်ပြုစုထားသော စာတမ်းရှိသည်။ နောက်ဆုံးအရေးကြီးသည့်လုပ်ငန်းမှာ ပုံလောင်းသည့်နေရာမှ တံတားပေါ်တင်သည့်အခါ ရွှေ့ပြောင်းရသည့်လုပ်ငန်းပင် ဖြစ်သည်။ ဤတွင် စက်ကိရိယာ အကူအညီကို တတ်နိုင်သမျှယူရသည်။

တောင်ဘက်ကမ်း၌ ပေ ၇၀ ရက်မ ၆ ချောင်းကို ပထမဆုံး ကွန်ကရစ်လောင်းသည်။ နှစ်ချောင်း ပြီးသွားပြီ။ ယခု တတိယနှင့် စတုတ္ထရက်မတို့ကို ပုံသွန်းနေသည်။ အရေးထဲတွင် ကျောက်ပြတ်သွားသည်နှင့် စင်ရော်သို့ ပြေးရသေးသည်။ သည်အတိုင်းဆိုလျှင် ကျောက်မိုင်းအသစ်ရှာရလိမ့်မည်။

သောင်ဦးလမ်း တိမ်ဦးတောင်အတက် ၁၃ မိုင် စခန်း၌ အလုပ်သမားများ မနေရဲကြ။ အစောင့်ချပေးသော်လည်း ကြာကြာမထားနိုင်။ တပ်ရင်း ၃၁၀ သည် စင်ရော်အထိသာ တာဝန်ယူထားသည်။ စင်ရော်နှင့် သောင်ဦးကြားကို လုံးလုံး လျားလျား တာဝန်မယူနိုင်သေး။ ခဏတစ်ဖြုတ်သာ ကင်းစောင့်ချပေးလိုက်၊ ပြန်ရုပ်လိုက် လုပ်နေသည်။ ဆန်ပြဿနာပေါ်သည့်အခါ ကျောက်မိုင်းအလုပ် သမားများ ပြန်ပြေးကြသည်။ ၁၃ မိုင်မှ စင်ရော်သို့ ခြေကျင်ပြန်၍ ဆန်ရှာ ကြရသည်။ သို့သော်လည်း မလွယ်ကူ။ ထို့ကြောင့် သောင်းဒန်က ဆန်ရှာ ပေးသည်။ ထိုရက်အတွင်း ၁၃ မိုင်စခန်းနှင့် စင်ရော်အကြားရှိ တံတားနှစ်ခု ကို သူပုန်က မီးရှို့ဖျက်ဆီးသွားသည်။ ထို့ကြောင့် ကားမသွားနိုင်။ သွားသည့် ကားမှာလည်း စင်ရော်မှ လမ်းဌာနကားသာလျှင် ဖြစ်သည်။ ထိုလမ်းပိတ် ထားသည်မှာ ကြာပြီ။ စင်ရော်နှင့် သောင်ဦး လုံးလုံးအဆက်အသွယ်ပြတ် နေသည်။ ပင်လယ်မှ စက်လှေများဖြင့်သာ အကူးအသန်းရှိသည်။

သို့ဖြစ်ရာ သောင်းဒန်သည် စိမ့်မြိုင်ဘက်သို့ပြေးကာ ကျောက်အတွက် စီစဉ်ရပြန်သည်။ မီးရထားဌာနနှင့် ကျောက်ကိစ္စ ဆွေးနွေးရသည်။ စခန်းသစ် အနီးရှိ ကျောက်မိုင်းမှ ကျောက်များကို မီးရထားနှင့် သယ်ရသည်။ မလွယ်လှ။ စရိတ်ကြီးသည်။ အချိန်ကုန်သည်။ သို့သော်လည်း မတတ်နိုင်။ စင်ရော်သို့ ရောက်ရုံနှင့် မပြီးသေး။ တံတားစခန်းသို့ရောက်အောင် ဖောင်သမ္ဗန်ဖွဲ့၍ သယ်ရသည်။

"စောသာအေးရဲ့ လမ်း မြန်မြန်ပေါက်သွားရင် ကောင်းမှာကွာ၊ ဘယ်တော့လောက် မှန်းသလဲ"

"အလွန်ဆုံး မေလကုန်ပေါ့ ဆရာကြီး"

"မတတ်နိုင်ဘူးကွာ၊ တပ်ကို တောင်းပန်ရမှာပဲ၊ ဒါကလဲ တပ်ရင်း မှူးနဲ့ချည်း မပြီးဘူးကွ၊ တိုင်းမှူးအထိ တက်ရလိမ့်မယ် ထင်တယ်၊ တို့စခန်း ကို တပ်စိတ်တစ်စိတ် ထပ်ပြီး တိုးပေးရင် ဖြစ်နိုင်မယ်"

စောသာအေး ဖောက်သည့် ချဉ်းကပ်လမ်းသည် စင်ရော်မှအထွက် ၅ မိုင်ခွဲ၌ သွား၍ ဆုံမည်။ သူပုန်များ ချိုးသွားသည့် တံတား နှစ်ခုမှာ ၄ မိုင်နှင့်

၃ မိုင်ခွဲတို့တွင် ရှိသည်။ သို့ဖြစ်ရာ အကယ်၍ စောသာအေး၏ချဉ်းကပ်လမ်း ပြီးလျှင် စခန်းမှ ကျောက်မိုင်းသို့ ကားတောက်လျှောက်ပေါက်မည်။ ထိုအချိန်တွင် တပ်စိတ်တစ်စိတ် အမြဲချပေးနိုင်သော် သောင်းဒန်တို့ လိုချင်သောကျောက်ကို ဖောဖောသီသီ ရနိုင်မည်ဖြစ်သည်။ မတတ်နိုင်။ စောင့်တန်လျှင် စောင့်ရလိမ့်မည်။ မြေစမ်းသည်ကို စောင့်ရ၊ ပွန်တွန်း စောင့်ရ၊ ကျောက်ရဖို့ စောင့်ရ၊ လူရဖို့ စောင့်ရနှင့် မှန်းချက်နှင့် နှမ်းထွက် ကိုက်ပါမည်လား။

မကြာမီ လိုချင်သည့် ကျောက်များ ရလာသဖြင့် ရက်မကို ဆက်၍ လောင်းရန် စိုင်းပြင်းရသည်။ အော်တိုကိုင်ဇာ ဘိလပ်မြေစက်ကြီး လည်ပြီ။ ဝန်ချီစက်သံ တဂျုန်းဂျုန်း ကြားရသည်။ ကျောက်ခွဲစက်ကိုလည်း အဆက်မပြတ် လည်ခိုင်းသည်။ ဤသို့ဖြင့် ရပ်နေသော လုပ်ငန်းတစ်ခု ပြန်စလာသည်။ ထို့ကြောင့် သောင်းဒန် ကျေနပ်နေသည်။

စခန်းတွင် အဖွဲ့ ၅ ဖွဲ့ ရှိသည်။ လက်သမားအဖွဲ့။ ယင်းတွင် သံချီ သံကွေးတို့ ပေါင်းထားသည်။ ဒုတိယအဖွဲ့ကား ရေလယ်ဂိုဏ်း ဖြစ်သည်။ သံပေါင်တပ်၊ ဖြုတ် စသည့်လုပ်ငန်းများ၌ ကျွမ်းကျင်သည့် အဖွဲ့ဖြစ်သည်။ တတိယအဖွဲ့မှာ စက်ပြင်အဖွဲ့ဖြစ်သည်။ စခန်း၌ စက်ကြီး၊ စက်ကလေးပေါင်းများစွာရှိသည်။ ယင်းတို့ကို ပြင်ဆင်ရသည်။ မီးစက် လွှစက်မှအစ မော်တော်ကား၊ ဝန်ချီစက်၊ ရေစုပ်စက် အားလုံးအဆင်သင့်ဖြစ်နေမှ လုပ်ငန်းတွင်ကျယ်မည်။ သူတို့အတွက် အလုပ်ရုံတစ်ခုသတ်သတ် မြောက်ဘက်ကမ်း၌ ဆောက်ပေးရသည်။ စက်များကို ရန်ကုန်ဌာနချုပ်မှသာမဟုတ်ဘဲ အခြားဌာနများမှလည်း ဆွဲရသေးသည်။ ယင်းတို့အတွက် ငှားခပေးရသည်။ စရိတ်ကား မသက်သာလှ။ အားလုံးကို တံတားဘတ်ဂျက်ထဲမှ ခံရသည်။ နောက်တစ်ဖွဲ့မှာ အလုပ်သမားဂိုဏ်း ဖြစ်သည်။ သူတို့ကား ကျွမ်းကျင်သော အလုပ်သမားများ မဟုတ်ကြ။ နေ့စားသာ များသည်။ သူတို့အထဲမှ ကျွမ်းကျင်သည့် အလုပ်သမားဖြစ်သွားကြသူများ မနည်းပြီ။ မြင့်သိန်းလေးဆိုလျှင် နေ့စားသမားမှ ချိန်းမင်းအထိ တက်လာသူဖြစ်သည်။ ရန်ကုန်မှပါလာသည့် အလုပ်သမားများမှာ ထူထူထိုင်းထိုင်းများ မဟုတ်ကြ။ လျင်မြန် ဖျတ်လတ်ကြသည်။ လာဘ်မြင်

သည်။ သူတို့သည် စက်မှုလုပ်ငန်းများနှင့် ရင်းနှီးနေကြပြီးသူများ ဖြစ်သည်။ အရိပ်ပြလျှင် အကောင်ထင်ကြသူများသာ များသည်။ သို့သော် ပျင်းသည်။ ရေသာခိုတတ်ကြသည်။ နောက်ဆုံးအဖွဲ့မှာ သံပေါင်များ၊ သံထည်များ ပြုလုပ်သည့် ပန်းပဲအဖွဲ့ဖြစ်သည်။ သူတို့သည် ကျွမ်းကျင်သည့် အလုပ်သမား များဖြစ်ကြသည်။

ယင်း ငါးဖွဲ့အနက် သုံးဖွဲ့သာလျှင် ကောင်းကောင်း အလုပ်လုပ်ကြ သည်။ ကျန်နှစ်ဖွဲ့မှာ ရေသာခိုသည်။ အလုပ်မှ စောစောဆင်းသည်။ အလုပ် ထက် အိမ်မှုကိစ္စတို့တွင် ဗာဟီရ များသည်။ တစ်ယောက်မေးလိုက်လျှင် မရှိ။ အလုပ်စောစော ဆင်းသွားသည်။ ဖင်နာလို့၊ ခေါင်းနာလို့ ဟူသောအဖြေကို ရသည်။ နောက်တစ်ယောက် ဘယ်သွားသလဲ။

ခွင့်ယူသွားသည်။

ဘာကိစ္စ။

စင်ရော်သို့ ဈေးဝယ်။

တောင်ပေါ် မျှစ်ချိုး ဟင်းရွက်ခူးသွား။

တချို့ကား စိမ့်မြိုင်အထိပင် ခြေဆန့်ကြသည်။ သောင်းဒန်နားသို့ ရောက်သည်လည်း ရှိသည်။ မရောက်သည်လည်း ရှိသည်။

"စီးပွားရေးက တစ်ဖက်က လုပ်သေးတာကိုးကွ၊ တော်ကြာ တဆူဆူ နဲ့ ကြားရပြီ၊ အကြွေးတောင်း၊ ရန်ဖြစ်၊ မိန်းမချင်း ဆဲကြဆိုကြ၊ ပြောလဲ မရပါဘူးကွာ၊ မိန်းမတွေ ပါလာတာကိုက စာရင်းသိပ်ရှုပ်တာပဲ"

သည်လိုလည်း မဟုတ်။ မိန်းမတွေ မပါလာလျှင် ရန်ကုန်သို့ ခဏခဏ ပြန်နေရသဖြင့် အလုပ်ပျက်မည်။ မပါလာလဲ အခက်။ ပါလာပြန်တော့လဲ အမှုကိစ္စ ပွေလွန်းလှသည်။ တစ်ခါတစ်ရံတော့ သောင်းဒန်တို့ လျစ်လျူရှု လိုက်ရသည်။

"ဒီလခနဲ့ ဘာသွားစားမလဲ ဆရာကြီး၊ ဒီတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် လုပ်ကြတာပဲ၊ အေးမောင်တို့ အိမ်ထောင် ကြည့်ပါလား၊ လင်မယားသုံးယောက်၊ ကလေးရှစ်ယောက်၊ ပေါင်း ဆယ့်တစ်ယောက်၊ ရတဲ့

လခ တစ်ရာ့ရှစ်ဆယ်လောက်နဲ့ ဘယ်လိုစားကြမလဲ၊ အခုတော့ ကောင်မလေး ဈေးရောင်းတာကြောင့် အနည်းအကျဉ်းခံသာသေးတာပေါ့"

"အဆိုးဆုံးက ခေါင်းပုံဖြတ်တဲ့လူတွေ ဆရာကြီး"

ထိုစကားကြားရလျှင် သောင်းဒန် အံ့အားသင့်သွားသည်။ အလုပ်သမားတွေကြားထဲ ဘယ်သူက လာပြီး ခေါင်းပုံဖြတ်သလဲ။

"ငွေတိုးပေးတယ် ဆရာကြီး၊ ကျွန်တော်တို့ ငွေစုငွေချေးအသင်းက တစ်ယောက်ကို ငါးဆယ်ထက် ပိုမပေးတော့ ရရာက အတိုးကြီးကြီးနဲ့ ချေးတာပဲ၊ ကျွန်တော်တို့အသင်းက ငွေကို ငါးဆယ်လုံးလုံး ချေးပြီး တစ်ဆင့် အတိုးနဲ့ ပြန်ချေးတဲ့လူတောင် ရှိသေးတယ်"

တချို့က ရွှေပေါင်ခံကြသည်။ ပြန်မရွေးဘဲ ဆုံးသူတို့ ဆုံးသည်။ တချို့ကား ပိုက်ဆံ တောင်းမရသဖြင့် ရန်ဖြစ်ကြသည်။

စိမ့်မြိုင်သွားသူ၊ စင်ရော် သွားသူတို့မှာ အလုပ်ကိစ္စ မဟုတ်။ အိမ်က မိန်းမအတွက် ဈေးဝယ်သွားကြသူများ ဖြစ်သည်။ အိမ်ဆိုင်အတွက် ပစ္စည်းဝယ်ရသည်။ မိန်းမက တတွတ်တွတ်နားပူသည့်အခါ အလုပ်မှလစ်၍ စင်ရော်သို့ ပြေးရသည်။

သည်လိုနှင့်ပင် တောင်ဘက် ဘဲတောင်ကြီး တက်လာပြီ။ မြောက်ဘက် ဘဲတောင်ကြီး တက်လာပြီး တိုင်နံပါတ် ၁ ပြီးလုနီးပါး အခြေရောက်နေပြီ။

သည်ကြားထဲမှာပင် မြင့်သိန်းလေး၏ မိန်းမ ကျင်ကျင် ဗိုက်ကလေး ပူလာသည်။ ခင်မောင်စိန့် မိန်းမ နော်မူအေး မီးပုံးပျံအင်္ကျီကြီး ဝတ်လာသည်။ နော်မူအေးသည် 'အချစ်စစ် အချစ်မှန်များရယ်'ဆိုသော သီချင်းကို မပြတ်ညည်းနေသည်။ ဟိုတုန်းကမူ အလွမ်းသံ အဆွေးသံတို့ ကြားရတတ်သည်။ လှမင်းကပင် သောင်းဒန်အား "ကရင်ညြဆိုတာ အဲဒီအသံပဲနဲ့ တူတယ် ဦးသောင်းဒန်" ဟု ပြောဖူးသည်။

တာအယ်လော ဂါမာတိဆိုဖုံး
ယူဝေးယူးဂေါ် ဆူးအီးဆူးနေ
ယူတော့တကွာ ကေးအလောခီး

တုန္နံတစုံကသာပေးနောက္ခိယား။

“စောသာအေး၊ ခင်ဗျားခယ်မ ဆိုနေတာ ဘာတဲ့လဲဗျလို့ ကျွန်တော်ကမေးတော့ ဒီလိုတဲ့ ဆရာကြီးရဲ့”

ငှက်နဲ့တူတဲ့ ကျွန်မအချစ်

တစ်ပင်ကတစ်ပင် ကူးသန်းနေစဉ်

တခြားငှက်နဲ့ တွေ့တဲ့အခါ

ကျွန်မကို သတိမရတော့ပါလား။

“အဲဒီလိုဆိုပဲ ဆရာကြီးရဲ့၊ သူ့ဟာက လွမ်းစရာအကောင်းသား၊ ခုတော့ ‘ချစ်နှစ်ဖြာ မေတ္တာလမ်းမှ သစ္စာပန်း လန်းပွင့်ကာသာနေ’တဲ့ဗျား”

“ကောင်းတာပေါ့ကွာ၊ ခင်မောင်စိန်လည်း အလုပ်လုပ်လို့ ဖြောင့်နေမှာပေါ့၊ မင်းမိန်းမကောကွ၊ ဗိုက်ကလေး ပူလာသလားလို့”

“ဟဲ . . . ဟဲ၊ ဟုတ်မယ် မထင်ပါဘူး ဦးသောင်းဒန်ရယ်၊ ဝလာပြီး ဗိုက်ရွဲလာတာ နေမှာပါ”

“စောသာအေး မိန်းမတော့ သိသိသာသာကြီး ဗိုက်ထွက်လာပြီကွ၊ အေး ကောင်းတယ်၊ မင်းတို့ တစ်နှစ် တစ်သား မွေးကြ၊ ဒီနှုန်းအတိုင်းဆိုရင် တံတားမပြီးခင် ခင်မောင်စိန်တို့ ကလေးနှစ်ယောက်ရမှာ သေချာတယ်”

မကြာမီအတွင်းမှာပင် ရေသယ်ဂိုဏ်းမှ ခင်ညွန့်နှင့် နေ့စား အလုပ်သမား မလှရီတို့ မင်္ဂလာဆောင်ကြသည်။ မလှရီကား နောက်မှ ရောက်လာသည့် သံချီသံကွေး သိန်းအေး၏နှမ ဖြစ်သည်။ မြင့်သိန်းလေးနှင့် ကျင်ကျင်တို့ ကိစ္စတုန်းကလိုပင် အဆင်မပြေ။ ခင်ညွန့်က စင်ရော် ခိုးပြေးသည်။ ထိုအခါတွင်မှ အောင်ကြီးနှင့် လှမင်းတို့ ကြားဝင်ရသည်။

သို့နှင့် မိုးသား ကလေးများ အုံ့ပျအုံ့ပျတက်လာသည်။ သင်္ကြန်ရက် နီးလာပြီ။ ရန်ကုန်ပြန်ချင်သူတွေ၊ စိမ့်မြိုင် သင်္ကြန်ပွဲ နွှဲချင်သူတွေ ကြို၍ ခွင့်တင်ကြသည်။ သင်္ကြန်ပွဲတွင် အလုပ်ပိတ်ရက်၌ အစွမ်းကုန်ပျော်ကြမည်ဟု အားခဲထားကြသည်။ သည်နှစ်တွင်မူ စခန်း၌လည်း သင်္ကြန်ပွဲ စည်ကားမည်ဖြစ်သည်။ မနှစ်တုန်းက သူတို့တစ်တွေ သင်္ကြန်ကျမှန်း မသိလိုက်ကြ။

အိမ်သူများလည်း မရောက်လာကြသေး။ သည်အထဲ သူပုန်ရန်ကလည်း မအေး။ နေ့ ဝင်စီးမလိုလို၊ ည ဝင်စီးမလိုလိုနှင့် တထိတ်ထိတ်၊ တလန့်လန့် အချိန်ကုန်ခဲ့ကြရသည်။

သင်္ကြန်နီးလာပြီဆိုလျှင် ထုံးစံအတိုင်းပင် သန်းမောင်နှင့် အောင်ကြီးတို့ လှုပ်ရှားလာကြသည်။

"အငြိမ့်ငှားမယ် ဆရာကြီး"

"ဘာအငြိမ့်လဲကွ"

"မွန်အငြိမ့် ဆရာကြီး၊ စခန်းသစ်မှာ နာမည်ကြီး အငြိမ့်တွေရှိတယ်၊ ကျွန်တော်တို့ သွားငှားမယ်၊ အားလုံးကလဲ သဘောတူပြီးပြီ"

"မင်းတို့သဘောပဲ၊ အားလုံး သဘောတူတယ်ဆို လုပ်ကြပေါ့"

သန်းမောင်နှင့် အောင်ကြီးတို့ စခန်းသစ် သွားကြသည်။ မရခဲ့။ စိမ့်မြိုင်ဘက်က ငှားသွားပြီဖြစ်၍ ရှိသည့်အငြိမ့် လေးငါးဖွဲ့ မအား။ ထို့ကြောင့် ဖားလွယ်သို့ ပြန်လှည့်ခဲ့ကြသည်။ ဖားလွယ်တွင် ရွှေမြိုင်ကြည်အငြိမ့်ကို ၂၂၅ ကျပ်နှင့် စျေးတည့်ခဲ့ကြသည်။

"မင်းသမီးကို သီချင်းဆိုခိုင်းပြီးမှ ငှားခဲ့တာ ဆရာကြီး"

မဆိုးလှပါ။ အထိုက်အသင့် ကောင်းပါသည်။ စကားပြောလျှင် ဝဲသော်လည်း သီချင်းဆိုသည့်အခါ မဝဲ။ မာမာအေး သီချင်းကို အကျအန ဆိုပြသဖြင့် တဖြောင်းဖြောင်း လက်ခုပ်တီး သြဘာပေးခံရသည်။

သင်္ကြန်ပြီးလျှင် နံပါတ် ၃၊ နံပါတ် ၄ ရက်မများ သံမဏိကြိုးသွင်းရန် ပြင်ဆင်ကြရသည်။ ထိုအချိန်တွင် စိမ့်မြိုင်မှ တိုင်း အင်ဂျင်နီယာဦးရွှေသိန်းနှင့် ဘီအီးတပ်မှ ဗိုလ်ကြီးဘကြူးတို့ လေ့လာရန် ရောက်လာကြသည်။

ယခု အားသွင်းမည်မှာ ပေ ၇၀ ရက်မ ဖြစ်သည်။ အလျား ပေ ၇၀၊ အမြင့် ၃ ပေ၊ ထု ၈ လက်မ ဖြစ်သည်။ ထိပ်နှစ်ဖက်တွင်ကား ထုသည် ၁ ပေ၊ ၄ လက်မ ရှိသည်။ ရက်မသည် အလယ်တွင် အင်္ဂလိပ်အက္ခရာ အိုင်ပုံ ရှိသည်။ ထိပ်နှစ်ဖက်မှ ကြည့်လျှင်ကား အောက်ခြေ၌ ကြီး၍ အထက်၌ သေးသည်။ အောက်ခြေတွင် သံမဏိကြိုးသွင်းရန် အပေါက် သုံးပေါက်

ရှိသည်။ ယင်း သုံးပေါက်သည် ရေပြင်ညီ တည်နေသည်။ အထက်တွင် ဒေါင်လိုက် သုံးပေါက်ရှိသည်။ အားလုံး ကြိုး ၆ ချောင်း သွင်းရမည်။

"ဒါက ဂျပန်ကလာတဲ့ သံမဏိကြိုး ခင်ဗျ၊ ၀ ဒသမ ၂၇၆ အချင်း ရှိတယ်၊ တစ်မတ်သာသာပေါ့၊ အရင်တုန်းကတော့ အင်္ဂလန်က ကြိုးကို သုံးတယ်၊ အခုတော့ ဂျပန်တို့၊ ဂျာမနီတို့က ကြိုးတွေလဲ ကောင်းပါတယ်၊ အဲဒီ တစ်မတ်ကြိုး ၁၂ ချောင်း ပူးပြီး ချည်ရတယ်၊ ဟော ဟိုမှာပူးပြီး ချည်ထားတဲ့ ကြိုးပဲ"

"အသစ်အဆန်းတွေပဲနော်"

"လောကမှာ ဘာမဆို မဖြစ်နိုင်တဲ့အရာ မရှိဘူး၊ မသိနိုင်တဲ့အရာ မရှိဘူး၊ လတောင် လူရောက်နေပြီဆိုတော့ ဒီသံမဏိကြိုးနဲ့ အားသွင်းတဲ့ အားဖြည့်ကွန်ကရစ်ဆိုတာ မဆန်းပါဘူးခင်ဗျာ"

သောင်းဒန် လေရနေသည်။ ဦးရွှေသိန်းနှင့် ဗိုလ်ကြီးဘကြူးတို့သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေကြသည်။ ဗိုလ်ကြီးဘကြူးကား အင်္ဂလန်သို့ ပညာတော်သင် ရောက်ဖူးသည်။ သို့သော်လည်း သူ လေ့လာ ခဲ့သည်မှာ တံတားဆောက်ပညာ မဟုတ်။ ယမ်းဘီလူး ပညာသာဖြစ်သည်။ မိုင်းခွဲအတတ်တွင်ကား ဗိုလ်ကြီးဘကြူးသည် အတော်လေးနှံ့နှံ့စပ်စပ် သိနားလည်သူတစ်ယောက် ဖြစ်သည်။

"ဟောဒီအပေါက်တွေက သွပ်ပိုက်ပျော့တွေ၊ သူတို့ကို ဒီပုံစံအတိုင်း အထဲမှာ ထုပ်ချင်းပေါက် သွင်းထားတယ်၊ အောက်ဆုံး သုံးခုက ရေပြင်ညီပဲ၊ တန်းနေတယ်၊ အထက်က သုံးခုကတော့ တစ်ခုအပေါ်တစ်ခု ဆင့်နေတယ်၊ ဒေါင်လိုက်သုံးခုအနက် အထက်ဆုံးက ပိုက်ဟာ ရက်မအလယ် ရောက်သွား တော့ တဖြည်းဖြည်း အောက်ရောက်သွားတယ်၊ ဟိုဘက်အစွန်း ပြန်ရောက် သွားတော့ အထက်ကို ပြန်တက်သွားတယ်၊ သူ့အောက်က အချောင်းကလဲ ဒီလိုပဲ၊ ဘာနဲ့တူသလဲဆိုတော့ ဘေးတိုက်ကြည့်ရင် ကြိုးတွေ တန်းနေပုံက ဒယ်အိုးခပ်ပက်ပက်နဲ့ တူတာပေါ့၊ ဒီကြိုးတွေကို ကျွန်တော်တို့ သံမဏိ အားဖြည့်ကိရိယာနဲ့ ဆွဲဆန့်လိုက်မယ်"

အောင်ကြီးနှင့် သန်းမောင်တို့သည် အားဖြည့်ကိရိယာကို ဆင်နေသည်။ ယင်းမှာ ကြိုးဆွဲစက်တစ်ခုပင် ဖြစ်သည်။ သာမန်ကား မဟုတ်။ အားကြီးသည်။ မကြာမီ သံမဏိကြိုးများကို ဆွဲဆန့်ကြသည်။ ကြည့်ရင်းကြည့်ရင်းပင် ကွန်ကရစ် ရက်မကြီးသည် ခုံးတက်လာသည်။ တင်းနေအောင် ဆွဲထားသည့် ကြိုးများကို ရက်မ နှစ်ဖက်ထိပ်တို့တွင် ခေါက်ကာ၊ ဘိလပ်မြေနှင့်မံကာ အသေထိန်းချုပ် ချည်နှောင်ထားလိုက်သည်။ ထို့နောက် သွပ်ပိုက်ပျော့ထဲသို့ ဘိလပ်မြေနှင့် သဲကို ရေနှင့်ဖျော်ကာ မှုတ်သွင်းသည်။ သံမဏိကြိုးကို ဌာပနာလိုက်ခြင်းပင် ဖြစ်သည်။

"အဲဒီ ရက်မတွေဟာ ခုံးနေမယ်၊ သူတို့အပေါ် ကားဖြတ်မောင်းတော့ အလယ်က ဝန်ပိပြီး ပြားသွားလိမ့်မယ်"

ပထမနေ့တွင် ရက်မ တစ်ချောင်း အားသွင်းပြီးသွားသည်။ နောက်တစ်နေ့တွင် ဒုတိယရက်မကို အားသွင်းပြန်သည်။ နောက်နှစ်ရက်ကြာလျှင် ယင်းတို့ကို နေရာရွှေ့ရမည်။

"ရက်မလောင်းတဲ့ နေရာက တစ်နေရာ၊ ပြီးတော့ တစ်နေရာကို ရွှေ့ရမယ်၊ ဒီနေရာမှာ ထပ်ပြီး နောက်ထပ် ပုံလောင်းရအုံးမယ်"

"အင်း၊ ပညာတော့ တိုးပေါ့ဗျာ" ဗိုလ်ကြီးဘကြူးက ခေါင်းတဆတ်ဆတ်နှင့် ပြောသည်။

"ရွှေ့တာမှာ အရေးအကြီးဆုံးပဲ၊ ရွှေ့ပြောင်းဖို့အတွက် ပစ္စည်းကိရိယာတွေ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ဆင်ရတယ်၊ အားလုံးတွက်ချက်ပြီး ဌာနချုပ်မှာ ပုံစံထုတ်လိုက်တယ်၊ ဒီပုံစံအတိုင်းပဲ ခင်ဗျ"

ဦးရွှေသိန်းသည် ပုံစံပြာကို လေ့လာနေသည်။

"ဒါက တစ်နေရာက တစ်နေရာကို ရွှေ့တာ အတွက်ပဲ၊ ကျွန်တော်တို့မှာ တခြားပုံစံတစ်ခု ရှိသေးတယ်၊ အဲဒါက တံတားပေါ်တင်တဲ့အခါ အကွက်ဆင်ထားရတဲ့ ပုံစံပဲ၊ အဲဒီကျတော့လဲ လာကြည့်ကြပါအုံး၊ ကျွန်တော်တို့ စံပယ်ချောင်းတံတားက ဒီတံတားထက် အရင်ပြီးလိမ့်မယ် ခင်ဗျ၊ ဟိုမှာ ပေ ၇၀ ရက်မတွေ တင်မှာပဲ"

သံမဏိတန်းကြီးတစ်ခုသည် ပေ ၇၀ ရက်မပေါ်၌ ခွစီးနေသည်။ ယင်းကို ဒေါက်များဖြင့် ခံထားသည်။ ဘေးတိုက်ကြည့်လျှင် အင်္ဂလိပ်အက္ခရာ အေ ပုံစံ။ သို့မဟုတ် လှည်းထောက်ခွသဏ္ဌာန် ရှိသည်။ သံမဏိတန်းပေါ်၌ အားကြီးသော ဂျိုက်ခေါ် ပင့်စက်နှစ်ခု ရှိသည်။ အလယ်တွင် လေးထောင့်သံပေါင်ကြီးတစ်ခုသည် ကွန်ကရစ် ရက်မထက်သို့ တွဲလျားကျနေသည်။

"ဟော့ နဖားတွေ ခိုင်အောင်ချိတ်၊ ဟုတ်ပြီ၊ ကဲ မ တော့၊ မ တော့"

ရက်မ၏ ထိပ်တစ်ဖက်တစ်ချက်စီတွင် နဖားပေါက်များရှိသည်။ ယင်းတို့ကို သံမဏိတန်းဆီမှ ကျလာသော သံပေါင်ကြီး၌ ချည်နှောင်လိုက်သည်။ ပြီးလျှင် ဂျိုက်နှစ်ခုကို ပင့်တင်သည်။ တဖြည်းဖြည်း ရက်မကြီး၏ တစ်ဖက်အစွန်းသည် မြေပြင်မှ ကြွတက်လာသည်။

"ထရော်လီ သွင်းဟော့၊ ဂရုစိုက်ကြနော်၊ ခိုက်မိမယ်" သောင်းဒန်သည် လက်ကိုင်အော်လန်လေးဖြင့် အော်ကာ ညွှန်ကြားအမိန့်ပေးသည်။

ရက်မသည် မီးရထား သံလမ်းနှစ်ခုကို ဦးခိုက်လျက် ရှိနေသည်။ သံလမ်းများကို ယာယီ သိုလှောင်မည့် နေရာအထိ ဆင်ထားရသည်။ သံလမ်းပေါ်၌ ထရော်လီကလေးတစ်ခု ရှိသည်။ ယင်းအပေါ်တွင် ရက်မကြီး မေးတင်မိပြီ။ ထိုအခါ အခြားတစ်ဖက်အစွန်၌ရှိနေသော လှည်းထောက်ခွကြီးက ရက်မ၏ အခြားတစ်ဖက်အစွန်းကို ယခင်နည်းအတိုင်း မသည်။ ကြွလာလျှင် သူ့အောက်သို့ ထရော်လီ ထိုးပေးလိုက်သည်။ နှစ်ဖက်စလုံး ကြွတက်လာပြီဆိုလျှင် ထရော်လီကို သံလမ်းတစ်ဖက်အစွန်းမှ ကြိုးဆွဲစက်ဖြင့် ဆွဲယူရလေသည်။ လိုရာနေရာသို့ ရောက်ပြီဆိုလျှင် ရှေးနည်းအတိုင်း ထရော်လီပေါ်မှ ပြန်၍ ချရပြန်သည်။ လှည်းထောက်ခွကြီးသည် အလုပ်အများဆုံး လုပ်ရသည်။ ဟိုရွှေ့လိုက်၊ ဒီပြောင်းလိုက်နှင့် နားမနေရ။ စက်တို့သာ မဟုတ်၊ လူအပေါင်းတို့လည်း ဂရုစိုက်နေကြရသည်။

ပထမ ရက်မရွှေ့ပြီးသွားပြီ။ ဒုတိယ ရက်မသာ ကျန်တော့သည်။ ယင်းနှစ်ခုမှာ ပေ ၇၀ ရက်မ နံပါတ် ၃ နှင့် နံပါတ် ၄ တို့ ဖြစ်ကြသည်။

"ကြည့်ရတာ မောစရာကြီးဗျာ၊ နှလုံးတုန် ရင်ခုန်ရှိလိုက်တာ"

ဦးရွှေသိန်းက လူကြီးပီပီ သက်ပြင်းကြီးကို ချလိုက်သည်။ သောင်းဒန်ကား ရင်မောသည်။ သို့သော် အတွေ့အကြုံရှိနေပြီးဖြစ်သဖြင့် ထူး၍ရင်ခုန်မနေတော့။ ဗိုလ်ကြီးဘကြူးကား မိုင်းခွဲလာသူဖြစ်ရာ ဦးရွှေသိန်းလို နှလုံးတုန်ရင်ခုန် မဖြစ်။ သူ့ရှေ့တွင် ကျောက်တောင်ကြီးများ ပြိုလဲကျသွားသည်ကို မြင်ဖူးခဲ့ပြီ။ အဆောက်အအုံကြီးများ ပြိုလဲကျသွားသည်ကို မြင်ဖူးခဲ့ပြီ။

"ဆွဲဟေ့ ဆွဲဟေ့၊ ဟုတ်ပြီ၊ ဟေ့ အောင်ကြီး၊ ထိန်းပေး ထိန်းပေး၊ ဟော . . ."

ကြည့်နေရင်းပင် နံပါတ် ၄ ရက်မကြီးသည် မြေပြင်သို့ အုန်းခနဲလဲကျသွားလေသည်။

ဘာဖြစ်တာလဲ။ ကြိုးမခိုင်၍ ပြတ်သွားခြင်း ဖြစ်သည်။ အထိအခိုက်မရှိသဖြင့် တော်သေးသည်။

"ဟေ့ ဖယ်ကြ၊ အနားမနေကြနဲ့၊ ဝေးဝေးသွား၊ ဝေးဝေးသွား"

သောင်းဒန်သည် အသံနက်ကြီးနှင့် အော်ကာ ရက်မဆီသို့ ပြေးသွားသည်။ သံမဏိကြိုးတစ်ချောင်း ပြတ်သွားသံ ကြားလိုက်ရသည်။ ရက်မကြီး၏ အလယ်ပိုင်းလောက်ဆီတွင် အက်ရာများ ပေါ်လာသည်။

ဦးရွှေသိန်း၏ရင်များ တဒိန်းဒိန်း ခုန်လာသည်။ ထို့အတူ သောင်းဒန်၏ ရင်များလည်း တဒိန်းဒိန်း ခုန်နေသည်။

"ခင်ဗျားတို့ဟာ သွေးတိုးရောဂါရဖို့ တယ်မဝေးဘူးဗျို့၊ သွေးတိုးရောဂါရှိတဲ့လူဆိုရင် ချက်ချင်း မေ့ခနဲ လဲသေသွားမှာပဲ"

"ကျွန်တော်တောင် သွေးတိုးရောဂါ ဖြစ်ချင်သလား မသိဘူး ခင်ဗျား"

သောင်းဒန်သည် ရက်မမှ ခွာကာ ရုံးပေါ်သို့ တက်လာခဲ့သည်။ သူတို့အားလုံး ရုံးပေါ်သို့ ရောက်နေကြပြီ၊ တုံးလုံးလဲနေသော ရက်မကြီးကို လှမ်း၍ မြင်နေရသည်၊

"ဘယ်လို ဖြစ်တာလဲ အောင်ကြီး၊ ဆောင့်ဆွဲလိုက်သလို ဖြစ်သွားတာကိုးကွ၊ ထရော်လီကလဲ ယိမ်းယိမ်းယိုင်ယိုင်နဲ့၊ ဒါမျိုးဆိုတာ မျှဉ်းမျှဉ်း ဆွဲရတာကွ၊ အရင်လုပ်ခဲ့ပေါင်းလည်း များလှပြီ"

"မသိဘူး ဆရာကြီး၊ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ ကျွန်တော့် အပြစ်ပဲ ဆရာကြီး၊ ကျွန်တော်တော့ သေသာ သေလိုက်ချင်တော့တာပါပဲ ဆရာကြီးရာ"

"ကဲကွာ ပြီးတာ ပြီးပစေပေါ့၊ ပျက်သွားတာ ပြန်ပြင်လို့လဲ ရမှာ မဟုတ်ဘူး၊ အသစ်တစ်ခု ထပ်ပြီး လုပ်ရမှာပေါ့၊ ဒါပေမဲ့ ဌာနချုပ်ကိုတော့ အကြောင်းကြားရလိမ့်မယ်၊ အရေးကြီးတာက ဒီရက်မကို ဖျက်ဆီးပစ်ဖို့ပဲ"

"ကျွန်တော် မိုင်းနဲ့ ခွဲပေးရမလား ဦးသောင်းဒန်"ဗိုလ်ကြီးဘကြူးက ဝင်၍မေးသည်။

"ဟာ မဖြစ်ဘူး၊ မိုင်းနဲ့ခွဲလို့ မဖြစ်ဘူး၊ ဒီအထဲမှာ အလွန်ကြီးတဲ့အား အပြည့်ပါတယ် ဗိုလ်ကြီး၊ သံမဏိကြိုးတွေကို ဆွဲဆန့်ထားတာ၊ သူတို့ အလို လိုတောင် ကြိုးတွေကန်ပြီး ပြတ်ထွက်သွားရင် ရက်မကြီးဟာ ဧရာမတုံး ကြီးတစ်လုံး ခွဲချလိုက်သလို လွင့်စဉ်ကွဲထွက်သွားမယ်၊ သိပ်အန္တရာယ်ကြီး တယ် ဗိုလ်ကြီး"

"အမယ်လေး ရင်တုန်စရာကြီးပါလားဗျာ" ဦးရွှေသိန်း ရင်တမမ ဖြစ်နေသည်။

ချက်ချင်းပင် ဌာနချုပ်သို့ အကြောင်းကြားလိုက်သည်။ ဌာနချုပ်မှ မြေမြှုပ်ပစ်လိုက်ပါဟု အကြောင်းပြန်သည်။ ထို့ကြောင့် တံတားထိပ်နှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် ကျင်းတူးကာ ရက်မကြီးကို ဆွဲယူမြှုပ်လိုက်ရ သည်။

အောင်ကြီးကား ထိုနေ့ညက အိပ်၍မပျော်။ အံတကြိတ်ကြိတ် တောက် တခေါက်ခေါက် ဖြစ်နေသည်။ ငါ ရန်ကုန်ပြန်မယ်။ ဒီမှာ မလုပ်တော့ဘူး။ သိပ်ရှက်စရာကောင်းတယ်။ ဒါဟာ ငါ့တာဝန် မကောင်းဘူး။ ဒီလောက် ဂရုစိုက် နေတဲ့ကြားထဲက ဒီလို ဖြစ်ရတာ ငါ့ အပြစ်ပဲ။ တို့ချည်းဆို ကိစ္စမရှိဘူး။ အခု ရက်မကြီးတွေ အားဖြည့်တာ၊ နေရာရွှေ့တာကို ဦးရွှေသိန်းတို့၊ ဗိုလ်ကြီး ဘကြူးတို့ လာကြည့်နေတုန်း ဒီလို ဖြစ်ရတာ သိပ်ရှက်စရာ ကောင်းတာပဲ။ ဆရာကြီးလည်း စိတ်ကောင်းမှာ မဟုတ်ဘူး။

အောင်ကြီး စိတ်ခတ်ကျနေသည်။ နောက်နှစ်ရက်ခန့်ရှိလျှင် သောင်းဒန်ကို တွေ့သည်။ ရန်ကုန် ပြန်ချင်ကြောင်း ပြောသည်။

"ဘာလို့ ပြန်မှာလဲ၊ မင်း ဘာမှ စိတ်ပျက်စရာ မလိုဘူး၊ စိတ်ဓာတ်လဲ ကျစရာ မလိုဘူး၊ စိတ်ပျက်စရာရှိရင်၊ စိတ်ဓာတ်ကျစရာရှိရင် ငါက အရင် စိတ်ပျက် စိတ်ဓာတ်ကျရမဲ့လူပါကွာ၊ မင်းတစ်ယောက်တည်း မဟုတ်ဘူးကွ၊ အားလုံးကိုကြည့်ရမယ်၊ အခုပဲ ဒါလေးဖြစ်တာနဲ့ တစ်စခန်းလုံး ဘယ်လောက် စိတ်ထိခိုက်သွားသလဲ၊ မင်းလိုပဲ အားလုံးထိခိုက်တာပဲ၊ တို့ဗမာက သာပြီး အတိတ်နိမိတ်ကောက်တတ်သေးတယ်၊ ဒါဟာ တံတားပြီးမြောက်ဖို့ လမ်း မမြင်ဘူး၊ အဖျက်အဆီးရှိတယ်၊ နတ်ပွဲမပေးလို့ ဖြစ်တာလို့တောင် ပြောတဲ့ လူက ပြောနေပြီ၊ မင်း ပြန်လို့ ဘယ်ဖြစ်မလဲ၊ အားလုံး ငါ တာဝန်ယူတယ်၊ မင်း ဘာမှ ပူစရာမလိုဘူး"

သောင်းဒန်ကို အောင်ကြီး များစွာ ကျေးဇူးတင်မိသည်။

တနင်္လာနေ့ တန်းစီလျှင် သောင်းဒန်သည် ရက်မကြီး လဲကျသည်ကို အကြောင်းပြုကာ လုပ်ငန်း၌ မပေါ့ဆရန် ပြောကြားလေသည်။

"သံမဏိကြိုးက တစ်ချောင်း ပြတ်လို့သာပေါ့ကွာ၊ တစ်ချောင်းဆို တာကလဲ ဆယ့်နှစ်ချောင်း ပူးထားတဲ့ အထဲက တစ်ချောင်းပြတ်လို့၊ ဆယ့်နှစ်ချောင်းလုံး ပြတ်ရင်တော့ ဒုက္ခပဲ"

× × × × ×

ချဉ်းကပ်လမ်းများ ချောမောစွာ ပြီးစီးသွားကြသည်။ မိုးဦးမကျမီ တွင်တွင်ကျယ်ကျယ် လုပ်လိုက်ကြသဖြင့် ၃ လသာသာ ၄ လ နီးပါးအကြာတွင် ပြီးစီးသွားသည်။

လှမင်း၏လမ်းသည် ခင်မောင်စိန် ဖောက်လာသည့်လမ်းနှင့် လွဲနေသေးသည်။ ပြီးမှ တည့်ယူရသည်။ ယခုကား ချောင်းကူးနေရာများတွင် လမ်းခွဲများလုပ်ထားသဖြင့် စင်ရော်နှင့် တံတားစခန်း ကားပေါက်နေပြီ။ ဖုန်တလုံးလုံးနှင့် တစ်ပါးကြီးများ ပြေးနေကြသည်။ စင်ရော်မှ အလုပ်ဆင်းသည့် နေ့စားသမားများလည်း လွယ်လွယ်ကူကူပင် စခန်းသို့ ရောက်လာကြသည်။ ယခင်က မော်တော်နှင့်သွားလျှင် လေးဆယ့်ငါးမိနစ်ကြာမှ ရောက်သည့်ခရီးကို ယခု ဆယ့်ငါးမိနစ်နှင့် ရောက်နိုင်ပြီ။

"တံတားတွေ ဆောက်ရအုံးမယ်၊ လှမင်းတို့ဘက်က နည်းပါတယ်၊ အားလုံးမှ တံတားကြီး နှစ်စင်းရှိမှာပေါ့၊ ဒီဘက်မှာ စမ်းချောင်းတံတားက ပေ ၃၀ ပဲရှိမယ်၊ ဟိုဘက်မှာ စံပယ်ချောင်းတံတားက ကြီးတယ်၊ ပေ ၇၀ ရှိမယ်၊ ငါတော့ အားဖြည့်ကွန်ကရစ်ရက်မ တင်လိုက်ချင်တာပဲ၊ တစ်နေ့က ဦးရွှေသိန်းကို စကားစပ်မိရင်း ပြောလိုက်တော့ ဘာမှပြန်မပြောဘူး"

"ပိုက်ဆံက လျာထားချက်ထဲ ပါရဲ့လား"

"ကိစ္စမရှိပါဘူးကွာ၊ စင်ရော်လမ်းမကြီး ဘတ်ဂျက်ထဲက တောင်းသုံး

လိုက်တာပေါ့၊ ဒါ ရန်ကုန်မှာ ငါပြောပါ့မယ်၊ မင်းတို့ကတော့ ပြင်ဆင်သာ ထားကြ”

ယခုကား မြေနီလမ်းသည် ဖုန်နေပြီ။ လှမင်း အလုပ်က ပြန်လာလျှင် တစ်ကိုယ်လုံး နီရဲလာသည်။ ဆံပင်မွေးများ နီကြန့်ကြန့် ဖြစ်လာသည်။ ပါးစပ်က ကွမ်းတံတွေးရောင်နှင့် လိုက်ဖက်လာသည်။ မိုးဖြိုင်ဖြိုင်ကျလာလျှင် တာဖို့ထားသည်တို့ မျောပါမသွားရန် အရေးကြီးသည်။

“အဲဒါတော့ ဂရုစိုက်နေရမှာပဲ၊ မျောသွားလဲ တတ်နိုင်တာမှ မဟုတ်တာကွာ၊ ကြည့်နေရုံအပြင် ဘာမှ မတတ်နိုင်ဘူး၊ လူအင်အားမှ မရှိတာ၊ ဒီလမ်းချည်းပဲ တက်ညီလက်ညီ လုပ်လိုက်ရရင်တော့ မိုးမကျခင် ပြီးမှာပေါ့၊ မတတ်နိုင်ဘူး၊ ခုတော့ လမ်းကြမ်းပဲ၊ ဗွက်ပေါက်လဲ ကားသွားသေးတာမှ မဟုတ်ပဲ၊ အရေးကြီးတာက တံတားလေးတွေ ဆောက်ဖို့ပဲ၊ မြောင်းကျော် တံတားလေးတွေ ကတော့ ရိုးရိုးကွန်ကရစ်နဲ့ ဆောက်ကွာ”

စမ်းချောင်း တံတားတစ်ဖက်တစ်ချက်တွင် ကွမ်းသီးခြံများရှိသည်။ သည့်ဟိုဘက်တွင် လယ်ကွင်းများ ရှိသည်။ လယ်မလုပ်ကြ။ သည်နေရာတွင် ဘယ်သူမှ အကာအကွယ် မပေးနိုင်သဖြင့် မလုပ်ကြခြင်း ဖြစ်ဟန်တူသည်။ သည်အရပ်တွင် လယ်များ တဖြည်းဖြည်း ကောလာကာ ရော်ဘာခြံများ၊ ကွမ်းသီးခြံများက နေရာဝင်ယူသည်။

“ဟောဒီ စမ်းချောင်းကိုတော့ သစ်သားနဲ့ ဆောက်ရမှာပဲ၊ အေး လူလိုတယ်ဟေ့၊ လူလိုတယ်၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်ရသလို ဖြစ်နေပြီ၊ အခုရေလယ်တိုင်တွေ မြေစမ်းနေလို့ ဒီဘက် လူခွဲပို့နိုင်တာ၊ ဒါတော့ ထားလိုက်အုံးကွာ၊ နောက်မှပဲ ဆောက်မယ်၊ ဟေ့ ဒီနားမှာ ချိုးပေါတယ် ထင်တယ်၊ ချိုးကူသံ ကြားရတယ်ကွ၊ ဒီတစ်မိုးတော့ အလုပ်မရှိရင် ဒီမှာ လာပြီး ချိုးပစ်နေမှပဲ”

“အင်း ချိုးသားတော့ စားရအုံးမှာပဲ” လှမင်းက နောက်လိုက်သည်။

သောင်းဒန်သည် ငှက်ပစ် ဝါသနာပါသည်။ ယခု တောထဲရောက်နေသည့်အခါ လက်ယားနေသည်။ သို့သော် ဖင်ယားသည်ကိုပင် မကုတ်

အားအောင် အလုပ်ရှုပ်နေသဖြင့် ငှက်ပစ်ထွက်ဖို့ မစဉ်းစားအား။

"ခင်မောင်စိန်ကိုတော့ ငါ့ဆီ ပြန်ခေါ်တော့မယ် စိတ်ကူးတာပဲ၊ မင်းနဲ့ သန်းမောင်ဆိုရင် ဖြစ်ပါတယ်ကွာ၊ ပြီးတော့ ဒီမိုးတွင်းလဲ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး၊ ရေဒလဟောကျလာရင် ရေလယ်မှာ ဘာမှလုပ်နိုင်မှာမဟုတ် ဘူး၊ မြေစမ်းအဖွဲ့တောင် မိုးကုန်မှ ပြန်လာတော့မှာ၊ ငါ့ဆီမှာတော့ ရက်မတွေ မှန်မှန်လောင်းသွားဖို့ပဲ၊ အောင်ကြီးနဲ့ သူနဲ့ နှစ်ယောက်တွဲပေးလိုက်မယ်"

စောသာအေးဘက်မှ ချဉ်းကပ်လမ်းသည် အခြေအနေကောင်းသည်။ အနီးအနားတွင် ကျောက်စရစ်အတုံးကြီးများ ပေါသဖြင့် လမ်းခင်းခိုင်းလိုက် သည်။ အဆင်းအတက်များသောလမ်းဖြစ်ရာ တာကို မြင့်မြင့်ဖို့၍ ဘေးတွင် ရေစီးရန် မြောင်းဖောက်ပေးလိုက်လျှင် ရေတင်နိုင်စရာ၊ ရေဝပ်နိုင်စရာ အကြောင်းမရှိ။ သို့သော် တံတား ရှစ်ခုခန့်ဆောက်ရမည်မှာ လက်ဝင်သည်။ ယခုကား ယာယီတံတားလေးများကိုသာ တောသစ်နှင့် အဆောက်ခိုင်း ထားသည်။ စောသာအေးလည်း ခေါင်းမဖော်နိုင်လောက်အောင် အလုပ် များနေသည်။ သူ့လမ်း မြန်မြန်ပြီးလျှင် ၁၃ မိုင် ကျောက်မိုင်းမှ ကျောက်များ ကို စခန်းသို့ လွယ်လွယ်ကူကူ သယ်နိုင်ပြီဖြစ်သည်။

ဇွန်လကုန်ခါနီး တံတားများအားလုံးလိုလို ပြီးသွားသည်။ ကားသွား နိုင်ပြီ။ ၁၀ ပေ ချောင်းကျော်တံတားလေးများနေရာတွင် ချောင်းထဲမှဖြတ်၍ ကားမောင်းနိုင်သည်။ သို့ရာတွင် ထိုယာယီတံတားများကို ထပ်မံမွမ်းမံရဦးမည်။ လိုအပ်လျှင် အောင်ကြီးဆီမှ လက်သမားများကိုဆွဲထုတ်ကာ စောသာအေး လမ်းဘက်သို့ပို့မည်ဟု စိတ်ကူးထားသည်။ ခင်မောင်စိန်ကိုလည်း အကူအညီ အဖြစ်ထည့်ပေးမည်။

ခင်မောင်စိန်သည် ယခု တက်တက်ကြွကြွရှိလာသည်။ နော်မူအေးနှင့် ရစတုန်းက မှိုင်တိမှိုင်တိုင်ဖြစ်နေသည်။ နောင်တရနေသည်နှင့်တူသည်။ သို့သော် ဘယ်သူမပြု မိမိမှုမဟုတ်လား။ ထိုသဘောကို ခင်မောင်စိန် ဆင်ခြင်မိဟန် တူသည်။ မိန်းမရစက ဘယ်သူ့ကိုမျှ စကားကောင်းကောင်းမပြော။ အားလုံးကို မကျေမနပ် ဖြစ်နေဟန်တူသည်။ လောကကြီးတစ်ခုလုံးကို မကျေနပ်သည့်

လူမျိုးနှင့်တူသည်။ စခန်းသို့ရောက်စတုန်းကမူ ခင်မောင်စိန်သည် ရှင်သည်။ မြူးသည်။ သူများတွေက သူပုန်ရန်ကို ကြောက်နေစဉ် သူက တိုက်ပွဲများ ဖြစ်စေချင်နေသည်။ လှုပ်လှုပ်ရှားရှားဖြစ်လျှင် သူပျော်သည်။ သူ မျှော်လင့်သည့်အတိုင်း လှုပ်လှုပ်ရှားရှားဖြစ်ပါသည်။ ယင်းသည် နော်မူအေး ရေနံဆီသောက်ခြင်းတွင် အဆုံးသတ်လေသည်။ ထိုအခါမှစ၍ လှုပ်လှုပ်ရှားရှားဖြစ်သည်ကို သူ ကြောက်နေသည်။ ထို့နောက် တစ်လောကလုံးကို မကျေနပ်။ သို့နှင့် တဖြည်းဖြည်း နော်မူအေး ကိုယ်ဝန်ရင့်လာသည့်အခါ ခင်မောင်စိန်၏ အမူအရာပြောင်းလာသည်။ လောကကြီးကို မကျေနပ်ရာမှ နော်မူအေး၏ ဗိုက်ကို ပွတ်သပ်လာရသည့်အခါ ကျေနပ်ချင်သလိုလို ဖြစ်လာသည်။ နော်မူအေးက လက်ထပ်ပြီး နောက်တစ်နေ့တွင် "ခမ္မတာ မလာတော့၊ သေချာသွားပြီ"ဟုပြောသည့်အခါ သူ မယုံချင်။ သို့သော်လည်း ဒီကိစ္စများကို သူ နားမလည်။ တဖြည်းဖြည်း ကိုယ်ဝန်ရင့်လာသည့်အခါတွင်မှ အကောင်အထည်ပေါ်လာပါပေါ့လားဟု ယုံကြည်လာသည်။ ထိုအခါမှစ၍ ခင်မောင်စိန်သည် အပြောင်းအလဲကြီး ပြောင်းလဲလာသည်။ သူ လူကြီးဖြစ်လာပြီ။ မကြာမီ ကလေးအဖေဖြစ်တော့မည်။ သူ့တွင် သားရတော့မည်။ သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းတည့်။

သို့နှင့် ရက်မကြီး ပျက်သွားပြီးနောက် မြေသို့မြှုပ်သည့်နေ့ မနက်မှာပင် နော်မူအေး၌ သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်လေသည်။ ထိုနေ့ကား စခန်း၌ ထူးခြားသောနေ့ဖြစ်သည်။ ဦးခင်မောင်စိန်၊ နော်မူအေးတို့၌ သားဦးရတနာ ဖွားမြင်သည်။ လက်သမား ရွှေကြည်သည် ရွာလေးမှ ခြံသမား ဦးဘိုးထင်၊ ဒေါ်သဲတို့၏သမီး မငြိမ်းသာနှင့်လက်ထပ်သည်။

အပျက်အစီးကိုမြေမြှုပ်ပြီးနောက် လောကကြီးအလယ်၌ အသစ်တစ်ခု မွေးဖွားလာသည်။ ဤသည်မှာ ကောင်းသောအတိတ်နိမိတ် မဟုတ်လား။ ရက်မပျက်ကြီးကို မနက်ကပင် မြေမြှုပ်လိုက်သည်။ ယနေ့ နော်မူအေးသည် 'တုတ်ကြီး'မည်သော လောကသားတစ်ယောက်ကို မွေးဖွားပေးလိုက်သည်။ ယနေ့ပင် လက်သမားလေး ရွှေကြည်သည် မငြိမ်းသာနှင့် စင်ရော်စခန်း၌

ချစ်ပန္နက် သည်းစိုက်ထူလိုက်ကြသည် ။

"ငါဖြင့် ခင်မောင်စိန်ကို ခေါ်ပြီးပြောတုန်းက ကောင်မလေး ဗိုက်ကြီး နေပြီ၊ မင်း ဘယ်လိုလုပ်မလဲလို့ ပြောသာပြောရတာ၊ သိပ်တော့ လိပ်ပြာမလုံ ဘူးကွ၊ နောက်တော့ တဖြည်းဖြည်း နော်မူအေး ဗိုက်ကလေးပူလာမှ နေသာ ထိုင်သာရှိလာတယ်"ဟု သောင်းဒန်က နော်မူအေး မွေးသည့်သတင်းကြားလျှင် ကောင်းချီးသြဘာပြုသည်။

"ဆရာကြီး ရက်တွက်ကြည့်စမ်း၊ အခု နော်မူအေး မွေးတာ ခုနစ်လနဲ့ မွေးတာခင်ဗျ၊ နိုဝင်ဘာလက ရုံးမှာ လက်ထပ်တယ်၊ အခု ဇွန်လဆိုတော့ ခုနစ်လသာသာပဲရှိသေးတယ်"ဟု လှမင်းက ဆိုသည်။

"အေး . . . ဟုတ်တယ်ဟေ့၊ ဒါဖြင့် ငါပြောတာ မဆိုးဘူးပေါ့ကွ၊ ကောင်မလေးကြည့်ရတာ မှိုင်တိမှိုင်တိုင်နဲ့ဆိုတော့ ဗိုက်ကြီးတာပဲလား၊ ရည်းစားလွမ်းတာပဲလား၊ ဘာရယ်ကွ၊ မင်းပြောတဲ့ တခြားငှက်နဲ့တွေ့တဲ့အခါ ကျွန်မကို သတိမရတော့ဘူးလားဆိုတဲ့ သီချင်းလေးတစ်ခု ညည်းညည်းနဲ့ ဆိုတော့ စဉ်းစားရ အခက်သားလားကွ"

ဇွန်လကုန်ခါနီးတွင် ခင်မောင်စိန်နှင့် နော်မူအေးတို့၏သားဦး တုတ် ကြီးကို ကင်ပွန်းတပ်မင်္ဂလာကျင်းပလေသည်။ ယဉ်ကျေးမှုတို့ကား ရောနှော သွားပြီ။ ခရစ်ယာန်ကရင်မလေး၏ သားဦးကင်ပွန်းတပ်ပွဲသည် စည်စည် ကားကားပင် ရှိလှသည်။ နော်ဖောလာကား ညီမ၏သား ကင်ပွန်းတပ်ပွဲတွင် အလုပ်ရှုပ်နေသည်။

ထိုအခါမှစ၍ လာလတ္တံ့သောမိုးကာလသည် ပျင်းရိစရာကောင်းလှ သည်။ စင်ရော်မိုးသည် လက်မ ၂၀၀ မပြည့်မချင်း တဝေါဝေါရွာသည်။ ပင်လယ်ပြင်က တိမ်မည်းတစ်အုပ်ထွက်လာပြီး မဆိုင်းမတွပင် ရွာချလိုက် သည်။ ထို့နောက် နေသာလာပြန်သည်။ တစ်ခါတစ်ရံ မိုးမင်းကြီးသည် ၂၄ နာရီလုံးလုံး တဝေါဝေါရွာချသည်။ တောင်ကျရေတို့ ဒလဟောစီးဆင်းကြ ကုန်သည်။ စင်ရော်ချောင်းရေသည် လျှံတက်လာသည်။ ဒရိုင်ဘာကိုဖြူ အလုပ်မများတော့။ ရေတိုက် မသွားရတော့။ သောင်းဒန်အိမ်နံဘေးမှနေ၍

အောက်ဘက်ရှိ လှမင်းအိမ်၊ စောသာအေးအိမ်၊ ခင်မောင်စိန်၊ ဒေးဗစ်တို့ အိမ်များအထိ ဝါးခြမ်းရေတံလျှောက် တစ်ခုသွယ်ထားသည်။ တောင်ကျ ရေသည် အင်ဂျင်နီယာလိုင်းကို ရေဖြည့်ပေးသည်။

နေသာသည့်နေ့တွင် အောင်ကြီးသည် ရက်မပုံစံများလုပ်သည်။ စောသာအေးသည် သူဖောက်ခဲ့သည့်လမ်းကို သွား၍ကြည့်သည်။ ယခုအထိ ဟန်နေသေးသည်။ လှမင်း၏ စင်ရော်ချဉ်းကပ်လမ်းတွင်ကား ရေနီမြောင်း ကြီး သွယ်မိလျက်သားဖြစ်နေပြီ။ စမ်းချောင်းမှ အတက်တစ်နေရာတွင် ပေ ၁၀၀ ခန့် ရေစားသွားသည်။ စံပယ်ချောင်းမှအထွက် ရော်ဘာခြံစပ်၌လည်း လမ်းကို ရေစားသွားသည်။ ဘာမှမတတ်နိုင်။ ကြည့်ရုံသာ ကြည့်နေလိုက် ကြရသည်။

စံပယ်ချောင်းတွင် အားဖြည့်ကွန်ကရစ်ရက်မတင်ရန် ဌာနချုပ်က အမိန့်ကျလာသည်။

"အဲဒါ ဦးရွှေသိန်း ထောက်ခံစာ ကောင်းကောင်းရေးလို့ကွ၊ ဒီတံတား က စင်ရော်မြို့နားမှာကွ၊ မြို့က ထွက်လိုက်ရင် စံပယ်ချောင်း တွေ့တာပဲ၊ မြို့ နားက တံတားကိုတော့ ခိုင်ခိုင်ညားညား လုပ်မှာပေါ့ကွာ"

စောသာအေးနှင့် လှမင်းတို့က ပြုံးနေကြသည်။ သောင်းဒန်သည် တတ်နိုင်လျှင် တစ်ပြည်လုံးရှိတံတားများကို ကြိုတင်အားဖြည့်ကွန်ကရစ် တံတားများအဖြစ် ပြောင်းပစ်ချင်နေသည်ဟု သူတို့နားလည်ထားကြသည်။ သူတို့ဆရာကြီး ဦးသောင်းဒန် တက်ကြွနေသည်။ သူ့လိုပင် အားလုံးကို တက်ကြွစေချင်သည်။

"အိမ်က မိန်းမက ပြောတယ် စောသာအေး၊ ဆရာကြီးက အိမ်သူ ပါမလာတော့ ကိုယ်ချင်းမစာဘဲ ကျွန်တော်တို့ကို နေ့မအားညမအား ဖိခိုင်း နေတယ်တဲ့"

လှမင်း၏ စကားကိုကြားရ၍ စောသာအေး တခွိခွိရယ်သည်။ ချက်ချင်းပင် –

"ကျွန်တော့်မိန်းမကလဲ ဒီလိုပြောတာပဲခင်ဗျ"ဟု ထောက်ခံသည်။

"ကဲ ဒီတော့ စံပယ်ချောင်းတံတားအတွက် ကျောက်တိုင်ပုံစံတွေလုပ်ဖို့ သန်းမောင်ကို တာဝန်ပေး၊ ဒီကောင် လုပ်တတ်ရောပေါ့၊ မသိရင် အောင်ကြီး က ပြပေးလိမ့်မယ်၊ ဒါမှ အလုပ်ကျွမ်းကျင်မှာပေါ့ကွ"

သည်လိုနှင့် မသိမသာပင် အချိန်တို့ကုန်လွန်ခဲ့သည်။ လာမဲ့တပေါင်း ဆိုလျှင် နှစ်နှစ်ပြည့်တော့မည်။ ယခုအထိ တိုင်သုံးတိုင်သာ တက်လာသေး သည်။ တိုင်သုံးတိုင် ကျန်သေးသည်။ မြောက်ဘက်ကမ်းအတွက် ရက်မများ လောင်းရဦးမည်။ သည်ကြားထဲတွင် စံပယ်ချောင်းတံတားတစ်ခု ပိုလာသည်။

"တံတား ဘယ်တော့ပြီးမလဲ"

"ရန်ကုန် ပြန်ချင်လှပြီ"

ယခုမှ လုပ်၍ကောင်းတုန်းရှိသေးသည်။ အရှိန်ရစ ရှိသေးသည်။ ပြန်ချင်နေကြပြီ။

"အေး . . . အဲဒီလို မေးဖော်ရလာတာ ကောင်းတယ်၊ ဘယ်တော့ပြီး မလဲ ငါလဲမသိဘူး၊ အစက သုံးနှစ်ရှိရင် ပြီးမယ်လို့ပြောခဲ့တယ်၊ အခုမခန့်မှန်း တတ်တော့ဘူး၊ ဘယ်တော့ပြီးမယ်ဆိုတာ မမေးနဲ့၊ မင်းတို့ဘာသာမင်းတို့ ပြန်မေးကြ၊ ကိုယ့်လုပ်ငန်း ကိုယ်သိတယ်၊ မြန်မြန်ပြန်ချင်ရင် မြန်မြန်ပြီးအောင် လုပ်ကြ၊ မခိုကြမကတ်ကြနဲ့"

အင်္ဂလိပ် နှစ်ကူးလာပြီ။ ထိုအခါတွင်မှ မြေစမ်းအဖွဲ့ ပြန်ရောက်လာ သည်။ တိုင်နံပါတ် ၄ လောင်းချင်လျှင် လောင်းနိုင်ပြီဟုဆိုသည်။ သို့သော် ပွန်တွန်းမပြည့်စုံသေး၍ စောင့်နေရသေးသည်။

တစ်နေ့တွင် တံတားဦးရွာလေးမှ ရွာသားတစ်ယောက်က စခန်း၏ အရှေ့ဘက်တစ်မိုင်ခန့်တွင် ကျောက်တောင်ကြီးတစ်ခုရှိကြောင်း သတင်း လာ၍ပေးသည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို သောင်းဒန် ဝမ်းသာ သွားသည်။ ထို့ကြောင့် တပ်ကိုအကြောင်းကြားကာ သွား၍ကြည့်ရသည်။

"လမ်းကလဲ ကောင်းတယ်၊ အစောင့်ပဲလိုတယ်၊ ဟုတ်တယ်၊ ဒီကနေ တို့ လမ်းလျှောက်တာ နာရီဝက်သာသာပဲ လျှောက်ရတယ်၊ ဘေးမှာ ခြံတွေ ချည်းပဲ၊ သူတို့ ခြံတွေထဲသွားတဲ့ လှည်းလမ်း၊ ဒီလမ်းကို နည်းနည်းဖို့ရမယ်၊

ပြင်ရမယ်၊ မြေက မြေမာပါ၊ ကား ကောင်းကောင်းသွားနိုင်တယ်”

ကျောက်အမျိုးအစားမှာ ၁၃ မိုင်ထက် ပို၍ကောင်းသည်။ အတွေ့နောက်ကျသည်။ နီးလျက်နှင့်ဝေး ဖြစ်နေသည်။ ယခုမူ လုပ်ငန်းတွင်ကျယ်ဖို့ဖြစ်လာသည်ဟု ဆိုရမည်။

ထိုအားလပ်ရက်အတွင်း သောင်းဒန်သည် ပစ္စည်းစုသည့်လုပ်ငန်းကိုသာ ဖိ၍လုပ်နေသည်။ ကျောက်မိုင်းကို ဒိုင်းနမိုက်ခွဲကာ တစ်ပါးကြီးနှစ်စီးနှင့် တိုက်ယူသည်။ လိုချင်သည့်အရွယ်အစားရအောင် အားသွန်ခွန်စိုက်ခွဲသည်။ တစ်ဖန် သဲစုပြန်သည်။ သဲကို လှေများ၊ သမ္ဗန်များနှင့်မသယ်။ ပွန်တွန်းနှင့် သယ်သည်။ ပွန်တွန်းတစ်စီးကို စက်တပ်ကာ စင်ရော်ချောင်းအတိုင်း စုန်ဆင်းသည်။ သောင်မှ သဲများတင်သည်။ တစ်နေ့သုံးခေါက် မှန်မှန်တွက်သားကိုက်အောင်ဆွဲသည်။ ထို့နောက် ချောင်းညာတစ်မိုင်ခန့်တွင် ကျောက်စရစ်များတွေ့ရသည်ဟု သတင်းရသည်။ သွား၍စုံစမ်းကြည့်သည့်အခါ လိုချင်သည့်ကျောက်စရစ်မျိုးမဟုတ်သော်လည်း အတန်အသင့်အသုံးပြုရသည်ကို တွေ့ရသဖြင့် ရနိုင်သမျှစုဆောင်းသည်။

အောင်ကြီးသည် ရက်မများကို တစ်ခုပြီးတစ်ခုလောင်းနေသည်။ဤလုပ်ငန်းသည်လည်း လက်ဝင်သည်။ တစ်စုံလောင်းလျှင် နှစ်လနီးပါးကြာသည်။ ယခုမှ ပေ ၇၀ ရက်မ ငါးချောင်းသာပြီးသေးသည်။ သို့သော်လည်း ပုံစံများပြန်လည်တပ်ဆင်သည့်အလုပ်ကို သူ့တပည့်များကျွမ်းကျင်နေပြီဖြစ်ရာ စံပယ်ချောင်းတံတားအတွက် ကျောက်တိုင်များပုံစံလုပ်ရန် အကူအညီလွှတ်ရသည်။

စံပယ်ချောင်းတံတားကို စတော့မည်။ စံပယ်ချောင်းဆိုသော်လည်း မိုးရာသီတွင်မှ တဝေါဝေါရေကျသည့်ချောင်းဖြစ်သည်။ စင်ရော်ချောင်းမကြီးထဲသို့ စီးဝင်သည့်ချောင်းငယ်လေး တစ်ခုသာဖြစ်သည်။ တိုင်ရိုက်ရန်မခက်။ ဘဲတောင်နှစ်ခုနှင့် အလယ်တိုင်နှစ်လုံးသာဖြစ်သည်။ အောက်တွင်ကျောက်မရှိ။

“ဒီကတံတား မပြီးသေးခင် ဟိုမှာလုပ်ငန်းတစ်ခု မြန်မြန် အကောင်အထည်ပေါ်လာတော့ လုပ်ရတဲ့လူတွေ အားတက်တာပေါ့ကွာ”

သန်းမောင်ကို စံပယ်ချောင်းသို့ ပြောင်းရွှေ့နေထိုင်စေသည်။ သူနှင့်

အတူ အလုပ်သမား အိမ်ထောင်သည် ငါးဦးလည်း စံပယ်ချောင်းစခန်းသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ဓနိခြံအစပ်၊ ရော်ဘာခြံနှင့် မျက်နှာချင်းဆိုင် လမ်းဘေးကွက်လပ်၌ ဂိုဒေါင်ဆောက်သည်။ ရုံးငယ်တစ်ခုဆောက်သည်။ လူနေတန်းလျားငယ်တစ်ခုဆောက်သည်။ ထိုလုပ်ငန်းများကို နှစ်ဆန်းလျှင် ဆန်းချင်း စစေသည်။

"မိုးကုန်ရင်တော့ တခြားအလုပ်တွေ မစနိုင်သေးခင် စင်ရော်ချဉ်းကပ်လမ်းကို ကားသွားနိုင်အောင် အမာခံတင်ရမယ်၊ လမ်းဘေးက မြောင်းတွေ ပြန်ဖောက်ရမယ်၊ အဲဒါကို လှမင်း သွားပေတော့၊ မင်းလုပ်ငန်း ပြန်စမှဖြစ်မယ်"

စောသာအေးကိုကား ရုံးတွင်းလုပ်ငန်းများကို တာဝန်ပေးရသည်။ ငွေစာရင်းရှင်းတမ်းများလုပ်ရမည်။ အလုပ်အားနေခိုက် ဘတ်ဂျက်စာရင်းပိတ် ရှင်းတမ်းများကို ကြိုတင်၍ ရှင်းထားခိုင်းရသည်။

"မိုးတွင်းတစ်ခုလုံး နားခဲ့ကြပြီပဲဟာ၊ အခု ကုန်းရုန်းလုပ်ကြရတော့ မှာပေါ့ကွာ၊ ဘာမှ ညည်းမနေကြနဲ့တော့၊ တော်ကြာ တိုင်နံပါတ် ၄ လောင်း ရတော့ မယ်၊ ပွန်တွန်းတစ်ခု သော်ကောင်းဆီက ရောက်လာတော့မယ်"

× × × × ×

## ၃၁

"တို့တော့ ထီပေါက်ပြန်ပြီ လုမင်းရေ၊ ရန်ကုန်–ပြည်လမ်းမှာရှိတဲ့ ထိန်ကုန်း တံတားမှာ ကွန်ကရစ်ရက်မ တင်ပေးရမယ်တဲ့၊ ဒီလိုဆိုတော့ စင်ရော်မှာ မင်း တို့ပဲ လွှဲခဲ့ရမှာပဲ၊ ငါရယ်၊ အောင်ကြီးရယ်၊ သန်းမောင်ရယ်သွားမယ်"

သီရိ တံတားအပြီးတွင် သရက်သီးဈေးခုံးတံတား၌ ပေ ၇၀ ရက်မ များတင်ကာ ဆောက်ခဲ့ရာမှစ၍ သောင်းဒန်ကို မျက်စိကျခဲ့သည်။ ထို့ကြောင့် စင်ရော်တံတားကို သောင်းဒန်အားဆောက်ရန် တာဝန်ပေးသည်။ ယခုလည်း မှော်ဘီနှင့် ထောက်ကြန့်အကြားတွင် ထိန်ကုန်းချောင်းကိုဖြတ်သည့်တံတား တစ်ခုဆောက်နေသည်။ ထိုတံတား၌ အားဖြည့်ကွန်ကရစ်ရက်မ တင်ချင် သည်။ သောင်းဒန် အလုပ်ပါးနေသည်။ မြေစမ်းအဖွဲ့ လုပ်ငန်းကျန်သေးသဖြင့် စင်ရော်တံတား၌ တိုင်သုံးလုံး မချရသေး။ သောင်းဒန်ကား ရေငတ်တုန်း ရေတွင်းထဲကျ ဖြစ်သွားလေသည်။

ရန်ကုန် မရောက်သည်မှာ ကြာပြီ။ ထိန်ကုန်းတံတားတွင် သူ့လုပ်ငန်း မှာ အားဖြည့်ကွန်ကရစ်ပေါင်သွင်း၍ တံတားပေါ်သို့ တင်ပေးရန်ပင်ဖြစ် သည်။ ရန်ကုန်နှင့် ထိန်ကုန်းသည် ၂၅ မိုင်မျှသာ ဝေးသည်။ သို့ဖြစ်ရာ ထိန်ကုန်း၌ စတည်းချစရာမလို။ နေ့တိုင်း ရန်ကုန်သို့ပြန်နိုင်သည်။ ဌာနချုပ်မှ သူ့ကို ကားတစ်စီးပေးထားမည်။ အပြောင်းအလဲတစ်ခုဖြစ်၍ သောင်းဒန် ဝမ်းသာအားရ ရန်ကုန်သို့ ပြေးလာခဲ့သည်။ သူနှင့်အတူ အောင်ကြီး၊ ကျော်လှ၊

သန်းမောင်တို့ကို ခေါ်လာခဲ့သည်။

အောင်ကြီးရော သန်းမောင်ပါ ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာကြသည်။ သူတို့နှစ်ယောက်သည် သားမယားများကို ရန်ကုန်၌ ထားခဲ့ကြသူများဖြစ်သည်။ သူတို့လည်း သောင်းဒန်ကဲ့သို့ပင် ရေငတ်တုန်း ရေတွင်းထဲကျသူများဖြစ်ကြသည်။ ကျော်လှကား လူပျိုဖြစ်သည်။

စင်ရော်တံတားရောက်ပြီး နှစ်နှစ်တင်းတင်းပြည့်သည့် နောက်တစ်နေ့မှာပင် သူတို့ ရန်ကုန်သို့ထွက်လာခဲ့ကြသည်။ တစ်နှစ်ပြည့်စဉ်က အမှတ်တရဖြစ်အောင် အင်ကြင်းစေတီတွင် ဟသ်ာရုပ်နှင့် တံခွန်တိုင်စိုက်ခဲ့ကြသည်။ မုန့်လုံးရေပေါ်ကျွေးကာ အထိမ်းအမှတ်လုပ်ခဲ့ကြသည်။ ယခု နှစ်နှစ်တင်းတင်းပြည့်သည့်နေ့၌ လက်သမားထွန်းလွင်နှင့် မကျင်ငွေတို့ မင်္ဂလာဆောင်ကြသည်။ လက်ဖက်ရည်တိုက်ကာ မုန့်ကျွေးသည်။ အောင်ကြီးသည် စေ့စပ်ပွဲ၌ ထွန်းလွင်၏ ဖခင်အဖြစ် မကျင်ငွေ၏မိဘများထံ တောင်းရမ်းပြောဆိုရသည်။ မင်္ဂလာဆောင်လျှင် အဖေ့ကို ကန်တော့ရမည်ဆိုသဖြင့် ရန်ကုန်သို့စောစောမထွက်ဖြစ်သေးဘဲ စောင့်နေကြရသည်။

မင်္ဂလာပွဲမှာပင် နှစ်နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားကို တစ်ပါတည်း ကျင်းပလိုက်သည်။ သောင်းဒန်က သူမရှိတုန်း စောသာအေး၊ ဒေးဗစ်၊ လှမင်းတို့က အစစအရာရာဂရုစိုက်ကြလိမ့်မည်။ ထိန်ကုန်းမှပြန်လာလျှင် စင်ရော်တံတားကို အားသစ်မာန်သစ်နှင့် ပြန်၍စနိုင်တော့မည်ဟု ပြောသည်။ ဤသို့ဖြင့် သူတို့လေးယောက် ရန်ကုန်သို့ထွက်ခဲ့ကြလေသည်။

ထိန်ကုန်းတံတားသည် ပေ ၂၄၀ ကျယ်သည်။ တိုင်နှစ်ခုနှင့် ဘဲတောင်နှစ်ခုရှိသည်။ စုစုပေါင်း တိုင်လေးလုံး။ ခန်းဖွင့် ပေ ၈၀ သုံးခန်း။ အားဖြည့်ကွန်ကရစ်ရက်မတစ်ခန်း ၅ ချောင်း။ ပေါင်း ၁၅ ချောင်း တင်ရမည်။ ခပ်မြန်မြန်ပြီးအောင် တစ်ခါလောင်းလျှင် ရက်မ ၆ ချောင်းလောင်းသည်။ မနက် ၇ နာရီမှ ည ၈ နာရီအထိ အလုပ်လုပ်ကြသည်။ ဤလုပ်ငန်းတွင် လုပ်နေကြသောအလုပ်သမားများမှာ သူတို့နှင့် လက်ပွန်းတတီးလုပ်ရသည့်အလုပ်သမားများမဟုတ်။ အချိန်ပိုမရှိ။ ညနေ ၆ နာရီဆိုလျှင် အလုပ်သမားများပြန်ရန် ဖင်

တကြွကြွဖြစ်နေကြသည်။ ထို့ကြောင့် သက်ဆိုင်ရာနှင့် မနည်းပင်ဆွေးနွေး ကာ အချိန်ပိုလုပ်ခိုင်းရသည်။ သောင်းဒန်စိတ်ပျက်သည်။ သို့သော် မျိုသိပ်၍ နေသည်။ အောင်ကြီးနှင့်သန်းမောင်တို့က ဆွေးနွေးရန် ခဏခဏပြောသည်။

"နေပါစေကွာ၊ တို့က လာပြီးကူညီတဲ့လူတွေပဲ၊ တို့ လုပ်နေတာကို အကူအညီမပေးတာ ထားတော့၊ လာပြီးကြည့်ဖော်တောင် မရကြဘူး၊ ပညာ ဆိုတာ ကြီးတယ်၊ ငယ်တယ် မဟုတ်ပါဘူး၊ မတတ်သေးရင် ကိုယ့်သားလောက် ရှိတဲ့လူဆီကပဲဖြစ်ဖြစ်ယူရမယ်၊ ဒီကွန်ကရစ် ရက်မ ဆိုတာ မြန်မာနိုင်ငံမှာ ခုမှ စပြီးလုပ်တာ၊ တို့လဲ အင်္ဂလိပ်ဆီက နည်းရလိုက်တာပဲ၊ ပေးတာ မဟုတ်ဘူး၊ အတင်းရအောင်ယူရတာ၊ အင်္ဂလိပ်က တို့ကိုဘယ်ပညာပေးပ့ါ မလဲကွ၊ ပေးရင် တို့အဲဒီပညာတတ်မယ်၊ တတ်ရင် ကွန်ကရစ်တံတားတွေချည်း ဆောက်မယ်၊ ဒီတော့ သူတို့နိုင်ငံက သံမဏိတံတားပေါင်တွေ မရောင်းရတော့ဘူး၊ ဒီလိုပဲ ပညာဆိုတာ ရအောင်ယူမှရတာ"

သောင်းဒန် စိတ်မကောင်း။ ရက်မများ ပထမအသုတ်ပြီးသည့်အခါ ရွှေ့ပြောင်းရာတွင် လူနည်းနည်းနှင့်လုပ်ကြရသည်။ စုစုပေါင်း ၈ ယောက်သာ ရှိသည်။ ပထမအသုတ်အပြီးတွင် သောင်းဒန် စင်ရော်သို့ပြန်ရန် အကြောင်း ပေါ်လာသည်။

ရန်ကုန်ဌာနချုပ်၌ပြုလုပ်သည့် အစည်းအဝေးသို့တက်ရန် သော်ကောင်း ရောက်လာသည်။ သူနှင့်တစ်ပါတည်းပင် ဂျိန်ဖော့တိုင်းမှ ပွန်တွန်းတစ်ခု ပါလာသည်။ သည်လိုဆိုလျှင် နံပါတ် ၄ တိုင်ချနိုင်ပြီ။

"သတင်းကောင်းပဲဟေ့ သောင်းဒန်၊ ငါ့ကို တိုးတိုး ပြောသွားတယ်၊ ခင်ဗျား စင်ရော်တံတားဆောက်လုပ်ရေးကို ပြောင်းရတော့မယ်တဲ့၊ ဒီကပြန် သွားရင် အမိန့်ထွက်မယ်တဲ့"

သောင်းဒန် ထခုန်သည်။ သိန်းထီပေါက်သလောက် ဝမ်းသာသွားသည်။

"ငါတော့ ဒီရက်အတွင်း ထိန်ကုန်းနဲ့စင်ရော် ကူးချည်သန်းချည်လုပ်နေ ရမှာပဲ၊ အခု ရက်မ ၆ ချောင်း ပြီးခဲ့ပြီ၊ ၉ ချောင်းကျန်သေးတယ်"

သောင်းဒန်နှင့် သော်ကောင်း ပြောစရာတွေ တစ်ပုံကြီးရှိသည်။ ပြော

၍ မဆုံးနိုင်။ စင်ရော်ရောက်တော့မှပင် အတိုးချ၍ပြောကြမည်။

"အဖွဲ့အစည်းက ဘယ်လိုလဲ၊ သီးခြားပဲပေါ့၊ တို့မှာ လူအင်အား လိုတယ် သော်ကောင်း၊ ဟိုကောင် ဘယ်လိုလဲ၊ ကျော်ဆွေလေ၊ ဒီကောင့် ဆွဲခေါ်ခဲ့ကွာ"

"မင်းကောင်လိုက်ရင်တော့ ကောင်းတာပေါ့"

"လိုက်အောင် ခေါ်ရမှာပေါ့ကွာ၊ ဒီကောင် ဒီညလာမယ်ပြောတယ်၊ တွေ့မှ မေးကြည့်၊ မင်းကောင် စွံနေပြီကွ၊ အခြေအနေ အတော်တိုးတက်နေ တယ်၊ ဒါပေမဲ့ ငါ့တော့ မပြောဘူး၊ မြုံစိစိလုပ်နေတယ်၊ ထုံးစံအတိုင်းပေါ့ကွာ၊ ပြောရင် မပွင့်တပွင့် ပြောပြန်ရင်လဲ အလယ်ကဖောက်ပြောတယ်"

ကျော်ဆွေသည် ဌာနချုပ်ရုံးနှင့် မလှမ်းမကမ်းရှိ ယဉ်ကျေးမှုဗိမာန်တွင် လုပ်အားပေးနေသည့် ဘီအေမလေးတစ်ယောက်နှင့်တွဲနေသည်ဟု သောင်းဒန် သတင်းကြားသည်။

"နာမည်က ဒေါ်လီတဲ့ကွ၊ ဒေါ်လီဘရွှေတဲ့"

"ဟာ ဟုတ်လှချေလား"

"သူ့ မေးတော့ မဟုတ်ပါဘူး၊ ရိုးရိုးခင်တာပါလို့ ပြောတာပဲ၊ ဒါပေမဲ့ ညနေ ရုံးဆင်းတိုင်း သိမ်ကြီးဈေး မှတ်တိုင်အထိ အတူ ခြေကျင်လျှောက်ပြန် ကြတယ် မောင်"

"ဟား . . . ဟား . . . ဟား"

"ကောင်မလေးက လောလောလတ်လတ် စာမေးပွဲအောင်လာတဲ့ ဘီအေမလေးကွ၊ သုံးကျပ်ဆယ့်ငါးပြားလေးပေါ့၊ ဟော့ ဟိုကောင် လာနေပြီ၊ လာနေပြီ၊ မေးသာကြည့်ပေတော့"

ကျော်ဆွေ ခေါင်းစိုက်စိုက်နှင့်ဝင်လာသည်။

"မင်းမေကလွှားတဲ့ . . . ဘာ ငါ့အကြောင်းတွေ ပြောနေတာလဲ၊ သော်ကောင်း ဒီကောင်ပြောတိုင်းမယုံနဲ့ဟေ့"

"ဘာ မယုံရမှာလဲ၊ ငါ တစ်နေ့က လိုက်ချောင်းပြီးပြီ၊ မင်းကောင် ကောင်မလေးနဲ့တွဲလျှောက်နေတုန်း ငါက မာဇဒါပစ်ကပ်လေးနဲ့ ဖြည်းဖြည်း

လေး သူတို့အနားရပ်လိုက်တယ်၊ ပြီးတော့ ဟော့ မင်းတို့ ဘယ်သွားကြမှာလဲ၊ တက်လေလို့ ခေါ်ပြီးတင်ခဲ့ရတယ်”

ခွေးမသားကျော်ဆွေ သွားဖြီးနေသည်။

ထိုစဉ်က သောင်းဒန်သည် ကားမောင်းရာမှဆင်းကာ ကျော်ဆွေကို ကားသော့ပေးလိုက်သည်။ မင်းပဲ မောင်းပါကွာဟုဆိုကာ ဒေါ်လီအား ရှေ့ခန်း၌ ကျော်ဆွေနှင့်ယှဉ်၍ ထိုင်စေကာ၊ သူက နောက်ခန်းသို့ ဝင်၍စီးသည်။

“ဘယ့်နှယ်လဲကွ၊ အခြေအနေ ဘယ်လိုတုံး” သော်ကောင်းက မေးသည်။

“ဘာမှ မဟုတ်ပါဘူးကွာ”ကျော်ဆွေ ရှေ့ဆက်မပြောဘဲ အကြာကြီး ရပ်နေသည်။ ထို့နောက် အရင်းမရှိ အဖျားမရှိ “တစ်နေရာလွှင့်ရရင် ကောင်းမှာပဲကွာ၊ ဆွမ်ပရာဘွမ်လောက်ဖြစ်ဖြစ်ပေါ့”ဟု ဆိုသည်။

“ဘာရယ်ကွ”

သော်ကောင်းရော သောင်းဒန်ပါ နှစ်ယောက်စလုံးပြိုင်တူ မေးလိုက်ကြသည်။ သူ့စကားကို နားမလည်။

“ဘာမှမဟုတ်ပါဘူးကွာ”

ကျော်ဆွေ လျှော့ချလိုက်သည်။

“အဲဒါကြောင့် ငါ မပြောဘူးလား၊ မင်းသိချင်ရင် ကိုဘဖိုး မေးကြည့်၊ သွား သမီး၊ ဦးလေးဖိုး သွားခေါ်ချေစမ်း”

ကိုဘဖိုးသည် ဌာနချုပ်ရုံးမှ ပုံဆွဲဝန်ထောက်ဖြစ်သည်။ သောင်းဒန်တို့ အိမ်နားမှာပင်နေသည်။ သောင်းဒန်ရောက်လာလျှင် ရုံးအကြောင်းကအစ ကျော်ဆွေအကြောင်းအထိ သတင်းစုံပေးသည်။ ခဏကြာလျှင် မျက်တောင်လေး တဖျပ်ဖျပ်လှုပ်ကာ ကိုဘဖိုးရောက်လာသည်။

“ကဲ ကိုဘဖိုးတော့ ရောက်လာပါပြီဗျား၊ ကိုကျော်ဆွေ အကြောင်း သတင်းစုံသာမေးပါတော့”

သောင်းဒန်သည် ဘရန်ဒီအရှိန်ကလေး ရနေသည်။

ကျော်ဆွေနှင့်ဒေါ်လီ တပူးတွဲတွဲတွေ့ရသည့်အကြောင်း၊ စစ်ရုံးရှေ့က လက်သုပ်ဆိုင်တွင် တစ်နေ့လယ်၌ နှစ်ယောက်အတူစားနေသည့်အကြောင်း၊ ညနေတိုင်လျှင် သိမ်ကြီးဈေးမှတ်တိုင်သို့ အတူပြန်ကြသည့်အကြောင်း။

"ကဲပါကွာ မင်းတို့ဟာ အလုပ်အကြောင်းတော့ မပြောကြဘူး၊ မဟုတ်တာပဲပြောနေကြတယ်"

ကျော်ဆွေက ပိတ်လိုက်သည်။ ထိုအခါတွင်မှ သော်ကောင်းက နောက်ဆုံးတိုးတက်လာသည့်အခြေအနေကို ရှင်းပြလေသည်။

"မန္တလေးမှာ ဆောက်လုပ်ရေး အဖွဲ့တစ်ဖွဲ့ရှိတယ်၊ အဲဒီအဖွဲ့ကိုသွားပြီး သိမ်းရမယ်၊ လူရော စက်ရောပေါ့၊ လိုက်ချင်တဲ့လူ ခေါ်ခဲ့ရုံပဲ၊ ပြီးတော့ ငါက စိမ့်မြိုင်မှာ ရုံးထိုင်မယ်၊ မင်းတို့ တံတားရယ်၊ စိမ့်မြိုင်ကောလိပ်ရယ်၊ ညောင်ဦး လေယာဉ်ပျံကွင်းရယ်၊ အဲဒါတွေ ငါ ဆောက်ရမယ်ပြောတယ်၊ အင်ဂျင်နီယာ (တ) အနည်းဆုံးနှစ်ယောက်လိုတယ်၊ လုပ်ငန်းက မသေးဘူးကွ"

သောင်းဒန် ဝမ်းသာနေသည်။ ယခုမှ သူမျှော်လင့်သည့်အတိုင်းဖြစ်လာပြီ။

"နှစ်ယောက်လိုရင် တစ်ယောက်က ကျော်ဆွေပေါ့ကွ၊ ဘယ့်နှယ်လဲ၊ လိုက်မယ်မဟုတ်လား"

"စဉ်းစားသေးတာပေါ့ကွာ"

"အဲ ငါမပြောလား၊ ဒီကောင် ဒေါ်လီ့ကို မခွဲနိုင်ဖြစ်နေတာကွ၊ ကိုဘဖိုးပြောတော့ မင်းကောင်မလေးက မျက်နှာများဆို"

"ဟာ မ . . . မ . . . မလုပ်ပါနဲ့၊ ကျွန်တော် မပြောပါဘူး" ကိုဘဖိုးသည် မျက်တောင်ကိုစုံခတ်ကာ အထစ်ထစ်အငေါ့ငေါ့ ပြန်၍ဖြေရှင်းသည်။ ကျော်ဆွေသည် မထိတထိရယ်လိုက်သည်။

"ပွန်တွန်းကြီးကို မင်း ဘယ်လိုပို့မလဲ သောင်းဒန်" သော်ကောင်းက အလုပ်အကြောင်း လှည့်သွားပြန်သည်။

"စက်လှေနဲ့ပေါ့ကွ၊ တို့ ပို့နေကျပါ"

"ဒါကြီး ရှိပေလို့သာပေါ့ကွာ၊ စစ်တပ်ကလဲ တို့ပဲအားကိုးနေတာ၊ သူတို့ စစ်ဆင်ရေးထွက်နေတာ ကားတစ်စီးမှမရှိဘူးဗျား၊ အရပ်ကားကို တစ်နေ့ လေးဆယ်နဲ့ ငှားရတာပဲ၊ အခုတော့ တံတားပြီးသွားလို့ ပွန်တွန်းမလိုတော့ ပါဘူး"

သော်ကောင်းသည် ဂျိန်းဖော့တိုင်းတွင် လီဒိုလမ်းမကြီးကို တာဝန် ယူကာ ပြင်ဆင်ရသည်။ အထူးသဖြင့် ကေအိုင်အေ ချိုးသွားသည့်တံတားများ ကို ပြန်၍ဆောက်ရသည်။

"တံတားကလေး ငါးခုပဲကွ၊ မိုင်းထောင်ပြီး ချိုးတာပဲ၊ မိုင်းအားကြီး သုံးတဲ့ကောင်တွေပေါ့"

သောင်းဒန်၏ကျောထဲတွင် စိမ့်ခနဲဖြစ်လာသည်။ ယခုအထိကား စင်ရော်ဘက်ရှိ သူပုန်များသည် မိုင်းကို ထိရောက်အောင်မသုံးကြသေး။ တံတားလေးများကို မီးရှို့၍သာဖျက်သွားကြသည်။ တံတားများမှာလည်း မိုင်းခွဲဖျက်ရလောက်အောင် ကြီးမားသည့်တံတားများမဟုတ်ကြ။

"လီဒိုလမ်းကြီးက နမ္မတီးကနေ ပန်ဆာအထိ ဖြူးနေတာပဲ၊ လမ်းအူ ကြောင်းထဲမှာ အဲဒီလို ဖြောင့်တဲ့လမ်း တို့ဆီမှာတွေ့ခဲ့တယ်၊ အမေရိကန်တွေ ဖောက်သွားတဲ့လမ်းလို့ ပြောတာပဲ၊ မြစ်ကြီးနားကနေ အိန္ဒိယနယ်စပ် ပန်ဆော အထိ မိုင် ၁၈၀ ရှိတယ်၊ ငါ့ပိုင်နက်က ရှင်ဗွေယန်ဆိုတာ အထိပဲ၊ မိုင် ၁၃၀ လောက် ရှိတယ်၊ အဲဒီမှာ ကိုစိန်ဆိုတဲ့ အင်ဂျင်နီယာ (စ) တစ်ယောက်ရှိ တယ်၊ သူက ဝရဇွတ်တံတားဆောက်နေတယ်၊ သူ့ကိုပဲ တာဝန်ပေးရတာပဲ၊ ငါကတော့ တစ်လ တစ်ခါလောက်ရောက်တယ်၊ သွားရတာကလဲ ကွန်ဗွိုင်း နဲ့မှ သွားရဲတာပဲ၊ ဒါပေမဲ့ ငါတော့ စွတ်သွားတာပဲ၊ ဘာမှမဖြစ်ပါဘူး"

"အေး၊ မင်း ကြပ်ကြပ်သတိထား၊ တစ်ခါလဲ ဖြစ်ပြီးပြီ" ကျော်ဆွေ က ဝင်၍သတိပေးလိုက်သည်။

၁၉၅၈ ခုနှစ်လောက်က သော်ကောင်းသည် မုံရွာသို့ လမ်းဝန်ထောက် အဖြစ်ပြောင်းရသည်။ ထိုစဉ်က လမ်းအလုပ်သမားများလခပေးရန် ငွေ သေတ္တာနှင့်အသွားတွင် သူပုန်က ချုံခိုတိုက်ကာ၊ သူနဲ့ အဖော်နှစ်ယောက်

အား ၂ ရက်ခန့် ဖမ်းသွားဖူးသည်။

"အဲဒီတုန်းက တွေ့တဲ့လူကတော့ လူကောင်းပါကွာ၊ အသေအချာ ကျွေးမွေးပြီး ပြန်လွှတ်လိုက်တယ်၊ လူကို ဘာမှရန်မမူလိုက်ဘူး၊ အခုကောင် တွေကတော့ တွေ့ရင်ဆော်တာပဲ၊ ကားကိုလဲ မိုင်းထောင်တာပဲ၊ ချီဖွေတို့ လောခေါင်တို့ဆိုတာ မြစ်ကြီးနားရဲ့အရှေ့ဘက် တရုတ်နယ်စပ်ပေါ့၊ ဖိမော်တို့ ဂေါ်လန်တို့၊ ကန်ဖန်တို့အနားမှာပေါ့၊ အဲဒီလမ်းတွေ ဘယ်သူမှမသွားရဲဘူး၊ အားကြီး မိုင်းထောင်တာပဲ၊ အခု ငါသွားနေတဲ့လမ်းမှာတော့ တစ်ခါမှ မိုင်း မထောင်သေးဘူး၊ လမ်းမှာ တပ်တွေလဲရှိတယ်၊ မြစ်ကြီးနားကနေ တနိုင်း ဆိုတာအထိ မိုင်တစ်ရာဝေးတယ်၊ ဆန်ပြတ်လို့ ကွန်ဗွိုင်းနဲ့ ဆန်ပို့ရတယ်၊ ကလသဖကားကြီးတွေနဲ့ပေါ့ကွာ၊ သူတို့သွားမယ်ဆိုရင် တပ်က ငါ့ကို အကြောင်းကြားတာပဲ၊ လမ်းက သိပ်သာယာတယ်ကွာ၊ တောကြီးတောင်ကြီး လဲမဟုတ်ဘူး၊ တို့ငယ်ငယ်တုန်းက ပထဝီဝင်မှာသင်ခဲ့ရတဲ့ ဟူးကောင်း တောင်ကြားတို့၊ ဟူးကောင်းချိုင့်ဝှမ်းတို့ ဆိုတာပေါ့၊ ငါ သွားနေရတာ အဲဒီ ဟူးကောင်းချိုင့်ဝှမ်းပဲ၊ တနိုင်းဆိုတာ တနိုင်းခမြစ်ပေါ်မှာရှိတဲ့ မြို့လေးပဲ၊ မြစ် ဆိုပေမဲ့ ချောင်းပါပဲ၊ အဲဒီချောင်းမှာ ချင်းတွင်းမြစ် မြစ်ဖျားခံတာပေါ့၊ ဟိုး ပူတာအို ဆွမ်ပရာဘွမ်ဘက်ဆီက ရေထဲမှာ ရေခဲတောင်တွေက စီးလာတဲ့ ချောင်းကွ၊ နွေခေါင်ခေါင်ဆင်းလိုက်ရင်တောင် အေးစက်ပြီး ကျဉ်တက်သွား တာကွ၊ ရေခဲတွေ အရည်ပျော်ပြီး စီးလာတဲ့ ရေကိုး၊ အဲဒီအရပ်မှာ ငါးပေါ တယ်၊ ဆား မရှိဘူး၊ ငါးသိုင်းကြီးတွေ တစ်ပိဿာမှ နှစ်ကျပ်၊ နှစ်ကျပ်ခွဲ ရယ်၊ ကားမပြေးတော့ ဘယ်ကိုမှမပို့နိုင်ဘူး၊ ရေခဲကလဲ မရှိဘူး"

"တို့ဆီလဲ ဒီလိုပါပဲဗျာ၊ ရေခဲ မရှိလို့ ငါးတွေ ရန်ကုန်ကို မပို့နိုင်ဘူး" သောင်းဒန်က ဝင်၍ပြောသည်။

ကျော်ဆွေသည် ခေါင်းကိုကုတ်ကာ စဉ်းစားနေသည်။ အဲဒီဘက် သွားရရင်ကောင်းမှာပဲ၊ ရန်ကုန်နဲ့ ဝေးဝေးပို့ချင်ရာပို့ သွားမှာပဲ။

"ဟေ့ကောင် ဘာစဉ်းစားနေတာလဲ၊ ခေါင်းကလဲ ကုတ်လှချေလား ကွ"

"ဖောက်တွေ ထလို့ပါကွာ"

သူတို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြသည်။ သောင်းဒန်နှင့် သော်ကောင်းတို့သာ တစ်ယောက်တစ်လှည့်ပြောနေကြသည်။ ကျော်ဆွေကား ငြိမ်၍သာ နားထောင်နေသည်။ ဆယ့်နှစ်နာရီထိုးမှ လူစုကွဲသွားကြသည်။ နောက်တစ်နေ့တွင် သောင်းဒန် စင်ရော်သို့ပြန်ခဲ့သည်။ သော်ကောင်းလည်း ဂျိန်းဖော့တိုင်းသို့ ပြန်သွားလေသည်။

× × × × ×

## ၃၂

လဆန်းလျှင် သော်ကောင်း ရန်ကုန်သို့ရောက်လာသည်။ စင်ရော် ဆောက်လုပ်ရေးအဖွဲ့ကိုဦးစီးရန် အပြီးပြောင်းလာခြင်းဖြစ်သည်။ ဦးစွာပထမ မန္တလေးသို့ဝင်ကာ ဆောက်လုပ်ရေးအဖွဲ့ကိုရွှေ့ပြောင်းရန် စီစဉ်ရသည်။ အဖွဲ့ဝင် ၃၀ ကျော်ပါလာကြသည်။ သူတို့အတွက် ရန်ကုန်တွင်တည်းခိုရန် နေရာထိုင်ခင်း စီစဉ်ရသည်။ အချို့က လမ်းကြိတ်စက်ကြီးများ၊ မြေထိုးမြေညှိစက်ကြီးများကိုယူရန် ကျန်ရစ်ခဲ့ကြသေးသည်။ စုစုပေါင်း ၁၁အိမ်ထောင်နှင့် လူပျို ၁၃ ယောက်ဖြစ်သည်။ ရုံးအဖွဲ့ဝင်များသည်။ စာရေးစာချီများနှင့် ငွေစာရင်းကိုင်အမှုထမ်းများဖြစ်ကြသည်။ သူတို့ကို စိမ့်မြိုင်သို့ ပို့ရမည်။ စိမ့်မြိုင်တွင် ဆောက်လုပ်ရေး အဖွဲ့ရုံးအတွက် အဆောက်အအုံ၊ အမှုထမ်းများအတွက် နေရာထိုင်ခင်း စသည်တို့ကို သောင်းဒန်က စီစဉ်ထားသည်။

စိမ့်မြိုင်ရောက်လျှင် သော်ကောင်းသည် တိုင်းအင်ဂျင်နီယာနှင့်တွေ့ကာ လုပ်ငန်းအကြောင်း ဆွေးနွေးသည်။ ထို့နောက် သူ့ကို တိုင်းမှူးက ခေါ်တွေ့သည်။ သော်ကောင်း ဘယ်တော့ စင်ရော်သွားမှာလဲ။ သူလဲ လိုက်ချင်သည်ဟုဆိုသည်။ တိုင်းမှူးကား အသစ်ဖြစ်သည်။ ရွှေ့ပြောင်းလာသည်မှာ မကြာသေး။

"သောင်ဦး လေယာဉ်ပျံကွင်းတို့၊ စိမ့်မြိုင်ကောလိပ်တို့ မလုပ်နဲ့အုံးဗျာ၊ ဒါတွေ ခင်ဗျားတာဝန်မယူနဲ့၊ တခြားလူတွေ လုပ်လိမ့်မယ်၊ ခင်ဗျားတို့

တိုင်းအင်ဂျင်နီယာနဲ့ ကျွန်တော်ပြောမယ်၊ ခင်ဗျားကို အာရုံစိုက်စေချင်တာက တံတားပဲ၊ လာမဲ့နှစ်မှာ ရေပြာအထိ ကလသဖကားတွေ တောက်လျှောက်ပြေးချင်တယ်၊ ဘယ့်နှယ်လဲ ဖြစ်နိုင်ပါ့မလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ဖြစ်နိုင်အောင် ကျွန်တော်ကြိုးစားပါမယ်"

သော်ကောင်း မယုတ်မလွန်သာ အဖြေပေးနိုင်သည်။ အခြေအနေကို သူ မသိသေး။ တာဝန်ခံဆောက်နေသူမှာ သောင်းဒန်ဖြစ်သည်။ သူနှင့် မဆွေးနွေးရသေးဘဲ ဘာမျှပြော၍မဖြစ်။ သော်ကောင်းကား ယခုမှရောက်လာသူဖြစ်သည်။

"ပြီးတော့ ဒီလမ်းတောက်လျှောက်ပြေးနိုင်ဖို့ စခန်းသစ်နဲ့ စင်ရော်ကြားမှာ လမ်းပြန်ဖောက်ဖို့လိုတယ်၊ တံတားတွေ ပြန်ဆောက်ဖို့လိုတယ်"

"လမ်းဟောင်းရှိနေတယ်မဟုတ်လား တိုင်းမှူး"

"လမ်းဟောင်းက ၁၉၅၀ ပြည့်နှစ်ကျော်လောက်ကတည်းက သူပုန်ထကတည်းက ဆိုပါတော့ဗျာ၊ ပျက်သလောက်ဖြစ်နေပြီ၊ ဘာကားမှ မမောင်းတော့ဘူး၊ တံတားတွေ ပျက်လို့ပြင်လဲ ခဏပဲ၊ နောက်တော့ ဒီဒေသဟာ သူတို့လုံးလုံးကြီးစိုးတဲ့ဒေသဖြစ်နေတော့တာပဲ၊ အဲဒီလမ်းကို ပစ်ထားလို့လဲ ရနေတာကိုးဗျ၊ စိမ့်မြိုင်နဲ့ စင်ရော်က မီးရထားလမ်းရှိနေတော့မီးရထားပဲ အသုံးပြုနေကြရတာပေါ့"

စင်ရော်နှင့် သောင်ဦး ကြားတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ သို့သော် မီးရထားလမ်းမရှိသဖြင့် ကားသမားတို့သည် သူပုန်ကို ဆက်ကြေးပေးကာ ပြေးနေကြသည်။ သောင်ဦးမှ ဒူးရင်းယိုတို့သည် ဖွတ်ကားအိုကြီးခေါင်မိုးပေါ်တွင်နေရာယူကာ စင်ရော်သို့ ပါလာသည်။ စင်ရော်မှ မီးရထားဖြင့် စိမ့်မြိုင်ရောက်သော် ဒူးရင်းယိုတစ်ပိဿာ နှစ်ဆယ်ကျပ်ဈေးဖြစ်သွားသည်။

"အဲဒီလမ်းကို ပြန်ဖောက်စေချင်လို့ ခင်ဗျားကို တခြားလုပ်ငန်းတွေ မလုပ်နဲ့အုံးလို့ပြောတာပါ၊ ခင်ဗျားတို့ဌာနချုပ်နဲ့လဲ ကျွန်တော်ပြောပါ့မယ်" တိုင်းမှူးက ပြောသည်။

တိုင်းမှူးအပါးတွင် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတစ်ယောက်ရှိနေသည်။

"ဟောဒါက ကျွန်တော့် စစ်ဆင်ရေးမှူးပဲ" ဟု သော်ကောင်းနှင့် မိတ်ဆက်ပေးသည်။ သူလည်း စိမ့်မြိုင်သို့ပြောင်းရွှေ့လာသည်မှာ မကြာသေးဟု သိရသည်။ စစ်ဆင်ရေးမှူးကပါ ထိုလမ်းအရေးပါပုံကိုပြောသည်။

"ကျွန်တော်တို့က စစ်ရေးအရ ပြောတာပါ၊ ခုဆိုရင် နယ်ခြားမှာ လက်ယာဂိုဏ်းသားတွေ တာစူနေကြတယ်၊ မဖြစ်လောက်ပါဘူး၊ မောင်ခိုနဲ့တောင် ဆက်မိနေပြီလား မသိဘူး၊ သူတို့က တစ်မျိုးတစ်စခန်း ထတာပဲ၊ အင်အားမရှိပေမဲ့ သူတို့ကိုလဲ အလစ်ပေးလို့မဖြစ်ဘူး၊ သူတို့နောက်က နိုင်ငံခြားသူလျှိုအဖွဲ့ကြီးတွေရှိနေတယ်၊ သူပုန်ကလဲ ခုတော့ ပြန်ပြီးလှုပ်ရှားလာတယ်၊ အဲဒီတော့ စစ်ရေးအရ ဒီလမ်းဟာ မဖြစ်မနေဖောက်ရမဲ့လမ်းပဲ၊ လိုတဲ့အကူအညီတောင်းပါ ဦးသော်ကောင်း၊ ကျွန်တော်တို့ပေးပါ့မယ်၊ တိုင်းမှူးနဲ့အတူ ကျွန်တော်လဲ လိုက်လာမှာပဲ"

ရုံးအဖွဲ့နေရာချထားပြီးနောက် တစ်ပတ်လောက်ရှိသည့်အခါ သော်ကောင်းသည် တိုင်းမှူးအဖွဲ့နှင့်အတူ စင်ရော်တံတားစခန်းသို့ ရောက်လာလေသည်။

သောင်းဒန်သည် တိုင်းမှူးအား ပြီးစီးသမျှကိုတင်ပြသည်။

"ခင်ဗျားတို့ဟာ အခုမှ တိုင် ၃ တိုင်ပဲရှိသေးတာပဲ"

"ကျွန်တော်တို့ ပစ္စည်းစောင့်ရတယ် တိုင်းမှူး၊ ရေလယ်တိုင်ချဖို့ ပွန်တွန်း အလုံအလောက်မရှိဘဲ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ အခုတော့ ရောက်လာပါပြီ၊ နောက်တစ်ပတ်လောက်ဆိုရင် တိုင်နံပါတ် ၄ ကို စပြီးချပါတော့မယ်"

"ဘာတွေ လိုသလဲ၊ ကျွန်တော်တတ်နိုင်တာ ကူညီမယ်၊ စင်ရော်က နလကတို့၊ ပါတီယူနစ်တို့ဆီက အကူအညီလိုရင်လဲပြော"

"သူတို့ ကူညီကြပါတယ် ခင်ဗျ"

"တပ်ကတော့ နောက်ဆိုရင် ဒီဘက်ကို တိုးချဲ့လာတော့မှာပဲ၊ အဲအခု အရေးကြီးတာက စခန်းသစ်နဲ့ စင်ရော်လမ်း၊ ဒါကို အမြန်ဆုံးပြင်ဖို့ တံတား

တွေဆောက်ဖို့ ဦးသော်ကောင်း တာဝန်ယူရလိမ့်မယ်”

စစ်ဆင်ရေးမှူး ဗိုလ်မှူးကြီးရှိန်မောင်သည် တံတားစခန်း၏ နေရာထိုင်ခင်းကို သဘောကျနေသည်။

“နောင်ဆိုရင် ကျွန်တော်တို့ ရှေ့တန်းစစ်ဗျူဟာဌာနချုပ်တစ်ခု ဒီဘက်မှာ ဖွင့်ဖို့ရှိတယ်၊ အဲဒါ လျှို့ဝှက်ခင်ဗျ၊ ဟဲ ဟဲ ခင်ဗျားတို့တံတားစခန်းမှာ လာပြီး ဖွင့်ရမလားတောင်မသိဘူး”

“ကောင်းတာပေါ့ ခင်ဗျာ၊ ကျွန်တော်တို့ကတော့ ဗိုလ်မှူးကြီးတို့လာရင် ပိုပြီးကြိုက်တာပဲ၊ ကျွန်တော်တို့ အားရှိတာပေါ့”

“အခုရော အခြေအနေမဆိုးပါဘူးဗျ၊ ခင်ဗျားတို့ ဘာမှမဖြစ်ဘူးမဟုတ်လား”

ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရှိန်မောင်သည် ဂျပန်ခေတ် စစ်တက္ကသိုလ် ပဉ္စမပတ် ကျောင်းဆင်းဖြစ်သည်ဟု သောင်းဒန်၏မိတ်ဆွေတစ်ယောက်ပြောပြချက်အရ သိရသည်။ သောင်းဒန်၏မိတ်ဆွေမှာလည်း ဂျပန်စစ်တက္ကသိုလ် ပဉ္စမပတ်ဆင်းပင်ဖြစ်သည်။ သောင်းဒန်က သူ့မိတ်ဆွေနာမည်ကို ပြောပြလိုက်သည်။

“ဪ သိတာပေါ့၊ ကျွန်တော်တို့ ဂျပန်တော်လှန်ရေးတစ်လျှောက်လုံး အတူတူပဲ၊ နောက်ဆုံးသုံးလလောက်မှာ သူနဲ့ကျွန်တော် တပ်စိတ်တစ်စိတ်တည်းပေါ့၊ အိပ်ရာချင်းယှဉ်ပြီး အိပ်ကြရတာ”

“အဲ – သူက ကျွန်တော့်အစ်ကိုလို ခင်တဲ့မိတ်ဆွေပဲခင်ဗျ”

“တွေ့ရင်ပြောပါဗျာ၊ အမှတ်ရတယ်လို့၊ ခင်ဗျားတို့ တစ်နယ်တည်းသားတွေထင်တယ်”

“ဟုတ်ပါတယ်”

“အေးဗျာ၊ ဘာမဆို အကူအညီလိုရင်ပြောပေါ့၊ ကျွန်တော်တို့လဲ မကြာခဏရောက်နေမှာပဲ”

တိုင်းမှူးနှင့်အဖွဲ့ပြန်သွားသည့်အခါ သော်ကောင်းနှင့် သောင်းဒန် ခေါင်းချင်းရိုက်ကြသည်။

"ကဲ ကိုကျော်ဆွေတော့ ခေါ်မှဖြစ်မယ်ဗျာ၊ စခန်းသာနဲ့ စင်ရော်လမ်း အတွက် သူ့ကို တာဝန်ပေးရမှာပဲ" သော်ကောင်းက ပြောသည်။ သော်ကောင်း သည် ပေါင်ကြားကို နာနာကုတ်နေသည်။ ခေါင်းရှုပ်လာပြီဆိုလျှင် ပေါင်ကြား ကိုကုတ်သည့်အကျင့် ပေါ်လာသည်။ သောင်းဒန်က သူ့ကိုကြည့်ကာ ရယ် နေသည်။

"မင်းဟာကလဲကွာ၊ ပေါင်ကြား တကုတ်တည်း ကုတ်နေတော့တာပဲ"

"ပွေးတွေကွ၊ ခုထက်ထိ မပျောက်သေးဘူး"

"ကျော်ဆွေကို ခေါ်မှာဖြင့် မြန်မြန်ခေါ်ကွာ၊ အင်ဂျင်နီယာ (တ) တစ်ယောက်ခန့်ဖို့ရှိတယ်မဟုတ်လား၊ ဒီမှာ တိုင်နံပါတ် ၄ ချရအုံးမယ်၊ စံပယ်ချောင်းတံတားကလဲ ရှိသေးတယ်၊ ထိန်ကုန်းကိုလဲ ဒီကြားထဲမှာပြေးပြီး ရက်မ တင်ပေးရအုံးမယ်၊ ငါတော့ ခေါင်းရှုပ်လာပြီ၊ တစ်လောတုန်းကတော့ အလုပ်မရှိလို့ စိတ်လေပြီး စိတ်ရှုပ်ရတယ်၊ အခုတော့ အလုပ်ကို ဝိုင်းဝိုင်း လည်နေပြီ၊ လူတော့ အရူးမီးဝိုင်းဖြစ်တော့မှာပဲ"

သော်ကောင်းသည် ဆေးပေါ့လိပ်ကို အစီခံပေါက်အောင်ကိုက်ကာ စဉ်းစားနေသည်။ ပေါင်ကြားကိုလည်း နာနာကုတ်သည်။

"ကျော်ဆွေရောက်လာရင် စခန်းသစ်နဲ့စင်ရော်ကြား တံတားတွေ သူ့ကိုဆောက်ခိုင်းမယ်ကွာ၊ မင်း စံပယ်ချောင်းက သန်းမောင်တို့၊ အောင်ကြီး တို့နဲ့ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်၊ ဒါပေမဲ့ အခု သူတို့က မရှိဘူး၊ ထိန်ကုန်း ရောက်နေကြ တယ်၊ အောင်ကြီးတပည့်တွေနဲ့ လွှဲထားရတယ်၊ ကျောက်တိုင်တွေပုံစံ ရိုက်နေ တာပဲကွ၊ ရက်မတွေ သစ်သားပုံစံဖော်တာလဲ ဒီကောင်တွေလုပ်တတ်နေပြီ၊ ဒါတော့ အရေးမကြီးဘူး၊ စံပယ်ချောင်းအတွက် မလိုတော့ဘူး၊ တို့ စင်ရော် စခန်းက ပေ ၇၀ ပုံစံတွေကိုပဲ သယ်သွားမယ်၊ လုပ်ငန်းကြီးတွေကျတော့ မင်းတို့ ငါတို့ဝိုင်းရမှာပေါ့"

ယခုအတိုင်းဆိုလျှင် အဆင်ပြေလိမ့်မည်ဟု နှစ်ယောက်စလုံးမျှော်လင့် ကြသည်။ ကျော်ဆွေ ပါလာဖို့သာလိုသည်။

"နေစမ်းပါအုံးကွ၊ ရက်မတွေ ဘယ်လောက်ပြီးပြီလဲ"

"တောင်ဘက်ကမ်းက ၁၁ ချောင်းပြီးလို့ အခု မြောက်ဘက်ကမ်းမှာ ဆက်ပြီးလုပ်နေကြတယ်ကွ၊ အခုဆိုရင် ၄ ချောင်းလောက်ပြီးပြီပေါ့၊ မြောက်ဘက်ကမ်းက ပေ ၁၀၀ တွေ အားလုံး ၁၅ ချောင်းလုပ်ရမယ်"

"ဒီအတိုင်းဆိုရင် မဆိုးပါဘူးကွာ၊ ဒါဖြင့် ငါပြန်မယ်၊ ရန်ကုန်ဆင်းပြီး ရုံးကိစ္စတွေ စီစဉ်လိုက်အုံးမယ်၊ စခန်းသစ်နဲ့ စင်ရော်လမ်းအတွက်လဲ ငွေတောင်းရမယ်၊ ငွေတောင်းတာနဲ့ အလုပ်နဲ့တစ်ခါတည်းစရမှာပဲ၊ အဲဒီဘက်လမ်းအခြေအနေ ကြည့်အုံးမှဖြစ်မယ်"

သောင်းဒန်သည် သော်ကောင်းကို စိတ်မချ။ စခန်းသစ်နှင့် စင်ရော် အကြား ကားလမ်းကား သူပုန်တို့ဒေသဖြစ်သည်။

"မင်းချည်းသွားမှာလား၊ တပ်နဲ့မှသွားကွာ၊ နေပါအုံးကွာ၊ ငါပါလိုက်ခဲ့ပါ့မယ်၊ တော်ကြာ ကျော်မကောင်းကြားမကောင်းဖြစ်နေမှ မင်းအိမ်က ငါ့ကိုပြောလို့ ပြီးမှာမဟုတ်တော့ဘူး"

သော်ကောင်း၏အိမ်က သော်ကောင်း စိမ့်မြိုင်သို့ပြောင်းလာရသည်ကို သဘောကျသည်။ သို့သော်လည်း စင်ရော်တံတားစခန်းသို့ သူပုန်ဝင်၍ ပစ်သွားသည်ဆိုသောအခါ စိတ်မချ။

"ဘာထူးလဲ၊ ဒီကောင် ဂျိန်ဖော့မှာတုန်းကလဲ လီဒိုလမ်းကို ဒီလိုပဲ သွားနေတာ၊ တခြားအရာရှိတွေ ဘယ်သူမှမသွားကြဘူး၊ သူပဲ တစွတ်စွတ် သွားနေတယ်၊ ဂျိန်ဖော့တိုင်းမှာထက်တော့ ဒီမှာက တစ်နေရာတည်းနေရ သေးတယ်" ဟု သော်ကောင်း မိဘများက ဆိုသည်။

သောင်းဒန်သည် တစ်ယောက်တည်း ဗျာများနေသည်။ တိုင်နံပါတ် ၄ အတွက် ပြင်ဆင်မှုများက မပြီးသေး။ ပြီးမှ စိတ်ချနိုင်မည်။ ပွန်တွန်းများကို ရေလယ်၌ ဆင်ရမည့်လုပ်ငန်းသည် သိမ်မွေ့သည်။ စင်ရော်ချောင်းသည် အမြဲမပြတ်ရေစီးနေသည့်ချောင်းဖြစ်သည်။ မိုးရာသီတွင် အရှိန်ပြင်းစွာစီးသည်။ သို့ဖြစ်ရာ ရေလယ်၌ ပွန်တွန်းများ ငြိမ်အောင် ကျောက်ချရမည်။ ပွန်တွန်းပေါ်၌ အလေးအပင်များ တင်ရမည်။ ဝန်ချီစက်ကြီးများ၊ ရေစုပ်

စက်ကြီးများ တင်ရမည်။ သံပေါင်ကြီးများ ဆင်ရမည်။

"နေပါအုံးကွာ၊ ပွန်တွန်းတွေ ကျောက်ချပြီးရင် ငါပါလိုက်ခဲ့ပါ့မယ်၊ တို့ တိုင်းအင်ဂျင်နီယာ ဦးရွှေသိန်းလဲ ကျောက်ချတာကို လာကြည့်မယ်ပြော တယ်"

သော်ကောင်းက စောင့်လက်စနှင့် ဆက်၍စောင့်ရန် သဘောတူလိုက် သည်။

ရေလယ်တွင် တိုင်သုံးခုထပ်၍ချရမည်။ ယင်းအတွက် ပွန်တွန်းများ ဖောင်ဖွဲ့ရမည်။ ထိုပွန်တွန်းတို့ကို ငြိမ်အောင်ထိန်းရန်လိုသည်။ တိုင်နံပါတ် ၄ အတွက် ပွန်တွန်းနှစ်ခု ဆင်ရမည်။ ထိုပွန်တွန်းနှစ်ခုကို ကျောက်နှစ်ခုနှင့် ငြိမ်အောင် ထိန်းမည်။ တံတားဆောက်မည့်နေရာမှ အထက်အောက် ပေ ၃၀၀ အကွာတွင် ကျောက်တုံးကြီးနှစ်ခု ချရမည်ဖြစ်သည်။ ကျောက်တုံးကြီးကို ပွန်တွန်းပေါ်၌ ကွန်ကရစ်ပုံသွန်းသည်။ ယင်းမှာ တန် ၁၀၀ လေးသည့် ကုဗပုံ၊ သို့မဟုတ် အန်စာတုံးပုံဖြစ်သည်။ ပွန်တွန်းပေါ်တွင် အမဲဆီ သုတ်ထားရသည်။ ယင်းအပေါ် တွင်မှ သစ်သားပုံရိုက်ကာ ကွန်ကရစ်လောင်းသည်။ ယခု အဆင် သင့်ဖြစ်နေပြီ။ ထိုကျောက်တုံးကြီး ရေထဲချသည်ကို ကြည့်ချင်သည်ဆိုကာ တိုင်းအင်ဂျင်နီယာ ဦးရွှေသိန်း ရောက်လာသည်။

"ခင်ဗျားဟာ ဖြစ်ပါ့မလားဗျာ၊ ပွန်တွန်းကြီးပါ မြုပ်သွားမှာပေါ့ဗျ"

"ဖြစ်ပါတယ် ခင်ဗျ"

သောင်းဒန်က အလျှော့မပေး။ ဖြစ်ရမည်ဟု တွက်ချက်ထားပြီးဖြစ် သည်။ ပွန်တွန်းသည် ရေလုံသော ဖောင်ကြီးဖြစ်သည်။ အခန်းပေါင်းရှစ်ခန်း ကိုဆက်ကာ ဖွဲ့ထားသည်။ တစ်ခန်းတစ်ခန်းတွင် ရေသွင်းနိုင်သည့်အပေါက် များရှိသည်။

"ဟောဒီလို တစ်ဖက်စောင်းပြီး လျှောကျသွားမယ်ခင်ဗျာ"

"ဟုတ်ပါ့မလားဗျ၊ ပွန်တွန်းပါ နစ်သွားပါ့မယ်ဗျာ"

"ကျွန်တော်လုပ်ပြပါ့မယ်"

တန် ၁၀၀ လေးသည့် ကျောက်တုံးကြီးတင်ထားသည့် ပွန်တွန်းကြိုးစ

ကို ကမ်းစပ်တွင် ချည်ထားသည်။ ကမ်းစပ်မှရေလယ်သို့ ကျောက်တုံးတင်ထားသည့် ပွန်တွန်းကို ပဲ့ချိတ်စက်ကြီးတပ် ပွန်တွန်းတစ်ခုက တဖြည်းဖြည်းဆွဲသွားသည်။ ထိုကျောက်ချလုပ်ငန်းသည် ပွဲတော်ကြီးတမျှစည်ကားလေသည်။ ကမ်းတစ်ခုလုံး ညွှတ်နေအောင် အလုပ်သမားများ၊ သားမယားများ လာ၍ကြည့်နေကြသည်။ သော်ကောင်းကား သူ့ရဲဘော်သောင်းဒန်ကို ယုံကြည်သည်။ ဖြစ်ရမည်ဟု တွက်ထားပြီးဖြစ်သည်။ သူလည်း ထိုလုပ်ငန်းတွင် အတွေ့အကြုံမရှိသေး။ ထို့ကြောင့် ပါးစပ်အဟောင်းသားနှင့် ကမ်းထိပ်က စောင့်ကြည့်နေသည်။

ကျောက်တုံးတင်ထားသည့် ပွန်တွန်းကြီးသည် တရွေ့ရွေ့ပါသွားသည်။ ယခု ပထမဆုံးကျောက်ချမည့်နေရာမှာ တံတားအောက်ဘက် ကိုက် ၁၀၀ အကွာတွင်ဖြစ်သည်။ ကျောက်ချမည့်နေရာရောက်လျှင် ရပ်လိုက်သည်။ ရှေ့က ဆွဲသည့်ပွန်တွန်းသည် ကြိုးဖြုတ်ကာ ကမ်းသို့ ပြန်မောင်းလာသည်။

“ကဲ . . . အပေါက်တွေ ဖွင့်ဟေ့”

သောင်းဒန်က လက်ကိုင်အသံချဲ့ အော်လန်လေးနှင့်အော်၍ အမိန့်ပေးလိုက်သည်။

အလုပ်သမားလေးယောက်သည် ပွန်တွန်းတစ်ဖက်ခြမ်း အခန်း ၄ ခန်းမှ ရေသွင်းပေါက်များကိုဖွင့်လိုက်ကြပြီးလျှင် ကမ်းသို့ အမြန်ကူးလာကြသည်။

သော်ကောင်းကား ရင်တဒိတ်ဒိတ်ခုန်နေသည်။ တစ်ဖက်ခြမ်း အခန်း ၄ ခန်းထဲသို့ တဖြည်းဖြည်းရေဝင်သွားသည့်အခါ ပွန်တွန်းကြီးသည် တစ်ဖက်ခြမ်းသို့ တအိအိစောင်းလာသည်။ ခဏကြာလျှင် ၄၅ ဒီဂရီနီးပါးစောင်းလာပြီးနောက် တန် ၁၀၀ လေးသည့်ကျောက်တုံးကြီးသည် ပွန်တွန်းပေါ်မှ ဝေါခနဲလျှောကာ ရေထဲသို့ ဝုန်းခနဲကျသွားလေသည်။ ပွန်တွန်းကြီးလည်း ရေပေါ်သို့ ခုန်တက်ကာ တစ်ဖက်သို့ ဝုန်းခနဲလွင့်သွားသည်။ ထိုအခါတွင်မှ သော်ကောင်းရော သောင်းဒန်ပါ သက်ပြင်းချနိုင်ကြလေသည်။ ပဲ့ချိတ်တပ် ပွန်တွန်းသည် ကျောက်တင်ပွန်တွန်းကို ကမ်းသို့တွဲခေါ်လာခဲ့သည်။ ပြီးလျှင် ရေစုပ်စက်ဖြင့် ရေများကို စုပ်ထုတ်လေသည်။ တိုင်းအင်ဂျင်နီယာ ဦးရွှေသိန်းကား ဘာမျှ

မပြောတော့။ သူ့တွင် ပညာတစ်ခု တိုးသွားပြီ။

တံတားအထက်ဘက်တွင် နောက်ထပ်ကျောက်တုံးတစ်ခုချရဦးမည်။ ယင်းကိုလည်း ထိုနည်းအတိုင်းပင် တံတားနှင့် ကိုက် ၁၀၀ အကွာ၌ ချလိုက်ကြသည်။ ထိုအချိန်တွင် သောင်းဒန်နှင့် သော်ကောင်းတို့ ရုံး၌ စခန်းသစ်လမ်းအတွက် တိုင်ပင်ဆွေးနွေးနေကြသည်။ သောင်းဒန်က သော်ကောင်းအား ကူ၍ တွက်ချက်ပေးနေသည်။

"ဆရာကြီး၊ ပွန်တွန်းကြီး စောင်းနေတယ်ခင်ဗျ၊ ကျောက်တုံးကြီး မကျသေးဘူး၊ မြေကြီးနဲ့ထိပြီး ဒီအတိုင်းတင်နေတယ်"

လက်သမားဘချစ် ရုံးပေါ်သို့ အမောတကော ပြေးတက်လာကာ သတင်းပေးသည်။ အချိန်ကား ညနေစောင်းဖြစ်သည်။ သောင်းဒန် တစ်ချက်လိုသွားသည်။ ကျောင်းတုံးချသည့်အချိန်မှာ ချောင်းထဲ၌ ရေနည်းချိန်ဖြစ်သည်။ စင်ရော်ချောင်းသည် ဒီရေဝင်ချောင်းဖြစ်ရာ ရေတက်ရေကျရှိသည်။ ဒီရေတက်စ ပြုနေပြီ။ ရေတက်တွင်မှ ချရမည်ဖြစ်သည်။

"သူ့ဘာသာသူ ကျသွားလိမ့်မယ်ကွာ၊ ပူမနေပါနဲ့"

"ဒီအတိုင်း စောင်းနေတာ တော်တော်လေးကြာသွားပြီခင်ဗျ"

"ဖြစ်ပါ့မလားကွာ သောင်းဒန်" သော်ကောင်းပါ စိုးရိမ်လာသည်။

"နောက်ဆယ်မိနစ်လောက်ရှိရင် သူ့အလိုလို ကျသွားမှာပါကွာ၊ မင်းတို့ ဘာမှပူမနေကြနဲ့၊ ဖြစ်ပါတယ်ကွ သော်ကောင်းရ"

ဘချစ်ပြန်သွားသည်။ နောက် ဆယ်မိနစ်ခန့်ရှိလျှင် ဘချစ်ပြန်တက်လာသည်။

"ကျသွားပြီ ဆရာကြီး"

"အေး ငါပြောသားပဲ"

ထိုအချိန်တွင် ဦးရွှေသိန်းမရှိတော့။ စိမ့်မြိုင်သို့ ပြန်သွားပြီ။

နောက်တစ်နေ့တွင် သော်ကောင်းနှင့် သောင်းဒန်တို့ မီးရထားဖြင့် စခန်းသစ်သို့ လိုက်လာခဲ့ကြသည်။ ပထမဆုံး တပ်ရင်း (၃၁၀)သို့သွားသည်။ ဗိုလ်မှူးသိန်းအောင် မရှိတော့။ ပြင်ဦးလွင်သို့ ပြောင်းသွားသည်။ သူ့နေရာ၌ တပ်ရင်း

မှူးအသစ် ဗိုလ်မှူးချစ်ဖေ ရောက်နေသည်။

“ကျွန်တော့်ကို တိုင်းမှူးက မှာထားပါတယ်၊ လိုတဲ့ အကူအညီသာ ပြောပါ”

သူတို့နှင့်အတူ စခန်းသစ်တွင်ရှိနေသော လမ်းဌာနမှ အင်ဂျင်နီယာ(စ) ဦးအေးသွင်လည်း ပါလာသည်။ ဦးအေးသွင်ကား ၃၀ ကျော်ရှိပြီ။ စခန်းသစ်သို့ ပြောင်းလာသည်မှာ မကြာသေး။ လုပ်သက် ၁၀ နှစ်ခန့်ရှိနေပြီ။ ကြည့်ရသည်မှာ တက်ကြွဖျတ်လတ်သည်။ လမ်းအလုပ်သမားစုပေးမည်ဟု တာဝန်ခံသည်။ ကျောက်စုပေးမည်ဟု ဆိုသည်။

“လမ်းစပြင်တဲ့အခါမှာသာ စစ်တပ်လိုက်ပြီး စောင့်ပေးဖို့ပါပဲ”

ဗိုလ်မှူးချစ်ဖေက စိတ်ချပါဟု တာဝန်ခံလိုက်သည်။

ရှေးက လမ်းလုပ်သားများကို ပြန်၍စုရမည်။ စခန်းသစ်နှင့် ၆ မိုင်ကွာတွင် ကျောက်မိုင်းတစ်ခုရှိသည်။ စောစောပိုင်းက သောင်းဒန် ယူ၍သုံးဖူးသည်။ မီးရထားရှိရာစခန်းသစ်သို့ တစ်တန်၊ စခန်းသစ်မှ စင်ရော်သို့တစ်တန်၊ စင်ရော်မှ တံတားစခန်းသို့တစ်တန်၊ အတန်တန်ပို့ရသဖြင့် စရိတ်မသက်သာ။ အချိန်လည်း ဖင့်သည်။ ယခုမူ လမ်းနှင့်မနီးမဝေးဖြစ်သဖြင့် ထိုကျောက်ကျင်းကိုပင် အားကိုးရတော့မည်။

“ကျွန်တော်တို့ လမ်းဝန်ထောက်ကလေးလာတော့မှပဲ တစ်ခေါက်လာကြည့်လှည့်ပါအုံးမယ်”ဟုဆိုကာ ပြန်ခဲ့ကြသည်။

“ငါတော့ စိမ့်မြိုင်မလိုက်တော့ဘူး သော်ကောင်း၊ တိုင်ချုပ်ဖို့ ငါ့ကို စောင့်နေကြလိမ့်မယ်”သောင်းဒန် စခန်းသစ်မှလှည့်၍ပြန်ခဲ့သည်။ ကျော်ဆွေထံသို့ စာတစ်စောင်ရေးပေးလိုက်သည်။ သည်တစ်ခါတွင်ကား အလေးအနက်စကားကို သောင်းဒန်ဆိုသည်။ သော်ကောင်းသည် အမြန်ဆုံးပြန်လာခဲ့မည်ဟု ပြောသွား သည်။

“တော်ကြာ မိုးကျလာတော့မယ် သူငယ်ချင်း၊ လုပ်ချိန်မရှိတော့ဘူး၊ အခုပဲ မင်းတံတားက နှစ်နှစ်ကျော်လို့ သုံးနှစ်ထဲရောက်လာပြီ၊ မြန်မြန်လုပ်ကြမှဖြစ်မယ်၊ တို့ ရောက်လာရင် အားသွန်ခွန်စိုက်ပဲပေ့ါ”

အားပေးစကားသာ ပြောရသည်။ သူငယ်ချင်းသုံးယောက် ခေါင်းချင်းဆိုင်၍ အလုပ်လုပ်ကြရဖို့ လမ်းမမြင်။ အကယ်၍ ကျော်ဆွေပါလာခဲ့လျှင် စခန်းသစ်တွင် လမ်းဖောက်လမ်းပြင်၊ တံတားဆောက်နှင့် တစ်ရာသီကုန်သွားမည်။ သောင်းဒန်၏တံတားကို လှည့်ကြည့်နိုင်ဖွယ်မမြင်။ သော်ကောင်းကလည်း ရုံးကြီးတစ်ခု အသစ်ဖွင့်ရသည်မို့ ရုံးအလုပ်နှင့် ဗျာများနေလိမ့်မည်။ သို့သော်လည်း စိမ့်မြိုင်တွင် ဆယ့်ငါးရက်၊ စင်ရော်တံတားတွင် ဆယ့်ငါးရက်နေမည်ဟု စိတ်ကူးထားသည်။

× × × × ×

# ၃၃

"ဟောဒီမှာ သောင်းဒန်ဆီကစာ၊ မင်းလိုက်ခဲ့ပါတဲ့"

ကျော်ဆွေသည် သောင်းဒန်၏စာကို မဖတ်သေး။

"အမယ်၊ ခွေးကောင်က မင်းတစ်ယောက်လုံးလာနေပြီဟာ၊ စာတွေပေတွေ ပေးနေရသေးတယ်"

"ငါ နေ့လယ်က တစ်ခေါက် ရုံးမှာ မင်းကိုရှာသေးတယ်၊ နောက်တော့ အဘိုးကြီးနဲ့ စကားပြောစရာရှိသေးလို့ မစောင့်နိုင်တာနဲ့ မင်းနေ့လယ်က ဘယ်သွားနေသလဲ"

"ဗိုလ်ချုပ်ဈေး ခတ်မီးပူ သွားဝယ်နေတာပါကွာ၊ မော်ဖီရစ်ချတ် တစ်ရာ့ရှစ်ဆယ်တဲ့၊ ငါ့လခွီး ဈေးတွေက ကုန်သွယ်ရေးလက်ထက်ကျမှ နှစ်ဆသုံးဆ ခုန်တက်လာတာကိုးကွ"

သော်ကောင်းသည် မော်ဖီရစ်ချတ်ကို စိတ်မဝင်စား။ ကျော်ဆွေ စင်ရော်သို့ လိုက်မည်၊ မလိုက်မည်ကိုသာ သိချင်နေသည်။

"ကဲ ကဲ၊ သောင်းဒန်စာ ဖတ်စမ်းပါအုံး"

ကျော်ဆွေသည် ဆေးပေါ့လိပ်ကို ဖွာနေသည်။ စာကို မဖောက်သေး။ ဒီကောင့်ကြည့်ရတာ မြဲစိစိနဲ့အားမရစရာချည်း။

"အဘိုးကြီးက ရှိသေးတယ်ကွ၊ အဘွားကြီးဆုံးလို့ သူ့သမီးနဲ့ ငါ့ဆီ လိုက်နေတာ မကြာသေးဘူး"

သော်ကောင်း ဘာမျှမပြောချင်။ ယင်းမှာ ကျော်ဆွေ၏ အိမ်တွင်းရေး ဖြစ်သည်။ သို့သော် ကျော်ဆွေလိုက်မည်ဆိုလျှင် ဖြစ်နိုင်သည်ဟုတွက်သည်။ ထို့ကြောင့် သူ့ကိုသာ မျက်နှာသေလေးနှင့် ကြည့်နေသည်။ ကျော်ဆွေသည် သောင်းဒန်၏စာကို ဖောက်၍ဖတ်သည်။

"အင်း မင်းကို အားကိုးပါတယ် ဆိုပဲကွ၊ မကြာပါဘူး၊ တစ်နှစ်လောက် ပါတဲ့"

"ဟုတ်တယ် ကျော်ဆွေ၊ တစ်နှစ်လောက်ပဲ၊ အလွန်ဆုံး နှစ်နှစ်ပေါ့ ကွာ၊ ပြီးရင် ရန်ကုန်ပြန်ပြောင်းရမှာပဲ၊ ဒါမှမဟုတ် မန္တလေးနားမှာ တံတား နှစ်ခု ဆောက်စရာရှိတယ်၊ မိတ္ထီလာမှာလဲ တံတားတစ်ခုဆောက်ဖို့ရှိသေး တယ်"

"ဟော့ကောင် မင်းဘယ်တော့ မိန်းမယူမှာလဲ"

မဆီမဆိုင် မိန်းမစကားဝင်၍ ဖောက်နေသည်။ သော်ကောင်းက သူ့အမေးကို မဖြေ။ ပြုံးစိစိနှင့် ကြည့်၍သာနေသည်။

မိန်းမရဖို့ ကံဇာတာ ပါပါ့မလား။ သူမသိ။ ဗေဒင်မေးကြည့်လျှင် ကောင်းမည်ထင်သည်။ သော်ကောင်းသည် တစ်သက်နှင့်တစ်ကိုယ် မိန်းမ တစ်ယောက်ကို ထိထိရောက်ရောက် မပိုးပန်းဖူးခဲ့။ ဂျိန်ဖော့တိုင်းတွင်နေခဲ့ စဉ်က မိန်းမရတော့မလို၊ ရတော့မလိုနှင့် တော့လွဲလွဲခဲ့ရသည်။ သူ့သဘော မဟုတ်။ မိဘသဘောလည်း မဟုတ်။ မိဘက သူကြိုက်တာယူဟု ခွင့်ပေး ထားသည်။ ခရိုင်ဝန် နှမလေးတစ်ယောက်နှင့် တွေ့ခဲ့သည်။ အတော်လေး ချောသည်။ သို့သော် ပိုးတော့မည်ဟုကြံကာရှိသေး၊ အမြတ်တော်ဝန်ထောက် တစ်ယောက်နှင့် ယူသွားသည်။ ပိုးတော့မည်ဆိုသည်မှာလည်း ထိထိရောက် ရောက်မဟုတ်။ စိတ်ကူးရုံသာ ရှိသေးသည်။ ဘယ်သို့ ပိုးရမည်မသိ။ ပိုးနည်း ပန်းနည်း လေ့လာနေဆဲဖြစ်သည်။ ခရိုင်ဝန်အိမ်သို့ကား ညနေတိုင်းလိုလို မှန်မှန်ရောက်သည်။ အပျိုက "ကျွန်းတုံးကြောင်လျှောက်"ဟု စကားထာ ဝှက်သည့်အခါ "ဂဏန်းတွက်တာပါကွာ"ဟုဖြေသည့် လူပျိုကြီးနှင့်တူနေ ပြီဟု အရာရှိအသိုင်းအဝိုင်းက သူ့ကို စကြသည်။ သူ အင်းမလှုပ်အဲမလှုပ်

ရှိသည်နှင့် အမြတ်တော်ဝန်ထောက်နောက်သို့ ပါသွားသည်ဟု အများက ဝိုင်း၍အပြစ်တင်ကြသည်။ စိတ်ထဲတွင် ထိထိခိုက်ခိုက်မဖြစ်။ ထို့ကြောင့် ခင်ဗျားတော့ မိန်းမရဖို့ဝေးပါသေးတယ်ဟု ဗေဒင်ဟောလိုက်ကြသည်။ ယင်းတို့ကို ကျော်ဆွေသိသည်။ ယခုသိလျက်နှင့် ဘာကြောင့်မေးနေရသလဲ။ သော်ကောင်းက တစ်ခွန်းတည်းသာဖြေလိုက်သည်။

"အင်း ယူတော့ယူရမှာပဲကွ"

"ငါလဲ မိန်းမယူရမလားလို့" ကျော်ဆွေ၏ တုံ့ပြန်စကား။

သူတို့နှစ်ယောက်ကား အရက်ကို ဟုတ်တိပတ်တိ သောက်တတ်ကြသူများမဟုတ်။ အဖော်ကောင်းလျှင် တစ်ခါတစ်ရံ အပျင်းပြေ ဖဲရိုက်သည်။ အလွန်ပျင်းစရာကောင်းသည့် ပိုကာကိုမဆွဲ။ တစ်ချပ်မှောက်ကိုသာ စိတ်ဝင်စားကြသည်။ သို့သော် ဖဲကံမရှိ။ ရှုံးသည်သာ များသည်။ ထို့ကြောင့် ဖဲကိုလဲ မစွဲလမ်း။ နှစ်ယောက်စလုံး ၃၅ နှစ်ကျော်နေကြပြီ။ သည်လိုနှင့် လူ့ဘဝ တစ်ဝက်ကျိုးလာခဲ့ပြီ။

"ငါ့လခွီးတဲ့၊ မင်းတို့ဆီ လိုက်ရင်တော့ မိန်းမရဖို့ မရှိပါဘူးကွာ၊ ဒီတောထဲကို ဘယ်ကမိန်းမက လိုက်လာမှာလဲကွ"

သော်ကောင်း သဘောကျကာ ရယ်သည်။ ကျော်ဆွေသည် ဆေးလိပ် အသစ်တစ်လိပ်ကို မီးညှိအောင်ညှိနေသည်။

"အေး ဒါပေမဲ့ ငါလိုက်ပါ့မယ်ကွာ၊ အိမ်က အဘိုးကြီးနဲ့ မိသိန်းကို တော့ တစ်နှစ်လောက်ပဲ၊ အရေးကြီးလို့ သော်ကောင်းတို့ဆီ ခဏပို့တာလို့ ဖြီးရမှာပဲ"

သော်ကောင်း၏ မျက်နှာဝင်းထိန်သွားသည်။ သို့သော် သူ့သူငယ်ချင်းကို သနားသည်။ နှမလေးနှင့် အဖေအိုကြီးတာဝန်ကို သူပဲ ယူနေရာမှ နယ်သို့ပြောင်းရမည်ဆိုလျှင် ခက်သည်။ အဖေနှင့် နှမတို့ကလဲ သူ့ဆီမလိုက်နိုင်။ နှမငယ် သိန်းသိန်းသည် ရန်ကုန်တွင် အလယ်တန်းပြဆရာမ လုပ်နေသည်။ အဖေကြီးကား ပင်စင်စား ဇရာဝတီကိုယ်စားလှယ်ကြီးဖြစ်သည်။ အညာတွင် သားကြီးရှိသော်လဲ သားကြီးနှင့်မနေ။ သားငယ်ဆီလိုက်၍ နေ

သည်။

ကျော်ဆွေကို မိန်းမပေးစားချင်ကြသည်။ အညာသူ ဥစ္စာပေါ ရုပ်ချော များနှင့်စပ်သည်။ ကျော်ဆွေက အင်းမလှုပ်အဲမလှုပ်နေသဖြင့် မစရဲကြ။ တစ်လောကပင် အဒေါ်များလိုက်လာကာ မိန်းမယူရန်တိုက်တွန်းသေးသည်။

“မဖြစ်ပါဘူးဗျာ၊ ဒီလိုပဲနေတာ ကောင်းပါတယ်” ဟု အဖြေပေးကာ အဒေါ်များနှင့် စကားမပြောရအောင် ရှောင်နေလိုက်သည်။ ညဥ့်နက်မှ အိမ်သို့ ပြန်လာသည်။ မိုးလင်းလျှင် ရုံးတွင်တာဝန်ကျသည်ဆိုကာ အစောကြီး ထမင်းချိုင့်ဆွဲ၍ ထွက်သွားတတ်သည်။ သောင်းဒန်မြင်ရသည်နှင့် မိန်းမယူရန် ကြောက်နေသည်။

သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးသဖြင့် ဒေါ်လီဘရွှေနှင့် တွေ့သည်။ ဒေါ်လီသည် သွက်သည်။ ကမာရွတ်သုခလမ်း၌ နေသည်။ သူ့အဖေ မှာ ပင်စင်စားအရာရှိတစ်ယောက်ဖြစ်သည်။ မနေ့တစ်နေ့ကပင် ဆုံးသွားသည်။ အစ်ကိုကြီးတစ်ယောက်က သူတို့သားအမိကို ဆက်၍ထောက်ပံ့သည်။ သို့သော် ပူစရာမလို။ သုခလမ်း၌ တိုက်တစ်လုံးကျန်ရစ်သည်။ လက်ဝတ်လက်စားများ လည်း သမီးရော အမေပါ အတောင့်အတင်းရှိသည်။ ဝတ်ပုံစားပုံကြည့်ရသည် နှင့် အခြေအနေကို အကဲခတ်နိုင်သည်။ ပညာကလဲ ဘီအေ။ ဘီအေဆိုသော် လည်း အချွန်ထဲကမဟုတ်။ ခေတ်ပညာတတ်သည်မို့ လူထဲဝင်ဆံ့သည်ဆိုလျှင် တော်ပြီ။ သို့နှင့် ဖတဆိုးကလေးကို အလိုလိုက်ကာ ရုပ်ရှင်လိုက်ပြသည်။ ဈေး လိုက်ပို့သည်။ သို့သော်လည်း ပြီးခဲ့သည့်သင်္ကြန်တွင် ဒေါ်လီ၏ဇာတိပေါ် လာသည်။ ဌာနချုပ်မဏ္ဍပ်သို့ သူကပင်ဖိတ်ခေါ်သဖြင့် ဒေါ်လီသည် သူငယ် ချင်းများနှင့် ရေကစားရောက်လာသည်။ သည်တော့မှ ဒေါ်လီ၌ မိတ်ပေါမှန်း သိလာရသည်။ သူ့လို အရွယ်ကောင်း၊ ဆံရှည်ကိုယ်တော်လေးများနှင့် ပွတ်လိုက်သပ်လိုက် လုပ်နေသည်။ ထိုအခါမှစ၍ ကျော်ဆွေ နောက်ဆုတ် လိုက်သည်။“တွေ့ကရာ မိန်းမ ကောက်ယူမယ်တော့ မကြံနဲ့နော်၊ ရန်ကုန်သူ လျှပ်ပလာမတွေ တို့မျက်စိထဲမတွေ့ဘူး”ဟု သူ့အဒေါ်ပြောသွားသည့် စကား ကိုကြားယောင်လာသည်။ အဝေးသို့ လွင့်ချင်ပြီ။ ချင်းတောင်ရောက်ရောက်၊

နာဂတောင်တန်းရောက်ရောက်၊ ပို့ချင်ရာပို့ သွားမည်ဟု သတင်းလွှင့်လိုက်သည်။

"မင်းကောင်မလေးကော ဘယ်လိုလဲကွ"

"မဟန်ပါဘူးကွာ" ဒါပဲ ကျော်ဆွေ ဖြေလိုက်သည်။

"ငါတော့ မိန်းမယူရင် ငါ့ကို ထမင်းကောင်းကောင်းချက်ကျွေးမဲ့ မိန်းမ၊ ငါ့ကို ကောင်းကောင်းပြုစုမဲ့မိန်းမ ဒါပဲလိုချင်တယ်၊ အလုပ်လုပ်တာ ငါမကြိုက်ဘူး၊ အလုပ်လုပ်လို့ မဖြစ်ဘူး၊ လင်ကို ဘယ်ပြုစုနိုင်တော့မလဲကွ" ဤကား သော်ကောင်း၏သဘောထားဖြစ်သည်။ သော်ကောင်းသည် အစားအသောက် မက်မောသည်။ အဝတ်ကို မမက်မော။ ဖြစ်သလို ဝတ်သည်။ သူ့ကြည့်ရသည်မှာ လမ်းအရေးပိုင်နှင့်မတူ။ အိုဗာဆီယာနှင့် တူနေသည်။

"အေး . . . အဲဒီလိုဆိုလေ မိန်းမရဖို့ ဝေးလေပဲ ဆရာ၊ မင်း စိမ့်မြိုင်သူ ဝဝကစ်ကစ်ကလေးတွေ မတွေ့ဘူးလား"

"ခုမှ ရောက်စရှိသေးတာ၊ ဘယ်တွေ့မလဲကွ" တွေ့နိုင်စရာလဲ အကြောင်းမရှိ။ သော်ကောင်းသည် တစ်နေ့ကုန်အလုပ်စားပွဲ၌ ထိုင်နေသူဖြစ်သည်။ မိန်းမ ယူမည်စိတ်ကူးရှိသော်လည်း အလုပ်ကို မိန်းမထက် ပို၍ စိတ်ဝင်စားသည်။ ညနေစောင်းသည်အထိ စားပွဲမှမထ။ သူ မထသဖြင့် သူ့အောက်မှအမှုထမ်းများ ရုံးဆင်းရခက်နေသည်။

"ဘယ်လို အရေးပိုင်လဲ၊ ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိ အလုပ်ပဲ ကုန်းလုပ်နေတယ်၊ ဒါကြောင့် မိန်းမ မရတာဘဲ"ဟု ရောက်လေရာအရပ်က သြဘာပေးကြသည်။

"အေး . . . တို့သူငယ်ချင်းနှစ်ယောက် စိမ့်မြိုင်မှာ မိန်းမရှာကြတာပေါ့ကွာ" ကျော်ဆွေက အတည်လိုလိုပြောလိုက်သည်။

ကျော်ဆွေသည် ဒေါ်လီကို စိတ်နာချင်သလိုလိုဖြစ်လာသည်။ သို့သော်လည်း သူ့သဘောထားမှန်ရဲ့လား။ ဘာဖြစ်လို့စိတ်နာရမှာလဲ။ သူတို့ချစ်နေကြလို့လား။ ချစ်စကား ကြိုက်စကား ပြောပြီးပြီလား။ ဒီအရွယ်ကြီးကျမှ ချစ်စကား ကြိုက်စကားပြောနေရဦးမှာတဲ့လား။ ဒါတွေဟာ ကလေးစကား

တွေပဲ။ ဒါလောက် သူ့အလိုလိုက်ရင် သိသာလောက်ရောပေါ့။

ကျော်ဆွေ စွံနေသည်ဟုကြားသည့်အခါ သော်ကောင်းလည်း စိတ်ဝင်စားလာသည်။ သို့သော်လည်း အစွမ်းအစမရှိ။ ကျော်ဆွေကမှ သူ့ထက်စွမ်းသေးသည်။ ဒီကောင် ငယ်ငယ်လေးရွေးတတ်တယ်။ ငါလဲ မိန်းမယူရင် သူ့လို ငယ်ငယ်လေးပဲရွေးမယ်။ အပျိုကြီးတွေတော့ စာရင်းထဲထည့်မတွက်ချင်။

မြင့်မြင့်သန်းက သူငယ်ချင်းအပျိုကြီးဆရာမတစ်ယောက်နှင့် ဆွယ်ပေးဖူးသည်။ နေဝင်ဆည်းဆာတွင် သောင်းဒန်၊ မြင့်မြင့်သန်း၊ သော်ကောင်းနှင့် အပျိုကြီးတို့ အင်းယားကန်ပေါင်၌ ကားထိုးရပ်ကာ လမ်းလျှောက်ကြသည်။ သောင်းဒန်က မြင့်မြင့်သန်းကို လက်ကုတ်ကာ သော်ကောင်းနှင့် အပျိုကြီးမကို လွှတ်ပေးသည်။ အင်းယားကန်ပေါင် အလယ်၌ ထားခဲ့သည်။ နှစ်ယောက်သား ထိုင်၍ စကားပြောနေကြသည်။ တော်တော်နှင့် မထကြ။ အိမ်ပြန်ရောက်၍ မြင့်မြင့်သန်းက သူ့သူငယ်ချင်းအား ဘာတွေပြောနေကြသလဲဟုမေးသည့်အခါ "အို တစ္ဆေအကြောင်း၊ သရဲအကြောင်းပြောနေကြတာပေါ့၊ ကိုသော်ကောင်းက တစ္ဆေဆိုတာ မယုံဘူးတဲ့" မှတ်ကရော။ သောင်းဒန် လက်မြှောက်လိုက်သည်။

သော်ကောင်းကမူ "အပျိုကြီးတွေက တယ်ချွေးစော်နံသကိုးကွ"ဟု သောင်းဒန်အား သတင်းပေးလိုက်သည်။

"ဒီကောင်မှ မိန်းမရမယ်ဆိုရင် အပျိုတွေ ဘယ်အပျိုကြီးဖြစ်တော့မလဲ၊ စိမ့်မြိုင်တို့၊ စင်ရော်တို့က အပျိုတွေ သတိသာထားကြပေတော့၊ လူပျိုကြီး နှစ်ယောက်ရောက်လာတော့မယ်၊ တစ်ယောက်က လမ်းအရေးပိုင်၊ တစ်ယောက်က လမ်းဝန်ထောက်" သောင်းဒန် ကြုံးဝါးနေသည်။

× × × × ×

၃၄

"ကျော်ဆွေ လာမယ်တဲ့ကွ၊ ငါ ရုံးမှာ သူ့ကိုပဲ လိုချင်တယ်လို့ ပြောခဲ့ပြီးပြီ၊ တစ်လလောက်ကြာရင် အမိန့်ထွက်မှာပဲ"

ထိုသတင်းကို ကြားသည့်အခါ သောင်းဒန် ဝမ်းသာသွားသည်။ ရဲသုံးဘော် ပြန်လည်ဆုံတွေ့ကြတော့မည်။

သော်ကောင်းသည် ခရီးရောက်မဆိုက်ပင် စင်ရော်ဘူတာရုံ၌ သောင်းဒန်ကို သတင်းကောင်းပေးလိုက်သည်။

"ဘယ်လိုလဲ၊ တိုင်တွေချပြီလား"

"အေး နှစ်လုံး ပြိုင်ချနေတယ်၊ ခုနေတော့ ဟန်နေတာပဲ၊ မင်း နေနိုင်မယ်ဆိုရင် ငါခဏ ထိန်ကုန်းကိုသွားပြီး ကြည့်လိုက်ချင်သေးတယ်၊ ဒီမှာ ဒေးဗစ်နဲ့ စောသာအေးတို့ ဦးစီးပြီးလုပ်နေကြတယ်"

စခန်းဘက်သို့ လှေနှင့်အကူးတွင် တိုင်နံပါတ် ၄ နှစ်လုံး ရေလယ်၌ မားမားကြီးထောင်နေသည်ကိုတွေ့ရသဖြင့် သော်ကောင်း သဘောကျသွားသည်။ မနက်မှပင် ကြည့်တော့မည်။

ဤလုပ်ငန်းသည် ခဲရာခဲဆစ်မဟုတ်။ ပစ္စည်းစုံဖို့လိုသည်။ စက်ကိရိယာ ပြည့်စုံဖို့လိုသည်။ တက်ညီလက်ညီ ရှိဖို့လိုသည်။ ရေလယ်တွင် ပွန်တွန်းကြီး နှစ်ခု ယှဉ်၍ပေါ်နေသည်။ ယင်းအပေါ်၌ သံမဏိရက်မကြီး နှစ်ချောင်းကို တင်ရသည်။ ရက်မနှစ်ချောင်းပေါ်တွင် သုံးချောင်းပူးနှစ်ထပ် သံပေါင်ကြီးနှစ်ခု

ယှဉ်၍တင်သည်။ ယင်းအလယ်၌ တိုင်ကြီးကို ဆိုင်းထားသည်။ တိုင်၏ အချင်းမှာ ၉ ပေရှိသည်။ ခေါင်းပိတ်မဟုတ်။ ရေတွင်းပေါင်နှင့်တူသည့် တိုင်ခေါင်းကြီးဖြစ်သည်။ ထု ၁ ပေခန့်ထူသည်။ တိုင်၏ လေးဖက်လေးတန် ကို သံချောင်းပြားကြီးလေးခုဖြင့် ဆိုင်းထားသည်။ တိုင်၏ပေါင်ထဲမှ သံချောင်း ပြား အထက်သို့ထိုးထွက်နေကြသည်။ ယင်းတို့ကိုဘေးက သံမဏိပေါင် ဘက်တွင် ဂျိုက်များဖြင့် ထိန်းထားသည်။ တိုင်ခွေကြီးတွင် သံချောင်းများ မြှုပ်ကာ ကွန်ကရစ်လောင်းသည်။ သုံးလေးပေခန့်မြင့်တက်လာလျှင် တိုင်ခွေ ကြီးကို ရေအောက်သို့လျှော၍ချလိုက်သည်။ ထိုအလုပ်ကို အပေါ်ရှိ ဂျိုက် များဖြင့်လုပ်သည်။ ပြီးလျှင် ဆက်၍ ကွန်ကရစ်လောင်းပြန်သည်။ ဤသို့ဖြင့် ရေအောက်ခြေတွင် မြေကြီးထိသည်အထိ ကွန်ကရစ်လောင်းလိုက်၊ အောက် သို့ချလိုက်လုပ်ရသည်။

သော်ကောင်းနှင့် သောင်းဒန်တို့ နှစ်ယောက်သည် ရေလယ်ဖောင် ပေါ်တွင် တစ်နေကုန် စောင့်ကြည့်နေကြသည်။

"ကြည့်စမ်း၊ မြင့်သိန်းလေး ဘယ်လောက်ကြိုးစားသလဲ၊ သူများ ထက် ပိုလုပ်တယ်၊ ဘာအလုပ်မှ မငြင်းဘူး၊ တတ်အောင်လဲ ကြိုးစားတယ်" သောင်းဒန်က သော်ကောင်းအား ပြသည်။

"ဒီကောင် မိန်းမရဖို့ မနည်းဝိုင်းပြီး လော်ကြရတာ၊ အောင်ကြီးက ဇာတ်ဆရာပေါ့ကွ"

သောင်းဒန်က ဇာတ်ကြောင်းလှန်နေသည်။ သော်ကောင်းမှာ ယခုမှ စခန်းသို့ရောက်လာသည့် လူသစ်ဖြစ်ရာ အလုပ်သမားများကို ကောင်းကောင်း မသိ။ လှမင်း၊ စောသာအေး၊ ဒေးဗစ်တို့ကိုကား သိသည်။ စောသာအေးနှင့် လှမင်းတို့မှာ သော်ကောင်းနှင့် ရင်းနှီးပြီးသားဖြစ်သည်။ ဥက္ကလာပမြို့သစ် ဆောက်စဉ်က သူတို့နှစ်ယောက်စလုံးနှင့် တွဲ၍လုပ်ဖူးသည်။

"လှမင်းကလဲ ကွမ်းပြတ်တယ်မရှိပါလားကွ"

"အေး ဒီကောင်သေမယ်၊ ကွမ်းစားတာနဲ့ရောဂါရမှာပဲ"

"သူများတော့ ပြောနေ၊ မင်းရော အရက်သောက်တာနဲ့ သေမှာပဲ၊

ဆင်ခြင်အုံး"

"နည်းနည်းပါကွာ"

သောင်းဒန် ဆက်၍အပြောမခံတော့။ စကားလွှဲကာ အခြားအလုပ်သမားများအကြောင်းကိုသာ ဆက်၍ပြောသည်။ စက်သံများဆူညံနေသဖြင့် တစ်ခါတစ်ရံ ကောင်းကောင်းမကြားရ။ ဝန်ချီစက်ကြီးသည် ကွန်ကရစ်ပုံးကြီးကို မချီလာကာ တိုင်ထိပ်၌ ဝေါခနဲလောင်းချလိုက်သည်။

"ဒီကောင်ကြီးတွေ သိပ်အလုပ်လုပ်တယ်ကွာ၊ ရောက်လာမှ တစ်ခါပဲ ချိန်းပြတ်သေးတယ်၊ စက်ကတော့ ပျက်ကို မပျက်ဘူး"

"မောင်းတာ ဘယ်သူလဲကွ"

"အေးမောင် ဆိုတာ မယားနှစ်ယောက်နဲ့ ခင်ဗျ၊ မင်းတို့သာ မိန်းမမရနိုင်တာ၊ အေးမောင်တို့ နောက်ယူလာတဲ့မယားငယ်လေးက ပျံနေတာပဲ၊ ဒီကောင်လဲ တော်တာပဲ၊ အမှန်းအဆကောင်းတယ်၊ အချိန်အဆကောင်းတယ်၊ ရန်ကုန်ဆိပ်ကမ်းမှာ ပစ္စည်းချတဲ့ကရိန်းကြီးတွေ မောင်းဖို့ကောင်းတယ်ကွ၊ ဘလှလဲ တော်တာပဲ၊ ဒါကြောင့် ငါ့ ဒီကကောင်တွေကို ရောက်စတုန်းက ဦးသိန်းဖေက ရန်ကုန်ကနေ အမျိုးမျိုးချော့ခေါ်တာကိုးကွ၊ သိန်းတင်ဆိုတဲ့ ကောင်တစ်ယောက်တော့ ပြန်ပြေးလေရဲ့၊ တချို့ကလဲ ကလေးတွေစာသင်ပျက်တယ်ပေါ့ကွာ၊ ဒါနဲ့ စာသင်ကျောင်းဖွင့်ပေးရတယ်၊ အခုဆို အစိုးရကျောင်းဖြစ်နေပြီ၊ ဒီနှစ် လေးတန်းအစိုးရစစ်မှာ တန်းလုံးကျွတ်အောင်တယ်၊ ဒါနဲ့ တစ်နေ့ကပဲ ဂုဏ်ပြုပွဲလုပ်ရသေးတယ်"

သူတို့ ပြောနေစဉ်မှာပင် စင်ရော်မှ ကားတစ်စီးရောက်လာသည်။ ကားပေါ်မှာ ကျောင်းသားကျောင်းသူများ ကျောင်းဆင်းလာကြသည်။ သော်ကောင်းသည် သူတို့ကိုကြည့်ကာ ပီတိဖြစ်နေသည်။ ထိုကျောင်းသားကျောင်းသူများထဲတွင် တစ်နေ့သောအခါ ယခုဆောက်သည့် တံတားမျိုးထက် လေးငါးဆကြီးသည့် တံတားကြီးများဆောက်မည့် အင်ဂျင်နီယာလောင်းများ ပါကြလိမ့်မည်ဟု မျှော်လင့်မိသည်။

"တချို့ကတော့ ပစ္စည်းရှားတယ်၊ အစားအသောက် ရှားတယ်ပေါ့ကွာ၊

ဒါလဲ ဟုတ်တယ်၊ ရန်ကုန်နဲ့ ဘာမှမထူးဘူး၊ အစစ အရာရာဈေးကြီးတာပဲ၊ ကုန်သွယ်ရေးကတော့ အားကိုးရပါတယ်၊ တို့ဆိုရင် ဦးစားပေးတာပဲ၊ တစ်လော တုန်းက အပ်ချုပ်စက်သုံးလုံး ရောက်လာတယ်၊ ထုံးစံအတိုင်းကတော့ မဲချ ပေးပါပေါ့ကွာ၊ ဒါပေမဲ့ ငါက မဲချမပေးဘူး၊ တကယ်ချုပ်တတ်တဲ့လူ ဘယ်သူရှိသလဲ၊ ချုပ်တတ်တဲ့လူရောင်းမယ်ဆိုပြီး ယောကျ်ားအင်္ကျီ၊ မိန်းမ အင်္ကျီ၊ ကလေးအင်္ကျီတွေစမ်းပြီး ချုပ်ခိုင်းတယ်၊ အကောင်းဆုံး သုံးယောက် ကို အသင်းပိုင်ငွေနဲ့စိုက်ပြီး ရောင်းလိုက်တယ်၊ သူတို့ စက်ချုပ်လို့ ဝင်ငွေရမှ တဖြည်းဖြည်းဆပ်ခိုင်းတယ်”

သော်ကောင်း ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

“မလွယ်ဘူးဟေ့၊ ဒီလိုပဲ လုပ်ရမှာပဲ၊ ဒီအလုပ်မျိုး မင်းနဲ့မှဖြစ်တာ၊ တော်တော့်လူ မဖြစ်ဘူး”

သော်ကောင်း အတည်ပြောနေခြင်းဖြစ်သည်။

သောင်းဒန် အထိန်းအသိမ်းကောင်းသည်မှာ ပြောဖွယ်မရှိ။ သို့သော် လည်း ထိန်းသိမ်းသည့်အကြားမှာပင် စည်းကမ်းဖောက်သည်တို့ ရှိနေသေး သည်။ တချို့က စက်ပစ္စည်းများ ခိုး၍ရောင်းသည်။ မိသည့်အခါချက်ချင်းပင် အလုပ်ထုတ်ပစ်လိုက်ရသည်။ တချို့ကား ဆက်ဆံရေးအဆင်မပြေ။ သူနှင့် တွဲမလုပ်ချင်ဘူး၊ ငါနဲ့တွဲမလုပ်ချင်ဘူးဟု ကြေးများသည်။ တင်းတင်းမာမာပင် အမိန့်ပေးရသည်။

“ချစ်စရာလေးတွေလဲ ရှိပါတယ်ကွာ၊ ရွှေကြည်တို့ဆိုရင် ဘယ်တော့မှ မခိုဘူး၊ လုပ်အားပေးကြမယ်ဆိုရင် ထိပ်ဆုံးကပဲ၊ ရောက်စက ငွေမလောက် လို့ ခင်ခင်တို့၊ နော်ဖောလာတို့ ပစ္စည်းတွေပေါင်ကြတော့ သူ့မှာစုထားတဲ့ ငွေနှစ်ရာလာပြီးပေးတယ်၊ စက်ကြီးမောင်း ဘလှဆိုတာလဲ စံပြလုပ်သား ဖြစ်ထိုက်တဲ့ လူတစ်ယောက်ပဲ၊ ငါ့လူတွေဟာ ဖွဲ့ကောင်းတယ်၊ ဒူပေနာပေ ခံတယ်၊ သတ္တိရှိတယ်၊ ဒါပေမဲ့ စုန်းပြူးတွေတော့လဲရှိတာပေါ့ သော်ကောင်း ရာ”

ပင်လယ်ဆီမှ မိုးများ ညို့လာသည်။ ခဏကြာလျှင် ရွာချတော့မည်။

မိုးဦးကျစ ပြုလာပြီဖြစ်သည်။

"လာကြဟေ့ သွားကြမယ်၊ မိုးတွေ ရွာတော့မယ်"

သူတို့နှစ်ယောက် စခန်းဘက်ကမ်းသို့ လှေနှင့်ကူးလာခဲ့ကြသည်။ မိုးသည် သူတို့ကို နှိုးဆော်နေသည်။ လေးလခွဲ ငါးလနီးပါး ကောင်းကောင်း လုပ်နိုင်ကြမည်မဟုတ်။ ရေလယ်တိုင်ကို မိုးဖြိုင်ဖြိုင်မကျမီ မြေကြီးစိုက်မိရန် အရေးကြီးသည်၊ သို့မဟုတ်လျှင် လှိုင်းနှင့်လေနှင့် တောင်ကျရေနှင့်ဆိုလျှင် ဖောင်ကြီးနှစ်ခုနှင့် တိုင်ကြီးနှစ်ခုတို့သည် ဒယိမ်းဒယိုင်ဖြစ်နေလိမ့်မည်။ လေပြင်း၍ ဖောင်ကြိုးပြတ်သွားလျှင် တိုင်ကြီးနှစ်တိုင်လဲသွားမည်ဖြစ်သည်။ ထို့ကြောင့်ပင် ပွန်တွန်းများဖြင့်ဖွဲ့ထားသောဖောင်ကြီးနှစ်ခုကို တန် ၁၀၀ လေးသော ကျောက်တုံးကြီးနှစ်ခုဖြင့် ထိန်းထားရခြင်းဖြစ်သည်။ သင်္ဘောသွားလာ ခုတ်မောင်းသည့် ရေကြောင်းမျိုးဖြစ်လျှင် တံတားပြီးပါက ထိုကျောက်ကြီးများကို မိုင်းဖြင့်ခွဲကာ ဖျက်ဆီးပစ်ရမည်ဖြစ်သည်။ ယခုကား ထိုသို့ ဖျက်ဆီးပစ်ရန်မလို။ စင်ရော်ချောင်းသည် လှေကလေးများ ကျက်စားသောချောင်းဖြစ်သောကြောင့်တည်း။

"ဟ လှမင်းတို့က ဒီမှာလား၊ မဆိုးဘူးပဲကွ၊ စောသာအေးတို့ကကော"

"လွန်ခဲ့ပြီလေကွာ၊ ဒုတိယအိမ် မြောက်ဘက်အခန်း"

"ဒေါ်ခင်ခင်တို့ နေကောင်းကြရဲ့လား၊ ကိုလှမင်းကော မပြန်လာသေးဘူးလား" သော်ကောင်းက ခင်ခင်ကို နှုတ်ဆက်သည်။

"မလာသေးဘူး ဦးသော်ကောင်း၊ ဦးသောင်းဒန် နာနာခိုင်းထားလို့ ထမင်းမှန်း ဟင်းမှန်းတောင် မသိတော့ဘူး"

အလို့၊ အညာသူကလဲ စကားပြောတော့ မခေပါလား။ သော်ကောင်း ရယ်၍ ကြည့်နေသည်။

"ဦးသော်ကောင်းက ဒီမှာ နေရမှာလား"

"ဆိုပါတော့ဗျာ၊ စိမ့်မြိုင်တစ်လှည့်၊ ဒီတစ်လှည့်ပေါ့၊ ကျော်ဆွေလဲ ရောက်လာလိမ့်မယ်၊ သူက စခန်းသစ်မှာ နေရမယ်၊ နောက်မှလာခဲ့အုံးမယ်"

အိမ်သို့ရောက်လျှင် သော်ကောင်းက သောင်းဒန်အား ခင်ခင်တို့

အကြောင်းမေးသည်။

"လည်ပင်းက ဆွဲကြိုးကြီးကလဲ မနည်းပါလားကွ"

"အဲဒါ အသစ်တိုးလာတာခင်ဗျ၊ ဒီရောက်မှ တိုးပွားလာတာတွေပေါ့ ကွာ၊ ဈေးကြီးတယ်ဆိုပေမဲ့ ဒီမှာ ကုန်စရာမရှိဘူးမဟုတ်လားကွ၊ လှမင်းက အရက်လဲ သောက်တတ်တာမဟုတ်ဘူး၊ ဒီတော့ စုတတ်ဆောင်းတတ်တဲ့ မိန်းမဆို ပိုတာပဲ၊ အဲ ပိုရင် စင်ရော်တက်ပြီး ရွှေလေးဝယ်လိုက်တာပဲ၊ အောက်လိုင်းမှာ ဆွဲကြိုးကိုယ်စီနဲ့ပါဗျား၊ ကလေးများတဲ့လူတွေကတော့ ဘယ်ပိုမလဲကွာ၊ ခင်ခင်တို့ကတော့ လခကလဲ လေးရာလောက်ရနေပြီကွ၊ ဒီရောက်မှ သူ့ကလေးတွေလဲ ဝလို့၊ ခုနေတော့အားလုံး အဆင်ပြေနေတာပဲဟေ့၊ ဒါပေမဲ့ ကြာလာတော့ ငြီးငွေ့လာကြတယ်၊ ငါလဲ ဒီလိုပဲ သော်ကောင်း၊ ငြီးငွေ့ချင်လာတယ်၊ ဒါပေမဲ့ ငါက ခေါင်းဆောင်မဟုတ်လားကွ၊ ငါက ငြီးငွေ့လို့မဖြစ်ဘူး၊ ရှေ့ကကို တက်တက်ကြွကြွလုပ်ပြနေရမယ်"

"ပူမနေပါနဲ့ကွာ၊ ဖြစ်ပါတယ်"

နောက်တစ်နေ့တွင် သော်ကောင်းကို လွှဲကာ သောင်းဒန်သည် ထိန်ကုန်းသို့ သွားရမည်ဖြစ်သည်။ ယခုတစ်ခေါက်ကား ရက်မလောင်းသည့် အလုပ်ပြီးမည်ဟု ခန့်မှန်းသည်။ ကျန်သည့် ရက်မများကို အားလုံးတစ်ပြိုင်နက်တည်း ပုံလောင်းရန် အောင်ကြီးနှင့် သန်းမောင်တို့အား ညွှန်ကြားထားသည်။ ရန်ကုန်နှင့်နီးသည့်စခန်းဖြစ်သဖြင့် ထိုအရပ်တွင် စက်ပစ္စည်း၊ စက်ကိရိယာအစုံအလင်ရနိုင်သည်။ လိုသလောက် ဟိုကဒီက ဆွဲနိုင်သည်။ ဌာနချုပ်နှင့် ယန္တရားတို့ကိုလည်း အကြောင်းကြားခဲ့ပြီးဖြစ်သည်။

"ငါ မြန်မြန်ပြန်ခဲ့မယ် သော်ကောင်း၊ ဖြစ်နိုင်ရင် ကျော်ဆွေပါ တစ်ပါတည်း ခေါ်လာနိုင်အောင် ကြိုးစားမယ်၊ တိုင်လောင်းနေတာတွေကို မင်းပဲ ဂရုစိုက်လိုက်ပေတော့၊ ငါ တွက်ချက်ထားတာတွေကို ဒေးဗစ်နဲ့ စောသာအေးတို့ မေး၊ မင်းကိုလဲ ပေးထားခဲ့ပါမယ်၊ အရေးကြီးတာက မြေကြီးနဲ့ထိခါနီး အနေအထားပဲကွ၊ အခု ထိခါနီးနေပြီ၊ နောက်တစ်ရက် နှစ်ရက်လောင်းလိုက်ရင် ထိတော့မှာပဲ"

"အေးပါကွာ၊ စိတ်ချသာ သွားပါ"

သောင်းဒန် သွားပြီးနောက်တစ်နေ့မှာပင် မြေစမ်းအဖွဲ့က ရှေ့အပတ်ထဲတွင် သူတို့ လုပ်ငန်းသိမ်းတော့မည်ဟု ဆိုသည်။

"အခြေအနေကကော ဘယ်လိုလဲ"

သူတို့သည် တိုင်နံပါတ် ၂ နှင့် ၃ တို့အတွက် ဆက်၍မြေစမ်းနေကြသည်။ ယာယီဖောင်ပေါ်မှ လွန်ဖောက်သည် ။

"ဆက်ပြီး စမ်းရအုံးမယ်၊ ခုနေတော့ မဟုန်လှဘူး" ဦးဝင်းနိုင်ခေါင်းယမ်းနေသည်။ နံပါတ် ၂ မှာ ကျောက်ဖျာကြီး တွေ့တယ်၊ နံပါတ် ၃ မှာလဲ ကျောက်ဖျာကြီး တွေ့တာပဲ၊ အခုအထိ ကျွန်တော်တို့ တွင်းပေါင်း ၃၀ ကျော် ဖောက်ပြီးပြီ၊ ဟောဒီ စိန်သွားလွန်ကိုသာ ကြည့်ပေတော့၊ ဒါမျိုး သုံးခုရှိပြီ"

"ဂျေ၊ ကေ၊ စမစ်အင်ဆန်းတဲ့၊ အတော်မာတဲ့ကောင်တောင် မခံနိုင်ဘူးဗျာ၊ ဘာကျောက်တွေလဲဗျ" သော်ကောင်းသည် စိန်လွန်သွားကို ယူကြည့်ရင်း ထုတ်လုပ်သူ၏နာမည်ကို ဖတ်သည်။

"လိပ်သည်းကျောက် အမာစားပါပဲ ဦးသော်ကောင်း"

"နောက်ထပ် ဘယ်နှတွင်းလောက် ဖောက်အုံးမလဲ"

"၁၅ တွင်းလောက် ဖောက်ရမယ်ခင်ဗျ၊ အခု တိုင်နံပါတ် ၁ နဲ့ ၂ ကြားမှာ ၁၃ တွင်းလောက် ဖောက်တယ်၊ တိုင် ၂ နေရာမှာ ၆ တွင်းလောက် ဖောက်တယ်၊ မှားတယ် ခင်ဗျာ၊ ဒီနေရာရွေးတာကိုမှားတယ်"

ဦးဝင်းနိုင် တောက်တခေါက်ခေါက် ညည်းနေသည်။

"အတွေ့အကြုံပေါ့ဗျာ"

"ခုတော့ ဒီလိုပဲသဘောထားရတော့မှာပဲပေါ့"

"ဒီလို အတွေ့အကြုံမျိုးလိုချင်လို့ မရနိုင်ဘူးမဟုတ်လားဗျ၊ ဖြစ်ရမှာပေါ့၊ နည်းလမ်းတွေ အများကြီးပါ"

ဟုတ်သည်။ နည်းလမ်း အများကြီးရှိသည်။ သို့သော် ငွေကုန်ခံနိုင်ရမည်။ ယခုပင် စရိတ်အများကြီးကုန်လှပြီ။ ယခု ဦးဝင်းနိုင်တို့ မြေစမ်းအဖွဲ့

တစ်ခေါက်နှင့် မပြီးသေး။ မိုးကုန်လျှင် ဆက်၍လာရဦးမည်ဟု သော်ကောင်း မျှော်လင့်နေသည်။ ဦးဝင်းနိုင်တို့အဖွဲ့ လာရသည်မှာပင် အပိုအလုပ်တစ်ခု ဖြစ်နေသည်။ စောစောကသာ ကျကျနနမြေစမ်းခဲ့လျှင် ယခုလိုထပ်၍ စရိတ်ကုန်၊ လူပန်းဖြစ်မည်မဟုတ်။ သို့သော် ဖြစ်လာမှတော့ မထူးတော့ပြီ ဖြစ်သလို လုပ်ရမည်။ ဖြစ်နိုင်သည့်နည်းလမ်းများကို ရှာကြရမည်။

"အခု စိန်သွားလွန်တွေက သိပ်ဈေးကြီးတယ် ဦးသော်ကောင်း၊ ဟောဒါ တစ်ခုကို ၂၅၀၀ ပေးရတယ်၊ နိုင်ငံခြားငွေနဲ့ ဝယ်ရတာ၊ ဒါထက်ကြီးတာက ၃၅၀၀၊ ဒါက စိန်သွားလွန်၊ နောက်တစ်မျိုးရှိသေးတယ်၊ တန်စတင်ကာ စိုက်လွန်၊ ကာဗွန်အမာစား လွန်ပေါ့ခင်ဗျာ၊ အဲဒါက တစ်လုံး ၁၀၀၀"

လွန်သွားထိပ်၌ စပါးလုံးတစ်ဝက်ခန့် စိန်လုံးကလေးများ အလုံး ၇၀ ခန့် မြှုပ်ထားသည်။

"အင်း . . . တော်တော် ဈေးကြီးတာတွေပဲ၊ အေးဗျာ၊ ဒါတွေ ကုန်ရကျိုးနပ်အောင် ကျွန်တော်တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆောက်ကြရမှာပဲ၊ ကျွန်တော်တို့ တံတားက ဘာဟုတ်သေးလဲဗျ၊ အမေရိကန်ပြည် ဆန်ဖရန်စစ္စကို ပင်လယ်အော်ကြီးကိုဖြတ်တဲ့ ရွှေတံခါးတံတားကြီးဆိုတာ နည်းတာမှမဟုတ်တာ၊ ခန်းဖွင့်တစ်ခု တစ်ခု ပေ ၄၂၀၀ ရှိတယ်၊ ၁၉၃၃ ခုနှစ်က စဆောက်တယ်၊ ၁၉၃၇ ခုနှစ်မှာ ပြီးတယ်၊ လေးနှစ်ပဲ ကြာတယ်၊ တိုင်ကြီးတွေက ပင်လယ်အောက်က မြေကြီးထဲ ပေ ၂၀၀ အနက် စိုက်ရတယ်၊ ဒါတွေ ထားပါလေ၊ ကျွန်တော်တို့ဆီက အင်းဝတံတားပဲကြည့် ၊ ခန်းဖွင့်တစ်ခု ပေ ၃၅၀ ရှိတယ်၊ အောက်ခံကျောက်ပေါ်မှာ တိုင်ချရတယ်၊ ပေ ၈၀ နက်တယ်၊ အဲဒါ ဘုံဘေက ဟိန္ဒူစတန် ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်သွားတာ၊ ဟိုတုန်းက မြန်မာငွေဆယ့်သုံးသန်းကျော် ကုန်တယ်၊ သိန်းတစ်ရာ့သုံးဆယ်ကျော်ပေါ့၊ အင်း ခုပုံဆိုရင် နံပါတ် ၂ နဲ့ နံပါတ် ၃ မှာ ကြာအုံးမှာပဲ၊ ကဲ ခင်ဗျား အစီရင်ခံစာတွေသာ အပြည့်အစုံရေးတင် သွားပေတော့"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒါထက် ဦးသော်ကောင်း၊ ဦးသောင်းဒန်တစ်ယောက် ဘယ်တော့ ပြန်လာမှာလဲ၊ ကျွန်တော်တို့မပြန်ခင် မီပါ့မလား"

"မိမယ်မထင်ဘူး ဦးဝင်းနိုင်၊ ဘာကိစ္စရှိသေးလို့လဲ၊ ကျွန်တော်နဲ့ မပြီးနိုင်ဘူးလား"

"ဟာ . . . ဦးသော်ကောင်းနဲ့ မဖြစ်ပါဘူး၊ ဆရာကြီးနဲ့မှ ဖြစ်မှာပါ၊ ဦးသော်ကောင်းက လူပျိုကြီးပဲ၊ ဒါမျိုးနဲ့ဘယ်ဖြစ်မလဲ"

သော်ကောင်း အနည်းငယ်ရှက်သလိုလို ဖြစ်သွားသည်။ ပြီးမှ ဣန္ဒြေဆောင်လိုက်ရသည်။

ဘာကိစ္စ ထွေပြားလာပြန်ပြီလဲ။ မိန်းမကိစ္စလား။ ဦးဝင်းနိုင်မှာ သားကြီးမယားကြီးတွေနဲ့ပါ။ သူ့ကိစ္စတော့ မဟုတ်တန်ဘူး။ သောင်းဒန်လဲ ငါ့ကို ဘာမှပြောမသွားဘူး။

"ပြောပါလေဗျာ၊ ဆရာကြီးမရှိလဲ ဆရာလေးတွေရှိပါတယ်၊ သူ့တပည့်ကျော် စောသာအေးတို့၊ ကိုလှမင်းတို့ ရှိပါတယ်"

"မြိုင်တို့ ကိစ္စပါ"

"မြိုင်၊ ဘယ်က မြိုင်လဲ"

"ကင်န်တင်းက မြိုင်လေ၊ ဦးသော်ကောင်းကလဲ၊ တံတားထိပ်က လက်ဖက်ရည်ဆိုင်မှာ ငွေသိမ်းနေတဲ့ကောင်မလေးပေါ့"

"သြော်"

ဖြူဖြူသွယ်သွယ်လေးတစ်ယောက် ဆိုင်ထဲ၌ မြင်ခဲ့သည်။ အမှတ်တမဲ့ ပင်။ သေသေချာချာ မကြည့်ရဲ။ သူ့ကိုယ်သူ စိတ်မလုံဖြစ်သဖြင့် မိန်းမဆိုလျှင် စိုက်၍မကြည့်ရဲသည်မှာ ကြာပြီ။

"ကျွန်တော်တို့ မြေစမ်းအဖွဲ့က မောင်တင်ထွန်းနဲ့ ကြိုက်နေကြတယ်ခင်ဗျ၊ အဲဒါ စေ့စပ်ကြောင်းလမ်းဖို့ စကားဆိုချင်လို့၊ ကျွန်တော်တို့ကလဲ ပြန်ကြတော့မှာဆိုတော့ မပြန်ခင်စေ့စပ်ပြီး ဝါမဝင်ခင်ဘဲ မောင်တင်ထွန်းက လက်ထပ်သွားချင်တယ်တဲ့"

"ဟာ – ကျွန်တော်နဲ့ မဖြစ်ဘူး၊ ကျွန်တော်နဲ့မဖြစ်ဘူး၊ မနက်ဖြန်ကျမှ စောသာအေးနဲ့ လှမင်းတို့ကိုပြောကြ"

"ဟုတ်ပါပြီ . . . ဦးသော်ကောင်း၊ ဒါပေမဲ့ ဦးသောင်းဒန် မရှိတော့

ဦးသော်ကောင်းပဲ လူကြီးမဟုတ်လား၊ စေ့စပ်ပွဲမှာတော့ ဦးသော်ကောင်းလာဖို့ လိုပါလိမ့်မယ်”

“အေးဗျာ၊ လာတော့ လာတာပေါ့၊ စကားတွေ ဘာတွေ ပြောရအုံးမှာလား၊ အဲဒီလိုဆိုရင်တော့ မဖြစ်ဘူး၊ ကျွန်တော် ဒါမျိုးမပြောတတ်ဘူး”

“ကိစ္စမရှိပါဘူး၊ ဘာမှ မပြောရပါဘူး၊ သန်ဘက်ခါည လုပ်မယ် စိတ်ကူးတယ်၊ အဲဒီမှာ သူတို့ နေ့ကောင်းရက်သာရွေးကြလိမ့်မယ်၊ ဒါပါပဲ ဦးသော်ကောင်း၊ ကိုလှမင်းတို့၊ စောသာအေးတို့လဲ ကျွန်တော်အကြောင်းကြားပါအုံးမယ်”

ဦးဝင်းနိုင်ပြန်သွားလျှင် စောသာအေးနှင့် လှမင်းတို့ကို အခေါ်ခိုင်းလိုက်သည်။ မကြာမီ သူတို့နှစ်ယောက်ရောက်လာကြသည်။

“ကဲ၊ စေ့စပ်ပွဲတဲ့ဗျာ၊ ဆရာကြီးမရှိမှ ကျွန်တော့် လာပြီးဆွဲခေါ်နေတယ်၊ လက်ဖက်ရည်ဆိုင်က မြိုင်နဲ့မြေစမ်းအဖွဲ့က မောင်တင်ထွန်းတဲ့၊ အဲဒါ ခင်ဗျားတို့ပါ လိုက်ခဲ့ရလိမ့်မယ်၊ သန်ဘက်ခါညတဲ့၊ နေစမ်းပါအုံး၊ ခင်ဗျားတို့ဆရာကြီး သိသွားရဲ့လား၊ သောင်းဒန်က စည်းကမ်းကြီးတယ်၊ သူ့စည်းကမ်းတွေနဲ့ညီရဲ့လား”

သောင်းဒန်သိသွားပြီးဖြစ်သည်ဟု လှမင်းက ပြောသည်။

“သူတို့လဲ စုံစမ်းပြီးပါပြီ ဦးသော်ကောင်းရယ်၊ ကောင်လေးကလဲ တော်ပါတယ်၊ တစ်နေ့ ၆ ကျပ်စား ခင်ဗျ၊ မြိုင့်ကို ဝိုင်းပိုးနေကြတာ၊ မောင်တင်ထွန်းကျမှ စွံသွားတော့တယ်”

ဟုတ်ဟန်တူသည်။ လက်ဖက်ရည်ဆိုင်တွင် ကာလသားတစ်သိုက် တရုန်းရုန်းတွေ့ရသည်။

ထွန်းကြိုင်တို့၊ အုန်းဖေတို့၊ ကျော်ညွန့်တို့ ဝိုင်းပိုးနေကြတာပဲ။ ဒီအထဲ ဆရာကြီးတပည့် စံဖေတောင်ပါတယ်ထင်တယ်။ အဝတ်ဖွပ်ရင်း သွားကြီးတဖြဲဖြဲနဲ့ ကမ်းထိပ်မှာငေးနေတာပဲ။ ဆရာကြီးလဲ သိသွားပါတယ်။ သူတို့ကောင်တွေက တယ်သွက်တာကိုးကွ။ တို့အဖွဲ့ထဲက တစ်ယောက်ယောက်စွံလိုက်ဖို့ကောင်းတာ။ ခုတော့ ကောင်မလေး ရန်ကုန်ပါသွားတော့မှာပေါ့

လို့တောင် ပြောသွားသေးတယ်။

မြိုင် ရန်ကုန်သို့လိုက်ရမည်ဖြစ်သည်။ သျှောင်နောက်ဆံထုံးပါ ထုံးစံအတိုင်း မောင်တင်ထွန်းနောက်သို့ လိုက်ရလိမ့်မည်။ ရန်ကုန်တွင် ပုဇွန်တောင်ထဲ၌ မြိုင့်အစ်ကိုကြီး၏ အိမ်ရှိသည်။ ထိုအိမ်၌ သူတို့နေကြမည်။

နောက်နှစ်ရက်ရှိလျှင် မီးစက်မောင်း လှဖေ၏ အိမ်ခန်း၌ စေ့စပ်ပွဲကျင်းပသည်။ မြေစမ်းအဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်၊ သတို့သား မောင်တင်ထွန်း၊ သော်ကောင်း၊ လှမင်း၊ စောသာအေးတို့ အစုံအညီရောက်လာကြသည်။ မြိုင်ကိုကား မတွေ့ရ။

နေ့ကောင်းရက်သာ ရွေးကြသည်။ မောင်တင်ထွန်း ရန်ကုန်သို့သွားကာ ခန်းဝင်ပစ္စည်းများ ဝယ်မည်ဟုဆိုသည်။ ပြန်လာလျှင် လက်ထပ်မည်။ ပြီးမှ ရန်ကုန်ခေါ်သွားမည်။

"ဆရာကြီးက ပြောဖူးတယ်၊ မင်္ဂလာဆောင်ရင် အကျွေးအမွေးတွေ လုပ်မနေနဲ့တဲ့၊ ပိုက်ဆံကုန်တယ်တဲ့" လှမင်းက သောင်းဒန်၏ သဘောထားကို ပြောပြသည်။

"ကော်ဖီလေး၊ လက်ဖက်ရည်လေးလောက်တော့ တိုက်မှဖြစ်မှာပေါ့ ခင်ဗျား၊ ဒါလောက်တော့ မကုန်ပါဘူး၊ မောင်တင်ထွန်းကလဲ လုပ်ချင်တယ်" ဦးဝင်းနိုင်က သတို့သားကိုယ်စားပြောသည်။

"အင်းလေ၊ ဒါလောက်ကတော့ ကိစ္စမရှိပါဘူး၊ ရန်ကုန်မှာ နေစရာ ရှိတယ်နော်၊ ရန်ကုန်မှာ အိမ်ခန်းက သိပ်ဈေးကြီးတာ" စောသာအေးက သတိပေးသည်။

"ရှိပါတယ်၊ ကျွန်တော်တို့အိမ်ရှိပါတယ်" လှဖေက ဒီစကား တစ်ခုတည်းသာ ဝင်၍ပြောသည်။ နမလင်နေ မောင်ဖင်ကျိန်း ဖြစ်နေဟန်တူသည်။ သော်ကောင်းကား ဘာမှမပြော။ ကော်ဖီတစ်ခွက်သောက်ကာ ပြန်လာခဲ့သည်။

နောက်တစ်နေ့တွင် တိုင်နံပါတ် ၄ အောက်ဘက်တိုင် မြေကြီးနှင့်စ၍ ထိသည်။ အထက်တိုင်ကား ထိလုထိခင်ဖြစ်နေပြီ။ မြေကြီးနှင့်ထိခါနီး ဂရ

စိုက်ရသည်။ စင်ရော်ချောင်းသည် ရေတက်ရေကျရှိသော ဒီရေဝင်ချောင်းဖြစ်သည်။ တိုင်ကြီးများကို မြေကြီးမဝင်မီ ပွန်တွန်းပေါ်မှ သံပေါင်ကြီးများဖြင့် ဆိုင်းထားရလေရာ ရေကျသွားလျှင် တိုင်သည် မြေကြီးနှင့်ထောက်ကာ ပွန်တွန်းကြီး ရေပေါ်သို့ ကြွတက်လာမည်စိုးရသည်။ အထူးသဖြင့် မိုးဦးလေဦးတွင် မုန်တိုင်းမွှေလိုက်လျှင် ဖောင်ပျက်ကာ တိုင်ပါလဲကျသွားနိုင်သည်။ ယခုကား အားလုံးချောမောနေသည်။ သို့နှင့် တိုင်ညီနောင်မြေထဲသို့ တဖြည်းဖြည်းဝင်သွားကြပြီ။ အလယ်ကောင်တွင် မြေကြီးနှိုက်ထုတ်လိုက်၊ အပေါ်က ကွန်ကရစ် ထပ်လောင်းလိုက်နှင့် ခရီးအတော်ပေါက်နေသည်။

ရုံးပေါ်မှစီး၍ကြည့်လိုက်လျှင် တိုင်နံပါတ် ၄ ညီနောင်ကို မတ်မတ်ကြီးတွေ့ရသည်။ သော်ကောင်းသည် သောင်းဒန် ထိုင်နေကျ ကုလားထိုင်တွင် ထိုင်ကာ ဝန်ချီစက်သံကြားရာသို့ အာရုံစူးစိုက်၍ကြည့်သည်။ တိုင်ကြီးသုံးတိုင် အစီအရီတက်နေကြပြီဖြစ်သဖြင့် ဝမ်းသာနေသည်။ သောင်းဒန်၏စားပွဲ အံဆွဲကို ဖွင့်လိုက်သည့်အခါ မှန်ပြောင်းတစ်ခုကိုတွေ့ရသည်။

"ဟော့ . . . ဒါ မင်းတို့ ဆရာကြီးပစ္စည်းလားကွ၊ တယ်ကောင်းတဲ့ မှန်ပြောင်းပဲ"

"ဟုတ်တယ် ခင်ဗျ" အောင်ဘွင့်က ဖြေသည်။

သော်ကောင်းသည် မှန်ပြောင်းနှင့် ရေလယ်သို့ လှမ်း၍ကြည့်သည်။ ထိုမှတစ်ဖန် စင်ရော်ဘက်ကမ်းသို့ ကြည့်သည်။ အဝေးမှ တောင်များကိုပင် ကြည်ကြည်လင်လင်မြင်ရသည်။ စင်ရော်မြို့၏ အနောက်ဘက်ရှိ တောင်တန်းတွင် ရေတံခွန်ဖွေးဖွေးကိုပင် လှမ်း၍ မြင်ရသည်။

"ဆရာကြီးက အဲဒီမှန်ပြောင်းနဲ့ ရေလယ်ကိုလှမ်းကြည့်ပြီး ဘယ်သူထိုင်စကားများနေတယ်၊ အလုပ်မလုပ်ဘူး၊ ဘယ်သူလက်ဖက်ရည်သောက်နေတယ်၊ အားလုံး သူသိတာချည်းပဲ"

"အင်း ဒီကောင် မှန်ပြောင်းတစ်လက်နဲ့ အုပ်ချုပ်နေတာကိုး"

ထိုသို့ကြည့်နေစဉ်မှာပင် ရေလယ်ဖောင်ပေါ်၌ စောသာအေးနှင့် ဒေးဗစ်တို့ ပျာယာပျာယာဖြစ်နေကြသည်ကိုမြင်ရသဖြင့် သော်ကောင်း တွက်ချက်

နေရာမှရပ်ကာ ရေလယ်သို့ ဆင်းသွားသည်။

“မဝင်တော့ဘူး ဦးသော်ကောင်း”

“အခု ဘယ်နှပေလဲ”

“ပေသုံးဆယ် ရှိနေပြီ၊ နှစ်တိုင်စလုံး တစ်နေတယ်၊ အထဲ နှိုက်ကြည့်တော့ မြေကြီးမတွေ့ရဘူး၊ ကျောက်တုံးတွေ တွေ့နေတယ်”

“ဟုတ်လား”

“မြေစမ်းအဖွဲ့က ဒီတိုင်မှာ ဘာမှမရှိဘူးလို့ဆိုတာပဲ”

တိုင်နံပါတ် ၄ အောက်ဘက်တိုင်အောက်တွင် လက်ဖက်ရည်ပန်းကန်ပြားခန့် ကျောက်စရစ်တုံးများရှိနေသည်။ အထက်ဘက်တိုင်ကား ကျောက်တုံးတစ်ခုပေါ်၌ ထိုင်နေသည်။ အသေအချာကား မသိရသေး။

မြေစမ်းအဖွဲ့ ပြန်သွားကြပြီ။ သို့သော် ပစ္စည်းများကျန်ရစ်သေးသည်။ မိုးကုန်လျှင် တစ်ခေါက်ထပ်လာဦးမည်ဖြစ်သဖြင့် အချို့ကို ချန်ထားခဲ့သည်။ ထိုနေ့ညနေပိုင်း၌ သော်ကောင်း ရေလယ်တွင် တစ်နေကုန်နေကာ စက်များဆင်စေပြီး သေချာအောင်တူးခိုင်းသည်။ နောက်တစ်နေ့မနက်ပိုင်းတွင်လည်း ဆက်၍စမ်းကြသည်။ သေချာသွားပြီ။ အောက်တိုင်သည် ကျောက်စရစ်တုံးများပေါ်၌ ထိုင်နေသည်။ အထက်ဘက်တိုင်သည် ကျောက်စောင်းတစ်ခုပေါ်တွင် တစောင်းတင်နေသည်။ ကျောက်စောင်းကားမညီ။ တစ်ဖက်က လွတ်နေသည်။

ဘာလုပ်ကြမလဲ။ သော်ကောင်း စာအုပ်များကို ပြန်၍ဖတ်သည်။ မိုင်းခွဲလျှင် ရနိုင်မည်လား။ သောင်းဒန်နှင့် တိုင်ပင်ရမည်။ သောင်းဒန် အလာကိုစောင့်ရန်သာ ရှိတော့သည်။ သို့နှင့် အခြေအနေအရပ်ရပ်ကို စိမ့်မြိုင်တိုင်းအင်ဂျင်နီယာထံသို့လည်းကောင်း၊ ဌာနချုပ်သို့လည်းကောင်း အစီရင်ခံလိုက်သည်။ သောင်းဒန်ထံသို့လည်း စာရေးအကြောင်းကြားလိုက်သည်။

× × × × ×

## ၃၅

စင်ရော်မိုးသည် တစ်ရှိန်ထိုးရွာချသည်။ ချောင်းရေသည် ဝါးလုံးထိုး ဆင်းလာသည်။

စံပယ်ချောင်းနားတွင် ရေစားသဖြင့် လမ်းတစ်ပိုင်းပြတ်သွားသည်။ ရေလယ်တွင် ဖောင်ကြီးနှစ်ခုသည် မြင့်ချည်နိမ့်ချည်ဖြစ်နေသည်။

"ဟော့ လုပ်ကြစမ်းပါအုံးကွာ၊ ဒီအတိုင်းကြည့်နေလို့မဖြစ်ဘူးနဲ့တူတယ်၊ မစ္စတာဒေးဗစ်၊ လှမင်းတို့ စောသာအေးတို့ကော"

"မရှိကြဘူး ဦးသော်ကောင်း၊ စောသာအေးက သူ့ချဉ်းကပ်လမ်းကို သွားကြည့်တယ်၊ ချောင်းရေကျလို့ တံတားတစ်ခုရေစားသွားတယ်ပြောတယ်၊ ဘယ်တံတားလဲ မသိဘူး၊ ဦးလှမင်းကလဲ စံပယ်ချောင်းကိုသွားတယ်ခင်ဗျ"

"ဟာ ဒုက္ခပါပဲ၊ ဒီဖောင်ကြီးတွေနဲ့ ဒီတိုင်ကြီးတွေနဲ့"

"စိုးရိမ်စရာမရှိပါဘူး ဦးသော်ကောင်း၊ ဒီလိုပဲ မြင့်လိုက်နိမ့်လိုက် ဖြစ်နေမှာပဲ၊ ဖောင်က တိုင်နဲ့အလွတ်ကြီးပါ"

သော်ကောင်းသည် အင်ဂျင်နီယာ မဟုတ်သလို ဖြစ်နေသည်။ အကြောင်းမဲ့ အစိုးရိမ်ကြီးနေသည်။ အချိန်ကား ညဦးပိုင်း ၇ နာရီသာသာ ခန့်သာရှိသေးသည်။ မိုးသည်မစဲ။ အရှိန်ကောင်းနေသည်။ သူသည် မိုးရေ စက်လက်နှင့် ကမ်းစပ်တွင်ရပ်နေသည်။ သူ့ဘေး၌ ဒေးဗစ်တစ်ယောက်တည်း သာရှိသည်။

"ဖောင်တွေ ဖြုတ်လိုက်ရမလား ဦးသော်ကောင်း" ဒေးဗစ်က အဖြေ တစ်ခုပေးသည်။

"ဟာ မဖြုတ်နဲ့အုံး၊ သောင်းဒန်လဲ မရောက်သေးဘူး၊ သူ ဘယ်လို အစီအစဉ်ရှိသလဲမသိဘူး"

ဖောင်များဖြုတ်ထားလိုက်လျှင် စိုးရိမ်စရာမရှိ။ ယခုလည်း စိုးရိမ်မည့် သာ စိုးရိမ်နေရသည်။ တိုင်ကြီးသည် မြေထဲသို့ အတော်လေးဝင်နေပြီ။ လဲမကျနိုင်။

"ကဲ လာဗျာ၊ မတတ်နိုင်ဘူး၊ ပြန်ကြမယ်၊ ညကျတော့ အစောင့် တစ်ယောက် ထားမှဖြစ်မယ်၊ ပြီးတော့ ရေလယ်က မီးစက်ကလေးကိုလဲ တစ်ညလုံး အလင်းခုတ်နေပေစေ"

အိမ်ပေါ်သို့ပြန်ရောက်လာသည့်အခါ သော်ကောင်း ခိုက်ခိုက်တုန် အောင် ချမ်းလာသည်။ စံဖေကို အော်ခေါ်ကာ သောင်းဒန်၏ အရက်ပုလင်း ရှာခိုင်းသည်။

"မတွေ့ဘူး ဆရာ၊ မရှိတော့ဘူးနဲ့တူတယ်"

"ဒါဖြင့် အရက် သွားရှာစမ်းကွာ၊ တစ်ခွက်လောက်ရရင် တော်ပြီ"

စံဖေသည် ပန်းပဲဆရာကြီး ဦးခင်ဆီသို့ ပြေးသွားသည်။ မိုးကား မစဲသေး။ ပို၍ပင် သည်းလာသည်ဟုထင်ရသည်။ သည်အထိ လေထန်လာ သည့်အခါ တောင်ကုန်းထက်ရှိသစ်ပင်တို့သည် တဝေါဝေါ တရှဲရှဲမြည်ကြ သည်။ လေသည် ပင်လယ်ပြင်မှ အပြေးအလွှားတက်လာပြီး သစ်ပင်ကြို သစ်ပင်ကြားသို့ တစ်ဟုန်ထိုးဝင်သည်။ တစ်ခါ လေနတ်သား၏ လေချွန်သံကို စူးစူးရှရှ ကြားရသည်။ စံဖေ ပြန်ရောက်လာသည်။ လက်ထဲတွင် ကော်ဖီ ပန်းကန်လုံးကလေးတစ်ခုကို ကိုင်ထားသည်။

"ရခဲ့တယ် ဆရာ"

"မှန်း ဘာအရက်လဲကွ" သော်ကောင်း နမ်းကြည့်သည်။ အနံ့ကား ချဉ်စုတ်စုတ်။

"ရေ ယူခဲ့ကွာ"

နှာခေါင်းရှုံ့ကာ တစ်ငုံသောက်လိုက်သည်။ ပြီးလျှင် ရေတစ်ကျိုက် သောက်လိုက်သည်။ လည်ချောင်းထဲတွင် ပူဆင်းသွားကာ နွေးနွေးထွေးထွေး ဖြစ်လာသည်။ သောင်းဒန်တို့ သောက်နေကျ ဝှိုက်စကီဖြစ်မှာပဲ။ ယခုမှ နေသာထိုင်သာဖြစ်သွားသည်။ မိုးကား မစဲသေး။ လေငြိမ်သွားသည်။ သော်ကောင်းသည် ကျန်သည့် ဝှိုက်စကီနှစ်ငုံစာကို တစ်ခါတည်းမော့ သောက်လိုက်ပြီးနောက် ထမင်းစားသည်။ သူ ထမင်းစားနေစဉ် စံဖေသည် သူ့ရေဒီယိုကလေးကို ကလိနေသည်။

"ရှုလှည့် မြင်လှည့်စေချင် ချစ်တဲ့သူရဲ့ ရင်ခွင်၊

ဒီမိုးမှောင်တုန်း မောင်ပုန်းပါရစေခင်"

ထိုခဏတွင် လေထန်လာသည်။ ရေဒီယိုသံသည် မသဲကွဲတော့။

"ပိတ်လိုက်တော့ဟေ့၊ ပျက်မှာ စိုးရတယ်"

ရေဒီယိုသံ ရပ်သွားသည်။ မိုးသက်လေသည် တစ်ဟုန်ထိုး တောင် ပေါ်သို့ ပြေးတက်လာသည်။ "ဂျိမ်း" ဟူသော အသံကြားလိုက်ပြီးနောက် ကာဘိုင်သေနတ်သံ သုံးချက်ကြားလိုက်ရသည်။ ပထမအသံမှာ မိုးကြိုး ပစ်သံဖြစ်သည်။

"ဦးသော်ကောင်း၊ ဦးသော်ကောင်း၊ ဖွင့်ပါအုံး"

လှမင်း အပြေးတက်လာသည်။

"မင်း ဘယ်တုန်းက ပြန်ရောက်သလဲ၊ ဘာဖြစ်လာတာလဲကွ"

"သေနတ်သံ ကြားတယ် ခင်ဗျ၊ မီးပိတ်ခိုင်းလိုက်ရင် ကောင်းမယ် ထင်တယ်၊ သေနတ်သံက အနီးလေးရယ်"

"နေစမ်းပါအုံးကွ၊ အရေးကြီးရင် တပ်ကပြေးလာမှာပေါ့ကွ၊ ဒီလို မိုးထဲလေထဲ ဘယ်က သူပုန် လာနိုင်ပါ့မလဲ" အနည်းငယ် မိုးစဲသွားသည်။ ခဏကြာလျှင် စောသာအေး ရောက်လာသည်။ ထိုအခါတွင်မှ ရှင်းသွား သည်။

"တောင်ပေါ်က ရဲဘော်တွေပစ်တာ ဦးသော်ကောင်း၊ သူတို့ ကင်းတဲ နားက တံခွန်တိုင်ကို မိုးကြိုးပစ်တော့ ကြောက်လန့်ပြီး တောင်အောက်က

ရဲဘော်တွေဆီ အချက်ပေးတာတဲ့၊ သူတို့လဲ ရွှဲရွှဲစိုလို့၊ မိုးရော လေရောချ လိုက်တာ သူတို့ ကင်းတဲလေးမရှိတော့ဘူး၊ အမိုးပါ လန်ကျသွားပြီ၊ ဒါကြောင့် ကာဘိုင်နဲ့ပစ်ပြီး အကူအညီခေါ်တာတဲ့ခင်ဗျ”

“ကောင်းရောကွာ”

“အောက်လိုင်းတွေလဲ အမိုးတွေ လန်ကုန်ပြီ၊ ကျွန်တော်တို့ဘက်က နှစ်အိမ် အမိုးတွေလန်တယ်၊ နေစရာမရှိဘူး၊ အားလုံး ရွှဲကုန်တာပဲ”

လှမင်းသည် ယခုမှ ငြိမ်သွားသည်။ စောစောကမူ မျက်နှာပျက်နေသည်။ မျက်နှာမပျက်လျှင်လည်း ခံနိုင်ရိုးလား။ တစ်ခါသေဖူးပြီမို့ ပျှဉ်ဖိုးနားလည်နေပြီ။

“ခုညတော့ ဘာမှ မတတ်နိုင်ဘူး၊ ဒီလိုပဲနေကြတော့၊ မနက်ဖြန်မှ အမိုးတွေ ပြင်မိုးရမှာပဲ”

ဒါပဲ ပြောနိုင်သည်။ သော်ကောင်း စိတ်ရှုပ်နေသည်။ စောစောက ရေဒီယိုမှ သီချင်းသံလေးပင် ဘယ်ရောက်သွားလေသည်မသိ။ ချစ်သူ့ရင်ခွင်မှာ ပုန်းခိုရဖို့ မဆိုထားနဲ့၊ ဘာမှလုပ်ချင်ကိုင်ချင်တဲ့စိတ်တောင် မရှိတော့ဘူး။ သောင်းဒန် မြန်မြန်လာမှပဲ။

သောင်းဒန်နှင့် သန်းမောင်၊ အောင်ကြီးတို့ နောက်တစ်နေ့ညတွင် ရောက်လာကြသည်။ ထိုအခါတွင်မှ သော်ကောင်း အသက်ရှူချောင်လာသည်။

လမ်းများ ပျက်သည်။ တံတားငယ်များ ကျိုးသည်။ ခေါင်မိုးများ လန်သည်။ စခန်းမှ လှူထားသောဟသ်ာရပ် တံခွန်တိုင် မြေခသည်။ တောင်ပေါ်တွင် ကင်းတဲများပြိုကျသွားသည်။

“ငါတော့ မင်းစောင့်နေတာပဲ၊ ဖောင်တွေ ဖြုတ်ရမလား၊ ဒီအတိုင်း ထားရမလား၊ ဘယ်လိုလုပ်ရမှန်းကိုမသိဘူး၊ ငါတစ်ယောက်တည်း ခေါင်းခြောက်နေတာပဲ၊ ဒီအထဲ ညက မိုးထဲလေထဲမှာ သေနတ်သံကြားလို့ ကိုလှမင်း မျက်နှာလေး ဆီးရွက်လောက်နဲ့ ပြေးလာသေးတယ်ခင်ဗျ”

“တိုင်တွေ အောက်မတိုးတော့ဘူးဆို”

သောင်းဒန်အဖို့ တခြားကိစ္စများ အရေးမကြီး။ နံပါတ် ၄ တိုင်ညီနောင်

အကြောင်းကိုသာ သိချင်နေသည်။

"ဒီမိုးနဲ့ဆိုရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး သောင်းဒန်"

"ဖြစ်ပါတယ်ကွာ၊ မနှစ်က ဒီလိုပဲလုပ်လာတာပဲ၊ မိုးသည်းတော့ ရပ်လိုက်၊ မိုးမရွာတော့ လုပ်လိုက်ပေါ့ကွ၊ အရေးကြီးတာက တောင်ကျရေပဲ၊ ရိုးရိုးစီးနေလို့တော့ ကိစ္စမရှိပါဘူး၊ တိုင်တွေ အခြေမခိုင်သေးခင် ဒလဟော စီးလာမှာ စိုးရတာပဲ"

"အခု တိုင်ညီနောင်ကတော့ ရေစီးသန်တဲ့ဘက် မဟုတ်ပါဘူးကွာ၊ ရေစပ်မှာပဲဟာ၊ ကိစ္စမရှိပါဘူး"

တခြားကိစ္စများကို လှမင်း၊ စောသာအေးတို့အား လွှဲပေးလိုက်သည်။ သောင်းဒန်သည် နံပါတ် ၄ တိုင်ညီနောင်အတွက် ဘာလုပ်ရမည်ကိုသာ စဉ်းစားသည်။ သော်ကောင်းနှင့် နှစ်ယောက်သား ခေါင်းချင်းရိုက်ကြသည်။ စာအုပ်များ ပြန်ဖတ်ကြသည်။ ဌာနချုပ်မှအမိန့်ကိုလည်း စောင့်ရသေးသည်။

"ဒါထက် ဟိုကောင်ကော၊ ကျော်ဆွေလေ"

"ငါ အရေးတကြီးပြန်လာတော့ သူ့ကို ဘယ်စောင့်နေနိုင်မလဲကွ၊ နောက်တစ်ပတ်လောက်ရှိရင် ရောက်လာလိမ့်မယ်၊ သူ့နှမ မိသိန်းက တဆူဆူနဲ့ဗျာ၊ ငါ့ကို လက်ညှိုးထိုးတော့တာပဲ၊ ငါတို့ခေါ်လို့ သူ့အစ်ကို ရန်ကုန်ကနေပြောင်းရတယ်ပေါ့ကွာ"

သော်ကောင်း ရယ်နေသည်။

"မင်းကောင်ကကော စိတ်ပါပုံရရဲ့လား"

"မလှုပ်တလှုပ်ပဲကွ၊ ရုံးမှာတော့ စာရေးမလေးတွေကို လှိုင်းကြီးယူမလား၊ ပါတိတ်ယူမလား၊ သူ အောင်နိုင်ပြည်ဘက်ကို ရောက်အုံးမယ်တဲ့"

"ဟား . . . ဟား . . . ဟား၊ ဒီကောင် ဒါလေးတွေအနံ့ခံပြီး ကျေနပ်နေတာကွ၊ ဒါထက် ထိန်ကုန်းကကော ပြီးပြီလား"

"ပြီးခဲ့ပြီ အမြန်လုပ်ခဲ့တာပဲ၊ ရက်မတွေအားလုံး လောင်းပြီးသွားပြီ၊ အားလဲ သွင်းခဲ့ပြီးပြီ၊ မိုးကုန်ရင် တင်ဖို့ပဲကျန်တော့တယ်၊ အဲဒါအတွက် တစ်ပူလျော့သွားတာပေါ့ကွာ၊ တာဝန်တစ်ခု ပေါ့သွားလို့တော်ပါသေးတယ်"

မကြာမီ ဌာနချုပ်မှ ရေအောက်ကျောက်တွေ့သည်ကို မိုင်းခွဲဖျက်ဆီးရမည်ဟု အကြံပေးသည်။ ထိုအမိန့်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် စိမ့်မြိုင်မှ ဘီအီး ဗိုလ်ကြီးဘကြူး ရောက်လာသည်။ သူ့တွင် မိုင်းခွဲရန် ယမ်းဘီလူးများ ပါလာသည်။

ထိုရက်တွင် မိုးလေငြိမ်သည်။ ရွာသော်လည်း လေမထန်။ ဝေါခနဲ ရွာလိုက်၊ ရပ်သွားလိုက်နှင့် ပြတ်တောင်းပြတ်တောင်းရွာနေသည်။ ဗိုလ်ကြီးဘကြူးနှင့် သူ့အဖွဲ့ အလုပ်များနေသည်။ ရေအောက်သို့ငုပ်ကာ ယမ်းဘီလူးထည့်သည်။ မိုင်းခွဲသည်။ ကျောက်တုံးကား ကြေမသွား။ တိုင်ညီနောင် အထက်ဘက်တိုင်သာ အက်သွားသည်။ သည့်ထက်လည်း ယမ်းအားကိုပို၍ မသုံးရဲ။ ပို၍သုံးလျှင် တိုင်ကြီးနှစ်ခုစလုံး အက်ကွဲသွားလိမ့်မည်။

"ဒါပဲ တတ်နိုင်တယ် ဆရာကြီး၊ ခင်ဗျားတို့ တခြားနည်းလမ်းရှာကြပေအုံးတော့"ဟုဆိုကာ ဗိုလ်ကြီးဘကြူး ပြန်သွားသည်။ သူ ပြန်သွားလျှင် ဦးရွှေသိန်း ရောက်လာသည်။ အခြေအနေအရပ်ရပ်ကို သော်ကောင်းနှင့် သောင်းဒန်တို့က အစီရင်ခံသည်။ ဌာနချုပ်သို့လည်း မိုင်းခွဲသဖြင့် ရလာသည့် အကျိုးကို အစီရင်ခံလိုက်သည်။

ယခု မိုးတွင်း၌ အခြားလုပ်ငန်းအစီအစဉ်တို့ကို ဦးရွှေသိန်း၊ သော်ကောင်း၊ သောင်းဒန်တို့ ရေးဆွဲကြသည်။ ထိုအစီအစဉ်အတိုင်းပင် သောင်းဒန်ဆက်၍ လုပ်ရန်ရှိတော့သည် ။ သောင်းဒန် စိတ်ဓာတ်ကျနေသည်။ ဘာလုပ်ရမလဲ။ အဖြေရှာမရသေး။ သော်ကောင်းလည်း စိတ်ရှုပ်သွားသည်။ လုပ်စရာတော့ ရှိသည်။ ပိုက်ဆံကုန်မည်။

"နိုင်ငံခြားပါရဂူခေါ်ရင်ကော" သောင်းဒန်က အကြံပေးသည်။

"ဌာနချုပ်က သဘောတူမှာမဟုတ်ပါဘူးကွာ၊ သူတို့ချည်းလဲ မနိုင်ပါဘူး၊ ဒါမျိုးက ကက်ဘိနက်အထိ တက်ရမှာပါ"

"ငါ့သဘောကတော့ တို့လဲ သူတို့ဆီက ပညာရရော၊ တံတားလဲ ချောချောမောမော ပြီးသွားရော"

"နေစမ်းပါအုံးကွာ၊ မင်းဟာ ဘယ်လောက်ခက်သေးလို့လဲ၊ မိုးကုန်

တော့ တစ်မျိုး စဉ်းစားကြသေးတာပေါ့၊ လုပ်နိုင်တာ တစ်ခုတော့ရှိတယ်၊ အောက်က ကျောက်ကို ခွဲလို့မရရင် ဘိလပ်မြေမှုတ်သွင်းမယ်”

“ငါလဲ စဉ်းစားမိသားပဲ၊ ဒါပေမဲ့ တို့မှာဘာရှိလို့လဲ၊ စက်တွေ ပြည့်ပြည့်စုံစုံရှိရဲ့လား၊ လွန်သွားတွေ ဖောဖောသီသီသုံးနိုင်ပါ့မလား”

“စက်ကတော့ တခြားဌာနတွေက အကူအညီယူရမှာပေါ့ကွ”

သူတို့ ခေါင်းကိုက်နေကြသည်။ တခြားလုပ်ငန်းများ မစဉ်းစားနိုင်။ စောသာအေး၊ လှမင်းတို့ကို လွှဲထားလိုက်သည်။

နိုင်ငံခြားပါရဂူခေါ်ရမည်ဆိုသည်ကိုလည်း သော်ကောင်း စဉ်းစားသည်။ မတတ်သာမှသာ ခေါ်ခိုင်းချင်သည်။ မြန်မာအင်ဂျင်နီယာများအဖို့ ရှက်စရာကောင်းလှသည်။

သို့နှင့် သော်ကောင်းသည် ဦးရွှေသိန်းနှင့်အတူ စိမ့်မြိုင်သို့ ပြန်လိုက်သွားလေသည်။

သောင်းဒန်ကား ထိုရက်တွင် ထုံးစံအတိုင်း ပစ္စည်းစု၊ စာရင်းရှင်း စသည်တို့ကို လုပ်နေသည်။ သုံးလခန့်ရှိလျှင် ထိန်ကုန်းသို့ ရက်မတင်သွားရလိမ့်မည်။ မရေးမနှောင်းပင် စံပယ်ချောင်းတံတားကိုလည်း ကျောက်တိုင်ရိုက်တော့မည်။ ထိုလုပ်ငန်းတို့ကိုကား လှမင်း၊ သန်းမောင်၊ အောင်ကြီးတို့နှင့် လွှဲထားလျှင် ဖြစ်နိုင်နေပြီ။ ယခု လောလောဆယ်ဖြေရှင်းရမည်မှာ တိုင်နံပါတ် ၄ ညီနောင်ပင်ဖြစ်သည်။ အရေးထဲတွင် ကမ်းဦးကပ်ထားသောယူနီဖလုတ်တစ်ခုကို ချောင်းရေနှင့်ပါလာသော သစ်တုံးကြီးက ဝင်တိုက်သဖြင့် ကြိုးပြတ်ကာ မျောပါသွားသေးသည်။ မိုးသည် လက်မ ၂၀၀ မပြည့်မချင်း စဲတော့မည့်ပုံမပေါ်။ တဝုန်းဝုန်း တဒိုင်းဒိုင်းရွာချနေလေသည်။ ထိုရက်များကား သောင်းဒန် စိတ်အားငယ်သော ရက်များတည်း။

× × × × ×

စခန်းသစ်သို့ ကျော်ဆွေ ရောက်လာသည်ဟု ကြားရသည်။ စင်ရော်ဘက် မလှည့်လာသေး။

ထို့ကြောင့် သောင်းဒန်သည် ကျော်ဆွေကို မျှော်သည်။ မျှော်သည့် လူကား မပေါ်လာ။ မမျှော်သည့်လူနှစ်ယောက် ပေါ်လာသည်။ အလုပ် အတွက် တစ်အားတက်စရာကောင်းပါသည်။

ကျော်ဆွေနှင့် မရေးမနှောင်းပင် ဌာနချုပ်မှပို့လိုက်သော အင်ဂျင် နီယာ(စ) နှစ်ယောက်လည်းရောက်လာကြသည်။ တစ်ယောက်မှာ တာကော တံတားအပြီးတွင် အတွေ့အကြုံရှိသည်ဆိုကာ စင်ရော်တံတားသို့ပို့လိုက် သည့် တင်ရွှေ ဖြစ်သည်။ သူ့ကား ကိုယ်ထီးမဟုတ်။ သားမယား ပါလာသည်။ တာကောတံတားတွင် အလုပ်လုပ်နေစဉ် နန်းခမ်းလုံဟုခေါ်သောရှမ်းမလေး တစ်ယောက်နှင့် အိမ်ထောင်ကျသည်။ ယခုမှ ပြည်ထောင်စုဖွားတိုင်းရင်း သားတို့ စင်ရော်တံတားတွင် စုမိကြပြီ။ ဧည့်သည်များလာလျှင် တည်းခိုရန် အိမ်တစ်လုံး ထပ်၍ဆောက်ထားသည်မှာ အတော်ပင်ဖြစ်သည်။ တင်ရွှေကို ထိုအိမ်သစ်တစ်ခြမ်းတွင် နေရာချထားပေးလိုက်သည်။ သူ့ကိုကား ရေလယ် ဂိုဏ်းတွင် တာဝန်ပေးလိုက်သည်။

"လောလောဆယ် ကျွန်တော်တို့ အလုပ်မရှိသေးဘူး၊ နောက်တစ်လ လောက်ဆိုရင် နားရမှာမဟုတ်တော့ဘူး၊ ဒီတော့ အခု ခင်ဗျားနည်းနည်းပါးပါး

အနားယူအုံးပေါ့ဗျာ၊ ရေလယ်က ဖောင်တွေဖြုတ်၊ ပစ္စည်းတွေသိမ်း၊ ဂိုဒေါင်မှာ ပစ္စည်းတွေစစ်”

တင်ရွှေနှင့်အတူ ရေငုပ်သမားထွန်းအောင်ဆိုသူ ပါလာသည်။ အစက နှစ်ယောက်သာရှိသည်။ ယခု အင်အားတိုးလာပြီ။

“ဒီလိုမှန်းမသိလို့ ဆရာကြီးရယ်၊ တာကောမှာ ရေငုပ်ဝတ်စုံတွေကျန်ခဲ့တယ်၊ အကောင်းကြီးရှိသေးတယ်”ဟု တင်ရွှေက ဆိုသည်။

“အေးကွာ၊ နောင်လိုရင် ယူလို့ရတယ်မဟုတ်လား၊ လိုရမည်ရသိမ်းထားပါလို့ မင်းစာရေးလိုက်”

သူတို့နှင့် မရေးမနှောင်းရောက်လာသူတစ်ယောက်မှာ တင်မောင်ဆိုသည့် အင်ဂျင်နီယာ(စ) ဖြစ်သည်။ နဂိုက ဝန်ထမ်းတပ်တွင် အလုပ်လုပ်ဖူးသည်။ ဝန်ထမ်းတပ်ဖျက်လျှင် တင်မောင်သည် ဘီအီးတပ်သို့ဆာဂျင်အဖြစ်ဝင်သည်။ ထိုကမှ တစ်ဖန်အလုပ်ထွက်ကာ သတင်းထောက်လုပ်သည်။ သူသည် ဘဝမျိုးစုံကျင်လည်ခဲ့သူဖြစ်သည်။ ယခု စင်ရော်တံတားသို့ရောက်လာသည်။

“ခင်ဗျား စံပယ်ချောင်းတံတားသွားဗျာ၊ ခင်ဗျား အိမ်ထောင်မပါဘူးနော်”

“ခုတော့ မခေါ်သေးဘူးခင်ဗျ၊ ကလေးတွေ ကျောင်းပြန်ဖွင့်မှဲ နောက်နှစ်မှပဲ ခေါ်တော့မယ်”

“ဒါဖြင့်လဲ ပြီးတာပဲဗျာ၊ ခင်ဗျား လူပျိုလိုင်းမှာနေပေါ့၊ ဒါတောင်အုပ်ချုပ်ရေးလဲ တာဝန်ယူရလိမ့်မယ်၊ အလုပ်ကတော့ စံပယ်ချောင်းတံတားမှာပဲ လုပ်ရမယ်၊ တံတားတစ်ခုဆောက်နေတယ်၊ လမ်းတွေ ခင်းနေတယ်၊ ဦးလှမင်းနဲ့ တွဲပြီးလုပ်”

သူငယ်ချင်း

ငါ စခန်းသစ် ရောက်နေပြီ။ ငါ့အဖို့ တကယ့် စခန်းသစ်ပဲ။ စခန်းသစ်မှာ ဘဝသစ်စဖို့ပဲ။ မင်းဆီ ငါ မလာနိုင်သေးဘူး။ နောက်တစ်ပတ်လောက်ရှိမှ ခဏလာခဲ့အုံးမယ်။ ခုတော့ တို့အရေးပိုင်မင်းက သိပ်ခိုင်းတာကွ။ အရေး

ပိုင်မင်းက သူငယ်ချင်းဆိုတော့ ပြန်ပြောလို့ မရဘူးကွ။ ငါ့လခွေးတဲ့၊ ရန်ကုန်မှာလို မစားသာဘူးပေါ့၊ မင်းကော သူကြီးဖြစ်နေဆို။ မင်းဖို့ အေကလေးတစ်ဂါလန် ပို့လိုက်တယ်။ ရရဲ့လား။

ကျော်ဆွေ

လူကား မရောက်လာ။ စာသာ ရောက်လာသည်။ စာကိုဖတ်ကာ ရယ်ရသည်။ "ဒီကောင့်ကို နာနာခိုင်းပေးသော်ကောင်း၊ ရန်ကုန်ရုံးကြီးက အကျင့်တွေ ပျောက်သွားအောင် ချွတ်လိုက်စမ်းကွာ"ဟု သော်ကောင်းအား မှာလိုက်သည်။ ကျော်ဆွေပို့လိုက်သော အေတစ်ဂါလန်ရသည်။ ယင်းမှာ အောင်သပြေအရက်ဖြူပင်ဖြစ်သည်။ အနံ့မဆိုးလှ။ ပျားရည်နှင့်ရော၍သောက်သည့်အခါ ဘီးဟိုက်ခေါ် ပျားအုံတံဆိပ် ဘရန်ဒီအနံ့မျိုးထွက်လာသည်ဟု သောင်းဒန်ထင်သည်။

"အင်း ငါလဲ သူငယ်ချင်းအရေးပိုင်မင်းကို အကြောက်ရသားဗျာ၊ ကျော်ဆွေ ပြောသလိုပဲ၊ ပြန်ပြောလို့လဲ ရတာမဟုတ်ဘူး၊ ဌာနချုပ်မှာတော့ တို့သုံးယောက်ပေါင်းမိနေပြီ၊ အညာသားတွေ တံတားမှ ပြီးအောင်ဆောက်ကြပါ့မလားနဲ့ သတင်းဖြစ်နေသတဲ့၊ မဖြစ်ဘူး၊ အထင်သေးခံရတယ်၊ မဖြစ်ဖြစ်အောင်ကို လုပ်ပြရမယ်"

သောင်းဒန်သည် ကိုယ့်ကိုယ်ကိုယ် အားပေးနေရသည်။ တံတားတွင်ကား အလုပ်လုပ်စရာ မည်မည်ရရမရှိ။ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်။ ဒါမှမဟုတ်ရင် ငါ စိတ်ဓာတ်ကျလိမ့်မယ်။

ထို့ကြောင့် သောင်းဒန်သည် စံပယ်ချောင်းသို့ ကိုယ်တိုင်လိုက်သွားကာ ဖိဖိစီးစီးလုပ်သည်။ သော်ကောင်းနှင့်တိုင်ပင်၍ စံပယ်ချောင်းတံတားပုံစံကို ကိုယ့်ဘာသာကိုယ် ဆွဲခဲ့သည်။ ယင်းအတွက် အပြစ်တင်ခံရလျှင် သောင်းဒန်၌ တာဝန်ရှိသည်။ ပုံစံထုတ်ရန် သူ့အလုပ်မဟုတ်။ ဌာနချုပ်ကသာ ပုံစံထုတ်ပေးမည်။ ထုတ်ပေးသည့်ပုံစံအတိုင်း ဆောက်လုပ်ရေးသမားများက ဖြစ်အောင်ဆောက်ရမည်။ မရမှသာ အထက်သို့တင်ပြရန် ရှိသည်။ သို့သော် ဘယ်သူမျှသူ့ကို မဝေဖန်ကြ။ စံပယ်ချောင်းသို့ တစ်ရက်၊ နှစ်ရက်သွားပြီးသော် ကျော်ဆွေ

ကို အမှတ်ရလာသည်။"အေး – ဒီကောင်ကို ငါသွားပြီးကူမယ်၊ သူ့ဆီ တစ်ပတ် လောက်လိုက်သွားမယ်" ချက်ချင်းပင် စင်ရော်မှ စိမ့်မြိုင်သို့ လှမ်း၍ တယ်လီ ဖုန်းဆက်လိုက်သည်။ သော်ကောင်းက သဘောတူလိုက်သည်။

"ဘယ်သူ့မှ အသိမပေးနဲ့ဟော့၊ ဦးရွှေသိန်းလဲ မသိစေနဲ့"

"အေး . . . အေး သွားပါ၊ ကျော်ဆွေလဲ မင်း ရောက်လာတော့ အားရှိ သွားမှာပေါ့"

သောင်းဒန် စိတ်ဓာတ်ကျနေသည်ကို သော်ကောင်းသိသည်။ သူလည်း ဘာမျှမတတ်နိုင်။ မဖြစ်မနေလုပ်မည်ဟု ခွဲနပဲကြီးသည့်အကောင်မှ အခက် အခဲတွေ့နေသဖြင့် သနားနေသည်။ သောင်းဒန် အားမလိုအားမရဖြစ်နေ သည်။ ထို့အတူ သော်ကောင်းလည်း အားမလို အားမရဖြစ်သည်။

သောင်းဒန်သည် ကျော်ဆွေရှိရာစခန်းသစ်သို့ လိုက်လာခဲ့လေသည်။

စခန်းသစ်မြို့စွန် ရော်ဘာခြံတစ်ခု၌ ကျောက်ပုံများ၊ ပျဉ်ပုံများ အလယ် တွင် ရုံးငယ်လေးတစ်ခုတွေ့ရသည်။ ခနိမိုး၊ ထရံကာဖြစ်သည်။ ယင်းနှင့် မလှမ်းမကမ်းတွင် တဲငယ်လေးတစ်ခုရှိသည်။ ကျော်ဆွေကို ရုံးထဲတွင်ထိုင်၍ မှိုင်နေသည်ကို သောင်းဒန် တွေ့လိုက်ရသည်။

"ခွေးမသား၊ မင်းလာမယ်ဆိုရင်လဲ တယ်လီဖုန်း ဆက်လိုက်တာ မဟုတ်ဘူး၊ ဘူတာကိုပါ လာကြိုနေမှာပေါ့"

"ဘယ့်နှယ် စခန်းသစ်မှာ ဘဝသစ် စတော့မယ်ပေါ့၊ အခု အသားကျ ပြီလား"

"ဘယ် အသားကျအုံးမလဲကွာ၊ ကျောက်စုရ၊ သစ်သားစုရ ရှိသေး တာပေါ့၊ ရုံးကလဲ မင်း မြင်တဲ့အတိုင်းပဲ၊ ငါက ဟိုတဲမှာနေတယ်၊ သူပုန် ဝင်စီးလဲ ရှိတာထုတ်ပေးလိုက်ရမှာပဲ၊ အေး၊ အခုမှ တကယ်ဘဝသစ်စတာ ဟော့၊ သူတို့ ပြောတဲ့စကားလဲ ကိုယ်နားမလည်၊ ကိုယ်ပြောတာတော့ သူတို့ နားလည်တယ်ထင်ပါရဲ့၊ ကလောက်ကလောက်နဲ့ ဘာတွေပြောနေကြမှန်း မသိဘူး"

"မင်း ဘယ်မှမထွက်ရသေးဘူးလား"

"တပ်နဲ့ ချိန်းထားတုန်းရှိသေးတယ်ကွ၊ ဒီက အင်ဂျင်နီယာ (စ)လဲ လိုက်လိမ့်မယ်၊ အခုအတိုင်းဆိုရင်တော့ မသက်သာဘူးဟေ့၊ တံတားတွေက မနည်းဘူး၊ ရုံးကို 'ဝါးရုံငယ်'ပြောင်းရမလားမသိဘူး၊ 'တောင်ပို့'၊ 'ဆီးဖြူတော' တို့မှာတော့ တံတားသိပ်မရှိဘူး၊ ဆီးဖြူတောနားမှာ ကြိုးတံတားတစ်ခု ရှိတယ်၊ ဝါးရုံငယ် ဟိုဘက်ကျတော့ လေးငါးခုပဲဟေ့၊ 'စံကားဝါချောင်း'၊ 'မုန်တောချောင်း'၊ 'ဒန်းအိုင်ချောင်း' တဲ့၊ ပြီးတော့ မင်းတို့ စင်ရော်နားမှာ 'လိပ်ချောင်း' ဆိုတာ တစ်ခုရှိသေးတယ်"

စခန်းသစ်နှင့် စင်ရော်အကြားတွင် တိုက်သူကြီးမင်း ရုံးစိုက်သော ဝါးရုံငယ်ရှိသည်။ အနည်းငယ် စည်ကားသည်။ ဝါးရုံငယ်နှင့် စင်ရော်အကြား တွင် တံတားများသည်။ စခန်းသစ်နှင့် ဝါးရုံငယ်အကြား၌ ကားလမ်းကို ပြုပြင်မွမ်းမံရန် အလုပ်သာရှိသည်။

"တို့ အရေးပိုင်မင်းကတော့ ကျောက်တွေမှာသွားတာပဲကွ၊ အခု တော့ ကျောက်စုသစ်စုပဲ"

"အေး ငါလဲ သဲစု၊ ကျောက်စု၊ ဘိလပ်မြေစု၊ ဒါပဲ လုပ်နေရတာ၊ စံပယ်ချောင်း နှစ်ရက်လောက် သွားကြည့်သေးတယ်၊ အောင်ကြီးတို့၊ သန်းမောင်တို့နဲ့ လွှဲထားရတယ်၊ ဒီကောင်တွေ မဆိုးဘူးကွ၊ အခုဆို သူတို့ ဘာသာသူတို့လုပ်နိုင်တဲ့အဆင့်တောင် ရောက်နေကြပြီ၊ ဒါနဲ့ မင်းဆီထွက် လာခဲ့တာပဲ"

"မင်း အရေးပိုင်မင်းဆီ အမိန့်ခံသေးသလား"

"အမိန့်တောင်းရတာပေါ့ မောင်ရာ၊ ဟား . . . ဟား . . . ဟား" နှစ်ယောက်သား သဘောကျကာ ရယ်ကြသည်။

ထိုညတွင် ကျော်ဆွေနှင့် သောင်းဒန်တို့နှစ်ယောက်ကို နယ်ပိုင် ဝန်ထောက် ဦးလှဆွေနှင့် ဇနီးဒေါ်တင်မာရီတို့က ထမင်းကျွေးသည်။ သောင်းဒန် ထမင်းကောင်းကောင်းမစားနိုင်။ ဂိုက်စကီလေး လိုနေ၍ဖြစ် သည်။ ထမင်းဝိုင်းတွင် မျက်နှာစိမ်းအမျိုးသမီးတစ်ယောက် ပါလာသည်။ သူကား စခန်းသစ်သို့ အလည်အပတ်ရောက်နေသည့် ကျောင်းဆရာမကလေး

မမျိုးသန်းဖြစ်သည်။

"မနေ့ကမှ ရောက်လာတာခင်ဗျ၊ ကျွန်တော့်နှမပါ" ဟု နယ်ပိုင်ဝန်ထောက် ဦးလှဆွေက မိတ်ဆက်ပေးသည်။ အသက် ၂၄ နှစ်ခန့်ရှိပြီဟု ကျော်ဆွေခန့်မှန်းကြည့်သည်။ အသားဖြူသည်။ အနည်းငယ် ဝသည်။ အရပ်ကား အနေတော်။ မျက်လုံးအားကောင်းလွန်းသည်။ သောင်းဒန်သည်ပင် အချစ်ဟောင်းစိန်စိန်ကို အမှတ်ရလာသည်။ စိန်စိန်၏ မျက်လုံးမျိုးပင်ဖြစ်သည်။ အရည်လဲ့သည်။ မျက်ခုံးကလည်း မည်းမှောင်နေသည်။

ဟသ်ာတသူတဲ့။ ဟသ်ာတမှာပဲ အထက်တန်းပြဆရာမလုပ်နေတယ်ဆိုပဲ။ ဘီအေ အီးဒီအောင်ပြီးပြီတဲ့။ အခု ခွင့်ယူထားတယ်တဲ့။

ဦးလှဆွေနှင့် မောင်နှမဆိုသော်လဲ မျက်နှာပေါက်ချင်း သိပ်မဆင်။ အရင်းမဟုတ်တန်ရာ။ ဝမ်းကွဲများလား။ မေး၍ မကောင်း။ ကျော်ဆွေသည် မမျိုးသန်းအကြောင်းကို အများကြီးသိချင်နေသည်။

ကျော်ဆွေ စခန်းသစ်သို့ရောက်လျှင် အမှုထမ်း၊ အရာထမ်းလောကမှ လာ၍မိတ်ဖွဲ့ကြသည်။ ကျော်ဆွေ၏ဇာတိကိုသိသည့်အခါ နယ်ပိုင်ဝန်ထောက် ဦးလှဆွေက –

"ဟာ ဟုတ်လား၊ ကျွန်တော့်မိန်းမလဲ အညာသူ၊ ဦးကျော်ဆွေနဲ့ တစ်ရပ်တည်းပဲခင်ဗျ၊ အိမ်ကို လိုက်လည်လှည့်ပါအုံးခင်ဗျာ"

ဦးလှဆွေ၏ဇနီး ဒေါ်တင်မာရီသည် ကျော်ဆွေတို့အောက် အများကြီးငယ်သည်။ ကျော်ဆွေ တက္ကသိုလ်သို့ရောက်မှ လေးငါးတန်းရှိဦးမည်။ လူကြီးမိဘများ နာမည်ပြောပြမှ သိကြသည်။ သို့သော်လည်း တစ်ရပ်တစ်ကျေးရောက်နေကြရာတွင် ဇာတိသားချင်းတွေ့ကြသည်မို့ ခင်သည်။ အိမ်မှာပင် တည်းခိုနေထိုင်ပါဟု တင်မာရီက ဖိတ်ခေါ်သည်။

"မဖြစ်ပါဘူးဗျာ၊ ကျွန်တော့်အလုပ်က ရုံးနဲ့အိမ်နဲ့ ဂိုဒေါင်နဲ့ခွာလို့မဖြစ်ပါဘူး၊ ပြီးတော့ မြို့ပေါ်နေရလို့ သိပ်လမ်းမမြင်ပါဘူး၊ တောထဲချည်းသွားနေရမှာပါ" ဟု ကျော်ဆွေ ငြင်းခဲ့သည်။

ထမင်းစားရာမှ ပြန်လာကြသည့်အခါ သောင်းဒန်သည် ကျော်ဆွေကို

စပ်ဖြိုဖြိုကြည့်ကာ ငဆွေလေးတို့တော့ စခန်းသစ်မှာ ဘဝသစ်စတော့မယ် ဟေ့” “ငါ့လခွမ်းတဲ့ အသာနေစမ်းပါကွာ၊ အခုမှ အလုပ်စလုပ်မယ်ကြံကာ ရှိသေးတယ်”

“မျက်လုံးတစ်ချက် ဝေ့လိုက်တာ၊ ငါတော့ စိန်စိန်ကို ပြန်ပြီးအမှတ် ရလာတယ်ကွာ”

“တော်ပြီ တော်ပြီ သောင်းဒန်”

နောက်တစ်နေ့တွင် သောင်းဒန်၊ ကျော်ဆွေနှင့် စခန်းသစ်အင်ဂျင်နီယာ ဦးအေးသွင်တို့အဖွဲ့သည် ဝါးရုံငယ်သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့နှင့်အတူ တပ်ရင်း (၃၁၀) မှ တပ်ရင်းမှူးက ဒုတိယဗိုလ်တင်မောင်အေးကို တပ်စု တစ်စုနှင့်ထည့်လိုက်သည်။ ကျော်ဆွေတို့သည် စခန်းသစ်လမ်းရုံးမှ တစ်ပါး ကြီးတစ်စီးကို ဆွဲလာသည်။ ဗိုလ်တင်မောင်အေးတို့ကား စစ်ကားကြီးနှစ်စီး နှင့်လိုက်လာသည်။ ဘရင်း၊ စတင်း၊ ကာဘိုင်၊ ဂျီသရီး လက်နက်အပြည့် အစုံပါလာသည်။

စခန်းသစ်မှထွက်လျှင်ပင် တောကို စ၍တိုးရသည်။ ကားသုံးစီးတွင် ရှေ့ဆုံးမှ စစ်ကား၊ အလယ်တွင် လမ်းကား၊ နောက်ဆုံးတွင် စစ်ကား အစီ အစဉ်ဖြင့်သွားကြသည်။ ကားကို တစ်နာရီ ၁၀ မိုင်နှုန်း သာသာခန့်သာ မောင်းနိုင်သည်။ စခန်းသစ်မှ တောင်မို့အထိ ၉ မိုင်ဝေးသည်။ ထို ၉ မိုင် ကိုသာ ကားသွားသည်။ တောင်မို့မှကျော်လျှင် ခြေကျင်ဆင်း၍ လျှောက်ကြ ရသည်က များသည်။

“မဟာမြိုင် တောကြီးပါလား ဦးအေးသွင်ရ” ကျော်ဆွေ မနေနိုင် တော့ဘဲ ပါးစပ်မှ လွတ်ခနဲထွက်သွားသည်။

ဤလမ်းသည် အင်ဂျင်နီယာ ဦးအေးသွင် ပိုင်သည့်လမ်းဖြစ်သည်။ သို့သော် ယခုကား ကျော်ဆွေကို တိုင်းအင်ဂျင်နီယာက တာဝန်ပေးကာ ပြင်ဆင်မွမ်းမံစေသည်။ ဦးအေးသွင်ရောက်လာသည်မှာ မကြာသေး။ အမှန် စင်စစ် သူလုပ်ရမည့်လမ်းဖြစ်သည်။ သူ့အရင် အထက်အထက်က အင်ဂျင် နီယာများကော မပြုပြင်မမွမ်းမံခဲ့ကြဘူးလား။ မလုပ်ခဲ့ကြ။ စခန်းသစ်နှင့်

စိမ့်မြိုင်လမ်းကိုသာ ကတ္တရာစေး ထပ်၍ဖာသည်။ မြောင်း ထပ်၍ဖော်သည်။ တံတား ထပ်၍ပြင်သည်။ အထက်ကလည်းမခိုင်း။ ခိုင်းမည်ဆိုလျှင် စစ်တပ်အစောင့် အရောက်ပေးရလိမ့်မည်။ စစ်တပ်မပေးနိုင်သဖြင့် မလုပ်။ တောင်းကော တောင်းရဲ့လား။ အစောင့်ပေးပါ၊ ကျွန်တော်တို့ ဒီလမ်းကို ပြန်ဖောက်ပါ့မယ်လို့ ပြောကြရဲ့လား။ မည်သူမျှတာဝန်သိသိ ပြောကြဟန်မတူ။ အစဖော်ပေးကြဟန်မတူ။

"လမ်းရာရှိနေသေးလို့ တော်သေးတာပေါ့ကွာ"

အချို့လမ်းနေရာ၌ သစ်ပင်ကြီးများပင် ပေါက်နေပြီ။ တောကြီးအတိဖြစ်နေသည်။ လမ်းကောသွားမတတ် ဖြစ်နေသည်။

"ဒီဒေသက တစ်လျှောက်လုံးမအေးဘူး ဦးကျော်ဆွေ၊ လွတ်လပ်ရေးရပြီးကတည်းက ဆိုကြပါစို့၊ သွားလာတော့ နေကြတာပဲ၊ ဒါပေမဲ့ ကားနဲ့ မသွားနိုင်ဘူး၊ ခြေကျင်ပဲသွားနေကြတယ်"

ဗိုလ်တင်မောင်အေးက ရှင်းပြသည်။

"ကျွန်တော်တောင် တစ်လောကမှ ရောက်ဖူးတယ်၊ ဆီးဖြူတော ကြိုးတံတားကိုလာပြီး မီးရှို့သွားလို့ ကျွန်တော်တို့ တပ်စုတစ်စု လိုက်ကြတယ်၊ တံတားမီးရှို့တာက ကျွန်တော်တို့မလိုက်နိုင်အောင် ရှို့တာပါ၊ အရေးကြီးတာက လလသသက ငွေတွေပါသွားတာပဲ၊ ဒီလမ်းက တောကောင်းတဲ့အပြင် ဘေးမှာတောင်တန်းကြီးတွေရှိနေတာက ခက်တယ်ခင်ဗျ၊ ကျွန်တော်တို့က သူတို့နောက်လိုက်သွားရင် အလွန်ဆုံး လမ်းနဲ့တစ်မိုင်လောက်ဝေးတဲ့အထိပဲ လိုက်နိုင်တယ်၊ သူတို့က တောင်ပေါ်တက်ပြေးကြတော့ ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့ဘူး"

ကျော်ဆွေ ညည်းနေသည်ကို သောင်းဒန် သဘောပေါက်သည်။

"ဒီလမ်း ကျွန်တော်တို့ ပြင်ပါ့မယ်၊ အစောင့်ပေးပါလို့ ဘယ်သူပြောသလဲ"

ဒါကို ကျော်ဆွေက ထောက်ပြနေခြင်း ဖြစ်သည်။

သူတို့သည် ဆီးဖြူတောသို့ နေ့လယ် ၁၂ နာရီသာသာခန့်တွင်မှရောက်

ကြသည်။ လမ်းတွင် ပြင်ဆင်ရမည့် တံတားငယ်လေးများကို မှတ်သားသည်။ လမ်းတစ်လျှောက်လုံး ရွာကြီးမရှိ။ အိမ်ခြေ ၄၀ ခန့်သာရှိသည့် ရွာလေးများကိုတွေ့ရသည်။ တောင်မို့သည် အိမ်ခြေ ၇၀ ကျော် ရွာကြီးဖြစ်သည်။ ဆီးဖြူတောသည် အိမ်ခြေ ၉၀ ကျော်ရှိသည်။ သူလည်း ရွာကြီးတစ်ခုပင် ဖြစ်သည်။ သူတို့ကား ဤလမ်းကိုသာ အားကိုးနေကြရသည်။ စခန်းသစ်နှင့် အဆက်အသွယ်မလုပ်ပြန်ကလည်း မဖြစ်။ သူပုန်နှင့်လည်း မကင်းနိုင်။ သူပုန်သည် ရွာထဲသို့ နေ့ရောညရောဝင်ထွက်နေသည်။ ယခု စစ်တပ်နှင့်အတူ ကျော်ဆွေတို့ရောက်လာမှ ရှောင်ရှားနေကြသည်။ တစ်လမ်းလုံး လှုပ်လှုပ်ရှားရှားလုပ်ခဲ့ရသဖြင့် ထမင်းဆာနေကြသည်။ ရဲဘော်များကား ပါလာသည့်ရိက္ခာကို ထုတ်ကာ စားကြသည်။ ကျော်ဆွေတို့ လူသိုက်ကို လလသသဥက္ကဋ္ဌက ထမင်းကျွေးသည်။ ကြက်သားဆီပြန်၊ ရှောက်ရွက်ဟင်းချို၊ ငါးပိရည်၊ တို့စရာတို့ဖြစ်သည်။ သောင်းဒန်ရော ကျော်ဆွေပါ ခေါင်းမဖော်ဘဲ စားကြသည်။

"မင်း ပြန်တော့ သောင်းဒန်၊ ငါ ဒီမှာ နေခဲ့တော့မယ်၊ ရှေ့ဆက်ပြီး သွားဖို့ရှိသေးတယ်"

ကျော်ဆွေက ဆီးဖြူတောရောက်လျှင် သောင်းဒန်ကို နှင်သည်။ ဆီးဖြူတောနှင့် ဝါးရုံငယ် ၇ မိုင်ဝေးသည်။ ဆီးဖြူတောလွန်လျှင် ကားသွား၍မရ။ ကြိုးတံတားပျက်နေသဖြင့် မသွားနိုင်။

"ဗိုလ်တင်မောင်အေးတို့ ရိက္ခာပါတယ်နော်"

"ပါပါတယ် ဦးကျော်ဆွေ၊ မပါလဲ တောင်းရမ်းစားတာပေါ့ခင်ဗျာ၊ ကျသင့်တဲ့အဖိုးအခ ပိုက်ဆံရှင်းလိုက်ရင် ပြီးတာပါပဲ"

"ဟုတ်လား သူငယ်ချင်း၊ မင်း ပြန်တော့"

"ဟ . . . ငါက ဘာလို့ ပြန်ရမှာလဲ၊ ငါ့မှာ အလုပ်မရှိဘူးကွ၊ အားလုံးကို လှမင်းနဲ့ စောသာအေးတို့ကို လွှဲထားခဲ့တယ်၊ မင်းကိုကူရအောင် တမင်ငါလာတာ"

ကျော်ဆွေ ကျေးဇူးတင်သွားသည်။ သို့သော်လည်း သူ့တာဝန်နှင့်သူမဟုတ်လား။ သူငယ်ချင်းသည် တခြား၊ အလုပ်သည် တခြား။

"နေစမ်းပါအုံး၊ မင့်တံတား အခြေအနေကကော"

ယခုမှပင် တံတားအကြောင်းကို မေးမိတော့သည်။

သောင်းဒန်က အကြောင်းစုံ ရှင်းပြသည်။ သူ့အသံသည် မမာ၊ ပျော့နေသည်။ ညည်းသံကတော့ မပါ။ စိတ်ပျက်သံပါသည်။

"ငါ စိတ်ရှုပ်တယ်သူငယ်ချင်း၊ အခြေအနေကတော့ ဒီအတိုင်းပဲ၊ အဲဒီတံတားမပြီးရင် ငါ သေမလားတောင်မသိဘူး၊ တို့စခန်းရဲ့အရှေ့ဘက်မှာ တောင်ကြီးတွေရှိတယ်၊ မှန်ပြောင်းနဲ့ကြည့်ရင် ရေတံခွန်လေးတွေကိုတောင် အခုနေမှာ မြင်ရတယ်၊ အဲဒီတောင်တွေပေါ်မှာ တောရဆောက်တည်နေတဲ့ ဘုန်းကြီးတွေရှိတယ်၊ အခုလေ အဲဒီဘုန်းကြီးတွေလို တောင်ပေါ်မှာ တောရဆောက်တည်ပြီး ငါနေမယ်ဆိုရင် နေနိုင်တယ်၊ သိလားကျော်ဆွေ"

သောင်းဒန်ကို ကျော်ဆွေသနားသွားသည်။ ယခု စိတ်ဓာတ်ကျသဖြင့် သူ့ဆီသို့ အခိုက်အတန့်ထွက်ပြေးလာခြင်းဖြစ်သည်ဟု ကျော်ဆွေ ထိုအခါကျမှ နားလည်လာသည်။ စောစောက ပြန်ရန်နှင်မိသည်ကိုပင် စိတ်မကောင်းဖြစ်မိသည်။

အခက်အခဲဟူသည်ကား တွေ့ရစမြဲပင်။ ခရီးလမ်းသည် အမြဲဖြောင့်ဖြူးမနေ။ ယခုသောင်းဒန်သည် အရင်ကသောင်းဒန်နှင့်မတူတော့ဟု ကျော်ဆွေထင်သည်။ အောင်မြင်လျှင် ယစ်မူးတတ်သည်မှာ သဘာဝဖြစ်သည်။ အရှုံးနှင့်တွေ့ရလျှင် ကြံ့ကြံ့ခံနိုင်ရန်လိုသည်။ သောင်းဒန် ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးသည်။ သူတို့ပါ ဝိုင်း၍အားပေးကြရမည်၊ ကူညီကြရမည်ဟု သဘောပေါက်လာသည်။

သူရော အခက်အခဲနှင့်တွေ့လျှင် ကြံ့ကြံ့ခံနိုင်ပါမည်လား။ မပြောနိုင်။ ယခုအထိကား သူ့အလုပ်နှင့်ပတ်သက်၍ အခက်အခဲဟူ၍မရှိလှသေး။ သောင်းဒန်ကား သူတို့နှင့်မတူ။ ကျောင်းသားဘဝ ခြေစနင်းသည်မှပင် အခက်အခဲအမျိုးမျိုးကို ကျော်လွှားခဲ့ရသည်။ များသောအားဖြင့် ခံနိုင်ရည်ရှိခဲ့သည်ကိုသာ တွေ့ရသည်။ ယခု စိတ်ဓာတ်ကျနေပြီ။ သူ့တွင် နှစ်သိမ့်စကားပြောမည့်သူလည်း မရှိ။ ယုယမည့်သူလည်းမရှိ။ မြင့်မြင့်သန်းသည် သူ့အပါး

တွင်ရှိနေလျှင် ကောင်းမည်ဟု သူထင်သည်။ သို့သော်လည်း ဤသည်မှာ သူ စီမံပိုင်ခွင့်ရှိသည့်အရေးကိစ္စမဟုတ်။

သော်ကောင်းသည်လည်း ရှေ့သို့သာ တစ်ဖွတ်ထိုး တက်လေ့ရှိသူဖြစ် သည်။ ထင်မိထင်ရာ စွတ်၍လုပ်တတ်သည်။ သော်ကောင်းနှင့် သောင်းဒန် တွဲမိနေပြီ။ သူတို့နှစ်ယောက်ကို ကျော်ဆွေ ကြားမှဝင်၍ ထိန်းပေးမည်ဟု စိတ်ကူးသည်။ ဒါပေမဲ့ အတူမနေရတာဟာ ခက်တယ်။ အတူနေရရင်တော့ ထိန်းနိုင်မှာပဲ။ သူ့ ကိုယ်ထိန်း၊ ကိုယ့် သူထိန်းပေါ့။ ထို့ကြောင့် –

"ဘာမှ စိတ်ရှုပ်မနေပါနဲ့ကွာ၊ ဒါတွေဟာ အတွေ့အကြုံပေါ့၊ နောက် တော့ ပြေလည်သွားမှာပါ"ဟု အားပေးစကားပြောလိုက်ရသည်။ လုပ်ငန်း အကြောင်းကိုကား ဝေဖန်စောကြောခြင်း မပြုနိုင်။ သူလည်း မြင်ရသေးသည် မဟုတ်။ မြင်ရလျှင်လည်း တတ်နိုင်မည်မဟုတ်။

"ဗိုလ်တင်မောင်အေးတို့ ဘယ်လိုလဲ၊ ဝါးရုံငယ်အထိ လိုက်မယ်မဟုတ် လား"

"လိုက်တာပေါ့ခင်ဗျာ၊ လိုက်ရမှာပေါ့"

"ဝါးရုံငယ်ရောက်လျှင် လွယ်ပါပြီ၊ ဖားလွယ်နဲ့ နှစ်မိုင်လောက်ဝေးတာပဲ၊ ဖားလွယ်ကျတော့ မီးရထားစီးလိုက်ရုံပေါ့"

"နို့ . . . ဦးကျော်ဆွေတို့ကကော . . ."

"ကျွန်တော်တို့က ဝါးရုံငယ်မှာ နှစ်ရက်လောက်နေချင်သေးတယ်၊ စခန်း ဘယ်လိုချရမယ်၊ ပစ္စည်းဘယ်လိုပို့ရမယ်ဆိုတာတွေ စီစဉ်ရအုံးမယ်ဗျ"

"ကျွန်တော့်ကိုလဲ တပ်ရင်းမှူးက ဦးကျော်ဆွေတို့အလုပ်ပြီးမှ ပြန်ခဲ့ ရမယ်လို့ အမိန့်ပေးလိုက်တယ်"

"အေးလေဗျာ၊ ဝါးရုံငယ်ကျရင် ပြီးရောပေါ့၊ ဟိုဘက်ကိုတော့ နောက် တစ်ခေါက် သွားမှာပေါ့"

ဆီးဖြူတောမှ နေ့လယ် ၁ နာရီသာသာခန့်တွင် ဝါးရုံငယ်သို့ ခရီး ဆက်ကြသည်။ လမ်းတွင် သစ်ပင်ပေါင်းပင်များ ထူထပ်နေသဖြင့် မနည်းပင် တောထွင်၍သွားကြရသည်။ မိုးကလည်း ရွာသေးသည်။ ညနေစောင်းမှ ဝါးရုံ

ငယ်သို့ ရောက်သည်။ ဝါးရုံငယ်မှာပင် ညအိပ်ကြရန် စီစဉ်ရသည်။ သောင်းဒန်သည် မိုးမိလာသည်နှင့် ပိုက်စကီရှာသည်။ ထိုပစ္စည်းကား အရှာရလွယ်သည်။ ရောက်လေရာအရပ်တွင် ဆီအရှာရခက်ချင်ခက်မည်။ အရက်ကိုကား အရှာရလွယ်သည်။ ဗိုလ်တင်မောင်အေးနှင့် ကပ်သည်။ ဘုန်းကြီးကျောင်းတစ်ခုတွင် စတည်းချသည်။ ကျော်ဆွေတို့ကား လလသသရုံးတွင် ထိုညက စခန်းချကြလေသည်။

"ဒီကနေပြီး ရှေ့ဆက်သွားဖို့ မလွယ်လှဘူး သောင်းဒန်၊ ငါ စနည်းနာပြီးပြီ၊ တို့ချည်းက သွားလို့ လွယ်တယ်၊ စစ်တပ်ပါလာရင် ခက်တယ်၊ ဒီတော့ ဗိုလ်တင်မောင်အေးကို ပြန်လွှတ်ပြီး တို့ချည်းသွားကြမလား စိတ်ကူးနေတယ်"

"စိတ်ချရပ့ါမလားကွ"

"အို . . . စိတ်ချရပါတယ်ကွာ၊ ဟောဒီက ဦးအေးသွင်ရဲ့လမ်းအလုပ်သမားဟောင်းတွေရှိတယ်၊ သူတို့လဲ အလုပ်ပြန်လုပ်ရမယ်ဆိုတော့ ဝမ်းသာနေကြတယ်၊ သူတို့နဲ့ အဆက်အသွယ်လုပ်ပြီး သွားရမှာပေ့ါ၊ မဟုတ်ဘူးလား ဦးအေးသွင်"

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော့်လူတွေ ရှိပါတယ်၊ ကျွန်တော့်လူတွေဆိုပေမဲ့ ကျွန်တော်လဲ ခုမှ ဆက်ဆံရတာပဲ၊ ဒါပေမဲ့ လူရိုးတွေပါ၊ စကားပြောလိုက်ရင် သိနိုင်ပါတယ်၊ တပ်နဲ့ဆိုရင်တော့ တိုက်ပွဲဖြစ်ချင်ဖြစ်နိုင်တယ်၊ ချုံခိုအတိုက်ခံရဖို့လဲ နီးတယ်၊ ကျွန်တော်တို့နဲ့ပါလာတဲ့ ဗိုလ်တင်မောင်အေးဆိုတာက ခုမှ မေမြို့(ပြင်ဦးလွင်)စစ်တက္ကသိုလ်က ဆင်းစရှိသေးတာ၊ အားကြီးတိုက်ချင်ခိုက်ချင်တဲ့ စစ်ဗိုလ်ပဲ၊ တိုက်မယ်ခိုက်မယ်ချည်း ကြုံးဝါးနေတာ"

သောင်းဒန် အနည်းငယ်သွေးလန့်သွားသည်။ သို့သော် ဗိုလ်တင်မောင်အေးကို ဘယ်လိုနှင်ထုတ်ရမလဲ။

"တစ်ရက် အပုပ်ခံလိုက်တာပေ့ါကွာ၊ တို့လဲ တပ်နဲ့အတူ မနက်ဖြန်မနက်ရထားနဲ့ ဖားလွယ်ကနေ ပြန်လိုက်သွားမယ်၊ ပြီးတော့မှ နောက်တစ်နေ့မနက်ရထားနဲ့ ဖားလွယ်ကိုပြန်လိုက်လာတာပေ့ါ၊ မဟုတ်ဘူးလား ဦးအေးသွင်ရာ"

ထိုအစီအစဉ် မဆိုးလှဟုထင်သည်။ သို့နှင့် သူတို့သည် အနီးဝန်းကျင် အခြေအနေကိုစုံစမ်းမေးမြန်းကာ ဖားလွယ်မှတစ်ဆင့် စခန်းသစ်သို့ပြန်လာခဲ့ကြသည်။ နောက်တစ်နေ့တွင်မှ သောင်းဒန်၊ ကျော်ဆွေနှင့် ဦးအေးသွင်တို့ သုံးယောက်သည် ဖားလွယ်သို့ပြန်လာခဲ့ကြသည်။ ဒီတစ်ခေါက်တွင်မူ စခန်းသစ်မှ နယ်မြေကျွမ်းကျင်သော အလုပ်ကြပ်တစ်ယောက်ကို ခေါ်ခဲ့လေသည်။ ဝါးရုံငယ်သို့ နေ့လယ် ၂ နာရီခန့်တွင် ရောက်သည်။

"စစ်တပ် မခေါ်ခဲ့နဲ့၊ ဘာမှ ရန်မမူဘူးလို့ သူတို့က ပြောတယ် ဆရာ"

အလုပ်ကြပ် နိုင်သန်းထံမှ ကြားရသည့်စကား ဖြစ်သည်။

"ကဲ . . . ငါ မပြောလား သောင်းဒန်၊ ငါတော့ ငါ့နည်း ငါ့ဟန်နဲ့လုပ်မှာပဲ၊ အလုပ်ပြီးတာသာ မူလမဟုတ်လား၊ ဒီလမ်းကို သုံး၊ လေး၊ ငါးလဖောက်ရမှာကွ၊ ဒါက အစပဏာမပဲ ရှိသေးတယ်၊ နောက်ဆက်ပြီး ပြုပြင်ရအုံးမှာ ရှိသေးတယ်"

ဟုတ်သည်။ ကျော်ဆွေ့စကားကို သောင်းဒန်ထောက်ခံသည်။ သူ့တံတားနှင့်မတူ။ သူ့တံတားကား ဖင်နေရာမရွှေ့ရဘဲ လုပ်ရသည့်အလုပ်ဖြစ်သည်။ သို့ငြားလည်း သောင်ဦးဘက်သို့ချဉ်းကပ်လမ်းဖောက်သည့်အခါ အစောင့်အကြပ်ထည့်လိုက်ရသေးသည်။ ကျော်ဆွေ၏နည်းလည်း မဆိုးလှဟု ထင်သည်။

"တွံတေး တောကြီးတန်းမှာ အလံနီတွေကြားထဲမှာ ငါတစ်ယောက်တည်း လမ်းဖောက်လာတာပါကွာ၊ ဘယ်စစ်တပ်မှ ငါ မခေါ်ဘူး"

"ဒါပေမဲ့ သတိတော့ထားဗျာ၊ ဒီ လမ်းဖောက်တာတို့၊ တို့ တံတားဆောက်တာတို့ကို သူတို့က ကြိုက်တာမဟုတ်ဘူး"

ဝါးရုံငယ်တွင် သူတို့ မနားကြ။ စံကားဝါရွာသို့ အရောက်သွားကြသည်။ အချိန်ရလျှင် မုန်တောသို့ခရီးဆက်မည်ဟု စိတ်ကူးကြသည်။

စကားဝါရွာ၏ တောင်ဘက် ၄ ဖာလုံခန့်တွင် စံကားဝါချောင်းရှိသည်။ အရှေ့ဘက်တောင်တန်းမှ စီးလာသည့် ချောင်းဖြစ်သည်။ ပေ ၄၀ ခန့်ကျယ်သည်။

"အမှန်က ဒီနားမှာ တောသားတွေ ပေါတယ်ကွ၊ သစ်တွေတောင် ယူစရာမလိုတော့ဘူး၊ ဒါပေမဲ့ ယူတာကောင်းပါတယ်ကွာ၊ ဒီနားမှာ ကျောက်မိုင်းရှိသလား ဦးအေးသွင်"

ဦးအေးသွင်က နိုင်သန်းကို တစ်ဆင့်မေးသည်။

မရှိ။ စခန်းသစ်မှ ကျောက်ကိုပင် သယ်ရမည်ဖြစ်သည်။ ဝါးရုံငယ်နှင့် စင်ရော်အကြားတွင် လမ်းအခြေအနေသည် ပို၍ဆိုးသည်။ လမ်းသည် တစ်ခါတစ်ရံ တောင်ခြေကိုပတ်၍သွားသည်။ ဘေးတစ်ဖက်တစ်ချက်၌ကား တောင်ကုန်းများရံလျက်ရှိသည်။ လယ်ကွင်းစပ်စပ်တွင် ထွန်ယက်နေသည့် လယ်သမားများကိုတွေ့ရသည်။ ထိုနေ့ည စံကားဝါရွာ၌ အိပ်ကြသည်။ ခရီးပန်းလာသဖြင့် ည ၈ နာရီခန့်တွင် အိပ်ပျော်သွားကြသည်။ မနက် ၇ နာရီ တွင်မှ အိပ်ရာက နိုးသည်။

သူတို့ကို မုန်တောရွာမှ သူကြီးဦးရွှေအိုးက လာကြိုသည်။ ဦးရွှေအိုး ဆိုသော်လည်း အသက်မကြီးလှသေး။ ၃၅ နှစ်ခန့်သာရှိဦးမည်ဟုခန့်မှန်းသည်။ မုန်တောကား ရွာကြီးဖြစ်သည်။ အိမ်ခြေ ၁၅၀ ခန့် ရှိသည်။ ရွာဟောင်းနှင့် ရွာသစ်ဟူ၍ နှစ်ပိုင်းကွဲနေသည်။ ရွာဟောင်းတွင် အိမ်ခြေ ၁၀၀ ခန့်၊ ရွာသစ်တွင် အိမ်ခြေ ၅၀ ခန့်ရှိသည်။ မုန်တောမှ ဒန်းအိုင်ရွာသို့ ခရီး ၆ မိုင်ခန့်ဝေးသည်။ ခရီးပြင်းသွားလျှင် သုံးနာရီနှင့်ရောက်နိုင်သည်။ သို့သော်လည်း သူတို့ခရီးမဆက်ကြ။ ထိုနေ့ည မုန်တောရွာမှာပင် အိပ်ကြသည်။ ဦးရွှေအိုးက ကြက်သားဟင်းနှင့် ထမင်းကျွေးသည်။ သောင်းဒန်အတွက် ပိုက်စကီလည်းပါသည်။

"တတ်နိုင်ရင် သူကြီး လူစုထားပါ၊ တစ်နေ့ သုံးကျပ်ဆယ့်ငါးပြားပေးမယ်၊ ဒီနားမှာ ကျောက်မိုင်းရှိသလား"

မရှိ။ သို့သော် ချောင်းညာဘက် မိုင်ဝက်ခန့်တွင် ကျောက်စရစ်ကျင်းရှိသည်ဟုသိရသည်။ နောက်တစ်ခေါက်မှပင် ကြည့်တော့မည်ဟု ကျော်ဆွေက မှတ်ထားလိုက်သည်။

"ဘာလုပ်ကိုင် စားကြသလဲ"

“ရော်ဘာခြံ အလုပ်သမားများတယ်၊ တချို့ကလဲ လယ်စိုက်ကြတယ်၊ တောင်ယာလယ်လဲ စိုက်တယ်”

‘လယ်’ဟူ၍ ကျယ်ကျယ်ပြန့်ပြန့်မရှိ။ အကွက်ငယ်ကလေးများသာ များသည်။ မုန်တော၌ ညအိပ်စဉ် ခပ်ဝေးဝေးမှ သေနတ်သံ နှစ်ချက်ကြား ရသည်။

“သူတို့ရှိတယ်ဆရာ၊ သိပ်မဝေးဘူး၊ တောင်ခြေမှာ သင်တန်းပေးနေ တယ်၊ ကျုပ်တို့ရွာက ကောင်လေးတွေ ဆယ်ယောက်လောက်ပါသွားတယ်၊ ကျုပ်တူတစ်ယောက်တောင် ပါသွားသေးတယ်”

“ဟုတ်လား”

သောင်းဒန် ခေါင်းနားပန်းကြီးသွားသည်။ ထိုည အိပ်၍မပျော်။ စိတ် ထဲတွင် တထင့်ထင့် ဖြစ်နေသည်။ ကျော်ဆွေကား ခေါင်းချလိုက်သည်နှင့် ရှူးခနဲပျော်သွားသည်။ ဒီကောင် အရင်က ဒီလိုမဟုတ်။ ညည အိပ်မပျော် သည့် ရောဂါပင်ရသေးသည်။

နောက်တစ်နေ့မနက်တွင် ဒန်းအိုင်ရွာသို့ မုန်တောသူကြီး ဦးရွှေအိုး လိုက်၍ ပို့သည်။ မုန်တောရွာအထွက်တွင် ပေ ၃၀ ကျယ်သော မုန်တော ချောင်းရှိသည်။ ထိုခရီးသည်လည်း သုံးနာရီ ခရီးမျှသာရှိသည်။ မနက်စာကို ဒန်းအိုင်ချောင်း၌ စားသည်။ ဒန်းအိုင်ချောင်းကို ပေ ၂၀ တံတားကူးရမည်။ ထိုနေ့ည လိပ်ချောင်းတွင် အိပ်မည်။ ဒန်းအိုင်ရွာနှင့် လိပ်ချောင်းရွာသည် ၄ မိုင်သာ ဝေးသည်။ လိပ်ချောင်းလွန်လျှင် စင်ရော်သို့ မဝေးတော့။ သုံးမိုင်သာ ရှိတော့သည်။ လိပ်ချောင်း၌ ၁၀ ပေ တံတားတစ်ခုဖြတ်ရသည်။ ဒီကြားတွင် ၁၀ ပေ တံတားကလေးများ အများအပြားကူးရမည်။ စခန်းသစ်နှင့် စင်ရော် အကြား စုစုပေါင်းတံတားဆယ့်သုံးခုခန့်ရှိသည်။

သူတို့သည် လိပ်ချောင်းမှ စင်ရော်သို့ ပြန်ခဲ့ကြသည်။ ဦးအေးသွင်သည် နေ့လယ်ရထားနှင့် စခန်းသစ်သို့ပြန်သွားသည်။ ကျော်ဆွေနှင့်သောင်းဒန်တို့ တံတားစခန်းသို့ ပြန်ခဲ့ကြလေသည်။

ထိုညတွင် သောင်းဒန် အပြင်းဖျားလေသည်။ အဖျားချိန် ၁၀၄ ဒီဂရီ

အထိတက်သည်။ ညအိပ်သည့်အခါ အိပ်မက်မျိုးစုံမက်သည်။ ခင်သန်းစိန်နှင့် စိန်စိန်တို့နှစ်ယောက် အင်ကြင်းတောင်ပေါ်၌ ဒန်းစီးနေကြသည်။ ဒန်းစီးရာမှ ရန်ဖြစ်ကြသည်။ စိန်စိန်က တောင်အောက်သို့အပြေးဆင်းလာကာ သောင်းဒန် ကိုခေါ်သည်။ စိန်စိန့်ခေါင်း၌ စံပယ်ပန်းများဝေနေသည်။ သောင်းဒန်သည် စိန်စိန့်နောက်သို့ အပြေးလိုက်သည်။ တောင်ကုန်းတစ်ခုအတက်တွင် မောကာ ဇောချွေးများပြန်လာသည်။ စိန်စိန့်ကို မီအောင်မလိုက်နိုင်။ တောင်ထိပ် ရောက်သည့်အခါ စိန်စိန်နှင့်ခင်သန်းစိန်တို့နှစ်ယောက်ကို ရှာ၍မတွေ့တော့။ အင်ကြင်းတောင်ကုန်းကို ပတ်၍ရှာသော်လည်း မတွေ့။ ခဏကြာလျှင် တံတား ထိပ်ဆီမှ သီချင်းဆိုသံတစ်ခု ကြားရသည်။ ခင်သန်းစိန်၏အသံဖြစ်သည်။ ခင်သန်းစိန်သည် သောင်းဒန်ရှိရာသို့ လက်ကိုဆန့်တန်းသည်။ ထို့နောက် လက်ယပ်ခေါ်သည်။ သောင်းဒန် တောင်ပေါ်မှ အပြေးဆင်းလာသည်။ လမ်းတွင် ကျောက်တုံးတစ်ခုကိုဝင်၍တိုက်ကာ လဲကျသွားလေသည်။ ထိုအခါတွင်မှ အိပ်ရာမှလန့်၍ နိုးလေသည်။ တစ်ကိုယ်လုံး ချွေးများစိုနေသည်။ သူ့ဘေး ခုတင်တစ်လုံးပေါ်၌ ကျော်ဆွေအိပ်နေသည်ကိုတွေ့ရသည်။ ခုတင်အောက် မလှမ်းမကမ်းတွင်ကား စံဖေကိုတွေ့ရသည်။ သို့နှင့် စံဖေကိုနှိုးကာ ရေ တစ်ခွက်တောင်း၍သောက်သည်။ အပြင်ဘက်တွင်ကား မိုးသည် ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် အပြုံးတကြီးရွာချနေလေသည်။

× × × × ×

၃၇

"ညက အိပ်မက်ထဲမှာ စိန်စိန့်ကိုတွေ့တယ်ကျော်ဆွေ၊ ဥစ္စာစောင့်မလေး အတိုင်းပဲ၊ စံပယ်ပန်းတွေ ပန်ထားလိုက်တာ ဝေနေတာပဲ၊ တောင်ပေါ်မှာ ဒန်းစီးနေရာက ငါ့ကိုမြင်တော့ ဆင်းလာပြီး ခေါ်တယ်၊ တက်လိုက်သွားတော့ မရှိတော့ဘူး၊ ဒါနဲ့ သူ့ကိုရှာနေတုန်း တံတားထိပ်မှာ သူနဲ့ ခပ်ဆင်ဆင် တစ်ယောက်ကို သွားတွေ့တယ်၊ စိန်စိန်တော့မဟုတ်ဘူး၊ ငါ အပြေးဆင်း လိုက်သွားတော့ ကျောက်တုံးကိုတိုက်မိပြီး လန့်နိုးတာပဲ" သောင်းဒန် ပြန်၍ ပြောပြသည့်အထဲ၌ ခင်သန်းစိန်ကို မြှုပ်ထားသည်။ သူတို့ ခင်သန်းစိန်ကို မသိကြသေး။

"စိတ်ချောက်ချားလို့ပါကွာ၊ ဒီကောင် ခုထိ စိန်စိန့်ကို စွဲလမ်းနေတုန်း ကိုးကွ"

"အမှတ်တောင် မရဘူးဗျာ၊ ဒါပေမဲ့ ဒီမှာဥစ္စာစောင့်ရှိတယ်ကွ၊ တံတားထိပ်က တဲကလေးမှာ ငါအိပ်တုန်းက ပုတ်ပြီးနှိုးတယ်၊ တစ်တဲလုံး မွှေးကြိုင်နေတာပဲ၊ ငါ ထပြီးလိုက်သွားတော့ ဘဲတောင်ကြီးနားမှာ ပျောက် သွားတယ်"

"အဲဒါလဲ မင်း ပင်ပန်းနေတုန်း အာရုံစွဲလမ်းရာ အိပ်မက်မက်တာ ဖြစ်မှာပဲ၊ ဥစ္စာစောင့်ဆိုတာ မရှိပါဘူးကွာ၊ ငါတော့ မယုံဘူး သောင်းဒန်"

"အေး . . . ဟုတ်တယ်၊ အဲဒီနေ့က ငါသိပ်ပင်ပန်းတယ်၊ အရင်ည

ကလဲ အိပ်ရေးပျက်တယ်၊ ဒါ့ကြောင့် ဖြစ်မှာပဲ”

သောင်းဒန်ဖျားသဖြင့် စခန်း၌ ကျော်ဆွေ တစ်ရက်ပို၍နေရသည်။

“မင်းဆီမှာ လူလိုတယ် ကျော်ဆွေ၊ ငါ့ဆီမှာ နောက်ရောက်လာတဲ့ ကိုတင်မောင်ဆိုတာရှိတယ်၊ သော်ကောင်းပြောပြီး သူ့ကိုလွှတ်လိုက်မယ်၊ အခုတော့ စံပယ်ချောင်းတံတားမှာ ခဏပို့ထားတယ်”

“မဆိုးပါဘူး၊ အလုပ်တော့ လုပ်ရလိမ့်မယ်ဆရာ”

“ဒါတော့ ခိုင်းရမှာပေါ့ကွာ၊ ဒီလူ အခု ခြေငြိမ်ပြီနဲ့တူပါတယ်၊ ဟိုတုန်းကတော့ အလုပ်မျိုးစုံလုပ်ဖူးတာပဲ၊ တယ် ခြေငြိမ်ဟန်မတူဘူး”

နောက်တစ်နေ့တွင် ကျော်ဆွေပြန်သွားသည်။ “မင်းတို့တံတားကြည့်ရတာ ရင်မောစရာကြီးပါကွာ”ဟု လုမင်းကို ပြောသွားသည်။

တစ်ပတ်ခန့်ကြာလျှင် သောင်းဒန်နှင့် သော်ကောင်းကို ဌာနချုပ်မှ ခေါ်လေသည်။ သောင်းဒန် နာလန်ထပြီး နောက်နှစ်ရက်ခန့်အရှိတွင် သော်ကောင်းနှင့်ချိန်းကာ ရန်ကုန်သို့လာခဲ့သည်။

သောင်းဒန်ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ ဒီတစ်ခေါက် ရန်ကုန်လာရသည်မှာ စိတ်မပါ။ သို့သော်လည်း မလာ၍ကားမဖြစ်။ အစက နေမကောင်း၍ဟုအကြောင်းပြကာ သော်ကောင်းနှင့်လွှဲလိုက်မည်ဟု စိတ်ကူးသေးသည်။

“ဘယ်တတ်နိုင်မလဲကွ၊ ကိုယ်လုပ်တာပဲ၊ မအောင်မြင်တာတော့ မတတ်နိုင်ဘူး၊ မင်းတို့ငါတို့ ပညာအကုန်ကြဲကြတာပဲ၊ တို့ ဒီလောက်ပဲတတ်သေးတာကိုး၊ အလုပ်လုပ်လို့မှားတာ ဘာမှစိုးရိမ်စရာ မရှိဘူး၊ အလုပ်မလုပ်ရင်သာ တိုင်းပြည်ပိုက်ဆံ ညာစားနေတာနဲ့ အတူတူပဲ၊ လုပ်တဲ့လူ မှားမှာပဲ”

တစ်လမ်းလုံး သောင်းဒန်ကို သော်ကောင်းက ဖျောင်းဖျလာရသည်။

“ဒီတံတား မင်း အစအဆုံးလုပ်ရမှာ၊ မင်းမပါလို့ ဘယ်ဖြစ်မလဲ”ဟူ၍လည်း ပြောရသေးသည်။

ဌာနချုပ် လူကြီးစုံရာတွင် သောင်းဒန်နှင့် သော်ကောင်းတို့က တိုင်နံပါတ် (၄) ညီနောင် အကြောင်းကို တင်ပြသည်။

"ကျွန်တော်တို့တော့ ဆက်ပြီးဒိုင်းနမိုင်းမခွဲရဲတော့ဘူး၊ အခုတောင် အထက်ဘက်တိုင်မှာ တော်တော် အက်သွားတယ်"

"ကဲ . . .အခု တို့ ဘာလုပ်နိုင်သလဲ"

"တစ်နည်းတော့ရှိတယ်၊ ဘိလပ်မြေမှုတ်သွင်းတဲ့နည်းပဲ၊ အစီရင်ခံစာထဲမှာ ကျွန်တော်တို့တင်ပြထားပါတယ်၊ ဒါပေမဲ့ ပစ္စည်းရှိဖို့လိုတယ်၊ ဒီအလုပ်ကို ကျွမ်းကျင်တာက ဓာတ်သတ္တုဌာနကလူတွေပဲ၊ သူတို့နဲ့ဆွေးနွေးကြည့်ရင် ကောင်းမယ်လို့ ထင်ပါတယ်"

နောက်တစ်နေ့တွင် ဓာတ်သတ္တုဌာနမှ အရာရှိများ၊ ဆည်မြောင်းမှ အရာရှိများ၊ မီးရထားဌာနမှအရာရှိများကို ဌာနချုပ်သို့ဖိတ်၍ စည်းဝေးတိုင်ပင်ကြသည်။ ဓာတ်သတ္တုဌာနမှ ကူညီမည်ဟုအဖြေရသည်။ ဖြစ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်သည်။ လုပ်ငန်းသဘောကို ဓာတ်သတ္တုဌာနမှ အင်ဂျင်နီယာဘူမိဗေဒပညာရပ်ကိုကျွမ်းကျင်သည့် ဦးအောင်ဝင်းကရှင်းပြသည်။ ဦးအောင်ဝင်းနှင့် သောင်းဒန်၊ သော်ကောင်းတို့ အပြန်အလှန်ဆွေးနွေးကြသည်။

တိုင် (၄) ညီနောင်သည် ကျောက်ပေါ်တွင် တင်နေသည်။ ဘေးပတ်လည်၌ သဲကြမ်းနှင့်နုန်းသာရှိခဲ့လျှင်၊ ကျောက်စရစ်အတုံးသေးကလေးများသာရှိခဲ့လျှင် တိုင်၏အခြေသို့ပိုက်နှင့်ချကာ ဘိလပ်မြေအရည်မှုတ်သွင်းမည်။ ဘိလပ်မြေရည်ဝင်သွားသည့်အခါ တိုင်ခြေပတ်ဝန်းကျင်၌ ကျောက်ကြိုကျောက်ကြား၊ သဲကြိုသဲကြားသို့တိုးဝင်မည်။ ခဲချိန်တန်လျှင် ဖိနပ်ဖြစ်သွားမည်။ အခြေခိုင်သော ကွန်ကရစ်ဖိနပ်ကြီးတစ်ခု တိုင်ခြေ၌ချမိပြီးသားဖြစ်သွားလိမ့်မည်။

"ဘယ်လိုသွင်းမလဲ၊ ဘယ်လောက်သွင်းမလဲ"

"အဲဒါအတွက် စက်တွေရှိတယ်၊ အဲဒီစက်တွေ ယူသွားရမယ်၊ တိုင်ခြေပတ်လမ်းမှာ လွန်နဲ့တွင်းတွေဖောက်မယ်၊ တိုင်အလယ်ကောင်က အခေါင်းထဲမှာလဲ တွင်းတွေ ဖောက်ပြီးသွင်းမယ်"

အားလုံး ဘဝင်ကျသွားကြသည်။ မိုးကုန်လျှင် ဦးအောင်ဝင်းခေါင်းဆောင်သော ဓာတ်သတ္တုမြေစမ်းအဖွဲ့ စင်ရော်စခန်းသို့ ရောက်လာကြမည်ဖြစ်သည်။

"မိုးကုန်ဆိုပေမဲ့ ကျွန်တော်တို့က နှစ်ဆန်းလောက်မှလာနိုင်မယ်ထင်တယ်၊ ပစ္စည်းစုံအောင် စုရအုံးမယ်၊ ကျွန်တော်တို့လူတွေကလဲ ချင်းတောင်နဲ့ ဂျိန်ဖော့တိုင်းမှာ လုပ်ငန်းတွေ တစ်ပိုင်းတစ်စနဲ့ ရှိနေကြသေးတယ်" စောင့်ရမည်သာဖြစ်သည်။ နည်းကိုတော့ သောင်းဒန်တို့လည်း သိသည်။ သို့သော် သူတို့၌ ပစ္စည်းမစုံ။ သို့ဖြစ်ရာ မိုးကုန်လျှင် ဘာဆက်လုပ်မည်လဲဟူသော အမေးပေါ်လာသည်။

တိုင် (၂) နှင့် တိုင် (၃) အခြေအနေကိုတင်ပြပြီးဖြစ်သည်။ ရေအောက်၌ ကျောက်ဖျာကြီးရှိနေသည်။ ကျောက်ဖျာပေါ်၌ ၉ ပေ အချင်းရှိသော တိုင်များ ငြိမ်ငြိမ်မတည်နိုင်။

"အဲဒါအတွက် ပုံစံပြောင်းရလိမ့်မယ်၊ အခု ပုံစံဆွဲခိုင်းထားတယ်၊ တာကောမှာ တရုတ်အင်ဂျင်နီယာတွေ ဆောက်ထားတဲ့တိုင်ကြီးတွေရှိတယ်၊ ၂၃ ပေ အချင်းရှိတယ်၊ ပုံလောင်းဖို့လဲ သံမဏိစည်ပိုင်းခွံကြီးတွေရှိတယ်၊ အဲဒီတိုင် ၂ တိုင်ကို တရုတ်သံမဏိစည်ပိုင်းနည်းနဲ့ ဆောက်ရမယ်"

"ဒါဖြင့် တံတားအလှပျက်သွားမှာပေါ့၊ တခြားတိုင်တွေက တိုင်ညီနောင်တွေ၊ ဒီ အလယ်နှစ်တိုင်ကျမှပဲ တိုင်လုံးကြီးတွေဆိုတော့ ဘယ်လှတော့မလဲ ခင်ဗျာ"

သောင်းဒန် စောဒက တက်သည်။

"ကျောက်ဖျာရှိနေတဲ့ဟာ ဒီနည်းနဲ့ပဲ ဆောက်နိုင်မယ်၊ အလှပျက်တာ၊ မပျက်တာ ဂရုစိုက်မနေနိုင်တော့ဘူး၊ ဒါမှမဟုတ်ရင်တော့ ဒီစီမံကိန်းကြီး တစ်ခုလုံး စွန့်လွှတ်လိုက်ဖို့ ရှိတော့တာပဲ"

စကားကုန်ပြီ။

သော်ကောင်းနှင့် သောင်းဒန် ဘာမှမငြင်းနိုင်တော့။ ဝင်စရာ အကွက်မရှိတော့။

"ခုပဲ တံတားတစ်ခုလုံးကုန်ကျစရိတ်ဟာ တစ်ပေခုနစ်ထောင်ဖြစ်နေပြီ၊ အရင်ဆောက်တဲ့တံတားတွေတုန်းက တစ်ပေ နှစ်ထောင်လောက်ပဲကုန်တယ်"

"ခုဟာက နိုင်ငံခြားငွေသက်သာတာပဲ ရှိသေးတာကိုးခင်ဗျ"

သောင်းဒန်က တစ်ခွန်းဝင်၍ ထောက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ပိုက်ဆံကုန်တာဟာ ကုန်တာပဲ၊ ဒီတော့ တံတားကြီးကိုတော့ စွန့်လွှတ်လို့မဖြစ်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ဆက်လုပ်ရမှာပဲ၊ မိုးကုန်ရင် တိုင်နံပါတ် (၂) အတွက် ပြင်ဆင်ရမယ်၊ ပစ္စည်းစုရမယ်၊ တိုင်နံပါတ် (၃) မြေဆက်ပြီး စမ်းမယ်"

ဒီကြားထဲတွင် သောင်းဒန်သည် စံပယ်ချောင်းတံတားကို အပြီးဆောက်ရမည်။ ထို့နောက် ထိန်ကုန်းသို့သွား၍ အားဖြည့်ကွန်ကရစ် ရက်မများကို တင်ပေးရဦးမည်။

ချက်ချင်းပင် သူတို့နှစ်ယောက် ရန်ကုန်မှ ပြန်ခဲ့ကြသည်။ ဒီတစ်ခေါက် ရန်ကုန်တွင် ကြာကြာမနေချင်။ ဟိုလူက မေး၊ ဒီလူက မေးသည်ကိုလည်း မဖြေချင်။ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ကုပ်နေခဲ့သည်။

× × × × ×

## ၃၈

"ဆရာက ဒီည ထမင်းစားကြွပါတဲ့ခင်ဗျာ"

"ဆရာကတော်က ဒီည ထမင်းစားကြွပါတဲ့ ခင်ဗျာ"

"ကဲ . . . ဦးကျော်ဆွေ၊ တစ်ခါတည်းလိုက်ခဲ့ဗျာ၊ အိမ်မှာ ထမင်းစားကြတာပေါ့၊ တင်မာရီက ခဏခဏမေးနေတယ်၊ တစ်နေ့မနက်က မရှိဘူးဆို၊ အခေါ်လွှတ်လိုက်သေးတယ်"

ကျော်ဆွေသည် နယ်ပိုင် ဦးလှဆွေအိမ်သို့ တစ်နေ့တစ်ခေါက်မှန်မှန်ရောက်နေသည်။ ထိုရက်များအတွင်း မိုးထန်နေသဖြင့် ဝါးရုံငယ်သို့ မသွားနိုင်။ သွားပြန်လျှင်လည်း မီးရထားနှင့် နေ့ချင်းပြန်သွားဖြစ်သည်က များသည်။ ဝါးရုံငယ်၌ စခန်းတစ်ခုဖွင့်ကာ တင်မောင်အား ကြီးကြပ်စေသည်။ ကျောက်စု၊ သစ်ဝါးစုသည့် အလုပ်တို့သာ လုပ်နေရသည်။ ဒီကြားထဲတွင် ထမင်းစား ခဏခဏခေါ်သည်နှင့် ဦးလှဆွေအိမ်သို့ မှန်မှန်ရောက်နေသည်။

ရန်ကုန်မှ ဒေါ်လီ၏သတင်းကို မကြားရတော့ပြီ။ ရောက်စကမူ "ကိုယ်တို့ကတော့ သူပုန်သတ်သွားလဲ စောစောအိပ်ရတာပဲဆိုပြီး သူပုန်တောချည်းသွားနေတာပဲ၊ စောစောသေ စောစောအိပ်ရတာပေါ့"ဟု စာတစ်စောင်ရေးကာထည့်လိုက်သည်။

"စခန်းသစ်မှာ အပျိုချောတွေ သိပ်ပေါတာပဲဗျာ" ဟူ၍လည်း ကလိလိုက်သေးသည်။ ဒေါ်လီ့ထံမှ စာပြန်မလာ။

ဒေါ်လီ သွေးအေးနေပြီလား။ သူ့ကို အရင်ကလို မခင်တော့ဘူးလား။ နေစမ်းပါအုံး၊ ငါနဲ့ ဘာဆိုင်သလဲ။ ဒေါ်လီကို ငါ မဆက်ဆံတော့ဘူးဆိုပြီး လမ်းစဖြတ်ခဲ့တာမဟုတ်လား။

ကျော်ဆွေသည် သူ့စိတ်ကိုသူ နားမလည်နိုင်လောက်အောင်ဖြစ်လာသည်။ ခေါင်းထဲတွင်လည်း 'မိန်းမယူမှ ဖြစ်တော့မယ်၊ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး'ဟူသောအတွေး ခဏခဏပေါ်လာသည်။ မိန်းမတစ်ယောက် ခေါင်းခေါက်ပြီး ယူနိုင်တဲ့သတ္တိရှိပါသေးတယ်ဟူသော မာနလည်း တစ်ခါ တစ်ရံပေါ်လာတတ်သည်။ ဒေါ်လီကို လက်စားချေချင်သည့်စိတ်သည် သူ့ တစ်ကိုယ်လုံး ဖိစီးနေသည်။ သို့သော် ယခုမူ ကျော်ဆွေ ဒေါ်လီကို မေ့စပြု လေပြီ။

"ကဲ . . . စားနှင့်ကြအုံး၊ ကျွန်တော်တို့လင်မယား နလကဥက္ကဋ္ဌကြီး ခေါ်ထားလို့ သွားရအုံးမယ်"

အိမ်ရှင်များက ကျော်ဆွေနှင့်မမျိုးသန်းကိုထားခဲ့ကာ ထွက်သွားကြသည်။ တစ်ခါတစ်ရံ ဦးလှဆွေ အိမ်တွင်မရှိ။ အစည်းအဝေး တက်နေသည်။ တင်မာရီ ထွက်မလာ။ သူနှင့်မမျိုးသန်းနှစ်ယောက်တည်းသာ စကားလက်ဆုံ ကျနေရသည်။ မမျိုးသန်း၏ မျက်လုံးဒဏ်ကို ကျော်ဆွေ ကြာကြာမခံနိုင် တော့။ အကြည့်ရှဲသည်။ တစ်ခါကြည့်လျှင် တော်တော်နှင့် မျက်နှာမလွှဲ။ ကျော်ဆွေကသာ ရှက်ပြီး မျက်နှာလွှဲလိုက်ရသည်။

သူတို့ပြောကြသည့်စကားများမှာ အထူးအဆန်းများမဟုတ်ကြ။ 'ဘယ်တုံးက တက္ကသိုလ်ရောက်သလဲ၊ ဘာစာတွေ သင်သလဲ၊ ဆေးကျောင်း သွားဖို့ စိတ်မပါဘူးလား'

"အမယ် ဆရာဝန်မကြီးများဖြစ်သွားရင် ကိုကျော်ဆွေနဲ့တောင်တွေ့ ရမှာမဟုတ်ဘူး၊ ခုလောက်ရှိ ယောက်ျားရနေရောပေါ့"

ရင်းနှီးလာသည့်အခါ မမျိုးသန်းက ထိုစကားမျိုး ပြောလာတတ်သည်။

"အောက်သူတွေဟာ စကားပြောတယ်ကောင်းခင်ဗျာ၊ ကျွန်တော်တို့ အညာသူတွေကတော့ ရိုးရိုးပဲ"

"ကျွန်မ ဆန်းလို့လား၊ ကိုကျော်ဆွေပြောတဲ့စကားက အနှောင့်မလွတ် အသွားမလွတ်နော်၊ ဟင်း . . . ဒါပဲ၊ ဒီလိုဆို နောက်မခေါ်တော့ဘူး"

"မလုပ်ပါနဲ့ဗျာ၊ ဒီအရပ်မှာ ကျွန်တော် တစ်ကောင်ကြွက်ပါ၊ အဖက်လုပ်မဲ့သူမရှိရင် ယောင်ချာချာဖြစ်နေပါ့မယ်၊ ကျွန်တော့်ကို မသနားဘူးလား မမျိုးသန်း"

"မသနားပါဘူး၊ လူကိုက မုန်းစရာကြီး"

"မမျိုးသန်း ဘယ်တော့ ပြန်မှာလဲ"

"ရက်မရှိသေးပါဘူး ကိုကျော်ဆွေရယ်၊ ခွင့်က မစေ့သေးဘူး၊ ခွင့်စေ့တောင် ဟသ်ာတမပြန်တော့ဘဲ ဒီမှာပဲ ဆရာမလုပ်ရမလားလို့ စိတ်ကူးနေတယ်၊ ကိုကိုဆွေကလဲ ခေါ်နေတယ်"

"ကောင်းသားပဲ၊ ဒီမှာ လုပ်ပါလား၊ ကျွန်တော်တို့လဲ ရှိနေတာ"

"မဖြစ်သေးပါဘူး ကိုကျော်ဆွေရယ်၊ ပြန်တော့ပြန်ရလိမ့်အုံးမယ်၊ မေမေနေမကောင်းဘူးပြောတယ်၊ သိပ်တော့ စိုးရိမ်စရာမရှိပါဘူး၊ ဒီလိုပဲ ခဏခဏ ခေါင်းမူးတတ်တယ်"

ကျော်ဆွေ အရူးရင့်လာသည်။ သို့နှင့် တစ်နေ့တွင် ပါးစပ်မှဖွင့်မပြောရဲသဖြင့် စာရေးကာ မမျိုးသန်း၏အချစ်ကို တောင်းဆိုလိုက်လေသည်။ ထိုစာကို မမျိုးသန်းလက်ထဲသို့ထည့်ခဲ့ပြီးနောက် ခုနစ်ရက်လောက် ဦးလှဆွေတို့အိမ်သို့မသွားဘဲ နေလိုက်သည်။ ဒီအရွယ်ရောက်မှ ရည်းစားစာရေးရသည်မှာ ရှက်စရာကောင်းလှသည်။ သူ့မျက်နှာ ဦးလှဆွေတို့လင်မယားအား ပြရမှာပင် ရှက်နေသည်။ ထို့ကြောင့် ဝါးရုံယယ်သို့ တစ်ပတ်လောက်သွားနေလိုက်သည်။ တစ်ပတ်ခန့်ရှိသည့်အခါ အကြောင်းတစ်စုံတစ်ရာမထူးသည်နှင့် ဦးလှဆွေတို့အိမ်ဘက်သို့ ဝါးရုံယယ်မှ ပြန်ရောက်သည့်ညတွင် မရဲတရဲဝင်သွားသည်။ တင်မာရီတစ်ယောက်တည်းသာတွေ့ရသည်။

"ကိုကို အစည်းအဝေးသွားတယ် ကိုကျော်ဆွေ၊ မမျိုးသန်းလဲ ဟသ်ာတပြန်သွားပြီ"ဟူသောအဖြေကို တင်မာရီထံမှရခဲ့သည်။ တင်မာရီမျက်စိမျက်နှာပျက်နေသည်ကိုလည်း ကျော်ဆွေသတိထားမိသည်။ ထို့ကြောင့် ကြာကြာ

မထိုင်တော့ဘဲ ပြန်လာခဲ့သည်။ နောက်နှစ်ရက်ခန့်ရှိလျှင် ဟသ်ာတမှ စာတစ်စောင်ရောက်လာသည်။

ကိုကျော်ဆွေ

'မမျိုး အများကြီးဝမ်းနည်းပါတယ်၊ မမျိုးမှာ လက်ခံပြီးရှိနေပါပြီ၊ ကိုကျော်ဆွေကို မမျိုး မျှော်လင့်ချက်မပေးသင့်ဘူး၊ ဒါဟာ မမျိုးအမှားပဲ၊ မမျိုးကို အပြစ်ဆိုပါ၊ မမျိုးလို မိန်းမမျိုးမတွေ့ပါစေနဲ့လို့ ကိုကျော်ဆွေ ဆုတောင်းပေတော့၊ မမျိုးမှာသာ လက်ခံပြီးမရှိရင် ကိုကျော်ဆွေကို မငြင်းပါဘူး၊ ခုတောင် ဒီစာရေးရတာ မမျိုး စိတ်မကောင်းပါဘူး၊ ရေးရေစက်မကုန်သေးရင်ဖြင့် ဆုံကြသေးတာပေါ့ ကိုကျော်ဆွေ'

မမျိုးသန်း

ထိုစာရပြီး နောက်တစ်နေ့တွင် ခရီးထွက်သည်။ ထိုရက်မှစ၍ ကျော်ဆွေသည် မိုးကြီးလေကြီးထဲတွင် ဝါးရုံငယ်နှင့် ဆီးဖြူတောလမ်းကြိုကို အခေါက်ခေါက် အခါခါလျှောက်သည်။ ဝါးရုံငယ်နှင့် စံကားဝါချောင်းတံတားကို နေ့ချင်းပြန်သွားသည်။ တစ်ခါတစ်ရံ အဖော်ပါသည်။ တစ်ခါတစ်ရံ အဖော်မပါ။ ခေါင်းတွင် လုံချည်လေးတစ်ထည်ကိုပတ်ကာ တုတ်တစ်ချောင်းနှင့် ငိုက်စိုက်ငိုက်စိုက် လျှောက်နေတတ်သည်။

"ဒါမှ အရပ်သားနဲ့တူပြီး သူပုန်က အထင်မမှားမှာကွ၊ ငါ့နည်းနဲ့ ငါတော့ဟန်နေတာပဲ"

သော်ကောင်းနှင့်တွေ့လျှင် ဤသို့ ဆင်ခြေပေးတတ်သည်။ တစ်ခါတစ်ရံ ကျော်ဆွေသည် စံကားဝါချောင်းတံတားစခန်း၌ အလုပ်သမားများနှင့်အတူ အိပ်သည်။ သို့နှင့် ဆီးဖြူချောင်းကြိုးတံတား၊ စံကားဝါချောင်း ပေ ၄၀ တံတားနှစ်ခု ဆယ့်ငါးရက်အတွင်း ပြီးသွားသည်။ သူ့စခန်းကို မှန်တောသို့ ပြောင်းသည်။

"ကိုတင်မောင်က စင်ရော်ပြန်ဗျာ၊ ဟိုဘက်ကနေပြီး လိပ်ချောင်းနဲ့ အဲဒီနားက တံတားလေးနှစ်ခုဆောက်"

တင်မောင်ကို စင်ရော်သို့ ပြန်လွှတ်လိုက်သည်။ တင်မောင်လည်း သူ့

ဆရာကျော်ဆွေ၏နည်းကိုသဘောကျကာ အစောင့်အရှောက်မပါဘဲ တံတား ဆောက်သည်။ တင်မောင်သည် စံပယ်ချောင်းစခန်းတွင် နေသည်။ စင်ရော်မှ ချက်ပလက်ကားပက်လက်ကြီးတစ်ခုကိုငှားကာ လိပ်ချောင်း၌ အလုပ်သမား စခန်းတစ်ခု ယာယီဖွင့်သည်။

သော်ကောင်းက စခန်းသစ်သို့ တယ်လီဖုန်းဆက်၍ ကျော်ဆွေ၏သတင်း ကို မေးသည်။ မရှိ၊ ယခု မုန်တောရောက်နေသည်။

“ကျွန်တော့်ကို တောင်မို့နဲ့ ဆီးဖြူတောကြား တာဝန်ယူခိုင်းတယ်၊ ပြီးတော့ ထွက်သွားလိုက်တာ ခုထိပြန်မလာတော့ဘူးခင်ဗျ”

ဦးအေးသွင်က ဤသို့ အဖြေပေးလိုက်သည်။

“ခင်ဗျားတို့ဆရာ တယ်အလုပ်လုပ်နေပါလား”ဟု သော်ကောင်းက ဦးအေးသွင်ကို ပြောလိုက်သည်။ ထိုစကားကို ဦးအေးသွင်က ကျော်ဆွေ့ထံသို့ ပါးလိုက်လေသည်။

တင်မောင်သည် ချက်ပလက်ကားပက်လက်ကြီးနှင့် နပန်းလုံးနေရ သည်။ သူ့ကားသည် အမိုးမရှိ၊ ချိုင့်ဘယ်လောက်ကြီးကြီး ခုန်လွှားသွားသည်။ ဘယ်မျှမြင့်သောတောင်ကုန်းဖြစ်စေကာမူ ဇွဲနှင့်တက်သည်။ နံပါတ်တစ် ဂီယာသံတဂျီဂျီ မြည်လာသည်အထိ ဆွဲသည်။ ကားမောင်းသည့် အောင်ရ မှာလည်း သူ့ကားအတိုင်းပင်။ နေပူမရှောင် မိုးရွာမရှောင် ကျောကုန်း၌ အဝတ်မပါဘဲ တစ်နေကုန်မောင်းနိုင်သည်။ သူ့ကား၏နာမည်မှာ ‘ဇနက’ဖြစ် သည်။ နာမည်နှင့် လိုက်လေစွ။ တစ်ခါတစ်ရံ ဂီယာတံသည် ထိုးနေရင်း ကျွတ်ပါလာတတ်သည်။ ရေကလည်း ခဏခဏဆူသည်။ ဇနကပေါ်တွင် ခြောက်ပတ်လည် တံတားတိုင်များ၊ ခြောက်သုံး၊ ရှစ်သုံး အခင်းပျဉ်များကို နစ်နေအောင်တင်ကာ မောင်းသည်။ တင်မောင်နှင့် ကျော်ဆွေတို့သည် တစ်ခါ တစ်ရံ ဒန်းအိုင်ချောင်း၌ ဆုံတတ်ကြသည်။

ကျော်ဆွေသည် ဒန်းအိုင်ချောင်းတွင် ညနေခင်းတို့၌ ငါးထိုင်မျှားတတ် သည်။ ငါးမျှားရင်း ရေကသိုဏ်းရှုကာ စဉ်းစားခန်းဝင်ရသည်မှာ အရသာ ရှိလှသည်။ ဒေါ်လီနှင့် မမျိုးသန်းတို့သည် သူ့အာရုံတွင် တစ်လှည့်စီဝင်၍

ကြီးစိုးလာသည်။ ယခု နှစ်ခါသေဖူးပြီ။ မမျိုးသန်းကိုတွေ့သည့်အခါ သူ လန်းဆန်းလာသည်။ ဒေါ်လီက သူ့ကို ကလိလိုက်သည်။ မမျိုးသန်းကို သူ ပြန်၍ ကလိနိုင်မည်ဟု ထင်သည်။ သို့သော် သူ့ကိုယ်သူ အထင်ကြီးခြင်းမျှ သာဖြစ်သည်။ မိန်းမနှင့် ဘယ်နှခါ တွေ့ဖူးသလဲ၊ ရည်းစား ဘယ်နှယောက် ထားခဲ့ဖူးလို့လဲ။ သူ့စိတ်ထဲတွင် တနုံ့နုံ့ဖြစ်လာသည်။ သေဖို့သာ ကောင်းတယ်။ သောင်းဒန်တို့များသိရင် ငါ့ကိုပြောလို့ပြီးမှာ မဟုတ်ဘူး။ မမျိုးသန်းမျက်လုံး ကို သောင်းဒန် အကဲခတ်မိသည်။ အင်မတန် စူးရှတဲ့မျက်လုံးတဲ့။ အစဉ်းစား ကြီးနေသဖြင့် ငါးတွတ်သည်ကို သတိမထားမိလိုက်။ ငါးစာသာ ကုန်သည်၊ ငါးတစ်ကောင်မျှ မမိ။ ရေနည်းသည့်ချောင်းတွင် ငါးမမိနိုင်။ မြစ်ပင်လယ် ပြင်ကြီးတွင်မှ ငါးများများရှိသည် မဟုတ်လား။

ဦးကျော်ဆွေတစ်ယောက် ချောင်းထိပ်မှာထိုင်ပြီး ငါးမျှားနေလေရဲ့ ဟူသောသတင်းသည် စိမ့်မြိုင်ရှိ သော်ကောင်းထံသို့လည်းကောင်း၊ စင်ရော် တံတားစခန်းရှိ သောင်းဒန်ထံသို့လည်းကောင်း ရောက်သွားလေသည်။

“ဒီကောင် ဘာလုပ်နေတာလဲ”

သောင်းဒန်က စင်ရော်ရောက်လျှင် နလကရုံးမှနေ၍ သော်ကောင်း ထံသို့ ဖုန်းဆက်သည်။

“ငါလဲမသိဘူး သောင်းဒန်၊ စခန်းသစ်လဲ ပြန်မလာတော့ဘူး၊ လူကြုံ နဲ့ပဲ သတင်းစကား ကြားနေရတာပါပဲ၊ မင်းအားရင် သွားကြည့်လိုက်စမ်းပါအုံး ကွာ၊ အခု ဘယ်ရောက်နေသလဲ၊ ဒန်းအိုင်ချောင်းမှာလား၊ မုန်တောမှာလား”

“ဗိုလ်ဆွေတို့တော့ ထင်မိထင်ရာ လျှောက်လုပ်နေတော့တာပဲ”

ကျော်ဆွေ ဘာလုပ်နေသည်ကို သူတို့နှစ်ယောက်စလုံး မသိကြ။ တင်မောင့်ထံမှသာ တံတားတစ်ခုပြီးတစ်ခုဆောက်နေကြောင်း သတင်း ရလေသည်။ မည်သို့ပင်ဖြစ်စေ မဟာမြိုင်တောကြီးကား ရှင်းသွားပြီ။ မကြာမီ တံတားများပြီးလျှင် စခန်းသစ်နှင့်စင်ရော် ကားလမ်းပေါက်တော့မည်။

× × × × ×

၃၉

အင်ဂျင်နီယာ (တ)
စင်ရော် တံတားဆောက်လုပ်ရေး
စင်ရော် တံတားစခန်း။

အကြောင်းအရာ။ ။ လုပ်ငန်းအလိုက် လစာနှုန်းထား တိုးမြှင့်ပေးသင့်ကြောင်း တင်ပြအစီရင်ခံခြင်း။

အောက်တွင် ဖော်ပြပါမောင်မြစော(ဦးသာဖေ၏သား)သည် ဆောက်လုပ်ရေးဌာနသို့ သီရိတံတားဆောက်လုပ်သည်မှစ၍ ဝင်ရောက်အမှုထမ်းခဲ့သူဖြစ်ပါသည်။ ယခု စက်ပြင်ဘက်တွင် နေ့စား ၅ ကျပ်စားနှင့် အမှုထမ်းနေပါသည်။ သီရိတံတားတွင် သုံးကျပ်ဆယ့်ငါးပြားမှ စ၍အမှုထမ်းပါသည်။ နောက်စက်ဘက်သို့ ပြောင်းရွှေ့အမှုထမ်းရာ ယခုကျွမ်းကျင်သောစက်ပြင်ဆရာမကြာင်းနစ်တစ်ယောက်ဖြစ်နေပါပြီ။ သို့ဖြစ်ပါ၍ မောင်မြစောအား ၁၁၀–၁၀–၂၀၀ သို့တိုးမြှင့်ပေးပါက သင့်လျော်မည်ထင်ကြောင်း ထောက်ခံတင်ပြပါသည် ခင်ဗျား။

အမည် မောင်မြစော
အမျိုးသားမှတ်ပုံတင် ISN ၂၆၀၀၄၁

**မြဝတီစာပေတိုက်**

အဘအမည် ဦးသာဖံ
လက်ရှိ အလုပ်အကိုင် စက်ပြင် (နေ့စား)

လေးစားစွာဖြင့်
မောင်စန်း
အင်ဂျင်နီယာ (၈)
စင်ရော်တံတား ဆောက်လုပ်ရေးစခန်း။

သောင်းဒန်သည် ဦးစန်း၏ထောက်ခံစာကိုဖတ်ကာ မျက်နှာအောက်သိုးသိုးဖြစ်လာသည်။ ထို့နောက် စာကို စောသာအေးလက်သို့ ပါးလိုက်လေသည်။ စောသာအေးသည် စာကိုဖတ်ကာ သောင်းဒန်မျက်နှာကိုကြည့်လိုက်သည်။

"ကိုစန်း နားမလည်ဘူးနဲ့တူတယ် ဆရာကြီး၊ ကျွန်တော်တို့ ဒီအလုပ်သမားတွေကို ဘယ်လိုခေါ်လာခဲ့ရတယ်ဆိုတာ သူသိဟန်မတူဘူး"

"ဘယ်သိမလဲကွ၊ နောက်မှ ရောက်လာတာကိုး၊ မြစောကို ငါ ကောင်းကောင်း သိပါတယ်ကွာ၊ ဒီကောင် မဆိုးပါဘူး၊ ကြိုးစားတယ်၊ တတ်တယ်၊ မခိုဘူး၊ မကတ်ဘူး၊ ဒါပေမဲ့ ဒီရာထူးခန့်ထားရေးကိစ္စတွေကို တစ်ယောက်ချင်း လုပ်မပေးချင်သေးဘူး၊ တို့က အများကို အားလုံးအမြဲတမ်းအမှုထမ်းဖြစ်အောင်ကြိုးစားပေးမယ်လို့ပြောပြီး ခေါ်လာခဲ့တာကိုးကွ၊ အခု သူတို့အလုပ်ကြည့်ပြီး ပြောရမယ်ဆိုရင် အမြဲတမ်းဖြစ်ထိုက်တဲ့လူတွေအများကြီးပဲ၊ ပန်းပဲဆရာဦးခင်၊ ရေလယ်ဂိုဏ်းမှာရောက်နေတဲ့ မြင့်သိန်းလေး၊ ရုံးက အောင်ဘွင့်၊ ပုံဆွဲဆရာ ရောဘတ်၊ လက်သမား ညွန့်ကြည်၊ ရေငုပ်သမား လှဘော်၊ အခု စာတင်တဲ့ မြစော သူတို့အားလုံးကို စိစစ်ပြီး ထောက်ခံမလို့ စိတ်ကူးထားတယ်၊ ဒါပေမဲ့ အခုနေ လုပ်ငန်းမပြီးသေးခင်၊ မအောင်မြင်သေးခင် ထောက်ခံရတာခက်တယ်ကွ၊ အမြဲတမ်းပေးလိုက်ရင် ရန်ကုန်ခေါ်ပြီး သင်တန်းတက်ခိုင်းအုံးမယ်"

သောင်းဒန် စဉ်းစားနေသည်။ သော်ကောင်းအား ဤကိစ္စနှင့်ပတ်သက်၍ မပြောရသေး။ တစ်ခါလောက် ရေရေလည်လည် ပြောပြချင်သည်။ တိုင်း

အင်ဂျင်နီယာ ဦးရွှေသိန်းနှင့်လည်း တိုင်ပင်ချင်သည်။ သူတို့ကို မက်လုံးပေးကာ ခေါ်လာခဲ့သည်။ မျှော်လင့်သည့်အတိုင်း မပေးနိုင်လျှင် မကောင်း။ သူတတ်နိုင်သမျှတော့ ကြိုးစားပေးမည်ဟု စိတ်ကူးမိသည်။

"ထွန်းရှိန် အလုပ်ထွက်ချင်လို့တဲ့ ဆရာကြီး၊ ရန်ကုန်ပြန်တော့မလို့တဲ့"

အောင်ကြီးက အကြောင်းကြားသည်။

"ဟ . . . ဘာဖြစ်လို့လဲကွ"

"အရင် ရောဂါဟောင်းပြန်ထလာတယ်နဲ့ တူတယ်"

"ဘာရောဂါလဲကွ"

သောင်းဒန် မေ့နေသည်။ ကြီးကြီးကျယ်ကျယ် မဖြစ်ဖူးပါဘူးဟူ၍လည်း စဉ်းစားနေသည်။

"ဒီကောင် အရက်ချည်း နင်းသောက်နေတာပဲဆရာကြီး၊ ကျွန်တော်လဲ မသင်္ကာတာနဲ့ အစ်ပြီးမေးကြည့်တော့ သူ့မိန်းမ ငြိမ်းရင် နောက်မီးလင်းတယ်လို့ သူထင်လာပြန်ပြီတဲ့၊ အဲဒါကြောင့် စိတ်ညစ်ညစ်နဲ့ အရက်တွေ ဖိသောက်နေတာပေါ့၊ အိမ်မှာ ဆူဆဲကြိမ်းမောင်းနဲ့ လင်မယား ခဏခဏရန်ဖြစ်တယ်၊ နောက်ဆုံးတော့ ထွက်စာတင်ပြီး ရန်ကုန်ပြန်တော့မယ်တဲ့၊ မိန်းမကိုတော့ ဖြစ်ချင်ရာဖြစ် ထားခဲ့တော့မယ်တဲ့"

"ဒီကောင် အရင်တစ်ခါလဲ ရန်ကုန်ပြန်ပြေးပြီး ပြန်လာတယ်မဟုတ်လား"

"ဒီတစ်ခါတော့ ပြန်လာတော့မှာမဟုတ်ဘူး၊ ဒီတစ်ခါ လက်ပူးလက်ကြပ် မိတယ်နဲ့တူတယ်ဆရာကြီး၊ ကျွန်တော်လဲ အားနာတာနဲ့ မမေးတော့ပါဘူး ဆရာကြီးရယ်"

"အေးကွာ၊ စိတ်ညစ်နေတဲ့လူ အလုပ်ထဲခိုင်းနေရရင် အလုပ်တွင်မှာ မဟုတ်ပါဘူး၊ ပြန်ချင်ပြန်ပါစေ"

နောက်တစ်ရက်တွင် ပန်းပဲဆရာဦးခင် ခွင့်ယူ၍ အညာသို့ပြန်ချင်သည်ဟု ခွင့်တောင်းသည်။ တစ်ဖန် ရေလယ်ဂိုဏ်းမှ မြဟန်လည်း ရန်ကုန်ပြန်ချင်

သည်၊ အလုပ်ထွက်ချင်သည်ဟုဆိုသည်။ ဦးခင်ကား ရိုးရိုးသားသား ပြန်ချင်သူဖြစ်သည်။ အလုပ်လည်း ပါးနေသည်။ သို့သော် နောက်တစ်လလောက်ရှိလျှင် အလုပ်တွေ ဝိုင်းဝိုင်းလည်နေတော့မည်။ မြဟန်ပြန်ချင်သည်မှာ အကြောင်းရှိရမည်။ ဘာအကြောင်းလဲ။

မြဟန်သည် လူပျိုဖြစ်သည်။ လက်ဖက်ရည်ဆိုင်မှ မြိုင်ကို ကျိတ်၍ပိုးနေသည်။ သူ ပိုးသည်ကို လူမသိ။ မြိုင်ယောကျ်ားယူသွားသည့်အခါ နေမထိထိုင်မသာဖြစ်လာသည်။ ရေလယ်တွင်အလုပ်လုပ်နေစဉ် နမော်နမဲ့နေသဖြင့် သံချောင်းညပ်မည်ဖြစ်သေးသည်။ မြိုင်တို့လင်မယား ရန်ကုန်ပြောင်းသွားကြသည့်နောက် နည်းနည်းရောဂါသက်သာစပြုလာသည်။ ထို့နောက် ဆရာမလေးမမြသွေးကိုစသည်။ မမြသွေးက ဘာမှမတုံ့ပြန်။ ဖြူသည်၊ မည်းသည် မသိရ။ ထို့ကြောင့် စိတ်ညစ်နေသည်ဟုဆိုသည်။ ယင်းမှာ လှမင်းနှင့် သန်းမောင်တို့ထံမှ သိရသည့်သတင်းဖြစ်သည်။

မြဟန်ကိုတားကြဖို့ သောင်းဒန် မှာထားလိုက်ရသည်။ ဒီအရေးအခင်းမျိုးတွင် ကျွမ်းကျင်သူမှာ အောင်ကြီးဖြစ်သည်မဟုတ်လား။ အောင်ကြီးနှင့်တွဲရမည်။ ယခု အောင်ကြီး အလုပ်များနေသည်။ ခဏသည်းခံ၍ စောင့်ပါစေဟု တိုးတိုးကျိတ်ကျိတ်ပင် မြဟန်၏အပေါင်းအသင်းများကို လှမင်းတို့မှတစ်ဆင့် သတင်းစကား ပါးလိုက်ရသည်။

ယခုတလော ဘာတွေဖြစ်နေသည်မသိ။ ပြန်ချင်သူ၊ အလုပ်ထွက်ချင်သူတို့ ပေါ်နေသည်။ တစ်နှစ်လောက် မအောင့်နိုင်ကြတော့ဘူးတဲ့လား။

သူတို့တွင်လည်း အကြောင်းကြောင်းများရှိကြလိမ့်မည်။ ဒီအထဲအမြဲတမ်းရာထူးရလိုသူတို့ကလည်း တောင်းဆိုလာကြသည်။ ထို့ကြောင့်တစ်ညတွင် အစည်းအဝေးခေါ်ကာ ချွေးသိပ်စကား ပြောရသည်။

အားလုံး သည်းခံကြပါ။ တစ်နှစ်လောက် အောင့်အည်းစောင့်ကြပါ။ အမြဲတမ်းအတွက်လည်း သင့်လျော်သူများကို ထောက်ခံပေးဖို့ အသင့်ဖြစ်ပါသည်။ သက်ဆိုင်ရာ အင်ဂျင်နီယာ(စ)များကို အကြောင်းကြားထားပြီး ဖြစ်ပါသည်။ အထက်သို့ တင်ပေးပါမည်ဟုပြောရသည်။ အားလုံးကျေနပ်သည်ကား

မဟုတ်။ သို့သော် မတတ်နိုင်။ ဒီလိုပဲပြောရမည်။ ဒီလောက်ပဲ နှစ်သိမ့်စကား ပြောနိုင်မည်။

"ကျွန်တော့်ဘက်ကတော့ ခင်ဗျားတို့ ရာထူးတက်ဖို့ ကောင်းကောင်း ထောက်ခံပေးမယ်၊ ရာထူးနေရာမရှိတာတော့ ကျွန်တော်လဲ မတတ်နိုင်ဘူး၊ ကျွန်တော်ပိုင်တဲ့နယ်ပယ်အတွင်းမှာတော့ ခင်ဗျားတို့ မနစ်နာစေရဘူး"

ထိုစကားနှင့်အညီ နေ့စားနှုန်းများ တိုးပေးသင့်သူတို့ကို တိုးပေးလိုက်သည်။

သို့နှင့် အချိန်တို့သည် တရွေ့ရွေ့ကုန်လာခဲ့သည်။ မိုးကုန်ခါနီးတွင် စံပယ်ချောင်းတံတား ဘဲတောင်နှစ်ခုရိုက်၍ ပြီးပြီ။ တိုင်နှစ်လုံးလည်း မြင့်တက်လာသည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများလည်း အဆင်သင့်ဖြစ်နေကြပြီ။ ရက်မတင်ရန်သာ ကျန်တော့သည်။ သန်းမောင်သည် ကြိုးစားသည်။ သေသေချာချာ မှတ်သည်။ စံပယ်ချောင်းတံတားတွင် သန်းမောင် အတော်လေး ပညာရလိုက်သည်။ မကြာမီပင် ထိန်ကုန်းတံတား ရက်မတင်ရန်အတွက် သောင်းဒန်ကိုခေါ်သည်။ အောင်ကြီး၊ သန်းမောင်တို့နှစ်ယောက်ကိုခေါ်ကာ ထိန်ကုန်းသို့လိုက်သွားရသည်။

စိမ့်မြိုင်သို့ဝင်ကာ သော်ကောင်းနှင့်တွေ့သည်။ စင်ရော်တံတားစခန်းသို့သွားနိုင်လျှင် သွားနေလိုက်ပါဟု သောင်းဒန်က ပြောသည်။

"မင်းဆီသွားနေရမှာတော့ ခပ်လန့်လန့်ပဲ သောင်းဒန်၊ မင်း မရှိတုန်း အမှုက တယ်ပွေတာကိုးကွ"

သော်ကောင်း ညည်းသည်။

"ဒီတစ်ခါ ဘာမှ မဖြစ်ပါဘူးကွာ၊ အလုပ်ဘာမှမရှိပါဘူး"

သို့သော်လည်း ထိုသို့ပြောဆိုနေကြစဉ် သော်ကောင်း တစ်ခုစဉ်းစားမိသည်။ ယင်းမှာ ထိန်ကုန်းသို့ သူပါလိုက်ပါရေးပင် ဖြစ်သည်။ အတွေ့အကြုံလိုချင်သည်။ သောင်းဒန်ကို သူပါလိုက်မည့်အကြောင်း ပြောသည့်အခါ သဘောတူသည်။

"ငါကလဲ ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ တံတားမှာ တစ်ယောက်ယောက်

တော့ ရှိမှကောင်းမှာကွ”

အတန်ကြာ စဉ်းစားနေကြပြီးမှ သော်ကောင်းက –

“ဟိုကောင် ကျော်ဆွေရှိတယ်၊ သူ့ကို စာရေးပြီး မှာခဲ့မယ်၊ ဒီကောင် အခုဘယ်ရောက်နေတယ်တောင်မသိဘူး၊ တစ်လောကတော့ ဦးအေးသွင်နဲ့ တောင်မို့နဲ့ ဆီးဖြူတောလမ်းပြင်နေတယ်ပြောတာပဲ”

“အေး . . . အေး၊ ကောင်းတယ်၊ ဒီကောင် မြုပ်ချက်သား တယ်ကောင်းကိုးကွ၊ အခုတစ်ယောက်တည်းချည်း တောထဲထွက်နေတယ်နဲ့ တူတယ်၊ တစ်နေ့နေ့ တွေ့လိမ့်မယ်”

“ပူမနေပါနဲ့ကွာ၊ ငါလဲ ဂျိန်ဖော့တုန်းက ဒီလို သွားတဲ့အခါ သွားရတာပါပဲ၊ တွေ့ချင်တွေ့မှာပဲ၊ မတွေ့ချင် မတွေ့ဘူး၊ ဒါပေမဲ့ ကျော်ဆွေ ရန်ကုန်တုန်းကနဲ့တော့ မတူတာအမှန်ပဲကွ၊ အခု ဆံပင်တောင် အတိုညှပ်ပစ်လိုက်ပြီပြောတယ်၊ ဟား . . . ဟား၊ ဘာတွေ လုပ်နေမှန်းလဲ မသိဘူး”

သောင်းဒန်နှင့်အတူ သော်ကောင်း ပါလာသည်။ သူတို့အဖွဲ့သည် ထိန်ကုန်းတွင် နှစ်ပတ်ခန့်အလုပ်များကြသည်။ ရက်မအားလုံး တံတားပေါ်တင်ပြီးသည့်အခါတွင်မှ ပြန်ခဲ့ကြသည်။ တံတားဆောက်သည့် လုပ်ငန်းတွင် ထိုအပိုင်းသည် အရေးအကြီးဆုံး၊ အခက်ဆုံး၊ စိတ်အရှည်ရဆုံး လုပ်ငန်းဖြစ်သည်။ ထိန်ကုန်းတွင် ရက်မ သုံးခန်းတင်ရသည်။ တစ်ခန်း ၅ ချောင်းရှိသည်။

“သန်းမောင်နဲ့ အောင်ကြီးတို့ သေသေချာချာလေ့လာထားကြ၊ ဒါ ပညာအပါဆုံးပဲ၊ ရှိတဲ့ စက်ကိရိယာ၊ ရှိတဲ့လူအင်အားနဲ့ တီထွင်ဖန်တီးပြီး လုပ်ရတာပဲကွ၊ ဒီမှာက ရန်ကုန်နဲ့နီးလို့ လွယ်တယ်၊ တို့ စင်ရော်မှာ ခက်မယ်၊ တံတားကလဲ ကျယ်တယ်၊ ခန်းဖွဲ့ကလဲ များတယ်”

ဒီတစ်ခေါက် ရန်ကုန်တွင် တော်တော်ကြာသည်မို့ သောင်းဒန်၏မိန်းမ ကျေနပ်သည်။

အပြန်တွင် သော်ကောင်း စိမ့်မြိုင်၌ နေရစ်ခဲ့သည်။ မကြာမီ စင်ရော်သို့ လိုက်လာမည်။

“ကိုကျော်ဆွေနဲ့ မင်းကောင်တွေတော့ ဟန်ကောင်းပါရဲ့ကွာ”ဟု

သော်ကောင်းက ပြောလိုက်သေးသည်။

"လှမင်းနဲ့ စောသာအေးရှိပါတယ်ကွာ၊ ကျော်ဆွေက လူကြီးနေရာက မျက်နှာပြရုံပြရမှာပါ"

စခန်းသို့ သောင်းဒန်ပြန်ရောက်သည့်အခါ ကျော်ဆွေ့ကိုမတွေ့ရ။ ဘယ်သူ့ကိုမှလည်း မေး၍မရ။ အချိန်မှာ သုံးနာရီခွဲသာသာရှိသေးသည်။ ရုံးပေါ်တွင်လည်း ကျော်ဆွေမရှိ။ အောင်ဘွင့်ကို မေးကြည့်သည်။

"နေ့လယ်ပိုင်းကတော့ ခဏရောက်လာတယ် ဆရာကြီး"

"ဘာထူးလဲကွ"

"ဘာမှ မထူးပါဘူး၊ ကုန်သွယ်ရေးက အထည်တွေရောက်လာတယ် ခင်ဗျ"

"ဘာတွေပါလဲကွ"

"တက်ထရွန်၊ ဘဲလိုးဖက်၊ ဓာတ်ဘူးနဲ့ဓာတ်ခဲလို့ ပြောတာပဲ"

"အေး . . . ရန်ကုန်မှာတောင် ဒီလောက်မရဘူး၊ ဟုတ်ပ့ါကွာ၊ ဒီကောင် ဘယ်သွားနေတယ်မသိဘူး၊ ငါ အိမ်ပြန်လိုက်အုံးမယ်၊ ဦးကျော်ဆွေပြန်လာ ရင် ငါပြန်ရောက်ပြီလို့ ပြောလိုက်"

ညနေ ၆ နာရီလောက်ကျမှ ကျော်ဆွေ့အသံကို ကြားရသည်။

"ဟာ . . . ဦးကျော်ဆွေ၊ ငါးကြီးက နည်းတာကြီး မဟုတ်ဘူး၊ ကျွန်မ တို့ ပေးခဲ့ပါလား"

နော်မူအေး၏အသံဖြစ်သည်။

"နင့်အမေ့၊ နင်တို့စားချင် ကိုယ့်ဘာသာကိုယ်သွားပြီးမျှားပါလား၊ တစ်ညနေလုံးမှ ယင်ပေါင်စာတစ်ကောင်နဲ့ ဒီငါးကြီးတစ်ကောင်ရတာ"

"ကျွန်မတို့ကော မပေးတော့ဘူးလား"

တင်ရွှေ့မိန်းမ နန်းခမ်းလုံ၏အသံဖြစ်သည်။

"ဟုတ်တယ်၊ ပေးရပါမယ်ဗျား၊ ရှမ်းမရော၊ ကရင်မရော သောက်ပျင်း ထူတွေချည်းပဲ၊ လင်နားကပ်နေဖို့ပဲသိတယ်၊ ခင်ဗျားတို့ ကျုပ်လို ထွက်မျှား ပါလား"

သောင်းဒန်သည် အိမ်ပေါက်ဝမှ စောင့်ကြည့်ကာ ရယ်နေသည်။

ကျော်ဆွေသည် မည်သူနှင့်ဖြစ်ဖြစ် အရောတဝင် နေတတ်သည်။ ပါးစပ်ကလည်း နောက်သလိုလို၊ အတည်လိုလိုနှင့် ဗရွတ်ရွတ်တ ပြောတတ်သည်။ အလုပ်သမားအမျိုးသမီးများကို ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံတတ်သည်။ သို့သော် စည်းကမ်းရှိသည်။ အရောတဝင်ဆက်ဆံသဖြင့် တစ်ခါတစ်ရံ သူ့ကို အရိုသေတန်တတ်သည်။ ဘေးကကြည့်၍မကောင်း။ သောင်းဒန်က သူ့အစားမျက်နှာထားတင်းတင်းနှင့် ငေါက်သည့်အခါ ငေါက်ရသည်။ မင်းတို့ဦးကျော်ဆွေကို ဒီလိုမပြောရ၊ မဆိုရဘူးဟု တားသည့်အခါ တားရသည်။

တစ်လောကလည်း ဒူးရင်းသီးပေါ်ချိန်တွင် ရေစပ်မှတက်အလာ လက်ဖက်ရည်ဆိုင်ရှေ့၌ ဒူးရင်းသီးကိုယ်စီနှင့် သူ့ရှေ့က တက်သွားသော ကျောင်းသူလေးများကိုတွေ့သည့်အခါ "ဟဲ့ . . . နင်တို့ ငါ့ကိုကန်တော့လာကြသလား"ဟု မေးခဲ့သဖြင့် ညပိုင်းတွင် သောင်းဒန်အိမ်သို့ တက်လာကာ ဒူးရင်းသီးသုံးလုံး ပေးသွားသည်။

"အင်း . . . လောကမှာ ဒီကောင်လို ပျော်ပျော်နေတတ်တာလဲ ကောင်းတာပဲ၊ အလုပ်လဲ လုပ်တယ်၊ ပျော်ပျော်လဲ နေတတ်တယ်၊ တို့က သိပ်ပြီးအစိုးရိမ်ကြီးလွန်းတယ်၊ သံယောဇဉ်ကြီးလွန်းတယ်၊ ဒါပေမဲ့ ဒီကောင်မိန်းမရရင် ဘယ်လိုနေမယ်မသိဘူး"

"ဘယ်လိုလဲဗိုလ်ကျော်ဆွေရဲ့၊ ဟန်လှချေလား"

"မင်းတို့ချောင်းက မစွံပါဘူးကွာ၊ မနည်းသည်းခံပြီး မျှားရတယ်၊ အောက်နားက ချောင်းကလေးတစ်ခုကို တမံတုတ်လိုက်ရင် ဟန်မယ်ကွ၊ ငါတွေ့ခဲ့တယ်၊ ပိဿာတစ်ဆယ်လောက်တော့ အေးအေးလေးရယ်"

"ဟန်ကျတာပဲဟေ့၊ ပဲငန်စေ့နဲ့ တရုတ်ချက် ချက်ခိုင်းရမယ်၊ နေစမ်းပါအုံး၊ ငါမရှိတုန်း ဘာထူးသေးသလဲကွ"

"အလုပ်ကတော့ ဘာမှတော့ မထူးဘူး၊ ဒါပေမဲ့ မင်းကောင်နှစ်ယောက်တော့ ငါအလုပ်ထုတ်ပစ်လိုက်ရတယ်၊ တစ်ယောက်ကတော့ ဆက်ပြီး စီရင်ရအုံးမယ်၊ မင်းသာ စီရင်ပေတော့"

"ဟ . . . ဘယ်သူတွေလဲ၊ ဘာဖြစ်ကြတာလဲကွ"

"ဒရိုင်ဘာ ကိုဟန်ထော်ရယ်၊ ရေလယ်ဂိုဏ်းက ထွန်းအေးရယ်၊ ထွန်းအေးအမှုကိုတော့ မင်း စီရင်ရလိမ့်အုံးမယ်၊ မပြတ်သေးဘူး၊ မင်းကောင်တွေ သောက်သုံးမကျပါဘူးကွာ"

"ဘာဖြစ်တာလဲ"

"ကိုဟန်ထော်က ငါ့ကို ကလန်ကဆန်လုပ်တယ်၊ တစ်ပါးကြီးနဲ့ စင်ရော်ကို အဲဒီညနေက သုံးလေးခေါက်ဆွဲရတယ်၊ မင်းမရှိတုန်း ဗိုလ်မှူးချစ်ဖေရောက်လာလို့ သူ့အဖွဲ့ကို ပို့လိုက်ကြိုလိုက်ပေါ့ကွာ၊ ဒီမှာ တစ်ညအိပ်သွားတယ်၊ စံပယ်ချောင်းကို အဲဒီညက ပြန်ဖို့ အချိန်မရှိတော့ဘူး၊ ဒီတော့ ငါက ကိုဟန်ထော် ဒီမှာအိပ်၊ လူပျိုဆောင်ဘက်ပေါ့လို့ ပြောတယ်၊ မရဘူး၊ ပြန်မယ်တဲ့၊ ပြန်ချင် ပြန်လေလို့ ငါကပြောတယ်၊ အမှန်က သူမပြန်ရဲဘူးကွ၊ လမ်းမှာ သူပုန်ဖြတ်တာနဲ့တွေ့မှာကို သူကြောက်တယ်၊ ပြန်ကလဲ ပြန်ချင်တယ်၊ ဘယ်အချိန်က သောက်ထားတယ်မသိဘူး၊ လူကလဲ မူးနေပြီကွ"

"ဒီလူ အရင် ဒီလိုသောက်တာ မတွေ့ဖူးပါဘူးကွာ"

"မသိဘူး၊ အရမ်းမူးနေတာပဲ၊ ငါက အလုပ်ချိန် မသောက်နဲ့၊ ဒါပေမဲ့ အလုပ်ချိန်တော့ မဟုတ်ဘူးပေါ့ကွာ၊ ဧည့်သည်ရောက်နေတော့ သူတို့သွားချင်တဲ့အချိန် ကြိုရပို့ရတာပေါ့၊ သူတို့ကလဲ သူတို့ပဲကွ၊ စင်ရော်ကိုတယ်လီဖုန်းဆက်ဖို့က တစ်ခေါက်၊ အရေးကြီးတဲ့စာတွေမေ့ကျန်ခဲ့လို့ဆိုတာက တစ်ခေါက်၊ ဒါနဲ့ ငါက မူးနေရင် မမောင်းနဲ့၊ ကားသော့ပေးလို့ တောင်းတယ်၊ အဲဒါ ရေထဲ လွှင့်ပစ်လိုက်မယ် ဘာညာနဲ့ဆိုပြီး တစ်နေရာလွှင့်ပစ်လိုက်တယ်၊ ဒါနဲ့ နောက်တစ်နေ့မနက် အလုပ်က ထုတ်ပစ်လိုက်တာပဲ"

"အင်း . . . ဆိုစမ်းပါအုံး၊ ထွန်းအေးကကော"

"အဲဒီကောင်ကလဲ တစ်မျိုးပဲ၊ တမြန်မနေ့ညကကွ၊ သောင်ဦးသွားချင်လို့ ကားပေးပါတဲ့၊ ည ၈ နာရီလောက်ကြီးမှာ၊ ကိုစန်းဆီကို တစ်ပါးကားသော့သွားတောင်းတယ်၊ ဒီကောင်ကလဲ မူးနေတာပဲ၊ သောင်ဦးကို ရထားအမီဒီညကားနဲ့ စင်ရော်အရောက်သွားရမယ်တဲ့၊ မင်းကောင် အဲဒီကတည်းက

မဟုန်တော့ဘူး၊ သောင်ဦးဆိုတာ ဘယ်ရထားလမ်းဟုတ်လို့လဲကွ၊ မူးနေတော့ ပြောချင်ရာတွေ လျှောက်ပြောနေတာပေါ့၊ ငါနဲ့ ဦးစန်းက သော့မပေးလိုက်ဘူး၊ အဲဒါမရဘူး၊ တော်တော်လေးကြာတော့ တစ်ပါးကြီးပေါ်တက်ပြီး ဘာတွေ လျှောက်လုပ်တယ် မသိပါဘူး၊ ဝိုင်ယာကြိုးတွေရှော့ခ်ဖြစ်၊ စတာ့တာပျက်၊ မီးလုံးတွေကျွမ်းစတတ် ဖြစ်ကုန်တာပဲ၊ အဲဒီကား တော်တော်ပြင်ရမယ်၊ ဒီကောင်လဲ အလုပ်က ထုတ်ပစ်လိုက်တယ်၊ ဒါပေမဲ့ ကားပျက်တာက ရှိသေးတယ်ကွ၊ အလျော်ခိုင်းရမယ်၊ အဲဒီအမှုတော့ မင်းစီရင်ပေတော့"

ကောင်းပါ၏။ ကျော်ဆွေစီရင်သည်မှာ မှန်သည်ဟု သောင်းဒန် ထောက်ခံလိုက်သည်။ ဒရိုင်ဘာကိုဟန်ထော်သည် အိမ်ထောင်ကိုထားခဲ့ကာ လွန်ခဲ့သည့် တစ်နှစ်လောက်ကမှ ရောက်လာသူဖြစ်သည်။ ယခု စံပယ်ချောင်းသို့ ကားရောလူပါ ပို့ထားသည်။ အရက် တစ်ခါမှသောက်သည်ကို မတွေ့။ ဒီလူ ဘာစိတ်ညစ်စရာရှိလို့လဲ။

ကားပြဿနာကား ကြီးလှသည်။ သောင်းဒန်လည်း တတ်နိုင်သမျှ လိုက်လျောသည်။ စစ်တပ်ကိုလည်း အထူးလိုက်လျောရသည်။ စောစောပိုင်းတွင် ဗိုလ်မှူးသိန်းအောင်ပြောခဲ့သည့်စကားကို ကြားယောင်လာသည်။

"ဒီလိုပဲ ကိုသောင်းဒန်၊ အပြန်အလှန် ကူညီရမှာပဲ၊ ခင်ဗျားတို့ဆီလဲ အကူအညီတောင်းရမှာပဲ၊ ကားလေဗျာ၊ မော်တော်ကား၊ တော်ကြာတော့သာ တောင်းလွန်းလို့ ညည်းမနေနဲ့"

"အေး . . . ထုတ်လိုက်တာကောင်းပါတယ်ကွာ၊ လူကြီးကို ဒီလို ကလန်ကဆန်လုပ်ရင် ကျန်တဲ့လူတွေပါ အရိုသေတန်လာမယ်"

"သနားတော့ သနားစရာပေါ့ကွာ၊ ဒါပေမဲ့ ဒရိုင်ဘာအလုပ်က ပေါပါတယ်၊ နောက်တော့ မှားပါတယ်ဆိုပြီးဝန်ချလာရင် ပြန်ခန့်လိုက်ပါ"ကျော်ဆွေ စိတ်မကောင်းဖြစ်နေသည်။

"အို . . . ဘာလို့ ပြန်ခန့်ရမှာလဲ၊ ထုတ်ပြီးမှ သနားမနေနဲ့၊ ထွန်းအေးကလဲ လူဆိုးပဲကွ၊ ဒီကောင်က နောက်မှ 'တစ်နွယ်ငင် တစ်စင်ပါ'နဲ့ ရောက်လာတဲ့ကောင်၊ ဒါထက် မင်း ဘယ်တုံးက ဒီကိုရောက်သလဲ"

"မင်းတို့သွားပြီး စာရရချင်း ပြေးလာခဲ့ရတာပါဆရာ၊ အရေးပိုင်မင်းရဲ့ အမိန့်ဆိုတော့ ဘယ်နေသာမလဲကွ၊ အခု ပြန်ရမယ်၊ ဟိုက အလုပ်တွေက ဦးအေးသွင်နဲ့ လွှဲထားခဲ့ရတယ်၊ ကိုတင်မောင်လဲ မဆိုးပါဘူးကွာ၊ လုပ်တော့ လုပ်သားပဲ"

"ဘယ်တော့လောက်ပြီးမလဲ"

"ဒီဇင်ဘာလဆန်းလောက်ဆိုရင် တံတားတွေအားလုံးပြီးမယ်"

"အေး . . . အဲဒါပြီးရင် တို့ဆီပြောင်းလာခဲ့"

"ဖြစ်မလားကွ၊ အရေးပိုင်မင်းက ဘယ်လိုပြောမယ်မသိသေးဘူး"

"တော်စမ်းပါ ကျော်ဆွေရာ"

ကျော်ဆွေ ပြန်သွားသည်။

မကြာမီ တာကောတံတားမှ တရုတ်သံမဏိစည်ပိုင်းဘောင်ကြီးများ ရောက်လာသည်။ မိုးလည်း ပါးသွားပြီ။ ရေလည်း ငြိမ်သွားပြီ။ လုပ်ငန်းစရန် သာရှိတော့သည်။ နံပါတ် (၂) တိုင်ကို ပုံစံသစ်အတိုင်း ချရမည်။ ထို့ကြောင့် အလုပ်သမားများကို အစည်းအဝေးခေါ်ကာ လုပ်ငန်းသစ်အတွက် နှိုးဆော် ရသည်။

"ကျောက်တွေ့တယ်ဆိုပေမဲ့ ဘာမှပူစရာမလိုဘူး၊ ဖြစ်အောင်လုပ်မယ်၊ မင်းတို့လဲ သွေးအေးမနေကြနဲ့"

ခွင့်သွားကြသူများ အစုံအညီပြန်ရောက်လာကြသည်။ သော်ကောင်း လည်း ရောက်လာသည်။ သူတို့သည် တိုင်နံပါတ် (၂) နေရာအတွက် ဖောင်များ ပြင်ဆင်ရသည်။ ကျောက်တုံးကြီးနှစ်ခု ကွန်ကရစ်လောင်း၍ ကျောက်ချရပြန် သည်။ သဲစု၊ ကျောက်စု၊ ကျောက်ခွဲလုပ်ငန်းများကား မှန်မှန်ပင် လည်ပတ် လျက်ရှိသည်။

တစ်ခါတစ်ရံ သဲအရေးတကြီးလိုနေသည့်အခါ ဖြစ်သလိုဖန်တီး၍ သဲသယ်ရသည်။ သဲသယ်မည့်အလုပ်သမားများ စံပယ်ချောင်းတွင် လက် မလည်နိုင်အောင် ကွန်ကရစ်လောင်းနေကြသည်။ တံတားမှ သဲကို စံပယ် ချောင်းသို့ ပို့ရမည်။ ထိုအခါမျိုးတွင် ပွန်တွန်းကြီးတစ်ခုပေါ်၌ ဝန်ချီစက်

အငယ်ကလေးကိုတင်ကာ သဲသယ်မည့်ပွန်တွန်းနှင့်ယှဉ်၍ လိုက်သွားသည်။ အလုပ်သမားနှစ်ဆယ်လောက်နှင့်မှ ပြီးမည့်အလုပ်ကို အလုပ်သမားလေးငါးယောက်လောက်နှင့် ပြီးစီးအောင်လုပ်ရသည်။ ရေထဲမှသဲကို ပွန်တွန်းတစ်ခုပေါ်မှ ဝန်ချီစက်တွင် ကျားပါးစပ်ကြီးတပ်ကာဆွဲတင်ပြီး သဲတင်ပွန်တွန်းပေါ်သို့ လောင်းချသည်။ ဤနည်းဖြင့် စက်အားကိုအသုံးပြုကာ ဖြေရှင်းပေးသည်။

ရေလယ်တွင် ဖောင်ဆင်ပြီးနောက် ဝန်ချီစက်ကြီးတစ်ခုကို ဖောင်ပေါ်သို့ တင်သည်။ ပြီးလျှင် သံစည်ပိုင်းခွေကြီးများကိုချရန် စီစဉ်ရသည်။

သောင်းဒန်သည် တစ်နေကုန် ရေလယ်ဖောင်ပေါ်တွင်ရှိနေသည်။ သော်ကောင်းလည်း သူနှင့်အတူပင် စီမံခန့်ခွဲစရာတို့ကို စီမံပေးသည်။ ဘာပစ္စည်းတွေ လိုသလဲ။ ရေငုပ်ဝတ်စုံ၊ ရေစုပ်စက် နောက်ထပ်တစ်လုံး။

"ကုန်သွယ်ရေး ၁၃ က ကိုင်သလား၊ အသိရှိရင် လွယ်တယ်၊ ဒါမှ မြန်မြန်ရမယ်၊ အခု ဆည်မြောင်းက ငှားထားရတာတွေက စရိတ်တက်လှတယ်ကွာ"

"အေး . . . ငါစုံစမ်းအုံးမယ်၊ ဒီတစ်ခေါက် ရန်ကုန်သွားရင် အဲဒါ သတိပေးဟေ့၊ ရေငုပ်ဝတ်စုံကတော့ ဆိပ်ကမ်းဌာနနဲ့ ပရသဖမှာ စုံစမ်းရမှာပဲ"

ပစ္စည်းဝယ်ယူရေး မလွယ်ကူ။ ဌာနချုပ်မှ တစ်ဆင့်မှာလျှင် ရနိုင်သည်။ သို့သော် တန်းစီစနစ်အရ စောင့်ရမည်။ မစောင့်နိုင်။ အသိရှိလျှင် ရှော့ ပတ္တမြား၊ ရှော့ နဂါး။ ငွေပေး၊ ပစ္စည်းယူ၊ အလွန်လွယ်သည့်ကိစ္စဖြစ်သည်။ တံတားအတွက် ပစ္စည်းစု၊ ပစ္စည်းဝယ် အရာရှိတစ်ယောက်ခန့်ရမလိုဖြစ်နေသည်။

"ကိုကျော်ဆွေကို ဒီအလုပ်ခန့်လိုက်ပါလားကွ၊ ဒီကောင် ရန်ကုန်မှာ ဂျင်ပဲ၊ အဆက်အသွယ် ကောင်းပါ့ဗျား"

"အသာနေစမ်းပါကွာ၊ အခုမှ အလုပ်ထဲ စိတ်ဝင်စားစရှိသေးတယ်၊ ရန်ကုန်လွှတ်လိုက်ရင် မင်းကောင် ဒေါ်လီဆီက ပြန်တော့မှာမဟုတ်ဘူး"

"ဒေါ်လီနဲ့ ခွာပြဲနေပြီကွ၊ ဒီတစ်ခေါက်အသွားမှာ ကိုဘဖိုးနဲ့ တွေ့ခဲ့တယ်၊ ကောင်မလေးက စစ်ဗိုလ်တစ်ယောက်နဲ့ယူတော့မလို့တဲ့"

"ဟာ . . . ဒါ့ကြောင့် ဒီကောင် ငါးမျှားလို့ချည်းနေတာကိုး၊ ရေသာနည်းလို့ ငါးလဲ မတွေ့ပြီ၊ ချောင်းရိုးမှီဒေးတဲ့ မန်ဒါလီဆိုတာလို ဖြစ်နေပြီ၊ ဒီကောင် ချောင်းဆိပ်မှာ နေတာပဲတဲ့ကွ"

သူတို့နှစ်ယောက် တဟားဟား ရယ်ကြသည်။ ပြောစရာအကြောင်းကား မရှိ။ တစ်ခါတစ်ရံ သောင်းဒန်က သူ့သားကြီး ဖိုးတုတ်အကြောင်းကို ပြောသည်။

"ကျော်ဆွေနဲ့တော့ အချိုးကို ကျနေတာပဲဗျာ၊ ဖိုးတုတ်ကလဲ ကောင်မလေးတွေဆိုရင် သောက်ကန်းမတွေ၊ သောက်ကန်းမတွေနဲ့ သူ့ဦးလေး ကျော်ဆွေရဲ့ လေအတိုင်းပဲ"

သောင်းဒန်သည် ကလေးများကို အမှတ်ရသည်။ ဒီတစ်ခေါက် အပြန်တွင် မြင့်မြင့်သန်းကို မနည်းပင် ချွေးသိပ်ခဲ့ရသည်။ တစ်နှစ်လောက်သည်းခံလိုက်ပါဟု တောင်းပန်ခဲ့ရသည်။ ဒီကြားထဲတွင် မြင့်မြင့်သန်း မန္တလေးတက္ကသိုလ်သို့ပြောင်းရမလိုလို၊ တောင်ကြီးကောလိပ်သို့ပြောင်းရမလိုလို သတင်းထွက်လာသေးသည်။

"မဟုတ်ပါဘူးကွာ၊ ပြောင်းချင်းပြောင်း စိမ့်မြိုင်ကောလိပ်ပြောင်းရအောင် ကြိုးစားလို့ ငါတော့မှာခဲ့တာပဲ၊ ဒါကလဲ ခက်သားလားကွ၊ စိမ့်မြိုင်မှာနေရာလွတ်ရှိအုံးမှ ဖြစ်မှာ၊ မန္တလေးဆိုရင်တော့ မဆိုးဘူးကွ၊ စင်ရော်တံတားပြီးရင် မန္တလေးနားက တံတားတွေသွားဆောက်ရမယ် ဆိုရင်တော့ . . ."

သော်ကောင်း ထိုစကားတို့ကို မကြား။ တွေးနေသည်။ အစဉ်းစားကြီးနေသည်။ သူငယ်ချင်းအပေါင်းအသင်းများအားလုံး ကိုယ်စီကိုယ်စီ မိန်းမရသွားကြပြီ။ သူနှင့်ကျော်ဆွေသာ ကျန်နေသည်။ မိန်းမယူရမှာကြောက်တဲ့ လူပျိုကြီးတွေဟုလည်း တစ်ခါတစ်ရံ ကင်ပွန်းတပ်ခံရသေးသည်။

သူတို့နှစ်ယောက်သားစကားမပြောကြတော့ဘဲ အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။

'မိန်းမယူရမယ်။ မဖြစ် ဖြစ်တဲ့နည်းနဲ့ ယူရမယ်။ အိမ်ကို ရာဇသံပေး လိုက်တော့မယ်။ ခင်ဗျားတို့ ရှာရင်ရှာကြ။ မရှာရင် ကိုယ့်ဟာကိုယ်ရှာယူမယ်။ ငါမိန်းမယူရင် ဒီကောင်တွေ ဘယ်သူ့မှ အိမ်ကိုအလာမခံတော့ဘူး' ဤကား သော်ကောင်း၏အတွေး။ သော်ကောင်း၏စိတ်ကူး။

'မြင့်မြင့်သန်းလည်း ရန်ကုန်က ဘယ်မှမပြောင်းရ၊ ငါလည်း ရန်ကုန် နားက သန်လျင်တံတားကြီးဆောက်။ ဒီကတစ်ဖွဲ့လုံး ရန်ကုန်ရွှေ့သွား။ သိပ် ကောင်းမှာပဲ။ သန်လျင်တံတားဆိုတော့ တံတားကြီး။ လုပ်ငန်းကြီး။ အတွေ့ အကြုံသစ်တွေရမယ်။ ဆောက်ဖြစ်ပါ့မလား။ ပိုက်ဆံရှိရဲ့လား။ အကူအညီ ယူရမှာလား။ ရရင်ယူပေါ့။ တို့တိုင်းပြည်မှာ တံတားဟာ အရေးအကြီးဆုံးပဲ။ ဆန်ဖရန်စစ္စကိုတံတားကြီးမျိုးဆောက်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ။ ရန်ကုန်ကနေ ဒလကို တံတားတွေဖြတ်။ ဒလဘက်မှာ မြို့သစ်တည်။ စက်ရုံ တွေ ဆောက်။ ဧရာဝတီမြစ်ကို တံတားတွေဖြတ်ကူး။ မြစ်အနောက်ဘက်မှာ မီးရထားလမ်းသစ်တွေထပ်ပြီးဖောက်။ ပြည်နယ်တွေမှာ တံတားတွေ ထပ် ဆောက်။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာ။ ပြည်နယ်ပြည်မကုန်တွေ မြန်မြန်ပို့၊ မြန်မြန်ရောက်' ဤကား သောင်းဒန်၏ အတွေး။ သောင်းဒန်၏ စိတ်ကူး။

တိုင် (၂) အတွက် သော်ကောင်းနှင့် သောင်းဒန် တွက်ချက်ကြသည်။ ကွန်ကရစ်လောင်းရန် လိုသေးသည်။ နွေလောက်မှ ဖြစ်မည်။ ယခု သံခွေကြီး ကိုချကာ ကျောက်ဖျာတွေ့သည်အထိ တူးရမည်။ မြေစာများကို သယ်ထုတ် ရမည်။ ထိုလုပ်ငန်းကား ပဏာမလုပ်ငန်းဖြစ်သည်။ တိုင် (၃) တွင်လည်း ဤနည်းအတိုင်း လုပ်ရမည်။ (၂) နှင့် (၃) တို့သည် တိုင်ညီနောင်များ မဟုတ်။ ၂၃ ပေအချင်းရှိသော တိုင်လုံးကြီးသာဖြစ်သည်။ ယင်းအပေါ်တွင် ထိပ်အုပ် လောင်းကာ တိုင်ကြားကြီးအပေါ်သို့ တက်သွားရမည်။ အောက်က ကျောက် ဖျာပေါ်တွင် တိုင်လုံးကြီးတင်ပြီးသည့်အခါ အခြေခိုင်ရန်သာ အရေးကြီး သည်။ ကျန်သည့်လုပ်ငန်းတွင်ကား အခက်အခဲတွေ့စရာအကြောင်းမရှိ။ ပြင်ဆင်မှုအားလုံးပြီးလျှင် သော်ကောင်း စိမ့်မြိုင်သို့ ပြန်ပြေးရသည် ။

**မြဝတီစာပေတိုက်**

နံပါတ် (၄) တိုင်ညီနောင် ငတ်တိုလေးနှစ်ခုအတွက်ကား ရင်မောစရာ ကောင်းလှသည်။ သို့သော် ရင်မောနေ၍ မပြီး။ လုပ်စရာရှိသည်တို့ကိုသာ ဆက်၍လုပ်ရမည်။

သော်ကောင်း ပြန်သွားပြီးနောက် တိုင် (၃) မြေကြီးနှိုက်လုပ်ငန်းသည် တဖြည်းဖြည်းတိုးတက်လာသည်။ သံခွေကြီးများကို တစ်ခွေပြီးတစ်ခွေ ထပ်၍ဆင့်သည်။ ပြီးလျှင် မြေကြီးများကို နှိုက်သည်။ ကျောက်ဖျာဆီသို့ ရောက်ခါနီးနေပြီ။ ဝန်ချီစက်ကြီးသည် ကျားပါးစပ်ကြီးကိုဆွဲကာ ရေအောက် သို့ ငုပ်လျှိုးသွားသည်။ ခဏကြာလျှင် နုန်း၊ သဲတို့ကို သယ်ကာ ရေပေါ်သို့ ပေါ်လာသည်။ အေးမောင်နှင့် ဘလှတို့ ဝန်ချီစက်ကို တစ်လှည့်စီမောင်းကြ သည်။ သူတို့နှစ်ယောက်စလုံး ချိန်သားကျနေကြပြီ။ လက်မှန်နေကြပြီ။ စင်ရော်သို့ရောက်သည်မှ ယခုအထိ ဤစက်ကြီးသည် တာဝန်ကျေလှသည်။ တစ်ကြိမ်တွင်သာ ချိန်းကြိုးပြတ်သွားဖူးသည်။

ကျော်ဆွေထုတ်ပစ်လိုက်သော ထွန်းအေးအမှုကို သောင်းဒန် ဆက်၍ စီရင်ရသည်။ တစ်ပါးကြီးပြင်သည့်အတွက် ငွေ ၁၅၀ ခန့် ကုန်ကျသည်။ မများ လှ။ ထို့ကြောင့် ထွန်းအေးအား လျော်ကြေးမတောင်းတော့ဘဲ ထုတ်ပစ်လိုက် ရသည်။ အယူခံကား မရှိ။

× × × × ×

ရာသီဥတုသာသာယာယာရှိလာပြီ။ သို့သော် မြောက်လေတိုက်စ ပြုလာသည်။ ကြမ်းကြားမှလေဝင်သဖြင့် အနည်းငယ်အေးလာသည်။ သို့သော် လုပ်ရကိုင်ရ အဆင်ပြေလာသည်။

သောင်းဒန်သည် ညထမင်းစားအပြီး အိမ်ရှေ့ဝရန်တာသို့ ထွက်ကာ အနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်နေသည်။ ခဏကြာလျှင် အနောက်ဘက် ကောင်းကင်၌ နီရဲလာသည်ကိုတွေ့ရသည်။ နေလုံးကြီးကျသွားသည်မှာ ကြာလှပြီ။ တိမ်တောက်တာများလား။ တိမ်တောက်တာကလည်း နီလှချေလား။

"လှမင်းရေ လာစမ်းပါဟေ့ . . . ၊ ကြည့်လှည့်စမ်း၊ ဟိုဘက်မှာ နီရဲနေတာပဲ"

လှမင်းကို လှမ်း၍ ခေါ်လိုက်သည်။

"မီးနဲ့တူတယ် ကိုသောင်းဒန်၊ ဟုတ်တယ်ဗျို့၊ မီးခိုးလုံးကြီးတွေ တက်လာပြီ၊ စင်ရော်ဘက်ကပဲနဲ့ တူတယ်"

ချက်ချင်းပင် တစ်ခန်းစလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"လာဟေ့ . . . လာဟေ့ သွားကြမယ်၊ လှမင်း လူစုကွာ၊ တို့ကားတွေနဲ့ နိုင်သလောက် သွားသယ်ပေးမယ်"

သောင်းဒန်တို့စခန်းမှ လူတစ်ရာခန့် တစ်ပါးကြီးများဖြင့် စင်ရော်ဘက်

သို့ အပြေးလာခဲ့ကြသည်။ မြို့နားနီးလေ မီးခိုးလုံးကြီးများ တက်လာလေဖြစ် နေသည်။ မီးသည် အရှိန်ရနေသည်။ ပေါက်ကွဲသံများ၊ အော်သံဟစ်သံများ ဆူညံနေသည်။ သောင်းဒန်တို့ လူသိုက်သည် ရရာပစ္စည်းများကို မီးလွတ်ရာ သို့ သယ်ပို့ကြသည်။ မြင်ရသည့် ရှုခင်းကား စိတ်မချမ်းသာစရာ။ ငိုသံအော်သံ ဟစ်သံတို့ ဆူညံနေသည်။ ရင်ဘတ်စည်တီး ငိုနေကြသူများကိုတွေ့လျှင် ဖျောင်းဖျကာ လွတ်ရာသို့ပို့ရသည်။ အဆိုးဆုံးမှာ မိဘနှင့်ကွဲနေသောကလေး များဖြစ်သည်။

သောင်းဒန်သည် ကလေးများကိုစုရုံးကာ စံပယ်ချောင်းသို့ ခေါ်လာ သည်။ ကလေးငါးဆယ်ခန့် သူနှင့်ပါလာသည်။ စံပယ်ချောင်း၌ နေစရာမရှိ။ တစ်ညလုံး အမိုးအကာအရံမရှိဘဲ နေရတော့မည်။ ထို့ကြောင့် ကလေးများ ကို စခန်းသို့ခေါ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ဗိုလ်ကြီးဘကြိုင်ကိုရှာသည်။ မတွေ့။ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဇော်သန်းကိုလည်း မတွေ့။ ဗိုလ်ကြီး ဇော်သန်းအိမ် မီးထဲပါသွားပြီဟု ကြားရသည်။ ထို့ကြောင့် ဘယ်သူ့ကိုမှ တိုင်ပင်မနေတော့ဘဲ ကလေးများကို စခန်းသို့ခေါ်လာခဲ့သည်။ ရောက်လျှင် လူပျိုဆောင်၌ နေရာချထားပေးလိုက်သည်။ အလုပ်သမားများကား ယခု အိပ်နိုင်ဖွယ်မရှိ။ အားလုံး စင်ရော်ရောက်နေကြသည်။

သောင်းဒန်တို့ လူစုသည် မိုးလင်းခါနီးမှပင် တံတားစခန်းသို့ ပြန်ရောက် ကြသည်။ မီးအရှိန်ကား သန်းခေါင်လောက်တွင်မှ ကျသွားသည်။ တစ်မြို့လုံး နီးပါးလောင်သည်။ တံတားစခန်းတွင် လာ၍အလုပ်လုပ်ကြသည့်အလုပ် သမားများ၏ အိမ်များလည်းပါသွားသည်။ တံတားထိပ်မှ ကွမ်းသီးခြံရှင် ဒေါ်စောရွှေ၏အိမ်လည်း ပါသွားသည်။

တစ်ရက်၊ နှစ်ရက် သောင်းဒန်တို့ အလုပ်မလုပ်နိုင်။ မီးလောင်မြေတွင် ရှင်းလင်းရန် လုပ်အားသွား၍ပေးကြရသည်။ သောင်းဒန်ခေါ်လာခဲ့သည့် ကလေးများကို နောက်တစ်နေ့၌ စခန်းမှစုကာ ထမင်းဟင်းချက်ကျွေးကြရ သည်။ သူတို့ကား ဘာမှန်းမသိကြ။ ပျော်၍ပင် နေသေးသည်။ ကျွေးသမျှ ကုန်အောင် စားသည်။ နောက်တစ်နေ့ ညနေတွင် မိဘများက လာ၍ခေါ်သွား

ကြသည်။

စိမ့်မြိုင်မှ တိုင်းမှူးသည် မီးလောင်မြေသို့ လာ၍ကြည့်သည်။ ဒုက္ခသည်စခန်းသို့သွားကာ အားပေးစကားပြောသည်။ ရန်ကုန်မှ သက်ဆိုင်ရာတို့လည်း ရောက်လာကြသည်။ မီးဘေးကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးတို့ ဖွဲ့စည်းသည်။ သောင်းဒန်တစ်ယောက် ကန့်လန့်ကန့်လန့်နှင့် ပြန်လည်နေရာချထားရေးကော်မတီထဲ၌ ပါသွားသည်။ သောင်းဒန် အလွတ်ရုန်းချင်သည်။ သူ့တွင်လည်း တံတားဆောက်လက်စတန်းလန်းကြီးနှင့် ဖြစ်နေသည်။ အချိန်ပိုမပေးနိုင်။ သို့သော် အများဒုက္ခရောက်နေခိုက် ရှောင်နေ၍မသင့်ဟုယူဆကာ ယက်ကန်ယက်ကန်နှင့် ပါနေရသည်။ မကြာမီပင် သောင်းဒန်တာဝန်ပေါ့ဖို့ ဖြစ်လာသည်။

စင်ရော်မြို့သစ်တစ်ခုတည်မည်။ မြို့ဟောင်း၌ အကွက်များစနစ်တကျ ရိုက်ပေးမည်။ မြို့သစ်ကို အရှေ့ဘက်တောင်ကုန်းတွင် လျာထားသည်။ တောင်ကုန်းများကို ဖြိုရမည်။ မြောင်းများ ဖောက်ရမည်။ မြောင်းကျော်တံတားလေးများ ဆောက်ရမည်။ ထိုလုပ်ငန်းကိုဦးစီးမည့်သူ ရှာကြသည်။ ဥက္ကလာပ မြို့သစ်ဆောက်ရာတွင်ပါဝင်သူ သော်ကောင်းကိုတွေ့သွားသည်။

တံတားကို ဦးသောင်းဒန်နှင့် လွှဲထား။ ဦးသော်ကောင်းကို လူအင်အားဖြည့်ပေးမည်။ မြို့ဟောင်းကို အကွက်ရိုက်။ လမ်းကျယ်ကြီးများ ဖောက်။ မြို့သစ်ကိုတည်။

"ငါတော့ ထီပေါက်ပြန်ပြီဟေ့၊ ဒီအတိုင်းဆိုရင် ငါ့ရုံးကို စင်ရော်ရွှေ့လာရမလိုဖြစ်နေပြီ"ဟု သော်ကောင်းက ဆိုသည်။

"ကောင်းတာပေါ့ကွာ၊ ငါနဲ့ နီးလာတာပေါ့၊ ဒီမှာဆိုတော့ တွဲပြီး လုပ်နိုင်တာပေါ့"

"ငါလဲ မင်းဆီကလူတွေ အားကိုးတာပါပဲ၊ လှမင်းတို့၊ စောသာအေးတို့ ဆွဲရမှာပဲ၊ ငါ့ဆီ လူရောက်မလာခင်ပေါ့ကွာ"

စင်ရော်မြို့သည် သမိုင်းအလိုအရ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာကျော်မှ တည်ခဲ့သည့်မြို့ဖြစ်သည်။ မြို့တည်ပြီးနောက် တစ်ကြိမ်မျှမပျက်ခဲ့ဖူးဘူးဟု

သမိုင်းဆရာတို့က ဆိုသည်။ အောင်နိုင်ပြည်သားတို့သည် အကြိမ်ကြိမ်လာ၍ စင်ရော်မြို့ကို ဖျက်ကြသည်။ မပျက်။ တစ်ခါကသော် စင်ရော်မြို့ကို ရာမဒေဝီ မိဖုရားတစ်ပါး အုပ်စိုးလေသည်။ ရာမဒေဝီသည် အကျင့်သီလနှင့် ပြည့်စုံသည်။ တရားဓမ္မဘက်၌ မွေ့လျော်သည်။ တစ်ကြိမ်တွင် အောင်နိုင်ပြည်သားတို့အလုံးအရင်းနှင့် စင်ရော်မြို့ကို လာ၍ဝိုင်းသည်။ ရာမဒေဝီ၌ အင်အားမရှိ။ မြို့စောင့်တပ်သား အနည်းငယ်သာရှိသည်။ သို့သော်လည်း ရာမဒေဝီ မစိုးရိမ်။ တောင်ခြေသို့သွားကာ ဥပုသ်သီတင်းဆောက်တည်နေသည်။ တစ်လပတ်လုံး အဓိဋ္ဌာန်ပြုကာ ဥပုသ်စောင့်သည်။ အောင်နိုင်ပြည်သားတို့ မြို့ရိုးကိုမဖောက်နိုင်ဘဲ တပ်ဆုတ်သွားကြရသည်ဟူ၍လည်း စင်ရော်သမိုင်း၌ဆိုသည်။ သို့ဖြစ်ရာ စင်ရော်သားတို့သည် သူတို့မြို့ ဘယ်တော့မှမပျက်နိုင်ဟု အယူရှိကြလေသည်။

ဤသည်နှင့်ဆက်နေသောအကြောင်းတစ်ခု ရှိသေးသည်။ ယင်းမှာ ဗိုလ်ကြီးဇော်သန်းပြောလေ့ပြောထရှိသည့် ယုံကြည်မှုတစ်ခုပင်ဖြစ်သည်။ သောင်းဒန်တို့တံတားနှင့်လည်း ဆက်နေသည်။ စင်ရော်မြို့ကား လမ်းဆုံးတည်း။ စင်ရော်မြို့တောင်ဘက်ဆက်၍ လမ်းမဖောက်နိုင်။ စင်ရော်မြို့ပျက်မှ လမ်းတောက်လျှောက်ပေါက်မည်။ သိုက်လား၊ တဘောင်လား။

သောင်းဒန် မယုံကြည်။ မယုံကြည်သည်မှာ သူ့အကြောင်းနှင့်သူဖြစ်သည်။ ထိုသိုက်တဘောင်ကို ယုံကြည်လျှင် သူ့တံတားပြီးမြောက်ရေး၌ ယုံကြည်မှုလျော့ပါးသွားလိမ့်မည်။ ထိုသိုက်တဘောင်အလိုအရကား စင်ရော်ချောင်းကိုဖြတ်ကူးမည့်တံတားဆောက်လုပ်ငန်းသည် မအောင်မြင်နိုင်။ စင်ရော်မြို့ပျက်မှ အောင်မြင်မည်။ စင်ရော်မြို့သည်လည်း ဘယ်တော့မှပျက်မည့်မြို့မဟုတ်။

စင်ရော်မြို့မီးလောင်ပြီး နောက်တစ်ပတ်ခန့်ရှိလျှင်ဥညြရွာမှ အရူးမတစ်ယောက်က စင်ရော်ချောင်းတံတားအောင်မြင်စွာ ပြီးမြောက်လိမ့်မည်။ အကြောင်းမှာ စင်ရော်မြို့ မီးလောင်ကာ ပျက်သွားသောကြောင့်ဖြစ်သည်ဟု ဆိုသည်။ ထိုသတင်းကို ပါတီယူနစ် ဥက္ကဋ္ဌကြီး ဗိုလ်ကြီးဇော်သန်းက သောင်းဒန်

ထံသို့ ယူလာသည်။

သောင်းဒန် ဘာမှဝေဖန်ဆန်းစစ်ခြင်းမပြုလိုက်။ သူများဒုက္ခရောက်မှ မိမိလုပ်ငန်းအောင်မြင်မည်။ ထို့ကြောင့် ဝမ်းသာအားရဖြစ်နေသည်ဟု အများက ထင်ကြလိမ့်မည်။ ဒီအဖြစ်မျိုး အရောက်မခံနိုင်။ သူလည်း မြို့မီးလောင်သဖြင့် အများနည်းတူ စိတ်မချမ်းသာခဲ့ပါ။

"ခင်ဗျားကတော့ ဒီသတင်းကြားရတာ ဝမ်းသာနေမှာပေါ့"

ဗိုလ်ကြီးဇော်သန်းက သောင်းဒန်ကို ကလိသည်။

"ကျွန်တော့်တံတားအောင်မြင်မယ်ဆိုတဲ့ အတိတ်နိမိတ်စကားကိုတော့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ စင်ရော်မြို့ မီးလောင်တာကိုတော့ ကျွန်တော် စိတ်မကောင်းပါဘူး၊ အဲဒီစကားကို မြို့ထဲမှာ ပြောမနေပါနဲ့ဗျာ၊ အလကားနေရင်း ကျွန်တော်တို့တံတားကို ကြည့်မရဖြစ်နေကြပါလိမ့်မယ်"

ထိုကောလာဟလကို ရပ်တန်းကရပ်အောင် ပိတ်လိုက်ရသည်။

မကြာမီ သော်ကောင်းနှင့် ရုံးအဖွဲ့အချို့ စင်ရော်သို့ ရွှေ့လာသည်။ လူအင်အားမတောင့်မီ၊ လှမင်းကို သော်ကောင်း ဆွဲခေါ်သွားသည်။ လှမင်းသည် သူနှင့်အတူ ဥက္ကလာမြို့သစ်တည်ရာ၌ အတွေ့အကြုံရှိခဲ့သူဖြစ်သည်။

"မြန်မြန်ပြန်လွှတ်ဗျား၊ ငါ့မှာ စံပယ်ချောင်း လမ်းအတွက် ဒီကောင်ကို အားကိုးနေရတာ၊ ဒီနှစ် ဂဝံကျောက်တွေ ထပ်ပြီးတင်မယ်စိတ်ကူးနေတာ"

"အေးပါကွာ၊ မင်းအတွက် လူစားလာပါလိမ့်မယ်၊ တို့ဇာတ်လိုက်ကြီး ဗိုလ်ကျော်ဆွေတစ်ယောက် သူ့လမ်းမှာ တံတားတွေ ပြီးသွားပြီတဲ့၊ ဒီတော့ သူ့ကို မင်းဆီပို့လိုက်မယ်၊ ဦးရွှေသိန်းနဲ့လဲ ငါ တိုင်ပင်ခဲ့ပြီးပါပြီကွာ"

"ကောင်းမှကောင်းပေါ့ သော်ကောင်းရာ၊ ဘယ်တော့လာမှာလဲ"

"နေအုံးကွ၊ ဌာနချုပ်ကအဖွဲ့နဲ့ တိုင်းမှူးတို့ သူ့လမ်းကနေပြီး စင်ရော်ကို လာကြမယ်လို့ သတင်းကြားတယ်၊ သူတို့ပြန်သွားမှ မင်းဆီကို ကျော်ဆွေရောက်လာမှာ၊ ဒီကောင့်ကို စံပယ်ချောင်းမှာ ထားလိုက်ပေါ့ကွ၊ တံတားနဲ့ ချဉ်းကပ်လမ်း အချောလုပ်ငန်း သူလုပ်ပါစေ"

နောက်သုံးရက်ခန့်ရှိလျှင် တိုင်းမှူး၏ရှေ့ပြေးအဖွဲ့စင်ရော်သို့ရောက်လာ

သည်။ နောက်တစ်နေ့မှာပင် ရန်ကုန်ဌာနချုပ်အဖွဲ့၊ တိုင်းမှူး၊ ဒုတိယတိုင်းမှူးတို့ စင်ရော်သို့ ကားလမ်းမှရောက်လာကြသည်။ ထိုအဖွဲ့နှင့်အတူ ကျော်ဆွေလည်း ပါလာသည်။

“ဒီနေ့မနက်ပဲ အားလုံး တံတားတွေ လက်စသတ်တယ်၊ နင့်မေကလွှားတဲ့၊ စောစောက ဒီကို သူတို့အဖွဲ့လာမယ်မှန်းသိရင် သေသေချာချာလုပ်တာပေါ့ကွာ၊ အခုတော့ ကပ်ပြီး ပြောတယ်၊ လူကို ဖတ်သီလိုက်လို့”

“ဟ . . . မင်းလမ်းက စိတ်ချရတာမှ မဟုတ်ဘဲ၊ သူတို့ လာမှာကို ဘယ်ကြေညာထားပါ့မလဲကွ၊ သူတို့က ဒီအတိုင်းပဲ၊ လာခါနီးမှ ကပ်ပြောတာချည်းပဲ”

“တစ်လမ်းလုံး အစောင့်တွေကို အထပ်ထပ် ချထားတာပဲ ဆရာ”

အဖွဲ့သည် မီးလောင်မြေကို ကြည့်သည်။ မြို့ကွက်ချရေးကို ဆွေးနွေးသည်။ မြို့မိမြို့ဖများနှင့်တွေ့ကာ အားပေးစကားပြောသည်။ မြို့သစ်တည်ရေးအတွက် အကြံဉာဏ်များ တောင်းသည်။ ထို့နောက် သောင်းဒန်တို့ တံတားစခန်းသို့ နေ့လယ်ပိုင်းတွင် ရောက်လာကြသည်။ လမ်းတွင် စံပယ်ချောင်းတံတားဆောက်နေသည်ကို ဆင်း၍ ကြည့်ကြသည်။

“ဟာ . . . ပတ်ကားပါလား၊ တယ်ခံ့တာပဲ၊ ဘယ်တော့လောက်ပြီးမလဲ”

“နောက် သုံးလေးလရှိမှ ပြီးမယ်ခင်ဗျ”

“အေးဗျာ . . . ခင်ဗျား စင်ရော် တံတားကြီးပြီးရင်တော့ ဟန်ကျမှာပဲ၊ ရေပြာ၊ သောင်ဦးအထိ ကားတောက်လျှောက်ပဲ”

တိုင်းမှူးသည် ထိုစကားကိုသာ တွေ့တိုင်းပြောသည်။

“အခု စခန်းသစ်နဲ့စင်ရော်ကြားတော့ ဟန်နေပြီဗျ၊ လမ်းကိုပဲ ကျောက်ထပ်ဖို့ရမယ်၊ လမ်းက တကယ့် တောကြီးထဲဖြတ်တာကိုးဗျ၊ ဒီလမ်းပေါ်မှာ ကားမသွားတာ ဆယ်နှစ်လောက်တော့ရှိပြီထင်တယ်”

ထို့နောက် စမ်းချောင်းတံတားလေး၌ တစ်ထောက်နားကြပြန်သည်။ သောင်းဒန်တို့ ဌာနချုပ်မှအဖွဲ့ဝင်လူကြီးတစ်ယောက်က –

“ဟာ . . . ဒီတံတားက သစ်သားတံတားဆိုတော့ ဘယ်ဟန်မလဲဗျ၊ ဒါလဲ ရိုးရိုးကွန်ကရစ်တံတားဆောက်လိုက်ပေါ့”

“ဟုတ်ကဲ့၊ ငွေက . . .”

“ထပ်ပေးမယ်ဗျာ၊ စံပယ်ချောင်းက ပတ်ကားတံတား၊ စင်ရော်ချောင်းက ဟိန်းနေတဲ့တံတားကြီး၊ ဒီမှာကျမှ သစ်သားတံတားဆိုတော့ ဘယ်ဟန်မလဲဗျ”

စံပယ်ချောင်းကား ဆောက်လက်စတန်းလန်းအခြေတွင်ရှိနေသည်။ သစ်သားအချောင်းအချောင်းတို့ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ငြမ်းကြီးနှင့် တူနေသည်။

“ဟောဒီ ချဉ်းကပ်လမ်းကိုလဲ ကတ္တရာလမ်းခင်းဗျာ၊ ဒါမှ ကျက်သရေရှိမှာပေါ့”

“ဟုတ်ကဲ့ခင်ဗျ၊ ဒါကတော့ နောက်မှ လုပ်လဲဖြစ်ပါတယ်ခင်ဗျ”

တံတားစခန်းရောက်လျှင် နံပါတ် (၄) တိုင်ညီနောင်ကို ကြည့်ကြသည်။ ရေလယ်ဖောင်ကြီးပေါ်မှ မြေကြီးများ တူးနှိုက်နေသည်ကိုကြည့်ကြသည်။ ထို့နောက် အခြေအနေများကို မေးသည်။ သောင်းဒန်က လက်ရှိအခြေအနေကို ရှင်းပြသည်။

“အင်း . . . တယ် လက်ဝင်တာကိုးဗျ၊ အင်းဗျာ၊ ပြီးအောင်သာဆောက်ကြ၊ လိုတဲ့အကူအညီကိုတောင်း”

ထိုနေ့ညတွင် စင်ရော်မြို့၌အိပ်ကာ နောက်တစ်နေ့မနက်တွင် လေယာဉ်ပျံနှင့် စိမ့်မြိုင်သို့ ပြန်သွားကြလေသည်။ ကျော်ဆွေသည် စစ်ကားများနှင့် စခန်းသစ်သို့ ပြန်၍လိုက်သွားသည်။ လမ်းတွင် လက်စသိမ်းစရာရှိသည်တို့ကို သိမ်းသည်။ အလုပ်သမားများကို ပြန်၍စုစည်းကာ စခန်းသစ်သို့ စစ်ကားများနှင့် ပြန်ခေါ်သွားသည်။ တစ်လမ်းလုံးရှိ အစောင့်အကြပ်တပ်များကို တပ်ရင်း (၃၁၀) တပ်ရင်းမှူးက ရုပ်သွားသည်။ ထိုနေ့ညတွင် ကျော်ဆွေ ကောင်းကောင်းအိပ်ပျော်သည်။ တာဝန်တစ်ခု ပြီးဆုံးသွားပြီ။ ဟင်းချနိုင်ပြီ။ သက်မ ချနိုင်ပြီ။

သို့သော် နောက်တစ်နေ့မနက်တွင် သတင်းဆိုးတစ်ခုကို ကျော်ဆွေ

ကြားရလေသည်။ ယင်းမှာ သူ ဆောက်ခဲ့သောတံတားအားလုံးကို ညက သူပုန်များ မီးရှို့သွားခြင်းပင် ဖြစ်သည်။ ထိုတံတားများကို ပြန်၍ဆောက်ခဲ့သော် သေဒဏ် . . .။

× × × × ×

## ၄၁

ကျော်ဆွေသည် ခေါင်းငိုက်စိုက်ချကာ တံတားစခန်းသို့ ရောက်လာသည်။ ထိုသတင်းကို သော်ကောင်း၊ သောင်းဒန် အားလုံးကြားကြပြီးဖြစ်သည်။ စခန်း၌ သော်ကောင်းလည်း ရောက်နေသည်။ ကျော်ဆွေရောက်လာသဖြင့် စင်ရော် တွင် မအိပ်ဘဲ စခန်းသို့လိုက်လာခြင်းဖြစ်သည်။

"ကဲ . . . ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့ သောင်းဒန် ဂိုက်စကီကိုပဲ ဆော်ရတော့မှာပဲ၊ ငါကတော့ တံတားတွေပြီးလို့ စိတ်အေးလက်အေးဖြစ်နေ ပါတယ်၊ နင့်အမေကလွှား နောက်ထပ်ဆောက်ရင် သေဒဏ်တဲ့"

"အင်း . . . ကိုကျော်ဆွေတို့တော့ ခေါင်းကလေးပြုတ်တော့မယ်ဗျား၊ သတိသာထားပေတော့"

သောင်းဒန် အရှိန်ရနေသည်။ ယခုမှ သူ့တွင် အဖော်ရလာပြီ။

"သော်ကောင်းက မြို့ပျက်ကြီးကို ထပ်ဆောက်၊ မင်းက တံတားပျက် တွေထပ်ဆောက်၊ ငါက ကျောက်ဖျာကြီးပေါ် တိုင်ကြီးဆောက်၊ ကောင်းမှ ကောင်းကွာ"

"ဟေ့ . . . အဲဒီတံတားတွေ ငါထပ်ပြီး ဆောက်ရအုံးမှာလားကွ၊ အခု ငါ စံပယ်ချောင်း ပရောဂျက်ရောက်နေပြီမဟုတ်လား၊ ပြောစမ်းပါအုံးကွ၊ အရေးပိုင်မင်းရ" ကျော်ဆွေ ဖောက်လာသည်။

"ဒီအတိုင်းနေကွာ၊ မင်း ဘာမှထပ်ပြီး လုပ်ဖို့မလိုသေးဘူး၊ ဒီတစ်ခါ

ဆိုရင် လမ်းတစ်လမ်းလုံး စစ်တပ်ချပြီးမှ ဆောက်လို့ဖြစ်မှာ၊ အခုအထိတော့ နောက်ထပ် ဘာအမိန့်မှမလာသေးဘူး၊ ငါလဲ မမေးအားဘူး၊ သူတို့လဲ အခြေအနေသိပါတယ်ကွာ၊ အခြေအနေအရ ခိုင်းမှာပါ၊ ပူမနေပါနဲ့”

ကျော်ဆွေမပူပါ၊ တာဝန်သစ်ဖြစ်သော စံပယ်ချောင်းသို့ မှန်မှန်သွားသည်။ မနက် ၅ နာရီထိုးပြီဆိုလျှင် ကျော်ဆွေအိပ်ရာမှ နိုးသည်။ ကော်ဖီတစ်ခွက်သောက်ကာ တုတ်တစ်ချောင်းကိုင်၍ စံပယ်ချောင်းအထိ လမ်းလျှောက်သည်။ သုံးမိုင် ပျော့ပျော့ခရီးဖြစ်ရာ ၇ နာရီထိုးမှ စံပယ်ချောင်းသို့ ရောက်သွားသည်။ ကော်ဖီပူပူသောက်သဖြင့် တစ်ခါတစ်ရံလမ်းလျှောက်ရင်း နောက်ဖေးသွားချင်လာသည်။ ထိုအခါ လမ်းဘေးချုံစပ်သို့ ဝင်လိုက်သည်။ လွတ်လွတ်လပ်လပ် နောက်ဖေးထိုင်ရသည်မှာ အလွန်ကောင်းသည်။ စခန်းတွင် အိမ်သာစော် နံလှသည်။

စံပယ်ချောင်းတွင် တစ်နေကုန် ရုံးထိုင်သည်။ လမ်းများ ကြိတ်နေသည်ကို လိုက်၍ကြည့်သည်။ တံတားတိုင်များ ကွန်ကရစ်လောင်းနေသည်ကို ကြည့်သည်။ မနက် ၁၁ နာရီလောက်တွင် ကားတစ်စီးက သူ့အတွက် ထမင်းချိုင့်သယ်လာသည်။ ညနေ ၅ နာရီထိုးမှ စခန်းသို့ ပြန်သည်။

သူ့ရုံးသည် လမ်းခုလတ်ဖြစ်နေသဖြင့် သောင်းဒန်နှင့် သော်ကောင်းတို့ နှစ်ယောက်စလုံးနှင့် အဆက်အသွယ်ရနေသည်။ ရုံးပေါ်မှထိုင်ကြည့်နေလျှင် စင်ရော်သို့ပါသွားကြသည့် အလုပ်သမားများကို သူတွေ့လိုက်ရသည်။ စင်ရော်မှ ပြန်လာသူများကိုလည်း မြင်လိုက်ရသည်။ ဘယ်သူဘယ်အချိန်က ဘာကားနဲ့ပါသွားပြန်ပြီ၊ ဘယ်သူတော့ စခန်းထဲက ကောင်မလေးတွေနဲ့တွဲပြီး စင်ရော်ကို ထွက်သွားလေရဲ့။

ဤသို့ဖြင့် စံပယ်ချောင်းသည် သတင်းစုံရပ်ကွက်။

“မင်းစခန်းက ကောင်မလေးတွေက လှိုင်းကြီးပါတိတ်တို့ တယ်ပေါကိုးကွ၊ အရင် တနင်္ဂနွေက အပြာရောင်ဆိုရင် အခု တနင်္ဂနွေမှာ အဝါရောင်၊ ရောင်စုံပဲဗျာ”

ဤသည်မှာ မိန်းကလေးများအကြောင်း။

"မင်းကောင်တွေ စနေ၊ တနင်္ဂနွေဆိုရင် ယိမ်းထိုးနေတာပဲ၊ စင်ရော် လာလာပြီး အရက်သောက်ကြတာ၊ ညညကျရင် စခန်းမပြန်နိုင်လို့ တို့စံပယ် ချောင်း ဝင်ဝင်အိပ်ကြတယ်တဲ့၊ တစ်ခါတလေ ကောင်မလေးတွေပါလာ သတဲ့"

ဤသည်မှာ ဖိုးငနဲများအကြောင်း။

ကျော်ဆွေသည် စခန်းသို့ရောက်လာမှ ပျော်နေသည်။ ညနေတိုင် အလုပ်မှပြန်လာလျှင် စောသာအေးအိမ်သို့ စ၍ဝင်သည်။ မီးဖိုချောင်အထိ ဝင်ကာ ဟင်းအိုးများကို လှပ်ကြည့်သည်။ ထမင်းစားနေခိုက်ဆိုလျှင် ဟင်း မြည်းသည်။ ထို့နောက် ခင်မောင်စိန်တို့အိမ်ဘက်သို့ ကူးသည်။ ခင်မောင်စိန့် သားကြီး တုတ်ကြီးက သူ့ကိုမြင်လျှင် အသံအောကြီးနှင့် 'ဆရာ'ဟု သူ့အဖေ ခေါ်သလို အတိုင်းခေါ်သည်။ 'အားတိုင်းမွေးလေးလားဟဲ့'ဟု ပါးကို လိမ်ဆွဲ ခဲ့သည်။ ထိုအိမ်ကဆင်းလျှင် လှမင်းတို့အိမ် ဝင်ပြန်သည်။

"အင်း . . . ခင်ဗျားယောကျ်ားတော့ ပြန်လာရတော့မှာမဟုတ်ဘူး"

လှမင်းကို သော်ကောင်းက "အိမ် မပြန်တော့နဲ့ကွာ၊ ငါနဲ့အတူ တစ်ပတ်လောက်လာနေ"ဟု ခေါ်သွားသည်။

"လာမှာပေ့ါရှင်၊ တစ်ပတ်ပဲလို့ ပြောသွားတာ"

"အရေးပိုင်မင်းက လူပျိုကြီးဗျ၊ ကိုယ်ချင်းစာတတ်တာမဟုတ်ဘူး"

ခင်ခင် နှုတ်ခမ်းစူလာသည်။

"မထူးပါဘူး၊ ရှင်တို့ အတူတူချည်းပါပဲ၊ ဦးသောင်းဒန်ကလဲ သူ့မိန်းမ ပါမလာတော့ ကိုယ်ချင်းမစာဘူး၊ ကိုလှမင်းကိုချည်း ခိုင်းတာပဲ၊ ည၌အိပ် ည၌နေသွားစရာရှိရင်လဲ ကိုလှမင်းပဲ၊ တစ်နေကုန်တစ်နေခန်းလုပ်စရာရှိလဲ ကိုလှမင်းပဲ"

ထိုအကြောင်းကို သောင်းဒန်အား ပြောပြသည့်အခါ သောင်းဒန် ရယ် သည်။

"ဟုတ်တယ်ကွ၊ သော်ကောင်းက လှမင်း အိပ်ရာလိပ်ခဲ့ကွာ၊ ငါနဲ့ တစ်ပတ်လောက်လာနေလှည့်လို့ခေါ်တော့ ဒီကောင် ဘာမှမပြောရဲဘူး၊ အိပ်ရာ

လိပ်ပြီး ကောက်ကောက်ပါအောင် လိုက်သွားတာပဲ၊ ခင်ခင်က မျက်နှာလေး မဲ့ပြီး ကျန်ရစ်ခဲ့တယ်၊ တို့ ရယ်လိုက်ရတာကွာ"

လှမင်း အိမ်မှဆင်းလျှင် ရှမ်းမ နန်းခမ်းလုံအိမ်သို့ လှမ်း၍အော်သည်။

"ရှမ်းပြည်နယ်က ပါလာတာက တစ်ယောက်၊ ဒီမှာ မွေးအုံးမှာက နောက်တစ်ယောက်၊ အားတိုင်းမွေးတွေ၊ အားတိုင်းမွေးတွေ"

"ဦးကျော်ဆွေတို့က မမွေးရတော့ ပြောမှာပေါ့"

ရှမ်းသံဝဲဝဲနှင့် နန်းခမ်းလုံက ပြန်တွယ်လိုက်သည်။

"တို့ဖို့ ပဲပုပ်တစ်ခွက် ပို့လိုက်စမ်း"

ဤသို့ဖြင့် ကျော်ဆွေ အိမ်သို့ရောက်လာသည်။ ရေချိုး၊ ထမင်းစားကာ အိပ်ရာထဲသို့ ထိုးဝင်ကာ ရေဒီယိုနားထောင်သည်။ နားထောင်ရင်းပင် အိပ်ပျော် သွားတတ်လေသည်။

ထိုအချိန်တွင် ဆရာကြီးသောင်းဒန် အောက်သို့ ဆင်းသွားသည်။ အလုပ်အကြောင်း စောသာအေးထံ စနည်းနာသည်။ ရဲဘော်များ၏ ကင်းတဲ သို့သွား၍ အရပ်သတင်း၊ သူပုန်သတင်း စနည်းနာသည်။ သောင်းဒန်ပြန်လာ သည့်အခါ ကျော်ဆွေ တခေါခေါဟောက်နေပြီ။

"ဒီကောင် ခုတလော အသားမွေးနေတာဗျ၊ အရက်တိုက်လဲ မသောက် ဘူး၊ ညလဲ အစောကြီး အိပ်ရာဝင်၊ လူကို ဝဖီးလာတာပဲ၊ ဒီကောင် မိန်းမယူ တော့မှာဗျ၊ လိမ္မာနေပြီ"

သောင်းဒန်က မကျေနပ်သံနှင့် ကလိသည်။ ထိုအကြောင်း သော်ကောင်း ကိုလည်း ပြောသည်။

သော်ကောင်းသည် ယခုနေအခါ သူတို့ကို စိတ်မဝင်စားနိုင်အား။ မြို့ကွက်ရိုက်၊ မြို့သစ်တည်နှင့် မအားရအောင် အလုပ်များနေသည်။ တစ်ခါ တစ်ရံမှ တံတားဘက်သို့လှည့်လာကာ အခြေအနေစုံစမ်းသည်။ စနေနေ့ တစ်နေ့တွင် သော်ကောင်း တံတားသို့ရောက်လာသည်။

သူနှင့်အတူ လှမင်းလည်း ပြန်လိုက်လာသည်။ လှမင်းပြန်လာလျှင် ခင်ခင်ပြုံးသည်။ ခင်ခင့်မျက်နှာ သကာရည်လောင်းထားရသလား အောက်မေ့

ရသည်။ တစ်မျက်နှာလုံး ချိုလာသည်။

"ဘယ်လိုလူမှန်း မသိပါဘူးကွာ၊ တစ်နေ့ညက ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ ညဆယ့်တစ်နာရီလောက်ရှိမှ အိပ်ရာကထတဲ့ပြီး လာဟေ့ . . . လှမင်း၊ မြို့သစ်ဘက်က လမ်းတွေသွားကြည့်ရအောင်ဆိုပြီး ငါ့ကို အိပ်ရာထဲက ခေါ်သွားတယ်၊ သူသွားတော့ ငါလဲ ထလိုက်ရတာပေါ့ကွ"

လှမင်းက ခင်ခင့်အား သော်ကောင်းအတင်း ပြောသည်။

"လူပျိုကြီးဆိုတော့ အချိန်ရှိသရွေ့ အလုပ်ပဲစဉ်းစားနေမှာပေါ့"

လှမင်း ကွမ်းဗရပျစ်နှင့် ရယ်သည်။

သော်ကောင်းသည် ထိုနေ့ည တံတားတွင်အိပ်သည်။ နေညဉ့်းသဖြင့် နဂိုက လတ်သောအသားသည် ညိုလာသည်။ ပါးရိုးများလည်း ပေါ်လာသည်။ သူ့တွင် ပြဿနာများပါလာတတ်သည်။ ထိုပြဿနာများကို သောင်းဒန်နှင့် ကျော်ဆွေတို့အား တင်ပြကာ အကြံဉာဏ်တောင်းလေ့ရှိသည်။ တစ်ခါတစ်ရံ အလုပ်တွင် အဆင်မပြေလျှင် တံတားသို့ရောက်လာကာ ညည်းသည်။

မြို့သစ်တစ်ခု အကွက်ရိုက်နေဆဲမှာပင် ဓနိဈေးများ ထိုးတက်သွားသည်။ သစ်ဈေး၊ ဝါးဈေး ထိုးတက်သွားသည်။ ဈေးနှုန်းကန့်သတ်ဖို့ ကောင်းသည်။ လူအများ အိုးမဲ့အိမ်မဲ့ဖြစ်နေစဉ် ဈေးတက်သည်မှာ မကောင်းဟုဆိုသည်။ ဓနိဈေးတက်သဖြင့် သူတို့ တံတားစခန်းကိုပါ လာ၍ထိခိုက်သည်။ ယခု ဝယ်ချင်တိုင်း ဝယ်၍မရ။

"ငါတော့ ဟိုစစ်ဆင်ရေးမှူး ဗိုလ်မှူးကြီးရှိန်မောင်ဆိုတဲ့လူကို ကြောက်လာပြီဆရာ၊ ဘာမှမပြောရဲတော့ဘူး"ဟု သော်ကောင်းက စလိုက်သည်။

ဗိုလ်မှူးကြီးရှိန်မောင်သည် စင်ရော်ဘက်သို့ ခဏခဏရောက်လာတတ်သည်။ ရောက်လျှင် မြို့သစ်ဆောက်နေသော သော်ကောင်းရုံးသို့ဝင်လာကာ အခြေအနေစုံစမ်းသည်။ တစ်ခါတစ်ရံ တံတားသို့ရောက်လာတတ်သည်။ တံတားအခြေအနေ စုံစမ်းသည်။ မြို့သစ်သည် သူနှင့်မဆိုင်။ သူ့အလုပ်မှာ စစ်ဆင်ရေးသာဖြစ်သည်။ နလက၊ ပါတီယူနစ်တို့သည် သူနှင့် တိုက်ရိုက် မပတ်သက်။ သို့သော်လည်း ရောက်လျှင် ဝင်၍စနည်းနာသည်။

"ဘာဖြစ်လို့လဲ"

"တစ်နေ့က သူပေါက်ချလာပြီး မြို့သစ်ဘက်ကိုလှည့်ကြည့်ရအောင်တဲ့၊ ပြီးသလောက်ပေါ့ဗျာတဲ့၊ ဒါနဲ့ ငါလဲ ကားနဲ့လိုက်ပြတယ်၊ မင်းတို့ စံပယ်ချောင်းနားမြို့ကအထွက်မှာ ဘုရားလေးတစ်ဆူရှိတယ်မဟုတ်လား၊ အဲဒီနားမှာ ကွမ်းသီးခြံ တစ်ခြံရှိတယ်၊ အုန်းပင်ကလေးတွေလဲ ခုမှ စိုက်စရှိပါသေးတယ်၊ အဲဒီခြံက မြို့သစ်ထဲပါနေတယ်၊ ငါ့အလုပ်က မြေပုံထဲပါတဲ့မြေဆိုရင် အားလုံးမြေညှိစက်ကြီးနဲ့ထိုးချရမှာပဲ၊ ဒါနဲ့ ငါလဲ မြေညှိရအောင် စက်နဲ့လွှတ်လိုက်တာပေ့ါ၊ အဘိုးကြီးနဲ့ အဘွားကြီးထွက်လာပြီး မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနဲ့မလုပ်ကြပါနဲ့၊ ခုမှ စိုက်စရှိပါသေးတယ်၊ အမေတို့ အရင်းတစ်သောင်းလောက်ဝင်နေပါပြီ၊ ဒီခြံက အသီးအနှံဆိုလို့ တစ်လုံးမှမစားရသေးပါဘူးနဲ့ တားသတဲ့၊ ငါလဲ လိုက်သွားရတာပေ့ါ၊ ငါ့တွေ့တော့ ငိုကြီးချက်မနဲ့ စောစောကအတိုင်းပြောတာပဲ၊ ငါလဲ စိတ်ရှုပ်တာနဲ့ ခဏရပ်ထားအုံးကွာဆိုပြီး ပြန်လာခဲ့တယ်၊ နောက်မှ လုပ်မယ်ပေ့ါကွာ၊ အဲဒီခြံရှေ့ရောက်တော့ ဗိုလ်မှူးကြီးရှိန်မောင်ကို လက်ညှိုးထိုးပြပြီး အဲဒီအကြောင်းပြောလိုက်မိပါတယ်၊ ဟော . . . သူပြန်သွားပြီး နောက်နှစ်ရက်လောက်ရှိတော့ တိုင်းမှူးရောက်လာပြီး မြို့သစ်ကို လျှောက်ကြည့်တယ်၊ ပြီးတော့ အဲဒီခြံလက်ညှိုးထိုးပြီး ဒီအတိုင်းထားလိုက်တော့တဲ့၊ အဲဗျား သူ့ရှေ့ ပြောလိုက်မိတာ တိုင်းမှူးနားအကုန်ရောက်တာပဲ"

"တို့လဲ ဆင်ခြင်မှဟေ့"သောင်းဒန်ပါ မျက်လုံးပြူးသွားသည်။

သောင်းဒန်သည် တစ်ခါတစ်ရံ အဆင်အခြင်မရှိ ပြောတတ်သည်။

တစ်နေ့တွင်မူ သော်ကောင်းသည် ရန်ကုန် သူ့အိမ်မှရောက်လာသောစာတစ်စောင်ကိုကိုင်ကာ ရောက်လာသည်။ သူနှင့်အတူ ကျော်ဆွေပါလာသည်။ ကျော်ဆွေ့ကို စံပယ်ချောင်းတွင်ဝင်၍ ခေါ်ခဲ့ခြင်းဖြစ်သည်။ သောင်းဒန်နှင့်တွေ့တော့မှ စာကိုထုတ်ကာ ပေးလိုက်သည်။

"အဲဒါ မင်းလူကို မေးကြည့်ပေတော့"

သောင်းဒန်က စာကို အော်၍ ဖတ်သည်။

"အညာက စာလာတယ်၊ ဝန်ထောက်မင်း ဦးကျော်ဆွေတစ်ယောက် စွံတော့မယ်လို့ တစ်မြို့လုံး ဟိုးဟိုးကျော်နေတယ်၊ လူကြီးချင်း ပြောဆိုပြီးပြီ တဲ့၊ ဟုတ်ရဲ့လား မေးလိုက်စမ်းပါ"

သော်ကောင်းအမေထံမှ ရေးလိုက်သောစာဖြစ်သည်။

"အဲဒါကြောင့် ငါပြောတာပေါ့ကွ၊ ဒီကောင် မိန်းမယူတော့မှာမို့ အသား မွေးနေပါတယ်လို့၊ အခု အရက်လဲ မသောက်ဘူးဗျာ၊ အတင်းတိုက်လို့ကို မရ ဘူး၊ အခု လူကြည့်ပါလား၊ တဖြည်းဖြည်း နုလာပြီဗျ"

သောင်းဒန်သည် စကားဟောင်းကို ပြန်၍ အစဖော်သည်။

"ငါ ထင်လိုက်ရင် မလွဲပါဘူးကွာ၊ ငါ အတပ်သိတယ်၊ ဒီကောင်နေပုံ ထိုင်ပုံကြည့်ရတာ တစ်မျိုးပဲ"

ကျော်ဆွေသည် ခေါင်းကိုသာ တွင်တွင်ကုတ်နေသည်။

"ဘယ်သူလဲကွ၊ ဘယ်က ကောင်မလေးလဲ"

"မသိပါဘူးကွာ၊ အလကား မင်းအမေ မဟုတ်တာတွေလျှောက်ရေး လိုက်တာ၊ မင်းတို့ ငါ့အကြောင်းသိတယ်မဟုတ်လား"

ထိုအခါ သောင်းဒန် ဇဝေဇဝါဖြစ်သွားသည်။ ကျော်ဆွေသည် အိမ်ကို လိုမ့်ကာ ရှောင်ခဲ့ပေါင်းများလှပြီ။ အိမ်က အတင်းမိန်းမပေးစားနေသည်မှာ ကြာပြီ။ သူ့ကြိုက်သလား၊ ဒါမှမဟုတ် သူ့ကိုကောဟု တစ်ယောက်ပြီးတစ်ယောက် လက်ညှိုးထိုးပြသည်။ ကျော်ဆွေက "မိန်းမ မယူချင်သေးပါဘူးဗျာ၊ ရှုပ်ပါ တယ်"ဆိုကာ ငြင်းခဲ့သည်။ ကျော်ဆွေနှင့်ရည်ရွယ်ထားသောမိန်းကလေးများ အသီးသီး ယောကျ်ားရသွားကြပြီ။

"မဟုတ်ဘူး ကျော်ဆွေ၊ ဒီတစ်ခါ တကယ်ဖြစ်မှာပဲ၊ တို့ကို မညာပါနဲ့ ကွာ"

သောင်းဒန် မရအရအစ်အောက်သည်။ သူ့ဆီမှ စကားမထွက်လာ။

သော်ကောင်းကား ဘာမှ မမေး။ ပြုံးစိစိနှင့်သာ ကြည့်၍နေသည်။

"မဖြစ်ဘူး၊ ဒီကောင်ကြီးလဲ မြန်မြန်စွံအောင်လုပ်မှပဲ"

ပြောသာပြောရသော်လည်း သောင်းဒန် အားမရှိလှ။ သော်ကောင်း

အကြောင်း သူ သိသည်။ မိန်းမတစ်ယောက်ကို သူ့အစွမ်းအစနှင့် ရှာ၍မယူနိုင်။ သို့ငြားလည်း တစ်နေ့တွင် "ငါ မိန်းမတွေ လျှောက်ပိုးပြလိုက်အုံးမယ်" ဟု ကြိမ်းဝါးသည်။

"ပိုးစမ်းပါကွာ ပိုးစမ်းပါ၊ စောင့်ကြည့်လိုက်ရအုံးမယ်"ဟု သောင်းဒန်က တဟားဟားရယ်ကာ ပြောလိုက်သည်။

"ဒါတွေ ထားစမ်းပါကွာ၊ အရေးကြီးတာက စမ်းချောင်းတံတားကိုလဲ ပြန်ဆောက်အုံးဗျ၊ တွက်ကြချက်ကြအုံး"ဟု သော်ကောင်းက သတိပေးသည်။

"အေး . . . ဟုတ်တယ် ကိုကျော်ဆွေ၊ အဲဒါလဲ မင်းပဲ တာဝန်ယူရမှာပဲ"

ဤသို့ဖြင့် တရွေ့ရွေ့အချိန်ကုန်ခဲ့သည်။ ဥသြငှက်သံ ကြားလာရသည်။ နွေဦးပေါက်ပြီ။ သော်ကောင်းလည်း အလုပ်ပါးသွားသည်။ ခွန်စိုက်အားစိုက်လုပ်လိုက်သဖြင့် စင်ရော်မြို့သစ်တွင် လမ်းများဖောက်ပြီးသွားသည်။ မြောင်းများ၊ တံတားငယ်လေးများ ပြီးသွားသည်။ ရေတွင်းတူးပေးရန်သာ ကျန်တော့သည်။ ယင်းမှာ အဝီစိတွင်းတူးအဖွဲ့၏ တာဝန်သာဖြစ်သည်။ မြို့သစ်တွင် အိမ်များ မဆောက်ကြသေးသော်လည်း သူပုန်က ဆက်ကြေးတောင်းသည်။ လေသံလွှင့်လိုက်သည်။ တစ်အိမ် ငါးဆယ်။ လုပ်ငန်းပါးသွားပြီဖြစ်သဖြင့် သောင်းဒန်တို့ရှိရာသို့ သော်ကောင်း မှန်မှန်ရောက်လာသည်။ ယခုဆိုလျှင် ရေလယ်တိုင်နံပါတ် (၂) တွင် မြေစာနိုက်နေသည်မှာ ကျောက်ဖျာအထိရောက်သွားပြီ။ သံပတ်ခွေကြီးသည် ကျောက်ဖျာထက်၌ တစောင်းတင်နေသည်။ ကျောက်ဖျာသည် ရေပြင်ညီမဟုတ်။ တစောင်းဖြစ်နေသည်။ ထို့ကြောင့် အောက်ခံကျောက်ဖျာကို ညီအောင်ညှိရသည်။

သောင်းဒန်သည် ရန်ကုန်သို့သွားကာ ရေငုပ်ဝတ်စုံရှာလာခဲ့သည်။ အသစ်မဟုတ်။ ပေါက်သည့်နေရာတွင် ပေါက်နေသည်။ ထို့ကြောင့် ဖာထေးကာ အသုံးပြုရသည်။ ရေငုပ်သမားနှစ်ယောက် တစ်နာရီကြာ ရေအောက်သို့ဆင်းကာ လက်ထိုးလွန်ပူနှင့် ကျောက်သားများကို ထိုးသည်၊ ခွဲသည်၊ ညီအောင်ဖောက်သည်။ ရေငုပ်အဝတ်ကြီးတွင် အောက်ဆီဂျင်ပိုက်လုံးပါ

သည်။ ပိုက်လုံးကြီးတန်းလန်းနှင့် ငုပ်ရသည်။ အပေါ်မှ ဆီးဆောလိုကိရိယာ တစ်ခုဖြင့် လူနှစ်ယောက်က စက္ကန့်မလပ်လေသွင်းပေးနေရသည်။ အပေါ်နှင့် အောက် စကားပြောသည့် တယ်လီဖုန်းတစ်ခုလည်း ရေငုပ်သမားတွင်ပါသွား သည်။ ၄၅ မိနစ်ခန့်ရှိ၍ ပြန်တက်လာလျှင် ရေငုပ်သမားမှာ တစ်ကိုယ်လုံး ပြာနှမ်းလာသည်။ ရေအောက်၌ ဖိအားပို၍များသည့်ဒဏ်ကို ကြာကြာမခံနိုင်၊ ရောဂါရတတ်သည်။ သို့ဖြစ်ရာ ရေငုပ်သမားကို ကြက်ဥကျွေး၊ နွားနို့တိုက်ကာ အားမွေးခိုင်းရသည်။ သောင်းဒန်လည်း အငြိမ်မနေ။ တစ်နေ့တွင် ရေငုပ်ဝတ်စုံဝတ်ကာ ရေအောက်သို့ ဆင်း၍ကြည့်သည်။ ကြာကြာမနေနိုင်သဖြင့် ပြန်တက်လာရသည်။

ရေအောက်၌ လက်ထိုးလွှန်နှင့် ကျောက်ကိုဖောက်ရသည့်အလုပ်မှာ လက်ဝင်သည်။ ထို့ကြောင့် ဝန်ချီစက်တွင် နှစ်တန်လေးသည့် သံတူးရွင်းကြီးကို ချည်ကာ အရှိန်ပြင်းအောင် ခပ်မြင့်မြင့်မှ ဝုန်းခနဲချ၍ ကျောက်ကိုခွဲသည်။ အချက်နှစ်ဆယ်ခန့်ခွဲပြီးလျှင် ကျောက်သားအကြေအမွတို့ကို နှိုက်ထုတ်ယူရပြန်သည်။ ထိုလုပ်ငန်းသည် အတော်လေးကြာမည်ဖြစ်သည်။ အောက်တွင် ကျောက်သားညီနေမှ ကွန်ကရစ်လောင်းနိုင်မည်။ ညီသည်ဆိုသော်လည်း ပြောင်ချောနေအောင် ညီခြင်းမျိုးမဟုတ်။ တစ်ဖက်စောင်း ကျောက်ဖျာကြီးပေါ်တွင်တင်နေသည့် သံခွေကြီးတည့်သွားလျှင် လုံလောက်ပြီ။ ပြီးမှ ကျောက်ဖျာအလယ်တည့်တည့်လောက်ကပင် ကျင်းတစ်ကျင်း ဖောက်ရဦးမည်။ သို့မှသာ ချလိုက်သည့် ကွန်ကရစ်သည် ကျောက်ဖျာထက်တွင် ခြေကုပ်မြဲမည်။

ဤသို့ အလုပ်များနေကြစဉ် ဓာတ်သတ္တုဌာနမှ မြေစမ်းအဖွဲ့ရောက်လာသည်။ ထိုအဖွဲ့ကို ဦးအောင်ဝင်း ခေါင်းဆောင်လာသည်။ သူတို့၌ စက်ပစ္စည်းအပြည့်အစုံပါလာသည်။

"မျှော်လိုက်ရတာဗျာ"

သောင်းဒန် ဝမ်းသာသွားသည်။ နံပါတ် (၄) တိုင်ကို ညီအောင်၊ မလှုပ်ရှားနိုင်အောင် ဖမ်းချုပ်မည့်လူစွမ်းကောင်းများ ရောက်လာကြပြီမဟုတ်လား။

ဦးအောင်ဝင်း၏အဖွဲ့တွင် တွင်းတူးသမား ငါးယောက်ပါသည်။

သူတို့ကို ကမ်းထိပ်တဲကလေး၌ နေရာချထားပေးလိုက်သည်။ ဥစ္စာစောင့်ကြောက်သဖြင့် သောင်းဒန်မနေရဲသည့်တဲကလေးဖြစ်သည်။ ဦးအောင်ဝင်းကိုမူ သူ့အိမ်သို့ခေါ်လိုက်သည်။

မရှေးမနှောင်းပင် ဌာနချုပ်မှ ဦးဝင်းနိုင်တို့အဖွဲ့လည်း ပြန်ရောက်လာသည်။ အရင်အဖွဲ့ပင်ဖြစ်သည်။ လှဖေယောက်ဖ၊ မြိုင်၏ယောက်ျား တင်ထွန်းတစ်ယောက်သာ ကျန်ရစ်နေသည်။ လူစွမ်းကောင်း နှစ်ဖွဲ့ဆုံမိကြပြီ။ နံပါတ်(၄)တိုင် ညီအောင်၊ ယိမ်းနိုင်ယိမ်းကြပေတော့၊ တိမ်းနိုင်တိမ်းကြပေတော့၊ ယိုင်နိုင်ယိုင်ကြပေတော့။

ဦးအောင်ဝင်းသည် ဘူမိဗေဒပညာရှင်ဖြစ်သည်။ တော်လှန်ရေးအစိုးရတက်လာသည့်အခါ အင်ဂျင်နီယာနှင့်ဆိုင်သော ဘူမိဗေဒပညာကို ဆိုဗီယက်ရုရှားသို့ သုံးနှစ်သွားရောက်လေ့လာခဲ့သည်။ ထို့ကြောင့် သူ့ကို သောင်းဒန်က ‘ဂျီအော်လော်စကီး’ဟု နာမည်ပေးလိုက်သည်။ ထိုနာမည် တွင်သွားသည်။ နောင် ခေါ်ဖန်များသည့်အခါ ဂျီအော်လော်စကီးမှ ဂျော်လော့စကီးဖြစ်လာသည်။

ဦးအောင်ဝင်းနှင့် ဦးဝင်းနိုင်၊ ဝင်းနှစ်ဝင်း ခေါင်းချင်းရိုက်ကြသည်။ ချက်ချင်းပင် တိုင် (၄) ၌ ဖောင်များ ပြန်၍ဆင်သည်။ ပြီးလျှင် စက်များတင်သည်။ ထို့နောက် စိန်သွားလွန်၊ တန်စတင် ကာဘိုက်လွန်တို့နှင့် တွင်းများဖောက်သည်။

“သီအိုရီက အောက်မှာသာ နုန်းနဲ့ သဲကြမ်းရှိပါစေ၊ ကျောက်စရစ်အငယ်လေးတွေရှိပါစေ၊ ကျွန်တော်တို့မှုတ်သွင်းလိုက်တဲ့ ဘိလပ်မြေအရည်ဟာ တစ်ခါတည်းခဲသွားမယ်၊ နောက် မာလာပြီး အုတ်မြစ်ခံပြီးသား ဖြစ်သွားမယ်”

အားရစရာ ကောင်းလှသည်။ မောင်မင်းကြီးသားများ သက်တော်ရာကျော်ရှည်ပါစေဗျာ။

ထို့ကြောင့် ဘိလပ်မြေအိတ်များ ထပ်၍မှာသည်။ မိုးမကျမီ ထိုလုပ်ငန်း

ကို အဆုံးသတ်ချင်သည်။ တစ်ပြိုင်နက်တည်းပင် တိုင် (၂) ၌ အောက်ခြေညီ သွားလျှင် ကွန်ကရစ်လောင်းလိုက်ချင်သည်။ နောက်ထပ် အလုပ်လုပ်ချိန် သုံးလရှိသေးသည်။ ဒီတစ်ရာသီအကုန်တွင် တိုင် (၂) ရေပေါ်သို့ တက်လာခဲ့ မည်ဆိုလျှင် တိုင် (၃) တစ်ခုသာ ကျန်တော့သည်။ ထို့နောက်ကား စခန်း သိမ်းပွဲ မဝေးတော့ပြီ။

× × × × ×

စံပယ်ချောင်းတွင် ရက်မများ တင်တော့မည်ဖြစ်ရာ သန်းမောင်ကို ထိန်ကုန်းသို့လွှတ်၍ ဘောလီသံမဏိပေါင်ကြီးများ အယူခိုင်းလိုက်သည်။ သန်းမောင်တစ်ပတ်အတွင်း ပြန်ရောက်လာသည်။ သန်းမောင်သည် အောင်ကြီးနှင့်တွဲကာ ရက်မတင်ရေးအတွက် ပြင်ဆင်နေကြသည်။

"ကိုကျော်ဆွေလေး၊ စခန်းသစ်လမ်းက တံတားတွေ ပြန်ဆောက်ပါတဲ့၊ တစ်လမ်းလုံး တပ်တွေချပေးမယ်တဲ့၊ မုန်တောမှာ ဗိုလ်တင်မောင်အေးရဲ့တပ်ခွဲ (၃) ရှိမယ်တဲ့"

သော်ကောင်းသည် တိုင်းအင်ဂျင်နီယာထံမှ ရောက်လာသော ညွှန်ကြားချက်ကိုကိုင်ကာ စခန်းသို့လာသည်။

"အင်း . . . ကိုကျော်ဆွေလေးတော့ မိန်းမယူခါနီး ဆင်ဆင်ခြင်ခြင်နေဗျား၊ တော်ကြာ သေဒဏ်ထဲပါသွားလိမ့်မယ်"

သောင်းဒန် မနေနိုင်။ စမိအောင် စလိုက်သေးသည်။ သော်ကောင်းမျက်နှာပျက်သွားမှ သတိရကာ ဆက်၍မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။

ဒီတစ်ခေါက် ရန်ကုန်သို့ ရေငုပ်ဝတ်စုံယူရန်အသွားတွင် သောင်းဒန်သည် ကျော်ဆွေ၏အဖေနှင့်တွေ့ခဲ့သည်။ သူတို့ ကြားသောသတင်းသေချာပြီ။ ကျော်ဆွေနှင့်ပေးစားမည့်သူမှာ ရပ်ဆွေရပ်မျိုးထဲမှဖြစ်သည်။ ဘီအေအောင်ပြီးနောက် ဇာတိမှာပင် ကုန်သွယ်ရေးဌာနခွဲ မန်နေဂျာလုပ်နေသည်။

"ငါ စာရေးလိုက်ပြီးပါပြီကွာ၊ ဒီလို တောထဲတောင်ထဲ အလုပ်လုပ်နေရသေးသရွေ့တော့ လောလောဆယ် မိန်းမယူလို့ မဖြစ်သေးပါဘူး၊ သူတို့စပ်ချင်ရင်တော့ စပ်ထားကြပါစေပေါ့ကွာ"

ဒီတစ်ခါ ပြေးမလွတ်တော့ပြီမို့ ကျော်ဆွေ ဝန်ခံလိုက်သည်။

သော်ကောင်းသည် သူတို့စကားဝိုင်းထဲမဝင်တော့ဘဲ အစဉ်းစားကြီးစဉ်းစားနေသည်။ သောင်းဒန်သည် သော်ကောင်းကို သနားသွားသည်။ ကျော်ဆွေကို သော်ကောင်းခင်သည်။ ကျော်ဆွေလုပ်သမျှ အဟုတ်ထင်သည်။ ကျော်ဆွေ၏အင်္ကျီ၊ လုံချည်များကိုယူဝတ်သည်။ ကျော်ဆွေရွေးသည့် လုံချည်အဆင်ကိုမှကြိုက်သည်။

"မဖြစ်သေးဘူး၊ ဒီကောင့်အိမ်ကို ပြောမှပဲ၊ မြန်မြန် မိန်းမပေးစားမှဖြစ်မယ်၊ ကျော်ဆွေမိန်းမယူသွားရင် ဒီကောင် ယောင်တိယောင်တဖြစ်ကျန်ရစ်ခဲ့လိမ့်မယ်"

သော်ကောင်းသည် အကြာကြီးစဉ်းစားနေပြီးမှ –

"မင်းတစ်ယောက်တည်းမသွားနဲ့ ကျော်ဆွေ၊ လှမင်းခေါ်သွား၊ ဒါမှမဟုတ် ကိုတင်မောင်ခေါ်သွား၊ သိပ်တော့ အရဲမစွန့်နဲ့ကွာ၊ အရင်တစ်ခါ မီးရှို့သွားပြီး မသွားလို့တော့မဖြစ်ဘူး၊ သူတို့ ဘယ်လိုဖျက်ဆီးပေမဲ့ တို့ကပြန်ပြီးဖြစ်အောင်ဆောက်တယ်ဆိုတာ ပြရမယ်၊ အခု သောင်ဦးလမ်းမှာပဲ တံတားတွေ ပြန်ဆောက်နေတယ်၊ တစ်နေ့ကပဲ တပ်တွေချဖို့ တက်သွားကြတယ်၊ စိမ့်မြိုင်က တပ်ရင်း (၂၄၀) ရောက်နေတယ်၊ တပ်ရင်းမှူး ဗိုလ်မှူးကိုကိုကြီးကိုယ်တိုင် လိုက်လာတယ်"

"သူတို့ ဒီဘက်မှာ ပိုက်စိပ်တိုက်ပြီး တပ်တွေချနေကြပြီနဲ့တူတယ်ကွ၊ ဥညြမှာလဲ တပ်ခွဲတစ်ခွဲချသွားပြီ၊ ဒီလိုဆိုရင် စိုးရိမ်စရာမရှိပါဘူးကွာ"

သောင်းဒန် ကျေနပ်သွားသည်။

"တစ်နေ့ကပဲ ဗိုလ်မှူးကြီးရိုန်မောင်က ဒီဘက်မှာ ရှေ့တန်းဗျူဟာဌာနချုပ်ဖွင့်မယ်တဲ့၊ မင်းတို့စခန်းမှာတောင် ဖြစ်ချင်ဖြစ်လိမ့်မယ်ဗျား၊ ဒါကတော့ လျှို့ဝှက်ပဲဟေ့၊ ဘယ်သူ့မှမပြောနဲ့အုံး"ဟု သော်ကောင်းက သတိပေးသည်။

နောက်တစ်နေ့မှာပင် ကျော်ဆွေသည် လှမင်းကိုခေါ်ကာ မုန်တော ချောင်းသို့ လိုက်သွားသည်။ အခြေအနေများကို အကဲခတ်လေ့လာသည်။ နောက်တစ်နေ့ညနေတွင် မီးရထားလမ်းမှတစ်ဆင့် ပြန်လာခဲ့သည်။ မုန်တော ချောင်းတွင် ဗိုလ်တင်မောင်အေး၏တပ်ခွဲရှိနေသည်။ လုပ်ငန်းပြန်စနိုင်ပြီ။

"ဟော့ . . . ဟော့၊ မင်းတို့လူ မေးကြည့်ပါအုံးဆရာကြီးရ၊ ညက မုန်တော မှာ ဘယ်လိုအိပ်ကြသလဲလို့"

ကျော်ဆွေသည် အခြေအနေများကို သောင်းဒန်အား ပြောပြနေသည်။

"လှမင်းပေါ့ကွာ၊ လူကြားထဲ အလယ်ကောင်မှ အတင်းတိုးအိပ်တယ် ကွာ၊ သေနတ်သံတစ်ချက် ကြားသေးတယ်တဲ့၊ ငါတော့ မကြားပါဘူး အိပ်တာ ပဲ၊ ကြားလဲ ဘာဖြစ်လဲကွာ၊ ဒီနေရာ ဒီဒေသမှာ သေနတ်ဆိုတာ မှောင်ခိုသမား တွေမှာတောင်ရှိရဲ့၊ ပြီးမှ သူ့ယောကျ်ားအကြောင်း ခင်ခင့်ကို ပြောရအုံးမယ် ကွ"

"မင်းအစီအစဉ်က ဘယ်လိုလဲ"

"မုန်တောမှာ တစ်ပတ်လောက် သွားနေလိုက်မယ်ကွာ၊ တပ်ခွဲတစ်ခွဲ ကြီးများတောင်ရှိတာပဲ၊ မင်းတို့ စခန်းမှာမှ တပ်စုတစ်စုတည်းရယ်၊ တံတား တွေပြန်ဆောက်တာ မကြာပါဘူး၊ ပြီးမှ တင်မောင်နဲ့ လွှဲလိုက်မယ်၊ ငါကတော့ ဒီကနေပြီး သွား သွား ကြည့်နေရမှာပေါ့"

"တိုင်းမှူးပြန်ပြီးတော့ တပ်တွေအကုန်ပြန်ရုပ်တဲ့ညမှာပဲ မောင်မင်းကြီး သားများ ရောက်လာကြပြီး မီးရှို့ကြတာပဲတဲ့ဗျား"

"စင်ရော်မှာ ငါကြားခဲ့တာကတော့ သူတို့တပ်သားအသစ်တွေကို တံတားဖျက်နည်း လက်တွေ့သင်တန်းလာပေးတာတဲ့"

"ဟာ . . . မဟုတ်တရုတ်ကွာ၊ ဘယ်ကလာ တံတားဖျက်နည်း သင်တန်း ပေးရမှာလဲ၊ တံတားဖျက်တာများ သင်တန်းပေးစရာမလိုပါဘူး၊ တို့တံတားတွေ က သစ်သားတံတားတွေပဲဟာ၊ မီးပုံရှို့လိုက်ရုံပဲပေါ့ကွ၊ ရေစိုနေရင် ရေနံဆီ လောင်း၊ ဓာတ်ဆီလောင်းပြီး ရှို့လိုက်ရုံပဲ၊ ဟော့ . . . သောင်းဒန်၊ မင်းနဲ့ငါ ပထမဆုံးအခေါက်သွားကြတုန်းက တို့ကိုလာကြိုတဲ့ မုန်တောသူကြီး မင်း

မှတ်မိလား၊ ဦးရွှေအိုးလေ”

“ဆိုစမ်းပါအုံး”

“မီးရှို့တဲ့အထဲ သူပါ ပါသတဲ့ဗျား၊ ငါ့ကို ဗိုလ်တင်မောင်အေးက သူ့ရှေ့မှာ ပြောတာပဲ၊ သူကြီးက စပ်ဖြဲဖြဲနဲ့ကွ၊ မရှို့လို့ ဖြစ်မလား၊ အတင်းရှို့ခိုင်းနေတော့ ရှို့လိုက်ရတာပေါ့တဲ့၊ တစ်ရွာလုံး ရှို့ရတာပဲတဲ့”

“ကောင်းကွာ”

“အေးပေါ့ကွာ၊ ရှို့နိုင်သလောက်ရှို့ကြစမ်း၊ ဖျက်နိုင်သလောက်ဖျက်ကြစမ်း၊ တို့ကလဲ ဆောက်နိုင်သလောက် ဆောက်မှာပဲ၊ နောက်တစ်ခေါက်ကို လှမင်းခေါ်ရအုံးမယ်ကွ”

“နေအုံး ကျော်ဆွေ၊ မင်း မသွားနဲ့အုံး၊ ငါ မင်းကို စောင့်နေတာ၊ တို့ စံပယ်ချောင်းမှာ ရက်မတင်တော့မယ်”

ထိုနေ့ကား စံပယ်ချောင်းတွင် ရက်မတင်နေသော နေ့ဖြစ်သည်။ သောင်းဒန်၊ သော်ကောင်း၊ ကျော်ဆွေတို့ အလုပ်ရှုပ်နေကြသည်။

“ကျွန်တော်တို့လဲ ကြည့်ရအောင် လိုက်ခဲ့အုံးမယ်ဗျာ၊ အတွေ့အကြုံပေါ့”ဟုဆိုကာ ဂျော်လော့စကီး ဦးအောင်ဝင်းနှင့် ဦးဝင်းနိုင်တို့ပါ လိုက်ပါလာကြသည်။ စံပယ်ချောင်းတွင် ပွဲတော်လေးတမျှ စည်ကားနေသည်။

စင်ရော်မှ ကျောင်းသားများလည်း လာ၍ ကြည့်ကြသည်။ သောင်းဒန် အမိန့်ပေးနေပုံ၊ ညွှန်ကြားနေပုံ၊ အော်ဟစ်နေပုံတို့ကို ထိုနေ့က ကြည့်သူအပေါင်းတို့၏မျက်စိထဲတွင် စွဲ၍ကျန်ရစ်ခဲ့သည်။

သို့နှင့် စံပယ်ချောင်းတံတားတွင် ရက်မတင်ပြီးသွားသည်။ ပေ ၇၀ ရက်မဖြစ်သဖြင့် ခရီးတွင်သည်။ အထိအခိုက်မရှိ။ ရက်မကြီးနှစ်ချောင်းကို သံတန်းကြီး တစ်ဖက်တစ်ချက်၌ ဆွဲမလိုက်ရာ သံတန်းကြီး၏ နှစ်ဖက်အစွန်းများ အိကျသွားသည်။ အလယ်တွင် ခုံးတက်လာသည်။

သန်းမောင်က “ဖြစ်ပါ့မလားဆရာ၊ ဖြစ်ပါ့မလားဆရာ”ဟု ရင်တမမဖြစ်နေသည်။

“ဟော့ကောင် အသာနေပါကွ၊ ဖြစ်ပါတယ်၊ ငါ့ဘာသာငါ တွက်ပြီးချက်

ပြီးပါကွာ၊ အဲဒီအလေးဒဏ်ကို သံမဏိတန်းက ခံနိုင်ပါတယ်”ဟု ပြောလိုက်ရသည်။

“တစ်နည်းနဲ့တစ်နည်း မတူဘူးကွ၊ ကိုယ့်မှာရှိတဲ့ပစ္စည်းနဲ့ အမျိုးမျိုးစမ်းကြည့်ရတယ်၊ အဲဒါ နောက်တစ်နည်းတိုးလာတာပေါ့၊ မင်းက ထိန်ကုန်းမှာတင်တဲ့ဟာ ကြည့်လာပြီးပြောနေတာကိုး”

သော်ကောင်း၊ ကျော်ဆွေတို့ကလည်း ပညာတိုးသွားကြသည်။

နောက်နှစ်ရက်ခန့်ရှိလျှင် စခန်းသို့ တပ်ရင်း (၂၄၀) တပ်ရင်းမှူး ဗိုလ်မှူးကိုကိုကြီး ရောက်လာသည်။ သူတို့တွင် ရုံးအဖွဲ့တစ်ဖွဲ့လည်းပါလာသည်။

“ကျွန်တော် ဒီမှာ အတော်လေးကြာမယ် ဦးသောင်းဒန်၊ နေရာထိုင်ခင်းရှိပါတယ်နော်”ဗိုလ်မှူးကိုကိုကြီးကို လွတ်နေသော အိမ်တစ်လုံး၌ နေရာပေးလိုက်သည်။ ယခုမှ စခန်းတွင် လူစည်ကားလာသည်။ ညဆိုလျှင် သောင်းဒန်အိမ်၌ လူစုံကာ ဝိုင်းဖွဲ့၍ စကားပြောကြသည်။

ဗိုလ်မှူးသည် သောင်ဦးလမ်းတွင် သူ့တပ်များကို ဖြန့်နေသည်။ နယ်ခြားတွင် အခြေအနေလှုပ်ရှားနေသဖြင့် ပို၍အာရုံစိုက်လာရသည်။

သောင်ဦးလမ်းကို အပြင်းအထန်ပြင်နေသည်။ အပြင်းအထန်ဆိုသော်လည်း အလုပ်သမားအင်အားနည်းလှသည်။ တစ်လမ်းလုံးတွင်မှ သုံးဆယ်ခန့်သာရှိသည်။ ထိုလမ်းတစ်လျှောက်တွင် တပ်များချပေးသဖြင့် သောင်ဦးနှင့်စင်ရော်ကားအသွားအလာ အနည်းငယ်ရှိလာသည်။ ဘိုးတော်ကြီးနန်းတက်စက ဖွတ်ချက်ကားကြီးများသည် ထိုလမ်းတွင် တအီအီအော်မြည်ကာ ပြေးနေကြပြီ။

“အခု ကျွန်တော့်တပ်တွေ စွန်ကဒတ်ချောင်းအထိ ချထားတယ်၊ အောင်သာကတော့ ကျွန်တော့်နယ်မဟုတ်ဘူး”

စွန်ကဒတ်ချောင်းရွာသည် သောင်ဦးအပိုင်ဖြစ်သည်။ စင်ရော်နှင့်အောင်သာ မိုင် ၅၀ ရှိသည်။ စွန်ကဒတ်ချောင်းအထိဆိုလျှင်ကား ၄၄ မိုင်သာဝေးသည်။ ထိုစခန်းတွင် တပ်စိတ်တစ်စိတ်၊ မိုင် ၄၀ ဝေးသည့် လှန်တောင်ကုန်းတွင် တပ်စိတ်တစ်စိတ်၊ ၃၃ မိုင် စခန်းဖြစ်သည့် နွားတလင်းတွင်

တစ်စိတ်၊ သိုင်းခြုံ၊ ရဲပဒိုင်း၊ တောင်လယ်စခန်းတို့တွင်လည်း တပ်များ အသီးသီးချထားသည်။ တိမ်ခိုးတောင်သည် ၁၃ မိုင်၊ ကျောက်မိုင်းတွင် စ၍ ၂၂ မိုင် တောင်လယ်စခန်းတွင် ဆုံးသည်။ ၈ မိုင် သိန်းရဲချောင်း၌ကား ဗိုလ်အောင်စိုး၏တပ်စု (၄) ရှိနေသည်။

"ကျွန်တော် ပထမတစ်ခေါက် တက်သွားတော့ ၈ မိုင်မှာ လမ်းကြိတ်စက်ကြီးတွေ့ခဲ့တယ်၊ အသေအချာမှာခဲ့တယ်၊ တိမ်ဦးတောင်ကိုတက်ရင် ၁၃ မိုင် ကျောက်မိုင်းမှာတစ်ခါနား၊ အဲဒီနားမှာ ကြိတ်လိုက်အုံး၊ ပြီးတော့မှ တောင်ကိုတက်၊ လမ်းမှာ တစ်ညနားလိုက်အုံး၊ နောက် တောင်လယ်စခန်းမှာ နည်းနည်းလမ်းဆိုးတယ်၊ ကြိတ်လိုက်အုံး၊ အတန်တန်မှာခဲ့တယ်ဗျာ၊ အခု တစ်ခေါက်သွားတော့ နွားတလင်းဟိုဘက်ရောက်နေပြီ၊ လမ်းကြိတ်စက်ကြီး မရွှေ့တော့ဘူးတဲ့၊ ကလပ်ပလိတ်ကြွေတာ ဖြစ်မှာပေါ့ဗျ၊ ပစ္စည်းက ရှားရတဲ့ အထဲဗျာ"

ဗိုလ်မှူးသည် ပူပင်တတ်သည်။ ထိုအလုပ်သည် သူ့အလုပ်မဟုတ်။ သို့သော် အမြင်မတော်သည့်အခါ ဝင်၍ပြောသည်။

"ကျွန်တော့်အဖေက ကန်ထရိုက်ဗျ၊ လမ်းခင်းတာ၊ ကျောက်ချတာ အားလုံး နောကျေနေတာပဲ၊ ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ မနေနိုင်လို့ ဝင်ပြောခဲ့တာပါပဲ၊ အာချောင်တာပေါ့ဗျာ၊ အဲဒီလို အာချောင်တာတွေ ကြောင့် ထိခဲ့ပေါင်းလဲများလှပြီ"

ဟုတ်ဟန်တူသည်။ ယခု အသက် ၅၀ နီးနေပြီဖြစ်သော်လည်း ဗိုလ်မှူး ရာထူးက မတက်သေး။ ဂျပန်ခေတ် ဒုတိယပတ်ဗိုလ်သင်တန်းဆင်းဖြစ်သည်။

"ဒီလမ်းက ကျွန်တော့်အသက်သွေးကြောဗျ၊ ဒီလမ်းကောင်းမှ ကျွန်တော့် ရဲဘော်တွေထမင်းမငတ်မှာ၊ ခင်ဗျားတို့ တံတားမပြီးခင် ဒီအနားတစ်ဝိုက်မှာ ဟိုကောင်တွေမရှိအောင် မွှေရနှောက်ရမဲ့တာဝန်က ကျွန်တော်တို့တာဝန်၊ ဒီတော့ ကျွန်တော်တို့မှာ ဒီလမ်းကိုပဲ အားကိုးနေရတာ၊ ခုတော့ဗျာ လမ်းကဖောက် ထားလိုက်တာ ရေစီးကြောင်းကြီးပဲ၊ လမ်းဖောက်ပါဆို မြောင်းဖောက်ထားတယ်၊ မိုးတွင်းကျရင် သွားလို့ရမှာမဟုတ်ဘူး၊ သေချာတယ်"

သောင်းဒန် ဘာမှဝင်၍မပြော။ မဝေဖန်။ ဗိုလ်မှူးပြောသည်ကိုတော့ သဘောတူသည်။ အချင်းချင်းဆိုလျှင်ဝင်၍ ပြောမိဦးမည်။ ယခုကား သိပ်မရင်းနှီးသေးသဖြင့် ဘာမှမပြော။ သော်ကောင်း သတိပေးပြီးကတည်းက ပြောသမျှစကား တိုင်းမှူးနားရောက်မည် စိုးနေသည်။ ယခုလမ်းကလည်း သူ့လမ်းမဟုတ်။ ဗိုလ်မှူးပြောသလို အာမချောင်မိရန် ဆင်ခြင်နေရသည်။

"ဒီတစ်ခေါက်သွားရင် ကျွန်တော်လိုက်ခဲ့အုံးမယ်ဗိုလ်မှူး"

ကျော်လှော့စကီးက ကျောက်များကို ကြည့်ချင်နေသည်။ စာထဲတွင် သင်ခဲ့ရစဉ်က ဤဒေသမှ ကျောက်များကို သောင်ဦးကျောက်စဉ်စုဟုသာ ကြားကြားနေခဲ့ရသော်လည်း အသေအချာမမြင်ရသေး။ သက်ရင့်ကျောက်များဖြစ်မည်မှာ သေချာသည်။

"ခေါ်ပါ့မယ်ဗျာ၊ လိုက်ခဲ့ပါ၊ လမ်းကတော့ ကြမ်းတယ်ဗျို့၊ စားလာခဲ့တဲ့ ထမင်းဟာ ဆယ်မိနစ်လောက်နဲ့ ကြေသွားတာပဲ"

အချိန်ကား ၉ နာရီခန့်ရှိနေပြီ။ သူတို့စကားဝိုင်းဖွဲ့ကောင်းနေစဉ် အောင်ကြီးရောက်လာသည်။ သောင်းဒန် မျက်ခုံးလှုပ်သွားသည်။ တစ်ခုခု ထူးရင် ဒီကောင်ရောက်လာတာပဲ။ ဘာဖြစ်ပြန်သလဲမသိဘူး။ သောင်းဒန် ထိုင်ရာမှထကာ အောင်ကြီးအား နောက်ဖေးသို့ ခေါ်သွားသည်။

"စံပယ်ချောင်းမှာ ကျော်ညွန့်နဲ့အုံးဖေ မူးပြီး ကောင်မလေးတွေကို အတင်းရည်းစားစကားပြောလို့တဲ့ဆရာကြီး"

"အဲဒါ ငါ့လာပြောနေရသလားကွ၊ မင်းဘာသာ ဖြေရှင်းလို့မရဘူးလား၊ ရည်းစားစကားပြောတာပဲ ဆန်းတာလိုက်လို့၊ ဗလက္ကာရမလုပ်ရင် ပြီးရောပေါ့၊ စံပယ်ချောင်းက ကောင်မလေးတွေကလဲ မဟန်ပါဘူးကွာ၊ ရည်းစားစကား မပြောပြောအောင်ကို ကြာပေးနေကြတာ"

"အဲဒါက ကိစ္စမရှိဘူးဆရာကြီး၊ စင်ရော်ကအရက်ဆိုင်မှာ စခန်းက အလုပ်သမားနှစ်ယောက် အရက်သောက်ပြီး ပိုက်ဆံမပေးဘဲ ထွက်သွားလို့ ဆိုင်ရှင်နဲ့ ရန်ဖြစ်ကြတယ်တဲ့၊ ပြီးတော့ ထွက်ပြေးသွားတယ်တဲ့၊ အဲဒါ လာတိုင်နေတယ်"

"ဟ . . . တို့စခန်းကလို့ ဘယ့်နှယ်ပြောနိုင်သလဲ၊ လူကိုသိသလား"

"မသိဘူးတဲ့ခင်ဗျ၊ မြင်ရင်တော့ မှတ်မိတယ်တဲ့၊ လူပျိုလိုင်းထဲ လိုက်ပြတော့ တစ်ယောက်မှမဟုတ်ဘူးတဲ့၊ ကျော်ညွန့်နဲ့အုံးဖေတို့များ ဖြစ်နေကြသလားမသိဘူး၊ သူတို့လဲ ခုထိ မပြန်လာသေးဘူး"

"လူမှ မတွေ့တာ ဘယ်တတ်နိုင်မလဲကွ၊ အေး . . . ကျော်ညွန့်နဲ့အုံးဖေတော့ ဖြစ်နိုင်တယ်၊ နေအုံးကွာ၊ ခုကော ငါ ဘာတတ်နိုင်မှာလဲ၊ မနက်ဖြန်မှ ဒီကောင်တွေ ခေါ်စစ်မယ်"

အောင်ကြီး ပြန်သွားသည်။ သောင်းဒန်သည် အိမ်ရှေ့ခန်းသို့ ရှုသိုးသိုးနှင့်ပြန်ဝင်လာသည်။

"ကောင်မလေးတွေကလဲ ပြည်တည်တည် ရိသဲ့သဲ့နဲ့၊ တို့ဆီက နွားသိုးကြိုးပြတ်တွေနဲ့တော့ တွေ့နေတာပဲကွာ"

"ဘယ်သူလဲကွ"

ကျော်ဆွေက အိပ်ရာပေါ်မှ လှမ်း၍မေးသည်။

"မင်းတို့ စံပယ်ချောင်း ခနိခြိစပ်က တဲစုစုလေးပေါ့ကွာ၊ အဲဒီက ဟာမတွေ တစ်ယောက်မှမကောင်းဘူး၊ တို့ကောင်တွေကလဲ အဲဒီပဲ သွားနေကြတာပဲ၊ တော်ကြာ အလုပ်မဆင်းနိုင်ပြန်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဖင်နာလို့၊ ခေါင်းနာလို့ပေါ့ကွာ၊ အလကား ဘာမှမဟုတ်ဘူး၊ ဖာကျိုးတာ"

သူ့စကားကို ဘယ်သူမှ နားမလည်။ အောင်ကြီးလာသွားသည်။ ဘာဖြစ်သလဲ၊ ဘယ်သူက ဘာလုပ်သလဲ။ စံပယ်ချောင်းက ကောင်မလေးတွေကိုပဲ သောင်းဒန် ဖိဆဲနေသည်။

"အဲဒါတော့ သတိထား ဦးသောင်းဒန်၊ တော်ကြာ စခန်းထဲ ကြက်တွေရောက်လာလိမ့်မယ်" ဗိုလ်မှူးက သတိပေးသည်။ ရျော်လေ့စကီး နားမလည်။

"ဘာလဲ ဗိုလ်မှူး၊ ဘာကြက်တွေလဲ"

"ဟာ ဒီလူ ရန်ကုန်သားလုပ်နေပြီး မသိဘူးလား၊ ကြက်ဆိုတာ ဖာကိုပြောတာဗျ၊ ကျွန်တော်ဖြင့် တပ်ထဲမှာ ဒါပဲ ဂရုစိုက်နေရတယ်၊ တော်ကြာ ယူလာပြန်ပြီတစ်ယောက်၊ တော်ကြာ ခေါ်လာပြန်ပြီတစ်ယောက်၊ ကျွန်တော်

ကလဲ ကြက်ပါမလာအောင် ရဲနဲ့ပေါင်းပြီး ဂရုစိုက်နေတယ်၊ အဲ – ဂရုစိုက်နေတဲ့ကြားထဲက ကြက်နှစ်ကောင်ပါလာလို့ မနည်းမောင်းထုတ်လိုက်ရတယ်ဗျာ”

သောင်းဒန်တို့ ရယ်ကြသည်။

“ကျွန်တော်လဲ ဒီမှာ အဲဒါကို ဂရုစိုက်နေရတာပဲ၊ စောစောက ရဲဘော်တွေနဲ့ လုံးလုံးလုံးလုံးလုပ်နေပြီး စင်ရော်သွားလိုက်၊ ကောင်မလေးတွေခေါ်လာလိုက်၊ တော်ကြာ အင်ကြင်းတောင်ပေါ် တက်သွားလိုက်ကြနဲ့၊ မျက်စိကိုရှုပ်နေတာပဲ ဗိုလ်မှူး၊ အခု နည်းနည်း ငြိမ်သွားသေးတယ်”

“အင်း ခင်ဗျားလဲ ကျွန်တော့်လို သူကြီးရာထူး ရနေတော့တာပဲ၊ ဒီကောင်တွေကို မနည်းထိန်းရတယ်ဗျာ”

ဂျော်လော့စကီးနှင့် ဦးဝင်းနိုင်တို့နှစ်ဖွဲ့သည် နံပါတ် ၄ တိုင်ညီနောင်ကို ဘီလပ်မြေ မှုတ်သွင်းနေကြသည်။ တိုင်တစ်တိုင်၏ ပတ်လည်တွင် ၁၆ တွင်းဖောက်သည်။ တိုင်၏အလယ်တွင် ၄ တွင်း ဖောက်သည်။ လက်စသတ်လုနီးပါးရှိနေသည်။ သည်ကြားထဲတွင် ဂျော်လော့စကီးသည် သောင်ဦးကျောက်စဉ်စုများကိုရှာရန် ဗိုလ်မှူးနှင့်အတူ သောင်ဦးလမ်း စွန်ကဒတ်ချောင်းသို့လိုက်သွားသည်။ မိုးမိနေသဖြင့် ည ၁၀ နာရီထိုးမှ ပြန်ရောက်လာကြသည်။

“ဒီနယ်က အများကြီးခေတ်နောက်ကျသေးတာပဲ ဦးသောင်းဒန်၊ ကျွန်တော်တို့ ရဲပဒိုင်းမှာ ခဏကားရပ်တော့ လမ်းဘေးက တဲတစ်ခုပေါ်မှာ တဝုန်းဝုန်းနဲ့ ဖြစ်နေကြတယ်၊ ကြည့်လိုက်တော့ အရွယ်ကောင်းကောင်းမလေးတွေ ကနေကြတယ်၊ ယိမ်းတိုက်နေသလား အောက်မေ့ရတယ်၊ ဘယ်ဟုတ်မလဲဗျာ၊ နတ်ပူးနေကြတာ၊ ဗိုလ်မှူးကတောင် အောက်ခုန်ချလိုက်၊ အောက်ခုန်ချလိုက်နဲ့ ကားပေါ်က အော်သေးတယ်၊ အား . . . စိတ်ပျက်စရာကြီးပါဗျာ၊ အဝတ်ကတော့ တောက်ပြောင်ပါရဲ့၊ မှောင်ခိုနဲ့ နီးနေတာကိုးဗျ၊ ခါးမှာ ပါတိတ်နဲ့တက်ထရွှန်ချည်းပါပဲ၊ ဒါပေမဲ့ မယဉ်ကျေးဘူး၊ စာမတတ်ဘူး၊ နတ်ကိုးကွယ်တယ်၊ တကယ့် နယ်စွန်နယ်ဖျားလို ဖြစ်နေတာပဲ” ဟု ဂျော်လော့စကီး ညည်းသည်။

ထို့နောက်တွင်ကား ဗိုလ်မှူးသည် တိမ်ဦးတောင်တစ်ဝိုက်တွင် တိုက်ကင်းလှည့်သည်။ နယ်စပ်အထိ ရောက်ခဲ့သည်။ နယ်စပ်တွင် တပ်စွဲမထားနိုင်။ အဆက်အသွယ် လှမ်းသည်။ ဗိုလ်မှူးချစ်ဖေတို့၏ တပ်ရင်း (၃၁၀) က ဥသြဘက်တွင် မွေသည်၊ နှောက်သည်။ ထို့ကြောင့် နယ်မြေအတော်လေး အေးချမ်းသွားသည်။

ကျော်ဆွေ၏တံတားများ ပြန်ပြင်နေသည်မှာ ပြီးလုပြီ။ သူနှင့် ကိုတင်မောင် တွဲ၍လုပ်နေကြသည်။ ဦးစွာပထမ လိပ်ချောင်းတွင် စခန်းချ၍ တံတားပြင်သည်။ မုန်တောမှ ဗိုလ်တင်မောင်အေးတပ်က လာ၍စောင့်ပေးသည်။ ပြီးလျှင် ဒန်းအိုင်ချောင်းသို့ ရွှေ့သွားသည်။ ထို့နောက် မုန်တောချောင်း ပေ ၃၀ တံတားကို ပြင်သည်။ သည်တစ်ခါတွင် မုန်တော ပေ ၃၀ တံတားနှင့် စံကားဝါချောင်း ပေ ၄၀ တံတားတို့ကို အခိုင်အခံ့ဆောက်သည်။ ဦးအေးသွင်သည် စခန်းသစ်နှင့် ဆီးဖြူတောအကြား လမ်းကို ဂဝံကျောက် ထပ်၍ခင်းသည်။ ယခုပင် ထိုလမ်း၌ အသွားအလာ ရှိနေကြပြီ။ ကား,ကား မမောင်းနိုင်သေး။ လှည်းများ၊ လူများ သွားလာနေကြသည်။

စင်ရော်တံတားတွင် မကြာမီ တိုင် ၂ ကွန်ကရစ်လောင်းရန် ရက်ချိန်းပေးလိုက်သည်။ သို့သော် ဘိလပ်မြေ ပြတ်သွားသည်။ စက်ဆီများလည်း ပြတ်သွားသည်။ စင်ရော်၌ သူတို့လိုချင်သည့် နံပါတ် ၅၀ စက်ဆီ မရှိပါ။ ထို့ကြောင့် ရသည့်နံပါတ် ၄၀ နှင့် နံပါတ် ၆၀ ကို ရော၍ သုံးနေရသည်။

"မရရင် ဘရိတ်ဆီသုံးပေါ့ကွ၊ ကိုတင်မောင်ရဲ့ဇနက ဒရိုင်ဘာအောင်ရကတော့ ဘရိတ်ဆီ ထည့်လိုက်တာပဲ၊ ကားထဲ ဓာတ်ဆီအကပ် ကျန်နေလို့ ဆီမလိုက်ရင် ဓာတ်ဆီတိုင်ကီထဲ ရေထည့်လိုက်တာပဲ၊ ဟော ဓာတ်ဆီက အပေါ်တက်လာတော့ ဓာတ်ဆီလိုက်လာရော၊ ပြီးမှ ရေကို စုပ်ထုတ်ပစ်တယ်" ဟု ကျော်ဆွေ အကြံပေးသည်။

"မဖြစ်သေးပါဘူးကွာ၊ ဒီကောင် ဗရွတ်ရွှတ်တနဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ ဘိလပ်မြေအိတ် ထောင့်ငါးရာလောက် လိုတယ်၊ စက်ဆီလဲ ပြတ်နေတယ်၊ စက်တွေ ရပ်ထားရလိမ့်မယ်ဗျာ၊ မင်း ရန်ကုန်လိုက်သွား

ကွာ၊ သော်ကောင်းလဲ မသွားနိုင်ဘူး၊ ငါလဲ မသွားနိုင်ဘူး၊ တို့ ၂၂ ရက်နေ့ ကွန်ကရစ်လောင်းမယ်၊ ရသမျှကိုသာ ရောက်တဲ့နည်းနဲ့ ပို့ပေတော့၊ မီးရထားနဲ့ဖြစ်ဖြစ်၊ စက်လှေနဲ့ဖြစ်ဖြစ် ပို့ကွာ”

ရှိသည့် ဘိလပ်မြေများ ကုန်ခါနီးနေပြီ။ တိုင် ၄ ညီနောင်က တော်တော်စားသွားသည်။ ထို့ကြောင့် ကျော်ဆွေ ရန်ကုန်သို့ လိုက်သွားသည်။ ထိုည မှာပင် ဂျော်လော့စကီး ဗိုက်နာ၍ ဖျားသည်။ သောင်းဒန် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ “အိမ်မှာ ကျွန်တော်ဖျားရင် ဝိုင်းနေကြတာပဲ” ဟု ဂျော်လော့စကီးပြောသည့်အခါ ရယ်လည်းရယ်ချင်သည်။ သနားလည်းသနားသည်။ အကြောအခြင်များတက်သည်ဆိုသဖြင့် နတ်ကတော် ဒေါ်ဖွားခက် ရောက်လာခိုက် နှိပ်ပေးသွားသည်။ ညဦးပိုင်းတွင် ဒေါ်ဖွားခက်ရောက်လာကာ နီးပြားကလေးတစ်စကို ကရွတ်ခွေ ခွေပေးပြီး ခေါင်းမှာစွပ်လိုက်၊ ပျောက်သွားလိမ့်မယ်ဟု ပေးသွားသည်။ သောင်းဒန် အယုံအကြည်မရှိသဖြင့် ဒီအတိုင်းထားလိုက်သည်။ နော်ဖောလာက ဆေးတစ်လုံးထိုးပေးသွားသည်။ နောက်တစ်နေ့မနက်တွင် ဂျော်လော့စကီး ထ၍ထိုင်သည်။ ထိုနေ့မှာပင် ကျော်ဆွေထံမှ ဘိလပ်မြေရကြောင်း၊ မီးရထားနှင့် ပို့လိုက်ပြီဖြစ်ကြောင်း သော်ကောင်းထံသို့ တယ်လီဖုန်းလာသည်။

မြန်မြန်ရောက်မှ ဖြစ်မည်။ မိုးဦးကျလာပြီ။ မျှော်လင့်သည်ထက် စောသည်။ တောင်ပေါ်၌ သဲသဲမဲမဲရွာသည်။ တောင်ပေါ်ရေပင် ကျစပြုလာသည်။ ဒိုက်များ၊ သရောများ၊ သစ်ပင်ငုတ်တိုများ ပါလာသည်။

တစ်ညတွင် အိပ်ပျော်စဉ် သောင်းဒန်ကို အိမ်ရှေ့မှလာ၍ နှိုးသံကြားရသည်။ မိန်းမသံဖြစ်သည်။ ထ၍ကြည့်သည့်အခါ တင်ရွှေ၏မိန်းမနမ်းခမ်းလုံ ဖြစ်နေသည်ကို တွေ့ရလေသည်။

“ဆရာကြီး လုပ်ပါအုံး၊ စိုင်းကြာအုံး သိပ်ဖျားတယ် ဆရာကြီး၊ တက်နေတယ်”

“ဟေ ဟုတ်လား၊ နော်ဖောလာကို ငါ သွားခေါ်ခဲ့မယ်၊ နေ နေ၊ ဘာမှ မလုပ်နဲ့”

နော်ဖောလာ ဆေးအိတ်ကိုင်ကာလိုက်လာသည်။ အခန်းထဲဝင်သွားပြီး ဘာလုပ်လိုက်သည် မသိ။ မျက်ဖြူလန်အောင်တက်နေသည့် စိုင်းကြာအုံး အတက်ရပ်သွားသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူနေသည်။ ထို့ကြောင့် နော်ဖောလာက ရေအေးဝတ်နှင့် ငယ်ထိပ်ကို အုပ်ထားသည်။

တင်ရွှေမရှိ။ တာကောသို့ ရေငုပ်ဝတ်စုံ အယူခိုင်းလိုက်သည်။ ကျော်ဆွေ ပြောသည့် အားတိုင်းမွေးတို့တွင် ယခုနှစ်ယောက်ရှိနေပြီ။ ခင်မောင်စိန်နှင့် နော်မူအေးတို့တွင်လည်း နောက်တစ်ယောက် ထပ်တိုးလာသည်။ မြင့်သိန်း လေးနှင့် ကျင်ကျင်တို့တွင် ကလေးနှစ်ယောက် မွေးပြီးပြီ။

"ကျွန်မ ပြန်မယ် ဆရာကြီး၊ ရှမ်းပြည်နယ် ပြန်မယ်၊ ကျွန်မ သိပ် စိတ်ညစ်တယ်၊ ဘာလုပ်ရမှန်းမသိဘူး"

နမ်းခမ်းလုံ၏ မျက်နှာကား ဆီးရွက်လောက်သာ ရှိနေသည်။

"ကျွန်မမှာ ရှမ်းပြည်နယ်မှာ ရည်းစားရှိတယ် ဆရာကြီး၊ ကိုတင်ရွှေ အတင်းပိုးလို့ ကျွန်မ သူ့ကိုယူလိုက်တာ၊ ခုတော့ ဒုက္ခတွေ့နေပြီ"

"ဟယ် နင့်ယောက်ျား ခုပြန်လာတော့မှာပဲ၊ ကလေးနေမကောင်းတာနဲ့၊ ရှမ်းပြည်နယ်ပြန်ချင်တာနဲ့၊ နင့်မှာ ရည်းစားရှိတာနဲ့ ဘာဆိုင်လို့လဲ၊ အလကား ဘာတွေလျှောက်ပြောနေတာလဲ၊ တော်ကြာ ပျောက်သွားမှာ"

နာဖျားမကျန်းရှိသည့်အခါ အားငယ်တတ်သည်မှာ ဓမ္မတာပင်ဖြစ် သည်။ သို့ရာတွင် တောကြီးမျက်မည်းထဲ၌ ဆွေမရှိ မျိုးမရှိ၊ ပြုစုသူမရှိဘဲ ဖျားနာရလျှင် စိတ်ဓာတ်ပျက်လောက်သည်။ ဂျော်လေ့စကီးပင် "အိမ်မှာ ကျွန်တော် နေမကောင်းရင် ဝိုင်းဝိုင်းလည်နေတာပဲ" ဟု အားငယ်စကားပြော သေးသည်။ မိန်းမသားဖြစ်သော နမ်းခမ်းလုံ အဘယ်မှာလျှင် အားမငယ်ဘဲ ရှိပါမည်နည်း။ အရေးထဲတွင် လင်သားက တစ်ရပ်တစ်ကျေးရောက်နေ သည်။

ကလေး နေမကောင်းတာနဲ့ ရည်းစားရှိတာ လူသိရော။ ဘယ်လို ရှမ်းမလဲမသိဘူး။ သိပ်ရိုးတာပဲ။

နှစ်ရက်ခန့်ရှိလျှင် ကျော်ဆွေနှင့်တင်ရွှေ အတူရောက်လာကြသည်။

နမ်းခမ်းလုံ ဝမ်းသာသွားသည်။ စိုင်ကြာအုံးလဲ ပျောက်သွားပြီ။ ရှေ့ဆင့်နောက်ဆင့်ပင် ဘိလပ်မြေအိတ်များ ရောက်လာသည်။ ထိုနေ့ညနေတွင် တောင်ပေါ်ရေ ဒလဟောကျလာသည်။ ချောင်းတစ်ခွင်လုံး ရေပြည့်လာသည်။ နံပါတ် ၂ သံခွေကြီးပင် မြုပ်သွားသည်။ သောင်းဒန်နှင့် သော်ကောင်းတို့ နှစ်ယောက် စင်ရော်မှပြန်အလာတွင် သံခွေထိပ်၌ ဝါးများ၊ ဒိုက်များ၊ သစ်လုံးများ စုပြုံနေသည်ကို တွေ့ရသည်။

"လာဟေ့ လာဟေ့၊ မဖြစ်ဘူး၊ ကြာရင် ဒုက္ခရောက်လိမ့်မယ်၊ မြန်မြန် ရှင်းပစ်မှ"

သောင်းဒန်နှင့် သော်ကောင်း တစ်ဖက်ကမ်းသို့ အမြန်ကူးလာကြသည်။ အိမ်ပေါ်သို့ပင် မတက်နိုင်တော့။

"ဟေ့ အောင်ကြီး၊ စောသာအေး၊ စခန်းက ရှိတဲ့လူတွေ ခေါ်ခဲ့ကွာ"

သစ်တုံးကြီးတစ်ခုသည် သံမဏိခွေကြီးကို ချည်ထားသော သံကြိုးနှင့်ငြိကာ ကန့်လန့်ခံနေသည်။ သံခွေနှင့် ကမ်းစပ်သည် ပေ ၂၀ သာသာ ခန့်သာရှိသည်။ တစ်ဖက်တွင်ကား ပွန်တွန်းကြီးသည် သံခွေနှင့်ကပ်နေသည်။ ထိုကြားတွင် သစ်တုံးများ အလွယ်တကူမျောရန် နေရာမရှိ။ သစ်တုံးကြီး ကန့်လန့်ခံနေသဖြင့် နောက်ထပ်မျောပါလာသည့် ဝါးတိုဝါးစများ၊ သစ်ကိုင်းခြောက်များသည် သစ်တုံးထိပ်တွင် ဖောင်ဖွဲ့နေကြသည်။ ရှင်းမပစ်လျှင် သံခွေကြီးကို ရေစီးနှင့်ဖိသဖြင့် နေရာရွေ့သွားမည်။ လဲသွားနိုင်သည်။ သို့ဖြစ်ရာ တစ်စခန်းလုံး အရပ်ကူပါ၊ လူဝိုင်းပါ အခြေသို့ ရောက်သွားသည်။ ဂျော်လော့ စကီး၊ ဗိုလ်မှူးတို့ပင် မနေနိုင်။ သစ်တုံးကြီးကို ကြိုးနှင့်ချည်၍ ဆွဲသည့်အထဲတွင် ဝင်ကူသည်။ သို့သော် မရ။ ဖောင်ပေါ်မှ ဝန်ချီစက်ကြီးသည် ကျားပါးစပ်ကြီးနှင့် သစ်တိုသစ်စ၊ ဝါးလုံးတိုဝါးလုံးစများကို ညှပ်ယူသည်။ ပါသင့်သလောက် မပါ။ ငွေစင်ရော်မော်တော်ကလေးလည်း ကမ်းမှခွာကာ ချောင်းညာဘက်သို့ တက်သွားပြီး ဖောင်ပဲ့ပိုင်း၌ စုပြုံတိုးဝင်နေသောဒိုက်များကို ကြိုးချည်ကာ ဆွဲထုတ်သည်။ ရေထဲသို့ ဆင်းသူကဆင်းကာ၊ ဒိုက်များကို တစ်ခုချင်း ဖယ်ရှားသူကဖယ်ရှားသည်။ တစ်နာရီခန့်ရှိမှ ဒိုက်များရှင်းသွား

သည်။ ထိုအခါတွင်မှ သောင်းဒန် အမောပြေသွားလေသည်။ စခန်းတစ်ခုလုံးလည်း ယခုမှ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

သန်ဘက်ခါဆိုလျှင် နံပါတ် ၂ တိုင်လုံးကြီးကို ကွန်ကရစ်လောင်းတော့မည်။ မြောက်ဘက်ကမ်းမှ ဘိလပ်မြေအိတ်များကို ပွန်တွန်းတစ်ခုနှင့် တင်၊ ရေလယ်ဖောင်ပေါ်သို့ ပို့သည်။ အလုပ်သမားများ လက်မလည်ရအောင်ပင် အလုပ်လုပ်နေကြရသည်။ ပဲ့နင်းဦးထောင် တစ်ပါးကြီးသည် ကျောက်စရစ်များကို မြောက်ဘက်ကမ်းတစ်နေရာမှ သယ်လာကာ ရေထဲသို့ ထိုးထွက်နေသော ယာယီတံတားထိပ်၌ ဖင်ပေး၍ ဆုတ်လာသည်။ တံတားအောက်ဘက်၌ ပွန်တွန်းတစ်စီးရပ်ထားသည်။ တံတားမှ ပွန်တွန်းပေါ်သို့ ပျဉ်ပြားကြီးတစ်ခု ဆင်ခြေလျှောကျနေသည်။ တစ်ပါးကြီး ထိုပျဉ်ပြားသို့ ဖင်ပေးမိလျှင် ပဲ့နင်းဦးထောင်လာကာ ကားပေါ်မှကျောက်စရစ်များ ပျဉ်ပြားပေါ်မှတစ်ဆင့် ပွန်တွန်းပေါ်သို့ ဝေါခနဲကျသွားကြသည်။ ဤသို့ဖြင့် ရေလယ်ဖောင်ပေါ်သို့ ကျောက်စရစ် တစ်ခေါက်ရောက်သွားပြန်သည်။

တစ်ဖန် တစ်ပါးကြီး နောက်တစ်စီးသည် ကမ်းတစ်နေရာရှိ သဲပုံမှ သဲများကိုတင်ကာ ယာယီတံတားထိပ်၌ ဖင်ပေးရပ်လိုက်ပြန်သည်။ ဝန်ချီစက်အငယ်လေးသည် ယာယီတံတားပေါ်မှ ကျားပါးစပ်ကြီးနှင့် သဲများကို သယ်ကာ ပွန်တွန်းတစ်စီးပေါ်သို့ လောင်းချသည်။ ဤသို့ဖြင့် သဲတစ်ခေါက် ရေလယ်သို့ ရောက်သွားပြန်သည်။

| | |
|---|---|
| အချိန် | နံနက် ၆ နာရီမှ နေ့လယ် ၂ နာရီ |
| ခေါင်းဆောင် | စောသာအေး။ |
| အချိန် | နေ့လယ် ၂ နာရီမှ ည ၁၀ နာရီ |
| ခေါင်းဆောင် | ဦးလှမင်း။ |
| အချိန် | ည ၂ နာရီမှ နံနက် ၆ နာရီ |
| ခေါင်းဆောင် | မစ္စတာဒေးဗစ်။ |

ရေလယ်ဂိုဏ်း အလုပ်သမားများ ထွန်းညွန့်
ဦးသန်း

ချစ်တင်

ဖေအေး စသည်။

ရုံးရှေ့ ကြော်ငြာသင်ပုန်း၌ တိုင် ၂ ကွန်ကရစ်လောင်းမည့် အဖွဲ့နှင့် အချိန်၊ ခေါင်းဆောင် စသည်တို့၏ စာရင်းထွက်လာသည်။

ဗိုလ်မှူးနှင့် ဂျော်လော့စကီးတို့သည် နောက်တစ်နေ့ မနက်တွင် ဖောင်ပေါ်သို့ ရောက်နေကြသည်။ ဖောင်ပေါ်တွင် ဆုံလည် ဝန်ချီစက်ကြီးတစ်ခု၊ ရေစုပ်စက် ၂ ခု၊ မီးစက် တစ်လုံး၊ အော်တိုကိုင်ဇာ ဘိလပ်မြေဖျော်စက်တစ်ခု အသီးသီးနေရာယူထားကြသည်။ စောသာအေး၏အဖွဲ့ လူစုံလျှင် လုပ်ငန်း စလေသည်။

ရေစုပ်စက်တစ်ခုက ချောင်းထဲမှရေကို စုပ်ကာ ကျောက်စရစ်ပုံပေါ်သို့ ဖျန်းပေးသည်။ ကျောက်စရစ်၌ ရွှံ့များ၊ သဲများ၊ အမှိုက်သရိုက်များ ပေကျံနေသည်ကို ဆေးကြောသည်။ အမျိုးသမီးအလုပ်သမားများသည် ကျောက်စရစ်များကိုသယ်ကာ ဘိလပ်မြေဖျော်စက် ခွက်ထဲသို့ ထည့်သည်။ တစ်ဖက်တွင် သဲသယ်သူက သယ်သည်။ ဖောင်ပေါ်တစ်နေရာမှ ဘိလပ်မြေအိတ်များ ထမ်းလာကာ ခွက်ထဲသို့ ထည့်သည်။ အားလုံးဆိုလျှင် သဲ ၅ ပုံးခွဲ၊ ကျောက်စရစ် ၁၁ ပုံး၊ ဘိလပ်မြေ ၄ အိတ်ပြည့်လျှင် ခွက်ကြီးသည် ဖျော်စက်ထိပ်သို့ တက်သွားကာ ပါလာသမျှကို လောင်းချလိုက်သည်။ လန်နေသော ခွက်ကြီး တွင် အစအန ကပ်မကျန်ရစ်အောင် တစ်ယောက်က တင်းပုတ်ကြီးနှင့် ဖင်ကိုထုပေးသည်။ ရေစုပ်စက်တစ်လုံးက ချောင်းထဲမှရေကိုစုပ်ကာ ဘိလပ် မြေဖျော်စက်ထဲသို့ လောင်းထည့်သည်။ စက်ကြီး တဝုန်းဝုန်းလည်နေသည်။ သမလျှင် တစ်ဖက်ရှိ အပေါက်မှ ကတော့ပုံခွက်ကြီးထဲသို့ လောင်းထည့်လိုက် သည်။ ကတော့ပုံခွက်ကြီးသည် ဝန်ချီစက်၏ ကြိုးနှင့် ဆက်ထားသည်။ ပြီးလျှင် ဝန်ချီစက်ကြီးက ကတော့ပုံခွက်ကြီးကို ဆွဲမသွားကာ ရေလယ်ရှိ သံမဏိခွေကြီး၏ အလယ်တည့်တည့် ထိပ်၌ရပ်လိုက်သည်။ ထို့နောက် ဝန်ချီစက်သည် ကြိုးကို တဖြည်းဖြည်းလျှော့ချသည်။ ရေထဲသို့ ကွန်ကရစ် ကတော့ကြီး ကျသွားသည်။ အောက်ခြေသို့ရောက်လျှင် ကတော့၏ဖင်ကို

စက်ခလုတ်ဖြင့် ဖွင့်ချလိုက်သည်။ ချက်ချင်းပင် သံခွေကြီးအလယ်ရေမျက်နှာ ပြင်၌ ဗလုံများ စီတက်လာသည်။

"အေးဗျာ၊ ဒီတစ်ခါ ကျောင်းပိတ်ရင် ကျွန်တော့်သား နှစ်ယောက်ကို ဦးသောင်းဒန်ဆီ လွှတ်လိုက်မယ်၊ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ နံပါတ် ၃ တိုင်ကြီး လောင်းမယ် မဟုတ်လား၊ ဒါမှ ဒီကောင်တွေ အတွေ့အကြုံရမယ်၊ တစ်ခါလာလဲ စားပွဲနဲ့ ကုလားထိုင် အလုပ်၊ တစ်ခါလာလဲ မြို့အုပ်ဝန်ထောက်၊ တစ်ခါလာလဲ ဆရာဝန်၊ အဲဒီ အလုပ်တွေပဲ မက်မောနေကြတယ်"

"ဗိုလ်မှူးသားတွေ ဘယ်နှတန်းလဲ ခင်ဗျ"

"တစ်ယောက်က ဆယ်တန်း၊ တစ်ယောက်က ရှစ်တန်း၊ သူ့အမေ ကတော့ ကျောင်းဆရာပဲ လုပ်ခိုင်းချင်သတဲ့၊ အငယ်ကောင်က ပြင်ဦးလွင် စစ်တက္ကသိုလ်သွားမယ် ပြောနေတယ်၊ ကျွန်တော့်ခြေရာ နင်းရအောင်ပေါ့ဗျာ၊ ကျွန်တော်တော့ ဘာမှမပြောဘူး၊ လုပ်ချင်ရာ လုပ်၊ ဒါပေမဲ့ လုပ်ချင်တိုင်းလဲ ဖြစ်အုံးမှကိုးဗျ၊ အတွေ့အမြင်များတာက စစ်ဗိုလ်စစ်သားအတွေ့အမြင်များ တော့ ဒါပဲ အားသန်နေမှာပေါ့၊ ခင်ဗျားတို့အလုပ်ကို ကျွန်တော်သဘောကျ တယ်၊ ဒီကောင်တွေ သူတို့အဘိုးခြေရာနင်းခိုင်းရမယ်၊ ကျွန်တော်တို့အဖေက ကန်ထရိုက်ဆိုပေမဲ့ အင်ဂျင်နီယာနီးပါး တတ်တာခင်ဗျ"

"ဒါပေါ့ ဗိုလ်မှူးရာ၊ တချို့ ကန်ထရိုက်တွေများ အင်ဂျင်နီယာ ထက်တောင် တတ်သေးတယ်၊ ခိုးနည်းဝှက်နည်း၊ စားနည်းသောက်နည်းကို ကန်ထရိုက်က သင်လို့ အင်ဂျင်နီယာ တတ်တာခင်ဗျ"

သောင်းဒန် လွှတ်ခနဲ ထွက်သွားပြီးမှ ချက်ချင်းသတိရကာ ဘရိတ် အုပ်လိုက်ရသည်။ အင်း အာချောင်ပြန်ပြီ။ ဗိုလ်မှူးအဖေက ကန်ထရိုက်တဲ့။

"လွှတ်လိုက်ပါ ဗိုလ်မှူး၊ သီတင်းကျွတ်လောက်ဆိုရင် တိုင် ၃ တက် လာတော့မှာပဲ၊ ကျွန်တော်ပြိုင်လုပ်မယ်၊ တိုင် ၂ ကို ထိပ်အုပ်တင်၊ တန်းတက်၊ တစ်ပြိုင်တည်းပဲ တိုင် ၃ ကွန်ကရစ်လောင်းမယ်၊ ဒါမှ လာမဲ့နှစ် သင်္ကြန်အမီ တံတားဖွင့်နိုင်မှာ ခင်ဗျ"

"ကျွန်တော့်သားတော့ စစ်ဗိုလ်ကြီး လုပ်ချင်တယ် ပြောနေတယ်

ဗိုလ်မှူး” ဂျော်လော့စကီးသည်လည်း သူ့သားငယ်ကို သတိရလာသည်။

“ရန်ကုန်မှာနေတော့” သောင်းဒန်က ဂျော်လော့စကီးကို မျက်လုံးပြူးပြူးလိုက်သည်။ ဂျော်လော့စကီး ပြုံးဖြဲဖြဲ ရယ်နေသည်။ စကားကို မဆက်တော့။

“ဘာလဲဗျ၊ ဆက်ပါအုံး ခင်ဗျားစကား၊ ရန်ကုန်မှာ စစ်ဗိုလ်တွေ ကားစီးနေတာကို ခင်ဗျားသားက အားကျလို့လား၊ စစ်ဗိုလ်သာ မဟုတ်ပါဘူးဗျာ၊ အရာရှိတွေလဲ ကားစီးနေကြတာပါပဲ၊ အားလုံးကားစီးနေကြတာပါပဲ၊ အခု အစိုးရလက်ထက်ကျမှ အရာရှိတွေ ရုံးကားလေးတွေ ကိုယ်စီနဲ့ဗျာ၊ ဘယ်ခေတ်က အရာရှိကို ကားပေးဖူးလို့လဲ”

“ဟား . . . ဟား . . . ဟား၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော်တို့လဲ ရန်ကုန်ရောက်ရင် ဌာနချုပ်မှာ ကားတောင်းတာပဲ၊ အထက်ကပေးလိုက်ပါဆိုပေမဲ့ ကားကိုင်တဲ့လူက ညစ်တစ်တစ်ရယ် ခင်ဗျ၊ မကောင်းတဲ့ကား၊ ပျက်တဲ့ကား ထိုးပေးတယ်၊ ဒီတော့ အလုပ်မတွင်ဘူး၊ တစ်ရက်နဲ့ပြီးရမဲ့ကိစ္စ နှစ်ရက် သုံးရက်ရှိမှ ပြီးတယ်၊ အိမ်က မိန်းမကတော့ သဘောကျတာပေါ့ ခင်ဗျာ၊ ရန်ကုန်မှာ ကြာကြာနေရတာကိုး”

သောင်းဒန်က ဝင်၍ ပြောလိုက်သည်။

“မဟုတ်ပါဘူး ဗိုလ်မှူး၊ သူ့ဦးလေးတစ်ယောက်က ရေတပ်ဗိုလ်မို့ပါ၊ ယူနီဖောင်းက သိပ်စမတ်ကျတယ် မဟုတ်လား ဗိုလ်မှူးရဲ့၊ ဒီတော့ သားက သဘောကျတာပေါ့” ဂျော်လော့စကီးစကားကို လျှောချလိုက်တာလား။ သူ့မျက်နှာကား စပ်ဖြဲဖြဲ။

ညနေပိုင်းတွင် သော်ကောင်း စင်ရော်မှ ရောက်လာသည်။ ရေလယ်ဖောင်ပေါ်သို့ ကျော်ဆွေနှင့်အတူ တက်လာသည်။ ရေလယ်ဖောင်ပေါ်တွင် တစ်ထောင်အား မီးလုံးကြီး နှစ်ခုကြောင့် ထိန်နေသည်။ မီးစက်ကို တစ်ညလုံး မောင်းခိုင်းထားသည်။

“မင်း ကျောက်ဖိုးတွေ ငွေချေဖို့ လုပ်အုံးဗျ” ကျော်ဆွေက သော်ကောင်းကို သတိပေးသည်။ ကျော်ဆွေသည် စင်ရော်အနောက်ဘက်တွင် ဂဝံကျောက်ကျင်းများ တူးနေသည်။ စခန်းသို့ အပြန်တွင် သော်ကောင်းကို ဝင်၍ ခေါ်လာခဲ့

သည်။

"အေးပါကွာ . . . လုပ်ခိုင်းထားပါတယ်" သောင်းဒန်ကိုမြင်လျှင် သော်ကောင်းက "ဘယ့်နှယ်လဲဟေ့၊ ဟန်ရဲ့မဟုတ်လား၊ ငါ ဒီည မင်းတို့ ဆီမှာ အိပ်မှာကွ" ဟု လှမ်း၍ အော်လိုက်သည်။

ထိုစဉ်တွင် ကမ်းထိပ်မှ တစ်စုံတစ်ယောက်၏အော်သံကို ကြားလိုက် သည်။ ရေလယ်မှ လှေကိုလှမ်း၍ ခေါ်နေခြင်း ဖြစ်သည်။ ခဏကြာလျှင် စံဖေရောက်လာကာ လှမင်းအား ကွမ်းနှစ်ယာနှင့် ကော်ဖီဓာတ်ဘူးတစ်ဘူး ပေးသည်။

"ဟေ့ ဆရာကြီး၊ လှမင်း မိန်းမက မဆိုးဘူးကွ၊ ယောကျ်ားဆီ ကွမ်းယာတို့၊ ကော်ဖီတို့တောင် ပို့ဖော်ရတယ်"

လှမင်းက ရယ်နေသည်။ ထိုအချိန်ကား လှမင်း၏အလှည့်ဖြစ်သည်။

"လာဟေ့ . . . ထမင်းပြန်စားကြမယ်၊ ပြီးမှ ပြန်လာတာပေါ့ကွာ" ကျော်ဆွေ ထမင်းဆာလှပြီ။

ထိုညတွင် သောင်းဒန် တစ်ညလုံး မအိပ်။ ဆယ့်တစ်နာရီလောက်တွင် သော်ကောင်း စခန်းသို့ ပြန်တက်သွားသည်။

ဤသို့ဖြင့် သုံးရက် နေ့မအား၊ ညမအား လောင်းလိုက်သည့်အခါ တိုင်ကြီးသည် ရေအောက်တွင် ၇ ပေ၊ ၈ ပေခန့် တက်လာသည်။ သို့သော် လည်း အရေးထဲတွင် ဘိလပ်မြေပြတ်သွားသဖြင့် ရပ်ထားလိုက်ရသည်။

မိုးသည်းလာပြီ။ တောင်ကျရေ တသွင်သွင်စီးလာသည်။ ကျော်လေ့ စကီးတို့အဖွဲ့လည်း ပြန်ကြတော့မည်။ စုစုပေါင်း တွင်း ၄၀ ဘိလပ်မြေမှုတ် သွင်းခဲ့ပြီးပြီ။ မိုးကုန်မှ တစ်ခါထပ်လာ၍ စစ်ဆေးကြည့်မည်။

"အခုအတိုင်းဆိုရင်တော့ ဟန်နေတာပဲ ဦးသောင်းဒန်" ကျော်လေ့ စကီးက လွန်နှင့်ဖောက်၍ နမူနာယူထားသော ဘိလပ်မြေခဲကို ပြသည်။ လွန်ပုံအတိုင်း လုံးလုံးရှည်ရှည် ဘိလပ်မြေခဲကို ဘယ်ပြန်ညာပြန်ကြည့်ကာ သောင်းဒန် သဘောကျသွားသည်။ တချို့ဘိလပ်မြေများသည် ချောင်း အောက်ခင်းမြေကြီးပေါ်သို့ တက်လာကြသည်။ တိုင်ခြေ၌ အပျဉ်ကြီးဖြစ်

ကာ ခဲနေသည်။

"အင်း ဟန်ပါလိမ့်မယ် ထင်တာပဲ"

ထိုညတွင် သောင်းဒန်ဆီသို့ မြင့်သိန်းလေး ရောက်လာသည်။ ရေလယ်ဂိုဏ်းတွင် ပြောင်း၍လုပ်နေရာမှ မြေစမ်းအဖွဲ့ရောက်လာသည့်တွင် ဝင်၍ကူသည်။ လာဘ်မြင်သဖြင့် သူ့ကို ဦးအောင်ဝင်းနှင့် ဦးဝင်းနိုင်တို့က သဘောကျသည်။

"ဒီကောင်လေးကို ကျွန်တော်တို့ ခေါ်သွားချင်တယ် ဦးသောင်းဒန်"

"သူ့သဘောပဲလေ၊ လိုက်ချင် လိုက်သွားပေါ့၊ နေပါအုံး၊ ခင်ဗျားတို့က ဘယ်လောက်ပေးနိုင်မှာလဲ"

"တစ်ရာ့တစ်ဆယ် စကေးတော့ ခန့်နိုင်မယ်"

"အင်း . . . ဒါလဲ မဆိုးပါဘူး၊ ဘယ်လိုလဲ မင်းသဘောက"

မြင့်သိန်းလေး ဘာမှပြန်မဖြေ။ သူ့စိတ်ထဲတွင် ဒွိဟ ဖြစ်နေသည်။ လိုက်ရကောင်းနိုး၊ နေခဲ့ရကောင်းနိုး ဝေခွဲမရနိုင်ဖြစ်နေသည်။ ရန်ကုန်တွင် နေစရာအိမ်မရှိ။ သူ့အစ်ကိုနှင့် မရီးကလည်း လက်သင့်ခံနိုင်ဖွယ် မမြင်။ တံတားသို့ လိုက်လာစဉ်က မြင့်သိန်းလေးသည် လူပျိုလူလွတ်ဖြစ်သည်။ ယခု ကျင်ကျင်နှင့်အကြောင်းပါကာ သမီးတစ်ယောက်၊ သားတစ်ယောက် ထွန်းကားနေပြီ။ ပြီးတော့ –

"ဘယ်လိုလဲကွ၊ ငါကတော့ ထည့်ပါတယ်၊ မင်းတက်လမ်းရှိတဲ့ဆီ သွားမဲ့ဟာ၊ ငါ မတားပါဘူး"

"မလိုက်တော့ဘူး ဆရာကြီး၊ ကျွန်တော် ဆရာကြီးတို့နဲ့ပဲ နေတော့မယ်၊ ဘယ်သွားသွား ဆရာကြီးတို့ သွားရာပဲလိုက်တော့မယ်၊ ရန်ကုန်မှာ ကျွန်တော်တို့လင်မယား နေစရာမရှိဘူး ဆရာကြီး"

"အင်း . . . ဒါလဲ ဟုတ်တာပဲ၊ ဒီကောင်လေး တို့ကို သံယောဇဉ်ကြီးရှာတယ်"

မြင့်သိန်းလေးသည် သီရိတံတားမှစ၍ သောင်းဒန်တို့နှင့် တွဲခဲ့သည်။ ယခုခွဲရမည်ဟု အရေးကြုံလာသည့်အခါ သောင်းဒန်တို့ကို မခွဲနိုင်ဖြစ်နေသည်။

လှမင်းနှင့် တိုင်ပင်သည်။ စောသာအေးနှင့် တိုင်ပင်သည်။ အောင်ကြီးနှင့် တိုင်ပင်သည်။ သူ့တက်လမ်းအတွက် ဘယ်သူကမှ မဖျက်ကြ။ သို့သော်လည်း ယခုလူသစ်နှင့် ပေါင်းရမည်။ ဆရာသစ်နှင့် ပေါင်းရမည်။ ဦးအောင်ဝင်း၊ ဦးဝင်းနိုင်တို့ နှစ်ယောက်စလုံး သဘောကောင်းကြပါသည်။ လူအေးများ ဖြစ်ကြပါသည်။ အောက်လူကို သက်ညှာသူများ ဖြစ်ကြပါသည်။ သို့သော် –

"ကျွန်တော်ပြန်တော့မယ် ဆရာကြီး"ဟုနှုတ်ဆက်ကာ မြင့်သိန်းလေး ပြန်လာခဲ့လျှင် လှမင်းအိမ်သို့ ဝင်သည်။

"ဘယ့်နှယ်လဲ၊ ဦးသောင်းဒန်က ဘာပြောလိုက်သလဲ"

"ခွင့်ပြုပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော် မလိုက်တော့ဘူး၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ ဆရာ၊ ဆရာကြီးကိုတော့ ကျွန်တော် စိတ်ထဲပေါ်လာတာကို မပြောခဲ့ပါဘူး၊ ကျွန်တော် အင်ဂျင်နီယာတွေ တွေ့ဖူးပါတယ် ဆရာ၊ ဒါပေမဲ့ ဦးသော်ကောင်းတို့လို၊ ဦးသောင်းဒန်တို့လို၊ ဦးကျော်ဆွေတို့လို အင်ဂျင်နီယာ မျိုးတော့ မတွေ့ဖူးသေးဘူး၊ သူတို့က သူများကိုခိုင်းပြီး ဒူးနှန့်နေတဲ့ အင်ဂျင် နီယာတွေမဟုတ်ဘူး ဆရာ၊ သူများကိုခိုင်းစားပြီး အင်ဂျင်နီယာအခေါ်ခံ နေတဲ့လူတွေ မဟုတ်ဘူး ဆရာ၊ ရှေ့က ကိုယ်တိုင်လုပ်ပြပြီးမှ တပည့်ကိုခိုင်းတဲ့ အင်ဂျင်နီယာ၊ တစ်နေ့က ဦးသောင်းဒန် ရေလယ်မှာ ကိုယ်တိုင်ရေဆင်းငုပ် တယ်၊ ကျွန်တော် တော်တော်ကြည်ညိုသွားတယ်၊ တစ်လောက စင်ရော် မီးလောင်လို့ လုပ်အားပေးသွားကြတော့ ဦးသော်ကောင်းရယ် ပေါက်တူး တစ်လက်နဲ့ ဝင်ပြီးပေါက်နေတယ်၊ ပြီးတော့ ဘယ်လိုလုပ်ဖို့ ဘယ်လိုကိုင်ဖို့ ပေါက်တူးပေါက်ရင်း ညွှန်ကြားတယ်၊ စင်ရော်သားတစ်ယောက်က အဲဒီလူ ဘယ်သူလဲဗျ၊ အဝတ်က ညစ်ထည်းထည်းနဲ့၊ ဟိုလူခိုင်း ဒီလူခိုင်း ခိုင်းနေ တယ်လို့ ကျွန်တော့်ကို မေးတယ်၊ ကျွန်တော်က အဲဒါ ကျွန်တော်တို့ လမ်း အရေးပိုင် ဦးသော်ကောင်းပဲ၊ အခု မြို့သစ်စီမံကိန်းကို သူအကောင်အထည် ဖော်နေတာလို့ ပြောလိုက်တော့ ဟာ ဘယ်လို လမ်းအရေးပိုင်လဲ၊ ဒီလိုလူမျိုး မတွေ့ဖူးပါဘူးလို့ပြောတယ်၊ ဦးကျော်ဆွေ ကြည့်အုံးမလား၊ မုန်တောချောင်း ဘေးမှာတဲထိုးပြီး အလုပ်သမားတွေနဲ့အတူ တံတားဆောက်တယ်၊ ကျွန်တော်

ဆုံးဖြတ်လိုက်ပြီ ဆရာ၊ ဆရာတို့နဲ့ ကျွန်တော် ဘယ်တော့မှ မခွဲတော့ဘူး”

**သူများကို ခိုင်းစားပြီး အင်ဂျင်နီယာ အခေါ်ခံနေတဲ့လူတွေ မဟုတ်ဘူး။ သူများကိုခိုင်းပြီး ဒူးနန့်နေတဲ့ အင်ဂျင်နီယာတွေ မဟုတ်ဘူး။**

ထိုစကားများသည် လှမင်း၏နားတွင် ပဲ့တင်ထပ် ကျန်ရစ်ခဲ့လေသည်။

ထိုစကားကို လှမင်းက အောင်ကြီးအား ပြောသည်။ အောင်ကြီးက စောသာအေးအား ပြောသည်။ စောသာအေးက သောင်းဒန်အား ပြောလိုက်သည်။ ထိုစကားကြားရသည့်ညက သောင်းဒန် တော်တော်နှင့် အိပ်၍မပျော်။ အထက်လူကြီးတစ်ယောက်က “ဦးသောင်းဒန်အား စင်ရော်တံတားပြီးမြောက်အောင် ဆောက်သဖြင့် ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်လိုက်ပါသည်”ဟူသော ချီးကျူးစကားထက် ပို၍နှစ်ထောင်းအားရ ဖြစ်မိသည်။ အကြောင်းမှာ ဆန်းသစ်လာတော့မည့်ခေတ်တွင် သူတို့သည် မြင့်သိန်းလေးတို့လို လုပ်သားကောင်းများနှင့်လက်တွဲ၍ ချီတက်သွားရမည်ဟု ယုံကြည်သောကြောင့်ပင် ဖြစ်လေသည်။

မြင့်သိန်းလေးကား ဦးအောင်ဝင်းတို့အဖွဲ့နှင့် ပါ၍မသွား။ သို့သော်လက်သမား ချစ်ဖေ၏ညီ ချစ်ဆွေသည် စိမ့်မြိုင် ဘီအီးတပ်သို့ဝင်ရန် ထွက်သွားသည်။ သောင်းဒန်ထံမှ ထောက်ခံစာယူသွားသည်။ ချစ်ဆွေသည် ရှစ်တန်းတွင် စာမေးပွဲကျသဖြင့် ရေလယ်ဂိုဏ်းသို့ ဝင်သည်။ တံတားဘောလုံးအသင်းတွင် ရှေ့တန်းမှ ကစားသည်။ စိမ့်မြိုင်ဘီအီးတပ်မှ ဗိုလ်ကြီးဘကြူးရောက်လာစဉ် ဘောလုံးပွဲ၌ ချစ်ဆွေကစားသည်ကိုတွေ့သွားကာ သူ့တပ်ထဲသွင်း၍ ဘောလုံးကန်ခိုင်းမည်ဟု ဆိုသည်။ ချစ်ဆွေကလည်း စွန့်စားချင်နေသည်နှင့် အကြိုက်တွေ့သွားလေသည်။

ဂျော်လော့စကီးပြန်သွားသည့်အခါ စကားပြောဖော်တစ်ယောက်လျော့သွားသည်။ နောက်တစ်နေ့တွင် ဘိလပ်မြေရောက်လာမလိုနှင့် မရောက်လာသဖြင့် တိုင် ၂ ပတ်လည်တွင် သံချောင်းများစိုက်လိုက်ရတော့သည်။ သို့မှသာ နောက်တစ်ကြိမ်ထပ်၍ ကွန်ကရစ်လောင်းလျှင် ခိုင်မည်။ ထိုနေ့

ညတွင် မိုးပုဆိန်ကြီး ရွာချလေသည်။ ၂ နာရီခန့်တွင် ကျော်ဆွေ အိပ်ရာမှ လန့်နိုးသည်။ သောင်းဒန်ကိုပါနှိုးကာ ရတက်မအေးသည့်အကြောင်းကို ပြောသည်။

"ဒီမိုးနဲ့ဆို မနက်ကျရင် တောင်ရေကျလာတော့မှာပဲ၊ မင်းတိုင်ကြီး ဘယ့်နှယ်နေပ့ါမလဲ"

သောင်းဒန် အိပ်၍မပျော်။ မိုးမြန်မြန်လင်းပါစေဟုသာ ဆုတောင်းနေရသည်။ မိုးလင်းလျှင် ကျော်ဆွေနှင့်အတူ ရေလယ်ဖောင်ဆီသို့ အပြေးဆင်းသွားသည်။ ကမ်းဆိပ်ရောက်လျှင် တစ်ဖက်ကမ်း၌ သော်ကောင်းရောက်နေသည်ကို တွေ့ရလေသည်။ သော်ကောင်း အမောတကြီး ရေလယ်ဖောင်ပေါ်သို့ ရောက်လာသည်။

"မိုးလင်းတော့ ချောင်းဘေးမှာ ငါထိုင်ပြီးကြည့်နေတယ် သူငယ်ချင်း၊ သစ်တုံးကြီးတွေ၊ ဒိုက်တွေမျောလာတာမြင်တော့ ငါ မနေနိုင်တာနဲ့ ကားနဲ့ ထွက်လာခဲ့တာပဲ၊ လမ်းမှာလဲ ရေစားလို့ လမ်းပျက်နေတာ တွေ့ခဲ့တယ်"

သောင်းဒန်၊ သော်ကောင်း၊ ကျော်ဆွေတို့ သုံးယောက်သား ထိုင်ကြည့်နေကြသည်။ သစ်တုံးကြီးများသည် သံခွေကြီးကို တဒုန်းဒုန်း ဝင်၍ဆောင့်သည်။ ရေလယ်ဖောင်ကို တဒိုင်းဒိုင်း ဝင်၍ခွေ့သည်။ ရင်လေးစရာကြီးပါလား။

ထိုနေ့မှာပင် ဗိုလ်မှူးကိုကိုကြီးသည် ဂျော်လော့စကီးထံသို့ စာတစ်စောင်ရေးလိုက်လေသည်။

ဂျော်လော့စကီး ခင်ဗျား

ခင်ဗျား ပြန်သွားပြီးတဲ့နောက် ကျွန်တော်ရယ်၊ ဦးသောင်းဒန်ရယ်၊ ဦးကျော်ဆွေရယ် ညပိုင်းမှာ ခဏတစ်ဖြုတ်တွေ့ကြတော့ လူတစ်ယောက် လျော့နေသည်ကို သတိထားမိကြပါသည်။

ရေလယ်တိုင်ကြီးကတော့ ခင်ဗျား ရှိတုန်းကအတိုင်းပါပဲ။ အင်ကြင်းတောင် (ပြန်ပေးတောင်) ဘုရားမှာ ထွန်းထားတဲ့ စခန်းကုသိုလ် မီးရောင်နဲ့ မိုးမြူတွေဆိုင်းနေစဉ် မြင်တွေ့ရတဲ့ ရှုခင်းကတော့ ကြည့်လို့မငြီးပါဘူး။ စင်ရော်

ချောင်း ရေအလျဉ်ကလဲ တသွင်သွင်စီးဆင်းမြဲပါပဲ။

တစ်ရက် နှစ်ရက်အတွင်းမှာ မိုးပုဆိန်ကြီးရွာလိုက်လို့ ခင်ဗျားသွား မကြည့်ဖြစ်တဲ့ သောင်ဦးချဉ်းကပ်လမ်းဘက်က တံတားနိမ့်ကလေးလဲ ရေထဲ ပါသွားပြီ။ စင်ရော်ချောင်းမှာလဲ ဒိုက်တွေ၊ သစ်ပင်တွေ မျောလာလို့ ရေလယ် က ဖောင်ကြီးကို ဝင်ဝင်ဆောင့်နေတာကတော့ အသည်းထိတ် ရင်ဖိုစရာ ပဲပေါ့ဗျာ။ ဦးသောင်းဒန်တစ်ယောက်တော့ ချောင်းနားက မခွာနိုင်တော့ ဘူး။ ဗိုလ်မှူး၊ ကျွန်တော်တော့ နှလုံးရောဂါဖြစ်ရချေရဲ့လို့ ညည်းနေပြီး သက်ပြင်းတချချနဲ့ ထမင်းမစားနိုင်လောက်အောင် စိတ်ဒုက္ခရောက်နေရှာ တယ်။ ကျွန်တော်လဲ ကမ်းနားကတဲကလေးမှာထိုင်ပြီး နေ့လယ်က ညနေ အထိ ကြည့်နေရင်း ရင်တမောမောနဲ့ပဲ။ အဲ – ဒါတော့ မတတ်နိုင်တဲ့ ဒိုက် တွေ၊ သစ်တုံးတွေကြည့်ပြီး တောင်ပေါ်မှာ တောင်ယာခုတ်တဲ့ လူတွေကိုပဲ စိတ်ထဲက ကျိန်ဆဲနေတော့တာပဲဗျို့။

တိမ်ဦးတောင်မှာလဲ တောင်ပြိုလို့ သောင်ဦးကားလမ်းပိတ်သွားလေ ရဲ့။ တောင်လယ်စခန်းမရောက်ခင် ရေတံခွန်ရဲ့ မြောက်ဘက်မှာ သုံးဖာလုံ လောက် ပြိုတဲ့အပြင် လမ်းပါပျောက်သွားတယ်လို့သိရတယ် သတင်းထူးက တော့ ဒါပါပဲ။

*မိုးအကုန်မှာ ခင်ဗျားကို မျှော်နေမယ်။*

*ခေတ္တ။*

*စင်ရော် တံတားစခန်း။*

*ကိုကိုကြီး*

*ဗိုလ်မှူး*

× × × × ×

သည်လိုနှင့်ပင် ကျောက်စု၊ သဲစု စုနေရင်း မိုးသည် သည်း၍ မည်း၍လာသည်။ ရေလယ်ဖောင်များကို ဖြုတ်၍ ကမ်း၌ချည်ထားရသည်။ တစ်ခါတစ်ရံ တစ်နေကုန်နေမမြင်ရ။ ပေ ၃၀၀ ခန့်သာမြင့်သည့် အင်ကြင်းတောင်ကုန်းလေးမှာပင် တောင်ခိုးဝေကာ မြူဆိုင်းနေတတ်သည်။ စင်ရော်၌ နောက်တစ်မိုးခိုရဦးမည်။ အဖြစ်အပျက်တို့သည် ဘာမှမထူးခြားလှ။

သို့သော်လည်း သောင်းဒန်က ဌာနချုပ်သို့ တခြားအလုပ်တစ်ခုကို ထိုအတောအတွင်း ခိုင်းလျှင်သင့်မည်ဖြစ်ကြောင်း အစီရင်ခံလိုက်သည်။

ထို့ကြောင့် သောင်းဒန်ကို ဌာနချုပ်မှခေါ်ကာ မန္တလေးသို့ လွှတ်လိုက်သည်။ မန္တလေးနားတွင် တံတားတစ်ခု အားဖြည့်ကွန်ကရစ်ရက်မတင်ရမည်။ ကျောက်ဆည်နှင့် သာစည်ကြားတွင် တံတားတစ်ခုရက်မတင်ရမည်။ သောင်းဒန်သည် ထိုစခန်းတို့တွင် တစ်ပတ်ခန့်နေကာ စင်ရော်သို့ ပြန်လာသည်။ မကြာမီပင် စောသာအေးနှင့် ဆယ်ယောက်ပါသည့်အဖွဲ့တစ်ဖွဲ့ကို ထိုတံတားများသို့ ပို့လိုက်သည်။ စောသာအေး၏အဖွဲ့သည် သုံးလနီးပါးကြာအောင် ရက်မများ လုပ်ကြရမည်။

သော်ကောင်း ရန်ကုန်သို့ တစ်ခေါက် ဆင်းသွားသည်။ ဌာနချုပ်၌ တိုင် ၃ နှင့် တိုင် ၄ ညီနောင် အခြေအနေတို့ကို ဆွေးနွေးကာ အကြံဉာဏ်ယူသည်။ ထို့နောက် စောသာအေးတို့ရှိရာသို့ သော်ကောင်း လိုက်သွားသည်။

ကျော်ဆွေကား စမ်းချောင်းတံတားကို အချောကိုင်နေသည်။ အားလပ်သည့်အခါ စံပယ်ချောင်းဘေးတွင် တမံတုတ်ကာ ငါးဖမ်းသည်။ သူပြောသည့်အတိုင်းပင် ဆယ်ပိသာခန့်ရသည်။ နော်ဖောလာ၊ ခင်ခင်၊ နမ်းခမ်းလုံနှင့် နော်မူအေးတို့ အိမ်များကို ဝေပေးလိုက်သည်။

"အင်း အိုရချေသေးရဲ့၊ အိုရချေသေးရဲ့"

ပျင်းပျင်းရှိလျှင် သောင်းဒန်သည် ကျော်ဆွေကို စသည်။ သီတင်းကျွတ်လျှင် ကျော်ဆွေမိန်းမယူရန် အညာသို့ ပြန်တော့မည်မှာ သေချာနေသည်။

"မဖြစ်သေးပါဘူးကွာ၊ သော်ကောင်းကို စောင့်ရအုံးမယ်ကွ၊ ငါ အိမ်ကို လှည့်ထားလိုက်အုံးမယ်၊ သောင်းဒန်ရေ၊ တကယ် မိန်းမယူရမယ်ဆိုတော့ ကျောထဲက စိမ့်စိမ့်လာတယ် ဆရာ"

"ဟား . . . ဟား" သောင်းဒန် သဘောကျသဖြင့် ခွက်ထိုးခွက်လန် ရယ်သည်။

တစ်နေ့တွင် သူ့အစ်ကိုထံမှ စာရောက်လာသည်။

*"သီတင်းကျွတ်ရင် အညာကို ပြန်ခဲ့၊ လက်ထပ်မယ်၊ မင်းလာရင် သပ်သပ်ရပ်ရပ် ဝတ်လာခဲ့"*

"ကြည့်စမ်းပါအုံးကွာ ငါ အသည်းနာလိုက်တာ၊ ငါ့ကို ဖိုသီဖတ်သီဝတ်မလာခဲ့နဲ့၊ သပ်သပ်ရပ်ရပ် ဝတ်လာခဲ့တဲ့၊ သေလိုက်ပါတော့ သောင်းဒန်ရာ"

သောင်းဒန်က ထိုသတင်းကို ခင်ခင်တို့အား ဖောက်သည်ချလိုက်သည်။ ထိုအကြောင်း သော်ကောင်းကြားလျှင် တဟားဟား ရယ်သည်။

"ဦးကျော်ဆွေကြီး မိန်းမရရင် ဒီကို ခေါ်လာခဲ့နော်" ခင်ခင်က ဆိုသည်။

"အမယ် ကျုပ်မိန်းမက ခင်ဗျားတို့ မဲဇာကိုလိုက်မှာ မဟုတ်ဘူးဗျ"

"အမယ်လေး ကြီးကျယ်လိုက်တာ၊ မိန်းမဖြင့် မရသေးဘူး၊ အခုကတည်းက ဖူးဖူးမှုတ်နေပြီ၊ တွေ့ရင်တော့ ရှင့်အကြောင်းတွေ ပြောပြရအုံးမယ်"

သို့နှင့် သီတင်းကျွတ်လဆန်း ရောက်လာသည်။ ကျော်ဆွေ အညာသို့

မိန်းမတောင်းပြန်ရန် ပြင်ဆင်နေပြီ။

စခန်းသည်လည်း လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဂျော်လော့စကီးတို့ အဖွဲ့ပြန်လာကြသည်။ ဗိုလ်မှူး ကိုကိုကြီးနှင့် လေပစ်နိုင်ကြပြီ။ ကမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်ကလေးလည်း ပြန်၍ စည်ကားလာသည်။

ဂျော်လော့စကီး၊ ဦးဝင်းနိုင်တို့အဖွဲ့နှင့်အတူ တင်ထွန်းနှင့် မြိုင်တို့ ပြန်၍ပါလာကြသည်။ မြိုင်တစ်ယောက် တင်ထွန်းနောက် လိုက်သွားသည့် အခါ မြိုင့်နေရာ၌ ဆရာမလေး မမြသွေး ဝင်၍လုပ်သည်။ ကျောင်းဆရာမ အလုပ်ကို ငြီးငွေ့လာပြီဟုဆိုသည်။ ထို့ကြောင့် သူ့နေရာသို့ စင်ရော်မှ ဆရာမ တစ်ယောက် အစားရောက်လာသည်။ ဆရာမအသစ်သည် စခန်းတွင် မနေ။ စင်ရော်မှပင် မနက် လာ၍၊ ညနေ ပြန်သည်။

မမြသွေးသည် ရွှင်ရွှင်ပျပျမရှိ။ အောင်ကြီး၏အလိုအရကား ရည်းစား ပူမိနေပြီဟု ဆိုသည်။

"ချစ်ဆွေပေါ့ ဆရာကြီး၊ ဘီအီးတပ် ဝင်သွားတဲ့ကောင်လေးလေ၊ အဲဒါ သူ့ရည်းစား ဆရာကြီးရဲ့"

ဟုတ်မည်မထင်။ သည်တစ်ခါ အောင်ကြီး လွဲသွားပြီ။ သန်းမောင်၏ သတင်းသည် ယုတ္တိရှိသည်။ ချစ်ဆွေက မမြသွေးကို ပိုးသည်။ မမြသွေးက မကြိုက်။

"ဟိုကောင် ဘီအီးတပ် ဝင်တာ အဲဒီစနက်ပါတယ် ဆရာကြီး"

မကြာပါ။ စိမ့်မြိုင်မှ ချစ်ဆွေ ပြန်ရောက်လာပြီး မမြသွေးကို ခိုးပြေး သွားလေသည်။ ချစ်ဆွေ ထွက်သွားသည့်အခါ မမြသွေးသည် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်။ ချစ်ဆွေကို မမြင်ရ၊ မတွေ့ရတော့မှ ချစ်ဆွေအပေါ် သံယောဇဉ်တွယ်နေပြီကို ရိပ်စားမိလာသည်။ ထိုအခါ ကြားမှအောင်သွယ် ဝင်လာသည်။ မမြသွေး ဟန်မဆောင်နိုင်။ ခိုးလှည့်ပါတော့ဟုမှာကာ ချစ်ဆွေ နောက်သို့ လိုက်သွားလေသည်။

"ကဲ အခန့်သင့်ပဲ၊ လက်ဖက်ရည်ဆိုင်မှာ မြိုင် ဝင်ပြီးလုပ်ပေအုံးတော့" ဟု မြိုင်အား ပြန်၍ နေရာချထားပေးလိုက်ရသည်။

"ကျွန်မ စခန်းကို လွမ်းတာနဲ့ ပြန်လိုက်လာတာ၊ လက်ဖက်ရည်ဆိုင် လေးကိုလဲ လွမ်းတယ်၊ လူတွေကိုလဲ လွမ်းတယ်၊ ပြီးတော့ နေ့တိုင်းမြင်နေရတဲ့ ရေလယ်ဖောင်ကြီးနဲ့ တိုင်ငုတ်တိုတွေကို အလွမ်းဆုံးပဲ၊ ခုတော့ လက်ဖက် ရည်ဆိုင် ပြန်ထိုင်ရတော့မယ်ဆိုတော့ ဟန်ကျတာပေါ့" ဟု မြိုင်က ဝမ်းသာ အားရ လက်ခံလိုက်သည်။

မိန်းမတွေကို မွေ့ပြလိုက်အုံးမယ်ဟုဆိုသော သော်ကောင်းတစ်ယောက် မိန်းမ မပိုးနိုင်။ အလုပ်ရှုပ်နေသည်။ စင်ရော်မြို့သစ် စာရင်းအင်းများကို မြန်မြန်လက်စသတ်ကာ စခန်းသိမ်းနေသည်။ ဌာနချုပ်မှ ပြန်လာသည့်အခါ တိုင် ၄ ညီနောင်နှင့် တိုင် ၃ တို့အတွက် အကြံညဏ်များရလာသည်။

သို့နှင့် သီတင်းကျွတ်လျှင် ကျော်ဆွေသည် ခွင့်တစ်လယူကာ မိန်းမ ယူရန် အညာသို့ ပြန်ပြေးလေသည်။ ထိုရက်အတွင်း ဗိုလ်မှူးကြီးရှိန်မောင် တံတားစခန်းသို့ ရောက်လာသည်။ ဗိုလ်မှူး ကိုကိုကြီးနှင့် မြေပုံကြီးတစ်ခု ချကာ ခေါင်းချင်းရိုက်ကြသည်။ မကြာမီ ဗိုလ်မှူးကိုကိုကြီး စွန်ကဒတ် ချောင်းဘက်သို့ ထွက်သွားသည်။ တိမ်ဦးတောင်အတက်တွင် တိုင်းကျော် ၏အဖွဲ့နှင့် တိုက်ပွဲဖြစ်သည်ဟု ကြားရသည်။

သောင်းဒန် ရင်တထိတ်ထိတ်နှင့် မျှော်နေရသည်။ ဂျော်လော့စကီး လည်း ဗိုလ်မှူးအတွက် ဆုတောင်းနေရသည်။ ည ၁၁ နာရီလောက်တွင်မှ ဗိုလ်မှူးနှင့်အဖွဲ့ ပြန်ရောက်လာသည်။ ချောချောမောမောရှိပါ၏။ ကြာကြာ အတိုက်မခံ။ ဆုတ်ပြေးသွားကြသည်ဟု သိရသည်။

"မဖြစ်ဘူးဗျို့၊ ဒီတစ်ခါတော့ အသေဆော်ရမှာပဲ၊ ခင်ဗျားတို့တံတား ပြီးခါနီးလေ ဒီကောင်တွေ အလုပ်ရှုပ်ရှား မခံနိုင်လေဘဲ" ထိုအသံကြားလိုက်လျှင် သောင်းဒန်ကျောထဲ၌ စိမ့်လာသည်။

ဂျော်လော့စကီးတို့၏လုပ်ငန်းအောင်မြင်သည်။ မကျေနပ်သဖြင့် နောက်ထပ် ဘိလပ်မြေများ မှတ်သွင်းသည်။ ပြီးလျှင် တွင်းတူးကာ နမူနာ ယူကြည့်သည်။ သောင်းဒန် ရင်ထဲတွင် အလုံးကြီးတစ်ခု ကျသွားသည်။

မကြာမီ သော်ကောင်းရောက်လာကာ တိုင် ၂ ကို ရေပေါ် ပေါ်လာ

သည်အထိ ဆက်၍ ကွန်ကရစ်လောင်းကြသည်။

အစက ကိုကျော်ဆွေ မင်္ဂလာဆောင်မည့်နောက်သို့ သောင်းဒန်နှင့် သော်ကောင်းတို့နှစ်ယောက် လိုက်ကြမည် စိတ်ကူးသေးသည်။ သို့သော် ခွင့်မသာ၊ ကျော်ဆွေ၏လမ်းကို တင်မောင်နှင့် လွှဲထားရသည်။ စိတ်မချသဖြင့် လှမင်းကိုလွှတ်ကာ ကြည့်ခိုင်းရသေးသည်။ အခြေအနေကောင်းပါသည်။ သို့သော် ထိုဒေသ၌လည်း သူပုန်များ လှုပ်ရှားနေသည်ဟု လှမင်းက ဆိုသည်။ ထိုအတွင်း စင်ရော်အနောက်ဘက် ပင်လယ်ကမ်းခြေ၌ သူပုန်အချင်းချင်း တိုက်ပွဲဖြစ်သည့် သတင်းတစ်ခုကြားရသည်။ တစ်ဖွဲ့သည် ၈ မိုင် သိန်းရဲမှ ဖြတ်ကာ နယ်ခြားဘက်သို့ တက်သွားသည်ဆိုသဖြင့် ၈ မိုင်မှ ဗိုလ်အောင်စိုး တို့တပ်က လိုက်သေးသည်။ မမိလိုက်။

× × × × ×

## ၄၅

တစ်ညနေတွင် ဗိုလ်မှူးသည် သောင်းဒန်၏ အိမ်သို့ပေါက်ချလာသည်။

"ကျွန်တော် ထွက်လိုက်အုံးမယ် ဦးသောင်းဒန်၊ အစကတော့ နောက်ဆယ်ရက်လောက်ရှိမှ သွားမလို့ဘဲ၊ ဒါပေမဲ့ ကျွန်တော့်သားတွေ ရောက်လာကြလိမ့်မယ်၊ မနက်ဖြန်ညနေရောက်မယ်လို့ စာရတယ်၊ ဒီမှာ ကျန်ခဲ့တဲ့ ရဲဘော်သိပါတယ်၊ ဦးသောင်းဒန်ဆီ လာပို့လိမ့်မယ်"

"သားတွေ ရောက်တာပဲ မနေတော့ဘူးလား ဗိုလ်မှူး"

"မဖြစ်ဘူး ဦးသောင်းဒန်၊ ဒီကောင်တွေက ကျွန်တော်နဲ့ မဖြစ်ဘူး၊ ကျွန်တော့်ရှေ့ဆိုရင် သူတို့ကို ခိုင်းရမှာ ဦးသောင်းဒန် အားနာနေလိမ့်မယ်၊ ကျွန်တော်နဲ့ဆိုရင် ဒီကောင်တွေလဲ ရောင့်တက်လိမ့်မယ်၊ နာနာ ခိုင်းပေးဗျာ၊ သူတို့မပြန်ခင် ကျွန်တော် ပြန်လာမယ်"

ဗိုလ်မှူးသည် ၈ မိုင်သို့ သွားသည်။ သောင်းဒန် စိတ်ထဲတွင် ဗိုလ်မှူးသဘောထားကို ကြိုက်သလိုလို ရှိမိသည်။ ဒီချာတိတ်တွေ ဘာလုပ်ခိုင်းရမလဲ။

မနက်ဖြန်ဆိုလျှင် ရေလယ်၌ နှစ်စုခွဲကာ လုပ်ငန်းစရတော့မည်။ နံပါတ် ၃ တိုင်နေရာ၌လည်း ဖောင်များ ဆင်ပြီးပြီ။ ဝန်ချီစက်တစ်ခုက နံပါတ် ၃ တိုင်တွင် မြေစာနှိုက်သည့်လုပ်ငန်းကိုလုပ်မည်။ နံပါတ် ၂ တိုင်ကို ကွန်ကရစ်ဆက်၍ လောင်းမည်။ နံပါတ် ၂ တိုင်၌ ယခင်ကအတိုင်း နေ့ဆိုင်း၊ ညဆိုင်း

ခွဲရမည်။

စောသာအေး မရှိသဖြင့် သူ့နေရာတွင် အောင်ကြီးက တာဝန်ယူသည်။ အောင်ကြီးနှင့် စောသာအေးသည် ရက်မ ပုံလောင်းသည့် နေရာ၊ ရက်မ တင်သည့်နေရာတို့၌ စိတ်ချရသည်။ လှမင်းကား စည်းရုံးရေး၌ စိတ်ချရသည်။

သူတို့အထဲတွင် ငွေရေးကြေးရေး၌ စေ့စပ်သေချာသူမှာ စောသာအေး ဖြစ်သည်။ စောသာအေးသည် သူ့အိမ်တွင် သော့ကိုင်ဖြစ်သည်။ မီးဖိုချောင် ကိစ္စအထိ တာဝန်ယူနိုင်သည်။ နော်ဖောလာဆေးခန်းတွင် အေးအေးဆေးဆေး ထိုင်နေနိုင်သည်။ ဟင်းကျွေးကိစ္စကို သူ အားလုံးစီမံသည်။ မအားလပ်ရသည့် အထဲတွင် အချိန်ပိုရသည့်အခါ ဓားတစ်ချောင်းနှင့် တောင်ကုန်းပေါ်သို့ တက် သွားကာ ထင်းခုတ်လာတတ်သည်။ ညနေတိုင်ပြီဆိုလျှင် စောသာအေးထင်းခွဲ လေ့ရှိသည်။ သူ့အိမ်အောက်၌ တစ်ခြမ်းမှာ ထင်းပုံရှိ၍ ကျန်တစ်ခြမ်းတွင် ကြက်ခြံဆောက်ထားသည်။ သူ့ကို အားကျကာ နော်မူအေးကလည်း ကြက် မွေးသည်။ ဘဲဥဝယ်ကာ ကြက်မနှင့် ဖောက်သည်။ နောက်မှ ရောက်လာသည့် တင်ရွှေက သူ့သား စိုင်းကြာအုံးအတွက် ဆိတ်မွေးသည်။ သောင်းဒန် အိမ်၌ ဟင်းမရှိသည့်အခါ စံဖေသည် နော်မူအေး ကြက်ခြံထဲမှ ကြက်ကိုသွား၍ ဆွဲလေ့ရှိသည်။ စံဖေနှင့် နော်မူအေးတို့ တဆူဆူဖြစ်နေကြသည်။ ထိုအခါ မျိုးတွင် ကျော်ဆွေက “ဟဲ့ ကရင်မ၊ နင်တို့ တယ်ကပ်စေးနဲ့ပါလား၊ ပိုက်ဆံ ပေးမှာပေါ့ဟဲ့” ဟု ဖြေရှင်းပေးတတ်သည်။

သောင်းဒန်၏ မီးဖိုချောင်ကား စောသာအေး မီးဖိုချောင်နှင့် ပြဒါး တစ်လမ်း သံတစ်လမ်း ဖြစ်နေသည်။ စံဖေသည် စည်းကမ်းမရှိ။ အပျင်း လည်း ထူသည်။ မမှန်းဆတတ်။ ဗိုးပေါလအော ချက်သည်။ ကျန်လျှင် ပက်ခနဲသွန်ပစ်လိုက်သည်။ ကျော်ဆွေနှင့် တဆူဆူ ဖြစ်ရသည်။ ထိန်းမည့် သူမှာ ကျော်ဆွေတစ်ယောက်သာ ရှိသည်။ ဟင်းစီမံမည့်သူမှာလည်း ကျော်ဆွေပင် ဖြစ်သည်။ စံဖေနှင့် ချိုကြီးတို့နှစ်ယောက် ပေါင်းမိသည့်အခါ ပို၍ဆိုးသည်။ ချိုကြီးကား သော်ကောင်း ရွှေ့လာသည့်အဖွဲ့မှ ပါလာသည့် အလုပ်သမား ဖြစ်သည်။ ပညာလိုချင်ပါသည်ဆိုကာ စိမ့်မြိုင်ရုံး၌မနေဘဲ

စင်ရော်တံတားသို့ လိုက်လာသည်။ ပထမအလုပ်၌ သုံးကြည့်သည်။ မဟန်။ ထို့ကြောင့် သောင်းဒန်အိမ်၌ စံဖေနှင့်တွဲကာ ထမင်းဟင်းချက်တာဝန်၊ အဝတ်လျှော်ဖွပ်တာဝန်တို့ကို ပေးထားသည်။ မယ်ဒလင်လေး တဒေါင်ဒေါင်တီးကာ ကမ်းနားလက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။ မြို့ကို ငမ်းသည်။ ဒူးရင်းခြံထဲမှ အပျိုလေးများကိုငေးသည်။ ဒေါ်စောရွှေအတွက် ကွမ်းသီးဖက် ချောပေးသည်။ ကျောက်မှုန့် တိုက်ပေးသည်။ စံဖေနှင့် နှစ်ယောက်ပေါင်းမိကြလျှင် အလုပ်ကို တွက်ကတ်သည်။ တစ်ညနေတွင် ခရမ်းသီးမီးဖုတ်သုပ်ခိုင်းသည့်အခါ မြေပဲဆန်အစိမ်းကို ထောင်း၍ထည့်သည်။ “မင်း အညာသားမဟုတ်ဘူးလား၊ ခရမ်းသီး မီးဖုတ်သုပ်တာ မြေပဲဆန်အစိမ်းထည့်ရတယ်လို့ ဘယ်ကမ္ဘာမှ မကြားဖူးပေါင်ကွာ” ဟု သောင်းဒန်က ဆူသည်။

ထိုအခါ ဂျော်လော့စကီး မနေနိုင်။ သူခိုင်းတာပါဟု စကားဖာရသည်။ ပြီးမှ ချိုကြီးကို ပညာပေးရသည်။

“မင်းတို့ ဒီမှာ ကြာကြာမနေကြနဲ့၊ မင်းတို့ ဘာမှတတ်မှာ မဟုတ်ဘူး၊ အလုပ်ထဲဝင်၊ ပညာတတ်အောင်သင်၊ မြင့်သိန်းလေးကို နမူနာယူ၊ ဒီကောင်လေး နေရာတကာ ဝင်လုပ်တယ်၊ တတ်တယ်၊ အခု သူ့ကို တို့ခေါ်တယ်၊ သူ့ကို လခစားတောင် ခန့်ချင်တယ်၊ ဒါပေမဲ့ သူက မင်းတို့ဆရာကြီးနဲ့ မခွဲနိုင်ဘူး၊ ထမင်းချက်၊ အဝတ်လျှော်ဆိုတာက လူတိုင်းတတ်ပါတယ်ကွာ၊ ဒီမှာ တံတားကြီးတစ်ခုလုံး ဆောက်နေတယ်၊ လမ်းတွေ ဖောက်နေတယ်၊ အဲဒီလုပ်ငန်းတွေကမှ ပညာရနိုင်တာကွ”

သူတို့ သဘောပေါက်လေသလား မသိ။ ဂျော်လော့စကီးကား အတော်လေး မောသွားသည်။

ချိုကြီးသည် ၇ တန်း မအောင်နိုင်သဖြင့် ကျောင်းမှထွက်ကာ ဆောက်လုပ်ရေး၌ ဝင်သည်။ သူ့အစ်ကိုသည် လက်သမား ဖြစ်သည်။ သူတို့သည် မတ္တရာဇာတိဖြစ်သည်။ အသံကောင်းသည်။ သီချင်းဆို ပိုင်သည်။ မယ်ဒလင်တီးတတ်သည်။ စိမ့်မြိုင်သကြ်န်တွင် ချိုကြီး နာမည်ကြီးသွားသည်။

“မန္တလေးမှာ ကျွန်တော့်အစ်ကိုက ကြီးပွားကျန်ရစ်တယ်၊ အလုပ်က

ထွက်ပြီး မှောင်ခိုကုန်ကူးတယ်၊ တောင်ကြီး၊ ကျိုင်းတုံဘက်ကို သွားတယ်၊ ကျွန်တော် ဒါမျိုးမလုပ်ရဲဘူး ဆရာ၊ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ချင်တယ်”ဟုဆိုကာ သော်ကောင်းနှင့် လိုက်လာခြင်းဖြစ်သည်။ သို့သော် ပါရမီမရှိ၊ မယ်ဒလင်တီးကာ သီချင်းဆိုခြင်းသည်သာ သူကျွမ်းကျင်သည့် အသက်မွေးဝမ်းကျောင်းဖြစ်လိမ့်မည်ဟု သော်ကောင်းထင်သည်။ ထို့ကြောင့် စိမ့်မြိုင်ရုံးသို့ ပြန်ပို့ကာ ရုံးတာဝန်တစ်ခုပေးထားရသည်။ ချိုကြီးပြန်သွားလျှင် သောင်းဒန် မီးဖိုချောင်အနည်းငယ်အဆင်ပြေလာသည်။ တွက်ကတ်မည့်သူ မရှိတော့သဖြင့် စံဖေတစ်ယောက်တည်း အပေါက်အလမ်းတည့်နေသည်။

“မိတဆိုး ဖတဆိုးလေးတွေပါဗျာ၊ ပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့ရတဲ့ ကောင်လေးတွေပါ၊ ဒါပေမဲ့ အကင်းတော့ ပါးရမှာပေါ့၊ လုပ်ချင်ကိုင်ချင်စိတ်တော့ ရှိရမှာပေါ့၊ သူတို့ကို အလုပ်ထဲသွင်းဖို့ အတန်တန်ကြိုးစားပါတယ်၊ ဒီကောင်တွေ ပါရမီမရှိဘူး ကိုအောင်ဝင်း၊ သော်ကောင်းရဲ့တူ တစ်ယောက်ကတော့ အခုနည်းနည်းဟန်နေပြီ၊ ဒါပေမဲ့ ဒီကောင်က သူ့တူကို သနားတယ်၊ ပိုက်ဆံတောင်းတိုင်းပေးတယ်၊ ဟိုကောင်ကလဲ သူ့ဦးလေးဆီက ရမှန်းသိလို့ ချူတယ်၊ ပြီးတော့ အရက်သောက်တယ်၊ အဲဒါ ကျွန်တော်ကြိမ်းထားရတယ်၊ မင်း ဒီတစ်ခါ အရက်သောက်တယ်ကြားရင် အညာကို ပြန်ပို့မယ်၊ ငါတို့အလုပ်ထဲ မထားတော့ဘူးလို့ ရာဇသံပေးထားရတယ်၊ ခုတော့ ဟန်နေတယ် ထင်တာပဲ၊ သတ္တိကတော့ နှစ်ပြားသားမှ မရှိဘူး၊ အခု ကျော်ဆွေ့လက်ဝကွက်အပ်ထားရတယ်၊ တစ်နေ့က မုန်တောလမ်းက တံတားတွေတိုင်းရအောင် ကျော်ဆွေက လွှတ်လိုက်တယ်၊ စေ့စေ့စပ်စပ် တိုင်းမလာဘူး၊ သူပုန်ကြောက်လို့ ခပ်သုတ်သုတ်တိုင်းလာတယ်တဲ့၊ ကျော်ဆွေ နောက်တစ်ခေါက် ထပ်သွားရတယ်”

သော်ကောင်း၏တူကား ခင်မောင်ရင် ဖြစ်သည်။ သူလည်း ရှစ်တန်းမအောင်နိုင်သဖြင့် အလုပ်ထဲသို့ သုံးကျပ်ဆယ့်ငါးပြားနှင့် ရောက်လာသူဖြစ်သည်။ အစက လက်ကြောတင်းအောင် မလုပ်ချင်။ အသက်နှစ်ဆယ် မပြည့်သေးခင် အရက်ကလေး တမြမြနှင့် စည်းစိမ်ခံနေသည်။ လူကောင်

ကလည်း ဆင်လောက်ကြီးသည်။ ထမင်းတစ်ခါစားလျှင် နို့ဆီဘူးတစ်လုံးခွဲ ချက်လောက်ကို ချောင်ချောင်လေးစားနိုင်သည်။ အရေးပိုင်တူ၊ အရေးပိုင်တူဟူသောအရှိန်နှင့် အလုပ်တွင် ဖြိုးဖြန်းနေသည်။ သောင်းဒန်က တင်းကြပ်ပေးသည်။ အမှန်စင်စစ် သောင်းဒန် ဝက်အူတင်းစရာပင် မလို။ လုပ်ဖော်ကိုင်ဖက်များက ခင်မောင်ရင်ကို ဝက်အူတင်းလာကြသည်။ အချောင်ခိုလျှင် ဝိုင်းပယ်လာသည်။ သောင်းဒန်ကလည်း နောင်ကြဉ်အောင်ဟုဆိုကာ သူ့ထမင်း သူစားစေသည်။ တစ်လလေးဆယ်ပေးကာ ထမင်းလခပေးစားရသည်။ ထိုအခါတွင်မှ ခင်မောင်ရင် သူ့ဘဝသူ နားလည်စပြုလာသည်။

"အဲဒီလို ကောင်လေးတွေ ကျွန်တော့်ဆီမှာ တစ်ပုံကြီးပဲ ဂျော်လော့စကီး၊ သူတို့ဟာ ရန်ကုန်မှာသာနေရင် လမ်းသရဲ ဖြစ်မှာပဲ၊ ဆန်ကုန်မြေလေး ပြည်တော်သာနဲ့ဝေး ဆိုတာလေးတွေပေါ့၊ ဘဝမှာ မအောင်မြင်ဘူး၊ မအောင်မြင်ဘူးဆိုတာက အတန်းစာမေးပွဲ မအောင်တာ၊ သူတို့ကလဲ လောကကြီးမှာ ဆယ်တန်းအောင်မှ၊ တက္ကသိုလ်ရောက်မှ လူရာဝင်တယ် ထင်နေကြတာ၊ အခု သူတို့ နဖူးတွေ့၊ ဒူးတွေ့ တွေ့လာကြပြီ၊ တက္ကသိုလ်က ဘီအေအောင်တော့လဲ သုံးကျပ် ဆယ့်ငါးပြားပဲဆိုတာ သူတို့သိလာပြီ"

ဟုတ်သည်။ ဂျော်လော့စကီး၏ မြေစမ်းအဖွဲ့တွင် ဘီအက်စ်စီများ ပါလာသည်။ သုံးကျပ်ဆယ့်ငါးပြားမှ စ၍ လုပ်ရသည်။ ယခု ငါးကျပ်စား ဖြစ်နေကြပြီ။

"ဆယ်တန်း မအောင်တဲ့လူတွေ၊ တက္ကသိုလ် မသွားနိုင်တဲ့လူတွေ ကျွန်တော့်ဆီ ပို့စမ်းပါဗျာ၊ ကျွန်တော် သင်တန်းပေးထားပါ့မယ်၊ ပန်းရန် လုပ်ခိုင်းမယ်၊ လက်သမား လုပ်ခိုင်းမယ်၊ သံချိသံကွေး လုပ်ခိုင်းမယ်၊ ချိန်းမင်းလုပ်ခိုင်းမယ်၊ ပန်းပဲ လုပ်ခိုင်းမယ်၊ စက်မောင်းခိုင်းမယ်၊ တစ်နေ့ ဒီလူငယ်လေးတွေထဲက လက်တွေ့မှာ ပညာရှာပြီး တတ်ကျွမ်းလာတဲ့ အင်ဂျင်နီယာလေးတွေ ထွက်လာမှာပဲ၊ တကယ်တော့ ဘွဲ့ဆိုတာ လက်မှတ်ပါ၊ ကျွန်တော် အင်းစိန်ဂျီတီအိုင်က လက်မှတ်တစ်ခုရခဲ့တာပဲ၊ ဒါပေမဲ့ လက်တွေ့မှာ ဆည်းပူးလို့ အခု တံတားဆောက်တဲ့အင်ဂျင်နီယာဖြစ်နေပြီ၊ ဘီအက်စ်စီ

အင်ဂျင်နီယာအောင်ပြီး တံတားမဆောက်တတ်တဲ့လူတွေ တစ်ပုံကြီး၊ ဒီလို ပြောတော့ ကျွန်တော့်ကို ဝိုင်းပြီး မျက်စောင်းထိုးကြလိမ့်မယ်၊ ကျွန်တော်တို့ ဆီမှာ ဘွဲ့ရပြီးရင် အလုပ်ကောင်းကောင်းရဖို့၊ မိန်းမကောင်းကောင်းရဖို့၊ နေရာကောင်းကောင်းရဖို့၊ ရန်ကုန်က မခွာရဖို့ ဒါပဲ စိတ်ကူးနေကြတာနဲ့ သူတို့တတ်ထားတဲ့ပညာတွေ စာအုပ်ထဲ ပြန်ရောက်ကုန်ကြရော၊ ဒါတွေပြော ရတာမကောင်းပါဘူး ဂျော်လော့စကီးရာ၊ လူကြားရင် ကျွန်တော့်ကို ကျိန်ဆဲ လိမ့်မယ်၊ အခု ဗိုလ်မှူးက သူ့သားနှစ်ယောက်ကို ကျွန်တော့်ဆီ အပ်သွား တယ်၊ ဒီကောင်တွေကို ခိုင်းပါတဲ့၊ စိတ်ဝင်စားအောင် စိတ်ဓာတ်သွင်းပေး လိုက်ပါတဲ့၊ အဘိုးကြီးတော့ ရှစ်မိုင်ပြေးပြီဗျ၊ သားတွေက သူရှိရင် ရောင့် တက်မှာစိုးလို့တဲ့”

“ဟုတ်လား၊ ကောင်းတယ်ဗျို့၊ ဗိုလ်မှူးအကြံ မဆိုးဘူး၊ ကျွန်တော် တောင် ကျွန်တော့်တူတစ်ယောက် နွေရောက်ရင် ဦးသောင်းဒန်ဆီ ပို့လိုက် ချင်တယ် ”

နောက်တစ်နေ့ ညနေတွင် ဗိုလ်မှူးကိုကိုကြီး၏ သားနှစ်ယောက် စခန်းသို့ ရောက်လာသည်။ သူတို့ကို ဗိုလ်မှူးနေသောအိမ်၌ ထားလိုက် သည်။ မူလက လူပျိုဆောင်၌ထားမည် စိတ်ကူးသေးသည်။ သို့သော် ခဏ တစ်ဖြုတ် လာကြသည့်ကျောင်းသားများဖြစ်သဖြင့် လူပျိုဆောင်သို့ မပို့ဖြစ်။

“ကြည့်လဲလုပ် ဆရာကြီး၊ ချာတိတ်တွေ လူပျိုလိုင်းမှာ အတတ်မျိုးစုံ တတ်လာလို့ ဗိုလ်မှူး ဒုက္ခရောက်နေပါလိမ့်မယ်” ဟု ဂျော်လော့စကီးက သတိပေးသည်။

“ဟုတ်တယ်ဗျ၊ ကျွန်တော် အဲဒါ မေ့သွားတယ်၊ ဟိုအကောင်တွေ ကတော့ စံပဲ၊ ပညာတော့ စုံတယ်၊ အတော် ထိန်းရတယ်၊ အထိန်းမတတ်ရင် ဒုက္ခရောက်ဖို့ပဲ၊ တစ်လောက အလုပ်ကြပ် ဦးစန်းခွင့်ယူပြီး ရန်ကုန်ပြန်တုန်း ကိုလေးမောင်ကို အထိန်းခိုင်းပါတယ်၊ တုတ်တပြက်ဓားတပြက်ဖြစ်ကုန်လို့ မနည်းကြားဝင်ယူရတယ်”

“အေးဖေနဲ့ ညွှန့်ကြည်တို့နှစ်ယောက် စကားများပြီး ရန်ဖြစ်ကြတယ်၊

တုတ်ဆွဲ ဓားဆွဲအထိ ဖြစ်တာပေါ့၊ အဲဒါ ကိုလေးမောင်က ဓားမြှောင်ကိုင်ပြီး ကြားဝင်တယ်လေ၊ အဲဒါ ဖျန်ဖြေတာတဲ့၊ ထိန်းတာတဲ့၊ ဟိုကောင်တွေက သူ့ကိုပါ တွယ်မယ်လုပ်တာပေါ့၊ ကျွန်တော်ဝင်ပြီး ကြိမ်းရတယ်၊ အေးဖေနဲ့ ညွန့်ကြည်ကို ကြိမ်းရတာပေါ့၊ ညွန့်ကြည်ဆိုတာက လေအေးလေးနဲ့ အင်မတန် အပျော့ဆွဲ ဆွဲတဲ့ကောင်၊ သူများမခံချင်အောင်လဲ စတတ်တယ်၊ အေးဖေကို မခံချင်အောင် စကားအနိုင်လုပြော၊ အဲဒါကစပြီး ရန်ဖြစ်တာပဲ၊ ကြည့်ရတာ မိန်းမကိစ္စလဲပါတယ်နဲ့ တူပါတယ်၊ ညွန့်ကြည်က နိုင်ငံရေးသမားလေးဗျ၊ ဖြစ်လာတော့ သူတို့ကိုပဲ ကြိမ်းရတာပေါ့၊ ပြီးမှ ကိုလေးမောင်ကို တိုးတိုး ခေါ်ပြောရတယ်၊ ခင်ဗျား သူတို့ကို ဒီလိုထိန်းလို့ မရဘူး၊ ဒီကောင်တွေ လူမိုက်ချည်းပဲ၊ ခင်ဗျား မပြောနဲ့၊ ကျွန်တော့်တောင် ကြောက်တာ မဟုတ်ဘူး၊ ဒါပေမဲ့ အလုပ်နဲ့ ထိန်းထားလို့၊ နိုင်ရာကိုင်ထားလို့ ကြောက်နေတယ်၊ သတ္တိ ချင်းပြိုင်ရင် ကျွန်တော်ဘယ်နိုင်မလဲနဲ့ ပြောရတယ်”

မိုလ်မှူး သားနှစ်ယောက်သည် ရေလယ်တွင် သဲသယ်ကြသည်။ ကျောက်စရစ် သယ်ကြသည်။ အကြီး လှမောင်သည် ခပ်နွဲ့နွဲ့၊ ဆံပင်ရှည်ရှည်၊ လုံချည်ချက်ပြုတ်။ ပညာကား မဆိုးလှ။ စာဖတ်သည်။ ဝတ္ထုကို စွဲသည်။ မိုလ်တာရာ၏ မုဆိုးဝတ္ထုများ၊ မသုံးလုံး စိန်ဝင်း၏ တောလိုက်ဝတ္ထုများကို စွဲသည်။ စုံထောက် မဂ္ဂဇင်း၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်းများကိုလည်း ကြိုက်သည်ဟု ဆိုသည်။ သင်္ချာ၌ တော်သည်။ သို့သော် အင်ဂျင်နီယာ မလုပ်ချင်။ ပိုက်ဆံများများရသည့် ဆရာဝန်လုပ်ချင်သည်ဟု ဆိုသည်။

အငယ် ညိုမောင်သည် အသားညိုသည်။ အရပ် ပုသည်။ တောင့်သည်။ စစ်ဗိုလ်လုပ်မည်ဟု ဆိုသည်။ သူလည်း အစ်ကို့ခြေရာအတိုင်း ဝတ္ထု ဖတ်သည်။ နိုင်ငံရေး စိတ်ဝင်စားသည်။ အညမညတရား၊ ဒွန်တဘူတဝါဒ၊ မာတ်စ်လီနင်တို့၏ သမိုင်းဆိုင်ရာရုပ်ဝါဒတို့ကို မတောက်တခေါက်မေးတတ်သည်။ သမိုင်းဦး ဘုံမြေခေတ်မှသည် ကွန်မြူနစ်ပဒေသာပင်ခေတ်အထိ ခေတ်ကြီး ငါးခေတ်ကိုလည်း တီးမိခေါက်မိသည်။ နံပါတ် ၃ တိုင်တွင် မြေစာ နှိုက်နေစဉ် ဝန်ချီစက်ကို တက်၍မောင်းသည်။ ရေငုပ်ဝတ်စုံဝတ်ကာ ရေထဲ

သို့ဆင်းသည်။ နာရီဝက်ခန့်ကြာသည့်အခါ သောင်းဒန်က အတင်းပြန်ခေါ်ရသည်။

"ကျွန်တော် အင်ဂျင်နီယာ လုပ်တော့မယ် ဦးလေး" ဟု ရေငုပ်ဝတ်စုံချွတ်ရင်း ပြောသည်။

"မင်းတို့များ သင်လိုက်ရရင် ခဏပေါ့ကွာ၊ အေး ဆယ်တန်းအောင်ရင် အာရ်အိုင်တီကို သွားပေါ့ကွာ"

"ဒေါက်တာညီညီက ဘယ်ပို့မယ် မသိဘူး ဦးလေး၊ သူလက်ခံမှဖြစ်တာ" အကြီးလှမောင်က ဝင်၍ဖောက်လိုက်သည်။ သောင်းဒန်တို့ သဘောကျကာ ရယ်ကြသည်။

"ဒေါက်တာညီညီ မပို့ မနေနိုင်အောင် လုပ်ရမှာပေါ့ကွ၊ အေး သူမပို့ရင် ငါ့ဆီလာခဲ့၊ မင်းတို့ကို အင်ဂျင်နီယာဖြစ်အောင် ငါလုပ်ပေးမယ်"

ညိုမောင်သည် မျက်စိ၊ နားအားလုံးကို ဖွင့်ထားသည်။ ဟိုစက် လက်ညှိုးထိုး၊ ဒီစက် လက်ညှိုးထိုး၊ ပါးစပ်ကလဲ အငြိမ်မနေ။ ဘာလုပ်တာလဲ။ ဘယ်လိုလုပ်တာလဲ။ ရက်မကြီးတွေ ဘယ်တော့တင်မှာလဲ။

"ရက်မကြီးတွေတင်တော့ တစ်ခေါက်လာခဲ့ကြအုံး၊ လာမဲ့ နွေမှာ တင်မယ်၊ တင်ပြီးရင် အခင်းကွန်ကရစ်လောင်း၊ တံတားလဲ ပြီးရော၊ ဦးလေးတို့လဲ ပြန်ကြရော"

၇ ရက်ခန့်ရှိလျှင် ဗိုလ်မှူး ပြန်ရောက်လာသည်။ လှမောင်နှင့် ညိုမောင်တို့လည်း ကျောင်းဖွင့်တော့မည်ဖြစ်သဖြင့် ပြန်ကြတော့မည်။ သူတို့ကို သုံးကျပ်ဆယ့်ငါးပြားနှုန်းနှင့် ၇ ရက်တွက် နှစ်ဆယ့်နှစ်ကျပ် ငါးပြားစီ ရှင်းပေးလိုက်သည်။ ညီအစ်ကိုနှစ်ယောက် စာအုပ်ဖိုးရသည်ဟုဆိုကာ ဝမ်းသာနေကြသည်။

"ဟန်ကျတယ် ဗိုလ်မှူး၊ ချာတိတ်တွေ နွေကျရင် တစ်ခေါက် ပြန်လာကြလိမ့်အုံးမယ်"

ဗိုလ်မှူးကား ပြုံးနေသည်။ နောက်တစ်နေ့တွင် သူတို့နှစ်ယောက် ဂျော်လော့စကီးနှင့်အတူ စိမ့်မြိုင်သို့ ပြန်သွားကြလေသည်။ နောက်တစ်နေ့

မှာပင် တိုင် ၂ ထိပ်အုပ်တင်နိုင်သည့်အခြေသို့ ရောက်လာသည်။ တိုင် ၃ တွင် ကျောက်ဖျာမှာ နက်သဖြင့် တိုင် ၂ ထက် ခပ်ကြာကြာနှိုက်ရသည်။ မကြာမီ ကျောက်ဖျာတွေ့သည်။ သည်တစ်ကြိမ်တွေ့သော ကျောက်ဖျာသည် ညီသည်။ ထို့ကြောင့် ဘိလပ်မြေစွဲအောင် ဆွပေးရသည်။ လွန်နှင့် ဖောက်ရသည်။ တူကြီးနှင့် တဒုန်းဒုန်းဆောင့်ရသည်။ ကွန်ကရစ်လောင်းရန် အသင့်ဖြစ်သည့်အခါ သော်ကောင်းရောက်လာလေသည်။

"ငါ စင်ရော်မှာ စခန်းသိမ်းခဲ့ပြီကွ၊ စိမ့်မြိုင်ကို ပြန်ရွှေ့တော့မယ်၊ ဒါပေမဲ့ မင်းဆီမှာ နေအုံးမှာပါ"

"ကျောက်ဆည်ကို သွားရအုံးမယ် မဟုတ်လား သော်ကောင်း၊ စောသာအေးဆီက စာလာတယ်၊ အားလုံးအဆင်ပြေပါတယ်တဲ့၊ ဒါပေမဲ့ ဆက်ဆံရေးနည်းနည်း ကသိကအောက်ဖြစ်နေတယ်တဲ့၊ ဘာတွေဖြစ်နေမှန်း မသိပါဘူးကွာ၊ သွားလိုက်စမ်းပါအုံး"

"ငါ သိပါတယ်ကွာ၊ တို့ဆီက သူတို့ဆီသွားပြီး ဆရာလုပ်တာကို စိတ်ထဲ မကျေမနပ်ဖြစ်နေမှာပါ"

"ငါလဲ အဲဒါပဲထင်တယ်"

"အစတော့ ဒီလိုဖြစ်မှာပဲ သောင်းဒန်၊ တို့ဆီလာပြီး ဆရာလုပ်လဲ ကြိုက်မှာမဟုတ်ဘူး"

"ဒါပေမဲ့ ဆရာလုပ်တယ်လို့ သဘောထားလို့ ဘယ်ဖြစ်မလဲကွ၊ ဦးရွှေသိန်းလိုသဘောထားမှပေါ့၊ ကြိုတင်အားဖြည့်ကွန်ကရစ် သူနားမလည်ဘူး၊ မသိဘူး၊ ရှင်းရှင်းပဲ ပြောတယ်၊ သိသယောင် တတ်သယောင် မဆောင်ဘူး"

"အေး . . . အထက်ကို ငါ တင်ပြမယ်၊ တို့ချည်း လုံးလုံးလျားလျား လုပ်တာကောင်းတယ်၊ တိုင်ကို သူတို့ဆောက်၊ ရက်မ တို့တင်ဆိုတာ မကောင်းဘူး၊ ပေါင်းပြီး လုပ်တာကတော့ စုပေါင်းလုပ်ငန်းဖြစ်တာပေါ့ကွာ၊ ဒါပေမဲ့ ငွေရေးကြေးရေး၊ အုပ်ချုပ်ရေး၊ ထိန်းသိမ်းရေးအားလုံး အဆင်မပြေနိုင်စရာတွေရှိတယ်၊ ငါသွားပါ့မယ်ကွာ၊ နေပါအုံး၊ မင်းဆီက အရေးကြီးတယ်၊

ဟိုမှာ စောသာအေးနဲ့ ဖြစ်ပါသေးတယ်၊ ပြီးတော့ သခင်ကျော်ဆွေကိုလဲ စောင့်ရအုံးမယ်မဟုတ်လား၊ သခင်ကျော်ဆွေ ဇနီးချောလေးနဲ့ တွဲခုတ်လာတာ ငါကြည့်ချင်သေးတယ်ကွာ”

× × × × ×

"ဆရာကြီး ဆရာကြီး"

သောင်းဒန်အိမ်သို့ ည ၁ နာရီခွဲ သာသာတွင် အောင်ကြီး လာ၍ နိူးသည်။

"ဆရာကြီး"

"ဟော့ သောင်းဒန် သောင်းဒန်၊ အပြင်ဘက်က မင်းကိုလာနှိုးနေတယ်" သော်ကောင်း အိပ်ရာမှထကာ ဖယောင်းတိုင်ရှာသည်။

"ဘယ်သူလဲကွ"

သောင်းဒန် လက်နှိပ်ဓာတ်မီးကို ထိုးကာ ထွက်လာသည်။

"ကျွန်တော်တို့ပါ၊ အောင်ကြီးပါ ဆရာကြီး"

"ဘာဖြစ်ပြန်သလဲ"

"တယ်လူး ဖောင်ပေါ်က ကျသွားလို့ ဆရာကြီး၊ အခု ရှာနေကြတယ်၊ မတွေ့သေးဘူး"

"ဒီကောင် ရေကူးတတ်တယ် မဟုတ်လားကွ"

"ကူးတော့ ကူးတတ်တယ် ဆရာကြီး၊ ဒါပေမဲ့ ညက အရက်တွေ သောက်ထားတယ် ပြောတယ်"

"ဒုက္ခပါပဲကွာ"

သော်ကောင်းနှင့် သောင်းဒန် ရေလယ်သို့ လိုက်သွားကြသည်။

တယ်လူးသည် ရေလယ်ဖောင်တွင် ထားသည့် ညစောင့် ဖြစ်သည်။ စက်ပစ္စည်းများ စောင့်ရန်နှင့် ရေတက်ရေကျမှတ်ရန် ဖြစ်သည်။ ရေလယ်မှ မီးစက်ကို မောင်းခိုင်းကာ မီးမောင်းထိုး၍ ရှာကြသည်။ အစအနပင် မတွေ့။

"ကဲကွာ မနက်ကျမှ ရှာကြတာပေါ့၊ ပေါ်လာမှာပါ"

သူတို့ ပြန်ခဲ့ကြသည်။ နှစ်ယောက်စလုံး စိတ်မကောင်းကြ။ တယ်လူးကား လက်သမားဆရာ ဦးရွှေလူ၏ သားငယ်ဖြစ်သည်။ သမီးတစ်ယောက်၊ သားတစ်ယောက်သာရှိသဖြင့် ဦးရွှေလူ မျက်ရည်တရွှဲရွှဲနှင့် ငိုနေသည်။ သူ့အမေ မဖွားစိန် တက်နေသဖြင့် နော်ဖောလာ ပြေးသွားရသည်။

သောင်းဒန်နှင့် သော်ကောင်းတို့ ရေပြာဆောင်သို့ဝင်ကာ မဖွားစိန်ကို အားပေးစကားပြောသည်။ ထိုညက ၄ နာရီမှ အိပ်ကြရလေသည်။ မနက်လင်းသည့်အခါ အောက်ဆိပ် ဓနိပင်ရင်းတွင် တယ်လူး၏အလောင်းကို တွေ့ရသည်။ ထိုနေ့မှာပင် စင်ရော်သုသာန်သို့ပို့ကာ သင်္ဂြိုဟ်လိုက်ကြသည်။

တယ်လူးအတွက် သဒ္ဓါကြေး စုသည်။ စုစုပေါင်း ငွေ ၄၅၀ ကျော်ရသည်။ သောင်းဒန်နှင့် သော်ကောင်းတို့က တစ်ဆယ်စီထည့်သည်။ ထိုလလစာကိုပါထုတ်ပေးပြီး အသုဘစရိတ်နုတ်လိုက်ရာ ငွေ ၂၅၀ ကျော် ပိုသည်။ ပိုငွေကို မဖွားစိန်၏လက်ထဲသို့ အပ်လိုက်ကြသည်။

"သူ့ဘာသာသူ အရက်သောက်ထားလို့ သေတာတော့ သေတာပေါ့ကွာ၊ ဒါပေမဲ့ ငါတော့ လူစတေးတယ်ဆိုတာ အမှတ်ရတယ်၊ အခုဟာက စတေးသလိုပဲကွ၊ ဥစ္စာစောင့်များ ရေထဲ ဆွဲချသလားမှ မသိတာ"

"မဟုတ်ပါဘူးကွာ"

"ငါ တွေ့တယ်ဗျား၊ မင်း မပြောရသေးဘူး၊ အခုမှ အမှတ်ရလာတယ်"

သောင်းဒန်က တံတားထိပ် တဲလေး၌ အိပ်စဉ်က အဖြစ်အပျက်ကို ပြန်၍ပြောပြသည်။ သော်ကောင်း ယုံရအခက် မယုံရအခက်။

"ဘာပဲဖြစ်ဖြစ် သူများတွေ လျှောက်ပြောမနေနဲ့ကွာ၊ အလကား ချောက်ချားကုန်မယ်၊ အခုတောင် စိတ်ထိခိုက်တာနဲ့ အလုပ်မှာ အနှောင့်အယှက် ဖြစ်မှာပဲ"

“မပြောပါဘူးဗျာ၊ မင်းကိုသာ ပြောတာ၊ ငါက ပိုပြီး စိုးရိမ်သေးတယ်၊ ဒီကောင်တွေက သတ္တိရှိရမဲ့နေရာမှာ နှစ်ယောက်မရှိပေမဲ့ တစ္ဆေသရဲကျတော့ အကြောက်သားဗျ၊ ဟား . . . ဟား”

“အမယ်၊ မင်းရော မကြောက်ဘူးလား”

သောင်းဒန် ငြိမ်နေသည်။

“ဖောင်ပေါ်မှာ ပရိတ်ရွတ်လိုက်ပေါ့ကွာ”

သော်ကောင်းက အကြံပေးသည်။ သောင်းဒန် သဘောတူသည်။ တံတားဦးရွာမှ ဘုန်းကြီးတစ်ပါးကိုပင့်၍ နောက်တစ်နေ့နံနက်၌ ရေလယ်ဖောင်ပေါ်တွင် ပရိတ်တရားနာသည်။ ပရိတ်ရွတ်သည်။

အလုပ်သမားများ၏ စိတ်ထဲတွင် အနည်းငယ် အနှောင့်အယှက်ဖြစ်သွားသည် မှန်၏။ သို့သော်လည်း ကြာကြာမဖြစ်လိုက်။ တိုင်ကြီးများ တဖြည်းဖြည်းတက်လာသဖြင့် ကြည့်ရင်းကြည့်ရင်း အားတက်လာကြသည်။

“နံပါတ် ၄ တိုင်ညီနေခင်ကော ဆရာကြီး” ဦးခင်က သောင်းဒန်ကို မေးစမ်းကြည့်သည်။

“ဟာ အိုကေပေါ့ ဦးခင်ရာ၊ အခု အောက်ဘက်က တိုင်ကို အခေါင်းထဲ သဲထည့်ပြီး ပိတ်ထားလိုက်ပြီ၊ အထက်ဘက်က တိုင်ကို မိုင်းခွဲတုန်းက အောက်မှာ နည်းနည်းအက်သွားလို့ အခေါင်းထဲ ကွန်ကရစ်ထပ်လောင်းပြီး ပိတ်ထားလိုက်ပြီ ၊ မကြာခင်ပဲ ထိပ်အုပ် တင်မယ်၊ ပြီးရင် တန်းတက်မယ်၊ လာမဲ့နွေမှာ အပြီးပဲ ဦးခင်”

“ကောင်းပါလေရဲ့ ဆရာရယ်၊ ကျွန်တော်လဲ ကောင်လေးတွေကို မနည်းချွေးသိပ်ထားရတယ်၊ တစ်နေ့ကတောင် အရက်ဝိုင်းမှာ စကားများကြသေးတယ်၊ တိုင် ၄ ညီနေခင် မပြီးဘူး၊ ပြီးရင်လဲ ခံမှာမဟုတ်ဘူး၊ ယိုင်လဲမှာပဲနဲ့ ပြောလို့ ကျွန်တော် ဒေါသဖြစ်ဖြစ်နဲ့ ထလုပ်မယ်စိတ်ကူးသေးတယ်၊ မပြောချင်ပါဘူး ဆရာရယ်၊ အဲဒီ ပြောတဲ့ကောင်က ဘာမှ နကန်းတစ်လုံးသိတဲ့ကောင် မဟုတ်ဘူး၊ အလကား သူများတွေ စိတ်ဓာတ်ပျက်အောင်ပြောတာ”

“ဘယ်သူလဲဗျ၊ အဲဒီလို ပြောတာ”

"မသိချင်ပါနဲ့ ဆရာရယ်၊ သိလဲ အကျိုးမထူးပါဘူး၊ ကျွန်တော် နှစ်ယောက်ချင်းတွေ့တဲ့အခါ နားလည်အောင်ပြောလိုက်လို့ သဘောပေါက် သွားပါပြီ၊ အခုတော့ နံပါတ် ၂ မှာလဲ ထိပ်အုပ်တင်၊ နံပါတ် ၃ လဲ ကွန်ကရစ် လောင်းဖို့ ပြင်နေနဲ့ အားလုံး အားတက်နေကြတယ်ခင်ဗျ၊ ဒါထက် ဆရာကြီး သောက်ဖို့ နေကျော်ရည်လေး သုံးပုလင်းထားခဲ့တယ်ခင်ဗျ"

"ဦးခင်ဆီက တစ်နေ့က ယူခိုင်းလိုက်တဲ့ နှစ်ပုလင်းကတော့ ချိုလိုက် တာခင်ဗျာ"

"ရှိတာ ပေးလိုက်ရတာပဲ ဆရာကြီး၊ ကျွန်တော်မအားလို့ ဂရုမစိုက် အားဘူး ဆရာကြီးရဲ့၊ သူတို့ဆီက ထန်းကို ကောင်းကောင်း မကိုင်တတ်ဘူး၊ ခနိပဲ ကိုင်တတ်တယ်၊ ကျွန်တော်တို့ကျတော့လဲ တစ်သက်လုံး ထန်းတက် လာတော့ သူတို့ လုပ်တာကိုင်တာ မျက်စိထဲ မတွေ့ဘူး၊ ဒါပေမဲ့ ဒီအရပ်က မိုးအားကြီးတော့ ရေဝင်တာ များတယ် ဆရာကြီး၊ အားကြီးပေါ့တယ်၊ နေ ကျော်ရည်ပဲ ကောင်းတယ်"

သောင်းဒန်သည် ဦးခင်ပေးသော ထန်းရည်နှစ်ပုလင်းကို ချိုလွန်းသဖြင့် မသောက်တော့ဘဲ သကြားတစ်ဇွန်းစီထည့်လိုက်သည်။ နောက်တစ်နေ့တွင် သော်ကောင်းအား တိုက်သည်။

"အဲဒါ ရှမ်ပိန်ပဲကွ၊ သောက်ကြည့်စမ်း"

"အေး၊ ဟုတ်သဟေ့၊ ကောင်းသကွ"

"ထန်းရည်ထဲ သကြားတစ်ဇွန်း ထည့်ထားတာ၊ နာနတ်သီးဝိုင်လုပ် မလို့ အိုးရှာခိုင်းထားသေးတယ်၊ ဓားနဲ့ မွှန်းပြီး သကြားထည့်၊ အိုးကိုပိတ်၊ မြေမြှုပ်ထားလိုက်ရင် ခြောက်လလောက်ရှိတော့ ဝိုင်ဖြစ်တာပဲကွ"

"မင်းလဲ အရက်လုပ်နည်းမျိုးစုံ တတ်နေပါပေါ့လား"

"မင်းရှမ်ပိန်ကို ဟိုကောင်လာမှ တိုက်ရအုံးမယ်"

"ဘယ်သူလဲ၊ ကျော်ဆွေ ပြောတာလား၊ စမ်းကြည့်စမ်းပါအုံးကွာ၊ မိန်းမမရခင်ကတောင် အရက်မသောက်တာ၊ မိန်းမရလာတော့ အနံ့တောင် ခံတော့မှာ မဟုတ်ဘူး"

"ဒီကောင် ဘာပြောသွားသလဲကွ၊ သူ့မိန်းမ ခေါ်ခဲ့မှာတဲ့လား"

"ထုံးစံအတိုင်းပဲ ဝေ့လည်ကြောင်ပတ် လုပ်သွားတာပဲကွ၊ ခေါ်မလိုလို၊ မခေါ်ဘူးလိုလို၊ မိန်းမယူပြီး အတူမနေရရင် မိန်းမယူတာ ဘာမှအဓိပ္ပာယ် မရှိဘူးလို့လဲ ပြောရဲ့"

"ငါတော့ ဒီကောင် သူ့မိန်းမကို ခေါ်လာရင် စခန်းသစ်မှာ ထားမယ် စိတ်ကူးတာပဲ၊ စခန်းသစ် ဆိုရင်တော့ နေရထိုင်ရတာ မဆိုးပါဘူး၊ သူ့မိန်းမ လဲ အလုပ်လုပ်မယ်ဆိုရင် စခန်းသစ်ကို ပြောင်းယူပေါ့ကွာ"

သော်ကောင်းကမူ သူ့စိတ်ကူးကို ပြောပြသည်။ "အင်း၊ မဆိုးပါဘူး" ဟု သောင်းဒန် သဘောတူသည်။ ထို့နောက် သော်ကောင်းသည် အကြာကြီး စကားမပြောတော့ဘဲ တွေးနေလေသည်။ ပြီးမှ –

"တံတားပြီးဖို့ အရေးကြီးတယ်ဟေ့၊ ဒီတစ်ရာသီ အားစိုက်ခွန်စိုက် သာ ဆော်ပေတော့ကွာ၊ မင်းအလုပ်သမားတွေလဲ တပ်သာ လှန့်ထားလိုက် ပေတော့၊ ရေငုပ်တဲ့ကောင်ဆိုရင် ကြက်ဥကျွေး၊ နွားနို့တိုက်၊ ကျန်တဲ့လူတွေ မဖျားမနာကြရအောင် ဂရုစိုက်၊ ယူနီဆက်က နို့မှုန့်တွေ အလုပ်သမားတွေ လာတိုက်ရင် ကောင်းမှာကွာ"

သောင်းဒန် ရယ်ချင်သည်။ သော်ကောင်း ဘာစိတ်ကူးပေါက်သွား သည်မသိ။ ကျော်ဆွေတို့အကြောင်း ပြောနေရာမှ တံတားသို့ စိတ်ပြောင်း သွားသည်။ ထမင်းစားလည်း တံတားအကြောင်း၊ အိပ်ခါနီးလည်း တံတား အကြောင်း၊ တစ်ရေးနိုးတော့လည်း တံတားအကြောင်းသာ တွေးနေဟန် တူသည်။

"ဟိုကောင်မလေး မကြိုက်ဘူးလား၊ ဒီကောင်မလေး မကြိုက်ဘူး လား" ဟု လက်ညှိုးထိုးကာ မေးသည့်အခါ ရယ်သည်။ ထိုအခါမျိုးတွင် သူ့မိန်းမ မြင့်မြင့်သန်းက "အလကား၊ သူကြိုက်တာတွေကို ပြောနေတာ၊ ကိုသော်ကောင်းက မကြိုက်ရသေးဘူး၊ သူက အရင်ကြိုက်နေပြီ၊ အဖေကြီး နော် ကြပ်ကြပ်သတိထား" ဟု ကြိမ်းသည်။ ခက်သည်။ ဒီကောင် ငါနဲ့လဲ လိုက်ချင်တယ်ဟု သောင်းဒန် ကြုံးဝါးသည်။

ယခုကား အနည်းငယ် လှုပ်ရှားစပြုလာပြီ။ ကျော်ဆွေက သူ့ကို လမ်းပြနေပြီဟုတွေးမိကာ သော်ကောင်း မိန်းမရဖို့ မဝေးတော့ဟု စဉ်းစားမိသည်။

သူတို့ စကားပြောနေကြစဉ် အိမ်ထဲသို့ ဗိုလ်မှူး ဝင်လာသည်။

"ကျွန်တော်တော့ ရှစ်မိုင်က တိုင်တွေ တစ်ပါးကြီးနဲ့ တိုက်လာခဲ့တယ်၊ မဖြစ်ဘူးဗျာ၊ ကျွန်တော်တို့ဘာသာ တိုင်တွေ စိုက်မှပဲ၊ ကြွေသီးတွေလည်း ဖြုတ်လာခဲ့တယ်၊ တယ်လီဖုန်းဌာနကို စောင့်နေလို့တော့ ပြီးမှာ မဟုတ်ဘူး၊ ကျွန်တော်တို့က အရေးကြီးတယ်ဗျ၊ ကြိုးလဲ ရှိတယ်ဗျာ"

"ကျွန်တော်လဲ တနင်္ဂနွေနေ့မှာ လုပ်အားပေးနဲ့ မျောတွေ ခုတ်ခိုင်းထားတယ် ဗိုလ်မှူး၊ အခုတော့ ဟန်ကျတာပေါ့ ဗိုလ်မှူးရာ၊ တံတားပြီးခါနီးမှ တယ်လီဖုန်းရတော့မယ်"

"ဆရာကြီးတို့တော့ အိမ်က မိန်းမနဲ့ ချိန်းချိန်းပြီး စကားပြောမှာ မြင်လိုက်ချေသေးကွာ"

ဗိုလ်မှူး ပြုံးနေသည်။

"ခင်ဗျားတို့ တံတားပြီးသွားပေမဲ့ ကျွန်တော်တို့အတွက် အသုံးဝင်ကျန်ခဲ့မှာပါဗျာ၊ ကဲ သွားမယ် ဦးသောင်းဒန်၊ ကိစ္စလေးရှိသေးတယ်" ဟု နှုတ်ဆက်ကာ ဗိုလ်မှူး ပြန်သွားသည်။

တနင်္ဂနွေနေ့တွင် သော်ကောင်းနှင့် သောင်းဒန် မျောခုတ်ရာ သောင်ဦး ချဉ်းကပ်လမ်းဘက်သို့ လိုက်သွားသည်။ ချိုးပစ်နေသဖြင့် ညနေမိုးချုပ်မှ ပြန်ရောက်ကြလေသည်။

အိမ်ပေါ်တက်လိုက်လျှင် သောင်းဒန်ရော သော်ကောင်းပါ အံ့အားသင့်သွားကြသည်။

ဧည့်ခန်းတွင် ကျော်ဆွေနှင့် အမျိုးသမီး သုံးယောက်ကို တွေ့ရသည်။

"ဟင် မင်းတို့ ဘယ်တုန်းက ရောက်နေကြသလဲ" သောင်းဒန်၏ နှုတ်ခွန်းဆက်။

"လိုက်လာသကိုး" သော်ကောင်း၏ အံ့အားသင့်လေသံ။

"ကိုကျော်ဆွေတို့ကတော့ဗျား"

ဒါပဲ ပြောရဲသည်။ ကျော်ဆွေ မျက်နှာထား ခပ်တည်တည်။ အရင်လို စပ်ဖြဲဖြဲမဟုတ်။

"ဘယ်သူတဲ့ကွ၊ မင်းဇနီးနာမည်က"

"ဒီကောင် သိသားနဲ့ လုပ်ရှော့မယ်"

"ဖြူဖြူပါ၊ ဒါက ကျွန်မညီမ နီနီပါ၊ ဟိုမှာ ကျွန်မ မေမေ၊ ဒေါ်သိန်းကြည်တဲ့"

သေလိုက်ပါတော့ကွာ။ ဘေးမှာ ထိုင်နေတာ တစ်ယောက်လုံးကို မမြင်မိဘူး။ ဖြူဖြူတို့ အမေက တယ်နုတာပဲ။ မိန်းမချောပဲကွ။ ဒါကြောင့် သမီးက ချောတာကိုး။ အငယ်ကလဲ လှတာပဲ။ ဒီကောင် မိန်းမရ သိပ်ကောင်းတာပဲ။ သူ့အစွမ်းအစတော့ မဟုတ်ဘူး။ သူ့အဒေါ်တွေ ကျေးဇူးပဲ။

ထိုအခါတွင်မှ သောင်းဒန်ရော သော်ကောင်းပါ ပျာပျာသလဲဖြစ်သွားကြသည်။

"မင်းကွာ ကြိုပြီး စာရေးထားတာ မဟုတ်ဘူး၊ ငါတို့က လာအုံးမယ် မထင်ဘူး၊ ခွင့်စေ့ဖို့ အများကြီး လိုသေးတာပဲ"

"ဒေါ်ဒေါ်နဲ့ နီနီတို့ကိုပါ ဒီဘက်ကို အလည်ခေါ်ချင်တာနဲ့ စောစောပဲ ပြန်လာကြတာပါကွ"

"နို့ ဖြူဖြူ့အလုပ်ကရော"

"ခွင့်ယူခဲ့ပါတယ် အစ်ကိုကြီး"

"ဟောဒါက ကိုသော်ကောင်းတဲ့၊ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် သိပ်ချစ်ကြတာ၊ အခုတော့ ကိုသော်ကောင်းပဲ ဘက်ပွဲ ကျန်ရစ်ခဲ့တာခင်ဗျ"

သော်ကောင်း ဘာမှမပြောဘဲ ရယ်နေသည်။ သောင်းဒန်ကသာ စကားဝိုင်းကို ရှေ့ဆောင်နေသည်။

"သိပါတယ်၊ ဒေါ်ဒေါ်တို့ ကြားနေကြတာပဲ၊ ကိုသော်ကောင်းမိဘတွေကိုလဲ သိပါတယ်"

"ကဲ ဘယ်လို စီစဉ်ကြမလဲ၊ ဒီလို လုပ်ကွာ၊ တို့ ဗိုလ်မှူးနဲ့ သွားပြီး

အိပ်ကြမယ်၊ မကြာခင် ဗိုလ်မှူးလဲ ဟိုဘက်ကမ်းကို ပြောင်းမယ် ပြောတယ်၊ မင်းတို့ ဒီအိမ်မှာပဲ နေကြတာပေါ့၊ ဟိုဘက်တစ်ခန်းမှာ ဒေါ်ဒေါ်တို့သားအမိကို သိပ်ကြတာပေါ့"

ထိုနေ့ည သောင်းဒန်အိမ်တွင် လူစည်သည်။ နော်ဖောလာ၊ လှမင်း၊ ခင်ခင်၊ တင်ရွှေ၊ နော်မူအေးတို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ ခင်ခင်နှင့် နော်မူအေးတို့သည် ပြုံးစပ်စပ်မျက်နှာဖြင့် ကျော်ဆွေကို ကြည့်သည်။ ကျော်ဆွေက ခပ်တည်တည် နေလိုက်သည်။ အဘွားကြီးပါလာသဖြင့် စချင်တိုင်း မစကြရ။ နောက်ချင်တိုင်း မနောက်ကြရ။ ကျော်ဆွေကား တစ်မျက်နှာလုံး ပီတိလွှမ်းနေသည်။ သို့သော် ခပ်တည်တည်ပင် ဟန်ဆောင်နေသည်ဟု ထင်သည်။

ဒီကောင် ခုမှ မိန်းမရ နောက်ကျလေခြင်းလို့ နောင်တရနေမှာ။

သော်ကောင်းသည် နီနီကို ခိုး၍ ကြည့်သည်။ ရဲရဲကား မကြည့်ရဲဟု သောင်းဒန် အကဲခတ်မိသည်။

ည ၁၀ နာရီတွင် မီးပိတ်မည် ဖြစ်သော်လည်း သောင်းဒန်က ၁၁ နာရီ မှပိတ်ရန် မှာထားသည်။ ၁၀ နာရီသာသာလောက်တွင် သောင်းဒန်နှင့် သော်ကောင်းတို့ ဗိုလ်မှူး၏ရိပ်သာသို့ ဆင်းခဲ့ကြလေသည်။

"ဗိုလ်မှူးရေ၊ ကျွန်တော်တို့ လူပျိုကြီးတော့ အခုမှ ဖုတ်သွင်းရထား ဆိုက်ပြီ ခင်ဗျ၊ ကျော်ဆွေဆိုတဲ့ကောင် အင်မတန်သိတတ်တဲ့အကောင်၊ တစ်ခါတည်း အကွက်ဆင်ပြီး ယောက္ခမကြီးနဲ့ ခယ်မပါ အပါခေါ်လာတာ၊ ခယ်မခေါ်ချင်တာနဲ့ ယောက္ခမကြီးကိုပါ ဆွဲလာတာနဲ့ တူတယ်ခင်ဗျ"

သောင်းဒန် လေရနေသည်။ သော်ကောင်း ငြိမ်နေသည်။ ခဏလေး ကြာမှ –

"ဒီကောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ တော်ကြာ အဘွားကြီး ကြားသွားလို့ အားနာစရာကြီးကွာ"

"ကြားရော ဘာဖြစ်လဲကွ၊ နားဖောက်ပြီးသား ဖြစ်သွားတာပေါ့၊ မင်း ဘာမှပူမနေနဲ့တော့၊ တို့ သခင်ကျော်ဆွေ သူ့ဇာတ်သူ နိုင်အောင် ကသွား

လိမ့်မယ်"

"ဒါက ကိစ္စမရှိဘူး၊ ဒီကောင့်အတွက် စီစဉ်ရအုံးမယ်၊ ငါတော့ မင်းပြောသလို စခန်းသစ်မှာပဲ သူ့ကို ထားလိုက်တော့မယ်ကွာ၊ ငါလဲ တိုင် ၃ ရေပေါ်တက်လာရင် စိမ့်မြိုင်ကို ရုံးရွှေ့တော့မယ်"

"သဘောပါပဲဗျာ၊ အေးလေကွာ၊ စိမ့်မြိုင်က စခန်းသစ်နဲ့ ပိုနီးတာပေါ့၊ ကားလေးနဲ့ သွားလိုက်ရင် ရှိတ်ခနဲ ရောက်သွားတာပဲ"

"ဒီကောင်ကတော့ လုပ်ပြီ"

ဗိုလ်မှူးသည် သူငယ်ချင်းနှစ်ယောက် ပြောနေကြသည်ကို ပြုံး၍သာ နားထောင်နေသည်။ ပြီးမှ –

"ကဲ– ဦးသော်ကောင်းကလဲ ဒီတစ်ခါ ခေါင်းညိတ်လိုက်ပါတော့ဗျာ၊ ကျွန်တော်က လူကြီးဖြစ်နေတော့ လူငယ်တွေကြားဝင်လို့ သိပ်မကောင်းဘူးဗျ၊ ကျွန်တော် ဝင်လိုက်ရင် ခဏလေးနဲ့ ကိစ္စပြတ်သွားမှာပဲ"

သော်ကောင်း ပြုံးနေသည်။ ကျေနပ်သည်ဟု သောင်းဒန် တွေးမိသည်။ ထို့ကြောင့် အိပ်ရာဝင်သည့်အခါ "အင်း၊ ခုလိုဆိုတော့ လောကကြီးက တယ်သာယာပါလားကွ" ဟု တစ်ခွန်း ပြောလိုက်သေးသည်။

နောက်တစ်နေ့ မနက်တွင် ကျော်ဆွေတို့ လင်မယားဆီ မလိုက်တော့။ ရေလယ်သို့ တစ်ခါတည်း ဆင်းတော့မည်ဟု သော်ကောင်း ပြောနေသဖြင့် သောင်းဒန်က အတင်းဆွဲခေါ်သွားသည်။

"ငါ မရှိတုန်း ဘာထူးသေးသလဲ သူငယ်ချင်း"

ကျော်ဆွေက မေးသည်။

"မထူးပါဘူးကွာ၊ ဩော် – တယ်လူး တစ်ယောက်"

ချက်ချင်းပင် သောင်းဒန် ပြောလက်စကို ရပ်လိုက်သည်။ မင်္ဂလာမောင်မယ်တို့အား စိတ်မချမ်းသာစရာ သတင်းကို မပေးချင်။ နောက်မှပင် ပြောတော့မည်။ သော်ကောင်းက ညားခါစဇနီးမောင်နှံအတွက် အစီအစဉ်ကို ပြောပြတိုင်ပင်သည်။

"ငါတော့ ဘယ်လိုမှ စိတ်ကူးမရှိဘူး သော်ကောင်း၊ ဒီမှာပဲနေမှာပေါ့

ကွ၊ ဘာဖြစ်သလဲ၊ အားလုံးနေကြသေးတာပဲ၊ အလုပ်ရှိရာ နေရမှာပေါ့၊ ငါ့အတွက် ဘာမှအထူးအစီအစဉ်လုပ်စရာ မလိုဘူး”

“မဟုတ်ဘူး၊ ဒီမှာ ဘာမှလုပ်စရာ မလိုတော့ဘူး၊ စခန်းသစ်လမ်းကို မင်း တာဝန်ယူပေါ့”

“ဟ – စောသာအေးလဲ မရှိဘူး၊ သန်းမောင်လဲ မရှိဘူး၊ မင်းကလဲ စိမ့်မြိုင် ပြန်ရအုံးမယ်”

“ငါကတော့ အရင်ကလိုပဲ ကူးသန်းနေမှာပေါ့ကွာ” သောင်းဒန် ကြားဝင်သည်။

“မဟုတ်ဘူး ကျော်ဆွေ၊ သူ စီစဉ်သလိုပဲ ကောင်းပါတယ်၊ မင်းကို လိုတော့ တို့ ခေါ်မှာပေါ့ကွာ”

ထိုခဏတွင် ဖြူဖြူ အခန်းထဲမှ ထွက်လာသည်။ နာမည်နှင့် လိုက် အောင် အသားဖြူသည်။ အရပ်အမောင်း သင့်သည်။ မျက်နှာ သွယ်သည်။ သွားတက်ကလေးက ချစ်စရာကောင်းသည်။ မျက်လုံးမှာလဲ ကြည်သည်။ မဆိုးဘူး။ ဒီကောင် ကုသိုလ် တယ်ကောင်းတာပဲ။

“ဖြူဖြူတို့ ဖြစ်သလို နေနိုင်ပါတယ် ဦးသော်ကောင်း၊ မောင် ပြော သလို ဒီမှာလဲ နေနိုင်တာပဲ”

ခေါ်တာက မောင်တဲ့။ ကျော်ဆွေ သင်ထားတာလား၊ သူ့ဘာသာသူ ခေါ်တာလား။ ဒီကောင် ဘယ်လိုများ စည်းရုံးလာသလဲ မသိဘူး။ သူပြောတော့ ဒီလို မဲဇာကို ဘယ်မိန်းမက လိုက်လာမှာလဲကွာတဲ့။ အခု ယောက္ခမကြီးနဲ့ ခယ်မပါ ခေါ်လာသဗျား။

“ဖြူတို့အတွက် ဦးသော်ကောင်းတို့ ဘာမှ ထူးပြီးစီစဉ်မနေကြပါနဲ့”

“အို၊ မဟုတ်တာ ခင်ဗျာ”

သော်ကောင်းစကားကို ရပ်လိုက်သည်။ ခင်ဗျား၊ ကျွန်တော်နှင့် ပြောရမလား။ ဘယ်လို ပြောရမလဲ။ သောင်းဒန်ကိုတော့ အစ်ကိုကြီးတဲ့။ ငါ့ကိုတော့ ရိုးရိုးပဲ ခေါ်တယ်။ ဒါပေမဲ့ ရှေ့က ဦး တပ်ပြီး ခေါ်တာက ခက် တယ်။

သောင်းဒန်က ကျော်ဆွေကို စခန်းသစ်သို့ ပို့ရန်သာ စီစဉ်ခိုင်းသည်။ နောက်မှ တစ်မျိုးစဉ်းစားမည်။ မိန်းမရလာခါစ အေးအေးချမ်းချမ်းနေပါစေ။ တို့အလုပ်လည်း ဘာမှ အခက်အခဲမရှိတော့တာပဲဟာ။

သို့နှင့် သုံးရက်ခန့်ကြာလျှင် ကျော်ဆွေတို့ စိမ့်မြိုင်သို့သွားကြသည်။ ထိုအတောအတွင်း သော်ကောင်း၊ သောင်းဒန်တို့နှင့်လည်း အတော်ကလေး ရင်းနှီးသွားကြသည်။ ဖြူဖြူက သော်ကောင်းကို ဦး တပ်မခေါ်တော့ဘဲ ကိုသော်ကောင်းဟုပြောင်း၍ ခေါ်သည်။ ကျော်ဆွေ သင်ထားးဟန်တူသည်။ သောင်းဒန်ကိုကား အစ်ကိုကြီးခေါ်ရာမှ အများခေါ်ကြသည့် 'ဆရာကြီး' ဟူ၍ပင် ခေါ်လာသည်။ ရင်းနှီးလာသည့် သဘောပင် ဖြစ်သည်။

ငါလိုက်သွားမယ်သူငယ်ချင်းဟုဆိုကာ သော်ကောင်းသည် ကျော်ဆွေ တို့ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသည်။ သောင်းဒန် မတားလိုက်တော့။

× × × × ×

## ၄၇

အစက စိုပြည်နေသော စခန်းသည် ခြောက်သွေ့သွားသည်ဟု သောင်းဒန်ထင်မိသည်။ သော်ကောင်းကား မပြန်လာသေး။ ကျော်ဆွေတို့ လင်မယားအတွက် စခန်းသစ်တွင် ပြောင်းရွှေ့နေထိုင်ရန် အစီအစဉ်များ လုပ်ပေးနေသည်။ တိုင်းအင်ဂျင်နီယာကလည်း သဘောတူသည်။ သို့ဖြစ်ရာ သောင်းဒန်သည် ရေလယ်ဖောင်ကြီးပေါ်မှ မဆင်းတော့ဘဲ နေ့ဆိုင်း ညဆိုင်းခွဲကာ လုပ်သည်။ ဤသို့ဖြင့် နံပါတ် ၃ တိုင်ကြီးသည် ရေပေါ်သို့ တက်လာလေသည်။ နံပါတ် ၂ နှင့် နံပါတ် ၄ တိုင်ညီနောင်တို့လည်း ထိပ်အုပ်လောင်းပြီးကာ အထက်သို့ တန်းပြီး တက်လာသည်။ ထိုကြားတွင် နှစ်ကုန်ခါနီး၌ ကျောက်ဆည်နားမှ တံတားသို့ သော်ကောင်းနှင့် အတူသွားကာ ရက်မ တင်ပေးခဲ့သည်။ ပြန်လာမှ တိုင် ၃ ကို ထိပ်အုပ်လောင်းသည်။ အလုပ်သမားတို့ကား ပျော်နေကြသည်။ စိတ်ဓာတ်လည်း တက်လာသည်။ နှစ်သစ်ဆန်း၍ လွတ်လပ်ရေးပွဲပြီးလျှင် သော်ကောင်းနှင့် သောင်းဒန် ရက်မ တင်ရေးအစီအစဉ်ကို စ၍ တိုင်ပင်ကြသည်။ စောသာအေးတို့အဖွဲ့လည်း ပြန်လာကြပြီ။ တစ်ရက်၊ နှစ်ရက်ကြာလျှင် ကျော်ဆွေတစ်ယောက်တည်း ရောက်လာသည်။

"ဘယ်လိုလဲ၊ မင်းခယ်မလေး ပြန်သွားပြီလား"

"ရှိပါသေးတယ်ကွာ၊ ငါ တားထားတယ်"

သော်ကောင်းအလစ်တွင် ကျော်ဆွေအား သောင်းဒန်က "ဘယ်လို

လဲကွ၊ နီနီနဲ့ပဲ လျှော်လိုက်ပါကွာ၊ ဒီကောင်ကြီးကတော့ မင်းသိတဲ့အတိုင်းပဲ၊ ဘာမှ စရဲမှာ မဟုတ်ဘူး၊ မင်းမိန်းမကို အားနာတာနဲ့ သာပြီး ရှောင်နေအုံးမှာ”ဟု တိုက်တွန်းသည်။

“ငါလဲ အကွက်ဆင်နေတာပဲ သူငယ်ချင်း၊ အရေးကြီးတာက မင်းသူ့ကို ဒီမှာ ကြာကြာမထားနဲ့၊ စိမ့်မြိုင်ကို မြန်မြန်ပြန်ခိုင်း၊ အလုပ်ကိစ္စပြပြီး တိုင်းမှူးတို့၊ တိုင်းအင်ဂျင်နီယာတို့ဆီ လွှတ်ပေါ့ကွာ၊ သူ သွားမှဖြစ်မှာလို့ တိုက်တွန်း၊ ငါ့လမ်းကိုလဲ သူ့ကို အကြည့်ခိုင်း၊ ဒါမှ စခန်းသစ်ကို ရောက်မှာ”

သို့ဖြစ်ရာ သောင်းဒန်က သော်ကောင်းအား ကျော်ဆွေနှင့် လိုက်သွားရန် တိုက်တွန်းသည်။ သော်ကောင်း အင်တင်တင်လုပ်နေသည်။

“ရက်မတင်တော့ ငါ ခေါ်လိုက်မယ်ကွာ၊ မင်းတို့ နှစ်ယောက်စလုံး လာရမှာပဲ၊ အားလုံး တစ်လလောက်တော့ ကြာမယ်၊ ဘယ့်နှယ်လဲကွ၊ ကျော်ဆွေ့ခယ်မလေး မဆိုးပါဘူး၊ အရပ်က ဖြူဖြူထက်တောင် မြင့်ချင်သေးဗျာ၊ ကိုယ်လုံးကိုယ်ပေါက်ကလဲ ခင်သန်းနု အတိုင်းပဲ၊ မျက်လုံးက ဝါဝါဝင်းရွှေ မျက်လုံးမျိုး”

“တော်စမ်းပါကွာ၊ တံတားပြီးဖို့ အရေးကြီးတယ်ကွ”

“မိန်းမရဖို့လဲ အရေးကြီးတာပေါ့ သော်ကောင်းရာ၊ မိန်းမတွေ မွေ့ပြလိုက်မယ်ဆို၊ ဘယ့်နှယ်လဲ အရေးပိုင်မင်းရဲ့”

ကျော်ဆွေကပါ အပါ ကပ်ခေါ်နေသဖြင့် သော်ကောင်း စခန်းသစ်သို့ လိုက်သွားသည်။

ဖေဖော်ဝါရီလ ကုန်ခါနီးလာလျှင် တိုင်အားလုံး ရေပေါ်၌ အစီအရီ တန်းနေကြသည်။ ရက်မ တင်ရန် အဆင်သင့် ဖြစ်နေပြီ။

ထိုအချိန်တွင် ဥညြနှင့် မလှမ်းမကမ်း၌ တိုက်ပွဲ ဖြစ်သည်။ ဒန်းအိုင် ချောင်းကင်းတဲသို့လည်း ဝင်၍ ပစ်သွားသည်။ ဗိုလ်မှူးကား မအားရတော့။ ပတ်ဝန်းကျင်သို့ တိုက်ကင်းများလှည့်ရန် စီစဉ်နေရသည်။ သူကိုယ်တိုင်လည်း ရှစ်မိုင်သို့ လိုက်သွားကာ အရှေ့ဘက်တောင်ကြောသို့တက်၍ မွှေ

နှောက်ရသည်။

"ရက်မ တင်တာတော့ ကျွန်တော် ကြည့်ချင်တယ်ဗျာ၊ ကျွန်တော့်ကို အကြောင်းကြားလိုက်ပါ ဦးသောင်းဒန်"

မကြာမီ ကျော်ဆွေနှင့် သော်ကောင်း ရောက်လာကြသည်။ ကျော်ဆွေနှင့်အတူ သူ့မိန်းမ ဖြူဖြူရော၊ နီနီနှင့် အမေကြီးတို့ပါ တစ်ပါတည်းပါလာကြသည်။

"တစ်လလောက် ကြာမှာဆိုတော့ မခွဲနိုင်ဘူးဗျ၊ တစ်ခါတည်း ခေါ်လာခဲ့တယ်"

"အင်း၊ ခုမှ ဝင်္ဂလည်တယ်၊ သူများကျတော့ ကိုလှမင်းကို မခွဲနိုင်ဘူးလေး ဘာလေး ညာလေးနဲ့" ခင်ခင် ပါးစပ်တပြင်ပြင် ဖြစ်နေသည်မှာကြာပြီ။

"အခု မိန်းမကို အလုပ်ထွက်ခိုင်းလိုက်တယ်ပေါ့လေ"

"မထွက်ပါဘူးဗျာ၊ ခွင့်ရက်ရှည် ယူခိုင်းရတာပေါ့၊ တော်ကြာတစ်ယောက်တည်း လခနဲ့ ထမင်းငတ်မှာဗျ၊ ခင်ဗျားတို့လို ရွှေဆွဲကြိုး တစ်ခုပြီး တစ်ခုတိုးလာတာ မဟုတ်ဘူး"

သောင်းဒန်နှင့် သော်ကောင်း တဟားဟားရယ်ကြသည်။ သောင်းဒန်က ခင်ခင်ကို မျက်စိမှိတ်ပြကာ ဆက်၍နှောက်ခိုင်းသည်။ သို့သော် ကျော်ဆွေလစ်ပြေးသည်။

"ဘယ့်နှယ်လဲ၊ တံတားထိပ်ကို ကော်ဖီ လာအပို့မခိုင်းဘူးလား" ဟု စလိုက်သေးသည်။

သော်ကောင်း တစ်ယောက် မျက်နှာချိုနေသည်။ သောင်းဒန်နှင့်တွက်ကြ၊ ချက်ကြသည့်အခါ ခပ်မြန်မြန်ပြီးသည်။ ဦးနှောက်များ ကြည်လင်နေသည်ဟု ထင်သည်။ နီနီ့မျက်လုံးဒဏ်ကို သူ ခံနိုင်တော့ဟန် မတူ။

ရက်မ တင်မည့်နေ့တွင် ဗိုလ်မှူး ပြန်ရောက်လာသည်။

"မနည်း ပြေးလာရတယ်ဗျာ၊ ဘယ့်နှယ်လဲဗျို့ လူပျိုကြီး၊ မစွံသေးဘူးလား၊ တယ် နေးတာပဲ"

"စွံတော့မှာပါ ဗိုလ်မှူး"ဟု သောင်းဒန်က ကြားမှဝင်၍ အဖြေပေးလိုက်သည်။ သော်ကောင်း ရက်ကာ ခေါင်းငုံ့နေသည်။ ထိုနေ့ကား တံတားထိပ်၌ စည်ကားနေသည်။ စင်ရော်မှ ကျောင်းသူ၊ ကျောင်းသားများလည်း ရက်မ တင်သည်ကို လာ၍ကြည့်ကြသည်။

တောင်ဘက်ဘဲတောင်မှသည် တိုင် ၁ နှင့် တိုင် ၂ အထိ ဘောလီပေါင်ကြီးများကို ပြိုင်၍တင်ထားသည်။ ဘောလီပေါ်၌ ထရော်လီ နှစ်ခုရှိသည်။ ယင်းအပေါ်တွင် သံမဏိတန်းကြီးကို ကန့်လန့်တင်ထားသည်။ အားဖြည့်ကွန်ကရစ်ရက်မနှစ်ခုကို သံလမ်းပေါ်တွင်တင်ကာ ဘောလီထိပ်သို့ ဆွဲလာသည်။

သောင်းဒန်သည် တံတားအလယ် သံမဏိတန်းကြီးပေါ်၌ ရပ်နေသည်။ သံမဏိတန်းအစွန်းနှစ်ဖက်၌ ဂျိုက်များရှိသည်။ ထိုဂျိုက်များတပ်ဆင်သည်ကို သောင်းဒန် တစ်ခုစီကြည့်သည်။

"အဲဒါ အရေးကြီးတယ်၊ ဆွဲတင်ရမဲ့အားက နည်းတာမဟုတ်ဘူး၊ ဝက်အူတစ်ခု ချော်ရင်၊ အပေါက်တစ်ပေါက် လွဲရင် အားလုံးပျက်စီးမှာပဲ"

ရက်မကြီး နှစ်ခုထိပ်ရှိ နဖားပေါက်များကို ဂျိုက်မှ ဆင်းလာသော သံမဏိပြားကြီးနှင့်ဆက်နေသည့် ဂျိုက်နှစ်ခုက ညှပ်လိုက်သည်။ တဖြည်းဖြည်းပင် ရက်မနှစ်ခုကို ပြိုင်တူ ဂျိုက်များဖြင့် ဆွဲတင်သည်။ ဘဲတောင်ပေါ်၌ မေးတင်မိပြီဆိုလျှင် တန်းကြီးသည် ရက်မကြီးနှစ်ခုကို ဆွဲထားရသဖြင့် ဘေးနှစ်ဖက်၌ အတန်ငယ် အိကျလာသည်။ တစ်ဖက်မှ ဆွဲစက်ဖြင့် သံမဏိတန်းကြီးကို မျှဉ်းမျှဉ်းဆွဲသည်။

သောင်းဒန်ကား သံမဏိတန်းကြီးပေါ်မှ မဆင်း။ သော်ကောင်း၊ လှမင်း၊ စောသာအေး၊ ကျော်ဆွေတို့က အလုပ်သမားများကို မလစ်ဟင်းရအောင် ညွှန်ကြားပြသပေးသည်။ ကြိုးဆွဲစက်ကို အောင်ကြီးက ထိန်းသည်။ သံမဏိတန်းကြီးသည် ဘောလီသံပေါင်ပေါ်ရှိ ထရော်လီပေါ်၌ တဖြည်းဖြည်းရွေ့နေသည်။ ဘဲတောင်မှဆွဲသွားသည့် ရက်မနှစ်ခု၏ ရှေ့အစွန်းမှာ တိုင် ၁ တန်းပေါ်သို့ ရောက်သွားသည်။ ထိုအခါ နောက်ထပ်သံမဏိတန်းတစ်ခုကို ရွေး

နည်းအတိုင်း ဘောလီသံပေါင်ပေါ်၌ဆင်ကာ ရက်မနှစ်ခု၏ နောက်ဘက် အစွန်းနှစ်ခုကို မ၍တင်သည်။ ထိုတန်းပေါ်သို့ ကျော်ဆွဲတက်ကာ အမိန့် ပေးသည်။ သော်ကောင်းက အောက်မှနေ၍စောင့်ကြည့်ကာ စေ့စေ့စပ်စပ် ခိုင်းနေသည်။

ဖြူဖြူနှင့် နီနီတို့ နှစ်ယောက် ရုံးထိပ်မှဆင်းလာကာ ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေကြသည်။ တန်းပေါ်သို့ ကျော်ဆွဲတက်သွားသည်ကိုမြင်သည့် အခါ ဖြူဖြူ့ရင်ထဲ၌ တဒိန်းဒိန်းခုန်လာသည်။ "ဘုရား ဘုရား၊ အသည်းယား စရာကြီးပါလား၊ မောင်တို့အလုပ်က အန္တရာယ်နဲ့ သိပ်နီးတာပဲ"

နီနီ့မျက်လုံးများသည် သော်ကောင်းဆီသို့ ရောက်သွားသည်။ "ဟိုမှာ ဟိုမှာ" ဟု လွှတ်ခနဲ ပါးစပ်က ထွက်သွားသည်။

"ဘယ်သူလဲ" ဖြူဖြူက သူ့ညီမကို မေးသည်။

"မမရဲ့ မောင်လေ"

"ငါ မြင်ပါတယ် အေရဲ့၊ ကောင်မလေး အလကားညာနေတယ်၊ ညည်း ရှာနေတာက တခြားပါ"

"အို မမကလဲ"

ရက်မနှစ်ခု ဘဲတောင်ပေါ်သို့ ရောက်သွားသည့်အခါ ကြိုးဆွဲစက်က တဖြည်းဖြည်း ဆွဲသည်။ ရက်မနှစ်ခုသည် တငြိမ့်ငြိမ့်ပါသွားကြသည်။ ဤသို့ ဖြင့် ဘဲတောင်နှင့် တိုင်နံပါတ် ၁ ပေါ်တွင် အလျားလိုက်တင်နေကြသည်။ မပြီးသေး။ ပေ ၁၀၀ များကို တိုင် ၁ နှင့် တိုင် ၂ တို့ပေါ် အရောက်ဆွဲသွား ရဦးမည်။ ၁ နှင့် ၂ တွင် ပေ ၁၀၀ ရက်မ ၅ ချောင်း တင်ရမည်။ ထို့ကြောင့် ခဏနားကာ ရှေ့သို့ ဆက်၍ဆွဲကြပြန်သည်။ ရင်တမမ ကြည့်နေရင်း ရက်မ ကြီးနှစ်ခုသည် တိုင် ၁ နှင့် တိုင် ၂ အကြား လိုရာစခန်းသို့ ချောချောမောမော ရောက်သွားသည်။ အားလုံး ၂ နာရီခွဲခန့် ကြာသည်။

ဗိုလ်မှူးသည် ကမ်းထိပ်ရှိ တဲကလေးမှ ထိုင်ကြည့်နေသည်။ ကျောင်း မပိတ်သေးသဖြင့် သူ့သားနှစ်ယောက် မလာနိုင်။ ထို့ကြောင့် တဖျစ်တောက် တောက် ညည်းနေသည်။ လှမောင်နှင့် ညိုမောင်တို့ကို ရက်မတင်ပုံ ပြလိုက်

ချင်သည်။ ဤနောက်ဆုံး အဆင့်သည် ပညာသားပါသည်။ စိတ်ရှည်ရသည်။ စေ့စပ်ရသည်။ ရုံးဘက်သို့ လှမ်းကြည့်လိုက်လျှင် ကျော်ဆွေ၏ဇနီးနှင့် ခယ်မတို့ ကွမ်းသီးခြံစပ်၌ ရပ်နေသည်ကိုမြင်ရသဖြင့် ရဲဘော်တစ်ယောက်အား အခေါ်ခိုင်းလိုက်သည်။

"ဗိုလ်မှူးက သူ့နေရာက လာကြည့်ကြပါတဲ့ ခင်ဗျ" ဟု ခေါ်သဖြင့် ဖြူဖြူနှင့် နီနီတို့ လိုက်သွားကြသည်။ သူတို့ကိုမြင်လျှင် သော်ကောင်းက ပြုံး၍ပြသည်။ နီနီက ပြုံးတစ်ဝက်နှင့် သော်ကောင်းကို ပြန်၍နှုတ်ဆက်လိုက်သည်။ ထိုရှုခင်းကို မြင်လိုက်ရသည့်အခါ ဗိုလ်မှူးသည် ကြည်နူးသွားသည်။

သူသည် သောင်းဒန်၊ သော်ကောင်း၊ ကျော်ဆွေတို့ကို ခင်တွယ်လာသည်။ သံယောဇဉ် ရှိလာသည်။

ပညာတတ်တွေပဲ။ ဒါပေမဲ့ ပညာတတ်တိုင်း အများအကျိုးသယ်ပိုးချင်တဲ့စိတ်ရှိတဲ့လူ ရှားတယ်။ ဝတ်ကျေတမ်းကျေ လုပ်ကြတာ များတယ်။ ရေသာခိုကြတာ များတယ်။ ဒီလူတွေက ရေသာမခိုဘူး။

လူတစ်ဦးချင်းအနေနဲ့ ဉာဏ်ကောင်းတဲ့လူ ရှိတယ်။ တော်တဲ့လူ ရှိတယ်။ ညံ့တဲ့လူ ရှိတယ်။ ဒါပေမဲ့ အများအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ကိန်းအောင်းလာတဲ့အခါ ဒီလူဟာ အရေးပါတဲ့လူ ဖြစ်လာတယ်။ လူတစ်ဦးချင်းအနေနဲ့ အများအကျိုး ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာ သင်ခန်းစာပြတာပဲ။

"လာကြ၊ လာကြ၊ ဒီမှာက ပိုပြီး ကြည့်လို့ကောင်းတယ်၊ အခုဟာက မပြီးသေးဘူး၊ အလယ်က တိုင်တွေပေါ်ကို အရင်တင်တာ၊ ဒီဘက်ကမ်းမှာ အားလုံး ပေ ၁၀၀ က ၅ ချောင်း၊ ဒီဘက်က ခန်းဖွင့် ကျန်တဲ့ ပေ ၇၀ က ၆ ချောင်း၊ ပေါင်း ၁၁ ချောင်း တင်ကြလိမ့်မယ်"

ဗိုလ်မှူးက ဖြူဖြူနှင့် နီနီအား အင်ဂျင်နီယာများ ကိုယ်စားရှင်းပြနေသည်။

မကြာမီ သောင်းဒန်နှင့် ကျော်ဆွေတို့ ဗိုလ်မှူးရှိရာ တဲကလေးသို့

ရောက်လာကြသည်။

"လာလေကွာ၊ ခဏနားကြအုံးမယ်" သောင်းဒန်က သော်ကောင်းကို လှမ်း၍ခေါ်ရင်း ဗိုလ်မှူးရှေ့ရှိ လက်ဖက်ရည်ကြမ်းကို ခွက်ဘူးမှ ငှဲ့၍ သောက်နေသည်။ သော်ကောင်း ခပ်သွက်သွက် ရောက်လာသည်။

"မောင်တို့အလုပ်က တယ် အသည်းယားစရာ ကောင်းတာပဲ" ဖြူဖြူ က ကျော်ဆွေကို ပခုံးတွန့်ပြသည်။

"ဖြူဖြူ ရှိနေတော့ ပိုပြီး အားရှိတာပေါ့ဗျ"

သောင်းဒန်က စ လိုက်သည်။

"ဟင်း ဟင်း" ဖြူဖြူသည် မပွင့်တပွင့် ရယ်သည်။ ကျော်ဆွေသည် ထိုရယ်သံလေးကြောင့် ပို၍ အားပြည့်သွားသည်။ "အဲ တစ်နေ့လုံး မပြန်ကြနဲ့ ဗျား၊ ဒီမှာပဲ ထိုင်ကြည့်နေကြ၊ ဒါမှလုပ်ရတဲ့လူတွေ အားရှိတာ"

သူ့စကားကြောင့် နီနီ ရှက်သွေးဖြန်းသွားသည်ကို သောင်းဒန် သတိ ထားလိုက်မိသည်။ ဖြူဖြူက ကျော်ဆွေ့မျက်နှာမှ ချွေးများကို လက်ကိုင် ပဝါနှင့် သုတ်ပေးနေသည်။

"မင်းတို့ ငါတို့တော့ ချွေးသုတ်ပေးမဲ့လူ မရှိဘူးဟေ့၊ ငါလဲ မြင့်မြင့်သန်း ကို လိုက်ခဲ့ဖို့ မှာလိုက်မှပဲ၊ သော်ကောင်း မင်းလဲ . . ."

"ကဲ ကဲ၊ စကားများမနေနဲ့၊ လုပ်ကြအုံးစို့" ကျော်ဆွေက သောင်းဒန် ပါးစပ်ကို ဘရိတ်အုပ်ပြီး ဆွဲခေါ်သွားသည်။

ဤသို့ဖြင့် တောင်ဘက်ကမ်းမှ ရက်မများ အားလုံးကို ဆယ်ရက်ခန့် အတွင်း တင်ပြီးသွားသည်။ ထိုရက်များအတွင်း သော်ကောင်းနှင့် နီနီတို့ ပို၍ ရင်းနှီးလာကြသည်။ တစ်ခါတစ်ရံ သော်ကောင်း ပျောက်သွားလျှင် နီနီ နေ မထိ၊ ထိုင်မသာ ဖြစ်လာသည်။ မျက်လုံးအစုံက သော်ကောင်းကို ရှာနေ သည်။ ဖြူဖြူလည်း သူ့ညီမ အရိပ်အကဲကို သတိထားကြည့်နေသည်။ အကယ်၍ သော်ကောင်းနှင့် ချစ်ကြိုက်သွားကြသည့်တိုင် ကန့်ကွက်စရာ အကြောင်းမရှိ။

"ငါ့သူငယ်ချင်း သနားပါတယ်ကွာ၊ ငါ့ကို သိပ်ချစ်တာ၊ ငါဝတ်တဲ့

လုံချည်မှ အကောင်းထင်တာ၊ ငါ့ အင်္ကျီကိုမှ ရွေးပြီး ဝတ်တာ၊ ခုတော့ သူ တစ်ယောက်တည်း လွတ်ကျန်နေရစ်ခဲ့ပြီ”

ကျော်ဆွေက ထိုမျှသာ နီနီကြားအောင် ဘေးတီးပေးသည်။

တစ်ညနေတွင် သူတို့သည် တစ်ပါးကြီးနှင့် သောင်ဦး ချဉ်းကပ်လမ်းရှိ တောင်ကျချောင်းသို့ ရေချိုးလိုက်သွားကြသည်။ သောင်းဒန် တမင်ရှောင်၍ နေရစ်ခဲ့သည်။ အပြန်တွင် ကျော်ဆွေအား မျက်စပစ်၍ ဟန်ခဲ့ရဲ့လားဟု မေးသည်။

“နီနီ ရေထဲ ချော်ကျသွားတော့ မောင်မင်းကြီးသားက ဖမ်းဆွဲရမလို၊ ကြည့်နေရမလို လုပ်နေပြီး ယောင်အအ ငေးကြည့်နေတယ်ကွ၊ နောက်မှ ဖျတ်ခနဲ ဖမ်းဆွဲလိုက်တယ်၊ ငါတို့လဲ မမြင်ချင်ယောင် ဆောင်နေလိုက်တယ်၊ ဟန်ပါပြီကွ”

မြောက်ဘက်ကမ်းသို့ စက်များကို ရွှေ့ကြရသည်။ မြောက်ဘက်၌ သုံးခန်းတင်ရမည်ဖြစ်ရာ ဘေလီ သံပေါင်ကြီးများကို သုံးခန်းအပြည့်ဆင်ရသည်။ အားလုံးပြင်ဆင်မှုပြီးသည့်အခါ တောင်ဘက်ကမ်းတွင် တင်သည့် နည်းအတိုင်းပင် ရက်မများကို တင်ကြသည်။ ထိုရက်အတွင်း ဌာနချုပ်အဖွဲ့ ရောက်လာသည်။ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့လည်း ပါလာကြသည်။ တစ်ညအိပ်ကာ ပြန်သွားကြသည်။ အားလုံး ချောချောမောမော ပြီးဆုံးသွားပြီ။ ကွန်ကရစ်ခင်းရန်သာ ကျန်တော့သည်။

“ခုနေ ဘေလီပေါင်တင်ပြီး ယာယီတံတားအဖြစ် သုံးလို့တောင် ရနေပြီဗျား” ဟု ဗိုလ်မှူးက ဆိုသည်။

“ဟား မလုပ်ပါနဲ့ ဗိုလ်မှူးရာ၊ ပြီးခါနီးနေပြီဟာပဲ၊ အခင်းက မကြာပါဘူး”

ခင်ခင်၊ နော်ဖောလာ၊ နော်မူအေး၊ နမ်းခမ်းလုံတို့ ဝမ်းသာနေကြသည်။ မကြာမီ စင်ရော်တံတားမှ ခွဲကြရတော့မည်။ ယခုဆိုလျှင် လေးနှစ်တင်းတင်း ပြည့်ခဲ့ပြီ။ နော်ဖောလာသည် ရောက်ပြီး နောက်တစ်နှစ်၌ ကိုယ်ဝန်ပျက်သည်။ ယခု နောက်ထပ် ကိုယ်ဝန်ရှိလာပြီ။ နော်မူအေး၏ သားငယ် ဖိုးခွားပင် အခါ

လည်သား ရှိနေပြီ။

"ကဲ၊ ကျွန်တော်တော့ မနေနိုင်သေးဘူးဗျာ၊ တောင်လယ် စခန်းဘက် လှည့်လိုက်အုံးမယ်၊ တစ်နေ့က ရေတံခွန်စခန်းမှာ ဆယ်ယောက်လောက် ဖြတ်ဆင်းလာတယ် ကြားရတယ်၊ မုနိန်တို့၊ အကိုင်းတို့ဘက် ဆင်းသွားတယ် ကြားတာပဲ"

ဗိုလ်မှူး ခရီးထွက်သွားသည်။ သူနှင့်အတူ တပ်စုတစ်စုပါသွားသည်။ သည်ကြားထဲတွင် ရှစ်မိုင်သို့ နှစ်ခေါက် ရောက်လာသည်။ (၃၁၀) တပ်ရင်းမှ ဗိုလ်မြတ်ခိုင်၏ တပ်စုတစ်စုလည်း ရက်မ တင်နေသည့် ရက်အတွင်း ရောက်လာကာ ဥဩဘက် ချောင်းဖျားသို့ တက်သွားသည်။ ယခု တိုင်ပြန်မလာသေး။

အခင်း ကွန်ကရစ် လောင်းနေသည်မှာ သုံးခန်း ပြီးနေပြီ။ ယခု တိုင် ၃ နှင့် ၄ အကြား ဆက်၍လောင်းနေသည်။ သောင်းဒန်သည် တိုင် ၄ ညီနောင်ကို ဂရုစိုက်နေသည်။ အောက်ခြေ ခိုင်မှခိုင်ပါ့မည်လား။ ဘိလပ်မြေမှုတ်သွင်းထားသည်မှာ တင်သည့် အလေးနှင့် ခံနိုင်ရည်ရှိမည်လား။ သူ့စိတ်ကား တထင့်ထင့်။ သူတို့ သုံးယောက် ခေါင်းချင်းဆိုင်ကြသည်။ သော်ကောင်းကမူ စိတ်ချရပါသည်ဟု တွက်ပြသည်။ ထိုညက ၁၂ နာရီတွင်မှ အိပ်ကြရသည်။ ဗိုလ်မှူးနှင့် ရုံးအဖွဲ့မြောက်ဘက်ကမ်းသို့ ပြောင်းသွားပြီ ဖြစ်ရာ သောင်းဒန်နှင့် သော်ကောင်းတို့ နှစ်ယောက်သာ ဗိုလ်မှူးနေသည့် အိမ်ကလေး၌ ကျန်ရစ်ခဲ့ကြသည်။

"ခုတလော မျက်နှာစိမ်းတွေ ခဏခဏ တွေ့တယ်ကွ၊ တို့ ရက်မတင်တာ လာကြည့်သလိုလိုနဲ့ ရောယောင်ပါလာကြတာတွေများလား မသိဘူး"

သောင်းဒန်၏ စိတ်ထဲတွင် အဖျက်အဆီးကိုလည်း ထင့်နေသည်။

"မဟုတ်ပါဘူးကွာ၊ မင်း စိတ်ထင်လို့ပါ၊ စင်ရော်က လူတွေပါ၊ တချို့ ဥဩဘက်က ထင်ပါတယ်"

"ဗိုလ်မှူးကလဲ ဒီရက်မှ ထွက်သွားတယ်ကွာ၊ ငါ မတားလိုက်ရဘူး၊

မဟုတ်ဘူး သော်ကောင်း၊ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ ည ည တို့ အလုပ်သမား တွေ ကင်းစောင့်ရရင် ကောင်းမှာပဲ”

“မလိုပါဘူးကွာ၊ အစောင့်ရဲဘော်တွေ ရှိနေတာပဲ၊ တံတားမှာလဲ ညစောင့်ရှိသားပဲ၊ ကဲ အိပ်ကြမယ်ကွာ၊ မနက်စောစော ထရအုံးမှာ”

ကျော်ဆွေ သူ့အိမ်သို့ ပြန်သွားသည်။

ညသုံးနာရီခန့်တွင် ခပ်လှမ်းလှမ်းမှ သေနတ်သံ လေးငါးချက် ဆက်တိုက်ကြားရသည်။ သောင်းဒန် အိပ်ရာမှ ဝုန်းခနဲထကာ အိမ်အောက်သို့ ဆင်းသည်။ သော်ကောင်းလည်း နိုးလာပြီး သူ့နောက်မှ လိုက်လာသည်။

ချက်ချင်းပင် လှမင်း၊ စောသာအေးတို့ နိုးလာကြသည်။

“ဟေ့ကောင်ဘယ်လဲ”

“ငါ တံတားဆီသွားမလို့၊ ညက စိတ်မချဘူးပြောသားပဲကွ၊ ခု ငါ ထင်တဲ့အတိုင်းဖြစ်နေပြီ၊ တံတားပြီးခါနီးဖြစ်ဖြစ်၊ ပြီးပြီးချင်းဖြစ်ဖြစ် ဒီကောင် တွေ လာမယ်လို့ ထင်နေတာ”

“သေနတ်သံက မြောက်ဘက်ကမ်းကပါကွ”

စခန်းတစ်ခုလုံး သေနတ်သံကြောင့် နိုးလာသည်။ လှုပ်လှုပ်ရွရွဖြစ်လာသည်။ ကျော်ဆွေလည်း ပြေးဆင်းလာသည်။ အပြန်အလှန် ပစ်ခတ်သံများ ဆက်တိုက်ကြားရသည်။

“ဟေ့ မင်း မလိုက်ခဲ့နဲ့၊ နေခဲ့ နေခဲ့၊ ဖြူဖြူတို့ချည်းရယ်”

“ကိစ္စမရှိပါဘူးကွာ၊ သူတို့ အိမ်အောက် ဆင်းဝပ်နေကြတယ်”

ရဲဘော် ၁၀ ယောက်ခန့်နှင့် သောင်းဒန်တို့ တံတားဆီသို့ ပြေးဆင်း သွားသည်။ မြောက်ဘက်ကမ်း ကွမ်းသီးခြံစပ်ရှိ ကင်းပုန်းမှ ဘရင်းဂန်း ဆွဲသံ ကြားရသည်။ တံတားဘက်သို့ ကျည်ဆန်အချို့ ရောက်လာသည်။

လူပျိုဆောင်ဘက်မှ အသံများကို အတိုင်းသား ကြားနေရသည်။

“ဟေ့ကောင် သောင်းဒန်၊ ဟိုဘက်မကူးနဲ့ မကူးနဲ့” သော်ကောင်းက လှမ်း၍ အော်သည်။

သောင်းဒန်၏ အရိပ်မည်းမည်းသည် မားမားကြီးပေါ်နေသည်။ ရဲဘော်

များတံတားကို ဖြတ်ပြေးသွားကြသည်။ ထို့နောက်မှ သောင်းဒန် ပြေးလိုက်သည်။ တိုင် ၄ ညီနောင်ထိပ်တွင် အရှိန်တန့်သွားသည်။ တိုင် ၄ နှင့် မြောက်ဘက် ဘဲတောင်အကြား၌ ကွန်ကရစ် မလောင်းရသေး။ ထို့ကြောင့် ရဲဘော်များသည် ရက်မကြီးပေါ်မှ ခပ်ကုန်းကုန်းလျှောက်သွားကြသည်။ ရေထဲမကျအောင်လည်း ထိန်းသွားရသည်။ လက်ထဲတွင်လည်း သေနတ်များကိုင်ထားရသဖြင့် မြန်မြန် လျှောက်ဖို့မလွယ်လှ။ သောင်းဒန်ရှေ့မှ လူတစ်ယောက်ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရသည်။

"ဟေ့ ဘယ်သူလဲ"

"ကျွန်တော်ပါ ဆရာကြီး၊ ညွန့်ကြည်ပါ"

"ဝပ်တက်ကွ၊ ဝပ်တက်"

ထိုစဉ် ချောင်းအောက်ဘက်မှ သေနတ်သံတစ်ချက်ကြားရပြီး တံတားပေါင်ကို လာ၍မှန်သည်။ ချောင်းညာဘက် ရေဆိပ်မှ လှမ်း၍ပစ်သည့် သေနတ်သံဖြစ်သည်။ သောင်းဒန်သည် မြောက်ဘက် ဘဲတောင်ထိပ်အရောက်တွင် ဝုန်းခနဲ အလျားထိုးမှောက်လိုက်သည်တွင် ညာဘက်ခြေထောက်ဆီမှ ကျဉ်တက်လာသည်ကို ခံစားလိုက်ရသည်။ မှောက်နေရာမှထရန် ကြိုးစားသည့်အခါ ခြေထောက်ကို မသယ်နိုင်တော့သေနတ်သံများကား တော်တော်နှင့် မစဲ။ တောင်ဘက်ချောင်းထိပ်မှ ဘဲတောင်ကို အကာအကွယ်ယူကာ ရဲဘော်တစ်ယောက် ချောင်းထဲမှ သေနတ်သမားကို လှမ်း၍ကာဘိုင်နှင့် ပစ်သည်။ ချောင်းထဲမှ သေနတ်သံ ရပ်သွားသည်။ သို့နှင့် အပြန်အလှန် နာရီဝက်ခန့် ပစ်ခတ်ကြပြီးနောက် ငြိမ်သွားသည်။

"သောင်းဒန်၊ သောင်းဒန်"

သော်ကောင်းနှင့် ကျော်ဆွေတို့၏ အသံကို ကြားရသည်။ ပြန်၍ မထူးနိုင်၊ ခဏနေမှ အားယူကာ "ငါ ဒီမှာဟေ့" ဟု ခပ်အုပ်အုပ်အော်၍ပြောလိုက်သည်။ သူတို့နှစ်ယောက် အနားသို့ရောက်လာသည့်အခါ သောင်းဒန်က –

"ငါ့ ထိသွားပြီ"

"ဘယ်မှာ ထိတာလဲဟင်"

"ခြေထောက်မှာ၊ ညာဘက် ခြေသလုံးလို့ ထင်တာပဲ"

သောင်းဒန်ကို ပွေ့၍ ခေါ်ခဲ့ကြရသည်။ ရုံးထိပ်ရောက်လျှင် ရုံးဆီသို့သာ သောင်းဒန်က လက်ညှိုးထိုးပြသည်။ ဆေးခန်းအထိ သူ မလိုက်နိုင်။ ရုံးထဲမှာပဲ ထားပါဟု ပြောသည်။

ရုံးခန်း ဝရန်တာ၌ သူ့ကို ချလိုက်သည်။ စောသာအေး၊ လှမင်း၊ အောင်ကြီး အားလုံး ဝိုင်းလာကြသည်။

"ညွှန့်ကြည်လဲ ပေါင် မှန်တယ်"

"ဟုတ်လား၊ တောက် ခြေထောက်က နာတယ်ကွာ၊ အင်း . . . အင်း"

တစ်ချက်ညည်းကာ သောင်းဒန် မေ့ခနဲ ပျော့ကျသွားသည်။

ထိုအခါ အားလုံး ပျာပျာသလဲဖြစ်ကာ နော်ဖောလာကို ပြေး၍ ခေါ်ကြသည်။ နော်ဖောလာရောက်လာပြီး ဆေးတစ်လုံး ထိုးပေးသည်။ ချက်ချင်းပင် ညွှန့်ကြည်ကို သန်းမောင်နှင့် ခင်မောင်စိန်တို့ ပွေ့ယူလာကြသည်။ ညွှန့်ကြည်လည်း သတိမရ။

သောင်းဒန်၏ ခြေသလုံးတွင် ရှပ်၍ မှန်သည်။ ညွှန့်ကြည်လောက် ဒဏ်ရာမပြင်း။ သို့သော်လည်း ဘဲတောင်ထိပ်၌ အလျားထိုး မှောက်လိုက်သည့်အခါ ရက်မစောင်းပေါ်သို့ကျကာ ခြေသလုံးရိုးကျိုးသွားသည်။

သူတို့ နှစ်ယောက်ကို စင်ရော် ဆေးရုံသို့ နောက်တစ်နေ့မနက်တွင် ပို့လိုက်ကြသည်။ နှစ်ယောက်စလုံး စိုးရိမ်စရာမရှိ။ ညွှန့်ကြည်၏ပေါင်ကိုခွဲ၍ ကျည်ဆန်ထုတ်ယူရသည်။ သောင်းဒန်၏ဒဏ်ရာပျောက်သွားပြီ။ သို့သော်လည်း အရိုးတစ်ချောင်းကျိုးသွားသဖြင့် ပလတ်စတာကိုင်ထားရသည်။

သူပုန်များ ဆယ့်ငါးယောက်ခန့်ဟု သိရသည်။ တံတားဖျက်ချင်၍လား၊ စခန်းကို တိုက်ချင်၍လား အတိအကျ မသိရ။ ကွမ်းသီးခြံစပ်၌ မည်းမည်းမြင်သဖြင့် ကင်းမှ အော်မေးစဉ် မဖြေ၍ လှမ်းပစ်ရာမှ စသည်ဟုသိရသည်။ တံတားဆီသို့ ကုန်း၍သွားနေသော သုံးယောက်သည် သေနတ်သံကြောင့် ကွမ်းသီးခြံထဲသို့ ပြေးဝင်ကာ တစ်ယောက်က ချောင်းထဲသို့ဆင်းသည်။

ချောင်းစပ်သစ်ပင်ခြေတစ်ခုကို အကာအကွယ်ယူကာ တံတားပေါ်သို့ လှမ်း၍ ပစ်သည်။

စင်ရော် ဆေးရုံသို့ သော်ကောင်းနှင့် ကျော်ဆွေတို့ ညနေတိုင်းလာ၍ မေးသည်။ မြင့်မြင့်သန်းလည်း ရန်ကုန်မှ လိုက်လာသည်။ ထိုအခါ သောင်းဒန် အားရှိသွားသည်။ ကျော်ဆွေနှင့်အတူ ဖြူဖြူနှင့် နီနီတို့ပါလာသည်။

"ကိုကျော်ဆွေကြီး မင်္ဂလာဆောင်သွားတုန်းက အိမ်ကိုတောင် ဝင်မသွားဘူး၊ ဘာလဲ၊ စမှာ ကြောက်လို့လား" မြင့်မြင့်သန်းက ရန်ထောင်သည်။ ကျော်ဆွေ ပြုံးဖြဲဖြဲနှင့် ကြည့်နေသည်။

တစ်ညနေတွင် သော်ကောင်းနှင့် နီနီတို့ နှစ်ယောက်တည်း ဆေးရုံသို့ လိုက်လာကြသည်။ ထိုရှုခင်းကို မြင်ရသည့်အခါ သောင်းဒန် ဝမ်းသာသွားသည်။ နီနီကား သော်ကောင်းအပေါ် သံယောဇဉ် အတွယ်ကြီးတွယ်မိနေလေပြီ။ သို့သော် သူတို့ တစ်ယောက်ကိုတစ်ယောက် မဖွင့်ဟကြသေး။

"ငါ ဒီမှာ ကြာကြာနေလို့ မဖြစ်ပါဘူးကွာ၊ စခန်းကို ပြန်မှပါ၊ ငါ့ဆီလာမေးကြတာ ဆေးရုံတစ်ခုလုံး ပြည့်နေပြီ၊ ညွှန့်ကြည်လဲ သက်သာပြီဟာ၊ တို့ ပြန်ကြတာပေ့ါ၊ စခန်းမှာပဲ အနားယူနေကြမယ်၊ အခုဟာက ငါ့ကို လူမမာကြီး လုပ်နေကြတာကိုးကွ၊ ကျည်ဆန်က ရှပ်မှန်တာပါကွာ၊ ရက်မနဲ့ ရိုက်မိလို့ အရိုးလေးတစ်ချောင်း ကျိုးသွားတာပါ"

ဗွတ်အတင်းပြောကာ သောင်းဒန် ဆေးရုံမှ ဆင်းလာသည်။ သူ့ကို ကမ်းထိပ်ရှိ တဲကလေးတွင်ထားပါဟုဆိုသည်။ ဆေးရုံတွင်ရှိစဉ်က အောင်ကြီးကိုခေါ်ကာ ဆရာဝန်၏ ညွှန်ကြားချက်ယူ၍ ချိုင်းထောက်တစ်စုံ လုပ်ခိုင်းသည်။

စခန်းပြန်ရောက်ပြီးနောက် နှစ်ပတ်ခန့်ရှိလျှင် သောင်းဒန်သည် ချိုင်းထောက်ကြီးနှင့် တံတားလက်ရန်းများ လုပ်နေသည်ကို လာ၍ကြည့်သည်။

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်လဲ ဒီရက်ကျမှ တောင်လယ်စခန်းထွက်သွားမိတယ်၊ မုနိန်တို့ အကိုင်းတို့အထိ ဆက်လိုက်နေရတယ်ဗျ၊ စိတ်မကောင်းလိုက်တာဗျာ"

ဗိုလ်မှူးကိုကိုကြီး တောက်တခေါက်ခေါက်နှင့် ညည်းနေသည်။

"ဒီတစ်ခါ ဆရာပဲဗျို့၊ ဒီတံတားမှာတော့ ကျွန်တော်တို့ စခန်းချရတော့မှာပဲ၊ ဦးသောင်းဒန်တို့ ပြန်သွားရင် ကျွန်တော်တို့တပ် ပြောင်းလာမှဖြစ်မယ်၊ ဒီကောင်တွေ တံတားကို မိုင်းခွဲမလို့ဗျ"

မြင့်မြင့်သန်း နှစ်ပတ်ခန့်နေကာ ရန်ကုန်သို့ ပြန်သွားသည်။ ကြာကြာမနေနိုင်။ သော်ကောင်းကား စိမ့်မြိုင်သို့ မပြန်နိုင်တော့။ သောင်းဒန်အစားလက်စသတ် လုပ်ငန်းကို ဦးစီးနေရသည်။ သူနှင့်အတူ နီနီကို အမြဲတွေ့ရတတ်သည်။

"ကျွန်တော်တို့ လူပျိုကြီး ခုမှ ကြည့်ရတာ သိပ်ကျက်သရေရှိတာပဲဗျ"

လှမင်း က ကျီစယ်သည်။

"ကိုကျော်ဆွေတို့ လုပ်လိုက်ရင် ပိုင်ပါတယ်ကွာ" ဟု သောင်းဒန်က ချီးကျူးသည်။ ဦးခင်၊ လှတင်၊ ကြာညွန့်တို့ အိပ်ရာလိပ်ရန် ဟန်တပြင်ပြင်ဖြစ်နေကြသည်။

"ညွန့်ကြည် ရောက်စ အစည်းအဝေးမှာတုန်းကပြောတာ သတိရတယ် ကိုလှမင်း၊ ကျွန်တော်တို့ဟာ ဒီတံတားကို ကျွန်တော်တို့ ချွေးနဲ့ရင်းပြီး သွေးနဲ့ရင်းပြီး ဆောက်ကြမဲ့ အလုပ်သမားတွေပါတဲ့၊ ခုတော့ သူ့စကားအတိုင်း မှန်နေပြီ ဆရာကြီး"

သောင်းဒန်သည် ညွန့်ကြည်၏ စကားများကို အမှတ်ရလာသည်။ သူ့ဟန် အမူအရာတို့ကိုလည်း သတိရလာသည်။ တော်ပါသေး၏။ ညွန့်ကြည် အသက်မသေ။ သို့သော် ပေါင်တွင်ရသည့်ဒဏ်ရာကို စင်ရော်ဆေးရုံ၌ တစ်လခွဲခန့်တက်၍ ကုရသည်။

"ညွန့်ကြည်တင်လားကွ၊ တယ်လူး တစ်ယောက် ဒီတံတားအခြေမှာ ရေနစ် သေရသေးတယ်၊ တို့ အလုပ်သမားထဲက တစ်ယောက်ကို စတေးလိုက်ရတာပေါ့ကွာ"

"ကျွန်တော်တို့လဲ ဒီတံတားပြီးရင်တော့ ဒီကောင်တွေဖျက်ဖို့ ကြိုးစား

မှာပဲလို့ ထင်နေတယ် ဆရာကြီး၊ ဒါပေမဲ့ အခုလို မပြီးခင်လာလိမ့်အုံးမယ် မထင်ဘူး၊ ခုတော့ စခန်းမှာ အစောင့်အကြပ်နည်းနေတာကို သူတို့ သိသွားတယ်ထင်တယ် ဆရာကြီး၊ ဘာပဲဖြစ်ဖြစ် ဒီတံတား အပျက်မခံနိုင်ဘူး၊ ကျွန်တော်တို့ ဘယ်လောက်ခက်ခက်ခဲခဲ တည်ဆောက်ထားခဲ့ရသလဲ၊ အလုပ်သမားတွေကလဲ အရင်က ပေါ့ပေါ့တွေးခဲ့တာ ခုမှ အရေးကြီးမှန်းနားလည်လာကြတယ် ဆရာကြီး"

ဟုတ်သည်။ အလုပ်သမားများသည် တံတားပေါ်တွင် ရက်မကြီးများ တင်ပြီးကတည်းက အားအတက်ကြီး တက်လာခဲ့ကြသည်။ သူတို့၏ တည်ဆောက်မှု အကောင်အထည်ပေါ်လာသည်ကို မြင်လာရသည့်အခါ တံတားအပေါ် ပို၍သံယောဇဉ် ကြီးလာကြသည်။

"အခု ကျွန်တော်တို့ ကင်းစောင့်မယ် ဆရာကြီး၊ မပြီးမချင်း ကင်းစောင့်ကြမယ်၊ အဖွဲ့တွေ ဖွဲ့ပြီးထားကြပြီ" လှမင်းက စိတ်အားထက်သန်စွာပြောသည်။

ထိုအခါမှစ၍ ညတိုင်းပင် တံတား၌ အလှည့်ကျကင်းစောင့်ကြသည်။ သူတို့ရင်ထဲ၌ တံတားကြီး အဖျက်ခံရမည်ကို စိုးရိမ်နေကြသည်။ အဖျက်မခံနိုင်။ အသက်ပေး၍ပင် ကာကွယ်ရစေ၊ ကာကွယ်မည်ဟူ၍ သန္နိဋ္ဌာန်ချထားကြသည်။

သို့နှင့် ရာသီဥတုသာယာသော နံနက်ခင်းတစ်ခုတွင် စင်ရော်တံတားကို အခမ်းအနားဖြင့် ဖွင့်လိုက်ကြလေသည်။

တံတားဖွင့်ပွဲသို့ ကျော်လော့စကီးနှင့် သူ့အဖွဲ့၊ ဦးဝင်းနိုင်နှင့် သူ့အဖွဲ့တို့လည်း ရောက်လာကြသည်။ တင်ထွန်းမိန်းမ မြိုင်လည်း လိုက်လာသည်။ စိမ့်မြိုင် ဘီအီးတပ်၌ ရောက်နေသော ဘောသမား ချစ်ဆွေနှင့် ဆရာမလေး မမြသွေးတို့လည်း ရောက်လာကြသည်။

"တံတား ဖွင့်တော့မယ်ဆိုတော့ ကျွန်မတို့လင်မယား စင်ရော်ကို လာချင်လိုက်တာ ရှူနေတာပဲ၊ ကိုချစ်ဆွေက အလုပ်များနေတယ်၊ ဒါပေမဲ့ ဗိုလ်ကြီးကို အတင်းတွယ်ကပ်ပြီး လိုက်လာတယ်၊ ကိုချစ်ဆွေက ဒီတံတား

မှာ သူ့လုပ်အားလဲ ပါတယ်၊ သူ လိုက်မှဖြစ်မယ်၊ သူ သွားမှဖြစ်မယ်နဲ့ နေ့ရှိသရွေ့ ပြောနေတာပဲ” ဟု မမြသွေးက သောင်းဒန်အား ပြောသည်။

မြိုင်ကမူ “ကျွန်မ မလာဘဲ မနေနိုင်ဘူး ဦးလှမင်း၊ ကျွန်မ မျက်စိအောက်မှာ တိုင်ကြီးတွေ တက်လာ၊ ကျွန်မ မျက်စိအောက်မှာ ရက်မကြီးတွေ တင်၊ ကျွန်မ မျက်စိအောက်မှာပဲ ကိုတင်ထွန်းတို့ နေ့တိုင်း လှုပ်လှုပ်ရွရွနဲ့ လုပ်နေကြတာတွေ ကျွန်မမျက်စိထဲက ဖျောက်လို့မရဘူး၊ လှလိုက်တာ ဆရာရယ်၊ ကျက်သရေ ရှိလိုက်တာ၊ စမ်းချောင်းထိပ်လောက်ကပဲ အင်ကြင်းတောင်ကုန်းနောက်ခံမှာ တံတားဖြူဖြူဖွေးဖွေးကြီးကိုလှမ်းမြင်ရတော့ ကျွန်မဖြင့် ပီတိဖြစ်လွန်းလို့ မျက်ရည်တောင် လည်လာတယ်၊ တံတားထိပ်ရောက်တော့ ကားပေါ်က ပြေးဆင်းပြီး တံတားထိပ်ကို ပြေးလာ၊ တံတားပေါ်ဖြတ်လျှောက်၊ အထုပ်အပိုးတောင် မဆွဲခဲ့နိုင်ဘူး၊ ခြေတစ်လှမ်း ကျတိုင်းကျတိုင်း ကျွန်မရင်ထဲမှာ စိမ့်စိမ့်တက်လာပြီး ကြက်သီးတွေ ထလာတယ် ဆရာ” ဟု မျက်ရည်လေးစမ်းစမ်းနှင့် ပြောသည်။

တံတားကိုဖွင့်သူမှာ ညွန့်ကြည်ဖြစ်သည်။ ချိုင်းထောက်ကြီးနှင့် ထော့နဲ့ထော့နဲ့ လျှောက်လာကာ ဖဲကြိုးကို ဖြတ်လိုက်သည်။ တိုင်းမှူးက “သောင်ဦးလမ်းကြီး ပေါက်သွားပြီဗျို့” ဟု ဟစ်ကြွေးကာ ပထမဆုံးဖြတ်၍ လျှောက်သည်။ သူ့နောက်မှ ကလသဖကားတန်းကြီးသည် ဆန်အိတ်များကို တင်ကာ သောင်ဦးဆီသို့ မောင်းနှင်သွားကြလေသည်။

ထိုနေ့ညနေတွင် တံတားတစ်ခုလုံးကို မီးထွန်းကြသည်။ တည်ငြိမ်သော စင်ရော်ချောင်းရေပြင်တွင် စင်ရော်တံတား၏ အရိပ်ထင်နေသည်။ ကျက်သရေရှိလှပါဘိတကား။ ထိုတံတားရိပ်သည် စင်ရော်ချောင်းရေပြင်၌ အစွန့်ရှည်စွာ တည်နေတော့မည်။

စခန်းတစ်ခုလုံး လမ်းမီးရောင်စုံ ထိန်ထိန်လင်းနေသည်။ အင်ကြင်းတောင် စေတီ၌ မီးလုံးများ သွယ်တန်းပူဇော်ကြသည်။

“လာဗျို့၊ တောင်ပေါ်တက် ကြည့်ကြမယ်” ဗိုလ်မှူး ကိုကိုကြီးက ဂျော်လော့စကီးနှင့် သော်ကောင်းတို့ကို ခေါ်သည်။

"ကျွန်တော်တို့လဲ လိုက်မှာပေါ့ ဗိုလ်မှူး"

သောင်းဒန်၊ ကျော်ဆွေ၊ ဖြူဖြူနှင့် နီနီတို့ပါ တောင်ကုန်းဆီသို့ တက်ကြသည်။

"အင်း၀၊ ဂုတ်ထိပ်၊ စစ်တောင်း၊ စင်ရော် တံတားတို့သည် တို့ဆောက်ခဲ့သည်"

သောင်းဒန်သည် သီချင်းတွင် စင်ရော်တံတားကို ထည့်၍ဆိုရင်း တောင်ပေါ်သို့ တက်သည်။ မီးရောင်စုံ ထိန်ညီးနေသော တံတားကို ကြည့်လိုက်၊ တစ်လှမ်းချင်းတက်လိုက်နှင့် နောက်ဆုံးမှ တောင်ပေါ်သို့ ရောက်သွားသည်။ သူ တောင်ပေါ်သို့ ရောက်သည့်အခါ စင်ရော် ချဉ်းကပ်လမ်းဆီမှ ကားတန်းကြီးတစ်ခုသည် မီးမောင်းကြီးများထိုးကာ တံတားဆီသို့ မောင်းနှင်လာကြသည်။ အင်ကြင်းစေတီရင်းတွင် သော်ကောင်းနှင့် နီနီတို့နှစ်ယောက် ရှိခိုးကာ ဆုတောင်းနေကြသည်။

ထိုရှုခင်းသည်လည်း ကျက်သရေရှိသောရှုခင်းပင် ဖြစ်ပါသည်။ သည့်ထက် ကြည်နူးစရာကောင်းသည့်ရှုခင်းကား မီးရောင်စုံလက်နေသော စင်ရော်တံတားကို ကားတန်းကြီးများဖြတ်သည့်ရှုခင်းပင် ဖြစ်လေသည်။

တံတားတွေ ထပ်ပြီးဆောက်ရမယ်။ တောင်တွေ့ရင် တို့လမ်းဖောက်မယ်။ ချောင်းတွေ့ရင် တို့ တံတားဆောက်မယ်။

ခရီးသွားတစ်ယောက်သည် သူ့ရှေ့တူရူတွင်ရှိသော လမ်းတစ်ခုပေါ်၌ တစ်လှမ်းချင်း လျှောက်နေပါသည်။ သူ့တွင် အားအင်တို့လည်း ကုန်ခန်းစပြုနေပြီ။ သူ့ခန္ဓာကိုယ်သည် အတည်အငြိမ် မရှိ။ ယိမ်းလိုက် ယိုင်လိုက် ဖြစ်နေပါသည်။ တစ်ခါတစ်ရံ ထော့နဲ့ထော့နဲ့ ဖြစ်နေပါသည်။ သူ့စိတ်ထဲ၌ တစ်ခုတည်းသောအတွေးသာ ရှိပါသည်။ ယင်းမှာ ဤလမ်းသည် ရှည်လျားလှပါတကား။ လမ်းဆုံးသို့ သူ ရောက်ပါသည်။ ထိုအခါ၌ သူ့တွင် အားအင်မရှိတော့ပါ။ သူ့မျက်လုံးများသည် အရောင်မလက်တော့ပါ။ ဤလမ်းကို သူလျှောက်ခဲ့ရသည်မှာ သူ့ရှေ့တူရူ၌ ဤလမ်းရှိနေသောကြောင့်သာ ဖြစ်ပါသည်။ သို့သော်ငြားလည်း သူလျှောက်သောလမ်းသည် သူ့ကို ဘယ်ပန်းတိုင်

သို့မှု မပို့။

သို့သော် . . .

သူနှင့် မတူသည့် ခရီးသွားတို့ ရှိကြပါသည်။ ထိုခရီးသွားတို့သည် သူတို့ လျှောက်သည့် လမ်းခရီးကို ပိုင်ပိုင်နိုင်နိုင် သိသောသူများ ဖြစ်ကြပါသည်။ မိုးကြီး မုန်တိုင်းထန်သည်ဖြစ်စေ၊ နေဆယ်စင်းမက ပူသည်ဖြစ်စေ သူတို့ အရေးမထားပါ။ သူတို့သည် လမ်းတွင်တွေ့သည့် တောကိုနင်းပါသည်။ တောင်ကိုကျော်ပါသည်။ တစ်ခါတစ်ရံ သူတို့ကိုယ်တိုင်ဆောက်သည့်တံတားကို ဖြတ်ပါသည်။

သူတို့သည်လည်း ခရီးကြမ်းကို သွားရသဖြင့် အားအင်ကုန်ခန်းပါသည်။ အနာတရ ဖြစ်ကြရပါသည်။ ယိုင်သည့်အခါ ယိုင်သည်။ မြေသို့ ဗုန်းဗုန်းလဲသည့်အခါ လဲပါသည်။ သို့သော် သူတို့၏အပြုံးများကို နေမင်းကြီးက အသိအမှတ်ပြုပါသည်။ သူတို့၏ မျက်ရည်များကို လေနတ်သားက ခန်းခြောက်စေပါသည်။

သို့ရာတွင် ထိုခရီးသွားတို့သည် ပန်းတိုင်ဘယ်မှာရှိသည်ကို သိကြပါသည်။ ဘာကြောင့် ထိုခရီးကြမ်းကို လျှောက်ကြရသည်ကိုလည်း နားလည်ကြပါသည်။ ထိုခရီးကိုလျှောက်ရင်း သူတို့၌ အတွေ့အကြုံ ကြွယ်ဝလာပါသည်။ အမြင်ကျယ်လာပါသည်။ ဘဝအသိ တိုးလာပါသည်။

ကျွန်တော်သည် ပန်းတိုင်ကိုသိသည့် ဒုတိယခရီးသွားမျိုးနှင့် ခရီးအတူသွားချင်ပါသည်။ ။

**ကျော်အောင်**

## မြဝတီစာပေတိုက်မှထုတ်ဝေပြီးသော
## သုတ/ရသ လုံးချင်းစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၁။ | ထွန်းဦးတင် | သံတမန်တစ်ဦး၏မှတ်တမ်း | ၂၀၀၉ |
| ၂။ | အိမ့်ချမ်းမြေ့ | လမင်းရှိုက်သံ | ၂၀၀၉ |
| ၃။ | ဒေါက်တာ ထီလာစစ်သူ | သူရဲကောင်းတို့တိုင်းပြည် | ၂၀၁၁ |
| ၄။ | ကေကေ (မဟာဝိဇ္ဇာ) | မဟာစစ်ခေါင်းဆောင်ကြီးများ | ၂၀၁၁ |
| ၅။ | ဒေါက်တာ မတင်ဝင်း | ကျေးဇူးတင်ပါတယ်ဖေဖေ ဆောင်းပါးပေါင်းချုပ် | ၂၀၁၁ |
| ၆။ | မောင်ဆုရှင် | ၂၁–ရာစုလူမှုဝေါဟာရများ | ၂၀၁၁ |
| ၇။ | ဦးကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ–၁ | ၂၀၁၁ |
| ၈။ | ရဲမာန်ခ | ၄က်မျိုးစုံလင် ဤကမ္ဘာတစ်ခွင် | ၂၀၁၁ |
| ၉။ | ပိုင်းလော့ ဆရာတော် | သတ္တလောကဖန်ဆင်းရှင် | ၂၀၁၁ |
| ၁၀။ | ဦးကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ–၂ | ၂၀၁၂ |
| ၁၁။ | မင်းယုဝေ | အနော်ရထာနှင့်တို့ဘိုးဘွားများ | ၂၀၁၂ |
| ၁၂။ | နိုင်ပန်းလှ | ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း | ၂၀၁၂ |
| ၁၃။ | စစ်နွေ | တာဝန်ကျေခဲ့ပါသည်(၃/၄) | ၂၀၁၂ |
| ၁၄။ | ပီကျော်ဟန် | တော်လှန်ရေးကောင်စီခေတ် (၁၉၆၂–၇၄)နှင့် ကျွန်တော် | ၂၀၁၂ |
| ၁၅။ | ကျော်ကျော်သန်း | တပ်မတော်နှင့်စည်းကမ်း | ၂၀၁၂ |
| ၁၆။ | ဦးကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ–၃ | ၂၀၁၃ |
| ၁၇။ | | ဗိုလ်ချုပ်မိန့်ခွန်းများ | ၂၀၁၃ |

**မြဝတီစာပေတိုက်**

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၁၈။ | ကိုချိုစံ | စစ်နှလုံးသားဝတ္ထုတိုပေါင်းချုပ် | ၂၀၁၃ |
| ၁၉။ | ရဲဘော်သစ်မောင် | ပြည်တွင်းသောင်းကျန်းမှုသမိုင်း(ပထမတွဲ) | ၂၀၁၃ |
| ၂၀။ | ရဲဘော်သစ်မောင် | ပြည်တွင်းသောင်းကျန်းမှုသမိုင်း(ဒုတိယတွဲ) | ၂၀၁၃ |
| ၂၁။ | ရဲဘော်သစ်မောင် | ပြည်တွင်းသောင်းကျန်းမှုသမိုင်း(တတိယတွဲ) | ၂၀၁၃ |
| ၂၂။ | ဗိုလ်မှူးချုပ် မြင့်ကိုကို | ခေါင်းဆောင်မှု | ၂၀၁၃ |
| ၂၃။ | | The Future of War | ၂၀၁၃ |
| ၂၄။ | ရဲဘော်သစ်မောင် | ပြည်တွင်းသောင်းကျန်းမှုသမိုင်း(စတုတ္ထတွဲ) | ၂၀၁၄ |
| ၂၅။ | ရဲဘော်သစ်မောင် | ပြည်တွင်းသောင်းကျန်းမှုသမိုင်း(ပဥ္စမတွဲ) | ၂၀၁၄ |
| ၂၆။ | ရဲခေါင်ကျော်စွာ | ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြသည်ဆိုရာဝယ် (ပထမတွဲ) | ၂၀၁၄ |
| ၂၇။ | ရဲခေါင်ကျော်စွာ | ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြသည်ဆိုရာဝယ်(ဒုတိယတွဲ) | ၂၀၁၄ |
| ၂၈။ | စည်သူအောင်နှင့် မောင်မှတ် | ရွှေပြည်တော်မျှော်မဝေးပြီမို့ (ဒုတိယအကြိမ်) | ၂၀၁၄ |
| ၂၉။ | ဒေါက်တာ သန့်စင်(ရူပဗေဒ) | သိမှတ်ဖွယ်ရာသုတအဖြာဖြာ | ၂၀၁၅ |
| ၃၀။ | ဒေါက်တာမျိုးသန့် | ဆိုက်ဘာစစ်ဆင်ရေး | ၂၀၁၅ |
| ၃၁။ | ဗိုလ်ကြီးဘသောင်း | နန္ဒီသေနပျို့နှင့် နန္ဒီသေနပျို့ဖွင့်ဆိုချက် | ၂၀၁၅ |
| ၃၂။ | | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် CNA သတင်းဌာနတွေ့ဆုံခြင်း | ၂၀၁၅ |
| ၃၃။ | ဗိုလ်ကြီးဘသောင်း | သေနင်္ဗျူဟာစစ်သမိုင်း | ၂၀၁၅ |
| ၃၄။ | မေမြို့မိုးကြည် | သေနင်္ဗျူဟာမြန်မာ့စစ်ပညာ | ၂၀၁၅ |
| ၃၅။ | နတ်မောက် | ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စု | ၂၀၁၅ |
| ၃၆။ | နတ်မောက် ဘုန်းကျော် | အင်္ဂလိပ်–မြန်မာစစ်သမိုင်း | ၂၀၁၅ |

**မြဝတီစာပေတိုက်**

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၃၇။ | | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ပသတင်းဌာနများတွေ့ဆုံခြင်း | ၂၀၁၅ |
| ၃၈။ | ဦးကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ–၄ | ၂၀၁၆ |
| ၃၉။ | သိပ္ပံမှူးတင် | ဆောင်းပါးပေါင်းချုပ် | ၂၀၁၆ |
| ၄၀။ | သိန်းစိန်ထွန်း | စီးဆင်းနေသောဧရာဝတီ(ရိုးရိုး) | ၂၀၁၆ |
| ၄၁။ | သိန်းစိန်ထွန်း | စီးဆင်းနေသောဧရာဝတီ(ခန့်ချုပ်) | ၂၀၁၆ |
| ၄၂။ | တင်ထွန်းဦး (ယဉ်ကျေးမှု) | ဗဟုသုတစာပြတင်းမှ ထုံသင်းရနံ့ ပျံ့လွင့်ချီ | ၂၀၁၆ |
| ၄၃။ | ဂျိမ်းစ်လှကျော် | မောင်ရင်မောင်မမယ်မ | ၂၀၁၆ |
| ၄၄။ | | ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများ | ၂၀၁၆ |
| ၄၅။ | ဝေလွင်မောင် | သိက္ခာအပြုံး | ၂၀၁၆ |
| ၄၆။ | | Characteristics of Federalism Enshrined in the Constitution (2008) of the Republic of the Union of Myanmar | ၂၀၁၆ |
| ၄၇။ | ဗိုလ်မှူးချုပ် မြင့်ကိုကို (ငြိမ်း) | ခေါင်းဆောင်နှင့်ခေါင်းဆောင်မှု၏ အရည်အချင်းအသိပညာ ဗဟုသုတလုပ်ကိုင်နိုင်စွမ်းရည်များ | ၂၀၁၆ |
| ၄၈။ | စစ်နွေ | တာဝန်ကျေခဲ့ပါသည် အပိုင်း(၅) | ၂၀၁၇ |
| ၄၉။ | မင်းကျော် | လျှပ်တစ်ပြက် ဂျပန် | ၂၀၁၇ |
| ၅၀။ | ခင်ဇော် | တိုယိုဒါမှ တိုယိုတာသို့ | ၂၀၁၇ |
| ၅၁။ | ဝမ်းထက်မိုး (ဖိန့်–အောင်လံ) | စွန့်လွှတ်ခြင်းအသချေ | ၂၀၁၇ |
| ၅၂။ | ဦးကိုကိုလှိုင် | ရခိုင်ပြည်နယ်အရေးဆွေးနွေးပွဲစကားဝိုင်း | ၂၀၁၇ |
| ၅၃။ | အမ်းသျှမ်း (သျှိသျှားမြေ) | စစ်သည်ဝန်ထမ်းလုပ်ငန်းအဖြာဖြာ | ၂၀၁၇ |
| ၅၄။ | အမ်းသျှမ်း (သျှိသျှားမြေ) | အရိုးစလေးတစ်ခုနှင့် စစ်ဝတ္ထုတိုပေါင်းချုပ် | ၂၀၁၇ |

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၅၅။ | ဇယျသုရ် | ချိုးဖြူမဥဒါန်း | ၂၀၁၇ |
| ၅၆။ | ခင်လယ်လယ်ချစ် (မြန်/ဂုဏ်) | စစ်သွေးနှင့်ရေးဖွဲ့ထားသည့် နှလုံးသားပုံရိပ်များ | ၂၀၁၇ |
| ၅၇။ | ဦးကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ–၅ | ၂၀၁၇ |
| ၅၈။ | စစ်နွေ | တာဝန်ကျေခဲ့ပါသည် အပိုင်း(၅) (ဒုတိယအကြိမ်) | ၂၀၁၇ |
| ၅၉။ | မောင်မောင်လွင် (ရွှေဘိုသား)နှင့် ကိုမြင့်(အညာသား) | မမေ့နိုင်ပါဂျာမိုင်နှင့် သစ္စာလေးချက် ထမ်းရွက်ကာလျှင် | ၂၀၁၇ |
| ၆၀။ | စည်သူအောင်နှင့် မောင်မှတ် | ရွှေပြည်တော်မျှော်မဝေးပြီမို့ (တတိယအကြိမ်) | ၂၀၁၇ |
| ၆၁။ | | တပ်မတော်သမိုင်းအတွဲ(၁) | ၂၀၁၈ |
| ၆၂။ | ညီမြန်မာ | အမေရိကန်သမ္မတများနှင့် အမေရိကန် အမျိုးသားလုံခြုံရေး မဟာဗျူဟာအပြောင်းအလဲများ | ၂၀၁၈ |
| ၆၃။ | | တပ်မတော်သမိုင်းအတွဲ (၂) | ၂၀၁၈ |
| ၆၄။ | ဒုတိယ ဗိုလ်မှူးကြီး သန်းအေး(ငြိမ်း) | ဆွန်ဇု၊ သို့မဟုတ် ဆွန်ဇီ၏စစ်ပညာကျမ်း | ၂၀၁၈ |
| ၆၅။ | ဦးဘခင် | အရိယသစ္စာကျမ်း | ၂၀၁၈ |
| ၆၆။ | ဇကရာဇ် | ကဗျာစပ်ချင်အတတ်သင် | ၂၀၁၈ |
| ၆၇။ | | တပ်မတော်သမိုင်းအတွဲ (၃) | ၂၀၁၈ |
| ၆၈။ | ဗိုလ်မှူးကြီး (ဟောင်း)တင်မောင် | မုန်တိုင်းလွန်သော် | ၂၀၁၈ |
| ၆၉။ | ဗိုလ်မှူးကြီး (ဟောင်း)တင်မောင် | တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန် | ၂၀၁၈ |

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၇၀။ | သေနင်္ဂအဖွဲ့ | အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်၏အနာဂတ် ဆွေးနွေးပွဲ | ၂၀၁၈ |
| ၇၁။ | ကလောင်စုံ | မြတ်နိုးထိန်းသိမ်းဖွယ်ရာ မြန်မာကဗျာဆောင်းပါးပေါင်းချုပ် | ၂၀၁၈ |
| ၇၂။ | မျိုးမြင့်အောင် | အရာရှိများအတွက် တာဝန်ချိန်နှင့် တာဝန်ချိန်ပြင်ပတွင် ကျင့်သုံးအပ်သော လောကနီတိများ | ၂၀၁၉ |
| ၇၃။ | မြင့်ဆွေ (မျက်စိအတု) | ကရုဏာဒေါသနှင့်ဆောင်းပါးများ | ၂၀၁၉ |
| ၇၄။ | သန်းအေး | ကန့်သတ်မဲ့စစ် | ၂၀၁၉ |
| ၇၅။ | ဒေါက်တာချစ် | လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ | ၂၀၁၉ |
| ၇၆။ | ကိုကိုလှိုင် | ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ –၆ | ၂၀၁၉ |
| ၇၇။ | ကိုကိုလှိုင် | ပထဝီနိုင်ငံရေးနှင့် အတွေးအမြင် ဆောင်းပါးများ | ၂၀၁၉ |
| ၇၈။ | ကလောင်စုံ | (၇၃)နှစ်မြောက်တပ်မတော်နေ့ ဆုရကဗျာနှင့် ဝတ္ထုတိုများ | ၂၀၁၉ |
| ၇၉။ | မောင်ခင်မင် (ဓနုဖြူ) | ၂၀ ရာစုမြန်မာစကားပြေဆရာများ | ၂၀၁၉ |
| ၈၀။ | ဒေါက်တာသန့်စင် (ရူပဗေဒ) | ကလေးတို့အတွက် သိမှတ်ဖွယ်ရာ သုတအဖြာဖြာ | ၂၀၁၉ |
| ၈၁။ | ယိမ်းနွဲ့လှျံ | ရဲရင့်သူတို့၏စွန့်လွှတ်ခြင်းအလင်္ကာ | ၂၀၁၉ |
| ၈၂။ | တေဇလွှမ်း | နှင်းအပ်ထိုက်စွာ | ၂၀၁၉ |
| ၈၃။ | ဘုန်းရဲနိုင်(ဂန့်ဂေါ) | သရဖူဆောင်းအကောင်းဆုံးအချစ် | ၂၀၁၉ |
| ၈၄။ | နေဇင်လတ် | ခွဲထွက်ခွင့်၊ ဖက်ဒရယ်နှင့်ပထဝီနိုင်ငံရေး | ၂၀၁၉ |

**မြဝတီစာပေတိုက်**

| စဉ် | စာရေးသူ | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် |
|---|---|---|---|
| ၈၅။ | မောင်မိုး | သမုဒ္ဒရာအသီးသီး၊ ပင်လယ်အသွယ်သွယ်တို့နှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော ပထဝီနိုင်ငံရေး | ၂၀၁၉ |
| ၈၆။ | တက္ကသိုလ်မြမဋ္ဌု | ဒေါနမြေဝယ် သံလွင်ရေဘယ်မခန်းပြီမို့ | ၂၀၂၀ |
| ၈၇။ | ကိုမြင့် (အညာသား) | ဂျစ်တူးသစ္စာ | ၂၀၂၀ |
| ၈၈။ | စလင်းဘုန်းကျော် | သွေးနှင့်သစ္စာ ကမ္ဘာတည်နှင့် အခြားကဗျာများ | ၂၀၂၀ |
| ၈၉။ | ကို(တက္ကသိုလ်) | ရင်မှာဝေဒနာကုဋ္ဌေကုဋ္ဌာနှင့် ရေကြောင်း၊ လေကြောင်းဝတ္ထုပေါင်းချုပ် | ၂၀၂၀ |
| ၉၀။ | ပုလောစိုးနံ့သာ | သားစုဘူးကလေးကဗျာများ | ၂၀၂၀ |
| ၉၁။ | ဗိုလ်မှူးကြီး (ဟောင်း)တင်မောင် | မင်းရေးကြွယ်ကြွယ် | ၂၀၂၀ |
| ၉၂။ | ကလောင်စုံ | (၇၄)နှစ်မြောက်တပ်မတော်နေ့ ဆုရကဗျာနှင့် ဝတ္ထုတိုများ | ၂၀၂၀ |
| ၉၃။ | | Huawei ရဲ့မောင်းနှင်အားများ | ၂၀၂၀ |
| ၉၄။ | စည်သူအောင်နှင့် ရတနာပုံမောင်မှတ် | ရွှေပြည်တော်မျှော်မဝေးပြီမို့(စတုတ္ထအကြိမ်) | ၂၀၂၀ |
| ၉၅။ | မောင်သံငြိမ်း | လုမ္ဗိနီ | ၂၀၂၀ |
| ၉၆။ | သီဟအောင် | ဗိုလ်မှူးသီဟသူရကျင်စံ | ၂၀၂၀ |
| ၉၇။ | ကျမြီး | မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့် (တတိယအကြိမ်) | ၂၀၂၀ |
| ၉၈။ | | ကိုဟီးမားတိုက်ပွဲ (၁၉၄၄) | ၂၀၂၀ |
| ၉၉။ | မောင်မိုး | ၂၀၂၀ ပြည့်နှစ် အင်ဒို–ပစိဖိတ်ရပ်ဝန်း ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော ပထဝီနိုင်ငံရေး၊ စစ်ရေးနှင့် အထွေထွေဆောင်းပါးများ | ၂၀၂၁ |

**မြဝတီစာပေတိုက်**

## မြဝတီစာပေတိုက်မှ
## ထပ်မံထုတ်ဝေမည့် စာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် |
|---|---|---|
| ၁။ | သောင်းထိုက် | ပထဝီနိုင်ငံရေး |
| ၂။ | မောင်စိမ်းနောင် (လယ်ဝေး) | သိစေညွှန်းချင် ရေးဖွဲ့လျှင် |
| ၃။ | မောင်မျိုးထွန်း (မြင်းခြံ) | သပြေတန်းက တောက်ခေါက်သံနှင့် လက်ရွေးစင်ဆောင်းပါးများ (တတိယအကြိမ်) |
| ၄။ | တက္ကသိုလ် သူ့မောင် | ဝတ္ထုတိုများ(ဒုတိယအကြိမ်) |
| ၅။ | မိုးမိုးတာရောစန် | ကိုယ်နှင့်သက်ကို နှင်းဆက်အပ်မည် (ဒုတိယအကြိမ်) |
| ၆။ | မျိုးမြင့်အောင် | ကျွန်တော်စစ်သား (ဒုတိယအကြိမ်) |